
www.burmeseclassic.com

၀၁၃ ၊ ခုနှစ်၊ ဒီဇင်ဘာလ၊ အတွဲ (၈)၊ အမှတ် (၆)

# ရွှေအမြုတေ

မဂ္ဂဇင်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



# ရွှေအမြုတေ မဂ္ဂဇင်း

အောင်စေပိုင် စိစဉ်ဖန်တီးသည်

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ
အတွဲ(၈)၊ အမှတ်(၆)

**ပြည်သူ့သဘောထား** (box, see below)

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ··· ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ··· ဒို့အရေး |
| အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး | ··· ဒို့အရေး |

### ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော
နိုင်ငံတော်သစ်တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ
ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍
စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်ဓာတ်အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ
အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
ခံမှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ကျေးဇူးရှင်မိဘနှစ်ပါးအား ရိုသေမြတ်နိုး
လက်ဆယ်ဖြာထိပ်မှာမိုး၍
ရှိခိုးပူဇော်ကန်တော့ပါ၏။**

BURMESE CLASSIC .com

### အက်တော်မြဲဂါထာ

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊
ယံ ပစ္စုပန္နမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ၊
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ၊
ဝေတေန သစ္စဝဇ္ဇေန သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

www.burmeseclassic.com

www.burmeseclassic.com









# မာတိကာ

## ဘာသာရေးဘုရားသမိုင်း


| | | | |
|---|---|---|---|
| - သွင်ပြင်ထူးခြား ရုပ်ပွားများနှင့် | ... | ခင်ခင်ဝင်း(မောရဝတီ) | ၇ |
| - ပဲခူးတိုင်း ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့.... | ... | ဂမ္ဘီရဆရာလှမျိုး | ၁၃ |
| - သာသနာ့စည်ပင်ဝေဆာ ကုတ္တိုတိုင်းတော့ရွာ | ... | ဗေဒသုတေသီဆရာမျိုး | ၂၇ |
| - သာဝတ္ထိမြို့၊ အင်းသာအရပ်မှ..... | ... | မြမဥ္စူဝေ(ကျုံမငေး) | ၅၉ |
| - ရှေးဟောင်းသမိုင်းဝင် ရွှေဘုံသာမုနိစေတီတော် | ... | ချစ်မင်းသူ | ၆၃ |
| - ရှိုးပုဇော် ရွှေတန့်တစ် သရက္ခန်ရုပ်ပွားတော် | ... | လင်းထက်ဝေ | ၈၆ |
| - သဇ်ဓာဆုတောင်းပြည့်စေတီတော်နှင့်..... | ... | ခင်ခင်ဝင်း(မောရဝတီ) | ၁၀၅ |


## ဘာသာရေးသုတ/ရသဆောင်းပါး


| | | | |
|---|---|---|---|
| - ပေါက္ခရသာတိပုဏ္ဏား | ... | ဒေါ်အုန်းကြည်သား | ၂၁ |
| - ဝုဏ်တော်စွမ်းရည် | ... | မမွာစရိယဦးငွေးလှိုင် | ၂၃ |
| - မိမိုးဖလာဗုဒ္ဓဘာသာနှင့်..... | ... | မေတ္တာရှင်ရွှေပြည်သာ | ၃၄ |
| - နောင်ကြီးအိုင်ဆရာတော်ကြီး..... | ... | ဒေဝသူရဆိပ်ခွန် | ၄၃ |
| - ရှမ်းတောင်အကျော် ဆရာတော်များ | ... | ဥသျှောင်မှူး(လှိုင်လင်) | ၄၆ |
| - လူသားဘဝဖြင့် နတ်ပြည်ရောက်ရသူ | ... | တက္ကသိုလ်သျှင်သီရိ | ၄၉ |
| - ကပ္ပဋ္ဌိတိ(၄)ပါးနှင့်..... | ... | လွမ်းသျှင်နောင်(မဟာရွာသာ) | ၈၂ |
| - အသုဘနှင့် မိရိုးဖလာ..... | ... | ပဥ္စသီ | ၉၈ |
| - မကောင်းမှုအကုသိုလ်ကံသည်..... | ... | မင်းဇေမြင့်(မုဒုံ) | ၁၂၅ |
| - အရိပ်မဲ့ ကလေးတို့ နားခိုရာ | ... | မင်းတိုင်ပင်(မြရောင်မြေ) | ၁၃၈ |


## မန္တန်၊ ဂါထာ၊ ကျင့်စဉ်


| | | | |
|---|---|---|---|
| - ပုတီးစိပ်နည်း ၄ မျိုး | ... | ရဲရဲထွန်း(ဟသ်ာတ) | ၃၂ |
| - အပါယ်ဘေးနည်းမှ ကင်းဝေးချမ်းသာစေသော...... | ... | မင်းကြည်ဖြူ | ၅၈ |
| - သိကြားမင်းပေးလှူသော..... | ... | ကိုရွှေမြသန်း(သမိုင်း) | ၇၄ |
| - လိုရာပြည့်စုံ ဂါထာထုံ | ... | နတ်မောက်မှတ်ကျောက် | ၁၀၃ |
| - အာဋာနာဋိယသုတ် | ... | ကောင်းသော် | ၁၂၉ |
| - သမ္ဗုဒ္ဓေဂါထာတော်တန်ခိုး | ... | ဝင်းယုမောင်(သုတေသီ) | ၁၇၈ |


## တိုင်းရင်းဆေး


| | | | |
|---|---|---|---|
| - ရှားစောင်းလက်ပပ်နှင့်..... | ... | မင်းကျော်နိုင် | ၂၀၈ |
| - တိုင်းရင်းဆေးဝါးပင်များနှင့်..... | ... | ကျော်တင့်ဆွေ | ၂၃၇ |
| - ဆံပင်နက်မှောင်သန်စွမ်း..... | ... | နတ်မောက်မှတ်ကျောက် | ၂၅၂ |
| - ဆေးစွမ်းထက်သော တောသဖျက် | ... | ရောမြေကျော်ဝေ | ၂၉၀ |
| - လူကိုအကျိုးပြုသော ခရမ်းချဉ်သီး | ... | ကျော်စွာဟိန်း(ရွှေ[illegible]ဘား) | ၂၉၆ |


www.burmeseclassic.com

www.burmeseclassic.com

31 OCT 2013

# မာတိကာ

## ဖုဒ္ဓဝင်ရသ


- ကြောင်ခြေရာသူငွေး ... စိတ်မိုး ၅၂
- ဘီလူးနဂါး..... ... ယောဂီစောလွင် ၆၂
- ခြသေ့်လေလား မြေခွေးလား ... နန္ဒာမိုးကြယ် ၉၂
- တကျော့ရမွက်မှ ရုန်းထွက်ခဲ့သူ ... ပေါ်လွင်ဦး(ရေး) ၁၁၃


## အထွေထွေသုတ၊ ရသဆောင်းပါး


- လူသစ်ကို မကျေနပ်သော ဝိညာဉ် ... ညွန့်ဝင်း(နတ္တလင်း) ၁၁၆
- မဟာဝိဇယစေတီတော်..... ... ဦးဇေယျာကို(နက္ခတ်သိပ္ပံ) ၁၄၅
- နွံထဲက ကြာ ... ကိုအေးမြင့်(ရှေး/သု) ၁၅၉
- တမလွန်မှ အသံကို ငါကြားခဲ့သလား ... တိုးထက် ၁၆၅
- အမေစုနှင့် အမိမြန်မာပြည် ... သက်နှင်းဆွေ(ပုပ္ပါး) ၁၇၀
- စာအုပ်စင် ... သုတဖွဲ့ ၁၇၆
- ထူးဆန်းထွေလာ၍ကမ္ဘာ ... မောင်လင်းအောင် ၂၀၀
- ကြာသပတေးဂြိုဟ်နှင့်..... ... နန္ဒာဦးကျော် ၂၂၂
- အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ..... ... တင်နိုင်တိုး ၂၃၅
- သွေးနဲ့ပက်တဲ့တစ္ဆေ ... မကွေးညိုစိမ့် ၂၆၂


## ဂမ္ဘီရဆန်းကြယ်ဝတ္ထုများ


- ကွင်းမာယာ ... သန့်စင်မွန် ၇၈
- ဦးစီးနှင့်ဆင် ထိုဝိညာဉ် ... မင်းရဲကျော် ၁၂၀
- အဝေးပြေးကားလမ်းပေါ်ဝယ် ... မြသိန်း ၁၃၄
- ဂမ္ဘီရမြေကွက်..... ... မင်းမြင့်နိုင်(ဘူးသီးတောင်) ၁၅၀
- ဒေါ်အိုဇာ ... သုခ ၁၈၀
- ဂမ္ဘီရဆန်သော ပွဲထိုးညောင်ပင် ... ရောမြေကျော်ဝေ ၁၉၂
- ဥစ္စာစောင့် သတ္တဝါကြီး ... မင်းဟိန်းထိပ် ၁၉၅
- မထင်မှတ်သော နေ့ရက်များ ... အောင်ငြိမ်းလှိုင်(ဉက္ကလာ) ၂၀၀
- အမှတ်တရည ... နေဝန်းနီ ၂၂၅
- သူတို့ကတဲ့ ဇာတ်ပွဲ ... တင့်ထူး(ဇေယျဝတီ) ၂၄၂
- ကျွန်တော်သိသော ဦးဂျာအေး ... တင်မောင်မောင်(ပေါက်ကုန်း) ၂၄၉
- ဂျာဖားဆုမှ ရွှေမင်းသမီး ... ဘနှင်း(မြန်မာပြန်) ၂၅၃
- သေရွာပြန်ဇော်ထူး ... ပန်းတနော်နောင်လတ် ၂၅၇
- မှန်သောသစ္စာ ... မြရာပင်မောင်တင်ယုံ ၂၆၈
- ကြုံဆုံခဲ့ရ လသာညတစ်ည ... ဆုမွန်ဦး(ဟသ်ာတ) ၂၈၃
- ရုက္ခစိုးလူဝင်စား ... မောင်မောင်မိုးအောင် ၂၉၇












www.burmeseclassic.com

www.burmeseclassic.com

# ဝဋ္ဋဂုဏ် အဟံ ဝန္ဒာမိ

**အယ်ဒီတာချုပ်**
မောင်ညိုအေး (ပန်းတော)
**တာဝန်ခံအယ်ဒီတာ**
ပြည်စိုး (10 D)
**မျက်နှာဖုံးနှင့် အတွင်းဒီဖိုင်း**
ဟိန်းမင်းဇော်
**ကွန်ပျူတာစာစီ**
စန်းစန်းထွေး A7 Group
**ကြော်ငြာနှင့် ဖြန့်ချိရေး** - မိမိလေး၊ ယုန်လေး
**ပြင်ပဆက်သွယ်ရေး** - ယဉ်မင်းဆု
**မျက်နှာဖုံးစာလုံးဒီဇိုင်း** - ကျော်မင်းမောင်
**မျက်နှာဖုံးပန်းချီ** - မောင်မြင့်ငွေး
**အတွင်းသရုပ်ဖော်ပန်းချီ**
ဝင်းသိန်း၊ မောင်မြင့်ငွေး၊ ရန်နိုင်ဦး၊ **သန့်စင်၊** **ရဲရင့်နိုင်၊** အောင်နိုင်လတ်၊ ကျော်ဦး၊ **စက္ကူ၊** ကျော်စိုးညိန်း၊ ဆူးထက်အောင်၊ **ပညတ်၊**

**တန်ဖိုး** - (၂၂၀၀)ကျပ်
**အုပ်ရေ** - (၅၀၀)

**ထုတ်ဝေသူ**
ဦးညီဇော်ထွန်း (၀၄၃၃၇)
**အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး**
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၁။
**အတွင်းဖလင်** - ကိုမျိုးညွန့် (A7 Group)
**စာအုပ်ချုပ်** - ဦးတင်လှ
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဒေါ်ကျင်ယုံ(ကောင်းစံပုံနှိပ်တိုက်)၊
အမှတ်(၂၇၉/ခ)၊ ၄၀-လမ်း၊
အမှတ်(၉)ရပ်ကွက်၊ ကျောက်တံတား။

| | |
|---|---|
| မန္တလေး | ထွန်းဦးစာပေ<br>နဂါးစာပေ |
| ရှမ်းတောင်၊ ကယား | မိုးလျှံနှာစာပေ |
| မော်လမြိုင် | ကျော်ကျော် |
| ပြည် | သုခ၊ နေစေး |
| နေပြည်တော် | မြတ်ရွှေတောင်စာပေ |
| နေပြည်တော်ပျဉ်းမနား | ဖြိုးဝေလွင်စာပေ |
| ပဲခူး | . သဇင် |
| ဟသ်ာတ | တာလေးမောင် |











## အဆောင်၊ အစီအရင်၊ ယတြာ

- အကြံပြုစာမျက်နှာ ... ခေတ္တရာဆရာကျော် ၂၀၆
- ကျိုးကြောင်းဆင်ခြင် ... ခေတ္တရာဆရာကျော် ၂၂၉
- ဉာဏ်တော်သုံးပါး စက်စီရင်နည်း ... ဇရာမြေထွန်းထွန်း ၂၄၆
- ဖူးစာကံရေးဆွေးနွေးမယ် ... ဆရာဇီဝအောင်ထွန်း ၂၆၅
- အစွမ်းထက်သော ရတနာ ... ကျော်မိုးလွင်(ဝါးခယ်မ) ၂၈၁
- အကာကြီး တန်ပြန်စမ ... နေဝန်းသစ် ၃၀၄
- မျက်နှာလက္ခဏာနှင့်..... ... ညွန့်လွင်(စက်မှု) ၃၀၈
- မိတ်ထိုး ရန်ပယ် အစီအမံ ... ဦးကိုကိုအေး(ကြို့ပင်ကောက်) ၃၁၀

BURMESE CLASSIC .com

## အသုံးချပညာရပ်များ

- ဘဝပုစ္ဆာအဖြေရှာ ကဏ္ဍ ... ဆရာတက္ကသိုလ်စိုးမိုးနိုင် ၂၁၉
- ၂၀၁၃၊ နိုဝင်ဘာလ၊ ၁၂ ရာသီခွင်နှင့် သင့်ကံတရား ... တက္ကသိုလ်စိုးမိုးနိုင် ၂၄၈
- ၂၀၁၃၊ နိုဝင်ဘာလ၊ ကောင်းကင်ဂြိုဟ် ရပ်တည်မှု
၁၂ ရာသီ လက်ပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မာ ... ဦးဇေယျာကို ၂၇၃
- နာမက္ခရဆန်း ... ဂမ္ဘီရဆရာလှမျိုး ၂၈၈
- ခုနစ်ရက်သားသမီး ကံကြမ္မာဟောစာတမ်း ... အောင်အတိတ်အောင်နိမိတ်ဆရာ ၂၉၂
- ၂၀၁၃၊ နိုဝင်ဘာလအတွက် လိုအင်ဆန္ဒပြည့်ဝ
အောင်မြင်စေမည့် (ကာ၏ကုဖွင့်)နှဝင်းယတြာအစီအရင်များ... ဆရာမြတ်ထွဋ်ခေါင် ၃၁၁

www.burmeseclassic.com

www.burmeseclassic.com



သိကြားမင်းဆက်သသော သရက္ခန်ရုပ်ပွားတော်
ရွှေတန့်တစ်ကျေးရွာ၊ ပခုက္ကူမြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

### သွင်ပြင်ထူးခြား မုဒြာများနှင့်

# ရှေးဟောင်းဘုရားများ ကိန်းဝပ်စံပျော်ရာ

ခင်ခင်ဝင်း (မောရဝတီ)



၁၃၇၅ ခု၊ တော်သလင်းလပြည့်ကျော် ၉ရက်၊ စနေနေ့(၂၈-၉-၂၀၁၃)ဖြစ်သည်။

သီတင်းကျွတ်တော့မည်ဖြစ်၍ ခြေခင်းလက်ခင်းလည်း သာယာသည်။ မြကန်သာတို့တွင် ကြာမျိုးငါးမည်တို့သည်လည်း သီတင်းကျွတ်အကြိုအဖြစ် ပွင့်နေကြသည်ကို တွေ့ရလေသည်။ ဝသန္တ မိုးဥတုတွင် ပါဝင်သော်လည်း မိုးနှောင်းရာသီတွင်ဖြစ်သဖြင့် သဲသဲမဲမဲရွာသွန်းခဲ့သောမိုးတို့ နည်းပါးစ ပြုပြီဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com




မဲမှောင်သော မိုးသားတိမ်လိပ်တို့ အနည်းငယ်သာရှိပြီး ကောင်းကင်ယံတွင် အညစ်အကြေးကင်းစင် ဖြူဝင်းပြာလဲ့ တောက်ပလျက်ရှိနေသည်။ ပတ်ဝန်းကျင်တွင် ရှိသော သစ်ပင်ပန်းမန်တို့သည် တည်တည်ငြိမ်ငြိမ်ဖြင့် စိုပြည်လန်းဆန်းလျက် ရှိနေကြသည်။ ဝါတွင်းကာလ၏ နောက်ဆုံး သီတင်းကျွတ်တော့မည်ဖြစ်၍ လေပြင်းမိုးပြင်းများ ရွာသွန်းတိုက်ခိုက်ခြင်း မရှိတော့သဖြင့် လောကတစ်ခွင်သည် သာယာအေးချမ်းလှပလျက် ရှိနေသည်။

ကျွန်မသည် ဝါတွင်းကာလတွင် ခရီးထွက်ကျင့်မရှိပါ။ ဝါတွင်း အရက်ဆွမ်းများ နှစ်စဉ် လောင်းလှူခြင်းရှိသည့်အပြင် အဓိဋ္ဌာန်ကျင့်စဉ်များ ရှိသည့်အတွက် ကိုယ့်ရပ်ကိုယ့်ရွာတွင်သာ လှည့်လည်ပူဇော်မှုများ ပြုမြဲဖြစ်ပါသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် သူငယ်ချင်းတစ်ဦး၏ လူမှုရေးကိစ္စအတွက် ရန်ကုန်သို့ အဖော်လိုက်ပေးရန် အကြောင်းပေါ်လာသည်။ မြန်မာ့ရုပ်မြင်သံကြားမှ အောင်ဇမ္ဗူ ဆရာတော်နှင့် တွေ့ဆုံခန်း၊ ရှေးဟောင်းဘုရားများအကြောင်း ဖူးတွေ့ရသည်။

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းမှ အယ်ဒီတာတစ်ဦးကလည်း မော်ဘီ အောင်ဇမ္ဗူတောရရှိ ရှေးဟောင်းဘုရားများအကြောင်း ရေးသားထားသည်ကို ဖတ်ရှုလိုက်ရသည်။ ကျွန်မ၏ ကိုးစနေကျင့်စဉ်ကလည်း (၂၈-၉-၂၀၁၃)နေ့နှင့် တိုက်ဆိုင်နေသည်။ "သွေးလေ ထက်လေ ကိုးစနေ"ကို ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းတွင် ရေးသားပြီးဖြစ်သည်။ အောင်ဇမ္ဗူတောရ ဆရာတော်သည် ပျက်နေသော ဘုရားပလ္လင်များကို ပြုပြင်ရန် ရှိကြောင်း သိရသည့်အတွက် ပလ္လင်များတွင် အသုံးပြုရန် ကျောက်မျက်ရတနာများလှူရန် အစီအစဉ်လည်း ရှိနေသည့်အတွက် ထိုထိုသောအကြောင်းများ တိုက်ဆိုင်မှုအစုံစုံကြောင့် ၂၈-၉-၂၀၁၃ ရက်နေ့အမီ ရန်ကုန်မြို့သို့ သူငယ်ချင်းနှင့်အတူ ခရီးထွက်ခဲ့ပါသည်။

မော်ဘီ အောင်ဇမ္ဗူတောရရှိ ရှေးဟောင်းဘုရားများ ဖူးရန် ဦးတည်ချက် အဓိကဖြစ်သည့်အတွက် ၂၈-၉-၂၀၁၃ ရက်နေ့မနက် နေထွက်ချိန်အမီ အောင်ဇမ္ဗူတောရကျောင်းသို့ အရောက်ထွက်ခဲ့သည်။ အောင်ဇမ္ဗူ ဆရာတော်သည် ကျွန်မတို့ မော်လမြိုင်မြို့တွင် သီရိမြိုင် သီဟာလမ်း အောင်ဇမ္ဗူကျောင်းတိုက်ကြီးတွင်လည်း သီတင်းသုံးခဲ့ပြီး(သီတင်းသုံးဆဲ)





www.burmeseclassic.com

www.burmeseclassic.com




လည်း ဖြစ်သည့်အတွက် ဆရာတော်၏ မွန်မြတ်လှသော လူမှုဝန်ထမ်း ပရဟိတလုပ်ငန်းများ၊ ပရိယတ္တိ၊ ပဋိပတ္တိ လုပ်ငန်းများကို မော်လမြိုင်မြို့သူမြို့သားများ သိရှိကြသည့်အပြင် ယခုအခါ မြန်မာပြည်တွင်သာမက၊ ကမ္ဘာကပင် သိရှိကြမည်ဖြစ်ပါသည်။

ရှေးဟောင်းဘုရားများ အပူဇော်ခံရာ ကျောင်းကြီး၏





www.burmeseclassic.com



အောက်ထပ်ရှိ ဘုရားများကို ဖူးမြော်ပြီး အပေါ်ထပ်ရှိ ဘုရားများကို ဖူးရပါသည်။ ရှေးဟောင်းဘုရားများသည် ထူးခြားသော မုဒြာအဖုံဖုံနှင့် တစ်ဆူနှင့် တစ်ဆူ မတူ၊ ကွဲပြားခြားနားဆန်းကြယ်၊ အသွယ်သွယ်သော အရွယ်အစားများကို ရင်သပ်ရှုမော အံ့သြစွာ ဖူးတွေ့ရပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ကျော်မှ မြတ်စွာဘုရား၏ ရင်ငွေ့လှုံ့ဘုရားမှသည် ခေတ်အဆက်ဆက် ကိုးကွယ်ခဲ့ကြသော လက်ရာ သေသပ် ထူးဆန်းမှုများနှင့် ဆုတောင်းပြည့်ပုံများကို တစ်နေ့



တစ်ဆူနှုန်းဖြင့် ဖူးမည်ဆိုလျှင် ရက်ပေါင်း ၃၀၀ ကျော်မည်ဟု ကျွန်မ တွေးကြည့်မိရင်း နောင် ငါးထပ်ကျောင်းကြီးပြီးသွားမှပဲဟု အားခဲလိုက်ရပါသည်။

ကျွန်မနှင့် အတူပါလာသော သူငယ်ချင်းက ကျန်းမာရေး မကောင်း၍ မလိုက်ဖြစ်ခဲ့ပါ။ မုံရွာမှ ပြောင်းလာသော တခြားသူငယ်ချင်းတစ်ဦး၏ သမီးဖြစ်သူ ဆရာမနှင့်အတူ ဆရာတော်ထွက်၍ အဖူးမြော်ခံသည့်အချိန်ကို စောင့်ရသည်။ တန်ခိုးကြီး ရှေးဟောင်းဘုရားများရှေ့မှောက်တွင် ကျွန်မ၏ "သွေးလေ ထက်လေ ကိုးစနေကျင့်စဉ်"ကို နံနက်ပိုင်း အဓိဋ္ဌာန်ကိစ္စ ပြီးစီးအောင်မြင်ခဲ့လေသည်။ ဆရာတော်မှ မကြာမကြာထွက်၍ ပရိသတ်များအား သီလပေးခြင်းပြုသည်ဟု မော်လမြိုင်မှ ကပ္ပိယကြီးက ပြောပြပါသည်။ ဆရာတော်ကို စောင့်ရင်း အပေါ်ထပ်ရှိ တန်ခိုးကြီး ရှေးဟောင်းဘုရားများရှေ့တော်မှောက်တွင် ပုတီးစိပ်နေပါသည်။ ဆရာတော်ထွက်ကြွလာပြီဖြစ်ကြောင်း လာပြောသောအခါ ဆရာတော်ရှေ့မှောက်သို့ သွားရောက်၍ ဆရာတော်အား ဖူးမြော်ဆက်ကပ် လှူဒါန်းပူဇော်ပြီး ဓာတ်ပုံရိုက်ခွင့်များ တောင်းခြင်း၊



ရေးသားပူဇော်ခွင့်များ တောင်းခြင်း၊ ကျောက်မျက်ရတနာများ လှူဒါန်းခြင်းနှင့်အတူ သွေးလေ ထက်လေ ကိုးစနေကျင့်စဉ်ပါသော ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းစာအုပ်ကိုလည်း ဆရာတော်အား လှူဒါန်းခဲ့ပါသည်။ ဆရာတော်၏ မေတ္တာနှင့် ခွင့်ပြုချက်ကို ခံယူရင်း မှတ်တမ်းတင် ဓာတ်ပုံများ ရိုက်ကူးပူဇော်ခဲ့ပါသည်။

များပြားလှသော ဘုရားဖူး ပရိသတ်များသည် တန်းစီ၍ ကျောင်းတစ်ပတ်ပတ်ပြီး အောက်ထပ်ရှိ ရှေးဟောင်းဘုရားများကို ထိုင်ပြီး ပူဇော်ရပါသည်။ ပုံတော်တွင် ဂဏ်တော်တင်၍ ဖူးမြော်ကြပြီး ထူးခြားသော ရှေးဟောင်းဘုရားရှစ်ဆူ၏ ပုံတော်များ၊ ဂျပန်ကြီး(ဘုရားအလှူရှင်)နှင့် ဆရာတော်များ၊ ပရိသတ်များ၊ ရုပ်ရှင်သရုပ်ဆောင် နေတိုးနှင့် သက်မွန်မြင့်တို့ အလှူတော်များ ပါဝင်သော ဗီဒီယိုခွေများ၊ ဆရာတော်၏ ပုံတော်များကို ပူဇော်နိုင်ပါသည်။ ပြီးလျှင်





www.burmeseclassic.com

www.burmeseclassic.com

အပေါ်ထပ်သို့ စည်းကမ်းသေဝပ်စွာ တန်းစီ၍ တက်ကြရပါသည်။ အကျိုးဆောင်များက စီမံကွပ်ကဲ၍ ကူသိုလ်ပြုနေကြသည်။


အပေါ်ထပ်ရှိ ဘုရားများအားလုံးကိုတော့ မတ်တတ်ရပ် လက်အုပ်ချီ လမ်းလျှောက်ရင်း ဖူးသွားရပါသည်။ အကျိုးဆောင်များက ထူးခြားသော ဘုရားများ၏ အကြောင်းကို ပြောပြပေးနေကြသည်။ ထိုင်၍ ဖူးခွင့်မရကြခြင်းမှာ လူဦးရေများခြင်း၊ ရှေးဟောင်းဘုရားများ များခြင်းကြောင့် ဖြစ်သည်။ လမ်းလျှောက်ရင်း ဖူးသွားရသော်လည်း ရှေးဟောင်းဘုရား




များ အစုံအကုန်ကို ရှေ့နော[illegible] ဖူးနိုင်ရန် စီစဥ်ထားပေးသည်။ ဥပမာ - နဂါးဘုရားကို ရှေ့[illegible]ားပြီး တစ်ပတ်ပတ်လိုက်သောအခါ အနောက်ဘက်([illegible])[illegible]င် နဂါးအမြီးများ ရစ်ပတ်ထားပုံကိုလ[illegible]း ဖူးတွေ့ရမည်[illegible]ါသည်။

အ[illegible]ထပ် ဘုရားများ ဖူးမြော်[illegible] [illegible]အောက်ထပ် ပြန်ဆင်းသော လှေကားတွင် ဆရာတော်တစ်ပါးမှ လက်တွင် ပတ်ရသော အဆောင်ကွင်းကလေးများကို တစ်ယောက်တစ်ခုပေးပါသည်။ ထိုအဆောင်ကွင်းများကို ကျောင်းဝင်းအတွင်း အကျိုးဆောင်များက လက်တွင် ချည်နှောင်ပေးကြပါသည်။ အန္တရာယ်ကင်းသည်ဟု သိရပါသည်။

ဂျွန်မသည် အောက်ထပ်၊ အပေါ်ထပ်သို့ ဘုရားဖူး





များ သွားလာနေကြပုံများကို ဓာတ်ပုံရိုက်ပြီး သဘာဝအလှများနှင့် ဝေဆာနေသော ကျောင်းဝင်းအတွင်းရှိ ဘုရားကျောင်းကန် ရှုခင်းများကို လည်းလည်း မှတ်တမ်းပြုဓာတ်ပုံရိုက်လိုက်ပါသည်။

ရေကန်တွင်းရှိ နဂါးရုံဘုရားမှာ ကန်ရေပြင်တွင် အရိပ်ထင်၍ စင်ကြယ် ကြည်နူးစွာ ဖူးတွေ့ရပါသည်။ စေတီကြီးပေါ်တွင် အေးချမ်းစွာ ဘုရားဖူးများ နေထိုင်သွားလာ ဖူးမြော်နေကြသည်ကိုလည်း တွေ့ခဲ့ရပါသည်။ ဇမ္ဗူအေး စေတီတော်မြတ်ကြီးအမည်နှင့် လိုက်ဖက်လှပါတော့သည်။ အလွန်




အေးချမ်းသာယာသော သစ်ပင်ရိပ်များ၊ စိမ်းလန်းစိုပြေသော မြက်ခင်းများ၊ ရှုမောမဆုံးဖွယ်ရာ သစ်ပင်သီးနှံများ၊ အရိပ်ခိုနားနေကြသူများ၊ သာသနာ့အလံတော်နှင့် သာသနာ့အဆောက်အအုံများတို့၏ အလှများသည် သဘာဝ ပန်းချီကားတစ်ချပ်ရေးဆွဲထားသည့်နှယ် ရင်ဝယ် အေးချမ်းရှင်လန်းစေပြီး ဘုရားဖူးများ၏ စိတ်နှလုံးတွင် ရွှင်ကြည်ပြုံးကာ ပီတိဖုံးနေသော အပြုံးမျက်နှာများကို မှတ်တမ်းပြုရင်း မေးမြန်းမိပါသည်။ အသက် ၈၀ကျော် ယောဂီဝတ် အဘွားအိုတစ်ဦးကလည်း "လှည်းတန်းက လာသည်"ဟု ပြောပါသည်။ မိသားစုများ ဝန်းရံလျက် "မနေ့ကပဲ တရားစခန်းက ထွက်




www.burmeseclassic.com

www.burmeseclassic.com



ပြီး ဒီနေ့ ရှေးဟောင်းဘုရားတွေ လာဖူးတာပါ"ဟု ပြောပါသည်။ ကုသိုလ်ထူးခြင်းပါတကားဟု သာဓုခေါ် မှတ်တမ်းပြုခဲ့ပါသည်။

ကျောင်းဝင်းအပြင်ဘက်ကို လေ့လာလိုက်တော့ ယခု အောင်ဇမ္ဗူတောရကျောင်းတည်ရှိရာ ရွာလေးကို "ရေပြာရွာ" ဟု သိရသည်။ ကျောင်းဝင်းပြင်ဘက် မျက်နှာစာတွင် စားသောက်ဆိုင်များ၊ ခေါင်းရွက် စားစရာမုန့်များ ရောင်းသူများ၊ ဘုရားပန်းရောင်းသူများ၊ ဆိုင်ကယ်အအပ်ခံ ဌာန၊ ဖိနပ်အအပ်ခံ ဌာန၊ မော်ဘီအဝင်ဝ စမ်းချောင်းဝ မှတ်တိုင်မှ



ရေပြာရွာ၊ အောင်ဇမ္ဗူတောရထိ ဆိုင်ကယ်တက္ကစီများ၊ ခြံထွက် သီးနှံရောင်းချသူများဖြင့် ပြည့်နေသည်။ ရွာသားများ အရောင်းအဝယ် အလုပ်အကိုင်ဖြစ်နေကြသည်ကို ဝမ်းသာမိပါသည်။ "ဒီအနားပတ်ဝန်းကျင်ရှိ အိမ်တွေ၊ ခြံတွေလည်း ဆယ်ဆခန့် ဈေးတက်လာပြီ"ဟု ရွာသားတစ်ဦးက ပြောပါသည်။ အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာကျောင်းတိုက် ပရဝဏ်တစ်ခုလုံးကို လှူဒါန်းသော မော်လမြိုင်မြို့မှ ဦးဟုတ်ရီ+ဒေါ်ခင်သန်းဝင်းတို့၏ ကုသိုလ်တော်ကို သာဓုအကြိမ်ကြိမ်ခေါ်မိပါတော့သည်။

မော်ဘီ စမ်းချောင်းအဝင်ဝလမ်းမှ အောင်ဇမ္ဗူတောရကျောင်းသို့ အဝင်အထွက်လမ်းသည် ကားများ၊ ဆိုင်ကယ်များ အသွားအလာများ၍ လမ်းများတချို့ ပျက်စီးနေပေပြီ။ သို့သော် မကြာခင် လမ်းတွေ ကောင်းသွားလိမ့်မည်ဟု ကျွန်မ သိနေသလို ပြောမိသည်။ အောင်ဇမ္ဗူဆရာတော်သည် မော်လမြိုင်မြို့တွင် လမ်းများ ပြုပြင်ခဲ့ပြီးဖြစ်သည်။ သို့မို့ ကြောင့် ပြောရဲခြင်းဖြစ်ပါသည်။ မော်လမြိုင်မြို့ရှိ ဆရာတော်၏ အောင်ဇမ္ဗူကျောင်းတိုက်ကြီးသည် တင့်တယ်ခန့်ညားလှပပြီး ကျောင်းဝင်းအတွင်းရှိသော ဘုရားများ အောင်မြေများနှင့် ကြည်ညိုဖွယ် တည်ရှိဖူးတွေ့ရပါသည်။ အောင်ဇမ္ဗူကျောင်းတိုက်သို့ ဈေးချိုမှ ဝင်သော လမ်းမကြီး



ရွှေလမ်းမှ ဝင်သော အဝင်လမ်းမကြီးများကို ဆရာတော်မှ ဖောက်လုပ်ပြုပြင်ပြီး စာသင်ကျောင်းများ၏ လိုအပ်ချက်များနှင့် ကွန်ပျူတာများမှစ၍ ပညာရေး လိုအပ်ချက်များကို ကူညီပေးထားသည်မှ ဂုဏ်ယူထိုက်အောင် တန်ဖိုးကြီးလှပါ သည်။ သဒ္ဓမ္မ ဇောတိကဓဇဘွဲ့ယူသောနှစ်က မော်လမြိုင် [illegible]င်းတွင် ဖိုးလပြည့်(အမျိုးသားစာပေဆုရှင်) မော်လမြိုင် စာရေးဆရာအသင်း ဥက္ကဋ္ဌမှ ရေးသားပူဇော်ပြီးဖြစ်သည်။ ထို့ကြောင့် ရှေးဟောင်းဘုရားများ၏ တန်ခိုးတော်များနှင့် အောင်ဇမ္ဗူတောရ ဆရာတော်၏ ဘုန်းကံတို့ကြောင့် မော်ဘီ စမ်းချောင်းဝမှ ရေပြာရွာပတ်ဝန်းကျင်သည် မကြာမီ စည်ကားသိုက်မြိုက်လာတော့မည်မှာ သေချာပါတော့သည်။

ညနေလည်း စောင်းနေပြီ၊ ကျွန်မတို့ ပြန်ကြတော့မည်မို့ ရှေးဟောင်းဘုရားများ အဖူးမြော်ခံရာ ကျောင်းတိုက်သို့ တစ်ခေါက်ပြန်ဝင် ဖူးမြော်၍ နောက်တစ်ခါလာရောက် ဖူးမြော်နိုင်ပါစေကြောင်း ဆုတောင်းလိုက်ရပါသည်။

မော်လမြိုင်မှ ကပ္ပိယကြီးကို နှုတ်ဆက်၍ ပြန်တော့မည့်အကြောင်းပြောတော့ မော်လမြိုင်သားတွေကို သတိရ ကြောင်း ပြောပေးပါဆိုသော စကားလက်ဆောင်ကို သယ်ပိုးရင်း စိတ်ကြည်လင် ရွှင်လန်းပေါ့ပါးစွာ တစ်နေ့တာ ကုသိုလ်အစုစုကို အမျှပေးဝေလိုက်ရပါတော့သည်။ ■

* * *

ခင်ဇော်ဝင်း(မောရဝတီ)



www.burmeseclassic.com

www.burmeseclassic.com

# ဈေးပေါင်းသမိုင်းဝင် (နှစ် ၁၀၀ ကျော်)
# သုဓမ္မာရာမ ပရိယတ္တိစာသင်တိုက်

■ ဂမ္ဘီရ ဆရာလှမျိုး (B.Sc) ■



သုဓမ္မာရာမ ပရိယတ္တိစာသင်တိုက် ပထမဆရာတော်ဘုရားကြီး

လွန်ခဲ့သောနှစ်၊ ဝါကျွတ်ချိန်တွင် ကျွန်ုပ် စာရေးသူနှင့် တ်ဆွေနှစ်ဦးတို့သည် ပဲခူး၊ ညောင်လေးပင်မြို့သို့ ခရီးထွက် ကြပါသည်။ ပဲခူးမြို့ ရွှေမောဓောဘုရားကြီးအနောက်ဘက် ရှိ စာအုပ်ဆိုင်တန်းတွင် ကျွန်ုပ်ရေးသားထုတ်ဝေသော ရှိမဟုတ်သော ဂန္ဓာရီ"စာအုပ်တင်ပေးခဲ့သည်။ အောင် စာအုပ်ဆိုင်တွင် ဘာသာရေး၊ လောကီ ဂမ္ဘီရဆိုင်ရာ အုပ်၊ တရားဓမ္မဆိုင်ရာ စာအုပ်အမျိုးမျိုး ဝယ်ယူရရှိနိုင် ည်။ စာအုပ်တင်ပြီး ဟသ်ာကုန်းဘက်ရှိ ဘာဝနာ ပရိယတ္တိ သင်တိုက်သို့ ခရီးဆက်ခဲ့ကြပါသည်။

ဘာဝနာ့ကျောင်းတွင် အနားယူပြီး ရေမိုးချိုး၊ ထမင်း စားကာ နေ့ခင်းဘက်တွင် စာအုပ်၊ ဂျာနယ်များ ဖတ်ကြပါ သည်။ ဘာဝနာဆရာတော် အရှင်သောဘနာဘိဝံသသည် မဟာဂန္ဓာဝါစက ပဏ္ဍိတဘွဲ့ရ ဆရာတော်ဖြစ်ပြီး စာရေး စာဖတ်ဝါသနာပါသည်။ စာပေကျမ်းဂန်များလည်း ရေးသား ပြုစုသူဖြစ်သည်။ ဆရာတော်၏ အနီးပတ်ဝန်းကျင်ရှိ စာအုပ် များ ရှာဖွေပြီး ခေတ္တဖတ်ရန် ယူကြည့်ရာ သုဓမ္မာရာမ ပရိယတ္တိစာသင်တိုက်မှ နှစ် ၁၀၀ပြည့် ပူဇော်ပွဲအထိမ်း အမှတ်နှင့် ဦးမြတ်ထွန်းအောင်၏ အဋ္ဌုပ္ပတ္တိစာတမ်း ရေ

www.burmeseclassic.com



သုဓမ္မာရာမ ပရိယတ္တိစာသင်တိုက် ဒုတိယဆရာတော်ဘုရားကြီး

သည်။ မျက်နှာဖုံးရှိ ကျောင်းပုံမှာ ရုတ်တရက်ကြည့်လိုက်ရာ ခရစ်ယာန်ဘုရားရှိခိုးကျောင်းပုံစံနှင့် တူနေပါသည်။ ကျွန်ုပ်လည်း ထိုစာအုပ်မျက်နှာဖုံးကို ကြည့်ပြီး စိတ်ဝင်တစား ဖတ်ကြည့်မိပါသည်။

ဘာဝနာဆရာတော်မှ…

"လုမျိုးတို့ ညောင်လေးပင်သွားရင် အပြန် ပိန်းဇလုပ်ကျောင်းကို ဝင်လေ့လာ။ နှစ်ပေါင်း ရာကျော်က အဆောက်အအုံတွေ ရှိတယ်"

ဟု မိန့်ဆိုပါသည်။

ကျွန်ုပ်တို့လည်း ညောင်လေးပင်၊ ဖဒိုရွာဘက်သို့ သွားရန် အစီအစဉ်ရှိသည်။ နောက်တစ်နေ့နံနက်တွင် စာရေးသူ၊ လုစံ(ပညာရေး)၊ ကျော်ဇောဟိန်း(နံ့သာ)တို့သည် ညောင်လေးပင်မှ ဖဒိုသို့ သွားကြ၏။ ဖဒိုမှ ကရင်သိဒ္ဓိရှင် ဗြဟ္မာစိုရ်အသင်းတည်ထောင်သူ ဘိုးပိုက်ဆံအကြောင်း လေ့လာရန် သွားကြခြင်းဖြစ်သည်။ အပြန်တွင် ဆိုင်ကယ်ကယ်ရီစီးပြီး ပိန်းဇလုပ်တွင် ညအိပ်ရန် စီစဉ်လိုက်သည်။ ဖဒိုအထွက်တွင် ကိုရင်ကြီးကျောင်းသို့ ဝင်သည်။ အဆောက်အအုံကြီးများ ဆောက်လုပ်နေပြီး သာသနာပြုလုပ်ငန်း ပြုလုပ်နေသည်ဟု သိရ၍ ဝင်ရောက်ဖူးမြော်ခြင်းဖြစ်သည်။ သို့သော် အခန်းတွင် ကျိန်းနေသည်ဟု တပည့်တစ်ယောက်မှ လာပြော၍ မတွေ့ခဲ့ရပေ။ စာရေးဆရာတွေဆိုတော့ စိတ်မဝင်စားပုံရသည်။ သို့နှင့် ပိန်းဇလုပ်သို့ ခရီးဆက်ခဲ့ကြသည်။

◈◈◈

ကျောင်းတိုက်ကြီးသို့ ရောက်သောအခါ တိုက်အုပ်စာချဆရာတော် အရှင်သောဘနကို မေးရသည်။ ထိုဆရာတော်သည် ကျွန်ုပ်အား…

"ပွဲခူးရောက်လျှင် ပိန်းဇလုပ်ဘက် တစ်ခေါက်လာလည်ပါဦး၊ ပိန်းဇလုပ်ကျောင်းကို လာကြည့် လေ့လာပါ"

ဟု မကြာခဏခေါ်သော်လည်း ယခုမှ ရောက်ဖြစ်သည်။ ဆရာတော် အရှင်သောဘနနှင့် ဘာဝနာဆရာတော်တို့မှာ စာသင်ဘက်များ ဖြစ်ကြပါသည်။ အရှင်သောဘန အပေါ်ထပ်မှ စာချပြီး ဆင်းလာသောအခါ အားရဝမ်းသာကြိုဆိုနှုတ်ဆက်ပါသည်။ ကြိုတင်အကြောင်းမကြားထား၍ တအံ့တသြလည်း ဖြစ်သွားပုံရသည်။ ကျွန်ုပ်တို့အား ဆရာတော် သီတင်းသုံးရာ ပိဋကတ်တိုက်သို့ ခေါ်ဆောင်သွားပါသည်။

ဘုရားနှင့် ဆရာတော်အား ဦးချကန်တော့ပြီးသည်နှင့် ပိဋကတ်တိုက်ကို လေ့လာရာ အပေါ်ထပ်သို့ တက်သောကြောင်လိမ်လှေကားမှာ ကျွန်းသားဖြင့် ပြုလုပ်ထားပြီး သစ်



သုဓမ္မာရာမ ပရိယတ္တိစာသင်တိုက် တတိယဆရာတော်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com



သားကို အဆက်မရှိ သဘာ[illegible]ကျ လိမ်ကောက်ထားပုံမှာ လက်ရာမြောက်လှ၏။ အပေါ်[illegible]ပ်တွင် ကျမ်းစာအုပ်များ ထည့်ထားသော နံရံကပ် မှန်ဗီရိုကြီးများကို တွေ့ရသည်။ ရှေးဟောင်း [illegible]ထုပ်များလည်း ရှိသည်ဟု ဆိုပါ[illegible] အပြင်က အဆောက်အအုံမှာ အိန္ဒိယလူမျိုးလက်ရာဖြစ်[illegible] အတွင်းအဆောက်အအုံ လက်ရာများမှာ တရုတ်လူမျိုး လက်သမားဆရာကြီးများ၏ လက်ရာဟု သိရသည်။

သုမ္မာရာမ ပရိယတ္တိစာသင်တိုက် ဆရာတော်ကြီးမှာ ရန်ကုန် ဆေးကုကြွသွား၍ မဖူးတွေ့ရပေ။ သုမ္မာရာမ ပရိယတ္တိစာသင်တိုက် တတိယ ဆရာတော်ဘုရားကြီးမှာ ဘဒ္ဒန္တဥတ္တမသာရ ဖြစ်သည်။


◈◈◈

ထိုကျောင်းတိုက်ကြီးသမိုင်းကို မှတ်တမ်းတင် ရေးသား ဖော်ပြလျှင် မပါမဖြစ် ဖော်ထုတ်ရေးသားရမည့် ပုဂ္ဂိုလ်တစ်ဦး ရှိနေသည်။ ထိုသူမှာ ကျောင်းဒကာကြီး ဦးမြတ်ထွန်းအောင် ပင် ဖြစ်သည်။


ဦးမြတ်ထွန်းအောင်၊ ဇနီး ဒေါ်လုပေါ်နှင့် သားသမီး တစ်စုတို့သည် ၁၂၆ဝခုနှစ်တွင် အစပြု၍ ကျောင်းတိုက်ကြီး တည်ထောင်ရန် သင့်လျော်သော ပိန်းဇလုပ်မြို့ အရှေ့ဘက် စွန်းအနီး တည်ရှိသော လယ်မြေများကို အဖိုးငွေ ၁၅ဝဝ ပေးဝယ်ပြီး မြေဖို့ ပြုပြင်ကာ လေးမျက်နှာပတ်လည်ကို အုတ်မဟာရံတံတိုင်း ပြုလုပ်လေသည်။ မဟာရံတံတိုင်းပြီး လျှင် အဖိုးငွေ ၇သောင်းကုန် သာသနဟိတ ကာရီအုတ် ကျောင်းကြီး၊ ဘုရားရှိခိုး ဝတ်တက်ရန် ဂန္ဓကုဋီတိုက်စေတီ တော်၊ ကျောက်ဆင်းတုရုပ်ပွားတော်နှင့်တကွ ဓမ္မာရုံ အုတ် တိုက်ကြီးကို အုတ်ဖိနပ်ခံ၍ အုတ်လှေကား နှစ်ခင်းတက်သော တန်လျား သစ်သားကုဋီများ၊ ရေတွင်းနစ်လုံးနှင့်အတူ ရှေးဦးစွာ တစ်ပြိုင်တည်း ဆောက်လုပ်သည်။

၁၂၇၁ ခုနှစ်တွင် အလုံးစုံပြီးစီးသဖြင့် ခေတ္တယာယီ ကျောင်းဖြင့် ကိုးကွယ်ထားအပ်သော ဆရာတော် ဦးဇာဂရ ကို ပင့်ဆောင်ကာ စတုဒိသာ သံဃိက ရေစက်သွန်းချ အပ်နှင်းပြီး လှူဒါန်းကိုးကွယ်ကြလေသည်။

အဖိုးငွေ ၇သောင်းကုန် သာသနဟိတကာရီ (ခေါ်) ဒုံးကျောင်းတော်ကြီးမှာ ရန်ကုန်ဆေးရုံကြီး၊ ဗဟိုတရားရုံး ကြီး၊ ဝန်ကြီးများရုံး စသည့် ရန်ကုန်မြို့ရှိ အနီရောင် အဆောက်အအုံကြီးနှင့် တူပါသည်။ အင်္ဂလိပ်ခေတ် လက်ရာ များဖြစ်ကြောင်း သိသာထင်ရှားသည်။ ယခုဆိုလျှင် နှစ်ပေါင်း ၁၀၈ နှစ်ရှိပေပြီ၊ စာရေးဆရာကြီးများ လာရောက်လေ့လာ ကြသလို မြဝတီ၊ MRTV-4 နှင့် Sky Net တို့မှလည်း



www.burmeseclassic.com



ဓာတ်ပုံ၊ ဗွီဒီယိုမှတ်တမ်း လာရိုက်ကြသည်ဟု သိရပါသည်။ အချို့ ဌာနဆိုင်ရာအကြီးအကဲများသည် ထိုအဆောက်အအုံများကို ဖျက်ပြီး မြန်မာမှုအနုပညာပုံစံ ပြန်လည်ဆောက်သင့်ကြောင်း အကြံပြုသည်။ သို့သော် ဆရာတော်များက လက်မခံကြပေ။

ကျောင်းဒါယကာကြီး ဦးမြတ်ထွန်းအောင်၏ စေတနာသဒ္ဓါတရားကို မျက်ကွယ်ပြု မေ့ပစ်၍ မရပါ။ သမိုင်းဝင်အဆောက်အအုံလည်း ဖြစ်၊ ခိုင်မာတောင့်တင်း မပျက်စီးသေး၍ ဆက်ထားပါသည်။ အချို့ ပျက်စီးသော အဆောက်အအုံများကို ဖျက်ပြီး ပြင်ဆင်မှု ပြုလုပ်ထားတာ တွေ့ရသည်။ ကျောင်းတိုက်ကြီး တံခါးချပ်များမှာ အလွန်ထူပြီး လေးလံပါသည်။ ပတ္တာ၊ တံခါးထောက်၊ မင်းတုံး စသည့် ပစ္စည်းများမှာ ကြေးဖြင့် ပြုလုပ်ထားတာ တွေ့ရသည်။ ထိုသို့သော ကျောင်းတိုက်ကြီးမျိုးကို ဤတစ်ခါသာ တွေ့ဖူးပါသည်။

ထိုအချိန်မှစ၍ ဦးမြတ်ထွန်းအောင်အား သူဌေး ဦးမြတ်ထွန်းအောင်၊ ဘုရားဒါယကာကြီး ဦးမြတ်ထွန်းအောင်ဟု ခေါ်ဆိုကြသည်။ ကျောင်းတိုက်ကို သုဓမ္မာရာမကျောင်းတိုက်ဟု မှည့်ခေါ် သမုတ်လေသည်။

၁၂၇၇ ခုနှစ်တွင် ပိဋကတ်တော် စသော လောကီ၊ လောကုတ္တရာဆိုင်ရာ ပေစာအုပ်၊ ကျမ်းစာများ ထည့်သွင်းထားကိုးကွယ်ရန် ဗီရို၊ စားပွဲ၊ ကုလားထိုင်များနှင့်တကွ ပိဋကတ်တိုက်ကို ဆောက်လုပ်လှူဒါန်းကြပြီးလျှင်၊ ၎င်းတိုက်အတွင်း၌ အဖိုးငွေ တစ်သောင်းကျော်ကုန် ပေစာစက္ကူ ပိဋကတ်တော်၊ အဋ္ဌကထာ၊ ဋီကာ၊ ယောဇနာ၊ ဂဏ္ဌိ စသော လောကီ၊ လောကုတ္တရာ ကျမ်းစာများကို အပြည့်အစုံ လိုသည်မရှိရအောင် အစုံအထပ်ထပ် ဓမ္မပူဇာအဖြစ် လှူဒါန်း ပူဇော်ထားကြလေသည်။

ကျွန်ုပ်တို့အား တိုက်အုပ် စာချဆရာတော် အရှင်သောဘနမှ ကျောင်းတိုက်ကြီးဝင်းအတွင်းရှိ ကျောင်းတိုက်များ၊ သိမ်တော်၊ မဏ္ဍပ်၊ ဥပုသ်ဇရပ်၊ အုဋ္ဌကျောင်းကြီး၊ ရုပ်တုပြတိုက်၊ ဓမ္မဗိမာန်တော်၊ ရွှေကျောင်းတော်ကြီး စသည်တို့ကို လိုက်လံပြသ ရှင်းပြပေးပါသည်။ ကျွန်ုပ်တို့လည်း ဆရာတော် ပြောတာ နားထောင်ရင်း ဓာတ်ပုံမှတ်တမ်းတင်ကြပါသည်။

ထိုအဆောက်အအုံများမှ ဦးဘိုးကြင်-ဒေါ်ဂျူတို့၏ သုဝဏ္ဏဝတီအုတ်ကျောင်း (ခေါ်) ရွှေကျောင်းတော်ကြီးမှာလည်း လှပတင့်တယ်နေပြီး သမိုင်းဝင် အဆောက်အအုံကြီးအဖြစ် လေ့လာကြရပါသည်။ ဤနေရာတွင် နှစ် ၁၀၀ပြည့် စာအုပ်၌ ယခင်အသုံးအနှုန်း "အုဋ္ဌ"ဟု ရေးထားသလို၊





www.burmeseclassic.com


www.burmeseclassic.com


ယနေ့ခေတ်အသုံး "အုတ်"ဟူ၍ အချို့နေရာတွင် တွေ့ရသည်။ မူရင်းကို အဓိကထား ရေးသားပေးပါမည်။

သုဝဏ္ဏဝတီအုဌ်ကျောင်းကြီးမှာ အရှေ့အနောက် အထက်ဘုံဆင့်ဆောင်များကို ရွှေများအပြည့် မွမ်းမံချထားသည်။ ၎င်းအုဌ်ကျောင်းကြီး ဒါယကာများမှာ ကျောင်းဒါယိကာမကြီး ဒေါ်လုပေါ်၏ အစ်မအရင်း ဒေါ်ဖြူ-ဦးဘိုးကြင် သားသမီးတစ်စုတို့ ဖြစ်ကြ၏။

ကျောင်းတိုက်ဝင်းကြီးများသည် အလွန်ကျယ်ဝန်းလှပေသည်။ သူဌေးကြီး ဦးမြတ်ထွန်းအောင်သည် လယ်ကေ ၃၀၀၀ ကျော် ပိုင်ဆိုင်ခဲ့ရာ ပထမကေ ၃၅၀၊ နောက်ထပ် ၁၀၀၊ ၇စုပေါင်း ကေ ၄၅၀ လှူဒါန်းထားခဲ့သည်ဟု သိရသည်။ ကျောင်းထိုင်ဆရာတော်ကြီး မမာမကျန်းဖြစ်စဉ် အုဌ်ကျောင်း၊ ဒဂ္ဂတိုက်နှင့် သပ္ပါယ ဖြစ်တော်မမူဟု ယူဆပြီး ကျွန်းသစ်ဖြင့် သုခကာရီနှင့် ကန်ကျောင်း(ကျွန်းကျောင်း) တို့ကို ဆောက်လုပ်လှူဒါန်းသည်။ ထိုကျောင်းများကို တစ်လအတွင်း ပြီးအောင် ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။

မျက်လုံးထဲ ထူးခြားနေသည်မှာ သာသနာ့ဗိမာန်(ခေါ်)







သုဓမ္မာဇရပ်တော်ကြီး ဖြစ်ပါသည်။ အဝေးမှ လှမ်းကြည့်လျှင် အာဆီယံကျောင်းဟူ၍ ထင်မှတ်ရ၏။ သို့သော်လည်း အလုံးကြီးပေါ်ရှိ စေတီများကြောင့် ဗုဒ္ဓဘာသာကျောင်းဟူ၍သာ သတ်မှတ်ရမည်မှာ သေချာပါသည်။

သူဌေးကြီးသည် တရုတ်၊ အိန္ဒိယ၊ နိုင်ငံရပ်ခြားမှ အလုပ်သမားများ ခေါ်ယူ၍ အလုပ်သမားတန်းလျားဆောက်ပြီး အဆောက်အအုံများ ဆောက်လုပ်စေပါသည်။ မြန်မာမှု စစ်စစ်မဟုတ်သော်လည်း အတွင်းဝင်ကြည့်ပါက ဘုရားကျောင်းဆောင်၊ မုန်ဗီရိုကြီးများ၊ သပ်ရပ် သေချာသော မျက်နှာကြက်၊ ကျွန်းတိုင်လုံးကြီးများ၊ လျှာထိုးအခင်းများ၊ စရွေးကိုက် ညီညာခိုင်ခံ့စွာ ပြုလုပ်ထားသော ပြတင်းပေါက် တံခါးများ၊ မျက်နှာကြက်တွင် တပ်ဆင်ထားသော မီးဆိုင်းကြီးများ စသည်တို့ကို ကြည့်၍ စေတနာပါပါ၊ အလုပ်ကို အလုပ်နှင့် တူအောင် ပြုလုပ်ခဲ့ကြသည်ဟု မှတ်ချက်ချရပေမည်။

ယခင်က သီဟိုဠ်(သီရိလင်္ကာနိုင်ငံ)မှ စာသင် သံဃာများပင် ထိုကျောင်းတိုက်သို့ လာရောက် ပညာသင်ယူကြရသည်။ တိုင်းတစ်ပါးမှ အလုပ်သမားများကို မြန်မာသူဌေးက ခေါ်ခိုင်းနိုင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်ကျောင်း၌ပင် အိမ်နီးချင်း နိုင်ငံမှ ကျောင်းသားများ ကျောင်းလာတက်ကြရသည်ဟု ဆိုပါသည်။ ယနေ့ခေတ်နှင့်ကား ပြောင်းပြန်ဖြစ်နေပေ



www.burmeseclassic.com

www.burmeseclassic.com





ပြီ။ သာသနာ့ဗိမာန် (ခေါ်) သုဓမ္မာဇရပ်တော်ကြီးကို ၁၂၈၈ ခုနှစ်တွင် စတင်ဆောက်လုပ်၍ ၁၂၉၀ ပြည့်နှစ်တွင် ပြီးစီးသည်။ အလျား ၈၂ပေ ၈ခန်း၊ အနံ ၆၄ပေ ၆ခန်းရှိသည်။ စာမေးပွဲကျင်းပရာဌာန "သုဓမ္မာဇရပ်တော်ကြီး" ဖြစ်လေသည်။

သုဓမ္မာဇရပ်တော်ကြီးမှ ပြန်လည်ထွက်ခွာခဲ့ရာ ယခင်လက်ဖက်ရည်မဏ္ဍပ်ကို ယခု ရုပ်ပြတိုက် ပြုလုပ်ထားသည်။ အိန္ဒိယပန်းချီဆရာကြီး၏ ဗုဒ္ဓဝင် ပန်းချီကားပုံအချို့ကို တွေ့ရသည်။ ပလတ်စတစ် သေချာလောင်းမထား၍ ရာသီဥတုဒဏ်ကြောင့် အများအပြား ပျက်စီးသွားသည်ဟု ကြားသိရသည်။

အဖိုးငွေ ၄သောင်းကုန် ဗုဒ္ဓရုပ်ပွားဆင်းတု ကိန်းဝပ်ရာ ဘုရားကျောင်းတော်ကိုလည်း ဖူးတွေ့ရပါသည်။ မြန်မာမှုနှင့် ပြုလုပ်ထားသော ပန်းကနုတ်များဖြင့် လုပတင့်တယ်နေသည့် သိမ်တော်ကိုလည်း လေ့လာရပါသည်။ ကြည်ညိုဖွယ် ဘုရားရုပ်ပွားတော်ကို မှန်ကာထားသော ဂန္ဓကုဋိတိုက်တွင် ဖူးမြင်ရသည်။ သိမ်မှာ အကာအရံမရှိသော သိမ်ဖြစ်သည်။ အဖိုးငွေ တစ်သိန်းကုန် ဦးမောင်ကြီး + (ဒေါ်ရွှေမြင်)+ ဒေါ်သန်းထိန်တို့၏ သဒ္ဓမ္မ ဇောတိကပါလသိမ် ပြာသာဒ်တော်ကြီးဖြစ်သည်။ သိမ်အပေါ်တွင် ယခင်က ပန်းကနုတ်ပြာသာဒ်များကို ရွှေအစစ်ပင် ချထားသည်ဟု ဆိုပါသည်။


ဆွမ်းချက်ဆောင်၊ ဆွမ်းစားဆောင်၊ ဥပုသ်ဇရပ်၊ အုဋ္ဌတန်းလျား၊ ကုဋီ၊ ရေကန်နှင့် ရေစင်၊ ဓာတ်မီးအင်ဂျင်စက်ရုံ စသည်ဖြင့် အဆောက်အအုံတိုင်းကို စနစ်တကျ ပြုလုပ်ထားတာ တွေ့မြင်ရပါသည်။ ဘုရားဒါယကာကြီး ဦးမြတ်ထွန်းအောင်တို့ ဇနီးမောင်နှံသည် ရတနာသုံးပါးကို ကြည်ညို လေးစားပြီး အနာထပိဏ်သူဌေးနှင့် ဝိသာခါတို့နည်းကျင့်သုံးခဲ့ကြသူများ ဖြစ်ပါသည်။ ထိုကျောင်းဒါယကာမိသားစုတို့သည် ကျောင်းတိုက်ကြီးများသာမက၊ ပစ္စည်းလေး





www.burmeseclassic.com

www.burmeseclassic.com



ပါး ဆွမ်း၊ ကျောင်း၊ သင်္ကန်း၊ ဆေးတို့အပြင် ကျောင်းအသုံးအဆောင်အမျိုးမျိုး၊ စာမေးပွဲကိစ္စ၊ ပရိဘောဂ၊ ရဟန်းခံရှင်ပြု၊ ဝါဆို၊ ကထိန်ပွဲအလှူ စသည့်အလှူဒါနအမျိုးမျိုးကို စေတနာ သဒ္ဓါထက်သန်စွာ အားရတင်းတိမ်ခြင်း မရှိဘဲ အစဉ်မပြတ် ကုသိုလ်ဒါနဆက်ကာ လှူဒါန်ခဲ့ကြောင်း မှတ်တမ်းတင်ထားပါသည်။

သုဓမ္မာရာမကျောင်းတိုက် ဒါယကာကြီး ဦးမြတ်ထွန်းအောင်သည် ပိန်းဇလုပ်မြို့ တီပီအက်(စ်)ဘွဲ့တံဆိပ်ရ မြေပိုင်ရှင်သူဌေး အဌာပုပ္ပတ္တိဇာတ်လမ်းမှာ စိတ်ဝင်စားဖွယ်ကောင်းပြီး ဂမ္ဘီရဆန်မှုများလည်း ကြားသိရပါသည်။ သူဌေးကြီး၏ ဘဝဇာတ်ကြောင်းအား သီးသန့်ဆောင်ပါးတစ်ပုဒ် ရေးသားဖော်ပြမှသာ ပြည့်စုံနိုင်မည်ဖြစ်ပါသည်။ ယခု သာသနာနှင့် ဆိုင်သော အချက်အလက်အချို့ကိုတော့ ကောက်နုတ် ဖော်ပြလိုက်ပါသည်။

◈◈◈

သုဓမ္မာရာမ ပရိယတ္တိ စာသင်တိုက်၏ လက်ရှိ တတိယမြောက် ပဓာန ဆရာတော်ဘုရား၏ လက်ထက်တွင် စာသင်တိုက် ဆက်လက်ဖွင့်လှစ်ပြီး တစ်ဖက်က ပရိယတ္တိ ပညာရေးကို ဖော်ဆောင်နေသလို၊ တစ်ဖက်မှာလည်း ဟောင်းနွမ်းပြိုကျ ပျက်စီးနေသော မူလ သာသနိက အဆောက်အအုံများကို ပြုပြင်မွမ်းမံ၍ အတော်အသင့် ခရီးရောက်လာချိန်၌ ကျောင်းတိုက်ကြီး၏ သက်တမ်းမှာ နှစ်ပေါင်း ရာကျော်ရှိနေပေပြီ။

တတိယဆရာတော်လက်ထက်တွင် ပြုပြင်ထိန်းသိမ်းထားသော အဆောက်အအုံများမှာ -

(၁) သာသနာ မာမက အုဋ္ဌကျောင်း (တောင်ဘက် ဥပုသ်ဇရပ်)၊
(၂) သာသန ဝေပုလ္လ အုဋ္ဌကျောင်း (မြောက်ဘက် ဥပုသ်ဇရပ်)၊
(၃) လက်ဝဲ-လက်ယာ ထမင်းကျွေးမဏ္ဍပ် နှစ်ခု၊
(၄) ဘုရားကျောင်းနှင့် ဂန္ဓကုဋီတိုက်၊
(၅) သာသန ဟိတကာရီ (ခေါ်) ဒုန်းကျောင်းတော်ကြီး၊
(၆) ဆွမ်းစားကျောင်း၊ သာသနာ့ဗိမာန်၊ ဓမ္မာရုံအတွင်း၊
(၇) ဓမ္မဗိမာန်တော်ကြီး၊ သာသန မာမကကျောင်း၊ ကန်သာယာကျောင်း၊
(၈) ဘုရားကျောင်း၊ ဂန္ဓကုဋီတိုက်၊
(၉) သဒ္ဓမ္မ ဇောတိပါလသိမ်၊
(၁၀) ပိဋကတ်တိုက်၊
(၁၁) သုဝဏ္ဏဝတီ(ရွှေကျောင်းတော်ကြီး)အကြီးစား ပြင်ဆင်ခြင်း. . .

စသည့် သာသနိက အဆောက်အအုံများ ပြင်ဆင်



www.burmeseclassic.com

www.burmeseclassic.com

မွမ်းမံခြင်းကို အလှူရှင်အမည်၊ ကုန်ကျငွေများနှင့် ဖော်ပြပေးထားတာ ဖတ်ရပြီး သာဓုခေါ်ဆိုမိပါသည်။

သုဓမ္မာရာမ ပရိယတ္တိစာသင်တိုက်မှ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များမှာ -


(၁) အရှင်သောဘန (သာသနဓဇ သီရိပဝရ ဓမ္မာစရိယဘွဲ့၊ သဒ္ဓမ္မောဒယ ဝိနယဓရဘွဲ့၊ ဗုဒ္ဓသာသနာ့ ဝိနယဓရ)၊

(၂) အရှင်ကုမာရ (သာသနဓဇ ဓမ္မာစရိယ၊ ဒီဃဘာဏကဘွဲ့)၊

(၃) အရှင်ပဝရ (သာသနဓဇ ဓမ္မာစရိယ)၊

(၄) အရှင်သုနန္ဒ (သာသနဓဇ ဓမ္မာစရိယ)···

စသည့် ဆရာတော်များသည် စာသင်တိုက်မှ ဘွဲ့ရပြီး ပရိယတ္တိစာပေ ပြန်လည်သင်ကြားပို့ချပေးလျက်ရှိသည်။ နံနက်၊ နေ့လယ်၊ ည စာအံ၊ စာဖတ်၊ စာကျက်နေသံ၊ ဘုရားရှိခိုးသံများသာ ကြားရပြီး ဗုဒ္ဓသာသနာ၏ အခြေခံအုတ်မြစ် ပရိယတ္တိ သာသနာကို ခိုင်မာအောင် ချနေသည်ကို တွေ့မြင်ရပါသည်။ ထိုသို့သော ကျောင်းတိုက်ကြီးတွင် စာသင် သံဃာတော်များအတွက် လိုအပ်သော ပစ္စည်းလေးပါး၊ အသုံးအဆောင်များကို ကုသိုလ်ဒါနပြုသင့်ပါသည်။ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော စာသင်သားများအတွက် ကူညီထောက်ပံ့ပေးသင့်ပါသည်။



ဒါန စသော ကုသိုလ်များကို ဆည်းပူးကြရာတွင်လည်း လောက သာသနာ အကျိုးစီးပွားများနှင့်တကွ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်အကျိုးကိုသာ တောင့်တပြုစုကြသဖြင့် "သံဝေလည်းရ၊ ယခုကလျှင် ဒါန၊ သီလ၊ ဘာဝနာဖြင့်၊ သုံးဖြာဝဋ္ဋဲမှ ထွက်လွန်၊ လည်မပြန်သား၊ နိဗ္ဗာန်မြို့ခိုင်၊ တိုင်စိမ့်သမျှ လုံ့လပြုလော့"ဟူသော ဘုရိဒတ် ဇာတ်ပေါင်းလင်္ကာနှင့် ညီညွတ်စေကြလေသည်။

ယခင်ခေတ်အနေဖြင့် လှူသော ငွေတန်ဖိုးသည် ယခုခေတ် အဆ ၁၀၀တိုးလျှင် သိန်းထောင်သောင်းမက ရှိနိုင်ပါသည်။ သဒ္ဓမ္မဇောတိကဓဇ၊ မဏိဇောတဓရ စသည့် ဘွဲ့တူးဂုဏ်ထူးကြီး ပေးသင့်ပါသည်။ သူ့ခေတ်သူ့အခါက သာသနာ့အကျိုးစီးပွားနှင့် တိုင်းသူပြည်သားတို့၏ အကျိုး၊ ပရဟိတလုပ်ငန်းများ၊ စေတနာသဒ္ဓါတရား ထက်သန်စွာ ဆောင်ရွက်မှုများကြောင့် ၁၉၁၈ ခု၊ ဇွန်လ ၃ရက်နေ့စွဲနှင့် တီပီအက်စ်ဘွဲ့ ရွှေတံဆိပ်ဖြင့် အိန္ဒိယဘုရင်ခံချုပ်မင်း၏ ချီးမြှင့် မြှောက်စားခြင်းကို ခံယူရရှိသည့်အပြင်၊ အစိုးရမင်းတို့နှင့် အရပ်ရပ်တိုင်းရေးပြည်မှုတို့ကို ဆောင်ရွက်ရာတွင် ကူညီမှု ပြုခြင်း စသည့် မိမိဒေသ၊ ပတ်ဝန်းကျင် ဘာသာ၊ သာသနာအကျိုးဆောင်ရွက်မှုကြောင့် ၁၉၁၉ ခု၊ ဖေဖော်ဝါရီ ၁၂ရက်တွင် ပဲခူးခရိုင်ဝန် ရှင်တော်မင်းကြီး၏ ဂုဏ်ထူးဆောင်လက်မှတ်ဖြင့် ချီးမြှင့်မြှောက်စားခြင်းကိုလည်း သူဌေးကြီး ဦးမြတ်ထွန်းအောင်မှ ခံယူရရှိခဲ့ပါသည်။

◈◈◈

မည်သို့ပင် ဆိုစေကာမူ၊ စာဖတ်ပရိသတ်များအနေဖြင့် ပဲခူးတိုင်း၊ ညောင်လေးပင်ခရိုင်၊ ပိန်းဇလုပ်မြို့သို့ ရောက်ရှိပါက သုဓမ္မာရာမ ကျောင်းတိုက်ကြီး တည်ဆောက်ထားမှု၏ ကြီးကျယ်ခမ်းနားမှု၊ ရှေးဟောင်းလက်ရာများအား ဝင်ရောက်လေ့လာ၍ ကုသိုလ်ကောင်းမှု ပြုသင့်ပါသည်။ မြန်မာတစ်နိုင်ငံလုံး တွေ့ရမြင်ရခဲသော လွတ်လပ်ရေးမရခင်က လက်ရာများမှာ အံ့သြဖွယ်ကောင်းလှသလို၊ တည်ဆောက်ခဲ့သူများကိုလည်း ချီးကျူးဖွယ်ကောင်းလှပေသည်၊ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ စေတနာ၊ သဒ္ဓါတရားကြီးမားပုံကိုလည်း မှတ်တမ်းတင်ထားနိုင်ခဲ့ပါသည် ■

သဗ္ဗေသဒ္ဓါရာ အနိစ္စာ

* * *

ဂမ္ဘီရဆရာလှမျိုး(B.Sc)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

### ပေါက္ခရသာတိ ပုဏ္ဏား

ပေါက္ခရသာတိ ပုဏ္ဏားသည် ကောသလမင်းကြီး၏ ဆရာဖြစ်သောကြောင့် ကောသလမင်းကြီးက လွန်စွာမှ ကြည်ညိုသောအခါ ဥက္ကဋ္ဌမြို့တော်ကို အပိုင်းစား အပ်နှင်းခြင်းခံရသော မြို့စားကြီးတစ်ဦးဖြစ်လေ၏။

### ဗေဒပါရဂူ

မြို့စားကြီးသည် ကဿပဘုရားရှင်လက်ထက်တော်က ဗေဒင်သုံးပုံတို့၏ အဆုံးသို့ ရောက်သော ဗေဒပါရဂူဖြစ်၍ မြတ်စွာဘုရားရှင်တော်အား အလှူတော်ပေးကာ မြတ်စွာဘုရားရှင်ထံမှ တရားတော်ကို နာယူခဲ့ဖူးသော ကောင်းမှုကံကြောင့် နတ်ပြည်၌ ဖြစ်စေ၏။

### ပဒုမ္မာ

နတ်ပြည်မှ စုတေသောအခါ အမိဝမ်း၌ ပဋိသန္ဓေတည်ရခြင်းကို လွန်စွာမှ စက်ဆုပ်၍ ဟိမဝန္တာအရပ်ရှိ ရေအိုင်ကြီးတစ်အိုင်အတွင်း ပဒုမ္မာကြာတိုက်၌ ပဋိသန္ဓေတည်လေတော့၏။

### လွန်စွာမှ ကြီးမားသော ကြာငုံကြီး

ထိုရေအိုင်ကြီး၏ မနီးမဝေး၌ ရသေ့တစ်ပါးသည် သစ်ရွက်မိုးထားသော ကျောင်းသင်္ခမ်း၌ သီတင်းသုံး နေထိုင်လေ၏။

ထိုရသေ့သည် ရေအိုင်၏ မနီးမဝေးတွင် ကမ်း၌ ရပ်တော်မူကာ သူငယ် သန္ဓေတည်နေသော ပဒုမ္မာကြာငုံကြီးကို မြင်လိုက်သည်နှင့်...

"ဤကြာငုံကြီးကား အခြားသော ကြာငုံတို့ထက် ကြီးမား၏။ ပွင့်သောအခါ ငါ ဆွတ်ယူမည်"

ဟု ဆိုကာ ကြံလေ၏။

### ဘုန်းကံကြီးမားသူ

ထိုကြာငုံကြီးကား ခုနစ်ရက်လွန်ငြားသော်လည်း မပွင့်သေးသောကြောင့်...

"ဤကြာငုံသည် အဘယ့်ကြောင့် မပွင့်သနည်း။ ယခု ငါချိုးယူမည်"

ဟု ရေကန်တွင်း ဆင်း၍ ချိုးယူလေတော့၏။

ထိုသို့ ရသေ့က ချိုးယူလိုက်စဉ် ကြာငုံကြီးသည် ပွင့်လာ၏။

ရသေ့သည် ပွင့်လာသော ကြာငုံအတွင်းသို့ ကြည့်လိုက်သည့်အခါ လွန်စွာမှ ထူးဆန်းဖွယ်ရာ ရွှေရောင်အဆင်းကဲ့သို့ ဝါဝင်းတင့်တယ်သော သူငယ်လေးကို မြင်လိုက်ရလေတော့၏။

ထိုအခါ ရသေ့က...

"ဤသူငယ်ကား လွန်စွာမှ ဘုန်းကံကြီးမားသော သူငယ်ဖြစ်လိမ့်မည်။ ဤသူငယ်ကို ယူ၍ ငါကျွေးမွေးရမည်"

ဟု ဆိုသော စိတ်ကူးအကြံတို့ဖြင့် ကျောင်းသင်္ခမ်းသို့ ဆောင်ယူကျွေးမွေးပြီးလျှင် သူငယ် ခုနစ်နှစ်သားအရွယ်မှ စ၍ ဗေဒင်သုံးပုံကို သင်ကြားပေးလေတော့၏။

### ကောသလမင်းကြီး၏ ဆရာ

ရသေ့ သင်ကြားပေးမှုကြောင့် သူငယ်လေးကား ဗေဒင်သုံးပုံတို့၏ တစ်ဖက်ကမ်းသို့ ရောက်၍ ဇမ္ဗူဒိပ်ကျွန်းအပြင်၌ မြတ်သော ဗြဟ္မဏပဏ္ဍိတ်အဖြစ်ဖြင့် ထင်ရှားကျော်ကြားလေ၏။

ထို့နောက် ပေါက္ခရသာတိ ပုဏ္ဏားဖြစ်လာကာ နောင်သောအခါ ကောသလမင်းကြီးအား အတတ်ပညာသင်ကြားပေးသောကြောင့် မင်းဆရာဖြစ်လာခဲ့ရလေတော့၏။

### မြို့စားကြီး

ကောသလမင်းကြီးသည် ဆရာဖြစ်သော ပေါက္ခရသာတိပုဏ္ဏားအား ကြည်ညိုသည်ဖြစ် ဥက္ကဋ္ဌအမည်ရှိသော မြို့ကို မြို့စားအဖြစ် ခန့်အပ်လိုက်လေတော့၏။

### ပေါက္ခရသာရ

ဤသို့ဖြင့် ဥက္ကဋ္ဌမြို့စားကြီးသည် ပေါက္ခရမည်သော ကြာတိုက်၌ ဖြစ်သောကြောင့် လည်းကောင်း၊ ကြာဖြူပန်းနှင့်တူသော အဆင်းရှိသောကြောင့် လည်းကောင်း၊ နတ်မြို့တော်၌ စိုက်ဆောက်အပ်သောကြောင့် ပေါက္ခရသာတိဟူသော အမည်ဖြင့် လွန်စွာမှ ထင်ရှားလေတော့၏ ■


* * *

ဒေါ်အုန်းကြည်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဓမ္မာစရိယ
ဦးငွေးရှိုင်

www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်၏ ကျေးဇူးတော် ဂုဏ်တော်တို့ကို အမြဲမပြတ် သတိရ အောက်မေ့နေသူများ ရရှိနိုင်သော အကျိုးနှင့် စပ်၍ ပညတ်အားဖြင့် လူမင်း၊ နတ်မင်း စသည် ဖြစ်ရကြောင်း ဝတ္ထုသာဓကများ များစွာရှိပေ၏။

ဤ၌ တန်ခိုးသတ္တိစွမ်းအင်အချုပ်ကိုသာ ဖော်ပြပါအံ့။

"ရဟန်းတို့ ‥ တစ်ခုသော သဘောတရားကို ပွားများအပ်သည်ရှိသော်၊ ကြိမ်ဖန်ထပ်ထပ်ပြုအပ်သည် ရှိသော် -

(၁) ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်းတွာ၊

(၂) တပ်မက်မှု ကင်းခြင်းတွာ၊

(၃) ကိလေသာတို့ ချုပ်ငြိမ်းခြင်းတွာ၊

(၄) ကိလေသာအပူငြိမ်း အေးခြင်းတွာ၊

(၅) ဖြစ်ပျက်ကို သိမြင်ခြင်းတွာ၊

(၆) သစ္စာလေးပါးကို သိခြင်းတွာ၊

(၇) နိဗ္ဗာန်ကို ရရှိခြင်းတွာ ဖြစ်ပေသည်။

တစ်ခုသော သဘောတရားကား အဘယ်နည်းဟူမူ ဗုဒ္ဓါနုဿတိ (စသော အနုဿတိ ဆယ်ပါးတို့တွင် တစ်ခုခု) ပင်တည်း။ (ကိလေသာ အပူကင်းရခြင်းကို ကြီးမြတ်သော ကျေးဇူးဟု သိပါ။)

(အင်္ဂုတ္တရ၊ ဧကဓမ္မ၊ ပ-ဝဂ်)

**ဘထွေးတော်နှင့် ဘုရားဂုဏ်တော်**

ထိုမှတစ်ပါး သောတာပန် ပုဂ္ဂိုလ်များ၏ အမြဲ နှလုံးသွင်း နေထိုင်ပုံအကြောင်းကို ဘုရားရှင်၏ ဘထွေးတော် "မဟာနာမ်" သာကီဝင်မင်းက လျှောက်ထား၍ အနုဿတိ ၆ပါးကို အမြဲနှလုံးသွင်း၍ နေလေ့ရှိကြောင်း ဖြေဆိုတော်မူသည်။ (သာမန် ဉပါသကာတို့လည်း ထိုသို့ပင် နှလုံးသွင်းနေရမည်။)

ယင်းသို့ ဖြေဆိုတော်မူရာ၌ ဗုဒ္ဓါနုဿတိ၏ စွမ်းအင်သတ္တိကျေးဇူးဂုဏ်ကို အောက်ပါအတိုင်း ဟောတော်မူ၏။

အဋ္ဌကထာ၊ ဋီကာ ဆရာကြီးတိုင်း လက်သုံး သာဓကပြုရသော ဖြစ်ရပ်လည်း ဖြစ်သည်။

မဟာနာမ်၊ အရိယာဖြစ်သော သာဝက(တပည့်တော်) သည် မြတ်စွာဘုရားရှင်၏ ကျေးဇူးဂုဏ်ကို အောက်မေ့ဆင်ခြင်နေသောအခိုက် (ဆင်ခြင်နေသမျှ) -

(၁) ရာဂ ဖိစီးနှိပ်စက်သောစိတ် မဖြစ်ရတော့ပြီ။

(၂) ဒေါသ ဖိစီးနှိပ်စက်သောစိတ် မဖြစ်ရတော့ပြီ။

(၃) မောဟ ဖိစီးနှိပ်စက်သောစိတ် မဖြစ်ရတော့ပြီ။

(ရာဂ၊ ဒေါသ၊ မောဟ ဟူသော ပင်မ ကိလေသာ အပူမာတ်များ မဝင်သာတော့ပြီ။)

(၄) မြတ်စွာဘုရားရှင်၏ ဂုဏ်တော်တို့ကိုသာ နှလုံးသွင်းလျက် (တစ်သမတ်တည်း) ဖြောင့်မှန်သော စိတ် အစဉ်ဖြစ်လျက်နေ၏။

(လမ်းကွေ့ကောက်စေတတ်သော မာယာ၊ သာဌေယျ မရှိ။ တလွဲတက်စေ၊ ကျစေနိုင်သော ရာဂ စသည် မရှိ။ ဆုတ်ဆိုင်း ပေါ့လျှော့စေတတ်သော လီန(ဝီရိယလျော့ခြင်း) နှင့် ဉဒ္ဓစ္စ(ပျံ့လွင့်မှု) မရှိ၍ တစ်ဖြောင့်တည်း မဂ္ဂိမ ပဋိပဒါ လမ်းစဉ်မှန်နေပြီဟု ဆိုလိုသည်။ မဟာဋီကာ။

(အင်္ဂုတ္တရ-ဋီ၊ ၈၉၌ "ဝီထိ"အစား "ထိနံ မိဒ္ဓ"ရှိနေ၏။)

(၅) ဖြောင့်မှန်သော စိတ်အစဉ်ရှိသော အရိယာသာဝက(ယောဂီ)သည် အကြောင်းအကျိုး၊ အနက်အဓိပ္ပာယ်ကို ဆင်ခြင်၍ဖြစ်သော နှစ်သက်ဝမ်းမြောက်မှုကို ရ၏။

(၆) အကြောင်းခြင်းရာနှင့် ဒေသနာပါဠိကို ဆင်ခြင်၍ဖြစ်သော နှစ်သက် ဝမ်းမြောက်မှုကို ရ၏။

(၇) ကြောင်းကျိုးနှစ်ဖြာ သဒ္ဒါအနက်ကို ဆင်ခြင်၍ တရားနှင့် စပ်သော နှစ်သက် ဝမ်းမြောက်မှုကို ရ၏။

(ဤနေရာ၌ ဝိသုဒ္ဓိမဂ်အဆိုသည် ဂုဏ်တော်ပါဠိအနက်မျှလောက်ကိုသာ ဆိုရာရောက်သဖြင့် အကျိုးအာနိသင် ကျဉ်းမြောင်းနေ၏။ ထို့ကြောင့် မဟာဋီကာနှင့် အင်္ဂုတ္တရ-ဋ္ဌ၊ ဋီ-တို့အရ ပြလိုက်၏။)

စင်စစ်၊ ဗုဒ္ဓါနုဿတိ စသော တစ်စုံတစ်ခုသော ဘာဝနာကို ပွားများသူများသည် စာကြည့်ခြင်း၊ တရားနာယူခြင်း စသည်၌ အခြားသူများနှင့် မတူနိုင်။ ကြောင်းကျိုးနှစ်ဖြာ သဒ္ဒါအနက် အဓိပ္ပာယ်ကွင်းဆက်များ ပို၍နက်ရှိုင်းစွာ သိမြင်ကျေနပ်မှု ရရှိကြရသည်။ လောကီ ကြီးပွားရေး စသည်ကို စဉ်းစားကြံဆရာ၌လည်း အချက်ကျကျ ပို၍ ရှင်းလင်းစွာ သိမြင် ကြီးပွားနိုင်သည်မှာ ယုံမှားဖွယ် မရှိထိုက်။)

(၈) နှစ်သက် ဝမ်းမြောက်မှုရှိသော ယောဂီအား အလွန်နှစ်သက် ဝမ်းမြောက်မှု(ပီတိငါးမျိုး)သည် ဖြစ်၏။

(၉) နှစ်သက် ဝမ်းမြောက်သောစိတ် ရှိသော ယောဂီအား ကိုယ်စိတ်နှစ်ဖြာ ငြိမ်းအေးရ၏။

(၁၀) ကိုယ်၊ စိတ် ငြိမ်းအေးသော ယောဂီသည် ကိုယ်၏ ချမ်းသာခြင်း၊ စိတ်၏ ချမ်းသာခြင်းကို



www.burmeseclassic.com

www.burmeseclassic.com

ခံစားရ၏။

(၁၁) ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိသော ယောဂီ၏ စိတ်သည် ကမ္မဋ္ဌာန်းအာရုံ၌ ကောင်းစွာ စူးစိုက် ရပ်တည်၍ နေ၏။ တည်ကြည်၏။ (သမာဓိဖြစ်လျှင် အသိဉာဏ်ပညာများ တိုးပွားတော့သည်သာ။)

(အင်္ဂုတ္တရ-၂၊ ဆက္က၊ မဟာနာမသုတ်-၂၅)

**ဂုဏ်တော်ပီတိနှင့် မင်းအဖြစ် မလဲနိုင်**

၁။ ဂုဏ်တော်ပွားများသူသည် "အရဟံ"ပုဒ်၏ အနက်အဓိပ္ပာယ်ကို စဉ်းစားကြံဆနေရသည်။ "ဝိတက်" ခေါ်၏။

၂။ အထပ်ထပ် ဆင်ခြင် သုံးသပ်ကြည့်ရသည်။ "ဝိစာရ" ခေါ်၏။

၃။ အဖန်ဖန်ဝလဲလဲ ကြံစည် စဉ်းစားနေပါက ကျေနပ်မှု စိတ်ထဲတွင် လှိုက်လှိုက်လှဲလှဲ ရှိလာသည်။ ကြက်သီးတဖြန်းဖြန်းထလာသည်။ "ပီတိ"ခေါ်၏။

၄။ နောက် ကိုယ်ရော စိတ်ပါ ငြိမ်းအေးပြီး ချမ်းသာလာ၏။ "သုခ"ခေါ်၏။

၅။ ကိုယ်၊ စိတ် ငြိမ်းအေး ချမ်းသာလာပြီးနောက် ဘုရားရှင်၏ ကျေးဇူးတော် ဂုဏ်တော်တို့၌သာ စိတ်သည် စုတ်စုတ်နစ်နစ် ဖူးဝင်ရပ်တည်နေတော့သည်။ "သမာဓိ-ဧကဂ္ဂတာ" ခေါ်၏။

ယင်း ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ငါးမျိုးဖြစ်နေသည်ကို "ပထမဈာန်"ဟု ခေါ်သည်။

သို့သော် အစစ်ကား မဟုတ်သေး။ တိုက်ရှေ့ ဥပစာမြေကွက်၌ ရောက်နေသူနှင့် တူ၏။ တိုက်ဥပစာက ရပ်၍ တိုက်ကို အနီးကပ် ခန့်မှန်းနိုင်သကဲ့သို့ ပထမဈာန်ရသူ၏ ချမ်းသာကို အနီးကပ် ခန့်မှန်းနိုင်သူကား ဖြစ်လေပြီ။

ထိထိမိမိ တိတိကျကျ စီးစီးပိုင်ပိုင် ပွားများကြပါကုန်။ သို့ရာတွင် ဂုဏ်တော်တို့သည် ကျယ်ပြော နက်ရှိုင်းလွန်းအားကြီးသဖြင့် ဥပစာရဈာန်မျှလောက်သာ ရောက်ရှိနိုင်၍ အပ္ပနာဈာန်ကြီးသို့ကား မတက်နိုင်ချေ။

မည်သို့ဖြစ်စေ၊ ထိုမျှလောက် ပေါက်မြောက်ရရှိသော ပီတိသည်ပင် ဇမ္ဗူဒိပ်တစ်ပြင်လုံးရှိ နိုင်ငံအားလုံးကို အစိုးရသော မင်းဖြစ်ရသည်ထက် တန်ဖိုးကြီးမြတ်ကြောင်း ဟောကြား ဖွင့်ဆိုတော်မူကြကုန်၏။ (ဖြပ္ပာဇာလ-၄၊ ၅၄။)

**အကျိုး (၉)ချက် လက်ငင်းရ**

ဗုဒ္ဓါနုဿတိဂုဏ်တော် ပွားများခြင်း၏ အကျိုးအာနိသင် စွမ်းအင်သတ္တိကို (ဝိသုဒ္ဓိမဂ်- ၁၊ ၂၀၆ ၌) အောက်ပါအတိုင်း ဖော်ပြထားပြန်သည်။ မှတ်သားဖွယ် ကောင်းလှ၏။

(၁) မြတ်စွာဘုရားအပေါ် ရိုသေလေးစားမှု၊ တုပ်ဝပ်ကျိုးနွံမှု ရှိလာခြင်း။

(၂) ရတနာသုံးပါးနှင့် ကံ,ကံ၏ အကျိုးကို သက်ဝင်ယုံကြည်စိတ်၊ အမှတ်သတိကောင်းခြင်း (မရှုးသွပ်နိုင်၊ အိုသော်လည်း သူငယ်မပြန်နိုင်သည်ကို သတိပြု)၊ အသိဉာဏ်နှင့် ကုသိုလ်များ တိုးပွားလာခြင်း (ယုံကြည်စိတ် ပြင်းပြ၍ သဒ္ဓါရင့်သန်လာလျှင် ကျန် ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဣန္ဒြေများလည်း ဆက်လက်ရင့်သန်မြဲ)။

(၃) နှစ်သက် ဝမ်းမြောက်မှု များပြားလာခြင်း။

(၄) ကြီးကြီးငယ်ငယ် အသွယ်သွယ်သော ဘေးရန်နှင့် ဆင်းရဲဒုက္ခမှန်သမျှကို ခံနိုင်ရည်ရှိလာခြင်း။ (ဤနေရာ၌ ဘုရားရှင်က ရဟန်းတို့အား "တစ်စုံတစ်ရာ ကြောက်မက်ဖွယ် ဘေးရန်ကြုံလာလျှင် ငါ့ကို အောက်မေ့လိုက်၊ တလိုက်ကြ။ ငါ့ကို သတိမရဖြစ်လျှင် တရားနှင့် သံဃာဂုဏ်ကို အောက်မေ့ကြ။ ထိတ်လန့် ကြောက်ရွံ့ဖွယ် ဘေးရန်များ ပျောက်ကွယ်သွားလိမ့်မည်" ဟု ဟောတော်မူသော "ဓဇဂ္ဂသုတ်"ပရိတ်တော်ကို သတိပြုပါ။)

ဤစာအုပ်ရှေ့ပိုင်း၌ ပြခဲ့သည့်အတိုင်း "ဗုဒ္ဓသရဏံ ဂစ္ဆာမိ"မှအစ ပရိတ်၊ ပဋ္ဌာန်း စသော ပါဠိတော်များ၊ ဂါထာများကို မိမိတို့ နှုတ်တက်သလို ရွတ်ဆို၍ ဘေးအန္တရာယ် အမျိုးမျိုးမှ လွတ်မြောက်ကြရာတွင်လည်း သဘောအချုပ်အားဖြင့် ရတနာသုံးပါး၏ ကျေးဇူးဂုဏ်ကို သတိရခြင်းပင် ဖြစ်၍ "ဤဂါထာက တားပြီးသည်"ဟု မကန့်သတ်ရ။

ကျမ်းစာအုပ်တိုင်းတွင် "နမော တဿ"ကို ရှေ့ဆုံးထည့်၍ ပဏာမ(ရှိခိုးခြင်း)ပြုကြရာ ကျမ်းပြုဆရာများက "ဘေးရန်ကင်းရှင်း၍ ကျမ်းစာပြီးဆုံးအောင် ရေးသားနိုင်ခြင်း အကျိုးများရှိသည်"ဟု ယုံကြည်ယူဆလေ့ ရှိကြသည်။

ထို့အတူ ဘုရားရှိခိုးခြင်း၊ ရတနာသုံးပါးကို သတိရခြင်း ရှိနေပါမှ တစ်နည်းနည်းဖြင့် ဘေးရန်အမျိုးမျိုးမှ အံ့ဩလောက်အောင် လွတ်ကင်း၍ ကောင်းကျိုးချမ်းသာခြင်း အမျိုးမျိုးတို့လည်း ကြုံဖန်၍ ဖြစ်ပေါ်လာတတ်သည်ချည်းပင်။)

**ရှိခိုးခံနည်း ဂုဏ်တော်အငှား**

(၅) မြတ်စွာဘုရားနှင့် အတူတကွ နေ့နေရသည်ဟု



www.burmeseclassic.com

www.burmeseclassic.com

မှတ်ထင်ရခြင်း (မိဘနှင့် အတူနေသကဲ့သို့ အား ရှိသည်။ စားချိန်ကျလျှင် စားရ၏။ နိုပ်စက် စော်ကားရဲသူ မရှိ။ မပူပင် မကြောင့်ကြရ၊ အားကိုးရမည့်သူ၊ အကာအကွယ်ပေးမည့်သူ ရှိနေ၏။ ကိုးကွယ်ရာ ရထားသည်။)

(၆) (မိမိတစ်ကိုယ်လုံး ဂုဏ်တော်များ မွှမ်းထုံ စိမ့်ဝင်နေပြီဖြစ်၍) ဂန္ဓကုဋီစေတီတော်ကဲ့သို့ အပူဇော်ခံထိုက်သူ ဖြစ်လာခြင်း။

(ရှေးအခါမှ စ၍ ဘုန်းတော်ကြီးနှင့် လူကြီးမိဘ သက်ကြီးရွယ်အိုများသည် တပည့်သားမြေးနှင့် ငယ်ရွယ်သူများက ရှိခိုးကန်တော့ကြသောအခါ "အသက်ကြီးတဲ့ ဝယဝုဍ္ဍိဂုဏ်နဲ့ပဲ ရှိခိုး ကန်တော့ခံထိုက်ပါရဲ့။ ဒါပေမယ့် နှစ်ဦးနှစ်ဝ အကျိုးများအောင် အခြားသူများ ရှိခိုးလျှင် ကိုယ်က အရဟံဂုဏ်တော်ကို ကြိုတင် နှလုံးသွင်းနေတာ အကောင်းဆုံးပဲ" ဟု ယူဆကာ၊ ထိုသို့ပင် ပြုလေ့ရှိသည်မှာ အမိပ္ပာယ်ရှိလှပါပေ၏။ ကိုယ်ခံမရှိဘဲ ရှိခိုးခံရခြင်းသည် လုံနှင့် ထိုးသည်ထက် နာတတ်၏။)

(၇) (ဂုဏ်တော်ပွားများဖန်များလျှင် ဘုရားဖြစ်ရခြင်း၏ ကျေးဇူးဂုဏ် မြင့်မြတ်သည်ကို အားကျ၍) ဘုရားဖြစ်ရမှု၌ စိတ်ညွတ်လာခြင်း၊ ကိုယ်တိုင်ဘုရားစိတ်ပေါက်နေခြင်း။

(မိမိနှင့် ဘုရား ခွဲခြား၍ မရအောင်ပင် ဘုရားဓာတ်အားများ ကူးစက်စိမ့်ဝင်၍ နေခြင်းဖြစ်သည်။ အရဟံ စသောဂုဏ်တော်များကို ပွားများခြင်းဖြင့် သေချာပေါက် မြတ်စွန်းမည် သိ၍ သူဌေးကြီးထံမှ ချေးငှားရောင်းဝယ်ရသဖြင့် ကြွယ်ဝလာသော သူဌေးကဲ့သို့ ကိုယ်ပိုင်မရှိမီ ချေးငှားထားရသော ဂုဏ်များသာ ဖြစ်သေးသည်။ အပိုင်မဟုတ်။ သို့သော်မူလ သူဌေးကြီး၏ အရှိန်အဝါ ဓနအင်အားများ ကူးစက်ကာမူလ သူဌေးကြီးလောက်နီးနီး လူမှုဒုက္ခကင်းဝေး၍ ချမ်းသာရာ ရနိုင်၏။

ကိုယ်ပိုင်ဖြစ်စေရန် သာဝက တစ်ဦးအနေဖြင့် ဖြစ်နိုင်၊ ရနိုင်သော အရဟံ- ကိလေသာ ကင်းဝေးသူ၊ သမ္မာသမ္ဗုဒ္ဓေ-အမှန်ကို ကိုယ်တိုင်သိသူဖြစ်အောင် ကိုယ့်အား ကိုယ်ကိုးကြိုးစားကြရမည်သာ ဖြစ်သည်။

သို့ရာတွင် ဘုရားဆုပန်ခြင်းကိုမူ အလေးအနက်စဉ်းစားသင့်ကြသည်။)

**အခြေခံ သုံတော်ကောင်းအင်အား**

(၈) မိမိရှေ့တွင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး အမြဲကြွရောက် သီတင်းသုံးနေသကဲ့သို့ ရှိ၍ တစ်စုံတစ်ခု မကောင်းမှု ပြုလုပ်ရန် ရှက်ရွံ့ ကြောက်လန့်နေခြင်း(ရှိန်ခြင်း)။

(မကောင်းမှု ပြုလုပ်ရန် ရှက်ကြောက်ရုံမျှသာမက၊ ပရိသတ်ထဲ နေရရာ၌ မျက်နှာ မထားတတ်။ အိုတိုးအမ်းတုမ်း ရှက်ကြောက်နေလျှင်လည်း အရဟံ စသောဂုဏ်တော်တစ်ခုခုကို ပွားများနေရန် ရှေးက ဘုန်းတော်ကြီးနှင့် လူကြီးမိဘများက ဆုံးမလေ့ရှိကြသည်။ မျက်နှာသိုးပုပ်ခြင်း၊ ရူတင်းခြင်း၊ ရှက်အမ်းခြင်း၊ လက်ခြေ မငြိမ်မဆိတ်ခြင်း မရှိ။ ပိရိသေဝပ်သွားသည်။

"အမှတ် ၁၊ ၅၊ ၈ တို့ဖြင့် ရံခါ ပုံတော်သဏ္ဍာန်လည်းထင်နိုင်သည်ကို ခြွင်းချက်ပြုသည်" ဟု မှတ်။)

(၉) အကြောင်းမပြည့်စုံသေး၍ အထက်အထက်ဖြစ်သော ဈာန်မဂ်ဖိုလ်ကို မရ၊ မရောက်နိုင်သေးစေကာမူ သုဂတိဘဝ (လူကောင်း၊ နတ်ကောင်းဖြစ်ရန်) သေချာခြင်း။

ဤကား ဗုဒ္ဓါနုဿတိ ပွားများရခြင်း၏ အကျိုးကျေးဇူးစွမ်းအင်သတ္တိထူးများ ဖြစ်ကြကုန်၏။ လောကီ၊ လောကုတ္တရာ အဘယ်အရာ လိုနေသေးသည်ဟု မရှိရအောင် ပြည့်စုံနေပြီကို ဝမ်းမြောက် အားကျသင့်ကုန်၏။

ဗုဒ္ဓါနုဿတိ စသော ကမ္မဋ္ဌာန်းတရား အားထုတ်သူများသည် "အဘယ်ညာ ဏ်စဉ်ရောက်ပြီ၊ ဒိဋ္ဌ ဝိစိကိစ္ဆာမည်သို့ဖြစ်သည်" စသော "ဥတ္တရိ မနုဿဓမ္မ - လူ့ထက်လူတရားကြီး"များကို အသာထား၍···

(၁) အခြေခံဖြစ်သော ရတနာသုံးပါးအပေါ်၌ မည်မျှရိုသေလေးမြတ် တုပ်ဝပ် ကျိုးနွံလာသနည်း။

(၂) လိမ်လည် ဝါကြွားခြင်းမှအစ အကုသိုလ်ကိစ္စ၌ မည်မျှ လက်ရွံ့ နှုတ်ရွံ့လာသနည်း။ ကိုယ်၊ နှုတ်၊ စိတ်၊ အမူအရာ မည်မျှယဉ်ကျေးသိမ်မွေ့လာသနည်း။

(၃) ကောင်းဆိုးနှစ်တန် လောကဓံ တရားကို မည်မျှခံနိုင်ရည်ရှိလာသနည်း။ မည်မျှ ကိုယ်, စိတ် ချမ်းမြေ့လာသနည်း။

ကမ္မဋ္ဌာန်းအားလုံးတို့၏အစ ဗုဒ္ဓါနုဿတိ သမထကမ္မဋ္ဌာန်းလောက်ကပင် ပြည့်စုံနေနှင့်ရမည့် အခြေခံသုံတော်ကောင်း အင်အားများ ဖြစ်ပေသည်။

* * *

ဓမ္မာစရိယ ဦးမြဲလှိုင်



www.burmeseclassic.com

www.burmeseclassic.com

# သာသနာ့ဝည်ပင်ဖေဆော ကုက္ကိုကိုင်းကျေးရွာ

**မေဒသုတေသီ ဆရာမျိုး**



ကုက္ကိုကိုင်းကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ ဇောင်ချမ်းတောင် ကျေးရွာအုပ်စုအတွင်း တည်ရှိပါသည်။ စာရေးသူအား ကျောက်ဆည်ဆရာတော်ဘုရားကြီးမှ ကုက္ကိုကိုင်းကျေးရွာတွင် တည်ရှိသော ဘုရားစေတီ ပုထိုးတော်များအကြောင်းကို မဂ္ဂဇင်းစာမျက်နှာပေါ်တွင် ပူဇော်ရေးသားပေးစေရန် တာဝန်ပေး စေလွှတ်ချက်အရ သွားရောက်ခဲ့ပါလေ၏။ စာရေးသူသည် ကုက္ကိုကိုင်းတွင် ဂေါပကဥက္ကဋ္ဌ ဦးတင်အောင်နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးညွန့်မောင်တို့နှင့် တွေ့ဆုံခဲ့ပါလေ၏။


ကုက္ကိုကိုင်းကျေးရွာသည် အိမ်ခြေ ၅၀ ခန့်သာရှိသော ရွာငယ်လေးတစ်ရွာပင် ဖြစ်သည်။ သို့သော်လည်း ရပ်ရွာ၏ သာရေးနာရေးကိစ္စတို့၌ တစ်အိမ်တစ်ယောက်ကျ စုပေါင်းတိုင်ပင်၍ မိသားစုအသွင်သဏ္ဌာန် ဝိုင်းဝန်းကူညီဆောင်ရွက်ကြပုံမှာ ပတ်ဝန်းကျင်ရွာအများက လေးစားအတုယူ စံနမူနာပြုထိုက်သော စံပြရွာကလေးပင် ဖြစ်ပေ၏။

လွန်ခဲ့သော နှစ်ပေါင်း ၉၀၀ ခန့်က ကျွန်တော်တို့ရွာဦးထိပ်မှာ ပုဆိုးသုံးကွင်းပတ်အရွယ်ရှိတဲ့ ကုက္ကိုပင်ကြီးတစ်ပင်ရှိခဲ့တာကို အမှီပြုပြီး ကုက္ကိုကိုင်းကျေးရွာရယ်လို့ မှည့်ခေါ်ခဲ့တာပဲ ဖြစ်တယ်။ ထူးခြားတာက ရမည်းသင်းမြို့နယ် အတွင်းက ရွာကို ကုက္ကိုပင်ရွာလို့ ခေါ်ပြီး၊ ကျွန်တော်တို့ရွာကို ကုက္ကိုကိုင်းရွာရယ်လို့ ခေါ်ဝေါ်တာပဲလေ။ သူတို့က အပင်၊ ကျွန်တော်တို့က အကိုင်းပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ရွာမှာ စေတီပေါင်း ရှစ်ဆူရှိပါတယ်။ ဒီစေတီတွေကို ၁၃၆၂ ခုနှစ်ကနေ ၁၃၆၄ ခုနှစ်အတွင်းမှာ ပြန်လည်ပြုပြင်ခဲ့ကြပါတယ်။ နောက်ပြီး ရွာဦးရေကန်တည်ခဲ့တယ်။ အရင်က ရေကန်မရှိပါဘူး။ ကန်မြေနေရာ (၁.၅) ဧကကို ဒေါ်လှငြိမ်းမိသားစုမှ လှူဒါန်းခဲ့ပြီး ရပ်ရွာစုပေါင်းလုပ်အားနဲ့ တည်ဆောက်ခဲ့တာပါ။

ဒီနောက် စာရေးသူတို့ဟာ ရွာဦး ဘုန်းကြီးကျောင်းကို သွားရောက်ခဲ့ကြပါတယ်။ ကုက္ကိုကိုင်းရွာဦးကျောင်း ဆရာတော်ကတော့ ဦးနာရဒဖြစ်ပြီး သက်တော် ၇၂နှစ်နဲ့ ဝါတော် (၇)ဝါဖြစ်ပါတယ်။ ပထမ ဆရာတော်ကတော့ ဦးနန္ဒဖြစ်ပြီးတော့ ၂၀၀၇၊ ဒုတိယဝါဆိုလဆန်း ၁၂ရက်မှာ ပျံလွန်တော်မူခဲ့တဲ့အတွက် ဆရာတော် ဦးနာရဒက ဒုတိယ ဆရာတော်အဖြစ်နဲ့ ဆက်လက်ထိန်းသိမ်းခဲ့တာပါ။ မိုးကုတ်ဝိပဿနာ ၇ရက် တရားစခန်းပွဲကို နှစ်စဉ် တပို့တွဲလဆန်း ၅ရက်နေ့မှာ ပုံမှန် ကျင်းပခဲ့တာဟာ အခုဆိုရင် ၆ကြိမ်မြောက်ရှိခဲ့ပါပြီ။ ယောဂီဦးရေ ၁၇၀ ရှိပြီး ဒုလ္လဘ ရဟန်းအပါး ၃၀ကျော် ပါဝင်ပါတယ်။ ဘုရား၊ ကျောင်း၊ ဓမ္မာရုံ ဒါယကာကတော့ ရန်ကုန်မြို့ ဒုံးပျံသင်္ကန်းတိုက်မှ ဦးထွန်းရှိန်+ဒေါ်ပြုံးကြည် မိသားစုဖြစ်ပြီး ၁၃၆၇ ခုနှစ်က လှူဒါန်းခဲ့တာပါ။ ကျောင်းအဝင် ခေါင်းရင်းဘက် ကမ္ပည်းကျောက်စာမှာ အောက်ပါအတိုင်း ရေးထိုးထားပါတယ်။

**သာသနာသက္ကရာဇ် ၂၅၅၁ ခုနှစ်**

**ကောဇာသက္ကရာဇ် ၁၃၇၀ ခုနှစ်**

ပျော်ဘွယ်မြို့နယ်၊ ဇောင်ချမ်းတောင်အုပ်စု၊ ကုက္ကိုကိုင်းရွာနေ အများတစ်စု ကိုးကွယ်အားထားရာဖြစ်စေခြင်းငှာ ကောဇာသက္ကရာဇ် ၁၃၆၅ ခုမှ ဘုရားစေတီပုထိုးများ မွမ်းမံပြင်ဆင်ရာဝယ် မန္တလေး ရွှေမြို့တော်မှ သာသနာပြု ဆရာတော် ဘဒ္ဒန္တနာရဒမှ ကြီးကြပ်ဦးစီးကာ ရှေးသမိုင်းဝင် ဘုရားစေတီ ရှစ်ဆူကို အသစ်တစ်ဖန် ပြန်လည်မွမ်းမံပြင်ဆင်ရာတွင် ၁၃၇၀ ပြည့်နှစ်၌ ပြီးမြောက်အောင်မြင်ပါ၍ ကျောင်း၊ ဘုရား၊ ဓမ္မာရုံ၊ ဆွမ်းစားကျောင်း၊ ယောဂီကျောင်း စုသည့် အဆောက်အအုံများကို ရန်ကုန်မြို့ မြောက်ဥက္ကလာပနေ ဦးထွန်းရှိန်+ဒေါ်ပြုံးကြည်၊ ဒုံးပျံသင်္ကန်းတိုက် မိသားစုမှ တစ်ဦးတည်း ဒါယကာအဖြစ် လှူဒါန်းပါသည်။

ထို့နောက် စာရေးသူတို့သည် ကျောင်းခေါင်းရင်းတောင်ဘက်ခြမ်းမှ စေတီသုံးဆူတွဲကို စတင်ဖူးမြော်လေ့လာကြပါသည်။ လက်ဝဲအစွန်ဆုံးစေတီမှာ အောင်သိဒ္ဓိစေတီဖြစ်ပြီး ထီးဒါယကာကတော့ ဦးအောင်မောင်း + ဒေါ်စိန်ဝေဖြစ်ပါသည်။ အလယ်စေတီတော်ကြီးမှာ မြသိန်းတန်စေတီတော်ကြီးဖြစ်ပြီး ထောင့်လေးထောင့်တွင် ခြသေ့်လေးကောင် ခြံရံထားပါသည်။


ရှေးနှစ်ပေါင်း ၉၀၀ ခန့်က မဏိစည်သူမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော ဤဘုရားစေတီတော်မြတ်ကြီးသည် ပျက်စီးယိုယွင်းနေရာတွင် နောက်ထပ်တစ်ဖန် ပြန်လည်၍ လုံးပတ်တော်ဖွင့် ဉာဏ်တော် ၂၁တောင့်ထွာ အရှိ မြှင့်တင်ပြီး ဤ"အောင်တော်မူ မြသိန်းတန်"စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲကို သာသနာသက္ကရာဇ် ၂၅၅၁၊ ကောဇာသက္ကရာဇ် ၁၃၆၉၊ ကဆုန်လဆန်း ၄ရက်၊ ကြာသပတေးနေ့၊ အမြိတ္တစုတ်ရက် (၁၄-၄-၂၀၀၇)တွင်





www.burmeseclassic.com

www.burmeseclassic.com



နဲ့ကုန်းကျေးရွာ (ဦးလှိုင်)၊ အုံးစိန် မိသားစုမှ လှူဒါန်းပါ သည်။

ဂန္ဓကုဋီတိုက်၊ လိုဏ်အတွင်း ဘုရား၊ တကဲ၊ ပလ္လင် နှင့်အထက် ကင်ပြည့်စေတီတော်တို့ကို ပျော်ဘွယ် လေး နုးရပ်နေ ဦးမြင့်ဆွေ+ဒေါ်အမာ မိသားစုတို့ မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ်၊ ခရစ်သက္ကရာဇ် ၂၀၀၈ ခုနှစ်တွင် လှူဒါန်းပါသည်။ အထက် အရန်စေတီလေးဆူ အလှူရှင်များမှာ -

(၁) ဦးဝင်းစိန် + ဒေါ်မြရီ

(၂) ဦးအောင်ခင် + ဒေါ်ချော

(၃) ဦးဝင်းကြည် + ဒေါ်ခင်မာစိုး


(၄) ဦးမောင်မောင် + ဒေါ်တင်ဝင်း

တို့ ဖြစ်ပါသည်။ အဆိုပါ စေတီတော်များ၏ တောင် ဘက်တွင် ရှေးလိုဏ်ဂူနှင့် ဆုတောင်းပြည့်စေတီတို့တွင် ဘုရားဒကာအဖြစ် ဦးမောင်ပု + ဒေါ်မိနှင့် ဂူဒကာအဖြစ် သောတမြို့နယ်၊ ပြည်သူ့ရဲတပ်ဖွဲ့ စခန်းမှူး ဦးစိုးလွင်+ မခင်စန်းမူတို့မှ လှူဒါန်းထားရှိသည်ကို "အိုးစည်သံ တီး ပြီး"ဟူသော စာချိုးဖြင့် ၁၃၆၇ခုနှစ်တွင် လှူဒါန်းပြီးစီး ကြောင်း သိရှိရပါသည်။ ထို့နောက် ဆရာတော်ကြီးမှ ဆုတောင်းပြည့် လိုဏ်ဂူ၏ အရှေ့ဘက်မှ သိမ်နှတ်ထားသော "မြေနေရာကို ညွှန်ပြ၍ နဂိုလ်ရေသိမ်နဲ့ ဆုံးမခဲ့ရာကနေ အခုချိန်မှာ "ဝိသုံဂါမ ဗုဒ္ဓသိမ်"ပြုလုပ်ရန် ဆောင်ရွက်ဆဲ ဖြစ်ပါသည်။ ဝိသုံဂါမ ဗုဒ္ဓသိမ်ဆိုတာဟာ နိုင်ငံပိုင်သိမ်လို့ အဓိပ္ပာယ်ရပါသည်။

ထို့နောက် သိမ်မြေနေရာ၏ မြောက်ဘက်တွင် ရှိ သော ကျိုးမနိုးဘုရားကို ပြသပါသည်။ ဒီဘုရားကို နေ့ချင်း ပြီး တည်ဆောက်မှု ဖော်နိုင်ခဲ့လို့ ကျိုးမနိုးဘုရားလို့ ဘွဲ့မည် ပေးထားပါသည်။ အလှူဒကာကတော့ ပျော်ဘွယ်မြို့ မန္တလေးတန်းရပ်ကွက်က ဦးအေးမောင်+ဒေါ်နု မိသားစုဖြစ် ပါသည်။

ထို့နောက် အောင်သိဒ္ဓိစေတီတော်၏ မြောက်ဘက် တွင် ရှိသော ဝိဇ္ဇာဓာတ်ခန်းနှင့် တံခွန်တိုင်ကို ဆက်လက် လေ့လာကြပါသည်။ ဓာတ်ခန်း ဒါယကာကတော့ ကုက္ကို ကိုင်းကျေးရွာက ဒေါ်လှတင် ဖြစ်ပါသည်။


မူလ-ဝံသ-သစ္စာ-ဝါရီ ပဌမံ ဝိသုဒ္ဓိယျ သာသနာပြု အဖွဲ့မှ ဦးစီး၍ တရားဓာတ်ခန်းလိုဏ်ဂူနှင့် ဘိုးတော်များ ဒါယကာကတော့ ဒုရဲအုပ် စိုးလွင် + မခင်စန်းမူ မိသားစု ကောင်းမှုဖြစ်ပါသည်။ တံခွန်တိုင် ဒါယကာကတော့ ကုက္ကို ကိုင်းကျေးရွာက ဒေါ်အေးတင် ဖြစ်ပါသည်။ မြသိန်းတန် စေတီ၊ အောင်သိဒ္ဓိစေတီ၊ ဝိဇ္ဇာဓာတ်ခန်း၊ တံခွန်တိုင်တို့ဖြင့်





www.burmeseclassic.com

www.burmeseclassic.com



ပူးတွဲ၍ အကျိုးတော်ဆောင်များဖြစ်ကြသော ဦးညွန့်မောင်နှင့် ဦးအောင်ဝင်းတို့ကို ဓာတ်ပုံမှတ်တမ်းတင် ဖြစ်ပါသည်။

စာရေးသူတို့ဟာ တောင်ဘက်ခြမ်း ဘုရားလေးဆူကို မှတ်တမ်းတင် ပူဇော်ပြီးချိန်မှာ မြောက်ဘက်ခြမ်း ဘုရားလေးဆူကို ဆက်လက်မှတ်တမ်းတင် ပူဇော်နိုင်ရန်အတွက် စင်္ကြံလမ်းတစ်လျှောက်ကို ပြန်လှည့်ခဲ့ကြပါသည်။ ဦးစွာ ပထမ တံခွန်တိုင်ကို ရမည်းသင်းမြို့နယ်၊ ငှက်သိုက်အုပ်စု၊ သာယာကုန်းကျေးရွာမှ ဦးထွန်းကျော် + ဒေါ်[illegible]တို့မှ လှူဒါန်းပါသည်။

၁။ ပြည်လုံးချမ်းသာစေစေတီတော်ကို ၁၃၆၆ ခုနှစ်၊ တပို့တွဲလမှာ ကုက္ကိုကိုင်းကျေးရွာမှ ဦးသောင်းအေး + ဒေါ်ခွေးတို့မှ ပြုပြင်လှူဒါန်းထားပါသည်။


၂။ ၁၁မီးငြိမ်း စေတီတော်ကို ရမည်းသင်းမြို့နယ်၊ ကန့်အောက်ကျေးရွာ ရသေ့မကြီး ဒေါ်ပြုံး၊ သား ကိုတင်ဆိမ်းနှင့် ကုက္ကိုကိုင်းကျေးရွာ အများကောင်းမှုအဖြစ် ၁၃၆၆ ခုနှစ်၊ နတ်တော်လတွင် ပြုပြင်လှူဒါန်းထားပြီးလျှင် ရွှေထီးတော် ဒါယကာမှာ ကိုစိုးတင့် + မဝင်း၊ မန္တလေး ချမ်းမြသာစည်မြို့သစ်မှ ဖြစ်ပါတယ်။ ရွှေသင်္ကန်းအလှူရှင်ကတော့ (ဦးမြိုင်) + ဒေါ်လှခင်၊ ပန်းတောကျေးရွာမှ ဖြစ်ပါသည်။

၃။ ကိုးနဝင်းစေတီတော်ကို ပျဉ်းမနားမြို့ နေရောင်ပြအင်းဆရာတော် ဦးခေမိန္ဒနှင့် တပည့် ဒါယကာ၊ ဒါယိကာမများက ၁၃၆၆ ခုနှစ်၊ နတ်တော်လမှာ စုပေါင်းပြုပြင်ထားပြီးတော့ ရွှေထီး ဒါယကာကတော့ မန္တလေး ချမ်းမြသာစည်မြို့နယ်မှ ကိုကျော်လွင် + မလဲ့လဲ့ကြည် ဖြစ်ပါသည်။

၄။ ဆုတောင်းပြည့်စေတီတော်ကိုတော့ ၁၃၆၆ ခု၊ နတ်တော်လမှာ ကုက္ကိုကိုင်းရွာသား အများကောင်းမှုအဖြစ် စုပေါင်းပြုပြင်ထားကြခြင်းဖြစ်ပြီးတော့ ရွှေထီး ဒါယကာကတော့ မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ဦးလှသောင်း + ဒေါ်မြလေး မိဘနှစ်ပါးအား အမှူးထား၍ ဒုရဲအုပ် ကိုစိုးလွင် + မခင်စန်းမွတို့မှ ၁၃၆၆ ခု၊ နတ်တော်လတွင် လှူဒါန်းထားခြင်းဖြစ်ပါသည်။ မြောက်ဘက်ခြမ်း စေတီများကို ထီးတော်တင် ပြုပြင်ပြီးစီး အောင်မြင်ချိန် ၁၃၆၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့တွင် ထူးခြားစွာ မြေလျှင်များ မဟာပထဝီမြေကြီးမှ ကောင်းချီးပေးသကဲ့သို့ လှုပ်ရှားလာသော်လည်း အိုးအိမ်အဆောက်အအုံများကို ထိခိုက်ချို့ယွင်းပျက်စီးမှု တစ်စုံတစ်ရာမရှိဘဲ ဆွမ်းတော်ဟင်းခွက်အချို့ ဖိတ်စဉ်မှုသာ ရှိခဲ့သည်။ နောက်တစ်ချက်မှာ ရာပြည့်ပန်းဆိုသည်မှာ ပွင့်လေ့ပွင့်ထ မရှိသော ပန်းအမျိုးအစားဖြစ်ပါသည်။ ထိုပန်းအမျိုးအစားမှ ထူးခြားစွာ ဖူးပွင့်လာပြီးလျှင် ထီးတင်ပွဲအခမ်းအနား ပြီးဆုံးချိန်နောက်ပိုင်း၌ ရွာသူရွာသားအများစုမှာ စီးပွားရေးပြေလည်ခြင်း၊ အကြံအစည်အောင်မြင်ခြင်း၊ ရောင်းပန်းဝယ်ပန်းများ ပွင့်လန်းခြင်း အစရှိသည့် ထူးခြားမှုများ ဖြစ်ပွားခဲ့ကြောင်း သိရှိရပါသည်။

အဲဒီနောက်မှာတော့ ညနေစောင်းပြီးဖြစ်တဲ့အတွက် စာရေးသူနှင့် ဦးညွန့်မောင်တို့သည် ဆရာတော်ကြီးကို နှုတ်ဆက် ကန်တော့ပန်းဆင်ပြီးသကာလ လာရာလမ်းကို ပြန်ခဲ့ကြပါတော့သည်။


အဆွေတော် စာရှုသူများအနေဖြင့် ရှေးယခင်သော်လည်း သာသနာ မညှိုးငယ်ပေသော ရှေးနှစ်ပေါင်း ၉၀၀ ခန့်က မဏိစည်သူမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော ရှေးသမိုင်းဝင် ဘုရားစေတီပုထိုးများကို ဖူးမြော်ကြည်ညို လှူဒါန်းပူဇော်လိုလျှင် ဖြစ်စေ၊ စီးပွားဖွံ့ဖြိုးတိုးတက်လိုလျှင် ဖြစ်စေ၊ ဆုတောင်းပြည့်ဝလိုကြသည်ဆိုရင် ပျော်ဘွယ်မြို့မစျေးမြောက်ဘက် အနော်ရထာလမ်းမမှ အရှေ့သို့ လာသော် ပတ္တလားတံတားကို ဖြတ်လျက် ကားနှင့် မြင်းလှည်းများဖြင့် စီးနင်းလိုက်ပါခဲ့ပြီး ဇောင်ချမ်းတောင်ရွာထိပ်တွင် ဆင်း၍ ကုက္ကိုကိုင်းကျေးရွာသို့ ခြေကျင်လျှောက်ခြင်းဖြင့်လည်းကောင်း၊ ဆိုင်ကယ် ကယ်ရီဖြင့် လာရောက်ပါက



www.burmeseclassic.com

www.burmeseclassic.com





ကုက္ကိုကိုင်းကျေးရွာသို့ တောက်လျှောက်လာရောက်နိုင်ကြောင်းဖြင့်လည်းကောင်း၊ ကုက္ကိုကိုင်း ရွာဦးကျောင်းဆရာတော် ဦးနာရဒထံသို့ နံနက် ၆နာရီမှ ည ၉နာရီအတွင်း ဖုန်းနံပါတ် ၀၉ ၄၇၁၂၇၆၄၇ သို့ ဆက်သွယ်လျှောက်ထား၍လည်းကောင်း၊ လှူဒါန်းပူဇော်နိုင်ပါသည့်အကြောင်း နိဗ္ဗာန်အကျိုးကို ရည်မျှော်၍ တိုက်တွန်းနှိုးဆော်လိုက်ရပါပေတော့သတည်း ■

* * *

ဗေဒသုတေသီဆရာမျိုး




www.burmeseclassic.com

www.burmeseclassic.com

ယခု တင်ပြမည့် ပုတီးစိပ်နည်းမှာ စိပ်ပုတီးသမိုင်း မဟုတ်ပါ။ ပုတီးကို မည်ကဲ့သို့သော သဘောမျိုးဖြင့် စိပ်ကြသည်ကို ဖော်ပြသော ပုတီးစိပ်နည်းလေးမျိုးတို့အကြောင်း အရာပင် ဖြစ်သည်။ ရှေးပဝေသဏီက စ၍ အိန္ဒိယနိုင်ငံတွင် သူတော်စင်များ၊ ယောဂီကြီးများ၊ ဆာဒူးကြီးများတို့သည် ပုတီးစိပ်နည်းအလေ့အထ ရှိခဲ့ကြသည်။ ထို့ပြင် ဗေဒင်မန္တန်တို့ကို ရွတ်ဖတ်သရဇ္ဈာယ်လေ့ရှိကြသော ဗြဟ္မဏများသည်လည်း စိပ်ပုတီးကိုင်စွဲသည့် အလေ့အထရှိကြောင်း သိရသည်။ အိန္ဒိယနိုင်ငံအဝှမ်း ဂေါရခါးလူမျိုးများအပါအဝင် ရှေးဘိုးဘေးတို့မှ အစဉ်အလာအရ ပုတီးစိပ်နည်း လေးမျိုး ရှိကြသည်ဟု ရှေးကျမ်းဂန်များတွင် လေ့လာတွေ့ရှိရသည်။ ထိုစိပ်ပုတီးစိပ်နည်းလေးမျိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

# ပုတီးစိပ်နည်းလေးမျိုး

ဂဲဂဲထွန်း



www.burmeseclassic.com

www.burmeseclassic.com

**ဂန္ထီး ခေါ်သော ရေတွက်ရာ၌ ပုတီးစိပ်ခြင်း**

မြန်မာနိုင်ငံတွင် တစ်ရာ့ရှစ်လုံးရှိသော ပုတီးကုံးဖြင့် မိမိနှစ်သက်ရာ ဂုဏ်တော်များကို စိပ်သကဲ့သို့ပင် တူညီနေသည်ကို တွေ့ရသည်။ အထူးသဖြင့် ပုတီးပတ်ကို ရေတွက်စိပ်လေ့ရှိကြသည်။

**ဂျပ္ပန ခေါ် မန္တန်ကို ရွတ်ဆိုနေစဉ်အတွင်း ပုတီးစိပ်နေခြင်း**

မြန်မာနိုင်ငံ၌ အထက်လမ်း ဆရာများ၊ ပယောဂဆရာများ၊ လောကီထွက်ရပ်ပေါက်အမျိုးမျိုးကို မျှော်မှန်းချက်တစ်စုံတစ်ရာ ကြိုးစားနေသူများလည်း မန္တန်များ ရွတ်ဆိုနေစဉ် စိပ်ပုတီးကို စိပ်လေ့ရှိကြသည်။ ရည်ရွယ်ချက်မှာ မန္တန်ရွတ်ဆိုမှု သိဒ္ဓိဝင်စေရန် ပုတီးကို မပြတ်စိပ်နေလေ့ရှိသည်။

**ဒီးလ်ဆေးဂျပ္ပနား ခေါ် အသံထွက်၍ ရွတ်ဆိုပုတီးစိပ်ခြင်း မဟုတ်ဘဲ မိမိလိုရာကို အာရုံပြု ပုတီးစိပ်ခြင်း**

မြန်မာနိုင်ငံ၌ ရဟန်းရှင်လူတို့သည် ဘုရား၊ တရား၊ သံဃာဂုဏ်တော်တို့ကို စိတ်ထဲက ကြည်ညို ရည်မှတ်၍ ပုတီးစိပ်လေ့ရှိကြသည်။ ထိုနည်းတူ အိန္ဒိယပြည်တွင်လည်း အာရုံပြု ပုတီးစိပ်သော ပုဂ္ဂိုလ်များ ရှိကြသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ဆင်ခြင်လျက်ဖြင့် ပုတီးစိပ်လေ့ရှိကြသည်။

**ပရတ္တနား ခေါ် မေတ္တာပို့လွှတ်ခြင်း၊ ဆုတောင်းခြင်းကို ပြုရာ၌ ပုတီးစိပ်ခြင်း**

မိမိစိတ်ကို တည်ငြိမ်စွာ သမာဓိအား ထူထောင်ပြီး စိတ်ထဲမှ မှန်းဆ၍ ဖြစ်စေ၊ နှုတ်မှ အသံထွက် ရည်မှန်းရွတ်ဆိုနေသည် ဖြစ်စေ၊ မေတ္တာပို့လွှတ်ခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်းတို့ ဆောင်ရွက်ရာတွင် ဖြစ်စေ၊ လက်ထဲမှ စိပ်ပုတီးကို မပြတ်စိပ်နေရင်း မေတ္တာဓာတ်များ ပို့လွှတ်ခြင်း၊ အမျှဝေခြင်း စသည့်အမှုတို့ ပြုလုပ်သည့်အခါ စိပ်လေ့ရှိသည်။

သမိုင်းမှတ်တမ်းများအရ ပုတီးစိပ်ခြင်းအလေ့ကို အိန္ဒိယနိုင်ငံ အိန္ဒုမြစ်ဝှမ်းမှ စတင်ပျံ့နှံ့ခဲ့ပြီး အိမ်နီးချင်းနိုင်ငံများသို့ တစ်စပ်တည်းရောက်ရှိသွားခြင်းဖြစ်သည်။ မြန်မာနိုင်ငံသို့ တကောင်းခေတ်ကတည်းက စတင်ရောက်ရှိနေသည့် လက္ခဏာရှိသည်။ တရုတ်ပြည်၌ ဘုရားပွင့်တော်မူသည့်အချိန်မှစ၍ စိပ်ပုတီးကို ဘုန်းတော်ကြီးများ ကိုယ်နှင့်မကွာ ဆောင်ထားသည်ကို တွေ့ရသည်။

ပိဋကတ်စာပေထဲတွင် စိပ်ပုတီးအကြောင်း ဘုရားဟောခဲ့သည့် အထောက်အထား မတွေ့ရပေ။ ဘုရားရှင်သက်တော်ထင်ရှားရှိသည့် အချိန်ကာလဖြစ်သဖြင့် စိပ်ပုတီးမှာ မလိုအပ်ဘဲ မဂ်ပေါက်၊ ဖိုလ်ပေါက်၊ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို လက်တွေ့ကြားနာမှု၊ အားထုတ်မှုများရှိနေခြင်းတို့ကြောင့်လည်း ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ပိဋကတ်စာပေများတွင် စိပ်ပုတီးအကြောင်း မပါဝင်ခြင်းဖြစ်နိုင်သည်။

သို့ဖြစ်၍ ကျွန်ုပ်တို့နိုင်ငံတော်အတွင်းရှိ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် ထိုစိပ်ပုတီးစိပ်နည်းလေးမျိုးထဲမှ မည်သည့်စိပ်နည်းကိုမဆို စိပ်သည်ဖြစ်စေကောင်းမွန်သော အလေ့အကျင့်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပုတီးစိပ်နေစဉ်အတွင်း မကောင်းသော စိတ်များကွယ်ပျောက်၍ ကောင်းသောစိတ်များ စီးဝင်နေသောကြောင့်ဖြစ်သည်။ တစ်နည်းအားဖြင့် ထိုအချိန်တွင် အပါယ်တံခါးပိတ်နေသည်ဟု စိတ်ထဲမှ ယုံကြည်နိုင်ပါသည်။ ပုတီးစိပ်နေစဉ်အတွင်း သမာဓိအားကိုလည်း တိုးပွားခိုင်မြဲစေသည့်အတွက် မကောင်းမှုများ ရှောင်ကြဉ်နိုင်ပြီး ကောင်းမှုများကိုဆောင်နိုင်သော လူသားတစ်ဦး၏ ဘဝကို ရရှိနိုင်မည် ဖြစ်ပါသည်။

စိပ်ပုတီးစိပ်ရာတွင် မည်သည့်ဂုဏ်တော်၊ မန္တန်၊ ဂါထာစသဖြင့် စိပ်နေသည်ဖြစ်စေ၊ တစ်စုံတစ်ခုသော ကောင်းကျိုးချမ်းသာအမှန်ကို ရရှိခံစားရမည်သာ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓ၏ ဂုဏ်တော်တို့သည် ဗုဒ္ဓံနုဿတိဖြစ်နေပါမည်။ မန္တန်နှင့် ဂါထာတို့သည်လည်း ကောင်းမြတ်သော မေတ္တာဓာတ်များ လွှမ်းခြုံ အေးချမ်းနေမည်ဖြစ်ပါသည်။ ထို့ကြောင့် ပုတီးစိပ်နည်း လေးမျိုးတို့၏ အကျိုးကျေးဇူးများကို သိရှိထားပြီး မိမိနှစ်သက်သလို စိပ်ပုတီးကိုစိပ်၍ အေးရိပ်သာသည့် သံသရာခရီးလမ်းတို့တွင် မမောမပန်း ချမ်းသာကျန်းမာစွာဖြင့် နိဗ္ဗာန်သို့ မျက်မှောက်ပြုစေပါကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်

* * *

ရဲရဲထွန်း(ဟသ်ာတ)

မှီငြမ်း

- တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ဘဝတံခွန်အောင်လမ်းညွှန် တရားတော်များ။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ယနေ့ သာသနာတော်နှစ် ၂၅၄၇ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၅ ခု၊ တပေါင်းလဆန်း ၄ရက်နေ့တွင် ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ ၆/၁၄ ရပ်ကွက်၊ တောင်ငူပန်းခြံအတွင်းရှိ အောင်သီရိမင်္ဂလာ မွေ့ရုံကြီးအတွင်း၌ ကျင်းပပြုလုပ်သော မွေ့ဒါန တရားအလှူပွဲ ပထမနေ့၌ ဟောကြားအပ်သည့် ဗုဒ္ဓဘာသာဝင်တိုင်း အရေးတကြီး နာကြားကြရမည့် တရားတစ်ပုဒ်ဖြစ်သည့် "မိရိုးဖလာ ဗုဒ္ဓဘာသာဝင်နှင့် တကယ့်ဗုဒ္ဓဘာသာဝင်" အမည်ရှိသော

# မိရိုးဖလာ ဗုဒ္ဓဘာသာဝင်နှင့် တကယ့် ဗုဒ္ဓဘာသာဝင်





www.burmeseclassic.com

www.burmeseclassic.com

တရားတော်။

"ဒီနေ့ တရားတော်ရဲ့ အမည်ကို ဘယ်လိုမှတ်ကြမှာလဲ"

"မိန်းဖလာ ဗုဒ္ဓဘာသာဝင်နှင့် တကယ့် ဗုဒ္ဓဘာသာဝင်ပါ ဘုရား"

"တရားဒေသနာ နာကြားရင်းနဲ့ ပရိသတ်များ ကိုယ့်ကိုယ်ကို ဆန်းစစ်ပါ။ ငါသည် မိန်းဖလာ ဗုဒ္ဓဘာသာဝင်လား။ တကယ့်ဗုဒ္ဓဘာသာဝင်လား။ ကိုယ်တိုင် ဆန်းစစ်ပါ။ ဒီက မိန်းဖလာ ဗုဒ္ဓဘာသာဝင်ရဲ့ စိတ်နေစိတ်ထား အပြုအမူတွေ ဟောလိမ့်မယ်။ တကယ့်ဗုဒ္ဓဘာသာဝင်ရဲ့ စိတ်နေစိတ်ထား အပြုအမူ ဆုံးဖြတ်ချက်တွေ ဟောလိမ့်မယ်။ ကိုယ့်ကိုယ်ကို တိုက်ကြည့်ကြ။

တိုက်ကြည့်ရင်းနဲ့ ညံ့တဲ့ ဗုဒ္ဓဘာသာဝင်ထဲ ပါနေတယ်ဆိုရင် တော်တဲ့၊ ကောင်းတဲ့ တကယ့်ဗုဒ္ဓဘာသာဝင်ထဲ ပါအောင် ကြိုးစားဖို့ဟာ ပရိသတ်များရဲ့ တာဝန်ဖြစ်တယ်။

ဒါဆို ယနေ့ တရားကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာလာတဲ့ ပုထုဇဉ်များ ကြိုပြီးတော့ မသိနိုင်တဲ့ အရာငါးမျိုးက စကြရအောင်။ အတွေးအခေါ်လေးတွေ ပါတဲ့အတွက်ကြောင့် ပရိသတ်များကလည်း တွေးတွေးဆဆ ဖြေပေးပါ။

ဒီက အဋ္ဌကထာအဖွင့်အတိုင်း တစ်လုံးချင်း၊ ဖြည်းဖြည်းချင်း မေးပေးပါ့မယ်။ အဲဒီမှာ ဖွင့်ထားတာက···

"ဇီဝိတံ ဗျာဓိကာလောစ ဒေဟနိက္ခေပနံဂတိ။

ဇီဝိတံ- ပုထုဇဉ်မှန်ရင် ဘယ်အသက်အရွယ်မှာ သေရမယ်လို့ ကြိုပြီးတော့ သိနိုင်ပါရဲ့လား"

"မသိနိုင်ပါဘူး ဘုရား"

"ဗျာဓိ - ဘယ်အနာရောဂါနဲ့ သေရမယ်ဆိုတာ ကြိုပြီးတော့ သိနိုင်ရဲ့လား"

"မသိနိုင်ပါ ဘုရား"

"ကာလ မနက်မှာ သေမလား။ နေ့လယ်မှာ သေမလား။ ညမှာ သေမလား။ ကြိုပြီးတော့ သိနိုင်မလား"

"မသိနိုင်ပါ ဘုရား"

"ဒေဟနိက္ခေပနံ - ဘယ်နေရာ၊ ဘယ်ဒေသမှာ သေမယ်၊ ဘယ်သုသာန်မှာ သင်္ဂြိုဟ်မလဲရော ကြိုပြီးတော့ သိနိုင်ရဲ့လား"

"မသိနိုင်ပါ ဘုရား"

"ဂတိ - သေပြီးတဲ့နောက် ဘယ်ဘုံရောက်မယ်ဆိုတာ ကြိုပြီးတော့ သိနိုင်ရဲ့လား"

"မသိနိုင်ပါ ဘုရား"

"ဒီတော့ ပုထုဇဉ်တွေဟာ ဘဝအာမခံချက် ဘာမှ မရှိဘူး။ ဘယ်အသက်အရွယ်မှာ သေရမှာလည်း မသိ။ ဘာရောဂါနဲ့ သေရမှာလည်း မသိ။ နံနက်၊ နေ့လယ်၊ ည ဘယ်ကာလမှ သေရမှာလည်း မသိ၊ ဘယ်ဘုံရောက်မှာလည်း မသိ။ ဘာမှကို မသိဘူး။ မှန်းသမ်း ရမ်းသမ်းနေကြတာ။ စကားတစ်ခုရှိတယ်ပေါ့။ မျက်ကန်း တစ္ဆေမကြောက်တဲ့။ ဘာတဲ့တုန်း···"

"မျက်ကန်း တစ္ဆေမကြောက်ပါ ဘုရား"

"အဲဒါ အကန်းပုထုဇဉ်တွေကို ပြောတာ၊ ကြည့်စမ်း။ ဘယ်အချိန် သေမှာလည်း မသိ၊ ဘယ်အသက်အရွယ် သေမှာလည်း မသိ၊ ဘယ်ဘုံရောက်မှာလည်း မသိဘူး။ အဲဒါလည်း ပျော်တပြုံးပြုံး မော်မဆုံးဘဲ နေလိုက်ကြတာ။

ဒီတော့ ဘာဖြစ်သလဲတဲ့။ အပါယ်ကျတဲ့ ပုထုဇဉ်တွေ များတာပေါ့။ သံယုတ်ပါဠိတော် နက္ခသိခူပမ သုတ်မှာ ဗုဒ္ဓက ဥပမာလေးနဲ့ ဟောပါတယ်။

*ချစ်သား၊ ချစ်သမီးတို့···ငါ့ဘုရားလက်သည်းပေါ်က မြေမှုန့်လေးရယ်၊ ဟောဒီအောက်က မဟာပထဝီမြေကြီးရယ်၊ ဘယ်ဟာက များသလဲလို့ မေးတော့ ပရိသတ်တွေက ဖြေကြပါတယ်။*

*မြတ်စွာဘုရား··· မဟာပထဝီမြေကြီးက အဆမတန် များပြားပါတယ် ဘုရား။ မြတ်စွာဘုရား လက်သည်းပေါ်က မြေမှုန့်ဟာ အနည်းငယ်ပါ ဘုရား။ မနှိုင်းလောက်ပါဘူး။*

ဒီတော့ ဗုဒ္ဓက -

*ချစ်သား၊ ချစ်သမီးတို့··· ဒီဥပမာအတိုင်းပဲ လူ့ဘဝကနေ သေပြီးတော့ သုဂတိလို့ ခေါ်တဲ့ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံရောက်တဲ့ လူသားတွေဟာ ငါ့ဘုရားလက်သည်းပေါ်က မြေမှုန့်ပမာဏလောက်ပဲ ရှိတယ်။ အဲဒီ လူ့ဘဝက သေပြီးတော့ ငရဲ၊ တိရစ္ဆာန်၊ အသုရကာယ်၊ ပြိတ္တာဆိုတဲ့ အပါယ်လေးဘုံကျတဲ့ လူသားတွေကတော့ ဟောဒီအောက်က မဟာပထဝီမြေပေါ်က အမှုန့်ပမာဏလောက် ရှိတယ်လို့ ဒီလို ဟောကြားတော်မူခဲ့ပါတယ်။*

ဒါကြောင့်က ယခု တရားနာ ပရိသတ်များ ဒါဆို သံဝေဂယူတတ်ပါပြီ။ သြော်···ဒါကြောင့် အပါယ်လေးဘုံမှာ သတ္တဝါတွေ များကြတာကိုး။ ယခုမေးတဲ့ မေးခွန်းငါးချက်ကို တစ်ခုမှ မဖြေနိုင်ခဲ့တဲ့အတွက်ကြောင့် ပုထုဇဉ်တွေဟာ ရမ်းသမ်းနေကြ၊ ရမ်းသမ်းသေကြ၊ ရမ်းသမ်းရောက်ကြပါလား လို့ သံဝေဂယူစေချင်တယ်။

ဒီတော့ ဒီလို ဒကာ၊ ဒကာမများကဲ့သို့ ခွဲခြမ်းစရာ



www.burmeseclassic.com

www.burmeseclassic.com



သားတွေ၊ မယားတွေ၊ ဇနီးတွေ၊ ခင်ပွန်းတွေ၊ တိုက်တွေ၊ ခြံတွေပေါ့။ စွဲလမ်းစရာ များပြားတဲ့ လူပုဂ္ဂိုလ်တွေ မဆိုပါနဲ့ စွဲလမ်းစရာ ဘာမှမရှိပါဘူးလို့ သတ်မှတ်ထားတဲ့ ပုထုဇဉ် ရဟန်းသံဃာအချို့တောင် အပါယ်ကျကြတယ်။

နားထောင်၊ စကားလေးတစ်ခု ရှိတယ်ပေါ့။ အတွေးအခေါ်ပညာ ကြီးမားတဲ့ ပုဂ္ဂိုလ်ဆိုတာ သူများအမှားကို ကြည့်ပြီးတော့ သင်ခန်းစာယူတတ်တယ်။ အတွေးအခေါ်နည်းတဲ့ ပုဂ္ဂိုလ်တွေကျတော့ သူများအမှားကို ကြည့်ပြီးတော့ သင်ခန်းစာ မယူတတ်ဘူး။ ကိုယ်ကိုယ်တိုင်မှားမှ သင်ခန်းစာယူတတ်တယ်။ သူက ညံ့သွားပြီ။ အဲဒီထဲ အညံ့ဆုံး ပုဂ္ဂိုလ်ကတော့ ကိုယ်ကိုယ်တိုင် မှားတာတောင်မှ သင်ခန်းစာ မယူတတ်ဘူး။ အခု သင်ခန်းစာယူစရာအကြောင်းလေး နားထောင်ရအောင်။ ဒါကို မယဒေဝမှာ အလင်္ကာလေးနဲ့ ပြောထားတယ်။

ဥစ္စာစုကို၊ မဆိုထားလွှတ်
ကိုယ်ဝတ်ခြံနွမ်း၊ ပုဆိုးနွမ်းက
သင်္ကန်းမျှဉ်၊ လောဘဉ်ပတိတ်
ငဲ့သည့်စိတ်ကြောင့်၊ ဘုတ်ပြိတ်သန်းပြ
ဖြစ်ကုန်ကြ၏။

ဗုဒ္ဓလက်ထက်က တိဿအမည်ရှိတဲ့ ရဟန်းတစ်ပါးဟာ ရဟန်းကောင်း၊ ရဟန်းမြတ်တစ်ပါးပါပဲ။ သို့သော် ပုထုဇဉ်ပါ။ တစ်ခါတော့ သူ့ရဲ့ တူမတစ်ယောက်က လှူတဲ့ အင်မတန် နူးညံ့ပျော့ပျောင်းတဲ့ သင်္ကန်းအကောင်းစားတစ်စုံရတော့ သူက သိမ်ဝမ်းသာတယ်။ စွဲလမ်းမိရှာတယ်။ ကောင်းလိုက်တဲ့ သင်္ကန်းလေး။ သွားရာလာရာ ဝတ်မယ်ဆိုတဲ့ စိတ်နဲ့ ခေါင်းအုံးအောက်မှာ ထားပြီး အိပ်ပါတယ်။ ဆုံးပါတယ်။ ညကျတော့ သူကတော့ အသက် လေးငါးဆယ်နဲ့ မသေသေးဘူး ထင်တာပေါ့။ သို့သော် ဘုရားက သိထားပြီလေ။

ဇီဝိတ - ပုထုဇဉ်မှန်ရင် ဘယ်အသက်အရွယ်သေရမယ်ဆိုတာ ကြိုမသိဘူး။ ဒီတော့ ညသန်းခေါင်မှာပဲ ရောဂါတစ်ခုနဲ့ ပျံလွန်တော်မူသွားရှာတယ်။ ဒီတော့ ရဟန်းသံဃာများကို အပ်နှံမထားခဲ့ရင် ကျန်တဲ့ ပစ္စည်းဟာ "မတသန္တက" ပါ။ ကျန်တဲ့ သံဃာတွေ ဝေခြမ်းယူမယ်လုပ်တော့ သင်္ကန်းခေါက်ထဲက အသံကြီးတစ်သံ ထွက်လာတယ်။

"ငါ့သင်္ကန်း မယူကြနဲ့၊ ငါ့သင်္ကန်း မယူကြနဲ့"

ရဟန်းသံဃာတွေက မကြားဘူး။ ဘုရားရှင်က ကြားတော့ သူတို့ရဲ့ ဝေခြမ်းမှုကို ခဏဆိုင်းခိုင်းတယ်။

"ချစ်သားတို့…မဝေခြမ်းကြနဲ့ဦး။ တိဿရဟန်းကြီးဟာ သင်္ကန်းကို စွဲတဲ့ လောဘနဲ့ ပျံလွန်တော်မူခဲ့လို့ သင်္ကန်းခေါက်ထဲမှာ သန်းပြိတ္တာကြီးဖြစ်နေတယ်။ မကျွတ်သေးဘူး။ ကြည့်စမ်း၊ ဘယ်လောက် သံဝေဂရဖို့ ကောင်းသလဲ။ ခုနစ်ရက်စေ့မှ ကျွတ်ပြီး နတ်ပြည်ရောက်လိမ့်မယ်။ သင်တို့ ခုနစ်ရက်ပြည့်မှ ဝေဖန်ကြပါ၊ ခွဲခြမ်းကြပါ"

အဲဒီလိုပြောမှ ခုနစ်ရက်စောင့်ကြရတယ်။ ခုနစ်ရက်ပြည့်မှ သန်းပြိတ္တာဘဝက လွတ်ပြီးတော့ နတ်ရွာသုဂတိကို ရောက်ပါတယ်။

"ကိုင်း… ပရိသတ်များ သင်ခန်းစာယူစရာ မကောင်းဘူးလား"

"ကောင်းပါတယ် ဘုရား"

"အဲဒါ စွဲလမ်းတဲ့ လောဘကြောင့် ပြိတ္တာဘဝကျတာ။ ဒါကြောင့် ဘာကိုမှ မစွဲလမ်းပါနဲ့လို့ အရေးတကြီး မှာလိုက်ပါတယ်။ ဒီတော့ ပုထုဇဉ် ရဟန်းသံဃာအချို့တောင်မှ အပါယ်လေးဘုံကျရင် ဒကာ၊ ဒကာမများဆိုရင် ပိုပြီးတော့ မကျနိုင်ဘူးလား"

"ကျနိုင်ပါတယ် ဘုရား"

"ကျနိုင်တယ်။ တစ်ကမ္ဘာလုံးမှာ လူဦးရေဟာ သန်းပေါင်း ခြောက်ထောင်ကျော်ပဲ ရှိတာ။ ကြည့်၊ ပြိတ္တာ၊ သရဲ တစ္ဆေပေါင်းဟာ ကုဋေပေါင်း ခြောက်ထောင်မကဘူး။ အများကြီးပဲ။ ပရိသတ်တို့ မမြင်ရလို့။

သူတို့ကို လူတွေက မမြင်ရဘူး။ ကံက ပေးတဲ့ တန်ခိုးလေးပေါ့။ ဒါပဲ ရှိတာပါ။ အများကြီးပဲ။ ဒီတော့ ဒါဆို "အရှင်ဘုရား… တပည့်တော်တို့ ပုထုဇဉ်တွေ ဒီဒေသနာ အရဆိုရင် အပါယ်ငရဲပဲ အားလုံးဆင်းကြရတော့မလား ဘုရား"ဆိုရင် မဆင်းရပါဘူး။ အဲဒီလို မဆင်းစေချင်လို့ပဲ ဒီနေ့ တရားပွဲကြီး ကျင်းပရတာပါ။ ဒီလို မဆင်းစေတဲ့ တရားကိုလည်း ဗုဒ္ဓက ဟောပေးထားပါပြီ။ အင်္ဂုတ္တိုရ်အဋ္ဌကထာမှာ ပုထုဇဉ်တွေ အပါယ်မကျအောင် တားပေးမယ့် ကုသိုလ်ခုနစ်မျိုးတဲ့၊ မှတ်ကြရမယ်နော်။

အဲဒီ လင်္ကာလေး အင်္ဂုတ္တိုရ်အဋ္ဌကထာမှာ ဖွင့်ပါတယ်။ လင်္ကာလေးက -

ရတနာခွဲလုံး ပုလဲလုံးစိန်စီ
မြဲအသုံးသမင်္ဂီယေ ပဥ္စသီနေ့တိုင်း
နိဗဒ္ဓမဝေးလံ စာရေးတံ ဆွမ်းဝတ်ရက်ပိုင်း
အနေတန် ခင်္ကိုင်းရယ်နဲ့ ယှက်သိုင်းတဲ့ ကျောင်းငယ်
သည့်ခုနစ်အိမ်ကာလစွဲ ဒါနမြဲသုံး ဆောက်သည့်ဘွယ်
သောတာပန်ဖ်တ်အနွယ် အမြတ်နွယ်ခိုမှီလို့



www.burmeseclassic.com

www.burmeseclassic.com

ဟိုအာသီသုံးတိုက်တသူ ဆုံးအမြတ်ယူ၊
ရေဒါနသီတဂူငယ် အရည်တူ လှုမြဲပဲကွယ့်လေး။

အဓိပ္ပာယ်လေး နားထောင်ကြစမ်းပါ။ ပုထုဇဉ်တိုင်း အားကိုးရမယ့် အပါယ်တံခါးပိတ်တဲ့ ကုသိုလ်ဖြစ်လို့ပါပဲ။

နံပါတ်တစ် အပါယ်တံခါးပိတ်မယ့် ကုသိုလ်ကတော့ ဒကာ၊ ဒကာမများ သီလယူခါနီးမှာ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ လို့ မဆိုကြဘူးလား"

"ဆိုကြပါတယ် ဘုရား"

"ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး စွဲမြဲတဲ့ ပုဂ္ဂိုလ်သည် ဘယ်တော့မှ အပါယ်မလားပါ။ အားကိုးစရာ မကောင်းဘူးလား။ အားကိုးရမယ်နော်။

နံပါတ်နှစ်က ငါးပါးသီလမြဲတဲ့ ပုဂ္ဂိုလ် အပါယ်မလားပါ။ နံပါတ်သုံးက အရုဏ်ဆွမ်း၊ နေ့ဆွမ်း နေ့စဉ်မပြတ်လှူဒါန်းသူတိုင်း အပါယ်မလားပါ။ နံပါလေးက စာရေးတံမဲ လှူဒါန်းသူတိုင်း အပါယ်မလားပါ။ နံပါတ်ငါးက ဝါဆိုသင်္ကန်း လှူတဲ့ ပုဂ္ဂိုလ်တိုင်း အပါယ်မလားပါ။ နံပါတ်ခြောက်က ရေတွင်းရေကန်လှူတဲ့ ပုဂ္ဂိုလ်တိုင်း အပါယ်မလားပါ။ နံပါတ်ခုနစ်က သံဃိကကျောင်းဆောက်လှူတဲ့ ပုဂ္ဂိုလ်များ အပါယ်မလားပါ။ အပါယ်မလားတဲ့ ကုသိုလ် ဘယ်နှမျိုးလဲ"

"ခုနစ်မျိုးပါ ဘုရား"

"ခုနစ်မျိုးလုံး လုပ်စရာ မလိုပါဘူးဗျာ။ တစ်မျိုးလုပ်ရင်ပဲ အပါယ်တံခါးပိတ်တယ်နော်။ အဲဒီတော့ အပါယ်တံခါးပိတ်တဲ့ ကုသိုလ် မပြောမီမှာ သရဏဂုံတည်တဲ့အတွက်ကြောင့် အပါယ်တံခါးပိတ်ပုံပြောမှာဆိုတော့ သရဏဂုံရဲ့ ကောင်းကျိုးကိုလည်း နာကြားကြဦးစို့"

မူလ ပဏ္ဏာသအဋ္ဌကထာမှာ သရဏဂုံတည်မြဲတဲ့ ပုဂ္ဂိုလ်ရမယ့် ကောင်းကျိုးငါးမျိုး ဖွင့်ပြထားပါတယ်။

သရဏတ္တတောတာဝ သရဏဂတာနံ
ဘယသန္တာသဒုက္ခံ ဒုဂ္ဂတိ ပရိကိလေသံ
ဟိံသတိ ဝိနာသေတတိအတ္ထော
ရတနတ္တ ယေဿေဝေတံ အဓိဝစနံ။

ရှေးဦးစွာ သရဏတ္တတော သရဏာသဒ္ဒါအနက်ကို ပြရမည်ဆိုလျှင် သရဏဂတာနံ - ဘုရား တရား သံဃာ ရတနာသုံးပါးကို ယုံကြည်ဆည်းကပ် သိမှတ်ကြသူ ရှင်လူမြတ်တို့၏၊ ဘယံ - ဘေးမှန်သမျှကို၊ ဟိံသတိဝိနာသေတိ - ပယ်ဖျောက်တတ်၏။

"ပထမဆုံး သရဏဂုံတည်တဲ့ ကောင်းကျိုးက ဘေးတွေ ကင်းတယ်။ ဘာကင်းတယ်..."

"ဘေးကင်းပါတယ် ဘုရား"

"ဒါကြောင့် ဘေးကင်းချင်ရင် သရဏဂုံဆောင်ဖို့ မှာချင်တယ်။

နံပါတ်နှစ်၊ ဟိံသတိတဲ့။ ကြောက်ရွံ့ ထိတ်လန့်မှု မှန်သမျှကိုလည်း ဟိံသတိ ဝိနာသေတိ - ပယ်ပျောက်တတ်ပါပေ၏။ သန္တာသံ - ကြောက်ရွံ့ ထိတ်လန့်မှု မှန်သမျှကို ပယ်ဖျောက်တတ်ပါပေ၏။

တစ်ခါတစ်ရံ ဒကာ၊ ဒကာမများ တိတ်ဆိတ်ငြိမ်သက် လူသူကင်းမဲ့ပြီး မှောင်နေတဲ့အခါ ကြောက်တဲ့၊ လန့်တဲ့ စိတ်များ ဖြစ်တတ်တယ် မဟုတ်လား။ ကြက်သီးတွေ ဘာတွေ ထပြီးတော့။ အဲဒါမျိုးဆိုရင် နည်းလေးပေးလိုက်ပါရစေ။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိလို့ ဆောက်တည်လိုက်။ ကြောက်တဲ့၊ လန့်တဲ့ စိတ်တွေ အကုန်ပျောက်တယ်၊ ဟုတ်လား။ ဒါက ဒုတိယကောင်းကျိုး။

တတိယကောင်းကျိုးက ဒုက္ခံ - ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲမှန်သမျှကို၊ ဟိံသတိ ဝိနာသေတိ - ပယ်ဖျောက်တတ်ပါပေ၏။ ကိုယ်, စိတ် ဆင်းရဲနေလျှင်လည်း ဘုရား၊ တရား၊ သံဃာသာ အာရုံပြုလိုက်စမ်းပါ၊ အကုန်ပျောက်တယ်။

ဒုဂ္ဂတိပရိကိလေသံ၊ လေးနဲ့ ငါးက ပေါင်းပြတယ်။ အပါယ်ကျမယ့်ဘေးကိုလည်း ပယ်ဖျောက်စေတယ်။ ကိုယ့်စိတ်ရဲ့ ညစ်နွမ်းမှုမှန်သမျှကိုလည်း ပယ်ဖျောက်စေတယ်။ ဣတိ - ထို့ကြောင့်၊ သရဏံ - သရဏ မည်ပါပေ၏။ ဧတံ - ဤသရဏဟူသော အမည်သည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၏ အဓိဝစနံ အမည်ပါတည်း။ ဒီတော့ သရဏဆိုတာ သရဏဂုံသုံးပါး၊ ရတနာသုံးပါးတို့ရဲ့ အမည်ပါပဲ။

အဲဒီ အကျိုးငါးမျိုးထဲ ယခု ဘုရား၊ တရား၊ သံဃာ သရဏဂုံတည်မြဲတဲ့အတွက်ကြောင့် ဘေးကင်းပုံကို နာယူကြရအောင်။ ပထမဆုံး ဒုဂ္ဂတိပေါ့။ အပါယ်တံခါးပိတ်ပုံက စကြရအောင်။ ဒါက ပိုစိတ်ဝင်စားစရာကောင်းတယ်။ ဒီတော့ တစ်ခဏတာ သရဏဂုံနဲ့ တစ်သက်တာ သရဏဂုံရယ်လို့ နှစ်မျိုးခွဲပြီး ပြောမယ်။

အင်္ဂုတ္တိုရ် အဋ္ဌကထာမှာ ဖွင့်တဲ့ "ဒမိဠ တံငါသည် အကြောင်း စရအောင်။

တံငါသည်ဆိုတာ ပရိသတ်တို့ရေ... သူ့ရဲ့

www.burmeseclassic.com

အပြည့်ပေါ့လေ၊ ငါးတွေကို သတ်ဖြတ်နေတဲ့ ပါဏာတိပါတကံ အပြည့်မရှိဘူးလား"

"ရှိပါတယ် ဘုရား"

"ရှိတယ်။ သူ ဒါတွေပဲ သတ်နေတာ။ အဲဒီလိုနဲ့ နေလိုက်တာ၊ သူ့အသက်သတ်နေတဲ့ ပုဂ္ဂိုလ်တွေ မှတ်ထား။ ဒါန၊ သီလတချို့ တံငါသည်တွေလည်း မပြုဘူးလား"

"ပြုပါတယ် ဘုရား"

"ပြုတယ်။ သတ်တာက အကုသိုလ်၊ ပြုတာက ကုသိုလ်ပဲ။ ဒါကြောင့် တံငါသည်ဖြစ်သော်လည်းပဲ လူ့ဘဝ ပြန်ရောက်တဲ့သူလည်း ရှိပါတယ်။ သို့သော် သူ့အသက်သတ်ငေ့ဲ ပုဂ္ဂိုလ် လူ့ဘဝကို ပြန်ရောက်ရင် ခြေလက်မပါတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်တတ်တယ်။ မျက်စိအကန်းလေး ဖြစ်လာတတ်တယ်။ နားအကန်းဖြစ်လာတတ်တယ်။ အတိတ်က သူ့အသက်ကို သတ်ခဲ့တဲ့ ကံပါတဲ့ ပုဂ္ဂိုလ်တွေပါပဲ။ ပြီးတော့ သက်တမ်းတိုတယ်။ အနာရောဂါများတယ်။

ယခုဘဝမှာတင် ဒမိဠ တံငါသည်ကြီးဟာ အိပ်ရာထဲမှာပဲ သဲပြီး သေရတော့မယ်။ မှတ်ကြပေါ့၊ အရေးကြီးတယ်။ သေခါနီးဆဲဆဲလေးမှာ ကပ်ပြီးတော့ မိမိရောက်မယ့် ဘုံဌာနေ အရိပ်နိမိတ် မြင်ရတတ်ပါတယ်။ ဟောတဲ့ ပုဂ္ဂိုလ်၊ နာတဲ့ ပုဂ္ဂိုလ်အကုန်လုံး သေကြရမှာပါ။ ပုထုဇဉ်အဖြစ်နဲ့ သေမယ်ဆိုရင် သေခါနီး မိနစ်ပိုင်းလေးမှာ ကပ်ပြီးတော့ မိမိရောက်မယ့် ဘုံဌာနရဲ့ အရိပ်နိမိတ်ကို မြင်ရတယ်။

ဆိုကြပါစို့၊ မိမိသေပြီးနောက် ခွေးဖြစ်မယ်ဆိုရင် ခွေးမကြီးပုံစံမြင်ရတယ်။ အဲဒါ ခွေးပဲလို့ တန်းသိလိုက်။ ဘယ်လိုမှ လုပ်လို့ မရတော့ဘူး။ ကာကွယ်လို့ မရတော့ပါဘူး။ တစ်ဖန် ပြိတ္တာ၊ တစ္ဆေ သရဲဖြစ်မယ်ဆိုလည်း အင်းကြီးတွေ၊ အိုင်ကြီးတွေ၊ တောကြီးတွေ၊ တောင်ကြီးတွေ မြင်ရတတ်တယ်။ သိလိုက်ပါတော့။ ပြိတ္တာ၊ တစ္ဆေ၊ သရဲဖြစ်ပြီ။ အဲဒါ ကပ်ပြီး သိရတယ်။

ဘေးပုဂ္ဂိုလ်တွေ ဘယ်သူမှ မမြင်ရဘူး။ သေမယ့် ပုဂ္ဂိုလ်ပဲ မြင်ရတယ်။ နောက်တစ်ခါ လူပြန်ဖြစ်မယ်ဆိုရင် မိမိကိန်းမယ့် အမိဝမ်းရေပေါ့။ အမိသားအိမ်ပဲ ဆိုကြပါစို့။ အဲဒီဝမ်းရေ ကမ္ဗလာအနီ အဆင်းသဏ္ဌာန်လေး မြင်ရတယ်တဲ့။ ဒါဆိုလည်း ငါသည် လူ့ဘဝပြန်ရောက်တော့မယ်ဆိုတာ သိ။

တစ်ဖန် နတ်ပြည်ရောက်မယ်ဆိုရင် နတ်သားတွေ၊ နတ်သမီးတွေ၊ ဗိမာန်တွေ၊ ပဒေသာပင်တွေ မြင်ရတတ်တယ်။ ဒါဆိုရင် ငါသည် နတ်ပြည်ရောက်မယ်လို့ သိလိုက်။

တစ်ဖန် ငရဲကျမယ်ဆိုရင်တော့ မိမိကို နှိပ်စက်မယ့် ငရဲသားတွေ၊ ခွေးနက်ကြီးတွေ၊ ငရဲမီးတွေ အကုန်မြင်ရတယ်။ တကယ့်ကိုပဲ ပူလောင်ပါတယ်။ တကယ့်ကိုပဲ ဆင်းရဲပါတယ်။ ဒါကြောင့် အဲဒီ ပုဂ္ဂိုလ်များဟာ လူးလွန့်နေအောင် အော်ကြတယ်။ အခုလည်း ဒမိဠ တံငါသည်ကြီးဟာ လူးလွန့်အောင် အော်ရှာပါတယ်။ "ကယ်ကြပါ။ မီးတွေငြိမ်းပေးကြပါ။ ခွေးနက်ကြီးတွေ မောင်းထုတ်ပေးကြပါ"ဆိုပြီး ဆူညံပြီးတော့၊ ချွေးတွေ ပြန်ပြီးတော့ အော်ကြတယ်။ ကြည့်စမ်း၊ သားတွေ၊ မယားတွေ ကယ်လို့ ရကြသေးရဲ့လား"

"မရပါ ဘုရား"

"အိမ်ထောင်ဦးစီး ပုဂ္ဂိုလ်များကိုလည်း မေတ္တာအပြည့်နဲ့ ပြောပါရစေ။ သမ္မာအာဇီဝကျကျပဲ ရှာကျွေးကြပါ။ နိုးကျွေးဖို့၊ သတ်ကျွေးဖို့၊ လိမ်ကျွေးဖို့ လုံးဝ စိတ်မကူးကြပါနဲ့။ ခိုးကျွေး၊ သတ်ကျွေးတာ စားကြရင် မိသားစုအားလုံး စားကြရမယ်။ ခံရင်တော့ အဲဒီရှာတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲ ငရဲသွားရပါတယ်။ အဲဒါလေး အားလုံးသိကြစေချင်ပါတယ်။

အခုကြည့်။ ဖြစ်တော့ သားတွေ၊ မယားတွေက လက်ပိုက်ကြည့်ရတယ်။ ဘာလုပ်နိုင်သေးတုန်း။ ဘာမှ မတတ်နိုင်တော့ဘူး။ အဲဒီအချိန်မှာ သူ ကံကောင်းတယ်။

"စူဠပိဏ္ဍပါတိကတိဿ"ဆိုတဲ့ ဆွမ်းခံကိုယ်တော်တစ်ပါးကြွလာတယ်။ ရဟန်းသံဃာဆိုတော့ အသံနက်ကြီးကြားတာနဲ့ သိတယ်၊ "ဟာ··· ဒီဒကာကြီး ငရဲကျတော့မှာပဲ။ ငါ့ကို ဒီဒကာကြီး ဆွမ်းလောင်းဖူးတယ်။ သူကိုယ်တိုင် ဆွမ်းလောင်းဖူးတဲ့ ရဟန်းသံဃာရှေ့မှာ အပါယ်မကျသင့်ဘူး။ ငါကယ်မယ်"ဆိုပြီးတော့ အိမ်ပေါ် တက်ကြွ၊ ငရဲသွားလုဆဲဆဲ ဒမိဠ တံငါသည်ကြီးရဲ့ ခေါင်းရင်းက ထိုင်ပြီးတော့ "ဒကာကြီး··ယခုကြွလာတဲ့သူဟာ ဒကာကြီး ဆွမ်းလောင်းဖူးတဲ့ ရဟန်းသံဃာဖြစ်ပါတယ်။ ဒကာကြီးကို သရဏဂုံနဲ့ ငါးပါးသီလခေါက်တည်ပေးပါရစေ။ ဒကာကြီးနှုတ်က မဆိုနိုင်ရင် စိတ်က ဆိုပါ"လို့ မိန့်တယ်။ ပရိသတ်များလည်း ကယ်ဖို့ နည်းလေး သေချာမှတ်သွားကြပါ။

အဲဒီမှာတင် ဒကာကြီးလည်း သတိရတော့ မထေရ်မြတ်က ရှေ့က တိုင်ပေး၊ သူက လိုက်ဆိုပေါ့။ နှုတ်က မဆိုနိုင်တော့ စိတ်က ဆိုတယ်။ ဒါပေမယ့် သေမယ့်အချိန်က နီးတော့ အပင်္ဂဘန္တွေစပြီး သရဏဂုံလည်း ဆိုပြီးရောသေသွားရှာတယ်။ ငါးပါးသီလအထိ မရောက်လိုက်ပါဘူး။ ကြည့်စမ်း၊ ဒကာ၊ ဒကာမတို့။ သရဏဂုံရဲ့ စွမ်းအား ဘယ်



www.burmeseclassic.com

www.burmeseclassic.com

လောက် ထူးခြားသလဲဆိုရင် နှစ်ပေါင်း ၅၀ ကျော် သတ်ဖြတ်ခဲ့တဲ့ ပါဏာတိပါတ အကုသိုလ်ကံကြောင့် ထင်နေတဲ့ ငရဲမီးတွေ၊ ခွေးနက်ကြီးတွေ၊ ငရဲသားတွေ အကုန်ပျောက်။ နတ်သမီးတွေ၊ နတ်သားတွေထင်ပြီးတော့ လူ့သက်နဲ့ဆိုရင် နှစ်ပေါင်းကိုးသန်း အသက်ရှည်တဲ့ စတုမဟာရာဇ်နတ်ဘုံ ရောက်တယ်။ ဘယ်နတ်ဘုံရောက်သလဲ"

"စတုမဟာရာဇ် နတ်ဘုံပါ ဘုရား"

"အဲဒါ တခြားအစွမ်းလား၊ သရဏဂုံအစွမ်းလား"

"သရဏဂုံအစွမ်းပါ ဘုရား"

"အဲဒီ စတုမဟာရာဇ်နတ်ဘုံက အတိုဆုံး နတ်သက်နော်။ ရှေ့ သူ့အထက်က ငါးဘုံရဲ့ နတ်သက်တွေကို သိချင်ရင် လေးနဲ့ မြှောက်သွားရတယ်။ ဒါက ဗဟုသုတပေါ့။ ကိုးသန်းကို လေးနဲ့ မြှောက်ရင် သုံးကုဋေနဲ့ ခြောက်သန်းဖြစ်သွားတယ်။ သုံးကုဋေနဲ့ ခြောက်သန်းသည် တာဝတိံသာ နတ်သက်၊ တာဝတိံသာနတ်ပြည်ရောက်ရင် နှစ်ပေါင်း သုံးကုဋေနဲ့ ခြောက်သန်း အသက်ရှည်ပါတယ်။

အဲဒါကို လေးနဲ့ ထပ်မြှောက်လိုက်ရင် တစ်ဆယ့်လေးကုဋေနဲ့ လေးသန်းဖြစ်လိမ့်မယ်။ တစ်ဆယ့်လေးကုဋေနဲ့ လေးသန်းဟာ ယာမာနတ်သက်ဖြစ်သွားတာပေါ့။ အဲဒါကို လေးနဲ့ ထပ်မြှောက်လိုက်ရင် ငါးဆယ့်ခုနစ်ကုဋေနဲ့ အနှစ်ခြောက်သန်းဖြစ်သွားတယ်။ အဲဒါ တုသိတာဘုံ နတ်ပြည်ရဲ့ နတ်သက်။ အခု ဒကာ၊ ဒကာမတို့ စောင့်စား မျှော်လင့်နေသော အရိမေတ္တေယျဘုရားရှင်ဟာ အဲဒီ တုသိတာ နတ်ဘုံမှာ ရှိပါတယ်။ သူသည် နတ်သက်နဲ့ ငါးဆယ့်ခုနစ်ကုဋေ အနှစ်ခြောက်သန်း နေဦးမှာပါ။ တစ်ခါ အဲဒီ တုသိတာ နတ်သက်ကို လေးနဲ့ တစ်ခါထပ်မြှောက်ရင် နှစ်ရာ့သုံးဆယ်ကုဋေနဲ့ လေးသန်းဖြစ်သွားတယ်။ အဲဒါဟာ နိမ္မာနရတိ နတ်သက်ပေါ့။

နောက်ဆုံး ဦးဇင်းတို့ ဒကာ၊ ဒကာမတို့ကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်မရအောင်၊ ကာမဂုဏ်တောထဲမှာ မေ့နေအောင် ဒုက္ခပေးတဲ့ မာရ်နတ်ကြီးဟာ အထက်ဆုံး နတ်ပြည်မှာ နေတာပါ။ မာရ်နတ်ကြီး နေတဲ့ အထက်ဆုံး နတ်ပြည်ဟာ နတ်သက် ကိုးရာနှစ်ဆယ့်တစ်ကုဋေခြောက်သန်း အသက်ရှည်ပါတယ်။

အဲဒီတော့မှ တံငါသည်ကြီးက သိတယ်။ ဘာဖြစ်လို့လဲဆိုတော့ "ဪ··· ငါဟာ တံငါသည်ပဲ။ ဘာဖြစ်လို့ အပါယ်မကျဘဲ နတ်ပြည်ကို ရောက်ပါလိမ့်"လို့ ဒိဗ္ဗစက္ခုနဲ့ ပြန်ကြည့်တော့ "ဪ·· ငါ ဆွမ်းလောင်းဖူးတဲ့ ရဟန်းက သရဏဂုံဆောက်တည်ပေးတာ ကျေးဇူးများလိုက်တာ"လို့ သိရှာပါတယ်။

သူ ချက်ချင်းဆင်းလာပါတယ်။ အဲဒီတော့ သူ့ အလောင်းက ရှိတုန်းပေါ့။ သူက အခုမှ သေခါစပေါ့။ အဲဒါ ရဟန်းကို သူ ရှိခိုးပြီးတော့ "အရှင်ဘုရားကျေးဇူးကြီးပါတယ် ဘုရား။ အရှင်ဘုရား သရဏဂုံဆောက်တည်ပေးလို့ တပည့်တော် ငရဲက လွတ်ပြီး ငရဲမကျတော့ဘဲနဲ့ စတုမဟာရာဇ် နတ်ဘုံကို ရောက်ခဲ့တယ် ဘုရား။ အကယ်၍ တပည့်တော်သည် ငါးပါးသီလပေးပါဆိုပြီး သေမယ်ဆိုရင် ဒီ့ထက်မြင့်တဲ့ ဘုံကို ရောက်ဦးမှာတဲ့။ အခု သရဏဂုံလေး ဆိုမိရုံနဲ့ သေသွားလို့ စတုမဟာရာဇ်နတ်ဘုံတင် ကျေနပ်လိုက်ရတာ ဘုရား။ ဒီလောက် ကျေးဇူးများတဲ့ သရဏဂုံတရားကို ကျန်တဲ့ ဒကာ၊ ဒကာမများအားလည်း ဟောကြားပေးပါ ဘုရား" လို့ လျှောက်ထားတယ်။

အခု တံငါသည်ကြီး နတ်ပြည်မှာ ပျော်ပျော်ကြီး စံစားနေပါပြီ။ ပရိသတ်များ အဲဒါက တစ်ခဏတာ သရဏဂုံ။ ဘာသရဏဂုံလဲ"

"တစ်ခဏတာ သရဏဂုံပါ ဘုရား"

"တစ်ခဏတာ တည်တဲ့ သရဏဂုံကတောင် ဒီလောက် ကောင်းကျိုးပေးရင် အခု တရားနာပြီးတဲ့ အချိန်က စပြီး တစ်ဘဝတာ သရဏဂုံ မြဲကြမယ်ဆိုရင် ဒမိဠ တံငါသည်ထက် ပိုပြီးတော့ ကောင်းကျိုးတွေ မရနိုင်ဘူးလား"

"ရနိုင်ပါတယ် ဘုရား"

"သက်သေပြမယ်။ ဦးဇင်းက အထောက်အထားနဲ့ ချည်း ပြောမှာနော်။ သက်သေပြမယ်။ အဲဒါက အပါဒါန်ပါဠိတော်က လာပါတယ်။ အပါဒါန်ပါဠိတော်က လာတဲ့ မထေရ်ကြီးဘွဲ့တော်ကတော့ တိသရဏဂမနိယ မထေရ်။ မြန်မာလိုဆိုရင် သရဏဂုံသုံးပါးတည်တဲ့ မထေရ်လို့ အဓိပ္ပာယ်ရပါတယ်။ အဲဒီ မထေရ်မြတ် ရဟန္တာကြီးက ဟိုးလွန်ခဲ့တဲ့ ကိုးဆယ့်တစ်ကမ္ဘာက ပွင့်တော်မူခဲ့သော အနောမဒဿီ မြတ်စွာဘုရားရဲ့ သာသနာမှာ စန္ဒဝတီ နေပြည်တော်မှာ မျက်မမြင် မိဘနှစ်ပါးကို လုပ်ကျွေးတဲ့ သားလိမ္မာဖြစ်ခဲ့ပါတယ်။

သူဟာ သံဝေဂ ဉာဏ်တွေ ရပြီးတော့ ရဟန်းပြုချင်တယ်။ ဒါပေမယ့် သူ့မိဘကို လုပ်ကျွေးမယ့် တခြား သားသမီး မရှိဘူး။ မိဘက မျက်စိမမြင်ရှာတော့ ရဟန်းမဝတ်ရရှာဘူး။ ငါ ရဟန်းမဝတ်ရရင် လူ့ဘဝ အကောင်းဆုံး ကုသိုလ်တွေ ငါရှာမယ်ဆိုပြီး စုံစမ်းကြည့်လိုက်တော့

www.burmeseclassic.com

www.burmeseclassic.com

သရဏဂုံတည်တဲ့ ကောင်းကျိုးတွေကို တွေ့သွားတယ်။

အဲဒီမှာတင် အနောမဒဿီမြတ်စွာဘုရားရဲ့ လက်ျာတော်ရံ အရှင်နိသဘမထေရ်ကို ပင့်ပြီး ယနေ့ တောင်ငူမန်းခြံ အောင်သိဒ္ဓိမင်္ဂလာ မွှာရုံကြီးနားက ဒကာ၊ ဒကာမများကဲ့သို့ပေါ့။ ရဟန်းတော်ကို ပင့်ပြီး သရဏဂုံနဲ့ ငါးပါးသီလကို ဆောက်တည်တယ်။ အဲဒီ သရဏဂုံကို တစ်ဘဝလုံး မြဲခဲ့တယ်။ ဘယ်လိုမြဲခဲ့သလဲ"

"တစ်ဘဝလုံး မြဲခဲ့ပါတယ် ဘုရား"

"ကြည့်၊ ပရိသတ်တို့။ တစ်ခဏတာ သရဏဂုံတောင် ဒီလောက် ကောင်းကျိုးများခဲ့ရင် တစ်ဘဝစာ သရဏဂုံဆို ပိုရမှာပေါ့။ အဲဒီတော့ သူရတဲ့ ကောင်းကျိုးတွေကို ကြည့်စမ်း။ ဘယ်လောက် အားကျစရာကောင်းလိုက်သလဲဆိုရင် နံပါတ်တစ် ကောင်းကျိုးက အဲဒီဘဝက စုတေကွယ်လွန်တဲ့အခါ ကိုးဆယ့်တစ်ကမ္ဘာ အပါယ်တံခါးပိတ်တယ်။ ဘယ်နှကမ္ဘာ အပါယ်တံခါးပိတ်သလဲ"

"ကိုးဆယ့်တစ်ကမ္ဘာပါ ဘုရား"

"တခြားကုသိုလ်လား၊ သရဏဂုံတည်တဲ့ ကုသိုလ်လား"

"သရဏဂုံတည်တဲ့ ကုသိုလ်ပါ ဘုရား"

"အေး၊ တခြား ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ ဘာမှ မပါသေးဘူး။ သရဏဂုံတစ်ခုတည်းတင် ဗုဒ္ဓဘာသာဖြစ်ရတဲ့ တန်ဖိုး ဘယ်လောက်ကြီးမားသလဲလို့။ ဒါတင်လား။ မကသေးဘူး။

သူဟာ သိကြားမင်းအဖြစ်က အကြိမ်ရှစ်ဆယ်၊ တစ်ကမ္ဘာလုံး အုပ်ချုပ်ရတဲ့ စကြာမင်းအဖြစ်က ခုနစ်ဆယ့်ငါးကြိမ်၊ ဒါတင်ပဲလား။ မကသေးပါ။ ရိုးရိုးနိုင်ငံတစ်နိုင်ငံ အုပ်ချုပ်ရတဲ့ ပဒေသရာဇ်၊ ကျေးရာဇ်ဘုရင်အဖြစ်ကတော့ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ဖြစ်ခဲ့ရပါတယ်။

အဲဒီလို လူမင်းစည်းစိမ်၊ နတ်မင်းစည်းစိမ်တွေ ဘဝပေါင်းများစွာ ခံစားပြီးတဲ့အခါမှာတော့ ဘဒ္ဒကမ္ဘာမှာ ပွင့်တော်မူတဲ့ ဂေါတမမြတ်စွာဘုရားပွင့်တဲ့ သာသနာမှာ သာဝတ္ထိမြို့က "မဟာသလ" ဆိုတဲ့ သူဌေးမျိုးမှာ သူဌေးသား သွားဖြစ်တယ်တဲ့။ ခုနစ်နှစ်သားအရွယ်ကျတော့ သူနဲ့ ရွယ်တူကလေးတွေနဲ့ ပြေးလွှားဆော့ကစားကြရင်း ရဟန်းကြီးတစ်ပါး သီတင်းသုံးတဲ့ ဘုန်းကြီးကျောင်းတစ်ကျောင်းထဲကို ရောက်သွားကြတယ်။

ဒီတော့ ရဟန်းကြီးက အကျိုးအကြောင်းသိတော့ "လာကြဟေ့…ကလေးတွေ" ဆိုပြီးတော့ သရဏဂုံဆောက်တည်ပေးလိုက်တယ်။ သူတို့ ဆောက်တည်ကြပါတယ်။ ကျန်တဲ့ ကလေးတွေက သရဏဂုံတည်တဲ့ ကောင်းကျိုးပဲ ရပါတယ်။ တစ်ဘဝတာ သရဏဂုံတည်ခဲ့တဲ့ ကလေးလေးကတော့ သရဏဂုံအဆုံးမှာတင် ခုနစ်နှစ်သားအရွယ်နဲ့ ကိလေသာ အာသဝေါကုန်ခန်းတဲ့ ရဟန္တာကြီး ဖြစ်ခဲ့ရပါတယ်။ သူ့ကို သရဏဂုံရဲ့ အဆုံးမှာ ရဟန္တာဖြစ်ခဲ့ရလို့ "တိသရဏဂမနိယ မထေရ်"လို့ ခေါ်ပါတယ်။ ဘယ်လိုခေါ်ပါသလဲ"

"တိသရဏဂမနိယ မထေရ်လို့ ခေါ်ပါတယ် ဘုရား"

"သရဏဂုံအဆုံးမှာ ရဟန္တာဖြစ်တဲ့ မထေရ်၊ ဒီတော့ ပရိသတ်များရေ… ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဆိုတဲ့ ကုသိုလ်ဟာ သာမန်ကာ လျှံကာ ကုသိုလ်လား။ ရဟန္တာဖြစ်တဲ့အထိ ပို့တဲ့ ကုသိုလ်လား"

"ရဟန္တာဖြစ်တဲ့ ကုသိုလ်ပါ ဘုရား"

"သာမန်ကာလျှံကာ မထင်လိုက်ပါနဲ့။ ဒီတော့ ဒကာ၊ ဒကာမတို့ကို အတွေးအခေါ်တစ်ခုပေးချင်ပါတယ်။ ကိုယ်တိုင်လည်း စဉ်းစားပြီးတော့ ဖြေပါ။ ကိုယ်တိုင်လည်း စဉ်းစားပါ။ သုံးသပ်ပါ။ ဒါဆို ဗုဒ္ဓဘာသာအားလုံးတို့သည် သရဏဂုံ တစ်ဘဝတာ တည်မြဲဖို့ သိပ်အရေးကြီးပါတယ်။ သရဏဂုံကို အပျက်လည်း မခံပါနဲ့။ အညှိုးလည်း မခံပါနဲ့။ ဒါဆို သရဏဂုံညှိုးတာ သရဏဂုံပျက်တာပေါ့လေ။ ပျက်တာ ဦးစားပေးပြီး ပြောကြပါစို့။

အဲဒီ မူလ ပဏ္ဏာသအဋ္ဌကထာမှာ သရဏဂုံပျက်ခြင်း နှစ်မျိုးဖွင့်ပြတယ်။ အဓိက အမျိုးသမီးများ သေသေချာချာ အာရုံစိုက်ပြီး နာစေချင်တယ်။ သရဏဂုံဟာ အများအားဖြင့် အမျိုးသမီးတွေကြောင့် ပျက်တာ များတယ်။ ဘာတွေလဲဆိုတော့…

**သရဏ ဂမနဿ ဘေဒေါ သာဝဇ္ဇော၊**
**အနဝဇ္ဇောစ ဒုဝိဓော ဟောတိ။**

သရဏဂုံပျက်ခြင်းမှာ အပြစ်ရှိသော ပျက်ခြင်းနဲ့ အပြစ်မရှိသော ပျက်ခြင်းလို့ နှစ်မျိုးရှိတယ်။ ဒါဆိုရင် ဘာတွေလဲတဲ့။

အပြစ်ရှိသော ပျက်ခြင်းက ကာလကရိယာ ဘေဒေါ အနဝဇ္ဇ ဘေဒေါတိ ဝုစ္စတိတဲ့။ ပုထုဇဉ် ဗုဒ္ဓဘာသာ တစ်ယောက်သေရင် သရဏဂုံပျက်တယ်။ အဲဒါ အပြစ်မရှိဘူး။ အကုသိုလ် မဖြစ်ဘူးလို့ မှတ်ပါ။ အဲဒါ ဓမ္မတာလို့ မှတ်ပါ။ ဓမ္မတာပဲ။ ပုထုဇဉ်သေရင် သရဏဂုံပျက်တာပဲ။

www.burmeseclassic.com

ဒါဆို သရဏဂုံ မပျက်တာ ဘယ်သူလဲဆိုရင် အရိယာ။ အရိယာသေရင် ဘဝဆက်တိုင်း ဘယ်ဘဝမှ သရဏဂုံ မပျက်တော့ဘူး။

ဒါကြောင့် ဘဝအဆက်ဆက် သရဏဂုံ မပျက်စေချင်ရင် သံသရာတစ်ကြော သံရဏဂုံပါသွားစေချင်ရင် ဝိပဿနာကို အရိယာဖြစ်တဲ့အထိ နာကြားအားထုတ်ဖို့ မလိုဘူးလား"

"လိုပါတယ် ဘုရား"

"အဲဒါက နောက်မှ ဆက်နာကြတာပေါ့၊ ဟုတ်လား။ ဒီတော့ အပြစ်မရှိသော ပျက်ခြင်းက သေလို့ ပျက်တာ။ ဒါဆိုရင် အပြစ်ရှိသော ပျက်ခြင်းက ဘယ်လိုဟာမျိုးလဲ။ နားထောင်၊ ဒါက ပိုအရေးကြီးတယ်။

**အညသတ္ထာရာဒီသု၊ အဟံအတ္တာနံ၊**

**ပရိစ္စဇာမီတိ၊ ဇဝံ အညသတ္ထာရဒ္ဒေသဝသေန၊**

**သာဝဇ္ဇ ဘေဒေါတိ ဝုစ္စတိ။**

တဲ့။ အညသတ္ထာရာဒီသု ဘုရား၊ တရား၊ သံဃာမှ တစ်ပါး အခြားသော ဘိုးတော်တွေ၊ မယ်တော်တွေ၊ ကိုကြီးကျော်တွေ၊ မနဲ့လေးတွေ ··· အဲဒီနတ်တွေအားလုံးတို့၌ အဟံ-တပည့်တော်၊ တပည့်တော်မတို့သည်၊ ပရိစ္စဇာမိ-အသက်နှင့် ခန္ဓာကို အပ်နှင်း လှူဒါန်းကိုးကွယ်ပါ၏။ ဣတိ-ဤသို့၊ အညသတ္ထာရဒ္ဒေသဝသေန - ဘုရားမှတစ်ပါး အခြားသော ဘိုးတော်တွေ၊ မယ်တော်တွေ၊ နတ်စိမ်းမျိုးစုံတွေမှာ ဆရာရှာခြင်းအစွမ်းဖြင့် သရဏဂုံ ပျက်စီးခြင်းမျိုးကိုတော့၊ အာဝဇ္ဇဘေဒေါတိ - အပြစ်ရှိသော ပျက်စီးခြင်းလို့ မှတ်"

"မှန်လှပါ ဘုရား"

"အမျိုးသမီးတွေ သေချာနားထောင်ပါ။ ဘုရား၊ တရား၊ သံဃာမှတစ်ပါး အခြားသော ဘိုးတော်တွေ၊ မယ်တော်တွေ၊ အတွင်းအပြင် ဥဂ္ဂမင်းတွေ၊ ကိုကြီးကျော်တွေ၊ မနဲ့လေးတွေ၊ သူရဿတီတွေ အစုံပေါ့။ အဲဒါတွေကို သူတို့ရှေ့မှာ ကျုံ့ကျုံ့လေးထိုင်ပြီး "အရှင်ကြီး၊ အရှင်ကောင်းတို့အား ကျွန်ုပ်တို့အသက်နဲ့ ခန္ဓာကိုယ် အပ်နှင်းပြီးတော့၊ လှူဒါန်းပြီးတော့ ကိုးကွယ်ပါတယ်လို့ ပြောပြီး ကန်တော့ရင် သရဏဂုံပျက်ရော။ ဘာသရဏဂုံမှ မရှိတော့ဘူး။ သရဏဂုံရဲ့ အကျိုးကို တစ်စေ့မှ မခံစားရတော့ဘူး။ အဲဒီတော့ မနစ်နာဘူးလား ပရိသတ်တို့"

"နစ်နာပါတယ် ဘုရား"

"နစ်နာတယ်နော်။ အမျိုးသမီးတွေ သေချာစဉ်းစား။ ဒါတွေက အမျိုးသားတွေ ဒီလောက်မပါဘူး။ အမျိုးသမီးတွေ အဓိကကျတယ်။ စဉ်းစားပါ။ ဦးဇင်းက ရှဉ့်လည်း လျှောက်သာ၊ ပျားလည်း စွဲသာနည်းလည်း ပေးပါ့မယ်။ အစဉ်အဆက် လုပ်လာကြတော့ မစွန့်ရဲကြဘူး။ မစွန့်ရဲလည်း မစွန့်နဲ့၊ ထားလိုက်။ ဒါပေမယ့် ကိုးကွယ်ခြင်းနဲ့ ပ,သခြင်းကို ခွဲပါ။ ဘယ်လို ခွဲရမယ်"

"ကိုးကွယ်ခြင်းနဲ့ ပ,သခြင်းပါ"

"ဒီနေ့ တရားမှာ လွတ်ပစ်စရာ တစ်လုံးမှ မပါဘူး။ တစ်လုံးမှ လွတ်မသွားအောင် နားထောင်။ အနှစ်တွေချည်း ပြောနေတယ်။ ကိုးကွယ်ခြင်းက ဘာလဲ၊ ပ,သခြင်းက ဘာလဲ။ ဩော်·· ဒါကို ကိုးကွယ်ခြင်းက ဘဝသံသရာအဆက်ဆက် ဘဝချမ်းသာခြင်းကို ရမှာ။ အပါယ်ဘေးကင်းမှာဆိုတဲ့ စိတ်နဲ့ ကိုးကွယ်ခြင်းက ဘုရား၊ တရား၊ သံဃာပဲ။ ကျန်တာ ဘာမှ လာမရောနဲ့။

အေး၊ ကျန်တဲ့ အရုပ်မျိုးစုံ၊ ပုဂ္ဂိုလ်မျိုးစုံကို ပ,သရင်တော့ ပ,သကောင်းပါတယ်။ ပ,သတယ် ဆိုတာကတော့ တင်တာ၊ ကျွေးတာကို ဆိုလိုပါတယ်။ တင်ချင် တင်ပါ၊ ကျွေးချင် ကျွေးပါ။ အဲဒါ အပြစ်မရှိပါဘူး။ တိရစ္ဆာန်ကျွေးတောင် ကုသိုလ်ရသေးတာကိုး။ ပ,သကောင်းပါတယ်။ သို့သော် ဘုရား၊ တရား၊ သံဃာကဲ့သို့ မကိုးကွယ်ကောင်းဘူး မှတ်ပါ။ ဒါလေး မှတ်ပါ။ မိမိရဲ့ ပြုတဲ့ ကုသိုလ် အမျှပေးပါ၊ မေတ္တာပို့ပါ။ သူတို့ အင်မတန် ချစ်ခင်နှစ်သက် စောင့်ရှောက်[illegible]သိမ့်မယ်။ အဲဒီ ဒကာ၊ ဒကာမများ ကိုးကွယ်တဲ့ ဥဂ္ဂမင်းတွေ ကိုကြီးကျော်တွေ၊ မနဲ့လေးတွေ အစရှိသော ပုဂ္ဂိုလ်တွေဟာ ဘုံအနေနဲ့ ခွဲရင် သူက အပါယ်ဘုံသားဖြစ်ပါတယ်။ ပြိတ္တာ ဘုံသားတွေပါ။ ဘာဘုံသားတွေလဲ"

"ပြိတ္တာအပါယ်ဘုံသားတွေဟာ လူထက် နိမ့်သလား မြင့်သလား"

"နိမ့်ပါတယ် ဘုရား"

"နိမ့်တယ်။ ဒါကြောင့် သူတို့သည် ကိုးကွယ်စရာ ပုဂ္ဂိုလ်တွေ မဟုတ်ပါဘူး။ သနားစရာ ပုဂ္ဂိုလ်တွေ။ ဘာ ပုဂ္ဂိုလ်တွေလဲ"

"သနားစရာ ပုဂ္ဂိုလ်တွေပါ ဘုရား"

"ဒါကြောင့် နေ့စဉ် အမျှပေးပါ။ မေတ္တာပို့ပါ ဟုတ်လား။ ဒီလို ပွင့်ပွင့်လင်းလင်းနဲ့ ဦးဇင်း ဖြေပြခဲ့ချင်ပါတယ်။

(ရွှေလ ဆက်ပါဦးမည်)

* * *

ဓမ္မာရှင်(ရွှေပြည်သာ)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မေတ္တာတရားဟူသည် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ ကြင်နာသနားခြင်းပင် ဖြစ်၏။ သည်းခံခြင်းဂုဏ်၊ ခွင့်လွှတ်ခြင်းဂုဏ်၊ တစ်ဦးတစ်ယောက်အပေါ် ကြင်နာသနားခြင်းဂုဏ်အား လူတိုင်း မထားနိုင်ကြပါ။

တပည့်မိုက်သလို၊ ဆရာက တပည့်ကို တုပြီး မမိုက်နဲ့။

"ဩော် ··· ဒီကောင်လေး၊ ငါက တော်တော်လေး လိမ္မာတယ် မှတ်နေတာ၊ လူမိုက်လေးပဲ"

ဆရာသမားများ တပည့် မလိမ္မာရင် ကရုဏာဒေါသောနဲ့ ပြောတတ်ကြတယ်။

စာရေးသူတို့၏ ကျေးဇူးတော်ရှင် ပဲခူးမြို့ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်တိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီး က စာသင်သား သံဃာတော်များကို ဩဝါဒပေးတဲ့ စကားကို သတိတရ ရှိမိသေးတော့၏။

"ကိုယ်တော်တို့ နှစ်ကောင် မဖြစ်စေကြနဲ့။ တစ်ဦးကို တစ်ဦး တုပြီး၊ ပြိုင်ပြီး ရန်မဖြစ်ကြနဲ့။ စကားမများကြနဲ့။ ငြိမ်းခံမနေကြနဲ့"

ဟူ၍ မိန့်ခြင်းဖြစ်၏။

ယခု တင်ပြလိုသော အကြောင်းကား စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်၊ နောင်ကြီးအိုင်ရွာ၊ ပြာသိုကျောင်း ဆရာတော်ကြီး ဦးဇိန(ဘိုးဇိန)၏ မေတ္တာတရားကြီးမားပုံအကြောင်း ပြောပြလိုခြင်းဖြစ်၏။

ဆရာတော်ကြီးကား လူပြည့်ငြိး၍ နတ်ထီးစံလေပြီ။ ဆရာတော်ကြီး ပျံလွန်တော်မူပြီးမှ ဆရာတော်ကြီး၏ တပည့် "တာတီး" ဆိုသူက ပြောပြသည်ကို ရေးဖွဲ့ တင်ပြရခြင်းဖြစ်၏။

◈◈◈

တစ်ညဌ် လဆန်းရက်ဖြစ်၍ လရောင်လေးကား ပြိုးပြိုးပြက်ပြက် လင်းအား မကောင်းသေး။ စောစောပင် လကား ဝင်ခဲ့ချေ၏။

ကျောင်းသား ကိုရင်များသည် ဘုရားဝတ်ပြုပြီး၍ အိပ်ရာထဲပင် ရောက်နေကြချေပြီ။

ဆရာတော်ကြီးကား ကရမက်ပင်အောက်ရှိ ကွပ်ပျစ်လေးပေါ်တွင် သင်းပိုင်အဟောင်းကို ခင်းပြီး ဘုရားဝတ်ပြု ပရိတ်ရွတ်၊ မေတ္တာပို့ အမျှပေးဝေပြီး၍ ဗုဒ္ဓါနုဿတိပွားများလျက် ပုတီးစိပ်နေ၏။

တစ်ညတာ ပြုဖွယ်ကိစ္စများ ပြီး၍ ကျိန်းစက်ရန် ကုဋီသွားပြီး ကျောင်းကြီးပေါ်သို့ တက်ခဲ့၏။

ရေးဘုန်းကြီးဖြစ်၍ ပစ္စည်းပစ္စယက ပေါ၏။ မူးစုပဲစုခေတ်ဖြစ်၍ အသင့်အတင့်ရှိ၏။ ဆရာတော်ကြီး ဘိုးဇိနသည် လှေကားမှ တက်လာပြီး ငါးခုမြောက် လှေကားနင်းခုံသို့ ရောက်သောအခါ တစ်ဦးတစ်ယောက်သည် နောက်ကနေ တက်လာပြီး ဘုန်းကြီး၏ ကျောကို သေနတ်နဲ့ ထောက်ပြီး···

"ဘုန်းဘုန်း··· မအော်နဲ့ ဘုရား။ ကျောင်းတံခါးသာ ဖွင့်ပါ ဘုရား"

ဟူ၍ တပည့် တာတီး၏ အသံဖြစ်သည်။ ဆရာတော်ကြီးသည် စဉ်းစားမိ၏။ ငါ့ရဲ့ အသက်ကိုတော့ အန္တရာယ်ပြုမှာ မဟုတ်ဘူး။ သူလိုချင်တာပေးရင် ရမှာပဲဟု စိတ်ထဲက အောက်မေ့ပြီး ခါးကြားမှာ လိပ်၍ထားသော သော့ကို ယူ၍ ဖွင့်ပေးရင်း···

"မလုပ်ပါနဲ့ကွယ်၊ မင်းလိုချင်တာ ယူပေါ့"

ဟူ၍ ကျောင်းတံခါးကို ဖွင့်ရင်း မေတ္တာရပ်ခံ၏။

ကျောင်းအပေါ်ထပ်သို့ ရောက်သောအခါ ဆရာတော်ကြီး ဘိုးဇိနသည် ဘုရားရှေ့ရှိ သင်ဖျာလေးပေါ်တွင် ထိုင်ရင်း···

"တာတီးရယ်···မိုက်ပါ့ကွာ"

ဟု ဆိုတော်မူ၏။

တာတီးသည် ဆရာတော်ကြီးကို ဝတ်ပြုရင်း···

"တပည့်တော်·· စားစရာမရှိလို့ ကြံရတာပါ ဘုရား"

မျက်နှာညှိုးငယ်စွာဖြင့် တပည့်ဖြစ်သူ တာတီးသည် ဆရာတော်ကြီးကို လျှောက်၏။ ယူထားသည့် မိန်းမက အပျင်း။ ပျင်းရတဲ့အထဲ ဖျင်းလိုက်သေး၏။ သားသမီးက ငါးယောက်။ တာတီးသည် မကြံစည်သင့်တာကို ကြံရလေတော့၏။

ဆရာတော်ကြီးက···

"မင်းက အခု ငါ့ကို သေနတ်နဲ့ ကျောထောက်ပြီး ကျောင်းပေါ်တက်တော့ ငါက ခွင့်လွှတ်တယ်ထားဦး၊ တရားဥပဒေက···"

တာတီးသည် လက်သုတ်ပဝါအနွမ်းလေးနဲ့ ထုပ်ထားသော ပစ္စည်းကို ပြရင်း···

အရှင်ဘုရား···တပည့်တော် ဘုန်းကြီးကို ကျောထောက်တာ သေနတ်မဟုတ်ပါ ဘုရား။ ဒီပစ္စည်းလေးပါ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုကာ ဆေးတံအိုးလေးတစ်ခုကို ထုတ်ပြ၏။

ဆရာတော်ကြီး ဘိုးဇိနသည် တပည့်ထုတ်ပြသော ပစ္စည်းကို ကြည့်ရင်း···

"ဩော်···မင်းက ဆေးတံအိုးကို သေနတ်လုပ်ပြီး ငါ့ကို ဓားပြတိုက်တာပေါ့။ လူမိုက်···လူမိုက်။ မင်း အခု ဘာလိုချင်တာလဲ၊ ပြော"

ဆရာတော်ကြီးသည် အေးအေးဆေးဆေးဖြင့် တပည့်မိုက် တာတီးကို မေး၏။

"တပည့်တော်တို့ မိသားစု ထမင်းနပ်မမှန်လို့ ကြံမိကြံရာ ကြံမိတာပါ ဘုရား။ ဆန်သုံးပြည်လောက် စွန့်ပါ ဘုရား"

ဆရာတော်ကြီးသည် တပည့် တာတီးကို ပြုံးပြီး ကြည့်ရင်း···

"ကဲ···ကဲ၊ မင်းကိုယ်တိုင် ဟောဟိုအခန်းထဲက တောင်းပါ မ.ပြီး ယူသွား လူမိုက်"

တာတီးသည် ကျက်သရေခန်းထဲမှ ဆန်ကို တောင်းလိုက် ယူလာပြီး ဘုန်းကြီးရှေ့ချကာ ရှိခိုးပြီး···

"ဘုန်းဘုန်း···တပည့်တော် ပြန်တော့မယ် ဘုရား"

ဟု နှုတ်ဆက်၏။ ဆရာတော်ကြီးက···

"အေးအေး···လူမိုက်၊ နောင် ဒီလိုမလုပ်နဲ့၊ ကိုယ့်ဆရာသမားကို"

ဟူ၍ ဆုံးမလိုက်သောအခါ တပည့် တာတီးက -

"မှန်ပါ ဘုရား။ ဘုန်းဘုန်း တံခါးလုံလုံခြံခြံပိတ်ဦး ဘုရား"

ဟူသတတ်။

တကယ်တော့ ဘိုးဇိနသည် ကြောက်တတ်၏။ တပည့်ဖြစ်၍ မကြောက်ခြင်းဖြစ်၏။ နောင် တပည့် တာတီး ကျောင်းကို လာသောအခါ ဆရာတော်ကြီးသည် မုန့်၊ ငှက်ပျောသီး စသည့်ဖြင့် ကျွေးမွေး၏။ မေတ္တာမပျက်ပါ။

"ရော့···စား၊ ငါ့တပည့်။ နောင် မမိုက်နဲ့နော်"

ဟု ပြောကာ စားစရာများကို ကျွေး၏။ တကယ့်ကို မေတ္တာတရားကြီးမားကြပါပေ၏။ စာတစ်စောင်၊ ပေတစ်ဖွဲ့ ကျန်ရစ်ခဲ့ပေ၏။

◈◈◈

စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်၊ နောင်ကြီးအိုင်ရွာ၊ ပြာသိုကျောင်းဆရာတော် ဘိုးဇိနသည် မိမိကျောင်း၌ အလှူအတန်းရှိ၍ ရွာနီးချုပ်စပ်မှ ကိုယ်တော်များ ကျောင်းထိုင် ဘုန်းကြီးများ ကြွရောက်လာလျှင်···

"အရှင်ဘုရားတို့··· ဒူးထောင်၊ ပေါင်ကား ကြိုက်သလို သီတင်းသုံးနေတော်မူပါ ဘုရား"

ဟူ၍ ခွင့်ပြုစကားဆို၏။

ဆွမ်းဘုဉ်းပေးသောအခါ အာဂန္တု(ဧည့်သည်) ရဟန်းငယ်များကို···

"အရှင်ဘုရားတို့···လက်တံရှည်သလောက် ဆွမ်းဟင်းခွက်များကို နှိုက်ယူ ဘုဉ်းပေးတော်မူပါ ဘုရား"

ဟူ၍လည်း ခွင့်ပြုစကား မိန့်ကြားတတ်သေး၏။

ဘိုးဇိန၏ စကားတစ်ခွန်းကား ရှိသေး၏။

"သက်ကြီးစကား သက်ငယ်ကြား၊ မှတ်သားကြစေရန်"ဆိုသည်နှင့်အညီ ကျန်းမာရေး သတိပေးစကားဖြစ်၏။ ဆရာတော်ကြီး၏ မမေ့စရာ စကားကား···

"ဥပါးရောဂါဖြစ်လျှင် မန်ကျည်းပင်နဲ့ တမာပင်အောက်ကို ဝင်၊ မန်ကျည်းပင်နဲ့ တမာပင်အောက် ရောက်၊ ရောဂါလည်း ပျောက်"ဟူသတတ်။

ဘဝနတ်နန်း စံမြန်းတော်မူပြီးဖြစ်သော ဆရာတော်ကြီးအား အခါခါဦးညွှတ် သတိရလျက်···■

(ပျံလွန်တော်မူပြီးဖြစ်သော ဒုတိယ ပြာသိုကျောင်းဆရာတော် ဦးသာသန၏ ပြောပြသည်များကို မေတ္တာတရား အစွန့်ရှည်စွာ ထားနိုင်ကြဖို့အရေးကို ဂန္တိုရဆန်းကြယ်မဂ္ဂဇင်းကြီးမှတစ်ဆင့် မြန်မာပြည်တစ်နံတစ်လျား စာဖတ်အများသို့ တင်ပြလိုက်ပါသည်။)

···

ဓေဝသူ(ဆိပ်ခွန်)



www.burmeseclassic.com

www.burmeseclassic.com

# ရှမ်းတောင်အကျော် ဆရာတော်များ

**လွိုင်လင်မြို့နယ်၊ သာသနဝိပုလ စာတိုက်တော်စာသင်တိုက်၊**

**ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ ပညာနန္ဒ**

**(မဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊**

**အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ - Ph.D)**

**နိုင်ငံတော် သံဃမဟာနာယက (တွဲဖက် အကျိုးတော်ဆောင်)၏**

**ကြည်ညိုဖွယ်ရာ ထေရုပ္ပတ္တိနှင့် အဆုံးအမများ**

ဥသျှောင်မှူး (လွိုင်လင်)




**စကားဦး**

ဂမ္ဘီရဆန်းကြယ် မဂ္ဂဇင်းမှာ "ရှမ်းတောင်အကျော် ဆရာတော်များ" ဆိုသည့် ခေါင်းစဉ်ဖြင့် ရှမ်းပြည်နယ် တောင်ပိုင်းအတွင်းရှိ သာသနာ့ဥသျှောင် ရှေ့ဆောင် သာသနာပြု ဆရာတော်ကြီးများ၏ ကြည်ညိုဖွယ်ရာ ထေရုပ္ပတ္တိနှင့် လိုက်နာ မှတ်သားဖွယ်ရာ အဆုံးအမ ဩဝါဒများကို ရေးသား တင်ပြခဲ့ရာမှာ ယခု သာသနဝိပုလ စာတိုက်တော်ဆရာတော် ကြီးနှင့်ဆိုလျှင် ခုနစ်ပါးမြောက်ခဲ့ပါပြီ။ ထိုအနေ... အချို့



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်များမှာ ပျံလွန်တော်မူကြပြီးလည်း ဖြစ်ပါသည်။ သို့သော် နောင်လာ နောက်သားများအတွက် မိမိတို့ ဆရာသမားများ၏ ဂုဏ်တော်ကို သိရှိကြည်ညိုနိုင်ရန်အတွက် ရည်စူးကာ တင်ပြရခြင်းဖြစ်ပါသည်။ ယခု ရေးသားတင်ပြလတ္တံ့သော သာသနဝိပုလဓာတ်တော် ဆရာတော်ကြီးသည် စာရေးသူ၏ ဆရာသမားတစ်ပါးလည်း ဖြစ်ပါသည်။ ယနေ့အထိတိုင်လည်း စွမ်းစွမ်းတမံဖြင့် သာသနာပြု လုပ်ငန်းများကို မနေမနား ကြိုးစားပြုပွားလျက် ရှိပါသည်။ ဆရာတော်၏ ကြည်ညိုဖွယ်ရာ ထေရုပ္ပတ္တိနှင့် မှတ်သားလိုက်နာဖွယ် အဆုံးအမများကို ဖတ်ရှု ကြည်ညိုကြပါဦးစို့လား စာရှုသူ။

### ဇာတိချက်ကြွေ မွေးရပ်မြေနှင့် သန္ဓေပွင့်သစ်ဖွားခုနှစ်

ဆရာတော်လောင်းလျာသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ မိုင်းပျဉ်းဒေသ၊ ကြည်တော်ရွာနေ ဒခမည်းတော် ဦးလုံးထွမ်း + မယ်တော် ဒေါ်ပါလွတ်တို့မှ ကော-ဇာသက္ကရာဇ် ၁၃၁၃ ခုနှစ်၊ ကဆုန်လဆန်း ၅ရက်၊ ကြာသပတေးနေ့တွင် သန္ဓေသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်။ ဆရာတော်သည် တစ်ဦးတည်းသော သားလုရတနာဖြစ်ပါသည်။

### သာသနာ့အမွေ ရှင်သာမဏေ

ဆရာတော်လောင်းလျာသည် သန္ဓေသန့်စင် ဖွားမြင်တော်မူပြီးသည့်နောက် ရက်မှသည် လသို့ ချီ၍၊ လမှသည် နှစ်ဆီသို့တိုင်အောင် ကောင်းအတိတ်၊ ကောင်းနိမိတ်များဖြင့် တရိပ်ရိပ်ကြီးပြင်း အရွယ်ရောက် လူလားမြောက်သော အသက် ၁၀နှစ်အရွယ်၊ ကောဇာသက္ကရာဇ် ၁၃၂၃ ခုနှစ်၊ ပြာသိုလ်ဥတု၊ ဝါဆိုလဆန်း ၈ရက်နေ့တွင် ရပ်စောက်မြို့နယ်၊ နမ့်ခုတ်ကျောင်းဆရာတော် ဘဒ္ဒန္တပညာဝံသအား ဥပဇ္ဈာယ်ပြုလျက် ကျေးဇူးရှင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ သာသနာတော်အတွင်းဝယ် ဗုဒ္ဓမြေးချစ် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ဘွဲ့တော်မည်မှာ "ရှင်ပညာနန္ဒ"ဟု မှည့်တွင်တော်မူခဲ့ပါသည်။

### သကျနွယ်ဇာတ် ရဟန်းမြတ် ဖြစ်လတ်ချိန်ခါမင်္ဂလာ

ဆရာတော်လောင်းလျာသည် ကောဇာသက္ကရာဇ် ၁၃၃၂ ခုနှစ်၊ ဟေမန္တဥတု၊ တပို့တွဲလပြည့်ကျော် ၈ရက်၊ ဗုဒ္ဓဟူးနေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းပျဉ်းလေးဒေသ၊ ရပ်စောက်မြို့နယ်၊ နမ့်ခုတ်ကျောင်း ခဏ္ဍာသိမ်တော်အတွင်းဝယ် ဆရာတော် ဘဒ္ဒန္တပညာဝံသအား ကျောက်ထီးတန်ဥပဇ္ဈာယ်ပြုလျက် ကျေးဇူးရှင် မိဘနှစ်ပါးတို့၏ ရှစ်ပါးသော ပရိက္ခရာ၊ လေးဖြာသော ပစ္စယတို့ကို ခံယူကာ မြင့်မြတ်သော သကျနွယ်ဇာတ် ရဟန်းမြတ်ဘဝသို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပညာဆည်းပူး နေရာထူး ကျေးဇူးဂုဏ်အင်ထောရ်အရှင်

ဆရာတော်လောင်းလျာ အရှင်သူမြတ်သည် ရှင်သာမဏေဘဝသို့ ရောက်ရှိသည့်အချိန်မှစ၍ ဆရာ ဥပဇ္ဈာယ်၏ ခြေတော်ရင်းဝယ် အခြေခံ ရှမ်းသင်ပုန်းကြီး၊ မြန်မာသင်ပုန်းကြီး၊ ပရိတ်ကြီး၊ ရှင်ကျင့်ဝတ်၊ လောကနီတိနှင့် ဝိနည်း၊ သဒ္ဒါ၊ သင်္ဂြိုဟ် အစရှိသော ပရိယတ်အခြေခံ စာပေများကို သင်ယူ ဆည်းပူးတော်မူခဲ့ပါသည်။

ထို့နောက် ကောဇာသက္ကရာဇ် ၁၃၂၈ ခုနှစ်မှ စ၍ ၁၃၃၃ ခုနှစ်အထိ၊ ခရစ်နှစ် ၁၉၆၈ မှစ၍ ၁၉၇၃ ခုနှစ်အထိ တောင်ကြီးမြို့ ကုန်းသာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာဝံသ(အဂ္ဂမဟာပဏ္ဍိတ)၏ ခြေတော်ရင်းသို့ ပြောင်းရွှေ့ သီတင်းသုံးကာ ၆နှစ်တိုင်တိုင် နေထိုင်တော်မူပြီး ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်း စသော ပရိယတ်စာပေပညာများကို ကြိုးစားသင်ယူ အောင်မြင်တော်မူခဲ့ပါသည်။

ထို့နောက် ခရစ်နှစ် ၁၉၇၈ ခုနှစ်မှစ၍ ၁၉၈၅ ခုနှစ်အထိ ညောင်ရွှေမြို့ သာသနဝိပုလ ရွှေဂူကျောင်းတိုက်သို့ ရွှေ့ပြောင်းနေထိုင်တော်မူကာ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဝိလာသ(အဘိဓဇမဟာရဋ္ဌဂုရု)နှင့် စာချအကျော် ဆရာတော်များထံတွင် အထက်တန်း ပိဋကတ် ကျမ်းဂန်စာပေများကို သင်ယူ ဆည်းပူးတော်မူခဲ့ပါသည်။

### သာသနာပြုလုပ်ငန်း အရှင်ထမ်း

* ခရစ်နှစ် ၁၉၈၆ ခုနှစ်မှစ၍ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်မြို့ သာသန ဝိပုလ ဓာတ်တော် စာသင်တိုက်သို့ ပြောင်းရွှေ့ကာ ပဓာန နာယက ဆရာတော်အဖြစ်ဖြင့် စာသင်သား ရဟန်းသံဃာအပါး ၁၇၀ ကျော်တို့ကို မူလတန်းမှစ၍ ဓမ္မာစရိယတန်းအထိ ရှမ်း-မြန်မာ နှစ်ဘာသာဖြင့် စာပေပို့ချလျက်ရှိပါသည်။

* ခရစ်နှစ် ၁၉၇၇ ခုနှစ်မှစ၍ ၁၉၉၉ ခုနှစ်အထိ



www.burmeseclassic.com

www.burmeseclassic.com

ပင်လုံမြို့နယ်၌ နှစ်စဉ် ကျင်းပမြဲဖြစ်သော ရှမ်းပြည်နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလ စာပွဲတော်၏ အတွင်းရေးမှူး ဆရာတော်တာဝန်ကို ထမ်းဆောင်တော်မူခဲ့ပါသည်။

* ခရစ်နှစ် ၁၉၉၆ ခုနှစ်မှစ၍ ၂၀၀၈ ခုနှစ်အထိ နိုင်ငံတော် သံဃဗဟိုဝန်ဆောင်ဆရာတော်တာဝန်ကို ထမ်းဆောင်တော်မူခဲ့ပါသည်။

* ခရစ်နှစ် ၁၉၉၉ ခုနှစ်မှစ၍ ၂၀၀၃ ခုနှစ်အထိ ရှမ်းပြည်နယ်လုံးဆိုင်ရာ ရှမ်းသံဃအဖွဲ့အစည်း၏ အတွင်းရေးမှူးဆရာတော်တာဝန်ကို ထမ်းဆောင်တော်မူခဲ့ပါသည်။

* ခရစ်နှစ် ၂၀၀၅ ခုနှစ်မှစ၍ ရှမ်းပြည်နယ်လုံးဆိုင်ရာ ရှမ်းသံဃအဖွဲ့အစည်းကြီး၏ ဥက္ကဋ္ဌတာဝန်ကို ယနေ့အထိ ထမ်းဆောင်တော်မူလျက် ရှိပါသည်။

* ခရစ်နှစ် ၂၀၀၈ ခုနှစ်မှစ၍ နိုင်ငံတော် သံဃမဟာနာယက(တွဲဖက်အကျိုးတော်ဆောင်) ဆရာတော်တာဝန်ကို ယနေ့အချိန်ထိ ထမ်းဆောင်တော်မူလျက်ရှိပါသည်။

ထို့အပြင် ဆရာတော်သည် တောင်ကြီး စာဖြေဌာန၊ လှိုင်လင် စာဖြေဌာနတို့၌ ပထမပြန် စာမေးပွဲများ ကျင်းပသောအခါ ပုစ္ဆကဆရာတော်၊ စာစစ်ဆရာတော်၊ ပင်လုံမြို့ ပရိယတ္တိသဒ္ဓမ္မပါလ စာပြန်ပွဲတွင် အကျိုးတော်ဆောင် ဆရာတော်နှင့် ဥက္ကဋ္ဌဆရာတော်တာဝန်၊ လှိုင်လင်မြို့ မူလမင်းကွန်းကမ္မဋ္ဌာန်းတိုက်၊ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ခွဲ ၈၆၊ ပင်လုံမြို့ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်ကြီး၊ လှိုင်လင်မြို့ မွေတော်ဖိုးဘုရားကြီး၊ ကွန်ဟိန်းမြို့ မဟာကမ္ဘောဇ ပြည့်ငြိမ်းအေးစေတီတော်တို့၏ ဩဝါဒစရိယ ဆရာတော်၊ လှိုင်လင်မြို့နယ် အစိုးရပါဠိ စာဖြေဌာန စာမေးပွဲကျင်းပရေး ဥက္ကဋ္ဌတာဝန်တို့ကို ထမ်းဆောင်ခဲ့ ထမ်းဆောင်ဆဲနှင့်အတူ ၁၉၉၄ ခုနှစ်မှစ၍ ယနေ့အချိန်ထိ ဝေးလံခေါင်သီသော နယ်စပ်ဒေသများဆီသို့ သွားရောက် သာသနာပြုခြင်း၊ မိုင်းယောင်းမြို့မှ ဘာသာခြားတစ်ဦးနှင့် လှိုင်လင်မြို့ လီရေဘွာတစ်ရွာလုံးအား ဗုဒ္ဓဘာသာဖြစ်လာအောင် ဗုဒ္ဓ၏ ဓမ္မများဖြင့် ဟောပြောသွန်သင်ပြသနိုင်ခဲ့ခြင်း စသည့် သာသနာပြုလုပ်ငန်းများကို ထမ်းဆောင်တော်မူခဲ့၊ ထမ်းဆောင်တော်မူဆဲ ဖြစ်ပါသည်။

## အောင်မြင်တော်မူခဲ့သော စာမေးပွဲများ

ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ ဓမ္မာစရိယတန်း။

ရပ်စောက်မြို့နယ်၊ ဝိနယာဓိနဂ္ဂဟ စာမေးပွဲ၌ မူလတန်း၊ ဒုတိယတန်း၊ တတိယတန်း၊ စတုတ္ထတန်း၊ ပဉ္စမတန်း၊ ဆဋ္ဌမတန်း။

ပင်လုံမြို့ ပရိယတ္တိသဒ္ဓမ္မပါလ စာပြန်ပွဲဝယ် မူလတန်းမှ ဓမ္မာစရိယတန်းအထိ။

## ဆက်ကပ်ခံရပြီးသော သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များ

(၁) မဟာဂန္ထဝါစက ပဏ္ဍိတ - ၂၀၀၀ ခုနှစ်။

(၂) အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ - ၂၀၀၆ခုနှစ်။

(၃) အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ - ၂၀၀၉ခုနှစ်။

(၄) ထိုင်းနိုင်ငံ မဟာချူလာလောင်းကွမ်းတက္ကသိုလ်မှ ဒေါက်တာဘွဲ့ (Ph.d)။

## ဆရာတော်၏ အဆိုအမိန့် အဆုံးအမများ

* ပရိယတ်ကြိုက်တတ်တဲ့သူအတွက် ပရိယတ်အာဟာရကို ကျွေးနိုင်ရမယ်။

* ပဋိပတ်ကြိုက်တတ်တဲ့သူအတွက် ပဋိပတ်အာဟာရကို ကျွေးနိုင်ရမယ်။

* မကျွေးနိုင်ရင်တော့ တခြားတစ်နေရာမှာ သူတို့ဘာသာသွားရှာစားမှာပဲ။

* ဗုဒ္ဓဘာသာဝင်အပေါင်းတို့ ဘာသာတရားအပေါ် သစ္စာရှိမှုမှာ ဟိန္ဒူ(မြဟ္မဏ)များကို အတုယူကြပါ။

* စည်းကမ်းလိုက်နာမှုမှာ ခရစ်ယာန်ဘာသာဝင်များကို အတုယူကြပါ။

* ရဲရင့်မှုမှာ အစ္စလာမ်ဘာသာဝင်များကို အတုယူကြပါ။

* မည်သည့်အလုပ်ကိုပဲ လုပ်လုပ်၊ လုပ်ခရ၍ လုပ်ခြင်း မဖြစ်ပါစေနှင့်။ အလုပ်လုပ်၍ လုပ်ခရခြင်းသာဖြစ်ပါစေ။

* ရက်ကောင်း, မကောင်းဆိုတာ လူပေါ်မှာ မူတည်၏။ လူကောင်း, မကောင်း စိတ်ပေါ်မှာ မူတည်၏။ စိတ်ကောင်းလျှင် လူကောင်းဖြစ်၍၊ လူကောင်းလျှင် ရက်ကောင်းဖြစ်ပါသည် ■

* * *

တပည့်ဦးသျှောင်မှူး(လှိုင်လင်)




www.burmeseclassic.com

www.burmeseclassic.com

# လူသားဘဝဖြင့် နတ်ပြည်ရောက်ရသူ၏ အံ့ဖွယ်ဒါန

တက္ကသိုလ် သျှင်သီရိ
(မဟာစရိယ၊ ဘီအေ)



www.burmeseclassic.com

www.burmeseclassic.com

ဟာရာဏသီပြည်ဝယ် "ဓမ္မိက ပဏ္ဍိတ"အမည်ရှိသော မင်းသည် မင်းကျင့်တရား ဆယ်ပါး၊ သင်္ဂဟတရား လေးပါးနှင့်အညီ မင်းပြုသည်။ ထိုမင်း၏ မိဖုရားကား သုဓမ္မာအမည်ရှိ၍ သဒ္ဓါတရားနှင့် ပြည့်စုံသူဖြစ်သည်။

တစ်နေ့တွင် မင်းကြီးသည် အလှူကြီး ပေးလှူလိုသော ဆန္ဒဖြစ်ပေါ်လာသဖြင့် လက်သမားတို့ကို ခေါ်ဆောင်ကာ မြို့လယ်၌ အလှူမဏ္ဍပ်ကြီးတစ်ဆောင်ကို တည်ဆောက်စေသည်။

မဏ္ဍပ်ကြီးဆောက်လုပ်ပြီးစီးသောအခါ လက်သမားတို့ကို အဝတ်တန်ဆာ ဥစ္စာရွှေငွေတို့ကို ပေးခဲ့သည်။

ဆောက်လုပ်ထားသော အလှူမဏ္ဍပ်ကို ကြည့်ရှုရန်အတွက် အမတ်ပေါင်း ခြံရံလျက် နန်းတော်မှ ထွက်ခွာလာခဲ့သည်။ မဏ္ဍပ်ကို မြင်တွေ့ရသောအခါ နှစ်သက် ဝမ်းမြောက်လှသည်ဖြစ်၍ အမတ်တို့ကို···

"အမတ်တို့···ကျွန်ုပ်၏ အလှူမဏ္ဍပ်သည် ရှုကြည့်ဖွယ်ရှိပါ၏။ မွန်မြတ်တင့်တယ် အံ့ဖွယ်ရှိပါသည်။ ထိုမဏ္ဍပ်၌ အလှူကြီးကို ပေးလှူလိုပါ၏။ လူအပေါင်းအား ၇ရက်တိတိ အလှူကို ပေးလှူပါအံ့"

ဟု ပြောကြားလေသည်။

ထို့နောက် မြို့ကို စည်လည်စေ၍ မင်းကြီးကိုယ်တိုင် လူတို့အား အလှူကို ပေးလှူသည်။

"အနာဂတ်ကာလ၌ သဗ္ဗညုတ ဉာဏ်တော်အတွက် ဒါယုတ်အလတ် အမြတ်မရွေး အလှူကို ပေးလှူပါ၏။ အလိုရှိသမျှ အလှူခံတော်မူကြပါလော့"

ဟု ဆုတောင်းမှု ပြုလေသည်။

လူအပေါင်းတို့သည် နေ့စဉ် မဏ္ဍပ်သို့ လာရောက်၍ အလှူခံကြသည်။ ခုနစ်ရက်မြောက်သောနေ့၌ မင်းကြီးသည် အလှူကြီးဖြစ်သော ပရိဘောဂ(အသုံးအဆောင်)အလှူကို ပေးလှူလေသည်။ ထိုအလှူပေးမှုကြောင့် မင်းကြီးကိုယ်တိုင် ကြက်သီးမွေးညင်းထသည်။ မဟာပထဝီမြေကြီးသည် တုန်လှုပ်လေသည်။ မြို့တော်တစ်ခုလုံး အုန်းအုန်းကျက်ကျက် တစ်ခဲနက်သောအသံများ ဖြစ်ပေါ်လာလေသည်။

ထိုအခါ သိကြားမင်း၏ ဘုံဗိမာန်သည် ပူသောအခြင်းအရာကို ပြလာသည်။ သိကြားမင်းသည် လူ့လောကကို ကြည့်ရှုသော် ထို ဓမ္မိက ပဏ္ဍိတမင်းကြီး၏ ကြီးစွာသော ပရိဘောဂအလှူအကြောင်းကို သိ၍···

"ယခုအခါ ဓမ္မိက ပဏ္ဍိတမင်းသည် လူအပေါင်းတို့အား အလှူကြီးကို ပေးလှူသဖြင့် နောင်အခါ၌ ဘုရားစင်စစ်ကေန်ဖြစ်လတ္တံ့။ ငါသည် ယခုအခါ၌ လူ့ပြည်သို့ သွား၍ ထိုမင်းအား နတ်ပြည်သို့ ခေါ်ဆောင်ပြအံ့"

ဟု ကြံစည်ပြီးလျှင် ရတနာခုနစ်ပါးဖြင့် ပြီးသော ရထားကို စီရင် ဖန်ဆင်း၍၊ ထိုရထားကို စီးကာ လူ့ပြည်သို့ ဆင်းလာပြီးလျှင် မင်းကြီး၏ အလှူမဏ္ဍပ်အရှေ့ဘက်၌ ရပ်တည်နေလေသည်။

မင်းကြီးသည် ထိုနတ်ရထားဗိမာန်ကို မြင်၍···

"ကျွန်ုပ်ရှေ့မှောက်၌ ရောက်ရှိလာသော ဗိမာန်ရှင်ကား အဘယ်သူနည်း။ အဘယ်အမည်ရှိ၍ အဘယ်အတွက်ကြောင့် ဤအရပ်သို့ ရောက်လာပါသနည်း"

ဟု မေးသည်။

"အရှင်မင်းမြတ်···ကျွန်ုပ်ကား ရှေးဘဝက ပြုခဲ့သော ကုသိုလ်ကောင်းမှုကြောင့်ဖြစ်သော သိကြားမင်းဖြစ်ပါသည်။ သင် မင်းကြီးကို နတ်ပြည်သို့ ကြွရောက်ရန် ဖိတ်ကြားဖို့ ရောက်လာပါသည်။ အရှင်မင်းမြတ်··· သင်သည် ဘုရားဆုကို ပန်လျက် ယခုအလှူကြီးကို ပေး၍ မဟာပထဝီမြေကြီးကို တုန်လှုပ်စေသည်မှာ နောင်အခါ ကေန်စင်စစ် ဘုရားဖြစ်လတ္တံ့။ ကျွန်ုပ်သည် သင် မင်းကြီး အလှူပေးခြင်းကို ဝမ်းမြောက်နှစ်သက်၍ ဤအရပ်သို့ လာပါသည်။ အရှင်မင်းမြတ်သည် ရထားပေါ်သို့ တက်၍ နတ်ပြည်သို့ လိုက်ပါပါလော့"

"ကောင်းပါပြီ အရှင်သိကြားမင်း"

◈◈◈

ဓမ္မိက ပဏ္ဍိတမင်းကြီးသည် သိကြားမင်း၏ ရထားပေါ်သို့ တက်စီးကာ နတ်ပြည်သို့ လိုက်သွားလေသည်။ နတ်ပြည်သို့ ရောက်သောအခါ ရတနာခုနစ်ပါးဖြင့် ဆန်းကြယ်သော ရွှေဖြင့်ပြီးသော ဗိမာန်ပေါင်းများစွာကို တွေ့ရသဖြင့် သိကြားမင်းကို···

"အရှင်သိကြားမင်း··· ရတနာခုနစ်ပါးဖြင့် ဆန်းကြယ်သော ဤရွှေဗိမာန်တို့ကို ရကြကုန်သည်ကား အဘယ်ကောင်းမှုကြောင့် ဖြစ်ပါသနည်း"

ဟု မေးသည်။

"အရှင်မင်းကြီး··· ဤနတ်တို့သည် ဘုရား၊ သံဃာစသည်တို့အား ကျောင်း၊ ကန်၊ ဇရပ်၊ ဆင်းတုတော်၊ စေတီ ဗောဓိပင်တို့ကို လှူဒါန်းကြသောကြောင့် လည်းကောင်း ဇရပ်၊ တံတားတို့ကို ဆောက်လုပ်လှူဒါန်းကြသောကြောင့် လည်းကောင်း၊ ထမင်း၊ အဖျော်၊ အဝတ်၊ ကျောင်း၊ အိပ်ရာ



www.burmeseclassic.com

www.burmeseclassic.com

နေရာတို့ကို လှူခဲ့သောကြောင့် လည်းကောင်း၊ တံခွန်၊ ကုက္ကား၊ ထီး၊ တောင်ဝှေးတို့ကို လှူခဲ့သောကြောင့် လည်းကောင်း၊ ပန်းကန်ခွက်ယောက်၊ သစ်သား၊ ဒန်ပူ၊ ရေတို့ကို ပေးလှူခဲ့သောကြောင့် လည်းကောင်း၊ ဆီမီး၊ အမွှေးတိုင်၊ ပန်းနံ့သာတို့ကို ပေးလှူခဲ့သောကြောင့် လည်းကောင်း၊ ဆိုက္ကာရာရှစ်ပါး၊ သဲပုံစေတီ၊ တည်ဆောက်မှု ပေးလှူခဲ့သောကြောင့် လည်းကောင်း၊ ဖိနပ်၊ ညောင်စောင်း၊ အင်းပျဉ်၊ ထွေ့ခင်၊ ဥစ္စာရွှေငွေ၊ စပါး၊ ဘောဇဉ်တို့ကို ပေးလှူခဲ့သောကြောင့် လည်းကောင်း ဤမည်သော ဘုံဗိမာန်အသီးသီးကို ခံစားကြရပါသည်။ အရှင်းမင်းမြတ် နှစ်သက်ဖွယ်ရှိသော ဤဘုံဗိမာန်တို့ဝယ် စိတ်အလိုရှိသမျှ နေပါလော့"

"အရှင်သိကြားမင်း… ဤယာဉ်ရထားနှင့် ဥစ္စာစည်းစိမ်တို့ ပြည့်စုံနေခြင်းသည် သူတစ်ပါးတို့ လှူဒါန်းခဲ့သော အလှူကြောင့် ပြည့်စုံနေရခြင်း ဖြစ်ပါသည်။ သူတစ်ပါး၏ ပေးလှူမှုကြောင့် ရသော စည်းစိမ်ဥစ္စာတို့ကို ကျွန်ုပ် အလိုမရှိပါ။ ကျွန်ုပ်ကိုယ်တိုင် ကောင်းမှုပြု၍ ရရှိသော စည်းစိမ်ဥစ္စာ ဘုံဗိမာန်ကိုသာ အလိုရှိပါသည်။ ကျွန်ုပ်သည် လူ့ပြည်သို့ ပြန်၍ ဒါန၊ သီလ၊ ဘာဝနာတို့ကို ဆောက်တည်ပြုလုပ်ပါမည်။ ကိုယ်တိုင်ပြုမှသာ နောင်အခါ ပူပန်ခြင်း ကင်းရပါမည်။ မိမိကိုယ်တိုင်ပြုသော ကောင်းမှုဖြင့်သာ သင် သိကြား [illegible] လာနေလိုပါသည်"

သိကြားမင်းသည် ဓမ္မိက ပဏ္ဍိတမင်း၏ စကားကို ကြားရသောအခါ များစွာနှစ်သက် သာဓုခေါ်ကျသည်ဖြစ်၍ မာတလိ ရထားဗိမာန်နှင့်တကွ နတ်ပြည်မှ လူ့ပြည်သို့ မင်းကြီးကို ပြန်လည်ပို့ပေးလေသည်။

◈◈◈

အမတ်များနှင့် လူအများတို့သည် ဓမ္မိကပဏ္ဍိတမင်း ပြန်ရောက်လာသည်ကို သိကြ၍ မင်း၏ နန်းတော်ရင်ပြင်သို့ ရောက်ရှိလာကြသည်။ မင်းကြီးသည် ပရိသတ်တို့…

"အမတ်နှင့် လူအများတို့…နတ်ပြည်၌ ရွှေဖြင့်ပြီးသော ဗိမာန်သည် အရောင်တလက်လက် ပြိုးပြိုးပြက်ပြက် စည်းစိမ်တို့ဖြင့် လည်းကောင်း၊ ဖျော်ဖြေမှု အဆိုအက တို့ဖြင့် လည်းကောင်း တင့်တယ်လှလေ၏။

နတ်အများတို့ မွေ့လျော်အောင် ဖျော်ဖြေနေသော နတ်ကောင်းသံတို့ကလည်း သာယာလှ၍ နတ်သမီးအပေါင်း ခစားလျက် နေရသည်မှာလည်း တင့်တယ်လှပလှပါ၏။

ဥစ္စာရွှေငွေ အထွေထွေပြည့်စုံမှုတို့ဖြင့် ထွန်းလင်းတောက်ပလျက် နတ်ဥယျာဉ်၊ ရေကန်တို့ဖြင့် ဝန်းရံထားသော နတ်ဘုံ၊ နတ်နန်း၊ ပြာသာဒ်တို့သည်လည်း တင့်တယ်လှပလှပါသည်။

လိုရာဟူသမျှ အားလုံးရသော ပဒေသာမင်းတို့၏ ပြည့်စုံခြင်းသည်လည်း နတ်တို့အတွက် ပျော်မွေ့ဖွယ်ဖြစ်ပါ၏။

ကုသိုလ်ကောင်းမှုကြောင့် ဖြစ်ပေါ်လာသော ဝိဂွမ်း၊ အဝတ်အထည် စသော ဝတ်စုံ ပဒေသာပင်တို့ဖြင့်လည်း တင့်တယ်လှပလှပါ၏။

နတ်မြို့တော်၌ နားထောင်ဖွယ်ကောင်းသော သာယာညှင်းပျောင်းဖွယ် နတ်တူရိယာသံတို့သည် အမြဲရှိနေပါသည်။

မိမိတို့၏ ကောင်းမှုအဟုန်ကြောင့် ဖြစ်ပေါ်လာသော ပုလဲ၊ ပတ္တမြား စသော ရတနာတန်ဆာတို့သည် လည်းကောင်း၊ အစားအစာတို့သည် လည်းကောင်း နတ်တို့ပြည်ဝယ် ပေါများ ပြည့်စုံကြပါ၏"

ဟု နတ်ပြည်၏ အတွေ့အကြုံများကို ဓမ္မိကပဏ္ဍိတက မိန့်ကြား ပြောပြသောအခါ မင်းအမတ်များနှင့် ပြည်သူပရိသတ်အပေါင်းတို့သည် နှစ်သက် ဝမ်းမြောက်သောစိတ်ရှိကြကာ ကောင်းမှုတို့ကို ပြုလုပ်ရန် စိတ်ဆုံးဖြတ်ကြပြီး ကောင်းမှုအမျိုးမျိုးတို့ကို ပြုလုပ်ကြလေသည်။

ထိုသူတို့သည် သေသည်၏ အခြားမဲ့၌ နတ်ပြည်သို့ ရောက်ကြပြီး နတ်စည်းစိမ်ကို ခံစား၊ စံစားကြရတော့သတည်း။

အာဒိတ္တဝဂ်၊ ဓမ္မိကပဏ္ဍိတ ဇာတက

* * *

တက္ကသိုလ်သျှင်သိရီ(မဟာစရိယ၊ ဒီဓဇ)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓနှင့် သူဌေး

• ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံး နေထိုင်တော်မူလျက်ရှိသည်။ "ဗိဋ္ဌာလပါဒက" သူဌေးလည်း သာဝတ္ထိပြည်၌ပင် သူ၏ အိမ်၌ နေထိုင် ပျော်မွေ့လျက်ရှိသည်။ ယင်းသို့ တစ်မြို့တည်း၌ အတူနေထိုင်သော ဗုဒ္ဓဘုရားရှင်နှင့် ဗိဋ္ဌာလပါဒက သူဌေးတို့၏ ဆုံဆည်းမှုကား စိတ်ဝင်စားဖွယ်ရာဖြစ်သည်။ ဤ၌ အနည်းငယ် ဖော်ပြပါမည်။

### ဆွမ်းအလှူခံ ပင့်လျှောက်ခြင်း

အခါတစ်ပါး၌ သာဝတ္ထိ မြို့သူမြို့သားတို့သည် အစုအဖွဲ့ပြု၍ အလှူဒါနပေးလှူကြ၏။ ထိုအခါ ဗုဒ္ဓဘုရားရှင်သည် သတ္တဝါအပေါင်းတို့အား ကရုဏာမေတ္တာဖြင့် အနုမောဒနာတရား ဟောကြား ချီးမြှင့်တော်မူသည်။

သာဝတ္ထိမြို့ကား ဇေတဝန်ကျောင်း၊ ပုဗ္ဗာရုံကျောင်းသော သာသနိက အဆောက်အအုံတို့ဖြင့် ကြီးကျယ်ခမ်းနားလျက် အလွန်ကျက်သရေရှိသောမြို့ဖြစ်သည်။ ဘုရားဒါယကာ၊ ကျောင်းဒါယကာ၊ ဆွမ်းအလှူရှင်၊ သင်္ကန်းအလှူရှင်၊ ကျောင်းအလှူရှင်၊ ဆေးအလှူရှင် စသော အလှူရှင်သူတော်စင်တို့ စုဝေးနေထိုင်ရာ၊ ကုသိုလ်ပန်း ပွင့်လန်းမွှေးကြိုင်ရာဖြစ်၍ ပညာရှိ ပုဂ္ဂိုလ်တို့ နှစ်ခြိုက် ပျော်မွေ့ရာမြို့ဖြစ်သည်။

ယခုအခါ ထိုမြို့၌ ဗုဒ္ဓဘုရားရှင် တရားဟောကြားတော်မူခြင်းဖြစ်သည်။ ပညာရှိ၊ သူဌေး၊ သူကြွယ်၊ သူဆင်းရဲသော အယုတ်အလတ် အမြတ်မရွေး လာရောက် တရားနာယူကြသဖြင့် ပရိသတ် စုံလင်သော တရားပွဲဖြစ်သည်။

တရားပွဲပြီးလျှင် ပညာရှိ ယောကျ်ားတစ်ယောက်သည် ဘုရားရှင် ဟောကြားသောတရား ကြားနာရ၍ ကြည်ညိုလေးမြတ်သဖြင့် ဗုဒ္ဓဘုရားရှင်အား -

"အရှင်မြတ်ဘုရား…နက်ဖြန် တပည့်တော်၏ ဆွမ်းအလှူခံတော်မူပါ ဘုရား"

ဟု လျှောက်ထားသည်။

ထိုအခါ ဗုဒ္ဓဘုရားရှင်က -

"အဘယ်မျှ အရေအတွက်ရှိသော ရဟန်းတို့ဖြင့် ကြွစေလိုသနည်း"

ဟု မေးရာ…

"အရှင်မြတ်ဘုရား…အလုံးစုံသော ရဟန်းတို့ဖြင့် အလိုရှိပါသည် ဘုရား"

ဟု လျှောက်ထားသည်။

ဤမှုဖြင့် ဗုဒ္ဓဘုရားရှင်အား ဆွမ်းအလှူခံ ပင့်လျှောက်ခြင်းဆိုင်ရာ ဆောင်ရွက်မှု ပြီးစီးအောင်မြင်ပါသည်။

### နိဗ္ဗာန်ဆော်

လှူဒါန်းရခြင်း၏ အကျိုးကျေးဇူး၌ စိတ်ဝင်စားသော ပညာရှိ အမျိုးသားသည် ဘုရားအမှူးရှိသော ရဟန်း သံဃာအား နက်ဖြန်ခါ ဆွမ်းကပ်လှူ ပူဇော်ရန် လျှောက်ထားခဲ့သည့်အကြောင်း မြို့မိမြို့ဖ၊ ရပ်မိရပ်ဖတို့ထံ ချဉ်းကပ်၍…

"အို…မိခင်၊ ဖခင်တို့… အကျွန်ုပ်သည် နက်ဖြန် ကောင်းမှုဖြစ်စေဖို့အတွက် ဘုရားအမှူးရှိသော ရဟန်း သံဃာအား ပင့်ဖိတ်အပ်ပါပြီ။ ဘဝကောင်းကျိုး မျှော်လင့်တောင့်တ၍ တတ်စွမ်းသမျှ လှူဒါန်းကြကုန်လော့။ ယာဂု ဆွမ်း စီမံရန် ဆန် စသည်တို့ကို ယူဆောင်လာကြလော့။ တစ်နေရာတည်း ပြုအပ်သော အလှူမဏ္ဍပ်၌ စုပေါင်း လှူဒါန်းကြကုန်အံ့"

ဟု နှိုးဆော် ပန်ကြားသည်။

အကျိုးဆောင် ပညာရှိ ယောကျ်ားကား ဗုဒ္ဓဘုရားရှင်၏ တရားတော်၌ အလွန်ကြည်ညိုနှစ်သက်၍ မိမိကိုယ်တိုင်လည်း လှူမည်။ သူတစ်ပါးတို့ကိုလည်း လှူစေရန် တိုက်တွန်း စည်းရုံးသည်။ သိုက်သိုက်မြိုက်မြိုက် စည်းလုံးညီညွတ်စွာဖြင့် ဝမ်းမြောက်ဝမ်းသာ စုပေါင်းလှူဒါန်းခြင်းလည်း ဖြစ်စေလိုသည်။ အားလုံး ကုသိုလ်ဖြစ်ထွန်း တိုးပွားစေလိုသော ဆန္ဒလည်း ရှိသည်။ တစ်စုံတစ်ယောက်အား ဂုဏ်သိက္ခာ ထိခိုက် ညှိုးနွမ်းစေလိုသော ညံ့ဖျင်းစိတ်လည်း ကင်းရှင်းသည်။ စိတ်ထားမြင့်မြတ်သော နိဗ္ဗာန်ဆော် အကျိုးဆောင် ဖြစ်သည်။

သို့သော် အကျိုးဆောင် နိဗ္ဗာန်ဆော်၏ ဆောင်ရွက်မှုကို မနှစ်သက်သူကား ဗိဋ္ဌာလပါဒက(ကြောင်ခြေရာ)သူဌေး ဖြစ်သည်။ ထိုသူဌေးသည် သူ၏ ပစ္စည်းယုတ်လျော့ရခြင်း၊ စွန့်လွှတ်ပေးကမ်းရခြင်းဖြစ်၍ မနှစ်သက်ခြင်း ဖြစ်သည်။ စင်စစ် ကပ်စေးနဲ့ဟု ဆိုလိုသည်။

ထို့ကြောင့် အကျိုးဆောင် ဒါယကာ သူ၏ စီးပွားရေး ဈေးဆိုင်အနီး ရောက်လာလျှင်…

"ဤသူကား မနိုင်ဝန်ကို ထမ်း၏။ သူတစ်ဦးတည်း တတ်စွမ်းသမျှ လှူလျှင် ပြီးလျက်နှင့် အခြားလူတို့ကို ဝန်ထုပ်ဝန်ပိုးဖြစ်စေဘိ၏"

ဟု ဖျစ်တောက်ဖျစ်တောက် ရေရွတ်ကာ အမျက်



www.burmeseclassic.com

www.burmeseclassic.com

ဒေါသထွက်၏။

ထိုစဉ် နိဗ္ဗာန်ခေါ် ပုဂ္ဂိုလ် သူ့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာ၏။ ထိုအခါ ဗိဋ္ဌာလပါဒက စဉ်းစား၏။ သူဌေးကြီးတစ်ယောက်ဖြစ်လျက် တစ်စုံတစ်ခုမျှ မလှူဒါန်းလျှင် ကဲ့ရဲ့ခံရဖွယ်ဖြစ်၏။ ကဲ့ရဲ့ခံရခြင်းကိုကား စိုးရိမ်ကြောက်ရွံ့၏။ ထို့ကြောင့် ကဲ့ရဲ့ခံရခြင်း လွတ်ကင်းစေရန် ရည်ရွယ်၍ လက်ဖျစ်လက်သုံးချောင်း (လက်မ၊ လက်ညှိုး၊ လက်ခလယ်)ဖြင့် ဆန်းအနည်းငယ် ယူဆောင်ကာ ပေးလှူ၏။ ထို့အတူ ပဲလွန်း၊ ပဲနောက်တို့ကိုလည်း လက်သုံးချောင်းဖြင့် ယူဆောင်ကာ အနည်းငယ်သာ ပေးလှူ၏။

ယင်းသို့ လက်သုံးချောင်းဖြင့် ယူဆောင် လှူဒါန်းသော် ဆန်၊ ပဲလွန်း၊ ပဲနောက်တို့၌ ကြောင်ခြေရာကဲ့သို့ လက်သုံးချောင်းရာ အရေးအကြောင်းဖြစ်၍ ကျန်ခဲ့၏။ ထိုသို့ ကြောင်ခြေရာကဲ့သို့ အရေးအကြောင်းဖြစ်ရုံမျှ ဆန်၊ ပဲလွန်း၊ ပဲနောက်တို့ကို အနည်းငယ်သာ လှူဒါန်းသောကြောင့် ထိုသူဌေးကို "ကြောင်ခြေရာ (ဗိဋ္ဌာလ- ကြောင်၊ ပါဒက-ခြေရာ)သူဌေး"ဟု ခေါ်ဝေါ်ရာမှ စ၍ "ကြောင်ခြေရာ သူဌေးဘွဲ့"ရရှိခဲ့ခြင်းဖြစ်သည်။

ဆီ၊ ထောပတ်၊ တင်လဲတို့ကို လှူဒါန်းရာ၌လည်း ဆီပေါက်အနည်းငယ်ကျရုံမျှသာ ဖြစ်စေ၍ ပေးလှူ၏။

အကျိုးဆောင် နိဗ္ဗာန်ခေါ် ဒါယကာသည် ထို ဗိဋ္ဌာလပါဒက(ကြောင်ခြေရာ)သူဌေး လှူဒါန်းသော ဆန်၊ ပဲလွန်း၊ ပဲနောက်၊ ဆီ၊ ထောပတ်၊ တင်လဲတို့ကို အခြားအလှူရှင်တို့ လှူသော လှူဖွယ်ဝတ္ထုတို့နှင့် မရောနှောဘဲ သီးခြားယူဆောင်သည်။

ထိုအခြင်းအရာကို ဗိဋ္ဌာလပါဒက(ကြောင်ခြေရာ) သူဌေးကြီးသည် စေ့စပ်သေချာစွာ ကြည့်ရှု၍ . . .

"ဤသူကား အခြားအလှူရှင်တို့ လှူသော ဝတ္ထုပစ္စည်းတို့ကိုမူ တစ်ပေါင်းတည်းပြု၍ ယူဆောင်၏။ မိမိလှူသော ဆန်၊ ပဲလွန်း၊ ပဲနောက်၊ ဆီ၊ ထောပတ်၊ တင်လဲ အနည်းငယ်တို့ကိုကား သီးခြားယူဆောင်၏။ အဘယ်ကြောင့် ဤသို့ ပြုသနည်း"

ဟု အကြံဖြစ်သဖြင့် အလုပ်အကျွေး လုလင်ငယ်တစ်ယောက်အား အကျိုးဆောင် နိဗ္ဗာန်ခေါ် ဒါယကာ၏ အပြုအမူကို သေချာစွာ လိုက်လံ စုံစမ်းကြည့်ရှုပြီးလျှင် ဆောင်ရွက်မှုအလုံးစုံကို ပြန်ကြားပြောဆိုလော့ဟု မှာကြားစေလွှတ်သည်။

အကျိုးဆောင် ဒါယကာသည် လှူဖွယ်ဝတ္ထုပစ္စည်းများ စုပေါင်းထားရှိရာ အလှူမဏ္ဍပ်ရောက်လျှင် ဗိဋ္ဌာလပါဒက (ကြောင်ခြေရာ)သူဌေးလှူသော ဆန်၊ ပဲလွန်း စသည်တို့ကို အခြားအလှူရှင်တို့ လှူဒါန်းထားသော ဆန်၊ ပဲလွန်း စသည်တို့၌ တစ်စေ့စီ တစ်စေ့စီ လိုက်၍ထည့်သည်။ ပဲလွန်း၊ ပဲနောက်တို့ကိုလည်း ထို့အတူပင် ထည့်သည်။ ဆီ၊ ထောပတ်၊ တင်လဲတို့ကိုလည်း အခြားဆီအိုးတို့၌ တစ်ပေါက်စီ တစ်ပေါက်စီပင် အစုံအစေ့ လိုက်၍ထည့်သည်။

နိဗ္ဗာန်ခေါ် အကျိုးဆောင် ဒါယကာ၏ ဤသို့ ပြုမှုဟန်ကား ထူးခြားသည်ဟု ထင်ရသည်။ ရှေးယခင်တို့၌ ဤသို့ပြုသည့် အစဉ်အလာမရှိ။ လျှို့ဝှက်ချက် ပါဝင်သည်ဟု ထင်မှတ်ဖွယ်ရာဖြစ်သည်။ သူ၏ သဘောထား၊ ရည်ရွယ်ချက်အမှန် သိရဖို့ကား စောသေးသည်။ ခေတ္တစောင့်ရလိမ့်ဦးမည်။

◈◈◈

ယနေ့ကား ဘုရားအမှူးရှိသော ရဟန်း သံဃာတို့အား ဆွမ်းဆက်ကပ်သော အလှူမင်္ဂလာနေ့ဖြစ်သည်။

ဗိဋ္ဌာလပါဒက သူဌေးကြီးသည် အလုပ်အကျွေးလုလင်ငယ် ပြောကြားသဖြင့် အကျိုးဆောင် ဒါယကာ၏ ဆောင်ရွက်မှု အလုံးစုံကို သိပြီးဖြစ်သည်။

ဗိဋ္ဌာလပါဒက သူဌေးသည် အကျိုးဆောင် ဒါယကာ၏ ဆောင်ရွက်မှုတို့ကို ကျေနပ်နှစ်သက်ခြင်း မရှိ။ အဓိပ္ပာယ်ရှင်းရှင်းလင်းလင်း မထင်ရှား။ အမျိုးမျိုးထင်ရ၊ မြင်ရသည်။ ဇဝေဇဝါဖြစ်ရသည်။ သူ၏ ဂုဏ်သိက္ခာကို ထိခိုက်စေမည်လောဟု အတွေးဝင်ကာ အမျက်ဒေါသလည်း ဖြစ်ပွားလျက်ရှိသည်။

"အကယ်၍သာ နိဗ္ဗာန်ခေါ် ဒါယကာသည် ပရိသတ်အလယ်၌ ငါ၏ ကျေးဇူးမဲ့ကို ထုတ်ဖော်ပြောဆိုအံ့၊ ငါ၏ နာမည်ကို ပြောဆိုကာမျှ၌ပင် နိဗ္ဗာန်ခေါ်ကို ဓားဖြင့် ထိုးသတ် သေကြေပျက်စီးစေအံ့"ဟု ကြံ့ဝါးကာ ဓားမြှောင်ကို ပုဆိုးအဝတ်ကြား၌ ဖွဲ့ရှည်၍ ဆွမ်းအလှူပွဲ ကျင်းပရာ မဏ္ဍပ်သို့ တွေဝေမိုက်မဲစွာ လာရောက်သည်။

နိဗ္ဗာန်ခေါ် အကျိုးဆောင် ပညာရှိကား ယဉ်ကျေး သိမ်မွေ့၏။ ဘုရားအမှူးရှိသော ရဟန်း သံဃာအား သက္ကစ္စ ဂါရဝဖြင့် အလေးအမြတ် ဆည်းကပ် လုပ်ကျွေး၏။ အပြော အဆို၊ အပြုအမူ နူးညံ့ပျော့ပျောင်းစွာဖြင့် အရာရာ၌ ဆောင်ရွက်သော အကျိုးဆောင် ပညာရှိ၏ အမူအရာသည် ကြည်နူး နှစ်သက်ဖွယ်ရာဖြစ်သည်။ ချစ်ခင် မြတ်နိုးဖွယ်ရာဖြစ်သည်။ လေးစား ယုံကြည်ဖွယ်ရာဖြစ်သည်။ မြို့မိမြို့ဖ ကြီးငယ်

www.burmeseclassic.com

www.burmeseclassic.com

ရွှယ်လတ် ပရိသတ်အပေါင်းတို့လည်း နိဗ္ဗာန်ဆောင် အကျိုးဆောင် ပညာရှိ၏ ဆောင်ရွက်မှုတို့ကို ကြည်ကြည်ဖြူဖြူ ကျေနပ် လက်ခံကြသည်။

ဗိဋ္ဌာလပါဒက တစ်ယောက်သာလျှင် "ငါ၏ ဂုဏ်သိက္ခာ ထိခိုက်စေသော ကျေးဇူးမဲ့ စကားဖွင့်ဟခဲ့သော် နိဗ္ဗာန်ဆော်အား အသေသတ်အံ့"ဟူသော လျှို့ဝှက်အကြံဖြင့် ပုဆိုးအဝတ်ကြား ဖွဲ့ချည်ထားသော ဓားမြှောင်ကို လက်ယာလက်ဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်ထားခြင်းဖြစ်သည်။ ကြောက်မက်ဖွယ်ရာတည်း။

အများအကျိုးအတွက် ဆောင်ရွက်ရာ၌ သတိပြုဖွယ်ရာဖြစ်သည်။ ကောင်းကျိုးကိုယ်စီ ရရှိစေရန် ဖြူစင်မြင့်မြတ်သောစိတ်ဖြင့် ဆောင်ရွက်သော်လည်း အားလုံး လက်ခံကြိုက်နှစ်သက်သည်ဟု တစ်ထစ်ချ မမှတ်သင့်။ မနှစ်သက်သူလည်း ရှိနိုင်ကြောင်း သတိပြုရသည်။

**နိဗ္ဗာန်ဆော်၏ လျှောက်ထားချက်**

နိဗ္ဗာန်ဆော် ပညာရှိ ဒါယကာသည် ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းလှူ ပူဇော်ပွဲ ဆည်းကပ်သုပ်ကျွေးပြီးလျှင် ရိုသေစွာ ရှိခိုးကန်တော့၍…

"အတုမရှိ ဘုန်းတန်ခိုးရှင်ဖြစ်တော်မူသော အရှင်မြတ်ဘုရား… တပည့်တော်သည် လူအများကို နှိုးဆော်စည်းရုံး၍ ဤဆွမ်းခဲဖွယ်တို့ကို ကပ်လှူ ပူဇော်ပါသည် ဘုရား။ ဤအလှူ၌ အလှူရှင်တို့သည် စွမ်းအားအလျောက် အနည်းအများပါဝင်၍ ဆန်၊ ပဲနောက်၊ ပဲလွန်း၊ ဆီ၊ ထောပတ်၊ တင်လဲ စသည်တို့ကို လှူဒါန်းကြပါသည် ဘုရား။ အလုံးစုံသော အလှူရှင်တို့အား အကျိုးထူး အကျိုးမြတ် အညီအမျှခံစားခွင့် ရရှိကြပါစေ ဘုရား"

ဟု လျှောက်ထားသည်။

ထိုစကားကြားလျှင် ဗိဋ္ဌာလပါဒက သူဌေးသည်…

"ဗိဋ္ဌာလပါဒက သူဌေးကား လက်ဖျစ်(လက်သုံးချောင်း)ဖြင့် ဆန်၊ ဆီ၊ ပဲလွန်း၊ ပဲနောက် စသည်တို့ကို ပေးလှူ၏"

ဟု ပရိသတ်အလယ်၌ ငါ့အမည်ကို ထုတ်ဖော်ပြောဆိုမှုဖြင့် ထိုသူအား အသေသတ်အံ့ဟူသော ညှဉ်းဖျင်းစိတ် [illegible]ဆောင်လာခဲ့သည်။

ဤနိဗ္ဗာန်ဆော် ပညာရှိကား အားလုံးသောသူတို့ကို [illegible]မြှောက်ခြင်းအားဖြင့်…

"အချို့ အလှူရှင်တို့သည် ပြည်တောင်း စသည်ဖြင့် ခြင်၍ ပေးလှူကြ၏။ အချို့ အလှူရှင်တို့သည် လက်သုံးချောင်းဖြင့် ယူ၍ ပေးလှူကြ၏။ ခပ်သိမ်းသောသူတို့အား အကျိုးထူး၊ အကျိုးမြတ် အညီအမျှဖြစ်ကြပါစေ"

ဟု ဆိုဘိ၏။

နိဗ္ဗာန်ဆော် ပညာရှိ စကားသည် ဖြောင့်မတ် တည်ကြည်၍ ဣန္ဒြေ သိက္ခာရှိခြင်းအရာ၌ သက်ဝင်စေသဖြင့် မြင့်မြတ် မှန်ကန်ခြင်း၊ ဂုဏ်ရှိသော ဂန္ထဝင် မှတ်တမ်းဝင် အနှစ်သာရ စကားဖြစ်သည်။

သူတစ်ပါးအကျိုး ရှေးရှု စည်းရုံးခြင်း ဟူ၍လည်း အဓိပ္ပာယ်ဖွင့်ရသည်။ အခြားပုဂ္ဂိုလ်အား ဂုဏ်သိက္ခာထိခိုက်စေလိုသော အခြင်းရာ လက္ခဏာ မပါဝင်ခြင်းသည်လည်း နိဗ္ဗာန်ဆော်၏ အရည်အချင်းပြောင်မြောက်သော အနှစ်သာရ စကားဖြစ်သည်။

ဗိဋ္ဌာလပါဒက သူဌေးသည် နိဗ္ဗာန်ဆော် ဒါယကာ၌ သူ၏ မိုက်မဲတွေဝေစိတ်ဖြင့် မှားယွင်းစွာ ထင်မြင်ခြင်း၊ မှားယွင်းစွာ ကျူးလွန်ခြင်းဖြစ်၍ ဝေဒနာပြင်းစွာ ခံစားရလျက်ရှိသည်။

**ဝန်ခံခြင်း**

ဗိဋ္ဌာလပါဒက သူဌေးသည် အကယ်၍သာ လေးစားမြတ်နိုးအပ်သော သူတော်ကောင်း နိဗ္ဗာန်ဆော်အား မိမိ၏ မိုက်မဲတွေဝေခြင်း၊ မှားယွင်းကျူးလွန်ခြင်းကို သည်းခံစေခြင်း၊ တောင်းပန်ခြင်း မပြုသော် ဒေဝဒဏ်(ဒေဝဒဏ္ဍ) ခံရအံ့ဟု စိုးရိမ်ကြောက်ရွံ့ကာ ဂနာမငြိမ် ဣန္ဒြေမရ ဖြစ်နေရရှာသည်။

ထို့ကြောင့် ယင်းသို့ ခံစားနေရသော သောကဝေဒနာ ငြိမ်းအေးစေရန် ရင်တွင်းဖြစ် မေတ္တာ ဂါရဝဖြင့် နိမ့်ချ မာန်လျှော့ ကန်တော့လို၍ အကျိုးဆောင် နိဗ္ဗာန်ဆော်အား-

"အို… အဆွေတော် လူကြီးမင်း၊ အကျွန်ုပ်အား သည်းခံပါလော"

ဟု ချိုပြ သိမ်မွေ့စွာ မြွက်ကြား တောင်းပန်သည်။

ထိုအခါ နိဗ္ဗာန်ဆော် ပညာရှိက -

"အဘယ့်ကြောင့် ဤသို့ ဆိုသနည်း"

ဟု မေးလျှင် ဗိဋ္ဌာလပါဒက သူဌေးက သူ၏ ညှဉ်းဖျင်းသော အပြုအမူနှင့် တွေဝေ မိုက်မဲသော ကြံစည်ခြင်းတို့ကို ကျိုးနွံသောအမူအရာဖြင့် မခြွင်းမချန် ဖွင့်ဟ ဝန်ခံသည်။

**အကုသိုလ်ခေါင်းဆောင်**

စင်စစ်၊ ဗိဋ္ဌာလပါဒက သူဌေးကား ဘဝမုန်တိုင်းဒဏ် ခံရ၍ တက်ကြွ လန်းဆန်းခြင်း မရှိ။ အင်အားချည့်နဲ့နေပြီဖြစ်သည်။ သူ့ဘဝ၌ အားကိုးရာဟူ၍ သူ၏ ရင်တွင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သူရသတ္တိသာလျှင် ဖြစ်သည်။ ဗိဋ္ဌာလပါဒက သူဌေးသည် လောဘ၊ ဒေါသ၊ မောဟ ဟူသော အကုသိုလ်ခေါင်းဆောင်တို့၏ ပူးတွဲ စစ်ဆင်မှုကြောင့် ဘဝမှန်တိုင်း ကျရောက်ခံစားခဲ့ရသည်။

နိဗ္ဗာန်ဆော် အကျိုးဆောင် အလှူခံ ပုဂ္ဂိုလ် ကြွရောက်သည့်အခါ သူ၌ စွဲကပ်နေသော "လောဘ"၏ ငြိုငြင်မှုကြောင့် ဖြူစင်မြင့်မြတ်သော "သဒ္ဓါ"ဖြစ်ခွင့် ဆုံးရှုံးခဲ့ရသည်။ ထို့ကြောင့် အလှူခံ ပုဂ္ဂိုလ်အား ဆန်၊ ဆီ၊ ပဲတို့ကို ရက်ရက်ရောရော လှူဒါန်းရန် အင်အားမရှိ ဖြစ်ရသည်။ လက်ဖျစ်(လက်သုံးချောင်း)ဖြင့်သာ မဖွယ်မရာ လှူဒါန်းခဲ့၍ သေးသိမ်ညံ့ဖျင်းသော အလှူဒါနဖြစ်ခဲ့ရသည်။

အကယ်၍သာ မိမိပစ္စည်းဥစ္စာ၌ စွဲလမ်းတပ်မက်ခြင်း "လောဘ" ပြင်းထန်စွာ စိုးမိုးခြင်း မခံခဲ့ရသော အကျိုးဆောင် အလှူခံ ဒါယကာ၏ လက်ဝယ်သို့ လှူဖွယ်ဝတ္ထုတို့ကို ကိုယ်ထိလက်ရောက် ဖွယ်ဖွယ်ရာရာ လှူဖြစ်ခဲ့ရာ၏။ သို့သော် လောဘကြောင့် လှူခွင့်မရခဲ့။

"လောဘ"ဖြစ်ရခြင်း၊ စွဲကပ်ခံရခြင်း၊ စိုးမိုးခံရခြင်းကား "မောဟ"ကြောင့် ဖြစ်သည်။ မောဟသည် လင်းလက်တောက်ပခြင်းကို ဖြတ်တောက်တတ်သည်။ တွေဝေမိုက်မဲခြင်းကို ကြီးပွားဖွံ့ဖြိုးစေတတ်သည်။ မကောင်းရာသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်စေရန် လမ်းညွှန်တတ်သည်။ ကောင်းကျိုးချမ်းသာဖြစ်ခွင့်ဟူသမျှတို့ကို ဖျက်ဆီးခြေမှုန်းတတ်သည်။ လောဘဖြစ်ခြင်းကို အလွယ်တကူ ခွင့်ပြုတတ်သည်။

စင်စစ် "မောဟ"ကြောင့် "လောဘ"ဖြစ်ရသည်။ လောဘဖြစ်သော် "ဒေါသ"ဖြစ်ရန် လွယ်ကူသည်။ အကယ်၍သာ ဗိဋ္ဌာလပါဒက သူဌေးသည် ပစ္စည်းဥစ္စာ၌ တွယ်တာငြိကပ်ခြင်းလောဘ မဖြစ်ခဲ့သော်၊ ဒေါသဖြစ်ရန် ခက်ခဲမည်။ ဒေါသ မဖြစ်ခဲ့သော် ညံ့ဖျင်းစွာ ပြုမူခြင်း၊ ကြံစည်ခြင်းတို့ကို သုတ်သင်ရှင်းလင်းပြီး ဖြစ်သည်။ စင်စစ် လောဘ၊ ဒေါသ၊ မောဟတို့ကား အကုသိုလ်ခေါင်းဆောင်များ ဖြစ်သည်။ အကုသိုလ်ခေါင်းဆောင်တို့ ပူးပေါင်းကြံစည်ခြင်း ခံရပြီဆိုလျှင် အတိဒုက္ခရောက်ပြီဟူ၍ မှတ်ရမည်။

ဗိဋ္ဌာလပါဒက သူဌေးသည် လောဘ၊ ဒေါသ၊ မောဟ ဟူသော အကုသိုလ်ခေါင်းဆောင်တို့ ဝင်ရောက် နှောင့်ယှက်မှုကြောင့် သူ၏ ဘဝတစ်ကွေ့၌ ကမောက်ကမ ဖြစ်ရခြင်းတို့နှင့် ဆုံစည်းကြုံတွေ့ရခြင်း ဖြစ်သည်။ သို့သော် ဗိဋ္ဌာလပါဒက သူဌေးကား ရဲရင့်ခြင်း သူရသတ္တိနှင့် ပြည့်စုံသည်။ စင်စစ် သူ၏ဘဝ နံချာညံ့ဖျင်း မိုက်မဲမှားယွင်းခြင်းအရာ၌ ခေတ္တကျရောက်ခဲ့ရသည်။ သို့သော် မိုက်မဲမှားယွင်းပြီဖြစ်ကြောင်း သိလျှင်သိချင်း၊ သူ့ဘဝကို လျင်မြန်စွာ ကယ်တင်နိုင်ခဲ့သည်။ ဆိုလိုသည်မှာ အမှားကျူးလွန်ခြင်းကို အမှားကျူးလွန်ကြောင်း ရှင်းလင်းပြတ်သားစွာ ဖွင့်ဟဝန်ခံသည်။ တောင်းပန် ဝန်ချသည်။ နိဗ္ဗာန်ဆော် ဒါယကာ၏ ခြေရင်း၌ ရိုသေစွာ တုပ်ဝပ်လျက် ကန်တော့သည်။ ဤသည်ပင် ဗိဋ္ဌာလပါဒက သူဌေး၏ သူရသတ္တိဖြစ်သည်။ ဤသူရသတ္တိဖြင့် သူ၏ ဘဝကို ကယ်တင်ခဲ့ခြင်း ဖြစ်သည်။

**သောတာပတ္တိဖိုလ်**

ဗုဒ္ဓဘုရားရှင်သည် နိဗ္ဗာန်ဆော် အကျိုးဆောင် ဒါယကာနှင့် ဗိဋ္ဌာလပါဒက သူဌေးတို့၏ ထူးခြားသော အမှုအရာတို့ကို မြင်တော်မူ၍ စိစစ်မေးမြန်းပြီးလျှင် ဤတရား ဟောကြားတော်မူသည်။

"ဒါယကာ သူဌေး··· အနည်းငယ်လှူခြင်း ပြုအပ်သော ကုသိုလ်ကံသည် အကျိုးပေးသောအားဖြင့် ကုသိုလ်ရှင်ထံသို့ မရောက်လာလတ္တံ့ဟု ကောင်းမှုကို မထေမဲ့မြင် မထင်မမှတ်ရာ။ ရေတစ်ပေါက်···တစ်ပေါက်ကျခြင်းဖြင့် ကြီးစွာသော အိုးကြီးသည်ပင် ရေပြည့်လျှံရသကဲ့သို့ ပညာရှိသည် အနည်းငယ်···အနည်းငယ်မျှလည်းဖြစ်သော ကုသိုလ်ကို ပွားများစေမှု လုံ့လပြုသည်ရှိသော် ကောင်းမှုဖြင့် ပြည့်စုံရသည်ပင်တည်း"



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓ၏ ဤတရားအဆုံး၌ ဗိဋ္ဌာလပါဒက သူဌေးသည် သောတာပတ္တိဖိုလ်သို့ ရောက်ရသတည်း။

**ကြောင်ခြေရာနှင့် သောတာပန်**

ဗိဋ္ဌာလပါဒက(ကြောင်ခြေရာ)သူဌေးသည် ဆန်၊ ပဲ ထွန်း ပဲနောက်တို့ကို လက်သုံးချောင်းဖြင့် ကြောင်ခြေရာကဲ့သို့ အရေးအကြောင်းထင်ရှားမှု ဖြစ်စေလျက် ယူဆောင်၍ နိဗ္ဗာန်ခေတ် အလှူခံ ပုဂ္ဂိုလ်၏ လက်ဝယ်သို့ ကိုယ်ထိ ဆက်ရောက် ပေးကမ်းလှူဒါန်းပါသည်။

တစ်ဖန် ယင်းသို့ လှူဒါန်းခြင်းသည် သေးသိမ်ညံ့ဖျင်းသော ပြက်ရယ်ပြုဖွယ်ရာ အလှူဖြစ်ကြောင်း ကိုယ်တိုင်ပင် ဆင်းစားဆင်ခြင် အသိဝင်သည်။

တစ်ဖန် ယင်းသို့ လက်သုံးချောင်းဖြင့် လှူဒါန်းကြောင်း နိဗ္ဗာန်ဆော် ဒါယကာအား ဓားဖြင့် ထိုးသတ်ရန် ဓားမြှောင်ကို ပုဆိုးအဝတ်ကြား၌ သိုဝှက်ယူဆောင်၍ အလှူမဏ္ဍပ်သို့ လာခဲ့သည်။

ဆွမ်းကပ်လှူပွဲသို့ ရောက်သော် နိဗ္ဗာန်ဆော် ဒါယကာ၏ ဆောင်ရွက်မှုသည် အလွန်မြင့်မြတ် စင်ကြယ်ကြောင်း၊ ပညာရှိ ပီသကြောင်း၊ ဆင်းရဲချမ်းသာမရွေး ကောင်းကျိုးချမ်းသာရရှိစေမှု ရှေးရှုဆောင်ရွက်ကြောင်း ထင်ရှားစွာ တွေ့ရသည်။

ထိုအခါ ဗိဋ္ဌာလပါဒက သူဌေးသည် "ငါ မှားပြီ"ဟု တွေးတောင်တရလာသည်။ စင်စစ် အမှားကို အမှားဟူ၍ သိမြင်ခြင်းဖြစ်သည်။ ယင်းသို့ သိမြင်ခြင်းသည် သူ့အား အထူးကောင်းပြုခဲ့သည်။ ထို့ကြောင့် ကြောက်မက်ဖွယ် အမှားကို ချက်ချင်း ရှင်းလင်းသုတ်သင်ရန် ဆုံးဖြတ်သည်။

ဗိဋ္ဌာလပါဒက သူဌေးသည် တွေဝေ နောက်ကျသော ညစ်နွမ်းစိတ်ကို သုတ်သင်ရှင်းလင်းပြီးလျှင် နိဗ္ဗာန်ဆော် အကျိုးဆောင် ဒါယကာ၏ ရှေ့မှောက်၌ ကျိုးနွံတုပ်ဝပ်ကာ ရှုံးအပ်ပြီးသောစိတ်ဖြင့် ယဉ်ကျေးသိမ်မွေ့စေလျက် မသိစိတ်မှာ မိုက်မဲခြင်းကြောင့် ပြုခဲ့၊ ကြံစည်ခဲ့သည်တို့ကို မချွင်းမချန် ဟုတ်မှန်သည့်အတိုင်း ဖွင့်ဟ ဝန်ခံ၍ တောင်းပန်ကန်တော့သည်။

စင်စစ် အမှားကို အမှားဟူ၍ သိလျှင်သိချင်း ဖွင့်ဟ ဝန်ခံရဲခြင်းသည် ကောင်းမြတ်ရာသို့ ရှေးရှု ဦးတည်ခြင်းဖြစ်၍ ပညာရှိ သူတော်ကောင်းတို့၌ တွေ့မြင်ရသော သူ့ရသတ္တိဖြစ်သည်။

အပြစ်ကို အပြစ်အားလျော်စွာ သည်းခံစေရန် ဝန်ချတောင်းပန်ခြင်းသည် ကြောက်ရွံ့ခြင်းကင်းသော သူ့ရဲကောင်းစိတ်ဖြစ်၍ ချီးကျူးဖွယ်ရာဖြစ်သည်။

ဒေါသ၊ မာန်မာန ထွေးစွန့်၍ ခြေသုတ်ပုဆိုး မြေခွေးကျိုးကဲ့သို့ စိတ်ကို ထိန်းသိမ်း နှိမ့်ချလျက် အမှားကို ရဲရဲဝံ့ဝံ့ ဖွင့်ဆိုကာ တုပ်ဝပ် ကန်တော့ခြင်းသည် ချီးကျူးဖွယ်ရာဖြစ်သည်။

ဗုဒ္ဓကိုယ်တိုင် စိစစ်မေးမြန်းသောအခါ တွေဝေမိုက်မဲမှု ဖြစ်စဉ်တို့ကို အမှန်အတိုင်းဝန်ခံ ဖွင့်ဟ လျှောက်ထားခြင်းသည် လေးစားဖွယ်ရာဖြစ်သည်။

ဗုဒ္ဓ တရားဟောကြား ချီးမြှင့်ရာဝယ် တရားတော်၌ သမာဓိသွင်း၍ ကြည်လင်သော အာရုံဖြင့် နာယူမှတ်သားပွားများခြင်းသည် သာဓုခေါ်ဖွယ်ရာဖြစ်သည်။

ဗုဒ္ဓ တရားဟောကြားခြင်း ပြီးဆုံးလတ်သော် တရားတော်၌ အာရုံစိုက်၍ ရှုမှတ်ပွားများခြင်းကြောင့် ရအပ်သော အကျိုးကား သောတာပတ္တိဖိုလ်ဖြစ်၍ ကြည်ညိုဖွယ်ရာတည်း။

ဗိဋ္ဌာလပါဒက(ကြောင်ခြေရာ)သူဌေး၏ ဘဝတွင် အခါအခွင့်မသင့်၍ အမည်းစက်များ စွန်းထင်းခဲ့သော်လည်း သန့်ရှင်းစွာ ဆေးကြောသုတ်သင်ခြင်း၊ အမှတ်တမဲ့ဖြစ်ခဲ့သော "ဒေါသ"ကို ကြီးပွားတောက်လောင်ခြင်း မဖြစ်စေမူ၍ လျှင်မြန်စွာ ငြိမ်းအေးစေခြင်း၊ ဗုဒ္ဓ စိစစ်မေးမြန်းသောအခါ မှန်ကန်စွာ ဖွင့်ဟ လျှောက်ထားခြင်း၊ ဗုဒ္ဓဘုရားရှင်အား ကြည်ညိုစွာ ဆည်းကပ် ဖူးမြော်ခြင်း၊ ဗုဒ္ဓတရားတော်ကို ယုံကြည်လေးစားစွာ နာယူရှုမှတ်ခြင်းတို့ကြောင့် အရည်အသွေးရင့်ကျက်သော သူတော်ကောင်းဖြစ်ရပြီးလျှင် ဆည်းပူးခဲ့ရသော ပါရမီတို့၏ ခွင့်ပြုချက်ကြောင့် သောတာပတ္တိဖိုလ် ရရှိခြင်းဖြစ်၍ ကြောင်ခြေရာနှင့် သောတာပန် ထိုက်တန်သင့်လျော်ကြောင်း ဂုဏ်ပြု ဖော်ပြအပ်ပါသည်။

*(ဗိဋ္ဌာလပါဒက ဝတ္ထု၊ ဓမ္မပဒ၊ ဋ္ဌ၊ ၂)*▫

* * *

စိတ်မိုး



www.burmeseclassic.com

www.burmeseclassic.com

# အပါယ်ဘေးမှ ကင်းဝေးချမ်းသာစေသော ဘုရားရှင်တိုင်း၏ အဆုံးအမဩဝါဒ ပါတိမောက် ဒေသနာတော်

မင်းကြည်ဖြူ

"လူ့ပြည်လူ့ရွာရောက်လာကြသူများ··· တို့ပြန်လျှင် ဘာယူသွားမယ် စဉ်းစားလို့ထား"ဟူသော ပညာရှိ သူတော်ကောင်းတို့၏ သတိပေး နှိုးဆော်ချက်ကို သတိပြု ဆင်ခြင်သင့်ပါသည်။ လူအများစုသည် မိမိတို့၏ ကိုယ်စိတ်ချမ်းသာမှုကို အစပြု ရှာဖွေရင်း အတ္တတွင်း၌ မေ့လျော့စွာ သက်ဆင်းနေကြသည်က များ၏။

အတ္တတွင်း၌ သက်ဆင်းနေမိကြသဖြင့် ဒေါသ၊ မောဟ၊ မာန်မာနတရားတို့နှင့်ပါ ရောထွေးယှက်ထင်နေမိကြ၏။ အတ္တဖုံးလွှမ်းနေသဖြင့် သတိတရား မေ့လျော့ကာ အသိတရားများ ခန်းခြောက်နေ၏။ နှေးညပြောင်းလဲခြင်းသဘောတရားကိုပင် ဆင်ခြင်မှု ကင်းဝေးနေတတ်ကြ၏။ သို့ဖြစ်ရာ အတ္တ၏ ရှေ့ဆောင်မှုဖြင့် ဒုစရိုက်တရားများကို ပြစ်မှားကျူးလွန်ကြကာ အပါယ်လမ်းသို့ ခြေဦးတည့်မိသည်ကဲ့သို့ ဖြစ်ကြ၏။

တကယ်တမ်းမှာမူ လူသည် လောက၌ အသိဉာဏ်အရှိဆုံး၊ ဉာဏ်ရည်အမြင့်မားဆုံးသော သတ္တဝါလည်း ဖြစ်၏။ ဘုရားအဖြစ်သို့ ရောက်ရှိရန်မှာလည်း လူ့ဘဝကို ရရှိမှဖြစ်၏။ လူ့ဘဝသည် အမြိုက်နိဗ္ဗာန် ချမ်းသာရွှေပြည်သို့လည်းကောင်း၊ ဒုက္ခဆင်းရဲအပေါင်းတို့ ပြည့်စုံရာ အပါယ်ငရဲသို့ လည်းကောင်း၊ သွားလိုရာ သွားရောက်နိုင်သည့် လမ်းခွဆုံဖြစ်လေ၏။

သို့ဖြစ်ရာ သံသရာဝဋ်ဆင်းရဲဒုက္ခအပေါင်းတို့ ဆုံစည်းရာ အပါယ်ငရဲသို့ မကျရောက်ကြစေရန်နှင့် ချမ်းသာသုခပြည့်ဝရာ နိဗ္ဗာန်ရွှေပြည်မြတ်သို့ ရောက်ရှိစေရန်အလို့ငှာလည်း လမ်းမှန် ညွှန်ပြပေးသည့် ဘုရားရှင်တို့၏ အဆုံးအမဒေသနာတရားတော်များကို လေးလေးစားစား လိုက်နာဆောင်ရွက်သင့်ကြပါ၏။

အလှူဟူသမျှ တရားတော်အလှူသည် အမြတ်ဆုံးဖြစ်သကဲ့သို့၊ အရသာဟူသမျှတွင်လည်း တရားတော်၏ အရသာသည် အမြတ်ဆုံးဖြစ်၏။ ထိုနည်းတူစွာ မွေ့လျော်ခြင်းဟူသမျှတွင်လည်း တရား၌ မွေ့လျော်ခြင်းသည် အမြတ်ဆုံးဖြစ်ပါ၏။ တရားစောင့်သူကို တရားက ပြန်လည်စောင့်ရှောက်မည်မှာလည်း ဧကန်အမှန်ပင် ဖြစ်ပါပေ၏။

အဆုံးအမတော်ကြီး (၃)ပါး

**ပထမ ဂါထာတော်**

(၁) ခန္တီပရမံ တပေါ တီတိက္ခာ - လွန်ချုပ်တည်းဟူသော သည်းခံခြင်းသည် အလွန်မွန်မြတ်သောအကျင့်တည်း။

(၂) နိဗ္ဗာနံ ပရမံ ဝဒန္တိဗုဒ္ဓါ - နိဗ္ဗာန်တရားကို အမြတ်ဆုံးဟူ၍ ဘုရားရှင်တို့ ဟောတော်မူကုန်၏။

(၃) နဟိပဗ္ဗဇိတော ပရူပဃာတိ - သူတစ်ပါးကို သတ်သောသူသည် စိတ်အညစ်အကြေး နှင်ထုတ်သူမဟုတ်။

(၄) နသမဏော ဟောတိ ပရံဝိဟေဌယန္တော - သူတစ်ပါးကို ညှဉ်းဆဲသောသူသည် မကောင်းမှုကို ငြိမ်းစေသူမဟုတ်။

**ဒုတိယ ဂါထာတော်**

(၅) သဗ္ဗပါပဿ အကရဏံ - မကောင်းမှု ဟူသမျှကို မပြုလုပ်ရာ။

(၆) ကုသလဿ ဉပသမ္ပဒါ - ကောင်းမှုဟူသမျှကို ပြည့်စုံစေရာ၏။

(၇) သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို သန့်ရှင်းဖြူစင်စေရာ၏။

**တတိယ ဂါထာတော်**

(၈) အနုပဝါဒေါ - သူတစ်ပါးကို မစွပ်စွဲ မပြစ်မှားရာ။

(၉) အနုပဃာတော - သူတစ်ပါးကို မညှဉ်းဆဲ မနှိပ်စက်ရာ။

(၁၀) ပါတိမောက္ခေ စသံဝရော - မြတ်သောသီလ၌ စောင့်စည်း လုံခြုံစေရာ၏။

(၁၁) မတ္တညုတာစ ဘတ္တသ္မိံ - စားသုံးဖွယ်၌ ပမာဏကို သိရာ၏။

(၁၂) ပန္တဉ္စသယနာသနံ - အစွန်အဖျားကျောင်းအိပ်ရာ၌ နေရာ၏။

(၁၃) အဓိစိတ္တေစ အာယာဝေါ - ထူးမြတ်သောစိတ်၌ လွန်စွာ အားထုတ်ရာ၏။

ဧတံ ဗုဒ္ဓါနံ သာသနံ - ဤကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။ လိုက်နာကျင့်သုံး ဆောက်တည်ကြပါကုန် ■

* * *


မင်းကြည်ဖြူ


ကိုးကား

- ဓမ္မသံဝေဂ ဩဝါဒများ။
- ဒေါ်စန်းစန်းမေ၏ ဓမ္မပူဇာ။

www.burmeseclassic.com

www.burmeseclassic.com





# သာဝတ္ထိမြို့ အင်းသာအရပ်မှ

# မီဖုရားကျွန်းတော်နှင့် ဆုတောင်းပြည့် စေတီတော်

မြမဥ္စူဝေ (ကျုံမငေး)

မြန်မာပြည်၏ ကျက်သရေသည် ဗုဒ္ဓသာသနာထွန်း[illegible] ညီပင်ခြင်းပင် ဖြစ်ပါသည်။ မြန်မာပြည်တွင်းရှိ မြို့[illegible]၌ သာသနာအမွေခံ စေတီ၊ ဘုရား၊ ကျောင်း၊ ဇရပ်[illegible] အတင့်အတယ်လည်း ရှိနေကြပြန်ပါသည်။

ကျွန်မအနေဖြင့် ဘုရားဖူးခရီးသွား ဆောင်းပါးများကို [illegible]ထား ရေးသားနေသူဖြစ်သည်နှင့် မြန်မာပြည်တွင်းသို့ [illegible]ခရီးများလည်း မကြာခဏသွားလာဖြစ်ခဲ့ မြန်မာ[illegible] မြို့တော် နေပြည်တော်အတွင်းသို့ ရောက်ရှိနေခိုက် [illegible]တော် လယ်ဝေးမြို့နယ်၊ သာဝတ္ထိမြို့ကလေး၌ ရက်ရှည်စွာ နေချိန်တွင် ရှေးဟောင်းစေတီဘုရားများသို့ သွားရောက် ဖူးမြော်ခဲ့ရပါသည်။

သာဝတ္ထိမြို့သည် မီးရထားလမ်း၊ ကားလမ်းဆုံးရာ မြို့ဖြစ်သည်နှင့် စီးပွားရေးကောင်းမွန်သော စိုက်ပျိုးရေးမြို့လေးဖြစ်ပါသည်။ မြန်မာပြည်တစ်နံတစ်လျားမှ ရောင်းဝယ်ဖောက်ကား ဈေးသည်များလည်း အခြေချ ရောင်းချမှု ကောင်းသောမြို့ဖြစ်သောကြောင့် ရောင်းဝယ်သူ စည်ကားရာဟုလည်း ဆိုနိုင်ပါသည်။

မြို့အလယ် စစ်ဆေးရေးဂိတ်ဟု ခေါ်သော ကားဂိ



www.burmeseclassic.com


www.burmeseclassic.com

ဆေးရာ ဂိတ်အလွန်တွင် "အင်းသာရပ်"ဟု ခေါ်သော ရပ်ကွက်တစ်ခုရှိပါသည်။ ထိုအရပ်တွင် အမည်နာမဘွဲ့တွင် ထူးဆန်းသော စေတီတစ်ဆူရှိပါသည်။ စေတီ၏ ဘွဲ့မည်မှာ "မိဖုရားစေတီ"ဟု ခေါ်ကြောင်းနှင့် စေတီတည်ရာကို မိဖုရားကုန်းတော်ဟု ခေါ်သည်ဟု ဒေသခံများက ဆိုပါသည်။

စေတီတော်ကြီးတွင် ဘုရားဖူးများ အခါမလပ် စည်ကားနေတတ်ပြီး ဒေသခံများအနေဖြင့် မိမိတို့ အလိုရှိအပ်သော ဆုပန်မှုများ ပြည့်စုံကြသဖြင့် "ဆုတောင်းပြည့်စေတီ"ဟုလည်း ခေါ်သည်ဟု ဆိုကြပြန်ပါသည်။ ထို့ကြောင့် မိဖုရားကုန်းတော်နှင့် ဤဆုတောင်းပြည့် စေတီတော်၏ သမိုင်းဝင်ခဲ့သော အကြောင်းများကို စုံစမ်းမေးမြန်းရာ ပါးစပ်ရာဇဝင် လူကြီးသူမများ ပြောဆိုခဲ့သည့်အကြောင်းများသာ ရှိနေကြောင်း ပြောဆိုကြသဖြင့် သိမီသမျှ မြို့ခံ လူကြီးသူမများ၏ ဆိုစကားမှာလည်း ခိုင်လုံနိုင်ကြောင်းနှင့် သေချာစွာ စုံစမ်းမေးမြန်းလိုပါက သာဝတ္ထိမြို့ အင်းသာအရှေ့ကျောင်း ဆရာတော်ထံ လျှောက်ထား မေးမြန်းသင့်သည်ဟု လမ်းညွှန်ကြပါသည်။

ထို့ကြောင့် သာဝတ္ထိမြို့ အင်းသာအရှေ့ကျောင်း ဆရာတော်ကို စုံစမ်းလိုက်သောအခါ ဆရာတော်မှာ နိုင်ငံတော် သံဃနာယကအဖွဲ့ (၄၇)ပါး စုံညီအဖွဲ့ဝင် ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိတ အရှင်သူမြတ်ထံ လျှောက်ထား မေးမြန်းရန်ဖြစ်၍ ဆရာတော် သီတင်းသုံးနေသောကျောင်းသို့ သွားရောက်ခဲ့ပါသည်။ ဆရာတော်၏ မိန့်ဆိုမှု စကားကြောင့် မှတ်သားခဲ့ရသော အကြောင်းများမှာ ဤသို့ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ တိုင်းပြည်ရေးရာအခြေအနေသည် ယိုးဒယားနှင့် စစ်မက်ဖြစ်ပွားနေချိန် မင်းကောရာဇ်မှာ အလောင်းမင်းတရား ဦးအောင်ဇေယျဖြစ်ပြီး မငြိမ်သက်သော



အခြေအနေဖြစ်၍ မိဖုရားမောင်းမမိသံများနှင့်အတူ ပြေးပြေးလွှားလွှား စစ်ချီနေရာ စစ်ချီရာ လမ်းခုလတ် တစ်ခု ဒေသ မြေပြန့်ကျယ်ကျယ် တောင်ကုန်းငယ်တွင် စခန်းချပြီး မိဖုရားများကို နားစေ၏။ မင်းကြီးအနေဖြင့် သားတော်ကြီး မောင်လောက်၊ သားတော်ငယ် မောင်ရွ(ဆင်ဖြူရှင်မင်းလောင်းလျာ)နှင့် အတူစစ်ချီခဲ့၏။

မိဖုရားများအနေဖြင့်လည်း စစ်ထွက်သူအတွက် အောင်ပါစေကြောင်း ဆုခြွေတောင်းချင်စိတ် ဖြစ်နေသော်လည်း စေတီဘုရားမရှိသော ကုန်းမြေဖြစ်နေသောကြောင့် တောင်းဆုကို အကြောင်းပြုနိုင်ကြရန် ကုန်းမြေမြင့်၏ ပြန့်တစ်နေရာတွင် မြေစိုက်စေတီတစ်ဆူကို တည်ကြပါသည်။ ထိုအချိန် မင်းကြီးအနေဖြင့် ယိုးဒယားကို စစ်အောင်



www.burmeseclassic.com

www.burmeseclassic.com

နိုင်ခဲ့သော်လည်း ခရီးကြမ်းကြမ်း၊ စစ်ရေးပင်ပန်းမှုကြောင့် ငှက်ဖျားရောဂါဖြစ်ပွားခဲ့ပြီး ကံတော်ကုန်ခဲ့ရပါသည်။

အချိန်ကာလ ကြာမြင့်လာသည်နှင့် မိဖုရားများ ကျန်ရစ်ခဲ့သော ကုန်းမြေသည် မင်းကြီး ပြန်အလာကို စောင့်ရင်း ဆုတောင်းပြည့်စေတီဘုရားကြီးတွင် ဆုတောင်း၊ ဆုခြွေပြုမှုကြောင့် စစ်ကို အောင်သော်လည်း မင်းတရားကြီးမှာ ပြန်မလာဖြစ်ခဲ့ရသောကြောင့် ကုန်းတော်တွင် နေထိုင်ရင်း စောင့်နေမှုကို ကျောခိုင်းကာ တိုင်းနိုင်ငံသို့ ပြန်ခဲ့ကြလေသည်။ မိဖုရားတို့ ခေတ္တ စံမြန်းခဲ့ရာ ကုန်းမြေနှင့် စေတီတော်



ကြီးမှာလည်း ပိုင်ရှင်မဲ့ခဲ့ရပြီး နှစ်ကာလအတော်ကြာကြာ မြင်ထိန်းသိမ်းစောင့်ရှောက်သူ မရှိ၊ အိုဟောင်းကာ တည်နေခဲ့သော်လည်း ကုန်းမြေကို မိဖုရားကုန်းစေတီတော်ကြီးအား "ဆုတောင်းပြည့် မိဖုရားကုန်းစေတီ" ဟူသော အမည်နာမနှင့်အတူ တည်နေခဲ့သည်မှာ ယနေ့တိုင် ဖြစ်နေပါသည်။

စစ်ချီရာ ခရီးလမ်းဖြစ်ခဲ့သော သာဝတ္ထိနယ်မြေသည် ဖြည်းဖြည်း လူနေအိမ်ခြေများဖြင့် ပြည့်စုံလာခဲ့ပြီး သာသနာကို ရိုသေလေးစားကြသော သူတော်စင်၊ သူတော်ကောင်းများ အဆင့်ဆင့်ထိန်းသိမ်းမှုဖြင့် တည်နေခဲ့ပါသည်။ အချိန်ကာလ နှစ်များစွာကို ဖြတ်သန်းခဲ့ပြီးသော ဤကုန်းမြေနှင့် စေတီတော်ကြီးမှာလည်း ရှေးယခင် မိဖုရားများ စံနေတော်မူခဲ့သည်ကို အစွဲပြု ခေါ်ခဲ့ကြသော "မိဖုရားကုန်း" အမည်နာမနှင့်ပင် တည်ရှိနေခဲ့ပါသည်။ စေတီတော်ကြီးကိုလည်း လာရောက်ဖူးမြော်ကြသူများ အဓိဋ္ဌာန်ပြုခြင်း အောင်မြင်သည်ကို အကြောင်းပြု၍ အဓိဋ္ဌာန်အောင်သော ဆုတောင်းပြည့်စေတီဟုပင် ခေါ်ခဲ့ကြပါသည်။


မိဖုရားကုန်းနှင့် စေတီတော်ကြီးအတွက် ထူးခြားမှုတစ်ခုကို ထပ်မံ တွေ့ရှိရသည်မှာ မိဖုရားကုန်းနှင့် မျက်နှာချင်းဆိုင် ကားလမ်းခြားသော မြေပြင်တွင် စေတီတည်စဉ်အခါက ကျောက်များပုံခဲ့ရာ ကျောက်ပုံအပိုင်းအစများသည် နှစ်ကြာလာသည်နှင့် ဖယ်မရ ရွှေမရနှင့်၊ ကျောက်ပုံမှာလည်း ခိုင်မြဲသည်ထက် ခိုင်မြဲကာ အပုံလိုက်ဖြစ်နေရာ အင်းသာအရပ်မှ လူအများက ထိုကျောက်ပုံကို ထုံးသုတ်ထား၏။ ထိုအခါ မြင်တွေ့ရသော ပုံသဏ္ဍာန်မှာ ဆင်ဖြူတော် တစ်ကောင်က မြေမှာ ဝပ်တွား၍ မိဖုရားကုန်းမှ စေတီတော်ကြီးအား ရှိခိုးနေဟန်ဖြစ်နေသည်ကို ထူးဆန်းစွာ တွေ့ခဲ့ရပါသည်။


သာဝတ္ထိပြည်၏ သာသနိက အမွေအနှစ်များသည် ထူးခြားဆန်းကြယ်ခြင်း၊ လျှို့ဝှက်နက်နဲခြင်း၊ ဆုတောင်းပြည့်



www.burmeseclassic.com

www.burmeseclassic.com





ခြင်းဟူသော အဖြာဖြာသော ထူးခြားမှုများနှင့် ပြည့်စုံနေ
သော်လည်း အချို့သော အကြောင်းအရာများသည် တိမ်မြုပ်
နေသေးသည်ဟု ကျွန်မ ထင်မိပါသည်။ ၎င်းတိမ်မြုပ်နေမှု
များတွင် သမိုင်းဝင် ထင်ရှား စေတီဘုရားများလည်း ပါဝင်
နေသောကြောင့် ဖော်ထုတ်သင့်သည်ဟု ထင်မိပါသည်။

ကျွန်မအနေဖြင့်လည်း ရောက်သည့်အချိန်အခါနှင့်
ညီစွာ မေးမြန်းစုံစမ်း မှတ်မိသရွေ့ ရေးသားရသောကြောင့်
လိုအပ်သည်များ ရှိနေမည်ဟု ထင်မိပါသည်။ သို့သော်လည်း
ခရီးသွားဟန်လွှဲ စာတစ်ပုဒ်ဖြစ်လျှင် စုံစမ်းရကျိုးနပ်သည်ဟု
သာ ယူဆမိပါသည်။ လိုအပ်သည်များကိုလည်း ဖြည့်စွက်
နားလည်နိုင်ကြပါစေဟု ပန်ကြားအပ်ပါသည် ■

* * *

မြမဥ္ဇူ

**မှီငြမ်းမှု**

- **နိုင်ငံတော် သံဃနာယက ၄၇ပါး စုံညီအဖွဲ့ဝင် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိတ ဆရာတော် (အင်းသာ အရှေ့ကျောင်းတိုက်၊ သာဝတ္ထိမြို့)၏ မိန့်ဆို ချက်**
**မှီငြမ်းပါသည်။**
- **ဒေသခံများနှင့် စာရေးသူ တွေ့ဆုံမေးမြန်းမှု မှတ်တမ်းများ**



www.burmeseclassic.com

www.burmeseclassic.com



ရွှေဘုံသာမုနိ ရုပ်ပွားတော်
ပန်းတောင်း၊ ပြည်။


www.burmeseclassic.com

www.burmeseclassic.com

# ရှေးဟောင်းသမိုင်းဝင်

# ရွှေဘုံသာမုနိစေတီတော်

**| ချစ်မင်းသူ |**








ကျွန်တော်နှင့် ခင်ရာမင်ရာ စာရေးဆရာတစ်သိုက်သည် ဘာသာရေးကိစ္စဖြင့် မကြာခဏ ခရီးထွက်ဖြစ်ကြသည်။ ကျွန်တော်က မပါမပြီး ပါရသည်ချည်းဖြစ်၏။ အကြောင်းမှာ ကျွန်တော်က ဂီတနှင့်ပါ နွယ်ယှက်သောသူဖြစ်၍ ဘုရားထီးတင်ပွဲ၊ ဝိဇာတပွဲ၊ ပဋ္ဌာန်းပွဲ စသည်များတွင် ဂီတနှင့်ပါ ဖျော်ဖြေ တင်ဆက်ရသောကြောင့် ဖြစ်သည်။ ဤသို့ဖြင့် ပြည်မြို့ရှိ မရှိခဏ ဆရာတော်၏ ဝိဇာတပွဲနေ့ ပွဲသို့ ဖိတ်ကြားခြင်းခံရသဖြင့် ကျွန်တော်အပါအဝင် ဆရာ




www.burmeseclassic.com

www.burmeseclassic.com




မောင်လွှမ်းနွယ်(အောင်လံ)၊ ကောင်းမြတ်(ခရကေ)၊ ဆရာ ဟိန်းဇေ၊ ဆရာမ မြနန်းရှင်၊ မြမဉ္ဇူဝေ (ကျူမငေး)၊ ဝါဝါ ဆင်လင်းတို့သည် ထိုမွေးနေ့ပွဲကို ဆင်နွှဲရန် ပြည်သို့ သွား ဖြစ်ခဲ့ကြပါသည်။

မရှိခဏ ဆရာတော်၏ မွေးနေ့ပွဲကို ဆင်နွှဲကြပြီးသည့်နောက် ဆရာတော်မှ ပြည်မြို့ရှိ တန်ခိုးကြီးစေတီဘုရားများသို့ လိုက်လံ ပို့ဆောင်ပေးပါသည်။ ဦးစွာ ပြည်မြို့ရှိ တန်ခိုးကြီး ဆံတော်ရှင်စေတီတော်သို့ ဝင်ရောက်ဖူးမြော်ကြပြီးနောက် မရောက်ဘူးသေးသော ပြည်တစ်ဖက်ကမ်းရှိ ရှေးဟောင်းသမိုင်းဝင် ရွှေဘုံသာမုနိစေတီတော်ကြီးသို့ လိုက်ပါ




ပို့ဆောင်ပေးရန် ပူဆာသဖြင့် မိမိတို့ စိတ်တိုင်းကျ ပို့ဆောင်ပေးပါသည်။ လမ်းခရီးတွင် ပြည်နှင့် ပန်းတောင်းကို ဆက်သွယ်ထားသည့် နဝဒေးတံတားကို ဖြတ်သွားရသည်မှာ ကြည်နူးချမ်းမြေ့လှပါသည်။ ဧရာဝတီမြစ်နှင့် ဘေးပတ်လည် ...တောတောင်ရေမြေတို့မှာ ကြည့်မဝ ရှုမဝနိုင်အောင် ကြည်နူးရပါသည်။

ဤသို့ဖြင့် ရွှေဘုံသာမုနိစေတီတော် တည်ရှိရာသို့ လမ်းအကွေ့အကောက်တို့ဖြင့် သွားလာရသည်မှာလည်း ...ည်းယားစရာတစ်ခုဖြစ်သည်။ ထိုအကွေ့အကောက်ကို လျင်မြန်စွာ ထိန်းသိမ်းမောင်းနှင်နိုင်သည့် ကားမောင်းသူ၏ စွမ်းရည်ကလည်း ချီးကျူးစရာတစ်ခုဖြစ်သည်။ မကြာမီ အမြင့်အနိမ့်တို့ ရောပြွန်းသည့်ကြားမှ နောက်ဆုံး ဧရာဝတီမြစ်ကမ်းသို့ ဆိုက်ရောက်ကာ မြစ်ကမ်းနှင့် မနီးမဝေးတွင် တည်ထားသည့် သမိုင်းဝင် ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးထံပါးသို့ ရောက်ရှိသွားပါတော့သည်။ ဦးစွာ ဘုရားကို ကန်တော့ပြီးမှ ဂေါပကအဖွဲ့များနှင့် တွေ့ဆုံရာတွင် ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး၏ သမိုင်းကို ရှင်းပြရုံသာမက၊ သမိုင်းစာအုပ်ကို ပေးကမ်းလိုက်သည့်အတွက် ဂေါပကအဖွဲ့



ဝင် ဦးတိုး၊ ဦးဝိုင်း၊ ဦးသန်းတင်၊ ဦးတင်ဝင်းတို့ကို အထူး ကျေးဇူးတင်ရပါလေသည်။

ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး၏ သမိုင်းကား အထူးစိတ်ဝင်စားစရာကောင်းလှပါသည်။ ရှေး မင်းကောင်းမင်းမြတ်တို့၏ ဘုရားရှင်အပေါ် ထားသည့် သဒ္ဓါယုံကြည်မှုသည်လည်း အလွန်အတုယူဖွယ်ကောင်းသည်ကို တွေ့ရပါသည်။ ထို့ပြင် ထိုမင်းကောင်းမင်းမြတ်တို့၏ သတ္တိစွမ်းပကားကိုလည်း ဤရွှေဘုံသာမုနိသမိုင်းကို လေ့လာဖတ်ရှုရုံဖြင့် သိနိုင်ရာသည်။ သမိုင်းကား ဤသို့တည်း။ မဟာသက္ကရာဇ် ၉၇ခုနှစ်တွင် ရက္ခပုရဓညဝတီ ရခိုင်ပြည်ကြီးတွင် စန္ဒသူရိယမင်းကြီးသည် မြတ်စွာဘုရားရှင် ပွင့်တော်မူကြောင်း ကြား






www.burmeseclassic.com

www.burmeseclassic.com


သိသောအခါ ဘုရားရှင်အား ရခိုင်ပြည်သို့ ကြွရောက်ပါရန် အစီတွာန်ပြု ပင့်ဆောင်တော်မူပါသည်။

ဘုရားရှင်သည် သတ္တဝါများ၏ အကျိုးကို မြင်သောကြောင့် သက္ကရာဇ် ၁၂၃ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်တော်တစ်ဖက်ကမ်းရှိ သေလာဂီရိတောင်ထိပ်သို့ ရဟန္တာ ၅၀၀ ခြံရံလျက် ကြွလာတော်မူခဲ့သည်။ စန္ဒာသူရိယမင်းနှင့်တကွ ပြည်သူပြည်သားများက မြတ်စွာဘုရားသခင်နှင့် ရဟန္တာ ၅၀၀ တို့အား အထူးထူး ပူဇော်ကန်တော့ကြပြီး ဘုရားရှင် ပြန်လည်ကြွချီတော်မူမည်



ပြုစဉ် စန္ဒာသူရိယမင်းက မြတ်စွာဘုရား၏ ကိုယ်ပွားတော် ထားရစ်ခဲ့ပေးပါရန် လျှောက်ထား တောင်းပန်တော်မူပါသည်။ ထိုအခါ မြတ်စွာဘုရားရှင်ကလည်း သာသနာတော်ထွန်းကားစည်ပင် ပြန့်ပွားဖွယ်ကို မြင်သဖြင့် ကိုယ်ပွားတော် ထားရစ်ခဲ့ရန် လိုက်လျောတော်မူခဲ့ပါသည်။

စန္ဒာသူရိယမင်းသည် လူ၊ နတ်၊ ဗြဟ္မာတို့ထံမှ စုဆောင်းရရှိသည့် တန်ဖိုး ကိုးကုဋေခန့်ရှိ ရတနာ ဖြ၅တင်းကို ကျိုချက်၍ ကိုယ်ပွားတော် သွန်းလုပ်စေခဲ့ပါသည်။ ထိုသို့ သွန်းလုပ်ခဲ့သည့် ရုပ်ပွားတော်မှာ မဟာမြတ်မုနိရုပ်ပွားတော်



ပင် ဖြစ်သည်။ မဟာမြတ်မုနိဉာဏ်တော်မှာ ၉ပေ ၆လက်မ ရှိပါသည်။ ထိုရုပ်ပွားတော်သွန်းလုပ်ရာမှ ပိုလျှံသော ရတနာများဖြင့် ညီတော်ကိုယ်ပွားများ သွန်းလုပ်စေခဲ့ရာ...


(၁) ရှင်ကျော်မုနိ (ဉာဏ်တော် ၆ပေ၊ ၈လက်မ)

(၂) ရွှေဘုံသာမုနိ (ဉာဏ်တော် ၅ပေ၊ ၄လက်မ)

(၃) မာန်အောင်မြင်မုနိ (ဉာဏ်တော် ၃ပေ၊ ၉လက်မ)

ဟူ၍ မုနိသုံးဆူ ထပ်မံရရှိခဲ့သည်ဟု သိရပါသည်။ မြတ်စွာဘုရားရှင်၏ ကိုယ်ပွားတော် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား သရေခေတ္တရာခေတ် သုပညာနာဂရသိန္ဓမင်းလက်ထက်တွင် တစ်ကြိမ်၊ ပုဂံအနော်ရထာမင်းစောလက်ထက်တွင် တစ်ကြိမ်၊ ပုဂံအလောင်းစည်သူမင်းကြီးလက်ထက်တွင် တစ်ကြိမ် ပင့်ဆောင်ရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ပါ။


မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးကို ပင့်ဆောင်ရာ၌ မဟာမုနိရုပ်ပွားတော်ကြီး၏ ပလ္လင်အောက်၌ "ငါ့မြတ်ဆရာ ဘဂဝါကို မည်သို့သော မင်းအပေါင်းမှ ပင့်ချီ၍ မရစေသတည်း။ နောင်ခါ ဘုန်းတော်ကြီးမား ငါကားဖြစ်ချေလျှင် ငါသာလျှင် ပင့်ဆောင်ကိုးကွယ်ခြင်းငှာ ရပါစေသတည်း" ဟူသော စန္ဒာသူရိယမင်းကြီး၏ ဆုတောင်းရွှေပေချပ် ပါရှိလေရာ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကို မည်သူမျှ ပင့်





www.burmeseclassic.com

www.burmeseclassic.com




ဆောင်၍ မရနိုင်ခဲ့သည့် အဓိကအကြောင်းအချက်ဖြစ်လေသည်။

ကောဇာသက္ကရာဇ် ၁၁၄၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ရက်၊ စနေနေ့တွင် အမရပူရ နေပြည်တော်တွင် နန်းစံတော်မူသော (ပဒုံမင်း) ဘိုးတော်မင်းတရားကြီးက ယင်း၏ သားတော် အိမ်ရှေ့ ဥပရာဇာသီဟသူရ မင်းသားအား ရခိုင်ပြည်သို့ သွားရောက်၍ သိမ်းပိုက်ရန် စေလွှတ်တော်မူသည်။ အိမ်ရှေ့မင်းသား သီဟသူရသည်လည်း ရန်သူအပေါင်းတို့အား အနိုင်တိုက်ခိုက် အောင်မြင်သောအခါတွင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးနှင့်တကွ ညီတော် မုနိရုပ်ပွားတော်များကို အိမ်ရှေ့မင်းကိုယ်တိုင် ၁၁၄၆ ခု၊ ပြာသိုလပြည့်ကျော် ၁ရက်နေ့၌ သွားရောက်ပင့်ဆောင်တော်မူခဲ့ပါသည်။

မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကို ပင့်ဆောင်ရာ၌ မဟာမုနိ ရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်အောက်ရှိ စန္ဒာသူရိယမင်းကြီး၏ ဆုတောင်းကို တွေ့ရလေရာ အိမ်ရှေ့မင်းသား သီဟသူရသည် ဘဝဟောင်းတစ်ခုက စန္ဒာသူရိယမင်းကြီးဖြစ်ခဲ့သောကြောင့်သာ မုနိတော်မြတ်များအား ပင့်ဆောင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ အိမ်ရှေ့စံ သီဟသူရမင်းသားသည် ရှင်ကျော်မုနိရုပ်ပွားတော်အား မူလ ကိန်းဝပ်စံပယ်ရာ ဂန္ဓကုဋိတိုက်၌ ထားရစ်ခဲ့ပြီး မဟာမုနိရုပ်ရှင်တော်မြတ်ကြီးနှင့်အတူ ရွှေဘုံသာမုနိနှင့် မာရ်အောင်မြင်မုနိတို့ကို တောတောင်အထပ်ထပ်ကို ဖြတ်ကျော်၍ ခက်ခဲလှစွာ နေပြည်တော် အမရပူရသို့ ပင့်ဆောင်တော်မူခဲ့ပါသည်။

လမ်းခုလတ် ပြည်တစ်ဖက်ကမ်းသို့အရောက်တွင် ခေတ္တ တပ်စခန်းချနေခိုက် ရခိုင်ပြည်သူပြည်သားများ လိုက်ပါလာပြီး ရုပ်ပွားတော်အား ရခိုင်သို့ ပြန်လည်ပင့်ဆောင်ခွင့် တောင်းခဲ့ပါသည်။ အိမ်ရှေ့မင်းသားက ရခိုင်သို့ ပြန်လည်ပင့်ဆောင်ခြင်းကို ခွင့်မပြုဘဲ ယခု ရောက်ရှိနေသော တပ်စခန်းချရာနေရာတွင် ထားရှိပါကလည်း ရခိုင်ပြည်သူပြည်သားများသာမက၊ ဒေသခံ ပြည်သူပြည်သားများလည်း ဖူးမြော်ခွင့်ရမည်ဟုဆိုကာ ပြည်တစ်ဖက်ကမ်း ရွှေဘုံသာစေတီတွင် ကိုယ်ပွားတော်တစ်ဆူ ထားရစ်ခဲ့ပါသည်။

မဟာမုနိရုပ်ရှင်တော်မြတ်ကြီးနှင့် ညီတော် ကိုယ်ပွားတော်တစ်ဆူတို့အား နေပြည်တော်သို့ ဆက်လက်ပင့်ဆောင်ခဲ့ပြီး ၁၁၄၆ ခု၊ တပေါင်းလကွယ်နေ့တွင် နေပြည်တော်သို့ ရောက်ရှိပြီး နန်းတော်၏ အရှေ့မြောက်ယွန်းတွင် ယခု မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ကိန်းဝပ်ရာ စံကျောင်း



ဆောက်လုပ် တည်ထားကိုးကွယ်ခဲ့ကြောင်း သိရပါသည်။ ဖော်ပြပါ ရွှေဘုံသာမုနိ ပြည်တစ်ဖက်ကမ်းသို့ ရောက်ရှိပြီး ကိန်းဝပ် စံပယ်ရပုံမှာ ထူးခြားဆန်းပြားလှသည်ဖြစ်ရာ ထိုစေတီတော်မြတ်ကြီးကို သွားရောက်ဖူးမြော်ရကြသူအပေါင်းလည်း ထူးခြားမည်ကား အမှန်ဟု ယုံကြည်ပါသည်။ ခုနစ်ရက်သားသမီးများ ကြုံကြိုက်ပါက ဝင်ရောက် ဖူးမြော်နိုင်ကြစေရန် ရည်သန်၍ ဤဆောင်းပါးကို ရေးသားပူဇော် ဖော်ပြလိုက်ရပါသည် ■


* * *

ချစ်မင်းသူ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**မိထွေးတော် ဂေါတမီ၏ သံဃိက သင်္ကန်းဒါန**

ဒါနကောင်းမှုသည် လောကီရေးကိစ္စ၌ သိကြားမင်း၊ နတ်မင်းမှ အစ၊ စကြဝတေးမင်းအဆုံး မင်းစည်းစိမ် အားလုံးကို အကျိုးပေးရန် ကျေးဇူးပြုနိုင်စွမ်းရှိပေ၏။ လောကုတ္တရာရေးကိစ္စ၌လည်း သာဝက ဗောဓိဉာဏ်၊ ... တသော ဆန္ဒကြီးမားလျှင် သမ္မာသမ္ဗောဓိ ဉာဏ် တော်ကြီးအထိ အကျိုးဆက်ရန် ကျေးဇူးပြုတတ်ပေ၏။ ... မပြုပါဟု အလျင်စလို မပြောမဆိုကြပါနှင့်။

မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သော သုတ္တန်ဒေသနာ တော်များစွာအနက်မှ ဥပရိပဏ္ဏာသပါဠိတော် ဒက္ခိဏာ ... သုတ်၌ ဖတ်ရှုရသော "မိထွေးတော်ဂေါတမီ၏ ဒါနအမှု" ... သက်သေအဖြစ် သာကေပြုပါအံ့။

ကပိလဝတ်ပြည်၊ နိဂြောဓာရုံကျောင်းတော်၌ သီတင်း သုံးနေတော်မူသော မြတ်ဗုဒ္ဓထံပါးသို့ မိထွေးတော် မဟာ ... ဂေါတမီသည် လှူဒါန်းရန် သင်္ကန်းဝတ်စုံသစ်များ ... ရောက်လာပါသည်။

"ဘုန်းတော်သခင် အရှ ... ဘုရား…တပည့်တော်မ ... အရှင်မြတ်အား ရည်မှန်းလျက် ဤဝတ်စုံသစ် သင်္ကန်း ... ကိုယ်တိုင်စီခဉ် ရက်လုပ်ထား ... အရှင်မြတ်သည် ... အား ကရုဏာထား၍ ... ယူခြင်းအားဖြင့် ... တော်မူပါ ဘုရား"

မိထွေးတော်၏ လျှောက်ထားချက်တင် စကားအပေါ် ... က ဤသို့ မြွက်ကြား၍ တုံ့ပြန်တော်မူပါ၏။

"အို…ဂေါတမီ၊ သံဃာအား ရည်မှန်း၍ ပေးလှူသည် ... ငါဘုရားကို ပူဇော်ပြီးဖြစ်သကဲ့သို့ သံဃာတော်များ ... ည်း ပူဇော်ပြီးဖြစ်ပေအံ့။ သံဃာအား ပေးလှူပါလော့"

မိထွေးတော်သည် သဘောမတူသဖြင့် မျှော်လင့်ချက် ... သုံးကြိမ်အထိ ဆက်၍လျှောက်ကြားလေသည်။ ... သည် သုံးကြိမ်တိုင်တိုင် အလှူမခံဘဲ သံဃာအား ... သာလျှင် တိုက်တွန်းတော်မူပါ၏။ ဤတွင် အရှင် ... က မိထွေးတော်အတွက် အကျုအညီဖြစ်စေရန် ... ၍ လျှောက်တင်ပြန်ရာ မြတ်ဗုဒ္ဓက အောက်ပါကဲ့သို့ ... တော်မူလေသည်။

"အာနန္ဒာ…ချစ်သားပြောသည့်အတိုင်း မှန်ပေသည်။ ... ကိုလည်း နာကြားဦးလော့။ အာနန္ဒာ… သစ္စာ လေးပါး မြတ်တရား၌ ယုံမှားကင်းသော တပည့်ဖြစ်သူသည် သူ၏ ဆရာမြတ်အား ရှိခိုးခြင်း၊ ခရီးဦး ကြိုဆို၍ အရိုအသေ ပြုခြင်း၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ အိပ်ရန်နေရာ၊ ဆေးဝါးတို့ကို လှူဒါန်းခြင်းတို့ဖြင့် ကျေးဇူးတုံ့ပြန်ခြင်းကို ကောင်းမြတ်သော ကျေးဇူးတုံ့ပြန်ခြင်းဟု ငါ မဟောချေ။

အာနန္ဒာ… ဆက်၍ ဟောကြားဦးအံ့…။ ပုဂ္ဂလိက အလှူ၊ သံဃိကအလှူဟူ၍ ရှိကြ၏။ ပုဂ္ဂလိက အလှူ ၁၄မျိုး၊ သံဃိကအလှူ ၇မျိုးဟူ၍ ပိုင်းခြား သိအပ်ပေ၏။

အာနန္ဒာ… ပုဂ္ဂလိကအလှူ ၁၄မျိုးတို့တွင် တိရစ္ဆာန်၌ ပေးလှူခြင်းသည်ပင် ကောင်းကျိုး ကြီးမားလေ၏။ သီလမဲ့သော ပုထုဇဉ်၌ ပေးလှူခြင်းသည် ထို့ထက် အဆပေါင်းများစွာပို၍ ကောင်းကျိုးကြီးမားလေ၏။ အဆင့်ဆင့်အားဖြင့် ၁၄ ခုမြောက်ဖြစ်သော မြတ်ဗုဒ္ဓအထံ၌ ပေးလှူခြင်းသည်ကား နှိုင်းဆ ရေတွက်၍ မကုန်နိုင်အောင် ကောင်းကျိုး ကြီးမားလွန်းပေစွ။

ဆက်၍ ဟောပြဦးမည် အာနန္ဒာ။ နောင်သော ကာလတွင် သင်္ကန်းကို လည်ပင်းသိုင်းလျက်ရှိကြသော ရဟန်းမျိုးနွယ်တို့ ပေါ်ပေါက်လာလေအံ့။ ထိုသူတို့သည် သီလမဲ့လျက် ယုတ်မာသော အကျင့်တို့ဖြင့် ရဟန်းယောင် ရဟန်းတုအဖြစ် ဆောင်ယူကြပေအံ့။

အာနန္ဒာ… ·သံဃာကို ရည်မှန်း၍ ထိုသူယုတ်မာ၊ ရဟန်းတုများထံ၌ လှူဒါန်းခြင်းသည်ပင် သံဃိကအလှူ၏ ကောင်းကျိုးသည် ကြီးမားလှပေ၏။ ရေတွက်၍ မပြနိုင်လောက်အောင် များပြားလွန်းပေ၏ဟု ငါဘုရား ဟောကြား၏။ အာနန္ဒာ· · ·မည်သည့်အကြောင်း ပရိယာယ်နှင့်မှ ပုဂ္ဂလိက ဒါနသည် သံဃိက ဒါနထက် ပို၍မြတ်၏ဟု ငါဘုရား မဟောကြားပေ"

ဤကာလမတိုင်မီ ကပိလဝတ်ပြည်၌ မြတ်ဗုဒ္ဓ ပထမ ဆုံးအကြိမ် မြို့တွင်း အိမ်စဉ်အတိုင်း ဆွမ်းခံဝင်တော်မူသော အခါ သုဒ္ဓေါဒနမင်းကြီး နန်းတော်မှ အဆောတလျင် ဆင်း သက်၍ သပိတ်တော်ကို လှမ်းယူကာ ရွှေနန်းတော်ထက်သို့ ပင့်ဆောင်ခဲ့လေသည်။ ထိုနန်းပြာသာဒ်ရှိ ခြသေ့ံခံ ရာဇပလ္လင် ထက်မှ နေ၍ "ဓမ္မဥ္စရေ သုစရိတံ၊ နနံ ဒုစ္စရိတံ စရေ" အစရှိသော ဂါထာကို ဟောတော်မူရာတွင် သုဒ္ဓေါဒနမင်းကြီး သကဒါဂါမိတည်ပြီး မိထွေးတော် ဂေါတမီလည်း သောတာပန်တည်ခဲ့လေ၏။

မြတ်ဗုဒ္ဓ မိန့်ကြားချက်နှင့်အညီ သောတာပန် မိထွေးတော်လည်း ဝတ်စုံသင်္ကန်းများကို သံဃာအား ရည်မှန်းလျက်


www.burmeseclassic.com

www.burmeseclassic.com

လှူဒါန်းခြင်း ပြုခဲ့ရလေ၏။ ထိုကာလကို လွန်မြောက်၍ မြတ်ဗုဒ္ဓ ပဌမ ဝါဆိုဝါကပ်ရန် ဝေသာလီပြည်၊ ကူဋာဂါရသာလာ(မဟာဝုန်တော)သို့ ကြွရောက် သီတင်းသုံးနေတော်မူချိန်တွင် သုဒ္ဓေါဒနမင်းကြီး သည်းထန်သောရောဂါ စွဲကပ်ပါသည်။ မြတ်ဗုဒ္ဓသည် ခမည်းတော်မင်းကြီးထံ ကြွသွား၍ တရားဖြင့် ချီးမြှောက်တော်မူရာ မင်းကြီးလည်း သုံးရက်မြောက်နေ့တွင် အရဟတ္တဖိုလ်သို့ ရောက်ကာ ပရိနိဗ္ဗာန်ဝင်စံခဲ့လေ၏။

မိထွေးတော် ဂေါတမီလည်း ကြင်ရာတော် မင်းကြီး၏ သရီရ ဈာပနကိစ္စပြီးစီးလျှင် ဝေသာလီပြည်သို့ ကြွချီ၍ ရဟန်းပြုပါသည်။ ကမ္မဋ္ဌာန်းအစဉ်အတိုင်း အားထုတ်သဖြင့် လောကုတ္တရာအတွက်သို့ ရောက်တော်မူပါ၏။ မိထွေးတော်၏ အရဟတ္တမဂ်ဖိုလ်ရရောက်ခြင်းသည် သက်န်းဒါနကောင်းမှု၏ ကျေးဇူးပြုသော အကျိုးဆက်ပေတည်း။

## ဒါနအပင်ပေါ်မှ စိတ်နှလုံး ကြည်လန်းစေသော သီလအပွင့်

ယသလုလင်၏ ဖခင် သူဌေးကြီး (ယနာနို့ဆွမ်းအလှူရှင် သုဇာတာ၏ ခင်ပွန်း)အား မိဂဒါဝုန်တော၌ မြတ်ဗုဒ္ဓသည် ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ ကာမာဒီနဝ၊ ဩကာရ၊ သံကိလေသ ဟူသော အစဉ်အတိုင်း တရားစကားတော်တို့ကို ဟောပြတော်မူခဲ့လေသည်။

ဒါနကထာကို အဦးအစအားဖြင့် မြွက်ဟ မိန့်ကြားတော်မူခြင်းမှာ တရားနာသူတို့၏ စိတ်အစဉ်၌ ပျင်းရိမှု၊ မေ့လျော့မှု၊ သဒ္ဓါမဲ့မှု၊ တွေဝေမှု၊ ပျံ့လွင့်မှု ဟူသော စိတ်အပြစ်အဆိုး လွှမ်းအုပ်ထားမှုမှ ကင်းရှင်းသွားစေရန် မြတ်ဗုဒ္ဓက ရည်သန်အားထုတ်တော်မူခြင်း ဖြစ်၏။

အမှန်အားဖြင့် ဒါနတရားသည် နာကြားသူတို့၏ စိတ်နှလုံးကို နူးညံ့သိမ်မွေ့စေသော သတ္တိရှိလေသည်။ ဒါနကောင်းမှု ပြုစုနေသူတို့၏ သိမ်မွေ့ စိတ်နှလုံးသည် ထိုဒါန၏ ကောင်းစွာ ကျေးဇူးပြုမှု သတ္တိစွမ်းကြောင့် ဒါနထက် အဆင့်မြင့်သော သီလဆောက်တည်ရန်နှင့် သမထ၊ ဝိပဿနာ၊ ဘာဝနာ အားထုတ်ရန် အဆင်သင့်အနေအထားအထိ နီးကပ် ဆိုက်ရောက်သွားစေပါသည်။ ကောင်းစွာအောင်မြင်သော သီလကောင်းမှု၊ ဘာဝနာကောင်းမှုတို့ကို လှမ်းဆွတ်ရယူနိုင်ခြင်းသည် မှန်ကန်သော ဒါနတရား၏ ကျေးဇူးပြုမှု သတ္တိကြောင့်ပါတည်း။

ဒါနသည် အပင်နှင့် တူမျှ၏။ သီလသည် အပွင့်နှင့် တူမျှ၏။ ဘာဝနာသည် အသီးနှင့် တူမျှပါ၏။

အပင်မရှိ၍ အပွင့်မရှိရာ။ အပွင့်မရှိ၍ အသီးမသီး... ချေ။ ဤနိယာမသဘောအရ ဒါနစေတနာအပင် မရှိပါက... သီလစေတနာအပွင့်နှင့် ဘာဝနာစေတနာအသီးတို့သည်... လည်း မဖြစ်ပေါ်နိုင်၊ မရှိနိုင်ဟု မှတ်သိရပေမည်။

အပင်ရှိနေလျက် ဗီဇ နိယာမနှင့် မညီ၊ မပွင့်မသီး... သော အခြေအနေတွင် ထိုအပင်တို့သည် ရက္ခရည်မှန်းချက်... သို့ မျိုးဆက်ရန် ခက်ခဲပေသည်။ ဒါနစေတနာရှိနေပါလျှင်... ဓမ္မနိယာမနှင့် မညီဘဲ၊ သီလစေတနာ မပေါ်လျှင်၊ ဘာဝနာ... စေတနာမပေါ်လျှင် ထိုသီလ၊ ဘာဝနာမဲ့သော အခြေအနေ... တွင် ထိုပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်ရည်မှန်းချက်အထိ တိုးတက်... ရန် ခက်ခဲလွန်းပေစွ။

အပင်၊ အပွင့်၊ အသီး သုံးကဏ္ဍစလုံးတွင် ဗီဇနိယာမ... အတိုင်း အပြည့်အဝ ပေါင်းစုပါဝင်နေပါမှ ရက္ခရည်မှန်း... ချက်နှင့်အညီ မျိုးဆက်တည်တံ့နိုင်ပေမည်။ ထိုနည်းတူ ... နိယာမအတိုင်း ဒါန၊ သီလ၊ ဘာဝနာ စေတနာ သုံးကဏ္ဍ... စလုံးတွင် အပြည့်အဝ ပေါင်းစုပါဝင်စေပါမှ နိဗ္ဗာန်ရည်မှန်း... ချက်နှင့်အညီ တိုးတက်ဆိုက်ရောက်နိုင်မည့် အလားအလာ... ကောင်း ရှိပေသည်။

ကနဦးအားဖြင့် စိုက်ပျိုးထားပြီးသော ဒါနအပင်ပေါ်... သီလအပွင့်ရှိနေစေရန် အရေးကြီးလှပါ၏။

ကိုယ်စိတ်နှစ်ပါးတို့၌ ကဲ့ရဲ့ဖွယ်အပြစ်တို့မှ ကင်း... ၍ ချီးမွမ်းဖွယ် အကျင့်သိက္ခာများစွာ ဖြစ်ပွားလာစေခြင်းသည်... သီလဆောက်တည်ကျင့်သုံးခြင်း (သို့မဟုတ်) ဒါယကာ... ပရိသတ်၏ ဒါနအပင်၌ ထိုသီလအပွင့်ရှိလာခြင်း ဖြစ်... သည်။

ခါးဝတ်ပုဆိုးအထည် စသည်တို့ကို မြဲမြံစွာ ဝတ်... ထားခြင်းအားဖြင့် မိမိတို့ကိုယ်ကာယကို မိမိ လုံခြုံအော... အရှက်မရအောင် စောင့်ရှောက်နိုင်ကြပါသည်။ အလားတူ... ဂရုဓမ္မဟု ဆိုအပ်သော ပဉ္စသီလ၊ အဋ္ဌင်္ဂသီလ စသည်တို့... မြဲမြံစွာ ကျင့်သုံးနေခြင်းအားဖြင့် မိမိတို့၏ ကိုယ်၊ ... နှစ်မျိုးစလုံးကို အပြစ်အနာကင်းအောင်၊ ချီးမွမ်းဖွယ်... အောင် စောင့်ရှောက်နိုင်ကြလေသည်။

ဒါယကာ ပရိသတ်သည် ရဟန်း သံဃာတော်... ၌ ဖြစ်စေ၊ စေတီဘုရား ရုပ်ပွားဆင်းတုတော် ရှေ့မှော... ဖြစ်စေ၊ ပဉ္စသီလကို အချိန်၊ နေ့ရက်မရွေး ခံယူက... ရက်ဆက်မပျက် ဆောက်တည် ကျင့်သုံးအပ်လေ... အဋ္ဌင်္ဂသီလကိုမူ ကာလအားဖြင့် သုံးလ၊ တစ်လ၊ ဆ...

www.burmeseclassic.com

www.burmeseclassic.com

…ကာ၊ ရှစ်ရက်၊ ခြောက်ရက်၊ လေးရက်ဟူ၍ အမျိုးမျိုး …တ်မှတ်ရာတွင် မိမိဆန္ဒနှင့်အညီ ရွေးချယ် ဆောက်တည် …ကြ၏။

နေ့စဉ် အစာအာဟာရ စားသုံးဖြည့်တင်းမှုသည် …ယ်ကာယ ကြံ့ခိုင်မှုအတွက် အထောက်အပံ့ဖြစ်စေရန် …ဇူးပြုလေသည်။ နေ့စဉ် ပဥ္စသီလဆောက်တည်ကျင့်သုံး …သည်လည်း စိတ်နှလုံးကြည်လင်စေမှုတွင် အထောက်အပံ့ …ကောင်းအဖြစ် ကျေးဇူးပြုပါ၏။ အကယ်၍ တတ်စွမ်းနိုင် …ဖြင့် အဋ္ဌင်္ဂသီလကို စွဲမြဲစွာ ဆောက်တည်နိုင်ခဲ့ပါလျှင် …စိတ်နှလုံးကြည်လင်မှုသည် ပို၍လျှင်မြန်စွာ ဖြစ်ပွားတိုးတက် …လာပေမည်။ သီလတို့ကို စွဲမြဲစွာ ဆောက်တည်နေသော …ဒါယကာများအား ပညာရှိအပါအဝင် တခြားပုဂ္ဂိုလ်တို့က …အောက်ပါကဲ့သို့ ချီးမွမ်းစကားပြောကြားကာ ဆက်ဆံလာ …သည်ရာ ရှိပါသည်။ လိုလားအပ်သော မှတ်ကျောက်ပင်။

"ဤဒါယကာသည် ပါဏာတိပါတမှ ရှောင်ကြဉ်၏။ …သူတို့အား ညှဉ်းဆဲနှိပ်စက်ရန် ကြံစည်ပြုမူခြင်း မရှိ။ …ပြင် မုသာဝါဒကို ပယ်စွန့်၍ မဟုတ်မမှန်သော စကား …ကို မပြောကြား။ လိမ်ခြင်း၊ ညာခြင်းကို ရှောင်ရှားတတ်၏။ …တ် သီလဂုဏ်နှင့် ပြည့်စုံသူပါတကား"

ဆိုခဲ့ပါ သီလဂုဏ်တို့နှင့် ပြည့်စုံလျက် စင်ကြယ်မှု …ဉ် တရွေ့ရွေ့တိုးတက်လာသောအခါ ထိုဒါယကာ၏ စိတ် …သည် ကြည်လင်၍ ဝမ်းမြောက်နှစ်သက်မှု ပီတိနုနု …ပေါ်လာ၏။ ပီတိနုနုသည် လွန်ကဲနှစ်သက်မှု ပီတိရင့်ရင့် …ပြောင်း၏။ ပီတိရင့်ရင့်က ကိုယ်စိတ်နှစ်ပါးစလုံး၌ ငြိမ်း …မှု ပဿဒ္ဓိနှင့် ချမ်းသာမှု သုခတို့ကို ဆောင်ယူပေး၏။ …ဖြစ်လာလျှင် ကြံစည်မှု ပျောက်ငြိမ်းသွားပြီးနောက် စိတ် …ကြည်မှု သမာဓိအဆင့်သို့ ရောက်ရှိပါသည်။ ဤစင် …ကြယ်မှု ကောင်းကျိုးက "ပဓာနကောင်းကျိုးမဟာ"ပါတည်း။

## ပါဠိဟာရိယ ပဋိဇာဂရနှင့် ပကတိဉပုသ်

သီလစင်ကြယ်မှုသည် ဆိုခဲ့ပါအတိုင်း ဤမျက်မှောက် …၌ပင် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာတည်ကြည်မှုတို့ဖြင့် …ချင်ခွင့်ကို ဖြစ်ပေါ်စေ၏။ အနာဂတ်ကာလတွင်လည်း …လေးပါးကျရောက်ခြင်းဘေးမှ ကင်းဝေးစေလျက် …တာ့၊ ကောင်းမြတ်ရာ ဘဝအသီးသီးသို့ ရရောက်စေ …သည်။ ကမ္မဋ္ဌာန်းတရား အားထုတ်သူမှန်ပါက ဤသီလ …ကြယ်မှုအခြေခံ အထောက်အပံ့အားလျော်စွာ ယခုဘဝ …တ်) ဒုတိယဘဝ၌ မဂ်ဖိုလ်ဆိုင်ရာ အသိထူး၊ ဉာဏ်ထူးရရှိရေးတွင် ကောင်းစွာ ကျေးဇူးပြုတတ်ပေသည်။

ဂေါတမဗုဒ္ဓ မပွင့်ထွန်းသေးမီ၊ သာသနာပ ကာလမျိုးတွင် အဋ္ဌသီလဟု ခေါ်သော ရှစ်ပါးသီလရှိနေစေကာမူ တိတ္ထိတို့ ကျင့်သုံးသောကြောင့် နိဂဏ္ဌသီလမျိုး ဖြစ်ခဲ့လေ၏။ ဉပုသ်သီလမျိုး မဟုတ်သေးချေ။

ဗုဒ္ဓပွင့်ထွန်းတော်မူပြီးနောက်မှသာလျှင် "ဉပေါသထံ ဉပဝသန္တိ"ဟု ဖွင့်ပြသောကြောင့် သတ်မှတ်ရက်တွင် ညစာ၊ မွန်းလွဲစာ မစားခြင်းဟူ၍ "ဉပဝသ"အရ "ဉပုသ်" ဆိုနိုင်ပေသည်။ ထို့အပြင် အဋ္ဌင်္ဂသမန္နာဂတံ ဉပေါသထသီလံ ဆိုသောကြောင့် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဉပုသ်သီလဟု ခေါ်ရ၏။

ဗုဒ္ဓစာပေကျမ်းဂန်များအာဘော်အရ ဉပုသ်ကာလ၊ ဉပုသ်နေ့ သတ်မှတ်ချက်အမျိုးမျိုးရှိပါသည်။ ပါဠိဟာရိယ ဉပုသ်ကာလ၊ ပဋိဇာဂရ ဉပုသ်ကာလ၊ ပကတိဉပုသ်ကာလ၊ အခြားဉပုသ်ကာလဟု သိအပ်ပါ၏။

ပါဠိဟာရိယဉပုသ်ကာလတွင် အောက်ပါ သတ်မှတ်ချက် ၄မျိုး ပါဝင်နေသည်။

(၁) ၅လသတ်မှတ်ချက် - ဝါဆိုချိန်၊ ဝါဆိုရက်မှ ရှေ့အဖို့ရှိသော ဝါဆိုလ(၁၅ရက်)၊ ဝါတွင်းကာလ(၃လ)၊ ဝါကျွတ်ပြီးချိန်မှ တန်ဆောင်မုန်းလတစ်လလုံး(၄၅ရက်)အထိ ပါဝင်သော ကာလ(ပေါင်း ၅လ)။ (သုတ္တနိပါတ်၊ ဓမ္မိကသုတ် အဋ္ဌကထာ)

(၂) ၃လသတ်မှတ်ချက် - ဝါတွင်းကာလ(၃လ)(ရာဇသုတ်အဋ္ဌကထာ) သို့မဟုတ် ဝါဆိုလတစ်လ၊ တန်ဆောင်မုန်းလတစ်လ၊ တပေါင်းလတစ်လ(ပေါင်း ၃လ)။ (ဆရာစဉ်ဆက်ဝါဒ)

(၃) တစ်လသတ်မှတ်ချက် - ပဝါရဏာနှစ်ပါးအလယ်ကြား၌ မပြတ်မပေါက်သော ကာလ(တစ်လ)။ (ရာဇသုတ်အဋ္ဌကထာ)

(၄) လဝက်သတ်မှတ်ချက် - ပထမ ပဝါရဏာမှ စတင်သော လဝက်(၁၅ရက်)။ (ရာဇသုတ်အဋ္ဌကထာ)

ပဋိဇာဂရ ဉပုသ်ကာလတွင် လတစ်လ၏ လဆန်းပက္ခ၌ ၅ရက်နှင့် လဆုတ်ပက္ခ၌ ၆ရက်၊ စုစုပေါင်း ၁၁ရက် သတ်မှတ်ချက် ရှိလေသည်။ ပကတိ ဉပုသ်ရက်တို့တွင် အကြိုအဆောင်း တစ်ရက်စီ ယူခြင်းပင်။

ပကတိ ဉပုသ်ကာလတွင် လတစ်လ၏ လဆန်းပက္ခဖြစ်စေ၊ လဆုတ်ပက္ခဖြစ်စေ၊ လေးရက်စီအားဖြင့် ပေါင်း ရှစ်ရက် သတ်မှတ်ချက် ရှိပါသည်။ ဉပုသ်သီလသိက္ခာနှင့်

www.burmeseclassic.com

www.burmeseclassic.com

နေထိုင်ခြင်းဟူသည် ထိုလ၏ ရှစ်ကြိမ်မျှသော နေ့ရက်တို့၌ ဥပုသ်အင်္ဂါတို့ကို ဆောက်တည် ထိန်းသိမ်းထားမှုပင် ဖြစ်ကြောင်း တိကအင်္ဂုတ္တိုရ် ပထမ ပဏ္ဏာသ အဋ္ဌကထာက ဤကဲ့သို့ ဖွင့်ဆိုတော်မူပါ၏။

"ဥပေါသထံ ဥပဝသန္တီတိ၊ မာသဿ အဋ္ဌဝါရေ ဥပေါသထင်္ဂါနိ အဓိဋ္ဌဟန္တိ"

ထိုကျမ်း၏ အာဘော်အရ အဆုံးအဖြတ်မှာ ငါးရက်၊ ရှစ်ရက်၊ ဆယ့်လေးရက်၊ ဆယ့်ငါးရက် ဟူ၍ လဆန်းပက္ခ၌ ၄ရက်၊ ထိုနည်းတူ လဆုတ်ပက္ခ၌ ၄ရက်(ရက်မစုံလတွင် ဆယ့်သုံးရက်နှင့် ဆယ့်လေးရက်ဖြင့် သတ်မှတ်ရန်) ဖြစ်၍ ထိုလ၏ ၈ရက် ပမာဏသည် ပကတိ ဥပုသ်ကာလ ဖြစ်လေသည်။

ခပ်သိမ်းသော ကာလတို့တွင် သတ်မှတ် ၆ရက် အတွက် ညစာမစားခြင်းကို ဥပုသ်ဟု မည်ကြောင်း အဋ္ဌကနိပါတ်၊ သန်ပါလဇာတ်၌ ဤကဲ့သို့ ဖော်ပြထားပါ၏။ သီးခြား အမည်မသိ၍ အခြားဥပုသ်ဟု ဆိုရပါ၏။

"သဗ္ဗေ မာသဿ ဆဒိဝသေ၊ ဥပေါသထံ ဥပဝသန္တိ"

ထိုဇာတ်အဋ္ဌကထာ၏ အာဘော်အတိုင်းဆိုရပါလျှင် လကွယ်နေ့၊ ရှစ်ရက်နေ့၊ ဆယ့်တစ်ရက်နေ့ဟူ၍ လဆန်းပက္ခ၌ ၃ရက်ပမာဏသည် လည်းကောင်း၊ ထိုနည်းတူ လပြည့်နေ့၊ ရှစ်ရက်နေ့၊ ဆယ့်တစ်ရက်နေ့ဟူ၍ လဆုတ်ပက္ခ၌ ၃ရက်ပမာဏသည်လည်းကောင်း၊ လတစ်လ၏ ဤ ၆ရက်မျှသော ပမာဏသည် ဥပုသ်ကာလဖြစ်ပါသည်။

ဝေဿန္တရာဇာတ် အဋ္ဌကထာ၌လည်း ဤ ၆ရက် ဥပုသ်ကာလကို ရည်ရွယ်ပုံရသကဲ့သို့ "မာသဿ ဆက္ခတ္တုံ" ဟု ဖော်ပြထားကြောင်း တွေ့ရလေသည်။ အထက်နည်းတူ အခြားဥပုသ်ဆိုရပါ၏။

ယနေ့အထိ တွင်ကျယ်စွာ လိုက်နာစောင့်သုံးဆဲ ဥပုသ်ကာလမှာ လဆန်း၊ လဆုတ် ရှစ်ရက်နေ့တို့နှင့် လပြည့်၊ လကွယ်နေ့ဟူသော လတစ်လ၏ ၄ရက် ပမာဏပင် ဖြစ်တော့သည်။ ဤစောင့်သုံးမှု ဥပုသ်ကာလ ၄ရက်သည် တိက အင်္ဂုတ္တိုရ်၊ ပထမ ပဏ္ဏာသ အဋ္ဌကထာဖွင့်ဆိုချက်ပမာဏ ရှစ်ရက်မှ ထက်ဝက်တိတိကို လျှော့ချသတ်မှတ်ခြင်း ဖြစ်ဟန်တူသည်ဟု အနုမာန ခန့်မှန်းကြံဆဖွယ်ရှိပါ၏။ သီးခြား အမည်ကို မသိရချေ။

ဆိုခဲ့ပါ ဇာတ်အဋ္ဌကထာနှစ်ခု၌ ဖော်ပြထားသော ဥပုသ်ကာလ ၆ရက် သတ်မှတ်ချက်၊ ယနေ့ ကျင့်သုံးဆဲ ဥပုသ်ကာလ ၄ရက် သတ်မှတ်ချက်အသီးသီးတွင် ဥပုသ် အမည် သီးခြားပေးထားခြင်းကို မမြင် မတွေ့ရပါ။ အမည် သီးခြားရှိ မရှိ တပ်အပ် မသိသေးမီတွင် ထို ၆ရက်နှင့် ၄ရက် ဥပုသ်မျိုးကို စာရေးသူက ယာယီအားဖြင့် အခြား ဥပုသ် ခေါင်းစဉ်အတွင်းသို့ ထည့်သွင်းဖော်ပြထားခဲ့ပါသည်။

## ကာယစိတ္တ သုခချမ်းသာ ဥပုသ်အရိယာ

ပဉ္စသီလ၊ ဒသသီလတို့သည် မွန်းလွဲညစာ အာဟာ[ရ] စားသောက်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပု[ဒ်] ကျင့်ဝတ် မပါရှိသောကြောင့် ဥပေါသထအမည်ကို မရနိုင် ကြချေ။ ထိုကျင့်ဝတ်သိက္ခာပုဒ်ကို ကောင်းစွာ ထိန်းသိမ်း[ထား] သော ဆိုခဲ့ပါ အဋ္ဌင်္ဂသီလသည်သာလျှင် ဥပေါသထ အမည် ရ၍ ဥပုသ်သီလ ဖြစ်ပေ၏။

ဥပုသ်သီလခံယူထားသော ဒါယကာ ပရိသတ်[၏] ဥပုသ်ကာလအတွင်း စိတ်အတွေး၊ နှုတ်အပြော၊ ကိုယ်ကျ[င့်] အပြုအမူကွဲပြားချက်နှင့်အညီ ပိုင်းခြားသတ်မှတ်အပ်သော ဥပုသ်သုံးမျိုးရှိကြောင်းကို သိနားလည်သင့်ပါသည်။ အင်္ဂုတ္တ[ရ] နိကာယ၊ တိကနိပါတ၊ ပါဠိတော်၌ ဂေါပါလဥပုသ်၊ နိဂဏ္ဌ[ဥ]ပုသ်၊ အရိယာဥပုသ်ဟူ၍ ဥပုသ်သုံးမျိုး ပိုင်းခြားသတ်မှတ်[ထား]ထား၏။

မည်ကဲ့သို့ တွေးကြံ ပြောဆို ပြုမူနေလျှင် မည်သည့် ဥပုသ်မျိုးဖြစ်လာမည်နည်း။

အကယ်၍ ငါသည် ဥပုသ်ထွက်မည့် နက်ဖြန်ခါတွင် အဘယ် အစာအာဟာရကို စားသောက်အံ့၊ အဘယ် အထည်ဆန်းကို ဆင်မြန်းအံ့၊ အဘယ် အိမ်မှုကိစ္စတို့ကို ပြုလုပ်အံ့ဟူသော တွေးကြံချက်များဖြင့် ဥပုသ်ကာလကို ကုန်ဆုံးစေသည် ဖြစ်ပါအံ့၊ ထိုဥပုသ်မျိုးသည် နွားအပေါင်း တို့အား လှည့်လည်ထိန်းကျောင်းရာအရပ်၊ မြက်ကွေး၍ ရေတိုက်ရာအရပ်တို့၌သာ အာရုံပြု၍ အောက်မေ့ တွေးကြံ နေတတ်သော နွားကျောင်းသားအလုပ်မျိုးနှင့် တူညီသော ကြောင့် "**ဂေါပါလဥပုသ်**" မည်ပေလိမ့်မည်။ ကောင်းကျိုး မရှိပါ။

အကယ်၍ ငါသည် ဤအရပ်နယ်ပယ်အတွင်း[ရှိ] သားကောင်သတ္တဝါတို့ကို သတ်ဖြတ်မည်၊ ခိုးယူမည်၊ ဤ အရပ်နယ်ပယ်အပရှိ သားကောင်သတ္တဝါတို့ကို မသတ်ဖြတ် ပါ။ မခိုးယူပါ စသော အမှားကြံ အမှားကျင့် နည်းလမ်းများ ဖြင့် ဥပုသ်ကာလကို ကုန်ဆုံးစေသည် ဖြစ်ပါအံ့၊ ထိုဥပုသ် မျိုးသည် တိတ္ထိတို့၏ မိစ္ဆာဥပုသ်နှင့် တူညီသောကြောင့် "**နိဂဏ္ဌဥပုသ်**" ဖြစ်သွားတော့၏။ ကောင်းကျိုး မရှိပါချေ။

www.burmeseclassic.com

www.burmeseclassic.com

အကယ်၍ ငါသည် ရတနာသုံးပါး ဂုဏ်ကျေးဇူးတော်တို့ကို တွေးကြံ ရွတ်ဖတ်ခြင်း၊ ဓမ္မစကားတို့ဖြင့် လျောက်ပတ် သင့်တန်ရုံ ပြောဆိုဆွေးနွေးခြင်း၊ ဘာဝနာအလုပ်ကို အဆိုက်အလျောက် ကြိုးစားအားထုတ်ခြင်းအားဖြင့် ဥပုသ်ကာလကို ကုန်ဆုံးစေသည် ဖြစ်ပါအံ့၊ ထိုဥပုသ်မျိုးသည် အရိယာ သူတော်ကောင်းတို့ ကျင့်သုံးအပ်သော လမ်းစဉ်နှင့် တူညီသောကြောင့် "**အရိယာဥပုသ်**"မည်ပါပေ၏။

အရိယာဥပုသ်ကား နေလပမာအရောင်အဝါ လင်းဖြာစေရုံသာမက၊ အတုမရှိနိုင်သော ကြီးမြတ်ကောင်းကျိုးအဝဝနှင့် ပြည့်စုံ ပြည့်ဝစေနိုင်ပါသည်။ ဆိုခဲ့ပါ ဥပုသ်သုံးမျိုးအနက်မှ ဂေါပါလ ဥပုသ်နှင့် နိဂဏ္ဌဥပုသ်တို့ကို ပယ်စွန့်၍ အရိယာဥပုသ်မျိုးကို ရွေးချယ် ကျင့်သုံးအပ်ပေသည်။

အထက် ဆိုခဲ့ပါ ဥပုသ်သုံးမျိုးကို အခြေခံလျက် ...ရေး ရဟန်း၊ သံဃာတော်၊ ဆရာတော်ကြီးများက ...ကာအသီးသီးအား ဥပုသ်သီလ ချီးမြှင့်ရာတွင် "ဥပုသ်သည် ငါးမျိုး"အထိ ခွဲထွင်ပိုင်းခြား၍ ဟောကြားဆုံးမတော်မူကြပါသည်။ ဒါယကာများ မှတ်သားရလွယ်စေရန် ဖွဲ့စီ...ပြခဲ့သော သံပေါက်လင်္ကာတို့ကို ကူးယူတင်ပြလိုပါ၏။

(၁) ဘာဝနာပွားကာ၊ စောင့်သုံးပါ၊ အရိယာ ဥပုသ်သည်(မူလပါဠိတော်)။

(၂) လူမှုရေးရာ၊ ကြံစည်ပါ၊ ဂေါပါလ ဥပုသ်သည် (မူလပါဠိတော်)။

(၃) တရားမပူ၊ အစားကြူး၊ ဘီလူးဥပုသ်သည် (ခွဲထွင် ဩဝါဒ)။

(၄) တရားမပွား၊ အအိပ်များ၊ နဂါးဥပုသ်သည်(ခွဲထွင် ဩဝါဒ)။

(၅) တရားမဖက်၊ စကားမြွက်၊ ဆက်ရက်(ဇရပ်) ဥပုသ်သည်(ခွဲထွင် ဩဝါဒ)။

သံပေါက်လင်္ကာ ငါးပုဒ်အနက်မှ မူလ ပါဠိတော်လာ...သော ပထမ နှစ်ပုဒ်ကို ရှင်းပြပြီးဖြစ်သဖြင့် ကျန်သော...ဩဝါဒလာ သံပေါက်လင်္ကာ သုံးပုဒ်မျှကိုသာ ဆက်၍ ...ဖော်ပြရန် ရှိပါသည်။

ဥပုသ်ဆောက်တည်ရက်၏ နေမွန်းမတည့်မီ အစာ...ရက်စွတွင် စားသုံးရန်အတိုင်းအရှည် ပမာဏကို ...ဆိုက်နာပါက ချမ်းသာမှု ရှိလေသည်။ ထိုသို့ မသိဘဲ ...ဘောဇနာပုဒ်ကို အကြောင်းပြု၍ အလွန်အကဲ...ကန် စားသောက်နေပြန်လျှင် ဆင်းရဲရောက်ရုံသာ... "**ဘီလူး ဥပုသ်သည်**" ဖြစ်ရပါ၏။

ဥပုသ်ရက်၏ နေ့ပိုင်း နာရီများတွင် စကြံမျှပင် မသွားနိုင်အောင် လဲလျောင်းခြင်းကို လွန်ကဲစွာ နှစ်သက်နေပါက အိပ်စက်၊ အိပ်ပျော်ခြင်းသာ ရရှိနိုင်လေသည်။ ထိုသို့ အိပ်ပျော်ခြင်း၊ ငိုက်မျဉ်းခြင်း၊ ထိုင်းမှိုင်း ပျင်းရိသွားခြင်းတို့ကြောင့် အချိန်ကုန်၊ အကျိုးမဲ့ရုံသာမ၊ "**နဂါးဥပုသ်သည်**" ခေါင်းစဉ်အောက်သို့ ရောက်ရပါ၏။

ဆိုခဲ့ပါ နေ့ပိုင်း နာရီများတွင် သင့်တန်ရုံ ဓမ္မစကားပြောခြင်းထက် အဆမတန် အလွန်အကဲ စကားပြောများပြီး အနှစ်အသား ဗလာဖြစ်နေပါက ပတ်ဝန်းကျင် ဆိတ်ငြိမ်မှု ပျက်စီးသွားနိုင်လေသည်။ မိမိနှင့်တကွ တစ်ပါးသူ၏ သီလစင်ကြယ်မှုနှင့် ဝေးကွာစေရုံသာမက "**ဇရက်ဥပုသ်သည်**" အမည်စာရင်းသို့ သွတ်သွင်းခံရတော့၏။

လိမ္မာပါးနပ်သော ဥပုသ်သည်တို့ကား ဥပုသ်ကာလအတွင်း စင်္ကြံသွားခြင်း၊ ဥပုသ်အင်္ဂါ သိက္ခာပုဒ် ရှစ်ပါးအလိုက် သီလာနုဿတိ ရှုမှတ်ခြင်း၊ ရုပ်နာမ်တို့၏ ဖြစ်ပျက်မှု သင်္ခါရသဘော၊ မမြဲဆင်းရဲ အစိုးမရသော သဘောတို့၌ နှလုံးသွင်းဆင်ခြင်ခြင်းကို ပြုလုပ်ကြလေသည်။ စိတ်ကို ထိန်းကျောင်းသော မနောအလုပ်ပီပီ ကာယစိတ္တ သုခချမ်းသာရှိစေလျက် သမာဓိ တည်ကြည်မှုအပြင် သီလစင်ကြယ်မှု ဝိသုဒ္ဓိအရောက် ထွန်းပေါက်သော ဥပုသ်သည်ဖြစ်စေပေလိမ့်မည်။ "**အရိယာဥပုသ်သည်**"ပါတည်း။

"ဘီလူးနဂါး၊ နွားကျောင်းသား၊ စကားဥပုသ်သည်" ဖြစ်လာတတ်ခြင်းကို အလိုမရှိအပ်ပေ။

* * *

ယောဂီစောလွင်

ကျမ်းကိုး

- ပရမတ္ထစက္ခုကျမ်း (ဒီပဲယင်းဆရာတော်ဘုရား)။
- ဇိနတ္ထပကာသနီကျမ်း (ကျီးသဲလေးထပ်ဆရာတော်ဘုရား)။
- လောကုတ္တရာအခြေပြုကျမ်း (ပညာဝန်ထောက် ဦးဘိုးစိုး)။
- မင်္ဂလတ္ထဒီပနီ (မင်္ဂလာဘုံကျော် ညောင်ကန်ဆရာတော်ဘုရား)။
- ဗုဒ္ဓ၏ ဝါဒစစ်ပွဲများ (ဆရာကြီး လေးမြိုင်)။



www.burmeseclassic.com

www.burmeseclassic.com




ကိုရွှေမြသန်း
(သမိုင်း)

# သိကြားမင်းပေးလှူသော ဘေးကင်းရန်ကွာ ချမ်းသာဂါထာ

အများသိဖို့၊ အများကျင့်ဖို့ စာပေပြုစုတယ် ဆိုတာ တကယ်တော့ အများခိုးအောင်ဖို့ တွင်းတူးပေးနေတာလို့ ဆိုရင် မမှားပါဘူး။

တွင်းတူးပြီး မအောင်းတဲ့ ကြွက်၊ တွင်းအောင်းပြီး မတူးတဲ့ ကြွက်၊ တွင်းလည်း မတူး၊ အောင်းလည်း မအောင်းတဲ့ ကြွက်၊ တွင်းလည်း တူး၊ အောင်းလည်း အောင်းတဲ့ ကြွက်လို့ ကြွက်လေးမျိုးရှိပါတယ်။

အဲဒီ ကြွက်လေးမျိုးမှာ တွင်းမတူးပေမယ့် အောင်းတဲ့ ကြွက်ဟာ စိတ်ဝင်စားစရာ သိပ်ကောင်းပါတယ်။ တွင်းတူ တဲ့ အလုပ်နဲ့ တွင်းအောင်းတဲ့ အလုပ်မှာ တွင်းအောင်းတဲ့ အလုပ်က အဓိက ကျပါတယ်။ တွင်းမှာ အောင်းနေ ဘေးအန္တရာယ်ကင်းရှင်းပြီး စိတ်၏ ချမ်းသာခြင်း၊ ကိုယ် ချမ်းသာခြင်းနှင့် ပြည့်စုံမှာမို့ပါ။

ကိုယ်တိုင် တွင်းမတူးဘဲ သူများတူးပြီးသားတွင်း

www.burmeseclassic.com

www.burmeseclassic.com

ဝင်အောင်းပြီး ဘေးရန်ကင်းရှင်း ချမ်းသာခြင်းကို အရယူနိုင်တဲ့ ကြွက်ရဲ့ လိမ္မာပါးနပ်မှုဟာ ချီးကျူးစရာလည်း ကောင်းသလို၊ အတုယူစရာလည်း ကောင်းလှပါတယ်။

ကြွက်လေးမျိုးရှိသလို၊ လူမှာလည်း သိပြီး မကျင့်တဲ့လူ၊ ကျင့်ပြီး မသိတဲ့ လူ၊ သိလည်း မသိ၊ ကျင့်လည်း မကျင့်တဲ့ လူ၊ သိလည်းသိ၊ ကျင့်လည်း ကျင့်တဲ့ လူလို့ လူလေးမျိုးရှိပါတယ်။

ကြွက်ရဲ့ တွင်းတူးခြင်းကို လူရဲ့ သိအောင် လေ့လာခြင်းနှင့် တင်စားထားသလို၊ ကြွက်ရဲ့ တွင်းအောင်းခြင်းကိုလည်း လူရဲ့ ကျင့်ကြံအားထုတ်ခြင်းနှင့် ထပ်တူပြုထားပါတယ်။

တွင်းတူးတယ်ဆိုတဲ့ စကားထဲမှာ ကိုယ်ကိုယ်တိုင်သိဖို့ လေ့လာနေတာလည်း ပါသလို၊ သူများသိဖို့ ဟောပြောရေးသားနေတာတွေလည်း ပါဝင်ပါတယ်။

တွင်းအောင်းတယ်ဆိုတဲ့ စကားထဲမှာလည်း ကျင့်ကြံအားထုတ်တာရော၊ ကျင့်ကြံအားထုတ်ခြင်းကြောင့် အပါယ်ဘေး သံသရာဘေးမှ လွတ်မြောက်ပြီး နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုသွားတာပါ အကျုံးဝင်ပါတယ်။

ဓမ္မဗဟုသုတတွေ အများကြီး မသိပေမဲ့ ကိုယ်သိသလောက် နည်းနည်းလေးကို လိုက်နာကျင့်သုံးတဲ့ ပုဂ္ဂိုလ်၊ ကျင့်သလောက်လည်း ကိစ္စပြီးမြောက် ချမ်းသာရောက်တဲ့ ပုဂ္ဂိုလ်ကို 'တွင်းမတူးပေမဲ့ အောင်းတဲ့ ကြွက်နဲ့ ဥပမာနှိုင်းနှိုင်းထားတာမို့ အဲဒီ ပုဂ္ဂိုလ်ဟာလည်း စိတ်ဝင်စားစရာ၊ အတုယူစရာ ဖြစ်နေရပြန်ပါတယ်။

မြတ်စွာဘုရားရှင်လက်ထက်တုန်းက တရားဂါထာတစ်ဂါထာပဲ ရပေမယ့် အဲဒီ တစ်ဂါထာကျင့်စဉ်အတိုင်း ကျင့်ကြံအားထုတ်လို့ ရဟန္တာဖြစ်သွားတဲ့ မထေရ်ကြီးတစ်ပါးတောအုပ်တစ်ခုမှာ သီတင်းသုံးခဲ့ဖူးပါတယ်။

မြို့က ကြွလာတဲ့ ပိဋကတ်သုံးပုံဆောင် ပုထုဇဉ်မထေရ်ကြီးတွေ အကျယ်တဝင့် တရားဟောတဲ့အခါ တောထဲက နတ်သားတွေက လုံးဝ သာခုမခေါ်ဘဲ၊ တစ်ဂါထာတည်းရတဲ့ ရဟန္တာမထေရ်ကြီးက အဲဒီ တစ်ဂါထာတည်း တရားဟောတဲ့အခါမှာတော့ တစ်တောလုံးညံ့ ဘဝဂ်လျှံအောင် နတ်တွေ သာခုခေါ်ခဲ့ကြဖူးပါတယ်။

ဒါကို ထောက်ဆကြည့်ရင် တွင်းတူးဖို့ထက် တွင်းအောင်းဖို့က အဓိကကျတယ်ဆိုတာ သိသာထင်ရှားလှပါတယ်။ သူများ တူးထားတဲ့ တွင်းမှာ ဝင်အောင်းတဲ့ ကြွက်လောက် လိမ္မာပါးနပ် ကျွမ်းကျင်တာမျိုး လောကမှာ ရှိပါဦးမလား။ ဘေးကင်းရန်ကွာ ချမ်းသာတာချင်းအတူတူ သူများတူးပြီးသားတွင်းမှာ ဝင်အောင်းရတာက ပိုပြီးသက်သာတာပေါ့။

အောင်းဝင် ခိုနားရမယ့် တာဝန်ကတော့ ဘေးကင်းရန်ကွာ ချမ်းသာလိုသူတိုင်းရဲ့ တာဝန်ပါပဲလို့ အရှင်အာစာရလင်္ကာရ(စစ်ကိုင်း၊ ရွှေဟင်္သာ)ရဲ့ ပုလဲရတနာ ဓမ္မစာအုပ်အမှာစာမှာ အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)က ရေးသားမှာကြားထားသလို၊ ဓမ္မဒူတ အရှင်ပညိဿရကလည်း သူ့ရဲ့ လိုတိုရှင်း ဝိပဿနာစာအုပ် လိုတိုရှင်း နိဒါန်းစကားမှာ・・・

"ပင်လယ်သည် ကျယ်ပြန့်၏။ နက်ရှိုင်း၏။ ထုထည်ပမာဏကြီးမား၏။ ချင့်တွက် တိုင်းတာရန် ခက်ခဲ၏။ သို့သော် ပင်လယ်ရေ၏ အရသာကို သိရန် အကုန်မွှေနှောက်သောက်ကြည့်ဖို့ မလိုပါ။ တစ်ပေါက်တစ်စက် တို့ထိကြည့်ရုံမျှဖြင့် သိနိုင်ပါသည်။

ထို့အတူ ဗုဒ္ဓဓမ္မသည် ကျယ်ပြန့်၏။ နက်ရှိုင်း၏။ ထုထည်ပမာဏ ကြီးမား၏။ ချင့်တွက်တိုင်းတာရန် ခက်ခဲ၏။ သို့သော် ဗုဒ္ဓဓမ္မရသကို သိရန် အကုန်မွှေနှောက် လေ့လာကြည့်ဖို့ မလိုပါ။ တစ်ပုဒ်၊ တစ်ဂါထာကို လက်တွေ့ ကျင့်သုံးကြည့်ရုံမျှဖြင့် သိနိုင်ပါသည်။ ဗုဒ္ဓပင်လယ်ပြင်ကျယ်တွင် သုတ္တန်တစ်ခုဟူသည် တစ်ပေါက်တစ်စက်မျှသာ ဖြစ်၏။ သေးငယ်သော အစိတ်အပိုင်းလေးမျှသာ ဖြစ်၏။ ထိုအစိတ်အပိုင်းလေးသည်ပင်လျှင် ဓမ္မရသကို အပြည့်အဝဖော်ဆောင်ပေးနိုင်စွမ်း ရှိပါတယ်"

လို့ ဖော်ပြထားပါတယ်။

သို့ဖြစ်ပါ၍ ဘေးကင်းရန်ကွာပြီး သံသရာတစ်လျှောက်လုံး ချမ်းသာလိုသူတိုင်းအတွက် "ပညာနေတွင် ဝိပဿနာကျမ်း"မှ ဘုရားမပွင့်မီ ရှေးအဖို့က ရှင်ရသေ့ကို သိကြားမင်းပေးလှူသော "မဟာဇေယျ သိဒ္ဓိကာမ ဒဒမာလိနီ ဂါထာတော်"ကျင့်စဉ်အား ကောက်နုတ်ရေးသား တင်ပြလိုက်ပါ၏။ ဗုဒ္ဓဓမ္မပင်လယ်ပြင်ကျယ်မှ ဓမ္မရသ တစ်ပေါက်တစ်စက်မျှသာ ဖြစ်ပါ၏။

လက်တွေ့ စမ်းသပ်ကြည့်ပါက ပြောပြ၍ မစွမ်းသာနိုင်သော လောကီ၊ လောကုတ္တရာ အကျိုးစီးပွားတို့ကား များပြားလှပါသည်။ ဟိုနှယ်ဒီနှယ် အတွေးနယ်ချဲ့ကာ စိတ်ကူးကောင်းသူများ (လက်တွေ့မလုပ်ဘဲ) နားလည်နိုင်သော အရာမဟုတ်ပေ။ စိတ်ကူးကောင်းသလောက် လွဲတတ်သလို၊ စိတ်ကို ထူးခတ်လုပ်တတ်သလောက် ခရီးရောက်၍ အကျိုးစီးပွားသက်ရောက်နိုင်ပါပေ၏။



www.burmeseclassic.com

www.burmeseclassic.com

## မဟာဇေယျသိဒ္ဓိကာမ ဒ,ဒမာလိနီဂါထာတော်

သုဂတော သုဂတဓာနံ၊ သုဂတော သုန္ဒရံပိစ။

နိဗ္ဗာနံ သုဂတော ယာတိ၊ သုဂတော တေ နမော နမာ။

သုဂတော - ကောင်းသော ဝိပဿနာတရားကို ပြောဆိုလေ့ရှိသော မြတ်စွာဘုရားသည်၊ သုဂတဓာနံ - ဥပါဒါနက္ခန္ဓာတည်းဟူသော ရန်သူဘေးမှ လွတ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်၌ တည်တော်မူ၏။ သုဂတော - ဤနိဗ္ဗာန်၌ တည်တော်မူသော မြတ်စွာဘုရား၏ သုဂတဟူသော ဂုဏ်တော်သည်၊ သုဂတံ - ကောင်းသော ဝိပဿနာ ဘာဝနာကို ရွတ်ဆိုလေ့ရှိသော သဒ္ဓါနုသာရီမည်သော သပ္ပုရိသ သူတော်ကောင်းအပေါင်းကို၊ သုန္ဒရံပိ - အလွန်ကောင်းမြတ်သည်လည်း ဖြစ်သော၊ နိဗ္ဗာနံ - ဥပါဒါနက္ခန္ဓာတည်းဟူသော ရန်သူဘေးမှ လွတ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့၊ ယာတိစ - ကိုယ်တော်တိုင်လည်း ကြွသွားတော်မူ၏၊ သူတစ်ပါးကိုလည်း ကြွသွားစေတော်မူ၏။ သုဂတော - ဝိပဿနာ ဘာဝနာတည်းဟူသော ကောင်းသော စကားကို ပြောဆိုတော်မူတတ်သောကြောင့် သုဂတဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား၊ နမော - ဦးခေါင်းညွတ်ကျိုး လက်အုပ်မိုး၍၊ အဟံ - အကျွန်ုပ်သည်၊ နမာ - ရှိခိုးပါ၏ အရှင်ဘုရား"

ဤ မဟာဇေယျသိဒ္ဓိကာမ ဒဒမာလိနီ မည်သော သုဂတောဂုဏ်တော်သည် အကျိုးထူး အကျိုးမြတ်ကို မုချကေန် ပေးစွမ်းနိုင်လိမ့်မည်ဟု ယုံကြည်နှစ်သက် မြတ်နိုးခြင်းအမှုကို ပြုရန် လိုအပ်၏။ ပြုလည်း ပြုရာ၏။ ဤသို့ ယုံကြည်လေးနက် နှစ်သက်ပွားများ အားထုတ်ခြင်းကြောင့် အာယု- အသက်ရှည်ခြင်း၊ ဝဏ္ဏ - အဆင်းလှခြင်း၊ သုခ - စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ချမ်းသာခြင်း၊ ဗလ - ကာယဗလ ပြည့်စုံခြင်း၊ ဉာဏဗလပြည့်စုံခြင်းတို့နှင့် ပြည့်စုံ၍ ပဋိဘာနဝါပညာဖြင့် ဝိပဿနာကို ထိုးထွင်းသိမြင်၍ မဂ်အခြေ ဖိုလ်အခြေသို့ ရောက်သဖြင့် အပါယ်တံခါးပိတ်နိုင်ပါမည်။

ဤဂုဏ်တော် ဂါထာတော်သည် အလွန်တန်ခိုးကြီးမားသော ပါဒ် ကြီးကျယ်သော ဂုဏ်တော်ဂါထာတော်တည်း။ ဤဂုဏ်တော်ဂါထာတော်သည် ဘုရားမပွင့်မီ ရေးအဖို့က ရှင်ရသေ့ကို သိကြားမင်းလာ၍ ပေးလှူသော ဂုဏ်တော် ဂါထာတော်ဟု ဇမ္ဗူဒိပ်တိုင်းသား ရဟန်းတော် ရှင်အာဒိစ္စရံသီ စီရင်သော သုဂတမဂ္ဂကျမ်း၌ ဖော်ညွှန်းထားပါသည်။ ၎င်းဂုဏ်တော် ဂါထာတော်ကို မဇ္ဈိမတိုက်၊ သီဟိုဠ်၊ ယိုးဒယားပြည်တို့၌ အားထုတ်ကြသည်ဟု ဆိုသည်။

## ကျင့်ကြံပွားများ အားထုတ်နည်း

ဤဂုဏ်တော် ဂါထာတော်ကို ပွားများအားထုတ်နည်းမှာ ငါးပါးသီလကို ဆောက်တည်ပြီး ဆွမ်းဘောဇဉ်ခဲဖွယ်တို့နှင့်တကွ ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို လှူဒါန်းပူဇော်ပြီးလျှင် ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ရအောင် ဖော်ပြပါ ဂါထာကို ပွားများပါမည်ဟူ၍ လည်းကောင်း၊ နှစ်သိန်းလေးသောင်းမြေအထုနှင့် တူစွာ နှစ်သိန်းလေးသောင်းရအောင် ဂါထာတော်ကို ပွားများပါမည်ဟူ၍ လည်းကောင်း၊ ကိုးသိန်းခြောက်သောင်းရှိသော လေထုနှင့်တူစွာ ကိုးသိန်းခြောက်သောင်းရအောင် ဂါထာတော်ကို ပွားများအားထုတ်ပါမည်ဟူ၍ လည်းကောင်း၊ ပွားများအားထုတ်၍ ပုတီးစိပ်ပါမည်ဟူ၍ လည်းကောင်း၊ အဓိဋ္ဌာန် ပါရမီဖြင့် ခံယူဆောက်တည်ပြီး ဖော်ပြပါ ဂါထာတော်ကို ပွားများအားထုတ်ရမည်။

ဤဂါထာတော်ကို ပုတီးစိပ်သည့်အခါ တစ်ပုဒ်ကို တစ်ခါစိပ်လျှင် သုဂတောဂုဏ်တော် ငါးပါးရသည်။ ပုတီးတစ်ပတ်ပြည့်လျှင် သုဂတောဂုဏ်တော်ပေါင်း ငါးရာ့လေးဆယ် ရပါသည်။ ပုတီးပတ်ပေါင်း ၁၅၆ ပတ်ရလျှင် ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ပြည့်၍ ဘုရားမှာ ဆွမ်းခဲဖွယ်ဘောဇဉ်၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့်တကွ ရှစ်သောင်းလေးထောင် ဘာဝနာကုသိုလ်ကို ပူဇော်ပြီး လိုရာဆုနိဗ္ဗာန်ကို အဓိဋ္ဌာန်ပြု ရရှိအောင် ဆောင်ရွက်နိုင်ပါသည်။

ဤသို့ အတန်တန်ပွားများ အားထုတ်သည်ရှိသော် "ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ"ဟု ဗောဇ္ဈင်ဒေသနာ၌ ဟောပြတော်မူသည့်အတိုင်း သမ္ဗောဓာယ ဟူသော သမ္ဗောဓိဉာဏ်ဖြင့် သိမြင်အပ်သော ဝိပဿနာဉာဏ်၊ သစ္စာလေးပါးကို သိစွမ်းနိုင်သော ဉာဏ်နှင့်တကွ နိဗ္ဗာန်သို့ ကိုင်းရှိုင်း၍ ညွတ်သော စိတ် ဖြစ်လာပါလိမ့်မည်။

လက်တွေ့မလုပ်ဘဲ အတွေးနယ်ချဲ့ကာ နားလည်နိုင်သော အရာမဟုတ်ပေ။ စိတ်ကို ထူးခတ်လုပ်တတ်သလောက် အကျိုးစီးပွားသက်ရောက်နိုင်ပါ၏။

* * *

ကိုရွှေမြသန်း(သမိုင်း)




www.burmeseclassic.com

www.burmeseclassic.com


ပုရောဟိတ်လက္ခဏာဆရာကြီး ဆရာစန္ဒြ၏သား

# ဆရာဒေဝ A.G.T.I (Civil)

လက္ခဏာနှင့် နက္ခတ်ဗေဒင်ပညာရှင်




အမှတ် ၇၅၊ မွေ့စေတီလမ်း(တော်လှန်ရေးပန်းခြံရှေ့) *Sweet Centre* နှင့် ကပ်လျက်
မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း –၅၀၅၀၇၀၊
**E.mail; sayadeva@myanmar.com.mm, Internet- http://www.sayadeva.com**


# တိကျမှန်ကန်လို့ အံ့ဩမဆုံး

ဆရာ ဒေဝ .. 28 . 1 . 2005

1998 ခုနှစ် ဆရာ နှင့် လာဆုံ အကြိမ်က .

အသက် ၂၃ နှစ် နဲ့ ၂၄ နှစ် ကြား မှာ 'ထူးချွန်ဆု' ရဦးမယ်လို့ ဟောခဲ့ပါတယ်..။

ထင်မထားခဲ့ပါဘူး...

2003 ခု ဇန်နဝါရီလ မှာ ဆရာ့ဆီ ဒုတိယ အကြိမ် သွားတော့..

ဒီတစ်နှစ် သုံးလ အတွင်း မှာ 'ထူးချွန်ဆု' ရမယ် လို့ ထပ်ပြောပါတယ်..။

အဲဒါ လဲ မယုံလင့်ခဲ့ပါဘူး...။

အခု ဆရာ ဟောတဲ့ အတိုင်း.. မမျှော်လင့်ပဲ သီး 'မြန်မာ့ဥယျာဉ် ထူးချွန်ဆု'

ရခဲ့ပါတယ်..။

ဆရာ့ ဟောကြားချက်တွေ တိကျ မှန်ကန် လို့ အံ့ဩမဆုံး ဖြစ်ရပါတယ်..။

ကျေးဇူးတင်လျက်

စိုးမြတ်နိုး.

www.burmeseclassic.com

www.burmeseclassic.com

# သနစ်မြှား

ကွင်းမာယာ

ထူးမောင်နှင့် ငထွန်းက သော
ဖော်စားဖက်တွေ။ ဝါသနာတူ၊ စရိ
တူကြသည်ဆိုလျှင် မမှား။ ယခုလည်
အရက်အတူသောက်စားရင်း ပိုက်
ရှာရန် အသီးသီး အကြံထုတ်နေ
ခြင်းဖြစ်သည်။ အကြံမထုတ်ကြ




www.burmeseclassic.com

www.burmeseclassic.com

လည်း မဖြစ်။ ထူးမောင်နှင့် ထွေန်းက လက်ကြောတင်းသူတွေ မဟုတ်။ ဒါကြောင့်လည်း သပြေမ်းတစ်ရွာလုံးက ထူးမောင်နှင့် ထွေန်းဆိုလျှင် လူပေလူတေတွေဟု သတ်မှတ်ထားကြခြင်း ဖြစ်သည်။

"ထွေန်း"

"ဘာလဲ ထူးမောင်"

"ဟိုဟာကို ကြံရင် ကောင်းမလား"

"မင်းဥစ္စာကြီးက အရင်းမရှိ အဖျားမရှိ စကားကြီးကွာ။ ဘာလဲ... မင်း အကွက်ကောင်းတွေ့ထားလို့လား"

"အကွက်ကောင်းကွ၊" ပိုက်ဆံတော့ အများကြီးရမှာ သေချာတယ်"

ထူးမောင် အရက်မူးမူးနှင့် ထွက်ပေါ်လာသည့် အာလေးလျှာလေး စကားသံကို ကြားလိုက်ရ၍ ထွေန်း မျက်လုံးပြူးသွားမိသည်။ ထူးမောင် အကျင့်ကို ထွေန်းက အနီးကပ်နေသူမို့ သိသည်။ ထူးမောင်က အလုပ်တစ်ခု လုပ်လျှင် ပီရိသေသပ်သူဖြစ်သည်။

"ပြော...ပြောစမ်းပါဦး ထူးမောင်၊ ပိုက်ဆံအများကြီးရမယ်ဆိုတော့ ဘာလဲ မင်း အပျိုကြီး ရွှေဆင့်ကို တင်ခေါင်းမလို့လား။ ခု ရွှေဆင့်သတင်းကို ကြားနေရတယ်ကွ"

"ဘာ...ရွှေ...ရွှေဆင့်သတင်း။ ဟုတ်လား"

ထွေန်းစကားကို ရုတ်တရက် ကြားလိုက်ရ၍ ထူးမောင် သောက်မည့် အရက်ကိုပင် ဆက်မသောက်နိုင်တော့။ မျက်လုံးကြီး ရွှေဆင့်မျက်နှာကို မြင်ယောင်သွားမိသည်။

"ခု ရွှေဆင့်က ဟိုဘက်ရွာက ကိုပွက ရွှေတစ်ဆင်စာ တင်ခေါင်းဟုမယ်လို့ သတင်းကြားနေရတယ် ထူးမောင်"

"တောက်"

ထွေန်းစကားသံကြောင့် ထူးမောင် တက်ခေါက်မိရင်း ခံပြင်းသွားမိသည်။ မုဆိုးဖို ကိုပွက လယ်ပိုင်ယာပိုင်ဖြစ်၍ ငွေရေးကြေးရေး အဆင်ပြေသူ။ ထူးမောင် ဆက်မတွေးချင်တော့။ လက်ကျန် အရက်ခွက်ကို တစ်ရှိန်ထိုး မော့သောက်ချပြီး မျက်စိထဲတွင် မြင်ယောင်နေမိသည်က ဦးသာဇ လက်သပ်မွေးထားသည့် နွားနီနှစ်ကောင်။

ဦးသာဇ တယုတယ မွေးထားသည့် ခြံပေါက် နွားနှစ်ကောင်ဖြစ်၍ နွားချော၊ နွားသန့်တွေဖြစ်ပြီး သန်မာထွားကြိုင်းသည်။ နွားအင်္ဂါနှင့် ပြည့်စုံ၍ နွားလိုချင်သူတွေက ကြိုက်ဈေးပေးပြီး ဝယ်ကြသည်။ ဦးသာဇက သူ့နွားနှစ်ကောင်ကို စိတ်မချဖြစ်ပြီး နွားတင်းကုပ်ကို ခြံကာထားပြီး အမြဲမပြတ် အစောင့်ထားသည်။

"ဟော့ကောင် ထူးမောင်၊ မင်း ပြောမယ့် ပိုက်ဆံရဖို့ကိစ္စ ပြောလေကွာ"

"ငါ...ငါ ဦးသာဇရဲ့ နွားနှစ်ကောင်ကို ကိုမှတ်ကြီးဆီ ရောင်းဖို့ ပြော...ပြောထားပြီးပြီ ထွေန်း"

"ဟို...ဟို...ဦးသာဇနွား၊ ဟုတ်လား"

ထူးမောင်စကားကြောင့် ထွေန်း နားမယုံနိုင်အောင် ဖြစ်သွားမိသည်။ ထွေန်းက အလုပ်လက်ကြောတင်းအောင် မလုပ်သော်လည်း အရက်သောက်၊ ဖဲရိုက်အကျင့်က လွဲလို့ ဘာမှမလုပ်တတ်။

"မင်းဥစ္စာကြီးက ဖြစ်...ဖြစ်ပါ့မလား ထူးမောင်ရယ်။ တော်ကြာ ကြားလို့ မကောင်းကြီးကွာ"

"တော်ပြီ ထွေန်း။ ငါကြံထားတာ အောင်မြင်ရင် ငါ ရွှေဆင့်နဲ့ အမြန်ဆုံး နီးမှာကွ။ ဘာလဲ မင်းက ငါနဲ့ ရွှေဆင့်အတွက် မကူညီနိုင်ဘူးလား"

"ငါ မကူညီချင်လို့ မဟုတ်ပါဘူး ထူးမောင်ရာ။ ဒီအလုပ်ကို ငါ တစ်ခါမှ မလုပ်ဘူးလို့ ပြောတာကွ။ ပြီးတော့ ဦးသာဇ နွားခြံက လူအမြဲတမ်း စောင့်နေတာကွ"

"အဲဒီအတွက် စိတ်မပူစမ်းပါနဲ့ ထွေန်းရယ်။ ငါ အားလုံး စီမံပြီးပြီ။ ဒီကိစ္စ အဆင်ပြေရင် မင်း ဖဲရှုံးကြွေးလည်း ဆပ်နိုင်ပြီမဟုတ်လား။ ခု လာမယ့် လကွယ်ညကျရင် အလုပ်စမယ် ထွေန်း"

ထူးမောင်က ကြိုတင် အကွက်ချထားပြီး ထွေန်းကို ပြောရင်း အရက်ကို တစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်နေသည်။ ထွေန်း ထူးမောင်အဖြစ်ကို ကြည့်ပြီး ငြင်းပယ်ရန် ခက်သွားသည်။ အမှန်ဆို ထူးမောင်နှင့် ထွေန်းက ဘယ်နေရာ ဘာလုပ်လုပ် သောက်အတူ၊ စားအတူတွေ မဟုတ်ပါလား။

◈◈◈

ညအမှောင်ထု ဖုံးအုပ်ထားသော်လည်း ကြယ်ရောင်အလင်းကြောင့် မှုန်ဝါးဝါး မြင်နေရဆဲ ဖြစ်သည်။ နွားတင်းကုပ်ကို ဝိုးတဝါး မြင်တွေ့နေရပြီး နွားတင်းကုပ်အတွင်းမှ နွားနှစ်ကောင်၏ လှုပ်ရှားမှုကို ကြားနေရ ဆဲဖြစ်သည်။ ထွေန်း စိတ်မလုံဘဲ နွားတင်းကုပ် ပတ်ဝန်းကျင်အနှံ့ ကြည့်လိုက်မိသည်။ လူအရိပ်အယောင် လှုပ်ရှားသံမကြားရ။ မကြာမီ နွားတင်းကုပ်တံခါးပွင့်သွားပြီး နွားနှစ်ကောင်ကို ဆွဲထုတ်လာသည့် ထူးမောင်ကို တွေ့လိုက်ရသည်။

"ထွေန်း... နွားဆွဲပြီး အမြန်သွားတော့"

ထူးမောင်က မောကြီးပန်းကြီး


www.burmeseclassic.com

www.burmeseclassic.com

လေသံနှင့် တိုးတိုးပြောပြီး နွား နှစ်ကောင်၏ နဖားကြိုးကို လှမ်းပေး လိုက်၍ ငထွန်းနွားကို ဆွဲပြီး နွားတင်းကုပ်နှင့် ဝေးရာသို့ အပြေးဆွဲပြီး လာခဲ့မိသည်။ ထူးမောင်က အခြေအနေကို အကဲခတ်ကြည့်ရင်း နောက်မှ လိုက်လာသည့်အသံကို ကြားနေရသည်။ နှစ်ဦးသား စကားပင် မပြောနိုင်။ ချုံကြိုချုံကြား ကွင်းကြိုးကွင်းကြား အနှံ့ အပြားပြေးဆွဲလာ၍ ငထွန်းတစ်ကိုယ်လုံး ဇောချွေးမောချွေးများ ရွှဲနစ်ပြီး စိတ်ထဲတွင် လိပ်ပြာမလုံဘဲ ဖြစ်နေမိသည်။

"ငထွန်း··· တို့ ခဏနားဦးမှ ဖြစ်မယ်။ ရွာနဲ့ အတော်ကြီးဝေးသွားပြီကွ။ တို့ နွားဆွဲလာတာ ဘယ်သူမှ မသိဘူး"

ထူးမောင်က လယ်ကွင်းစပ်ရှိ သစ်ပင်ကြီးအောက်တွင် နားရင်း နွားနှစ်ကောင်ကို ချုံထဲတွင် ကြိုးချည်ပြီး ပြောလိုက်၍ ငထွန်း သစ်ပင်ကြီးကို ကျောမှီပြီး ထိုင်ချလိုက်သည်။ ဘယ်နေရာကြည့်ကြည့် ညအမှောင်ထုက ဖုံးနေသော်လည်း ကြယ်ရောင် ဝိုးတဝါးအလင်းက ရှိသည်။ ထူးမောင်က ငထွန်းအနီးတွင် ထိုင်ချလိုက်သည်။

"ထူးမောင်··· ဒီနွားတွေကို ဘယ်ပို့မှာလဲ"

"ငါ မနေ့က နွားပွဲစား ကိုမုတ်ကြီးကို သွားပြောတော့ သူက ဈေးမကိုက်လို့ မယူဘူးကွ။ အဲဒါ ငါ ကိုချက်ကြီးဆီ သွားပို့မှာ။ ကိုချက်ကြီးဆီ ရောက်ရင် အားလုံးစိတ်ချရတယ်။ မင်း ဘာမှစိတ်မပူနဲ့။ ကဲ - ခဏနားတုန်း အမောပြေလေး သောက်ကြရအောင်"

ထူးမောင် ပြောပြောဆိုဆို သိုင်းလွယ်လာသည့် လွယ်အိတ်ကြီးထဲမှ အရက်ပုလင်းကို ထုတ်ယူပြီး မော့သောက်လိုက်သည်။ ငထွန်းလည်း မနေသာ။ တစ်ခါမှ သည်လိုအလုပ်မျိုး မလုပ်ဘူး၍ ရင်တုန်ပန်းတုန်ဖြစ်နေသဖြင့် အရက်ပုလင်းကို ယူပြီး မော့သောက်လိုက်သည်။

"ဖူး···ဖူး···ဖူး···"

"ဟာ···နွားတွေ ဘာတွေလို့လည်း မသိဘူး။ ငထွန်း နှာမှုတ်နေပါလား"

ထူးမောင်က အရက်သောက်နေရာမှ ကြိုးချည်ထားသည့် နွားနှစ်ကောင် ရုန်းကန်ရင်း နှာမှုတ်နေသဖြင့် ထိန်းနေရသည်။ နွားနှစ်ကောင်က ရုန်းကန်နေ၍ ငထွန်းပါ မနေသာ။ နွားတစ်ကောင်ကို အပြေးဆွဲပြီး စုတ်သပ်ကာ ချော့လိုက်သည်။ နွားနှစ်ကောင်က ဘယ်လိုထိ[illegible] ချော့ချော့ မရ။ နှာတဖူးဖူးမှုတ်ရင်း ရုန်းကန်နေဆဲဖြစ်သည်။

"ဖူး···"

"ဒုတ်"

"အား···"

ထူးမောင် ထိန်းထားသည့်နွားက ရုန်းကန်ရင်း ခွာဖြင့် ကန်လိုက်၍ ထူးမောင် လဲကျပြီး နာကျင်သံ ပေါ်လာသည်။ ထူးမောင် ဒေါသဖြစ်ပြီး လဲနေရာမှ ထကာ သစ်ကိုင်းကို ချိုးပြီး နွားကို တဖုန်းဖုန်းမြည်အောင် ရိုက်လိုက်သည်။ သည်တော့မှ ရုန်းကန်နေသည့် နွားနှစ်ကောင် ငြိမ်သက်သွားသည်။ ထူးမောင်ခြေထောက်တွင် နွားကန်ချက် ရုပ်ထိပြီး ပွန်းပဲ့နာသွားသည်။ ထူးမောင် ခြေထောက်ကို ပွတ်သပ်ရင်း ဒေါသစိတ်က မပြေနိုင်။

"ဘယ်ကောင်လဲကွ၊ အနှောင့်အယှက်ပေးနေတာ။ သတ္တိရှိရင် ထွက်ခဲ့စမ်း၊ အမှောင်ထဲကနေ နွားတွေကို မခြောက်နဲ့။ ငါက ဘယ်သရဲ ဘယ်ကွင်းပိုင်မှ မကြောက်ဘူးကွ။ ဆက်ခြောက်နေရင် မလွယ်ဘူး"

"ထူးမောင်··· မင်းတွေ့လို့ ဆဲဆိုကြိမ်းနေတာလား"

"မင်း မတွေ့ဘူးလားကွ။ နွားတွေ တဖူးဖူး နှာမှုတ်နေတာ"

ထူးမောင်ပြောမှ ငထွန်း ရင် အလိုလိုခုန်သွားမိရင်း ပတ်ဝန်းကျင် အနှံ့သို့ ကြည့်လိုက်မိသည်။ ည အမှောင်ထုကြားမှ ဝိုးတဝါးတွေ့ မြင် နေရဆဲဖြစ်သည့် လယ်ကွင်းပြင်နှင့် သစ်ပင်အုပ်အုပ် တောတန်းချုံကြီးများ ငထွန်း နွားတင်းကုပ်နှင့် ဝေးအောင် နွားဆွဲလာသော်လည်း ဘယ်နေရာ ရောက်နေမှန်း မသိတော့။

"ထူးမောင်···ငါ···ငါတို့ ဘယ် ရောက်နေတာလဲဆိုတာ ကြည့်စမ်း ဦးကွာ"

ငထွန်းပြောမှ ထူးမောင် သတိ ထားမိပြီး ပတ်ဝန်းကျင်အနှံ့သို့ ကြည့် လိုက်မိသည်။ နွားဇောကြောင့် နှစ် သား ဘယ်ရောက်နေမှန်း မသိတော

"တို့ ဘာဆက်လုပ်ရမှာ ငထွန်းရာ။ မိုးလင်းအောင် စောင့် ကိုချက်တို့ မလာရင် ဒီနွားတွေ တောထဲမှာ ဝှက်ထားရဦးမှာ"

"ဖူး···ဖူး···ဖူး···"

"ဟာ···ဒီနွားတွေ လုပ်ပြ ဆွဲ···ငထွန်း၊ ဆွဲ···ဆွဲ"

ထူးမောင်က ရုတ်တရက် မှုတ်ပြီး ရုန်းကန်နေသည့်နွားကို ဆွဲ ငထွန်းကို ပြောလိုက်သဖြင့် ငထွ နွားတစ်ကောင်ကို ထိန်းလိုက်သ နွားနှစ်ကောင်က တစ်ခုခုကို အသက်ရနေ၍ ရုန်းကန်နေခြင်း သည်။

"ထူး···ထူးမောင်၊ ဒီနေ နွားသတ်ကုန်းမှန်းသိလို့ နွားတွေ



www.burmeseclassic.com

www.burmeseclassic.com

...ကန်နေတာနဲ့ တူတယ်"

ထွေန်းပြောမှ ထူးမောင် သတိရ ...ပြီး နွားသတ်ကုန်းနေရာသို့ ကြည့်လိုက် ...သည်။ လေအဝေ့တွင် ပါလာသည့် ...နံ့ဝါးဝါးအပုပ်နံ့။

"မဖြစ်ဘူး ထူးမောင်၊ နွားကို ...သတ်နေရာရာဆွဲပြီး သွားထားမှ ဖြစ် ...မယ်"

ထွေန်းက အပုပ်နံ့စူးစူးကြီး နံ ...နေ၍ နွားကို ဆွဲပြီးသွားလိုက်သည်။ ...အတန်ကြာမှ ထွေန်း နွားဆွဲရင်း ကြည့် ...လိုက်မိသည်။ ထွေန်းနှင့် ထူးမောင် ...အရက်သောက်ခဲ့သော ပုလင်းလွတ် ...များ ထွေန်း မယုံနိုင်အောင် ဖြစ်သွား ...သည်။

"ထူး...ထူးမောင်၊ တို့နားခဲ့တဲ့ သစ်ပင်ကြီးအောက်ကို ပြန်ရောက်နေပါ ...လား"

ထွေန်းစကားကြားမှ ထူးမောင် ...ကြည့်လိုက်မိသည်။ သစ်ပင်ကြီး ...ခြေရင်းတွင် သူတို့သောက်ခဲ့သည့် ...အရက်ပုလင်းကို တွေ့လိုက်ရသည်။

◈◈◈

"ဟို...ဟိုမှာ နွားသူခိုးတွေ ...တွေ့ပြီကွ၊ တွေ့ပြီ"

ရုတ်တရက် ကြားလိုက်ရသော ...အသံများကြောင့် သစ်ပင်ကို မှီပြီး ...အိပ်ပျော်နေသည့် ထူးမောင်နှင့် ထွေန်း ...မှာ လန့်နိုးပြီး ကြည့်လိုက်မိသည်။ ...ပိုင်ရှင် ဦးသာဇနှင့် ရွာသား ၁၀ ...ယောက်၊ လက်ထဲတွင် တုတ်၊ ဓားလှံ ...များကို ကိုင်ဆောင်ပြီး အပြေးလာနေ ...သည့် မြင်ကွင်းပင်ဖြစ်သည်။

"ကျွန်...ကျွန်တော်တို့ နွား ...ခိုးတာ မူးမူးနဲ့ ရွာမပြန်နိုင်လို့ ဒီ... ...မှာ အိပ်နေမိတာပါ"

"ဒါကို မညာနဲ့ ထူးမောင်။ ညက ...နွားနီနှစ်ကောင် ပျောက်သွားလို့ လိုက်ရှာခဲ့တာ ကွင်းတွေ၊ ခြံတွေ နှံ့ခဲ့ပြီကွ။ မိုးလင်းမှ နွားခြေရာတွေ့လို့ လိုက်ရှာတာ။ မင်းတို့ကို တွေ့တာ။ ပြောစမ်း၊ ငါ့နွားနှစ်ကောင် ဘယ်မှာ ဝှက်ထားသလဲ"

ဦးသာဇက နွားနှစ်ကောင်ကို မတွေ့ရ၍ ဒေါသဖြစ်ပြီး လက်ထဲမှ ကိုင်ထားသည့် လှံဖြင့် ထူးမောင်နှင့် ထွေန်းကို ချိန်ပြီး တွင်တွင်မေးနေခြင်းဖြစ်သည်။

"ကျွန်တော်တို့ သူ့ဌေးနွားကို လုံးဝ မခိုးပါဘူးဗျာ။ ဟိုဘက်ရွာကို ဖဲရိုက်သွားရင်း ဖဲရှုံးလို့ အရက်မူးမူးနဲ့ ပြန်...ပြန်..."

"ဖူး...ဖူး...ဖူး"

ရုတ်တရက် သစ်ပင်ကြီးနောက်ရှိ ချုံကြီးထဲမှ နွားနှစ်ကောင်၏ နှာမှုတ်သံကို ကြားလိုက်ရ၍ ထူးမောင်နှင့် ထွေန်း အံ့အားသင့်သွားမိသည်။ ရွာသား လေးငါးယောက်က ချုံကြီးထဲသို့ အပြေးသွားပြီး နွားနှစ်ကောင်ကို ဆွဲထုတ်လာသည်။ နွားနှစ်ကောင်က ထူးမောင်နှင့် ထွေန်းကို တွေ့လိုက်ရ၍ နှာမှုတ်သံပေးပြီး ဝှေ့ရန် ပြင်နေသဖြင့် ရွာသားများက နွားဆွဲရင်း အံ့သြသွားသည်။

"တွေ့လား ထူးမောင်၊ ငါ့နွားတွေက မင်းတို့ကို ဝှေ့ဖို့ လုပ်နေတာကွ။ ခု မင်းတို့ ရောက်နေတဲ့ နေရာကို ပြန်ကြည့်စမ်း"

ဦးသာဇ စကားကြောင့် ထူးမောင်နှင့် ထွေန်း ကြည့်လိုက်မိသည်။ အလိုလို အံ့သြသွားမိသည်။ လယ်ကွင်းကြီးတစ်ခုသာ ခြားပြီး ထီးထီးမားမား လှမ်းတွေ့ရသည့် သပြေစမ်းရွာထိပ်ရှိ မန်ကျည်းပင်ကြီး။

"မင်းတို့က ငါ့နွားကို ခိုးပြီး လွတ်အောင် မဆွဲနိုင်ကြဘူး မဟုတ်လား"

ဦးသာဇ စကားကြောင့် ထူးမောင်နှင့် ထွေန်း ရွာထိပ်ရှိ မန်ကျည်းပင်ကြီးကို ကြည့်ရင်း ညက တစ်ညလုံး နွားဆွဲခဲ့သည့်အဖြစ်က မယုံနိုင်စရာ။ သပြေစမ်းရွာနှင့် လယ်ကွင်း သုံးလေးကွင်းခြားသည့် သင်ဖြူးရွာကို ကျော်ပြီး ကိုချက် နွားသတ်ကုန်းသို့ပင် ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ခုတော့ ထူးမောင်နှင့် ထွေန်း သပြေစမ်းရွာနှင့် သိပ်မဝေးသည့် သစ်စိမ့်ကုန်းနေရာမှ သစ်ပင်ကြီးအောက်သို့ ပြန်ရောက်နေသည့် အဖြစ်ပင်။

"ငါ့နွားတွေ အခိုးခံရမှန်း သိကတည်းက နွားသူခိုးတွေ ကိုချက် နွားသတ်ကုန်းကို သွားမှာပဲ ဆိုပြီး တို့လိုက်တော့ ကိုချက်ကို တွေ့ခဲ့တယ်။ ဘယ် နွားသူခိုးမှ မလာဘူးဆိုလို့ ပြန်လာခဲ့တယ်။ မင်းတို့ကို ရွာနားမှာပဲ ပြန်တွေ့ရတာ။ ကဲ - နွားသူခိုးတွေကို ကြိုးတုတ်ပြီး ခေါ်လာခဲ့ကွာ။ သက်ဆိုင်ရာကို ပို့မယ်"

ဦးသာဇ စကားကြောင့် ထူးမောင်နှင့် ထွေန်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး သစ်ပင်ကြီးကို မော့ကြည့်လိုက်မိသည်။ အုပ်အုပ်ဆိုင်းဆိုင်းရှိနေသည့် သစ်ပင်ကြီး။ လေအလာ ယိမ်းနွဲ့ပြီး တရှဲရှဲမြည်နေဆဲဖြစ်သည်။

ထူးမောင် အရက်မူးမူးနှင့် ကွင်းပိုင်ကြီးကို ဆဲဆို ကြိမ်းမောင်းခဲ့၍ ကွင်းပိုင်ကြီးက လမ်းဖျောက်ပြီး ရွာသို့ ပြန်ပို့ခဲ့တာလား၊ ကွင်းခြောက်တာလား။ တွေးရင်း ကျောချမ်းသွားမိလေတော့သည်■

* * *

သန့်စင်မွန်



www.burmeseclassic.com

www.burmeseclassic.com




ဤလောကဌ် အမှန်တရားသည် တကယ်ရှိ၏။ ထို အမှန်တရားကို ကျွန်ုပ်တို့အပါအဝင် သက်ရှိသတ္တဝါအားလုံး ရှာဖွေနေကြ၏။ အမှန်တရားဆိုတာ ဘာလဲလို့ မေးလျှင် အလွန်နက်နဲလိမ့်မည်ဖြစ်သည်။ စာရေးသူလည်း ဉာဏ်မီ သလောက်နှင့်သာ တွေး၍ ရေးရခြင်းသာ ဖြစ်သည်။ အမှန်တရားသည် စကြဝဠာနှင့် တူ၏။ ကျယ်ပြန့်သော စကြဝဠာ သော်မှ အနန္တစကြဝဠာ ဟူ၍ရှိ၏။ ထို့အတူ အမှန်တရားတွင်လည်း အန္တိမသည် ရှိ၏။

ကျွန်ုပ်တို့ လူသားများသည် သွားလာနေထိုင် စား သောက်ဖို့ရာ အလုပ်များကို လုပ်ဆောင်နေကြရသလို



www.burmeseclassic.com

www.burmeseclassic.com

သက်ရှိ သတ္တဝါအားလုံးတို့မှာ မိမိကိုယ်ပိုင် ဉာဏ်ရည်ပြဋ္ဌာန်းသည့် အမှန်တရားကိုယ်စီဖြင့် အသက်ရှင်သန် နေထိုင်ကြခြင်းဖြစ်သည်။ ကြောင်တစ်ကောင်သည် ကြွက်တစ်ကောင်၏ အသားကို စားဖို့ရာ ကြွက်ကို ချောင်းရမည်ဟူသော ကိုယ်ပိုင်ဉာဏ်ရည်ကိုယ်စီဖြင့် အမှန်တရားကိုယ်စီ ရှိနေကြခြင်းဖြစ်သည်။ ရည်မှန်းချက်ပေါက်ရောက်စေဖို့မှာ သဘာဝနှင့်လည်း သက်ဆိုင်နေမည်ဖြစ်၏။ စာရေးသူတို့ ဗုဒ္ဓဘာသာတွင် ကံအကြောင်း၊ အကျိုးဆက်စပ်မှုဟု ဆိုထားသည်။ တစ်ဦးချင်းစီအတွက် အကြောင်းသည် ကိုယ်ပိုင်အမှန်တရားဖြစ်သလို အကျိုးသည်လည်း သဘာဝက ပေးသော ကိုယ်ပိုင်အမှန်တရားဖြစ်ပါသည်။ အန္တိမအတွက်မူ အကြောင်းနှင့် အကျိုး အမှန်တရားတို့ကို ဆက်စပ်ပေးသော သစ္စာ(အမှန်)သည်သာ အခရာဖြစ်သည်ဟု ဆိုနိုင်သည်။

အတ္တအစွန်းနှစ်ဖက်တွင် အန္တိမ မရှိနိုင်ပါ။ သင်္ချာသဘောအရ အနုတ်လက္ခဏာနှစ်ခုအတွက် အဖြေမှန်မှာ ပေါင်းခြင်း (သို့မဟုတ်) နုတ်ခြင်းနှင့်သာ သက်ဆိုင်ကြောင်း ရှိသည်။

ရေဒီယို၊ အင်တာနက်၊ မိုဘိုင်းဖုန်း အစရှိသော ဆက်သွယ်မှုများ၊ နျူကလီးယား အစရှိသော သိပ္ပံဆိုင်ရာ အချက်အလက်များသည် အံ့သြဖွယ်ရာအများဖြစ်သော်လည်း ရှေးဦးကာလကတည်းက ထိုအမှန်တရားများ ရှိနေမည်ကို မည်သူမျှ ငြင်းနိုင်မည် မဟုတ်သလို၊ ရှေ့တွင် ဆက်လက်၍ ထူးခြားဆန်းကြယ်မှုများလည်း ရှိနေဦးမည်သာ ဖြစ်သည်။ ၎င်းတို့မှာ စာရေးသူတို့အတွက် ရုပ်ဝါဒဆန်သော အတ္တအမှန်တရားများသာ ဖြစ်သည်။ အတ္တအမှန်တရားများရှိလျှင် အနတ္တအမှန်တရားများလည်း ရှိနေမည်သာပင်။ အနတ္တအမှန်တရားအတွက် သဿတနှင့် ဥစ္ဆေဒ တရားနှစ်ပါးကို ပယ်ဖို့ လိုပါသည်။ ထိုအနတ္တအမှန်တရားမှာ ပစ္စုပ္ပန်၌ ရှိနေကြောင်းပင် ဖြစ်ပါသည်။ လူတစ်ဦး၏ ဒေါသ၊ လောဘ တစ်ခုခုကြောင့် ပူလောင်မှုကို ဖြေဖျောက်အေးငြိမ်းအောင် အလုပ်ရမည်ဟူသောအတွေးမှာ အနတ္တ၏ အခြေခံတရားကို ရှာဖွေလိုက်ခြင်းသာ ဖြစ်သည်။ ထိုအနတ္တ အမှန်တရားများသည် အတ္တအမှန်တရားများကို မှီခိုရှိသည့် ဖြစ်ရပ်ဆန်း သာဓကများကို ဘုရားဟောတရားတော်များမှတစ်ဆင့် ထုတ်နုတ်တင်ပြလိုခြင်း ဖြစ်သည်။

စာရေးသူတို့ ဗုဒ္ဓဘာသာတွင် ကပ္ပဋ္ဌိတိ လေးပါးသည် ရှိ၏။ ကပ္ပဋ္ဌိတိလေးပါး ဆိုသည်မှာ တစ်ကမ္ဘာပတ်လုံး တည်နေသော အံ့ဖွယ်တရားလေးပါးကို ဆိုလိုရင်းဖြစ်၏။

◈◈◈

ပထမ အံ့ဖွယ်တရားမှာ ဘုရားအလောင်းတော် ငုံးမင်း၏ သစ္စာဖြစ်သည်။

ရှေးအခါ မဂဓတိုင်းပြည်တွင် ဘုရားအလောင်းတော်သည် ငုံးမျိုး၌ ငုံးမင်းဖြစ်ခဲ့ဖူး၏။ ငုံးမင်း မသွားနိုင်၊ မပျံနိုင်သောအရွယ်တွင် ငုံးမင်းနေထိုင်ရာအရပ်၌ တောမီးကြီးလောင်ကျွမ်းခဲ့ဖူး၏။ ငုံးမင်း၏ မိဘများနှင့် အခြားသောငှက်အများသည် အသက်ဘေးကြောင့် ကိုယ်စီ နေထိုင်ရာအသိုက်များအတွင်းမှ ထွက်ပြေးကြသော်လည်း ငုံးမင်းမှာ နုနယ်ငယ်ရွယ်သေး၍ မပြေးနိုင်၊ မပျံနိုင်ရှိ၏။ ထိုအခါ ငုံးမင်းမှာ သစ္စာမှတစ်ပါး အားကိုးစရာမရှိဟူသော အသိဖြင့် သစ္စာဆိုခဲ့ခြင်းဖြစ်၏။

"သန္တိ ပက္ခာ အပတနာ၊ သန္တိ ပါဒါ အဝဉ္စနာ။
မာတာပိတာစ နိက္ခန္တာ၊ ဇာတဝေဒ ပဋိက္ကမ။"

"အို . . . တောမီး၊ ငါ့မှာ အတောင်ရှိသော်လည်း ကောင်းကင်သို့ မပျံနိုင်။ ငါ့မှာ ခြေထောက်ရှိသော်လည်း မြေပြင်မှာ မသွားနိုင်။ ငါ့မိဘများလည်း ငါ့ကို စွန့်ပြေးကြကုန်ပြီ။ ဤမှန်ကန်သော သစ္စာစကားကြောင့် တောမီးကြီး ဖယ်ခွာစေသတည်း"

ငုံးမင်း၏ သစ္စာစကားကြောင့် ငုံးမင်းနေထိုင်ရာ ၁၆ မင်းပယ် ကျယ်ဝန်းသော ထိုအရပ်ကို တောမီးကြီး ဖယ်ခွာသွား၏။ ထိုအရပ်မှာ ငုံးမင်း၏ သစ္စာစကားကြောင့် တစ်ကမ္ဘာပတ်လုံး မီးမလောင်သော "ကပ္ပဋ္ဌိတိ" အမှတ်တစ်နေရာ အဖြစ် ရှိနေလေ၏။

◈◈◈

ဒုတိယ အံ့ဖွယ်တရားမှာ "ဃဋိကာရ"၏ တဲအိမ်နေရာဖြစ်သည်။

ဃဋိကာရမှာ ဂေါတမ ဘုရားအလောင်းတော်ဖြစ်ခဲ့ဖူးသည့် "ဇောတိပါလ" လုလင်၏ သူငယ်ချင်းဖြစ်၍ ကဿပ ဘုရားရှင်၏ အလုပ်အကျွေး အိုးထိန်းသည်ဖြစ်၏။ အလွန်သဒ္ဓါတရား အားကောင်းသော အနာဂါမ် ပုဂ္ဂိုလ်ဖြစ်သည်။ မိမိထက် အမျိုးဇာတ်မြင့်သူ သူငယ်ချင်း ဇောတိပါလကို ဘုရားရှင်အား အလွန်ကြည်ညိုနိုင်လာဖို့ရာ အသက်ကို စွန့်ရဲစွာဖြင့် တိုက်တွန်း ကူညီခဲ့သလို၊ မျက်မမြင် မိဘနှစ်ပါးကိုလည်း လုပ်ကျွေးနေသူဖြစ်၏။ ကဿပဘုရားရှင်သည် ဝေဂဠိင်ရွာကြီး၌ နေစဉ် ဃဋိကာရအိမ်သို့ ဆွမ်းခံကြွ၏။



www.burmeseclassic.com

ဃဋိကာရ မရှိသောကြောင့် မိဘနှစ်ပါးမှာ မျက်မမြင်များ ဖြစ်သဖြင့် ဆွမ်း၊ ဆွမ်းဟင်းတို့ကို လိုသလောက် ခပ်ယူ သုံးဆောင်တော်မူပါ ဘုရားဟူသော လျှောက်ထားရ၏။ ဘုရားရှင်လည်း ဃဋိကာရ ချက်ပြုတ်ခဲ့သော ဆွမ်းခဲဖွယ်တို့ကို လိုသလောက် ခပ်ယူခဲ့၏။ ထိုအကြောင်းကို သိသော ဃဋိကာရသည် အားကြီးသော ပီတိဖြင့် ၁၅ရက်ပတ်လုံး ချမ်းသာစွာ နေခဲ့၏။

ကဿပဘုရားရှင်သည် ဝေဂဠိရွာကြီး၌ သီတင်းသုံးစဉ် ကျောင်းကုဋီသည် မိုးမလုံခြင်းရှိ၏။ ဘုရားရှင်က ဃဋိကာရ၏ နေအိမ်တွင် မြက်သက်ကယ် ရှိ၊မရှိ စုံစမ်းခိုင်း၏။ ရဟန်းတို့က ဃဋိကာရ၏ အလုပ်တဲအိမ်တွင် မြက်သက်ကယ်မိုးထားသည်မှာ မကြာသေးကြောင်း လျှောက်ထားလျှင် ဘုရားရှင်က ဃဋိကာရအလုပ်တဲမှ မြက်သက်ကယ်တို့ကို ယူ၍ မိုးခိုင်း၏။ ဃဋိကာရ၏ မျက်မမြင် မိဘနှစ်ပါးလည်း အကြောင်းစုံကို သိ၍ ခွာယူတော်မူကြပါ ဘုရားဟု လျှောက်ထား၏။ ထိုအကြောင်းကို သိသော ဃဋိကာရသည် ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားသည် ငါ့အား ဤသို့ အကျွမ်းဝင်တော်မူဘိ၏။ ငါ့အား အရတော်ပေစွ။ ငါသည် ကောင်းစွာ ရအပ်ပေသည်တကားဟု အားရနှစ်သက်သော ပီတိဖြင့် ခုနစ်ရက်ပတ်လုံး ချမ်းသာစွာ နေ၏။

ဃဋိကာရ၏ တဲအိမ်သည် ကောင်းကင်၌ အမိုးရှိသလို ဝါတွင်းသုံးလပတ်လုံး မိုးမစိုခြင်းသည် ဖြစ်၏။ ထိုမှစ၍ ဃဋိကာရ၏ တဲအိမ်နေရာမှာ တစ်ကမ္ဘာပတ်လုံး မိုးမစိုသော “ကပ္ပဋ္ဌိတိ” အမှတ်တစ်နေရာအဖြစ် တည်ရှိနေပေ၏။

◈◈◈

တတိယ အံ့ဖွယ်တရားမှာ အလုံးစုံ အပေါက်ပါသော ကျူပင်အကြောင်းဖြစ်သည်။

ဘုရားအလောင်းတော်သည် မျောက်အပေါင်း ရှစ်သောင်း ခြံရံသော မျောက်မင်းဖြစ်စဉ်က ဖြစ်၏။

အလောင်းတော် မျောက်မင်းသည် မျောက်အပေါင်းအား ခေါ်ယူ၍ ဤတောအတွင်း၌ မစားကောင်းသော အသီးများ ရှိသလို၊ ဘီလူးစောင့်သော ရေကန် တည်ရှိ၏။ ထို့ကြောင့် မစားဘူးသော အသီး၊ မသောက်ဘူးသော ရေကန် ရှိလျှင် ငါ့အား ပန်ကြားရမည်ဟု အမိန့်ထုတ်ထား၏။

တစ်ရက်တွင် မျောက်များသည် ဘီလူးစောင့်သော ရေကန်အနီးသို့ ရောက်လာကြ၍ ရေသောက်ချင်ကြသော်



လည်း မျောက်မင်း၏ အမိန့်အရ ဆင်းမသောက်ဝံ့ကြဘဲ မျောက်မင်းကို ပန်ကြားကြ၏။

အလောင်းတော် မျောက်မင်းသည် ရေကန်ကို ဆင် ခြင်ကြည့်သောအခါ အဆင်းခြေရာကိုသာ မြင်၍၊ ပြန်တက် သော ခြေရာကို မမြင်သဖြင့် ဘီလူးစောင့်သော ရေကန်မှန်း သိလေ၏။ မျောက်အပေါင်းတို့ကိုလည်း ရေကန်အတွင်းသို့ မဆင်းကြရန် အမိန့်ပေး၏။ ထိုအခါ ရေကန်စောင့် ဘီလူး မှာ ရေကို ခွဲထွက်၍...

“ဘာကြောင့် ထိုင်းနေသနည်း။ ရေကန်တွင်းသို့ ဆင်း ပြီး ရေသောက်ကြ”

ဟု ပြော၏။

သူသည် ရေကန်စောင့် ဘီလူးဖြစ်သဖြင့် ရေကန်တွင်း သို့ ဆင်း၍ ရေသောက်သူကိုသာ ဖမ်းယူစားနိုင်ကြောင်း ရှိ သည်ကို မျောက်မင်း သိလေသောအခါ မျောက်အပေါင်းတို့ ကို ရေကန်တွင်းသို့ မဆင်းစေဘဲ ရေကို သောက်၍ ရနိုင် ရန် ရေကန်ကို ရံနေသော ကျူပင်အားလုံးကို အဆစ်အပိတ် မရှိ တစ်ပေါက်တည်းရှိစေဟု သူ၏ သစ္စာပါရမီကို အဓိဋ္ဌာန် တော်မူခဲ့၏။ ထိုအချိန်မှစ၍ ဤအရပ်ရှိ ရေကန်ကို ခြံရံ သော ကျူပင်များသည် ဘုရားအလောင်း၏ အဓိဋ္ဌာန်တော် ကြောင့် တစ်ကမ္ဘာပတ်လုံး အဆစ်အပိတ်မရှိ အား



www.burmeseclassic.com

www.burmeseclassic.com

အပေါက်ဖြစ်လျက် “ကပ္ပဋ္ဌိတိ”အမှတ်တစ်နေရာအဖြစ် တည်ရှိနေလေ၏။

◈◈◈

စတုတ္ထ အံ့ဖွယ်တရားမှာ လမင်း၏ အတွင်းမှ ယုန်ရုပ်အရေးဖြစ်သည်။ ဘုရားအလောင်းတော် ယုန်မျိုး၌ ယုန်မင်းဖြစ်စဉ်က ဖြစ်၏။

ဘုရားအလောင်း ယုန်မင်း နေထိုင်ရာ တောသည် တစ်ဖက်က တောင်၊ တစ်ဖက်က မြစ်ရှိပြီး တစ်ဖက်က ရွာရှိ၏။ မျောက်၊ မြေခွေး၊ ဖျံတို့ သုံးဦးနှင့် မိတ်ဆွေများ ဖြစ်နေကြ၏။

တစ်နေ့တွင် ယုန်မင်းသည် ကောင်းကင်သို့ မော့ကြည့်ရာ လပြည့်လုလုဖြစ်နေသဖြင့် မနက်ဖြန်သည် လပြည့် ဥပုသ်နေ့ဆိုတာကို သိ၏။ မိတ်ဆွေ လေးဦး ဆုံကြသော အခါ မနက်ဖြန် လပြည့်နေ့ ဥပုသ်စောင့်ကြမည်။ သီလနှင့် ယှဉ်သော ဒါနသည် အကျိုးကြီးသဖြင့် အလှူပေးဖို့ တတ်နိုင်သမျှ ရှာဖွေကြရန် ပန်ကြား၏။

ထို့ကြောင့် အလှူအတွက် ဖျံက ဂင်္ဂါမြစ်အနီး သဲသောင် ရှာသားတစ်ဦး မြှုပ်ခဲ့သည့် ငါးကြင်းများကို ရခဲ့၏။ မြေခွေးက အစာရှာထွက်ရင်း လယ်သမားတစ်ယောက် သိမ်းထားခဲ့သော အမဲတံစို့၊ ဖွတ်ကင်နှင့် နို့ဓမ်းအိုးကို ရခဲ့၏။ မျောက်က သရက်သီးခိုင်ကြီးတစ်ခိုင်ကို ရခဲ့၏။ ယုန်မင်းမှာ နေ့စာမြက်စားသော အမျိုးမို့ ဘာကိုမှ မရှာဖွေဘဲ နေစာမြက် အနီးမှာ ဝပ်ပြီး ဥပုသ်စောင့်မည်။ အကယ်၍ ဥပုသ်စောင့်ခြင်း အလှူခံတွေ့ခဲ့သော် မိမိအသားကို လှူမည်ဟု ကြံလေ၏။

အလောင်းတော် ယုန်မင်း၏ သီလတန်ခိုးကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာကျောက်ဖျာနေရာသည် ပူလောင်လာ၏။ သိကြားမင်းက ဆင်ခြင်ကြည့်သောအခါ ယုန်မင်း၏ သီလနှင့် စိတ်အကြံကို သိလေ၏။ ထို့ကြောင့် အလိုကို စုံစမ်းဖို့ရာ သူတို့လေးဦးထံသို့ ပုဏ္ဏားယောင်ဆောင်၍ အလှူခံရပ်၏။

သင်တို့ထံမှ တစ်စုံတစ်ရာသော အာဟာရကို ရခဲ့လျှင် ဥပုသ်ဆောက်တည်နေလိုသည့်အတွက် အလှူခံရပ်ရသည်ဟု ဆိုသဖြင့် ဖျံက သူရခဲ့သော ငါးကြင်းများကို လှူဒါန်း၏။ မြေခွေးကလည်း အမဲတံစို့၊ ဖွတ်ကင်နှင့် နို့ဓမ်းအိုးကို လှူ၏။ ယုန်မင်းကား မလှူဘူးသေးသော အလှူကို ငါလှူမည်။ မီးကျီကို ပြုပါ။ ငါ၏ ခန္ဓာကိုယ်ကို လှူမည်ဟု ဆို၏။

သိကြားမင်းက မီးကျီကို ဖန်ဆင်းပေးသောအခါ သူ၏ ကိုယ်မှ အမွေးအမှင်များကို ကင်းစင်အောင် သုံးကြိမ်ခါပြီး မီးပုံတွင်းသို့ ခုန်ဆင်းလေ၏။ သိကြားမင်း ဖန်ဆင်းသော မီးက ယုန်မင်းကို မလောင်၍ မေးမြန်းသောအခါမှ သိကြားမင်းက သူသည် သိကြားမင်းဖြစ်ကြောင်း၊ ယုန်မင်း၏ စေတနာကို စမ်းသပ်လို၍ လာခြင်းဖြစ်ကြောင်း၊ ယုန်မင်း၏ စေတနာကို တစ်ကမ္ဘာလုံး သိအောင် တောင်ဆီနှင့် ယုန်ရုပ် ရေးခဲ့မည်ဟု ပြောဆိုလျက် လကမ္ဘာတွင် ယုန်ရုပ်ရေးခဲ့ခြင်း ဖြစ်သည်။

ဤသို့ဖြင့် လတွင် ရှိသော ယုန်ရုပ်အရေးသည် တစ်ကမ္ဘာပတ်လုံး တည်နေမည့် “ကပ္ပဋ္ဌိတိ”အမှတ်တစ်နေရာ အဖြစ် တည်ရှိနေလေ၏။

◈◈◈

ထိုဝတ္ထု သာဓက အကြောင်းများမှာ ဘုရားရှင် ဟောကြားခဲ့သော ကမ္ဘာ့အံ့ဖွယ် တရားလေးပါးဖြစ်ပါသည်။ ဘုရားရှင်တို့မည်သည် အတုမဲ့ အနှိုင်းမဲ့များ ဖြစ်ကြ၏။

ဘုရားတစ်ဆူပွင့်ဖို့ရာ အဘယ်မျှ ရှည်ကြာသည်။ ဘုရားဖြစ်ဖို့ရာ အဘယ်မျှ ပါရမီဖြည့်လာရမည်ကို ဗုဒ္ဓဘာသာဝင်များ သိကြ၏။ စကြဝဠာသည် အနန္တဖြစ်သလို၊ ဘုရားရှင်၏ ဂုဏ်တော်နှင့် ဉာဏ်တော်တို့မှာလည်း အနန္တ ဖြစ်သည်။ ဘာသာတရား၊ သဒ္ဓါတရား၊ သစ္စာတရားတို့၏ နက်နဲမှုများသည် အတ္တအမှန်တရားများကို ချိုးဖျက်နိုင်စွမ်း ရှိသော အနတ္တ၏ အခြေခံ အမှန်တရားများဖြစ်ကြောင်းကို ရေးသားတင်ပြလိုက်ရပါသည်■

* * *

ငွေမိုးသျှင်နောင်(မဟာသာရှာ)



www.burmeseclassic.com

www.burmeseclassic.com

# ရှိခိုးပူဇော် ရွှေတန့်တစ်
# သရက္ခန်ရုပ်ပွားတော်

လင်းထက်ဝေ



ကျွန်တော်တို့မိသားစု မထင်မှတ်ဘဲ ပခုက္ကူမြို့နယ် အတွင်းရှိ ရွှေတန့်တစ်ကျေးရွာ၊ ဘုန်းကြီးကျောင်းတိုက်သို့ ရောက်သွားခဲ့သည်။ ကျွန်တော်တို့ မူလခရီးစဉ်က ပုဂံခရီး စဉ်ပင်ဖြစ်သည်။ ပုဂံကို မသွားခင် နယ်ခံအသိ၏ ကျေးဇူး ကြောင့် ရွှေတန့်တစ် သရက္ခန်ရုပ်ပွားတော်ကို ဖူးမြော်ခွင့် ရခဲ့ခြင်းလည်း ဖြစ်သည်။

သရက္ခန်ရုပ်ပွားတော်များသည် အလောင်းစည်သူ မင်းနှင့် အများကြီး ပတ်သက်သလို၊ သိကြားမင်း ဆက်သခဲ့သော ရုပ်ပွားတော်များလည်း ဖြစ်၏။


မြင့်မိုရ်တောင်သို့ အရောက်သွားဖို့ ဆုံးဖြတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

သော အလောင်းစည်သူမင်းကြီးအား သိကြားမင်းက "အဝန်း ဆယ်ယူဇနာတိုင်တိုင် မွှေးကြိုင်သော သရက္ခန်သား ကို ဖြတ်၍ ရှင်ဂေါတမ ရုပ်တုတော်ငါးဆူကို ထု၍ ကိုးကွယ်ရသည်ရှိသော် မြင့်မိုရ်တောင်မက အကျိုးကြီးမြတ် ပါသည်"



ဟု မိန့်တော်မူခဲ့ခြင်းက သရက္ခန် ရုပ်ပွားတော်များ၏ သမိုင်းအစပဲ ဖြစ်သည်။

သိကြားမင်းက လက်လေးသစ်ခန့် ရုပ်တုတော် ငါးဆူ ထုလုပ်ပြီး စူးစာ၊ ဆောက်စာ၊ ဓားငယ်စာအမှုန့်များကို သစ်စေးသရိုးများဖြင့် နယ်ပြီး ရုပ်တုတော်ထုလုပ်ပေးပြီး အလောင်းစည်သူမင်းကြီး ကိုးကွယ်ပူဇော်ခွင့်ရသည့် သရက္ခန် ရုပ်ပွားတော် ဖြစ်ခဲ့ရပြီး ဖြစ်သွားခဲ့သည်။

◈◈◈

နယ်ခံကပင် သရက္ခန်ရုပ်ပွားတော်များနှင့် ဆက်စပ်ပြီး ပခုက္ကူမြို့ ဖြစ်ပေါ်လာပုံ၏ ပါးစပ်ရာဇဝင်ကိုလည်း ပြောပြ၏။


အလောင်းစည်သူမင်းကြီးသည် သရက္ခန် ရုပ်ပွားတော် များကို ဂူသွင်း ဌာပနာရန် ဧရာဝတီမြစ်ကြောင်းအတိုင်း ဖောင်ဖြင့် ဆန်တက်တော်မူခဲ့၏။ ဖောင်စကြာမှာ ပေါက်အင်း အနီးသို့ ရောက်သောအခါ ဖောင်ပေါ်တွင် ပါလာသော






www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝန်ဆောင် မောင်းမတစ်ဦးမှာ တံငါလုလင်ကို မြင်ပြီး ကြွန်ပျက်စွာ ရယ်မောဏ်။ မင်းကြီးက မိန်းမတို့ ကြွန်ကို မစောင့်စည်းရကောင်းလားဟု အမျက်ထွက်ပြီး ကြိမ်စကြာဖြင့် ရိုက်နက် ဆုံးမ၏။ မင်းကြီး ဆုံးမတာ လက်လွန်ပြီး ကိုယ်ဝန်ဆောင် မောင်းမငယ် ကွယ်လွန်ခဲ့၍ သန္ဓေသားကို ထုတ်ထားပြီး ဂူသွင်းထားခဲ့သည်။

ထိုအရပ်ကို "သားထုတ်ဂူမြို့"ဟု တွင်စေခဲ့၏။ ကာလ ရွေ့လျားလာသောအခါ ပခုက္ကူမြို့ဟု တွင်ခဲ့ကြောင်း သိရပြန်သည်။



◈◈◈

ပထမ သရက္ခန် ရုပ်ပွားတော်မှာ စည်သူရှင်ဘုရားပုခန်းတွင် ကိန်းဝပ်တော်မူ၍၊ ဒုတိယ သရက္ခန်ရုပ်ပွားတော်မှာ ရွှေတန့်တစ်ဘုရားတွင် ရှိ၏။ တတိယ ရုပ်ပွားတော်မှာ ရှင်မတောင်မှာ ရှိသည်။ (ယခုအခါ ပခန်းကြီး စည်သူရှင်လိုဏ်ဂူမှာ ကိန်းဝပ်တော်မူ၏။) စတုတ္ထ ရုပ်ပွားတော်မှာ ဆင်းကိုးရွှေကူဘုရားတွင် ကိန်းဝပ်တော်မူသည်။ ပဉ္စမ ရုပ်ပွားတော်မြတ်မှာ သပိတ်ကျင်းမြို့နယ်၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ရှိ အညာသီဟတောတွင် ကိန်းဝပ်သည်။ နောက်ဆုံး ရုပ်ပွားတော်မြတ်မှာ မြတ်ပေါင်းမဉ္ဇူဘုရားတွင် ကိန်းဝပ်တော်မူသည်။

◈◈◈

အလောင်းစည်သူမင်းကြီး၏ ဖောင်စကြာမှာ ပိုက်ကွန်ရွာအရပ်သို့ ရောက်သော်၊ များစွာသော ငှက်အပေါင်းတို့ ကောင်းကင်ယံမှာ ဝဲပျံ၏။ မင်းကြီးက မြင်၍ မေးတော်မူရာတွင်…

"ဤအရပ်သည် နောင်အခါ "မဟာနဂရဆိန္ဒ"ပြည်ကြီးဖြစ်လတ္တံ့။ ဤအရပ်တွင် ဘုရားရုပ်တုတော် ကိန်းဝပ်



တော်မူလိုသည်"

ဟု ပညာရှိ အမတ်တို့က လျှောက်တင်၏။

ဆင်ဖြူတော် နာဂရွှေကြီးထက်တွင် ဒုတိယ သရက္ခန် ရုပ်ပွားတော်ကို တင်ပြီး လွှတ်လိုက်၏။ ဆင်ဖြူတော်မှာ ဘုရားရှင် အလောင်းတော်တို့ ကျင်လည်ခဲ့သော အရပ်တွင် ဗိလာတန့်အစ်၍ မသွားဘဲ တောချုံကို နှာမောင်းတန်းလျက် နေတော့သည်။ မင်းကြီး၏ ပညာရှိတို့က တောချုံကို သေချာကြည့်လေသော် စေတီတော်တစ်ဆူကို တွေ့၏။ စေတီတော်မှာ အခြားမဟုတ်၊ သီရိဓမ္မာ သောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ကောင်းမှုတော်စေတီတစ်ဆူဖြစ်နေ၏။





www.burmeseclassic.com


www.burmeseclassic.com

မင်းကြီးကိုယ်တိုင် စေတီတော်ကို မွမ်းမံတော်မူပြီး "ဆင်တန်အစ်"ဟု ခေါ်ဝေါ်ခဲ့ရာမှ ကာလကြာသော် "ရွှေတန့်တစ်"ဟု အမည်တွင်ခဲ့ခြင်းဖြစ်သည်။

◈◈◈

ရွှေတန့်တစ်ဘုရား ဆွမ်းချပွဲကို တစ်နှစ်လျှင် သုံးကြိမ် ကျင်းပသည်။ ပြာသိုလတွင် သီရိဓမ္မာ သောကမင်းကြီးပွဲ၊ ကဆုန်လတွင် အလောင်းစည်သူမင်းကြီးပွဲနှင့် တော်သလင်းတွင် မင်းတုန်းမင်းကြီးပွဲဟု အစွဲပြုပြီး ကျင်းပကြသည်။

ရွှေတန့်တစ်ဘုရားဝိုင်း၏ တောင်ဘက်မုခ်တွင်




ခြင်္သေ့ကြီးနှစ်ကောင် ရှိသည်။ အရှေ့ဘက် ခြင်္သေ့မှာ ပန်းဆက်ရာဖြစ်ပြီး အနောက်ဘက် ခြင်္သေ့မှာ မန္တလေးလက်ရာဖြစ်သည်။ ၁၁၈၂ ခုနှစ်တွင် တည်ခဲ့ခြင်းဟု သိရသည်။ ဧရာဝတီမြစ်အတွင်း လူးလာသွားကြသော လှေသင်္ဘောများအဖို့ ခြင်္သေ့ကြီးနှစ်ကောင်ကို မြင်ရသည်နှင့် ရွှေတန့်တစ်ကို ရောက်ပြီဟု ပြောဆိုလေ့ ရှိကြသည်ဟု ဆို၏။

◈◈◈


ရုပ်ပွားတော်ကိန်းဝပ်ရာ ဂန္ဓကုဋိတိုက်တွင် ထူးဆန်းသော သုံးထပ် တံကဲမဟာကြီးများ တည်ရှိသည်။ တံကဲဆောင်တော်ကြီးကို ၃နှစ် ၂လနှင့် ၁၀ရက်ကြာအောင် ကျွန်း





သစ်နှင့် ယမနေ စုစုပေါင်း ၁၃လုံးဖြင့် ပေါင်းစပ်ထုတ်လုပ်ထားသည်။ ကောဇာသက္ကရာဇ် ၁၂၅၇တွင် ပန်းပုဆရာများဖြစ်သည့် ရွှေတန့်အစ်ရွာသား ဆရာ ဦးချမ်းသာနှင့် ထန်းမကောက်ရပ်မှ ဆရာအေးတို့နှစ်ဦးမှ စတင်ထုလုပ်ခဲ့ပြီး ၁၂၆၀ပြည့်နှစ် နယုန်လဆန်း ၁၅ရက်နေ့တွင် ပြီးမြောက်ခဲ့သည်ဟု သိရသည်။

တံကဲတော်ကြီးမှာ အခန်း ၁၃ခန်းဖြင့် ဝိဓူရဇာတ်တော်ကြီးကို သရုပ်ဖော်ထားခြင်းဖြစ်သည်။ လက်ရာမြောက်လွန်းလှသော မြန်မာ့ယဉ်ကျေးမှု ရေးပေါင်းလက်ရာများပင်




ဖြစ်သည်။

◈◈◈


ဘုရားဖူးရောက်လာသူအပေါင်းတို့က လက်လေးသစ်ခန့်ရှိသော သရက္ခန်ရုပ်ပွားတော်ကို ဦးခေါင်းထက်တွင် ရွက်၍ အဓိဋ္ဌာန်ပြု ဆုတောင်းကြသည်။ ကျွန်တော်တို့ မိသားစုလည်း အများနည်းတူ ဦးခေါင်းထက်ရွက်ကာ ဆုတောင်းကြသည်။

နယ်ခံ မိတ်ဆွေက ပြောသည်မှာ သိကြားမင်းဆက်သသော "ထိ-ထ-မ-စ"ဘွဲ့တံဆိပ်တော်ရ ရွှေတန့်တစ်သရက္ခန်ဘုရားရှိခိုး ဂါထာတော်ကို ရွတ်ဆို နှလုံးသွင်းပြီး





www.burmeseclassic.com

www.burmeseclassic.com




ွန် ဘုရား၌ဌာပနာသော မြတ်စွာဘုရားဓါတ်





ဆုတောင်းပါက ပိုမိုပြည့်စုံ ပြီးမြောက်သည်ဟု ဆိုသည်။

ဂမ္ဘီရဆန်းကြယ် ပရိသတ်များမှာ ပခုက္ကူမြို့သို့ ရောက်ဖြစ်ပါက ရွှေတန့်တစ်ဘုရားသို့ အရောက်သွား၍ သရက္ခန်ရုပ်ပွားတော်ကို ဦးခေါင်းထက် ရွက်ကာ ဆုပန်နိုင်ဖို့ ဂါထာတော်နှင့် မြန်မာပြန်အနက်ကို ဖော်ပြလိုက်ရပါသည်။

သိကြားမင်း ဆက်ကပ်သော "ထိ-ထ-မ-စ" ဘွဲ့တံဆိပ်တော်ရ ရွှေတန့်တစ် သရက္ခန်ဘုရားရှိခိုး ဂါထာတော်မှာ -

**ထိတံ သံသာရ သောတမှိ**<br>
**ထပေန္တံ ခေမ မဂ္ဂတော**<br>
**မဟိတဗ္ဗံ သိင်္ဂီနိက္ခ**<br>
**စယျေနတံ သဒနမေ**<br>
**ပုညောနာနေန သဗ္ဗမ္ဗိ**<br>
**သမိဇ္ဈတု ယတိစ္ဆိတံ။**

သံသာရသောတမှိ - သံသရာရေအလျဉ်၌၊ ထိတံ- ရပ်တည်နိုင်ထသော၊ ခေမ- မဂ္ဂတော ဘေးမဲ့ရာ နိဗ္ဗာန်ခရီး၌၊ ထပေန္တံ - တင်ထားအပ်ထသော၊ သိင်္ဂီနက္ခစယျေတု - သိင်္ဂီနိက်ရွှေစင် အပေါင်းစုဖြင့်၊ မဟိတဗ္ဗံ - ပူဇော်သက္ကာရပြုအပ်ထသော၊ တံဗုဒ္ဓံ - ထိုရွှေတန့်တစ် သရက္ခာန်ရုပ်ပွားဆင်းတုတော်မြတ်ကို၊ သဒါ - အခါခပ်သိမ်း၊ နမေ- ဘယ လာဘ ကုလ ကြဉ်ရှောင်း ဂုဏ်တော်ပေါင်းကို အောက်မေ့၍သာ ရှိခိုးပါ၏ အရှင်ဘုရား။

အနေနပုညေန - ဤသို့ ရွှေတန့်တစ် သရက္ခာန်ရုပ်ပွားတော်မြတ်အား ရှိခိုးရသော ကောင်းမှုကြောင့်၊ သဗ္ဗမ္ပိ- အလုံးစုံ တောင်းသမျှသော ဆုသည်လည်း၊ ယထိစ္ဆိတံ - အလိုရှိတိုင်း၊ သမိဇ္ဈတု - လျင်မြန်စောစွာ ပြည့်စုံပါစေသတည်း။

* * *

ဝေဒိုးထက်ဒေ



www.burmeseclassic.com

www.burmeseclassic.com

၂၁ ရာစု

# ဆရာဦးအောင်မိုးဇော်

## EX-စာပေဗိမာန်

## အထက်တန်း လက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်

## သင်တန်းနည်းပြ

စာရေးဆရာ ဆရာမ ဝေဝေအောင်ထံမှ စာတစ်စောင်-


ph. 290046

09-51-38742

အမှတ် (၁၄)၊ ရွှေဘုန်းပွင့် ဘုရားစျေးတန်း၊ ပုဇွန်တောင်မြို့နယ်။ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၀၇၆၈၀၈
အလုပ်ချိန် -နံနက် (၈း၃၀) မှ ညနေ (၆း၀၀)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ရာဇဂြိုဟ်မြို့အနီး၊ ဂိဇ္ဈကုဋ်တောင်နှင့် မဝေးလွန်းလှသော အရပ်ဝန်းကျင်မှာတော့ တိတ္ထိတို့၏ ကျောင်းသခ်မ်းကလေးတွေက အစီအရီ။

သည်အထဲမှာမှ ကျောင်းသခ်မ်းငယ်တစ်ခုဝယ် တိတ္ထိအပေါင်းတို့ စုဝေးနေခဲ့ကြပြီး အရေးပေါ် အစည်းအဝေးတစ်ရပ်ကို ကျင်းပနေကြခြင်း ဖြစ်ပေသည်။ ဦးစွာ အသက်အကြီးဆုံး တိတ္ထိတစ်ဦးက စကားစတင်ပြောဆိုလိုက်သည်။

"တပည့်တို့··· သင်တို့ သိတဲ့အတိုင်း ဂေါတမဟာ တစ်နေ့တခြား တန်ခိုးထွားပြီး လာဘ်လာဘတွေ ပေါကြွယ်လာသလောက်၊ ငါတို့ကျတော့လည်း တစ်နေ့တခြား မှေးမှိန်လာရုံမက၊ လာဘ်လာဘတွေ ဆိုတာဟာ ခေါင်းပါးသည်ထက် ခေါင်းပါးလာနေတယ်။ အဲဒါဟာ ဘာကြောင့်လဲဆိုတာ သိအောင် လုပ်ရမယ်။ သိပါမှပဲ ဘယ်လို ရှေ့ကိုဆက်ရမယ်ဆိုတာ အဖြေထုတ်နိုင်ကြလိမ့်မယ်"

တိတ္ထိကြီး၏ စကားကြောင့် အသံအားလုံး တိတ်ဆိတ်သွားခဲ့ကြသည်။ တစ်ဦးကို တစ်ဦး ငေးကြည့်ရင်း ဘယ်သူ ဘာပြောမလဲဆိုသည်ကို ငေးကြည့်နေမိကြပြန်သည်။ ရုတ်ခြည်းအားဖြင့်တော့ မည်သည့်အသံမျှ ပေါ်ထွက်လာခြင်း မရှိ။ အတော်ကလေးကြာမှပင် ထောင့်တစ်နေရာမှ ပရိုဖိုင်လုလင်တစ်ဦး ထိုင်နေရာမှ ထလျက် အကြောင်းတစ်ခုကို တင်ပြလိုက်သည်။

"တပည့်တော် သိထားတာ တစ်ခုကို တင်ပြချင်ပါတယ်"

အားလုံး၏ အကြည့်များသည် ပရိုဖိုင်လုလင်အပေါ်သို့ ကျရောက်သွားခဲ့သည်။ ၎င်းထံမှ ဘာများ ထွက်ပေါ်လာမည်နည်းဟူ၍လည်း ငံ့လင့်နေမိကြသည်။

"တပည့်တော် သိထားတာက ရဟန်း ဂေါတမရဲ့ ဧည့်တွေဟာ ဘုရက် တံစိုကြိမ် တံခါးပိတ် စည်းဝေးလေ့ရှိကြတယ်။ ဘယ်လောက်များ တင်းကျပ်သလဲတော့ မသိဘူး ရှင်သာမဏေကိုတောင်မှ ဝင်ခွင့်မပေးကြဘူး။ ရှင်သာလောတင် မကပါဘူး၊ ဒကာ၊ ဒကာမတွေကိုမှ မြင်ခွင့်မပေးကြဘူး။ သူတို့အားလုံးဟာ အာဝဋ္ဋနီမာယာကို မန္တန်နှင့် မန်းမှုတ်သလို သွင်းပြီး လူတွေအပေါ် လှည့်စားနိုင်တဲ့ တန်ခိုးကို ဖန်တီးကြတာ ဖြစ်လိမ့်မယ်။ မာယာအတတ်နဲ့ ကြည်ညိုအောင် ဟောပြောနိုင်တဲ့အတွက်ကြောင့်လည်း လာဘ်လာဘပေါများရတာ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့ရဲ့ လှည့်စားနိုင်မှု "မာယာအတတ်"ကို တပည့်တော်တို့ ရအောင် ယူနိုင်ခဲ့ရင် ရှင်ကြီး ဂေါတမလို တန်ခိုးထွားရုံမက၊ လူသူ ဒါယကာအပေါင်းရဲ့ ကြည်ညိုမှုကို ခံရပြီး လာဘ်လာဘတွေ အလျှံပယ် ပေါကြွယ်ဝလာမှာ သေချာပါတယ် အရှင်"

သည်စကားကို တင်ပြ ပြောဆိုပြီးသကာလ၊ ပရိုဗိုဇ်လုလင်လည်း နေရာတွင် ပြန်ထိုင်လိုက်လေ၏။ တိတ္ထိခေါင်းဆောင်ကြီးမှအစ တိတ္ထိအားလုံးလိုလိုပင် လုလင်၏ စကားအပေါ် အလေးအနက် စိတ်ဝင်စားသွားမိကြသည်။ ဤတွင် တိတ္ထိခေါင်းဆောင်ကြီးက စကားစတင်လိုက်၏။

"ကိုင်း··· သည်တော့ အဲသည် မာယာအတတ်ကို ရအောင် ဘယ်သူ ယူနိုင်မလဲ။ ယူနိုင်တဲ့သူကို အဖွဲ့ရဲ့ ခေါင်းဆောင်အကြီးအမှူးအဖြစ် တင်မြှောက်မယ်။ ကိုင်း··· မာယာအတတ်ကို သင်ယူနိုင်မယ့်သူ ဘယ်သူရှိသလဲ ပြောပါ။ ပြောပါ"

ထိုသို့ ပြောဆိုနေရင်း ပရိုဗိုဇ်တစ်ဦးချင်းစီကို သေသေချာချာကြည့်သည်။ တုပ်တုပ်မျှ မလှုပ်ကြ။ ထိုစဉ်မှာပင် ငြိတ်ဆိတ်နေသည့် ပရိုဗိုဇ်များကြားမှ "သရဘ"အမည်ရှိ ပရိုဗိုဇ်သည် နေရာမှ ရုတ်ခနဲ ထရပ်လိုက်သည်။

"အရှင်တို့···အရှင်တို့ရဲ့ စကားအတိုင်း ကျွန်ုပ်ကို အကြီးအကဲအဖြစ် တင်မြှောက်မယ်ဆိုရင် ရှင်ကြီး ဂေါတမ ရှိရာ ဂိဇ္ဈကုဋ်တောင်ပေါ်ကျောင်းရှိရာသွားပြီး မာယာအတတ်ကို မရ,ရအောင် သင်ယူခဲ့ပါမယ်"

"ကောင်းလေစွ သရဘ။ သိပ်ကို ကောင်းလေစွ။ သင်သာ မာယာအတတ်ကို ယူလာနိုင်ခဲ့လို့ကတော့ အကြီးအကဲရာထူးဟာ သင့်အတွက် အချိန်မဆိုင်းဘူးဆိုတာ စိတ်ချထားလိုက်ပါ။ သင် ဘာတွေ လုပ်မလဲဆိုတာ ပြောပြပါဦး"

"အရှင်တို့ ကျွန်ုပ်ဟာ ရှင်ကြီး ဂေါတမရဲ့ သာဝက ရဟန်းဆောင်ပြီး သူတို့ ယုံကြည်မှု ရှိလာရအောင် ဝတ်ကြီးဝတ်ငယ် ပြုရပါလိမ့်မယ်။ သူတို့ရဲ့ သပိတ်ထဲက ဆွမ်းကျန်တွေကို စားရပါလိမ့်မယ်။ ဒါကို ခွင့်ပြုကြတယ် မဟုတ်လား"

"ဟား···ခွင့်ပြုတယ်၊ ခွင့်ပြုတယ်။ သင့်အနေနဲ့ သူတို့တစ်တွေ ယုံမှားသံသယ မဝင်အောင် လုပ်တဲ့ဥစ္စာပဲ။ သင် ဘာပဲလုပ်လုပ် ခွင့်ပြုရပေမပေါ့။ အရေးကြီးတာက သင်ဟာ မာယာအတတ်ကို ပိုင်နိုင်ကျွမ်းကျင်အောင် သင်ယူတတ်မြောက်လာခဲ့ဖို့ပါပဲ"

"ဒါ့အတွက်တော့ စိတ်သာချပါ။ တစ်ခု သတိထားရမှာက အရှင်တို့အားလုံးဟာ ခုချိန်က စပြီး ကျွန်ုပ်ကို



www.burmeseclassic.com

www.burmeseclassic.com

ဘယ်မှာပဲ တွေ့တွေ့ မသိကျိုးကျွန်ပြုနေဖို့ပါပဲ"

"ဟုတ်တာပေါ့။ ဒါ အရေးကြီးတဲ့ အချက်ပဲ။ စိတ်သာချ သရာဘ၊ သင်ဖြစ်စေချင်တဲ့ ဆန္ဒအတိုင်း ဖြစ်စေရမယ်"

သို့ဖြင့် သရာဘလည်း တိတ္ထိကျောင်းသင်္ခမ်းကလေးကို ကျောခိုင်းခဲ့လေသတည်း။

◈◈◈

သရာဘ ပရိဗိုဇ်အဖို့ မိမိစကားနှင့် မိမိထွက်လာခဲ့ပြီးသည့်နောက် အချိန်အတန်အသင့် ကြာမြင့်ချိန်ဝယ် ဘုရားရှင် သီတင်းသုံးတော်မူရာ ဂိဇ္ဈကုဋ်တောင်ပေါ်ကျောင်း၏ ဝန်းကျင်သို့ ရောက်သွားခဲ့ပေပြီ။

တောင်ပေါ်ကျောင်းဝန်းကျင်မှာတော့ ဘုရားရှင်၏သားတော်များ ဖြစ်ကြသည့် ရဟန်းအပေါင်းတို့၏ ကျောင်းသင်္ခမ်းကလေးတွေက အစီအရီ။ အဆိုပါ ရဟန်းတော်တွေကို တွေ့တော့ တွေ့သည့်နေရာမှာပင် သရာဘလည်း ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးသည့်အလား ပျပ်ဝပ် ရှိသေစွာဖြင့် ဒူးတုပ်ရှိခိုးနေပါပြီကော။ ပြီးတော့ နှုတ်ကိုလည်း အလကား မထား။

"အရှင်တို့…အရှင်တို့ဟာ တော်ပါပေတယ်။ တော်တာနဲ့အမျှ ကုသိုလ်လည်း ထူးကြပါပေတယ်"

"ဘာဖြစ်လို့လဲ သရာဘ"

"ဘာဖြစ်လို့လဲဆိုတော့ အရှင်တို့ဟာ ဘယ်ဆရာကောင်းဆီမှာ ရဟန်းပြုရမယ်ဆိုတာ သိကြတယ်။ ပြီးတော့ သင့်လျော်ရာ အရပ်မှာ ရဟန်းပြုခွင့် ရကြလို့ပဲပေါ့။ တပည့်တော်မှာသာ အရာရာကို မစုံစမ်းဘဲ အလွယ်တကူ ပရိဗိုဇ်ပြုမိတဲ့အတွက် သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ရာ မဟုတ်တဲ့လမ်းကို သွားနေမိလျက်သား ဖြစ်နေရတာပေါ့ ဘုရား"

သည်သို့ အပလီနှော လိမ်ညာပြောရင်း ရဟန်းတို့ကို ဝတ်ကြီးဝတ်ငယ်များ ပြုနေခဲ့သည်။ ကာလအတန်ကြာတော့ ကံအားလျော်စွာပင် မဟာထေရ်တစ်ပါးထံ၌ ရဟန်းပြုခွင့်ရသွားခဲ့လေသည်။ သည့်အတွက် အကြံသမား သရာဘမျာ ဝမ်းသာ၍ မဆုံးတော့။ ထို့နောက် ၁၅ရက်တစ်ကြိမ် ဥပုသ်နေ့တိုင်း ပြုနေကျဖြစ်သည့် ဥပုသ်ပြုခြင်းကိစ္စ၌ ပါဝင်ခွင့်ရခဲ့ပြန်သည်။ ဤ၌ ရဟန်းတော်များ၏ ပါတိမောက်ရွတ်ပုံ၊ လေးလေးစားစား ရှိသေစွာ နာယူကြပုံတို့ကို သူ အံ့သြခြင်းကြီးစွာဖြင့် တွေ့မြင်ခဲ့ရသည်။

"ဒါဟာ အာဝဋ္ဋနီမာယာအတတ်ကို သွင်းနေကြတာပဲ ဖြစ်မယ်"

သည်သို့ပင် သူ့စိတ်ထဲက မှတ်ယူထားလိုက်သည်။

ဥပုသ်ပြုခြင်းကိစ္စ ပြီးစီးလေတော့ ကိုယ် သီတင်းသုံးရာ ကျောင်းသင်္ခမ်းများသို့ အသီးသီးပြန်လာခဲ့ကြသည်။

သရာဘလည်း ကျောင်းသင်္ခမ်းသို့ ရောက်သည်နှင့် ဥပဇ္ဈာယ်ဆရာအရှင်အား ဦးချပြီး သူသိလိုသော အကြောင်းကိစ္စတို့အား မေးမြန်းလေတော့သည်။

"ဆရာအရှင်…တပည့်တော် သိချင်တာလေးတွေ ရှိလို့ မေးလျှောက်ပါရစေ ဘုရား"

"မေးပါ ငါ့ရှင်၊ မေးပါ။ ငါသိတာ မှန်သမျှ ဖြေကြားပေးဖို့ရာ အဆင်သင့်ပါပဲ"

"ဒီလိုပါ ဆရာအရှင်။ တပည့်တော်တို့ ပြုခဲ့တဲ့ တရားကို ဘာတရားလို့ ခေါ်ပါသလဲ"

"ပါတိမောက်လို့ ခေါ်လေရဲ့ ငါ့ရှင်"

"ဆရာအရှင် သည်လိုဆိုရင်ဖြင့် အဲသည် ပါတိမောက်ဆိုတဲ့ တရားဟာ တပည့်တော်တို့အတွက် အရေးကြီးဆုံးသော တရား၊ အကောင်းဆုံးသော တရားလို့ ဆိုနိုင်ပါ သလား"

"ဆိုနိုင်တာပေါ့ ငါ့ရှင်။ သိပ်ကို ဆိုနိုင်တာပေါ့။ ပါတိမောက်ဆိုတဲ့ တရားဟာ သာသနာအလုံးစုံကို ဆောင်နိုင်တဲ့ ရေသောက်မြစ် သိက္ခာကျင့်ဝတ်ပါပဲ"

"ဆရာအရှင်… သည်လိုဆိုရင် သည်တရားဟာ အမြတ်ဆုံး သိက္ခာကျင့်ဝတ်ဖြစ်တယ်ဆိုတဲ့အတွက် အဲသည် တရားကို တပည့်တော် သင်ယူလိုပါတယ် ဘုရား"

"ကောင်းပြီ ငါ့ရှင်"

သို့ဖြင့်ပင် ဆရာအရှင်မထေရ်ကြီးလည်း အကြံသမား သရာဘအား ရဟန်းဖြစ်လျှင်ဖြစ်ချင်း သင်ရသော ပါတိမောက်အား စေ့စပ်သေချာစွာ သင်ကြားပေးတော်မူပါလေ၏။ ဤ၌ တိတ္ထိအပေါင်းတို့အပေါ် သရဖူဆောင်းလျက် ခေါင်းဆောင်ရာထူးကို ရယူလိုသော သရာဘသည် စိတ်ဆန္ဒပြင်းထန်စွာဖြင့် အားကြိုးမာန်တက် သင်ယူပါလေ၏။ သို့နှင့်ပင် ကာလ မကြာမတင်၌ ပါတိမောက်တရားတော်အား ပြီးဆုံးအောင်မြင်စွာ တတ်မြောက်သွားပါလေတော့၏။

"ဆရာအရှင်… ဒီဉစ္စာ အကုန်ပဲလား။ နောက် ဘာများ ကျန်ပါသေးလဲ ဘုရား"

မထေရ်ကြီးအဖို့ ပါတိမောက်တစ်ခုတည်းကိုသာ ရည်ရွယ်ထားလေရကား…

"ဒီဟာပဲ ရှိပါတယ် ငါ့ရှင်။ ဒီ့ပြင် မရှိတော့ မကျန်တော့ပါဘူး"

သည်စကား ကြားရတော့ သရာဘအဖို့ လိုက်

www.burmeseclassic.com

ခမ်းမြောက်ဝမ်းသာဖြစ်သွားရပါလေတော့၏။

"ဟား…မာယာအတတ်ကို ငါရပြီကွ။ မာယာအတတ်ကို ငါရပြီ။ ခုပဲ ငါနေရာကို ပြန်သွားမယ်။ အားလုံးရဲ့ ခေါင်းဆောင်အဖြစ်ကို ခံယူမယ်ကွ"

ထိုသို့ စိတ်အာရုံတွင် ကြုံးဝါးရင်း မထေရ်ကြီးနှင့်တကွ အခြား အခြားသော ရဟန်းအပေါင်းတို့ သတိမထားမိခင်မှာပဲ တောင်ပေါ်ကျောင်းဝန်းကျင်မှ ထွက်ခွာလာခဲ့လေတော့သည်။

◈◈◈

တိတ္ထိအပေါင်းတို့၏ ပရိဗိုဇ်ကျောင်းသခ်မ်းလေးများရှိရာသို့ သရဘ ဝင်လာပုံက တကယ့်ကို မာန်ပါလွန်းလှသည်။ ထို့ထက် ဆောင့်ကြွားကြွားနိုင်လှသည်ဟု ဆိုရလျှင်မှားနိုင်ပေ။ ပရိဗိုဇ်များသည် အတန်ကြာ ပျောက်ကွယ်နေသော သရဘကို တွေ့မြင်ရလေသောအခါ အပါးသို့ ဝိုင်းအုံလာခဲ့ကြသည်။

"ဘယ်လိုလဲ ဆရာ သရဘ။ ဂေါတမ တပည့်ချင်းရဟန်းတွေရဲ့ မာယာအတတ်ကို တတ်မြောက်လာခဲ့ပြီလား"

"ဒါပေါ့ ငါ့ရှင်တို့။ ငါဟာ အချိန်ကာလအနည်းငယ်အတွင်း ဉပါယ်တံမျဉ်နဲ့ ကျားကုတ်ကျားခဲ သင်လာခဲ့တာ။ အဲဒီရင် မာယာအတတ်ကို လုံးစဉ်သုံ မခြွင်းမချန် တတ်မြောက်သွားခဲ့ပြီ။ ငါ့ရှင်တို့ ဘာမှမပူကြနဲ့တော့။ အာဝဋ္ဋနီမာယာအတတ်ပိုင်ရှင် ငါ့ကြောင့် တို့များ တိတ္ထိအပေါင်းကို လူတွေ ခန့်ညားရိုသေပြီး ကြည်ညိုလာကြတော့မယ်။ ဆွမ်းကွမ်းကအစ လာဘ်လာဘတွေ အလျှံပယ် ပေါကြွယ်ဝလာတော့မယ်"

"ဟေး… ဆရာ သရဘကွ၊ ဆရာ သရဘ"

ပရိဗိုဇ်အပေါင်း၏ တစ်ခဲနက် ဟစ်ကြွေးသံက သရဘ၏ စိတ်ဘဝင် လိပ်ပြာကို အတောင်ပံတွေ လှုပ်ခတ်သွားစေသည်။ သည့်နောက်မှာတော့ သရဘလည်း သူ တတ်မြောက်လာခဲ့သော ပါတိမောက်ကို အာဝဋ္ဋနီမာယာအတတ်ဟူသောအထင်ဖြင့် ပြန်လည်သင်ကြား ပို့ချပေးလေတော့၏။

ပရိဗိုဇ်အားလုံး သင်ကြားတတ်မြောက်ကြပြီဆိုတော့ ကတိအခံရှိထားသည့်အတိုင်း သရဘအား တိတ္ထိတို့၏ ခေါင်းဆောင်အကြီးအကဲအဖြစ် တင်မြှောက်လိုက်ကြသည်။

ခေါင်းဆောင်ကြီး သရဘနှင့်တကွ နောက်ပါ ပရိဗိုဇ်အပေါင်းလည်း မာယယအတတ်ပိုင်ရှင်များဟူ၍ ယူဆကာ မာနထောင်ကြွလျက်နေကြပေပြီ။

နောက်တစ်ရက်ရောက်လေတော့ ခေါင်းဆောင်ကြီး သရဘကို ရှေ့တန်းတင်လျက် ရာဇဂြိုဟ်မြို့အတွင်းသို့ ဝင့်ဝင့်ကြွားကြွား ဝင်ရောက်လာခဲ့ကြသည်။ ပရိသတ်စုစုဝေးဝေးရှိရာသို့ ရောက်လျှင်ပင် သရဘသည် နေရာအမြင့်တစ်ခုပေါ်သို့ တက်လျက် အာပေါင်အာရင်းသန်သန်ဖြင့် ဖွင့်ဟပါလေတော့သည်။

"အို… ပရိသတ်အပေါင်းတို့၊ ငါတို့အားလုံးဟာ ရှင်ကြီးဂေါတမရဲ့ တရားမှာ အဆီအနှစ်ဆိုတာ ဘာမျှ မရှိဘူး။ တကယ်တမ်း အဆီအနှစ်ရှိတယ်ဆိုရင် ငါဟာ သူတို့ရဲ့ အဝန်းအဝိုင်းက ထွက်လာခဲ့ပါ့မလား။ အခုတော့ ဘယ်လိုမှ အနှစ်သာရမရှိတဲ့အတွက် ငါထွက်လာခဲ့တာပဲ။ တကယ်တော့ ရှင်ကြီး ဂေါတမရဲ့ ရဟန်းတွေဟာ မာယာဆိုတဲ့ မျက်လှည့်အတတ်ကို သွင်းပြီး လောကကြီးကို လိမ်ညာစားသောက်နေကြတာ ဖြစ်တယ်"

လေယူလေသိမ်းက ကောင်းလွန်း၊ ပြတ်သား တိကျလွန်းသည့်အတွက် ပရိသတ်အားလုံးပင် သရဘ၏ လေလျှဉ်ကြော၌ မျောတလွင့်လွင့်ဖြစ်သွားပုံရသည်။ သည်အဖြစ်၊ သည်မြင်ကွင်း၊ သည်အသံတို့ကို ရာဇဂြိုဟ်သို့ ဆွမ်းခံဝင်ကြွခဲ့ကြကုန်သော ရဟန်းတို့ သိရ၊ မြင်၊ ကြားရလေသည်တွင် စိတ်ထဲ မချမ်းမြေ့ကြတော့။

သည့်အတွက် သူတို့ ကြုံခဲ့၊ မြင်ခဲ့၊ ကြားခဲ့ရသမျှတို့အား ဘုရားရှင်ထံ ပြန်လည်တင်ပြ လျှောက်ထားခဲ့ကြသည်။

"အရှင်ဘုရား… သရဘ ပြောဆိုနေသမျှကို ဆိတ်ဆိတ်နေခဲ့မယ်ဆိုရင် သူဟာ သည့်ထက်ပိုပြီး ရောင့်တက်လာပါလိမ့်မယ် ဘုရား။ အဲသည်အခါကျရင် သူ့အပေါ် အပြစ်တွေ ပိုပြီးလေးလံလာတော့မှာပါ။ သည့်အတွက် သရဘကို သနားတဲ့အနေနဲ့ ပရိဗိုဇ်တွေရဲ့ ကျောင်းသခ်မ်းတွေ ရှိရာကို ကြွမြန်းလို့ ဆုံးမပေးစေချင်ပါတယ် ဘုရား"

ကြည့်စမ်းပါဦးတော့။ ရဟန်းတော်တို့သည် မိမိတို့ တမြတ်တနိုးရှိလှသော တရားတော်အား ပုတ်ခတ် ချိုးနှိမ်လာသည့်အပေါ်တွင် အပြစ်မမြင်ခဲ့ကြ။ သနား ကရုဏာထား၍ပင် ဖျောင်းဖျ လျှောက်ထားနေပြန်သေးတော့သည်။ သူတို့သည် အတ္တမာန်ဖုံးနေသည့် သရဘအပေါ်၌ သနား စိုးရိမ်နေကြသည့်နည်းတူ သတ္တဝါ ဝေနေယျအပေါင်းတို့အား ကယ်မ ချွတ်ချွတ်တော်မူသည့် အနှိုင်းမဲ့ ဘုရားရှင်အပေါ်၌လည်း မြတ်မြတ်နိုးနိုး အားကိုးယုံကြည်ထားကြသည်။

ဗုဒ္ဓဘုရားရှင်ကား ခပ်မဆိတ်။

◈◈◈



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဘုရားရှင်သည် ရုတ်တရက် ကြွတော်မမူခဲ့။

နေ့လယ်အချိန်ရောက်တော့လည်း ဈာန်သမာပတ်ဝင်စားနေခဲ့သည်။

ညနေအချိန်သို့ ရောက်တော့မှသာလျှင် ကိုယ်တော်တစ်ပါးတည်း ပရိဗိုဇ်များရှိရာ ကျောင်းသခ်မ်းသို့ ကြွသွားတော်မူခဲ့သည်။

ဤသို့ တစ်ပါးတည်း ကြွသွားခြင်း၌ အကြောင်းရင်းခံရှိပါသည်။ အကြောင်းမှုကား တပည့်သား သံဃာအပေါင်းနှင့် ကြွသွားမည်ဆိုပါက အင်အားအလုံးအရင်းကို အသုံးပြုလျက် ချိုးနှိမ်သည်ဟု အထင်ရောက်မှာစိုးသောကြောင့် ဖြစ်ချေ၏။ လောက၌ တရားမမြင်သေးသည့် သာမန် ပုထုဇဉ် လူသားတို့ကား မိမိတို့တွင် ရှိသော မြင့်မိုရ်တောင်တမျှ အပြစ်ကိုမူ မမြင်တတ်ကြဘဲ တစ်ပါးသူတို့၏ အမှား ဆီးစေ့လောက်ကို ကျ မြင်တတ်ကြသည်မဟုတ်ပါလား။

ထိုအချိန်မှာတော့ ပရိဗိုဇ်တို့၏ အလယ်၌ ထည်ဝါခံ့ညားလှစွာဖြင့် ခေါင်းဆောင်ရာထူး ရယူထားသော သရဘသည် အခန့်သားဖြင့် မြိန့်မြိန့်ကြီး နေရာယူထားလျက် ရှိချေ၏။

ဤတွင် ပရိဗိုဇ်လုလင်တစ်ဦးက စကားစလာခဲ့၏။

"ဆရာအရှင်···ဆရာအရှင်ဟာ သည်ကနေ့ တစ်မနက်လုံး ရှင်ကြီးဂေါတမရဲ့ အပြစ်တွေကို တစ်မြို့လုံးအနှံ့ လှည့်လည် ကြွေးကြော်ခဲ့ပြီးပါပြီ။ အခုနေများ ရှင်ကြီးဂေါတမ ရောက်လာခဲ့လို့ရှိရင် ဘယ့်နှယ်လုပ်ကြမှာလဲ ဆရာအရှင်"

"အို··· ငါ့တပည့်တို့၊ သည်ကိစ္စနဲ့ ပတ်သက်လို့ ဘာမျှ တွေးကြောက်နေစရာ၊ စိုးရွံ့ ထိတ်လန့်နေစရာ မလိုပါဘူးကွယ်။ အခုနေ ရှင်ကြီးဂေါတမ ရောက်လာလို့များကတော့ သူက တစ်ခုပြောလာရင် ငါက နှစ်ခုပြန်ပြောလိုက်မယ်။ သူက နှစ်ခုထပ်ပြောဦးမလား၊ ငါက လေးခု ထပ်ပြောပစ်လိုက်မယ်။ အေး၊ ဒါနဲ့တောင် လက်စမသတ်ဘဲ သူက တစ်ရာလောက် ပြောလာဦးမလား၊ မပူကြပါနဲ့ တပည့်တို့၊ ငါက အခု တစ်ထောင်လောက်ကို ပြန်ပြောပစ်လိုက်မှာ"

သည်သို့သည်ပုံ ကရားရေလွှတ် တတွတ်တွတ်ပြောဆိုနေစဉ်မှာပင် ဘုရားရှင်လည်း ၎င်းတို့ထံသို့ တည့်တည့်မတ်မတ် ကြွလှမ်းလာနေခဲ့ချေပြီ။

"ဟို···ဟို···ဟိုမှာ ရှင်ကြီးဂေါတမ ကြွလာပြီ၊ ကြွလာပြီ"

"ဟေ···"

သည်စကားကြားရတော့ သရဘအဖို့ ထိတ်ခနဲဖြစ်ကာ အာမေဋိတ်သံ ထွက်ပေါ်လာရင်း ဇက်ကလေးပုသွားခဲ့တော့သည်။ ရင်အစုံမှာလည်း ကတုန်ကယင်။

ဗုဒ္ဓဘုရားရှင်ကား မှန်လည်း မှန်ကန်၍ အကျိုးရှိသော စကားကိုသာ ပြောဆိုတတ်သူ၊ ဆိတ်ဆိတ်နေခြင်းကို နှစ်သက်သူ၊ မည်သည့်တိတ္ထိဂိုဏ်းကိုမျှ ပုတ်ခတ် ပြစ်တင်ခြင်း မပြုသောသူ၊ မေတ္တာ၊ ကရုဏာလွှမ်းခြုံ၍ ကြည်လင်စွာ နေတတ်သူ။ သည့်အတွက်ကြောင့်လည်း တိတ္ထိတို့အဖို့ ဘုရားရှင်အား ကြည်ညိုလေးစားရင်းစွဲရှိနေသည်ကမူ မငြင်းသာသော အချက်ဖြစ်ချေသည်။ သည့်အတွက်ကြောင့်ပင် တိတ္ထိအချို့သည် ပျာပျာသလဲဖြင့် မိမိတို့၏ ခေါင်းရင်းဘက်၌ ဘုရားရှင် သီတင်းသုံးတော်မူရန် နေရာထိုင်ခင်းကို ခင်းပေးကြကုန်၏။ ဘုရားရှင်လည်း တည်ငြိမ်ရင့်ကျက်စွာဖြင့်ပင် ခင်းထားသော နေရာ၌ ထိုင်တော်မူလိုက်သည်။ ပြီးတော့မှ သီဟနာဒ ခြင်္သေ့မင်းနှင့် မခြား နှုတ်တော်ကို ဖွင့်ဟလိုက်လေသည်။

"သရဘ··· သင်ဟာ ငါရဲ့ တပည့် ရဟန်းတွေရဲ့ တရားကို အကုန်သိပြီးပြီ။ သိပြီးတဲ့အတွက် ဘာမှ အနှစ်အရသာ မရှိဘူးဆိုပြီး သူတို့ရဲ့ သာသနာကနေ ထွက်လာခဲ့တယ်လို့ လှည့်လည် ကြွေးကြော်နေတဲ့အကြောင်း ငါကြားရတယ်။ သင် သည်အတိုင်းပြောဆိုခဲ့တယ် ဆိုတာမှန်ပါသလား"

ဘုရားရှင်၏ တိကျ ပြတ်သားသော အမေးစကားက သရဘ၏ အာခံတွင်းထဲသို့ အာစေးများ ထည့်လိုက်သည်နှင့် မခြား။ ကွယ်ရာ၌ လေလုံးထွားခဲ့သော သရဘထံမှ မည်သည့်စကားသံမျှ ထွက်ပေါ်မလာခဲ့။

"အို···သရဘ၊ ပြောစမ်းပါ။ သင်ဟာ ရဟန်းသံဃာတို့ရဲ့ တရားကို ဘယ်လိုမျိုး သိနေတာတဲ့လဲ။ သင်သိထားတယ်ဆိုတဲ့ တရားထဲမှာ လိုအပ်နေတာများ ရှိနေခဲ့မယ်ဆိုရင် ငါကိုယ်တိုင် ဖြည့်စွက်ပေးပါ့မယ်။ တကယ်လို့ သင်သိထားတဲ့ တရားဟာ ပြည့်စုံနေမယ်ဆိုရင်တော့ ငါ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ချင်လို့ပါ သရဘ"

ထိုအမေးစကားကို ဘုရားရှင် မိန့်ကြားခဲ့သည်မှာ တစ်ကြိမ်တည်းမဟုတ်။ သုံးကြိမ် သုံးခါတိတိ။

ထိုသို့ သုံးကြိမ် သုံးခါတိုင်အောင် အမေးစကားရှိခဲ့ပါသော်လည်း သရဘခမျာ ဆွံ့အနေသူနှင့် မခြား။ နှုတ်ဆိတ်နေခဲ့သည်။

ထိုအချိန်မှာတော့ ရဟန်းတော်များ၊ ရာဇဂြိုဟ်မြို့

www.burmeseclassic.com

www.burmeseclassic.com

သားများအပေါင်းတို့သည် ပရိဗိုဇ်ကျောင်းသခ်မ်းရှိရာသို့ ဘုရားရှင် ကြွသွားတော်မူသည်ကို သိရသည့်အတွက် အံ့နှင့်ချင်းနှင့် ဆိုသကဲ့သို့ ရောက်ရှိလာခဲ့ကြလေပြီ။

ဘုရားရှင်၏ နှုတ်ထွက်စကားတွေက သရဘာအပေါ် ဒေါသထွက်မှု၊ မာန်မဲမှုတို့ ကင်းစင်နေခဲ့သည်။

သည့်အတွက် သရဘာမှ လွဲ၍ ပရိဗိုဇ်အပေါင်းတို့ သည်း ဘုရားရှင်၏ မျှတသော စကားအပေါ်၌ အာရုံတိမ်း ညွတ်လာခဲ့ကြပါပကော။ သူတို့ တင်မြှောက်ခဲ့သော ခေါင်း ဆောင်ကြီး သရဘာအပေါ်၌ အားမလို အားမရဖြစ်လာခဲ့ ကြသည်။ သည့်အတွက်ကြောင့်လည်း ပရိဗိုဇ်ထံမှပင် အသံတစ်သံက စူးစူးရဲရဲထွက်ပေါ်လာခဲ့သည်။

"ဆရာ သရဘာ၊ သင် တောင့်တနေတဲ့ အချက် အလက်ကိုပဲ အရှင်ဂေါတမက ကြိုဆို ဖိတ်မန္တက ပြုနေ တယ်လေ။ သင် သိနေ၊ တတ်နေတယ်ဆိုတာတွေကို ပြန် ပြောပြလိုက်ပါတော့လား။ အရှင်ဂေါတမက သင်လိုနေတာ ကို ပြည့်ပေးမယ်။ ပြည့်စုံနေရင် ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်မယ်လို့ ပြောနေတယ်လေ"

သည်လို ဆိုပြန်တော့လည်း သရဘာသည် တုတ်တုတ် မလှုပ်။ ကြက်ဖကြီး လည်လိမ်ခံထားရသည့်အလား၊ ခေါင်းငိုက်စိုက်ကျနေသည်။ ဤတွင် ဘုရားရှင် ခွန်းဟပြန်ပါသည်။

"သရဘာ··· သင့်ကို ငါဘုရားရှင် ပြန်မေးပါဦးမယ်။ ကြိုက်သလို၊ သင် ဖြေတတ်သလိုပဲ ဖြေပါ။

ငါဘုရားရှင်ဟာ အလုံးစုံသော တရားတို့ကို သိသူဖြစ် ပရိဗိုဇ်တစ်ဦးဦးက ဘယ်တရားတွေကိုဖြင့် မသိဘဲ နေသေးတယ်လို့ ပြောလာရင် အဲသည်ပြောတဲ့သူကို အခုလိုမျိုး ပြန်လည်ပြီး စစ်ဆေးမေးမြန်းရပါတယ်။ သည် သူဟာ ရှေ့စကားကို နောက်စကားနဲ့ ဖုံးကွယ်ချင် ကွယ်ပါလိမ့်မယ်။ ဒါမှမဟုတ် အပြင်ဘက် စကားတစ်ခု ကို သွင်းချင် သွင်းပါလိမ့်မယ်။ ဒါမှမဟုတ် စိတ်ဆိုး မှုတွေက် မနှစ်သက်ခြင်းကိုလည်း အထင်အရှား ပြသချင် ပြသပါလိမ့်မယ်။ အဲသည် သုံးမျိုးမှာတော့ တစ်မျိုးမဟုတ် တစ်မျိုး ကေန်ဖြစ်ရလိမ့်မယ်။ သည်လိုမှ မဖြစ်ခဲ့ရင် သင် နေသလို စကားမေးမရအောင် ဖြစ်နေပါလိမ့်မယ်။

သရဘာ··· ငါဘုရားရှင်ဟာ ကိလေသာကုန်ခန်းပြီးသူ ခံထားပါတယ်။ အဲသည်အခါ ပရိဗိုဇ်တစ်ဦးဦးက ကိလေသာ မကုန်သေးဘူးလို့ ပြောလာရင် အဲသည်ပြော သူကို အခုလိုမျိုး ပြန်လည်ပြီး စစ်ဆေးမေးမြန်းတဲ့အခါ အထက်ပါ သုံးမျိုးမှာ တစ်မျိုးမျိုး ကေန်ဖြစ်ရပါလိမ့်မယ်။ သည်လိုမှ မဖြစ်ခဲ့ရင် သင်မှိုင်နေသလို စကားမေးမရအောင် ဖြစ်နေပါလိမ့်မယ်။

သရဘာ··· ငါဘုရားရှင် ဟောကြားထားတဲ့အတိုင်း ကျင့်ကြံအားထုတ်တဲ့သူဟာ ငါဘုရားရှင် ပြောတဲ့ အကျိုး မရနိုင်ဘူးလို့ ပရိဗိုဇ်တစ်ဦးဦးက ပြောလာရင်၊ ဥပမာ - ရာဂကို ပယ်ခြင်းအကျိုးဟာ အသုဘ ကမ္မဋ္ဌာန်းကို အားထုတ် ပေမယ့် ရာဂကို မပယ်နိုင်ဘူးလို့ ပြောလာခဲ့ရင်၊ အဲသည် ပြောလာသူကို အခုလိုမျိုး ပြန်လည်ပြီး စစ်ဆေးမေးမြန်းတဲ့ အခါ အထက်ပါအတိုင်း အဖြစ်သုံးမျိုးမှာ တစ်မျိုးမျိုးတော့ ကေန်ဖြစ်ရပါလိမ့်မယ်။ သည်လိုမှ မဟုတ်ရင် သင့်လိုမျိုး စကားမမေးရအောင် မှိုင်တွေပြီး နေရပါလိမ့်မယ် သရဘာ"

သည်သို့ မိန့်ကြားပြီးသည့်နောက် ကြွရောက်လာကြ သော ပရိသတ်အပေါင်းအား သစ္စာလေးပါး တရားတော်ကို ဟောကြားတော်မူခဲ့သည်။ ပြီးသည်နှင့် အဘိညာဉ်တန်ခိုး တော်ဖြင့် ပြန်လည်ကြွမြန်းသွားတော်မူခဲ့သည်။

◈◈◈

ခုတော့ဖြင့် ပရိသတ်များစွာ၏ အလယ်၌ သရဘာ အဖြစ်က ခေါင်းမဖော်ပြနိုင်လောက်အောင် ဆွံ့အသူဖြစ်ကာ အရှက်အကွဲကြီး ကွဲရလေပြီကော။

သည်တွင် တပည့်ငယ်သား ပရိဗိုဇ်အပေါင်းတို့မှာ သည်းခံခြင်းဟု မစွမ်းသာတော့။

"ဟယ်···သရဘာ၊ သင်ဟာ ခြသေ့်နဲ့ မတွေ့ခင်တုန်း က ခြသေ့်လို ဟောက်လိုက်မယ်လို့ ကြုံးဝါးထားပြီးတော့ ခြသေ့်အစစ်နဲ့ ရင်ဆိုင်တွေ့ရတဲ့အခါ လုံးဝကို မဟောက်ဝံ့ ဘဲ အမြီးကုပ်ထားရတဲ့ မြေခွေးလို ဖြစ်နေပါပေါ့လား။ ငါတို့ အားလုံး သင့်ကို အလိုမရှိ။ ခေါင်းဆောင်နေရာက ဖြုတ်ချ လိုက်ပြီ"

"ဟုတ်တယ် သရဘာ။ ဆင်း···ဆင်း၊ အမြန်ဆင်း။ သည်နေရာက ထွက်သွားတော့"

သရဘာကား ဘာမျှ တုံ့ပြန်စကား မဆိုတော့။

"ငါနှင့် ငါသာ နှိုင်းစရာ၊ ငါ့မှတစ်ပါး အခြားမရှိ" ဆိုသော မာန်စွယ်များ တွင်တွင်ကျိုးကာ မပြင်ကွယ်ရာ အရပ်တစ်ပါး သို့ ပြေးထွက်သွားရချေပြီတကား။

* * *

နန္ဒာမိုးကြယ်

ကျမ်းကိုး

- အနာဂတ် သာသနာရေးကျမ်း (အရှင်ဇနကာဘိဝံသ)။



www.burmeseclassic.com

www.burmeseclassic.com

# အသုဘနှင့်
# မိရိုးဖလာအယူအဆ
# အစွဲအလမ်းများ



www.burmeseclassic.com

www.burmeseclassic.com

ယနေ့ထိ ဗုဒ္ဓဘာသာဝင်များ ကျင့်သုံး လက်ခံနေကြသည့် တချို့အယူအဆများသည် ထေရဝါဒ စံပေတံနှင့် တိုင်းတာကြည့်လိုက်ပါက မည်သို့မျှ အံမဝင် ခွင်မကျဘဲ ထွေချော်နေသည်ကို တွေ့ရ၏။ ထိုသို့ ဖြစ်ရခြင်းကလည်း ရှေးက ပြုလုပ်ခဲ့ကြသည့် မိရိုးဖလာအစဉ်အလာဟူသည်ကို ဆုံးနံစားထစ် တရားသေကိုင်ဆုပ် လက်ခံထားသောကြောင့်ပင် ဖြစ်၏။ ဤသည်မှာလည်း နှစ်ပေါင်းများစွာကြာမြင့်ခဲ့ချေပြီ။

ဗုဒ္ဓဘာသာဝင်တို့ ဆုပ်ကိုင်လက်ခံထားခဲ့ကြသည့် မိရိုးဖလာအစဉ်အလာ အစွဲအလမ်းမှာ မြောက်မြားစွာပင် ရှိကြသည်။ ထိုအစွဲအလမ်းများထဲ၌ အသုဘနှင့် ဆိုင်ရာ အစွဲအလမ်းသည်လည်း အပါအဝင်ဖြစ်သည်။ ထို့ကြောင့် အသုဘနှင့် ပတ်သက်ပြီး ဗုဒ္ဓဘာသာဝင်တို့ အမှန်မြင်စေချင်၊ သိစေချင်၍ လွဲမှား လက်ခံထားသည့် အယူအဆများကို စာရင်းပြုစုကြည့်လိုက်မိသောအခါ···

(၁) သေသူကို သရဏဂုံတင်ခြင်း။

(၂) လူသေလျှင် အိမ်မှာ ခုနစ်ရက်နေသည်ဟု ယူဆခြင်း။

(၃) ကူးတို့ခ တစ်မတ်ထည့်ပေးခြင်း။

(၄) သင်္ချိုင်းမှ ခဲလုံး (သို့မဟုတ်) သစ်ခက်၊ ပန်းပွင့်များ ယူဆောင်လာခြင်း။

(၅) အသုဘချမည့်နေ့တွင် အိမ်အဆင်း လှေကားရင်း၌ အိုးရိုက်ခွဲခြင်း။

(၆) လောက်လန်းသဖွယ် ဝိညာဉ်တွယ်သည်···

ဟု အစဉ်အလာအရ လွဲမှားစွာ ယုံကြည်လက်ခံနေကြသည်တို့ကို တွေ့ရှိရလေသည်။

### (၁) အသုဘ၌ သေသူကို သရဏဂုံတင်ခြင်း

ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသောကြောင့် တစ်စုံတစ်ယောက်သေဆုံးသည်နှင့် ကျန်ရစ်သူများက ဘုန်းကြီးပင့်၍ သေဆုံးသူအနီးတွင် သရဏဂုံသီလ ဆောက်တည်ကာ အမျှအတန်းပေးဝေလေ့ရှိကြသည်။

ထိုသို့ ပြုလုပ်ခြင်းကို "သရဏဂုံတင်သည်"(သို့) "သက်ပျောက်ဆွမ်းသွတ်"သည်ဟု အရပ်ထဲတွင် ခေါ်ကြသည်။ ဤသည်မှာ ဗုဒ္ဓဘာသာဝင်အများစုအနေနှင့် အစဉ်အလာအရ များယွင်းစွာ လက်ခံ ယုံကြည်ထားကြသည့် အချက်မှာ လူသေကို သရဏဂုံတင်သည်ဟူ၍ပင် ဖြစ်သည်။ ထို့ကြောင့်ပင် အချင်းချင်းပြောဆိုကြသည့်အခါများတွင် "ငါ့အတွက် သရဏဂုံကို မသေခင်ကတည်းက တင်ပြီးပြီကွ။ ငါသေရင် သရဏဂုံတင်စရာ မလိုတော့ဘူး"စသည့် စကားတို့ကို ကြားရတတ်ခြင်းပင် ဖြစ်သည်။

ဤစကားအရ သေသူကို သရဏဂုံတင်ခြင်း ဖြစ်သည်ဟု များယွင်းစွာ လက်ခံထားကြကြောင်း ထင်ရှားလှသည်။ အမှန်ဆိုရပါမူ သေသူ အသုဘအား မည်သူမျှ သရဏဂုံတင်၍ မရချေ။ သေသွားသည့်သူကလည်း မည်သို့မျှ သရဏဂုံ မယူနိုင်တော့ပေ။ သရဏဂုံတင်ခြင်းဟူသည် သရဏဂုံကို ခံယူဆောက်တည်ခြင်းပင် ဖြစ်သည်။

သရဏဂုံ ဆောက်တည်ရာ၌ နှုတ်မှ ရွတ်ဆိုမှ ပါရ၏။ သေသွားသည့်သူသည် အဘယ်သို့လျှင် နှုတ်က လိုက်၍ ရွတ်ဆိုနိုင်ပါမည်နည်း။ ဤနေရာတွင် သရဏဂုံ ပျက်ခြင်းကို သိထားသင့်ပေသည်။ မိမိတို့ ခံယူဆောက်တည်ထားကြသည့် သရဏဂုံသည် တခြားဘာသာသို့ ကူးပြောင်းသွားလျှင် လည်းကောင်း၊ သေသွားလျှင် လည်းကောင်း သရဏဂုံ ပျက်သွားတော့သည်။

ဘာသာခြားသို့ ကူးပြောင်းသွားသည့်အတွက် သရဏဂုံ ပျက်သွားသူအား အပြစ်များစွာ၊ ဆိုးကျိုးများစွာ ဖြစ်ပွားစေနိုင်သည့်အတွက် အပြစ်ရှိသော သရဏဂုံပျက်ခြင်းဟု ခေါ်ပြီး၊ သေ၍ ပျက်သွားခြင်းကိုမူ အပြစ်မရှိသော သရဏဂုံ ပျက်ခြင်းဟု ခေါ်သည်။

ဤသို့ဆိုလျှင် အသုဘအခမ်းအနားတွင် သရဏဂုံ တင်ခြင်းသည် အချည်းနှီး အဓိပ္ပာယ်မဲ့ ဖြစ်သွားပြီဟု ဆိုစရာရှိသည်။ ထိုသို့ကား မဟုတ်ချေ။ သရဏဂုံဆောက်တည်ခြင်း၌ စေတနာ၊ ရည်ရွယ်ချက်၊ ဦးတည်ချက်ကား အပြည့်အဝရှိသည်။ ထိုရည်ရွယ်ချက်စေတနာမှာ အခြားမဟုတ်ချေ။ ကျန်ရစ်သူများသည် ကွယ်လွန် သေဆုံးသူအတွက် ရည်စူး၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်သည့်အခါ ကုသိုလ်၏ အစွမ်းအာနိသင်ကို ပို၍ထက်မြက်စေရန်နှင့် အမျှအတန်းပေးဝေရာ၌ ပို၍ထိရောက်စေရန် သရဏဂုံသီလဆောက်တည်ကြခြင်းပင် ဖြစ်သည်။

ကျမ်းဂန်များ၌လည်း "ပုညကမ္မံ နာမ ပေတာနံ ပဏ္ဏာကာရော"ဟူ၍ ဘုရားရှင် ဟောကြားတော်မူခဲ့သည့် ပုညကမ္မံ နာမ - ကောင်းမှုကုသိုလ်သည်၊ ပေတာနံ - ဘဝတစ်ပါးသို့ ပြောင်းသွားသူတို့အတွက်၊ ပဏ္ဏာကာရော - အကောင်းဆုံး



www.burmeseclassic.com

www.burmeseclassic.com

လက်ဆောင်ဖြစ်သည်ဟူ၍ပင်။

ထိုပါဠိတော်အရ သရဏဂုံ ခံယူဆောက်တည်၍ သေသူအား အမျှအတန်းပေးဝေခြင်းသည် ကုသိုလ်လက်ဆောင်ကို ပြန်လည်ပေးကမ်းခြင်းဖြစ်သည့်အတွက် မှန်မြတ်သည့် လုပ်ရပ်ပင်ဖြစ်သည်။ နောက်တစ်ချက်က အကယ်၍ ဘဝအဆက်ဆက်မှ တော်စပ်လာခဲ့ကြသည့် ဆွေမျိုးများသည် အကယ်၍ ပေတဂတိ(ပြိတ္တာဘုံ)သို့ ရောက်ရှိနေခဲ့ပါမူ သာဓုခေါ်နိုင်စွမ်း ရရှိကြနိုင်လေသည်။ ထို့ကြောင့် အသုဘ၌ သရဏဂုံတင်ခြင်းသည် သေသူကို သရဏဂုံတင်ခြင်း မဟုတ်ဘဲ၊ သေသူ၏ နောက်ဆုံးခရီးအတွက် အကောင်းဆုံး အကူအညီပေးခြင်းဖြစ်သည်ဟု အမှန်ကို မြင်ပြီး အစဉ်အလာ အစွဲအလမ်းတို့ကို ပယ်ဖျက်သင့်ကြပေသည်။

## (၂) အိမ်မှာ ခုနစ်ရက် မနေပါ

အသုဘနှင့် ပတ်သက်၍ ဗုဒ္ဓဘာသာဝင် တော်တော်များများက အစဉ်အလာအရ လွဲမှားစွာ ခံယူထားကြသည့် နောက်ထပ်အချက်မှာကား အိမ်မှာ ခုနစ်ရက်နေသည်ဟု ယုံကြည်စွဲလမ်းနေကြခြင်းပင် ဖြစ်သည်။ သေသူအတွက် ခုနစ်ရက်မြောက်သည့် နံနက်အခါတွင် ရက်လည်ဆွမ်းသွတ်ကြခြင်းသည်ပင် အစဉ်အလာအရ လက်ခံပြုလုပ်နေကြခြင်းပင် ဖြစ်သည်။

ပိဋကတ် မှတ်တမ်းများတွင် ခုနစ်ရက်လည်ပြီးနောက် ဆွမ်းသွတ်ခဲ့သည့် ဖြစ်ရပ်ဇာတ်လမ်းတစ်ခုမျှ မရှိပေ။ ထိုဝါဒသည် ဟိန္ဒူ(ဗြာဟ္မဏ)ဝါဒမှ ထေရဝါဒအတွင်းသို့ ထိုးဖောက်ဝင်ရောက်လာသော ဝါဒပင် ဖြစ်သည်။ ထေရဝါဒအလိုအရ



မူ သတ္တဝါ၊ လူ၊ တစ်စုံတစ်ယောက်သေဆုံးခဲ့ပါက ရောက်သင့်၊ ရောက်ထိုက်သည့် ဘဝငါးမျိုးရှိသည်ဟု တိတိကျကျ ဖော်ပြထားသည်။ ဂတိငါးပါးဟု ခေါ်၏။ ထိုဂတိငါးပါးမှာ -

(၁) ဒေဝဂတိ - နတ်ဘုံ၊
(၂) မနုဿဂတိ - လူ့ဘုံ၊
(၃) နိယာဂတိ - ငရဲဘုံ၊
(၄) ပေတဂတိ - ပြိတ္တာဘုံ၊
(၅) တိရစ္ဆာဂတိ - တိရစ္ဆာန်ဘုံ...

တို့ပင် ဖြစ်ကြသည်။

ဤနေရာတွင် ထေရဝါဒအရ ဘဝကူးပြောင်းပုံကို သိသာရုံမျှ တင်ပြပါဦးမည်။ ဤဘဝ၌ နောက်ဆုံးဖြစ်သည့် စိတ်ကို "စုတိစိတ်"ဟု ခေါ်၍၊ ဘဝသစ်၌ ပထမဆုံးဖြစ်သည့် စိတ်ကို "ပဋိသန္ဓေစိတ်"ဟု ခေါ်သည်။ စုတိစိတ်နှင့် ပဋိသန္ဓေစိတ် ကြား၌ တစ်စက္ကန့်မျှ မခြားဘဲ ပဋ္ဌာန်း အနန္တရပစ္စည်း သတ္တိဖြင့် ဘဝသစ်တစ်ခုဖြစ်ရသည်။

ဆိုလိုရင်းမှာ ယခုဘဝမှ သေဆုံးသည့်နှစ်၊ ကြားထဲတွင် တစ်စက္ကန့်မျှ မခြားဘဲ အထက်ပါ ဘဝငါးမျိုး(ဂတိငါးပါး) တွင် ချက်ချင်းဖြစ်ကြရသည်။ ထေရဝါဒ အဆိုအရ ဘဝဟောင်း စုတိစိတ်နှင့် ဘဝသစ် ပဋိသန္ဓေစိတ်ကြားတွင် တစ်စက္ကန့်မျှ မခြားဟုဆိုလျှင် ခုနစ်ရက်မျှနေသည့် ကြားဘဝသည် မည်သို့လျှင် ရှိနိုင်ပါမည်နည်း။ သို့သော် ဟိန္ဒူ(ဗြာဟ္မဏ)ဝါဒတွင်မူ သေပြီးသည်နှင့် ရောက်သင့်၊ ရောက်ထိုက်သည့်ဘဝသို့ မရောက်သေးဘဲ၊ ကြား၌ ခုနစ်ရက်မျှ နေသည့် ဘဝထူးတစ်မျိုးရှိသည်ဟု ယုံကြည်လက်ခံထားခဲ့ကြ၏။

ဗုဒ္ဓကမူ ထိုဝါဒကို "အန္တရာဘဝဒိဋ္ဌိအယူ" ဟူ၍ ဟောကြားတော်မူခဲ့သည်။ အန္တရာဘဝဒိဋ္ဌိအယူ ဟူသည်မှာ ကြားထဲတွင် ခုနစ်ရက်မျှနေသည့် ဘဝရှိသည်ဟု လက်ခံထားသည့် မှားယွင်းမှုအယူဟူ၍ အဓိပ္ပာယ်ရသည်။ ထို့ကြောင့် လူသေပြီးနောက် အိမ်မှာ ခုနစ်ရက်နေသည် အစဉ်အလာအရ သိမှတ်ထားကြသည့် အစွဲအလမ်းမှာသည် ထေရဝါဒအလိုအရ ဆန့်ကျင်ဘက်ဖြစ်ကြောင်း အမှန်ကို သိမြင်၍ မိမိတို့၏ အသိစိတ်ထဲမှ ထိုအစွဲအလမ်းကို ဖယ်ရှားသင့်ကြပေသည်။

## (၃) ကူးတို့ခ ထည့်တာ ဘာကြောင့်လဲ

အသုဘနှင့် ဆိုင်ရာ အစဉ်အလာ အစွဲအလမ်းတွင် တတိယအနေနှင့် သိသင့်သိထိုက်သော အချက်မှာ

www.burmeseclassic.com

www.burmeseclassic.com

ကူးတို့ခ တစ်မတ်ထည့်ပေးရသည့်ကိစ္စပင် ဖြစ်၏။ မိမိတို့ ဗုဒ္ဓဘာသာဝင်များသည် အများကို အမှန်ထင်လျက် အစဉ်အလာအရ လက်ခံ ပြုလုပ်နေကြခြင်းပင် ဖြစ်သည်။ အများမှီခိုရေသောက်နေကြသည့်အတွက်ကြောင့်လည်း လိုက်၍ဆောင်ရွက်နေကြခြင်းပင် ဖြစ်သည်။

ကူးတို့ခ တစ်မတ်ထည့်ရသည်ကလည်း ကြားဘဝတွင် ခုနစ်ရက်မျှ နေသည်ဟု ယုံကြည်လက်ခံထားခဲ့ကြသည့် ဟိန္ဒူ(ဗြဟ္မဏ)ဝါဒမှ ထေရဝါဒ ဗုဒ္ဓဘာသာအတွင်းသို့ ဝင်ရောက်လာခြင်း ဖြစ်သည်။ ထိုဝါဒအရ ခုနစ်ရက်မျှ နေသည့် ဘဝကူးတွင် သေသည့်သူ စားနိုင်ဖို့အတွက် အိမ်ခေါင်းရင်း (သို့) အခေါင်းပေါ်တွင် ထမင်းပွဲ (သို့) စားမြိန်ထုပ် တင်ပေးထားခဲ့ကြသည်။ တချို့ဆိုလျှင် အစဉ်အလာကို ထပ်၍ထွင်လာကြရာမှ ဆေးလိပ်ပွဲပင် ပါလိုက်သေးသည်။ ထို့အပြင် ခုနစ်ရက် ရက်လည်သောနေ့တွင် ထမင်းဟင်းအတူ သေသူ၏ အဝတ်အစားတစ်စုံကိုပင် ချထားကြသည်ကို တွေ့မြင်ရသည်။ ခုနစ်ရက်မျှ နေသည့်ဘဝတွင် စားနိုင်သောက်နိုင်၊ ဝတ်နိုင်စေရန် ကျန်ရစ်သူများက ပြုလုပ်နေကြခြင်းပင် ဖြစ်လေသည်။ ဤကဲ့သို့ မိမိတို့သည် ဟိန္ဒူ(ဗြဟ္မဏ)ဝါဒမှ ဆင်းသက်လာသည့် အယူဝါဒများကို လက်ခံပြုလုပ်နေကြပါက ဗုဒ္ဓဘာသာဝင်စစ်စစ်ဟု ဆိုနိုင်ပါမည်လော။

မိမိတို့ကိုယ်တိုင် မည်သည့်ဘာသာဝင်ဖြစ်သည်ကို ဆင်ခြင်သုံးသပ်သင့်၏။ ထိုမျှပင်မက၊ မိမိတို့က စေတနာနှင့် ပြုလုပ်ပေးကြသော်လည်း ထိုထမင်း၊ ဆေးလိပ်နှင့် အဝတ်အစားတို့ကို သေသူသည် မည်သို့လျှင် စားနိုင်သောက်နိုင်၊ ဝတ်နိုင်ပါအံ့နည်း။ ထိုထမင်းပွဲ စားမြိန်ထုပ်ကို "ကမ္ဘီးထမင်း" ဟု ခေါ်ကြသည်။ သူ့ဘာသာ အယူဝါဒအရ ပြုလုပ်သည်မှာ မှန်သော်လည်း ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနှင့် ထိုအစဉ်အလာ အစွဲအလမ်းများသည် လုံးဝ မှားယွင်းသော အယူဝါဒများပင် ဖြစ်သည်။

ကူးတို့ခ တစ်မတ်ထည့်ရသည်ကလည်း ခုနစ်ရက်မျှ နေသည့်ဘဝတွင် သွားချင်သည့် နေရာကို သွား၍ရအောင် တစ်မတ်ထည့်ပေးခြင်းဟု ဆိုနိုင်သည်။ ယခင်အခါက ငွေတစ်မတ်နှင့် ခရီးတစ်ခုကို သွားနိုင်မည်ဖြစ်သော်လည်း ယခုခေတ်အခါတွင်မူ ခရီးမရောက်တော့ပေ။ ယခုခေတ် အခြေအနေအရ ကူးတို့ခထည့်ပေးမည်ဆိုပါက အနည်းဆုံး ငွေတစ်ထောင် (သို့) တစ်ထောင်တန်တစ်ရွက်တော့ ထည့်ပေးရမည်ဖြစ်သည်။



ထို့ကြောင့် ကူးတို့ခထည့်သည့် အယူအဆသည်လည်း ထေရဝါဒနှင့် ဆန့်ကျင်သည့် အခြားဘာသာမှ အယူဝါဒတစ်ရပ်ကို လက်ခံထားခြင်းဟု သိမြင် သဘောပေါက်ကာ အမှန်ကို ရောက်အောင် ပြင်သင့်သည်ကို ပြင်၍၊ ကြဉ်သင့်သည်ကို ကြဉ်ဖယ်ကြရမည်ဖြစ်သည်။ သို့မှသာ ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်ဟု ဆိုနိုင်မည်ဖြစ်သည်။

## (၄) သင်္ချိုင်းမှ ခဲလုံး၊ သစ်ခက်၊ ပန်းများ ယူဆောင်လာခြင်း

အသုဘနှင့် ပတ်သက်၍ ထပ်မံ တင်ပြလိုသော အချက်မှာကား ခဲလုံး (သို့) သစ်ခက်သစ်ကိုင်းများကို ယူဆောင်လာခဲ့သည့် ကိစ္စအယူအဆပင် ဖြစ်သည်။ မိမိတို့သည် ထိုခဲလုံး၊ သစ်ခက် စသည့် အရာဝတ္ထုများကို သင်္ချိုင်းမှနေ၍ မည်သည့်အဓိပ္ပာယ်၊ မည်သို့သော သဘောနှင့် ယူဆောင်လာခဲ့ကြပါသနည်း။

အဖြေကမူ ဖိဘ၊ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုး စသည့် တစ်ယောက်ယောက်သေဆုံးသွားသည့်နောက် ရက်လည်သောအခါတွင် တရားကြားနာနိုင်ရန်အတွက် စေတနာနှင့် ခေါ်လာခဲ့ခြင်းပင် ဖြစ်သည်။

"အဖေ··· တရားနာဖို့ လိုက်ခဲ့ပါ"၊ "အမေ···တရားနာဖို့ လိုက်ခဲ့ပါ" စသော စကားလုံးများကို သုံးကာ ခေါ်လာခဲ့ကြသည်။ ထိုကိစ္စကား ရိုးရိုးစဉ်းစားကြည့်လျှင် ကောင်းသလိုလိုထင်ရ၏။ ကောင်းသည့်အလုပ်၊ လုပ်သင့်၊ လုပ်ထိုက်သည့်အလုပ်ဟု သတ်မှတ်၍ ဗုဒ္ဓဘာသာဝင် အများစုက ပြုလုပ်နေကြခြင်း ဖြစ်သည်။ သို့သော် ပြုလုပ်သူ၏ စေတနာ



www.burmeseclassic.com

www.burmeseclassic.com

နှင့် ရည်ရွယ်ချက်က မည်သို့ပင် ကောင်းမွန်စေကာမူ ထေရဝါဒပေတံနှင့် တိုင်းတာကြည့်ပါက လုံးဝ(လုံးဝ)ပင် အမှားကြီးမှားနေ၏။ အဘယ်ကြောင့် မှားနေရပါသနည်း။ အထက်က ဆိုခဲ့သည့်အတိုင်းပင် ယူဆောင်လာသူ၏ ရည်ရွယ်ချက်က သေသွားသည့် ပုဂ္ဂိုလ်အနေနှင့် ပြိတ္တာဘုံဘဝသို့ မတော်တဆ ကျရောက်ခဲ့ပါက အမျှအတန်းပေးဝေသောအခါ သာဓုခေါ်နိုင်ပြီး ကောင်းရာဘုံဘဝသို့ ရောက်ရှိပါစေဟူသည့် ရည်ရွယ်ချက်ကောင်းပင်ဖြစ်သည်။

ထိုသူ၏ စေတနာက ကောင်းသော်လည်း အယူအဆ မှားယွင်းနေကြောင်း၊ ထိုသူ မသိရှာပေ။ သတ္တဝါတစ်ဦး တစ်ယောက်သေသည့်အခါ ရောက်ရမည့် ဘဝငါးမျိုးရှိကြောင်း အထက်က တင်ပြခဲ့ပြီးဖြစ်ပါသည်။ အကယ်၍ သေဆုံးသွားခဲ့သူသည် ပြိတ္တာဘဝသို့ ရောက်ခဲ့မည်ဆိုလျှင် သင်္ချိုင်း၊ အိမ်၊ သစ်ပင် စသည်ဖြင့် ဖွဲ့လမ်းရာ တစ်နေရာရာတွင် ရှိမည်ဖြစ်သည်။ ဤကဲ့သို့ သရဲ၊ တစ္ဆေ၊ ပြိတ္တာဘဝတွင် ခုနစ်ရက်မျှသာမကဘဲ တစ်လ၊ တစ်နှစ် စသည်ဖြင့် အကုသိုလ် ကံမကုန်မချင်းနေရမည်သာ ဖြစ်၏။ မိမိတို့ ယူဆထားသကဲ့သို့ လူသေတိုင်း အိမ်မှာ ခုနစ်ရက်နေသည် ဆိုပါက သေသည့်သူတိုင်း ပြိတ္တာဖြစ်သည်ဟု ယူဆစရာ ရောက်၏။ ထိုအယူအဆကပင်လျှင် မှားယွင်းသည့် "အန္တရာဘဝဒိဋ္ဌိ-မှားယွင်းသည့် မိစ္ဆာဒိဋ္ဌိအယူ"ဖြစ်နေ၏။

ထေရဝါဒအရ လူသေတိုင်း ပြိတ္တာ၊ သရဲ၊ တစ္ဆေ မဖြစ်နိုင်ပေ။ ဒေဝဂတိနတ်ဘုံသို့ ရောက်သွားလျှင် လည်းကောင်း၊ ငရဲဘုံ၌ ဖြစ်သည့်သူကို လည်းကောင်း၊ မည်သို့မျှ တရားနာရန် ခေါ်၍မရနိုင်ပေ။ လူ့ဘုံ၊ တိရစ္ဆာန်ဘုံရောက်သွားရာတွင်လည်း ထိုအတူပင်ဖြစ်၏။ သို့သော် မှားယွင်းစွာ… လက်ခံထားခဲ့ကြသည့် အစဉ်အလာ အစွဲအလမ်းအရ မိမိ… တို့က တရားနာရန်ဟူသည့် စေတနာနှင့် အိမ်သို့ ခေါ်လာ… ကြသည်။ ထိုအခါ ကြားလိုက်ရသည့် ပြိတ္တာတစ်ကောင်… ကောင်က အချောင်စားချင်သည့်အတွက် ဝင်ကပ်ပူးတော… ၏။

မိမိတို့ ခေါ်လာခဲ့သည်က သေဆုံးသွားသည့် သက်ဆိုင်… သောသူကို ဖြစ်သော်လည်း၊ မသက်ဆိုင်သူက သင်္ချိုင်း… လိုက်လာခဲ့သည်။ ထိုအခါ ခေါ်လာခဲ့မိသည့်သူအတွက် … ကျိုးကိုသာ ရရှိလိုက်တော့သည်။ သေသွားခဲ့သည့်သူသည်… မည်သည့်ဘုံဘဝသို့ ရောက်နေမှန်း အတိအကျမသိ… ရမ်းသမ်းခေါ်လာခဲ့သည့်အဖြစ်ပင် ဖြစ်သည်။ ဆိုရပါ… သင်္ချိုင်းမှ ခဲလုံး (သို့) သစ်ခက် အစရှိသည့် အရာဝ… တစ်ခုခုကို ယူဆောင်လာခဲ့ခြင်းသည် ထေရဝါဒနှင့် မည်… မျှ မပတ်သက်သော မှားယွင်းသည့် အယူအဆဖြစ်ကြော… အမှန်ကို သိမြင်၍ အစဉ်အလာ အစွဲလမ်းများကို မိမိ… ဗုဒ္ဓဘာသာဝင်များ၏ ဦးနှောက်အသိစိတ်ထဲမှ အပြီး… ပယ်ဖျောက်သင့်သည်ကား အမှန်ပင် ဖြစ်ပါလေတော့သည်။

(**မှတ်ချက်။** အိုးရိုက်ခွဲခြင်း၊ လောက်လန်းသ… ဝိညာဉ်တွယ်ခြင်း အစဉ်အလာများကို ဆက်လက်ရေးသ… ဦးမည်။)

* * *

ကျမ်းကိုး ။ ။ ဗုဒ္ဓဘာသာဝင်တို့နှင့် အစဉ်အလာအစွဲအလမ်း…

မဂ္ဂဇင်း

အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၁။

www.burmeseclassic.com

www.burmeseclassic.com

# ညိုရာပြည့်စုံ ဂါထာထုံး




ကျွန်ုပ်၏ မိတ်ဆွေ ကိုမောင်ကြီးသည် ဂါထာ မန္တန် ငှက်ပွားခြင်းကို အထူးဝါသနာထုံသူ ဖြစ်ပါသည်။ ၎င်း နေ့စဉ် ရွတ်ပွားသော ဂါထာ မန္တန် ၉မျိုး၊ ၁၀မျိုးခန့် ရှိသည့်အပြင်၊ အမိဌာန်ဝင်၊ ပုတီးစိပ်သည့် ဂါထာ မန္တန်များလည်း ရှိနေပါသေးသည်။

တစ်နေ့ ကိုမောင်ကြီးနှင့် ဆုတောင်းပြည့်ဘုရား ရင်ပြင်တွင် ဆုံစဉ်၊ ၎င်း၏ တူတော်မောင်တစ်ယောက် အကြောင်းကို ပြောပြသဖြင့် ရေးသားတင်ပြအပ်ပါသည်။

◈◈◈



www.burmeseclassic.com

www.burmeseclassic.com

"ဒီလို ဆရာမှတ်ရဲ့ ကျွန်တော့်တူတော်မောင် ဇော်ထွန်းဆိုတာ အရက်ကလေးသောက်လိုက်၊ ဆိုင်ကယ်ပွဲစားလိုလို၊ အိမ်ခြံမြေပွဲစားလိုလိုနဲ့ စီးပွားရေး နာလန်မထူဘူး။ လူကလည်း မကျန်းမာ၊ သူ့ဇနီးက ကိုယ်ဝန် နေ့စေ့လစေ့နဲ့ ကြွေးပူ ဒုက္ခပူဖြစ်လာရောဗျ။ တိုတိုဆိုပါစို့။ ကျွန်တော့်ဆီ ရောက်လာတယ်"

"ဟုတ်ကဲ့၊ ဆိုစမ်းပါဦး။ ရောက်လာတော့…"

"ရောက်လာတော့ ကျွန်တော်က ပြောလိုက်တယ်။ နံပါတ်တစ်၊ မင်း လုံးဝ အရက်မသောက်ပါဘူးဆိုတဲ့ ကတိကဝတ်ကို ဘုရားရှေ့မှာ သစ္စာဆိုရမယ်။ နံပါတ်နှစ် အရောင်းအဝယ်ပဲ လုပ်လုပ်၊ ဘာပဲလုပ်လုပ် မဖြစ်နိုင်၊ မတတ်စွမ်းနိုင်တာကို ကတိမပေးနဲ့။ တာဝန်မခံနဲ့။ တာဝန်ခံမိ၊ ကတိပေးမိရင်လည်း မဖြစ်မနေ ဆောင်ရွက်ပေးပါ။ နံပါတ်သုံး၊ နေ့စဉ် ဒီဂါထာကို ၃၆ခေါက် မနက်တစ်ကြိမ်၊ နေ့လယ် တစ်ကြိမ်၊ ညအိပ်ရာဝင် တစ်ကြိမ်ရွတ်ပွားရမယ်။ စား၊ သွား၊ အိပ်၊ နေ အမှတ်ရတဲ့ အချိန်တိုင်းလည်း ရွတ်ပွားနိုင်တယ်။ ဂါထာကို အထုံရနေအောင်၊ ထုံနေအောင် ရွတ်ခိုင်းတဲ့ သဘောပါပဲ။ ကျွန်တော်တို့ ခလုတ်တိုက်မိ၊ မတော်တဆ ခိုက်မိ တိုက်မိရင်တောင်မှ ဗုဒ္ဓေါတို့ မြတ်စွာဘုရား ကယ်တော်မူပါတို့ စသဖြင့် ဘုရားကို အထုံရနေအောင်၊ ရင်ထဲမှာ ဘုရားတည်နေသလိုမျိုးဖြစ်အောင် ဂါထာကို ရွတ်ခိုင်းတာပဲ"

"အဲဒီတော့ ဦးမောင်ကြီးရဲ့ တူတော်မောင်က လက်ခံသလား"

"အံမယ်…၊ ပွဲစားပီပီ ချက်ချင်း ကျွန်တော့်ကို ပြန်ပြီးဆွယ်တယ်။ ချက်ချင်း ခေါင်းမညိတ်ဘူးဗျ။ ဦးလေး ပြောသလို ဖြစ်နိုင်၊ မဖြစ်နိုင် ကျွန်တော် သုံးရက်လောက် စဉ်းစားပါဦးမယ်။ ဦးလေးရဲ့ စည်းကမ်းချက် နံပါတ်နှစ်မှာ ပါသလို မဖြစ်နိုင်တာကို ကတိပေးမိမှာစိုးလို့ပါဆိုပြီး ပြန်သွားတယ်ဗျ"

"ဒါပေါ့လေ။ သူပြောတာ ဟုတ်သားပဲ"

"ကျွန်တော်က မဟုတ်ဘူးပြောတာ မဟုတ်ပါဘူး။ ဒီကောင့်မှာ ပွဲစားဉာဏ်၊ ပွဲစားစကားအပြည့်ရှိတာကို ပြောပြတာပါ။ အဲ့ဒါနဲ့ နောက်သုံးရက်ရှိတော့ ပြန်လာတယ်"

"ဒီတော့ ဦးမောင်ကြီးရဲ့ တူက ဘာပြောလဲ"

"သူ သေချာစဉ်းစားပြီးပါပြီတဲ့၊ အရက်လုံးဝ မသောက်တော့ပါဘူး။ မဖြစ်နိုင်တာကို ကတိမပေးပါဘူး။ ကတိပေးမိရင်လည်း ဖြစ်အောင် ဆောင်ရွက်ပါ့မယ်။ ဦးလေး ပေးမယ့် ဂါထာကိုလည်း ရွတ်ပွားပါ့မယ်ဆိုတာနဲ့ ဂါထာပေးလိုက်ရတယ်"

"လုပ်စမ်းပါဦး။ အဲဒီ ဂါထာ ကျွန်တော်လည်း စိတ် ဝင်စားပါတယ်။ ကျွန်တော်သိပြီးသား ဂါထာပေပဲလား၊ ပြော ပါဦး"

"ဆရာမှတ် သိပြီးဖြစ်ချင်လည်း ဖြစ်မှာပါ။ ဂါထာက တိုတိုလွယ်လွယ်လေးပါ။ ဝတ်မပျက် ရွတ်ပွားဖြစ်ဖို့သာ အဓိကပါ။ ဝေ၊ ဒါ၊ ဒ၊ ယ ဂါထာလို့ ခေါ်တယ်။

**ဝေရော စနေဟိ နေကောဟိ၊**
**ဒါတုံ ကလမ္ဗိ နဂ္ဃတိ၊**
**ဒယာဒိကံ ဂုဏာရမ္ဘ**
**ယတ် ယဿစ တံ နမေ၊**
**ပုညောနေန သဗ္ဗမ္ပိ၊ သမိဇ္ဈတု ယထိစ္ဆိတံ-**

တဲ့ဗျ။ မြန်မာလို အနက်အဓိပ္ပာယ်ကတော့ အကြွင် မြတ်စွာဘုရား၏ မဟာကရုဏာ အစရှိသော၊ စောင့်စည်းအပ် သော ဂုဏ်ကျေးဇူးတော်ကို အကြောင်းပြု၍ အဖိုးစားနား ပိုင်းခြားခြင်းငှာ အသိန်းမက များလှကုန်သော၊ အလိုဆန္ဒ သမ္ပတ်ကို ပေးစွမ်းနိုင်သော၊ ပတ္တမြားရတနာတို့ဖြင့် တစ်ဆယ် ခြောက်စိတ် စိတ်၍ တစ်စိတ်မျှကိုလည်း မထိုက်မတန်သော ထိုမြတ်စွာဘုရားကို ရှိခိုးပါ၏။ ဤသို့ ရှိခိုးပူဇော်ရသော ကောင်းမှုကြောင့် အလုံးစုံသော ဆုသည်လည်း အလိုရှိတိုင်း ပြည့်စုံပါစေသတည်းလို့ အဓိပ္ပာယ်ရပါတယ်။ မြန်မာပြန်ကို ရွတ်ဆိုဖို့ မလိုပေမယ့် သိထားတော့ ပိုပြီးယုံကြည်လေးနက် စွာ ရွတ်ပွားပူဇော်ဖြစ်တာပေါ့ ဆရာမှတ်ရယ်"

"ဟုတ်ပါတယ်ဗျာ။ ဟုတ်ပါတယ်၊ ဟုတ်ပါတယ်"

"ဟော… အခု ကျွန်တော့်တူတော်မောင်ဟာ ငါးနှစ်အတွင်းမှာ တိုက်နဲ့ ကားနဲ့ တကယ့်လုပ်ငန်းကြီး သမားဖြစ်နေပြီဗျ။ ဒီဂါထာနဲ့ မြန်မာပြန်ကိုလည်း သူ့အသက် ၄၀ပြည့်မွေးနေ့မှာ စောင်ရေတစ်သောင်း ဓမ္မဒါန ဝေတယ်ဗျ"

"သာဓုပါဗျာ၊ သာဓုပါ…သာဓုပါ"

"အဲဒီတော့ ကျွန်တော် ဆိုလိုချင်တာက ဂါထာတင် ကို မြန်မာပြန်ပါ သိထားပြီး အထုံရအောင်၊ ထုံနေအောင် ရွတ်ပွားပြီး အလုပ်လုပ်မယ်ဆိုရင် လိုရာပြည့်စုံစေတယ် တာပါပဲဗျာ"

"မှန်ပါတယ်ဗျာ။ မှန်ပါပေတယ်။ မှန်ပါတယ်"

* * *

နတ်မောက်မှတ်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သင်္ဂဇာ ဆုတောင်းပြည့် စေတီတော်နှင့် စိန်တုံး မိဖုရားကြီး

ခင်ခင်ဝင်း (မော်ရဝတီ) အပိုင်း (၃)



ယခင်လမှ အဆက်…

စိန်တုံး မိဖုရားကြီးသည် သီဟိုဠ်ကျွန်းမှအပြန်တွင် အနုရာဓမြို့မှ ဗောဓိပင်ငယ်ကို ပင့်ဆောင်ခဲ့ကြလေသည်။ ၁၂၅၄ ခု၊ ဝါခေါင်လပြည့်ကျော် ၅ရက်နေ့တွင် အိမ်တော်ရာ သီလရှင်စာသင်တိုက်ဝင်းထဲ၌ စိုက်ထား ပူဇော်ထားလေသည်။ "မဟာဗောဓိ"ကျောက်စာကို စိုက်ထူခဲ့သည်။ တစ်ဖက်တွင် "စိန်တုံးမိဖုရား ကုသိုလ်တော်"ကျောက်စာကို ရေးသားထားသည်၊ အမိုးပေါ်တွင် စေတီတည်ထား၍ သပ်ရပ်စွာ မဟာဗောဓိညောင်ပင်နားတွင် ရှိပါသည်။

၁၂၅၈ ခုနှစ်ခန့်တွင် ကျောင်းဒါယကာများ ဖြစ်ကြသော ဦးညို၊ ဦးတိုးလုံ၊ ဆရာ ဦးရန်နိုင်းတို့သည် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)ရှိ မြတ်စွာဘုရား၏ စွယ်တော်စင်ကို ရွှေကြုတ်သွန်းလုပ် ပူဇော်ချင်သော စိတ်ဆန္ဒ သဒ္ဓါတရား တားမရအောင် ပေါ်ပေါက်ခဲ့ကြလေသည်။ ထိုသဒ္ဓါတရား အကောင်အထည်ဖော်ရန် ဝဇီရာ ရာမ ဆရာတော်အား လျှောက်ထားကြလေသည်၊ ထိုအခါ ဝဇီရာ ရာမ ဆရာတော် က သီဟိုဠ်ကျွန်းရှိ စွယ်တော်ထိန်း ဥက္ကဋ္ဌ သီရိသုမင်္ဂ မထေရ်ကြီးထံ ရွှေကြုတ်တော်လှူရန် အခွင့်အရေးတော် ရာ မထေရ်ကြီးက ခွင့်ပြုကြောင်း ပြန်စာပေးတော်မူခဲ့သည်။ ကျောင်းအမကြီး ဒေါ်ရွှေပွင့်နှင့် ဘုရားဒါယကာ ဦးစိတ္တ ပါ စုပေါင်းပြီး ကျပ်တစ်သောင်းကျော် စိုက်ထုတ် မ ပဲခူးတိုင်း၊ ရေဝတီတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်


www.burmeseclassic.com

www.burmeseclassic.com



သုံး၍ အလှူခံရာ အလှူငွေများ ရရှိခဲ့သည်။ ၁၂၅၉ခု၊ နှုန်းလတွင် ရတနာဘုံမြင့်ကျောင်းအတွင်းတွင် ရတနာ ကြုတ်တော်ကြီးနှင့် ညှော်ခံ မဏ္ဍပ်ကြီးများ ဆောက်လုပ်ကာ န်းတိမ်ဆရာများက ရွှေကြုတ်မျက်နှာကြက်၊ သလွန် တော်များကို နေ့ညမပြတ် လုပ်ကိုင်ကြရာ ၉လနှင့် ပြီး တ် အောင်မြင်သွားလေသည်။

ရတနာရွှေကြုတ်တော်တွင် ပါဝင်သော စိန်၊ ရွှေ၊ ကျောက်စာရင်းမှာ -

(၁) ရွှေစလွယ်ကြိုး ငါးသွယ်ပါ ရွှေသားချိန် ၅၆၀ကျပ် ၄ပဲ ၂ရွေး၊ သင့်ငွေ ၁၇၈၈၁ ကျပ် ၁၅ပဲ။

(၂) ရွှေကြုတ်ထွင့် ကျောက်နီ ပတ္တမြားကြီးတစ်လုံး သင့်ငွေ ၂၀၀၀၀ ကျပ်။

(၃) ကျောက်နီလုံးရေ ၂၃၃၉၊ သင့်ငွေ ၄၃၉၀၀ကျပ်။

(၄) စိန်လုံးကြီးတစ်လုံး၊ သင့်ငွေ ၈၀၀၀ ကျပ်။

(၅) စိန်လုံးရေ ၈၂၀ လုံး၊ သင့်ငွေ ၃၁၂၄၈ ကျပ်။

(၆) မြလုံးရေ ၃၂၀ လုံး၊ သင့်ငွေ ၅၆၃၀ ကျပ်။

(၇) နီလာလုံးရေ ၉၃လုံး၊ သင့်ငွေ ၃၉၄ကျပ် ၈ပဲ။

(၈) ပုလဲလုံးရေ ၄၃လုံး၊ သင့်ငွေ ၁၀၆ ကျပ်။

(၉) လက်ခ၊ စားစရိတ် ကုန်ငွေ ၃၈၀၇ ကျပ် ၂ပဲ

တို့ဖြစ်သည်။

ငွေမျက်နှာကြက်တွင် ပါဝင်သော ကြေး၊ ဘော်၊ ရွှေ ငွေ၊ စိန်၊ ကျောက် စာရင်းမှာ -

(၁) အတွင်းခံ ကြေးချိန် ၁၂ပိဿာ၊ သင့်ငွေ ၃၁ကျပ်။

(၂) အပေါ်မွှမ်း ဘော်ချိန် ၁၂၃၉ ကျပ်၊ ၈ပဲသား၊ သင့်ငွေ ၁၄၈၆ကျပ် ၁၅ပဲ။

(၃) ရွှေချိန် ၁ပိဿာ ၂၃ကျပ်သား၊ သင့်ငွေ ၃၅၅၀ ကျပ်။

(၄) ကျောက်နီလုံးရေ ၇၇၈ လုံး၊ သင့်ငွေ ၁၃၆၀ ကျပ်။

(၅) စိန်လုံးရေ ၃၄ လုံး၊ သင့်ငွေ ၂၀၂ကျပ် ၈ပဲ။

(၆) မြလုံးရေ ၃၄၁ လုံး၊ သင့်ငွေ ၄၀၅ ကျပ်။

(၇) နီလာလုံးရေ ၆လုံး၊ သင့်ငွေ ၂၆ကျပ်။

(၈) ပုလဲလုံးရေ ၃၁လုံး၊ သင့်ငွေ ၈၀ကျပ်တို့ဖြစ် သည်။

ငွေသားသလွန်တွင် ပါဝင်သော ကြေး၊ ဘော်၊ ရွှေ၊ ကျောက်နီ၊ စိန်၊ မြ၊ နီလာ၊ ပုလဲတို့မှာ -

(၁) အတွင်းခံကြေး ၁၂ပိဿာ၊ သင့်ငွေ ၃၀ကျပ်။

(၂) အပေါ်အမွှမ်း ဘော်ချိန် ၁၄ ပိဿာ ၅၆ကျပ် ၅မူးသား၊ သင့်ငွေ ၁၇၄၇ ကျပ် ၁၄ပဲ။

(၃) ရွှေချိန် ၂၀ကျပ်သား၊ သင့်ငွေ ၈၄၀ ကျပ်။



www.burmeseclassic.com



(၄) ကျောက်နီလုံးရေ ၁၁၂၈လုံး။ သင့်ငွေ ၁၉၈၉ကျပ်။
(၅) စိန်လုံးရေ ၁၇လုံး၊ သင့်ငွေ ၁၂၀ကျပ်။
(၆) မြလုံးရေ ၉၄လုံး၊ သင့်ငွေ ၂၄၃ ကျပ်။
(၇) နီလာလုံးရေ ၄၈ လုံး၊ သင့်ငွေ ၄၄၂ကျပ်။
(၈) ပုလဲလုံးရေ ၈၃ လုံး၊ သင့်ငွေ ၅၀ကျပ်တို့ ဖြစ်သည်။

ရွှေကြုတ်၊ မျက်နှာကြက်၊ သလွန်တော်တို့၏ လက်ခနှင့် အကောက်အခွန်ပေးဆောင်ရငွေ ၅၅၀၀ ကျပ်အပါအဝင် စုစုပေါင်း ကုန်ကျငွေ ၁၂၄၈၅၉ကျပ်၊ ၃ပဲ၊ ၃ပြား ဖြစ်သည်။

ရွှေကြုတ်တော်၏ အမြင့်မှာ ၂၈လက်မ ဖြစ်ပြီး အချင်းမှာ ၁၇လက်မခွဲ ရှိသည်။ ၁၂၆၁ခုနှစ် စိုက်ထူထားသော ရွှေကြုတ်တော်ကြီးကျောက်စာ အနောက်ဘက်ခြမ်းတွင် ရွှေကြုတ်တော်၏ ပုံစံနှင့် စွယ်တော်ပုံကို ရေးဆွဲဖော်ပြထားပါသည်။ သီဟိုဠ်ကျွန်း(သီရိလင်္ကာ)သို့ သွားရောက်လှူဒါန်းပြီး ပြန်လာမှ မှတ်တမ်းပြု စိုက်ထူထားသော ကျောက်စာဖြစ်ပါသည်။ ၎င်းကျောက်စာဓာတ်ပုံကို မှန်ဘီလူးဖြင့် ကြည့်ပါက စာများကို ဖတ်ကြားမှတ်သားနိုင်ပါသည်။

ထိုခေတ်က ရွှေဈေးကို တွက်ကြည့်သောအခါ ရွှေတစ်ကျပ်သားကို ၄၂ကျပ်နှုန်းဖြစ်ပါသည်။

၁၂၆၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၁ရက်နေ့တွင် ရွှေကြုတ်တော်ကို ရန်ကုန်မြို့သို့ မီးရထားဖြင့် ခမ်းနားကြီးကျယ်စွာ ပင့်ဆောင်ခဲ့သည်။ မုတ္တမမှ ရန်ကုန်လမ်းတစ်လျှောက်ရှိ မွန်မြန်မာတို့က ရွှေကြုတ်တော်ပင့်ဆောင်လာခဲ့သော ရထားတွဲသို့ ငွေအကြွေများ၊ ဒင်္ဂါးပြားများကို ပစ်တင် လှူဒါန်းခဲ့ကြသည်။ ရထားတွဲပေါ်မှ ဒါယကာများမှာ ငွေပုံပေါ်တွင် လမ်းလျှောက်ခဲ့ရသည်။ ရန်ကုန်ရောက်သောအခါ ကမ်းနားဈေးအနီး မင်္ဂလာမဏ္ဍပ်တွင် ငါးရက် အပူဇော်ခံသည်။ ပုဇွန်တောင်နှင့် လသာလမ်းတို့ရှိ မဏ္ဍပ်များတွင် သုံးရက်စီ အပူဇော်ခံသည်။ ရဟန်းရှင်လူများက ထပ်မံလှူဒါန်းကြသော ရတနာ၊ ရွှေ၊ ငွေများကို မော်လမြိုင်ပန်းတိမ်ဆရာနှင့် ရန်ကုန် ပန်းတိမ်ဆရာ ၁၀ဦးတို့က ရွှေကြုတ်တွင် ထပ်မံ တပ်ဆင်ပေးကြသည်။ အပြီးမသတ်ကျန်ရှိသော အလှူဒါနများကို သယ်ပိုး၍ ၁၂၆၀ ပြည့် ပြာသိုလဆုတ် ၁၂ရက်နေ့တွင် ရေကြောင်းခရီးဖြင့် သီဟိုဠ်ကျွန်းသို့ ထွက်ခွာခဲ့သည်။ ဝဇီရာ ရာမ ဆရာတော်နှင့် သံဃာအပါး ၄၀၀၊ ဥပါသကာ၊ ဥပါသိကာ နှစ်ထောင်ကျော်နှင့် ပန်းတိမ်ဆရာ လေးဦးတို့ လိုက်ပါသွားကြသည်။

သီဟိုဠ်ကျွန်း(ကိုလံဘိုမြို့)သို့ ရောက်သောအခါ ရွှေကြုတ်တော်ကို ၁၀ရက် အပူဇော်ခံပြန်ရာ မြို့တွင်းမြို့ပြင် ဒါယကာများက ရွှေ၊ ငွေ၊ စိန်၊ ကျောက်များ လှူဒါန်းခဲ့ကြ




www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။ သေခတ္တာမြို့ (ကန္ဒီမြို့)သို့ ရောက်သောအခါလည်း ထပ်မံ လှူဒါန်းကြပြန်သည်။

၁၂၆၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၁ရက်နေ့တွင် မြန်မာပြည် ဒါယကာများက စွယ်တော်ထိန်း ဥက္ကဋ္ဌ သီရိ သုမင်္ဂလမထေရ်ကြီး အမှူးပြုသော သံဃာတော်မြတ် အပါး ၁၀၀ တို့အား ပင့်ဖိတ်ဆွမ်းကျွေးခဲ့သည်။

၁၂၆၀ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၃ရက်နေ့တွင် သီဟိုဠ်သံဃာ အပါး ၁၀၀ တို့အား သင်္ကလတ်သင်္ကန်း၊ ဘော်ဇော၊ ပိုးခါးပန်းကြီး၊ ကွမ်းအစ်၊ ရေခွက်အစုံ ၁၀၀တို့ ကို ဆက်ကပ်လှူဒါန်းပြီး ရတနာရွှေကြုတ်တော်၊ မျက်နှာ ကြက်၊ သလွန်တော်များကို ရေစက်သွန်းချ လှူဒါန်းခဲ့ကြ သည်။ ကျန်ရှိသော ရွှေ၊ ငွေ၊ စိန်၊ ကျောက်တို့ကို သီဟိုဠ် စွယ်တော်ဆိုင်ရာ ဂေါပကလူကြီးများက လက်မခံကြသဖြင့် မြန်မာပြည်သို့ ပြန်ယူသွားပြီး နောက်တစ်ဖန် ပူဇော်ရန် အသွယ်တစ်ခုခု ပြုလုပ်ကြရန် ညွှန်ကြားခဲ့ကြပါသည်။ ကိုယ်တိုင်လာရောက် မလှူနိုင်ပါက သင်္ဘောဖြင့် တင်ပို့ လိုက်နိုင်ကြောင်း ပြောလိုက်ပါသည်။

မြန်မာပြည်သို့ ပြန်ရောက်သောအခါ မူလ ဒါယကာ လေးဦးတို့က ဝဇီရာ ရာမ ဆရာတော်အား တိုင်ပင်ကြရာ ဆရာတော်က ရွှေကြုတ်တော်တင်ရန် သီဟာသန ရွှေပလ္လင် တော်တစ်ခု ပြုလုပ်ပူဇော်သင့်ကြောင်း မိန့်ကြားတော်မူပါ သည်။

သီဟိုဠ်ကျွန်းမှ ပြန်ပါလာသော ရွှေ၊ ငွေ၊ ကျောက် စုံ တန်ဖိုး ၁၇၃၀၀ ကျော်ကို အရင်းတည်၍ သီဟာသန ရွှေပလ္လင်ကြီး ပြုလုပ်မည်ဟု သတင်းကြားကြသောအခါ ကျိုက်ခန်းမြို့နေ ကျောင်းဒါယကာ တိန်အောင်ခန်းက ရွှေ သားချိန် နှစ်ပိဿာ၊ မော်လမြိုင်မြို့ ဗိုင်းဝန်ကွင်း ရှမ်းစုရပ်နေ ဒါယကာ ဦးပန်းက ရွှေသားချိန် တစ်ပိဿာနှင့် အရပ်ရပ် ရတနာရှင်များက ရတနာရွှေငွေတို့ကို လှူဒါန်းကြလေ သည်။

မူလ ဒါယကာ လေးဦးဖြစ်သော ကျောင်းဒါယကာ ဦးစိတ္တ၊ ကျောင်းအမ ဒေါ်ရွှေပွင့်၊ ကျောင်းဒါယကာ ဦးတုံးလုံး၊ ပြာသာဒ် ဒါယကာ ဦးညိုတို့သည် အလှူရတနာ ရွှေငွေများ ကို မန္တလေးမြို့ မဟာမြတ်မုနိဘုရားလူကြီး ဦးဘိုးတိုက်တွင် ရွှေပန်းတိမ် ၁၀ယောက်ကျော်ဖြင့် ရွှေပလ္လင်တော်ကြီးကို ပြုလုပ်ခဲ့ကြသည်။ ဆရာမောင်မောင်၊ ဦးဘိုး၊ အခွန်စာရေး ကြီး ဦးဘေတို့က ကြီးကြပ်ခဲ့ကြသည်။

ပလ္လင်တော်တွင် ပါဝင်သော ရွှေငွေရတနာများမှာ -

(၁) ကြေးချိန် ၆၃ ပိဿာ၊ သင့်ငွေ ၁၅ကျပ်။
(၂) ငွေသား တစ်ပိဿာ ၉၆ကျပ် ၃မူး ၁ပဲ၊ သင့်ငွေ ၂၃၀ ကျပ်။
(၃) ရွှေသားချိန် ၆ပိဿာ ၉၂ကျပ် ၃မူး ၁ပဲ၊ သင့် ငွေ ၂၂၈၆၈ ကျပ်၊ ၈ပဲ ၉ပိုင်။
(၄) ရတနာလုံးရေ ၂၇၆၅ လုံး၊ ရတီချိန် ၈၃၅၊ သင့်ငွေ ၂၁၇၇ ကျပ်။
(၅) စိန်လုံးရေ ၁၃ပွင့်၊ ရတီချိန် ၂၂·၅ပဲ၊ သင့်ငွေ ၂၀၄၅ ကျပ်။
(၆) မြလုံးရေ ၇၅လုံး၊ ရတီချိန် ၆၅၊ သင့်ငွေ ၁၇၉ကျပ်။
(၇) ကုန္တနီလာလုံးရေ ၁၂၂လုံး၊ ရတီချိန် ၇၀၊ သင့် ငွေ ၁၄၀ ကျပ်။
(၈) ပုလဲလုံးရေ ၁၁၈ လုံး၊ ရတီချိန် ၇၀၊ သင့်ငွေ ၁၄၀ကျပ်။
(၉) ကျောက်မျိုးစုံ လုံးရေ ၃၇လုံး၊ ရတီချိန် ၄၀၊ သင့်ငွေ ၅၂ကျပ်၊ စုစုပေါင်း ပလ္လင်တော်တန်ဖိုး ၃၁၉၂၈ ကျပ်၊ ၈ပဲ ဟူသတည်း။

မန္တလေးမြို့တွင် ဝဇီရာ ရာမ ဆရာတော်နှင့် သံဃာ တော် ၃၀ကျော်တို့ကို ပင့်ဖိတ် ရေစက်သွန်းချခဲ့ကြသည်။ မော်လမြိုင်မြို့သို့ ရောက်သောအခါ ကြီးကျယ်ခမ်းနားစွာ



www.burmeseclassic.com



ညှော့်ခံ၍ ရေစက်သွန်းချ လှူဒါန်းခဲ့ကြလေသည်။ သီဟိုဠ်ကျွန်းသို့ သွားရန် မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ ကူးခဲ့သည်။ ရန်ကုန်မြို့ ဆူးလေဘုရားရင်ပြင်တွင် ပလ္လင် ရတနာပွဲကြီးကို ငါးရက်တိုင်တိုင် ကျင်းပခဲ့ကြသည်။

၁၂၆၂ ခု၊ တပို့တွဲလဆန်း ၅ရက်နေ့တွင် ဝဇီရာရာမ ဆရာတော်ကြီးနှင့် ရဟန်းပရိသတ် ၈၀ကျော်၊ ဥပါသကာ လူပရိသတ် ၄၀၀ကျော်တို့သည် ရွှေပလ္လင်တော်လှူရန် သီဟိုဠ်ကျွန်းသို့ ရေကြောင်းခရီးနှင့် ထွက်ခွာခဲ့ကြသည်။ ၁၂၆၂ ခု၊ တပို့တွဲလဆန်း ၉ရက်နေ့တွင် ကောလမ္ဗို (ကိုလံဘို)သို့ ရောက်ပြီး ခုနစ်ရက်ကြာ ပလ္လင်ပူဇော်ပွဲကို ကျင်းပသည်။


ထို့နောက် သခ်ဍ္ဍာပူရိ(ကန္ဒီမြို့)သို့ သယ်ဆောင်၍ သီဟိုဠ်သံဃာ ၇၀ ကျော် ပင့်ဖိတ်၍ ဖဲသင်္ကန်း၊ ပရိက္ခရာ၊ ဆွမ်းစားပန်းကန်၊ စာအုပ် လှူဖွယ်ပစ္စည်းအစုံတို့နှင့် သုံးကြိမ်မြောက် ရေစက်ချ၍ စွယ်တော်စစ်ကို မျက်ဝါးထင်ထင် ဖူးမြော် ပလ္လင်တော် တင်လှူခဲ့ကြလေသည်။ ၁၂၆၂ ခု၊ တပို့တွဲလပြည့်ကျော် ၅ရက်နေ့ဖြစ်သည်။

မော်လမြိုင်သို့ ပြန်ရောက်ကြသောအခါ ဝဇီရာ ရာမ ဆရာတော်ဘုရားကြီးသည် မန္တလေး နေပြည်တော်ရှိ မဟာမြတ်မုနိဘုရားကြီးကို အခါခါ သတိရ ဖူးမြော်ချင်လှဖြစ်နေသည်။ စိန်တုံးမိဖုရားနှင့် မိတ်ဆွေ ကျောင်းအမကြီး ဒေါ်ရွှေပွင့်တို့နှင့် တိုင်ပင်ကာ မော်လမြိုင်၏ ကျက်သရေလည်းဖြစ်၊ ဆရာတော်ဘုရားကြီး၏ မဟာမြတ်မုနိအလွမ်းလည်း ပြေစေခြင်းအကျိုးငှာ မဟာမြတ်မုနိတစ်ဆူကို တည်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ဒေါ်ရွှေပွင့်နှင့် အပေါင်းအပါ အခြွေအရံ အသင်းအပင်းတို့သည် မန္တလေး မဟာမြတ်မုနိပုံတော်ကို သေချာစွာ ကူးယူခဲ့လေသည်။ ရုပ်ပုံတော်ကို ကူးယူရာတွင် အလွယ်တကူ ကူးယူခွင့် ရရှိခဲ့ခြင်း မဟုတ်ပေ။ ဝဇီရာ ရာမ ဆရာတော်ဘုရားကြီး၏ မေတ္တာစာ စိန်တုံး မိဖုရားကြီး၏ အရှိန်အဝါဖြင့် မန္တလေးမြို့ရှိ ဘုရားလူကြီးများအား လုပ်း၍ အမိန့်ပေးမှသာ ကူးယူခွင့်ရရှိခဲ့လေသည်။

ထိုအချိန်တွင် စိန်တုံး မိဖုရားကြီးသည် သွေးဝမ်းကျ ရောဂါအပြင်းအထန်ဖြစ်၍ မန္တလေးမြို့ရှိ နန်းတွင်းသမား တော်များ ကြေးနန်းရိုက်၍ ပင့်သော်လည်း တစ်ဦးမှ လာ ခြင်းမရှိသဖြင့် ကျုံဒိုးရွာမှ သမားတော်ကြီး ဦးဖိုးလေးက ကုသပေး၍ အသက်ချမ်းသာခဲ့ရသည်။ သီလရှင်ဝတ်လိုက် သော စိန်တုံးမိဖုရားကြီးသည် ၁၂၅၆ ခုနှစ်၊ သီတင်းကျွတ် လဆန်း ၂ရက်နေ့ကတည်းက သေတမ်းစာတစ်စောင်ကို ရေးသားခဲ့ပြီးဖြစ်သည်။


သက်သေလူကြီးများရှေ့မှောက်တွင် ဆရာတော်ကြီး များအား လျှောက်ကြားသည့်ပုံစံဖြင့် ရေးသားခဲ့သည်။ မိမိ ဝိညာဉ်မရှိတော့သည့်နောက်ပိုင်း မိမိပိုင် မြေပေါ်ရှိ သစ်ပင် မြက်ပင်တို့မှ ရရှိသော အခွန်ဘဏ္ဍာတို့အား သင်္ဃာ ဆရာ တော်ဘုရားကြီး၏ စေတီတော်ကို ထိန်းသိမ်းပြုပြင်ရေးနှင့် ရတနာဘုံမြင့်ကျောင်းနှင့် အိမ်တော်ရာ ကျောင်းတိုက်တို့ တွင် သီတင်းသုံးသော ရဟန်းသံဃာတို့အား ပစ္စည်းလေးပါး လှူဒါန်းရန် လျှောက်ထားခဲ့သည်။ မိမိနေအိမ်ကို ကျောင်း





www.burmeseclassic.com

www.burmeseclassic.com



အဖြစ် လည်းကောင်း၊ အိမ်ရှိ အသုံးအဆောင်ပစ္စည်းများကို ကျောင်းသုံးပစ္စည်းအဖြစ် လှူဒါန်းခဲ့သည်။ ရေတွင်းကိုလည်း အလာသမျှ ရဟန်းရှင်လူများ သုံးဆောင်ရန် လှူဒါန်းခဲ့ သည်။

၁၂၆၅ ခု၊ သီတင်းကျွတ်လဆုတ် ၈ရက်နေ့တွင် ယူခဲ့သော ရုပ်ပုံတော် မော်လမြိုင်သို့ ရောက်ရှိလာသည်။ ၁၂၆၆ ခု၊ ကဆုန်လဆန်း ၁၄ရက်နေ့တွင် စတင်သွန်းလုပ် သည်။ ကျိုက်သလွံ့ကုန်းတော်၏ မြောက်ဘက် တန် ဆောင်းမှ ဆင်းလာလျှင် မြေပြန့်အသွားအလာပြေပြစ်သော မြေပေါ်တွင် စတင်သွန်းလုပ်သည်။ အနီးကပ် ကြီးကြပ်သော ဝဇီရာ ရာမ ဆရာတော်ဘုရားကြီးသည် သက်တော် ၇၄နှစ် ပြည့်ဖြစ်၍ သီတင်းသုံးရာ ဝဇီရာ ရာမကျောင်းနှင့် မဟာ မြတ်မုနိဘုရားကြီးတည်ရာတို့သည် တောင်နှင့် မြောက် အလှမ်းကွာဝေးသောကြောင့် ရတနာစံကျောင်းတော်ကို မဟာမြတ်မုနိဘုရားကြီးအနီး၌ ဦးထွန်း-ဒေါ်ဖြ ဇနီးမောင်နှံ တို့က ဆောက်လုပ်လှူဒါန်းခဲ့သည်။

မဟာမြတ်မုနိဘုရားကြီး၏ သွန်းလုပ်လှူဒါန်းမှုမှာ -

(၁) ရွှေသားအချိန် ၁၈၄၃ ကျပ်၊ ၁၂ပဲ။


(၂) ငွေသားအချိန် ၆၂၈ ကျပ်၊ ၇ပဲ။

(၃) မိုးကြိုးအချိန် ၃၅ကျပ်သားတို့ ဖြစ်ကြပါသည်။

မန္တလေး မဟာမြတ်မုနိဘုရားကြီးအတိုင်း သီးခြား စံကျောင်းတော်ကြီး ဆောက်လုပ်၍ မန္တလေး မဟာမြတ်မုနိ ဘုရားကြီးအတိုင်း ကြည်ညိုစွာ ဖူးမြော်ရမည်ဖြစ်သည်။ မျက်လုံးတော်ဖွင့်ခြင်း၊ ပိတ်ခြင်း စသော တန်ခိုးတော်များ ပြ၍ ကျွန်မတို့ကိုယ်တိုင်သွားရောက် စောင့်ကြည့် ဖူးမြော် ရသည်မှာ ကြိတ်ကြိတ်တိုး စည်ကားလှပေသည်။

စိန်တုံးမိဖုရားကြီး၏ ဘဝနေဝင်ချိန်နီးလာသောအခါ စိန်တုံး သီလရှင်ကို ကျွန်ယုံတော် ဦးပွကထမ်း၍ နောက်ပါ သီလရှင်နှစ်ပါးက ပွဲတော်အုပ်ကို ကိုင်ကာ ဝဇီရာ ရာမ ဆရာတော်ထံ ဆွမ်းကပ် သီလခံယူရန် နေ့စဉ်လာခဲ့သည်။

စိန်တုံး သီလရှင်ဘဝဖြင့် ၁၂၆၆ ခုနှစ်၊ တပေါင်းလ ဆန်းတွင် ကွယ်လွန်ခဲ့လေသည်။ မိဖုရားကြီး၏ ကောင်းမှု မဟာဗောဓိပင်အောက်တွင် မိဖုရားကြီး၏ အုတ်ဂူပြာသာဒ် ကို ထားရှိသည်။ ထိုအချိန်က မိဖုရားကြီး၏ သက်တော် ၆၆နှစ် ဖြစ်သည်။ မိဖုရားကြီး၏ အိမ်တော်ရာကို ကျောင်း အဖြစ် ဆရာတော်ကြီးများအဆက်ဆက် ၁၄နှစ် သီတင်းသုံး ခဲ့ကြသော်လည်း မပျော်ပိုက်ကြသဖြင့် အစောင့်အရှောက် ကင်းလျက်ရှိလေသည်။ ထိုအခါ ဆရာတော်ကြီးများ တိုင် ပင်၍ ပရိယတ္တိသာသနာ လင်္ကာရ ပါဠိ ပရိယတ္တိ သာသနာ လင်္ကာရ သုတ္တန္တ ကောဝိဒ ဟူသော ဘွဲ့ရရှိထားသော






www.burmeseclassic.com

www.burmeseclassic.com





ဒေါ်ခေမာသီရိ သီလရှင်ဆရာကြီးအား မြေဂရန်၊ စာချုပ်စာတမ်းနှင့် လွှဲပြောင်းပေးအပ်တော်မူခဲ့သည်။ ယခုအခါ ဒေါ်ကောသာဝတီ၊ ဒေါ်ဉာဏဝတီ သီလရှင်ဆရာကြီးနှစ်ဦးမှ ဆက်လက်ထိန်းသိမ်းအုပ်ချုပ် စာပေပို့ချလျက်ရှိသည်။

စိန်တုံး မိဖုရားကြီးနှင့် လက်တွဲ၍ သာသနာပြုခဲ့သော ကျောင်းအမကြီး ဒေါ်ရွှေပွင့်သည် ဘဝအစက ဆင်းရဲနွမ်းပါးလှသည်။ မော်လမြိုင်မြို့ ရာဘာတောတစ်နေရာတွင် မြက်ရောင်းစားရသည်။ ထိုအချိန်က မော်လမြိုင်မြို့တွင် မြင်းကွင်းတစ်ခုရှိသည်။ ထိုမြင်းကွင်းသို့ ရှမ်း သစ်ကုန်သည်များ မြင်းဖြင့် လာရောက်ခဲ့ကြသည်။ ဒေါ်ရွှေပွင့်ထံမှ မြက်များကို မြင်းစာအဖြစ် ဝယ်ကြသည်။ တစ်ခါတစ်ရံ ဒေါ်ရွှေပွင့်က သစ်ကုန်သည်များအား ထမင်းဟင်းချက်ပြုတ်ကျွေးသည်။ ကာလကြာလာသောအခါ သစ်ကုန်သည်နှင့် ဒေါ်ရွှေပွင့်တို့ ခင်မင်းရင်းနှီးလာပြီး မိမိတို့၏ သစ်လုပ်ငန်းတွင် အစုရှယ်ယာ ၄၅ကျပ်ထည့်ပေးကြသည်။ ရိုးသား၍ ကြိုးစားသော ဒေါ်ရွှေပွင့်မှာ သစ်လုပ်ငန်းကို ကျွမ်းကျင်လာသည်။ တဖြည်းဖြည်းနှင့် မော်လမြိုင်စခန်း၏ သစ်ကိုယ်စားလှယ်ဖြစ်လာခဲ့သည်။ တစ်ခါသော သံလွင်မြစ်အထက်ပိုင်းတွင် မကြုံစဖူး ထူးထူးကဲကဲ ရေကြီးမိုးကြီးဖြစ်ခဲ့သည်။ ဆင်၊ ကျွဲ အစရှိသော တောကောင်များပင် မျောပါခဲ့ရသည်။ သံလွင်မြစ်အထက်ဝဲယာ တောတွင်းနှင့် ကမ်းနားတို့တွင် စုပုံထားသော ကျွန်းသစ်များ မျောပါရောက်ရှိလာသည်။ ထိုပိုင်ရှင်မဲ့ ကျွန်းသစ်လုံးများကို ဒေါ်ရွှေပွင့်အား ခင်မင်သော ရှမ်းသစ်ကုန်သည်များက ဒေါ်ရွှေပွင့်၏ သစ်ခေါင်းတံဆိပ် "ပွင့်" ဟူသော သံတူဖြင့် ရိုက်နှိပ်၍ သံလွင်မြစ်အတိုင်း မျှောချခဲ့ကြလေသည်။ မော်လမြိုင်မြို့ မီးလောင်ပြင် သစ်ဆိပ်မှ မုပ္ပွန်ကမ်းခြေတစ်လျှောက် သစ်ဖောင်များသည် ဒေါ်ရွှေပွင့်၏ ပွင့်အမှတ်တံဆိပ်များ ဖြစ်သည်ဟု ပြောစမှတ်ရှိလေသည်။ ထိုအချိန်မှစ၍ ဒေါ်ရွှေပွင့်မှာ ချမ်းသာကြွယ်ဝလာပါသည်။ ချမ်းသာသည်နှင့်အမျှ အလှူအတန်းတွင် ရက်ရော[illegible]သော ကျောင်းအမ၊ ဘုရားအမဖြစ်လေသည်။

အင်္ဂလိပ်လူမျိုးများ အုပ်ချုပ်နေသော ရပ်ရွာဒေသဖြ[illegible] လင့်ကစား၊ ဦးဆောင်ဦးရွက်ပြုသော သင်္ဃာ ဆရာတော်[illegible] ဝဇီရာ ရာမ ဆရာတော် စိန်တုံးမိဖုရားနှင့်အတူ မော်လမြိုင်[illegible] မြို့သူမြို့သား ဘုရားဒကာများ၏ စွမ်းဆောင်ချက်များ[illegible] အင်္ဂလိပ်လူမျိုးများကပင် အံ့သြချီးမွမ်း ကူညီခဲ့ကြသည်[illegible] သာဓကများ ရှိခဲ့လေသည်။ ထို့ကြောင့် ရှေးသူတော်ကောင်[illegible] များ သက်သေပြသွားသော ဘုရား၊ တန်ဆောင်း၊ ကျောင်[illegible] ကန်၊ ဇရပ် အပြားအချပ် စိုက်အပ်ထားသော ကျောက်[illegible] အဖြာဖြာကို ယနေ့ခေတ် လူငယ်များ မှတ်သားလေ့လာ[illegible] အတုယူစရာများအဖြင့် ရေးသားပူဇော် ဂုဏ်ပြုလိုက်[illegible] သတည်း ■

(ပြီးပါပြီ)

ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါ[illegible]

* * *

ခင်ခင်ဝင်း(ဓမ္မာရုံ[illegible]

မှီငြမ်း

- ဒေါ်ကောသာဝတီ၊ ဒေါ်ဉာဏဝတီ (ခေမာသီရိ သီလ[illegible] စာသင်တိုက်)၏ ပြောပြချက်။
- ရွှေကြုတ်တော်ကြီးကျောက်စာ။
- ရတနာဘုံမြင့်ကျောင်း၏ အတ္ထုပ္ပတ္တိ(အံ့ကျော်-သမိုင်း)
- ကိုယ်တိုင်ဖူးမြော် လေ့လာမှတ်သား ဖတ်ကြားခြင်း။



www.burmeseclassic.com

www.burmeseclassic.com



သာဝတ္ထိပြည်ကြီးသည် သာသနာအရောင် ထွန်းပြောင်လျက် မြို့သူမြို့သားများကလည်း ဂေါတမ မြတ်စွာဘုရား၏ သာသနာအောက်တွင် တရားနာ ကျင့်ကြံကြိုးစား ပွားများကြသည်။ ကောသလ မင်းနှင့်တကွ မြို့သူမြို့သားများသည် ဘုရားရှင်နှင့် သံဃာတော်တို့အား ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်း နေသည်မှာ သာသနာအတွက် အားတက်စရာပင်။

# တဏှာရမ္မက်မှ မရုန်းထွက်ခဲ့သူ

ပေါ်လွင်ဦး (ဂျ)



www.burmeseclassic.com

www.burmeseclassic.com

မည်သို့ပင် တစ်ဖက်က သာသနာအတွက် တိုးတက်စည်ကားနေသော်လည်း တိတ္ထိတက္ကဒွန်းများသည် ဗုဒ္ဓသာသနာနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ဗုဒ္ဓ၏ ဝါဒများ ညစ်နွမ်းစေရန် ၎င်းတို့၏ တပည့်များသည် သူတို့အယူနှင့် သူတို့ဗုဒ္ဓအား နည်းအမျိုးမျိုးဖြင့် မဟုတ်မမှန် ဝေဖန်ပြောဆိုနေကြသည်။ မိစ္ဆာတိတ္ထိဝါဒသမားများ ဖြစ်သည်။ မည်သည့်နေရာတွင်မဆို ကောင်းတာ လုပ်လျှင်ပင် ဖြစ်စေ၊ မကောင်းမှု ပြုလုပ်လျှင် ဖြစ်စေ၊ အတိုက်အခံသမားတို့ ရှိကြမြပင်မဟုတ်လား။ ဘုန်းတော်အနန္တ ဂုဏ်တော်အနန္တ ဉာဏ်တော်အနန္တဖြင့် ပြည့်စုံသော မြတ်ဗုဒ္ဓသည် မိစ္ဆာတိတ္ထိ တက္ကဒွန်းများအား ဂရုမမူ၊ လျစ်လျူရှုခဲ့သည်။

တစ်နေ့သောအခါ ကောသလမင်း၏ အရိပ်အာဝါသအောက်ရှိ နယ်စပ် သူပုန်များ သောင်းကျန်းနေကြောင်းကို သတင်းရ၍ မင်းကြီးသည် သူရသတ္တိနှင့် ပြည့်စုံသော သန္တတိအမတ်အား ရွေးချယ်တာဝန်ပေးကာ လိုအပ်သော စစ်သည်အင်အား၊ စားနပ်ရိက္ခာများကို ပံ့ပိုးပြီး နယ်စပ်သို့ ချီတက်တိုက်ခိုက်စေခဲ့သည်။

သူပုန်တို့ကလည်း လက်နက်အင်အား တောင့်တင်းနေသဖြင့် လက်နက်ချ အညံ့မခံချေ။ အမတ်ကြီး သန္တတိတို့ စစ်သည်တော်များသည် ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်သဖြင့် သူပုန်တို့ အကွဲကွဲအပြားပြားဖြစ်ကုန်ကြသည်။

သန္တအမတ်ကြီးသည် စစ်ပင်ပန်းနေသော်လည်း အနိုင်ရလိုက်သည့်အတွက် ပျော်ရွှင်ကာ စိတ်ဓာတ် တက်ကြွနေကြသည်။ ကောသလမင်းထံ စာချွန်ပို့ရာ မင်းကြီးသည် အမတ်ကြီး၏ စစ်သည်တော်များရဲ့ သူရသတ္တိအား အလွန်ကျေနပ်အားရသည့်အလျောက် ဘိုက်ထိုက်တန်တန် အမတ်ကြီးအား မင်းစည်းစိမ် ၇ရက် ခံစားခွင့်ပြု၍ သူတော်ကောင်း မြှောက်လေသည်။ သွေးသောက် စစ်သည်များကိုလည်း အဆင့်အလျောက် ဂုဏ်ပြုပွဲ စည်ကားစွာ ကျင်းပလေသည်။

သန္တအမတ်ကြီးသည် နေပြည်တော်ရှိ ဥယျာဉ်တော်အတွင်း ငယ်ရွယ်လှပသော အမျိုးသမီးငယ်လေးများ၏ မူယာမာယာ အပြုအစု အနုအရွကလေးတွေကြားတွင် ကျေနပ်နေသည်။ သူ၏ အနီးတွင် ဖြေဖျော် ခစားနေသော အမျိုးသမီးငယ်တစ်ဦးကို အမတ်ကြီး သန္တသည် အသည်းဘဝင်တွင် အမြဲရှင်ကာ ရင်မှာ စွဲငြိ ပီတိဖြာစေခဲ့သည်။ ဩော်…စစ်သူရဲကောင်းပင်ဖြစ်သော်လည်း ကာမဘုံထဲ အပျော်ကိတာ ပုထုဇဉ် လူသားတို့၏ သဘာဝပင်ဖြစ်သည်။

ဒီလိုနဲ့ နေ့ရက်တို့ တစ်နေ့ဝင် တစ်နေ့ထွက်နှင့် ကုန်ဆုံးလာခဲ့ရာ စစ်မက်တာဝန်ထမ်းဆောင်ရန် ရက်ပိုင်းသာ လိုတော့သည်။ သန္တအမတ်သည် သူမကို မခွဲနိုင် မခွာရက် ဖြစ်နေပြီ။ သူမကိုလည်း အိမ်တစ်ဆောင် မီးတပြောင် အဆောင်အယောင်များနဲ့ ထားပေးရန် စိတ်ကူးမိသည်။

တစ်နေ့တွင် စစ်သည်တော်တို့သည် အစီရဝတီမြစ်ဆိပ်ကမ်းသို့ အပန်းဖြေ ရေချိုးရန် ထွက်ခွာလာခဲ့သည်။ အောင်ပွဲ ဂုဏ်ပြုရက်ကလည်း ပြည့်နေပြီ။ စစ်မြေပြင်သို့လည်း ပြန်ထွက်ရတော့မည်။ အမတ်ကြီးသည် သူ၏ စီးတော် ဆင်လိမ္မာကြီးအား စီးကာ ရေဆိပ်သို့ ဆင်းလာခဲ့သည်။

သူတို့အားလုံး သေရည်သေရက် သောက်စားထားသောကြောင့် မူးယစ်နေကြပြီ။

သတ္တဝါတို့ကို အစဉ်သနားတော်မူ၍ ချွတ်သင့် ချွတ်ထိုက်သူတို့အား တရားဒေသနာ ဟောကြားကာ ကယ်မတော်မူသော ဂေါတမမြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်မှ မြစ်ဆိပ်သို့ နောက်ပါ တပည့်ရဟန်းများနှင့်အတူ ကြွချီတော်မူလာစဉ်၊ လမ်းပေါ်တွင် သန္တတိအမတ်တို့သည် ဂေါတမမြတ်စွာဘုရားကို မမြင်သေးသောကြောင့် အရက်သောက်ဆဲ၊ မူးကောင်းဆဲပင်။

ထို့နောက် အမတ်ကြီး သန္တတိ့က ဦးစွာတွေ့ပြီး "ဟေ့… ဂေါတမမြတ်စွာဘုရား ကြွလာတယ်ဟေ့"ဟု ဆိုကာ ဆင်ပေါ်မှ ဆင်းပြီး ရှိသေဝပ်တွားစွာ ဂါဝရပြုလေသည်။ ကျန် စစ်သည်တော်များလည်း အမတ်ကြီးနည်းတူ မြတ်စွာဘုရားအား ရှိခိုးကန်တော့ကြလေသည်။ ဂေါတမမြတ်စွာဘုရားက…

"အမတ်ကြီးသည် ယခု ငါ၏ တရားကို ကြားနာပြီး ရဟန္တာဖြစ်၍ လူဝတ်လူစားနှင့်ပင် ပရိနိဗ္ဗာန်စံဝင်တော်မူလိမ့်မည်"


ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူပြီး တရားဒေသနာ ဟောကြားတော်မူခဲ့သည်။

◈◈◈

ထိုသတင်းကို ကြားရသောအခါ တိတ္ထိတို့အဖို့ ရင်ထဲ မဖော်တတ်အောင်ပင် ဝမ်းသာခဲ့လေသည်။

"မူးယစ်နေတဲ့ အမတ် သန္တတိကို ရဟန်း ဂေါတမက တစ်နေ့တည်းနဲ့ ရဟန္တာဖြစ်လိမ့်မယ်တဲ့၊ မယုံနိုင်စရာတဲ့ မဖြစ်နိုင်တာတွေကို ပြောနေတာပဲ။ သူ့တပည့် ဦးပြည်း ခေါင်းတုံးတွေတောင် ဖြစ်ချင်မှ ဖြစ်တာဟု"

www.burmeseclassic.com



မြို့တွင်းလှည့်ပတ် ပြောဆို နှိမ်ချလေသည်။
ဒါတွေကို မြတ်ဗုဒ္ဓက ဂရုမစိုက်၊ အလေးမမူခဲ့ချေ။
တိတ္ထိတို့၏ အကြီးအကဲ ဆရာကြီးက···

"ရဟန်း ဂေါတမကြောင့် ငါတို့ လာဘ်လာဘတွေ
ကြပြီ။ အများနဲ့တကွ တပည့်တချို့လည်း ငါတို့ကို
ည်သြုံမဲ့ခဲ့ပြီးပြီ။ ဒီတစ်ခါတော့ ရဟန်းကြီး ဂေါတမကို
ဒ သိက္ခာပုဒ်နဲ့ စွဲချက်တင်ပြီး အများအလယ်မှာ
ရစေရမယ်ဟေ့"

ဟု ဝမ်းသာစွာဖြင့် သူ့တပည့် တိတ္ထိများကို အား
စေခဲ့သည်။

အစိရဝတီမြစ်သည် ရေတို့ အဟုန်ပြင်းစွာ စီးဆင်း
လေရူးများက တဟူးဟူးတိုက်ခိုက်နေ၏။ စစ်သည်
ရဲမက်တို့ကတော့ မူးရူးကောင်းတုန်းပင်။ တစ်ယောက်
ရဲမက်က အမတ်ကြီးနှင့် မိန်းမငယ်ကို ချီးကျူးနေ၏။
နန်းတွင်းသုံး သမားတော်ကြီး ရောက်လာခဲ့သည်။
သောက် ရဲမက်တို့သည် သူတို့ အနားယူ ပျော်ပါးရတဲ့
ကလေး ကုန်ဆုံးသွားတော့မည်။ နေမင်းကြီးသည်
ဘက်သို့ မငုပ်လျှိုးမီ သတ္တဝါများကို နှုတ်ဆက်နေ
တ်ကြီးသည်လည်း သူ မြတ်နိုးလှသော အမျိုးသမီး
ရေထဲတွင် ရေကစားပျော်ပါးနေ၏။

သူတစ်ယောက်၏ ကံကြမ္မာဟူသည်မှာ ပြော၍မရပါ။
ကြီး ချစ်လှပါသည်ဆိုသည့် မိန်းကလေးသည်
ရုတ်တရက် လဲချော်သွားလေသည်။ အမတ်ကြီးသည် ခြေ
မကိုင်မိ လက်မကိုင်မိဖြစ်ကာ၊ သမားတော်ကြီးအား သွား
ပင့်ခိုင်းလေသည်။ သမားတော်ကြီး ရောက်လာပြီး လူနာအား
စမ်းသပ်ကြည့်ရာ အသက်မရှိတော့ချေ။

အမတ်ကြီးသည် သမားတော်ကြီး၏ ပြောစကားကို
မယုံကြည်။ သို့သော် သူ ချစ်မြတ်နိုးသော မိန်းကလေးသည်
အမှန်ပင် သူ့အား စွန့်ခွာသွားလေပြီ။ သူ၏ ရင်တွင်းသောက
အပူမီးများ ဟုန်းဟုန်းတောက်စေခဲ့သည်။

အမတ်ကြီး၏ အဖြစ်အပျက်ကို မည်သူမျှ ကြည့်မနေ
နိုင်တော့ချေ။ အမတ်တစ်ဦးက···

"အမတ်ကြီး သန္တတိ···အသင်၏ အပူကို ငြိမ်းသတ်
စေနိုင်တာ မြတ်သော ဂေါတမ ဘုရားရှင်သာ ဖြစ်သည်။
ဂေါတမ မြတ်စွာဘုရားထံသို့ သွားပါလား"

ဟု အကြံပေးတော်မူလေသည်။

◈◈◈

အမတ်ကြီး သန္တတိသည် ဂေါတမ မြတ်စွာဘုရားထံ
သို့ ရဲမက်များနှင့်အတူ လိုက်လာခဲ့သည်။ ဂေါတမ မြတ်စွာ
ဘုရားက သန္တတိအမတ်သည် ဒီနေ့ ကျွတ်တန်းဝင်မည့်နေ့
ဖြစ်သည်ကို သိတော်မူသည့်အလျောက်···

"အသင် အမတ်ကြီး··· အတိတ်သံသရာတို့၏ စွဲမက်
ခြင်းကြောင့် ကိလေသာတို့ ကုန်ခန်းပါစေ။ နောင် ဖြစ်ရ
သော ရုပ်နာမ်သံသရာတို့သည် ရာဂ စသော ကြောင့်ကြမှု
ကို မယူနှင့်။ ရုပ်နာမ်သံသရာတို့ကို တဏှာဒိဋ္ဌိဖြင့် စွဲမိသော်
ကိလေသာမီးတို့ ဘယ်ငြိမ်းလိမ့်မည်နည်း"

မြတ်ဗုဒ္ဓ၏ တရားတော်ဆုံးလျှင် ရေးဘဝက ပါရမီ
အစဉ်အဆက်ကြောင့် အာသဝေါတရားတို့ ကင်းပြတ်ကုန်
ဆုံး၍ ရဟန္တာဖြစ်တော်မူလေသည်။ ထို့နောက် သန္တတိအမတ်
ကြီးသည် ရဟန်းလူရှင်များ သံသယစိတ်ကို ပယ်ဖျောက်
စေခြင်းငှာ၊ ဂေါတမမြတ်စွာဘုရားထံ ခွင့်ပန်၍ ထန်း ၇ဆင့်
အမြင့်သို့ တက်၍ တန်ခိုး ဖန်ဆင်းပြတော်မူပြီး ပရိနိဗ္ဗာန်
ပြုတော်မူလေသည်။

မိစ္ဆာ တိတ္ထိတို့ကား ဂေါတမ မြတ်စွာဘုရားကို လိမ်
ညာသည်ဟု စွပ်စွဲရန်အတွက် ကြည့်နေရင်းမှ မည်သို့မျှ
မပြောနိုင်ဘဲ ခေါင်းငိုက်စိုက်ကာ လာရာလမ်းသို့ ပြန်လာခဲ့ရ
တော့သည်။ ဂေါတမ မြတ်စွာဘုရား၏ ကျေးဇူးတော်က
ပေးဆပ်မကုန် များပြားလှပါ၏တကား။


* * *

ဓမ္မာ လွင်ဦး(ရေး)



www.burmeseclassic.com

www.burmeseclassic.com




# လူသစ်ကို မကျေနပ်သောဝိညာဉ်

www.burmeseclassic.com

www.burmeseclassic.com

၁၉ဂ၀ ခုနှစ်လောက်က ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ကလေး တစ်ခုဖြစ်ပါသည်။ စာရေးသူ၏ မိတ်ဆွေ ပညာရေးဝန်ထမ်း ဦးတင်မိုး ငယ်စဉ်က တွေ့ကြုံခဲ့ရသော ဖြစ်ရပ်ဆန်းကလေးတစ်ခုလည်း ဖြစ်၏။ ကျောင်းသားအရွယ် ကိုတင်မိုးသည် သူ့နေအိမ်နှင့် လမ်းသာခြားသည့် )မြို့နယ်ပြည်သူ့ကောင်စီရုံးထဲသို့ ခဏခဏသွား၏။ စင်စစ် ထိုအချိန်က မြို့နယ်ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ ဦးအေးဖေနှင့် ကိုတင်မိုးတို့ ဆွေမျိုးတော်စပ်ခင်သဖြင့်လည်း လူငယ်သဘာဝ အားလပ်တိုင်း ရုံးကွက်ထဲ ရောက်, ရောက်သွားတတ်၏။

ဥက္ကဋ္ဌကြီး ဦးအေးဖေသည် )မြို့နယ် ပြည်သူ့ကောင်စီရုံး သို့ ပုံမှန် ရုံးတက်သည်။ ရုံးတွင် ဥက္ကဋ္ဌကြီး သုံးစွဲရန် ဂျစ်ကားတစ်စီးသာ ရှိသည်။ ထိုဂျစ်ကားကို မောင်းရန် ဒရိုင်ဘာတစ်ဦး ခန့်ထားပါ၏။ နာမည်က ဦးမှုံ ခေါ်သည်။ ဦးမှုံသည် ကားမောင်းသာမက၊ ကားပျက်လျှင်လည်း ပြင်နိုင်သလောက် ကိုယ်တိုင်ပြင်ဆင်တတ်သည်။ ဂျစ်ကား၏ လိုအပ်ချက်မှန်သမျှ ဥက္ကဋ္ဌကြီး ပြောစရာမလိုအောင် ပြင်ဆင်ဖြည့်စွက် မွမ်းမံ၍ ထိန်းသိမ်းတိုင်းကျစေသူဖြစ်ပါသည်။

ကိုတင်မိုးသည် အိမ်နှင့် နီးသည့် ရုံးကွက်ထဲ ခဏခဏသွားရင်း ဥက္ကဋ္ဌကြီးနှင့်သာမက၊ ဒရိုင်ဘာ ဦးမှုံနှင့်ပါ ရင်းနှီးခင်မင်နေသည်။ ဦးလေးအရွယ် ရှိသော ဦးမှုံကို ကိုတင်မိုးက ချစ်ခင် လေးစားတတ် နောက်တတ်သကဲ့သို့ ဦးမှုံကလည်း စိတ်မဆိုး အပြစ်မမြင် ကြည်ကြည်အပြင် ပျော်ရွှင် ဖော်ရွေတတ်သော ကိုတင်မိုးကို ပို၍ပင် ခင်မင်ခဲ့၏။

တစ်နေ့တွင် ဒရိုင်ဘာ ဦးမှုံ တစ်ယောက် အပြင်းအထန်ဖျားပြီး ရက်ပိုင်းအတွင်းမှာပင် ရုတ်တရက် ကွယ်လွန်သွားခဲ့ရသည်။ ဌာနဆိုင်ရာ အရာရှိအပေါ် ရိုသေလေးစား အလိုက်သိသော၊ ဆက်ဆံရေး ပြေပြစ်သော ဦးမှုံကို ဆုံးရှုံးခဲ့ရ၍ ဥက္ကဋ္ဌကြီးနှင့်တကွ ရုံးသူရုံးသားများ စိတ်မကောင်းဖြစ်ခဲ့ရသည်။ ဦးမှုံ သေဆုံးသွားသည့်အတွက် ဝမ်းနည်း ကြေကွဲရသူများထဲတွင် ကိုတင်မိုးလည်း ပါဝင်ခဲ့ပါသည်။ အလွန်ခင်မင်သူတွေ မဟုတ်လား။

သေခြင်းတရားသည် မည်သူမျှ မတားဆီးနိုင်သည့် သဘာဝဖြစ်သည့် အတိုင်း ဥက္ကဋ္ဌကြီးမှာ ဦးမှုံ၏ အသက်ကို ကယ်တင်ရန် ကြိုးစားကုသပေးခဲ့သော်လည်း အချည်းနှီးသာ ဖြစ်ခဲ့၏။ ဦးမှုံ ဆုံးပြီးနောက်ပိုင်း လစ်လပ်သွားသော ဒရိုင်ဘာနေရာတွင် အခြားတစ်ဦးကို မဖြစ်မနေ အစားထိုး ခန့်လိုက်ရပါသည်။

◈◈◈

ရုံးသုံး ဂျစ်ကားသည် ညတိုင်း ရုံးဝင်းအတွင်း ရပ်ထားသည်ကို ရုံးနားနီးသည့် ကိုတင်မိုးတို့ အမြဲတွေ့နေကျဖြစ်သည်။ ဤသည်မှာ ဆန်းတော့ မဆန်းပါ။

သို့သော် တစ်ခုသောညတွင် ရုံးအတွင်း ရပ်ထားသော ဂျစ်ကားပေါ်၌ မီးတလက်လက်နှင့် ကီရိယာတန်ဆာ ပလာသံများ ကြား၍ ကိုတင်မိုးက ခပ်လှမ်းလှမ်းမှ အကဲခတ်ကြည့်နေ၏။ နောက်ခန့်ထားသည့် ဒရိုင်ဘာလေးများ ကားပြင်နေသည်လားဟု သေချာ သတိထားကြည့်တော့ မီးရောင်နှင့် အသံဗလံများ ပျောက်သွား၏။ ကိုတင်မိုးက သူခိုးဖြစ်မည်ဟု ယူဆကာ သူ့ဖခင်ကို ခေါ်ပြီး စည်းရိုးမရှိသည့် ရုံးဝင်းအတွင်း သွားရောက်၍ ဓာတ်မီးထိုးကြည့်ကြရာ ဘာမျှမတွေ့ရ။ ရပ်ထားသော ဂျစ်ကားသည် တံခါးများ သော့ပိတ်လျက်သားမို့ ကိုတင်မိုးတို့ သားအဖ အသာလှည့်ပြန်ခဲ့သည်။

နောက်ပိုင်း အချို့ရက်များတွင် ကိုတင်မိုး ညဘက် တစ်ရေးနိုးတိုင်း သတိထားမိသည်မှာ ရပ်ထားသော ဂျစ်ကားပေါ်မှ ထုရိုက် ပြင်ဆင်သံများ ဖြစ်၏။ ညစောင့်ကလည်း သည်အချိန်ဆို သူ့အခန်းမှာ မီးပိတ်၍ အိပ်မောကျနေလောက်ပြီ။ ဖြစ်နိုင်သည်က・・・။

◈◈◈

တစ်ခုသော နံနက်ပိုင်းတွင် ဥက္ကဋ္ဌကြီးသည် ရုံးကိစ္စဖြင့် အပြင်သွားရန် ဒရိုင်ဘာအား ဂျစ်ကားထုတ်၍ စက်နှိုးစေသည်။ ခါတိုင်း နှိုးရလွယ်သော ဂျစ်ကားက စက်နှိုးမရ။ ဒရိုင်ဘာလေးက အောက်ဆင်းပြီး စက်ကို စစ်ဆေးကြည့်သည်။ အပြစ်တစ်စုံ တစ်ရာ မတွေ့ရ။ အားလုံး အိုကေပါလျက် စက်နှိုးမရသည်ကို စဉ်းစားရခက်နေသည်။

သို့နှင့် အနီးနားမှ ကိုတင်မိုးတို့ပါ ကားဝိုင်းတွန်းပေး၍ စက်နှိုးကြည့်ပြန်သည်။ မထူးရေးချ မထူးပါ။ စက်နှိုးဖို့ နေနေသာသာ၊ မီးခိုးတစ်ချက်ပင် မလိုက်။ လူတွေလည်း ကားတွန်းရလွန်း၍ ချွေးပြန် မောဟိုက်နေချေပြီ။ အားလုံး ခြေပစ်လက်ပစ် ထိုင်နေကြရင်း ကိုတင်မိုးက တစ်စုံတစ်ခုကို သတိရဟန်ဖြင့်・・・

"ကဲ - တစ်ခါလောက် တွန်းကြည့်ကြဦးမယ်ဗျာ"

ဟု ပြောပြီး အားလုံး ဝိုင်းတွန်းချိန်တွင် ကိုတင်မိုးကပင်・・・

"ဦးလေးမှုံရေ・・ ကျွန်တော်တို့

www.burmeseclassic.com



ကားတွန်းရလွန်းလို့ သေတော့မယ်ဗျ။ ကားကို သူများကိုင်တာ မကျေနပ်လည်း ခွင့်လွှတ်ပါဗျာ။ သနားသောအားဖြင့် စက်နိုးအောင်တော့ ကူညီပါဗျာ"

ဟု အော်ပြောလိုက်သည်။

တိုက်ဆိုင်စွာပင် စက်က ဝူးခနဲနိုးသွားပါတော့သည်။ ဥက္ကဋ္ဌကြီးလည်း ကျိုးကြောင်းဆက်စပ် တွေးခေါ်တတ်သော ကိုတင်မိုးကို ကျေးဇူးတင်လျက်...

"နောက်နေ့တွေလည်း စက်နိုးရလွယ်အောင် တောင်းပန်ပေးပါဦး မောင်တင်မိုးရယ်"

ဟု ဆို၏။ ထိုအခါ ကိုတင်မိုးက...

"ဟာ... ဥက္ကဋ္ဌကြီးကလဲ၊ ဦးလေးမှူက ဥက္ကဋ္ဌကြီးရဲ့ တပည့်တော်



ခဲ့တာပဲ။ ကိုယ်တိုင်လည်း အမိန့်ပေးဦးမှပေါ့"

ဟု ပြောလိုက်ရာ ဥက္ကဋ္ဌကြီးက...

"ဟုတ်ပေသားပဲ။ ကဲ - ဦးရေ[...] မင်းပါ သူနဲ့ ရင်းနှီးခဲ့တာဆိုတော[...] နှစ်ယောက်စလုံး ဝိုင်းပြောကြမယ[...] ကွာ"

ဟု ဆို၍ နှစ်ဦးသဘောတ[...] ဂျစ်ကားအခက်အခဲကို ဖြေရှင်းလိုက[...] ကြပါတော့သည်။

နောက်နေ့မှစ၍ မတွန်းရ[...] အလွယ်တကူ နိုးရနေသော ဂျစ်ကား[...] ကို ကြည့်၍ ဥက္ကဋ္ဌကြီးရော ကိုတင်[...] ပါ ဦးမှူကို သတိရနေမိပါသည် ■

(ပညာရေးဝန်ထမ်း ဦးတင်မိုး[...] ကိုယ်တွေ့ဖြစ်ရပ်မှန်ဖြစ်ပါသည်။ ကာယ[...] ရှင်များ၏ ဂုဏ်သိက္ခာကို ဝှက်ထား၍ အမည်[...] များ လွှဲပြောင်း၍ ရေးသားထားပါသည်[...]

* * *

ညွှန့်ဝင်း(နတ်တ[...]


" အာစရိယဂုဏံ အဟံ ဝန္ဒာမိ "

## ဂမ္ဘီရဆရာလှမျိုး (B.Sc) လယ်ပြ(ငြိမ်း)

ဂမ္ဘီရအမည်ခွဲ - အောင်ကောင်းမြ (သာကေတ)

(၇)နေ့သားသမီးများ ဘဝတစ်သက်တာ ဆောင်ရန် ရှောင်ရန်နှင့် အကျိုးပေးလုပ်ငန်း၊ စီးပွား[...] အိမ်ထောင်ရေး၊ တစ်နှစ်တာဆောင်ရန် ရှောင်ရန်နှင့် လုပ်ငန်းစီးပွားအခြေအနေ ကြိုတင်သိထားစေ[...] ဆန်းကျမ်း + သင်္ချာ ပညာရပ်များဖြင့် ညှိနှိုင်းတွက်ချက်ပေးမည်။ ချစ်သူအိမ်ထောင်ဘက်များအတွက် မင်္ဂ[...] နဝင်းနှင့် မင်္ဂလာအစီအရင်၊ နဝင်းခါတ်ယတြာအဖြေရှာ (ကျန်းမာရေး၊ လူမှုရေး)၊ ကံပွင့်လာဘ်ပွင့် အန္တရာယ်[...] အစီအရင်များ အထူးဆောင်ရွက်ပေးသည်။

**(၁)နှစ်စာ ဟောစာတမ်း၊ ကလေး၊ ဆိုင်၊ လုပ်ငန်း အမည်ပေး၊ မင်္ဂလာအခါ[...] (မွေးဖွားမည့်ရက်ရွေးခြင်း) စနစ်တကျတွက်ချက်ရေးသားပေးမည်။ ရပ်ဝေးမှ မေးလိုက ငွေကြိုတင်[...] ကိုယ်တိုင်လာလိုပါက ကြိုတင် ဖုန်းဆက်သွယ်ပါ)**

ဟောခန်းလိပ်စာ

အမှတ် (၁၇)၊ အောင်သပြေအနောက် (၁)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့။

ဖုန်း - ၀၉၄၂၀၀၄၇၈၆၉

**လမ်းညွှန်**

၃၅၊ ၆၅၊ ၃၂၊ ရွှေစည်းသည်(၂)၊ ၄၈(အထူး)၊ ၁၇၃၊ ၂၁၆၊ ၅၇၊ ၁၄၆၊ ၈၉၊ ၄၆(စိမ်း)၊ ၁၈၁[...] ကားများစီး၊ တာမွေ-သန်လျင်-ကျောက်တန်း-ခရမ်း-သုံးခွကားများစီးပါက (၈)ဂိတ်မှတ်တိုင်ဆင်း[...] ၃၄၊ ၆၂၊ ၁၀၆ ကားများစီးပါက ဓမ္မာရုံမှတ်တိုင်ဆင်းပါ။




www.burmeseclassic.com

www.burmeseclassic.com

# နေဝေး
## စာပေမှ

### သတင်းကောင်းပါးဖိတ်ခေါ်လိုက်ပါသည်

မြို့ရွာကျေးလက်၊ ရပ်ကွက်၊ ကျောင်း၊ ရုံး၊ တပ်တွင်း စာကြည့်တိုက် သိုသူများ၊ မိမိအိမ်တွင် စာအုပ်အငှားဆိုင် ဖွင့်ပြီး အိမ်တွင်းစရိတ် ငွေရှာလိုသူများ၊ တစ်ဆင့်စာအုပ် ပြန်လည် ရောင်းချလိုသူများအား ဝေး"စာပေနှင့် အမြန်ဆုံးဆက်သွယ်ပါရန် လေးစားစွာ ဖိတ်ခေါ်လိုက် ည်။

သစဉ်ထုတ် မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြ၊ ကာတွန်း၊ ဘာသာပြန်၊ သိုင်း၊ ရသ၊ ပုံပြင်စာအုပ်များ စုံလင်စွာနှင့် လကျော်၊ တိုက်ကျစာအုပ်များ၊ စာအုပ်အဟောင်းများ၊ အသစ်များ လက်လီလက္ကား ဖြန့်ချိရောင်းချ နေပါသည်။

### ဆက်သွယ်ရန်လိပ်စာ


–  အမှတ်(၁၉၅)၊ (၃၂)လမ်းအထက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
☎ – ၀၁–၂၅၄၆၂၅


(၁) – အမှတ်(၄)၊ ကန်လမ်း၊ ထွန်းသီရိရုပ်ရှင်ရုံရှေ့၊ ပြည်မြို့။
☎ – ၀၉ ၅၃၁၃၃၁၄၊ ၀၉ ၅၃၇၀၅၅၄

(၂) – အရှေ့မြို့ပတ်လမ်း၊ အ.လ.က–၁၁(ကျောင်းရှေ့)၊ ရှမ်းပြည်နယ်၊
တောင်ကြီးမြို့။ ☎ – ၀၉ ၅၁၁၂၀၇၀

(၃) – အမှတ်–၅/၆(B) ခရိုင်ရဲတိုက်တန်း၊ မို့လ်ချုပ်လမ်း၊ မကွေးမြို့။
☎ – ၀၉ ၈၆၂၁၀၆၄


www.burmeseclassic.com

www.burmeseclassic.com



ဒလရှိ ဇနီးသည်၏ အစ်မအိမ်သို့ ရောက်သွားတော့ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ရွှေကူမြို့မှ ဇနီးသည်၏ အစ်မဝမ်းကွဲတွေ ရောက်နေသည်ကို တွေ့ရ၏။

“ရော်…မိသက်နဲ့ ကိုကျော်တို့ လာတာပ”

“ရော်…မမခင်တို့ ဘယ်တုန်းက ရောက်ကြတာပ”

“မနေ့ကပ။ မန္တလေးကနေ ကားနဲ့ လာခဲ့ကြတာပ”

သူတို့ညီအစ်မတွေ ရှမ်းသံဝဲဝဲ ပြောနေကြ၏။ ကျွန်တော်၏ မိသက်မှာ ရန်ကုန်ရောက်နေသ အနှစ် ၂၀ ကျော်ခဲ့၍ စကားပြေ သို့သော် သူတို့ညီအစ်မတွေ ပြ ပါက “ရော်” “ဟုတ်တာပ” ပအေး”စသဖြင့် ဘယ်လိုက ဝဲတဲတဲဖြစ်သွားသည် သီ။

www.burmeseclassic.com

ဒလမှာ ရှိသော မမတင်မှာကား ရန်ကုန် ဒလတွင် နှစ်ပေါင်း ၄၀ကျော် ...နီးပါးရှိသော်လည်း စကားက ဝဲစမြဲ။

"မိသက်ပအေး၊ နှင့်အစ်မအကြီး ... ကျောက်တစ်လုံးက မျှစ်မပါလို့ ဆူ...တာပ"

"ရော်...မမကြီးကလည်း ဈေး ...မှာ မျှစ်ပြုတ်တွေ ပေါတာပ။ ...ကျောက်တစ်လုံးရွာကမှုလား"

"ရော်...မိသက်လည်း အတာ ... ရန်ကုန်ရောက်လို့ ကိုယ့်ဒေသက ...အကောင်းဆုံး မျှစ်စိမ်းကို မေ့တာပ။ ...က်တာပ"

"မဟုတ်ပါဘူး မမကြီး။ ကိုယ့် ...ဒေသ ဘယ်မေ့မှာပ"

"တော်တော့၊ တော်တော့။ ...ကျောက်တစ်လုံးရွာက မျှစ်စိမ်းဟာ ...ဆို မိုးဦးကျကာလမှာ အရမ်းစားလို့ ...ကောင်းတာပ"

"ရော်...မမကြီးကလည်း လမ်း ... နှစ်ညသုံးညအိပ်ရတဲ့ ခရီးပ"

"ခက်တာပ။ ဒေသထွက်ဆိုတာ ...ကြိုက်မှ စားရတာပ။ ရန်ကုန်မှာ ...လောက်ကောင်းတဲ့ အစားအစာရှိ ... ဒေသထွက်ပစ္စည်း ဘယ်တော့မှ ..."

သူတို့ညီအစ်မသုံးယောက် ...ကျောက်တစ်လုံးရွာထွက်သော ဝါးမျှစ် ...အကြောင်း အငြင်းအခုန်ဖြစ်နေကြ ... မတင်ဆိုတဲ့ အစ်မကြီးကား စနေ ...ပီ စိတ်တို စိတ်ဆတ်သည့်အပြင် ...အလမ်းသန်သူ၊ စိတ်ကြီးသူ တစ် ...ယောက်။

"သြော်...မမတင်၊ မမခင်နဲ့ ...တို့ရဲ့ ကျောက်တစ်လုံးရွာ ...အကြောင်းပြောတော့ ကျောက်တစ် ...ကို ပြန်သတိရမိတယ် ကိုမောင် ...ရေ"

"ရော်...ကိုကျော်ကို ကျွန်တော် ပြောခဲ့တာပါ။ ဟိုတစ်ခေါက်ကလေ သစ်ခွဲဆင်အကြောင်းပအေး"

"မှတ်မိတာပေါ့ ကိုမောင်မောင်ရာ။ ကျွန်တော့်အတွက် ဝတ္ထုတိုတစ်ပုဒ်တောင် ဖြစ်သွားခဲ့ပြီလေ"

"ရော်...ဟုတ်လား။ ခုလည်း ကျောက်တစ်လုံးရွာ အနောက်တောထဲက အဖြစ်ကလေးတစ်ခုပအေး"

"ဗျာ"

ကျွန်တော့်အား တစ်ခါက ဤဒလရှိ မမတင်အိမ်မှာပင် ပြောခဲ့ဖူးသော ထူးဆန်းသည့် သစ်ခွဲဆင်တစ်ကောင်နှင့် ဆင်ဦးစီးအကြောင်း ပြောပြခဲ့ဖူးပါသည်။ ထိုဖြစ်စဉ်သို့ ကျွန်တော့်အာရုံ ချက်ချင်းရောက်သွားမိသည်။

◈◈◈

ထိုဖြစ်စဉ်မှာ သစ်ခွဲ ဆင်ကြီးတစ်ကောင်နှင့် ဆင်ဦးစီးတို့၏ ကြောက်မက်ဖွယ် အံ့ဩဖွယ် ဖြစ်ရပ်ဆန်းတစ်ခုဖြစ်သည်။

သစ်ခွဲဆင်တွေမှာ သခင်လည်းဖြစ်၊ မိမိ၏ ဆရာတစ်ဆူ ဆင်ဦးစီးအပေါ် အမြဲလိုလို ချစ်ခင်ကြ၏။ ဦးစီးများမှာလည်း မိမိ၏ ဆင် ကျန်းမာရေးမှအစ အစားအသောက်၊ မစင်စွန့်မှု၊ ဆီးသွားမှုတွေအား အမြဲမှတ်သားပြီး ဂရုစိုက်ကြရ၏။

ဆင်ဆိုသည်မှာ ရတနာတစ်ပါး။ ရတနာဆိုသည်မှာ အမြတ်တနိုးထားရာ၊ တန်ဖိုးထားရာ၊ အမြင့်ဆုံး အားထား ယုံကြည်ရာ၊ အမြတ်ဆုံး အဖိုးထိုက်ရာ စသည် စသည် အဓိပ္ပာယ်ဖွင့်ဆိုကြပေသည်။

သို့သော်လည်း ဆင်ဆိုးသည် မိမိ၏ ဆင်ဦးစီးကိုပင် ရန်မူလိုတတ်ကြပြီး မုန်မကျသော်ငြား၊ အခွင့်အလမ်းသာပါက သတ်ဖြစ်တတ်သည့် ဖြစ်ရပ်တွေ ရှိခဲ့၏။

ကိုမောင်မောင် ပြောသော သစ်ခွဲဆင် စွယ်စုံကြီးကား ဦးစီးသူနှင့် လက်ပွန်းတတီးနေရာမှ မုန်မကျဘဲ အလစ်အငိုက်တွင် ဆင်ဦးစီးအား နှာမောင်းနှင့် ပွေ့ပြီးသည့်နောက် ဆင်ဦးစီး၏ ခြေထောက် ပေါင်ရင်းကို လက်တစ်ဖက်ဖြင့် နင်းကာ၊ နှာမောင်းပေါ်မှ ချအပြီး ခြေတစ်ဖက်လိမ်ကာ ဆောင့်ဆွဲသည်တွင် ဆင်ဦးစီးခမျာ ပေါင်ရင်းမှ နှစ်ခြမ်းကွဲပြီး နှာမောင်းတွင် ပါသွားသော လူတစ်ခြမ်း သွေးသံရဲရဲအား နှာမောင်းနှင့် လိပ်ကာ ပါးစပ်ထဲ ထိုးသွင်းပြီး ဆင်စခန်း(သစ်စခန်း)မှ တောနက်ကြီးထဲသို့ တစ်ဟုန်ထိုး ထွက်ပြေးပျောက်ကွယ်သွားကြောင်း ပြောပြခဲ့ဖူး၏။

ဆင်သည် အသားစား သတ္တဝါမဟုတ်သော်လည်း ထိုဖြစ်ရပ်ကား ရွှေကူနယ်မြေ သစ်ထုတ်လုပ်ရေးမှ ဆင်ဦးစီးများအတွက် တုန်လှုပ်စရာ ဖြစ်ရပ်ဆိုးကြီးပင်။

ထိုဖြစ်ရပ်အား ဆင်စခန်း(သစ်စခန်း)မှ ပြောပြရာတွင် ထိုသစ်ခွဲဆင်ကြီးသည် ထူးခြားသည့် လက္ခဏာ မပြသော်လည်း တစ်ခါတစ်ခါ မျက်စိစုံမှိတ်ကာ မှိန်းနေ၏။ မုန်ကျမည့်အသွင်ဟုတွေးကာ ဦးစီးလုပ်သူ(သေဆုံးသူ)မှ အထူးသတိထားစဉ် ညဉ့်နက်သန်းခေါင်အချိန် ဆင်ဦးစီးလုပ်သူ၏ အိပ်မက်ထဲတွင် သူ၏ စွယ်စုံဆင်ကြီး ဦးကင်းပေါ်တွင် မည်းနက်နေသော လူကြီးတစ်ယောက် ဂုတ်တုတ်ထိုင်နေ၍ ဆင်ဦးစီးမှ ထိုလူမည်းကြီးအား မောင်းထုတ်ရန် သူ့ဆင်ကြီးနားသွားစဉ် ထိုလူမည်းကြီးမှာ တခြားသူမဟုတ်ဘဲ၊ သူကိုယ်တိုင်ဖြစ်နေကြောင်း သိရ၏။ ထို့ကြောင့်


www.burmeseclassic.com

www.burmeseclassic.com

လန့်နိုးခဲ့ပြီး မိုးလင်းတော့ သူတို့ဦးစီးတွေ ရေနွေးဝိုင်းတွင် ပြောပြခဲ့သေးကြောင်းလည်း သိရ၏။ သို့အတွက် ဆင်ဦးစီးများမှ သေဆုံးသူအကြောင်း ပြောရင်း တအံ့တသြဖြစ်ကာ…

"အင်း…ဦးစီး ပိတာရဲ့ အိပ်မက်က သူ့အတွက် တကယ်ဖြစ်သွားပြီ"

"ပိတာဟာ သူ့ဆင်ကြီးကို အရမ်းချစ်တယ်ကွ။ အေး တို့ ဆင်ဦးစီးတွေဟာ နေ့ည ဒီဆင်ကြီးတွေနဲ့ နေရသလို၊ အတူလက်တွဲနေလို့ ချစ်ကြပေမယ့် သတိတော့ ထားကြပေ့။ ဆင်ကြဲ ကြဲတယ်ဆိုတဲ့စကား မမေ့ကြနဲ့"

ဆင်ဦးစီးခေါင်းဆောင်လုပ်သူမှ ဆင်ဦးစီးများကို ပြောပြသလို၊ တစ်ခါမျှ မကြုံဖူးသော သခင်ကို သတ်၊ လူသားတစ်ခြမ်းကို စားပြီး တောဝင်သွားခြင်းအတွက် သူတို့တစ်တွေ ထိတ်လန့်နေခဲ့ကြသော်လည်း မိုးလင်းသည်နှင့် မိမိ၏ ဆင်ဖြင့် လုပ်ငန်းစကြရလေ၏။

◈◈◈

"ကျောက်တစ်လုံးရွာအနောက်ဘက်က ဆင်ဦးကင်း ကျောက်တောင်စောင်းမှာ မျှစ်ချိုးသူတွေ တွေ့တာပ"

"ဗျာ…၊ ဘာတွေ့တာလဲဟင်"

"ဟို…လူသားစားတဲ့ ဆင်ကြီးလေ၊ သူ့ဦးကင်းပေါ်မှာ ဦးစီး ပိတာနဲ့ အတူ တွေ့ကြတာပ"

"ဗျာ၊ ဆင်ဦးစီး ပိတာ သေပြီဆို"

"ရော် • • • သေတာပအေး။ အလောင်းတောင် တစ်ခြမ်းတည်း မြေမြှုပ်ရတာပဆို"

"ဒါဆို…"

"အင်း… ဆင်လကြီးလည်း သေပြီး ဆင်သေနဲ့ လူသေ အတူနေကြတာပအေး။ အတူတူပနော့။ ဘယ်လိုပြောရပအေး။ ဝိညာဉ်တွေပ"

"ရွာသားတွေ တွေ့တဲ့အချိန်က"

"ဟုတ်တာပ။ နေဝင်ဆဲဆဲလို့ ပြောတာပနော့။ ဟို နွားရိုင်းသွင်းချိန်ပ။ လူတွေတော့ ဘာမှမလုပ်၊ ဒုက္ခမပေးလို့ ကြားတာပနော့"

ကျွန်တော့်အတွေးထဲသို့ ကျွန်တော်ကိုယ်တိုင် ၁၉၆၅ ခုနှစ်က ကျောက်တစ်လုံးရွာ တောင်စောင်းရှိ သစ်စခန်းသို့ တစ်ပတ်မျှ ဆင်လုံခြုံရေး



သစ်နှင့် ဝန်ထမ်းများ လုံခြုံရေးတာဝန်ထမ်းခဲ့စဉ်က အဖြစ်အပျက်တစ်ခုကို ပြန်အစပေါ်စေခဲ့ပါသည်။

◈◈◈

ကျွန်တော်နှင့် ရဲဘော် ၁၀ ယောက်၊ တပ်စိပ်တစ်စိပ် ခေတ္တ စခန်းချစဉ်၊ ထိုသစ်ဆိပ်စခန်းတွင် ဆင်ငါးကောင်နှင့် သစ်လုံးတွေ တောင်ပေါ်မှ ဆွဲချပြီး သစ်ဖောင်ဝါးဖောင်ဖွဲ့နေကြစဉ်ကာလ။

ကျောက်တစ်လုံးကျေးရွာကား ရောဝတီမြစ်ကမ်းနဖူးတွင် ရှိပြီး အိမ်ခြေမှာ ၄ဝခန့်သာ ရှိ၏။ အဓိက ထွက်သည်။ ရွာသူရွာသားတွေ ဝါးခုတ်၊ သစ်ခုတ်ခြင်း၊ ရေလုပ်သားအဖြစ် ဝတီမြစ်ကြီး ရှိနေသမျှ ထမင်းနပ်စားနေရသော ကျေးရွာတစ်ရွာဖြစ်

တစ်နေ့…

"ဆရာကြီး…ဆရာကြီး ရှိ ပနော့"

"ဗျာ၊ ဆရာကျော် ပြောတာလား"

"ဟုတ်တာပ။ ရွှေကူက ဒီ တာဝန်ကျနေတဲ့ ဆရာကျော်ပ"

ကင်းသမားထံ စုံစမ်းနေသည့် ရွာလူကြီး ဦးလှမောင်အား ကျွန်တော် မြင်တွေ့သည့်အတွက် ဖောင်ဖွဲ့သူတို့ တဲပေါ်သို့ ခေါ်ယူလိုက်ပြီးနောက် အား မေးမြန်းလေ၏။

"ဆရာကြီးတို့က ဒီဖောင်ဖွဲ့ အဖွဲ့ လုံခြုံရေးပ။ ဒါပေမဲ့ ကျွန်တော် တို့ရွာသားတွေအတွက် အကူအညီ တာပ"

"လေးလေးရာ၊ ရွာအတွက် အပ်တာရှိရင် ကူညီနိုင်သမျှ ကူညီ ပေါ့ လေးလေးရဲ့၊ ဪ••မတတ် တာဆိုရင်တော့ ခွင့်လွှတ်နော်"

"ဟုတ်တာပ။ တခြားမဟုတ် ရွာမြီးအထက်မှာ မျှစ်ချိုးတဲ့ ရွာ တွေကို ကျားဆွဲတယ်"

"ဗျာ…ကျားဆွဲတယ်"

"ဟုတ်တာပ။ လွန်ခဲ့တဲ့ ကျွန်တော့်တူမလည်း မျှစ်သွားချိုး ပနော့၊ ကျားကိုက်လို့ သေတာပ"

"ဟာဗျာ… ဟိုကျောက်ကြီး မှာ ရှိတဲ့ ရဲစခန်းသွားပြီး အကြော မကြားဘူးလား"

"ဟာ…လေးလေး ဦးလှ ကြီး၊ အကြောင်းကြားရင် လူသား ကျားအန္တရာယ် ရှင်းပေး လေးလေးရဲ့"

www.burmeseclassic.com

www.burmeseclassic.com

"မသိ။ သေသူ သေပြီးတော့ နေ
ထိုက်တာပေါ့။ ခု ဒီနှစ်မှာလည်း အဲဒီ
ဘူး မျှစ်ချိုးအဖွဲ့ကို အန္တရာယ်ပြုတာ
ပဲ"

"ဘယ်တုန်းကလဲ လေးလေး"

"မနေ့ညနေကပဲ"

"လူရော ဘာဖြစ်သေးလဲ"

"အင်း…ကျွန်တော် မျှစ်ချိုးတဲ့
အဖွဲ့တွေကို မှာထားတာပေါ့။ အားလုံး
ပေါင်းပြီး လုပ်ကြဖို့၊ လူမခွဲဖို့။ နောက်
ပြီး ကျားဆိုတာ လူကို ကြောက်တယ်။
အနံ့တတ်တယ်လို့ ကြားဖူးတာပေါ့။ ဒါ
ကြောင့် လူသံပေးပြီး တစ်ယောက်
တစ်လှည့် ခြောက်လှန့်သံပေးလို့ မှာ
ထားရတာပေါ့"

"လေးလေးရယ်၊ လူသားစားဖူး
တဲ့ ကျားဆိုတာ လူမကြောက်သလို၊
ကိုက်ဖို့လည်း မခက်တော့ဘူးလေ"

"ဟုတ်တာပေါ့။ ခုဟာက ကျားနဲ့
လူ ရောနေတာပေါ့"

"ဗျာ၊ ကျားနဲ့ လူ ဘယ်လိုရော
နေတာပလဲ လေးလေး"

"ရွာက မိန်းကလေး ငါးယောက်
နော့၊ လူအုပ်မခွဲတဲ့ အတူမျှစ်ချိုးတုန်း
ကျားကြီးတစ်ကောင်ရောက်လာတာပေါ့"

"အဲဒီတော့…"

"ရော်…ကျားကြီးပနော့။ သူ့
နောက်မှာ မိန်းမနှစ်ယောက်၊ ယောက်ျား
တစ်ယောက်။ မိန်းမနှစ်ယောက်က
ဆံထုံးနဲ့ ဆံပင်ဖားလျားချထားတယ်
လို့ ပြောတာပေါ့။ မျက်နှာတွေ ဝါးနေတာ
နော့။ ယောက်ျားက ကိုယ်တစ်ခြမ်းပဲ
မြင်တာပေါ့။ မျက်နှာဝါးထားတာပအေး"

"လေးလေးရယ်၊ လူဆိုတာ
တစ်ခြမ်းတည်းတော့ ဘယ်ရှိမှာလဲ။
အင်း… ဒါတွေက တစ္ဆေသရဲတွေ၊
သူရဲတွေပဲ ဖြစ်မှာပေါ့"

"ဟုတ်တာပေါ့၊ ဟုတ်တာပေါ့။
နောက်နေ့ အဲဒီဘက် မသွား။ အထက်
နတ်ရေကန်ဘက်မှာ မျှစ်ချိုးတာပနော့။
အဲဒီမှာလည်း သူတို့သုံးယောက်နဲ့
ကျားကြီးတစ်ကောင်ပေါ့။ ကျားကြီးက
တော့ ကျားအစစ်ပနော့။ အဲဒီနောက်
မှာ ဆင်ကြီးတစ်ကောင်ပေါ်လာပြီး
မှန်ကျ(မှန်ယို)နေတဲ့ ဆင်ကြီးက သရဲ
သုံးကောင်နောက်ကနေ ကြောက်စရာ
ပနော့။ ကျားကြီးကို လန့်ပြီး တောင်
စောင်းအောက် ထွက်ပြေးတာပေါ့။ ရွာက



မိန်းကလေးတွေလည်း လန့်ပြီး မျှစ်
တောင်းတွေ ချထားခဲ့ပြီး ပြေးခဲ့ကြတာ
ပ"

"ကြားပြီလား လေးလေး"

"ရော်…မနေ့ကပအေး၊ မနေ့
ညနေစောင်းပ"

"ဒီတော့…"

"ရော်… ဆရာကြီးတို့ကို လာ
သတင်းပို့တာပေါ့။ ရွာသူတွေနဲ့ လိုက်
ပေးစေချင်တာပေါ့။ တောင်းတွေ ဓားတွေ
ပြန်လိုချင်တာပ"

"ကောင်းပြီလေ။ ကျွန်တော်တို့
လိုက်ပေးမယ်။ လေးလေး ရွာထဲက
စောင့်၊ ကျွန်တော်တို့ ခုလာခဲ့မယ်"

"ကျေးဇူးပအေး၊ ကျေးဇူးပ"

◈◈◈

ကျွန်တော် နာရီကြည့်တော့
၅နာရီ ထမင်းစားမယ့်ဆဲဆဲမှာပင်
မိုးကျော်အောင်နှင့် တင်မြတ်ကို ခေါ်
ပြီး ရွာထဲသို့ ထွက်ခဲ့၏။ ရွာထဲရောက်
သည်နှင့်…

"ရော်…ကိုတင်မြတ်ပါတာပ"

"ဟဲဟဲဟဲ…မိနန်းနဲ့ တောထဲ
သွားမယ်လေ"

"သွားတာပေါ့။ လက်ချင်းတွဲသွား
တာပေါ့။ မိနန်း မကြောက်တော့ပနော့။
မနေ့က၊ တစ်နေ့က သရဲတွေရော…
ဟောဒီက မိနန်းရဲ့…ဟဲဟဲ…
•အားကိုကြီးပါတာပေါ့။ တွေ့ကြပနော့"

မိနန်းသည် အလွှန်ရွှတ်နောက်
နောက်ပြောတတ်သူ။ ကူးတို့သင်္ဘော
များ၊ ကျောက်တစ်လုံးဆိုက်ပါက
သင်္ဘောပေါ်တက်ပြီး ငါးရံ့ခြောက်
ရောင်းရင်းမှ တင်မြတ်နှင့် ခင်မင်နေ
သူ။ သင်္ဘောလုံခြုံရေးလိုက်ခဲ့ရသော
တင်မြတ်မှာလည်း ညီမအရင်းလို
ခင်နေ၏။

"ကဲ - ကွာစို့(သွားစို့)"

ဟု လေးလေး ဦးလုအောင်၊
ရွာသားသုံးယောက်တို့နှင့် ပြောပြောဆို
ဆိုထွက်ခဲ့၏။ မိန်းကလေးများကား ငါး
ယောက်၊ စုစုပေါင်း ကျွန်တော်တို့ (၁၁)
ယောက်။

တင်မြတ်က ရှေ့ဆုံးမှ သွား
သလို ရွာသား အောင်အောင်နှင့် မိနန်း
တို့က လမ်းပြ။ ရွာနှင့် မဝေးလှ၊ တစ်
နာရီမရှိတရှိသွားရပြီး နတ်ရေကန်
ဘက် ရောက်တော့ ဝါးတောကြီးတွေ
က ညို့ညို့ဆိုင်းဆိုင်းနှင့် အောက်ခြေ
တော့ သိပ်မရှုပ်။

www.burmeseclassic.com

"ရော်…ဟိုမှာ…ဟိုမှာ"

"မိနန်း…ဘာ…ဘာတွေလို့လဲ"

"ထမင်းတောင်းတွေနဲ့ မျှစ်တွေပအေး"

"ကဲ - ထမင်းတောင်းတွေ ယူကြတာပ"

"ရော်…မျှစ်တွေ မရှိတော့"

"ဟုတ်တာပ။ ငါ့မျှစ်တွေလည်း မရှိ"

"တို့လည်း မရှိတော့"

"ရော်…ဒီမှာ ဒီမှာ ဆင်ခြေရာပအေး"

"ဝူး…ဝူး"

"ဝေါင်း…ဝေါင်း…ဝေါင်း"

"မပြေးကြနဲ့၊ မကြောက်နဲ့။ တင်မြတ်၊ မိုးကျော်…ဆင်နဲ့ ကျားကို မပစ်နဲ့"

"ဆရာကျော်… နောက်မှာ ယောက်ျားတစ်ယောက်က ကိုယ်တစ်ခြမ်းပဲ ရှိတယ်"

"အေး၊ ဒီလောက်တောင် အတင့်ရဲတဲ့ ဝိညာဉ်တွေ ပစ်မယ်။ မိုးကျော်က ဆင်နားရွက်၊ တင်မြတ်က ကျားဗိုက်အောက်၊ ငါက ဝိညာဉ်ကို ပစ်မယ်။ ကဲ - တစ်၊ နှစ်၊ သုံး"

"ဒိုင်း…ဒိုင်း…ဒိုင်း"

"ဝူး…ဝေါင်း…ဝေါဝေါဝေါ…"

"ဝုန်း…ဝူးဝူး…ဝေါင်းဝေါင်း"

ကြောက်မက်ဖွယ် ဆင်အော်သံများ၊ ကျားဟိန်းသံ၊ တောမှောက်၍ တောခြောက်သံတွေ ညံသွားလေ၏။ တကယ်တော့ အားလုံးမှာ ဝိညာဉ်တွေ၊ တစ္ဆေသရဲတွေ ဖြစ်နေ၏။ တစ်ခါက ကျွန်တော်၏ ဘကြီး ဦးထွန်းလှ ပြောဖူး၏။

"တစ္ဆေသရဲဆိုတာ အစာရေစာငတ်နေသူတွေကို ခြောက်လှန့်ပြီး စားမယ်။ သေသူကို ထပ်မံ အဖော်ခေါ်သွားမယ်"

ဟု ပြောခဲ့မှုကို ပြန်သတိရမိ၏။

ဤဖြစ်ရပ်မှာ ကျွန်တော်တို့ သုံးယောက်နှင့် ရွာသားတွေအားလုံး ကိုယ်တွေ့ကြုံခဲ့ဖူးသော တစ်ခါက ဖြစ်ရပ်ဖြစ်သည်။

◈◈◈

ယခု ကိုမောင်မောင်ပြောပြသည့် မုန်ယိုဆင်ကြီးနှင့် ဆင်ဦးစီးတို့အဖြစ်အပျက်မှာ ၂၀၀၇ ခုနှစ်က ဆင်ဦးစီးကို သတ်ပြီး တစ်ခြမ်းကို ထိုသစ်ဆွဲဆင်ကြီး စားသွားခဲ့မှု ကျွန်တော်တို့ ခြောက်လှန့်ခံရသည်မှာ ၁၉၆၅ ခုနှစ်က အဖြစ်။ သို့သော် ဝိညာဉ်တွေထဲမှ အမျိုးသမီးနှစ်ဦးကား ကျားကိုက်ခံရ၍ သေဆုံးခဲ့ပါသော်လည်း ဆင်နှင့် ယောက်ျား လူတစ်ခြမ်းကား အဘယ်သို့ ဖြစ်ရသနည်း။

ကျွန်တော် မတွေးတတ်တော့။ ကိုမောင်မောင်အား ကျွန်တော်တို့ ဖြစ်ပျက်မှုအား အသေးစိတ် ပြောပြလေသောအခါ ကိုမောင်မောင်မှ ကျွန်တော်၏ လက်တွေ့ ကြုံရမှု၊ သူကိုယ်တိုင်လည်း အမတ်ကြီးကုန်းနယ်မြေတွင် သစ်စခန်းမှ ဆင်ကြီးတစ်ကောင် အပမှီကာ သခင်ဦးစီးကို သတ်၊ ခြေနှစ်ချောင်းအနက် ခြေတစ်ချောင်းအား ရှေ့လက်နှင့် နင်း၊ ကျန်ခြေတစ်ချောင်းအား နှာမောင်းဖြင့်ဆွဲ၊ လူနှစ်ခြမ်းကွဲ သေပွဲအဝင်၊ သူ၏ နှာမောင်းဖြင့် ထိုလူတစ်ခြမ်းအား ပါးစပ်ထဲသို့ ထိုးသွင်းစားသောက် ထွက်ပြေးသွားမှု သတင်းအားလုံး ဒေသခံ ဆင်သမားများ၊ သစ်ခုတ်အဖွဲ့သားများ၊ တောခေါင်းများပင်လျှင် ယနေ့တိုင် ပြောမပြီးနိုင်ခဲ့သော ဖြစ်ရပ်။ ဆက်စပ်၍ မရတော့။

"ရော်…အဲ့တာပ၊ အဲ့တာပ။ ကိုကျော်တွေ့တာနဲ့ အခု ဆင်နဲ့ ဆင်ဦးစီးဖြစ်ရပ်ပ၊ နှစ်တွေ ၄၀ကျော်လောက် ကွာတာပနော့"

"ကိုမောင်မောင်ရေ…ခင်ဗျားပြောသလိုပဲ၊ အဲ့ဩစရာပဲနော်"

"ကိုကျော်ပ… နောက်နေ့တွေမှာ တစ္ဆေသရဲခြောက်သေးလား။ ဟိုမိန်းမနှစ်ယောက်နဲ့ ကျားတို့၊ ဆင်တို့ရော"

"ကျွန်တော်တို့က ပစ်ခတ်ခြောက်လှန့်တာလေ။ သားကောင်အစစ် ဆင်တို့၊ ကျားတို့ဆိုတာကို ပစ်ခွင့်မရှိပါဘူး။ နောက်ပြီး ကျွန်တော်ကိုယ်တိုင်ကလည်း ခြောက်လှန့်နေတာဆိုတာ သိလို့ ခြောက်လိုက်တာ၊ နောက် တစ်ခါမှ မလာတော့ဘူး။ ကျွန်တော် စုံစမ်းပါတယ်။ ခြောက်တာလှန့်တာ မရှိတော့ပါဘူးတဲ့"

"ဩော်… အတိတ်ဖြစ်ရပ်နဲ့ ယခုဖြစ်ရပ် တစ်ထပ်တည်းလိုပဲတကား"

ဟုသာ ကျွန်တော် တအံ့တဩ တွေးခဲ့မိပါတော့သည်■

* * *

မင်းရဲခေ



www.burmeseclassic.com

www.burmeseclassic.com




အရိပ်ပမာနောက်သို့
လိုက်တတ်သော

# မင်းလေပြင့်

(မုဒုံ)

www.burmeseclassic.com

www.burmeseclassic.com

ရှေးအခါက သာဝတ္ထိပြည်၌ အလွန်ချမ်းသာကြွယ်ဝသော မဟာသုဝဏ္ဏ သူကြွယ်သည် အမွေခံ သားသမီးမရ၍ သစ်ပင်ကြီး၌ ပူဇော်ပ,သပြီး သားရအောင် ဆုတောင်းခဲ့၏။ ထို့နောက် သားနှစ်ယောက်ကို ရလာသဖြင့် တောဆိုးသစ်ပင်၌ ဆုတောင်း၍ ရလာခဲ့သည်ဟု အယူရှိသဖြင့် သားအကြီးအား "မဟာပါလ"၊ သားအငယ်အား "စူဠပါလ"ဟူ၍ အမည်ပေးခဲ့၏။

မိဘများ ကွယ်လွန်သွားသောအခါတွင် ကျန်နေသော စည်းစိမ်ချမ်းသာများကို သားနှစ်ယောက်တို့က အတူတကွ ခံစားကြ၏။

မဟာပါလသည် ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရား၏ တရားတော်ကို နာကြားရသဖြင့် ရဟန်းပြုပေးပါရန် မြတ်စွာဘုရားထံ လျှောက်ထား၏။ ညီဖြစ်သူက ဤမှ ရဟန်းပြုပါဟု တောင်းပန်၏။ အစ်ကိုဖြစ်သူက အိုမှ ရဟန်းပြုလျှင် အဘယ်မှာ တရားအားထုတ်နိုင်ပါမည်နည်းဟု ဆိုကာ ညီဖြစ်သူအား စည်းစိမ်ဥစ္စာများကို လွှဲအပ်ပေးပြီး ရဟန်းပြု၏။

မဟာပါလသည် မြတ်စွာဘုရားထံတွင် ကမ္မဋ္ဌာန်းတရားတော်ကို သင်ကြားနာယူ၏။ မြတ်စွာဘုရားသည် အရဟတ္တဖိုလ်သို့ ရောက်နိုင်သည်အထိ ကမ္မဋ္ဌာန်းတရားကို ပေး၏။

မဟာပါလသည် မိမိနှင့် သဘောချင်းတိုက်ဆိုင်သော ရဟန်းတော် ၆၀ တို့နှင့် ယူဇနာ ၁၂၀ ကွာဝေးသော ရွာကြီးတစ်ရွာကို ဆွမ်းခံရွာအဖြစ် အမှီပြု၍ တောကျောင်း၌ သီတင်းသုံးနေတော်မူကြသည်။

ဝါကပ်မည့်နေ့တွင် မဟာပါလ မထေရ်သည် အဖော်ရဟန်းတို့ကို ခေါ်၍ ဝါတွင်းသုံးလပတ်လုံး လုံးဝ လဲလျောင်းခြင်းမပြုဘဲ တရားအားထုတ်မည်ဟု မိန့်တော်မူ၏။ ၎င်းအတိုင်း အဓိဋ္ဌာန်ပြု၍ ကျင့်ကြံတော်မူ၏။ လုံးဝ မအိပ်ဘဲနှင့် တရားတော်ကို အားထုတ်တော်မူခဲ့ရာ မျက်စိရောဂါဖြစ်လာ၏။

ဆွမ်းခံချိန်သို့ ရောက်သောအခါတွင် ရဟန်းများသည် မထေရ်ထံသို့ ကြွသွားကြတော်မူရာ၌ မျက်စိတို့မှ မျက်ရည်ကျနေသည်ကို မြင်တွေ့ရသောအခါ ရဟန်းတို့က ဆေးဆရာကို အကြောင်းကြားပေးပါမည်ဟု ဆိုကြကာ ဆွမ်း ကြွသွားတော်မူကြသည်။

ဆေးဆရာသည် ဆီကို ချက်၍ ပို့ပေးပါသည်။ ဆေး ကို နှာခေါင်းမှ သွင်းရန် မှာကြားသည်။ သို့သော် မဟာပါ မထေရ်သည် မိမိကိုယ်ကို မိမိအဓိဋ္ဌာန်ပြုထားသည့်အတိုင်း မလဲလျောင်း မအိပ်စက်ဘဲ နေရသည်ဖြစ်၍ ထိုင်လျက် ဆေးကို နှာခေါင်းထဲသို့ သွင်းရပါသည်။

မဟာပါလ မထေရ်က စဉ်းစားဆင်ခြင်သည်မှာ သည် မျက်စိကို စောင့်ရှောက်မည်လော၊ သို့တည်းမဟုတ် မြတ်စွာဘုရား၏ သာသနာတော်ကို စောင့်ရှောက်မည်လော ဟု မိမိကိုယ်ကို မိမိမေးပါသည်။ မသိအပ်သောဘဝမှ ကျ လည်လာခဲ့ရသော သံသရာအဆက်ဆက်တို့တွင် ငါသည် မျက်စိကန်းခဲ့ရခြင်းဘဝသည် မရေမတွက်နိုင်အောင် ရှိခဲ့ ပြီဖြစ်သည်။ ယခု ဝါတွင်းသုံးလပတ်လုံး လျောင်းခြင်း မ ဘဲ တရားအားထုတ်ပါမည်ဟု အဓိဋ္ဌာန်ပြုခဲ့သည်။ အဓိဋ္ဌာန်ကို ဖျက်၍ မျက်စိကို စောင့်ရှောက်မည်၊ သို့မဟုတ် သာသနာတော်ကို စောင့်ရှောက်မည်ဟူသော အတွေး တွေးတောပြီး ငါသည် အသက်ကိုပင် မြတ်စွာဘုရား အပ်နှင်းထား၍ တရားတော်ကို အားထုတ်ခဲ့ခြင်းဖြစ်သည် မိမိကိုယ်ကို မိမိဆုံးမကာ ထိုင်ရင်းနှင့် ဆေးကို နှာခေါင်း သို့ ထည့်၍ ရွာထဲသို့ ဆွမ်းခံကြွလေသည်။

ဆွမ်းခံကြွစဉ် ဆေးဆရာက တွေ့သောအခါ မထေ အား ဤသို့မေးသည်။

"ဆေးကို နှာခေါင်းထဲသို့ ထည့်သွင်းရာ၌ အိ (သို့မဟုတ်) ထိုင်၍ ထည့်သနည်း"

မထေရ်က ဘာမှပြန်မပြောဘဲ ဆိတ်ဆိတ်သာ နေ သည်။ ဆေးဆရာက ဆေးချက်၍ မပေးတော့ကြောင်း လျှောက်ထားသည်။

ကျောင်းသို့ ရောက်သောအခါ မထေရ်က အဓိဋ္ဌာ မဖျက်ဘဲ ရဟန်းတရားကိုသာ ဆက်လက်၍ အားထုတ် ၏။ သန်းခေါင်ယံလွန်လျှင် မဟာပါလ၏ မျက်စိတို့ ပျက်ခြင်းအဖြစ်သို့ ရောက်သွား၏။ မရှေးမနှောင်း ကိလေသာတို့သည်လည်း ကင်းစင်သွားလေ၏။ မဟာ သည် မျက်စိပျက်ပြီးသည့်နောက် များမကြာမီပင် "သ ပဿက" ရဟန္တာဖြစ်၍ ကျောင်းတွင်းသို့ ဝင်၍ နေ

ဆွမ်းခံချိန်ရောက်လျှင် ရဟန်းတို့သည် မဟာ မထေရ်အား ဆွမ်းခံကြွရန် အကြောင်းကြား၏။ သို့ မျက်စိပျက်စီးနေ၍ ဆွမ်းခံမလိုက်နိုင်ကြောင်း ပြန်ပြော



www.burmeseclassic.com

www.burmeseclassic.com



ဟန်းများသည် စိတ်မကောင်းဖြစ်ကြကာ တပည့်တော်တို့ ခွင်းခဲ့ကျွေးပါမည်။ ဝတ်ကြီးဝတ်ငယ်အသွယ်သွယ်တို့ကို ည်း ပြုစုပေးပါမည်ဟု လျှောက်ထား၍ ဆွမ်းခံကြွသွား ည်။

ထိုသတင်းကို ဒါယကာ၊ ဒါယိကာမများက ကြားရ သောအခါ ဆွမ်းလာရောက်ပို့ကြ၏။ ထိုအခါမှ စ၍ မဟာ ပါလအား "စက္ခုပါလ"ဟူ၍ အမည်တွင်လေသည်။

◈◈◈

စက္ခုပါလ မထေရ်သည် ရဟန်းဖော် ၆၀ တို့အား ဆိုဆုံးမ တရားကို အားထုတ်စေခဲ့ရာ သတင်းကျွတ်လ ည့် ပဝါရဏာနေ့၌ အာသဝေါကုန်ခန်း ရဟန္တာများအဖြစ် ို့ ရောက်ကြကုန်သည်။

ဝါကျွတ်ပြီးသောအခါ ရဟန်း ၆၀ တို့သည် မြတ်စွာ ရားထံသို့ သွားရောက်ဖူးမြော်ရန် စက္ခုပါလ မထေရ်အား ပြီးခေါ်သော်လည်း မထေရ်က ခရီးနှောင့်နှေးကြမည် ိုးသဖြင့် မလိုက်နိုင်ဘဲ ရှိခဲ့သည်။

ထိုအခါ မထေရ်၏ညီ စူဠပါလထံသို့ အခေါ်လွှတ်မှ ခဲ့တော့မည့်အကြောင်း မှာကြားလိုက်သည်။ ရဟန်းများ သည် သာဝတ္ထိပြည်သို့ ရောက်လျှင် စူဠပါလ သူကြွယ်အား အကြောင်းစုံကို ပြောကြားသည်။ စူဠပါလသည် စိုးရိမ်ပူပန်စွာဖြင့် တူဖြစ်သူ ပါလိတကို ရှင်သာမဏေပြုစေပြီး စက္ခုပါလ မထေရ်ကို ပင့်ဆောင်ခဲ့ရန် စေလွှတ်လိုက်သည်။ ပါလိတ သာမဏေသည် မထေရ်ထံသို့ ရောက်ပြီး လျှောက်ထားသဖြင့် ပါလိတ သာမဏေ၏ တောင်ဝှေးစွန်းကို ကိုင်ကာ သာဝတ္ထိပြည်သို့ လိုက်လာခဲ့သည်။

ထိုသို့ လာခဲ့ရာတွင် တောအုပ်တစ်ခုအတွင်းသို့ ရောက်သောအခါ၌ ထင်းခွေ မိန်းမတစ်ယောက်၏ သီချင်းဆိုသံကို ကြားရသောအခါတွင် ပါလိတက ကိုယ်လက်သုတ်သင်ရန် သွားမည်ဟု ပြောပြီး စက္ခုပါလ မထေရ်ကို သစ်ပင်ရင်းမှာ ထားခဲ့သည်။ ပါလိတသည် သီချင်းသံကြားရာသို့ လိုက်သွားကာ ထင်းခွေ မိန်းမနှင့် ပေါင်းဖက်ခြင်းအမှုကို ပြုခဲ့သည်။ ထိုအခါ မထေရ်သည် ပါလိတ သွားသည်မှာ ကြာ၏။ ထင်းခွေ မိန်းမ၏ သီချင်းဆိုသံသည်လည်း ပျောက်၍သွားသည်ဖြစ်ရာ ပါလိတ သာမဏေသည် သီလပျက်ချေပြီဟု စဉ်းစားနေမိသည်။

ပါလိတ သာမဏေ ပြန်လာသောအခါတွင် စက္ခုပါလ မထေရ်၏ တောင်ဝှေးကို ကိုင်ရာ၌ ယုတ်မာသောအကျင့်ကို ပြုခဲ့ပြီဖြစ်၍ တောင်ဝှေးကို မကိုင်ပါနှင့်ဟု ဆိုသည်။ ပါလိတက အလွန်ထိတ်လန့်ဖြစ်သွားပြီး လူဝတ်လဲကာ ခရီးဆက်ကြရန် ဆိုသောအခါ၌ စက္ခုပါလ မထေရ်က လူမိုက်နှင့် ခရီးအတူမသွားလိုတော့ကြောင်း၊ တော၌ ဘေးဖြစ်လျှင်လည်း သေပါစေတော့ဟု ဆိုသည်။

ထိုအခါ ပါလိတ,က ငိုကြွေးလျက် စက္ခုပါလ မထေရ်ကို ထားခဲ့ပြီး ထွက်သွားလေတော့သည်။

လူသူမနီးသော တောကြီးအလယ်တွင် သစ်ပင်ရင်း၌ မျက်စိမမြင်သော စက္ခုပါလ မထေရ်တစ်ပါးတည်း ကျန်ခဲ့ချိန်တွင် အစာရေဆာတော်ပြတ်၍ သေဆုံးရန်သာ ရှိချေသည်။ ထိုအခါ သီလနှင့် ပြည့်စုံသူတစ်ဦးမှာ သီလ၏ တန်ခိုးတော်ကြောင့် သိကြားမင်းက လူ့ပြည်သို့ ဆင်းသက်လာပြီး သာဝတ္ထိပြည်သို့ ခရီးသွားမည့်သူအဖြစ် ဟန်ဆောင်လျက် စက္ခုပါလ မထေရ်၏ အနီးသို့ အသံပြုကာ ပင့်ခေါ်သည်။ မထေရ်က ခရီးနှောင့်နှေးမည်ကို စိုး၍ မလိုက်ပါဟု ငြင်းဆို၏။ ခရီးသွားဟန်ဆောင်သူ သိကြားမင်းကလည်း တပည့်တော်တွင် အကြောင်းထူး မရှိပါ။ အေးအေးဆေးဆေး သွားမည့်သူဖြစ်၍ လိုက်ပါရန် လျှောက်ထားသဖြင့် လိုက်ပါသွားတော်မူလေသည်။

သာဝတ္ထိပြည်သို့ ရောက်၍ စက္ခုပါလ မထေရ် ယခ



www.burmeseclassic.com

www.burmeseclassic.com

နေခဲ့သောကျောင်းသို့ ပို့ပေးခဲ့ပြီးနောက်၊ ညီတော် စူဠပါလ သူ့ကြွယ်အိမ်သို့သွားကာ မထေရ်ရောက်လာပြီဖြစ်ကြောင်း အကြောင်းကြားသည်။

စူဠပါလသည် နောင်တော်၏ခြေကို ဖက်၍ ငို၏။ တပည့်နှစ်ယောက်အား ရှင်သာမဏေပြုစေ၍ စက္ခုပါလ မထေရ်အား လုပ်ကျွေးစေ၏။

◈◈◈

ရဟန်းတော်များက မြတ်စွာဘုရားရှင်အား အရဟတ္တ ဖိုလ်သို့ ရောက်ရှိနေပါလျက်နှင့် အဘယ်ကြောင့် မျက်စိ ကန်းဖြစ်နေရပါသနည်းဟု လျှောက်မေးတော်မူ၏။ ထိုအခါ မြတ်စွာဘုရားက မိမိတို့ ပြုခဲ့သော ရှေးမကောင်းမှု ကံ ကြောင့် ကန်းရခြင်းဖြစ်သည်ဟု မိန့်ကြားတော်မူ၏။

စက္ခုပါလ မထေရ်သည် ရှေးအခါက ဗာရာဏသီပြည် မှ ဆေးဆရာတစ်ယောက်ဖြစ်ခဲ့ဖူးပြီး ရွာကြီးရွာငယ်တို့သို့ လှည့်လည်၍ ဆေးကုသပေးနေ၏။ ရွာတစ်ရွာတွင် မျက်စိ အားနည်းနေသော မိန်းမတစ်ယောက်ကို မြင်၍ မေးလျှင် မျက်စိတို့သည် မမြင်ပါဟု ထိုမိန်းမက ပြော၏။ ဆေးဆရာ က ငါဆေးကုပေးမည်၊ ဆေးဖိုးဝါးခ ဘယ်ရွေ့ဘယ်မျှ ပေး မည်နည်းဟု မေး၏။ ထိုမိန်းမက မျက်စိမြင်အောင် ကုပေး လျှင် ကျွန်ုပ်နှင့်တကွသော သားသမီးတို့ ဆရာ့ထံ ကျွန်ခံ ပါမည်ဟု ပြော၍ ဆရာသည် မျက်စိကုပေး၏။

တစ်ကြိမ် ဆေးထည့်ရုံမျှဖြင့် ပြန်ကောင်းလာ၏။ ထို မိန်းမက စဉ်းစားမိသည်မှာ မျက်စိကောင်းလာလျှင် သူနှင့် တကွသော သားသမီးများ ကျွန်ခံရမည်စိုး၍ ဆရာက မေး လျှင် မျက်စိမမြင်ရသေးပါဟု ဆိုမှ ဖြစ်မည်။

ဆေးဆရာသည် ထိုမိန်းမ လိမ်သည်ကို သိ၏။ သူ၏ ဆေးသည် တစ်ကြိမ်ထည့်ရုံနှင့် ပျောက်နိုင်သည်ကို သိနှင့် ၏။ ထိုမိန်းမသည် ဆေးဖိုးဝါးခ မပေးလို၍ တစ်ကြောင်း၊ ကျွန်မခံလို၍ တစ်ကြောင်းကြောင့် မျက်စိမကောင်းသေးဟု လိမ်၍ပြောလာသည်ကို ဆေးဆရာက ထိုမိန်းမ၏ မျက်စိ ကို ကန်းအောင် ပြန်၍ ဆေးထည့်ပေးလိုက်၏။ မျက်စိ နှစ်ဖက်လုံး ကွယ်သွားရရှာ၏။

ထိုစဉ်က ဆေးဆရာမှာ စက္ခုပါလ မထေရ်ပင် ဖြစ် သည်။ သူတစ်ပါးကို မျက်စိကန်းအောင် ပြုလုပ်ခဲ့ဖူးသော ရှေး မကောင်းမှုကံကြောင့် ၎င်းသည် ယခုဘဝတွင် မျက်စိ ကွယ်ရချေသည်။

မြတ်စွာဘုရားက စက္ခုပါလ မထေရ်သည် မိမိပြုလုပ် ခဲ့သော မကောင်းမှုကံသည် နောက်မှ အစဉ်လိုက်၏။ ဤ မကောင်းမှုကံသည် လှည်းဆွဲသောနွား၏ ခြေရာသို့ လှည်း ဘီးသည် အမြဲမပြတ် လိုက်နေသကဲ့သို့၊ မကောင်းမှုကံ သည် အမြဲမပြတ် တစ်ထပ်တည်းလိုက်၍ နေ၏ဟု ဟော ကြားတော်မူခဲ့ပါသည်။

နာမ်၊ ခန္ဓာ တရားလေးပါးတို့သည် စိတ်သာလျှင် ရှေ့သွားကြကုန်၏။ စိတ်သာလျှင် အကြီးအမှူးဖြစ်ကုန်၏။ စိတ်ဖြင့်သာလျှင် ပြီးကုန်၏။ အကယ်၍ ပြစ်မှားလိုသော စိတ်ဖြင့် ပြောဆိုခြင်းသည် လည်းကောင်း၊ ဤသို့ မကောင်း သောစိတ်ဖြင့် ပြောမိ၊ ပြုမိ၊ ကြံစည်မိသည်ရှိသော် ထို မကောင်းမှုကံကြောင့် လှည်းဘီးသည် လှည်းကို ရုန်းရသော နွား၏ခြေရာသို့ အစဉ်လိုက်သကဲ့သို့၊ ဆင်းရဲခြင်းအပေါင်းတို့ သည်လည်း ထိုသူတို့၏နောက်မှနေ၍ အစဉ်လိုက်နေခြင်း ဖြစ်သည်ဟု မြတ်စွာဘုရားက ထပ်မံ၍ တရားတော်ကို ဟောကြားတော်မူခဲ့ပါသည်။

◈◈◈

ထို့ကြောင့် ကျွန်ုပ်တို့သည် ဘဝသံသရာအဆက်ဆက် တို့တွင် ကျင်လည်နေရသည့်အခါသမယ၌ မကောင်းမှု အကုသိုလ်များကို ကိုယ်ဖြင့်သော် လည်းကောင်း၊ နှုတ်ဖြင့် သော် လည်းကောင်း၊ စိတ်ဖြင့်သော် လည်းကောင်း၊ မပြု မလုပ်မိ, မကြံစည်မိကြစေရန် အထူးသတိပြု၍ ရှောင်ရှား ကြစေလိုကြောင်း စေတနာကောင်းဖြင့် နှိုးဆော်လိုက်ရပါ သည်။ ■

* * *

မင်းစေမြင့်(ဇေ...)

ကျမ်းကိုး

- ဓမ္မပဒ။ -



www.burmeseclassic.com

www.burmeseclassic.com

အာဋာနာဋိယသုတ်သည် မြတ်ဗုဒ္ဓကိုယ်တော် ဟောကြားတော်မူခဲ့သော ဗုဒ္ဓဘာသိသောကများ ပရိတ်ကြီး (၁၁)သုတ်မှ ဖြစ်ပါသည်။ ပရိတ်ဟု သိလိုက်ရသည်နှင့် အရံအတား၊ အကာအကွယ်ဟု သိလိုက်ရသည်။ ထက်ဝန်းအရပ် ဆယ်မျက်နှာမှ ကျရောက်ဆဲ၊ ကျရောက်လတ္တံ့သော ဥပါဒ် အန္တရာယ်အသွယ်သွယ်တို့ကို တားဆီးကာကွယ် စောင့်ရှောက်တတ်သောကြောင့် ပရိတ်ဟု ခေါ်ပါသည်။ ပရိတ်ကြီး ၁၁သုတ်တွင် တစ်ပုဒ်ချင်းစီ၌ ကိုယ်ပိုင်အစွမ်းသတ္တိ အသီးသီး



# ကြောင်းဖြော်

## အာဋာနာဋိယသုတ်

www.burmeseclassic.com

www.burmeseclassic.com

ရှိကြပါသည်။ ပရိတ်ကြီး ၁၁သုတ်ကို မရွတ်နိုင်သည့်တိုင် မိမိ၏ ကြုံတွေ့နေရသော အခက်အခဲမှ ကျော်လွှားနိုင်မည့် ပရိတ်ကို ရွတ်ရုံနှင့် အန္တရာယ်အခက်အခဲမှ လွတ်မြောက်နိုင်ပါသည်။ မြတ်ဗုဒ္ဓက လောကသုံးပါးရှိ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့အား သံသရာမှ လွတ်မြောက်ပြီး မဂ်ဖိုလ် နိဗ္ဗာန်သို့ရောက်အောင် ကြိုးစားအားထုတ်ကြဆဲ ရဟန်းရှင်လူတို့ ပစ္စုပ္ပန်ကာလတွင် ဘေးဘယာ ကင်းဝေးစေရန် ပရိတ်တော်များကို ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်တို့၌ ထည့်သွင်းဟောကြားခဲ့ခြင်းဖြစ်ပါသည်။

အာဋာနာဋိယ သုတ်နှင့် ပတ်သက်၍ မြတ်ဗုဒ္ဓဟောကြားရာတွင် "ရဟန်းတို့···အာဋာနာဋိယ မည်သော အရံအတားကို သင်ယူကြကုန်လော့။ ရဟန်းတို့··အာဋာနာ[illegible] မည်သော အရံအတားကို အဖန်ဖန်လေ့လာကြကုန်လော့၊ ရဟန်းတို့··· အာဋာနာဋိယ မည်သော အရံအတားကို ဆောင်ကြကုန်လော့။ ရဟန်းတို့··အာဋာနာဋိယမည်သော အရံအတားသည် ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာယောကျ်ား၊ ဥပါသကာမိန်းမတို့၏ အကာအကွယ် အစောင့်အရှောက်ဖြစ်ခြင်းငှာ ချမ်းသာစွာ ဖြစ်ခြင်းမည်၏" ဟူ၍ ဖြစ်ပါသည်။

ထို့ပြင် အာဋာနာဋိယသုတ် ပါဠိတော်၌ မြတ်ဗုဒ္ဓကိုယ်တော်တိုင် ရဟန်းတို့အား အာဋာနာဋိယ အရံအတားကို သင်ယူကြရန် မိန့်ကြားတော်မူခဲ့ပါသည်။

"ရဟန်းတို့···မိမိကိုယ်ကို လုံခြုံစေခြင်းငှာလည်းကောင်း၊ မိမိကိုယ်ကို စောင့်ရှောက်ခြင်းငှာ လည်းကောင်း၊ မိမိအရံအတား ပရိတ်ကို ပြုခြင်းငှာ လည်းကောင်း။ မြွေမင်းလေးမျိုးတို့ကို မေတ္တာစိတ်ဖြင့် ဖြန့်ဝေခြင်းငှာ ခွင့်ပြုတော်မူ၏"

မြတ်ဗုဒ္ဓကိုယ်တော်တိုင် ရဟန်းတို့အား မြွေမင်းလေးမျိုးတို့ကို မေတ္တာပို့ရန် အထက်ပါအတိုင်း ခွင့်ပြုတော်မူခဲ့သည်။

အာဋာနာဋိယ ပရိတ်မှာ အပိုဒ်ခွဲ (၃၁)ပိုဒ်ရှိ၍ ရှည်ပြီး ရွတ်ဖတ်ရန် ခက်ခဲသော်လည်း အလွန်အစွမ်းထက်ပါသည်။ အာဋာနာဋိယ ပရိတ်မှာ အန္တရာယ်အသွယ်သွယ်ကို ကာကွယ်နိုင်သည့်အပြင်၊ မကောင်းဆိုးဝါး နာနာဘာဝများ၊ မိစ္ဆာများ၊ တစ္ဆေ မြေဖုတ်ဘီလူးများကိုသာမက၊ နတ်ကြမ်းဘီလူးကြမ်း စသည်ဖြင့် မကောင်းဆိုးဝါးများ အလွန်ကြောက်ရွံ့ကြရသော သုတ်တော်ဖြစ်ပါသည်။ ထိုသုတ်တော်ဖြစ်ပေါ်လာပုံကလည်း စိတ်ဝင်စားဖွယ်ကောင်းပါသည်။

မြတ်ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုတ်တောင်တွင် သီတင်းသုံးနေစဉ်အချိန်ဖြစ်သည်။ စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့သည် နောက်လိုက် စစ်သည်ဗိုလ်ပါ အခြံ[illegible] အရံပေါင်းများစွာ ခြံရံလျက် သန်းခေါင်ယံအချိန်တွင် မြတ်ဗုဒ္ဓထံသို့ ရောက်ရှိလာကြပါသည်။ ဝေဿဝဏ်နတ်မင်းကြီးသည် မြတ်ဗုဒ္ဓကို ဖူးမြင်ပြီး ဤသို့ လျှောက်ထား[illegible] သည်။

"အရှင်မြတ်ဘုရား··· သာသနာကို ယုံကြည်ကြကုန်[illegible] သော နတ်ဘီလူးများ ရှိသလို သာသနာတော်ကို မယုံကြည်[illegible] ကြကုန်သော နတ်ဘီလူးများလည်း ရှိကြပါသည် ဘုရား[illegible] သာသနာကို ယုံကြည်သည့် နတ်ဘီလူးများထက် မယုံကြည်[illegible] ကြသော နတ်ဘီလူးများက အရေအတွက်အားဖြင့် ပို[illegible] များပြားပါသည်။ မြတ်ဗုဒ္ဓက သူ့အသက်ကို သတ်ရန်[illegible] မကောင်းမှု ဒုစရိုက်များကို ရှောင်ကြဉ်ရန် ဟောကြား[illegible] ပါသော်လည်း အချို့သော ဘီလူးကြမ်း၊ နတ်ကြမ်းများ[illegible] မလိုက်နာလိုကြပါ။ ထိုသူတို့က မကောင်းမှု ဒုစရိုက်အ[illegible] များကို ကျူးလွန်မြဲ ကျူးလွန်လျက်ရှိကြပါသည်။ မ[illegible] မပြုလုပ်ရန် သတိပေးသူကိုပင် သူတို့ မနှစ်သက်ကြ[illegible] သတိပေး တားမြစ်သူများကို ရန်ရှာတတ်ကြပါသည်။ မြ[illegible] ဝေးကွာသောဒေသများတွင် ငြိမ်းအေးစွာ တရားကျင့်[illegible] နေကြသော ရဟန်းတော်များကို ထိုဒေသတွင် မ[illegible] အောင် ခြောက်လှန့်တတ်ကြပါသည်။ ရဟန်းတော်များ[illegible] အမျိုးမျိုးအနှောင့်အယှက်ပေးနေကြသဖြင့် ရဟန်းများ[illegible] မနှောက်ယှက်နိုင်ရန် မညှဉ်းဆဲ၊ မနှိပ်စက်နိုင်ရန် သူတို့[illegible] ဘေးရန်မှ ကာကွယ်ရန် အာဋာနာဋိယခေါ်သော သုတ်[illegible] ကို လက်ခံပေးတော်မူပါ ဘုရား"

မြတ်ဗုဒ္ဓကလည်း နတ်မင်းကြီးများ တင်ပြသ[illegible] အာဋာနာဋိယသုတ်ကို လက်ခံခဲ့ပါသည်။ မြတ်ဗုဒ္ဓ[illegible] သာသနာတော်ကို မယုံကြည်ကြသော နတ်ဘီလူး[illegible] သာသနာတော်ကို ကြည်ညိုလာစေရန်နှင့် ရဟန်းတော်[illegible] နှင့် သူတော်ကောင်းများကို မနှောင့်ယှက်စေဘဲ၊ ကူညီ[illegible] ရှောက်လာစေရန် အာဋာနာဋိယသုတ်တော်ကို ထ[illegible] ဟောတော်မူပါသည်။ မြတ်ဗုဒ္ဓကိုယ်တိုင် ဟောကြား[illegible] ထိုသုတ်တော်မှာ အာဋာနာဋိယသုတ်ဟူ၍ ပေါ်ပေါက်[illegible] ခြင်းဖြစ်ပါသည်။ ထိုသုတ်တော်မှာ ပရိတ်ကြီး (၁၁)[illegible] ပါဝင်လာပြီး ထင်ရှားကျော်ကြားလာခဲ့ပါသည်။

အာဋာနာဋိယသုတ်တော်မှာ စတုမဟာရာဇ် [illegible] ကြီးလေးပါးတို့ တညီတညွတ်တည်း အတည်ပြု[illegible]



www.burmeseclassic.com

www.burmeseclassic.com

တ်ဘီးလူးတို့ လိုက်နာရမည့် အမိန့်အာဏာတော်ဖြစ်ပါသည်။ ထိုသုတ်ကို ရွတ်ပါက နတ်ဘီးလူးများအပါအဝင် တ်၊ ပြိတ္တာ၊ တစ္ဆေတို့ အလွန်ကြောက်ရွံ့ကြပါသည်။ ထိုသုတ်တော်မှာ အလွန်အာဏာပြင်းထန်သဖြင့် ရွတ်ဖတ်သံကြားရုံနှင့် ကြောက်ရွံ့ကြခြင်းဖြစ်ပါသည်။

နတ်မင်းကြီးလေးပါးက အမည်ပေးသည့် အာဋာနာဋိယသုတ်ကို မြတ်ဗုဒ္ဓက ဖြည့်စွက်ရုံ ဖြည့်စွက်ပေးသဖြင့် ၏အမည်အတိုင်းပင် တွင်ခဲ့ခြင်းဖြစ်ပါသည်။ ထိုပရိတ်တော် ၏ အစွမ်းထက်မြက်မှုကြောင့် နတ်ကြမ်း၊ ဘီးလူးကြမ်းများ၊ တစ္ဆေသူရဲ အစိမ်း၊ ပြိတ္တာများက အန္တရာယ်ပြု နှောင့်ယှက်စက်ခြင်း၊ ဖမ်းစားခြင်းများကို အာဋာနာဋိယသုတ်က နိုင်နိုင်ပါသည်။ နေဝင်ဖျိုးဖျ နွားရိုင်းသွင်းချိန်တွင် ဖုတ် တစ္ဆေ အစိမ်းသူရဲများ မြူးတူးပျော်ပါးတတ်ရာ၊ ထိုသို့ နာနာဘာဝများ ပူးကပ်ပါက အာဋာနာဋိယသုတ်ကို ရွတ်ဖတ်၍ ရိုက်ခြင်း၊ ပရိတ်ရေနှင့် ပက်ဖျန်းခြင်းဖြင့် ချက်ချင်းပျောက်ကင်းပါသည်။

သို့ပြင် စုန်း၊ ကဝေ၊ ရွာသူတို့ နှောင့်ယှက်ပါကလည်း ပရိတ်ရေက နိုင်နင်းပါသည်။ နာနာဘာဝများ နှောင့်ယှက်၍ ယောင်ချောက်ချား ဖမ်းစားခြင်းခံရပါက ထိုပရိတ်ရွတ်ခြင်း နှင့် ချက်ချင်းပျောက်ကင်းပါသည်။ နတ်များကို လှည့်စားမိ၍ တ်များက ဖမ်းစားသည့်အခါများတွင်လည်း ထိုပရိတ်က ကောင်းဆုံး ကာကွယ်နိုင်ပါသည်။

မြို့ပြဒေသများ တွေ့ရ မြင်ရခဲသော်လည်း ကျေးလက် ဒေသများတွင် တစ္ဆေကြီး ပူးကပ်ခြင်း၊ စုန်း၊ ကဝေများ ဖျားခြင်းများ တွေ့ရတတ်ပါသည်။ တစ္ဆေကြီး ပူးကပ်ပါက ကျွေးမှ ထွက်သွားလေ့ရှိပါသည်။ စုန်း၊ ကဝေများက ပူးကပ်ခြင်းမှာလည်း အစာစားချင်၍ ပူးကပ်ခြင်းဖြစ်သဖြင့် စားချခြင်းဟူသော အစားအစာကို တစ်နေရာတွင် သွား ကျွေးမွေးရပါသည်။ အာဋာနာဋိယ ပရိတ်ကို ရွတ်သူ ပရိတ်ရွတ်ပြီး ပူးကပ်နေသူကို ပရိတ်ရေပက်ဖျန်းရုံဖြင့် နှောင့်အယှက်များ ချက်ချင်းထွက်သွားတတ်ပါသည်။

တောထဲ တောင်ထဲတွင် ဆိတ်ငြိမ်မှု လိုလား၍ ကိုယ်တော် ဖြစ်စေ၊ အဖော်အပေါင်းနှင့် သွား၍ တရား ရှုရန်သွားသောသူများဖြစ်သည့် ရဟန်းနှင့် လူပုဂ္ဂိုလ်များ ထိုနေရာတွင် မနေဝံ့အောင် ခြောက်လှန့်တတ်ခြင်းများ တတ်ပါသည်။ ထိုသို့ တောထဲသို့ သွားရပါက နတ်မင်းကြီး ပါးကို တိုင်တည်လျက် အာဋာနာဋိယသုတ်ကို ရွတ်ပါ ည်သည့်နာနာဘာဝမှ မနှောင့်ယှက်နိုင်ကြောင်း သိရပါသည်။ ညဘက်တွင် ထိုပရိတ်ကို ရွတ်၍ စည်းချအိပ်လျှင် လုံခြုံသည်ဟု သိရပါသည်။

ကျေးလက်တောင်သူများသည် မလွှဲမရှောင်သာသော ကိစ္စကြောင့် ညဘက် ခရီးသွားရပါက တောတောင် လျှိုမြောင်များ၊ သုသာန်များကို ဖြတ်ကျော်သွားရသည်ဖြစ်ရာ အာဋာနာဋိယသုတ်ကို ရွတ်ဆိုသွားပါက မည်သည့်အနှောင့် အယှက်မှ မတွေ့နိုင်ကြောင်း သိရပါသည်။

စာရေးသူ၏ ကိုယ်တွေ့အဖြစ်အပျက်တစ်ခုကို တင်ပြပါမည်။ မြို့များတွင် လူဦးရေထူထပ်မှုကို ဖြေရှင်းသည့်အနေဖြင့် မြို့အပြင်တွင် မြို့သစ်များ တိုးချဲ့ အကွက်ချ၍ ပေးသင့်သူများကို ခွဲဝေပေးခဲ့ပါသည်။ မြို့သစ်တွင် နေရာရသူများကလည်း အိုးပိုင်အိမ်ပိုင်ရပြီဖြစ်၍ ဝမ်းသာအားရ အမြန်ပြောင်းရွှေ့နေထိုင်ကြပါသည်။

မြေကွက်ဖော်ထုတ်ပေးသော အဖွဲ့များကလည်း မြို့ပြင်တွင် လမ်းပန်းဆက်သွယ်ရေး အချက်အချာကျသော နေရာများကို ရွေးချယ်စီစဉ်ပေးရခြင်းဖြစ်ရာ ရှေးသုသာန်ဟောင်းနေရာများလည်း ပါဝင်တတ်ပါသည်။

စာရေးသူ၏ ညီငယ်မှာ ညဘက် တိတ်ဆိတ်ချိန်တွင် ဆွဲဆွဲငင်ငင်အူတတ်သော ခွေးသံများကြောင့် ထိတ်လန့်နေကြရသည်။ အချို့မှာ နောက်က လိုက်လာသလို၊ ရှေ့မှ စောင့်ကြည့်နေသလို အရိပ်အရောင်ပြကာ ခြောက်လှန့်ကြပါသည်။ ပြောင်းရွှေ့လာသူများ ထိုနေရာတွင် ဆက်လက် မနေဝံ့လောက်အောင် ပုံစံအမျိုးမျိုးနှင့် ခြောက်လှန့်ကြပါသည်။ မြို့သစ်တွင် အေးချမ်းစွာ နေလို၍ ပြောင်းရွှေ့လာသူများမှာ မိမိအိမ်ဆောက်လုပ်ရာတွင် ကုန်ကျစရိတ်ထက် များစွာလျှော့၍ ရောင်းပြီးပြောင်းသွားကြပါသည်။ သို့ဖြစ်၍ မြို့သစ်မှာ တစ်နှစ်လာလည်း တိုးတက်မှု မရှိပါ။ ၂နှစ် ကြာလည်း တိုးတက်ခြင်း မရှိပါ။ စည်ကားတိုးတက်ရမည့် အစား ခြောက်ကပ်လျက် ရှိနေပါသည်။

တစ်နေ့ ဦးသူတော်ဆိုသူ လူကြီးတစ်ဦး မိသားစုနှင့် အတူ ပြောင်းရွှေ့ရောက်ရှိလာပါသည်။ ဦးသူတော်မှာ အေးဆေးဆိတ်ငြိမ်သောဒေသတွင် လွတ်လပ်စွာ နေတော့မည်ဟူသော ဆုံးဖြတ်ချက်ဖြင့် နှစ်ထပ်တိုက်ကြီးတစ်လုံး ဆောက်လုပ်ပြီးမှ ပြောင်းရွှေ့ခဲ့ကြခြင်းဖြစ်သည်။ ပတ်ဝန်းကျင်ရှိ အရင်ရောက်နှင့်နေကြသူများက ထိုအရပ်တွင် အခြောက်အလှန့် အနှောင့်အယှက်များ ရှိသဖြင့် ကြာရှည် မနေသင့်ကြောင်း ပြောပြကြပါသည်။ ဦးသူတော်ကမူ မည်သူ၏ စကားကိုမျှ နားမထောင်ဘဲ အခြောက်အလှန့်

www.burmeseclassic.com

ကိစ္စကို လုံးဝ စိတ်ပူပန်ခြင်းမရှိဘဲ၊ ထိုနေရာကို သန့်ရှင်းသွားအောင် လုပ်ပေးမည်ဟု ရဲရဲဝံ့ဝံ့ပြောဆိုခဲ့ပါသည်။ မိမိတို့ အိမ်များကိုသာ အမြန်ဆုံး ပြီးစီးအောင် ဆောက်လုပ်ပြီး ပြောင်းရွှေ့လာကြရန် ထပ်မံပြောပါသည်။ ဦးသူတော်မှာ ဘုန်းကြီးလူထွက်တစ်ဦးဖြစ်၍ စာတတ်ပေတတ် ပုဂ္ဂိုလ်ဖြစ်သဖြင့် သူ့ကို အားကိုးယုံကြည်သဖြင့် အိမ်များကို အမြန်ဆောက်ကာ ပြောင်းရွှေ့နေထိုင်ကြပါသည်။ ဦးသူတော်ကလည်း အိမ်သစ်တက် မင်္ဂလာတွင် ဘုန်းကြီးငါးပါးပင့်ပြီး ပတ်ဝန်းကျင်မှ လူသစ်များ၊ မိတ်ဆွေသစ်များအတွက် အကောင်းဆုံး မှာယူထားသည့် ဒံပေါက်ထမင်းဖြင့် ညှော်ခံကျွေးမွေးပါသည်။ အိမ်သစ်တက် မင်္ဂလာတွင် ပရိတ်ကြီး (၁၁)သုတ်ကို ရွတ်ဆိုပူဇော်သည်သာမက ကမ္မဝါလည်း ဖတ်ကြားပေးပါရန် ဘုန်းတော်ကြီးများအား လျှောက်ထားခဲ့ပါသည်။

နောက်နေ့တွင် ပတ်ဝန်းကျင်မှ လူများကို ဖိတ်ပြီး သူ၏ အိမ်မှစ၍ တစ်အိမ်လျှင် တစ်ရက်ကျ အလှည့်ကျ ပရိတ်ရွတ်ပါသည်။ ပရိတ်ရွတ်ရာတွင် အာဋာနာဋိယသုတ်ကို အထူးအလေးပေးခဲ့ကာ ရွတ်ဆိုခဲ့ကြပါသည်။ အိမ်တိုင်းစေ့ ရွတ်ဆိုပြီးသောအခါ ညနေဘက်တွင် လမ်းဆုံလမ်းခွများတွင် စုပေါင်းပရိတ်ရွတ်ကြပြန်သည်။

ထိုအချိန်မှစ၍ ထိုရပ်ကွက်တွင် အခြောက်အလှန့် အနှောင့်အယှက်မရှိတော့ပါ။ ညဘက်တွင် ကလေးလူငယ်များ အိမ်အပြင်ထွက်ရဲခဲ့ပါတော့သည်။ နောက်ထပ်တိုးလာသည့် အိမ်ရှိပါကလည်း ပရိတ်ရွတ်ပေးခဲ့ကြပါသည်။ မကြာမီ ထိုရပ်ကွက်တွင် အိမ်အပြည့်ဆောက်လုပ်ပြီးဖြစ်၍ လူစည်ကားသော ရပ်ကွက်တစ်ခုဖြစ်လာခဲ့ပါတော့သည်။

အာဋာနာဋိယသုတ်သည် နတ်မင်းကြီး လေးပါးကို အမှူးပြု၍ နတ်ဒေဝတာအပေါင်းကို မေတ္တာပို့ခြင်းဖြစ်ရာ နတ်များ အလွန်နှစ်သက်ကြပါသည်။ နတ်များကလည်း မေတ္တာတုံ့ပြန်သည့်အနေဖြင့် လူများကို ပြန်လည်စောင့်ရှောက်သဖြင့် မည်သည့်အနှောင့်အယှက်မှ မဝင်နိုင်တော့ပါ။ တစ်စတစ်စ ပရိတ်ရွတ်သံကို ကြောက်ပြီး နာနာဘာဝများ ဝေးကွာသွားသောကြောင့် စာဖတ်ပရိသတ်များလည်း မကောင်းဆိုးဝါးများ၏ အနှောင့်အယှက်နှင့် ကြုံတွေ့ရပါက အာဋာနာဋိယ သုတ်တော်ကို ရွတ်ကြပါဟု တိုက်တွန်းအပ်ပါသည် ■

* * *

ကောင်းသော


# ရှမ်းမလေးခေါက်ဆွဲ



အမှတ် (၉၈၂)၊ ရန်ပြေ (၄)လမ်းအနောက်၊ (၂/ခ)
ရပ်ကွက်၊ သာကေတမြို့။
၆၂-ကားစီး၍ ရန်ပြေမှတ်တိုင်ဆင်းပါ။
☎ ၀၁ - ၇၃၀၄၇၃၀၃

နေ့စဉ် - နံနက် (၇:၃၀) နာရီ မှ (၉:၀၀) နာရီ
ညနေ (၄:၃၀) နာရီ မှ (၈:၀၀) နာရီ

စနေ-တနင်္ဂနွေ - နံနက် (၈:၃၀) နာရီ မှ (၁၂:၀၀) နာရီ
ညနေ (၄:၃၀) နာရီ မှ (၈:၀၀) နာရီ

'က လေး ခေါ် မ လာ ရ ပါ ။'




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ရန်ကုန်မြို့ရှိ ကုမ္ပဏီကြီးတစ်ခုမှ ကုန်ပစ္စည်း အရောင်းမန်နေဂျာတစ်ယောက်ဖြစ်သည်။


ကုမ္ပဏီခွဲများသည် ပဲခူး၊ တောင်ငူ၊ ပြည်၊ မကွေး၊ မိတ္ထီလာ၊ မန္တလေး စသော မြို့များတွင် ရှိရာ ကျွန်ုပ်သည် ထိုမြို့များသို့ ကုမ္ပဏီမှ ပေးထားသော မော်တော်ကား၊ ယာဉ်မောင်း တစ်ယောက်အကူအညီဖြင့် မကြာမကြာ ခရီးထွက်နေရ၏။

ကျွန်ုပ်သည် ကားမောင်းတတ်၏။ ထို့ကြောင့် ယာဉ်မောင်းနှင့် ကျွန်ုပ်သည် ခရီးအနီးအဝေးကို လို[...] တစ်လှည့်စီ ကားမောင်းပြီး ခရီး[...] လေ့ရှိပါသည်။

တစ်နေ့တွင် ကျွန်ုပ်သည် [...] မောင်း ကြည်အောင်နှင့်အတူ ရန်[...] မှ ပဲခူးကို ဖြတ်၍ တောင်ငူသို့ ခရီး[...] ပါသည်။ ဦးစွာပထမ ပဲခူးရှိ ရုံး[...]

# မြသိန်း


# အဝေးပြေး ကားလမ်းပေါ်ဝယ်





www.burmeseclassic.com

www.burmeseclassic.com




…ပ်ငန်းဆောင်တာများကို လုပ်
…င်ငှသို့ မွန်းလွဲ နှစ်နာရီတွင်
…ပါသည်။ ညနေ နေဝင်ခါနီး
…သို့ ရောက်သောအခါ ယာဉ်
… ကြည်အောင်က ဆင်းနေရစ်ပါ
… မြို့တွင် သူ၏ မိတ်များ ရှိရာ
… စထွက်ကတည်းက သူ့ကို
… တစ်ညဆင်းနေရစ်ခဲ့ခွင့် ပြု
…ထားပါသည်။

…နောက်တစ်နေ့စောစောမှာ
… ကြုံရာကားနဲ့ မနက် ၈နာရီ
…လာခဲ့ပါ့မယ်"

… ကြည်အောင်က ခွင့်ပန်သောကြောင့် ကျွန်ုပ်သည် လိုက်လျော
ထားပြီးဖြစ်သည်။

ဖြူးနှင့် တောင်ငူမှာ မိုင် ၃၀ ကျော်ရှံသာ ရှိသောကြောင့် ကျွန်ုပ်သည် ဂျစ်ကားကို မောင်း၍ တောင်ငူသို့ သွားပါသည်။

ကားကို ခပ်မှန်မှန်မောင်းသွားလျှင်ပင် တောင်ငူသို့ ည ၈နာရီမထိုးမီ ရောက်နိုင်၏။ ဤလမ်းတွင် ကျွန်ုပ်သည် သွားနေကျဖြစ်၏။ ထို့ကြောင့် ည ၆နာရီခွဲသာသာ၌ ကျွန်ုပ်သည် ဖြူးမှ တောင်ငူသို့ ခရီးဆက်၏။

◈◈◈

ကုန်ကားကြီးများသည် ညဘက်တွင်သာ အသွားများကြ၏။ ၎င်းတို့၏ မီးရောင်များသည် စူးရှလွန်းသည့်အတွက် ကျွန်ုပ်သည် ကားကို သတိဖြင့် ခပ်မှန်မှန်သာ မောင်းရသည်။

သို့နှင့် အုတ်တွင်းမြို့နယ်ထဲသို့ ဝင်ခါစ၌ ကျွန်ုပ် မောင်းလာသော ဂျစ်ကားသည် ရုတ်တရက် စက်ရပ်သွားသောကြောင့် ကားအရှိန်မသေသေးမီ ကျွန်ုပ်သည် ကားကို လမ်းနံဘေးသို့ ကပ်၍ ရပ်လိုက်ရပါတော့သည်။

မိုးအကုန် ဆောင်းအကူး ရာသီဖြစ်သောကြောင့် ရာသီဥတုမှာ အေး…



www.burmeseclassic.com

www.burmeseclassic.com

ပြနေလေပြီ။

ပတ်ဝန်းကျင်တွင် လယ်ကွင်းများသာ ရှိပါသည်။ ကားရပ်ထားရာ အနီး၊ ရှေ့ကိုက် ၂၀ခန့်အကွာ၊ လမ်း၏ ညာဘက်ခြမ်း၌ သစ်ပင်ကြီးတစ်ပင် ရှိသည်။

ကျွန်ုပ်သည် ခရီးဆောင် လက်နှိပ်ဓာတ်မီး အကူအညီဖြင့် ကားစက်ဖုံးကို ဖွင့်၍ စစ်ဆေးပါသည်။ ကား၏ ဓာတ်ဆီတိုင်ကီထဲတွင် ဓာတ်ဆီ တစ်ဝက်နီးပါးရှိသေး၏။ ဆီလမ်းကြောင်းပိတ်သွားသောကြောင့် ကားရပ်သွားသည်ဟု ကျွန်ုပ် ထင်ပါသည်။ သို့သော် ကျွန်ုပ်သည် ခရီးမထွက်မီ ကား၏ အင်ဂျင်ပိုင်းကို ကားဝပ်ရှော့နှင့် အသေအချာစစ်ဆေးမှု လုပ်ထားပြီးဖြစ်၏။

ကျွန်ုပ်သည် မည်သို့လုပ်ရမည်နည်းဟု စဉ်းစားရင်း နဖူးမှ ချွေးများပင် ဆို့လာသည်။ လူပြတ်သော နေရာဖြစ်၏။

လမ်းပေါ်မှ ဖြတ်သန်းသွားသော ကုန်ကားကြီးများသည် ခပ်မှန်မှန်သာ သွားနေကြ၏။ ကျွန်ုပ်ကလည်း မတားပါ။

ကျွန်ုပ်သည် ဆောင်နေကျ လက်ဆွဲအိတ်ထဲမှ ငွေအချို့ကိုသာ ကျွန်ုပ်၏ အင်္ကျီအိတ်ထဲ ထည့်ပြီး ကျန်ပစ္စည်းများကို ကားနောက်ပိုင်း ထိုင်ခုံအောက်ရှိ သေတ္တာထဲတွင် သိမ်းထားလိုက်သည်။ ကားပြင်ရာ၌ အသုံးပြုသော လက်နက်ကိရိယာများကို ကားရှေ့ခန်း ထိုင်ခုံပေါ်တွင် တင်ထားလိုက်သည်။

ကားကို ဆီချို၍ နှိုးကြည့်သည်။ မနိုးပါ။ ကျွန်ုပ်သည် ဆက်မကြိုးစားတော့ပါ။ ခရီးသွား လက်ဆွဲခြင်းထဲ၌ ထည့်ထားသော ပုလင်းများထဲမှ ရေပုလင်းတစ်လုံးကို ယူ၍ တစ်ငုံသောက်လိုက်သည်။ ထိုလက်ဆွဲခြင်းထဲ၌ ရမ်အရက်တစ်ပုလင်း ပါလာပါသည်။ ကျွန်ုပ်သည် ယာဉ်မောင်း ကြည်အောင်၏ ရမ်ပုလင်း။

သူသည် ဖြူးမြူးအဆင်း၌ ထို ပုလင်းကို ယူမသွားပါ။ သူ့မိဘများကို လေးစားသောကြောင့် ယူမသွားခြင်းဖြစ်သည်။ အခြားအချိန်တွင် သူသည် အလုပ်ပြီးသောအခါ ရမ်ကို နှစ်ပတ်ခန့် သောက်လေ့ရှိ၏။ ကျွန်ုပ်မှာမူ အရက်သောက်သူ မဟုတ်ပါ။

တစ်ခါတစ်ရံ ကားနံဘေးမှ ဖြတ်သွားသော ကားများပေါ်မှ လူအချို့က "ဒီနေရာမှာ လူပြတ်တယ်"ဟု အော်ပြောသွားကြသည်။

ကျွန်ုပ်သည် လုယက်သူများ လာလျှင် ရှိတာ ပေးလိုက်မည်ဟု ဆုံးဖြတ်ထားပြီး ကားရှေ့ခန်းတွင် ထိုင်နေစဉ် ကားရှေ့ရှိ သစ်ပင်ကြီးဘက်ဆီမှ မည်းမည်းသဏ္ဍာန်တစ်ခု ကျွန်ုပ်ရှိရာသို့ လာနေသည်ကို တွေ့ရသည်။ ကျွန်ုပ်သည် အမှောင်ထဲ၌ ကျင့်သားရပြီး မြင်ရခြင်းဖြစ်သည်။ ကျွန်ုပ်သည် ကားပေါ်မှ ဆင်းလိုက်၏။

ထိုမည်းမည်းသဏ္ဍာန်မှာ လူတစ်ယောက်ဖြစ်နေကြောင်း ကားနားရောက်မှ ကျွန်ုပ် သိရသည်။

"ဘာဖြစ်တာလဲ"

သူသည် အသံတိုးတိုးနှင့် မေးသည်။ သူ့မျက်လုံးနှစ်လုံးမှာ အရောင်တောက်သည်။ မှောင်နေသောကြောင့် သူ့အသက်ကို ကျွန်ုပ် မခန့်မှန်းတတ်ပါ။

"ဘာဖြစ်မှန်း မသိဘူးဗျာ။ မောင်းလာရင်း ကားထိုးရပ်သွားတယ်"

ကျွန်ုပ်က ပြောသည်။

ကျွန်ုပ်သည် လက်နှိပ်ဓာတ်မီးကို ယူ၍ ကားစက်ခေါင်းကို ဖွင့်လိုက်သည်။

"မီးမထိုးနဲ့"

သူ့ထံမှ အသံတိုးတိုးထွက်လာသည်။ သူပြောသည့်အတိုင်း ကျွန်ုပ် နေလိုက်သည်။

"ကားစက်ကို တစ်ချက်နှိုးကြည့်ဗျာ"

သူက လေသံတိုးတိုးဖြင့် ပြောသောကြောင့် ကျွန်ုပ်သည် သူပြောသည့်အတိုင်း လုပ်လိုက်သည်။ စက်မနိုးပါ။

"တော်ပြီ ဆက်မနိုးနဲ့တော့"

သူသည် ထိုသို့ပြောပြီး…

"ခွတို့၊ ပလာယာတို့၊ ဝက်အူ လှည့်တို့ ပါသလား"

ဟု သူက မေးသည်။

"ပါပါတယ်"

ကျွန်ုပ်သည် ကားရှေ့ခန်းရှိ ထို ပစ္စည်းများကို မီးထိုး၍ ပြလိုက်သည်။

"မီးမထိုးနဲ့၊ ကျုပ်မြင်ရတယ်"

သူသည် ထိုသို့ပြောပြီး ကားပြင် လက်နက်အချို့ကို ယူ၍ ကားရှေ့သို့ သွားပြီး ကား၏ ပွိုင့်ပိုင်းကို ပြုပြင်သည်။ သူက ကျုပ် မြင်ရတယ်ဟု ပြောသောကြောင့် ကျွန်ုပ်သည် လက်နှိပ်ဓာတ်မီး မထိုးပါ။ ၁၀မိနစ်ခန့် အကြာတွင် သူသည် ကျွန်ုပ်အား…

"စက်နှိုးကြည့်ပါ"

ဟု ပြောသောကြောင့် ကျွန်ုပ်သည် သူပြောသည့်အတိုင်း လုပ်လိုက်ရာ ကားစက်နှိုးသွားပါသည်။

သူသည် ကားစက်အဖုံးကို ပိတ်၍ ကျွန်ုပ်ရှိရာသို့ လာပြီး ကားပြင် လက်နက်ကိရိယာများကို ကားရှေ့ခန်းထဲ ပစ်ထည့်လိုက်ပါသည်။

"စက်ရပ်ပြီး ပြန်နှိုးကြည့်"

သူက ပြောသောကြောင့် ကျွန်

www.burmeseclassic.com

www.burmeseclassic.com

...သည် သူပြောသည့်အတိုင်း ပြုလုပ်
...စက်သည် ပြန်နိုးလာပါသည်။

"ကျေးဇူးတင်တယ်ဗျာ၊ ကျွန်တော်
...ကားပြင်ခ ပေးပါရစေ။ နောက်ပြီး
...င်ဗျားကို ဘယ်ကို လိုက်ပို့ပေးရမလဲ"

ကျွန်ုပ်က မေးရာ...

"မလိုဘူး။ ကျုပ်ကို အရက်
...စ်ပုလင်းပေး"

သူက ထိုသို့ပြောသောကြောင့်
...ျွန်ုပ်သည် အောင်ကြည်၏ ရမ်ပုလင်း
...ကို ပေးလိုက်သည်။

သူသည် ထိုပုလင်းကို ယူပြီး
...သစ်ပင်ကြီးရှိရာသို့ ခပ်သုတ်သုတ်
...ထွက်သွားပါတော့သည်။

ကျွန်ုပ်၏ လက်ပတ်နာရီက ည
...နာရီကို ပြနေသည်ကို လက်နှိပ်
...ဓာတ်မီးအကူအညီဖြင့် တွေ့ရသည်။

"သစ်ပင်ကြီးနားမှာ လူနေအိမ်
...ရှိတယ် ထင်တယ်"

ကျွန်ုပ်သည် ထိုသို့... ရင်း
...ဓာတ်မီးကြီးကို မဖွင့်ဘဲ မီးသေးဖြင့်
...ကို မော...ခဲ့ပြီး သစ်ပင်ကြီး
...တွင်... ၍ ကြည့်ရာ ဘယ်သူ့...
...တွေ့ရ။

"ဟင်... ကားပြင်ပေးတဲ့လူ
...ပျောက်သွားပါလိမ့်"

ကျွန်ုပ်သည် စိတ်ထဲမှ ပြော
...မိသည်။ ထိုသူ၏ အရိပ်အရောင်
...မ တွေ့ရသလို သစ်ပင်ကြီးတစ်ဝိုက်
...တွင်လည်း လူနေအိမ်များ မတွေ့ရ။

"မနက်ဖြန် တောင်ငူက အပြန်
...ကြည့်တော့မယ်"

ဟု ကျွန်ုပ်သည် စိတ်ထဲမှ ပြော
...ကာ ကားကို မောင်း၍ ထိုနေရာမှ
...ထွက်ခွာလာပါတော့သည်။

စိတ်ထဲ၌ မရှင်းပါ။

◈◈◈

တောင်ငူသို့ ည ၁၁နာရီထိုးခါနီး
မှ ရောက်သည်။ တောင်ငူရုံးခွဲမှ မန်
နေဂျာသည် ကျွန်ုပ်ကို စောင့်နေ၏။

"လမ်းမှာ ကားပျက်နေတယ်
ထင်တယ်"

ဟု မန်နေဂျာက ပြောရာ...

"ဟုတ်တယ်ဗျာ"

ကျွန်ုပ်သည် ထိုသို့ပြောပြီး ဖြစ်
ရပ်ကို အကျဉ်းချုံး၍ ပြောပြလိုက်
သည်။

"ဆရာ ဦးမြင့်ဆွေ၊ ဆရာဟန်နဲ့
တွေ့ခဲ့ပြီထင်တယ်"

ဟု ပြုံးစိစိမျက်နှာလေးနှင့် ပြော
ရာ ကျွန်ုပ်က...

"ဆရာဟန်...ဟုတ်လား၊ သူက
ဘယ်သူလဲ"

ဟု ခပ်မြန်မြန်မေးလိုက်ပါသည်။

"အတွင်းက စက်ပြင်ဆရာ
ဆရာဟန်၊ အဲဒီနေရာမှာ ကားမှောက်
ပြီး သေသွားတာ တစ်နှစ်လောက်ရှိပြီ။
သူက အရက်သမား။ ကားပြင်ပြီး ဖြူး
ဘက်ကို ကားအမောင်းစမ်းရင်းနဲ့ သွား
တာ အရက်သိပ်မူးနေပြီး အဲဒီ ကုက္ကို
ပင်ကြီးနေရာမှာ ကားမှောက်ပြီး သေ
သွားတယ်။ သူ့တပည့်ကတော့ မသေ
ဘူး။ အဲဒီကတည်းက အဲဒီနေရာမှာ
ညဘက်သွားတဲ့ ကားတွေ၊ တချို့ကား
တွေ စက်ရပ်သွားတယ်။ ဆရာဟန်က
ထွက်လာပြီး ပြင်ပေးတယ်။ အရက်
တောင်းသောက်တယ်လို့ သတင်းကြီး
တယ်"

မန်နေဂျာ ဦးသက်တင်က ရှင်းပြ
သည်။

"အရက်မပါရင် ဘယ်လိုလုပ်
မလဲ"

ကျွန်ုပ်က မေးရာ...

"သူက အရက်ပါတဲ့ ကားကိုမှ
ရွေးပြီး ရပ်အောင် လုပ်ပုံရတယ်"

ဟု ဦးသက်တင်က ပြောသည်။

"အေးဗျာ၊ အပြန်ကျရင် အဲဒီ
နေရာမှာ ရပ်ပြီး လေ့လာမယ်"

ဟု ကျွန်ုပ်က ပြောသည်။

"အရက်တော့ ယူသွားနော်"

ဟု ဦးသက်တင်က ပြော၏။

◈◈◈

နောက်တစ်နေ့တွင် နံနက်
၈နာရီ၌ ယာဉ်မောင်း ကြည်အောင်
ရောက်လာရာ ကျွန်ုပ်က ယမန်နေ့
ညက ဖြစ်ရပ်ကို ပြောပြလိုက်သည်။

"ဟုတ်တယ် ဆရာ။ အဲဒီနေရာ
ဟာ လူပြောများတယ်"

ဟုသာ ပြောပါသည်။

ထိုနေ့ မွန်းလွဲပိုင်းတွင် တောင်ငူ
၌ အလုပ်ကိစ္စများပြီး၍ ကျွန်ုပ်နှင့်
ကြည်အောင်သည် တောင်ငူမှ ဖြူးသို့
ထွက်လာပါသည်။

ယမန်နေ့ညက ကားပျက်ရာ
ကုက္ကိုပင်အနီးအရောက်၌ ကျွန်ုပ်သည်
ကားကို ရပ်စေပြီး ကုက္ကိုပင်တစ်ဝိုက်
ကို သွားရောက်လေ့လာရာ ရမ်ပုလင်း
အလွတ်တစ်လုံးသည် ကုက္ကိုပင်အနီး
ရှိ ချုံပုတ်တွင် လဲနေ၏။ အဖုံးမှာလည်း
ပွင့်နေ၏။

ကျွန်ုပ်သည် တောင်ငူမှ ဝယ်
လာသော ရမ်ပုလင်းကို ယူ၍ ထိုနေရာ
တွင် ထားလိုက်ပါသည်။

"ဆရာဟန်အတွက် ယူခဲ့တာပါ။
ဆရာဟန် ကောင်းရာအရပ်ကို ရောက်
ပါစေလို့ ဆုတောင်းပါတယ်"

ဟု ပြောပြီး ကားဆီသို့ ပြန်လာ
ပါသည်။

ကြည်အောင်သည် ကားကို
မှန်မှန်ဆက်မောင်းပါသည်။

ကျွန်ုပ်သည် ထူးဆန်းသော
ထိုဖြစ်ရပ်ကို ရင်ထဲ၌သာ သိမ်းထား
ရန် ဆုံးဖြတ်လိုက်ပါသည်■

* * *

ပြင်နိုး



www.burmeseclassic.com

www.burmeseclassic.com

# အရိပ်မြုံကလေးတို့ ခိုနားရာ

မင်းတိုင်ပင်
(မြရောင်မြေ)



မော်ဘီမြို့က ဦးဇော်ထွန်းထံမှ ဖုန်းဆက်လာ၏။ သမိဒ္ဓေါယ(ဖျာပုံ) သီလရှင်စာသင်တိုက်သို့ လာရောက်လေ့လာရန်အတွက် စာရေးသူအား ဖိတ်ခေါ်လာသည်။ ဒီနှစ်က ရေကြီးရေလျှံဖြစ်နေတဲ့ မော်ဘီကို လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိ၍ ရေကျရက်မှ သွားမည်ဟု ဆုံးဖြတ်ခဲ့၏။

၁-၉-၂၀၁၃ နေ့က ဖြစ်၏။ မော်ဘီရောက်တော့ ကန်သာယာလမ်းထိပ်မှာ ဦးဇော်ထွန်း လာစောင့်နေသည်။ မြို့မ တိုးချဲ့ ၄ရပ်ကွက်သို့ ခြေလျင်လျှောက်ကြ၏။ မြို့စွန် မော်ဘီချောင်းကမ်းနဖူးမှာ အဆောက်အအုံကြီးကို လှမ်း... လိုက်ရ၏။

"အဲဒါ ကျွန်တော်တို့သွားမယ့် သီလရှင်စာသင်... ကြီးပဲဗျ"

"ဒါဆို ဟို သာသနာ့အလံတွေကလည်း ဘုန်း... ကျောင်းတွေလား"

"ဟုတ်ပါတယ်။ ဒီမှာက စာသင်တိုက်တို့၊ ဘုန်း... ကျောင်းတို့၊ ခရစ်ယာန်ကျောင်း၊ ချင်းကျောင်း၊ တရုတ်... တွေ ရှိတယ်။ စုံတယ်၊ ဘာသာစုံပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း…မော်ဘီကတော့ ဇေယျာရွှေမြေလို့ တင်စား ာက်ပါတယ်"

"စစ်ကိုင်းကို ပြောတာလား။ မှန်တယ် ဒီမှာလည်း ောင်ပေါင်းများစွာရှိတယ်"

"ဟုတ်တာပေါ့ ဦးဇော်ရယ်။ သမိုင်းပြောင်မည့်မှူးကဲ့ ကိုင်းတောင်ရိုးလို တစ်ထပ်တည်း တူနေတယ်"

"ကဲ - ရောက်ပြီ၊ လာ - အပေါ်ထပ်တက်ကြစို့။ ာက်ထပ်ကတော့ ရေလွှတ်အောင် ဆောက်ထားတာ"

စာရေးသူတို့ ရောက်တဲ့အချိန်က စာသင်ခန်းဝင်တဲ့ ်ဆိုတော့ ကျောင်းသား၊ ကျောင်းသူ ကလေးများအား စာသင်နေကြတယ်။ ဆရာမများက အတန်းအလိုက် ျ သင်ကြားနေကြတယ်။ သီလရှင်လေးများ၊ ကိုရင်လေး သည်း တွေ့ရတယ်။ ဆရာမတွေကို တာဝန်ခံတဲ့ ောင်းဆရာမကြီးတစ်ဦးလည်း ရှိနေပါတယ်။

မကြာမီ ဆရာလေးနှစ်ဦး စာရေးသူနှင့် ဦးဇော်ထွန်းတို့ ညှို့ခံဖို့ လက်ဖက်ရည်နှင့် မုန့်များ လာချပြီး ဖော်ရွေ ွာဖြင့် သုံးဆောင်ပါရန် ပြောပါ၏။ ဒီတော့ ဦးဇော်ထွန်း …

"ဆရာလေး ဒေါ်သုမေ့မစာရီလို့ ခေါ်ပါတယ်။ ဟိုဆရာ က ဒေါ်ဝဏ္ဏထေရီတဲ့။ ပထမ၊ ဒုတိယ ကျောင်းအုပ် လေးတွေပါ"

"ဟုတ်ကဲ့၊ ဝမ်းသာပါတယ်။ ဆရာလေးတို့က ခုလို စာသင်တိုက်တစ်ခုတည်ထောင်တော့ ပိုလို့အံ့သြမိပါတယ်။ ကျေးဇူးလည်း အထူးတင်မိပါတယ်"

"ကဲ - ဆရာ၊ ကျွန်တော်တို့ ဒီသီလရှင်စာသင်တိုက် သမိုင်းကြောင်း သိလိုတာ ဆရာလေး ရှင်းပြမှာပါ"

◈◈◈

"ဆရာလေး ဒေါ်သုမေ့မစာရီတို့ အခု စာသင်တိုက်က ဘယ်တုန်းက ဖွင့်လှစ်ပြီး ဘယ်သူက စတင်တည်ထောင်ပါ သလဲ"

"ဒီလိုပါ ဒကာကြီး။ ဆရာလေးတို့ ရောဝတီတိုင်းမှာ ၂၀၀၈ ခုနှစ်၊ နာဂစ်မုန်တိုင်းတိုက်စဉ်က ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ၊ တိုင်းအနှံ့တစ်ခွင်လုံး လေဒဏ်၊ ရေဒဏ်နဲ့ လူ ပေါင်းများစွာ အသက်အိုးအိမ်တွေ ဆုံးရှုံးကြပြီး မိမဲ့ဖမဲ့ နိုကိုးစရာ အရိပ်မဲ့ကလေးများကို ကယ်ဆယ်နိုင်ဖို့ ဆရာ ကြီး ဒေါ်စန္ဒသိင်္ဂီ (သမိဒ္ဓေါဒယ-ဖျာပုံ-သီလရှင်စာသင်တိုက်) ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်ထံ ခွင့်ပြုချက် တင်ပြပါ တယ်။ ဒီနောက်မှာတော့ ဖြစ်မြောက်ရေးအကျိုးတော်ဆောင် အဖွဲ့ ဖွဲ့စည်းပြီးတော့ ယခု ယမုံနာ(စီ)လမ်းထိပ်မှာ မြေနေရာ ယူပြီးတော့မှ အလှူရှင် ဦးကျော်ခင်နှင့် ထိုင်ဝမ် မိသားစုများ က အာစီကျောင်း ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။ အလျား ၁၂၀ပေ၊ အနံ ၃၂ပေရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို ဆောက်လုပ်တဲ့ အချိန်နဲ့ ဖွင့်လှစ်တဲ့နေ့ သိနိုင်ပါသလား"

"၁၃၇၅ ခုနှစ်မှာ ပန္နက်ချပြီး ၁၁-၅-၂၀၁၃ နေ့မှာ စတင်ဆောက်လုပ်ခဲ့ပါတယ်။ ၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၁ရက်(ဇွန်လ ၉ရက်၊ ၂၀၁၃)နေ့မှာ သမိဒ္ဓေါဒယ ဖျာပုံ သီလရှင်စာသင်တိုက်နှင့် သီလရှင်(အမျိုးသမီး)ပရဟိတ ပညာရေးကျောင်းကို ဖွင့်လှစ်ခဲ့ပါတယ်"

"ဆရာလေး • • • အခု မိဘမဲ့ သီလရှင်ကလေး ဘယ်နပါးရှိပါသလဲ"

"သီလရှင်ဆရာလေး ၂၈ပါးအပြင်၊ ကိုရင် ၁၁ပါး၊ ကျောင်းသား-ကျောင်းသူ ၅၆ယောက် ရှိပါတယ်။ သီလရှင်များမှအပ ကျန် ကိုရင်၊ ကျောင်းသား-ကျောင်းသူတွေကတော့ နေ့ဘက် စာသင်ပြီး ညဘက်တော့ သူတို့အိမ် ပြန်အိပ်ကြပါတယ်။ ဒီရပ်ကွက်ထဲက မိဘမဲ့၊ ချို့တဲ့ပြီး ပညာမသင်နိုင်တဲ့ ကလေးတွေပါ"


"ဆရာလေးနဲ့အတူ တာဝန်ယူထားတဲ့ ဆရာလေး ဒေါ်ဝဏ္ဏာထေရီအပြင် ဆရာ၊ ဆရာမများ ဘယ်နယောက်ရှိပါသေးလဲ"

"လစာနဲ့ ဆရာမ ၅ယောက်၊ တစ်လ ၅သောင်းနှုန်းအပြင်၊ စေတနာဝန်ထမ်း အငြိမ်းစား ဆရာမကြီး ဒေါ်ခင်မြဆက်က ကြီးကြပ်တာဝန်ယူ သင်ကြားပေးပါတယ်။ မိတ္ထီလာက ဆရာမ ဒေါ်ဇာဇာဝင်းရယ်၊ ဒေါ်အေးမြတ်နုတို့ကလည်း စေတနာထား သင်ကြားပေးကြတယ်။ ပညာဒါန သင်ကြား တဲ့ ဆရာမ ၄ဦးလည်း ရှိပါတယ်။ အားလုံး သူငယ်တန်း စတုတ္ထတန်းအထိ သင်ကြားပေးနေပါတယ်။ ကျောင်းအိ ကျောင်းစား လှူဝတ်ကြောင်းကိုတော့ လက်မခံပါဘူး"

"ဆရာလေးတို့…စာသင်တိုက်ဖွင့်တဲ့ ရည်ရွယ်ချ သိပါရစေ"

"အဲဒါကိုတော့ ဒေါ်ထေက ရှင်းပြပါလိမ့်မယ် ဆရာ"


"ဒီလိုပါ ဒကာကြီး။ စာသင်တိုက်တစ်ခုဖွင့်ဖို့ဆို လိုအပ်တဲ့ ဝတ္ထုပစ္စည်းတွေ လှူဒါန်းဖြည့်ဆည်းပေးမ ဒကာ၊ ဒကာမ အလှူရှင်တွေရှိမှ အောင်မြင်ပါတယ်။ ဆ လေးတို့ရဲ့ ရည်ရွယ်ချက်က မြတ်ဗုဒ္ဓ သာသနာတော်ကြီး မျိုးဆက်သစ်များ ပေါ်ထွန်းပြီး စည်ပင်ပြန့်ပွားရန်၊ မြ ဗုဒ္ဓသာသနာတော်၌ သီလရှင်များက ပဋိပတ္တိ၊ ပရိယ ပဋိဝေဒ သာသနာသုံးရပ်အား သယ်ပိုးဆောင်ရွက် ဘာသာရေးကို စိတ်ဝင်စားသော အမျိုးသမီးများ သီလ ဝတ်ပြီး ဗုဒ္ဓစာပေနှင့် ခေတ်ပညာ မူလတန်းမှ တက္ကသို ပညာအထိ ပညာသင်ကြားပေးရန်၊ အမျိုးသမီးများ အနာဂ ၌ အသိအလိမ္မာ ဉာဏ်ပညာများ တိုးတက်ကာ လူမျိ ဘာသာ၊ သာသနာနှင့် နိုင်ငံဂုဏ်ကို ထိန်းသိမ်းသူများ ဖြစ် စေရန်၊ သီလရှင် လောကီစာပေနှင့် လောကုတ္တရာ စာပေ





www.burmeseclassic.com

www.burmeseclassic.com



…ြောက်လာလျှင် ဗုဒ္ဓ၏ ငြိမ်းချမ်းသော ဓမ္မစာပေကို …သည်ဖြန့်ဝေပေးရန်တို့ ဖြစ်ပါတယ်"

"ကောင်းတဲ့ ရည်ရွယ်ချက်ပါပဲ ဆရာလေး။ သာဓုခေါ် … သာဓု…သာဓု…သာဓု။ ဒီလိုဆို တစ်ဆက်တည်း …ရစေ၊ ကျောင်းအိပ် သီလရှင်ကလေးတွေရဲ့ စားဝတ် …ကရော ဘယ်လိုဆောင်ရွက်ပါသလဲ"

"သီလရှင်ကလေးများက အရိပ်မဲ့တဲ့၊ မိဘမရှိတဲ့ …တွေပါ။ အငယ်ဆုံး ဒေါ်ဝိမလက ၇နှစ်ပဲ ရှိပါသေး … သူတို့ဝတ်စုံ၊ နံနက်ဆွမ်း၊ နေ့ဆွမ်း အားလုံးအပြင် …သားတွေအားလုံးကို နေ့လယ်စာပါ ကျွေးရပါတယ်။ …ာင်းသားတွေရဲ့ ဝတ်စုံ၊ ကိုရင်တွေရဲ့ သင်္ကန်းတို့ကို … ဆရာလေးတို့က အလှူရှင်တွေ ရှာပြီး လှူဒါန်းရပါတယ်။ နောက်ပြီး စာသင်ဖို့ အထောက်အကူ ပစ္စည်းတွေဖြစ်တဲ့ စာအုပ်၊ ဘောပင်က စလို့ အားလုံးလှူဒါန်းရပါတယ်"

"တော်တော်ကြီးလေးတဲ့ တာဝန်ပါပဲ။ နောက်ပြီး ဆွမ်းချက်တော့ ဘယ်သူတွေက ချက်ပါသလဲ"

"ဆရာလေးတို့နဲ့ နောက် ဆရာလေးတစ်ပါးရယ်၊ ဆရာမတွေရယ်ကပဲ ချက်ရပါတယ်။ တစ်နေ့ကို ဆန် ၈ပြည်ပဲ၊ ဟင်းသီးဟင်းရွက်၊ ကြာဆံတို့နဲ့ ရောနှောချက်ရတာပေါ့"

"ဒါဆို ဆွမ်းတစ်နေ့စာ တန်ဖိုး ဘယ်လောက်ကျသင့်ပါသလဲ"

"ဆွမ်းကတော့ တစ်သိန်းကျမယ်။ အချိုပွဲ အအေးဆို သုံးလေးသောင်းလောက် ရှိပါတယ်"

"နေ့စဉ် နိစ္စဓူဝ အလှူကြီးတစ်ခုလိုပါပဲ။ အလှူရှင်








www.burmeseclassic.com

www.burmeseclassic.com



တွေ ရှိတတ်ပါသလား"

"တစ်ခါတလေတော့ လှူပါတယ်။ တချို့လည်း တ‌ေက်အားသရွေ့ လာလှူကြပါတယ်"

"ဒီလို ရေထဲမိုးထဲမှာ မိဘမဲ့ကလေးနဲ့ ဆင်းရဲချို့တဲ့ တဲ့ ကလေးတွေ ပညာရေးအတွက် အထောက်အကူပြု၊ နိုကိုးရာ၊ ကွန်းခိုရာ ကျောင်းဆောက်တဲ့ ဆရာလေးတို့က တော့ သာသနာ အာဇာနည်တွေပါပဲ။ ဆရာလေးတို့ရဲ့ ထေရုပ္ပတ္တိလေး မိန့်ပါဦး"

"ဆရာလေးဘွဲ့က ဒေါ်သုမမ္မာစာရီ၊ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံ စံပြကျေးရွာ၊ အဘ ဦးသိန်းဖေ၊ အမိ ဒေါ်ဌေးတို့က ၁၃၄၇ ခုနှစ်မှာ မွေးဖွားပါတယ်။ ၇နှစ်သမီးကတည်းက




ဖျာပုံကျောင်းဆရာကြီး ဒေါ်စန္ဒသိင်္ဂီထံ ဥပဇ္ဈာယ်ပြု သာသနာဘောင် ဝင်ခဲ့ပါတယ်။ ဒီသီလရှင်စာသင်တိုက်မှာပဲ ငယ်၊ လတ်၊ ကြီးအထိ ဆရာကြီးက စာချပေးခဲ့ပါတယ်။ ဓမ္မာစရိယတန်းကို တိပိဋကယောဆရာတော်ထံမှာ သင်ယူပြီး အောင်မြင်ခဲ့ပါတယ်။ ၁၃၇၁ ခုနှစ်မှာ စာဝါချပြီးတော့ ယခု ၁၃၇၅ ခုနှစ်မှာ ဒီကျောင်းကို စတင်ရောက်ခဲ့ပြီး သာသနာပြုလုပ်ငန်း ဆောင်ရွက်ပါတယ် ဒကာကြီး"

"ဝမ်းသာလှပါတယ် ဆရာလေး။ ဆရာလေး ဒေါ်ဝဏ္ဏထေရီက မိန့်ပါဦး"

"ဆရာလေးလည်း ဧရာဝတီတိုင်းဒေသကြီး၊ ဖျာ
စံပြကျေးရွာ၊ အဘ ဦးလှိုင်၊ အမိ ဒေါ်ညိုတို့က မွေးဖွာ
တယ်။ ၇နှစ်သမီးအရွယ်မှာ ဖျာပုံကျောင်းဆရာကြီး ဒေါ်
သိင်္ဂီထံမှာ ဥပဇ္ဈာယ်ပြု သာသနာ့ဘောင်သို့ ဝင်ခဲ့ပါတ
ဒေါ်သုနဲ့ အတူတူပါပဲ။ ငယ်၊ လတ်၊ ကြီးမှ ဓမ္မာစရိယတ
အထိ ဆရာတူ တပည့်များ ဖြစ်ပါတယ်။ တစ်ရွာတည်းသ
တစ်ကျောင်းတည်းထွက်၊ ပညာသင်ဖော် ညီအစ်မတွေ

"ဆရာလေးတို့ တစ်နေ့တာ အချိန်ဇယားလေး
ထားမှာပေါ့"

"ရှိပါတယ်။ နံနက် ၅နာရီ အိပ်ရာထ၊ ဘုရား



၁၀မိနစ် တရားထိုင်၊ အရုဏ်ဆွမ်းစား၊ စာကျက်၊ နံ
၉နာရီ ရေချိုး၊ ၁၀နာရီခွဲမှာ ဆွမ်းစား၊ ကျောင်းတက်
၁၁နာရီ၊ စာသင်ခန်းဝင်ချိန် နေ့လယ် ၂နာရီခွဲအထိ
ခေတ္တဖြုတ်၊ ညနေ ၃နာရီ ကျောင်းတက်၊ ၅နာရီ ကျေ
ဖြုတ်၊ ၆နာရီ ဘုရားရှိခိုး၊ တရားထိုင်၊ မေတ္တာပို့၊
စာကျက်၊ ၁၀နာရီ အိပ်ချိန်ပါပဲ"

"ဆရာလေး… ဟိုမှာ အာဟာရဒါန လှူဖွယ်
တွေ လာလှူကြတယ်"


"ဟုတ်ကဲ့ ဦးဇော်ထွန်း၊ ဘယ်သူတွေလဲ၊ ဒေါ်ခ

"ဟို… ကျွန်တော်တို့ရပ်ကွက်က ဦးသိန်း
ဒေါ်နွယ်နွယ်ခိုင်တို့ မိသားစုပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ - ခဏလေး၊ လှူမယ့် အလှူရှင်တွေနဲ့ လက်ခံ
က်ဦးမယ်"

"ဟုတ်ကဲ့ ဆရာလေး။ မှတ်တမ်းတင်ဓာတ်ပုံရိုက်ထား
မယ်"

ဦးသိန်းဇော်တို့ မိသားစုမှ ဆွမ်းလောင်း၊ ဆွမ်းချက်ရန် အတွက် ကြက်သွန်၊ ဆီ၊ ပဲ၊ ဘဲဥ၊ အချိုမှုန့်၊ ကြာဆံ၊ လူးတို့ကို ဆွဲခြင်းနှင့် အပြည့်ထည့်ပြီး ဆရာလေး နှစ်ဦး သို့ သဟာတ္တိကဒါန လှူဒါန်းကြပြီး ရေစက်ချက် အမျှဝေ ကြပါသည်။

ထို့နောက် ဦးဇော်ထွန်းက ဒီကျောင်းမှာ ဘာသာခြား မျိုးခြားတွေလည်း ရှိကြောင်း ပြောလာ၏။ ဆရာမတစ်ဦး ထိုကလေးများကို ခေါ်လာကာ စာရေးသူရှေ့ ရပ်နေကြ ကလေးများက လက်အုပ်ကလေးများ ကိုယ်စီချီလို့ တွင်းက ပီတိသောမနဿ ဖြစ်မိ၏။

"ခရစ်ယာန်က နှစ်ယောက်၊ အစ္စလာမ်က သုံးယောက် သူတို့က ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး မိဘအချို့လည်း ဗုဒ္ဓ သာဝင်တွေအဖြစ် ခံယူကြပါပြီ ဆရာ"

"သားနာမည်က..."

"နော်တောဒူတူး၊ ဒုတိယတန်းပါ"

"သားနာမည်ကရော..."

"စောဂျဲနေ၊ အဖ နော်ဖိုးလေလပါ"

"သမီးလေးနာမည်ကရော"

"စုစုပါရှင်။ ဦးကျော်ဝင်း-ဒေါ်သီတာပါ။ သမီးက သူငယ်တန်း"

"သားနာမည် ပြောပါဦး"

"မောင်စိုးနေ့ သူငယ်တန်းပါ။ မိဘနာမည် မမှတ်မိပါ"

"သမီးလေးနာမည်က..."

"သက်ရီလေးပါ။ အသက်က ၅နှစ်ပါ။ မိဘတွေက ဦးစိုးတင့်-ဒေါ်မြင့်ကြည်ပါ"

ကလေးတွေက သူတို့ မှတ်မိသမျှ ပြောပြကြ၏။ ဆရာမက ဘုရားရှိခိုး ဆိုပြခိုင်းတော့ အားလုံးက နမော တဿ ဘဂဝတောကို ဆိုပြကြ၏။ အားလုံး ပီပီသသဆိုပြ တော့ ဗုဒ္ဓ၏ အဆုံးအမကို ခံယူးတဲ့ ဗုဒ္ဓဘာသာဝင်တွေ နောင်တစ်ချိန် သူတော်ကောင်းတို့ ခိုနားရာ မြတ်နိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်ပါစေဟု ဆန္ဒပြုမိပါ၏။

◈◈◈

"ဦးဇော်ရေ... ဒီလိုဆို အကျိုးတော်ဆောင်အဖွဲ့ ရှင်းပြပါဦး"



www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာပါ။ ကျွန်တော်တို့ ဖွဲ့စည်းထားတာ။ စာရင်းအရ ဆိုရင်···

(၁) နာယကအဖွဲ့ ဆရာကြီး - ဒေါ်စန္ဒသီရိ (ဂန္ထဝါစက ပဏ္ဍိတ၊ သာသနာ့ဓဇ ဓမ္မာစရိယ)။

(၂) နာယကအဖွဲ့ ဆရာကြီး - ဒေါ်တက္ကညာ ဏီ (သာသနာ့ဓဇ ဓမ္မာစရိယ)။

(၃) နာယကအဖွဲ့ ဆရာကြီး - ဒေါ်သုဓမ္မစာရီ။

(၄) နာယကအဖွဲ့ - ဒေါ်ခင်မြဆက်။

(၅) နာယကအဖွဲ့ - ဦးမြင့်အောင်။

အလုပ်အမှုဆောင်အဖွဲ့ကတော့ ဥက္ကဋ္ဌ ဦးကျော်ကြီး၊ ဒု-ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ အတွင်းရေးမှူး ဦးဇော်ထွန်း၊ ဒု အတွင်းရေးမှူး ဦးတင်ဝင်း၊ ဘဏ္ဍာရေးမှူး ဦးအောင်ကျော်မင်း၊ ဒု-ဘဏ္ဍာရေးမှူး ဦးမြတ်သူတို့ ဖြစ်ပါတယ်။

စာရင်းစစ်အဖွဲ့ကတော့ ဦးကျော်လင်း၊ ဦးနီတွတ်၊ ဦးနိုင်စိုးလင်း၊ ဦးစိုးလွင်တို့ဖြစ်ပြီး အဖွဲ့ဝင်များကတော့ ဦးအောင်လွင်၊ ဦးတင်ထူးအောင်၊ ဦးထွန်းမောင်၊ ဦးအောင်ဇော်လင်း၊ ဦးမြင့်သန်း၊ ဦးပြည့်ဖြိုး၊ ဦးမျိုးသိန်း၊ ဦးစိုးတင့်၊ ဦးထွန်းအောင်၊ ဦးအေးလွင်တို့ ဖြစ်ပါတယ်"

"ဒါဆို ရေးလုပ်ငန်းစဉ် ချမှတ်ထားပါသလား"

"ရေးလုပ်ငန်းစဉ်ကတော့ ရေတွင်းနဲ့ ရေစက်၊ နောက်ပြီး လျှပ်စစ်မီး၊ ခြံစည်းရိုး။ မုခ်ဦးနဲ့ လမ်း၊ ဆွမ်းစားကျောင်း၊ နွေရာသီမှာ ၅တန်းကနေ ၁၀တန်းအထိ ပညာဒါနဖွင့်လှစ်ဖို့၊ အဆောက်အအုံတိုးချဲ့ဖို့တွေ ရှိပါတယ်။ အဲဒီအတွက် အလှူရှင်များကိုလည်း ဖိတ်ခေါ်နေပါတယ်။ စေတနာ တစ်နိုင်၊ သဒ္ဓါတစ်နိုင် ပါဝင်လှူဒါန်းကြပါလို့ တိုက်တွန်းပါရစေခင်ဗျာ"

◈◈◈


လူ့လောက၊ လူ့ဘဝကြီးမှာ လောကဓံတရား၏ ဖိ
ပုတ်မှုကြောင့် မိမှန်းဖမှန်း ခေါ်စရာမရှိတဲ့ မိဘနတ္ထိ အ
အားကိုးစရာမဲ့ ဘဝထဲက မိဘမေတ္တာငတ်နေရှာတဲ့ က
များဘဝက ရင်နာစရာ၊ သနားစရာကောင်းပါသည်။ အ
လိုမှု၊ အေးမြတဲ့ မိဘအရိပ်အစား ယခု သီလရှင်ဆရာ
ဒေါ်သုဓမ္မစာရီနှင့် ဒေါ်ဝဏ္ဏထေရီတို့ရဲ့ မေတ္တာရိပ်ကို
နေကြတဲ့ သီလရှင်ကလေးများအတွက် သူတို့ရဲ့ ဘဝ၊ သူ
ရဲ့ အလှပန်းများ ပွင့်ဝေနိုင်ဖို့ စားဝတ်နေရေးအတွက်
မက၊ ပညာသင်ကြားရေး အထောက်အကူပစ္စည်းများ
ကြေးများ လိုအပ်လျက် ရှိနေပါသည်။ ထို့ပြင် မိ
ဆင်းရဲချို့တဲ့၊ ကျောင်းမတက်နိုင်တဲ့ ကလေးများလည်
နေပြန်ပါ၏။ ဒီနောက်မှာ သာသနာတော်အတွက် ဆေ
ရွက်နေကြမည့် ကိုရင်ငယ်လေးများလည်း ရှိနေ
ဒါကြောင့် သူတို့လေးတွေရဲ့ စား၊ ဝတ်၊ နေ၊ ပညာ
ကြားနိုင်ဖို့ စေတနာရှင်၊ ပါရမီရှင်တို့မှ တတ်စွမ်းသမျှ က
လပ်ဖြည့် လှူဒါန်းကြပါရန် စေတနာထား တင်ပြလိုက်
တော့သည်။

အနာဂတ်ပန်းများ ပွင့်လန်းရာမှ လှူကောင်း လှူ
ကလေးများ ထွန်းကား ပွားများတော့မည့် ကျောင်းတော်
ထာဝရ တည်တံ့ခိုင်မြဲနိုင်ပါစေဟု···■

* * *

BURMESE CLASSIC .com

မင်းတိုင်ပင်(မြစေ





www.burmeseclassic.com

www.burmeseclassic.com



# မဟာဝိဇယစေတီတော်တည်ထားကိုးကွယ်မှု နက္ခတ်သိပ္ပံဇာတာခွင်သမိုင်းမှတ်တမ်းများ

ဦးဇေယျာတို (နက္ခတ်သိပ္ပံ)

## အပိုင်း (၁)

မဟာဝိဇယစေတီတော်ကြီးသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက် မကုန်ဆုံးမီ ကြီးကျယ်ခမ်းနားစွာ ည်ထားခဲ့သော သမိုင်းဝင်စေတီတော်တစ်ဆူဖြစ်ပေသည်။ မြန်မာသမိုင်းကြောင်းတစ်လျှောက်၌ သာသနာတော်အား မြှောက်သည့် မင်းကောင်းမင်းမြတ်များသည် သာသနာတော်တည်တံ့သန့်ရှင်း ပြန့်ပွားရေးနှင့် ရဟန်းသံဃာတို့ မကွဲမပြား ညွတ်ရေးကို ဆောင်ရွက်လေ့ ရှိကြပါသည်။ မြန်မာသမိုင်း၌ ပုဂံပြည့်ရှင်မင်းမြတ် အနော်ရထာသည် အရှင်အရဟံ၏ ဒါကို ခံယူ၍ အာဏာစက်၊ ဓမ္မစက်များ အသုံးပြု၍ ပုဂံရွှေပြည်၏ သံဃာညီညွတ်ရေး၊ ထေရဝါဒသာသနာတွင် တူတကွ သက်ဝင်ယုံကြည်မှုရှိရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူဖြစ်ပေသည်။ ဟံသာဝတီဘုရင် ဓမ္မစေတီမင်း သည်း ရာမညတိုင်း၊ ပုဂံနှင့် သီဟိုဠ်တို့အား အခြေခံ၍ ကွဲပြားနေသော သံဃာများကို ကလျာဏီ သာသနာတော် ည်ထောင်၍ သာသနာ့ညီညွတ်မှုအား ရယူနိုင်ခဲ့ပေသည်။

အလားတူစွာ၊ ပုဂံမင်း ဥဇနာအနေဖြင့်လည်း စံကား ခနစ်ကျောင်းကို တည်၍ အရှင်အရဟံ၏ အနွယ်တော် န်သံဃာများနှင့် အရှင်ဆပဒ အနွယ်တော် ရဟန်းများအား အတူတကွ တစ်ကျောင်းတည်း သီတင်းသုံးစေခြင်းဖြင့် ကွဲနေသော သံဃာများအား ညီညွတ်မှုရရန် ဆောင်ရွက်ခဲ့ပေသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီး ခရစ်နှစ် ၁၉၄၉တွင် တော်များအရေးနှင့် စပ်လျဉ်းသည့်ကိစ္စများ စီရင်ဆုံးဖြတ်နိုင်ရန် ဝိနိစ္ဆယဌာန ဥပဒေကို ပြဌာန်းခဲ့ပါသည်။ ၁၉၅၄တွင် ဒေကို ပြင်ဆင်ခဲ့ပြီး တော်လှန်ရေးကောင်စီအစိုးရလက်ထက်၌ အဆိုပါ ဥပဒေအား အပြီးရုပ်သိမ်းခဲ့ပါသည်။ ယင်းနောက် နာတော်လုံးဆိုင်ရာ သံဃာ့ဖွဲ့စည်း အုပ်ချုပ်ပုံအား မူကြမ်းအဆင့်မှ အတည်ပြု သတ်မှတ်ပြဌာန်းနိုင်သောအဆင့်ထိ ၅ မှ ၁၉၈၀အထိ ၁၅နှစ်နီးပါး ရေးဆွဲခဲ့ကြရပါသည်။ အဆိုပါ အကျိုးဆက်ကြောင့် ၁၉၈၀၊ မေလ ၂၄ရက်နေ့တွင် အကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးအား စတင်ကျင်းပနိုင်ခဲ့ပြီး ၁၉၈၀၊ မေလ ၂၇ရက်၊ ညနေ ၄နာရီ ၌ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။ သို့ဖြစ်၍ မဟာဝိဇယစေတီတော်ကြီးသည် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်

www.burmeseclassic.com

ဂိုဏ်းပေါင်းစုံမှ သံဃာတော်များ ညီညွတ်မှုရရှိစေသော အထိမ်းအမှတ်အဖြစ် ထူးထူးခြားခြား ပေါ်ထွန်းလာခဲ့သော စေတီတော်အကြီးအဖြစ် မှတ်တမ်းပြုရပေလိမ့်မည်။


စာရေးသူအနေဖြင့် နက္ခတ်သိပ္ပံပညာရပ်ပိုင်းဆိုင်ရာ ဆောင်းပါးများ ရေးသားရာတွင် လက်ရှိ ကမ္ဘာနှင့် မြန်မာ စိတ်ဝင်စားဖွယ်ကောင်းသည့် နိုင်ငံရေးနက္ခတ်သိပ္ပံပညာရပ်ပိုင်းဆိုင်ရာ ဆောင်းပါးများအား အများဆုံး ရေးသားလေ့ရှိပါသည် မိမိကိုယ်တိုင် တိုင်းပြည်တာဝန်ထမ်းဆောင်ရာ၌ နိုင်ငံရေးသိပ္ပံဘာသာရပ်အား မဖြစ်မနေ လေ့လာလိုက်စားခဲ့ရသော ခေတ်ကာလနှင့် တွေ့ကြုံလာခဲ့ရသဖြင့် နိုင်ငံရေးကို ဂြိုဟ်နက္ခတ်တို့ဖြင့် ယှဉ်တွဲပုံဖော် သုံးသပ်ခန့်မှန်းရသူတစ်ဦး ဖြစ်လာခဲ့ရပေသည်။ ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားသော အမိမြန်မာနိုင်ငံတော်၌ ဘာသာ၊ သာသနာအရေးကိစ္စ များတွင်လည်း နိုင်ငံတော်အဆင့် နက္ခတ်သိပ္ပံပညာရှင်(မင်းအတိုင်ပင်ခံ ပညာရှိ ပုရောဟိတ်)တို့သည် ဘုရားတည် ကျောင်းဆောက်၊ ဗုဒ္ဓသာသနာ မင်္ဂလာအခမ်းနားများအတွက် ရက်ကောင်းရက်မြတ်၊ နက္ခတ်အချိန်အခါကောင်းများအား ရေးထုံးတမ်းအစဉ်အလာ သမိုင်းအဖြစ်အပျက်တို့နှင့် နှိုင်းယှဉ်ချိန်ထိုး တွက်ချက် အကြံပြုပေးမှုသည် ရေးမင်းကေရာင်မှ လက်ထက်မှ ယနေ့ထိတိုင် ရှင်သန်လျက်ရှိနေပြီး နောင်တွင်လည်း ဆက်လက်ရှိနေပေဦးမည်။ အမျိုး၊ ဘာသာ၊ သာသနာ တိုးတက်ပြန့်ပွားမှုနှင့် တည်တံ့ခိုင်မြဲမှုအား ထိန်းသိမ်းစောင့်ရှောက်လိုသော မျိုးဆက်သစ် နက္ခတ်သိပ္ပံပညာရှင်များ အကိုးအကားပြုနိုင်စေရန် "**မဟာဝိဇယစေတီတော် တည်ထားကိုးကွယ်မှု နက္ခတ်သိပ္ပံဇာတာခွင် သမိုင်း မှတ်တမ်းများ**"အား ရေးသားဖော်ပြအပ်ပါသည်။



မဟာဝိဇယစေတီတော်၏ ဘွဲ့တော်အား သတ်မှတ်ပေးခဲ့သည့် မင်းကွန်းဆရာတော်ဘုရားကြီး



နိုင်ငံတော်သမ္မတတာဝန် ထမ်းရွက်စဉ် နောက်ဆုံးကာလများ၌ မဟာဝိဇယဘုရားကြီး တည်ဆောက်မှုမြေနေရာအား ကိုယ်တိုင်သွားရောက် လမ်းညွှန်အတည်ပြု သတ်မှတ်ပေးခဲ့သည့် နိုင်ငံတော်သမ္မတကြီး ဦးနေဝင်း



မဟာဝိဇယစေတီတော်၏ မြင့်မြတ်သော မြေနေရာဌာနသို့ နိုင်ငံတော်သမ္မတကြီး ဦးနေဝင်း ရောက်ရှိ၍ နေရာရွေးချယ်လမ်းညွှန် အတည်ပြု သတ်မှတ်ခဲ့သော မင်္ဂလာအချိန်အခါဇာတာခွင်



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတော်သမ္မတကြီး ဦးနေဝင်းသည် သက္ကရာဇ် ၁၃၄၂ခု၊ ဝါဆိုလဆန်း ၅ရက်၊ ခရစ်နှစ် ၁၉၈၀ပြည့်နှစ်၊ ဇူလိုင်လ ၁၇ရက်၊ ကြာသပတေးနေ့၊ နံနက် ၁၁နာရီ ၃၀မိနစ် မင်္ဂလာအချိန်တွင် မြင့်မြတ်သောဓမ္မ ရက္ခိတကုန်းတော်ပေါ်သို့ ရောက်ရှိ၍ စေတီတည်ထားမည့် မြေအခြေအနေကို လေ့လာကြည့်ရှုပြီး ပရိကမ္မမင်္ဂလာအခမ်းအနား (ပန္နက်စိုက်ထူမှု မင်္ဂလာ)အတွက် နေကောင်း၊ ရက်မြတ်၊ အချိန်အခါကောင်းများအား ရွေးချယ်ခဲ့ကြပါသည်။ စေတီတော်တည်ဆောက်မှုနှင့် ပတ်သက်၍ အစောပိုင်းကာလများ၌ အခြားသော မြေနေရာများအား ရွေးချယ်ခဲ့ကြသော်လည်း သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးနှင့် ညီညွတ်မှုအထိမ်းအမှတ်အဖြစ် တည်ဆောက်သည့်အတွက် ဘဒ္ဒကမ္ဘာ၏ အချင်းအရာ အစ်ရပ်ဖြစ်တော်မူသော သိင်္ဂုတ္တရကုန်းမြေနှင့် မကင်းစေလိုသဖြင့် အဆိုပါနေရာအား ရွေးချယ်ခဲ့ကြခြင်း ဖြစ်ပေသည်။ ရွေးချယ်မှု၏ ကောင်းကျိုးတရားများကိုလည်း အောက်ပါအတိုင်း တွေ့ရှိရပါသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီးတည်ထားစဉ် သိကြားမင်း ဖန်ဆင်းသော တောင်သွေးဆေးကန်၏ အထက်တွင် တည်ရှိခြင်း၊ ရွှေတိဂုံစေတီတော်မြတ်ကြီးအား အာရုံပြုရန် သင့်တင်းလျောက်ပတ်သော နေရာဖြစ်ခြင်း၊ ဟံသာဝတီပြည့်ရှင် ဥဿာနိုင်ငံ၏ ဘုရင်၊ မြန်မာ့သမိုင်း၌ တစ်ပါးတည်းသာ ရှိသည့် ဘုရင်မကြီး ရှင်စောပု၏ သီလဆောက်တည်ရာ ဘူမိအောင်မြေဖြစ်ခြင်းတို့ကြောင့် ဖြစ်ပေသည်။

**"မဟာဝိဇယ"**၏ အနက်အဓိပ္ပာယ်အား **"ကြီးမြတ်သော အောင်မြင်ခြင်း"**အဖြစ် သတ်မှတ်နိုင်ပေသည်။ မင်္ဂလာအခါ သမယတွင် ဦးဆောင်သူ နိုင်ငံတော်သမ္မတကြီး ဦးနေဝင်း၏ မွေးနံ ဗုဒ္ဓဟူးဂြိုဟ် ရန်ကုန်မြို့ပေါ်တည့်တည့်တွင် တည်ရှိ သတ်သန်းနေချိန်ဖြစ်ပြီး ဘာသာရေးကိစ္စများအား အထောက်အပံ့ဖြစ်စေသည့် သောကြာဂြိုဟ်ရပ်တည်မှု အထူးကောင်းမွန်၍ လောကုတ္တရာအရေးကိစ္စများနှင့် စပ်လျဉ်းသော ကြာသပတေး၊ စနေဂြိုဟ်များ သံသရာမှ လွတ်မြောက်ခြင်းနေရာတွင် တည်ရှိနေသည်။ မြေနေရာရွေးချယ်မှု၊ အတည်ပြုမှတ် အကြောင်းကဏ္ဍအား ကိုယ်စားပြုသော ကြာသပတေးဂြိုဟ် မြင့်မြတ်သော နဝင်းစီးနင်းနေမှုကြောင့် သင့်လျော် ကောင်းမြတ်သည့် မင်္ဂလာအခါ ဇာတာခွင်ဖြစ်ပေသည်။ ပြသထားရှိရန် ဆုံးဖြတ်ခဲ့ကြပါသည်။



မဟာဝိဇယစေတီတော်ကြီးအတွက် ဆင်းတုရုပ်ပွားတော်နှင့် လုမ္ဗိနီမြေ ဓာတ်ကြုတ်တော်ကို လှူဒါန်းသည့် နီပေါဘုရင်မိသားစု

မဟာဝိဇယစေတီတော်မြတ်ကြီး တည်ထားကိုးကွယ်မှု မင်္ဂလာအခမ်းအနားများအား အဆင့်(၉)ဆင့် ခွဲခြား၍ တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ မဟာဝိဇယစေတီတော်ကြီး တည်ဆောက်ရာတွင် ပထမဆုံး မြေသန့်စင်မှုမင်္ဂလာ အခမ်းအနားအား ၁၃၄၂ခု၊ ဒုတိယဝါဆိုလပြည့်၊ ၁၉၈၀ပြည့်နှစ်၊ ဇူလိုင်လ ၂၇ရက်၊ တနင်္ဂနွေနေ့ နံနက် ၉နာရီ ၇မိနစ်တွင် စီရင်ကျင်းပခဲ့ပါသည်။ အဆိုပါ အခမ်းအနား၌ "ဤနေရာသည် ဘုရားသာသနာတော်ကြီး အဓွန့်ရှည်စွာ တည်တံ့ရေး၊ သာသနာတော်ကြီး သန့်ရှင်းရေး၊ ဂိုဏ်းပေါင်းစုံ သံဃာတော်များ ညီညွတ်ရေးအထိမ်းအမှတ်အဖြစ် မဟာဝိဇယစေတီတော်ကြီး တည်ထားမည့်အကြောင်း"အား သိကြားမင်း အမှူးပြုသော သမ္မာဒေဝနတ်ကောင်း နတ်မြတ်များနှင့် ဗြဟ္မာမင်း၊ သာသနာတော်စောင့် နတ်အပေါင်းနှင့်တကွ အနီးဝန်းကျင်ရှိ ရုက္ခစိုး၊ ဘုမ္မစိုးနတ်မင်းကြီးအပေါင်းတို့အား ပင့်ဖိတ်၍ အသိပေး တိုင်တည်သမှု ပြုကြပါသည်။


ယင်းနောက် မင်္ဂလာအခမ်းအနားသို့ တက်ရောက်လာကြသော ဆရာတော်သံဃာတော်များမှ ပရိတ်တရားတော်များ နာကြား၍ သိမ်နုတ် ကမ္မဝါများ ရွတ်ဖတ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာအချိန်အခါသို့ ရောက်ရှိသောအခါ သာသနာ့အောင်လံတော်အား ဓမ္မရက္ခိတ ကုန်းမြေရှိ အလံတိုင်ထိပ်သို့ လွှင့်ထူ၍ ကြေးစည်၊ ခရုသင်း၊ ခေါင်းလောင်း၊ စည်တော်တို့ကို ကိုးကြိမ် တီးမှုတ် ပူဇော်ဂုဏ်ပြုကြပါသည်။ ယင်းနောက် အရပ်(၁၀)မျက်နှာမှ နတ်ကောင်းနတ်မြတ်များအား သက်သတ်လွတ် သစ်သီးဝလံများဖြင့် ဗလိနတ်စာ ကျွေးမွေး ပူဇော်ပသခြင်းများ ဆောင်ရွက်ကြသည်။ ဥပသကာအဖွဲ့မှ စေတီတော်၏ ဝတ္တကမြေနေရာတွင် ပရိတ်ရေ၊ ပရိတ်သဲ ပက်ဖျန်းခြင်း၊ ပရိတ်ချည်တန်းခြင်း၊ ပရိတ်ပန်းစိုက်ခြင်းများ ဆောင်ရွက်၍ မြေသန့်မင်္ဂလာအခမ်းအနားအား ရုပ်သိမ်းခဲ့ပါသည်။ မြေသန့်မင်္ဂလာအခါတော် ဇာတာတွင် တေဇောမီး ရာသီလဂ်ဖြစ်သည့် သိဟ်လဂ်အချိန်အခါတွင် လုပ်ငန်းအောင်မြင်မှုနှင့် အမိန့်ဩဇာအာဏာပြန့်တမ်း တည်တံ့ခိုင်မြဲစေမှုကို အထောက်အပံ့ဖြစ်စေမည့် သောကြာဂြိုဟ်အား အမြင့်မားဆုံး မွန်းတည့် မိုးကောင်းကင်၌ နေရာချ ပုံဖော်ထားပါသည်။ ရန်ကုန်မြို့အပေါ်မှ သောကြာဂြိုဟ် ဖြတ်သန်းနေချိန်ဖြစ်သည့်အတွက် မဟာဝိဇိယစေတီတော်ကြီး၏ မြေသန့်မင်္ဂလာတွင် နတ်ဒေဝါနှင့် မြင်အပ်, မမြင်အပ် ပုဂ္ဂိုလ်အပေါင်းအား တိုင်ကြားသက်သေ သစ္စာပြုပြီး နိုင်ငံတော်အမိန့်ပြန့်တမ်း ချမှတ်ရသည့်အကြောင်းကဏ္ဍအတွက် များစွာ သက်ရောက်မှု ရှိစေပါသည်။



မဟာဝိဇယစေတီတော်၏ မြေသန့်မင်္ဂလာအချိန်အခါ ဇာတာခွင်


**"စန်းကောင်းလျှင် ပြည်ကျော်"** ဟူသည့် စကားအတိုင်း တနင်္လာဂြိုဟ် ဝဂ္ဂုတ္တမမြတ်သော နဝင်းစီးနင်းမှု ရှိစေ[...] အခါပေးပညာရှိ ပရောဟိတ်မှ ပုံဖော် တွက်ချက်ပေးထားပါသည်။ တနင်္လာသားဖြစ်သော ရန်ကုန်တိုင်း ပြည်သူ့ကောင်[...] ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်မြင့်မှ အခမ်းအနားကို အောင်မြင် အထမြောက်ရန် ဦးဆောင်ခဲ့ကြောင်း မှတ်တမ်းများအ[...] တွေ့ရှိရပါသည်။

မဟာဝိဇယစေတီတော်မြတ်ကြီး၏ ပန္နက်တင် မဟာမင်္ဂလာအခမ်းအနားအား ၁၃၄၂ ခု၊ ဒုတိယဝါဆိုလပြည့်[...] ၁၉၈၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၇ရက်၊ တနင်္ဂနွေနေ့ ည ၁၁နာရီတိတိတွင် စီရင်ကျင်းပခဲ့ပါသည်။ အဆိုပါ အခမ်းအန[...] မကျင်းပမီ စေတီတော်ဖြစ်မြောက်ရေးဗဟိုအဖွဲ့မှ စေတီတော်၏ ဖိနပ်တော်နေရာ၊ သတ္တဌာနတိုက်နေရာ၊ ဌာပနာတိုက်[...] နေရာတို့အား ကြိုတင်တိုင်းတာ သတ်မှတ်ခြင်း၊ ရာဇမတ်ကာရံခြင်း၊ သဲဖြူခင်းခြင်း၊ ငှက်ပျောပင်၊ ကြံပင်၊ အုန်းညွ[...] ကြက်လျှာ၊ တံခွန်အလံ၊ ကုက္ကား၊ မုလေးပွားတို့ဖြင့် ခမ်းနားစွာ ခင်းကျင်းပြင်ဆင်ကြပါသည်။ မင်္ဂလာအချိန်ကျရောက်သေ[...] အခါ မြန်မာ့ရိုးရာဗိဒ္ဓုကာ ရေးထုံးအစဉ်အလာအတိုင်း ပန္နက်သဲနှင့် လက်ရိုက်များအား သမီးကညာပျိုအဖွဲ့မှ န[...] ဂဠုန်၊ ဗြဟ္မာ၊ သိကြား၊ သမ္မာဒေဝ၊ လောကပါလနတ်စည့်ပုဂ္ဂိုလ်များထံ အဆင့်ဆင့် ပေးအပ်ပြီးသည့်နောက် နိုင်ငံတေ[...] သံဃာ့မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ပဲခူးမြို့မှ စာသင်တိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍာလ ဆရာတော်ဘုရားမှ နေ့သင့်[...] နံသင့်ပုဂ္ဂိုလ် ၉ဦးထံ ပေးအပ်ချီးမြှင့်ပါသည်။ ယင်းနောက် မင်္ဂလာအခါတော် ည ၁၁နာရီတိတိ၌ ဆရာတော်မှ "ပန္နက်[...] အချက်ပေး စကားမြွက်ကြားသည့်အခါ အာလယ်ဗဟိုနှင့် အရပ်ရှစ်မျက်နှာရှိ နေ့သင့်နံသင့် ပုဂ္ဂိုလ် ၉ဦးမှ ပန္နက်မျ[...] တစ်ပြိုင်နက် စိုက်ထူ ရိုက်နက်ကြပါသည်။ ယင်းနောက် သမ္ဗုတိတွင်းဝန်မင်္ဂလာကို ဆက်လက်ဆောင်ရွက်ပြီး [...]



www.burmeseclassic.com

www.burmeseclassic.com



မဟာဝိဇယစေတီတော်၏ မဟာပန္နက်တင် မင်္ဂလာအချိန်အခါဇာတာခွင်

ရောက်လာကြသော ဒေ့ပရိတ်သတ်များမှ ပန္နက်တင်ထားသော မြေနေရာတွင် ဝေယျာဝစ္စကုသိုလ်အဖြစ် တူးဆွ ရှင်းလင်းကြပါသည်။ ထိုအချိန်တွင် မဟာပရိတ်တော်အဖွဲ့မှ ပထဝီဇယ မန္တန်ရွတ်ဆိုပြီး မင်္ဂလာစည်တော်၊ ခရုသင်း၊ ကြေးစည်၊ ထိုးစည်၊ ခေါင်းလောင်းများ ကိုးချက်စီ တီးမှုတ်ပူဇော်၍ ပန္နက်တော်တင် မင်္ဂလာအခမ်းအနားအား အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။ မင်္ဂလာအခါဇာတာတွင် မိဿဂ်အား ကောင်းမွန်ရန် ဝဂ္ဂုတ္တမ နဝင်းရယူထားပြီး မွန်းတည့်ကောင်းကင်၌ မြေပန္နက်တင်မှု၌ ကောင်းကျိုးဖြစ်ထွန်းစေမည့် တနင်္လာဂြိုဟ် လပြည့်လဝန်းအား နေရာချထားပါသည်။ အင်္ဂါနှင့် ကြာသပတေးဂြိုဟ် ရပ်တည်မှုများ အားနည်းနေသည့်အတွက် မဟာဝိဇယစေတီတော်ကြီးသည် ဘုရားဖူး ဓမ္မမိတ်ဆွေတို့ ၏ လာရောက်ကြည်ညို ဖူးမြော်လည်ပတ်မှု နည်းပါး၍ တည်ငြိမ်တိတ်ဆိတ် အေးချမ်းသော ပရဝဏ်ဧရိယာတစ်ခုအဖြစ် ရှင်သန်ရပ်တည်ခဲ့ရပေသည် ■

နက္ခတ်သိပ္ပံပညာရပ်ပိုင်းဆိုင်ရာ ဗဟုသုတပညာပေး ဆောင်းပါးများနှင့် ပတ်သက်၍

ဝေဖန်ဆွေးနွေးအကြံပြုလိုပါက . . .

**ဦးဝေယျာကို (အမှုဆောင်အရာရှိချုပ်)**

**မြန်မာနိုင်ငံနက္ခတ်သိပ္ပံအဖွဲ့. ၀၉-၅၃၉၃၃၄၃**

(ဦးဝေယျာကို ရေးသားသော "မဟာဝိဇယစေတီတော် တည်ထားကိုးကွယ်မှု နက္ခတ်သိပ္ပံဇာတာခွင် သမိုင်းမှတ်တမ်းများ" ဆောင်းပါးဒုတိယပိုင်းအား ၂၀၁၄၊ ဇန်နဝါရီလတွင် ဆက်လက်ထည့်သွင်း ဖော်ပြပေးပါမည်။

ဂမ္ဘီရဆန်းကြယ် စာတည်းအဖွဲ့)

* * *



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

"စည်ပင် စီမံကိန်း"

၁၉၆၅-၆၆ ခုနှစ်၊ တော်လှန်ရေးကောင်စီ အုပ်ချုပ်နေချိန်ဖြစ်သည်။ နိုင်ငံတော်အတွင်းတွင် နေထိုင်ကြသော ပြည်သူလူထုများထဲမှ လယ်မဲ့ယာမဲ့ ပြည်သူများအား မြေလွတ်မြေရိုင်းများကို လယ်ယာမြေများ ဖော်ထုတ်ပေးပြီး၊ ထိုလယ်ယာမြေသစ်များ အနီးတွင် ရွာသစ်များ တည်ဆောက်ပေးပြီး လယ်ယာမြေများအား ခွဲဝေပေး၍ လယ်ပိုင်ယာပိုင်ဘဝရောက်ရှိအောင် စီမံကိန်းများ ချမှတ် ဆောင်ရွက်နေချိန်ဖြစ်လေသည်။

စည်ပင် စီမံကိန်းဆိုသည်မှာ ပဲခူးတိုင်းအတွင်း စစ်တောင်းမြစ်အနောက်ဘက်ကမ်းတွင် ရှိသော မြေလွတ် မြေရိုင်းဖြစ်နေသော ကိုင်းတောကြီးအား လယ်ယာမြေ ဖော်ထုတ်ပြီး စည်ပင်ရွာဟု ခေါ်သော ရွာသစ်တည်ဆောက်ပေးရန်အတွက် လယ်ယာမြေများ ဖော်ထုတ်နေခြင်း ဖြစ်ပါသည်။

လယ်ယာမြေဖော်ထုတ်ရာ၌ ယခုခေတ်ကဲ့သို့ စက်ယန္တရားကြီးများမပေါ်ပေါက်သေးသဖြင့် စက်မှုလယ်ယာသုံး (ဇယ်တာ) လယ်ထွန်စက်များဖြင့် ဖော်ထုတ်ရခြင်း ဖြစ်ပါသည်။ မြေလွတ်မြေရိုင်းဆိုသည့် မြေရိုင်းများမှာ ၉ပေ-၁၀ပေခန့် မြင့်မားသော ကိုင်းတောကြီးများ ဖုံးလွှမ်းနေသည့် မြေပြင်များသာ ဖြစ်ပေသည်။

ထိုကိုင်းတောကြီးအား လယ်မြေအဖြစ် ဖော်ထုတ်ရသည်မှာ လွယ်ကူသော အလုပ်မဟုတ်ပါပေ။ အရှည် ၁၂တောင်၊ လုံးပတ် ၆တောင်ခန့်ရှိသော ကျွန်းတုံးအား ထိပ်နှစ်ဖက်တွင် နဖားအပေါက်ဖောက်ပြီး ထိုနဖားပေါက်အတွင်း သံကြိုး(ငါးမူးလုံး)ကွင်းဆက်အား ထည့်၍ သံကြိုးပြုတ်မထွက်စေရန် မူလီနှင့် သံပြားထူထူခံပြီး စွဲရပါသည်။ ထိပ်ဘက် နဖားပေါက်များတွင် သံကြိုးများ ချည်ပြီးပါက သံကြိုးအလယ်(သစ်တုံး၊ ကျွန်းတုံး)နှင့် ၁၀တောင်ကွာနေရာမှ လယ်ထွန်စက်၏အနောက်ဘက်ရှိ သံကွင်းတွင် ချိတ်၍ မူလီစွဲပြီးလျှင် ကိုင်းတောကြီးအား ကြမ်းတုံးတိုက်ရပါသည်။ (လယ်ကွက်ယာကွက်များထဲတွင် ထယ်က ခဲများအား နွားဖြင့် ကြမ်းတုံးတိုက်သည့်ပုံစံဖြစ်ပါသည်။)

ကိုင်းတောကြီးအတွင်း ထွန်စက်များဖြင့် နှစ်စပ် သုံးစပ် ကြမ်းတုံးရိုက်ပြီးလျှင် ကိုင်းပင်များ ကြေမွပြီး မြေပြင်တွင် ပြားပြားဝပ်လျက် ကောက်ရိုးများသဖွယ်ဖြစ်လျှင် ၁၀ရက်ခန့် နေပူလှန်းလိုက်လျှင် ခြောက်သွေ့သွားလေ၏။ ခြောက်သွေ့သွားသော ကိုင်းပင်များအား မီးရှို့လိုက်ပြီး မီးလောင်ပြီးသွားသော မြေပြင်မှာ ကိုင်းပင်ငုတ်တိုလေးများသာ ကျန်တော့သည်။ ထိုမြေပြင်အား ဇယ်တာ လယ်ထွန်စက်တွင် (သိပ္ပံ သုံးသွား) ထယ်သွား လင်ပန်းတပ်၍ ထယ်ထိုးရပါသည်။ သိပ္ပံသုံးသွားထယ် နှစ်စပ်ထိုးပြီး ၁၆သွားထယ်ဖြင့် နှစ်စပ်ထိုး ထိုးပြီးလျှင် နွားဖြင့် ထွန်သွားတပ်၍ ကိုင်းငုတ်များအား စုပြီး လူလုပ်အားဖြင့် စုပုံပြီး နေလှန်းအခြောက်ခံ၍ မီးရှို့လျက် ကိုင်းပင်မျိုးဖြုတ်ရလေသည်။ ဤကဲ့သို့ မြေရိုင်းမြေလွတ်များအား လယ်ယာမြေအဖြစ် ခက်ခဲစွာ ဖော်ထုတ်ရလေသည်။

◆◆◆

ညောင်လေးပင်မြို့တွင် ရှိသော အမှတ် (၁၂) ထွန်စက်စခန်းမှ ဇယ်တာ လယ်ထွန်စက်အုပ်စု နှစ်အုပ်စုသည် စည်ပင် စီမံကိန်းအတွက် စီမံကိန်း ဖော်ထုတ်မည့် မြေနေရာနှင့် အနီးဆုံး ရွာဖြစ်သော တွင်းချောင်းရွာတွင် စခန်း ချ၍ လုပ်ငန်းခွင်ဝင်ရန်အတွက် ၎င်း တွင် ရှိသော ရွာသူကြီး၏ အိမ်တွင် စခန်းချလျက် ရှိလေ၏။

လယ်ထွန်စက် တစ်အုပ်စုလျှင် လယ်ထွန်စက် ၆စီးဖြစ်ပြီး အဖွဲ့တ ဆိုလျှင် ၃စီးဖြစ်သည်။ ယခု အုပ် နှစ်အုပ်စုဖြစ်သည့်အတွက် လယ်ထွန် စက် ၁၂စီးဖြစ်ပြီး အုပ်စုခေါင်းဆော နှစ်ယောက်နှင့် စက်ပြင်ဆရာ တ ယောက်၊ ဆီ(ဒီဇယ်ဆီ)ထိန်း တ ယောက် စုစုပေါင်း လူအင်အား ယောက်ဖြစ်လေသည်။ (အုပ်စုခေါ ဆောင်မှာ စက်မောင်းထဲမှ လုပ်သ ကြီးသူများကို ခန့်ထားခြင်းဖြစ်သည်

ယနေ့ လုပ်ငန်းခွင် စမည့် ဖြစ်သောကြောင့် အုပ်စုခေါင်းဆော နှင့် စီမံကိန်းတာဝန်ခံ ဦးဇော်ဝင်း ကျေးရွာမှ တာဝန်ရှိ လူကြီးများ တွေ့ဆုံ ဆွေးနွေးနေကြလေသည်။ စီ ကိန်းတာဝန်ခံ ဦးဇော်ဝင်းက···

"ဒီနေ့ လုပ်ငန်းစမှာဖြစ်လို့ စီ ကိန်းလုပ်မယ့် မြေနေရာ ကိုင်းတော ကြီးကို မနေ့က ကျွန်တော်နဲ့ မြေ ရင်းက အဖွဲ့တွေ သတ်မှတ်ခဲ့ နေရာတွေမှာ ဝါးလုံးတိုင်ထိပ်၌ အ အသား အနီရောင်အလံတွေ ချည် စိုက်ခိုင်းထားတာ စိုက်ပြီးကြပြီ ခင်ဗျာ"

"အမှတ်အသားအလံတိုင်တွေ စိုက်ထားပြီးပါပြီ။ နောက်ပြီး ကိုင်းတော ထဲမှာ ရှိတဲ့ တွင်းတွေ၊ သစ်ငုတ် တွေ နေရာမှာလည်း နှစ်ချောင်း စိုက်ထားပြီးပါပြီ။ စက်သမား ရောင်ကွင်းပြီး မောင်းလို့ ရ

www.burmeseclassic.com

www.burmeseclassic.com

စီမံကိန်းတာဝန်ခံ ဦးဇော်ဝင်း၏ မေးခွန်းအား ကွင်းချောင်းရွာ ရွာသူကြီး ဦးထွန်းပမှ ပြန်လည်ဖြေကြားလိုက်ခြင်းဖြစ်ပါသည်။ ရွာသူကြီး၏ ဖြေကြားသံအဆုံး စီမံကိန်းတာဝန်ခံ ဦးဇော်ဝင်းက လယ်ထွန်စက်အုပ်စု ခေါင်းဆောင် ကိုလှသိန်းနှင့် ကိုသိန်းလှိုင်တို့နှစ်ယောက်ဘက် လှည့်ကြည့်ပြီး ပြောလိုက်လေ၏။

"စက်အဖွဲ့ခေါင်းဆောင်တွေက သတ်မှတ်ထားတဲ့ အမှတ်အသားအလံတွေကို ကြည့်ပြီး မောင်းလို့ ရပြီဆိုတော့ လုပ်ငန်းစလို့ ရပြီဖြစ်လို့ ဒီနေ့ ကော်ဘယ်နှစီး မောင်းမယ်လို့ စီစဉ်ထားလဲ"

စီမံကိန်းတာဝန်ခံ ပြောစကားကြောင့် အုပ်စုခေါင်းဆောင် ကိုလှသိန်းက…

"ဒီနေ့က အစနေ့ဆိုတော့ စက်ခြောက်စီးနဲ့ စ,မောင်းဖို့ စီစဉ်ထားပါတယ်။ ကြမ်းတုံးကလည်း ရှစ်တုံးပဲ ရှိတော့ ခြောက်စီးပဲ မောင်းမယ်။ ကျွန်တော့် စက်တွေကို အလဲအလှယ်ချိန်းပြီး မောင်းကြဖို့ စီစဉ်ထားပါတယ်"

စက်အဖွဲ့အုပ်စုခေါင်းဆောင် ကိုလှသိန်း၏ စကားကြောင့် စီမံကိန်းတာဝန်ခံ ဦးဇော်ဝင်းက…

"ကိုင်း… ဒီလိုဆိုရင် အခုပဲ လုပ်ငန်းစကြစို့။ ရွာသူကြီးနဲ့ ရွာသားတွေလည်း လိုက်ခဲ့ကြပါဦး။ စက်အဖွဲ့တွေ စ,ထွက်ကြပေတော့"

လယ်ထွန်စက် ရှစ်စီးပေါ်သို့ တာဝန်ရှိသူများ တက်ရောက်ကြပြီး ထို့တွင် လယ်ထွန်စက်မောင်းသမားများသည် မိမိတို့၏ စက်များအား စက်ရုံမှ စီမံကိန်းမြေနေရာသို့ လယ်ထွန်စက်များကို မောင်းထွက်လာခဲ့ကြလေသည်။



လုပ်ငန်းခွင်နေရာသို့ ရောက်လျှင် ကိုင်းတောကြီးအစပ်တွင် ရှိနေသော ကုက္ကိုပင်ကြီးအောက်တွင် ရွာသူကြီးနှင့် ရွာသားအချို့ စီမံကိန်းတာဝန်ခံတို့ ဆင်းနေခဲ့ကြလေသည်။ လယ်ထွန်စက်သမားများမှာ ထွန်စက်နောက်တွင် ကျွန်းတုံး၊ သစ်တုံး၊ ကြမ်းတုံးများ ဆွဲလျက် သတ်မှတ်နေရာများတွင် အမှတ်အသား အလံတိုင်များ စိုက်ထူထားသော သတ်မှတ်နေရာအတွင်းသို့ အုပ်စုခေါင်းဆောင် ကိုလှသိန်းမှ ဦးဆောင်၍ လယ်ထွန်စက်အား မောင်းဝင်သွားလေသည်။ အုပ်စုခေါင်းဆောင် စက်နောက်မှ ကျန်လယ်ထွန်စက် သုံးစီး ဆက်လက်မောင်းသွားကြပြီး အမှတ်စဉ်(၅) ထွန်စက်တွင် အုပ်စုခေါင်းဆောင် ကိုသိန်းလှိုင်ရဲ့ ထွန်စက်က ရှေ့မှ မောင်းလာပြီး သူ့နောက်မှ ကျန်စက် သုံးစီးက ဆက်ပြီး မောင်းဝင်လာကြလေသည်။

လယ်ထွန်စက်များ ကြမ်းတုံးရိုက်ကြသည်မှာ ရှေ့က မောင်းသွားသည့် ထွန်စက်၏ ကြမ်းတုံးရာ ထက်ဝက်နေရာမှ နောက်ထွန်စက်က မောင်းရသည်။ သို့မှသာ ကြမ်းတုံးရာ တစ်ခုနှင့် တစ်ခု အုပ်မိပြီး ကိုင်းပင်များ ကြေမွပြီး ကွက်လပ်မရှိ မီးရှို့၍ ရပေမည်။

နံနက် ရှစ်နာရီအချိန်မှ စ၍ ကိုင်းတောကြီးအား ကြမ်းတုံးရိုက်ကြသည်မှာ နေ့လယ် ၁၂နာရီအချိန်ခန့်တွင် သတ်မှတ်အလံများ မှတ်သားထားသော ၁၅ဧကခန့် အကျယ်အဝန်း ကိုင်းတောကြီးမှာ မြေပြင်တွင် ပြားပြားဝပ်၍ ကြေမွပြီး ကောက်ရိုးများသဖွယ်ဖြစ်နေပေပြီ။ လယ်ထွန်စက်များသည် စီမံကိန်းတာဝန်ခံနှင့် ရွာသူကြီးရှိရာ ကုက္ကိုပင်ကြီးအောက်သို့ မောင်းလာကြပြီး လယ်ထွန်စက်နောက်တွင် ချိတ်ဆွဲထားသော ကြမ်းတုံးများအား ဖြုတ်ထားခဲ့ပြီး စီမံကိန်းတာဝန်ခံနှင့် ရွာသူကြီးအပါအဝင် ရွာသားများအား တင်၍ နံနက်စာ ထမင်းစားရန်အတွက် ကွင်းချောင်းရွာသို့ မောင်းသွားကြလေသည်။

◆◆◆

လုပ်ငန်းခွင် ဝင်ခဲ့ကြသည်မှာ ယနေ့ဆိုလျှင် ၇ရက်ရှိပြီဖြစ်သည်။ နံနက် ၇နာရီအချိန်မှစ၍ လုပ်ငန်းခွင်ဝင်နေကြသည်မှာ နံနက် ၁၀နာရီအချိန်တွင် သတ်မှတ်ထားသော ကိုင်းတောကြီးမှာ ထက်ဝက်ကျော်ကျော်ခန့် ကြမ်းတုံးရိုက်ပြီးဖြစ်သည်။ ရှေ့ဆုံးထွန်စက်တွင် အုပ်စုခေါင်းဆောင် ကိုသိန်းလှိုင်မှ မောင်းပြီး ကိုင်းတောကြီးအား ကြမ်းတုံးရိုက်နေခြင်းဖြစ်သည်။ ကိုသိန်းလှိုင်သည် ထွန်စက်အား နံပါတ်(၂) စီယာဖြင့် မောင်းနေခြင်းဖြစ်သည်။ ကိုင်းတောကြီးအတွင်း သစ်ငုတ်များတွင် ချိုင့်များ ရှိနေသည့်အတွက် သေချာစွာ ဂရုစိုက်ကြည့်ပြီး လယ်ထွန်စက်လမ်းကြောင်းအား ဖြောင့်အောင်



www.burmeseclassic.com

www.burmeseclassic.com

မောင်းနေရလေသည်။ အုပ်စုခေါင်းဆောင် ကိုသိန်းလှိုင်၏ ရှေ့ လယ်ထွန်စက် လမ်းကြောင်းတည့်တည့်တွင် ကိုင်းပင်များ မပေါက်ဘဲ ရှင်းလင်းနေသည့် မြေကွက်လပ်တစ်ခုကို မြင်လိုက်ရလေသည်။ ကိုင်းတောကြီးအလယ်တွင် ကိုင်းပင်များ ပေါက်ရောက်ခြင်းမရှိဘဲ ပြောင်ရှင်းနေသည့် မြေကွက်လပ်တည့်တည့်သို့ လယ်ထွန်စက်အား ဦးတည်၍ မောင်းလိုက်လေရာ မြေကွက်လပ်အစပ်သို့အရောက်တွင် သူ၏ လယ်ထွန်စက်မှာ စက်ရပ်သွားလေသည်။ နံပါတ်(၂)ဂီယာဖြင့် လီဗာအဆုံးနင်း၍ မောင်းနေသော လယ်ထွန်စက် ရုတ်တရက် စက်ရပ်သွားသောကြောင့် စက်မောင်းနေသော ကိုသိန်းလှိုင် အံ့ဩသွားရလေသည်။ သူမောင်းနေသည့် လယ်ထွန်စက်မှာ ဒီစီမံကိန်းလုပ်ငန်းအတွက် အသစ်ရောက်ရှိလာသော ထွန်စက်ဖြစ်လေသည်။

ကိုသိန်းလှိုင်သည် စက်အား ဂီယာဖြုတ်လိုက်ပြီး စစ်ဆေးကြည့်ရာ ဆီတိုင်ကီထဲတွင်လည်း ဆီအပြည့်ရှိသည်။ ထွန်စက်အောက်သို့ ဆင်းပြီး ဆီပန့်အား စစ်ဆေးကြည့်ရာတွင်လည်း ဆီလမ်းကြောင်းတွင် ဆီပိတ်ခြင်း၊ လေနိုခြင်း မရှိသည်ကို တွေ့မြင်ရလျှင် စက်ရပ်သွားသည့်အကြောင်းကို စဉ်းစားမရဖြစ်သွားရလေသည်။ လယ်ထွန်စက်ပေါ်သို့ ပြန်တက်ပြီး စက်မောင်းထိုင်သည့် ထိုင်ခုံပေါ်တွင် ထိုင်လိုက်ပြီး လီဗာကို နင်းပြီး စက်ကို နှိုးလိုက်ရာ စက်နိုးသွားလေသည်။ လီဗာကို တစ်ချက်နှစ်ချက် ခြေဖြင့် ဆတ်၍ နင်းလိုက်ပြီး စက်သံကို နားထောင်ကြည့်ရာ စက်သံမှန်နေသောကြောင့် နံပါတ်(၁) ဂီယာကို ထိုး၍ ကလပ်(ချ်)ကို လွှတ်ပြီး စက်ကို မောင်းထွက်လိုက်ချိန် စက်ရပ်သွားပြန်သည်။

အုပ်စုခေါင်းဆောင် ကိုသိန်းလှိုင်၏ လယ်ထွန်စက်နောက်တွင် လယ်ထွန်စက် (၅)စီးမှာ တန်းစီ၍ ရပ်နေကြရလေသည်။ ရှေ့ဆုံးမှ ခေါင်းဆောင်စက် ရပ်နေသည့်အတွက် နောက်မှ စက်များမှာလည်း ရပ်နေကြရခြင်း ဖြစ်သည်။ အုပ်စုခေါင်းဆောင်၏ လယ်ထွန်စက် စက်ရပ်သွားပြီး စက်အောက်သို့ ဆင်းကြည့်ပြီး စက်ပေါ် ပြန်တက်ပြီး စက်နှိုး၍ မောင်းထွက်ချိန် စက်ပြန်ရပ်သွားသည်ကို မြင်ရလေသည်။

ကိုသိန်းလှိုင်သည် မိမိ၏ လယ်ထွန်စက်အား စက်နှိုး၍ ဂီယာထိုးပြီး စက်ကို မောင်းထွက်လျှင် စက်ရပ်သွားပြန်၍ ဂီယာဖြုတ်ပြီး စက်ကို ပြန်နှိုးကြည့်ရာ စက်မှ ပုံမှန်အတိုင်း နိုးလာသဖြင့် နံပါတ်တစ် ဂီယာထိုးပြီး ကလပ်(ချ်)လွှတ်၍ မောင်းထွက်လိုက်လျှင် စက်ရပ်သွားပြန်လေသည်။

အုပ်စုခေါင်းဆောင် ကိုသိန်းလှိုင်သည် မိမိ၏ လယ်ထွန်စက်ဖြစ်နေပုံအား ကြည့်၍ စဉ်းစားရခက်နေလေသည်။ မိမိမှာ လယ်ထွန်စက်မောင်းသည့် လုပ်သက် ၉နှစ်ကျော်အချိန်အတွင်း ယခုကဲ့သို့ အဖြစ်မျိုး မကြုံတွေ့ခဲ့ရဖူးပါချေ။ သူ၏ စက်နောက်တွင် ရပ်နေကြသော လယ်ထွန်စက်မောင်းသူများအား လက်ပြ၍ စက်များအား ရပ်ခိုင်းလိုက်လေသည်။ ပြီးလျှင် သူ့လယ်ထွန်စက်အား စက်နှိုးပြီး မောင်းထွက်ရာ စက်သေသွားပြန်သည်။ ကိုသိန်းလှိုင်သည် လေးငါးခြောက်ခါ လုပ်ကြည့်သော်လည်း စက်ကို ရှေ့သို့ မောင်းထွက်၍ မရဖြစ်နေသည်ကို သူ့နောက်တွင် ရှိနေကြသော စက်မောင်းသူများ မြင်ကြရပြီး သူတို့၏ လယ်ထွန်စက်များပေါ်မှ ဆင်းလာကြပြီး ကိုသိ[illegible] လှိုင်၏ လယ်ထွန်စက်အနီးသို့ ရော[illegible] လာကြလေသည်။ အုပ်စုခေါင်းဆော[illegible] ကိုသိန်းလှိုင်က သူ့နောက် ကပ်လျ[illegible] သော ထွန်စက်မောင်းသမား တင်[illegible] အား…

"တင်လှရေ…ငါ့စက် ဘာဖြ[illegible] မှန်း မသိဘူးကွာ။ ရှေ့ကို မောင်းထွ[illegible] လိုက်တိုင်း စက်ရပ်,ရပ်သွားတ[illegible] မင်းစက် ငါ့စက်ကို ကျော်ပြီး ဆ[illegible] မောင်းသွားစမ်းကွာ"

အုပ်စုခေါင်းဆောင် ကိုသိန်း[illegible] ၏ ပြောသံကို ကြားရသော တ[illegible] သည် သူ့လယ်ထွန်စက်ရှိရာသို့ [illegible] သွားပြီး လယ်ထွန်စက်ပေါ် [illegible] စက်နှိုး၍ မောင်းထွက်လိုက်ပြီး ကို[illegible] လှိုင်၏ ထွန်စက်ကို ကျော်၍ [illegible] လာလေသည်။ ကိုင်းပင်များ မ[illegible] ဘဲ ကွက်လပ်ဖြစ်နေသော မြေ[illegible] စပ်သို့ လယ်ထွန်စက်၏ ရှေ့ဘီး[illegible] လျှင် တင်လှ၏ လယ်ထွန်စ[illegible] လည်း စက်ရပ်သွားပြန်လေ၏။ တ[illegible] လည်း သူ့ လယ်ထွန်စက်အား [illegible] ပြန်နှိုးလိုက်ရာ စက်နိုးသွား၍ ဂီ[illegible] ပြီး ရှေ့သို့ မောင်းထွက်လိုက်ရာ [illegible] စက်မှာ စက်ရပ်သွားပြန်သည်။ [illegible] လိုက်၊ ဂီယာထိုးလိုက်၊ ရှေ့သို့ [illegible] ထွက်လိုက်၊ စက်ရပ်သွားလိုက်[illegible] တင်လှတစ်ယောက် ချွေးပြန်နေ[illegible] ကိုးကြိမ် ဆယ်ကြိမ်ခန့်ဖြစ်ပြီး [illegible] ပျက်ကာ လယ်ထွန်စက်ပေါ်မှ [illegible] လာပြီး ကိုသိန်းလှိုင်နှင့် စက်[illegible] သမားများအနီးသို့ ရောက်လျှင် [illegible] က…

"ကိုသိန်းလှိုင်ရေ…ကျွန်[illegible] စက်လည်း ဘာဖြစ်တာလဲ မသိ[illegible] ဟိုမြေကွက်လပ်အစပ်ကို [illegible] နဲ့ စက်ထိုးရပ်သွားပြီး ပြန်နှိုးရင် [illegible]

www.burmeseclassic.com

www.burmeseclassic.com

…နီးပြီး ရှေ့ကို မောင်းထွက်ရင် ရပ်…သွားပြန်ရော။ စက်နိုးပြီး ရှေ့ကို မောင်း…မရ ဖြစ်နေတယ်။ ဘာဖြစ်မှန်းကို …သိဘူး"

"ငါ့စက်လည်း အဲဒီအတိုင်းပဲ …နေတာ။ လာကြ၊ ငါ့စက်က ကြမ်း… သံကြိုးကို လာဖြုတ်ပေးကြစမ်း၊ …က်ကို နောက်ဆုတ်ပြီး မောင်းကြည့်…ယ်"

ကိုသိန်းလှိုင်၏ လယ်ထွန်စက်မှ ကြမ်းတုံးဆွဲသည့် သံကြိုးအား စက်…မောင်း တင်လှနှင့် ကျော်မောင်တို့ …ယောက်မှ ဖြုတ်ပေးလိုက်ကြသည်။ …ကြိုးဖြုတ်ပြီးသည်နှင့် ကိုသိန်းလှိုင် … သူ၏ စက်အား နှိုးလိုက်ပြီး နောက် … ဆုတ်လိုက်ရာ ထွန်စက်သည် …အတိုင်း နောက်ဆုတ်သွားလေ…သည်။ ဝါးတစ်ပြန့်ခန့် နောက်သို့ ဆုတ် … ရပ်၍ နံပါတ်နှစ် ဂီယာထိုးပြီး ရှေ့… မောင်းထွက်လိုက်ရာ မြေကွက်လပ် …စပ်ကို ရောက်သည်နှင့် ထွန်စက် … စက်ထိုးရပ်သွားလေတော့သည်။ …သို့ နှစ်ကြိမ် သုံးကြိမ်လုပ်ကြည့်ရာ …င် မြေကွက်လပ်အစပ်အရောက် …င် စက်ရပ်သွားသည်ကိုသာ ကြုံ…ရလေသည်။

ကိုသိန်းလှိုင်တစ်ယောက် စဉ်း…ရ ခက်ချေပြီ။ ဘာလုပ်ရမည်ကို …စားလိုက်ပြီး သူ၏ လယ်ထွန်စက် … စက်နှိုး၍ ဘက်ဂီယာထိုးကာ …က်သို့ ဆုတ်ပြီး မြေကွက်လပ်နှင့် …ကျင်ဘက်အရပ်သို့ မောင်းထွက် …ရာ ကောင်းစွာမောင်း၍ရလေ…သည်။ ကြမ်းတုံးရိုက်ထားသည့် မြေ…ပေါ်တွင် သူ၏ ထွန်စက်အား …ပတ်မောင်းကြည့်ရာတွင်လည်း …မှာ မည်သည့်ချို့ယွင်းချက်မှ မရှိ …မောင်းနှင်၍ရလေသည်။

မြေကွက်လပ်ရှိရာသို့ သူ၏ စက်အား ပြန်လည်မောင်းလာခဲ့ပြီး စက်မောင်းသမားများအနီးတွင် ရပ်ကာ…

"ငါ့လယ်ထွန်စက်က ဘာမှမဖြစ်ဘူးကွ။ ဒီမြေကွက်ကသာ ထူးဆန်းနေတာ။ ဒီမြေကွက်လပ်ထဲကို ငါတို့ ထွန်စက်တွေ ဝင်မယ်လုပ်ရင် စက်ရပ်သွားတာ မင်းတို့အမြင်ပဲ။ ငါ့ထွန်စက်တင် မဟုတ်ဘဲ၊ တင်လှစက်ပါ ဝင်လို့ မရတာ။ ဒီမြေကွက်လပ်ကို ရှောင်ကွင်းပြီး စက်တွေကို မောင်းကြရမှာပဲ။ ဒီမြေကွက်လပ်ဟာ တစ်ခုခုတော့ ထူးခြားနေတာ အမှန်ပဲ။ မင်းတို့မြင်တဲ့အတိုင်း၊ ဒီကိုင်းတောကြီးအလယ်မှာ ကိုင်းပင်တစ်ပင်မှ မပေါက်၊ မြက်ပင်လည်း မပေါက်ဘဲ တလင်းပြင်လို ပြောင်ရှင်းနေတာကိုက ထူးဆန်းနေတယ်။ ရွာက လူကြီးတွေကို မေးကြည့်ရင် သိနိုင်မယ်ထင်တယ်။ ကဲ- စက်သမားအားလုံး ဒီမြေကွက်လပ်ကို ရှောင်ကွင်းပြီး မောင်းကြ။ ဆက်ပြီး မောင်းကြမယ်"

ဟု ပြောပြီး သူ၏ ထွန်စက်အား ကြမ်းတုံး သံကြိုးပြန်တပ်ပြီး ထွန်စက်



အုပ်စုရှေ့မှ ဦးဆောင်၍ မြေကွက်လပ်အား ရှောင်ကွင်းပြီး မောင်းခဲ့လေသည်။ ထွန်စက်ပေါ်မှ မြေကွက်လပ်အား သေချာစွာ ကြည့်လိုက်မိရာ မြေကွက်လပ်သည် အခြားမြေပြင်များထက် နှစ်တောင်ခန့် မို့မောက် မြင့်တက်နေပြီး ပေ ၁၀၀ ပတ်လည်ခန့် အကျယ်ရှိမည်ဟု ခန့်မှန်းမိလေသည်။

◈◈◈

ရွာတွင်းသို့ နေ့လယ် ထမင်းစားပြန်ရောက်ချိန်တွင် ရွာလူကြီးများအား ထူးဆန်းသည့် မြေကွက်လပ်အကြောင်း မေးကြည့်ရာ တစ်ဦးတစ်ယောက်ကမျှ ထိုမြေကွက်လပ်အကြောင်းကို သိသူ မရှိပေ။ စီမံကိန်းတာဝန်ခံ ဦးဇော်ဝင်းက ထိုမြေကွက်လပ်အား လယ်ထွန်စက်များ ကျော်ဖြတ် မောင်းနှင်ခြင်း မပြုလုပ်ကြရန် ပြောဆိုလေသည်။

သည်နေ့သည် စီမံကိန်းအတွက် လယ်ယာမြေဖော်ထုတ်မှု ပထမအဆင့် ကိုင်းတောကြီးအား ကြမ်းတုံးရိုက်ပြီး နေလှန်း၍ ခြောက်သွေ့ပြီဖြစ်သောကြောင့် မီးရှို့ရန်အတွက် အနီးပတ်ဝန်းကျင်ရှိ ကိုင်းတောများအား မီးမကူးစေရန် မီးတားလမ်းများ ပြုလုပ်ပြီးပြီဖြစ်သဖြင့် ညနေ ၅နာရီအချိန်တွင် လေညာအရပ်မှ စတင်၍ မီးရှို့နေကြသည်။

စီမံကိန်းတာဝန်ခံနှင့် စက်မောင်းသမားများ၊ စက်ပြင်ဆရာ၊ ဆီထိန်းနှင့် ရွာလူကြီးတို့သည် လုပ်ငန်းတစ်ဝက် ပြီးစီးပြီဖြစ်သောကြောင့် ရွာသူကြီး၏ အိမ်တွင် ပျော်ပွဲ ချက်စားနေကြလေသည်။ ထုံးစံအတိုင်း အသောက်ကတော့ ပါသည်မို့ သောက်စားကြရင်း ညဉ့်နက်မှ အိပ်ရာဝင်ဖြစ်ကြလေတော့သည်။

နံနက် ၈နာရီအချိန်ခန့်တွင် ရွာသူကြီး ဦးထွန်းပမှ စီမံကိန်းတာဝန်


www.burmeseclassic.com

www.burmeseclassic.com

ခံနှင့် စက်မောင်းအဖွဲ့ခေါင်းဆောင်များဖြစ်သော ကိုလှသိန်းနှင့် ကိုသိန်းလှိုင်၊ စက်ပြင် ကိုအောင်မြင့်တို့အား ရွာဦးဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်ကြီးက ခေါ်ကြောင်း၊ ရပ်ရွာလူကြီးများပါ လိုက်လာရမည်ဖြစ်ကြောင်း ပြောလာသောကြောင့် ရွာဦးဘုန်းတော်ကြီးကျောင်းသို့ သွားကြလေသည်။

ဘုန်းတော်ကြီးကျောင်းသို့ရောက်လျှင် ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်နေသော သက်တော် ၈၀ခန့်ရှိ ဘုန်းတော်ကြီးတစ်ပါးကို မြင်ရလေ၏။ ရွာသူကြီးနှင့် အတူလာကြသူများအားလုံး ဘုန်းတော်ကြီးအား ရှိခိုးဝတ်ပြုကြလေသည်။ ထိုအချိန် ဘုန်းတော်ကြီးက···

"သြော်···ရွာသူကြီးနဲ့ စီမံကိန်းမှာ တာဝန်ရှိတဲ့သူတွေ ရောက်လာကြပြီကိုး။ ဒကာကြီးတို့ကို ဘုန်းကြီးခေါ်ခိုင်းလိုက်ရတဲ့ အကြောင်းကတော့ ညက ဘုန်းကြီးကျိန်းနေတုန်း အိပ်မက်မက်တယ်။ အဲသည်အိပ်မက်ကို ဒကာကြီးတို့ကို ပြောပြချင်လို့ ခေါ်ခိုင်းလိုက်ရတာပဲကွဲ့"

"ဆရာတော်က ဘယ်လို အိပ်မက် မက်လို့ပါလဲ ဘုရား။ အမိန့်ရှိပါဘုရား"

ဆရာတော် ဘုန်းကြီးအား ရွာသူကြီး ဦးထွန်းပမှ လျှောက်တင်ခြင်း ဖြစ်သည်။

"ဒီလိုကွဲ့၊ ဒကာကြီးတို့ရဲ့။ ဘုန်းကြီး ည ၁၂နာရီအချိန်လောက်မှာ အိပ်မက်မက်တာ။ ဘုန်းကြီးရဲ့ ကျောင်းပေါ်ကို ရှေးခေတ်အဝတ်အစားတွေ ဝတ်ထားကြတဲ့ လူငါးယောက် တက်လာကြတယ်။ ယောကျ်ားကြီးက သုံးယောက်၊ မိန်းမကြီးက နှစ်ယောက်။ ယောကျ်ားကြီးတွေက တောင်ရှည်ပိုးပုဆိုးနဲ့ ရင်ဖုံး ပိုးအင်္ကျီ၊ ခေါင်းမှာ သျှောင်ထုံးကို ပိုးပဝါပေါင်းလို့။ အမျိုးသမီးတွေက ပိုးချိတ်ထဘီ၊ ထိုင်မသိမ်းအင်္ကျီနဲ့ ခေါင်းက ဆံပင်ကို ဘီးဆံပတ်ထုံးလို့၊ ဘုန်းကြီးကို ဝတ်ပြုပြီး ခေါင်းဆောင်နဲ့ တူတဲ့ လူကြီးက လျှောက်ထားတယ်ကွဲ့"

"ဆရာတော်ဘုရား··· တပည့်တော်တို့ ဆရာတော်ကြီးကို လျှောက်ထားပါရစေ ဘုရား။ အခု စီမံကိန်း လယ်မြေဖော်ထုတ်တဲ့ မြေနေရာထဲမှာ တပည့်တော်တို့ စောင့်နေရတဲ့ ဘုရားတည်ဖို့ မြေနေရာ တစ်နေရာ ပါနေပါတယ် ဘုရား။ ဒါကြောင့် အဲသည်မြေနေရာကို သူတို့စက်တွေနဲ့ မထိုးကြဖို့၊ လယ်မြေ မလုပ်ကြဖို့ ဆရာတော်က သူတို့ကို တားမြစ်ပေးပါ ဘုရား"

"ဟဲ့ - ဒကာကြီးတို့၊ ဘုရားတည်မယ့် မြေနေရာကို ဘုန်းကြီးမှ မသိတာ။ ဘယ်လိုပြောပြီး တားရမှာလဲ"

"မှန်ပါ့ ဘုရား။ အဲသည် မြေနေရာကို စက်မောင်းသူတွေ သိပါတယ် ဘုရား။ သူတို့စက်တွေ ကြမ်းတုံးရိုက်တဲ့အချိန်က အဲသည်မြေကွက်ထဲ စက်တွေ ဝင်လို့မရအောင်၊ စက်တွေကို ရပ်အောင် တပည့်တော်တို့ လုပ်လိုက်ပါတယ် ဘုရား။ အဲသည် မြေကွက်ပါ ဘုရား။ ညက မီးရှို့တဲ့အခါမှာလည်း အဲသည်မြေကွက်ထဲက မြက်ပင်တွေ မီးမလောင်ဘဲ ရှိနေပါတယ် အရှင်ဘုရား။ အဲသည် မြေကွက်ကို ရာဇမတ်ထရံကာပြီး ဆီမီးထွန်းပေးကြပါ။ ဒါဆိုရင် စီမံကိန်း လယ်ယာမြေဖော်ထုတ်နေကြသူတွေနဲ့ ဒီရွာသားတွေအားလုံး ဘေးရန်တွေ ကင်းရှင်းအောင် တပည့်တော်တို့ စောင့်ရှောက် ကာကွယ်ပေးပါ့မယ် ဘုရား"

"ဒကာကြီးတို့က ဘယ်သူတွေ[illegible] လဲ။ ဒီမှာ ဘာလုပ်နေကြတာလဲ"

"မှန်လှပါ ဘုရား။ တပည့်တော်[illegible] တို့က တပင်ရွှေထီးဘုရင်ရဲ့ မှူးတော်[illegible] မတ်တော်နဲ့ စစ်သူကြီးတွေပါ ဘုရား[illegible] သူတို့က မှူးမတ်ကတော်တွေ[illegible] တပင်ရွှေထီး ဟံသာဝတီကို စစ်ချီ[illegible] မှာ သည်နေရာအရောက် ခေတ္တ [illegible] စခန်းချစဉ် ဘုရားတည်ရန် အိပ်မက်[illegible] လို့ ဘုရားရှင်ရဲ့ ဓာတ်တော်တွေ[illegible] ရတနာပစ္စည်းတွေကို ဌာပနာဖို့ [illegible] သည်မြေကွက်မှာ ခေတ္တခဏထား[illegible] ဘုရားတည်ဖို့ စီစဉ်နေချိန်မှာ စစ်[illegible] အခြေအနေကြောင့် ဆက်လက်[illegible] ဟံသာဝတီကို စစ်ချီရန် အရေးပေါ်[illegible] တဲ့အတွက် တပည့်တော်နဲ့ အမတ်[illegible] တစ်ယောက်၊ စစ်သူကြီးတစ်ယော[illegible] ကို ဒီနေရာမှာ ဘုရားတည်ဖို့ အ[illegible] အရှောက်တွေနဲ့ ထားခဲ့ပါတယ် ဘု[illegible] တပည့်တော်တို့ ဘုရားတည်ဖို့ စီ[illegible] တုန်း အဲသည်မြေကွက်မှာ [illegible] တူးပြီး ဓာတ်တော်တွေနဲ့ ရတနာပ[illegible] တွေကို မြှုပ်နှံထားပါတယ် ဘု[illegible] ဒါပေမယ့် တပည့်တော်တို့မှာ အ[illegible] အရှောက် လူအင်အားနည်းလွန်း[illegible] ကြောင့် ဟံသာဝတီမင်းရဲ့ စစ်[illegible] တော် သုံးကျိပ်(၃၀)ဟာ သတင်း[illegible] တပည့်တော်တို့ စခန်းချထားတဲ့ [illegible] မှာ လာပြီး အလစ်ဝင်တိုက်တဲ့အ[illegible] တပည့်တော်တို့နဲ့ နောက်လိုက်[illegible] အားလုံး သေဆုံးခဲ့ရပြီး တပည့်[illegible] အမတ်ကြီးရယ်၊ စစ်သူကြီး[illegible] တပည့်တော်တို့ရဲ့ ဇနီးနှစ်ယော[illegible] ဟာ ဘုရားတည်မယ့် မြေနေရာ[illegible] အောက်မှာ ရှိတဲ့ ဓာတ်တော်[illegible] ရတနာပစ္စည်းတွေကို စောင့်[illegible] အစောင့်တွေအဖြစ်နဲ့ သည်နေ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဆောင့်ရှောက်နေရပါတယ် ဘုရား။ ...်များမကြာမီ ဒီနေရာမှာ ရွာတွေ ...ည်ပြီး စည်ကားလာပါလိမ့်မယ်။ ...ရားတည်မယ့် ဘုရားဒါယကာလည်း ...ေါ်လာပြီး ဘုရားတည်ပါလိမ့်မယ် ...ရား"

"ဘုန်းကြီးကို အဲသည် ဒကာကြီး ... လျှောက်ထားပြီး တပည့်တော်တို့ ...ွားပါတော့မယ် ဘုရား။ စီမံကိန်းက ...ာဝန်ရှိသူနဲ့ ရွာသူကြီးကို ပြောဖြစ် ...အောင် ပြောပေးပါ ဘုရားလို့ ပြောပြီး ...ုန်းကြီးကို ရှိခိုးဝတ်ပြုပြီး ကျောင်းပေါ် ... ဆင်းသွားတဲ့အချိန် ဘုန်းကြီးလည်း ...ိမ်းရာက နိုးလာတော့တာပဲကွဲ့"

ကျောင်းထိုင်ဆရာတော်ကြီးက ...ညက အိပ်မက်မက်သည့်အကြောင်းကို ...သေချာစွာ ရှင်းပြလေသည်။ ရွာသူကြီး ...ဦးထွန်းပက...

"ဆရာတော်ကြီး အိပ်မက်ထဲက ...အတိုင်း တပည့်တော်တို့ ည ...က မီးရှို့ ...ထားတဲ့ မြေကွက်ကို မီး...လောင်၊ ...လောင် သွားကြည့်လိုက်ပါ့မယ် ...ဘုရား။ အိပ်မက်အတိုင်း မှန်တယ်ဆို ...ရင် အဲသည်နေရာကို ရာဇမတ်ကာပြီး ...ဆီမီးထွန်းပါ့မယ် ဘုရား"

ရွာသူကြီး ဦးထွန်းပမှ ဆရာ ...တော်ကြီးအား လျှောက်ထားလိုက်ပြီး ...ကန်တော့၍ ကျောင်းပေါ်မှ ပြန်ဆင်း ...ကြသည်။ ထို့နောက် ဘုန်းတော် ...ကြီး မိန့်ကြားသည့် မြေကွက်ရှိရာသို့ ...သွားကြလေသည်။

ညက မီးရှို့ထား၍ မီးလောင်ပြီး ...ပြောင်လယ်ပြင်ကြီးပမာ ဖြစ်နေသော ...မြေပြင်အား ဖြတ်သန်း၍ လာခဲ့ကြရာ ...တောကြီးအဖြစ် ရှိစဉ်က ရှိခဲ့သော ...သစ်ပင်ငုတ်တိုများအား မီးလောင်ကျွမ်း ...ချက် မီးခိုးများ ထွက်နေသည်ကို မြင် ...ကြရလေသည်။ ဆရာတော်ကြီး အိပ်မက်သည်ဆိုသော မြေကွက်လပ်သို့ ရောက်လျှင် မြင်ကွင်းမှာ မယုံကြည်နိုင်ဖွယ်ရာအဖြစ် ထူးဆန်းစွာ မြင်တွေ့လိုက်ကြရလေသည်။

လယ်ထွန်စက်များဖြင့် ကြမ်းတုံးရိုက်ထားသောကြောင့် ကောက်ရိုးများ သဲဖွယ်ဖြစ်နေသော ကိုင်းပင်အခြောက်များအား မီးရှို့၍ မီးလောင်ကျွမ်းသည့် မီးအရှိန်မှာ ကွင်းအတွင်းရှိ သစ်ပင်များပင် မီးကျွမ်း၍ အောက်ပိုင်းရှိ သစ်ရွက်များအားလုံး မီးလောင်ကျွမ်းပြီး သစ်ပင်အဖျားပိုင်းရှိ သစ်ရွက်များအားလုံးမှာ ခြောက်သွေ့နေလေ၏။ ယခု မြင်တွေ့လိုက်ရသည်က အလျားပေ ၁၀၀၊ အနံပေ ၁၀၀ခန့်ရှိ မြေကွက်အတွင်းရှိ မြက်ပင်များမှာ မီးမလောင်၊ မီးမကျွမ်း၊ မီးအရှိန်ဟပ်၍ ညှိုးရော် ခြောက်သွေ့ခြင်း မရှိဘဲ စိမ်းလန်းလျက်အတိုင်း မြင်တွေ့လိုက်ကြရလေသောကြောင့် ရွာသူကြီး ဦးထွန်းပက...

"ကြည့်ကြစမ်းပါဦးဗျာ၊ ညက ဒီလောက် မီးလောင်ထားတဲ့ မီးအရှိန်ဟာ နည်းတဲ့ မီးအရှိန်မဟုတ်ဘူး။ ဒီလောက် မီးအရှိန်ပြင်းတာတောင်မှ ဒီမြေကွက်ထဲက မြက်ပင်တွေ မီးမကျွမ်းဘဲ စိမ်းစိုနေတာ အံ့သြဖို့ တော်တော်ကောင်းတယ်ဗျို့"

"ဟုတ်တယ် သူကြီးရေ။ ဆရာတော်ကြီး အိပ်မက်ထဲအတိုင်း မှန်နေပြီပေါ့။ ဒါကြောင့် ဆရာတော်ကြီး အိပ်မက်ထဲက လူကြီးပြောသလို ဒီမြေကွက်ပတ်လည်ကို ရာဇမတ်ကာပြီး ဆီမီးပူဇော်ကြရင် ကောင်းမယ် ထင်တယ်"

ရွာသူကြီး၏ စကားကို ထောက်ခံ ပြောဆိုလိုက်သူက စီမံကိန်းတာဝန်ခံ ဦးဇော်ဝင်းဖြစ်လေသည်။ စက်အဖွဲ့ အုပ်စုခေါင်းဆောင် ကိုသိန်းလှိုင်က လည်း...

"ကျွန်တော် ကြမ်းတုံးရိုက်တုန်းက ကျွန်တော့်ထွန်စက် ရှေ့ကို မောင်းမရဘဲ စက်ရပ်သွားတဲ့ နေရာဟာ ဒီနေရာပဲဗျ။ ထွန်စက်ကို ရှေ့ကို မောင်းရင် စက်ရပ်သွားပြီး နောက်ဆုတ်ရင် ရတယ်။ ဒါကြောင့် ဒီမြေကွက်ကို ရှောင်ကွင်းပြီး ကြမ်းတုံးရိုက်ခဲ့ရတယ်။ ထူးဆန်းတဲ့ မြေကွက်အမှန်ပဲဗျ"

"ကဲ - ရွာကို ပြန်ပြီး ဒီမြေကွက်ကို ကာရံဖို့ ရာဇမတ်ကွက် ထရံတွေ ရက်ခိုင်းကြရအောင်။ ရာဇမတ်ကာပြီး ဆီမီးထွန်းကြရမယ်။ ပြန်ကြစို့ဗျာ"

ရွာသူကြီးက ရှေ့မှ ဦးဆောင်၍ ရွာဆီသို့ ထွက်သွားလေရာ အဖွဲ့သားများအားလုံး လိုက်သွားကြလေသည်။ ရွာရောက်လျှင် ရွာသားများအား ဝါးများ ခွဲစိတ်၍ ရာဇမတ်ကွက်များ ရက်ပြီး ထူးဆန်းလှသည့် မြေကွက်အား ရာဇမတ်ကာပြီး ရွာလူကြီး ဦးထွန်းပက ဖယောင်းတိုင်များ ထွန်း၍ ဆီမီးပူဇော်လေ၏။

◈◈◈

စည်ပင် စီမံကိန်းအတွက် လယ်ယာမြေများ ဖော်ထုတ်ရေးအဖွဲ့ ဖြစ်သော စီမံကိန်းတာဝန်ခံ ဦးဇော်ဝင်း ဦးဆောင်သောအဖွဲ့သည် လုပ်ငန်းခွင်တွင် သုံးလခန့် အချိန်ကြာပြီးချိန်၊ လယ်ထွန်စက်များနှင့် ထယ်ထိုး၍ ပြီးစီးလုအချိန်တွင် စည်ပင် စီမံကိန်းရွာဖြစ်သော "စည်ပင်ရွာ"တည်ရန် သက်ဆိုင်ရာ တာဝန်ရှိ အဖွဲ့အစည်းများ ရောက်လာပြီး ရွာနေရာ သတ်မှတ်ရာတွင် ထူးဆန်းစွာပင် စက်ဖြတ်မောင်း၍ မရသော၊ မီးမလောင်၊ မီးမကျွမ်းသော မြေကွက်နှင့် ပေ ၅၀၀ ခန့်အကွာ နေရာအား ရွာဦးရွာထိပ်ထား၍ တိုင်းထွာ အကွက်ချပြီး အိမ်များ ဆောက်



www.burmeseclassic.com

www.burmeseclassic.com

လုပ်စေခဲ့ပါသည်။

စီမံကိန်းလယ်ယာ ဖော်ထုတ်သော လယ်ထွန်စက်အဖွဲ့ တာဝန်များ ပြီးဆုံးချိန်တွင် တည်ဆောက်နေသော စည်ပင်ရွာသည် အိမ်ခြေ ၄ဝခန့် ဆောက်လုပ်ပြီးစီးနေပြီဖြစ်သည်။ ရွာဦး ရွာထိပ်တွင် စည်ပင်ရွာ၌ နေထိုင်ကြမည့် ရွာသားများ ကိုးကွယ်ရန်အတွက် ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရန် မြေနေရာသတ်မှတ်ရာတွင် ထူးဆန်းသည့် မြေကွက်အနီး ပေ ၁၅ဝခန့် အကွာ၌ ဘုန်းတော်ကြီးကျောင်းမြေနေရာအဖြစ် သတ်မှတ်ကြပါသည်။

လုပ်ငန်းများ ဆောင်ရွက်ကြရသည်မှာ လေးလကျော်ခန့် အချိန်ကြာမြင့်ပါသည်။ ထိုစီမံကိန်းလုပ်ဆောင်သည့် ၁၉၆၅-၆၆ခုနှစ် အချိန်ကာလသည် ပြည်တွင်း သောင်းကျန်းသူအဖွဲ့များ ဆူပူသောင်းကျန်းနေသည့်အချိန်အခါဖြစ်ပါသည်။ ဗ·က·ပ ခေါ် ဗမာပြည် ကွန်မြူနစ်ပါတီ သောင်းကျန်းသူများသည် ကျေးရွာများမှ လယ်သမားများကို အစိုးရ စပါးအဝယ်ဒိုင်သို့ စပါးသွားရောက် ရောင်းချလျှင် စပါးသယ်ယူသည့် လှည်း၊ နွားနှင့် စပါးရောင်းသည့် လယ်သမားကို "လူကို တွင်း၊ လှည်းကို ထင်း၊ နွားကို ဟင်း"ဆိုသည့် အမိန့်အာဏာထုတ်ပြီး ညှဉ်းဆဲ သတ်ဖြတ်နေသည့် အချိန်ကာလဖြစ်လေသည်။ အစိုးရဝန်ထမ်းဆိုလျှင်လည်း တွေ့လျှင် ဖမ်းဆီး သတ်ဖြတ်သည့်ကာလ။ KNDO ခေါ် ကရင် သောင်းကျန်းသူများလည်း ဆူပူသောင်းကျန်းသည့် အချိန်ကာလဖြစ်လေသည်။

စည်ပင် စီမံကိန်းလုပ်ငန်း လုပ်သည့်နေရာမှာ စစ်တောင်းမြစ် အနောက်ဘက်ကမ်းနှင့် ကပ်လျက်နေရာတွင် ရှိနေပါသည်။ KNDO ခေါ် ကရင်သောင်းကျန်းသူအဖွဲ့များမှာ စစ်တောင်းမြစ်အရှေ့ဘက်ကမ်းရှိ ကျေးရွာများတွင် လှည့်လည်၍ ဆက်ကြေးငွေကောက်ခံခြင်းများ၊ တပ်သားသစ်များ စုဆောင်းခြင်းများ ပြုလုပ်နေသော်လည်း စီမံကိန်းလုပ်ငန်းနေရာသို့ တစ်ခေါက်မှ ရောက်လာခြင်း မရှိပါချေ။ ဤကဲ့သို့ သောင်းကျန်းသူ လက်နက်ကိုင်အဖွဲ့များမှ လာရောက် နှောင့်ယှက်ဒုက္ခပေးခြင်း မရှိသလို၊ လုပ်ငန်းခွင်အတွင်း၌လည်း ထိခိုက် အန္တရာယ်ဖြစ်ခြင်းမျိုး တစ်ကြိမ်တစ်ခါမှ မဖြစ်ခဲ့ပါချေ။

လေးလကျော်အချိန်အတွင်း မည်သည့်အနှောင့်အယှက်မှ မတွေ့မကြုံရခြင်းမှာ ဂမ္ဘီရဆန်လွန်းလှသော ထူးဆန်းသည့် မြေကွက်အား စောင့်ရှေး[illegible]သော အစောင့်အရှောက်များ၏ စောင့်ရှောက်ပေးမှုကြောင့် ဖြစ်သည်ဟု စီမံကိန်းလုပ်ငန်းနှင့် ပတ်သက်သက်ဆိုင်သူများအားလုံး၏ စိတ်၌ ယုံကြည်မိကြလေတော့သည်။

(စာကြွင်း။ စည်ပင် စီမံကိန်း လယ်ထွန်စက်အုပ်စု ခေါင်းဆောင် ကိုသိန်းလှိုင်သည် ၁၉၇၈ ခုနှစ်တွင် တာဝန်ဖြင့် စည်ပင်စီမံကိန်းဖြင့် ရွာတည်ပေးခဲ့သော စည်ပင်ရွာသို့ ရောက်ခဲ့ရာတွင် စည်ပင်ရွာ၏ ရွာဦး ဘုန်းတော်ကြီးကျောင်းအနီးရှိ ဂမ္ဘီရ မြေကွက်ပေါ်တွင် ရွှေရောင်ဝင်းလက် တောက်ပနေသည့် ကိုးတောင်ပြည့်စေတီတစ်ဆူအား အရန်စေတီငယ်များနှင့် မဟာရံတံတိုင်းကာရံလျက် သပ္ပာယ်စွာ ဖူးမြင်ရလေ၏။

စေတီတော်၏ ဘွဲ့အမည်မှာ "ကမ္ဘာ့ကပ်ကျော် ရန်ပြေ မာန်ပြေ စေတီတော်"ဟူသော စေတီတော်အား အံ့ဩစွာ ဖူးမြင်ခဲ့ရ၍ ဘုန်းတော်ကြီး ကျောင်းရှိ ကျောင်းထိုင်ဆရာတော်အ…
စေတီတော်တည်ထားသူ မည်သူမည်…
ဖြစ်သည်ကို စုံစမ်းကြည့်ရာ မည်သ…
အရပ်ဒေသမှဟု မသိရသော သေ…
ထုံးနှင့် လူတစ်ယောက် ဘုန်း…
ကျောင်းသို့ ရောက်လာပြီး ထိုမြေကွ…
ပေါ်တွင် စေတီတစ်ဆူတည်ထား…
ကြောင်း၊ မည်သူတစ်ဦးတစ်ယောက်…
အကူအညီမလိုဘဲ သူတစ်ဦးတည်…
အကုန်အကျ တာဝန်ယူ လှူဒါန်း…
ဟု ပြောပြီး လှူဒါန်းတည်ထားခြင်း…
ကြောင်း၊ ဘုရားတည်၍ ထီးတော်…
ရေစက်ချပြီးသည်နှင့် မြောက်ဘ…
အရပ်သို့ ထွက်သွားသည်မှာ ယ…
အချိန်ထိ တစ်ကြိမ်မှ ပြန်ရောက်…
ခြင်း မရှိတော့ကြောင်း၊ ဘုရားတည်…
သည်မှာ ယခုဆိုလျှင် သုံးနှစ်ရှိသွ…
ဖြစ်ကြောင်း ကိုသိန်းလှိုင်မှ မေး…
စုံစမ်း၍ သိရှိခဲ့ရလေသည်။ စာရေး…

(ဤအဖြစ်အပျက်အား ပြော…
သော ကိုသိန်းလှိုင်မှာ စာရေးသ…
ယောက်ဖ၊ စာရေးသူအစ်မ၏ယော…
ဖြစ်ပါသည်။ ကွယ်လွန်သွားပြီဖြစ်သ…
ကိုသိန်းလှိုင်အား ရှိသေစွာ ဂါရ…
လျက် ကောင်းရာဘုံဘဝ ရော…
စေဟု ဆုတောင်းလိုက်ပါသ…
စာရေးသူ) ■

* * *

မင်းမြင့်နိုင်(ဘူးသီး…






www.burmeseclassic.com

www.burmeseclassic.com

# နွံထဲက ကြာ

**ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)**



အင်ဒိုနီးရှားမှ "ဗောရောဗုဒ္ဓော"(Borobudur) စေတီတော်ကြီးသည် ကမ္ဘာ့ဗုဒ္ဓဘာသာ သာသနိက အဆောက်အအုံများတွင် အကြီးမားဆုံးသော အဆောက်အအုံကြီးဖြစ်သည်။ ထိုစေတီတော်ကြီးသည် အရှေ့တောင်အာရှဒေသ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဂျာဗားကျွန်းအလယ်ပိုင်း (Central Java)၊ ...ယာကာတာမြို့ အနောက်မြောက်ဘက် မိုင် ၂၀အကွာတွင် တည်ရှိနေပါသည်။ အယ်လိုမြစ်နှင့် ပရိုကိုမြစ်တို့ ... ကုန်းမြင့်ပေါ်တွင် ထိုစေတီတော်ကြီးကို တည်ထားခြင်းဖြစ်သည်။ "ဗောရောဗုဒ္ဓော"အင်ဒိုနီးရှားနိုင်ငံ၏ ဂုဏ်ထူးဆောင် နာမည်ကျော် ထင်ရှားသည့် သာသနာ့ဝင်အဆောက်အအုံကြီးလည်း ဖြစ်ပေသည်။

ဂျာဗားကျွန်းတစ်ဝိုက်သည် မီးတောင်ပေါ်များသော ဒေသ(Volcanic Area)ဖြစ်ပြီး ပတ်ဝန်းကျင်၌ ရေအိုင်ကြီးများလည်းရှိရာ ဗောရောဗုဒ္ဓေါစေတီတော်ကြီးသည် ရေအိုင်အလယ်တွင် ကြာပန်းကြီးတစ်ပွင့် ဖူးပွင့်နေသလို ရှိ၏။ လေယာဉ်ပေါ်က ကြည့်လျှင်လည်း ရွှေတိဂုံစေတီတော်ကြီးကဲ့သို့ပင် ထင်ထင်ရှားရှားမြင်ရသည်။ ထို့ပြင် ဗုဒ္ဓသာသနာတော် မေးမှိန်ကွယ်ပျောက်လုလုဖြစ်နေသော အင်ဒိုနီးရှားနိုင်ငံတွင် တင့်တင့်တယ်တယ်၊ ထည်ထည်ဝါဝါကြီး ရှိနေသဖြင့် နွံထဲက ကြာတစ်ပွင့်နှယ်လည်း ဖြစ်နေပေတော့သည်။

**အင်ဒိုနီးရှားနိုင်ငံနှင့် ဗုဒ္ဓသာသနာ**

အင်ဒိုနီးရှားနိုင်ငံသို့ ခရစ်နှစ် ၄ရာစုလောက်တွင်



www.burmeseclassic.com

www.burmeseclassic.com




အိန္ဒိယနိုင်ငံမှ ယဉ်ကျေးမှုများ ရောက်ရှိလာသည်။ ယဉ်ကျေးမှုများနှင့်အတူ မဇ္ဈိမဒေသမှ ဘာသာအယူအဆများလည်း အင်ဒိုချိုင်းနားဒေသသို့ ပျံ့နှံ့ရောက်ရှိလာတော့သည်။ သို့ဖြင့် ဂျားဗားကျွန်းအလယ်ပိုင်း (Central Java) ရှိ ဒီယင်ကုန်းပြင်မြင့် (Dieng Plateau)တွင် ဂုတ္တ၊ ပလဝနှင့် စာလုကျဟန်များဖြင့် ဗိဿနိုး နတ်မင်းကြီးနှင့် ဆိုင်သော ဟိန္ဒူဗြဟ္မဏ အယူအဆဆိုင်ရာ အဆောက်အအုံများကို တွေ့လာရလေသည်။ ထို့နောက်တွင်ကား ဗုဒ္ဓဘာသာအယူဝါဒလည်း ရောက်ရှိလာရာ ဗောရောဗုဒ္ဓောစေတီတော်ကြီးမှာမူ ယင်းသို့ သာသနာရောက်ရှိခဲ့ကြောင်းကို ညွှန်းဆိုပြစရာ အချက်အလက်များ၏ သက်သေ ဗုဒ္ဓဘာသာ ပုံထိုးတော်ကြီးပင် ဖြစ်တော့သည်။

**ဗောရောဗုဒ္ဓေါဟူသည့် စေတီတော်ကြီး၏ ဘွဲ့အမည်တော်**

ဗောရောဗုဒ္ဓောဟူသည်မှာ (ဗောရော+ဗုဒ္ဓော-ဗရာ+ဗုဒ္ဓေါ)သင်္သကရိုက်ဘာသာ-ဗိဟာရ၊ ဝိဟာရ(Vihara)မှ ဖြစ်လာသော ဗရာနှင့် ပုထိုးတော်ကြီးအနီးမှ ဗုဓောဟူသော ရွာကလေးတို့၏ အမည်များကို ပေါင်းစပ်ထားခြင်း



ဖြစ်ပေသည်။ "ဗောရောဗုဒ္ဓော"ကား ဗုဓောရွာအနီးမှ ကျောင်း တော်ကြီးဟု အဓိပ္ပာယ်ရသည်။ အချို့ကလည်း "ပရဗုဓ" သော စကားမှ လာသည်ဟု ဆို၏။ တချို့ကမူ မိန်နက်ဘာ ဘာသာဖြင့် "ထင်ရှားခြင်း"ဟု အနက်ရသော ဗုဒ္ဓမှ ဗု ဖြစ်လာသည်ဟု ဆိုကာ (တောင်ကုန်းပေါ်မှ ထင်ရှားကျော် ကြားသော ကျောင်းတော်ကြီး)ဟုလည်း အနက်အဓိပ္ပာယ် ဖွင့်ဆိုကြသည်။ စင်စစ် ဗောရောဗုဒ္ဓေါစေတီတော်ကြီးသည် ယင်း၏ ထိပ်ဆုံးအထိ ဘုရားဖူးများ တက်ရောက် ဖူးမြော် နိုင်သော ကျောင်းတော်ကြီးသဖွယ်လည်း ဖြစ်နေပေသည်။

**ဗောရောဗုဒ္ဓေါ ပုထိုးတော်ကြီး၏ သမိုင်းကြောင်း**

ထိုပုထိုးတော်ကြီးကို ၇-ရာစုလောက်တွင် သေလိန္ဒ မင်းက တည်ထားသည်ဟု ဒဏ္ဍာရီဆန်ဆန် ဂျာဗားမှတ်တမ်း များရှိသည်။ သေလိန္ဒာမင်းကား သေလိန္ဒာမင်းဆက် တည်ထောင်ခဲ့သော မင်းဖြစ်၏။ ဤမျှ ကြီးမားသော စေတီ



တော်ကြီးသည် ၉ရာစုမှ-၁၉ရာစုတိုင် နှစ်ပေါင်းများစွာ အောက်တွင် ပျောက်ကွယ်တိမ်မြုပ်နေခဲ့ပြီး ၁၈၈၅ ခု တစ်ဖန်ပြန်လည်၍ တူးဖော် တွေ့ရှိကြရခြင်း ဖြစ်သည် ပတ္တမြားမှန်သဖြင့် နွံမှာ မနစ်ခဲ့ပေ။

**ဗောရောဗုဒ္ဓေါစေတီတော်ကြီး၏ ဗိသုကာ**

ထို ဗောရောဗုဒ္ဓောစေတီတော်ကြီးကို တည်ထား တွင် ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ကို ရရှိတော် သော၊ စကြဝဠာတစ်ခွင်လုံး၏ အမြင့်မြတ်ဆုံး ပုဂ္ဂိုလ် ကြောင်း သင်္ကေတပြုကာ စကြာဝဠာ၏ ပုံ (Diag of the cosmos) ကို ယူခဲ့ကြသည်။ စေတီတော်ကြီး အလယ်မဏ္ဍိုင်-မဏ္ဍာလ(Mandala)ဝင်ရှိသည့် စ ကြီး၏ ဗဟိုချက်ပင်ဖြစ်၏။ ယင်းသည် ပင်မတော အထွဋ်လည်း ဖြစ်၏။ ဘုရားဖူးများက ထိုဗောရော

www.burmeseclassic.com

www.burmeseclassic.com





စေတီတော်ကြီးကို လှေ့ာက်လမ်း-ပတ်လမ်း(Ambulatory Passage-Pradakhsina)အတိုင်း လက်ျာရစ်-ပဒက္ခိဏာ ထတက်ပြီး လက်ျာရစ် စီတန်းလှည့်လည် (Clockwise Circum Ambulation)ဖူးမြော်ကာ စေတီငယ်အသီးသီး နှင့် ဌာပနာထားသော ဓာတ်တော်တို့ကို ပူဇော်ကြရ၏။ (ရွှေတိဂုံစေတီတော်ကြီးမှာမူ အောက်ခြေမှပင် ပတ်ပတ်လည် လှည့်ကာ ဖူးမြော်ရသော စေတီအမျိုးအစားဖြစ်သည်။)

ဗောရောဗုဒ္ဓါစေတီတော်ကြီးကို အိန္ဒိယစေတီတော် များမှ အတုယူကာ တည်ဆောက်ခဲ့သည်။ ထို့ပြင် ဒေသအန လက်ရာ ဂျာဗားဟန်သွင်းပြီး မွမ်းမံ တန်ဆာဆင်ထားရာ ဗုဒ္ဓဘာသာဖိသုကာနှင့် ပန်းတမော့လက်ရာများကြောင့်လည်း ထူးခြားထင်ရှားလာသည်။ အနီးအနားရှိ မီးတောင်များ မှ ကြာခိုက်ကျောက်မျိုးဖြင့် ပုထိုးတော်ကြီးကို ပုံဖော်တည် ဆောက်ခဲ့ကြသည်။ စေတီတော်ကြီး၏ ပန္နက်မှာ ပစ်ရမစ်ပုံ လေးထောင့်ကျကျ(Squared Basement)ဖြစ်ပြီး ထို ပန္နက်သည်ကိုက အဆောက်အအုံကြီး၏ မျက်နှာတစ်ဖက်လျှင် ၁၂၃ ပေစီ အရှည်ရှိပါ၏။ စေတီတော်ကြီးတစ်ဆူလုံး၏ ထီးတော်မှာမူ ၁၁၈ ပေ မြင့်၏။ စေတီတော်ကြီးသည် ထီးတော်အမြင့်ထက် ဖိနပ်တော်အဝန်းက ပိုကျယ်သဖြင့် တစ်ဆူလုံး ခြုံ၍ကြည့်လျှင် ပြားပြားဝပ်ဝပ်နှင့် သိပ်သိပ် သည်းသည်းရှိလှသည်။ (ရွှေတိဂုံစေတီတော်ကြီးမှာမူ အထက်သို့ မြင့်မားထိုးထွက်သွားသော စွင့်စွင့်ဝင့်ဝင့်စေတီ အမျိုးအစားဖြစ်၏။)

စေတီတော်ကြီးသည် ဂင်းဗိတ် (Solid type)၊ လုံး တော်ပြည့်ဖြစ်သော်လည်း တစ်ပိုင်းနှင့် တစ်ပိုင်းကွဲပြားသော အပိုင်းသုံးပိုင်းမျှ ထပ်မံခွဲခြား၍ လေ့လာနိုင်ပေသည်။ စေတီတော်ကြီး၏ အလယ်ကောင် ထိပ်ဆုံးသို့တိုင် တက် ရောက်ဖူးမြော်နိုင်သော အဆောက်အအုံအမျိုးအစားဖြစ်ပါ သည်။ ယင်း အပိုင်းသုံးပိုင်းကား…

(၁) ပထမပိုင်းမှာ ဖိနပ်တော်၊ ပန်းတင်ခုံနှင့် ယင်းမှ အဆင့်ဆင့်တက်သွားသော လေးထောင့်ပစ္စယာ(Terraces) ငါးဆင့်၊

(၂) ဒုတိယပိုင်းမှာ ယင်းအထက်မှ စက်ဝန်းပုံ ကျည်း ဝန်း (Circular Bell-rest) သုံးဆင့်နှင့်

(၃) တတိယပိုင်းမှာ ယင်းအထက်ရှိ သပိတ်မှောက် (Bell Shaped)၊ ငှက်ပျောဖူး (Banana Bud)နှင့် ထီး တော်(Umbrella)တို့ ပါရှိသော ခေါင်းလောင်းပုံစေတီတော် (Bell Shaped Ceti)တို့ ဖြစ်ကြပါသည်။

ကျည်းဝန်း(Base For Bell)ဆိုသည်မှာ စေတီများ၏ ခေါင်းလောင်းပုံအောက်ဘက်မှ အနားပတ်ဖြစ်သော ခေါင်း လောင်းနား(Bell Lower Edge)၏ အောက်ဘက်နှင့် ပစ္စယာ၏ အထက်ဘက်တွင် ရစ်ပတ်ပြုလုပ်ထားသော



throne shown in numerous panels of Borobudur h...



www.burmeseclassic.com

www.burmeseclassic.com

အဆင်တန်ဆာဖြစ်ပါသည်။

## ဗောရောဗုဒ္ဓေါစေတီတော်ကြီးမှ ကျောက်ဆစ်လက်ရာများ

စေတီတော်ကြီး၏ ပစ္စယာငါးဆင့်တွင် လိုဏ်မုခ်လေးများရှိပြီး လူ့အရွယ်နီးပါးရှိ ဈာန်-ဗုဒ္ဓရုပ်ပွားတော်များ စံမြန်းနေ၏။ အပေါ်ဆုံး ပစ္စယာတွင် ရုပ်ပွားတော် ၆၄ ဆူ၊ အခြားပစ္စယာများ၏ မျက်နှာတစ်ဖက်လျှင် ၉၂ဆူကျစီဖြင့် စုစုပေါင်း ရုပ်ပွားတော် ၄၃၂ ဆူမျှ ရှိပါသည်။ ရုပ်ပွားတော်များမှာ စေတီတော်ကြီး၏ တစ်ဖက်နှင့် တစ်ဖက်တွင် အနေအထားများလည်း မတူညီကြပါ။


စေတီတော်ကြီး၏ အရှေ့ဘက်ခြမ်းတွင် ရှိသော ဆင်းတုတော်များမှာ မြေညွှန်းပုံ (အက္ခောဘယ)၊

စေတီတော်ကြီး၏ အနောက်ဘက်တွင် ရှိသော ဆင်းတုတော်များမှာ တရားထိုင်ပုံ (အမိတာဘ)၊

စေတီတော်ကြီး၏ တောင်ဘက်တွင် ရှိသော ဆင်းတုတော်များမှာ ဆုပေးပုံ (ရတနသမ္ဘဝ) နှင့်

စေတီတော်ကြီး၏ မြောက်ဘက်တွင် ရှိသော ဆင်းတုတော်များမှာ ရန်ကင်းပုံ (အမောဃသိဒ္ဓိ)တို့ ဖြစ်ကြပါသည်။

ရုပ်ပွားတော်များ၏ နောက်ဘက် ပစ္စယာလမ်းခြားလျက် ပုထိုးတော်ကြီး၏ နံရံများတွင်လည်း စဉ့်ကွင်းရုပ်ကြွကျောက်ချပ်များ ထွင်းထုထားပြန်၏။ ယခင်က ရုပ်ကြွကျောက်ချပ်ပေါင်း ၂၀၀၀ ကျော်ရှိခဲ့ရာမှ ယခု ၁၃၀၀ သာ





ကျန်ပါတော့သည်။ ထိုရုပ်ကြွကျောက်ချပ်အားလုံးကို ဆက်ပြီး အလျားလိုက် ဖြန့်ခင်းလျှင် ၃မိုင်ခန့် ရှည်မည် ဖြစ်သည်။

အပေါ် ပစ္စယာ(Upper terrace)တွင် ရုပ်ကြွကျောက်ချပ် ၂တန်းရှိရာ အထက်တန်းမှ ကျောက်ချပ် ၁၂၀ တွင် ဗုဒ္ဓဝင်လာ ဇာတ်ကွက်များကို သရုပ်ဖော်ထားသည်။ ဘုရားလောင်း သေတကေတုနတ်သား လူ့ပြည်ကို ကြည့်ခြင်းကြီးငါးပါးဖြင့် ကြည့်တော်မူပြီးနောက် စုတေ မှုခန်းမှ ဂေါတမဘုရားအဖြစ်သို့ ရောက်ကာ မိဂဒါဝုန် တွင် ဓမ္မစကြာတရားဦး ဟောသည်အထိ ဖြစ်စဉ်အဆင့် ပါဝင်ပါသည်။ အောက်တန်းကျောက်ချပ် ၁၂၀မှာ မဟာ ဗုဒ္ဓဝင်လာ ရုပ်ကြွများ ဖြစ်ကြသည်။

ယင်းပစ္စယာအထက်ရှိ ကျည်ဝန်း ၃ဆင့်တွင် ခေါင်း လောင်းပုံစေတီငယ် စုစုပေါင်း ၇၂ ဆူ ရှိနေသည်။ ကျည်ဝန်း ပထမဆင့်တွင် ၃၂ဆူ၊ ကျည်ဝန်း ဒုတိယဆင့်တွင် ၂၄ဆူ၊ ကျည်ဝန်း တတိယဆင့်တွင် ၁၆ဆူဖြစ်သည်။ ယင်းစေတီ တော်တို့တွင် ထူးဆန်းစွာ အတန်းလိုက် ဖောက်ထားသော ရာဇမတ်ကွက်လို မျက်ကွက်ပေါက်များ ရှိပြီး စေတီတော် များအတွင်း၌ ဝိရောစနရုပ်ပွားတော်များ စံပယ်နေကြ

## ဗောရောဗုဒ္ဓေါ ပုထိုးတော်ကြီး၏ ပင်မ စေတီတော်ကြီး

အပေါ်ဆုံး ကျည်ဝန်း၏ အလယ်ဗဟိုတွင် အောက်ခြေအဝန်း ၅၂ပေရှိသော ခေါင်းလောင်းပုံစေတီ (Bell shaped Ceti)တစ်ဆူရှိနေသည်။ ထိုစေတီကြီး ပုထိုးတော်ကြီး၏ အထွဋ်ဖြစ်ပေသည်။

သို့ဖြစ်ရာ ပုထိုးတော်ကြီးတစ်ခုလုံး၏ ပုံသဏ္ဌာန် မြန်မာနိုင်ငံ၊ စစ်ကိုင်းမြို့ရှိ ကောင်းမှုတော်ကြီးကဲ့သို့ သွားမယောင်ရှိသော်လည်း ပိရမစ်ဆန်ဆန်ပုံ အ



www.burmeseclassic.com

www.burmeseclassic.com

ရှာသွားလေသည်။ လေးထောင့်ပစ္စယာများ ခံထားပုံမှာ ကောင်းကင်ပေါ်သို့ မားမားမတ်မတ်မြင့် တက်သွားမယောင် ဆင်ရသော်လည်း ကျည်ဝန်းများ ဆင့်လိုက်သောအခါ အလယ်သို့ ပြန်စုကာ ပုံ့ပုံ့လေးလေးကြီး ဖြစ်သွားပြန်သည်။

**ဗောရောဗုဒ္ဓေါစေတီတော်ကြီး၏ ဒဿန**

ထိုပုထိုးတော်ကြီးကို (ဗုဒ္ဓ၏ အဘိဓမ္မာသဘောတရား များ)ဖြင့် တည်ဆောက်ထားသည်ဟု ဆိုကြသည်။

လောကီစည်းစိမ်အမျိုးမျိုး ခံစား စံစားသည့် (ကာမဘုံ) ကို ညွှန်းဆိုရန် အောက်ဆုံး ပစ္စယာငါးဆင့်တွင် အပြောက် အမွှမ်း၊ စုလစ်မွန်းချွန်၊ ရုပ်လုံးရုပ်ကြွများဖြင့် တန်ဆာဆင် ထားလေသည်။

အဆုံးအစမရှိသော သံသရာတွင် ကျင်လည်ပုံကို ကျည်ဝန်းသုံးဆင့်ကို စက်ဝန်းပုံသဏ္ဌာန်ပြုလုပ်ကာ ပတ်ပတ် လည်လှည့်စေပြီး၊ ယင်းတွင် စေတီငယ်များမှအပ အခြား အဆင်တန်ဆာများ မဆင်ယင်ဘဲ ရိုးရှင်းစွာ ပြသသည်။


အထက်ဆုံးတွင်ကား စကြဝဠာ(Universe)၏ ဗဟို မဏ္ဍိုင်(Mandala)ဖြစ်သော မေရုတောင် (Mt Meru)- မြင့်မိုရ်တောင်ကို ပမာပြုကာ အထွဋ်စေတီတော်ဖြင့် နိမိတ် ဆောင်သည်။

မြင့်မိုရ်တောင်သည် ဘုံကိုးဆင့်၏ ထိပ်အလယ်တွင် ရှိရာ ပစ္စယာ ငါးဆင့်၊ ကျည်ဝန်းသုံးဆင့်အပြင် မြေထဲတွင် မြှုပ်ထားသော မြေအောက်ပစ္စယာ (Underground Terrace) တစ်ဆင့်ရှိသေးသည်ဟု ဆိုကြသည်။

**သာသနာပြိုင်**

သို့သော် ပုထိုးတော်ကြီးတည်ပြီး မကြာမီတွင် ဂျာဗား ကျွန်း၌ ဟိန္ဒူဗြဟ္မဏအယူ၊ သိဝနတ်မင်း ကိုးကွယ်မှု ပြန် လည် ခေတ်စားလာပြန်၏။ သို့ဖြင့် ဗောရောဗုဒ္ဓေါသည် အင်ဒိုနီးရှားတွင် ဗုဒ္ဓသာသနိက အဆောက်အအုံများ၌ နောက်ဆုံးလက်ရာ ဖြစ်သွားတော့၏။ ထို့နောက်တွင်ကား ဗောရောဗုဒ္ဓေါနှင့်အပြိုင် ဟိန္ဒူဘုရားကျောင်းကြီးများကို တည်ဆောက်လာကြတော့သည်။ နောင်းခေတ်များတွင် ဂျာဗားကျွန်းသည်လည်း အနုလက်ရာများ ဖန်တီးဖို့ထက် စီးပွားရေးဘက်သို့သာ အာရုံပြောင်းသွားလေရာ ကမ္ဘာ့အရှေ့ ခြမ်းတွင် ရေကြောင်းကုန်သွယ်မှု ကြီးပွားထွန်းကားသော ပြည်ထောင်တစ်ခုဖြစ်သွားလေ၏။


ထို့နောက် ၁၃ရာစုတွင် ဂျာဗားကျွန်းတွင် အနုပညာရပ် များ ပြန်လည် ဦးမော့ခဲ့သော်လည်း ဗိသုကာပညာရပ်ထက် ဘုရင်၊ မင်းစိုးရာဇာ၊ ဆွေတော်မျိုးတော်များ၏ အရိုးပြာအိုး





www.burmeseclassic.com

www.burmeseclassic.com



များထားရာ သချိုင်းဂူများကို မွမ်းမံအလှဆင်ခြင်းသော ဖွံ့ဖြိုးလာလေသည်။ သို့ဖြင့် ဂူသချိုင်းနံရံများတွင် သရုပ်ဖော်သော ပြားချပ်ချပ် ရုပ်ကြွများသည် ဂျာဗားဟန်အပြည့်ဖြင့် အလွန်ထင်ရှားလာလေ၏။ ထိုမှ အခြေခံကာ နောင်တွင် ဂျာဗားရှိ ပန်းချီပညာတစ်ရပ် ပေါ်ထွန်းကျော်ကြားလာခဲ့သည်။

မည်သို့ဆိုစေကာမူ ကျော်ကြားသားအတိပြီးသော ဗောရောဗုဒ္ဓါပုထိုးတော်ကြီးကား ခေတ်အဆက်ဆက်တွင် ရာသီဥတုဒဏ်၊ အယူဝါဒများ၏ လွှမ်းမိုးမှုဒဏ်များကို ခံရင်းနှံ့ထဲက ကြာပွင့်ကြီးတစ်ပွင့်နှယ် ဝင့်ဝင့်ထည်ထည် တည်ရှိနေဆဲပင်။ ဗုဒ္ဓဘာသာအယူအဆသည် ဤမြေတွင် ခိုင်ခိုင်မြဲမြဲ ထွန်းကားစည်ပင်ခဲ့သည်ကို သက်သေပြနေပေသည်။ အခြားဘာသာအယူများ လွှမ်းခြုံနေသည့် ဂျာဗားမြေတွင် ဗုဒ္ဓသာသနာသည်လည်း တစ်ကြိမ်တစ်ခါမှာတော့ဖြင့် သန့်စင်သော ကြာပန်းတစ်ပွင့်နှယ် ပြန်လည်ပွင့်ထွန်းလာမည်ဟု မျှော်လင့်ရပါကြောင်း။

* * *

ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရှေး–သု)
(M.A, Archaeology)

စာကိုး


- အေးမောင်-ဗိုလ် "အရှေ့တောင်အာရှ မည့်ပန်းများ" (စာပေဗိမာန်၊ ၁၉၇၉၊ ရန်ကုန်။)
- ထွန်းမှတ်ဝင်း-စစ် "မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာ၊ အာသနပလ္လင်တော်နှင့် ဝါဟန စီးတော်ယာဉ်များ မှုဒြာများ" (သာသ ရေးဦးစီး၊ ၁၉၈၁၊ ရန်ကုန်။)
- မြင့်အောင်-ဦး "မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု သုတေသ စေတီ" (မြင့်အောင် စာပေ၊ ၁၉၇၉ ခုနှစ်၊ ရန်ကုန်။)
- ဦးတင့်အောင် "စေတီနှင့် ပုထိုး" (ရတနာမွန်၊ ၂၀၀၁၊ စာ-၉)။
- ရတနာမွန် ၁၉၉၄၊ နိုဝင်ဘာ၊ ဦးသာဌေးမြင့်၊ ပူဇော်မြတ် စေတီပုထိုး (စာ-၄၂)။
- သန်းထွန်း-ဒေါက်တာ၊ မြန်မာ့ဗုဒ္ဓသာသနိကအနုပညာလက် (ကွန်သာယာသမိုင်းအုပ်ဆောင်း စာစဉ်အမှတ် - ၄၊ ၂၀ ရန်ကုန်)။
- Aye Myint-U, Burmese Design Throu Drawings, Silpakorn University, 1993.
- E.Fisher, Robert - Buddhist Art and Archi ture, Thames and Hudson, Singapore, 1996.
- Internet Source.
- Than Tun, Dr - Buddhist Art and Architect May, 2002, Yangon.
- Ye Naing - A Garland of Lectures on Myan Buddhist Art and Architecture, Dagon Uni sity, 2004.




www.burmeseclassic.com

www.burmeseclassic.com




# တိုးယက်

## တမလွန်မှ အသံကို ကြားခဲ့သလား

“ခင်းရဲ့ လက်နိုပ်စက်ထဲကို
တစ်ရွက်ထည့်လိုက်စမ်း”
ဆရာသူကြီး အသက်ရှင်စဉ်က
ရှိသည့် လေသံမျိုးဖြင့်ပင်
သံက ပြောလိုက်သည်။ ထို့

www.burmeseclassic.com

www.burmeseclassic.com

နောက်တွင်မှ သူ နှုတ်တိုက်ချလိုက်သော စကားတို့သည် သက်ရှိထင်ရှားရှိနေခဲ့သေးသည့် သူ့ဇနီးသည်အတွက် လွန်စွာအရေးပါခဲ့သည်။

◈◈◈

၁၉၄၉ ခုနှစ်တွင် ကျွန်တော်၏ စာအုပ် You Live After Death ကို ထုတ်ဝေသည့်အချိန်တွင် ကျွန်တော်နှင့် ကျွန်တော့်ဇနီးသည် အာကန်ဆပ်ပြည်နယ်၊ မောင်းတိန်းမြူး စီရင်စုမှ အနီးဆုံးမြို့နှင့် ၁၀မိုင်ခန့် ကွာဝေးသော လုပလှသည့် တောရိပ်တောင်ရိပ် ဝေဆာသော အိုဇတ်(ခ်)မြို့တွင် နေထိုင်ခဲ့ကြသည်။ ဤနေရာတွင် နေထိုင်စဉ်ကာလက ထိုစာအုပ်ကို ကျွန်တော် ရေးသားခဲ့ပြီး စိတ်နယ်လွန်ဖြစ်ရပ်များနှင့် ပတ်သက်၍ သုတေသနပြုမှုများလည်း ထိုနေရာမှာပင် ပြုခဲ့သလို၊ ကိုယ်တွေ့ အတွေ့အကြုံများလည်း ရရှိခဲ့သည်။

ထိုကာလတွင် အာကန်ဆပ်ပြည်နယ်သို့ ရောက်ခါစ အခြေချများအနေဖြင့်' ကျွန်တော်တို့သည် ချီကာဂိုမြို့ 'Tribune' သတင်းစာ၏ တနင်္ဂနွေနေ့အခန်းကဏ္ဍဖြစ်သော Marge of Sunrise Farm ကို ရေးသားသည့် စာရေးဆရာမ "မာဂီလီယွန်"နှင့် သိကျွမ်းလာခဲ့သည်။ သူမသည် ပြည်နယ်နယ်နိမိတ်၏ တစ်ဖက်ရှိ လုပသော အပန်းဖြေစခန်းမြို့ဖြစ်သည့် ယူရီကာ စပရင်းမြို့တွင် နေထိုင်ခဲ့သည်။

ကျွန်တော့်ဘဝ၏ ထူးခြားဖြစ်စဉ်များတွင် အထူးခြားဆုံးဖြစ်ရပ်တစ်ခု၏ အကျိုးအဖြစ် မာဂီထံမှ ဖုန်းဆက်လာသည်ကို ကြုံရသည်။

မာဂီက ကျွန်တော်နှင့် ကျွန်တော့်ဇနီး မာသာအား သူတို့ထံ စနေ၊ တနင်္ဂနွေနေ့များတွင် လာရောက် နေထိုင်ရန် ဖိတ်ခေါ်ခြင်း ဖြစ်သည်။ ကျွန်တော်တို့ကို ဖိတ်ခေါ်သည့် အကြောင်းရင်းမှာ ကျွန်တော့်စာအုပ်ကို စိတ်ဝင်စားလှသော သူမ၏ ခင်ပွန်း တရားသူကြီး ဂျက်စ်နှင့် သူမကိုယ်တိုင်က ကျွန်တော်၏ စာအုပ် You Live After Death အကြောင်း ဆွေးနွေးချင်၍ပင် ဖြစ်သည်။

သူမ၏ လင်ယောကျ်ား၊ သူမအခေါ် ဂျက်စ်၊ အများအခေါ် တရားသူကြီး ဂျက်စ်(Jedge) သည် သူမထက် အသက် ၂၀ ပိုကြီးပြီး သူမ ရေးလေ့ရှိသော Tribune ပင်တိုင်ဆောင်းပါးခန်းတွင် တခုတ်တရ ပါရလေ့ရှိသော ဇာတ်ကောင်တစ်ဦးပင် ဖြစ်သည်။

သို့သော် သူမ စာဖွဲ့ ညွှန်းဆိုနေခြင်း မပြုခဲ့လျှင်ပင် စာဖွဲ့လောက်စရာ လူဖြစ်မည်က ဧကန်ပင်။ သူ့ကို သူ့ဒေသခံ ပုဂ္ဂိုလ်များက တလေးတစားဖြင့် ရပ်ကွက်လူကြီးအဖြစ် အကြိမ်ကြိမ် တင်မြှောက်ခဲ့ကြသည်။ အပြင်ပန်းက ကြည့်ပါလျှင် တရားသူကြီးသည် စကားအပြောကြမ်းသည်။ ငါတကော ကောတတ်သည်။ အနိုင်ယူလွန်းသည်။ အတွင်းသဘောအရမူ အင်မတန် စိတ်ကောင်း နှလုံးကောင်းရှိသူ၊ ပရဟိတစိတ်ရှိသူဖြစ်သည်။ လူတို့ကို အလွန်စိတ်ဝင်စားသူပင် ဖြစ်သည်။ စာရေးဆရာကြီး မတ်တွိုင်ကဲ့သို့ပင် လူစရိုက်နှင့် ပတ်သက်ပြီး ဒုက္ခများရသည့်အပိုင်းမှာ လူ့စရိုက်ပင် ဖြစ်သည်ဟုသာ ယုံကြည်သူဖြစ်သည်။

မာဂီတို့လင်မယားသည် သူတို့မိတ်ဆွေများနှင့် ကျွန်တော်တို့ ကုန်လွန်ခဲ့သော ထိုစနေ၊ တနင်္ဂနွေရက်တို့သည် မေ့ပျောက်စရာ အကြောင်းတရားမရှိသောရက်များ ဖြစ်ခဲ့သည့် အချက် မကြာမတင် ပေါ်လွင်လာပေ

သည်။ သူတို့သည် ကျွန်တော့်စာအ
အကြောင်း ဆွေးနွေးပွဲတွင် ပါဝင်
ယူရီကာ စပရင်းမှ စာပေပညာ
မိတ်ဆွေ ၁၅ဦးခန့်ကို ဖိတ်ကြားထား
သည်။ ဧည့်သည်အများစုက ကျွန်
စာအုပ်ကို ကြိုတင် ဖတ်ရှုထားသေ
ကြောင့် ကျွန်တော်၏ ခံယူချ
"သေလွန်ပြီးနောက် ကျွန်တော်
ဆက်လက်ရှင်သန်နေသေးသည်"
သောယူဆချက်ကို ပံ့ပိုးသည့် သာ
တို့ကိုလည်း လက်ခံကြသည်။

ကျွန်တော်တို့ အားပါး
ဆွေးနွေးသုံးသပ်သည့်အချိန်တွင် ဂျ
လီယွန်က အဆိုအခြေ အပြု
ပုဂ္ဂိုလ်ပင်ဖြစ်ခဲ့သည်။ သူသည် မ
ခဏပင် "ပါးစပ်ပိတ်စမ်း၊ ငါပြော
နားထောင်"ဟုဆို၍ ကြားဖြတ်ဝင်
ရှိခဲ့သည်။ သူက ထိုသို့ စီးစီး
လေသံဖြင့် ဝင်ဖြတ်သည့်တိုင်အော
မည်သူမှ စိတ်ခုဟန် မရှိခဲ့ချေ။
စရိုက်မှာ ထိုအတိုင်းပင်ဖြစ်ကြော
အားလုံး သဘောပေါက်ခဲ့ကြသည်။
ခေါင်းထဲ အတွေးတစ်ခုဝင်လာ
ထိုအတွေးကို ထုတ်ချရပါမှ သူကျေ
တတ်ခဲ့သည်။ ထို့အပြင် သူ့သုံး
ချက်များမှာ အလွန်ပင် ဝေဆာ
လှသောကြောင့် နားစိုက်ထော
သည်။

မာဂီလီယွန်သည် သူမ၏
ယောကျ်ား ကြားဝင်စွပ်ဖက်မှုနှင့်
သက်၍ ရယ်ရယ်မောမော တော
လေ့ရှိခဲ့သည်။

"ဂျက်စ်ကို စိတ်မဆိုးပါ
အဲဒါ သူ့အကျင့်ပါ။ ကျွန်မ စာ
အောင် နေ့တိုင်း နေ့ခင်းတစ်နာ
ထိ ကျွန်မကို ကျွန်မအခ
အနှောင့်အယှက်ကင်းကင်း
လို့ သူ့ကို သတိပေးထားလည်



www.burmeseclassic.com

www.burmeseclassic.com

ဘူး။ အိမ်ကြီး မီးလောင်နေလည်း မပြောနဲ့လို့ ဟန့်လို့ မရဘူး။ ကျွန်မ နေ်းတံခါးကို ဂျက်ချ၊ တယ်လီဖုန်း တောက်နဲ့ အနှောင့်အယှက်ကင်း သမျှ ကင်းအောင် လုပ်လည်း မရ ဘူး။ တစ်ခုခုတော့ အရာပေါ်လာတာ ဒါမှမဟုတ်၊ ဂျက်စ်က စိတ်ကူး တစ်ခုခုရခဲ့ရင် ကျွန်မကို ရင်ဖွင့် ပြော ချင်ရင် မရတော့ဘူး။ တံခါးဖြိုပြီး ဝင် တကဲကဲပဲ။ သူပြောချင်တာ ပြောပြီး ပြီးတယ်"

ကျွန်တော်သည် နောင်တစ်ချိန် တွင် ဂျက်စ်၏ ထိုစိတ်နေစိတ်ထား များကို ပြန်ပြောင်း အမှတ်ရစရာ အကြောင်းရှိလာပေမည်။ သို့သော် ယခုတွင် ကျွန်တော် သဲသဲကွဲကွဲ အမှတ်ရခဲ့သည့် အချက်ကား ဂျက်စ် တခုတ်တရ စကားပင် ဖြစ်သည်။

"အင်း… ရှားမင်း၊ ငါကို့ သေ ပြီးနောက် အသက်ဆက် ရှင် ဘူး။ ဒါပေမယ့် ငါ တစ်ခု တာ ပေးတယ်။ ငါ အရင်သေခဲ့ရင် မင်း ရင် ငါက သေဖို့ အလား လာကလည်း များပါတယ်။ အဲ - လွန်ပြီးနောက် အသက်ရှင်ရသေး မှန်း ငါသိခဲ့ရင် အဲဒီအချက်ကို အနိုင်အမာ အထောက်အထား ပို့မယ်လို့ ကတိပြုတယ်"

ညည့်သည်များသည် သူ့စကားကို တော်သဘောကျသွားသည်။ ကျွန် တော်တို့ အသက်အရွယ် ကွာခြားနေ သည့်တိုင်အောင် ကျွန်တော်သည် အိမ် ပြင်အထွက်တွင် ကားတိုက်ခံရပြီး တရက် အသက်ကုန်သွားနိုင်သည် ကျွန်တော်က စောဒကတက် ပြော ခဲ့သေးသည်။ သို့တိုင်အောင် အသက်အရွယ်အရ သေခါနီးအဆင့်နှင့် ပိုနီးစပ်ကြောင်း သူက တုံ့ပြန် ပြောကြားခဲ့သည်။ ထို့ကြောင့် တမလွန် သို့ သိစိတ်ရှိသောအသွင်တစ်ရပ်အဖြစ် သူ ကူးပြောင်းရောက်ရှိနေပါလျှင် မဖြစ်မနေ ပြန်ဆက်သွယ်ပါမည်ဟု အခိုင်အမာ ကတိထပ်ပြုခဲ့သည်။

လအနည်းငယ်အကြာတွင် ဂျက်စ်လီယွန်သည် လေဖြတ်ပြီးနောက် တွင်၊ ထိုလေဖြတ်သည့် အကြောင်း တရားကြောင့်ပင် ကွယ်လွန်သွားခဲ့ သည်။ ကျွန်တော်နှင့် ကျွန်တော့်ဇနီး မာသာသည် ဝမ်းနည်းကြောင်း စာ တစ်စောင်ကို မာဂီထံသို့ ရေးသားခဲ့ပြီး သူမထံမှလည်း ဂျက်စ်နှင့် ပတ်သက် ၍ တုံ့ပြန်ရေးပေးသော စာတစ်စောင် ကို ကျွန်တော်တို့ လက်ခံရရှိခဲ့သည်။ ကျွန်တော်သည် တမလွန်သို့ ရောက် လျှင် ကျွန်တော့်ကို ဆက်သွယ်မည်ဟု ဂျက်စ်ပေးထားခဲ့သည့် ကတိစကားကို ကျွန်တော် အလေးအနက်မထားခဲ့ သည်က အမှန်ပင်။

◈◈◈

သို့ဖြင့် လပေါင်းများစွာကုန်လွန် သွားခဲ့သည်။ ကျွန်တော်တို့သည် ဂျက်စ်လီယွန် ကွယ်လွန်ပြီးနောက်တွင် မာဂီနှင့် တစ်ကြိမ်တစ်ခါမှ မတွေ့ဘူးခဲ့ သလို၊ စာပေးစာယူ စာဆက်သွယ်မှု လည်း မရှိခဲ့ချေ။ ထိုစဉ်တွင် ဖြစ်ပေါ် လာသည့်ကိစ္စကို အရိပ်အရောင်ပြ သည့် ကိစ္စတစ်ခုတလေမှ မရှိခဲ့သည် က အမှန်ပင်။

တစ်မနက် ကျွန်တော် လက်နှိပ် စက်တွင် ထိုင်၍ စာမူတစ်ခုကို ရိုက် နှိပ်နေချိန်တွင် ဂျက်စ်လီယွန် ရောက် ရှိနေသည်ဟု ကျွန်တော် အလိုလို ခံစားလိုက်ရသည်။

သူ့ကို ကျွန်တော့်မျက်စိဖြင့် တတ်အပ် မြင်တွေ့နိုင်ခြင်း မရှိခဲ့သော် လည်း ကျွန်တော့်ဘေးနားတွင် သူ ရပ် တန့်နေသည်ဟု အာရုံထဲတွင် ခံစားမိ လိုက်ရသည်။

ကျွန်တော်သည် ထိုသို့ ထူးထူး ခြားခြားဖြစ်ပေါ်သောအခါတွင် ကျွန် တော့်ဇနီးသည်ကို လှမ်း၍ အသိပေး လေ့ရှိသည့်အတိုင်းပင် ကျွန်တော့်စာ ကြည့်ခန်းနှင့် ဆက်နေသော မီးဖို ဆောင်ထဲရှိ ကျွန်တော့်ဇနီးသည်ကို လှမ်းအော်ပြောလိုက်သည်။

"မာသာ… ဂျက်စ်လီယွန် ရောက်နေတယ်လို့ ငါ ခံစားမိတယ်"

ကျွန်တော့်ဇနီးသည်သည် "စိတ် ဝင်စားစရာပဲ"ဟု တုံ့ပြန်ဖြေကြားလိုက် သည်။ သို့သော်လည်း ကျွန်တော့်ထံသို့ ဝင်ရောက်လာခြင်း မပြုခြင်းဖြင့် အာရုံ ပျက်ပြားမှု မရှိအောင် စောင့်ထိန်းခဲ့ သည်။

"ရှားမင်း… မင်းလက်နှိပ်စက် ထဲက စာရွက်ကို စုတ်ပြီးတော့ စာရွက် အသစ်တစ်ရွက် ထည့်လိုက်စမ်းပါ။ ငါ မာဂီကို ပြောစရာစကားရှိတယ်"

ကျွန်တော်သည် ထိုအမိန့်ကို ရိုကျိုးလိုက်နာစွာပင် ရေးလက်စ စာမူစာရွက်ကို လက်နှိပ်စက်မှ ဖြုတ် လိုက်ပြီး ကျွန်တော့်စာရေးစားပွဲ အံဆွဲ ထဲသို့ နှိုက်၍ စာရွက်တစ်ရွက်ကို ထုတ် ယူလိုက်သည်။ လက်နှိပ်စက်တွင် တပ် ဆင်လိုက်သည်။

ကျွန်တော်သည် ထိုအာရုံရှင်၏ စေ့ဆော်သံ စကားကို ကျွန်တော်ကြား သိကြောင်း ပြသလို၍ ထိုသို့ ဆောင် ရွက်လိုက်ခဲ့ခြင်းပင် ဖြစ်သည်။ ထို့ နောက် ကျွန်တော် စောင့်ဆိုင်းလိုက် သည်။ သို့သော် မည်သည့်စကားမှ ကျွန်တော့်အာရုံထဲ ပေါ်မလာခဲ့ချေ။ သို့တိုင်အောင် ဂျက်စ် ကျွန်တော့် အနားတွင် ရှိနေသေးကြောင်း အာရုံ ထဲတွင် ထင်းထင်းပေါ်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးတွင် ကျွန်တော်သည် နေ့စွဲရိုက်ထည့်လိုက်သည်။ မာဂီထံသို့ လိပ်မူလိုက်ပြီး မိတ်ဆက်စာပိုဒ်လေး တစ်ပိုဒ်ရေးသားလိုက်သည်။ ကျွန်တော့် စာအုပ်အသစ်ရေးဖွဲ့မှုအကြောင်း။ ထို သို့ ရေးရင်းမှာပင် ဂျက်စ်လီယွန်က ကြားဖြတ် သူ့ထံသို့ သတင်းစကား တစ်ခုပါးချင်သည်ဟု ဆိုလာကြောင်း ပြောပြလိုက်သည်။ ထိုဖြစ်စဉ်က တကယ်ဟုတ်ချင်မှလည်း ဟုတ်မည်။ ကျွန်တော့်စိတ်ထင်ချက် ဖြစ်ချင်လည်း ဖြစ်မည်။ သို့သော်လည်း ခံစားချက် ပြင်းထန်လှသောကြောင့် ယခုကဲ့သို့ ရေးချလိုက်ခြင်းဖြစ်ကြောင်း ရှင်းပြ လိုက်သည်။

ကျွန်တော် စာပိုဒ်ကို အဆုံး သတ်လိုက်သည်။ ထိုအဆုံးသတ်မှုကို ဂျက်စ်က စောင့်ဆိုင်းနေခဲ့ဟန် ရှိသည်။ ယခု သူသည် ကျွန်တော့်ကို ဤစိတ် အာရုံတွင် ပေါ်သောအသံဖြင့် ပြော လိုက်သည်။

"မာဂီကို ပြောလိုက်ပါ။ အဲဒါ မလုပ်နဲ့လို့။ မင်း အသက်ရှင်နေသမျှ နောင်တ ရနေလိမ့်မယ်လို့။ အဲဒါကို လုပ်မိခဲ့ရင်"

ကျွန်တော်သည် အထက်အရာ ရှိတစ်ဦး၏ နှုတ်တိုက်ချပေးသည့် စကားကို လက်နှိပ်စက်ရိုက်နေသည် ကဲ့သို့ ရိုက်နှိပ်လိုက်ပြီးနောက်တွင် သဘာဝကျစွာ တုံ့ပြန်မေးလိုက်မိ သည်။

"ဘာကို မလုပ်နဲ့လဲ"

လျှပ်တစ်ပြက်ပင် စိတ်အာရုံ တွင် ပေါ်လာသည်။

"ငါက ဘာကို မလုပ်နဲ့ဆိုတာ ကို သူသိမယ်"

ကျွန်တော်က ထိုအချက်ကို လက်နှိပ်စက် ရိုက်ထည့်လိုက်သည်။

"သူ ဘာကို ဆိုလိုတယ်ဆိုတာ ကို ခင်ဗျားသိမယ်"လို့ ဂျက်စ်က ပြော တယ်။

ထို့နောက် ကျွန်တော် တိတ် ဆိတ် ငြိမ်သက်စွာ ထိုင်နေခဲ့သည်။ ဂျက်စ်ရှိနေသေးသည်ဟု အာရုံထဲတွင် ခံစားခဲ့ရသောကြောင့် နောက်ထပ်ပါး မည့် သတင်းစကားကို စောင့်ဆိုင်းနေ ခဲ့သည်။ သို့သော်လည်း နောက်ထပ် အာရုံမရတော့သောကြောင့် ကျွန်တော် ကိုယ့်သဘောနှင့် ကိုယ် စာပိုဒ်အချို့ ဖြည့်စွက် ရိုက်နှိပ်လိုက်သည်။

မာဂီအား သူမနှင့် နောက်ဆုံး ဆုံတွေ့ပြီးနောက်တွင် ကျွန်တော်တို့ ဖြစ်စဉ်များကို ပြောပြလိုက်ပြီး မကြာမီ တွင် ကျွန်တော်တို့ ဆုံရန် မျှော်လင့် ကြောင်းပါ ရေးသားလိုက်သည်။ ထို့ အပြင် အမလွန်မှ ဂျက်စ်က ဆက် သွယ်ပြောဆိုခြင်း ဖြစ်ချင်မှ ဖြစ်ပေ မည်။ ကျွန်တော် ထင်ယောင်ထင်မှား ဖြစ်ခြင်းမျှသာ ဖြစ်ကောင်း ဖြစ်နိုင်သည် ဟု ထပ်ဆင့် သတိပေး ရေးသားလိုက် ပြန်သည်။

ထိုစာရွက်အောက်ခြေတွင် ကျွန်တော် လက်မှတ်ရေးထိုးရန် ဟန် ပြင်ချိန်တွင် ဂျက်စ်က ကြားဝင်လာပြန် သည်။

"ခဏနေဦး"ဟု ကျွန်တော့်ကို စိတ်အာရုံထဲတွင် သူ ဟန့်တားလိုက် သည်။

"ဒါ အလွန်အရေးကြီးတဲ့ ကိစ္စ ပဲ။ မင်းက သေလွန်ပြီးနောက်ပိုင်း ရှင်သန်မှု ရှိသေးတယ်ဆိုတဲ့ သက်သေ အထောက်အထားလိုချင်နေတာ။ အခု မင်းကို ငါ အထောက်အထားပေးနေပြီ လေ။ အဲဒီစာမှာ အချိန်ပါ ရေးထိုး လိုက်လေ"

ကျွန်တော့်လက်ပတ်နာရီကို ကျွန်တော်ကြည့်လိုက်သည်။ အချိန် မနက် ၉နာရီခွဲ။ ကျွန်တော်သည် ရွက်ကို လက်နှိပ်စက်ထဲ ပြန်လိမ့် ပြီးနောက် နေ့စွဲအောက်တွင် အချိန် ရိုက်နှိပ်ထည့်လိုက်သည်။ ကျွန် သည် မမြင်မတွေ့ရသော ဂျက် အလွန်ကျေနပ်သွားသည်ကို အာ တွင် ခံစားမိလိုက်သည်။ ထို့နော ကျွန်တော်သည် ထိုစာကို စာအိ တစ်အိတ်ထဲ ခေါက်ထည့်၍ ပိတ်လို သည်။ စာအိတ်ပေါ်တွင် မာဂီ၏ လိ စာကို ရေးလိုက်သည်။ ပြီးနော ကျွန်တော့်စာရေးစားပွဲထောင့်တစ်ခ ပစ်တင်လိုက်ပြီး ကျွန်တော့်ရေးလ ဝတ္ထုကို ဆက်လက်ရေးသားရန် ပြင်လိုက်သည်။

သို့သော် တမလွန်ရော ဂျက်စ်က ထိုလုပ်ရပ်ကို လက် ချေ။

"အခုစာကို မြို့ထဲ ယူသွ အမြန်ချောနှင့် မာဂီဆီကို အရော အခုချက်ချင်း ပို့လိုက်ပါ"

တမလွန်ရော ဂျက်စ် ကျွန်တော့်ကို ကျွန်တော့်အာရုံ တောင်းဆိုလိုက်သည်။

လွန်သည်က လွန်ပြီဟု မလောက်ပင်။ မြို့ထဲသို့ ခရီးမှာ ၁ မျှဖြစ်သည်။ နောက် လမ်းက ကတ္တရာလမ်း မဟုတ်။ ကျောက် လမ်းမျှသာ။ အသွားအပြန် မိုင် ခရီး။

ထိုကိစ္စ ဆောင်ရွက်ရ တစ်မနက်ခရီးကုန်ပေတော့မည် သော် ကျွန်တော် စာပြန်ရေးရန် စုန်မဝင်စားနိုင်ခဲ့ပါသောကြောင့် စားပွဲတွင် ဆက်ထိုင်၍လည်း အ မထူးနိုင်ချေ။ ကျွန်တော်က ကျွန်တော့်အာရုံကို ဆက်



www.burmeseclassic.com

www.burmeseclassic.com

ခဲ့သည်။

"စာကို မြို့ထဲ ယူသွား၊ အထူး
နှင့် မာဂီဆီကို ပို့လိုက်"

ဂျက်စ်သည် သူ့လိုအင်ဆန္ဒ
ည့်မချင်း ပြဿနာလုပ်တတ်သည့်
က်ရှိသည်ဆိုသည့် မာဂီ၏ အပြော
ကျွန်တော့်ခေါင်းထဲ ဝင်လာပြန်
ည်။ သို့ဖြင့် ကျွန်တော် အရှုံးပေး
ပြီး မြို့ထဲ အရောက်ပြေး၍ စာကို
ည့်လိုက်သည်။

သို့ဖြင့် အချိန်များ ကုန်သွားခဲ့
ည်။ ဂျက်စ်ထံမှ နောက်ထပ်
ဆက်အသွယ်မရခဲ့တော့သလို၊ မာဂီ
မှလည်း ဘာမျှတုံ့ပြန် အကြောင်း
ချက် မရခဲ့ချေ။

◈◈◈

နောက် ဖေလကျော်ကြာ တစ်နေ့
သာလျှင် မာဂီတစ်ယောက် ဆိုက်
မြိုက်မြိုက်ပင် ကျွန်တော်တို့အိမ်
ရောက်လာခဲ့သည်။

သူမသည် ကျွန်တော်တို့မြို့တွင်
င်းပသော ဂြည်နယ်အုပ်ချုပ်ရေးမှူး
၏ ညှော့ခံပွဲတစ်ခုသို့ တက်ရောက်လာ
ခဲ့ခြင်းပင် ဖြစ်သည်။ ထိုရောအခါမှ
ဂျက်စ်ထံမှ ဆိုသည့် စာအကြောင်း
ကျွန်တော်တို့ စကားပြောဖြစ်ခဲ့ကြ
သည်။

"ကျွန်မလည်း ရှင့်ဆီကို
အကြောင်းကြားမလို့ပါဘဲ။ ဒါပေမယ့်
ရှင်ရေးတဲ့ ကီစ္စက ကိုယ်တိုင်တွေ့ဆုံ
ပြောဆိုတာကမှ ပိုပြီး သဘောပေါက်
လွယ်မယ်လို့ ယူဆပြီး လူကိုယ်တိုင်
လာမယ်…လာမယ်နဲ့ အချိန်ကြာနေ
ခဲ့တာ။ ရှင့်ဆီက စာကို ကျွန်မ ရတဲ့
အချိန်မှာ စထရွန်မြို့က အိမ်တစ်အိမ်
ကို ကျွန်မ ဝယ်မလို့ ကြံနေခဲ့တာ။
အိမ်က အတော်လှတယ်။ ရှုခင်းက
သာယာတယ်။ ဒါပေမယ့် ငွေချေမယ်
လုပ်တဲ့နေ့မှာပဲ ရှင့်ဆီက စာရပြီး
ကျွန်မ မဝယ်ဖြစ်ခဲ့ဘူး။ ပြန်လည်း
စဉ်းစားမိတယ်။ ဒီ သာယာတဲ့ ရှုခင်းက
ကြာရင် ရိုးသွားမှာပဲ။ ဒါကြောင့် ဂျက်စ်
က ရှင့်ကို အာရုံက တစ်ဆင့်ပြော
သလို မဝယ်ဖြစ်ဘဲ ကောင်းမယ်လို့
ဆုံးဖြတ်ပြီး မဝယ်ဖြစ်ခဲ့တော့ဘူး။

ဒါပေမယ့် ခုကိစ္စမှာ အဲဒါက
အဓိက မဟုတ်ဘူး။ ကျွန်မ အဲဒီအိမ်
ကို ဝယ်ယူဖို့ ကြံနေမှန်း ဂျက်စ်က
သိနေပြီး တစ်ခါတည်း တမလွန်ကနေ
"မဝယ်နဲ့"လို့ လှမ်းပြီး ဟန့်နိုင်ခဲ့တဲ့
ကိစ္စပဲ။ ကျွန်မ တမလွန်မှာ ဆက်လက်
ရှင်သန်နိုင်တယ်လို့ ယုံကြည်သွားပြီ
ဆိုတဲ့အကြောင်း ရှင့်ကို ပြောချင်နေ
တာ"

မာဂီက ယတိပြတ် ပြောလိုက်
သည်။

သင်ရော မည်သို့ထင်ပါသနည်း။

ကျွန်တော်ကရော တမလွန်က
အသံကို အမှန်တကယ် ကြားခဲ့ပါ
သလား ■

(True Experiences in Communicating With The Dead
စာအုပ်မှ ပြန်ဆိုပါသည်။)

* * *

ဇော်ဆက်


မဂ္ဂဇင်း

အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)၊
ဗိုလ်တထောင်/ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၁။

www.burmeseclassic.com

# အမေစုနှင့် အမိမြန်မာပြည်

သက်နှင်းဆွေ
(ပုပ္ပါး)




ပြီးခဲ့သည့် ၂၀၁၂ခု၊ ဧပြီဆန်းစလောက်က ထင်သည်။

ကျွန်တော့်သူငယ်ချင်း၊ ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၏ အယ်ဒီတာချုပ် ဆရာ မောင်ညိုအေး(ပန်းတော)က စာမူတစ်ပုဒ်တောင်းပါသည်။ သူ့မဂ္ဂဇင်းအထူးထုတ်အတွက် အထူးစာမူတစ်ပုဒ်တောင်းခြင်း ဖြစ်သည်။ ထိုစာမူကို ကျွန်တော် မရေးဖြစ်ခဲ့ပါ။ သူကလည်း အကြိမ်ကြိမ်တောင်းပါသည်။ ကျွန်တော်ကလည်း လုည့်ကာပတ်ကာဖြင့်

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းတစ်ခုမဟုတ်တစ်ခုပြလျက် အချိန်ဆွဲပြီး တမင်ရောဘဲ နေခဲ့ပါသည်။ ယခု ၂၀၁၃၊ မတ်လကုန်လောက်ကလည်း သူ့မဂ္ဂဇင်းအထူးထုတ်အတွက် အထူးစာမူတစ်ပုဒ်တောင်းပြန်သည်။ သည်တစ်ကြိမ်မှာလည်း ကျွန်တော်မပေးဖြစ်ခဲ့ပါ။ သူ တောင်းသည့်ဆောင်းပါးက ကျွန်တော်ရေးနေကျ သမားရိုးကျ ဆောင်းပါးတွေလို၊ ဝတ္ထုတိုတွေလိုမျိုးမဟုတ်ပါ။ Astrology ပညာရပ်နှင့် ဆိုင်သည့်ကိစ္စဖြစ်သည်။ ၂၀၁၂ခုနှစ်က အမေ ဒေါ်အောင်ဆန်းစုကြည်၏ကံကြမ္မာကို Astrology ပညာဖြင့် တွက်စစ်ပြီး ဆောင်းပါးရေးဖို့ တောင်းခဲ့ခြင်းဖြစ်ပြီး ၂၀၁၃ခုနှစ်မှာမူ မြန်မာပြည်၏ကံကြမ္မာကို တွက်စစ်ရေးသားရန် တောင်းဆိုခြင်းဖြစ်သည်။

အမှန်ကို ဝန်ခံရလျှင် နက္ခတ်ပညာနှင့်ဆိုင်သည့်ဆောင်းပါးတွေကို ကျွန်တော် လုံးဝ မရေးချင်ပါ။ အတတ်နိုင်ဆုံး လက်ရှောင်ခဲ့ပါသည်။ ထိုဆောင်းပါးမျိုးတွေ ရေးရတာ ဝါသနာမပါပါ။ ကျွန်တော့်စိတ်ခံစားမှုအရ ရေးရတာလည်း အရသာမရှိပါ။ ကျွန်တော်က ဆောင်းပါးရေးလျှင်တောင် ရသပါသည့် "သုတ ရသ" ဆောင်းပါးမျိုးလေးတွေကိုသာ တဖွဲ့တနွဲ့ရေးချင်သူဖြစ်သည်။ ထိုအချက်က ကျွန်တော့်ဗီဇသွေးတစ်ခုပင်ဖြစ်မည် ထင်ပါသည်။ ထိုသို့ ပညာရပ်ဆောင်းပါးမျိုးရေးဖို့ လက်ရှောင်မိခြင်းတွင် ထို့ထက်ပိုပြီးခိုင်မာန်သည့် အခြားအကြောင်းတစ်ခုလည်း ရှိနေပါသေးသည်။ ထိုအချက်မှာ ကျွန်တော်သည် Astrology ပညာရှင်တစ်ယောက်မဟုတ်ပါ။ လောကီပညာရှင်တစ်ယောက်လည်းမဟုတ်ပါ။ သမထအကြားအမြင်ပေါက် ပုဂ္ဂိုလ်တစ်ဦးလည်းမဟုတ်ပါ။ ကျွန်တော်က သာမန်စာရေးဆရာ၊ ကဗျာဆရာတစ်ယောက်သာ ဖြစ်ပါသည်။ ထိုအချက်သည် တကယ့်အရှိတရားစစ်စစ်ဖြစ်ပါသည်။

အမေစုကို မိခင်တစ်ဦးလို ကျွန်တော်ချစ်ပါသည်။ တိုင်းပြည်၏ မိခင်တစ်ဦးလိုလည်း လေးစား အားကိုးနေပါသည်။ ငယ်စဉ်ကာလက ကျောင်းသားငယ်ဘဝဖြင့် အမေစု၏ ခြံဝင်း ဟောပြောပွဲကို ငေးမော အားကျနေခဲ့ဖူးပါသည်။ ထိုအခန်က ဒိုင်ယာယီစာအုပ်ထဲတွင် အမေစုဓာတ်ပုံကို ကပ်ထားပြီး အမေစုအတွက် ကဗျာလေးတစ်ပုဒ်ရေးဖွဲ့ ချီးမြှောက်ထားဖြစ်ခဲ့ဖူးပါသည်။ အမေစု Novel ဆုယူပြီး ပြန်လာစဉ်က အမေစု၏ အိမ်ရှေ့မှာ လူထုနှင့်အတူ သွားရောက်ကြိုဆိုပြီး ဂုဏ်ပြုဖြစ်ခဲ့ဖူးပါသည်။ သို့သော် အမေစုကို အနီးကပ် မဆုံဘူးပါ။ စကားလည်း မပြောဘူးပါ။ အမေစု၏ လက္ခဏာကိုလည်း အရိပ်အယောင်လေးမျှလောက်ပင် မကြည့်ဘူးပါ။ ဆိုရလျှင် အမေစုနှင့် ကျွန်တော့်ကြားမှာ အလှမ်းဝေးကွာလွန်းလှပါသည်။ သည်အချက်ကို ဤနေရာတွင် ဘာကြောင့် စကားပလ္လင်ခံပြီး ပြောနေရသလဲဆိုလျှင် ကျွန်တော်သည် ကျွန်တော့်ဘဝတစ်ခုလုံးကို ကဗျာဆရာ၊ စာရေးဆရာတစ်ယောက်အဖြစ် နှစ်နှစ်ကာကာ ယုံယုံကြည်ကြည် ခံယူလျှောက်လှမ်းနေဖြစ်သော်လည်း ကျွန်တော့်ဘဝ၏ အစိတ်အပိုင်းတစ်နေရာတွင် လောကီပညာ၏ ကဏ္ဍတချို့ကလည်း ရှိနေပြန်ပါသည်။ ကျွန်တော့်အတိတ်က ပါရမီအကြောင်းတရားအရဟုပဲ ဆိုရမည်ထင်သည်။ ကျွန်တော်တတ်ကျွမ်းသမျှ (အနည်းငယ်မျှသာဖြစ်သော) Astrology ပညာ၊ လောကီပညာ၊ သမထစွမ်းအားတို့ဖြင့် လူအချို့၏ ကံကြမ္မာကို တွက်စစ်ပြီး အကြံပြုဆွေးနွေးပေးဖြစ်တာမျိုးကိုလည်း (အချိန်အပိုင်းအကန့်တစ်ခုအနေဖြင့်) ရှိနေခဲ့ပြန်သည်။ ထိုသို့ အကြံပြုရာတွင် သက်ဆိုင်သူနှင့် ကျွန်တော် အနီးကပ် တွေ့ဆုံပြီးမှ ကျွန်တော်တတ်သမျှပညာ၊ ကျွန်တော့်ပါရမီဓာတ်ခံနှင့် ပညာနိမိတ်အကြောင်းတရားများ၊ သမထအာရုံများ ပေါင်းစည်းကာ အဖြေထုတ်ပြီး အကြံပြုဖြစ်ခြင်းဖြစ်သည်။

သဘာဝတရားကြီးက ဖုံးကွယ်ထားသည့် လူတစ်ယောက်၏ ဘဝကံကြမ္မာကို သာမန်လူတစ်ယောက်က သာမန် ပညာရပ်တစ်ခုနှင့်တော့ အပြည့်အဝ အဖြေထုတ်မပေးနိုင်ဟု ကျွန်တော် ခံယူထားပါသည်။ Astrology ပညာ အစရှိသည့် လောကီပညာတွေနှင့်အတူ သီလတရား၊ စေတနာတရား၊ စရဏတရား၊ သမာဓိတရားတို့ ပေါင်းစုပြီးမှ အနီးစပ်ဆုံး အဖြေထုတ်နိုင်သည်ဟု ယုံကြည်မိပါသည်။ လူသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရားတွေနှင့် ရှင်သန်နေကြရပြီး ကံ၊ ဉာဏ်၊ ဝီရိယအကြောင်းတရားတို့ဖြင့် ဘဝတိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်း စသည်ဖြင့် ဖြစ်ပျက် ရွေ့လျားနေကြသည်ဟု ဘုရားရှင်က အတိအကျ ဟောမိန့်တော်မူထားသည်မဟုတ်ပါလား။ ထိုစကားတော်အရ လူတစ်ယောက်မွေးဖွားစဉ်အချိန်က ပြဆိုထားသော ဂြိုဟ်၊ နက္ခတ်တာရာဆိုင်ရာအနေအထား၊ လက္ခဏာအနေအထားတို့သည် ထိုသူ၏ ကံအကြောင်းတရားအနေအထားကို အပိုင်းအကန့်တစ်ခုအနေဖြင့် ထင်ဟပ်ပြနေခြင်းသာ ဖြစ်နိုင်သည်။ လူ့ဘဝ၏ ရှင်သန်မှု၊ တိုးတက်မှု၊ ကျဆုံးမှု စသည့် ဖြစ်စဉ်တို့တွင် သူ၏ စိတ်စေတနာ၊ ပတ်ဝန်းကျင်တည်းဟူသော ဥတုအနေအထားတို့မှအစ အာဟာရ၊ အသိဉာဏ်ပညာနှင့် ဖွဲ့လုံ့လ ဝီရိယ စွမ်းအားတွေ၏ ကဏ္ဍတွေ



www.burmeseclassic.com

www.burmeseclassic.com

ကလည်း များစွာရှိနေသေးသည် မဟုတ်ပါလား။ အထူးသဖြင့် အမေစုလို ပါရမီရှင် လူထုခေါင်းဆောင်တစ်ဦး၏ ကံကြမ္မာကို နက္ခတ်ပညာသက်သက်ဖြင့် အနီးစပ်ဆုံး၊ အတိကျဆုံး အဖြေထုတ်ပေးနိုင်ဖို့ အတော်ပဲ ခဲယဉ်းပါလိမ့်မည်။ အမေစုတွင် လူသာမန်တို့ထက် သာလွန်သော ပါရမီဓာတ်ခံ၊ စိတ်ဓာတ်အားမာန်နှင့် ဖွဲလုံ့လ၊ ဝီရိယ၊ ပညာ ဉာဏ်စွမ်းအားတွေနှင့်အတူ ဘာသာတရား အဆုံးအမ စရဏစွမ်းအားတွေ များစွာရှိနေမည်ဟု ကျွန်တော်အလိုလို ယုံကြည်ထားမိပြန်သည်။ ထိုအကြောင်းတရားတို့သည် သူမွေးဖွားချိန်က ရပ်တည်ညွှန်ပြထားသည့် သူ့လက်ဝါးပြင်ပေါ်မှ လက္ခဏာအမှတ်အသား နိမိတ်ပုံတွေ၊ သူ့ဇာတာခွင်ပေါ်မှ ဂြိုဟ်၊ နက္ခတ်တာရာဆိုင်ရာ ကိန်းဂဏန်းတွေ၏ သက်ရောက်မှုစွမ်းအား အာနိသင်တွေကို အတော်များများ ပြောင်းလဲပစ်နိုင်စွမ်းရှိနေမည်မှာ မြေကြီး လက်ခတ်မလွဲပါ။ ထို့ကြောင့် ပညာရပ်သက်သက်ဖြင့် အမေ့ကံကြမ္မာကို အဖြေထုတ်ဖို့ မလွယ်ပါ။ အထူးသဖြင့် Astrology ပညာရှင်၊ လောကီပညာရှင်မဟုတ်သော ကျွန်တော့်လို သာမန်ကဗျာသမား၊ စာသမားတစ်ယောက်အနေဖြင့် အဖြေထုတ်ပေးဖို့ အလွန်တာဝန်ကြီးသည့် ကိစ္စဖြစ်ပါသည်။

သို့သော် ယခု ၂၀၁၃၊ ဩဂုတ်လထဲတွင် ကျွန်တော့်သူငယ်ချင်းဖြစ်သူ မောင်ညိုအေး(ပန်းတော)က တတိယအကြိမ်မြောက် အထူးစာမူတစ်ခု တောင်းခံလာပြန်သည်။ ကျွန်တော် ငြင်းမနေချင်တော့ပါ။ သူငယ်ချင်းချင်း အားနာလာမိသည်။ ထို့ကြောင့် ကျွန်တော် တတ်ကျွမ်းသမျှ Astrology ပညာ၊ ဆန်းပညာ စသည့် လောကီပညာတို့တွင် ကျွန်တော့်အသက်နှင့် ထပ်တူ စောင့်ထိန်းထားသော သစ္စာကြီး ၃ရပ်၊ နေလသစ္စာ ၇ရပ်၊ ဝစီကံမြွေအထူးအဓိဋ္ဌာန်သစ္စာစွမ်းအားတို့ဖြင့် ပေါင်းစပ်ကာ အမေစု၏ ကံကြမ္မာနှင့် မြန်မာပြည်၏ ကံကြမ္မာအနေအထားအချို့ကို တွက်စစ်အဖြေထုတ်ပြီး ဆောင်းပါးတစ်ပုဒ်အဖြစ် ရေးပေးဖို့ ဆုံးဖြတ်ဖြစ်လိုက်ပါသည်။ အဓိက ဝန်ခံထားလိုသည်မှာ ယခုရေးသားတင်ပြမှုတို့သည် ကျွန်တော့်ပညာနှင့် ကျွန်တော့်ဒဿနအာရုံအသိတွင် ရိုက်ခတ်ထင်ဟပ်သလောက် တင်ပြထားခြင်းသာဖြစ်ပါသည်။ ပညာရှင်တွေလို အကြောင်းပြချက်တွေ၊ ကျမ်းအကိုးအကား အချက်အလက်တွေနှင့် ရေးသားတင်ပြထားခြင်းမျိုး မဟုတ်ပါ။ သို့သော် ကျွန်တော့်ဟောဆိုချက်ကို ကျွန်တော်တာဝန်ယူပြီး ရေးသားလိုက်ခြင်းဖြစ်ကြောင်းကိုလည်း ထပ်မံ ဝန်ခံလိုပါသေးသည်။

ဤဟောစာတမ်းစာစုငယ်လေးဖြင့်ပင် ကျွန်တော်တို့ ချစ်ခင်လေးစားရသော၊ အားကိုးအားထားပြုမိသော ကျွန်တော်တို့၏ ခေါင်းဆောင် အမေ ဒေါ်အောင်ဆန်း ကြည်ကို ဂါရဝပြုလိုက်ပါသည်။ ထိုနည်းတူ ကျွန်တော်တို့ အမိမြန်မာပြည်၏ လွတ်လပ်ရေးဇာတာကို ဉာဏ်မီသမျှ လေး သုံးသပ်ကာ ကောက်ချက်ဆွဲပြီး မှတ်ချက်ပေးရင်း အမိမြန်မာပြည်ကိုလည်း ကန်တော့ပန်းဆင်လိုက်ပါ သတည်း။

*အားလုံးသတ္တဝါ ချမ်းသာပါစေ*
*သက်နှင်းဆွေ ၊ပုဂ္ဂ*
*(၅.၉.၂၀၁၃၊ နေ့ခင်း ၁၂း၀၀ နာရီ)*

◈◈◈

**အမေစု**

အမေစု၏ (၁၉-၉-၁၉၄၅၊ အင်္ဂါနေ့ည ၇း၁၅ အချိန်တွင် ရန်ကုန်မြို့မှာ မွေးဖွားသန့်စင်ခဲ့သည့်) ဇာတာအရ အမေ့၏ ပင်ကိုယ်စရိုက်၊ အတိတ်တွင် ဖြစ်ခဲ့သည့် ဖြစ်ရပ်တွေနှင့် အနာဂတ်တွင် ဖြစ်နိုင်သည့် ကံကြမ္မာအနေအထား တို့ကို ဂြိုဟ်အနေအထား၊ ဂြိုဟ်မြင်၊ ဂြိုဟ်ယှဉ်ဆက်စပ်မှု မနက္ခတ်စီး စသည့်ပညာရပ်ဆိုင်ရာ အကြောင်းတရား များစွာဖြင့် အကျိုးသင့်အကြောင်းသင့် သုံးသပ်ပြီး ရေး ဆာဆာရေးသားရလျှင် စာအုပ်တစ်အုပ်စာဖြစ်သွားမည်မှာ အမှန်ပင်။

ကျွန်တော်တတ်ကျွမ်းသမျှ ပညာရပ်တို့၏ အကျိုး အကြောင်းဆက်စပ်မှုတို့ကို ဘက်စုံထောင့်စုံမှ တွက်ချက် ဆင်ခြင်ပြီး ဤစာအုပ်ကို စီစဉ်သူ စာရေးဆရာ၊ ကဗျာ ဆရာ၊ အယ်ဒီတာ မောင်ညိုအေး(ပန်းတော) မေးထားသော မေးခွန်းတို့ကိုသာ အဖြေထုတ်ပေးဖြစ်ပါသည်။

၁။ အမေစုသည် Astrology ပညာအရ မြန်မာ ဇာတာ၊ မဟာဘုတ်ပညာ၊ ဆန်းပညာတို့အရ အမေစုသည် နိုင်ငံတော်အကြီးအကဲ၊ သမ္မတရာထူးကို ရရှိနိုင်ခွင့် ရှိ ရာနိုင်နှုန်းရှိသည်ဟု အဖြေထုတ်ဖြစ်ပါသည်။ သို့သော် အတိုက်အခံ၊ အပြိုင်အဆိုင်များစွာကို ရင်ဆိုင်ရဦးမည်ဖြစ် အမှန်တကယ်ဖြစ်ခွင့်ရှိသည့်၊ သတ်မှတ်ထားသည့် အချိန် ကာလထက် အနည်းငယ် နောက်ကျပြီးမှ အကြီးအကဲ ရာထူး၊ သမ္မတရာထူးမျိုးကို ရနိုင်ခွင့်ရှိသည်ဟုလည်း အဖြေ ထုတ်ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ၊ အမေစုသည် ၂၀၁၅ ခုနှစ် သူ နှစ်ပေါင်းများစွာ ရင်ဆိုင်ယှဉ်ပြိုင် လျှောက်လှမ်း

www.burmeseclassic.com

ရသည့် ခရီးရှည်ကြီး၏ ပန်းတိုင်ကို ရောက်သွားပြီး ပြည်သူလူထုအများစုအတွက် ပျော်ရွှင်မှု၊ ချမ်းမြေ့မှု၊ တိုးတက်အောင်မြင်မှုတို့ကို ပေးစွမ်းနိုင်မည်ဟုလည်း ကျွန်တော့်ညာနှင့် ကျွန်တော့် သမထအာရုံတို့မှာ အတိအကျ အဖြေပြထားပါသည်။ (သတိပြုရန်မှာ အမေစုသည် လက်တွဲဖော်များ နောက်လိုက်နောက်ပါ အခြွေအရံအဝန်းအဝိုင်းတို့ ညီညီညွတ်ညွတ်နှင့် ဆက်လက် ချီတက်ဖို့ လိုအပ်သည်ဟုလည်း ပြဆိုထားပါသည်။ တစ်စုံတစ်ရာသောအကြောင်းတို့ကြောင့် ခြေတစ်လှမ်းဖင့်နေးသွားလျှင် အခွင့်ထူးများ ဆုံးရှုံးနစ်နာစရာ အနေအထားရှိကြောင်းကိုလည်း ဆင်ခြင်သတိပြုသင့်ကြောင်း ပြဆိုထားပါသည်။)

အမေစု၏ ဇာတာတွင် ၂၀၁၅မှစပြီး စစ်ဘက်ဆိုင်ရာကမ္ဘာတို့အပေါ် အမေစု၏ မေတ္တာဩဇာများ၊ ပညာဩဇာများ အထူးသက်ရောက်သွားတတ်သည်။ စစ်တပ်တွင် အမေစု၏ အကြံဉာဏ်များ၊ ညွှန်ကြားမှုများ သက်ရောက်သွားကာ စစ်တပ်နှင့် ဆိုင်သော ခေါင်းဆောင်ကောင်းတစ်ဦးအနေအထားဖြင့် လက်တွဲလျက် အကြံပြု လုပ်ကိုင်ဆောင်ရွက်သွားရပါတတ်သည်။ အထူးသဖြင့် ၂၀၁၅၊ နိုဝင်ဘာမှ စပြီး ထိုကိစ္စ သိသာထင်ရှားလာတတ်သည်။

၂ အမေစု၏ ဘဝဒုတိယအရွယ်နှင့် တတိယအရွယ်တို့တွင် ၁၉၈၆၊ ၁၉၉၁၊ ၁၉၉၂၊ ၁၉၉၄၊ ၁၉၉၇၊ ၂၀၀၆၊ ၂၀၁၂၊ ၂၀၁၅တို့သည် ကြီးမားသော အလှည့်အပြောင်းကာလများဖြစ်သည်။ ထိုနှစ်များတွင် ၂၀၁၂သည် ဘဝရေးအတွက် ဘာမှပူပန်စရာ မလိုလောက်အောင် အခွင့်ထူးများ စတင်ပွင့်လင်းချိန်ဖြစ်ကြောင်း ပြဆိုထားသည်။ ၂၀၁၂သည် အရှိန်အဝါမြင့်မားခြင်း၊ ဩဇာကြီးမားခြင်း၊ ကိုယ်ပိုင်စိတ်ကူးစိစဉ်ထားသမျှတွေ အပြည့်အဝ ဆောင်ရွက်နိုင်ဖို့ တောင်ပြီး အခွင့်ထူးတွေ ပွင့်လန်းသည့်နှစ်ဖြစ်သည်။ ထို ၂၀၁၂၊ ဇွန်လမှ ဒီဇင်ဘာလအတွင်းမှာပင် ကြီးမားသော ဆုံးဖြတ်ချက်တစ်ခုကိုလည်း ခိုင်ခိုင်မာမာ ထပ်မံချမှတ်ခဲ့သည်ဟု အမေစု၏ ဇာတာက ပြဆိုထားပါသည်။

၃ ၂၀၁၅၊ ဘဝတွင် အကြီးမားဆုံး အလှည့်အပြောင်းတစ်ခု ထပ်မံကြုံမည်။ အထူးသဖြင့် ၂၀၁၅၊ ဇန်နဝါရီလ ၁ရက်မှ ဇူလိုင် ၁၉အတွင်း မုချ တိုးတက်မှုကြုံမည်။ အကြံအစည်များ အထူးအောင်မြင်ကာ ရာထူး၊ ဩဇာ၊ ပြည်သူလူထုကောင်းကျိုး လုပ်ကိုင်ဆောင်ရွက်မှုကိစ္စများတွင် အောင်မြင်မှုအရှိန်အဝါ အဆမတန် မြင့်မားသွားမည့်အချိန်ဖြစ်သည်။ ထိုကာလသည် တစ်ဘဝလုံးအတွက် အမြင့်မားဆုံး အခွင့်ထူး၊ အမြင့်မားဆုံး အောင်မြင်မှုတို့ကို ရရှိဖို့ အခွင့်အရေးအပြည့်အဝ ရာနှုန်းပြည့် ရရှိချိန်ဖြစ်သည်။

သတိပြုရန်မှာ ထိုအချိန်တွင် အကြောင်းတစ်စုံတစ်ရာကြောင့် ခန္ဓာကိုယ် အားနည်းသွားတတ်သလို စိတ်ဓာတ်အားလျော့ချလိုက်မိတာမျိုးလည်း ဖြစ်သွားတတ်သည်။

၄။ ၂၀၁၅၊ ဇွန်လ ၂၀မှ ဒီဇင်ဘာ ၃၁အတွင်း လများမှာ အကောင်းအဆိုး ရောထွေးနေချိန်ဖြစ်သည်။ ခွဲခွာခြင်းကိစ္စတွေ ကြုံတတ်သည်။ ထင်ထားသလို မဖြစ်ဘဲ မထင်မှတ်သည့် အရေးနိမ့်ခြင်းတွေ ဝင်လာတတ်သည်။ မထင်မှတ်သည့် အတိုက်အခံကိစ္စတွေ ကြီးမားစွာ ဝင်လာပြီး ဘေးကျပ်နံကျပ်အနေအထားတွေ ရင်ဆိုင်ရတတ်သည်။ ရှေ့တိုးဖို့ ခက်၊ နောက်ဆုတ်မရ အခြေအနေတွေ ရင်ဆိုင်ရတတ်သည်။ သို့သော် ထိုအခက်အခဲ၊ အတိုက်အခံကိစ္စတွေကို စိတ်ဓာတ်ခိုင်မာစွာ ရင်ဆိုင်ရင်း ကျော်လွှားနိုင်မည်။ ထိုကာလအတွင်းမှာပင် ထိပ်ဆုံးနေရာကို ရောက်ခွင့်ရမည်။ အထူးသဖြင့် ၂၀၁၅၊ ဇူလိုင် ၁၂ မှ ၂၀၁၅၊ ဩဂုတ် ၂၈ အတွင်းကြီးမားသော ရာထူး၊ လုပ်ပိုင်ခွင့် ဩဇာအာဏာစက်ကို ရရှိနိုင်ပေသည်။ ၂၀၁၅ နိုဝင်ဘာ၊ ဒီဇင်ဘာ နှစ်လအတွင်း စစ်ဘက်ဆိုင်ရာ ဌာနများနှင့် ပတ်သက်ပြီး ထူးခြားသော ကောင်းကျိုးကိစ္စတွေ ဖြစ်ပေါ်လာအောင် ဆောင်ရွက်ခွင့် ကြုံတတ်သည်။ ကိုယ်တိုင်လည်း ထိုအနေအထားကြောင့် စိတ်တွင် ကျေနပ်ရတတ်သည်။

၅။ ယခု ၂၀၁၃၊ ဇွန်လ ၂၀ မှ ၂၀၁၄၊ ဇွန်လ ၁၉ အတွင်းတွင် မထင်မှတ်တာတွေ ဖြစ်မည်။ အကြိမ်ကြိမ်ဖြစ်မည်။ ကျန်းမာရေး အနည်းငယ် ဂရုစိုက်ရမည့် ကာလဖြစ်သည်။ အစားမှားခြင်း၊ ဆေးမှားခြင်း၊ စိတ်ဖိခြင်းတွေ ဖြစ်တတ်သည်။ ထိထိရှရှ ခံစားရတာတွေ စိတ်ထိခိုက်တာတွေ ဖြစ်တတ်သည်။ စားရင်းဇယားကိစ္စ မှားယွင်းတာ၊ စကားမှားတာတွေလည်း ဖြစ်တတ်သည်။ သို့သော် ၂၀၁၃၊ ဇွန်လမှ စပြီး ၂၀၁၆၊ ဇွန်လအထိသည် ကံဇာတာအမြင့်မားဆုံး ကာလဖြစ်သည်။ လုပ်ကိုင်ဆောင်ရွက်သမျှ ယခင်ကထက်ပိုပြီး အထူးအရာထင်၊ အောင်မြင်ချိန်ဖြစ်သည်။ အထူးသတိရှိဖို့၊ သတိမပြတ်ဖို့ပဲ လိုသည်။ ထိုသို့ ကံဇာတာ ပိုပြီးမြင့်မားလာသော ၂၀၁၃၊ ဇူလိုင်မှ စပြီး ဂုဏ်သိက္ခာထိပါးအောင် နှောင့်ယှက်မှုတွေကလည်း မထင်မှတ်ဘဲ ထပ်ကာထပ်ကာ ပေါ်လာနိုင်ချိန်ဖြစ်သည်။ အထူးသဖြင့် ၂၀၁၃၊ ဇူလိုင်မှ ၂၀၁၄၊ ဩဂုတ်လကုန်အထိသည်

www.burmeseclassic.com

ဖြေရှင်းရခက်သည့် ပြဿနာများ ပိုများတတ်ချိန်ဖြစ်သည်။ ထိုကိစ္စများကို ယခင်ကထက်ပိုပြီး သတိဖြင့် ကိုင်တွယ်ဖြေရှင်းဖို့၊ ဆောင်ရွက်ဖို့ လိုအပ်ချိန်လည်း ဖြစ်သည်။

၆။ ၂၀၁၄-ဇန်နဝါရီ ၁ရက်မှ ၂၀၁၄-ဧပြီလ ၂၀ရက်အတွင်း အုပ်စု၊ အဖွဲ့အစည်းအတွင်း အချင်းချင်း သစ္စာဖောက်တာ၊ ယုံစားမိသူတို့က ကတိဖျက်သစ္စာ ဖောက်တာမျိုးတွေ ခံရတတ်သည်။ ပြဿနာဟောင်းတွေ ပြန်ပေါ်လာတတ်ချိန်ဖြစ်သည်။ ကံဇာတာကောင်းနေပါလျက် အဖျက်တွေ၊ အနှောင့်အယှက်တွေ၊ အတိုက်အခံတွေ ကြီးမားစွာဝင်လာတတ်ချိန်ဖြစ်သည်။

၇။ ထို ၂၀၁၄-ဧပြီ ၂၀မှ ဇွန် ၂၀တွင် အလုပ်၊ ရာထူးကိစ္စတွေမှာ ထိခိုက်နစ်နာမှုဖြစ်ဖို့ ၉၀ ရာခိုင်နှုန်း ရှိနေသည်။ အရေးကြီးသည်။ ၂၀၁၄-ဇွန် ၂၀မှ ၂၀၁၅-ဧပြီ ၂၀အတွင်း အလုပ်အကိုင်၊ ရာထူး၊ နိုင်ငံတော်ကိစ္စ၊ လူကြီးတွေနှင့် ဆိုင်သည့်ကိစ္စများကို ဆောင်ရွက်ရာတွင် ထပ်မံအောင်မြင်မှုများ ရရှိမည်။ ရာထူး၊ လုပ်ပိုင်ခွင့်၊ ဆုတံဆိပ်များ ထပ်မံ ပိုင်ဆိုင်ချိန်ဖြစ်သည်။ ၂၀၁၅-ဧပြီ ၂၀မှ ၂၀၁၅-ဇွန် ၂၀အတွင်း အလုပ်၊ ရာထူး၊ နိုင်ငံတော်နှင့် ဆိုင်သည့် အလုပ်ကိစ္စများတွင် အားနည်းသည်။ ညံ့သည်။ ကျန်းမာရေးလည်း ကြီးမားစွာ ညံ့တတ်သည်။ ထို ၂၀၁၄-ဇွန် ၂၀မှ ဒီဇင်ဘာ ၃၁အတွင်း အချိန်မှာပင် ဆောင်ရွက်သည့်ကိစ္စတို့ အောင်မြင်ခါနီးမှ လက်မတင်လေး လွဲချော်သွားတတ်သည်။ ကူညီမလိုနှင့် ဒုက္ခပေးသူတွေ ဝင်လာတတ်တာမျိုးတွေ ရှိသည်။

**သတိပြုရန်၊ အထူးသတိပြုရန်မှာ ၂၀၁၄-ဇွန် ၂၀မှ ၂၀၁၃-နိုဝင်ဘာ ၃၁အတွင်း အလိမ်ခံရတတ်သည်။ သူတစ်ပါးကြောင့် ဒုက္ခရောက်တတ်ချိန်ဖြစ်သည်။ စိတ်လိုက်မာန်ပါ ပြောမိလုပ်မိ၍ ထိခိုက်နစ်နာတတ်သည်။ အထူးသဖြင့် ပေါက်ကွဲမှုတွေ ကြုံတတ်၍ အထူးသတိထားရချိန်ဖြစ်သည်။ တစ်ပါးသူတို့ ဒုက္ခအပေးတတ်ဆုံးအချိန်ပါ။ ပေါက်ကွဲမှု ဖြစ်တတ်သည်။ ထိခိုက်မှုဖြစ်တတ်သည်။ ကြီးမားစွာ သတိထားသင့်ချိန်ပါ။**

၈။ ၂၀၁၅-ဇွန် ၂၀မှ ၂၀၁၅-ဒီဇင်ဘာ ၃၁အတွင်း အလုပ်အကိုင်၊ ရာထူးကိစ္စ၊ နိုင်ငံတော်ကိစ္စအဝဝ အဆင်ပြေတိုးတက်ခွင့်ကြုံမည်။ ထိပ်ဆုံးရောက်နိုင်ချိန်ပါ။ ကျန်းမာရေးအားနည်းနေတတ်သော်လည်း စိုးရိမ်စရာမရှိပါ။

၉။ အမေစု၏ ဘဝတွင် ၁၉၇၅-ဇန်နဝါရီမှ ၂၀၁၃-ဒီဇင်ဘာအတွင်း ကာလသည် အကြီးမားဆုံး၊ အနှော[...] အယှက်၊ အတိုက်အခံ၊ အဖိအနှိပ်တို့ ကြုံရချိန်ဖြစ်သ[...] ထိုနှစ်များအတွင်း သံဝေဂစိတ်နှင့် တရားဓမ္မအသိ[...] လည်း များစွာရရှိခဲ့တတ်သည်။ ယိုင်နဲ့လဲပြိုသွားလု[...] စိတ်ဓာတ်အင်အားတို့ကို ပြန်လည်စုစည်းပြီးမှ ကြီးမားေ[...] အောင်မြင်တိုးတက်မှုတို့ကို ရရှိခွင့်ရချိန်လည်း ဖြစ်သ[...] ၂၀၁၄-ဇန်နဝါရီမှ ၂၀၂၀-ဒီဇင်ဘာလအတွင်း နှစ်များသ[...] ကား လူထု၏ ချစ်ကြည်ညိုမှု၊ ထောက်ခံမှုစသည့် လူ[...] မေတ္တာကို အပြည့်အဝရရှိခွင့်ရချိန်ဖြစ်သည်။ လူထုကော[...] ကျိုးကိုလည်း အစွမ်းကုန် စိတ်ရှိလက်ရှိ ဆောင်ရွက်[...] ရရှိတတ်ချိန်ဖြစ်သည်။

၁၀။ အသက် ၆၆၊ ၆၇သည် ဘဝအသိနှင့် လော[...] အမြင်တို့တွင် အကြီးမားဆုံး သံဝေဂစိတ်များ ဖြစ်[...] တတ်ချိန်ဖြစ်ပြီး အသက် ၇၀သည် တရားဓမ္မအသိ[...] တို့ကိုပါ ရရှိခွင့်ရချိန်ဖြစ်ပြီး ထူးမြတ်သော ရဟန်းထူး ပု[...] ထူးများကို ဖူးတွေ့ခွင့်ရချိန်၊ မေတ္တာခံယူခွင့်၊ အထူးခြာ[...] အဆုံးအမတို့ကို ခံယူခွင့်ရရှိချိန်ဖြစ်သည်။ အသက် ၇၀သ[...] လောကီပညာနှင့် ဆိုင်သည့် ဆရာကောင်း၊ ပညာကော[...] ၏ အထောက်အပံ့ ကျေးဇူးတရားကိုလည်း တစ်နည်း[...] ဖြင့် ထူးခြားစွာ ခံစားရတတ်ချိန်ဖြစ်သည်။ အသက် ၇၀[...] ဂုဏ်သိက္ခာဩဇာ အမြင့်မားဆုံးအဆင့်ကို ရောက်ရှိ[...] စစ်မှန်သော ဘဝအသိ၊ လောကအမြင်နှင့် တရားထူးအ[...] တို့အထိ အမြင့်မားဆုံး ရရှိတတ်ချိန်ဖြစ်သည်။

၁၁။ ထို့ကြောင့် ယခုအသက် ၆၉နှစ်အတွင်း အ[...] များနေချိန်မှာပင် တရားဓမ္မဆိုင်ရာ စရဏအလုပ်တို့[...] လည်း အချိန်ယူကာ ဆက်လက် ကြိုးစားသင့်ပါကြော[...] အကြံပြုရင်း အမေစု၏ ပြည်သူ့အပေါ် ထားရှိသည့် စေတ[...] နှင့် ကျေးဇူးတရားတို့ကို လည်းကောင်း၊ အမေစု၏ အ[...] ပညာ၊ အတတ်ပညာ၊ စိတ်ဓာတ်စွမ်းအား၊ စေတနာတ[...] တို့နှင့် ပါရမီဓာတ်ခံတို့ကို လေးလေးနက်နက် ဦးည[...] ဂုဏ်ပြုအပ်ပါသတည်း။

*အမေစု ကျန်းမာစွာ[...]*
*နှလုံးစိတ်ဝမ်းအထူးအေးချမ်း[...]*
*သက်နှင်းဆွေ-[...]*
*(၁၉-၉-၂၀၁၃၊ နံနက် ၁[...]*

◈◈◈

## အဖိမြန်မာပြည်

၁။ မြန်မာပြည်၏ ဇာတာတွင် ၁၉၈၈[...]



www.burmeseclassic.com

www.burmeseclassic.com

၂၀၀၇-မတ်လအတွင်းသည် အရှုပ်ထွေးဆုံးကာလ၊ အလှုပ်ဆုံးအချိန်ဖြစ်သည်။ သို့သော် ထိုရှုပ်ထွေးမှုတွေကြားမှ တိုးတက်မှုလမ်းကြောင်းပေါ်သို့လည်း မုချရောက်ရှိတတ်ဖြစ်သည်။

၂၀၀၇-မတ်လမှ ၂၀၁၄-မတ်လအထိသည် လွတ်လပ်ပွင့်လင်းသော လူ့ဘောင်၊ လူ့အခွင့်အရေးတို့ ပွင့်လင်းချိန်၊ တိုးတက်ချိန်ဖြစ်သည်။ အထူးသဖြင့် ၂၀၁၄ ဩဂုတ်လ ၄ရက်မှ စကာ လူထုအခွင့်အရေးတို့ ပိုမိုပွင့်လင်း ရောက်မည်။ မြန်မာနိုင်ငံ၏ ဇာတာတွင် နိုင်ငံရေး၊ လူမှုရေးလျှို့ဝှက်ချက်များစွာ ရှိနေတတ်သည်။ သို့သော် ကြည်တွင် ပြည်သူလူထု၏ လွတ်လပ်သော လူ့အခွင့်အရေး အပြည့်အဝထွန်းကားမည်ဟု ကျွန်တော် အတိအကျ သုံးသပ်ဖြစ်ပါသည်။ အထူးသဖြင့် ၂၀၁၄ ၏ ပြီးမှ ၂၀၂၁ အထိ တစ်ရှိန်ထိုး တိုးတက်ခွင့်ကြုံပါမည်။ မြန်မာပြည် ည်(၂တန့်သခင်၊ ၅တန့်သခင် ကျက်သရေမင်္ဂလာအခြံ ရံကြီးဟ် ၅တေးကမူ လလက်တွင် လုံခြုံစွာ ကာရံထား ည့်အနေအထားအရ) မည်သည့်အနေအထားမှာမဆို နိုးထ သန်နိုင်မည်။ လူမျိုးရေး၊ ဘာသာရေး၊ စီးပွားရေးတို့ မုချ တက်လာဦးမည်။

ထိုသို့ တိုးတက်နှ မည်ဆိုရာမှာလည်း ယခု ၁၃-စက်တင်ဘာလမှ စကာ ... ကာလများ ပိုမိုသိသာပါမည်။

၂၀၁၃ သည် မထင်မှ တွေ့ ထပ်ကာ ကာ ကြုံမည့်နှစ်ဖြစ်ပြီး ၂၀၁၃-နိုဝင်ဘာနှင့် ဒီဇင်ဘာ အတွင်း မလိုလားအပ်သော ပြည်တွင်းရေးအခက်အခဲ ၍ ထပ်မံကြုံဖို့ ရှိသည်။ ထိုအခက်အခဲများကြားမှပင် တက်မှုတွေလည်း ဆက်လက်ဖြစ်ထွန်းလာပါဦးမည်။

အထူးသဖြင့် ၂၀၁၄-ဇန်နဝါရီမှ ၂၀၁၄-ဒီဇင်ဘာ ကြောင်းကာလသည် မြန်မာပြည်တွင် ထူးခြားသော ပြောင်းလဲမှုတို့ ကြုံမည့်အချိန်ဖြစ်သည်။ အနေအထားများ ပြောင်းလဲသွားမည်။ ကောင်းသော အပြောင်းအလဲတွေ သည်။ ၂၀၁၅ တွင်မှ နိုင်ငံတော်နှင့် စပ်ဆိုင်သော ချို့တွင် ယတိပြတ် ဆုံးဖြတ်ဆောင်ရွက်နိုင်ခြင်း မရှိဘဲ အနေတချို့အရ ရွှေ့ဆိုင်း ဆောင်ရွက်ရတာမျိုးတွေ တတ်သည်။

၂၀၁၅-စက်တင်ဘာနောက်ပိုင်းတွင် စစ်တပ်နှင့် က်သော အရေးပါမှု ကဏ္ဍတချို့ ထပ်မံနေရာယူ သည်။ သို့သော် ကောင်းသော အကြောင်းတရား တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းတွေ ဖြစ်တတ်ပါသည်။

◈◈◈

## အမေစုနှင့် အမိမြန်မာပြည်

မြန်မာနိုင်ငံ၏ ဇာတာနှင့် အမေစု၏ ဇာတာကို ယှဉ်တွဲသုံးသပ်ကြည့်ရာတွင် အမေစုသည် မြန်မာပြည်နှင့် မြန်မာပြည်သူလူထုကို အများသိထား၊ ထင်ထားသည့်ထက် ပိုပြီး နက်နက်ရှိုင်းရှိုင်း ချစ်မြတ်နိုးသူ၊ စေတနာထားသူဟု ကျွန်တော် အဖြေထုတ်မိပါသည်။ ထို့အပြင် အမေစု၏ အသိပညာ၊ အတတ်ပညာ၊ စေတနာ၊ လုပ်ဆောင်မှုတို့သည် မြန်မာပြည်ကို ကြီးမားစွာသော လုံခြုံမှုတို့ ပေးစွမ်းနိုင်သူဖြစ်ပြီး မြန်မာပြည်တိုးတက်မှု၊ ကြွယ်ဝမှုတို့ကိုလည်း အကြီးမားဆုံးသော လုံခြုံမှုကို ပေးစွမ်းနိုင်သည်ဟု ရာနှုန်းပြည့် အဖြေထုတ်မိပါသည်။

(အမေစု၏ ဇာတာမှ ဇတန့်တွင်တည်သည့် မင်္ဂလာအခြံအရံ ကြာသပတေးဂြိုဟ်ကြီးသည် မြန်မာပြည်ဇာတာ၏ တိုးတက်ကြီးပွားမှု မဏ္ဍိုင် ၂တန့်ကို အားကောင်းစွာ ကျေးဇူးပြုနေသည့် အနေအထားတစ်ခုတည်းနှင့်ပင် ထိုအဖြေကို ရဲရဲထုတ်ဖြစ်ပါသည်။ အခြားအကြောင်းများစွာ ရှိပါသေးသည်။)

ထို့အတူ အမေစု၏ ဇာတာမှ ဇတန့်တွင် တည်သည့် မင်္ဂလာအခြံအရံ ကြာသပတေးဂြိုဟ်ကြီးသည် အမေစု၏ လင်္ဂကို ကြီးမားစွာ မြင်လျက် ထောက်ပံ့ကာ အားကောင်းသော လုံခြုံမှုကို ပေးထားခြင်း၊ ဇတန့်အိမ်ရှင် တနင်္ဂနွေဂြိုလ်နှင့် ဆယ်တန့်အိမ်ရှင် ဗုဒ္ဓဟူးဂြိုလ်တို့ ၇တန့်တွင် တည်ကာ လင်္ဂကို မြင်သည့် အကြောင်းတရားတို့ကို ခြုံငုံသုံးသပ်ကာ အမေစုသည် နိုင်ငံတော်အကြီးအကဲ သမ္မတနေရာကို ရနိုင်ခွင့် အပြည့်အဝရှိကြောင်း၊ အနှောင့်အယှက် အတိုက်အခံများလည်း များစွာရှိနေကြောင်း၊ ထိုအဟန့်အတားများကို ကျော်လွှားကာ မြန်မာပြည်နှင့်တကွ မြန်မာ့တပ်မတော်အတွက်ပါ အရိပ်ကောင်းကို ပေးသွားနိုင်ကြောင်း အဖြေထုတ်ဖြစ်ပါသတည်း ■

*အားလုံးသတ္တဝါချမ်းသာပါစေ*

* * *

သက်နှင်းဆွေ(မုံရွာ)
*၁၀.၉.၂၀၁၃၊ နေ့လယ် ၁၂း၂၉၊*
*(အောင်အတိတ် အောင်နိမိတ် ၊*
*၀၁ ၅၅၉၁၇၇ ၊ ၀၉ ၇၃၀၂၅၀၇၁)*



www.burmeseclassic.com

www.burmeseclassic.com

# ဂျမ္မိုရှာဆန်းကြယ် စာအုပ်စင်

သုတအဖွဲ့

## နိုင်ဦး — အကြောက်တရားမှ လွတ်မြောက်ရေး





၁၉၉၅ ခုနှစ်၊ ပင်ဂွင်းမဂ္ဂဇင်းစာအုပ်တိုက်က ထုတ်ဝေခဲ့သော နောက်ဆုံးမူဖြစ်သ 'Freedom From Fear' ကို ဆရာ နိုင်ဦး မြန်မာပြန်ဆိုထားခြင်းဖြစ်သည်။ Freed From Fearမှာ ကျွန်တော်တို့နိုင်ငံသားတွေအတွက် အားဆေးတစ်ခွက်ဖြစ်သလို မသိ မကြားဘူးသူ မရှိသလောက်ဖြစ်သော အမည်နာမပဲ ဖြစ်သည်။ နောက်ဆုံးမူ ဖြစ် ကြောင့် အိန္ဒိယ ဆင်းမလားတွင် ဒေါ်အောင်ဆန်းစုကြည် ရေးသားခဲ့သော စာ နှစ်စောင်လည်း ဖြည့်စွက်ပါဝင်လာ၏။

အာဏာရှင်လက်အောက်တွင် အကြောက်တရားဖြင့် နေခဲ့ရသော မျက်စိမ ပါးစပ်များ၏ ဘဝအခြေအနေကို အထင်းသား တွေ့မြင်ရမည်ဖြစ်သည်။ အကြောက်တ မှ လွတ်မြောက်ရန် လူတိုင်းရင်တွင် မကြောက်တရား ကိုယ်စီရှိနေဖို့ လိုသည်။ ဆ နိုင်ဦး ပြန်ဆိုထားသော "အကြောက်တရားမှ လွတ်မြောက်ရေး" စာအုပ်ကို ဖတ်ကြည့် ဟု တိုက်တွန်းလိုက်ချင်ပါသည်။

**စာပေတိုက်** - ယဉ်မျိုးစာပေ
**မျက်နှာဖုံးပန်းချီ** - အေးဖြူအောင်
**ပုံနှိပ်ခြင်း** - ၂၀၁၃၊ ဩဂုတ်၊ ပထမအကြိမ်။
**အုပ်ရေ** - ၅၀၀
**တန်ဖိုး** - ၃၅၀၀ ကျပ်။

## ဆလိုင်းလျန်မှုန်း — ဖက်ဒရယ် ပြည်ထောင်စုစနစ်




တိုင်းရင်းသား လူမျိုးရေးရာ သုတေသနအဖွဲ့က စီစဉ်ထုတ်ဝေလိုက်သည့် တိုင်း သား လူမျိုးများ လိုလားသော ဖက်ဒရယ် ပြည်ထောင်စုစနစ် ထွက်ရှိလာ ရေးသားပြုစုသူမှာ "ဆလိုင်းလျန်မှုန်း" ဖြစ်သည်။

စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စု၏ အင်္ဂါရပ်များ ကိုယ်ပိုင် ပြဋ္ဌာန်း တိုင်းရင်းသား လူမျိုးများ၏ အနာဂတ်အရေးနှင့် စစ်မှန်သော ဖက်ဒရယ် ပြည်ထော စနစ် တူထောင်ရာတွင် အခြေခံရမည့် "လမ်းညွှန် အခြေခံမူများ"ဟု သုံး တင်ပြထားသည်။

ပွင့်လင်းမြင်သာသော ခြေလှမ်းများဖြင့် နိုင်ငံတော်သစ် တည်ဆောက် တိုင်းရင်းသားလူမျိုးများ၏ ဆန္ဒသဘောထားများကို လေ့လာခွင့်ရရှိမည် ဖြစ်သ

**စာပေတိုက်** - တိုင်းရင်းသားလူမျိုးရေးရာ သုတေသနအဖွဲ့.
**မျက်နှာဖုံးဒီဇိုင်း** - ရင်နီ
**ပုံနှိပ်ခြင်း** - ၂၀၁၃၊ စက်တင်ဘာ၊ ပထမအကြိမ်။
**အုပ်ရေ** - ၁၀၀၀
**တန်ဖိုး** - ၁၅၀၀ ကျပ်။



www.burmeseclassic.com

www.burmeseclassic.com

## အောင်မေဃ

## အိုရှီး၏ ရက်စက်ကြမ်းကြုတ်တဲ့ နိုင်ငံရေးသမားတွေ




အိုရှီး၏ ဟိန္ဒီဘာသာဖြင့် ထုတ်ဝေခဲ့သော NAI BHARAT KI KHOJ (ခေတ်မီ အိန္ဒိယကို ရှာဖွေခြင်း)အား ဆရာ အောင်မေဃ မြန်မာပြန်ဆိုထားခြင်းဖြစ်သည်။


ကိုယ့်ကိုယ်ကို သိပ္ပံနည်းကျ မညာမတာ ဝေဖန် ဆန်းစစ်ရင် အမှန်ကို ရှုမြင်လာနိုင်ပါတယ်။ အမှားဆိုတဲ့ အရေခွံကို ကိုယ့်ဘာသာကိုယ်ခွာရပါတယ်။ အဲဒီလိုလုပ်ရင် မတိုးတက်စရာ၊ ခေတ်မမီစရာ အကြောင်းမရှိပါဘူး။ လူက ဆူးစူးနေမှန်းသိပါလျက် နာမှာ ကြောက်လို့ မနုတ်ဘဲ နေတယ်။ ဆရာကြီး အိုရှီးက အဲဒီဆူးနုတ်ပစ်နိုင်မယ့် နည်းလမ်းတွေကို ပေးထားပါတယ်လို့ ဆရာ အောင်မေဃက ညွှန်းဆိုထားပါတယ်။

ဒီမိုကရေစီနိုင်ငံကြီးတစ်နိုင်ငံဖြစ်သော ကျွန်တော်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသော အိန္ဒိယနိုင်ငံ၏ နိုင်ငံရေး ဘာသာရေး ယဉ်ကျေးမှုရေးရာ ပြဿနာများကို အကဲခတ်လေ့လာနိုင်မည်ဖြစ်သည်။

…ပေတိုက် - ယဉ်မျိုးစာပေ
…ာ်နာဖုံးပန်းချီ - အေးမြှုအောင်
…နိပ်ခြင်း - ၂၀၁၃၊ စက်တင်ဘာ၊ ပထမအကြိမ်။
…ုပ်ရေ - ၅၀၀
…န်ဖိုး - ၂၀၀၀ ကျပ်။

## မောင်စိမ်းနီ

## လေနုအေးတွင် တင်သော ကမ္ဗည်း




ငြိမ်းချမ်းရေး လမင်းကြီး၏အလင်း ရုတ်သိမ်းသွားခဲ့လေပြီ။ ဒဂုန်တာရာ ခေါ် ဦးဌေးမြင့်မှာ ကျွန်တော်တို့ မြန်မာပြည်အတွက်တော့ သက်ရှိသမိုင်းစာအုပ်တစ်အုပ်ပင်။

ဆရာကြီး ဒဂုန်တာရာ ကွယ်လွန်ခြင်း တစ်လပြည့်အဖြစ် မောင်စိမ်းနီ စီစဉ်ပြီး စာရေးဆရာ၊ ကဗျာဆရာများအားလုံး ဝိုင်းရေးကြသော "လေနုအေးတွင် တင်သော ကမ္ဗည်း"စာအုပ် ထွက်ရှိလာသည်။

ဆရာကြီး၏ အတ္ထုပ္ပတ္တိ၊ လက်ရေးမူများ၊ စာများ၊ ပုံများက တစ်ကန့်၊ ကြာပန်းရေစင်သို့ ကဗျာအပိုင်းက တစ်မျိုး၊ ဆရာ့အကြောင်းရေးသော အလွမ်းစာများကိုတော့ အနားသတ်သမိုင်း (၁)၊ (၂)၊ (၃)အဖြစ် ဖော်ပြထားသလို အမှတ်ရစာများ "ပန်းနုရောင် လေပြည်" စသည်တို့ဖြင့် ဖွဲ့စည်းထုတ်ဝေထားသည့် စာရေးဆရာအစုံ၏ ဆရာ့အပေါ် ထားသောအမြင်များနှင့် ဦးညွှတ် အောက်မေ့ခြင်းများကို တစ်ဝကြီး ဖတ်ရှုရမည် ဖြစ်သည်။

…ပေတိုက် - အလင်္ကာစာအုပ်တိုက်
…ာ်နာဖုံးပန်းချီ - ခန့်မင်းထက်
…နိပ်ခြင်း - ၂၀၁၃၊ စက်တင်ဘာ၊ ပထမအကြိမ်။
…ုပ်ရေ - ၁၀၀၀
…န်ဖိုး - ၄၀၀၀ ကျပ်။

*****



www.burmeseclassic.com

www.burmeseclassic.com



# သမ္ဗုဒ္ဓေဂါထာတန်ခိုး

ဝင်းယုမောင်

စာရေးသူဇာတိမှာ မြောင်းမြခရိုင်၊ လပွတ္တာမြို့နယ်၊ ရွှေမိတ်ကျေးရွာဖြစ်ပါသည်။ (ယခု လပွတ္တာခရိုင်၊ ကန်ဘက်မြို့နယ်ဖြစ်၏။) လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ မြန်မာပြည်တစ်ဝှမ်း ရောင်စုံသောင်းကျန်းသူများ၊ သူပုန်သူကန် ဓားပြများထူပြောလှသောကာလဖြစ်၏။ တစ်ညလသာသာအခါသမယတွင် ဓားပြများ ရွာတွင်းသို့ဝင်၍ ဓားပြတိုက်လေ၏။ ထိုအခါစာရေးသူနေသော အဘိုး ဆရာလေးနှင့် ကြီးတော်ဆင်တို့က စာရေးသူတို့ ညီအစ်ကိုအား လက်ဆွဲ၍ ကန်ဘောင်ဘေးတွင် ဝပ်နေကြပါသည်။ ဓားပြအုပ်စုမှာ ကန်ဘောင်ပေါ်မှ မီးတုတ်များ ကိုင်၍ လျှောက်သွားသည်ကို စာရေးသူတို့မြင်လိုက်ရပါသည်။ ဓားပြများမှာလည်း လင်းနေသော မီးရောင်ဖြင့် စာရေးသူတို့ကို တွေ့မြင်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နံနက်မိုးလင်းသောအခါ စာရေးသူတို့ ကလေးတစ်သိုက်က ညက အဖြစ်အပျက်ကို မေးကြသည်။ ကြီးတော်ဆင်က ဓားပြများ မမြင်ဘဲ လွတ်မြောက်ခဲ့သည်မှာ သမ္မုဒ္ဒေဂါထာတန်ခိုးတော်ကြောင့်ဖြစ်ကြောင်း ရှင်းပြပါသည်။ ကလေးများပီပီ ကြီးတော်ဆင်ပြောပြသော သမ္မုဒ္ဒေဂါထာ၏တန်ခိုးကို မေ့မေ့ပျောက်ပျောက်ထားခဲ့မိပါသည်။

အသက်အရွယ်ရလာပြီး ဝန်ထမ်းဘဝဖြင့် ကာလအန္တရားကြီးကို ဖြတ်သန်းလာစဉ် သမ္မုဒ္ဒေဂါထာတော်၏တန်ခိုးအာနိသင်ကို စာပေများတွင် လည်းကောင်း၊ လူမှုပတ်ဝန်းကျင်တွင် လည်းကောင်း ကြားနေရပါသည်။ ထို့ကြောင့် စာရေးသူ လေ့လာသိရှိရသည့် သမ္မုဒ္ဒေဂါထာတော်နှင့် စပ်လျဉ်းသည့် အကြောင်းအရာများအား ထပ်ဆင့် မျှဝေပေးလိုက်ပါသည်။

"သမ္မုဒ္ဒေ အင္ဂဝီသဋ္ဌ" အစချီသော ဂါထာမှာ မူလပထမ သုံးဂါထာရှိပါသည်။ ၎င်းဂါထာသည် အာနိသင်ကြီးမား၍ အန္တရာယ်များ ကင်းရုံမျှမက၊ ကာယသိဒ္ဓိလမ်းများပင်ရသဖြင့် ပုန်ကန်ရိုင်းပျသူများ ဖြစ်နိုင်သဖြင့် တစ်ပါဒဖြုတ်သည်ဟု လေ့လာမိပါသည်။ ထို့ကြောင့် သမ္မုဒ္ဒေဂါထာမှာ ဂါထာခွဲဖြစ်ခဲ့၏။

ရှေးအခါက မြန်မာလူမျိုးများသည် သမ္မုဒ္ဒေဂါထာ၏အကျိုးအာနိသင်များကို ယုံယုံကြည်ကြည် စွဲစွဲလမ်းလမ်းရှိကြ၏။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းကလည်း သမ္မုဒ္ဒေဂါထာတော်ကြီးအား ခံတပ်သဖွယ် အားကိုးခဲ့ကြ၏။ ဗုံးကြဲလေယာဉ်များ ပျံလာလျှင် ဗုံးကျင်းထဲသို့ ပြေးခိုကြရ၏။ ဗုံးကျင်းထဲသို့ ရောက်သည်နှင့် တစ်ပြိုင်နက် သမ္မုဒ္ဒေဂါထာရွတ်သံများကား လေယာဉ်ပျံ၏အသံနှင့် အပြိုင်ဖြစ်တော့၏။

ထိုစဉ်ကာလက မြန်မာပြည်တစ်ဝှမ်းတွင် နေရာတိုင်း၊ အိမ်တိုင်း၌ ဗုံးခိုကျင်းများ ရှိကြပါသည်။ သမ္မုဒ္ဒေစေတီတော်ကြီး တည်ရှိရာ မုံရွာခရိုင်၊ မိုးညှင်းတောရတိုက် ပတ်ဝန်းကျင်ဒေသကြီးဖြစ်လာသောအခါ လာရောက်ခိုလှုံသူ အိမ်ထောင်များမှာ ဗုံးခိုကျင်းမရှိဘဲ ဗုံးဒဏ်မှ လွတ်ခဲ့ကြလေသည်။ ထို့နောက် အံ့သြစရာကောင်းသည်မှာ ဂျပန်စစ်တပ်ကြီး ချီတက်လာသောအခါ အင်္ဂလိပ်စစ်သားပေါင်း လေးထောင်ကျော်တို့ မိုးညှင်းတိုက်ဝန်းကျင်တွင် စခန်းချ၍ တိုက်ခိုက်ရာ ဂျပန်တို့ ပစ်ခတ်သော အမြောက်ကျည်ဆန်၊ စစ်သေနတ်ကျည်ဆံတို့မှာ ကျောင်းတိုက်အတွင်း အဆောက်အအုံများ ထိခိုက်ခဲ့။ ယုတ်စွအဆုံး၊ တိရစ္ဆာန်များပင် မထိခိုက်ခဲ့ဟု ရေးသားဖူးပါသည်။

ပဥ္စမ သင်္ဂါယနာတင်သော ဘဝရှင်မင်းတရားကြီးသည် မန္တလေး၊ ရတနာပုံမြို့သစ် တည်ဆောက်စဉ်က မြို့ရိုးတံခါး၌ သမ္မုဒ္ဒေအင်းကို မြှုပ်ခဲ့ကြောင်း "ဆာရစ်ချက်တင်ပယ်"က ၁၉၂၃ ခုနှစ်၊ ဒီဇင်ဘာလထုတ် "အင်းဒီးယင်းအင်တီကေရီ"မဂ္ဂဇင်း၌ ရေးသားခဲ့၏။ ဆောင်းပါးခေါင်းစဉ်မှာ "မန္တလေးမြို့တော်၏ အကာအကွယ်အင်း"ဟူ၍ ဖြစ်၏။ ၎င်းဆောင်းပါးအား ဆရာ ဇော်ဂျီမှ မြန်မာပြန်ခဲ့ဖူး၏။

သမ္မုဒ္ဒေဂါထာတော်ကို သုံးနည်းမှာ ရှေးအစဉ်အဆက်ဆက်ကပင် ရှိခဲ့၏။ ၎င်းသုံးနည်းများမှ စာရေးသူ မှတ်သားဖူးသော လင်္ကာတစ်ခုကို ဖော်ပြလိုက်ပါသည်။

* မြတ်သမ္မုဒ္ဒေ၊ ဆူဝေကျော်ကြား၊ နိဒါန်းအားဖြင့်၊ ကွမ်းစားသတ္တော်၊ ခေါင်းလျှော်ဒသ္သ၊ ဘတ္တတြိန်း၊ ဆီလိမ်းပဥ္စ၊ စီးထလေ့မှာ၊ ရှစ်ကြိမ်သာတည့်၊ နံ့သာပန်းမျိုး၊ ကိုးကြိမ်နှိုးလော့ ချုပ်မိုးသည့်ခါ၊ အိပ်ရာဝင်မူ၊ ကိုးကြိမ်ဟူ၏။ ရန်သူတွေ့မြောက် ဆယ့်တစ်ခေါက်တည့်၊ စစ်ထိုးသောအခါ၊ ရွတ်ပါ ကိုးကြိမ်၊ စံအိမ်သန္ဓေ၊ မဖွားနေမူ၊ ရေမှာ ကိုးခေါက်၊ မန်း၍သောက်က၊ ဖွားမြောက်ခဏ ချမ်းသာရ၏။

* ခေတ္တနှောင်သွင်း၊ သံခြေကျင်းနှင့် အပြင်းတိုက်လှောင်၊ တစ်ထောင်ရွတ်လေ၊ လွတ်ထွက်ပေ၏။ ပန်းမွှေးနှစ်ခေါက်၊ ခရီးလျှောက်မူ၊ ခေါင်းမှာ တင်စိုက်၊ ရန်ဘေး၌လည်း၊ မြူဆိုက်မလိမ်း၊ ကင်းလွတ်ငြိမ်း၏"

* ခပ်သိမ်းရောဂါဗျာပါလည်း ကင်း၊ သောကရှင်း၍၊ မင်းမင်းတကာ၊ ကြည်စွာမြတ်နိုး၊ ရေပြည့်အိုးသို့၊ မညှိုးပန်းသွင် နေ့တိုင်ပင်တည့်၊ ထွက်ဝင်ရဲရဲ၊ လူခပဲတို့၊ အံ့စဲစလောက်၊ ထွန်းတောက်ပဝင်း၊ ပွင့်လင်းသာသနာ၊ ပွားကြောင်းရာ၍၊ စန္ဒာလမင်း၊ ကောင်းကင်ချဉ်းသို့ ကောင်းခြင်းထွေထွေ၊ ကောင်းကျိုးဝေသည်၊ သမ္မုဒ္ဒေ၏ တန်ခိုးတည်း။

ယခုအခါတွင် သမ္မုဒ္ဒေဂါထာတော်ကြီးမှာ မူကွဲအမျိုးမျိုးပေါ်ထွက်လာချေပြီ။ မည်သို့ဆိုစေ၊ သမ္မုဒ္ဒေဂါထာတော်ကြီးအား ယုံယုံကြည်ကြည်ဖြင့် တစိုက်မတ်မတ် ရွတ်ဖတ်ခြင်းဖြင့် လောကီ၊ လောကုတ္တရာအကျိုးများ ရရှိမည်ဖြစ်ကြောင်း ရေးသားအပ်ပါသည် ■

* * *

ဝင်းယုမောင်(သုတေသီ)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သူခ

ဒေါ်အိုဇာ

S.A.M.B စာရေးကလေးအဖြစ်ဖြင့် "စာဖြူစု" ဆိုသောရွာသို့ ကျွန်တော်တို့လင်မယား ပြောင်းလာပြီးသည့်နောက် မကြာမြင့်မီပင် အလုပ်နှင့်ပတ်သက်သော မိတ်ဆွေများ၊ ရွာခံအိမ်နီးချင်း သင်္ဂဟများ လာရောက်မိတ်ဖွဲ့ အားပေးကြသည်မှာ တောရွာဓလေ့အတိုင်း ဖြစ်ပါသည်။

မြို့ကြီးပြကြီးများ၌သာ တစ်ယောက်နှင့် တစ်ယောက် အရေးမလုပ်ကြသော်လည်း မိရိုးဖလာ တောရွာကလေးများ၌ဆိုလျှင် မျက်နှာစိမ်းသည့်သည်ကို ရွာခံများက အထူးအရေးပေးကာ အစစအရာရာ ဝိုင်းဝန်းကူညီချင်ကြပါသည်။ ဤစေတနာမှာ ဘယ်သူ့ကမှ လာ၍ ယဉ်ကျေးမှုတစ်ရပ်ဟု ကင်ပွန်းတပ်ကာ သင်တန်းပေးထားခြင်း မဟုတ်၊ ရိုးတွင်းခြင်ဆီက ပါလာသော မြန်မာ့သဘာဝ လောကဝတ်စိတ်ထားသာ ဖြစ်ပါသည်။ သူစိမ်းတစ်ယောက်ကို မခေါ်ပင့်ချေဘဲ လာရောက်မေးမြန်း ကူညီရခြင်းမှာ မြို့ကြီးသူ၊ မြို့ကြီးသား အထက်တန်းစားဆိုသူတို့က ထင်သလို အောက်ကျနောက်ကျရှိလှသည်ဟု မထင်ဘဲ၊ ဝေယျာဝစ္စကုသိုလ်ကလေးတွေ ပြုလိုက်ရသည်ဟုသာ ထင်မှတ်ဟန်ရှိကြသည်။

"စာရေးကြီး . . . ကျုပ်တို့အိမ်များ လက်ဖက်ရည်သောက်ရအောင် လှည့်ခဲ့ပါဦးဗျ"

"မြို့သား တောရောက်လို့ ပျင်းခြောက်ခြောက်ဖြစ်နေပြီလား စာရေးကြီးရ"

စသော စကားမျိုးဖြင့် ကျွန်တော့်အား ယောကျ်ားပိုင်းက အရေးယူကြ၊ အရောတဝင် ပြုကြသကဲ့သို့ . . .

"စာရေးကြီး ကတော်ရေ . . . တောင်ပိုင်းမှာ ငါးသလောက်တွေတဲ့တော်"

"ဟင်းချိုချက်ရင် ခူးသာ ခူးနော်။ ကျွန်မတို့အိမ်က ဒန့်သလွန်ပင်တို့၊ ကင်ပွန်းပင်တို့၊ အားမနာနဲ့ သိလား"

ဟု ရွာသူများကလည်း ကျွန်တော့်မိန်းမကို နှုတ်ဆက်ကြပါသည်။ ယုတ်စွအဆုံး၊ ရွာထဲ ဖြတ်သွားသည့် အခိုက်အတန့်မျိုးကလေးတွင်ပင် "ထမင်းစားသွားကြပါဦးလား" ဟု လည်းကောင်း၊ "စာရေးကြီးကတော် . . . ဘာဟင်းများ ချက်သလဲ" ဟု လည်းကောင်း အမေးခံရ၊ အခေါ်ခံရသည်မှာ ယဉ်ကျေးမှု ဝါသနာလက်ငုတ်လက်ရင်းကလေးများသာ ဖြစ်စေကာမူ၊ မြို့ကြီးသားတို့၏ ဓလေ့နှင့် စာသော် စပ်စုလှသည်ဟု အပြစ်တင်ဖွယ် ဖြစ်ကောင်း ဖြစ်ပေမည်။

သို့သော် ကျွန်တော့်အဖို့ကား ရွာဓလေ့ကို နှစ်သက်သည်။ ကျွန်တော်သာမက၊ မြို့သူဖြစ်သော ကျွန်တော့်ဇနီးသည်လည်း တောရွာတို့၏ ပေါင်းသင်း ဆက်ဆံရေးကို မြတ်နိုးနေတော့သည်။ ထို့ကြောင့်ပင် မကြာခဏ စကားစပ်မိတိုင်း ပြောကြရသည်။

"တောက လူတွေဟာ ဖော်ရွေတယ်နော် မောင်"

"ဖော်ရွေတာပေါ့ကွယ်။ သဘောဖြူ အူစင်းကြီးတွေကိုး"

"နောက်ပြီးတော့ ဘာကလေးဖြစ်ဖြစ် လုပ်ပေးချင် ကိုင်ပေးချင်တဲ့စေတနာလည်း သိပ်ရှိတာပဲ။ မြို့မှာ . . . ဒီလိုလုပ်ပေးတဲ့ လူဆိုရင် ဖော်လံ . . . တယ်လို့ ဆိုကြမှာပဲ"

"သမဝါယမ ဆိုတာ ဒါကြောင့် . . . မြို့မှာ အကောင်အထည် မပေါ်နိုင် . . . တာပေါ့ ခင်ရ။ တစ်ယောက် . . . တစ်ယောက် တင်စီးဖို့၊ ခုတုံးလု . . . မျက်တောင်မွေးပေါ် စကြံလျှောက် . . . လောက်သာ စိတ်ကူးနေကြလို့ စ . . . မလွှတ်နိုင်ဆိုတာတွေ ခြစားနေကြ . . . ပေါ့"

"ဟုတ်တယ်နော်။ ဘာက . . . ဖြစ်ဖြစ် ပိုက်ဆံပေးမှ ဖြစ်တာပဲ"

"ဒါပေါ့။ ပိုက်ဆံကို . . . စေတနာထက် ငမ်းငမ်းတက် . . . တာ။ ဒီအကျင့်တွေ တောကို . . . တချို့ ကူးစက်လာကုန်ကြပြီ"

"အင်းအင်း၊ ဩော် . . . ဒါ . . . မောင်၊ ဒေါ်အိုဇာ ဆိုတဲ့ အမေကြီး . . . သိလား၊ ဟိုရွာ နောက်ဖေးတ . . . အမေကြီးဟာလေ"

ကျွန်တော်က ဘူးလုံး နား . . . ဖြစ်နေသဖြင့် ခပ်ကြောင်ကြောင် . . . သူ့ကို ကြည့်နေလိုက်မိသည်။ . . . အင်းမလှုပ် အဲမလှုပ်နေစဉ် အ . . . ၆၀ ကျော်ကျော် အမယ် . . . တစ်ယောက်၏ ပုံပန်းကို မြင်ယော . . . သည်။ ကျွန်တော်တို့အိမ်သို့ မကြာ . . . ရောက်လာကာ ကျွန်တော့်ဇနီးသ . . . ပလဲနံပသင့်နေခြင်းကို ယခုမှ သ . . . လာမိသည်။

"ဩော် . . . ဩော် . . . . . . လာလာနေတဲ့ အရုပ်ဆိုးဆိုး၊ မ . . . ကလေး ပြူးကြောင်ကြောင်နဲ့ အ . . . ကြီးဟာလား။ နာမည်က ဒေါ်အို . . . လား"

"ဟုတ်တယ် . . . ဟု . . . ဒေါ်ဇာတဲ့"





www.burmeseclassic.com

www.burmeseclassic.com

အေးအေး၊ သူ့ရုပ်မြင်တော့ ...တွန်းထဲက စုန်းမကြီး ဒေါ်အိုဇာကို ...သတိရတယ်ဟေ့…ဟဲဟဲ၊ အင်း ...ဘာဖြစ်သလဲ"

"အို…မောင်ကလဲ၊ မရှိခိုးနိုးနိုး၊ ...စုန်းနိုးနိုးဖြစ်လိုက်တာ။ သူ့ခမျာ ... မပြောပါနဲ့၊ သနားပါတယ် မောင် ...။ သိပ်သဘောကောင်းရှာတာ"

ခင်က စောဒက တက်လိုက်စဉ် ...တွင်းကလေး ကျွန်တော့်စိတ်ကို ...နှ်တော်ပြောရမည်ဆိုလျှင် မလုနိုးနိုး ... ထင်မြင်ယူဆချက်မျိုး မရှိရိုးအမှန် ... ဖြစ်ပါသည်။

ထို့ထက်အပ ပယောဂ၊ စုန်း၊ ...၊ တစ္ဆေ စသည်တို့ကို ကျွန်တော် ...လမ်း။ လက်မခံခဲ့သည်မှာ သူ့အသိ ... ဖြစ်ပါသည်။ သို့သော် ကျွန်တော့် ...ပ်က ထွက်လိုက်မိသည်ကတော့ ...ယ်ပင် သမာဓိ ကာတွန်းဆရာ ...ညီ ရေးခဲ့သော စုန်းမကြီး ဒေါ်အို ...ပ်နှင့် ခပ်ဆင်ဆင်ဖြစ်နေကြောင်း ...၍ ဖြစ်ပါသည်၊ နာမည်ကလည်း ...၍မှ တူတတ်ပေသည်။

ယခု ဤရွာက ဒေါ်အိုဇာ ဆိုသူ ...သည်း ရှေ့သွားခေါ်ခေါ်ကလေး ...ချောင်းသာ ကျန်၍၊ တချို့သွားတွေ ... ကြွေ၍နေပါသည်။ ဆံဖြူဆံကျဲ ...လေးတွေက နဖူးပြောင်ပြောင်မှာ ...က်သယောင်ယောင်ဖြစ်နေပါပြီ။ ...ရဲပင်ပန်းမှုနှင့် ဇရာဖိစီးမှုတို့ ...ကြောင့် ပါးရေနားရေများ တွန့်ရှုံ့ ...ခွေကာ ကျောရိုးကပါ ခပ်ကိုင်း ...ညွတ်နေလျက် အရိုးပေါ်တွင် ...သို့သော အရေတင်၍ လက်ပြင် ... အကြောပြိုင်းပြိုင်းထနေရှာပါ ...။ သို့သော် မည်းနက် တောက် ...၍ သေးငယ်သော မျက်လုံး ...လေးအစုံက အရွယ်နှင့် မလိုက်

အောင် နက်ရှိုင်းစူးရှနေသကဲ့သို့၊ သူ့ အသံကလည်း ခပ်စာစာ ခပ်ကြောင် ကြောင်ဖြစ်ပါသည်။ ထို့ကြောင့်သာ ကျွန်တော်က မထော်မနမ်း ခပ်ရွှန်းရွှန်း ပြောလိုက်မိသည်။

"ကဲ…ကဲ၊ ပြောစမ်းပါဦး၊ ဒေါ်အိုဇာကြီး ဘာဖြစ်သလဲ"

ကျွန်တော်က ဖြန်းခနဲပင် ဆက်မေးလိုက်မှ…

"သြော်…သဘောကောင်းရှာတာ ပြောမလို့ပါ။ မောင်က အလုပ်သွား၊သွားနေရလို့ သိပ်မသိတာ။ ဒီအမယ်ကြီးဟာလေ တစ်နေ့လုံးလိုလိုပဲ ခင့်ကို လာ၊လာပြီး ကူညီရှာတယ်။ ရေမရှိဘူးဆိုလည်း "ဟဲ့ - ဘယ်သူ့ရေ၊ ဘယ်ဝါရေ"နဲ့ ခေါ်တန် ခေါ်ပေးတယ်။ သူကိုယ်တိုင်က ကမ်းနားဆင်း ခွဲတန်ခွဲပေးတယ်။ အံမယ်… သိပ်သန်တဲ့ အမယ်ကြီး မောင်ရဲ့၊ ဘာမှတ်သလဲ၊ ရေတစ်ပုံးလောက်များ ခေါင်းပေါ် အသာကလေး ရွက်လာတာ။ နောက်ပြီး ထင်းမရှိဘူးဆိုလည်း သူပဲ။ ဟင်းလျာအဝယ်တို့ ဘာတို့များ ကောက်ကာ ငင်ကာ ထ၊သွားလိုက်တာပဲ၊ စိတ်ကလည်း မြန်ပါဘိသနဲ့။ ထမင်းဟင်းချက်ရာပြုတ်ရာထဲမလည်း သူပဲ စပ်စပ်စပ်စပ်နဲ့ ဝိုင်းလုပ်လိုက်သေးတယ်။ နေ့ခင်းနေ့လယ်ရော အဝတ်ဟောင်းတွေများတောင် ကမ်းနားဆင်း လျှော်ပေးမယ်လုပ်လို့ မနည်းကြီး တားထားရတယ်။ ကြာတော့ အားနာလာရော။ အိုကြီးအိုမနဲ့မို့"

"ဟာကွာ…မလုပ်ပါစေနဲ့ ဒီလိုတော့…"

"အို…ခင်က မခိုင်းပါဘူး မောင်ရဲ့၊ ဒါတွေကို ခင်ကိုယ်တိုင်လုပ်ရမှာ ကျေနပ်တာပါ။ နို့ပေမယ့် သူ့စေတနာကို ပြောပါတယ်။ နောက်ဆုံး အားနေရင် ဘာလုပ်ပေးတယ် မှတ်သလဲ၊ ခေါင်းရှင်းပေးတယ်။ ဘီးစိပ်တိုက်ပေးတယ်။ အဲသလိုလုပ်ပေးရင်း ပုံတိုပတ်စ ရာဇဝင်အစ၊ ရှေးစကားအစ ပြောနေတာပဲ။ ဗဟုသုတလည်း မခေဘူး မောင်ရေ။ သူ ကရွတ်ကင်းလျှောက်ပြောနေတာပေမယ့် နားထောင်အကောင်းသား။ ခင့်ကိုလည်းလေ သမီး…သမီးနဲ့။ အုနှိပ်အနင်းလည်း တတ်သတဲ့။ ဝမ်းဆွဲလည်း တတ်သတဲ့။ ဗေဒင်လေး ဘာလေးတောင် မတောက်တစ်ခေါက် တတ်သလား မသိပါဘူး။ ခင့်ကို ဘယ်နှခုသမီးလဲ၊ ဘာနေ့သမီးလဲနဲ့"

"အင်း…ရှေးအမယ်ကြီးတွေဟာ ဒီလိုပါပဲကွာ။ သူမှာ သားသမီးရှိသတဲ့လား"

"မရှိဘူးတဲ့ မောင်ရဲ့"

"နို့…ဘယ်သူက သူ့ကျွေးထားသလဲ"

"သူ့အဘိုးကြီး ရှိသလေ။ သူ့အဘိုးကြီးက တင်းတောင်းရက်၊ စပါးပုတ်ရက်၊ ဖျာတွေ၊ ထိုင်တွေ ရက်ရသတဲ့။ သူကတော့ ရွာထဲမှာ ဟိုအိမ်ဝင်၊ သည်အိမ်ထွက် ဝိုင်းကူပြီး လုပ်ပေးတန် ပေး၊ စားစရာရှိ စားသွားတာပဲတဲ့။ သူ့ကို တစ်ရွာလုံးက ချစ်လည်း ချစ်သတဲ့။ ကြောက်လည်း ကြောက်ကြသတဲ့"

"ဘာဖြစ်လို့ ကြောက်ရသတဲ့တုံးကွာ"

"သြော်…ဒါကတော့ စကားပြောရင် ဟောဟောဒိုင်းဒိုင်းကြီးနေလို့ ဖြစ်မှာပေါ့"

ဤသို့နှင့် ဇနီးသည်မှတစ်ဆင့် ဒေါ်အိုဇာ၏ အကြောင်းကို ထိုနေ့က စ၍ ကြားသိခဲ့ရပါသည်။ နောက်နေ့များတွင်လည်း ကျွန်တော့်ဇနီးသည်ထံ



www.burmeseclassic.com

www.burmeseclassic.com

သို့ လာကာ ပြောသည့်အတိုင်း စပ်စပ်စုစုနှင့် စပါးရော ဖွဲရော ဝိုင်းဝန်းညီညာ လုပ်စရာရှိသမျှ လုပ်နေပါသည်။ ကျွေးလျှင်လည်း ဟန်မလုပ်ဘဲ စားပါသည်။ စားရင်းကပင်…

"အင်း… သားတို့၊ သမီးတို့ အမေအိုကြီးကို ကျွေးနိုင်ပါစေ၊ မွေးနိုင်ပါစေ။ ဆယ်ဆထမ်းပိုး တိုးပါစေ။ သာဓုတော်…သာဓု"

ဟု ပါးစပ်က တဖွဖွ ဆုပေးနေတတ်ပါသည်။

"ဟဲ့… လုံမလေး၊ သမီး" ဟူသော အခေါ်အဝေါ်မှာကား ပါးစပ်ဖျားကလေးတွင်ပင် ဖြစ်ပါသည်။

ဒေါ်အိုဇာ နေ့တိုင်းလိုလို လာနေခြင်းကို ကျွန်တော့်စိတ်တွင် တစ်စုံတစ်ရာမှ အနှောင့်အယှက် မဖြစ်မိ။ ဇနီးသည်အဖို့ အပျင်းပြေ၊ အကူအညီ တိုးတိုးဖော် တစ်ယောက်ရသည်ထက် ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ သူ တစ်ပါးရပ်ရွာတွင် မိန်းမမမှတာ ဖျားရေးနာမှု ကြည့်ရှုစောင့်ရှောက်တတ်သူ တစ်ဦးအနေနှင့် အားကိုးအားထားဖြစ်နိုင်ပါသေးသည် မဟုတ်လော။

◆◆◆

တစ်နေ့တွင်ကား ဒေါ်အိုဇာ၏ သတင်းစကားကို ထူးထူးခြားခြား လာ၍ပြောသူမှာ စပါးပွဲစား ကိုဘိုးဟန် ဆိုသူပင် ဖြစ်ပါသည်။

"စာရေးကြီး… ခင်ဗျားတို့အိမ်ကို ဒေါ်အိုဇာကြီး လာ,လာမနေစေပါနဲ့ဗျာ"

"ဘာဖြစ်လို့လဲ ကိုဘိုးဟန်"

"ဟာ… မလာစေနဲ့ဗျာ၊ မကောင်းဘူး"

"ဘာမကောင်းတာလဲဗျ။ လက်ဆော့တတ်သလား၊ အတင်းပြောတတ်သလား"

"စာရေးကြီးကလည်း တယ်ခက်သကိုး။ သူ့ရုပ်ကြီးကို ကြည့်ပါလား"

ကိုဘိုးဟန်က စကားကို တိုးလိုးတန်းလန်းထား၍ ကျွန်တော့်မျက်နှာကို စေ့စေ့စပ်စပ် ကြည့်နေပါသည်။ သူ့အမူအရာမှာ ဘွင်းဘွင်းဖွင့်ပြောရန် သင့်, မသင့်ဟု ချိန်ဆနေခြင်းနှင့် ကျွန်တော်ကိုယ်တိုင် မရိပ်မိ၊ ရိပ်မိဖို့ အကဲခတ်နေဟန် ရှိပါသည်။

သူ အကဲခတ်နေပုံက ကျွန်တော် ပြောဖူးသော စုန်းမကြီး ဒေါ်အိုဇာကို သတိရလိုက်စေပါသည်။ ထို့ကြောင့် ကျွန်တော်က ပြုံးကာ "ဟဲ…ဟဲ"ဟု ရယ်လိုက်ရင်း…

"ဘာလဲဗျ။ စုန်းမကြီးမို့လို့လား"

ဟု ခပ်ပေါ့ပေါ့ပင် ပြန်မေးလိုက်သည်ကို ကိုဘိုးဟန်မှာကား ပေါ့တီးပေါ့ဆ မျက်နှာထားမျိုး ပြောင်းမလာဘဲ လျှို့ဝှက်မှုတစ်ခုကို သတင်းပေးလာသူကဲ့သို့ အနားပတ်ဝန်းကျင်ကိုပါ လှည့်ကြည့် စုံစမ်းလိုက်သဖြင့်…

"ဟဲဟဲဟဲ…ဒါမျိုးတွေ ခင်ဗျားတို့တောမှာ ရှိနေတုန်းပဲကိုး"

"ဟာ…ရှိပါသော်ကော စာရေးကြီးနယ်"

"မဟုတ်ပါဘူး။ ကျွန်တော်ဆိုလိုတာက ဒီအယူအဆမျိုးတွေကို ပြောတာပါ"

"ဟင်…ဒါဖြင့် စာရေးကြီးက မယုံဘူးပေါ့၊ ဟုတ်လား"

"မယုံတာ၊ ယုံတာ အပထားစမ်းပါဦး။ ခင်ဗျားစကားနဲ့ ခင်ဗျားကို ပြန်မေးစမ်းပါရစေ။ တစ်ရွာလုံးက ပြောနေကြတယ်ဆိုတာ သိလို့ ပြောတာလား။ ထင်ရုံနဲ့ ပြောတာလား"

"တစ်ယောက်က,စ တစ်ရာ ဆိုသလိုပေါ့ဗျာ"

"နို့…ရွာထဲက သူ့ကို ချစ်
သလို၊ ဘယ်အိမ်မှာ ဝင်စားစားဆို
"ဟာ…ဒါက ကြောက်ကြ
ကိုးခင်ဗျ။ ကျွေးရတာပေါ့။ နို့မဟု
ရင်…"

"နေပါဦး…နေပါဦး၊ သူ
လည်း ဘယ်အိမ်ဖြစ်ဖြစ် ဝိုင်းလုပ်
တန်တာ ဝင်လုပ်ပေးတယ်ဆို။ သူ
ဒီလို စေတနာထားတော့…"

"ဒါက သူ လာလုပ်ပေးရင်
ကြည့်နေရတာပေါ့ဗျ။ ဘယ်သူ
ခါးခါးသီးသီးပြောဝံ့တာ မှတ်လို့။
ဦး။ စာရေးကြီးက မယုံလို့ မေးနေ
လား။ ဒီမှာ ကျွန်တော်ပြောမယ်။
ဆိုတာ ချိုမပေါက်ဘူးတဲ့၊ သိရဲ့
ကျွန်တော်က ဒီရွာသား။ ဒါ
ပြောတာ။ ခင်ဗျားတို့က မြို့သား
ဆိုတော့ မတွေ့ဖူးသေးဘူး။ သူ့
မှာ ငွေစကလေး ဘာလေးပြတ်
လေ ရွာထဲက ကလေးတစ်ယော
ယောက် ကောက်ကာငင်ကာ
တာပါပဲဗျာ။ အဲ…ဘယ်ဆရာနဲ့
ဘယ်ဆေးဘယ်ဝါးနဲ့ ကုကု မ
ရေးချ မပျောက်။ ကလေးသာ
အလိမ့်ခံနေရတာပဲ။ အဲသည်အခါ
ပါလိမ့်ဗျာ။ "ဟဲ - ကလေး ဘာ
တာတုန်း၊ ဘာညာ"နဲ့။ အဲသည်
သူ့ကိုသာ "အမေရယ်…ဘာ
ချော့ပြော၊ နောက်ပြီး ပိုက်ဆံက
ဆန်ကလေး နည်းနည်းပါးပါး
ရင် သူက ဆီကလေးမန်း၊
တစ်ချက် နှစ်ချက်လောက်
"ခေါ်စာကလေး ပစ်လိုက်ဟဲ့၊
လိုက်ဟဲ့"နဲ့ ပြန်သွားပါလိမ့်
အဲ… သူလည်း ပြန်သွားပြီး
သလို ရွာချတာတို့၊ ခေါ်စာပစ်
သာ လုပ်လိုက်၊ ဟော…
ချက်ချင်းပျောက်ပါလေရော"

www.burmeseclassic.com

www.burmeseclassic.com



ရွာစွန်ရွာဖျား အလုပ်ရုံးဖွင့်ထားသော စပါးဒိုင်တွင် ဖြစ်သောကြောင့် ကိုဘိုးဟန်က လွတ်လွတ်လပ်လပ် မြန်မြန်ရည်ယှက်ရည်ကြီး ဖောက်သည်ချနေပါတော့သည်။

ကိုဘိုးဟန်အကြောင်း ပြောရချင် လူရိုး စိတ်တိုဖြစ်သည်။ ကျွန်တော့်ကို အတော်ခင်မင်ရင်းစွဲရှိသည်။ အလုပ်အကိုင်ကြိုးစား၍ ဘယ်နေရာဖြစ်ဖြစ် သေသေသပ်သပ်ရှိသည်။ ယခု ကျွန်တော့်အား ဒေါ်အိုဇာအကြောင်းနှင့် ပတ်သက်၍ ပြောနေခြင်းမှာ ဟုတ်တာ, မဟုတ်တာ အပထား ကျွန်တော်တို့အိမ်ထောင်ကလေးအပေါ် ဘေးအန္တရာယ် ကင်းလွတ်စေလိုသည့် စေတနာကိုတော့ ကျွန်တော်ကိုယ်တိုင် အသိအမှတ်ပြုထိုက်ပါပေသည်။ ထို့ကြောင့် ကျွန်တော်က…

"မဟုတ်ဘူးလေဗျာ ကိုဘိုးဟန်။ ခင်ဗျားစေတနာကိုလည်း ကျွန်တော် သိပါတယ်။ ကျွန်တော်တို့က အာဂန္တုဆိုတော့ အစစအရာရာ မဖြစ်တန်တာ မဖြစ်အောင် သတိပေးတာကို ကျေးဇူးလည်း တင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ မြန်မာ့အယူအဆက အချို့နေရာကျတော့ အတော်ခွကျတာလေးတွေ ရှိသေးသဗျ။ စုန်းမပါ၊ ရွာဖြစ်ဆိုတာတို့ ဘာတို့ပေါ့ဗျာ။ ဟုတ်တယ် မဟုတ်လား"

"ဒါ အစစ်ပေါ့ဗျ"

"အဲဒါ တောကြီးမျက်မည်းထဲမှာဆိုရင်တော့ ဟုတ်ချင် ဟုတ်မှာပေါ့"

"ဩော်… စာရေးကြီးနယ်၊ ခေတ်တွင်း နစ်နေပြန်ပါပြီ။ ဒီမှာ နောက်ဆုံး ကျွန်တော် တစ်ခုပြောမယ်။ စာရေးကြီးတို့ ဒီရွာမရောက်ခင် တစ်လလောက်က အဖြစ်တစ်ခုကိုပဲ ပြောဦးမယ်။ ကျုပ်သူငယ်ချင်း သာအေးဆိုတာ အခု ဘုံဆိုင်နားမှာတင် ရှိတယ်။ တစ်နေ့တော့ သူ့ကလေး ဒီလိုပဲ ဖြစ်ကရော။ ဖြစ်တယ်ဆို ဒေါ်အိုဇာ လာတာပဲ။ ထုံးစံအတိုင်း ခေါ်စာပစ်ဖို့ ပြောတာပါပဲဗျာ။ သာအေးက မိုက်တိမိုက်ကန်းအကောင်ကလား။ ကျုပ်ကို လာပြောတာပဲ။ သူငယ်ချင်းရေတဲ့၊ ဒေါ်အိုဇာကြီးကတော့ ငါ့ကို ခေါ်စာပစ်ဖို့ လာပြောပဟေ့။ ဒီတစ်ခါတော့ မှတ်လောက်သားလောက် ရှိအောင် လုပ်လိုက်မကွယ့်တဲ့။ သူက ဘာကြံထားသလဲဆို ခေါ်စာပစ်တုန်း လာစားတဲ့ ခွေးကို စောင့်ရိုက်မပေါ့လေ။ ကျွန်တော်ကလည်း အဲသည်တုန်းက မြှောက်ပေးလိုက်တာပဲ"

"လာစားတဲ့ခွေး ရိုက်တော့ ဘာဖြစ်မလဲ"

"အဲသည်ခွေးသေရင် အမယ်ကြီးသေမှာပေါ့ဗျာ။ စုန်းဆိုတာ ခွေးကို မှီပြီး စားရတာကိုး"

"နို့…အမယ်ကြီးက ခုထက်ထိ မသေပါကလား"

"နေဦးလေ၊ ကျုပ်ပြောပါဦးမယ်။ ဆုံးအောင် နားထောင်ပါဦး။ ဒါနဲ့ တစ်ညကျတော့ ခေါ်စာပစ်ကရောဗျို့။ အမယ်ကြီးကိုလည်း ပစ်မယ့်အကြောင်း သွားပြောလိုက်သေးတယ်။ ည လူခြေတိတ် ၁၀နာရီကျော်ကျော်မှာ ပစ်ကရော။ လာတာပဲဗျို့။ အဲဒါ သာအေးက ချောင်းရိုက်လိုက်တာ ရိုက်တုန်းကတော့ အသေရိုက်တာပဲတဲ့။ ဒါပေမယ့် ကမြင်းမသားကလည်း တကယ်ကျတော့လည်း ခပ်ကြောက်ကြောက်ထင်ပါရဲ့ ခေါင်းရိုက်တာ ခါးသာ ပွတ်ထိသွားလို့ လွတ်ပြေးတာပေါ့။ အဲဒါတောင် အမယ်ကြီးမှာ ဘယ်လောက်ခံလိုက်ရသလဲ သိလား၊ မနက်မိုးလင်းတော့ အိပ်ရာထဲက မထနိုင်တော့ဘူးဗျို့။ သူ့သွားမေးတော့ အိမ်ပေါ် ချော်လဲတာ ခါးပန်းနဲ့ ဆောင့်မိလို့တဲ့။ ကဲ - အဲဒါသာ ကြည့်တော့။ ဒါပေမယ့် သာအေး မိုက်တာ ကလေးမှာ သွားထိရှာတာပါပဲ"

"ဘာဖြစ်လို့လဲဗျာ"

"ဟာ…သူရိုက်တာ သာအေးမှန်း သိတော့ ကလေးကို ပြုစားလိုက်တာ သေရှာပါရောလား။ သာအေးလည်း ဒီတော့မှ ယူကျုံးမရ ကျိတ်ဖြစ်ရရှာတယ်"

ကျွန်တော့်မှာတော့ လူတစ်ဦးတစ်ယောက်၏ ယူဆချက်သည် သူ့အကြောင်းတရား ယုတ္တိယုတ္တာနှင့် အတော်စိတ်ကူးယဉ်၍ကောင်းကြောင်း စဉ်းစားမိပါသည်။ စိတ်ကူးယဉ်ရာက ကွင်းဆက်ကလေးတွေ ပေါ်ကာ ယုံကြည်မှု ပြင်းပြလာတတ်ပါသည်။

"ကျုပ်ကတော့ဗျာ၊ ဘာပြောပြော ကျုပ်အိမ်က ကလေးဖြစ်ဖြစ်၊ လူကြီးဖြစ်ဖြစ် ပယောဂများသာ ဖြစ်ရင်





www.burmeseclassic.com

သာအေးလို ခွေးကို မရိုက်ဘူး၊ လူကိုယ်တိုင်ကို တက်သတ်မှာပဲ။ ဟင်း"

ကိုဘိုးဟန်က ကြိမ်းဝါးလိုက်ပါသည်။

"နေပါဦးဗျာ၊ ခင်ဗျားကလည်း ဒေါသကြီးပဲ"

"အင်း…စာရေးကြီးက ပေါ့တီးပေါ့ဆပြောနေ၊ အခု သူ့ကို ကျွေးမွေးပေးကမ်းနေတုန်းဆို ကိစ္စမရှိဘူး။ သူနဲ့ သဟဇာတ မဖြစ်တဲ့အခါကျတော့ သိလိမ့်မယ်"

ကိုဘိုးဟန်ကား လိပ်ခဲတည်းလည်းရှိလှချေ၏။

•••

ဤစကားနှင့် ပတ်သက်၍ ဇနီးသည်အား ဘာတစ်ခွန်းမှ ကျွန်တော် ပြန်မပြောခဲ့။ မိန်းမသည် ယုံကြည်လွယ်လှသည်။ စနိုးစနောင်ဖြစ်တတ်သည်။ ဒါနှင့်ပင် ဥပါဒါန်ကြောင့် ဥပါဒ်ရောက်တတ်သည်။ တောစကား တောပျောက် ဖျောက်ပစ်လိုက်ရသည်။

ဒေါ်အိုဇာကတော့ နေ့တိုင်းလိုပင် အိမ်ကို ဝင်ထွက်သွားလာလျက်ပင်။ ခင်ကလည်း ဆွေမျိုးအရင်းအချာလို အားကိုးအားထားပြုလျက်ပင်။ တစ်ခါတစ်ရံများ အနိုပ်အနင်းခံနေချေသေး၏။ ဒေါ်အိုဇာကို မြင်တိုင်း ကိုဘိုးဟန်၏ စကားများကို သတိသွား၍ရကာ ပြုံးမိသည့်အခါ ပြုံးမိသည်။ ပြုံးခြင်း၏ အဓိပ္ပာယ်ကို ခင်က မေးသော်လည်း လီးလွှဲ၍သာ ဘဲဥအစပျောက် လုပ်ခဲ့ရပါသည်။

နောက်များမကြာမီ ဆိုသလိုပင်၊ ကိုစိန်အုပ်ဆိုသူ ပန်းတိမ်ဆရာက ဒေါ်အိုဇာအကြောင်း စကားစပ်မိ၍ ပြောသည်။ သူ့စကားများမှာ ကိုဘိုးဟန်လို အကျယ်မဟုတ်သော်လည်း လိုရင်းကတော့ ဒေါ်အိုဇာသည် စုန်းမကြီးဖြစ်သည်ဟူသော အကြောင်းပင်။

နောက်တစ်ခါ ဒေါ်မင်းပုံ ဆိုသူ ကုလီခေါင်းမကြီးက ပြောလာပြန်သည်။

"စာရေးကြီး … စာရေးကြီး ကတော်ကို ပြောထားပါ။ ဒေါ်အိုဇာကို လက်မခံပါစေနဲ့။ စိတ်ပေါင်း ကိုယ်ခွာနေတာ ကောင်းတယ်နော်။ ကျွန်မတို့ ရွာရဲ့ မကောင်းသတင်းကို ပြောလည်း မပြောချင်ဘူး။ ရှက်လည်း ရှက်ပါရဲ့"

ကျွန်တော့်ကို ခင်မင်ကြသော ပုဂ္ဂိုလ်တွေမှာ တစ်နေ့တခြား ဒေါ်အိုဇာအကြောင်းသာ စပ်၍စပ်၍ပြောလာကြသည်။

ကျွန်တော်ကိုယ်တိုင် စုန်း၊ နတ်၊ တစ္ဆေကို မယုံ။ သို့သော် ကျွန်တော်တို့အတွက် သောကရောက်နေကြသော လူတွေကို အားနာလာမိသည်။ ထို့ကြောင့် ဒေါ်အိုဇာကို မျက်မှန်းကျိုးချင်လာသည်။ ကျွန်တော့်မိန်းမကို ဝိုင်းကူညီလုပ်ပေးနေရာက အိမ်တွင်းရေးတွင် စွက်ဖက် တွင်ကျယ်လာပုံတွေကို ဂရုပြုမိလာသည်။ အရာရာ၌ ဩဇာပေးချင်လာသည်။ နောက်ဆုံး ကြိမ်းချင် မောင်းချင်၊ မြည်တွန်တောက်တီးလာချင်သည်။

"ဟေ့…မောင်ဘသန်းရဲ့ မင်းတို့အိမ် ငါကြည့်နေတယ်၊ အုန်းလည်း မဆွဲပါဘဲကလား"

တစ်ညနေ ကျွန်တော် စောစောအလုပ်က ပြန်လာချိန် တစ်အောင့်တစ်နား နားနေစဉ် မီးဖိုချောင်မှ တက်လာသော ဒေါ်အိုဇာက ကျွန်တော့်ကို ပိုင်စိုးပိုင်နင်း အပြစ်တင်သံနှင့် ပြောပါသည်။

ကျွန်တော့်မိန်းမက သူ့နောက်မှ ကပ်ပါလာကာ "ဟုတ်သားပဲ မောင်ရဲ့" ဟု သံယောင်လိုက်လာပါသည်။ သူ ဒီလိုပြောလိုက်ခြင်းပင် ကျွန်တော့် ထဲ ထောင်းခနဲဖြစ်မိသည်။

တစ်နေ့တွင်ပင် ခင်က ကျွန်တော့်အား အန္တရာယ်ကင်း ဦးရှင် တင်ရန် ပြောဖူးပါသေးသည်။ ခင် ခေတ်ပညာတတ် အမျိုးသမီးဖြစ်သ ဒါမျိုးတွေကို သူကိုယ်တိုင် အ အမှတ်မဲ့ နေခဲ့သည်။ ယခုတော့ ဒေ ဇာထံမှ နာနာဘာဝတွေ ကူးစက် ဟန် ရှိသည်။ တစ်နေ့က ခင်ပြော က…

"ခင်…ဒါတွေ ယုံကြည်လာ လားကွ။ ဘယ့်နှယ့်လဲ"

ဟု ကျွန်တော်က ပြန်အမေ

"အို…ယုံတာ၊ မယုံတာ အ ထားပေါ့ မောင်ရယ်။ ဒါလေးတွေ ရလို့ ဘယ်လောက်ကုန်သွားမှာ ဥပါဒ်ကင်းကင်း၊ ဘေးရန်ရှင်းရှင် သွားရတော့ ကောင်းတာပေါ့။ အ ကြီးကလည်း လုပ်မှ ကောင်းသ သူပြောတာပဲ။ သူတို့က လူကြီး မဟုတ်လား မောင်"

ထိုစကားကို သွား၍ အမှ လိုက်သည်။ အခုလည်း နတ်အုန်း ဆွဲရဦးမလို ပြောလာပြန်သည်။ စ သောက်တာကို ကျွန်တော် သ ညည်းခံနိုင်သည်။ ခင့်ကို စိတ် ပျော့နွဲ့၍ ဖျောင်းနောင့်…ဂိ ဇာတ်သွင်းပေးနေတာတော့ ကျွန် ဒေါသဖြစ်သည်။ ထို့ကြောင့်လည်း ကို စုန်းမကြီးဟု ခေါ်ဟန်တူသည်

"နတ်အုန်းသီး မဆွဲတော့ ဘာ ဖြစ်မှာမို့လဲဗျ ဒေါ်အိုဇာ"

"မဆွဲတော့ အိမ်စောင့်နတ် ဘူးပေါ့ကွယ်။ မရှိတော့ အပ၊ ပ တွေ ဝင်နိုင်တာပေါ့"

ဟု ကျွန်တော် အ



www.burmeseclassic.com

www.burmeseclassic.com

န်းသိ၍ ခပ်ဆတ်ဆတ် ပြန်ဖြေပါ
သည်။

"နတ်အုန်းသီးဆွဲတော့ရော ယ်က နတ်က လာနေမှာလဲ"

"အိမ်တွင်းဖခင်ကြီးလေ"

"အိမ်တွင်းဖခင်ကြီး ဆိုတာ ယ်သူလဲ ပြောစမ်းပါဦး၊ ရှင်းရှင်း"

"အို… မင်းတို့ ကာလသမီး၊ လသားတွေ သိရက်နဲ့ ခွမေးနေ ပါကွာ"

"မဟုတ်ပါဘူး ဒေါ်အိုဇာရဲ့ ပြော ပါဦး"

"မင်းမဟာဂီရိ၊ မင်းမဟာဂီရိ င့်တင့်တယ် ဆိုတာ မကြားဖူးဘူး"

"ဒါဖြင့် သူ မသေခင်ကတော့ အိမ်တွေမှာ နတ် မရှိခဲ့ဘူးလား"

"ဟေ့…ဟေ့…မင်းတို့ဘာသာ ချင်လုပ်၊ မလုပ်ချင် နေ။ ငါ့ကို တော့ ခွမေးနဲ့။ ငါက မင်းတို့ကို င်းစေချင်လို့ ပြောတာ။ နောက် က်ရင် မပြောရုံပေါ့။ အိုဇာတို့က ပ လေညာက။ ကဲ - ခင်ခင်၊ ယ်။ ညည်းယောက်ျားက စကား လို့ မကောင်းဘူး"

အမယ်ကြီး ဒေါ်ပွ၍ ဆတ်ခနဲ သွားရာ ဇနီးကတော့ အတော် အားနာဖြစ်သွားဟန် ရှိပါသည်။ တော့်ကို အပြစ်တင်၍ မဆုံး။

ထိုနေ့က စ၍ အမယ်ကြီး တော့။ စိတ်ကောက်သွားဟန် သည်။

"သနားပါတယ် မောင်ရယ်၊ ကြီး"

"ဟာ… မလာ၊ နေပေ့စေကွာ။ တတ် လေးဆယ်နိုင်လုတဲ့ ကြီး"

•••

ထိုအကြောင်းနှင့် ပတ်သက်၍ တစ်နေ့တွင် ကိုဘိုးဟန်အား စကားစပ်မိသည့်အလျောက် ပြောဖြစ်သွားရာ ကိုဘိုးဟန်က အထိတ်တလန့်နှင့်…

"ဟောဗျာ… စာရေးကြီးက တော့ လုပ်ပြီ"

"နို့…ခင်ဗျားတို့ပြောတာ အိမ် မလာရင် ကောင်းတယ်ဆို"

"မဟုတ်ဘူးလေ။ သစ်စိမ်းချိုးကြီး ချိုးလိုက်တော့လည်း ဘယ်ကောင်းမလဲ၊ တော်တော်ကြာ…"

ကိုဘိုးဟန်က မဦးမချွတ်စကား မပြောချင်သကဲ့သို့ ခပ်ဆိုင်းဆိုင်းဖြစ်အသွားတွင်…

"ဟားဟားဟား… ဒေါ်အိုဇာကြီးက ပြုစားမှာမို့လား၊ ဟားဟားဟား…"

"သြော်… စာရေးကြီးနယ်၊ အပြောရခက်ပါဘိနော်"

ကိုဘိုးဟန်နှင့် ပြောပြီး၍ သုံးရက်မျှသာ ကြာပါသေးသည်။ တစ်နေ့သော နံနက်ခင်းတွင် ကျွန်တော်တို့ စပါးဒိုင်အား ကမန်းကတန်း အပြေးလာခေါ်သူမှာ အိမ်နီးချင်း မရွှေပွင့်ဆိုသူ ဖြစ်ပါသည်။

"စာရေးကြီး မြန်မြန်လာပါ။ စာရေးကြီးကတော် မူးရာက တက်သွားလို့"

"ဟင်…"

ဟု နှုတ်မှ ယောင်အော်လိုက်ပြီး ကျွန်တော့်မျက်နှာကို ကွက်ခနဲ ကြည့်လိုက်သူမှာ ကျွန်တော့်အနားမှ ကိုဘိုးဟန်ဖြစ်ပါသည်။

ကျွန်တော့်အဖို့မှာတော့ ဘာကိုမှ မဥပါဒ်အား။ အပြေးသွားကာ အိမ်သို့ လိုက်ခဲ့ရပါသည်။ လမ်းတွင် မရွှေပွင့်က တတွတ်တွတ်ပြောလာသော စကားများမှာ ကျွန်တော် အလုပ်သို့ ထွက်သွားပြီးနောက် မကြာမြင့်မီ ခင် ခေါင်းလျှော်သည်ကို တွေ့ရကြောင်း၊ ခေါင်းလျှော်ပြီးလျှင်ပင် မရွှေပွင့်အား လှမ်း၍ခေါ်ကြောင်း၊ ခေါင်းထဲတွင် မူးကာ ရင်ထဲတွင် တလှပ်လှပ်ဖြစ်လာကြောင်း၊ မရွှေပွင့်က တတ်သမျှ မှတ်သမျှ သွေးဆေးတို့နှင့် ပြုစု ကုမကာ နှိပ်ပေးစဉ်အတွင်းပင် ဇက်ကြီးကျိုးကာ တခစ်ခစ်နှင့် တက်သွားတော့ကြောင်း၊ ယခု အိမ်နီးနားချင်းများ ဝိုင်းအုံ ကုမ၍ ကျန်ရစ်ခဲ့ကြကြောင်းများ ဖြစ်လေသည်။

ကျွန်တော်ရောက်သွားသောအခါ၌ ကံအားလျော်စွာ အတက်ကျ၍ သတိရနေပေပြီ။

"ဘယ့်နယ်…ဘယ့်နယ်ကွာ၊ ဘယ်လိုဖြစ်သွားတာလဲ"

"မသိဘူး မောင်။ နာခေါင်းထဲ စိမ်းရွှေရွှေအနံ့ နံ့လာပြီး ခေါင်းထဲ မူးလာတာပဲ။ နောက်တော့ ရင်ထဲက တလှပ်လှပ်နဲ့ ဝမ်းနည်းသလိုလို ငိုချင်သလိုလိုဖြစ်လာပြီး သတိမေ့သွားတာပဲ"

ဟု လူခပ်ခွေခွေ၊ လေခပ်ပျော့ပျော့နှင့် ပြန်ပြောပါသည်။ သူ့အနားတွင် ရှိသော အိမ်နီးချင်း မိန်းမကြီးငယ် အချို့တို့ကတော့ အဓိပ္ပာယ်ပါဝင်သော မျက်ရိပ်မျက်ကဲများ တစ်ယောက်ကို တစ်ယောက် အလဲအလှယ်ပြုနေကြပါပြီ။ ပူးကပ်နေသူ အချို့ကတော့ တစ်ယောက်ကို တစ်ယောက် လက်ကုတ်ကာ ရှုံ့မဲ့မဲ့ ထင်မြင်ချက် ပြုကြသည်။

"မောင်…သွားချင် သွားတော့လေ။ ခင် သက်သာပါပြီ"

"အို…တော်တော်ကြာမှ သွားတော့မယ်ကွာ။ အလုပ်သိပ်မရှိပါဘူး"

အိမ်နီးပါးချင်းမှအစ မိတ်သင်္ဂဟတို့ ပတ်ဝန်းကျင်မှာ ခင် နေမကောင်း


www.burmeseclassic.com

www.burmeseclassic.com

လို့ ခင် တက်လိုဟူသော သတင်းမှာ ရွာကလေးငယ်သလောက် တစ်ခဏချင်း ပျံ့နှံ့သွားပုံရပါသည်။ တစ်ဦးဝင် တစ်ဦးထွက်၊ တစ်ဦးတက် တစ်ဦးဆင်း ရင်းနှီးခင်မင်စွာ အမေးအမြန်း အကြည့်အရှုလာကြပါသည်။ ဤကား တောရွာကလေးများ၏ အရသာပင် ဖြစ်သည်။

ထိုအတောအတွင်း ဒေါ်အိုဇာကို သွား၍ သတိရလိုက်သည်။ သူ ပေါ်ပေါက်၍ မလာတော့။ ရွာကလေး ဆီမီးခွက်လောက်မှာ အိမ်ချင်းကလည်း သိပ်မဝေးလှသဖြင့် မကြား မသိဟု မဆိုနိုင်။ သိလျက်နှင့် မလာခြင်းမှာ စိတ်အနာ၊ စိတ်အကောက် လွန်နေခြင်းလော။ သို့မဟုတ် ကိုဘိုးဟန်တို့ ဝါဒအရ သူ့ယောဂပင် ဖြစ်နေခြင်းကြောင့်လော။

ကျွန်တော် မရုက်မကြောက် ဝန်ခံရပါတော့မည်။

စုန်း၊ နတ်၊ တစ္ဆေ ကဝေ၊ မိစ္ဆာဆိုသည်တို့ကို အလျှဉ်း လက်မခံခဲ့သော ကျွန်တော့်စိတ်ဝယ် စနိုးစနောင့် အနည်းငယ် ဖြစ်လိုက်မိပါပြီ။ ယခု မဖြစ်စလောက်ကလေး လုပ်လိုက်ခြင်း သူ့ပညာဂုဏ်ကို ပြလိုက်ခြင်းပေလော။ ကျွန်တော် ဘုပြောလိုက်၍ ထသွားခဲ့သော သူ့မျက်နှာထားကြီးမှာ "နေသေးသပ၊ ချိုထဲက မကြာခင် အကြောင်းပြလိုက်မဟော့နော်"ဟု အတွင်းစိတ်နှင့် ကျိတ်၍ ကြိမ်းသွားသလို ထင်လိုက်မိသည်။ မြင်ယောင်လိုက်မိသည်။

သို့သော် တဖြည်းဖြည်းနှင့် ခင် သက်သာလာ၍ စိတ်ချလောက်သော အခါ ကျွန်တော့်အလုပ်ရှိရာသို့ ပြန်ခဲ့သည်။ အလုပ်သို့ ရောက်လျှင် ရောက်ချင်း ကိုဘိုးဖာန်က အရေးတကြီး ဆီး၍ မေးသည်။ ကျွန်တော်က သက်သာပါပြီဟု ပြောသော်လည်း သူကတော့ ဒေါ်အိုဇာအကြောင်းသာ ဆက်၍ သတိပေးမြဲ ပေးသည်။ သူ သတိပေးလေ ကျွန်တော့်စိတ်မှာ ထင့်ရလေ ဖြစ်ရပြန်ပါသည်။

ညနေပိုင်း စောစောအလုပ်ဆင်း၍ အိမ်ပြန်ခဲ့သည်။ ခင်ရှိရာ အိပ်ခန်းသို့ လှမ်းကြည့်လိုက်သည်နှင့် မိန်းမတစ်ယောက်က ခင့်အား တိုးတိုးတိတ်တိတ် ကျိတ်ပြောနေသည့်ဟန်ကို တွေ့လိုက်ရသည်။ ကျွန်တော် ဝင်သွားသောအခါ ထိုမိန်းမက အလန့်တကြား သူ့စကားကို ဖွတ်ဖြတ်ပစ်လိုက်သည်။ ခင် မျက်နှာပျက်၍ အထိတ်တလန့် ဖြစ်နေပုံကို အကဲခတ်လိုက်ရခြင်း ကြောင့် သူတို့၏ ပြောလက်စ စကားမှာ တခြားဟာ မဟုတ်။ ဒေါ်အိုဇာ အ[illegible]ဟု ကျွန်တော် တစ်ထစ်ချ စွဲ[illegible]ပါသည်။

"မောင်···မောင်···ဒေါ်အိုဇာကြီးဟာ···"

"အို···စာရေးကတော်ကလဲ"

ခင်က ကျွန်တော့်ကို ဖွင့်ပြောလိုက်မည်အပြု ထိုမိန်းမက ကြောက်ကြောက်လန့်လန့်နှင့် ပိတ်ပင်လိုက်ပါသည်။ သူ့အမူအရာမှာ ဂနာမငြိမ်အောင် ရှိလှသည်။ ထို့နောက် ချက်ချင်းပင် နှုတ်ဆက်၍ ထ,ထွက်သွားပါတော့သည်။ သူမှာ ဒေါ်အိုဇာအကြောင်း မပြောချင်၍လား မသိ။ ခင်ကလည်း ထိုမိန်းမ ထွက်သွားပြီးသည်အထိ နက်နက်နဲနဲ စဉ်းစားနေဟန် ရှိသည်။

"မောင်"

ခင်က တုန်လှုပ်စွာ စကားဆက်မည် ပြုသောကြောင့် သူ့အနား သွားထိုင်လျှင်···

"ဖွဟဲ့·· ဒူမပြော[illegible] ပေါ်မပြောနဲ့။ ဒေါ်အိုဇာကြီးက စုန်းမကြီးတဲ့။ တစ်ရွာလုံး သိသတဲ့။ ဒါကို ခင်တို့က လက်ခံထားတာ သူတို့ အံ့သြနေ[...] တယ်။ နောက်ပြီး ဒီနေ့ ခင်ဖြစ်[...] ရိုးရိုးတန်းတန်း မဟုတ်ဘူးတဲ့။ ဒေါ်[...] ပွင့်က နည်းနည်းပါးပါး နားလည်တ[...] ခု သူ မလာတာ ကြည့်ပါလား။ [...] တစ်နေ့က မောင် သူ့ကို ထော်[...] ကန့်လန့်ပြောလိုက်တာ သိပ်မှားတာ[...] မောင့်ကို ပြောကြတာ မောင်က မ[...] ဘူးဆို။ မောင်က သိပ်တစ်ယူသန်[...] တာပဲကွယ်။ ဒါမျိုးတွေဟာ ရွာတိုင်[...] ရှိတယ်။ ဘာမှတ်လဲ"

"သူများပြောတိုင်း ဟုတ်[...] ဟုတ်မှပါကွာ၊ ခင်ကလဲ···"

အမှန်စင်စစ် ကျွန်တော်[...] တိုင် သံသယရှိလာစေကာမူ၊ ခ[...] တော့ ဤသို့ ဖျောင်းဖျရပေမည်။ [...] ဥပါဒါန်ကို ဖျောက်ဖျက်ပစ်ရမည်။ [...] ကုက္ကုစ္စကို ဖြေရှင်းပေးရမည်။

"မောင်ကလည်း ခုထ[...] လုပ်တုန်းပဲ။ မောင်ပြောတာ မ[...] သေးလားဟင်။ ကာတွန်းထဲက [...] ကြီး ဒေါ်အိုဇာနဲ့ တူတယ် ဆိုတာ[...] ဟုတ်တယ် မောင်၊ ဟုတ်[...] သတိထားကြည့်တော့ တကယ့်[...] တာပဲ။ မောင် အကဲခတ် မ[...] ဟော·· အိမ်ရှေ့က ခြေသံကြား[...] သူများလား မသိဘူး"

ဟု အထိတ်တလန့် စ[...] တုန်လှုပ်စွာ ရပ်ပစ်လိုက်[...] ကြောင့်···

"ဟာ···ခင်ကလဲကွာ"

ဟု အပြစ်တင်၍ ထွက်[...] လိုက်မှာ ကျွန်တော်ပါ အံ့သြ[...] သည်။ ကုပ်ကုပ်···ကုပ်ကုပ်[...] သုတ်သုတ်ဆင်းသွားသော ဒေါ်[...] ဘယ်အချိန်က တက်လာ၍ [...] သဘောနှင့် အသံမပြုလေသ[...]

"မောင်···ဟုတ်[...]



www.burmeseclassic.com

www.burmeseclassic.com

လားဟင်…ဟင်"

ခင်က ကျွန်တော့်မျက်နှာရိပ်ကို မ်းကာ မေးလိုက်သည်။

"ဟယ်…မဟုတ်ပါဘူး ခင်က ထဲ"

"နို…ဘယ်သူလဲ"

"ဟင်…မောင်လိမ်တာ။ ဒါဖြင့် ခင် ထ,ကြည့်မယ်"

ပြောပြောဆိုဆို အိပ်ရာထဲမှ အမန်းကတန်း ထ၍ ကြည့်မည်ပြု သောကြောင့် ဤတွင်မှ အရေးမကြီး သလို ရယ်သွမ်းသွေးပြလိုက်ရရင်း…

"ဟုတ်ပါတယ်။ မင့်အမယ်ကြီး ဒီတွေ့လို့ လန့်ပြီး ပြန်ဆင်းသွားတာ ပါ"

"ဟောတော်၊ ဒါဖြင့် ခင်တို့ ပြောနေတာတွေ ကြားသွားတော့မှာပဲ။ ဘဲ - အဲဒါမှ ဒုက္ခ။ ဘယ့်နှယ်လုပ် လဲဟင်။ ခင်တော့ ကြောက်လာပြီ"

"ဘာလို့ကြောက်ရမှာလဲကွ။ ခင်ကလည်း တောက်တီးတောက်တဲ့"

"ဟာ…မောင်ကလည်း တစ် ဘက်ထိုးကြီးပဲကိုး။ စုန်းမကြီး မောင်ရဲ့ န်းမကြီး"

"ခင်ကလည်း ခေတ်ပညာတတ် တစ်ယောက်ဖြစ်ရဲ့သားနဲ့ကွာ"

"ဟာ…ခင်တော့ ကြောက် တယ်။ ဘာပြောပြော ဒီရွာတောင် နေ့ဝံ့တော့ဘူး"

မိန်းမတို့၏ သဘာဝသည် ခတ်မိမိ, မမိမိ၊ ပညာတတ်တတ်, တတ်တတ်၊ တကယ်တမ်းကျလျှင် န်ဆောင်၍ မရ။ ယေဘုယျချည်း ာ ဖြစ်ကြောင်း ကျွန်တော် သဘော ပေါက်လိုက်သည်။ ချစ်ချင်လျှင် ချက် ချင်း မုန်းချင်လျှင် ချက်ချင်း။ စေတနာ ချင်လျှင် သူတို့၊ မသဒ္ဓါချင်လျှင် ည်း သူတို့။ စော်ကားချင်လည်း မယ်မင်းကြီးမ၊ ဝန်ချလိုလျှင်လည်း မယ်မင်းကြီးမ၊ သူများပြောလျှင် ဆော လျင်စွာ ယုံတတ်ကြသည်မှာလည်း မိန်းမ၊ ယထာဘူတ ဘာကလေးမှ ကွက်၍ မစဉ်းစား။ ဒါတွေကြောင့် တချို့ယောက်ျားတွေ မိန်းမအလိုလိုက် ၍ နတ်ယုံ၊ ဗေဒင်ယုံ၊ ဓာတ်ရိုက်သော ဘုန်းကြီးကို ယုံ၊ အဖုံဖုံလိုက်၍ ရှုးကြ ရသည်။

"ခုနေ လိုက်ပြီး တောင်းပန်ရရင် မကောင်းဘူးလားဟင်။ တောင်းပန်ပေး ပါ မောင်ရယ်။ တော်တော်ကြာ…၊ အို…ခင်တော့ သိပ်စိတ်ညစ်တာပဲ။ မောင်ကလည်း အေးစက်စက်ကြီး"

မျောက် မီးခဲကိုင်မိသလို၊ နေမထိ ထိုင်မထိ ခင်က ဖြစ်နေ သလောက် ကျွန်တော်ကတော့ စဉ်းစား နေမိသည်။ အခုနေ အမယ်ကြီး အရိပ်အခြေကို လိုက်၍ ကြည့်ရ ကောင်းမလား၊ ဒါမှ သိသိသာသာ သစ်တုံးနှင့် မိကျောင်း ကောင်းကောင်း ကြီး ခွဲခြားနိုင်မည်။

ခင့်အနားက ကျွန်တော် အထ လိုက်တွင် ခင်က ပူဆာလိုက်သေး သည်။

"မြန်မြန်ပြန်ခဲ့နော်။ ခင် တစ် ယောက်တည်း ကြောက်တယ်"

ဒေါ်အိုဇာတို့ တဲကလေးမှာ ရှာ နောက်ဖေးတန်းတွင် အတော်ကလေး ခနော်နီ ခနော်နဲ့နိုင်လှသည်။ နိမ့်လျှိုး သော တံစက်မြိတ်က တဲတွင်းကို အလေးပြုပြီးမှ ဝင်ရအောင် ရှိသည်။ အမိုးနှင့် အကာမှာ ဟောင်းနွမ်းပေါက် ပြဲနေသော ဓနိဟောင်းများသာ ဖြစ် သည်။ ဆင်းရဲလှသော သူတို့၏ ပရိ ယေသနကို တဲမြင်ရုံနှင့် သိနိုင်သည်။ ဤတဲသို့ ကျွန်တော် တစ်ခါမှ မရောက် ခဲ့ဘူး။ ယခုလည်း လာသာ လာရသည်၊ ဘာကိစ္စကို ရမယ်ရှာရမည် မသိ။

တဲနားရောက်လျှင် ကျိတ်၍ ငိုလိုက်သံတစ်ချက်သည် ကျွန်တော့် ခြေလှမ်းကို တုံ့ဆိုင်းသွားစေသည်။ ထို့ ကြောင့် ခဏလေး ရပ်မိသည့်အတွင်း ဆက်၍ ရှိုက်သံများ ကြားရပြန်သည်။

"ငိုမနေနဲ့ မိအို။ နေရာတကာ စပ်စပ်…စပ်စပ်လုပ်တာ အပြောခံရ တာတောင် နည်းသေး။ ထွီ…"

ဟု စိတ်လိုက်မာန်ပါ တံတွေးကို ပစ်ပစ်ခါခါ ထွေးလိုက်သော အဘိုးကြီး ၏ အသံများမှာ ရှိုက်သံကြားက ခပ် အုပ်အုပ်ကလေး ပေါ်လာပြန်သည်။

"မနေတတ် မထိုင်တတ်လို့ တစ်ရွာလုံးက စုန်းမ…စုန်းမနဲ့ ပြော ကြလှပြီ။ ဒါနဲ့လည်း အမှတ်မရှိဘူး။ သွားလိုက်ရတာ၊ လုပ်လိုက်ရတာ အိမ်ပစ်ရာပစ်။ နောက်ပြီးတော့လည်း အခုမှ တွေ့ရတဲ့ သူစိမ်း။ ကိုယ့်သား သမီးကျနေတာပဲ ဩဇာပေးလိုက်ရ တာကလဲ"

"ဒါတော့တော်၊ ကျုပ်က ဘယ် သူ့ပေါင်းပေါင်း သွေးရင်းသားရင်းမှတ် တာကိုး။ နောက်ပြီး ကလေးမကလေး က လုံချည်အဟောင်းပေး၊ ပိုက်ဆံပေး၊ ဆန်မရှိ ဆန်ပေး ပေးနေတယ်မဟုတ် လား။ ကိုယ့်လုပ်စာနဲ့ အိမ်မှာ လောက် လို့တဲ့လား။ သူများပေးစာကမ်းစာ စားနေရတာကိုး"

"အေးလေ၊ ပေးတယ် ထား ပါဦး။ သွားတာ လာတာက တန်ရုံ ကောင်းတယ်။ မရှိ နိုးနိုးနိုး၊ မလှ စုန်း နိုးနိုးဆို သမုတ်လား။ ဘယ်သူ့ဖြစ်ဖြစ် ပေါင်းလိုက်ရင် ဖက်လှဲဘနမ်း။ သူများ အိမ်က ကလေး အင့်ခနဲ ငိုသံကြား လည်း သွားပြီ။ မခေါ်ဘဲလည်း မသွား နဲ့တဲ့။ ခုတော့ ဟုတ်ပေါင်"

"ဒါကတော့ ကျုပ်စေတနာတ



www.burmeseclassic.com

www.burmeseclassic.com

တော့်။ နေမှ မနေတတ်ဘဲ"

"မနေတတ်လို့ တစ်ရွာလုံးက သမုတ်ကြတာပေါ့"

"ဟုတ်ပါတယ်တော်၊ ဟုတ်ပါတယ်။ ကျုပ်စေတနာတွေ ဝေဒနာဖြစ်ရတာပါပဲ။ ကျုပ်ကံကိုက ဆိုးပါတယ်၊ ဆိုးပါတယ်"

ဒေါ်အိုဇာ၏ အသံမှာ ဝမ်းနည်းကြေကွဲစွာ ငိုရှိုက်ရင်း အဆုံးသတ်လိုက်သည်။ ကျွန်တော့်မှာ အဘိုးကြီး၊ အမယ်ကြီး ပြောစကား အရင်းအဖျား ကို စဉ်းစားလိုက်မိသည်နှင့် တစ်ပြိုင်နက် ဝိတက် ဝိစာရတွေ လွင့်ပျောက်ကုန်ရပါသည်။ ထို့ကြောင့် တဲတွင်းသို့ ခေါင်းလျှိုဝင်လိုက်လျှင်ပင် နှစ်ယောက်စလုံး အံ့အားသင့်သွားကြပါသည်။

"ဟင်···စာရေးကြီး"

"ဟုတ်ကဲ့၊ ကျွန်တော့်မိန်းမ နေမကောင်းလို့···"

"မောင်က ကျုပ်ပြုစားတယ် ထင်လို့လား"

"ဟော···မိအိုဇာတို့ကတော့ အပြောမတတ်၊ ဆဲ့သလိုဆို ဖြစ်နေပြီ။ ဒီမှာ စာရေးကြီးရယ်၊ စိတ်မဆိုးပါနဲ့နော်။ ဒီဟာမကြီးက ဘာမှ မဝင်ဆံ့ဘူးကွယ့်"

အဘိုးကြီးက အားတုံ့အားနာနှင့် ဝင်၍ တောင်းပန်နေရှာပါသည်။

"ဒါမျိုးတွေကို ကျွန်တော်တို့ အယုံအကြည်နည်းနည်းမှ မရှိပါဘူး ဘကြီးရယ်။ ဘယ်သူက ဘာပြောပြော ကျွန်တော် မယုံပါဘူး။ ခုဖြစ်တာလည်း သွေးရိုးသားရိုးဖြစ်တာပါ"

"ဘယ် သွေးရိုးသားရိုးရမလဲကွယ့်။ မင့်မယား ဗိုက်ကြီးတာ၊ ဗိုက်ကြီးတာ။ ငါသိပြီးပြီ။ သွေးအရပ်မှာ ခေါင်းလျှော်တော့ အအေးပတ်ပြီး ရင်တလှပ်လှပ်နဲ့ မူးသွားမှာပေါ့။ ဒါပါပဲ။ မိအိုဇာတို့ကတော့ ဒီလိုဘက်ကတော့ နောနေလို့ မပြောဘဲနဲ့ အစင်းသိသဟော့၊ နားလည်လား။ ကျုပ်ကို ခု ပြောလိုက်လို့ စိတ်ကောက်နေပေမယ့် ဖြစ်တယ်ဆို ချက်ချင်းလာခေါ်မှ ကြိုက်တာ။ ခုတော့ ငါ့မှ အရေးမလုပ်ကြဘဲ။ ဒါတောင် မနေနိုင်လို့ လူကြီးတန်မဲ့ အရှက်ငဲ့ပြီး ကျုပ် ခုနကပဲ လာပါသေးတယ်။ ကျုပ်ကို စုန်းမကြီးလို့ သူတကာ တိုက်တာ ယုံပြီး ပြောကြ တော့ ကျုပ် ဒေါသဖြစ်ပြီး ပြန်ခဲ့တာပေါ့"

အမယ်ကြီးက ဒေါသဖြစ်ဖြစ်နှင့် ကျွန်တော့်ကို ဖိ၍ ရန်တွေ့နေသည်။

"အိုကွာ··· မိအိုဇာကလဲ၊ လာခေါ်ရာတဲ့ လူကို အေးအေးသက်သာ ပြောစမ်းပါကွာ။ ဒီလို စာရေးကြီးရေ ဒီလို၊ ကျ တို့မှာက အိုကြီးအိုမနဲ့ သားထောက် သမီးခံလည်း ရှိတာ မဟုတ်။ အလုပ်ကလည်း ထမင်းနပ်မမှန်။ ပြောပါရစေတော့၊ ကျုပ်တို့ မရှက်ပါဘူး။ ဒီတော့ သူများအိမ် ဝိုင်းလုပ် ဝိုင်းစား သူက သွားသွားလုပ်သဗျ။ ဒီကောင်မကြီးက ဗေဒင်ကလေးကလည်း မတောက်တစ်ခေါက်ကလေး နာမာတရာကျမ်းက လေးကလည်း မတောက်တစ်ခေါက်။ နတ်၊ စုန်းတို့ ဆိုတာလည်း ရှေးလူကြီးပီပီ အယူရှိထင်ပါ့ဗျာ။ ဒါကလေးတွေနဲ့ တတ်သမျှ၊ မှတ်သမျှ လူစွာလုပ်ပြော၊ လူတတ်လုပ် ကာ၊ ပျောက်တဲ့အခါလည်း ပျောက်ပေါ့လေ။ မခေါ်လည်း သွားတာပဲဗျ။ အမြင်မတော်လည်း အာကျယ်ပါကျယ်နဲ့ ပြောခဲ့တာပဲဗျ။ ဒီတော့ စုန်းလိုလို၊ ကဝေလိုလို ထင်ကြသပေါ့။ အဲသလို ထင်တာလည်း ရှက်ရကောင်းမှန်း မသိဘူး။ အစားရချောင်တယ်ဆိုပြီး ရောယောင် အထင်ခံမိတာ။ ကြာတော့ သူက အထင်မခံ

ချင်လည်း မရတော့ဘူး။ တစ်ရွာလုံးက
ရှုံ့ကြောက်ကြီး ကြောက်နေရတာ
စာရေးကြီးရဲ့"

"ကျွန်တော် သဘောပေါက်
တယ် ဘကြီးရဲ့။ တောရွာကလေး
ဆိုတော့လည်း ဒီအယူအဆမျိုးတွေ
ကျန်သေးတာကိုး။ ကဲ···ကဲ ကျွန်
တို့ အိမ်သာ ပြန်လိုက်ခဲ့ပါ။ ခင် စိ
ကောင်းသွားအောင်။ မိန်းကလေး
တာကတော့ ပြောရင် ယုံလွယ်မ
ကြောက်လွယ်မယ်ပေါ့ခင်ဗျာ။ စိ
မရှိပါနဲ့"

"မင့်မိန်းမကို ကျုပ်သမီးက
အရင်းလို ချစ်တာပါတော်။ လူ
တုံးရပါစေရဲ့"

"အေးလေကွယ်၊ ကျိန်မနေ
မိအိုဇာရဲ့။ ဒီအမယ်ကြီးကို ဖွေ
နဲ့နော် စာရေးကြီး၊ ခင်ဗျားတို့
ကမ်းတာ သာဓုခေါ်လျက်ပါ
သာဓု···သာဓု"

♦♦♦

ထိုနေ့က စ၍ ခင်ရော
တော်ပါ သံသယ ကင်းရှင်းစွာ
အားကိုးအားထားပြုကြရပါသည်
ရွာလုံးက ကျွန်တော်တို့အား
မပြောကြတော့ပါ။ စကားစပ်မိ
ဒေါ်အိုဇာ၏ စေတနာရင်းကို
ပေးသော်လည်း ယုံသလိုလို
သလိုလို၊ အေးစက်စက်နှင့်
ကြပါသည်။

ဒေါ်အိုဇာကတော့ သူ့ကို
အရေး အလေးအမြတ်ပြု၍
လေ၊ ဝမ်းသာ၍ မဆုံး၊ တပြုံး
သိမ်းကျုံး၍ အောက်ခြေသိမ်း
ခင့်ကို ပိုး၍ကူညီသည်။ ခင့်ကျန်
ကို တကယ် ဂရုစိုက်ရှာသည်
အိမ်လုံးအား သုတ်သင် လုပ်
ပေးသည်။ စနစ်မကျတာ



www.burmeseclassic.com

www.burmeseclassic.com

သည်း ဖျစ်တောက် ဖျစ်တောက်နှင့် ပြည်တွန်တောက်တီးသေးသည်။ ဒီအကျင့်ကတော့ ဒေါ်အိုဇာ နည်းနည်းလေးမှ မလျှော့။ သူ့သဘောကို သိထားတော့လည်း ကျွန်တော်တို့ လင်မယားက ပြုံး၍သာ သူ ကြိမ်းသမျှ ခံကြရသည်။ သူကြိမ်းတာကို ခံလျှင် အင်မတန် ဝမ်းသာသည်။ တစ်နည်းအားဖြင့်ဆိုသော် ယောက္ခမ၊ မိဘနှင့်နေရသလိုလို စိုစိုပြည်ပြည် ပျော်ပျော်ရွှင်ရွှင်ရှိခဲ့ပါသည်။ ခင့်ကိုယ်ဝန်ကို တစ်နေ့တစ်ခါ မှန်မှန်စမ်း၍ ရှောင်သင့်တာ၊ ဆောင်သင့်တာတွေ ပြောရသည်မှာလည်း အမော။ ဆန်လွတ်ဆေးကို ကိုယ်တိုင် ထောင်းရသည်ကလည်း အမော။

ဤသို့နှင့် လေးလလောက် လွန်သည်။

◆◆◆

တစ်နေ့သော် ရန်ကုန်ရုံးကြီးမှ ကျွန်တော့်အား ပြန်ခေါ်သဖြင့် လိုက်၍ ဆက်ရပါသည်။ ကျွန်တော်တို့ ပြောင်းရတော့မည်ဟု ကြားလိုက်သည်နှင့် တစ်ပြိုင်နက် ဒေါ်အိုဇာကြီး ...၍ ငိုပါတော့သည်။ ခင့်မှာလည်း ...ရည်စက်လက်။ အကယ်၍သာ ...ယ်ကြီးတစ်ကိုယ်တည်းဆိုလျှင် ကျွန်တော်တို့ ခေါ်ခဲ့မည်အထိ စေတနာ ...သည်။ ယခုကား သူကလည်း ...က်နိုင်။ အဘိုးကြီးကလည်း မခွဲ...

သွားမည့်နေ့ ငွေ ၅၀နှင့် ထိုင်၍ ...တာကြသောအခါ အဘိုးကြီးပါ ...ည်ကျရှာပါသည်။

"သာဓုပါ မောင်တို့ရယ်။ သာဓု ...သာဓုပါ။ ကျုပ်တို့မှာ ဒီလောက် ... မကိုင်ခဲ့ရတာက အနှစ် ၂၀ ...ခဲ့ပါပြီ။ နောက်လည်း သေသာ သေမယ်၊ ကိုင်ရတော့မှာ မဟုတ်ပါဘူး။ သားသမီးအရင်းမွေးထုတ်ထားတောင် မောင်တို့ လင်မယားလောက် သန္ဓါချင်မှ သန္ဓါကြမှာပါ။ ဒါတွေထက် ဝမ်းနည်းတာကတော့ တစ်ရွာလုံး အထင်သေးနေတဲ့ ဘဝမှာ မောင်တို့လို ခေတ်ပညာတတ် အထက်တန်းစား မြို့ကြီးသားတွေက ပေါင်းပြကြတာ အရည်လည်တော့မယ် လုပ်ကာမှ အားကိုးရမဲ့တဲ့ မျက်နှာငယ်ဘဝ ပြန်ရောက်ရတာ ဝမ်းနည်းတာပါပဲ။ ကဲ・・・ကဲ၊ သွားကြတော့・・・သွားကြတော့"

အဘိုးကြီးက ပြောအပြီး ဒေါ်အိုဇာကား ဘာတစ်ခွန်းမှ မပြောဘဲ အောင့်၍ ရှိုက်နေရာက ပေါက်ကွဲကာ "အမယ်လေး・・・သမီးကြီး"ရဲ့ဟု ခင့်ကို တအားဖက်ငိုပါတော့သည်။ ကျွန်တော်တို့မှာ သံယောဇဉ် အဘယ်မျှ ကြီးမားကြောင်း ကိုယ်ကိုယ်တိုင် အခုမှ သိကြရပါတော့သည်။

◆◆◆

ရန်ကုန်သို့ ပြန်ရောက်ခဲ့၍ လေးငါးလ ကြာသည့်တိုင်အောင် ဒေါ်အိုဇာကြီးအကြောင်း နေ့စဉ်ရက်ဆက် ပြော၍ မပြီး။ ပြောတိုင်း ပြောတိုင်းလည်း ဝမ်းနည်းမိပါသေးသည်။ ထိုသို့ ဒေါ်အိုဇာကြီးအား မမေ့နိုင်သည့်အကြောင်းကတော့ တစ်နေ့တခြား ရင့်မာလာသော ခင်၏ ကိုယ်လေးလက်ဝန်ကိစ္စဖြစ်ပါသည်။ ရှေးလူကြီးပီပီ နားလည်သည်။ ရှေးလူကြီးပီပီ ဂရုစိုက်ရာ စိုက်ကြောင်းတွေ တတွတ်တွတ်နှင့် သွန်သင်ပေးခဲ့ရာသည်။

မှတ်မှတ်ရရ ခင် မီးဖွားသည့်နေ့ပင် ကျွန်တော် ရန်ကုန် ရွှေဂုံသာလမ်းသို့အလာ၊ စာဖြူရွာက ပန်းတိမ်ဆရာ ကိုစိန်အုပ်နှင့် ပက်ပင်းတိုးမိပါသည်။ ချက်ချင်းပင် သတိရ၍・・・

"ဒေါ်အိုဇာကြီးတစ်ယောက် ရှိသေးရဲ့လားဗျာ"

"ဟာ・・・စာရေးကြီးရေ၊ ဒေါ်အိုဇာကြီးအကြောင်း ပြောရမှာများ သနားပါသေးဗျာ"

"ဘာဖြစ်လို့လဲ၊ ဆုံးရှာပြီလား။ သူပုန်တွေအတက် သေနတ်မှန်လို့လား"

"အင်း・・・သူပုန်အတက်တော့ သူပုန်အတက်ပဲ။ သူပုန်တက်တုန်းမှာ ပေါ့၊ ဒီလိုဗျ・・・ဒီလို။ ခင်ဗျားမိတ်ဆွေ စပါးပွဲစား ကိုဘိုးဟန်က သူ့သားကလေး ဖျားသေတာ ဒီမိန်းမကြီး ပြုစားလို့ပါဆိုပြီး ဓားနဲ့ တက်ခုတ်သဗျာ။ မိုက်လိုက်တဲ့ အကောင်"

"ဟောဗျာ・・・ဖြစ်မှ ဖြစ်ရလေ။ သူ့ခမျာ မဟုတ်ရာဘဲနဲ့ဗျာ"

"အေးလေ၊ သူတို့က တယ်ပြီး အစွဲအလမ်းကြီးတာ။ ဒါပေမယ့် ဒီကောင်လည်း သူ့အကုသိုလ်နဲ့ သူ့ကရင်က ဝင်သတ်သွားတာပဲ"

"နို့・・・အဘိုးကြီးရောဗျာ"

"အဘိုးကြီးကတော့ အမယ်ကြီး စိတ်နဲ့ တစ်လသာ ခံတယ်၊ လိုက်သွားရာတော့တာပေါ့"

ကျွန်တော် ကိုစိန်အုပ်နှင့် နှုတ်ဆက်ပြီး လမ်းခွဲခဲ့ပါသည်။

"စုန်း・・・စုန်း・・・စုန်း・・・တဲ့။

သာသနာ နေလို၊ လလို ထွန်းအောင် ဆဋ္ဌသင်္ဂါယနာကြီး တင်တော့မည်ဆိုသည့်ဆဲဆဲ ဗဟိဒ္ဓမိစ္ဆာအယူလွဲတွေကို ချွတ်လှဲတော်မူနိုင်ကြသည်သာ ဗုဒ္ဓဝါဒ ပထမ သာသနာ ■

＊ ＊ ＊

သခ



www.burmeseclassic.com

www.burmeseclassic.com



# ရောမြ ကျော်ဝေ

## ဂမ္ဘီရဆန်သော ပွဲထိုးညောင်ပင်

၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာလ၏ ဆောင်းရာသီတွင် တနင်္ဂနွေနေ့တိုင်း ကျွန်တော်တို့သည် လမ်းလျှောက်ထွက်ကြပါသည်။ အချိန်မှာ နံနက် ၅နာရီဖြစ်သော်လည်း မြူနှင်းများက တဖြောက်ဖြောက်ဖြင့် အအေးဓာတ်က လွှမ်းမိုးလျက်ရှိပါသည်။

ကျွန်တော်ရယ်၊ လွန်းမောင်ရယ်၊ တင်အောင်ရယ်က မူလတန်းကျောင်းသားများဖြစ်ကြသလို၊ အတန်းပညာအားဖြင့် လေးတန်းကျောင်းသား၊ အသက်အားဖြင့် ၁၀ နှစ်သားများ ဖြစ်ကြပါသည်။ ကျွန်တော်တို့ ကျောင်းနေစဉ်အချိန်ကာလက

www.burmeseclassic.com

www.burmeseclassic.com

ယ်တန်းလေး၊ သူငယ်တန်းကြီးမှ နေကြရပါသည်။ ကျွန်တော်တို့၏ များက မီးရထားဝန်ထမ်းများဖြစ် သဖြင့် ရထားဝင်း၏ လိုင်းခန်း တွင် အသီးသီးနေထိုင်ကြပါသည်။

မီးရထားဘူတာရုံ၏ မျက်နှာစာ ရှေ့ဘက် ပေ ၂၀၀ ခန့်၊ ရထားသံ ဘေးတွင် အရိပ်ရ ညောင်ပင်ကြီး စ်ပင်ရှိပါသည်။ ထိုညောင်ပင်ကြီး င် ရုက္ခစိုးကြီးရှိသည်ဟု တွေ့ဖူးသူ က ပြောကြပါသည်။ ဘူတာရုံတွင် ဖြစ်သဖြင့် ထိုညောင်ပင်ကြီးကို င်လွှဲ၍သွားရန် လမ်းက မရှိပါ။ ားသော ထိုညောင်ပင်ကြီးသည် ကိုင်းအခက်များ ဝေဆာလျက်ရှိပြီး င်ခြေက ရထားလမ်းနှင့် ဖြပေမျှ သော်လည်း အကိုင်းအခက်များက ခါတစ်ရံ ရထားစက်ခေါင်းနှင့် တ်သဖြင့် ခုတ်ပစ်ရပါသည်။ င်းပန်ပွဲထိုးပြီး ခုတ်သည့်သူသာ င် အသက်ဘေးက ချမ်းသာကြရပါ ည်။ မထိမဲ့မြင် အယုံအကြည်မရှိ သူတို့အတွက် လက်တွေ့ မှတ် လောက်အောင် ရုက္ခစိုးကြီးက ပေးလေ့ရှိပါသည်။

◈◈◈

တစ်နေ့သော တနင်္ဂနွေနေ့၏ ၅နာရီအချိန်ပိုင်းတွင် ကျွန်တော် သုံးယောက် လမ်းလျှောက်ရန် က် ဘူတာရုံဘက်သို့ ထွက်ခဲ့ပါ ည်။ သူငယ်ချင်း လွန်းမောင်က ညောင်ပင်ကြီးနားရောက်မှ အပေါ့ င်သဖြင့်…

“သူငယ်ချင်း… မင်းတို့ နှစ် က် ဒီရထားလမ်းဘေးက စောင့် ကွာ။ ငါ အပေါ့သွားချင်တာ ထိန်း ရတော့ဘူး”

ဟု ဆိုပြီး ညောင်ပင်ကြီးအောက် သို့ ဝင်သွားလေတော့သည်။

လွန်းမောင် အပေါ့သွားပြီး ပြန် ထွက်လာသောအခါ သူငယ်ချင်း တင်အောင်က…

“ဟေ့ကောင် လွန်းမောင်၊ မင်း အပေါ့အပါးသွားတာ ညောင်စောင့် ရုက္ခစိုးကြီးကို တောင်းပန်ပြီးမှ သွား တယ်မဟုတ်လား”

ဟု မေးသောအခါ လွန်းမောင် က မထိမဲ့မြင်ဖြင့်…

“သစ်ပင်မှာ ရုက္ခစိုးရှိတယ်ဆို တာ အလကားပြောကြတာပါကွာ။ အယုံအကြည်မရှိပါဘူး။ လူတွေက ကြောက်အောင်၊ လန့်အောင် ခြောက် လှန့်ကြတာပါ။ ငါ့အဖေက ပြောတယ်၊ ယောက်ျားဆိုတာ မမြင်ရတဲ့ သရဲတို့၊ တစ္ဆေတို့ကို မကြောက်ရဘူးတဲ့။ ရဲရဲ ဝံ့ဝံ့ သတ္တိရှိရမယ်တဲ့ကွ”

ဟု ဆိုပြီး ကျွန်တော့်ဘက်သို့ လှည့်ပြီး…

“ညီလေး ကျော်ဝေ၊ မင်းရော ကြောက်တတ်သလား။ ဘာမှမကြောက် နဲ့။ အဓိက ကြောက်ဖို့ ကောင်းတာက လူဆိုးလူမိုက်တွေကိုပဲ။ တွေ့ရင် ဝေးဝေးက ရှောင်ပေါ့ကွာ ငါ့ညီရာ”

ဟု ဆိုပြီး လွန်းမောင်က သူ့ ကိုယ်သူ လူတတ်ကြီးသဖွယ် ကျွန် တော့်ကို အားပေးစကားပြောသည်။ လွန်းမောင်သည် ကျွန်တော့်ထက် လအနည်းငယ်သာ အသက်ကြီး သည်ဟု အမေက ပြောဖူးသည်။ သူက အတန်းထဲတွင် စာတော်သလို၊ ကျွန် တော်တို့အပေါ်တွင်လည်း ဆရာလုပ်ရ မှ ကျေနပ်သူဖြစ်သည်။ တင်အောင်က တော့ လူကြီးသူမ ဆိုစကားအရ မှတ်သားသင့်တာ မှတ်သားထားသလို၊ အေးဆေးတည်ငြိမ်ပြီး တစ္ဆေ သရဲကို ကြောက်တတ်သူဖြစ်သည်။

ထိုညောင်ပင်ကြီးအောက်တွင် အပေါ့သွားသော လွန်းမောင် တစ် ယောက် သုံးရက်ခန့်ကြာသောအခါ ဖောင်းဖောင်းစေ့သည် ကတ္တီပါဘောလုံးလောက် ကြီးလာပြီး မုတ္တရောင်လာသည်။ ပြောင်တင်း၍ အထိမခံနိုင်လောက် အောင် ဖြစ်တော့မှ ဆရာဝန်ထံ ပြ သည်။ ဆေးထိုး၊ ဆေးသောက်ပြုပါ သော်လည်း မုတ္တက အရောင်မလျော့။ မခံမရပ်နိုင်ဖြစ်လာတော့မှ နတ်ခေါင်း စွဲ ဒေါ်ပြေအေးထံ ရောက်ပြီး နတ်မေး ကြည့်တော့ ဒေါ်ပြေအေးက တဆတ် ဆတ်တုန်ပြီး ဒေါသနှင့် မာန်နှင့်…

“နင်တို့က ငါ့ကို မလေးမစားနဲ့ ငါ့အပင်အောက်မှာ သေးလာပေါက် တာ။ ငါ မကျေနပ်လို့ ငါလုပ်ထားတာ ပေါ့။ ငါ နတ်မဟုတ်ဘူး။ ပွဲထိုးညောင် ပင်ကို ကြီးစိုးတဲ့ ရုက္ခစိုးကြီး။ ငါ့ နာမည် မိုးသီးတဲ့ပေါ့။ ငါ့ကို မယုံတဲ့ လူကို ယုံအောင် လုပ်ပြတာ။ အခုမှ လာပြီး မတောင်းပန်နဲ့။ ငါ့အရိပ် အာဝါသကို ဖျက်ဆီးသူမှန်သမျှ ငါက အသေလုပ်ရမှ ကျေနပ်တာပေါ့။ မင်းတို့ ကလေးမိဘတွေ မရှိမသေ မလေးမစား မလုပ်ကြနဲ့။ ဒီတစ်ခါ တော့ ရှိပါစေတော့။ မြန်မြန်ပျောက်ချင် ရင် ငါနေတဲ့ ညောင်ပင်မှာ ပွဲတစ်ပွဲ ထိုးပေးပေါ့။ ကဲ - ဒါပဲ၊ ငါသွားတော့ မယ်”

ဟု ဆိုပြီး နတ်ဝင်သည် ဒေါ်ပြေ အေးကို ပူးပြီးပြောသော ရုက္ခစိုးကြီး ဦးမိုးသီး ထွက်သွားလေတော့သည်။

ငှက်ပျောဖီးဆိုင်၊ အုန်းသီး(ကြွက် မြီး)တစ်လုံးနှင့် အမွှေးတိုင်ထွန်းပြီးစ လွန်းမောင်မိဘများက ပူဇော် တောင်း ပန်တော့မှ ခုနစ်ရက်အတွင်း လွန်းမောင် ခံစားရသော မုတ္တကြီးဝေဒနာမှာ သိသိ သာသာ ပျောက်သွားခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

လွန်းမောင်လည်း ကိုယ်တွေ့ ကြုံပြီး ခံစားရမှ ပရလောကသား ရက္ခစိုးကြီး ညောင်ပင်ကြီး၌ တကယ် ရှိသည်ဆိုတာကို ယုံမိလေတော့သည်။ လွန်းမောင်အတွက် နာမည်တစ်လုံး ထပ်တိုးခဲ့ပါသည်။ ကျွန်တော်တို့ပါးစပ် ဖျားတွင် ရေပန်းစား၍ ခေါ်လို့ ကောင်း သည်မှာ "မုတ်ကြီး လွန်းမောင်" ဟူ၍ သာပင်။

◈◈◈

နောင်သောအခါတွင် ထိုညောင် ပင်ကြီးသည် အကိုင်းအခက်များ ကြီးမားလာပြီး ရထားနှင့် မလွတ်၍ အစိုးရအမိန့်ဖြင့် ပွဲထိုးပြီး ခုတ်လှဲသော အခါ ချောချောချူချူပင် ညောင်ပင် ကြီး လဲပြိုသွားပါတော့သည်။ ကျွန် အမြစ်ဆုံများကို မြေကြီးကော် ဘူတို ဆာစက်ကားကြီးများဖြင့် ထိုးကော်ပြီး ရှင်းလင်း၍ အစဖျောက်လိုက်တော့မှ ရက္ခစိုးကြီး ဦးမိုးသီးသည်လည်း ထို ညောင်ပင်ကြီးနှင့်အတူ ပျောက်ကွယ် သွားသည်မှာ ယနေ့ထိပင် ဖြစ်သည်။

ပရလောကသားတို့မည်သည် မင်းစိုးရာဇာ၏ အမိန့်ကို မလွန်ဆန်ဝံ့ သည်မှာ ကျွန်တော်၏ ကိုယ်တွေ့ပင် ဖြစ်ပါသည်။ ခြောက်တိုင်းလည်း မကြောက်နှင့်၊ မြှောက်တိုင်းလည်း မမြောက်နှင့်ဟူသော စကားသည် မှန် ပါသည်။

ကျွန်တော်တို့ မမွေးခင်ကတည်း က ထိုညောင်ပင်ကြီးသည် ထီးထီး မားမားရှိခဲ့သလို၊ ရှေးလူတို့က ရှိသေ သမှုလည်း ပြုကြပါသည်။ ရက္ခစိုးစင် ကြီးတွင် အမြဲတမ်း ပန်းမညှိုးဘဲ၊ ညားခါစ လင်မယားတို့က သားဆုပန် ခြင်း၊ ဆုတောင်းခြင်းများလည်း ပြည့်ဝ ကြသည်ဟု ယုံကြည်ကြပါသည်။ တိုက်ဆိုင်မှုလည်း ဖြစ်ကောင်း ဖြစ်နိုင် သည်ဟု ကျွန်တော်၏ အဖေက ပြော ပါသည်။

ထိုညောင်ပင်ကြီးကို အခ... အာဏာဖြင့် လှဲမိန့်ပေးခဲ့သော မီးရထား အရေးပိုင် DE ဆိုသူသည် ညောင်... ကြီးလဲပြီး ရက်ပိုင်းအတွင်းတွင် ပြော... ရွှေ့သွားရပါသည်။ ထိုအရေးပိုင်က ... ဘာသာဝင် မဟုတ်ပါ။ လူမျိုး... ဘာသာခြားတစ်ဦးဖြစ်ပါသည်။

ကျွန်တော် ၁၀နှစ်သားအရွယ်... ကြုံတွေ့ခဲ့ရသော ပွဲထိုးညောင်ပင်ကြီး... သည် ဂန္ထဝင်ဆန်ပါသည်။ သစ်တစ်ပင်... ကောင်းလျှင် ငှက်တစ်သောင်း နား... သကဲ့သို့ ညောင်တစ်ပင်ကောင်းလျှင်... လည်း ပရလောကသားတို့ မိသား... လိုက် ခိုနိုင်မည်မှာ မလွဲဧကန်ပင် ဖြ... ပေမည်■

* * *

ရော့မြတော်...


# ဆရာကြီးဦးအောင်မြိုင် (ဥပဒေဘွဲ့)

## (လက္ခဏာဗေဒင်ပညာ သုတေသီ)

☞ လုပ်ငန်းနှင့် ပတ်သက်သော အမှုအခင်းပြဿနာ မကြုံရစေဖို့ ☞ အမှုအခင်းကိစ္စမှာ အနိုင်ရရှိဖို့ ☞ အ... အညီများသွားတောင်းရင် လွယ်ကူအဆင်ပြေစွာ ရရှိဖို့ ☞ ကိုယ်ပိုင်လုပ်ငန်းအမြန်ဆုံး စတင်လုပ်ကိုင်ရစေဖို့ ☞ စပ်... ရှယ်ယာလုပ်ငန်းများအတွက် အတတ်ပညာရှိသူ၊ ငွေအရင်းအနှီးရှိသူ၊ စိတ်ကောင်းရှိသူများကို အမြန်တွေ့ရှိဖို့ ☞ ဖောက်သည်... ဟောင်းတွေ ပြတ်မသွားဘဲ ဖောက်သည်သစ်တွေ ထပ်မံ၍ တိုးပွားရရှိစေဖို့ ☞ လုပ်ငန်းအမြန်ဆုံးတိုးချဲ့နိုင်ဖို့ ☞ လုပ်ငန်း... အော်ဒါများများ လက်ခံရစေဖို့ ☞ နိုင်ငံခြားမှ အမှာစာများ များများရရှိဖို့ ☞ ထုတ်လုပ်ဖြန့်ဖြူးသောဆေးဝါး စားသောက်... ကုန်၊ လူသုံးကုန်၊ အလှကုန်စသည့်ပစ္စည်းများကို လူကြိုက်များ၍ နာမည်ကျော်ကြား ရောင်းအားသွက်စေဖို့ ☞ လုပ်ဖော်ကိုင်... ဖက်များ၏ လိမ်ညာကောက်ကျစ်သစ္စာဖောက်ခြင်းမခံရစေဖို့ ☞ ဂုဏ်သိက္ခာကျနာမည်ပျက်၊ စီးပွားပျက်စေသော အနိုင်ကျင့်မှု... မကြုံရစေဖို့ ☞ လုပ်ငန်းအတွက် လျှောက်ထားသော မြေနေရာ၊ ပစ္စည်းများအဆင်ပြေစွာ အမြန်ဆုံးရရှိဖို့ လုပ်ငန်းအတွက်... လျှာထားသောမြေနေရာများကို အမြန်ဆုံးငှားရန်(သို့မဟုတ်)ဝယ်ယူရရှိစေဖို့ လုပ်ငန်းမှာ စိုက်သုံးထားသော ငွေများ အမြန်ပြန်ထ...

အမှတ်(၈၄၃)၊ ဦးဝိစာရလမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

☎ - ၀၁-၅၈၆၇၀၄၊ 📱 - ၀၉-၅၀-၆၂၈၄၃၊ ၀၉-၅၁-၇၇၆၂၂။

ယုံကြည်အားကိုးမှုသာ... လာခဲ့ပါ




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မနက်ဝေလီဝေလင်းအချိန်တွင် ဖြစ်သည်။ တောကြက်၊ အိမ်ကြက်များ အဆက်မပြတ် တွန်လာကြ၏။ ထို့နောက် အရှေ့ဘက် ကောင်းကင် တစ်ခွင်တွင်လည်း ရောင်ဖြူများ ရစ်သမ်းလာလေသည်။ တောစတောင်စများလည်း လင်းရှင်းစ ပြုလာလေသည်။

ကိုထွန်းမြအောင်သည် ဘုရားရှိခိုး၊ မေတ္တာပို့၊ ဆုတောင်း၊ အမျှဝေပြီးနောက် တဲအောက်သို့ ဆင်းလာခဲ့၏။ တိုင်းရေးပြည်ရေးကလည်း ဆိုးသည်ထက် ဆိုးလာနေပြန်သည်။ ယခင်က ဆိုလျှင် ဂျပန်များကိုသာ ကြောက်နေရပြီး ယခုအခါ ဂျပန်များ စစ်ရှုံးပြီးနောက် တပ်ဆုတ်ပြေးလာကြသည့် ဂျပန်များနှင့်အတူ အင်္ဂလိပ်တပ်များကိုပါ ကြောက်လန့်နေကြရပြန်သည်။

အင်္ဂလိပ် စစ်ဗိုလ်များကလည်း အိန္ဒိယတိုင်းရင်းသားများကို စစ်သင်ပေးကာ စစ်သားလုပ်ခိုင်းပြီး ဂျပန်တပ်များနောက်သို့ ထက်ကြပ်မကွာ တိုက်ခိုက်၍ ပါလာကြလေသည်။ အိန္ဒိယတိုင်းရင်းသား စစ်သားများသည် အဘယ်ကြောင့်ရယ်မသိ၊ ရွာကို တွေ့တိုင်း မီးရှို့ ဖျက်ဆီးကြ၏။ ထို့ကြောင့် ရွာသူရွာသားများမှာ များစွာဒုက္ခရောက်ကြရလေသည်။

ယခု ကိုထွန်းမြအောင်တို့ မိသားစုမှာလည်း ရွာက အိမ် မီးထဲပါသွားသဖြင့် ဥယျာဉ်ထဲမှာပင် ဖြစ်သလိုနေထိုင်ကြရ၏။ အခြား ရွာသူရွာသားများမှာလည်း ထိုနည်းအတူ အိမ်မဲ့ယာမဲ့ဖြစ်ကာ ဒုက္ခကြီးစွာရောက်၍ နေကြရ၏။

"ထွန်းမြအောင်··· ထွန်းမြအောင်"

သူ့နာမည်ကို ခေါ်သံကြား၍ ကိုထွန်းမြအောင် ခြံဝဘက်ကို ကြည့်လိုက်ရာ ယခင်က ကိုထွန်းမြအောင်နှင့် ရင်းနှီးဖူးသော ဂျပန်စစ်ဗိုလ်ကြီး တစ်ယောက်ကို တွေ့လိုက်ရ၏။

"ဟာ···မာစတာကြီးပါလား"

ဂျပန်စစ်ဗိုလ်ကြီးက စကားပြန်၍မပြောဘဲ လက်ရပ်လှမ်းခေါ်နေသဖြင့် ကိုထွန်းမြအောင် ဆင်းလိုက်သွား၏။ အနားသို့ ရောက်သွားလျှင် ကိုထွန်းမြအောင်က မေးကြည့်လိုက်သည်။

"မာစတာကြီး···တစ်ယောက်တည်းလား။ အခြား (ဂျပန်)ရဲဘော်တွေ မပါကြဘူးလား"

ဂျပန်ဗိုလ်ကြီးက ဆက်မမေးရန် လက်ကာပြပြီး သူ့နောက်မှ လိုက်ရန် ခေါ်၍ ကိုထွန်းမြအောင်လည်း ကြောင်အမ်းအမ်းဖြင့်ပင် လိုက်ပါလာရလေသည်။ ဥယျာဉ်တဲမှ တစ်ခေါ်ခန့်သို့ ရောက်လျှင် လမ်းဘေးတွင် ဘယ်အချိန်ကပင် လာချထားမှန်း မသိသော မီးခံသေတ္တာတစ်လုံးကို လက်ညှိုးထိုးပြ၏။ ထို့နောက် ထိုမီးခံသေတ္တာကို ဂျပန်စစ်ဗိုလ်ကြီးက တစ်ဖက်၊ ကိုထွန်းမြအောင် တစ်ဖက် ကိုင်ဆွဲကာ ဥယျာဉ်တဲနားသို့ သယ်လာကြသည်။

ဥယျာဉ်တဲကို ရောက်လျှင် ဂျပန်စစ်ဗိုလ်ကြီးသည် ထိုမီးခံသေတ္တာကို အမဲဆီဖြင့် အထပ်ထပ်သုတ်လိမ်းလေသည်။ ထို့နောက် တာပိုလင်သားဆင်ဆင် ကိုထွန်းမြအောင် မခေါ်တတ်သော အဝတ်ထူထူကြီးဖြင့်လည်း ထိုမီးခံသေတ္တာကို အထပ်ထပ်ပတ်၏။

ထိုအဝတ်ထူထူကြီးသည်လည်း အမဲဆီဝနေသည်ကို တွေ့ရ၏။ ထိုနည်းအတိုင်းပင် မီးခံသေတ္တာကို အမဲဆီသုတ်လိမ်းလိုက်၊ အဝတ်ထူထူကြီးဖြင့်

ပတ်လိုက်နှင့် သုံးကြိမ်လုပ်လိုက်ပြ
နောက် ခိုင်ခန့်အောင် အပြင်က ကြ
နန်းကြိုးများဖြင့်လည်း အထပ်ထ
တုပ်ချည်ထားလိုက်၏။

ဂျပန်ဗိုလ်ကြီးက စကားမပြေ
၍ ကိုထွန်းမြအောင်လည်း တစ်ခွ
ထပ်မပြောရဲဘဲ ကြောင်၍သာ
ကြည့်နေမိ၏။ ကိုထွန်းမြအော
သားသမီးများ ရောက်လာကြရာ
လည်း ဂျပန်စစ်ဗိုလ်ကြီးသည် ကျေ
အိတ်ထဲမှ ပေါင်မုန့်ခြောက်မျာ
နှိုက်ယူပေးပြီး တွန်းလွှတ်၏။
ကြောင့် ဂျပန်စစ်ဗိုလ်ကြီး မကြ
သည်ကို သိ၍ ကိုထွန်းမြအော
သူ့သားသမီးများအား ···

"နောက် မလာကြနဲ့"

ဟု ပြောလိုက်သည်။

ဂျပန်စစ်ဗိုလ်ကြီးသည်
သေတ္တာကို စိတ်ကျေနပ်လော
အောင် ပြုလုပ် စီမံလိုက်ပြီးနော
ခြေပစ်လက်ပစ်ထိုင်လိုက်၏။ ကို
မြအောင်ကိုလည်း ထိုင်ခိုင်း၏။
နောက်ကျောပိုးအိတ်ထဲက ပေါ
ခြောက်များကို နှိုက်ယူပြီး နို့ဆီတ
ကို ဓားမြှောင်ဖြင့် ထိုးဖောက်ကာ
မုန့်နှင့် နို့ဆီကို သူလည်း
ကိုထွန်းမြအောင်ကိုလည်း ကျွေ

"ထွန်းမြအောင် မြန်မြန်စား
ပြီးရင် ဒီသေတ္တာကို ထမ်းပြီး ကျေ
ခေါင်းတောင်ပေါ် တက်ရအောင်"

ကိုထွန်းမြအောင် ခေါင်းညြိတ်
၏။ ကျောက်ခေါင်းတောင်
ကိုထွန်းမြအောင်၏ ဥယျာဉ်တဲမှ
ရှိ ခရီးခန့်မျှလှမ်းသော တော
တစ်နေရာဖြစ်၏။ တောင်တ
သက်သက်ဖြစ်ပြီး လမ်းဟူ၍
သီးသန့်မရှိပေ။

ထို့အပြင် ဂျပန်စ



www.burmeseclassic.com

www.burmeseclassic.com

သည် ဤမီးခံသေတ္တာထဲမှ အဖိုးတန် ာနာများချည်း ထည့်လာခြင်းဖြစ်ပေ ည်။ ထို့ကြောင့် ဤမီးခံသေတ္တာကို ကျောက်ခေါင်းတောင်မှာ သွားမြှုပ်ရန် အတွက်ကို ထွန်းမြအောင်အား ခေါ် ခြင်းဖြစ်ပေမည်။

ဂျပန်များသည် ရတနာများကို တွင်းတူးပြီး မြှုပ်ကြရာ၌ ခေါ်လာသော ိုင်းရင်းသားများအား သတ်၍ ထည့် မြှုပ်လေ့ရှိသည်ဟု ကြားဖူးသည်။ ထို့ ကြောင့် ကိုထွန်းမြအောင်မှာ သည်မီးခံ သေတ္တာကို ပင်ပင်ပန်းပန်း ကျောက် ခေါင်းတောင်ပေါ် ရောက်အောင် ာမ်းပို့ပြီးနောက် အသတ်လည်း ခံရ ာ့မှာပါလားဟု တွေးကာ ကြောက်ကြီး ကြောက်နေမိလေ၏။

အသေမခံဘဲ ဖြစ်သည့်နည်းနှင့် ရပေလိမ့်မည်ဟုလည်း ဆုံးဖြတ် ်ချထားလိုက်၏။

သို့သော်လည်း လက်ရှိတွင် မှုမလုပ်သာသေးပေ။ ဂျပန်စစ်ဗိုလ် ှာ ဓားတို ဓားရှည်၊ သေနတ်တို၊ တ်ရှည် အပြည့်အစုံ ရှိနေ၍ အသက်အန္တရာယ်နှင့် နီးစပ် ် ရှိနေလေသည်။

ထို့ကြောင့် နောက်မှ အခြေ ကိုကြည့်ပြီးသာ လှုပ်ရှား(ထွက် ည်ဟု ဆုံးဖြတ်ပြီး လက်ရှိတွင် စစ်ဗိုလ်ကြီး ဦးဆောင်ခေါ်ရာ မီးခံသေတ္တာကြီးကို တုတ်လျှို ရှေ့တစ်ယောက် နောက် ယောက်ထမ်းကာ ကျောက်ခေါင်း ကြီးဘက်ကိုသာ ဦးတည်ပြီး ကြလေသည်။

◈◈◈

ဂျပန် စစ်ဗိုလ်ကြီးသည် ယ်မြေသို့ ရောက်စကပင် ာင်များကို လှည့်လည်ပြီး ကိုထွန်းမြအောင်နှင့် အမဲလိုက်ရန် သွားထားဖူး၍ တောကျွမ်းလျက် ရှိ သည်။ ထို့ကြောင့်လည်း ကျောက် ခေါင်းတောင်တွင် ကျောက်ခေါင်းကြီး ရှိသည်ကို ကြိုသိနေခြင်းဖြစ်သည်။

ကျောက်ခေါင်းတောင်ပေါ်ကို တက်ကြရာတွင် လမ်းဟူ၍ တိတိကျ ကျမရှိဘဲ နီးစပ်ရာမှသာ အထမ်းကြီး နှင့် လျှောက်တက်ကြရသဖြင့် အလွန် အမင်း ပင်ပန်းလေသည်။ တောင် စောက်ပြီး သစ်တောကြီးကလည်း ထူထပ်သည်။ ထို့ကြောင့် နှစ်ယောက် လုံး ချွေးပြိုက်ပြိုက်ကျနေကြ၏။

ခက်ခဲပင်ပန်းစွာ အထမ်းကြီးနှင့် လျှောက်တက်ကြရသဖြင့် နှစ်နာရီမျှ ခရီးကို သုံးနာရီကျော် ကြာအောင် လျှောက်တက်ကြမှ ကျောက်ခေါင်း ကြီး၏ အနီးအနားသို့ ရောက်လာကြ လေသည်။

ကျောက်ခေါင်းကြီး၏ အထက် ကျောက်စရစ် ကမ်းပါးယံကြီးသို့ ရောက်လျှင် အဆင်ပြေမည့်နေရာတွင် မီးခံသေတ္တာကို ချထားလိုက်ပြီး ခဏ နားကြ၏။ နစ်နေသည့် ကိုယ်က ချွေး များကို သုတ်သင်ပြီး အမောအပန်း ဖြေကြ၏။ ဂျပန်စစ်ဗိုလ်ကြီးက ကိုထွန်း မြအောင်အား ကြည့်ပြီး ပြုံးလျှင် ကိုထွန်းမြအောင်လည်း အောင့်သက် သက်ဖြင့် ဝတ်ကျေတန်းကျေ ပြန်ပြုံးပြ လိုက်၏။

ထို့နောက် ကျောက်ခေါင်းကြီးကို အပေါ်စီးက ကြည့်ကြသည်။ ကျောက် ခေါင်းကြီးကို ကမ်းပါးထိပ်ကသာ လှမ်း ကြည့်ဖူးကြပြီး ကိုထွန်းမြအောင်ရော၊ ဂျပန်စစ်ဗိုလ်ကြီးပါ တစ်ယောက်မျှ အနားသို့ သွားမကြည့်ဘူးကြပေ။ ကျောက်ကမ်းပါးကြီး၏ အလယ်မှာ သာ ကျောက်ခေါင်းကြီးရှိနေ၍ အသွား ရခက်သောကြောင့် နယ်ခံဖြစ်သော ကိုထွန်းမြအောင်သည်ပင် ကျောက် ခေါင်းကြီးကို အဝေးကသာ မြင်ဖူးပြီး တစ်ခါမျှ အနားသို့ သွားမကြည့်ဘူးပေ။

"ကဲ - ထွန်းမြအောင် နွယ်ကြိုး တစ်ပင်ခုတ်ဖြတ်စမ်း"

ဟု ဂျပန်စစ်ဗိုလ်ကြီးက ခိုင်း၍ ကိုထွန်းမြအောင်သည် လက်ခါးနွယ် (ဆင်တုံးမနွယ်)တစ်ပင်ကို ခုတ်ဖြတ် ပြီး ပေးလိုက်၏။ နောက်တစ်စကို သစ်ပင်အမြစ်မှာ ချည်နှောင်ပြီး မီးခံ သေတ္တာကို လက်တစ်ဖက်ဖြင့် ထိန်း ကိုင်လျက် တစ်ဖက်က ကြိုးစကို လျှော့၍လျှော့၍ ကျောက်ခေါင်းကြီး ဆီသို့ ဆင်းသွားလေသည်။

သို့သော် လူနှစ်ယောက် တအား ထမ်းယူလာရသော မီးခံသေတ္တာကို မတ်စောက်သော ကျောက်ကမ်းပါးယံ ကြီး၌ တစ်ယောက်တည်း ထိန်းပြီး ဆင်းနေရသည့် ကိစ္စသည်ကား ထင်သ လောက် မလွယ်ကူပေ။ အစိက အားကိုးနေရသော နွယ်ကြိုးသည် လည်း စိတ်ချရသည်အထိ ခိုင်မာခြင်း မရှိရကား တစ်ခုသောနေရာတွင် ခြေ ချော်သဖြင့် နွယ်ကြိုးကို ဆောင့်ဆွဲ သလိုဖြစ်သွားကာ ထောင်းခနဲ ပြတ် ဆင်းသွားလေသည်။

"အား····"

"ဒုံး···ဒိုင်း···ဝှန်း···"

ဂျပန်စစ်ဗိုလ်ကြီး အော်ဟစ်သံ၊ မီးခံသေတ္တာ ကျောက်ခဲ၊ ကျောက်ဆိုင် များနှင့် တိုက်ဆောင့် ပြိုကွဲသံများ တောတန်း တောင်စွယ်များသို့တိုင် အောင်ပင် ဆူညံသွားလေသည်။ တခဏ တွင် ကိုထွန်းမြအောင်လည်း ရပ် တောင့်သွားပြီး မျက်လုံးများ ပြူးကျယ် ကာ ငေးနေမိသည်။ ထိုအချိန်၌ ဂျပန်စစ်ဗိုလ်ကြီးရော မီးခံသေတ္တာကြီး



www.burmeseclassic.com

www.burmeseclassic.com

ပါ ကျောက်ခေါင်းကြီးထဲသို့ ရောက်သွားကြလေပြီ။

တစ်အောင့်ကြာမှ ကိုထွန်းမြအောင်လည်း မေ့နေသော လူ တစ်ယောက်ကဲ့သို့ဖြစ်နေရာမှ သတိဝင်လာကာ ဉယျာဉ်တဲဘက်ဆီသို့ သုတ်ခြေတင်လေသည်။

◈◈◈

နောက်တစ်နေ့တွင် ဖြစ်၏။ ကိုထွန်းမြင့်အောင်သည် ညီဖြစ်သော အောင်သာလှအား ခေါ်ပြီး မီးခံသေတ္တာနှင့် ဂျပန်စစ်ဗိုလ်ကြီး၏ ဖြစ်ကြောင်းခြင်းရာကို ပြောပြလိုက်သောအခါ အောင်သာလှလည်း စိတ်ဝင်စားလေသည်။

"ဒါဆိုရင် အစ်ကို၊ အဲဒီ မီးခံသေတ္တာဟာ ရွှေ ငွေတွေထက် တန်ဖိုးကြီးတဲ့ ကျောက်သံ ပတ္တမြားတွေကို ထည့်ထားတာပဲ ဖြစ်မယ်ဗျ။ ဒါကြောင့်မို့လည်း အခြား ဂျပန်စစ်သားတွေကိုတောင် အသိမပေး၊ အဖော်လည်း ခေါ်မလာဘဲ သူ့တစ်ယောက်တည်း လျှို့လျှို့ဝှက်ဝှက်နဲ့ လုပ်တာ ဖြစ်နိုင်တယ်"

"သူတစ်ယောက်တည်း လုပ်ပုံကို ထောက်ကြည့်ရခြင်းအားဖြင့် ငါလည်း အဲလိုပဲ ယူဆတယ်။ သူကိစ္စအားလုံးပြီးရင် ငါ့ကိုပါ လက်စ,ဖျောက်ထားခဲ့ပြီး အဆင်ပြေတဲ့ တစ်နေ့မှာ သူ လာယူမယ်ဆိုတဲ့ သဘောမျိုးပဲ ဖြစ်မယ်ထင်တယ်ကွ"

"အတိအကျပေါ့။ ဒါ့အပြင် ဘာ ရှိမှာလဲ။ ဂျပန်စစ်ဗိုလ်ကြီး သူ့စရိတ်နဲ့သူ ရှောသွားတာကိုတောင် ကျေးဇူးတင်ရမှာ။ အဲလိုသာမဟုတ်ရင် အစ်ကို့ကို ကိစ္စချောပစ်မှာ သေချာတယ်"

"အရူးလားကွ။ ငါကလည်း ဘယ်အချောခံမလဲ။ အခုတော့ သူ့ဟာနဲ့သူ ချောသွားလို့သာပေါ့။ အဲလိုသာ မဟုတ်ရင်လည်း ဂျပန်စစ်ဗိုလ်ကြီး ကျောက်ခေါင်းထဲ ရောက်သွားတာနဲ့ ငါထွက်ပြေးဖို့ ဆုံးဖြတ်ပြီးသားပါ"

"ကဲ - အစ်ကို၊ ဒါဆိုရင် ကျွန်တော်တို့ အဲဒီကျောက်ခေါင်းကြီးကို သွားကြည့်ရအောင်။ ဂျပန်စစ်ဗိုလ်ကြီး မစားထိုက်တဲ့ ရတနာတွေကို ကျွန်တော်တို့ညီအစ်ကို စားထိုက်တာ သေချာသွားပြီ"

◈◈◈

ယုတ်စွအဆုံး၊ အိမ်သူ မိန်းမများကိုမျှပင် အသိမပေးဘဲ ညီအစ်ကိုနှစ်ယောက် ဉယျာဉ်တဲမှ တိတ်တဆိတ် ထွက်လာကြ၏။ အချိန်အားဖြင့်ကား မနက်စောစောဖြစ်သည်။ ခပ်သွက်သွက် လျှောက်လာကြသဖြင့် သစ်ရိပ်မှ နေ[illegible]ချိန်မှာပင် ကျောက်ကမ်းပါးယံကြီးထိပ်သို့ရောက်လာကြသည်။

သို့သော် ထင်သလိုကား ဖြစ်မလာခဲ့ပေ။ ကျောက်ကမ်းပါးယံကြီး ထိပ်မှ လှမ်းကြည့်လိုက်ကြရာ ကျောက်ခေါင်းဝမှ မျက်လုံးကြီးဝင်းဝင်းတောက်နေသော ရောမ မြွေကြီးတစ်ကောင် ခေါင်းပြူပြီးထွက်လာနေသည်ကိုသာ တွေ့လိုက်ကြရသဖြင့် ကြောက်လန့်ပြီး လာလမ်းအတိုင်း သုတ်ခြေတင်လိုက်ကြလေသည်။

◈◈◈

(စာကြွင်း။ ဦးထွန်းမြအောင်မှာ စာရေးသူ၏ အဘိုးဖြစ်ပြီး ဦးအောင်သာလှမှာလည်း စာရေးသူ၏ ဘိုးလေးတစ်ယောက်သာ ဖြစ်လေ၏။ ကျောက်ခေါင်းတောင်ဟူသည်မှာ စာရေးသူတို့ရွာ၏ မြောက်ဘက်တွင် ရှိ၏။ ရွာမှ ငါးမိုင်မျှ လှမ်း၏။ ထိုတောင်ကြီးကို တန်းတင်တောင်ကြီး၊ မဲတောင်ကြီး စသည်ဖြင့်လည်း ခေါ်ကြ၏။ အတော်လေးလည်း မြင့်၏။ ရခိုင်ရိုးမကြီး[illegible] တောင်လက်မောင်း ဖြစ်သောကြောင်[illegible] တောလည်း နက်၏။

ထို့နောက် ဆန်းကြယ်သော[illegible] အကြောင်းများမှာ (အဘိုး) ဦးထွန်းမြ[illegible] အောင်တို့ ညီအစ်ကိုသွားကြည့်ကြ[illegible] က တွေ့ခဲ့ရသော အကောင်ကြီး[illegible] မြွေကြီးမဟုတ်ဘဲ ရောမ ငါးကြီးတ[illegible] ကောင်သာဖြစ်သည်ဟု ဆိုကြသည်[illegible] အရပ်အခေါ် ငါးဖရုံကြီးသည် အမ[illegible] သို့ ထွက်၍ အစာရှာစားပြီးနော[illegible] ကျောက်ခေါင်းကြီးအတိုင်း လျှော[illegible] သွားပြီး ကျောက်ခေါင်းကြီးမှ ခေါ[illegible] ပိုင်းထွက်၍ နေဆာလှုံသည်ဟုလည်[illegible] အဆိုရှိသည်။

တစ်ခါက "ဦးဘဖြူ" အမည်[illegible] ရှိသော တံငါသည်ကြီးတစ်ယော[illegible] ထိုမဲကမ်းထောင်း ကျောက်ဆောင်[illegible] မှာ ထိုင်ပြီး ကျောက်ငါးများနေ[illegible] ရာ ရောမ ကျောက်ငါးကြီးတစ်ကော[illegible] ဆွဲသဖြင့် လွတ်မသွားစေရန်အတ[illegible] ငါးမျှားကြိုးကို အလျော့အတင်း[illegible] ပေးနေရင်းက ရေပေါ်ကို ငါးကြီး[illegible] လာနေပြီးမှ ထိုငါးဖရုံကြီး ရောက်[illegible] ပြီး ဆွဲသွားသည်ကို ကြုံလိုက်ရ[illegible] ဟု ဆို၏။

တစ်ခါကလည်း စခမ်း[illegible] သား တံငါကြီးတစ်ယောက် ထိုမဲ[illegible] ထောင်း ကျောက်ဆောင်ကြီး[illegible] ကျောက်ငါးများ၍ ဆွဲသောငါး[illegible] မည်သည့်ငါးကြီးမျိုး ဆွဲသည်[illegible] မတဘဲ လှေဦးပါ နစ်သွား၍ ငါး[illegible] တံကြီးကို လွှတ်ချထားခဲ့ပြီး ထွက်[illegible] လာရကြောင်းကိုလည်း တစ်ဆင့်[illegible] ဖူး၏။

မဲကမ်းထောင်းရွာနှင့် တစ်[illegible] တစ်ကမ်းတွင် အိမ်ခြေ လေး[illegible] ခန့်ရှိသော တပ်တောင်ရွာ[illegible]


www.burmeseclassic.com

www.burmeseclassic.com

၁၉၇၀ခုနှစ် ဝန်းကျင်ကဟု ထင်၏။ ထိုတပ်တောင်ရွာကြီးတွင် ပုလဲနှင့် ရေလုပ်ငန်း တည်ဆောက်၏။ ထိုအခါ ရေအောက်ကိရိယာဖြင့် အမ်းမြစ်ကို လေ့လာကြည့်ရာ ထိုငါးဖရုံကြီးကို တွေ့သွားသည်ဟု ဆို၏။

ထိုငါးဖရုံကြီးသည် အမ်းမြစ်၏ အထက်ဘက် နတ်ကျောက်ကြီးဝဲ သို့တိုင်အောင် လည်းကောင်း၊ အမ်းမြစ်၏ အောက်ဘက် ငမြတ် ကျောက်ဝဲ ဝါးတောင်မော်ဝဲ စသည်များ သို့တိုင်အောင် လည်းကောင်း၊ စုန်ဆန်သွားလာ လှုပ်ရှားလေ့ရှိသည်ကို တွေ့ရကြောင်း တစ်ဆင့်စကား ကြားဖူးသည်။

နောက်အကြောင်းတစ်ခုမှာ ထိုငါးကြီးသည် အေးသော ဆောင်းရာသီ၏ နံနက်အချိန်တွင် ကျောက်ခေါင်းတောင်ရှိ မူလကျောက်ခေါင်းကြီးမှ ကိုယ်တစ်ပိုင်းထွက်၍ နေပူဆာလှုံလေ့ရှိသည်ကို တောလုပ်သားများတွေ့ရှိရကြောင်းကိုလည်း ဆိုကြသည်။

ထိုအဆို၌ ၎င်းမှာ ငါးဖရုံကြီး မဟုတ်ကြောင်း၊ ရောမ မြွေကြီးတစ်ကောင်သာဖြစ်ကြောင်း စသည်ဖြင့်လည်း ဆိုကြပြန်သည်။ ဤသို့ဆိုလျှင် ကျောက်ခေါင်းတောင်ကြီး၏ ကျောက်ခေါင်းထဲက အကောင်သည် မြွေကြီးဖြစ်ပြီး မဲကမ်းထောင်းရွာအောက် ကျောက်ဆောင်ကြီး ခေါင်းထဲက အကောင်သည် ငါးဖရုံကြီးဖြစ်လေသလား။ ထိုနှစ်ကောင်သည်ပင် ကွဲပြားမှု ရှိလေသလား။

ငါးတစ်ကောင်၊ မြွေတစ်ကောင် စသည်ဖြင့်ပင် သီးခြားဖြစ်လေသလား၊ တစ်ကောင်တည်းကပင် ရေကို ဆင်းလျှင် ငါး၊ ကုန်းကို တက်လျှင် မြွေဟူ၍ပင် ဖြစ်သွားလေသလား၊ နားလည်ရန်ခက်၏။ ဤအဖြစ်သည် ရတနာပစ္စည်းများနှင့် တပ်ဦးအရာရှိကြီးတစ်ယောက်တို့မှ အစပြုပြီး ဆက်နွှယ်ဖြစ်တည်လာသောကြောင့်လည်း သာ၍ပင် နက်နဲသည်ဟု ထင်၏။

ထို့ကြောင့် ဤစာရေးသူသည်၊ ဤဖြစ်ရပ်ကို ဤမျှသာ ရေးသားတင်ပြနိုင်ပြီး အလုံးစုံကို ဉာဏ်မမီပါသဖြင့် ဂမ္ဘီရ ပညာရှင်များ၏ အရာသာလျှင် ဖြစ်ပေလိမ့်မည်ဟု ယူဆမိပါကြောင်း… ■

* * *

မင်းမှိန်းထိပ်


# ဆရာကြီးရာဇာဇော်ဝင်း (LL.B.)

ည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ



ရင်သွေးငယ်များနာမည်ပေးခြင်းကင်ပွန်းတပ်ရက်အခမဲ့ရွေးပေးခြင်းရှေးမူမပျက်နာမည်လှလှလေးများရွေးချယ်ပေးခြင်းရင်သွေးငယ်များဘဝတစ်သက်တာဟောစာတမ်းကုမ္ပဏီများနာမည်ရွေးခြင်းကုန်အမှတ်တံဆိပ်များအောက်ခံအရောင်စာလုံးများကုမ္ပဏီဖွင့်ပွဲအချိန်၊နာရီ၊နေ့ရက်များမြန်မာဇာတာအင်္ဂလန်ဇာတာမြန်မာဟောစာတမ်းအင်္ဂလိပ်ဟောစာတမ်းနိုင်ငံခြားမှမြန်မာများအတွက်နာမည်ပေးခြင်းစသည့်နာမည်ပေးပါရဂူဆရာကြီးတစ်ဦးဖြစ်ပါသည်(ဉာဏ်ပူဇော်ခ၇၀၀၀ကျပ်)သံတမန်ဝန်ထမ်းအင်္ဂလိပ်နာမည်နှင့်မိဘနာမည်တွဲဖက်၍အထူးဆောင်ရွက်ပေးခြင်း ကိုယ်ဝန်ဆောင်မိခင်များခွဲစိတ်မွေးဖွားမည့်ရက်ကောင်းရက်မြက်ကိုနာရီမိနစ်စက္ကန့်အပါအဝင်လိုအပ်သောယတြာများOGဆရာဝန်နှင့်တိုင်ပင်ပြီးပါကဆက်သွယ်နိုင်သည်လူကြီးများအတွက်ရက်လနှစ်ပိုင်းခြားထားသောဟောစာတမ်းများ လက္ခဏာဖြင့်ဟောခြင်း ဓါတ်ပုံဖြင့်ဟောခြင်း မွေးသက္ကရာဇ်ဖြင့်ဟောခြင်းအကြားအမြင်ဖြင့်ဟောခြင်းနိုင်ငံခြားသင်္ဘောသားများလိုင်းကောင်းကောင်းရစေရန်နိုင်ငံခြားသွားသူများမိမိရောက်သည့်နိုင်ငံတွင်အဆင်ပြေစေရန်ချစ်သူမောင်နှံများစုံတွဲဇာတာစစ်ဆေးခြင်းအကြွေးပြန်ရစေရန်အမှုနိုင်/မနိုင်ပညာရေးထူးချွန်မှုရှိ/မရှိအိမ်ထောင်ရေးတွင်အနှောင့်အယှက်များဖယ်ရှားပေးခြင်းရှုပ်ရှည်ချောမောသော်လည်းအဆင်မပြေဖြစ်နေသည်လူပျိုကြီးအပျိုကြီးများကံပွင့်အောင်ပြုလုပ်ခြင်းအိမ်ခြံကားရောင်းထွက်စေရန်ဆောင်ရွက်ပေးခြင်းအင်းပညာဝိဇ္ဇာအစီအရင်ပညာဓာတ်ရိုက်ဓါတ်ဆင်ပညာများဖြင့်ဆရာထံရောက်လျှင်သင်အောင်မြင်စေရမည်ဟုမှတ်ပါ(နှုတ်ဟောဉာဏ်ပူဇော်ခ၅၀၀၀ကျပ်)နာမည်ပေးခြင်းနှင့်ဟောစာတမ်းများ ဒီနေ့အပ်လျှင်မနက်ဖန်ရမည်နယ်သို့VPLဖြင့်လည်းကောင်းဉာဏ်မငွေလွှဲလျှင်ချက်ချင်းပို့ပေးမည်နယ်မှမွေးသက္ကရာဇ်နေရပ်လိပ်စာဖော်ပြ၍မေးမြန်းနိုင်ပါသည်ရန်ကုန်မြို့အတွင်းနာမည်ပေးနှင့်ဟောစာတမ်းများကိုငွေကြိုပေးစရာမလိုပဲပို့ပေးမည်ဖုန်းသာဆက်လိုက်ပါတိုက်(၄၆)မြေညီထပ်လမ်း(၉၀)မင်္ဂလာတောင်ညွန့်မြို့နယ်။(ပိတ်ရက်မရှိ) ☎ 01-394727, 0949 312100 , 0949 320960, 01-73009994, 0951 52521




www.burmeseclassic.com


www.burmeseclassic.com

# ထူးဆန်းထွေလာ ဤကမ္ဘာ

**မောင်လင်းအောင်**

### အာကာသထဲတွင် ကြီးထွားနှုန်း ပိုမြန်

အာကာသအတွင်းတွင် လူသားတို့သည် ကမ္ဘာမြေပြင်ပေါ်မှာထက် ကြီးထွားနှုန်း ပို၍မြန်ကြောင်း သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ကြသည်။ အာကာသထဲတွင် ကမ္ဘာ့မြေဆွဲအားနှုန်းသည် လူ့ခန္ဓာကိုယ်ပေါ်သို့ သက်ရောက်မှု မရှိသောကြောင့် လွတ်လပ်စွာ ကြီးထွားနိုင်ခြင်းဖြစ်သည်။ ကမ္ဘာပေါ်



ရှိ လူတစ်ဦး၏ ကြီးထွားနှုန်းနှင့် အာကာသတွင်းရှိ လူ၏ ကြီးထွားနှုန်းကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း စတင်မှတ်သားမှု ပြုပြီးချိန် အတိုင်းအတာတစ်ခုရောက်ပါက ယှဉ်လျက် တိုင်းတာကြည့်မည်ဆိုလျှင် အာကာသတွင်းရှိ လူသည် ကမ္ဘာမြေပြင်ပေါ်ရှိ လူထက် ၅စင်တီမီတာ (၂လက်မခန့်) ပိုကြီးထွားနေမည်ဖြစ်သည်။ အာကာသခရီးစဉ်တစ်ခုတွင် ထိုအချင်းအရာသည် ပြဿနာတစ်ခုဖြစ်ခဲ့ရပြီး အာကာသယာဉ်သည် ကြီးထွားနှုန်း ပို၍မြန်ဆန်လာသောကြောင့် ၎င်းတို့ ထိုင်သော ထိုင်ခုံများနှင့် မဆံ့ဖြစ်ခဲ့ရသည်။

### တောင်နှင့် မြောက် နေရာပြောင်းနိုင်သလော

ရှေးခေတ် ပင်လယ်ရေကြောင်းခရီးသွားများမှ အစပြု၍ ယနေ့ထက်တိုင်အောင် အရပ်ဒေသကို တိတိကျကျ သိလိုလျှင် သံလိုက်အိမ်မြှောင်ကို အားကိုးကြရသည်။ သံလိုက်အိမ်မြှောင် လက်တံသည် အမြဲ မြောက်အရပ် (မြောက်ဝင်ရိုးစွန်း)ကိုသာ ညွှန်ပြနေသည်။ လက်ရှိ သံလိုက်အိမ်မြှောင်
၏ သဘောတရားအရ မြောက်ဝင်ရိုးစွန်းအရပ်သည် က
မြောက်ခြမ်းရှိ အာတိတ် ရေခဲပြင်ဒေသ(Arctic)တွင်ဖြ
တောင်ဝင်ရိုးစွန်းဒေသသည် ကမ္ဘာ့တောင်ခြမ်း အန္တာ




ရေခဲပြင်ဒေသ(Antarctic)တွင် ရှိသည်။ သို့သော်
ဝင်ရိုးစွန်းနှစ်ခုသည် လွန်ခဲ့သော နှစ်ပေါင်း ၈၅သန်းအ
အကြိမ်ပေါင်း (၁၇၇)ကြိမ်မျှ နေရာပြောင်းလဲမှု ရှိခဲ့
ထို အချင်းအရာသည် ကမ္ဘာမြေပြင်အတွင်းပိုင်းရှိ အရ
လှုပ်ရှားခြင်းကြောင့် ဖြစ်သည်ဟု သိပ္ပံပညာရှင်များက
ထားကြသည်။ ဝင်ရိုးစွန်းနှစ်ဖက် ပြောင်းလဲချိန်တွင်
တောင်ဝင်ရိုးစွန်းဒေသသည် မြောက်ဝင်ရိုးစွန်းဖြစ်လာ
ဖြစ်ပြီး၊ တောင်ဝင်ရိုးစွန်းအရပ်သည်လည်း မြောက်ဝင်
အဖြစ် ပြောင်းလဲသွားမည်ဖြစ်သည်။

### သမုဒ္ဒရာအတွင်း လမ်းဆင်းလျှောက်ခြင်း

ရေခဲခေတ်များအကြောင်း ကြားဖူးကြမည်ဟု
သည်။ နေနှင့် ဝေးကွာသော ပတ်လမ်း ကျရော
ကမ္ဘာပေါ်တွင် ရေခဲခေတ်ဖြစ်ပွားလေ့ရှိသည်။ လွန်ခဲ့
နှစ်ပေါင်း တစ်သောင်းရှစ်ထောင်ခန့်က နောက်ဆုံး
ခဲ့သော ရေခဲခေတ်တွင် ပင်လယ်ရေမျက်နှာပြင်သည်
ပင်လယ်ရေမျက်နှာပြင်အောက် ပေပေါင်း ၃၃၀ခန့်
မီတာ) နိမ့်ကျခဲ့သည်။ ထိုရေခဲခေတ်တွင် ပင်လယ်
ရေအများစုသည် အေးခဲနေခြင်းကြောင့်ဖြစ်သည်။
မျက်မှောက်ခေတ်တွင် ပင်လယ်ရေခြားနေသော ဥ



www.burmeseclassic.com


www.burmeseclassic.com




ဒိုက်မကြီးနှင့် ဗြိတိန်ကျွန်းစုအကြား အာရှတိုက်နှင့် အမေရိကတိုက် အလာစကာပြည်နယ်တို့ကြားတွင် ဒီခေတ်အခါက ပင်လယ်ရေများရှိမနေဘဲ ကုန်းမြေပေါ်နေခဲ့သော ကုန်းလမ်းခရီးဖြင့် ဆက်သွယ်သွားလာနိုင်ခဲ့သည်။

### ကမ်းရိုးတန်းများမှ အာကာသတွင်းဆီသို့

ကမ္ဘာပေါ်တွင် ရှိရှိသမျှသော ကမ်းရိုးတန်းဒေသများ၊ ပင်လယ်ကမ်းခြေများ၊ ကျွန်းစုငယ်လေးများရှိ ကမ်းခြေများ၏



စုစည်းမိုင် စုစုပေါင်းသည် ကမ္ဘာမှ နေ၍ လအထိတိုင် အောင် ရောက်ရှိသွားနိုင်သည်။

### သဲပွင့်များထက် ပိုများသော ကြယ်စင်များ



သိပ္ပံပညာရှင်များ၏ အဆိုအရ အနန္တ စကြာဝဠာ အတွင်းရှိ ကြယ်စုစုပေါင်း၏ အရေအတွက်ထက်ပင် ပို၍ များနေသေးကြောင်း သိရသည်။

### သစ်ပင်ဘိုးအေကြီးများ

ကမ္ဘာပေါ်တွင် အကြီးဆုံးနှင့် အမြင့်ဆုံးသစ်ပင်ကြီး များအဖြစ် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယား ဒေသမြောက်ပိုင်းတွင် ပေါက်ရောက်သည့် 'Califoonia redwoods' အပင်ကြီးများကို သတ်မှတ်ကြသည်။ ပေ ပေါင်း ၃၆၀(၁၁၀မီတာ)အထိ မြင့်မားသော အဆိုပါ သစ်ပင် ကြီးများဖြစ်သည်။ ၁၉ရာစုအတွင်း ဩစတြေးလျတိုက်တွင်



ပေါက်ရောက်သည့် ရာဘာပင်မျိုးနွယ်ဝင် သစ်ပင်ကြီးများ သည် ပေ ၅၀၀(၁၅၀မီတာ)အထိ မြင့်မားခဲ့ကြောင်း သိရ သည်။ အမေရိကန်ပြည်ထောင်စု ကျောက်တောင်ထူထပ် သော အရပ်ဒေသများတွင် ပေါက်ရောက်လျက်ရှိသည့် ထင်းရှူး ပင်းမျိုးတစ်မျိုးသည် သက်တမ်း နှစ်ပေါင်း ၆၀၀ကျော်မျှ ရှိပြီဖြစ်သည်။




www.burmeseclassic.com

www.burmeseclassic.com

## ဝေလငါးများ၏ တေးသံစဉ်

ဝေလငါးများသည် တေးသီချင်းသံကဲ့သို့သော စူးစူးရှရှအသံမျိုးကို ပြုလုပ်တတ်ကြပြီး လူအများက ဝေလငါးတေးဂီတဟု ခေါ်ဝေါ်ကြသည်။ ဝေလငါးများ ဂီတသံ ပြုလုပ်




ချိန်သည် မိနစ် ၃၀ခန့်အထိ ကြာမြင့်တတ်ပြီး ဝေလငါးအချင်းချင်းသည် မိုင် ၁၀၀ ခန့်အကွာအဝေးမှပင် ကြားသိနိုင်သည်။

## သဘာဝ စွန့်ပစ်ပစ္စည်း

လူတစ်ဦးချင်းစီ၏ ခန္ဓာကိုယ်သည် နှစ်စဉ်နှစ်တိုင်း (၄ ကီလိုဂရမ်) အလေးချိန်ပမာဏမျှရှိသော အရေခွံပေါ်ရှိ






ဆဲလ် အသေများ၊ အရေအတွက် ၃၀၀၀၀ ခန့်ရှိ ဆံပင်များနှင့် ၅စင်တီမီတာ(၂လက်မ)ခန့်ရှည်သော လက်သည်းများကို စွန့်ပစ်လေ့ရှိသည်။

## အမြန်ဆုံး ဝိတ်ကျစေနည်း

ကမ္ဘာမြေကြီးသည် တိကျစွာ လုံးဝန်းခြင်း မရှိသော ကြောင့် ၎င်း၏ မြေဆွဲအားသည်လည်း တစ်နေရာနှ တစ်နေရာတွင် တူညီမှု မရှိပေ။ အကယ်၍ လူတစ်ဦးသည်




မြောက်ဝင်ရိုးစွန်းအရပ်ဘက်တွင် ၃၀ကီလိုဂရမ် (၆၆ပေါ အလေးချိန်ရှိခဲ့သော အရာဝတ္ထုတစ်ခုကို အီကွေတာ ဒေသတွင် ပြန်လည်ချိန်ကြည့်မည်ဆိုပါက (၂၉ ကီလိုဂရမ် (၆၅·၈ပေါင်)သာ ရှိတော့မည်ဖြစ်သည်။

## နှစ်ပေါင်း ၅၀ ကြာမြင့်ပြီးနောက်

သားအဖနှစ်ဦးသည် ငယ်ရွယ်စဉ်က ဓာတ်ပုံရိုက် သည့် နေရာ၌ပင် နှစ်ပေါင်း ၅၀ ကြာမြင့်ပြီးနောက်




ဓာတ်ပုံရိုက်ယူခဲ့ကြခြင်းဖြစ်သည်။

## နေချင့်စဖွယ် ချစ်စရာအိမ်လေးများ

ဂျာမနီနိုင်ငံရှိ ကာတွန်းရုပ်လေးများဖြင့် အလှ


www.burmeseclassic.com



သာ နေချင့်စဖွယ် ချစ်စရာအိမ်လေးများပုံဖြစ်သည်။

**ကမ္ဘာ့အကြီးဆုံး ယုန်ကြီး**


ပုံတွင်မြင်တွေ့ရသော ယုန်ကြီးသည် Guiness ကမ္ဘာ့



တ်တမ်းစာအုပ်ကြီးတွင် ကမ္ဘာ့အကြီးဆုံး ယုန်ကြီးအဖြစ် တ်တမ်းဝင်ခဲ့သည်။

**ဘိုးသက်ရှည် ဘွားသက်ရှည်တို့ တိုင်းပြည်**


ဂျပန်နိုင်ငံတွင် အသက် ၁၀၀နှင့်အထက် သက်ကြီး




အဘိုးအဘွားပေါင်း ငါးသောင်းကျော်မျှရှိသည်ဟု မှတ်တမ်းများအရ သိရသည်။

**စိမ့်အေးတဲ့ ဝါးရုံတောလေး**

ဂျပန်နိုင်ငံ ကျိုတို(Kyoto)မြို့အနီးရှိ 'Sa go no'




ဝါးရုံတောလေးသည် ကမ္ဘာ့အလှဆုံး ဝါးရုံတောများတွင် တစ်ခုအပါအဝင်ဖြစ်သည်။

**သင်ဟာ လူချမ်းသာတစ်ယောက်ပါ**

သင့်ထဲတွင် စားစရာများကို တာရှည်ခံစေရန် သိမ်းဆည်းနိုင်သည့် ရေခဲသေတ္တာတစ်လုံး၊ အဝတ်အစားများကို စနစ်တကျ ခေါက်သိမ်းနိုင်သည့် ဗီရို၊ ဇိမ်ကျကျ အိပ်စက်အနားယူနိုင်မည့် ခုတင်တစ်လုံးနှင့် လေဒဏ်မိုးဒဏ် ခံနိုင်ရည်ရှိသော အမိုးအကာလုံခြုံသည့် အိမ်လေးတစ်လုံး


www.burmeseclassic.com




အစရှိသည်တို့ကို ပိုင်ဆိုင်သူဖြစ်က သင်သည် ကမ္ဘာ့လူဦးရေ၏ ၇၅ရာခိုင်နှုန်းထက် ပိုချမ်းသာသူတစ်ဦးဖြစ်သည်။ စားစရာ၊ ဝတ်စရာ၊ နေစရာပင် မရှိလောက်အောင်ပင် ဆင်းရဲသူများ၊ အငတ်ဘေးကြုံတွေ့နေရသည့် ငတ်မွတ်ခေါင်းပါးသူများ ကမ္ဘာပေါ်တွင် မြောက်များစွာ ရှိနေသည်ကို မမေ့ပါနှင့်။ လောကကြီးသည် နေတတ်လျှင် ကျေနပ်စရာချည်းပါ။

## ဆင်တို့၏ ဦးနှောက်

ဆင်တစ်ကောင်၏ အလေးချိန်သည် သာမန်လူသားတစ်ယောက် ကိုယ်အလေးချိန်ထက် အဆ ၁၀၀ကျော်မျှ ပိုလေးသော်လည်း၊ ၎င်းတို့၏ ဦးနှောက်ထက် ၅ဆမျှသာ




ပိုလေးကြောင်း လေ့လာတွေ့ရှိရသည်။

## ဆွဲခြင်းတောင်းပုံ အဆောက်အအုံ

အမေရိကန်ပြည်ထောင်စု 'Ohio' ပြည်နယ်တွင်
သော The Longaberger Basket ကုမ္ပဏီ ပိုင်
သော ဆွဲခြင်းတောင်းပုံအဆောက်အအုံကို ဒေါ်လာ




၃၀မျှ အကုန်အကျခံကာ ၂နှစ်ကျော်ကြာ အချိန်ယူ
ဆောက်ခဲ့ရသည်။

## သားလောင်း လင်းပိုင်လေး

မိခင် လင်းပိုင်မကြီး၏ သားအိမ်ထဲရှိ လင်းပိုင်
လေး၏ ပုံဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## လက်ဝဲကပ်မောင်းစနစ်မှ လက်ယာကပ်မောင်း စနစ်သို့ ကူးပြောင်းလေသောအခါ

၁၉၆၇ ခုနှစ်၊ ဆွီဒင်နိုင်ငံတွင် လက်ဝဲကပ်မောင်း စနစ်မှ လက်ယာကပ်မောင်းစနစ်သို့ စတင် ကူးပြောင်းချိန်



တွင် ကျင့်သားမရသေးဘဲ ကားများ ကမောက်ကမ ဖြစ်ခဲ့ ပုံဖြစ်သည်။

## မိန်းမ အာနိလ်း

ရုရှားနိုင်ငံရှိ အသက် ၁၇နှစ်အရွယ် မိန်းကလေး တစ်ဦး၏ ပုံဖြစ်သည်၊ သူမသည် အရုပ်မလေးသဖွယ် လှပ သော မျက်နှာလေး ပိုင်ဆိုင်ထားသော်လည်း ကိုယ်ကာယ



လေ့ကျင့်ခန်းများကို အပြင်းအထန်လေ့ကျင့်ထားသော ကြောင့် ကိုယ်ခန္ဓာမှာ အားနီးကဲ့သို့ပုံ ဖြစ်နေရသည်။ သူမသည် အလေးမ အားကစားမယ်တစ်ဦးလည်း ဖြစ် သည်■

* * *

မောင်လင်းအောင်

မဂ္ဂဇင်း

အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၁။

www.burmeseclassic.com

# ၂၀၁၃ ဒီဇင်ဘာလအတွက်

# ကံကောင်းစေမည့် အကြံပြု စာမျက်နှာ

ခေတ္တရာ ဆရာကျော်

ဒီစာမျက်နှာဟာ သင့်အတွက် ကံကော[illegible] အကြံပြု စာမျက်နှာဖြစ်ပါတယ်။ ပင်လယ်ပြင်မှာ မှန်တိုင်းထတဲ့[illegible] သံလိုက်အိမ်မြှောင်က တောင်-မြောက် လမ်းညွှန်ပြသလို၊ သင့်ဘဝကံအတွက် အထောက်အကူပြုပါလိမ့်မယ်။

"မီးနှင့် တူသော ဆန္ဒနှင့်၊ ရေနှင့်တူသော ဇွဲတို့သည် စက်နှင့်တူသော အခြေအနေကောင်း၌ ပေါင်းစည်းမိကြခြင်း[illegible] ဖြင့် ရေနွေးငွေ့နှင့်တူသော ငွေများ ပေါ်ထွက်လာခြင်းဖြစ်သည်။"

*(မိုက်ကယ်ဗီး[illegible]*

## ၂၀၁၃၊ ဒီဇင်ဘာလ စန်းပွင့်ရက်များ

| | |
|---|---|
| ၁၊ ၈၊ ၉၊ ၁၇၊ ၁၈၊ ၁၉၊ ၂၇၊ ၂၈ ရက်များ | အနောက်အရပ် စန်းပွင့်သည်။ |
| ၂၊ ၃၊ ၁၀ ၁၁၊ ၂၀၊ ၂၁၊ ၂၉၊ ၃၀ ရက်များ | မြောက်အရပ် စန်းပွင့်သည်။ |
| ၄၊ ၅၊ ၁၂၊ ၁၃၊ ၁၄၊ ၂၂၊ ၂၃၊ ၃၁ ရက်များ | အရှေ့အရပ် စန်းပွင့်သည်။ |
| ၆၊ ၇၊ ၁၅၊ ၁၆၊ ၂၄၊ ၂၅၊ ၂၆ ရက်များ | တောင်အရပ် စန်းပွင့်သည်။ |

အထက်ဖော်ပြပါ ဇယားကွက်အတွင်းရှိ ရက်များမှာ ဆိုင်ရာ စန်းပွင့်ရက်များကို ဖော်ပြပေးထားခြင်းဖြစ်[illegible] ညာဏ်ရှိသလို အသုံးပြုနိုင်ပါသည်။ အရေးတကြီးကိစ္စရပ်များအတွက် စန်းပွင့်အရပ်ဘက် မျက်နှာမူပြီး အကြံအစည်[illegible] ရှေ့လများတွင် သုံးစွဲပုံများနှင့် စပ်ပြီး ရေးသားဖော်ပြပြီးဖြစ်လေရာ ရှာဖွေကြည့်ရှုနိုင်ပါသည်။


စန်းသည် မိဿ၊ သိဟ်၊ ဓနုရာသီများတွင် ရှိပါက အရှေ့အရပ် စန်းပွင့်သည်။ ပြိဿ၊ ကန်၊ မကာရတွင် [illegible] တောင်အရပ် စန်းပွင့်သည်။ မေထုန်၊ တူ၊ ကုမ်ရာသီများတွင် ရှိပါက အနောက်အရပ် စန်းပွင့်သည်။ ကရကဋ်[illegible] မိန်တွင် ရှိပါက မြောက်အရပ် စန်းပွင့်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ထီကံ




ဤဇာတာသည် သူဌေးလောင်းရွှေးမည့် ကောဇာ ဇာတာဖြစ်သည်။ (၁၊ ၂၊ ၀၊ ၈)ဂဏန်းများ များများပါအောင် ...ပါ။ အဓိဋ္ဌာန် အာရုံယူ ဂဏန်းမှာ (၅၊ ၉)ဖြစ်သည်။

### ...တနာအဆောင်

ဤလတွင် ဂေါမိတ် (သို့မဟုတ်) နီလာကို အဆောင်ပြုပါ။ ဂေါမိတ်သည် အခက်အခဲကို ကျော်ဖြတ်နိုင်သောအစွမ်း ... ပေးပါမည်။

### ...ငွေကြေးကံ ပွင့်လန်းရန်

အလှူခံပုံးများထဲသို့ တစ်လလုံး တစ်ရက်မပျက် အဓိဋ္ဌာန်ပြု၍ ငွေကြေးလှူဒါန်းပါ။

### ...ဆေး ယတြာ

နီးစပ်ရာ ဘုန်းကြီးကျောင်းမှ သံဃာတော်များကို တစ်ခါသုံး ဂျုတ်(ခေါင်းရိတ်ဓား) ၁၀-ချောင်း လှူပါ။

### ...ကြံပြု ယတြာ

ခုနစ်ရက်သားသမီးများအားလုံး ခုနစ်ရက်သားသမီးများအား သောက်ရေသန့် လှူပေးပါ။

* * *

ဗေဒင်ဆရာ ဆရာကျော်



www.burmeseclassic.com

www.burmeseclassic.com

# ရှားစောင်းလက်ပပ်နှင့် ရောဂါအမျိုးမျိုး

မင်းကျော်နိုင်

ကျွန်ုပ်သည် တစ်နေ့သောအခါတွင် မိတ်ဆွေဖြစ်သူ ကိုသက်တင်အိမ်သို့ လမ်းကြုံသဖြင့် သွားရောက်လည်ပတ်ရာ သူ၏ အိမ်ရှေ့တွင် စင်ပြုလုပ်ပြီး ရှားစောင်းလက်ပပ်ပင်များ စိုက်ပျိုးထားသည်ကို တွေ့ရသော် ကျွန်ုပ်က…

"ကိုသက်တင်…ရှားစောင်းပင်တွေက များလှချည်လားဗျ"

"ရှားစောင်းလက်ပပ်ပင်ရဲ့ အသုံးဝင်ပုံကို ခင်ဗျား မသိသေးလို့ ဖြစ်ပါလိမ့်မယ်"

"ဒီလောက်လည်း မဟုတ်သေးပါဘူးဗျာ။ အထင်မသေးပါနဲ့၊ ကျွန်တော်လည်း သိသင့်သလောက်တော့ သိပါတယ်"

ကိုသက်တင်သည် ရုံးဝန်ထမ်းတစ်ဦးဖြစ်သော်လည်း တိုင်းရင်းဆေးဆရာတစ်ပိုင်းလည်း ဖြစ်သည်။ တော်ရုံတန်ရုံ ရောဂါများဆိုလျှင် သူ့ထံသို့သွားပြီး ကုသရာ ပျောက်သွားတတ်သဖြင့် ဆရာ သက်တင်ဆိုသော အမည်သညာခေါ်စရာကား ရပ်ကွက်ထဲတွင် အမည်တွင်လာခဲ့သည်။

"ရှားစောင်းလက်ပပ်ကို အခွံခွာပြီး မျက်စိကို အုပ်ပေးလျှင် မျက်စိအပူထွက်တယ်ဗျ။ အထူးအားဖြင့် ဂဏ်စ်ဆော်တဲ့ လူတွေအတွက် ပိုအသုံးဝင်တယ်ဗျ။ ဂက်စ်ငွေ့က မျက်လုံးကို ကန်းစေတဲ့အထိ ထိခိုက်တတ်တယ်။ ညအိပ်ခါနီးလျှင် ရှားစောင်းလက်ပပ်ကို အပေါ်အခွံခွာပြီး စည်းပေးရင် သက်သာတယ်ဗျ။ နောက်ပြီး ရေနွေးပူလောင်ခြင်း၊ မီးလောင်ခြင်းများကိုလည်း ထုထောင်းပြီး အနာပေါ်

ပေးရင် နှစ်ရက်သုံးရက်နဲ့ ပျောက်ကင်းစေတယ်။ ယော

ဒူလာ၊ မိန်းမ မီးယပ်ဆိုတဲ့ ရောဂါကို ခင်ဗျားကြားဖူး

ဗျာ။ အဲဒီရှားစောင်းလက်ပတ်ကို အပေါ်အမြေးပါး

ဆန်ဆေးရေထဲ တစ်ညစိမ်ပြီး သောက်လျှင် ရောဂါသ

ပျောက်ကင်းစေတယ်။ ခန္ဓာကိုယ်မှ ထွက်တဲ့ အဖု

အနာတွေအပြင် အလွန်ဆိုးရွားတဲ့ လိင်ထိပ်ဖျားမှာ

တတ်တဲ့ ခူနာဆိုတဲ့ ရောဂါတစ်မျိုးကို ရှားစောင်းလ

ကို ထုထောင်းပြီး တစ်နေ့ သုံးကြိမ်စည်းပေးရင် သုံး

ရက်နဲ့ သက်သာပျောက်ကင်းစေတယ်။ ရှားစောင်းလ

ကို သတ္တုရည်ညှစ်ပြီး နှမ်းဆီနဲ့ ရောလိမ်းလျှင်လည်း

ပတ်ခြင်းကို ပျောက်ကင်းစေတဲ့အပြင် အသားအရေ

အလွန်ချောမွေ့ပြီး လှပစေတယ်ဗျ"

"ခင်ဗျားရဲ့ ရှားစောင်းလက်ပပ်က ရောဂါ

များများကို ပျောက်စေတာပဲဗျ။ ကျွန်တော်သိတာ

တစ်မျိုး နှစ်မျိုးလောက်ပဲ သိတယ်ဗျာ။ ကျွန်တော်

စိုက်ဦးမှပဲ" ဟုဆိုပြီး အပင်နှစ်ပင်သုံးပင် တောင်းယူ

အိမ်တွင် စိုက်ပျိုးထားပြီး စာဖတ်သူ ပရိသတ်များ အသုံး

ရန် ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းမှတစ်ဆင့် တင်ပြရေးသား

သည်□

* * *



www.burmeseclassic.com

www.burmeseclassic.com

# ဂျပန်

ဆေးစွမ်းကောင်းများ

- ဂျပန်နားသန့်ဆေးကြီး
- ဂျပန်နားရောဂါပျောက်ဆေးကြီး
- ဂျပန်မျက်စိကြည်ဆေးကြီး
- ဂျပန်မျက်စိရောဂါပျောက်ဆေးကြီး
- ဂျပန်သွားရောဂါပျောက်ဆေးကြီး
- ဂျပန်နှာခေါင်းရောဂါပျောက်ဆေးကြီး



အစလ မှတ်ပုံတင်အမှတ် အစ [illegible]၂(၁၀၂၉၆)
လင မှတ်ပုံတင်အမှတ် ၄/၁၄၅၉

အမြို့မြို့ဆိုင်တိုင်းမှာမေးဝယ်ပါ
www.burmeseclassic.com

www.burmeseclassic.com

ဒေဝ ဖြိုးကြိုင်

<ဥက္ကာ>

# မထင်မှတ်သော နေ့ရက်များ



မထင်မှတ်တဲ့ အချိန်၊ မထင်မှတ်တဲ့ နေရာ၊ မထင်မှတ်တဲ့ စကားတစ်ခွန်း (သို့မဟုတ်) မထင်မှတ်တဲ့ အကြောင်းအရာတစ်ခုကြောင့် မထင်မှတ်တဲ့ ဖြစ်ရပ်လေးတွေ ဖြစ်ပေါ်တတ်တယ်ဆိုတာ ကျွန်တော့်ဘဝမှာ ကိုယ်တွေ့ကြုံလိုက်ရတော့မှ သြော်…လူ့ဘုံ၊ လူ့ဘဝ၊ လူ့လောကဟူသည် မထင်မှတ်တဲ့ ဖြစ်ရပ်တွေနဲ့ ဝန်းရံပြည့်နှက်နေပါလားလို့ တွေ့မြင် ခံစားလိုက်ရပါတယ်။ ဒါကလည်း အသိတရားနဲ့ သတိထားကြည့်မှ သိနိုင်တာမျိုးပါ။ လူတိုင်း လူတိုင်း တစ်မျိုးမဟုတ်တစ်မျိုး ဖြစ်ရပ်အမျိုးမျိုးနဲ့ နေ့စဉ် ကြုံတွေ့နေကြတာ အမှန်ပါ။ သို့သော်လည်း သတိမရှိကြတော့ အသိမရှိဖြစ်နေကြတယ် ထင်ပါရဲ့။ ဥပမာဆိုရင် မိမိကိုယ်ပေါ်မှာ စက္ကန့် နာရီနှင့်အမျှ ပြောင်းလဲနေတဲ့ မမြဲခြင်း သဘောတရားတွေ အစဉ်ဖြစ်ပေါ်နေပေမယ့် သိသူနဲ့ မသိသူ၊ သိသူက အလွန်နည်းပါတယ်။ ဒါက ကျွန်တော်အပါအဝင်ဆိုပါတော့။ အဲဒီ တစ်ချက်ချက်နဲ့

www.burmeseclassic.com

www.burmeseclassic.com

တစ်ရက် တစ်ရက် ပြောင်းလဲရွေ့လျားနေတဲ့ နာရီလက်တံလေးတွေဟာ တကယ်တော့ ပြီးဆုံးခြင်းဆိုတဲ့ ဆုံးရှုံးမှုအချိန်တွေကို သယ်ဆောင်ရင်း ဘဝတစ်ခုရဲ့ နောက်ဆုံးနေ့၊ နောက်ဆုံးအချိန်တွေကို ညွှန်းဆို ဖော်ပြနေခြင်းပဲ ဖြစ်ပါတယ်။ တကယ်တွေးကြည့်ရင် ရင်လေးစရာ၊ ကြောက်လန့်စရာကောင်းလှတဲ့ နေ့ရက်၊ အချိန်၊ နာရီတွေပဲ



ဖြစ်ပါတယ်။

ဘဝတစ်ခုရဲ့ အစနဲ့ အဆုံးကြားမှာ ကွက်လပ်များစွာရှိပါတယ်။ အဲဒီကွက်လပ်တွေကတော့ ကောင်းမှုနဲ့ မကောင်းမှုဆိုတဲ့ ကွက်လပ်နှစ်ခုပါ။ ကောင်းမှုများတဲ့ ကွက်လပ်တွေက မကောင်းမှုများတဲ့ ကွက်လပ်တွေထက် ကောင်းမှုအကျိုးကို ပိုမိုခံစားရမှာ ဖြစ်ပါတယ်။ ဆိုရရင် နိဗ္ဗာန်နဲ့ ငရဲ ဘယ်လိုလဲ ဆိုတာပါပဲ။

အဲဒီ ဘယ်လိုလဲ ဆိုတာကို အသိတရားနဲ့ သတိထားမိသူတစ်ဦး ကျွန်တော့်ဘဝမှာ ကိုယ်တွေ့ကြုံခဲ့ဖူးပါတယ်။ ဒါကလည်း တစ်သက်မှာ တစ်ခါ(တစ်ကြိမ်)သာ ကြုံဖူးခဲ့တဲ့ ဖြစ်ရပ်မှန်တစ်ခုပါ။ နောက်ထပ် ကြုံတွေ့နိုင်စရာ မမျှော်လင့်ရဲတဲ့ ရှားရှားပါးပါး ဖြစ်ရပ်ဆန်းတစ်ခုလို့လည်း ထင်ပါတယ်။ ပိုပြီးစိတ်ဝင်စားဖို့ ကောင်းတာက အဲဒီဖြစ်ရပ်လေးကို စတင်ခဲ့သူက မမြင်အပ်တဲ့ ပရလောကသားတစ်ဦး ဖြစ်နေလို့ပါပဲ။ သူနဲ့ ပတ်သက်ပြီး ဆက်နွယ်လို့ ဖြစ်တည်ခဲ့တာပါ။ အကြောင်းဆိုရသော် မထင်မှတ်တဲ့ အချိန်၊ မထင်မှတ်တဲ့ နေရာ၊ မထင်မှတ်တဲ့ စကားတစ်ခွန်း၊ မထင်မှတ်တဲ့ ပြောင်းလဲမှုတစ်ခုဆိုသော်လည်း . . .

◈◈◈

www.burmeseclassic.com

www.burmeseclassic.com

ည…ညဆို သူရောက်လာပါတယ်။ ဘာရယ်လို့ မသိဘူး။ ခြေသံတဖျပ်ဖျပ်နဲ့ ကြံရာ တွေ့ရာ ပစ္စည်းတစ်ခုခုကို တွန်းထိုးတွန်းတိုက် ပြုလုပ်သွားတတ်ပါတယ်။ ထကြည့်ရင် ဘာမှမတွေ့ရပါဘူး။ ဒါက တစ်ညဆို သုံးလေးကြိမ်ပါ။ ကြာလာတော့ ကျွန်တော့်စိတ်မှာ ပုထုဇဉ်လူသားတစ်ဦးပီပီ စိတ်ဆိုး စိတ်ညစ်လာပါတယ်။ ဆိုးတာက အိပ်ရေးပျက်ရင် ကျွန်တော် ခေါင်းမူးတတ်ပါတယ်။ ဒါကြောင့်လည်း ဘာလုပ်ရရင် ကောင်းမလဲလို့ အမြဲတွေးနေမိပါတယ်။ ကြမ်းရမလား၊ နုရမလားပေါ့။ ကြမ်းရအောင်လည်း သူ့ကို ကိုယ်က မတွေ့ရ၊ မမြင်ရဆိုတော့ ခက်သားလား။ နုရအောင်လည်း ကျွန်တော် ညစဉ် ဘုရားရှိခိုး၊ ပုတီးစိပ်၊ အမျှဝေ၊ မေတ္တာပို့ပြီးမှ အိပ်တတ်သူပါ။ ခုလို ခရီးထွက်ပြီး တစ်နယ်တစ်ကျေးမှာ အလုပ်လုပ်တဲ့ အချိန်တွေဆိုရင် ပိုပြီး နိစ္စပတ်ဝတ် မြဲပါတယ်။ သူ့ကို ရည်မှန်းပြီး မေတ္တာပို့ပါတယ်။ အနှောင့်အယှက် မပြုဖို့၊ ပြီးတော့ ကျွန်တော်တို့တစ်တွေက ဧည့်သည်တွေပါ၊ အမှားရှိရင်လည်း သည်းခံခွင့်လွှတ်ဖို့ အကြိမ်ကြိမ် တောင်းပန်ခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမယ့် ညစဉ်ညတိုင်း သူလုပ်နေကျအလုပ်တွေကို ပြုလုပ်မြဲ ပြုလုပ်ဆဲပါ။ ခက်ပြီ၊ ကျွန်တော် ဘာဆက်လုပ်ရမည် မသိတော့။

ဒီလိုနဲ့ အတွေးတွေ ချာချာလည်နေတုန်း ဖြုန်းဆို မထင်မှတ်ဘဲ ကျွန်တော့်ဖေဖေ တစ်ချိန်က ပြောဖူးခဲ့တဲ့ စကားလေးတစ်ခွန်းကို ပြန်ပြီး အမှတ်ရလိုက်မိပါတယ်။ ဒါက ပရလောကသားတွေဆိုတာ တချို့က အမျှအတန်းလိုတယ်။ သူတို့အတွက် ရည်စူးတဲ့ ကောင်းမှုကုသိုလ်တွေနဲ့ အမျှအတန်းကို စောင့်နေကြတယ်။ ကျွတ်ချိန်တန်တဲ့ ပုဂ္ဂိုလ်တွေဆိုရင် သူတို့အတွက် ကောင်းမှုပြုမဲ့ ပုဂ္ဂိုလ်တွေကို ငံ့လင့်နေကြတယ်ဆိုတဲ့ စကားသံတွေပါပဲ။ အဲ - ဟုတ်ပြီ၊ ငါမေ့နေလိုက်တာ။ ဒီပုဂ္ဂိုလ် ဒါလိုသလား မသိ၊ ဟုတ်ပြီလို့သာ ကျွန်တော်တစ်ယောက်တည်း တွေးတော ဝမ်းသာနေမိပါတယ်။

အဖြေကတော့ ရခဲ့ပါပြီ။ သို့သော် ဒီအဖြေကို အကောင်အထည်ဖော်ဖို့ကျတော့ ခက်နေပြန်ပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ ခုရောက်နေတဲ့ နေရာက မြို့နဲ့ ၁၀မိုင်လောက် ဝေးပါတယ်။ ပြီးတော့ လူသူမနီးတဲ့ နေရာတစ်ခုပါ။ ဝန်းကျင်မှာက မြေပြန့်တွေရယ်၊ ခင်တန်းတွေရယ်၊ ကုန်းမြင့်ကမူတွေနဲ့ သစ်ပင်ကြီးငယ် တောင်အသွယ်သွယ်သာ ဝန်းရံထားလေတော့ ဘုန်းကြီးမရှိ၊ ကျောင်းနတ္ထိမို့ ဘယ်လိုလုပ်ရပါ့လို့ တွေးတောရင်း သက်ပြင်းအကြိမ်ကြိမ်ချနေမိပါတယ်။

ခက်တာက ကျွန်တော်တို့မှာ သုံးစရာ ကားမရှိတာပါ။ ၁၅ရက်မှ တစ်ကြိမ်သာ ဈေးဝယ်ထွက်ဖို့ ကားရပါတယ်။ ကျွန်တော်တို့ စီမံကိန်းဆိုတာ ဒီလိုပါပဲ။ မြို့နဲ့ ဝေးတဲ့ အရပ်၊ ပြီးတော့ မြို့ခွန် မြို့ဖျား၊ တစ်ခါတစ်ရံ တောတောင်တွေကြား လှုပ်ရှားနေရတဲ့ ဘဝမျိုးဆိုတော့ ကိုယ်ပြုသမျှကံ ကိုယ်သာ ခံပေါ့။ သို့သော် ကျွန်တော် ဇွဲမလျှော့ပါ။ ဖြစ်ချိန်တန်ရင် ဖြစ်ရမယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ ကြိုးစားနေတုန်း ဖြုန်းဆို မျှော်လင့်ချက် ရောင်ခြည်အလင်းရောင်တန်းလေး သမ်းခဲ့ပါတယ်။ ကျွန်တော်တို့နဲ့ တစ်မိုင်လောက် ဝေးတဲ့ တောထဲမှာ ရဟန်းတစ်ပါး သီတင်းသုံး တရားအားထုတ်နေတယ်ဆို…

သတင်းစကားပါပဲ။ ဒီသတင်းကို ယူ… သူက ကျွန်တော်တို့နဲ့ ပါလာတဲ့ မြ… လူ ကိုစိုးဖြစ်ပါတယ်။ သူက ငှက်… ဝါသနာပါတယ်။ တစ်နေ့ လေးသေ… တစ်လက်နဲ့ ငှက်ပစ်ထွက် ဟင်းစာ… ရင်း တဖြည်းဖြည်း ဝေးမှန်းမသိ … သွားခဲ့တာ အဲဒီ ရဟန်းတော်နဲ့ တွေ့… အကြောင်းဖန်ခဲ့ပါတယ်။

သူက "ဆရာသွားချင်… ကျွန်တော်လိုက်ပို့မယ်" ဆိုတော… ကျွန်တော်ဝမ်းသာလိုက်တာ။

"ကဲ…ဒါဆို ခုပဲ လိုက်ပို့ကွာ… အကျိုးအကြောင်းပြောပြီး ငါဆွမ်း… ပင့်မယ်။ ဖြစ်ရန်, မဖြစ်ရန်ကတော့ သူ… ကံ ကိုယ့်ကံပေါ့။ ကဲ - ကြာပါတ… ကွာ၊ လာ - သွားကြစို့"

ဆိုပြီး ကျွန်တော် မျှော်လင့်ခြ… ဝမ်းသာခြင်းဆိုတဲ့ ခြေလှမ်းတွေနဲ့အ… ခပ်သွက်သွက် ရှေ့က လှမ်းထွက်ခဲ့… တယ်။

"ဆရာ…ကျွန်တော့်ကို စော… ပါဦး၊ စောင့်ပါဦး ဆရာ"

ဆိုတဲ့ ကိုစိုးစကားသံကို ကြ… လိုက်ရတော့မှ…

"အို…ဟုတ်ပါရဲ့ ငါမှ လ… မသိတာကိုး"

လို့ တွေးရင်း လှမ်းနေတဲ့ … အစုံကို ရပ်လို့ ကျွန်တော်တစ်ချက်… လိုက်မိပါတယ်။

◈◈◈

ဆရာတော့်ဆီက ပြန်လာတော… တောင်စွယ်မှာ နေကွယ်ခဲ့ပါပြီ။ ဆ… တော်က သတ္တဝါတွေအပေါ် သ… ကရုဏာ မေတ္တာစေတနာတွေ ထာ… ကြွခဲ့မယ်ဆိုတော့ ကျွန်တော် ဝမ်းသ… လိုက်တာ ဖော်ပြဖို့ စကာ… သလောက်ပါပဲ။

www.burmeseclassic.com

"ကျုပ်ကို လာမကြိုနဲ့။ ကျုပ် အစီအစဉ်နဲ့ ကျုပ် သန်ဘက်ခါမနက် ကြွခဲ့မယ်။ ထွေထွေထူးထူးတွေ ဘာမှ လုပ်နဲ့။ ဆွမ်းနဲ့ ဆွမ်းဟင်းတစ်ခွက်ဆို င် ရပြီ။ ကျုပ် သူ့အသက်ကို မစား ... ဆွေတော်မျိုးတော်တွေရဲ့ အသား ... ရှောင်တယ်"

လို့ မိန့်လိုက်ပါတယ်။

ဒါဆို အဆင်ပြေပေါ့။ ကျွန်တော် ... တစ်လစာ ရိက္ခာတွေထဲမှာ ဆန်၊ ... ဆား၊ ပဲ၊ မြေပဲ၊ အာလူး၊ ကြက် ... ခေါက်ဆွဲခြောက်နဲ့ ကြာဆံဆိုတာ ... ရှိနေလေတော့ ခ အပြန်လမ်းမှာ ... ကျွန်တော် စိတ်ကူးနဲ့ တွေးပြီး ... နေတဲ့ ဆွမ်း၊ ဆွမ်းဟင်းတွေဟာ ... သေအချာ ဝေဝေဆာဆာရှိနေပေါ့။ ... ည်နှုးမှုကုသိုလ်ဆိုတာ ... ဒါဆိုရင် ... တော် ကုသိုလ်တွေ အများကြီး ... ပြီထင်ပါရဲ့။ ဩော် ... အတွေးတွေ ... လျှော်နေတဲ့ ကျွန်တော်၊ ပါလာ ... ကိုစိုးကိုတောင် မေ့လျော့နေမိပါ ... ယ်။ စကားလည်း မဆိုဖြစ်။ ဒါကို ... မည်သို့ထင်လေမည် မသိ။

ကျွန်တော်တို့နှစ်ယောက် ခွဲရုံ ... ကို ပြန်ရောက်တော့ တော်တော် ... နေပါပြီ၊ စိုးရိမ်တတ်တဲ့ ကျွန်တော့် ... နဲ့ တပည့်သုံးဦး၊ ပြီးတော့ မြို့နယ် ... အကူထည့်လိုက်တဲ့ မြို့ခံ လူ ... ယောက်တို့ ခွဲရုံအပြင်လေးမှာ ... ပြီး ကျွန်တော်တို့အလာကို ... မျှော်နေကြပါတယ်။ ကျွန်တော် ... ယောက်ကို တွေ့တော့မှ "ဟင်း ... ငြိမ်းကြတယ်လို့ ပြောပြပါတယ်။ ... တော့်ဆရာက ...

"ဘယ်လိုလဲ မောင်မောင်၊ ... ပြေခဲ့ရဲ့လား၊ ဘုန်းကြီးနဲ့ရော ... ရဲ့လား"

လို့ သိချင်ဇောနဲ့ ဦးစွာမေးပါ တယ်။

"အဆင်ပြေပါတယ် ဆရာ။ အားလုံး ချောချောမွေ့မွေ့ပါပဲ။ သန်ဘက်ခါမနက် ဆရာတော် ကြွပါလိမ့်မယ်။ ကျွန်တော် ဝမ်းသာလိုက်တာ ဆရာရယ်၊ အားလုံး အဆင်ပြေပါ တယ်"

"အေး၊ ကောင်းတာပေါ့ကွာ။ ဆရာလည်း ဝမ်းသာပါတယ်။ ပြုလုပ်ရမယ့် လိုအပ်တဲ့ အစီအစဉ်တွေကို တော့ မင်းပဲ တာဝန်ယူပါ။ ဆရာ ဒါတွေ သိပ်မသိဘူး။ ကောင်းမယ်ထင်ရင် အကုန်သာ လုပ်ကွာ"

လို့ ပြောပြီး လှုပ်စစ်ခွဲရုံလေးထဲ ဝင်သွားပါတယ်။

ဩော် ... ဒီနေရာမှာ ကျွန်တော့် ဆရာနဲ့ ပတ်သက်ပြီး ပြောစရာရှိပါ တယ်။ ဆရာက ခရစ်ယာန်ဘာသာဝင် ဂျူးကပြားတစ်ယောက်ပါ။ သူ့အမည် က "မစ္စတာ ဒဗလူဒီးဂျင်း"လို့ ခေါ်ပြီး ကျွန်တော်ကတော့ ဆရာဂျင်းလို့ပဲ အတိုကောက် ခေါ်ပါတယ်။ ဒါကြောင့် လည်း "ဆရာ ဒါတွေ သိပ်မသိဘူး၊ ကောင်းမယ်ထင်ရင် အကုန်သာလုပ် ကွာ"လို့ ပြောသွားခြင်းပဲ ဖြစ်ပါတယ်။

◈◈◈

ဒီလိုနဲ့ မျှော်လင့်နေတဲ့ တစ်မနက်ကို ရောက်ခဲ့ပါပြီ၊ ဆရာတော်ကို လမ်းခရီးကနေ ခရီးဦးကြိုပြုဖို့ ကိုစိုးနဲ့ တပည့်လေးယောက်ကို စောစော ပဲ စေလွှတ်လိုက်ပါတယ်။ ကျွန်တော် နဲ့ ကျန်လူတွေက ဒီမှာ ပြင်ဆင်စရာ တွေ ပြင်ဆင်လို့ နေပါတယ်။ ထင်းရှူး သားနဲ့ ရိုက်ထားတဲ့ ကျွန်တော်တို့ ၁၀ ယောက် နေ့စဉ် ထမင်းစားတဲ့ ထမင်း စားပွဲလေးကို ရေဆေးပြီး တဘက်ကြီး နှစ်ထည်ခင်းလိုက်တော့ ကြည့်ပျော် ရှုပျော်ရှိသား။ ပြီးမှ အဲဒီအပေါ်ကို ဆွမ်း နဲ့ ဆွမ်းဟင်းပွဲတွေ တင်လိုက်တော့ ဝေဝေဆာဆာနဲ့ နှစ်သက်စဖွယ် မြိုင် မြိုင်ဆိုင်ဆိုင်ဖြစ်သွားပါတယ်။ ဆရာ တော် ခေတ္တသီတင်းသုံးရန်အတွက် စောင်သန့်သန့်တစ်ထည်ခင်းလိုက်ပြီး အချိုပွဲက ကော်ဖီနဲ့ ပေါင်မုန့်ဆိုတော့ အင်း ... အားလုံး ပြည့်စုံနေပြီ ထင်ပါရဲ့ လို့ တွေးတောပြင်ဆင်နေတုန်း ဆရာ တော်ဘုရား ကြွရောက်လာပါတယ်။

"ကြွပါ ဘုရား၊ ဒီမှာ ကျောင်း အမှတ်နဲ့ ခေတ္တ သီတင်းသုံးတော်မူပါ ဘုရား"

လို့ ကျွန်တော် ခရီးဦးကြိုပြုပြီး ဆရာတော်ကို နေရာချထား လျှောက် ထားလိုက်ပါတယ်။

"ကောင်းပါပြီ ဒကာ။ သာဓု ... သာဓု ... သာဓုပါ။ ဒကာတို့လည်း အလုပ်များသွားပြီ ထင်ပါရဲ့"

"မများပါဘူး ဘုရား။ တပည့် တော်တို့ ဒီလိုကြုံခွင့်ရတာကိုပဲ ကုသိုလ်ကြီးလှပါပြီ ဘုရား"

"ကောင်းပေစွ ဒကာ၊ ကောင်းပေ စွ။ ဒါနဲ့ ဒကာတို့လူ ဒါအကုန်ပဲလား"

"တင်ပါ့ ဘုရား။ တပည့်တော်တို့ အားလုံး ၁၀ယောက်ပါ ဘုရား။ တပည့် တော်တို့ ၅ယောက်က ရန်ကုန်ကပါ။ ကျန် ၅ယောက်က ဒီမြစ်ကြီးနားမြို့က ပါ။ ဒါက တပည့်တော်တို့ရဲ့ အုပ်ချုပ်သူ အရာရှိ၊ ဒီလုပ်ငန်းရဲ့ တာဝန်ခံပါ။ အမည်က မစ္စတာ ဒဗလူဒီးဂျင်း လို့ ခေါ်ပါတယ်"

လို့ ပြောပြီး ဆရာဂျင်းနဲ့ မိတ် ဆက်ပေးလိုက်ပါတယ်။

ဆရာတော်က ဆရာဂျင်းကို သေသေချာချာကြည့်ပြီး ...

"ဒကာကြီးက ရန်ကုန်ကပဲ လား"

လို့ မေးလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

“ဟုတ်ပါတယ် ကိုယ်တော်”

လို့ ဆရာဂျင်းက ပြန်ဖြေပါတယ်။

“ဒကာကြီးက ဘာလူမျိုးလဲ”

လို့ ဆရာတော်က ထပ်မေးပါတယ်။

“ကျွန်တော့်အဖေက ဂျူးလူမျိုးပါ။ အမေကတော့ မဂိုလူမျိုး။ ကျွန်တော့်ကျတော့ ဂျူးနဲ့ မဂိုစပ်တဲ့ ဂျူးမဂို ကပြားတစ်ယောက်ပါ”

လို့ ခပ်ပြုံးပြုံးပြန်ဖြေပါတယ်။

“ဩော်…ဒါကြောင့် ဒကာဂျင်းရဲ့ ရုပ်ဆင်းရူပါက တင့်တယ်ပေသကိုး”

လို့ ပြောပြီး ဆရာတော်လည်း ပြုံးနေပါတယ်။ ပြီးမှ…

“ဒါဆို ဒကာကြီးက ဘယ်ဘာသာကိုးကွယ်ပါသလဲ”

လို့ ကောက်ကာငင်ကာ မေးလိုက်ပါတယ်။

“ကျွန်တော် ခရစ်ယာန်ဘာသာကိုးကွယ်ပါတယ် ကိုယ်တော်”

“ကောင်းလိုက်လေဗျာ။ ကျုပ်တို့ ညီနောင်တွေ တွေ့ကြပြီပဲ။ ကျုပ်တို့ရဲ့ နောင်တော်ကြီးဖြစ်တဲ့ သခင်ယေရှုရဲ့ သားတစ်ယောက်ကို မမျှော်လင့်ဘဲ ခုလို ဒီနေရာမှာ တွေ့ရတာ ကျုပ်ရင်ထဲမှာ အတိုင်းအဆမရှိ ဝမ်းသာမိတယ်”

လို့ လှိုက်လှဲဝမ်းသာ စကားဆိုပြီး…

“တွေ့ရတာ ဝမ်းသာပါတယ် ဒကာဂျင်း”

လို့ ပြောပြောဆိုဆို ဆရာတော်က လက်ကမ်းပေးလိုက်ပါတယ်။ ဒါကို ဆရာဂျင်းက အလိုက်တသိ ပြန်လည်လက်ကမ်းလို့ နှုတ်ဆက်ခြင်းအမှု ပြုပါတယ်။ ဝမ်းသာစရာကောင်းတဲ့ ကြည်နူးမှု မြင်ကွင်းလေးတစ်ခုပါ။ မြင်တွေ့ရသူရှင်ကို အေးမြစေပါတယ်။ ကျွန်တော် ပီတိတွေနဲ့ ငေးနေတုန်း…

“ဒကာအောင်”

လို့ ဆရာတော်က ခေါ်လိုက်ပါတယ်။

“ဘုရား”

“ကျုပ် ဆရာဂျင်းနဲ့ ပြောလက်စ စကားအနည်းငယ် ဆက်ပြောချင်ပါသေးတယ်။ ပြီးတော့မှ ကျုပ်တို့ ပြုလုပ်စရာတွေ ဆက်လုပ်ကြတာပေါ့။ ပြီးတော့ ဒီမှာ ရှိနေတဲ့ ပုဂ္ဂိုလ်ကိုလည်း ဒကာအောင် ဖိတ်လိုက်ပါဦး။ သူရောက်နေပါတယ်။ ဒါပေမဲ့ ဖိတ်လိုက်ပါ”

လို့ မိန့်ဆိုပါတယ်။

“တင့်ပါ ဘုရား”

ဆိုပြီး ကျွန်တော် ခွဲရုံပြင်ပထွက်လို့ ရှိရှိသေသေနဲ့ ဒီက ပုဂ္ဂိုလ်ကို ဖိတ်မန္တက ပြုပါတယ်။ ပြီးတော့ ပြန်ဝင်လာပြီး ဆရာတော်နဲ့ အနီးဆုံးနေရာမှာ ဝင်ထိုင်လိုက်ပါတယ်။

“ဒကာအောင်”

“ဘုရား”

“ကျုပ်ရှေ့ကို တိုးခဲ့ပါဦး။ ခု ကျုပ်ပြောမယ့် စကားတွေက ဒီမှာ ရှိနေတဲ့သူတွေတင်မဟုတ်ဘဲ တစ်ကမ္ဘာလုံးမှာ ရှိတဲ့ လူသားအားလုံးကို ပြောပြချင်တဲ့ စကားတွေပါ။ အဲ - ကျုပ် ဒီလိုပြောလို့ စကားတွေ ကြီးကျယ်သွားခဲ့ရင် ခွင့်လွှတ်ကြပါ။ ဒါပေမယ့် ကျုပ်ရင်ထဲမှာ ရှိနေတဲ့ သိနေတဲ့ အသိတွေက ဒီကနေ့ ဒီလိုတိုက်ဆိုင်ခဲ့လေတော့ ပြောရဦးမှာ ဖြစ်ပါတယ်”

“ဒီလို ဒကာအောင်ရေ…”လို့ ပြောပြီး ဆရာဂျင်းဘက်ကို မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်ပါတယ်။ ပြီးတော့မှ ဆရာဂျင်းလို့ ခေါ်လိုက်ပြီး -

“တကယ်တော့ ကျုပ်တို့ ဘာသာနဲ့ ဆရာဂျင်းတို့ ခရစ်ယာ… ဘာသာဆိုတာ ဆက်နွယ်မှုရှိ… ဘာသာတစ်ခုပဲ။ ဒါကို ကျုပ် အရ… တယ် မထင်လိုက်ပါနဲ့။ ကျုပ်မှ… သက်သေပြစရာရှိပါတယ်။ တကယ်… တော့ သခင်ယေရှုကိုယ်တော်ဟာ ကျု… တို့ဘုရားရှင်ရဲ့ အဆုံးအမတွေကို ခံ… ပြီးတဲ့ ဘုရားသားတော် တပည့်သာ… တစ်ပါးပါ။ ထူးမြတ်တဲ့ ရဟန်းပုဂ္ဂို… တစ်ပါးလည်း ဖြစ်ပါတယ်။ ဒါ… ဒကာဂျင်း သိရဲ့လား”

လို့ မေးလိုက်ပါတယ်။ ဆရာဂျ… က…

“ကျွန်တော် မသိပါ ဆရာတော်…”

လို့ ပြန်ဖြေပါတယ်။

“အေး၊ သိနိုင်ရန်လည်း မရှိ… လေ။ ဒါက လေ့လာကြည့်မှ သိနိုင်… မျိုးပါ။ ခု သိရပြီပဲ၊ မှတ်ထားပေါ့။ ကျု… လည်း အစက မသိခဲ့ဘူး။ ဒါပေမ… အမှတ်မထင် တစ်နေ့ ကျုပ်သိခွ… လိုက်တယ်။ ဒါက ဦးဌေးလှိုင်ရေး… “ကမ္ဘာကို ချုပ်ကိုင်မည့်သူ”ဆိုတဲ့ … အုပ်လေးပဲ ဖြစ်ပါတယ်။ အဲဒီစာအ… ပြပါဆိုရင်တော့ ခု ကျုပ်မှာ ပြ… မရှိဘူး။ ဘာကြောင့်လဲဆိုရင် မရှိ… လို့ပဲ။ ဒါပေမယ့် ဆရာဂျင်းတို့ ရ… မြို့ကို ပြန်ရောက်ခဲ့ရင် ရှာကြည့်ပါ။ … နိုင်ပါလိမ့်မယ်။ စာအုပ်လေးက … စိတ်ဝင်စားဖို့ ကောင်းတယ်။ ဖြ… ကြောင်းကျိုးဆီလျော်ပါတယ်။ သ… ယေရှုအသက်၁၂နှစ်ကနေ ၃၀ကြ… ဘာတွေဖြစ်ခဲ့သလဲဆိုတာရော … ဂျင်း သိပါသလား”

လို့ ထပ်မေးပြန်ပါတယ်။

“မသိပါ ကိုယ်တော်”

“အေး၊ ဟုတ်တယ်။ … သိအောင် ရေးထားတဲ့ အဖြေ… တွေ ဆရာဂျင်းတို့ သမ္မာကျမ်းစာ…



www.burmeseclassic.com

www.burmeseclassic.com

ထဲမှာ ရှိမှ မရှိဘဲကိုး။ ဒါက လျှို့ဝှက်ချက်နဲ့ မြုပ်ကွက်တစ်ကွက်ပဲ ဆရာ ကြီး"

ကျွန်တော် ဒီနေရာမှာ ဒီစကားကြားရတော့ တော်တော်အံ့ဩသွားတယ်။ စိတ်ဝင်တစားလည်း ဖြစ်မိတယ်။ ဒါကြောင့် ဆရာတော်ကို သိချင်ဇောနဲ့ . . .

"ဒါဆိုရင် အဲဒီ ၁၈ နှစ် ဆိုတဲ့ အချိန်အတောအတွင်းကာလမှာ သခင်ယေရှုကိုယ်တော် ဘယ်တွေရောက်လို့ ဘာတွေ လုပ်နေပါသလဲ ဘုရား"

လို့ လျှောက်ထားမိလိုက်ပါတယ်။

"ပြောမယ် ဒကာအောင်၊ သိချင်တာတွေ စာရွက်နဲ့ ရေးမှတ်ထားလိုက်ရင် ဒါ ပိုပြီးကျိန်းသေပါတယ်။ စကားဆိုတာက ခုပြော ခုပျောက်ဆိုတော့ ဒကာအောင် စာရွက်နဲ့ ခဲတံယူပြီး မှတ်နိုင်ပါတယ်"

ကျွန်တော်လည်း တပည့်တစ်ယောက်ကို စာရွက်နဲ့ ခဲတံယူခိုင်းပြီး မှတ်ရန်အသင့်ရှိနေတော့မှ ဆရာတော်က . . .

"ကဲ - ကျုပ် အတိုချုံးပြီး လိုရင်းကိုပဲ ပြောပြမယ်။ မှတ်ပေတော့ ဒကာအောင်"

◈◈◈

"ခရစ်တော်ဟာ အသက် ၁၂နှစ်သားကနေ ၃၀ဆိုတဲ့ အသက်အတွင်း ဘုရားရာထွက်တယ်ဆိုပြီး ဇာတ်မြုပ်နေတယ်။ အဲဒီအချိန်တွေမှာ ခရစ်တော်ရှိနေတဲ့ နေရာက တိဘက်ပြည်၊ မွန်ကျောင်းတိုက် ဘုန်းတော်ကြီး အရှင်အရိယပုတ္တ မထေရ်မြတ်ထံမှာ ဖြစ်ပါတယ်။ ရောက်ခါစ ဖြလမှာ ကျောင်းသားအဖြစ်နဲ့ ပညာသင်ရတယ်။ နောက်သံဃာအပါး ၃၀တို့နဲ့ ရှင်သာမဏေဝတ်ပေးခဲ့တယ်။ ဘွဲ့အမည်က "ဇီဝကိရိဋ္ဌ"လို့ ခေါ်တယ်။ အသက် ၂၀မှာ ရဟန်းဖြစ်ပြီး ရဟန်းတရားအားထုတ်ရာ ဈာန်အဘိညာဉ်ရတဲ့ ရဟန္တာကြီး ဖြစ်ခဲ့တယ်။ အဲဒီ ဇီဝကိရိဋ္ဌကိုယ်တော်ဟာ ရဟန်း ၁၀ ဝါရတော့ မိမိတိုင်းပြည်မှာ ရှိနေတဲ့ ဆွေမျိုးတွေကို မိမိကဲ့သို့ ချမ်းသာခြင်းရှိစေရန် ဗုဒ္ဓ၏ တရားတော်များကို ဝေငှလိုတဲ့ စိတ်ဖြစ်ပေါ်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဆရာအရှင် အရိယပုတ္တထံ ခွင့်ပြုပါရန် အကြိမ်ကြိမ်တောင်းပန် လျှောက်ထားခဲ့တယ်။ ဆရာသခင်လည်း သူ့ရဲ့ အနာဂတ်ကို အဘိညာဉ်ဖြင့် ကြည့်ရှုတော်မူလျှင် ဇီဝကိရိဋ္ဌသည် ဆိုးဝါးသော အန္တရာယ်ဖြင့် ကွယ်လွန်ရမည်ကို မြင်တော်မူ၍ ခွင့်မပြုခဲ့ပါ။ သို့သော် အကြိမ်ကြိမ်တောင်းပန် လျှောက်ထားလေသောကြောင့် တားမရနိုင်သည့်အဆုံး ကတိများ တောင်းပြီး ခွင့်ပြုခဲ့ပါတယ်။ အဲဒီ ကတိတွေကတော့ တရားဟောသည့်အခါ ရန်သူ့အပေါ်မှာ မေတ္တာမပျက်ရ၊ သည်းခံရမယ်။ အမြဲကမ္မဋ္ဌာန်းတရားမှတ်နေရမယ်။ အမြဲဈာန်ဝင်စားရမယ်။ နည်းပရိယာယ်သုံးရမယ်။ ဤသို့နေသော် သေလျှင်ဗြဟ္မာ့ပြည်ရောက်လိမ့်မယ် ဆိုတဲ့ကတိတွေပဲ ဖြစ်ပါတယ်။

အဲဒီ ကတိတွေပေးပြီး ဇီဝကိရိဋ္ဌကိုယ်တော်ဟာ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိဆွေမျိုးမိတ်သင်္ဂဟများထံ ပြန်ကြွသွားခဲ့ပါတယ်။

သို့သော် မကြာခင် ဆန့်ကျင်ဘက် ရဟူဒီလူမျိုးနွယ်တွေကြောင့် နောက်ဆုံးတွင် ဆရာသခင် အရိယပုတ္တ ဟောကြားလိုက်သည့်အတိုင်း လက်ဝါးကပ်တိုင်တွင် သံမှိုနှက်၍ အသက်ဆုံးရှုံးခဲ့ရပါတယ်။ ဒါပေမယ့် ဇီဝကိရိဋ္ဌကိုယ်တော်ဟာ ဆရာသခင်ရဲ့ စကားကတိကိုတော့ နောက်ဆုံးထွက်သက်အထိ မြဲခဲ့ပါတယ်။ တန်ခိုးဣဒ္ဓိကို သုံးနိုင်သော်လည်း မသုံးဘဲ အသက်ပေးခဲ့တယ်"

လို့ ပြောရင်း "ဒကာအောင်"လို့ ကျွန်တော့်ကို ခေါ်လိုက်ပါတယ်။ ကျွန်တော်လည်း ဇီဝကိရိဋ္ဌဇာတ်တော်ထဲမှာ မျောပါနေလေတော့ ခေါ်သံကြားသော်လည်း ရုတ်တရက် ပြန်လည်မထူးမိပါဘူး။ နောက် သတိထားမိတော့မှ . . .

"ဘုရား . . . အမိန့်ရှိပါ ဘုရား"

လို့ ပြန်လည်လျှောက်ထားမိပါတယ်။

"ဒါကြောင့်မို့ ကျုပ် တစ်ခါတစ်ခါ ဇီဝကိရိဋ္ဌကိုယ်တော်ကြီးကို ကျုပ်တို့ဘုရားရှင်လက်ထက်တော်က တန်ခိုးအရာမှာ သူမတူခဲ့တဲ့ လက်ဝဲတော်ရံ အရှင်မောဂ္ဂလာန် ကိုယ်တော်ကြီးနဲ့ တစ်ဂိုဏ်းတည်းထားပြီး ကြည်ညိုမိတယ်။ နှစ်ပါးယှဉ်လို့လည်း ပြေးပြေး မြင်မိတယ်။ သူတို့နှစ်ပါးရဲ့ အဖြစ်တွေက ခပ်ဆင်ဆင်မို့ အဲသည်လို တွေးကြည့်မိတိုင်း ကျုပ်ရင်မှာ ရင်နင့်အမျှခံစားရပါတယ်။ ဇီဝကိရိဋ္ဌ တစ်ဖြစ်လဲ သခင်ယေရှုကိုယ်တော်ရဲ့ အတ္ထုပ္ပတ္တိကတော့ ဒါပါပဲ ဆရာဂျင်း။ ဩော် . . . ဒီဖြစ်ရပ်မှန်တွေကို ရှာဖွေတွေ့ရှိခဲ့သူက ချီကာဂိုမြို့မှ နယ်လုည့် ပါမောက္ခ ဂိုးရစ်(ခ်)ပဲ ဖြစ်ပါတယ်။ ပြီးတော့ သူက ပြောသေးတယ်။ အဲဒီ တိဘက်ပြည်မှာ ခရစ်တော်ကိုယ်တိုင်ရေးသားခဲ့တဲ့ စာတွေဟာ စာမျက်နှာ ၁၀၀ ရှိကြောင်း အတိအလင်းဖွင့်ဆိုထားပါတယ်။ ကဲ - ကျုပ်ပြောချင်တာ ဒီလောက်မို့ တော်ကြဦးစို့။ ကျုပ် ဒီနေ့ ကာသိုလ်သိပ်ထူးပါတယ်။ လာရင်းက



www.burmeseclassic.com

www.burmeseclassic.com

ပထမ ပရလောကသား ဝိညာဉ်တစ်ဦး အတွက် လာခဲ့တယ်။ ဒါပေမယ့် ဒုတိယ ဆွေမျိုးတစ်ယောက်နဲ့ တွေ့ရတယ်။ ကျွတ်ချိန်တန်သူ ကျွတ်လို့၊ လွတ်ချိန်တန်သူ လွတ်လိမ့်မယ်။ သြော်… သဗ္ဗေသတ္တာ ကမ္မသကာပါတကား။ ဘုရား…ဘုရား…ဘုရား”

လို့ တိုးညင်းစွာ ရွတ်ဆိုရင်း စကားအဆုံးသတ်လိုက်ပါတယ်။

◈◈◈

ပရလောကသားတစ်ဦးနဲ့ ပတ်သက်ပြီး ပြုခဲ့တဲ့ ကောင်းမှုကုသိုလ် တစ်ခုကတော့ အောင်အောင်မြင်မြင်နဲ့ ပြီးမြောက်ခဲ့ပါပြီ။ ကျွန်တော်တို့ သူ့အတွက် အမျှဝေ သာဓုခေါ်ခဲ့တဲ့ အသံတွေကလည်း ခွဲရုံလေးထဲမှာ လွင့်ပျံ့ ရိုက်ခတ် ပဲ့တင်ထပ်ခဲ့ပေါ့။ အားလုံးရဲ့ မျက်နှာတွေပေါ်မှာ ကြည်နူးမှု အပြုံးတွေနဲ့။

နေမမြင့်မီ ဆရာတော် ပြန်ကြွတော့မယ်ဆိုတော့ ဆရာကျင်းက ကျွန်တော်တို့ ရိက္ခာထဲက တချို့ကို ဆရာတော်အတွက် လှူပေးပါလို့ ပြောလာပါတယ်။ ကျွန်တော်လည်း ပစ္စည်း တချို့ကို ခွဲဝေထုပ်ပိုးပြီး တပည့် သုံးယောက်နဲ့ စီစဉ်ပေးလိုက်ပါတယ်။ ပြီးတော့ ဆရာတော့်နောက်ပါးကနေ တောစပ်လမ်းအထိ ဆရာကျင်းနှင့်အတူ လိုက်ပါပို့ဆောင်ပေးပါတယ်။ ဆရာကျင်းမျက်နှာမှာတော့ အပြုံးတွေ ဝေလို့။ စိတ်ချမ်းသာနေတယ် ထင်ပါရဲ့။ တော်တော်လှမ်းလှမ်းရောက်တော့ ဆရာတော်က…

“ကဲ - ဆရာကျင်းနဲ့ ဒကာအောင် ဒီလောက်ဆို ရပါပြီ။ ခုလို လိုက်ပို့ပေးတာ ကျေးဇူးတင်ပါယတ်။ ကြုံခွင့်ရှိရင် ကြုံကြသေးတာပေါ့။ ခုတော့ ဒီလောက်နဲ့ပဲ ကျေနပ်ကြပါ။ မြို့ပြန်ရောက်ရင်သာ ကျုပ်ပြောတဲ့ ဦးဒွေးလှိုင် ရေးတဲ့ “ကမ္ဘာကို ချုပ်ကိုင်မယ့်သူ”ဆိုတဲ့ စာအုပ်လေးကို ရှာဖတ်ပါ။ ဒါဆို ပိုရှင်းပါလိမ့်မယ် ဒကာတို့။ ခုတော့ ကျုပ်ကို ခွင့်ပြုဦး”

လို့ ပြောပြီး တောလမ်းခရီး အတိုင်း ဖြည်းညင်းစွာ လျှောက်လှမ်း ကြွသွားပါတော့တယ်။

ဆရာတော်ရဲ့ နောက်ကျောပြင်ကို မျက်စိတစ်ဆုံးကြည့်ရင်း လက်အုပ်ချီပြီး ကျန်ရစ်သူက ဆရာကျင်းနဲ့ ကျွန်တော်ပါ။ ဆရာတော် ခင်တန်း အကွေ့လေးထဲ ကွေ့ချိုးဝင်ရောက် ပျောက်ကွယ်သွားတော့မှ ကျွန်တော်တို့နှစ်ယောက် ပြန်ခဲ့ပါတယ်။ အပြန်လမ်းမှာတော့ စကားမဆိုဖြစ်ကြ။ ကိုယ့်အတွေးနဲ့ ကိုယ် နှုတ်ဆိတ်နေကြပါတယ်။

ခွဲရုံထဲ ပြန်ရောက်တော့မှ ဆရာကျင်းက ပက်လက်ကုလားထိုင်ပေါ် ထိုင်ချလိုက်ရင်း…

“မောင်အောင်…ခဏ”

လို့ ကျွန်တော့်ကို လှမ်းခေါ်လိုက်ပါတယ်။ အနားရောက်တော့ “ထိုင်ကွာ”လို့ ပြောပြီး…

“ငါ ကိုယ်တော်ပြောသွားတဲ့ စကားတွေ ရင်ထဲမှာ စွဲကျန်ခဲ့သလိုပဲ။ မသိတာတွေ သိရတယ်။ ပြီးတော့ အမြင်မှာ နူးညံ့သိမ်မွေ့လွန်းတဲ့ ကိုယ်တော်ရဲ့ မျက်နှာနဲ့ ဟန်ပန်အမူအရာတွေ ငါ့မျက်စိထဲမှာ စွဲကျန်ခဲ့တယ်။ ငါ တစ်ခါမှ အဲဒီလိုမဖြစ်ဘူးသေးဘူး။ အဲဒါ ဘာဖြစ်တာလဲ မောင်အောင်။ မင်းသိရင် ပြောပြပါ”

လို့ ကျွန်တော့်ကို မေးလာပါတယ်။

“အဲဒါ ကောင်းမှုကုသိုလ်တစ်ခုရဲ့ တုံ့ပြန်တဲ့ ပီတိအဟုန်လို့ ထင်ပါ
တယ် ဆရာ။ ပြီးတော့ သဒ္ဓါစိတ်
ကြည်စိတ်နဲ့ အားထားလိုစိတ်
ပါဝင်ပတ်သက်နေပါလိမ့်မယ်။
ပါတယ် ဆရာရဲ့ ဘာဖြစ်လို့တုန်း”

လို့ ကျွန်တော် ပြန်မေးလို
တယ်။

“အေးကွာ၊ ငါ ဘာတွေ ဖြစ်
လဲ မသိတော့ပါဘူး။ ရင်ထဲမှာ တစ်
ပဲကွာ။ ပြီးတော့ ဟို မမြင်ရတဲ့
ကိုလည်း ငါတွေးပြီး ကြောက်တဲ့
တွေ ဖြစ်မိတယ်”

“ဆရာက ဘာကို ကြောက်
လဲ”

“အေးကွ၊ ငါ ဘာကို ကြော
တာလဲဆိုတော့ သူ့လိုတဝမျိုး ငါ
သွားမှာ ကြောက်နေတယ်။ ရင်း
ပြောရရင် ငါ တစ်ခါမှ ဒီလိုအဖြ
မကြုံဘူးသေးဘူး။ ခု ကြုံလိုက်ရ
ငါ့စိတ်မှာ အတွေးတွေ ဝင်လာ
အဲဒီဘဝ မရောက်အောင် ငါ ရှန်း
ချင်တယ်။ ရှန်းဖို့ နည်းလမ်းရော
လား မောင်အောင်။ ရှိတယ်ဆိုရင်
သိချင်တယ်”

“သိပ်ရှိတာပေါ့ ဆရာ
ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ ဒီ
မရောက်အောင် ကျင့်ကြံအားထုတ်
တရားနည်းလမ်းတွေ အများကြီး
ပြီးတော့ ဒါက ကိုယ်ကျင့်တရားနဲ့
တယ်။ စိတ်ထားနဲ့လည်း ဆိုင်
စေတနာ သဒ္ဓါတရားနဲ့လည်း
တယ်။ ဒါန သီလ ဘာဝနာတဲ့
ဒါတွေ ပြောရရင် အများကြီးပဲ
ထိုင်တည်းနဲ့ ပြောလို့ရတဲ့ အ
အရာတွေ မဟုတ်ဘူး။ အချိန်
ဆရာ တဖြည်းဖြည်းလေ့လာသွ
သိပါလိမ့်မယ်”

“ကောင်းပြီ မောင်အော
အောင် ကြိုးစားမယ်။


www.burmeseclassic.com

www.burmeseclassic.com

သည်း မောင်အောင် ကူညီပါ"

"စိတ်ချပါ ဆရာ။ ကျွန်တော် ကတိပေးပါတယ်။ သိအောင် လုပ်ရင် သိလာမှာပါ။ ကျွန်တော် ကူညီပါ့မယ်။ ကျွန်တော်တို့ဗုဒ္ဓက ပြောတယ်။ သေခြင်းကင်းသော နိဗ္ဗာန်ဆိုတာ ရှိတယ်။ အဲဒီသေခြင်းကင်းသော နိဗ္ဗာန်ဆိုတာ ဆရာပြောတဲ့၊ ဆရာကြောက်တဲ့ သရဲ တစ္ဆေ ပြိတ္တာဆိုတာတွေနဲ့ အဝေးဆုံး တစ်နေရာပါ။ ကြိုးစားရင် ကြိုးစား သလောက် ခရီးပေါက်နိုင်တဲ့ နေရာ တစ်ခုပါ။ အဲဒီနေရာသွားဖို့က "သတိ ပဋ္ဌာန်"ဆိုတဲ့ တရားအားထုတ်မှုပဲ ဖြစ် ပါတယ်။ အဲဒီ အားထုတ်မှုအတွက် ခိုင်မာတဲ့ အာမခံချက်တွေလည်း ရှိနေ ပါသေးတယ်။ ဒါက အတိတ်ကံ ပါရမီ ပေါ်မှာ မူတည်လို့ တစ်ထိုင်၊ တစ်ရက်၊ တစ်လ၊ တစ်နှစ်၊ နောက်ဆုံး ၇နှစ်ဆို တဲ့ အတိုင်းအတာအတွင်းမှာ ရရှိ၊ ရောက်ရှိနိုင်ပါတယ် ဆရာ"

"အို··· သေချာလှတဲ့ အာမခံ ချက်တွေပါလား။ ဆရာ စိတ်ဝင်စားပါ တယ်၊ ဘာတဲ့·· သေခြင်းကင်းသော နိဗ္ဗာန်၊ ပြီးတော့ အဲဒီ နိဗ္ဗာန်သွားရန် အတွက် သတိပဋ္ဌာန်တရားတော်··· သတိပဋ္ဌာန် တရားတော်တဲ့လား မောင်အောင်"

လို့ ပြောပြီး ဆရာ ဟိုးအဝေး ကြီးကို အကြာကြီး ငေးကြည့်နေပါ တယ်။ နှုတ်ကလည်း "သတိပဋ္ဌာန် တရားတော်··သတိပဋ္ဌာန်တရားတော်" လို့ တိုးတိုးလေး ရွတ်ဆိုနေသံကို ကျွန်တော့်နားမှာ ကြားနေရတယ်။ ကျွန်တော်ထင်တယ်၊ ဆရာရဲ့ အသည်း နှလုံးတစ်စုံမှာ ဗုဒ္ဓရဲ့ တရားတော်အချို့ စိမ့်ဆင်းနစ်ဝင်ခဲ့ပြီ ထင်ပါရဲ့။

◈◈◈

ရန်ကုန်ကို ပြန်ရောက်တော့ ဆရာနဲ့ ကျွန်တော် ဆရာတော် ပြော လိုက်တဲ့ ဦးဌေးလှိုင်ရဲ့ "ကမ္ဘာကို ချုပ် ကိုင်မည့်သူ"စာအုပ်ကို ရှာပုံတော်ဖွင့်ခဲ့ ပါတယ်။ ဒါပေမယ့် ဘယ်မှာမှ ရှာမရ ဖြစ်နေတယ်။ သို့သော် တခြား သင့် လျော်တဲ့ စာအုပ်တချို့နဲ့ သတိပဋ္ဌာန် ကျင့်စဉ်စာအုပ်တချို့ကို ဆရာဖတ်ဖို့ ကျွန်တော်ဝယ်ပေးလိုက်ပါတယ်။

အဲဒီ စာအုပ်လေးတွေ ဖတ်ရင်း တချို့မရှင်းတဲ့ စာတွေရှိရင် ကျွန်တော့် ကို ခေါ်ခေါ်မေးပါတယ်။ ဆရာ့ကို ကြည့်ရတာ စိတ်ဝင်တစားနဲ့ အဲဒီစာ တွေအပေါ်မှာ ပျော်နေသလိုပဲ။ ဒါပေ မဲ့ အဲဒီအပျော်တွေဟာ သိပ်မကြာ လိုက်ပါဘူး။ ဆရာနဲ့ ကျွန်တော် ခွဲခွာ ရဖို့ အကြောင်းဖန်လာပါတယ်။ ဆရာ ရာထူးတိုးပြီး အထက်မြန်မာပြည် တာဝန်ခံအနေနဲ့ မန္တလေးကို ပြောင်းရွှေ့ မိန့်ကျလာပါတယ်။ ဆရာ မျက်နှာ မကောင်းပါ။ မကောင်းသော်လည်း ဘယ်တတ်နိုင်မလဲလေ။

ကျွန်တော်တို့ ဝန်ထမ်းဘဝဆို တာက ကျရာတာဝန် ကျေပွန်စွာ ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ အဲဒီ တော့လည်း ကျွန်တော် နှစ်သိမ့်စကား ဆိုရုံမှတစ်ပါး အခြားမရှိတော့ပါ။

"ဘဝဆိုတာ ဒီလိုပါပဲ ဆရာ ရယ်။ တည်မြဲခြင်းဆိုတာ ဘယ်အရာ မှ မရှိပါဘူး။ တွေ့ကြုံဆုံကွဲ ဖြစ်မြဲ ဓမ္မတာပါ။ ဒါက တရားသဘောနဲ့ ကြည့်ရင် အမှန်တွေချည်းပါပဲ။ ကျွန်တော်တို့ ကံမကုန်သေးရင် ပြန်ဆုံ နိုင်ပါသေးတယ်။ ကျွန်တော့်အတွက် တော့ ဆရာ စိတ်ချပါ။ တပည့်ကောင်း အဖြစ် ပန်းကောင်းပန်နေပါ့မယ်။ ဆရာ့ အတွက်သာ ကံကောင်းသော နေ့ရက် တွေ ပိုင်ဆိုင်နိုင်ပါစေလို့ ကျွန်တော် ဆုတောင်းနေပါ့မယ် ဆရာ"

လို့ ကျွန်တော် စကားအဆုံး သတ်လိုက်တော့ ဆရာ့မျက်ဝန်းမှာ မျက်ရည်စတွေ ဝေ့သီလို့ နေပါတယ်။ ကျွန်တော့်ရင်မှာလည်း မကောင်းပါ။ ဝမ်းနည်းကြေကွဲမှုတွေနဲ့။

ဒီလိုနဲ့ ဆရာပြောင်းသွားတော့ ဆရာ့နေရာမှာ ကျွန်တော် တာဝန်ယူ ရပါတယ်။ ကျွန်တော်လည်း ရာထူးတိုး ခဲ့ပါတယ်။ ပထမတော့ ဆရာနဲ့ ကျွန်တော် အဆက်အသွယ်ရှိသေး တယ်။ ကြာလာတော့ အဆက် အသွယ် နည်းနည်းကျဲလာတယ်။ နောက်တော့ တဖြည်းဖြည်း အဆက် အသွယ် လုံးဝ ပြတ်တောက်သွားပါ တယ်။ ကိုယ့်အလုပ်နဲ့ ကိုယ် လှုပ်ရှား နေရတော့ စိတ်သာ ရောက်သော် လည်း ဘာမှ မတတ်နိုင်ခဲ့ပါ။ အချိန် တွေသာ ကုန်ဆုံးခဲ့ပါတယ်။ ခရီးဆို ဆရာ ပင်စင်သွားလောက်ပြီလို့သာ မှန်းဆကြည့်မိတဲ့ အချိန်တွေထိ ဆရာ နဲ့ ကျွန်တော် ဝေးကွာခဲ့ပါတယ်။ သြော် ···တစ်နေ့···တစ်နေ့···တရွေ့ရွေ့ နှင့် ပြောင်းလဲနေသော နေ့ရက်အချိန် တို့သည်··· ။

◈◈◈

တစ်နေ့···

ဒီနေ့က မှတ်မှတ်ရရ အဘိဓမ္မာ အခါတော်နေ့။ ဒီနေ့မှ တိုက်တိုက်ဆိုင် ဆိုင် ကျွန်တော့်ထံသို့ စာလေးတစ် စောင် လူကြုံနှင့် ရောက်လာပါတယ်။ စာအိတ်ပေါ်မှာ ဘာမှ ရေးမထားပါ။ ကျွန်တော့် တပည့်တစ်ယောက်မှ တစ်ဆင့် ယူလာပေးလို့ "ဘယ်က စာ ပါလိမ့်"လို့ တွေးရင်း ဖောက်လိုက်ပါ တယ်။ လက်ရေးက ကျွန်တော်မှတ်မိ တဲ့ ကျွန်တော့်ဆရာ ဆရာဂျင်းရဲ့ လက်ရေး။ ကျွန်တော် ဝမ်းသာလိုက် တာ။ ဆရာ··ဆရာလို့လည်း နှုတ်က

www.burmeseclassic.com

အလိုလိုခေါ်နေမိပါတယ်။ ကျွန်တော် မျှော်လင့်မထားတဲ့ စာတစ်စောင်ပါ။ ဘာတွေရေးထားပါလိမ့်လို့ သိချင်ဇောနဲ့ ကျွန်တော် အမြန်ဖတ်လိုက်ပါတယ်။ စာလေးက···

သို့

ဒကာအောင်···

ဦးဇင်း စာရေးလိုက်ပါတယ်။ စာကို ဖတ်ပြီး အံ့အားသင့်သွားမယ်ဆိုတာ သိပါတယ်။ ကျုပ်တို့ ခွဲခွာခဲ့ကြတာ ကြာပြီနော်။ ဦးဇင်း ပင်စင်သွားတာ ၂နှစ်ရှိပြီ။ ဘုန်းကြီးဝတ်ခဲ့တာလည်း နှစ်ဝါရပြီ ဆိုပါတော့။ ဒကာမကြီး ဆုံးသွားခဲ့တာ သုံးနှစ်ထဲမှာပါ။ သားသမီးတွေက သူ့အိမ်ထောင်နဲ့ သူ အဆင်ပြေကြပါတယ်။ ပထမတော့ ကျုပ်တစ်ယောက်တည်း ယောင်ချာချာ ယောင်လည်လည်နဲ့ ဘာလုပ်ရမှန်း မသိဘူး။ အားလည်းငယ်မိတယ်။ ဘဝမှာ ရှေ့ဆက်ရမယ့် ခရီးတွေကို ငေးမော တွေးတောရင်း ဝဲလည်နစ်မွန်းနေမိတယ်။ နောက်တော့ ကျုပ်အဖြေရသွားတယ်။ ဒါကလည်း တစ်ချိန်က ဆရာတော်ပြောတဲ့ စကားတွေက ကျုပ်ရဲ့ အသည်းနှလုံးမှာ စူးနစ် ဝင်ရောက်နေလို့ပဲ။ ပြီးတော့ ဒကာအောင်ကို ပြောစရာ စကားရှိပါတယ်။ ဒါက ကျုပ်လက်ထဲမှာ အခု ဦးဌေးလှိုင်ရေးတဲ့ "ကမ္ဘာကို ချုပ်ကိုင်မည့်သူ"ဆိုတဲ့ စာအုပ်လေး ရှိနေတဲ့ အကြောင်းပါ။ ဒီစာအုပ်လေးနဲ့ ဆရာတော်ရဲ့ စကားသံတွေဟာ ကျုပ်လျှောက်လှမ်းရမယ့် ဘဝခရီးလမ်းကို ညွှန်းဆို ဖော်ပြနေပါတယ်။ ဒါက ကျုပ်ရင်ထဲမှာ ခံစားရတဲ့ ကျုပ်ရဲ့ ခံစားချက်ပါ။ အများသူနဲ့တော့ ဆိုင်ချင်မှ ဆိုင်ပါလိမ့်မယ်။ တစ်ခါက ဒကာအောင် ပြောခဲ့တဲ့ "သေခြင်းကင်းသော နိဗ္ဗာန်"သို့ သတိပဋ္ဌာန်တရားတွေ ကျင့်ကြံအားထုတ်ရင် ရောက်နိုင်တယ်ဆိုလို့ ကျုပ် အခု ကျင့်ကြံအားထုတ်ရင်း လျှောက်လှမ်းကြည့်နေပါတယ်။ သာဓုခေါ်ပါ ဒကာအောင်။

ခြုံပြောရရင် ကျုပ်တို့ တစ်ချိန်က မြစ်ကြီးနားမြို့ရဲ့ ခွဲရုံလေးမှာ တွေ့ဆုံခဲ့တဲ့ ပရလောကသားတစ်ဦးက အစပြုလို့ တိုက်ဆိုင်မှုတွေနဲ့ ဖြစ်တည်ခဲ့တဲ့ ကျုပ်ရဲ့ အကြောင်းပါ။ မထင်မှတ်တဲ့ အချိန်၊ မထင်မှတ်တဲ့ နေရာ၊ မထင်မှတ်တဲ့ စကားတွေနဲ့ မထင်မှတ်တဲ့ အကြောင်းအရာတွေက မထင်မှတ်တဲ့ ပြောင်းလဲမှုတစ်ခုကို ဖြစ်တည်စေခဲ့တယ်ဆိုတာ တွေးကြည့်ရင် အံ့မခန်း ဖြစ်ရပ်ဆန်းတွေ ထင်ပါရဲ့။ ပြီးတော့ ဆရာတော်ပြောခဲ့တဲ့ ပထမဦးဆုံး စကားသံလေးဟာ ခုထိ ကျုပ်နားထဲမှာ [illegible]နေပါတယ်။ အဲဒီ စကားသံတွေ [illegible] ကျုပ်တို့ ညီနောင်တွေ တွေ့ကြပြီပဲ"လို့ ပြောပြီး နောက်ဆုံးမှာ "ကျုပ်ဒီနေ့ ကုသိုလ်သိပ်ထူးတယ်။ လာရင်းက ပထမ ပရလောကသား ဝိညာဉ်တစ်ဦးအတွက် လာခဲ့တယ်။ ဒါပေမယ့် ဒုတိယ ဆွေမျိုးတစ်ယောက်နဲ့ တွေ့ရတယ်။ ကျွတ်ချိန်တန်သူ ကျွတ်လို့၊ လွတ်ချိန်တန်သူ လွတ်လိမ့်မယ်"ဆိုတဲ့ စကားသံတွေပါပဲ။

ကဲ - စာလည်း ရှည်သွားပြီ။ ခွင့်ပြုပါဦး ဒကာအောင်။ ခုတော့ ကျုပ်ဘဝ လွတ်ချိန်တန်ပြီ ထင်ပါရဲ့။ ဒကာအောင် ကျန်းမာချမ်းသာပြီး သေခြင်းကင်းသော နိဗ္ဗာန်သို့ လှမ်းတက်နိုင်ပါစေ။

**တစ်ချိန်က ဆရာရင်း (သို့)**
**ဦးကောဝိဒ**
**ခေတ္တ မုံရွာ**

လို့ ဆိုပြီး စာလေးကို အဆုံးသတ်သွားပါတယ်။ သို့သော် ကျန်နေသေးတဲ့ မျဉ်းလိုင်းအလွတ်တွေပေါ်... ဦးဇင်း ဦးကောဝိဒရဲ့ ပြောချင်... စကားလုံးတွေ ရှိလေဦးမလား... ကျွန်တော် ဆက်လက်ရှာဖွေ... တယ်။ ပြီးတော့ ဟိုးအဝေးအတိ... ဆီမှာ လွင့်ကျန်ခဲ့တဲ့ ဆရာကျင်းရဲ့... သဏ္ဌာန်တွေ တဖျတ်ဖျတ်နဲ့ တ... ကျွန်တော့်မျက်လုံးအိမ်ထဲမှာ ... ရိုက်သလို တစ်ကွက်ချင်း တစ်... ချင်း ပေါ်ပေါ်လာတယ်။ ကျွန်... ရင်ထဲမှာတော့ ဝမ်းသာခြင်း၊ ကြ... ခြင်းတွေနဲ့အတူ အံ့သြခြင်း၊ ... ခြင်းဆိုတဲ့ ဝမ်းနည်းမှု ဂယက်လှိုင်... တစ်ပြိုင်နက် ရောထွေးဝင်... မွှေနှောက်နေလေရဲ့။

အဲဒီအချိန်မှာ ကောင်းကင်... က အလင်းရောင်တန်းတစ်ခု ဝ... လက်သွားတာ ကျွန်တော်တွေ့... တယ်။ ဖျတ်ခနဲ ရုတ်တရက် ... ကြည့်လိုက်တော့ မိုးပြာထက်မှာ ... မြောနေတဲ့ တိမ်တိုက်ဖြူတွေရဲ့ ... မှာ ရှင်ကောဝိဒ ကိုယ်တော်ကြီး... တော်မူလို့ ကျွန်တော့်ကို ပြုံးပြီး ... နေတာ ဖူးတွေ့လိုက်ရတယ်။ ... ထူးဆန်းလိုက်ပါဘိ။ ကျွန်တော် ... တက်မိစွာ ငေးမောကြည့်နေမိ... သတိရလို့ လက်အုပ်ချီမိုး ရှိခိုး... တော့ လွင့်မျောနေတဲ့ တိမ်တိုက်... တွေနဲ့အတူ ရပ်တော်မူနေတဲ့ ... ကောဝိဒ ကိုယ်တော်ကြီးရဲ့ ... သဏ္ဌာန်ဟာ တဖြည်းဖြည်းလွင့်... ဝေးကွာသွားလိုက်တာ နော... မှေးမှိန်ပျောက်ကွယ်ခဲ့လေပေါ့။

* * *

အောင်ငြိမ်းလှိုင်...



www.burmeseclassic.com

www.burmeseclassic.com

■ တက္ကသိုလ်စိုးမိုးနိုင် ■

# ဘဝပုစ္ဆာ အဖြေရှာကာရှာ

မောင်ကျော်ဝင်းထွန်း
အောင်ဇေယျ တိုးချဲ့ (၆)လမ်း၊ စာသင်ကျောင်း
အနောက်၊ ဦးထွန်းအောင်သစ်အရှေ့ မွန်ပြည်နယ်၊
သံဖြူဇရပ်မြို့။

မေး ■ ဘဝအောင်မြင်ရေးကျင့်စဉ်တစ်ရပ်ကို သိလိုပါသည်။

ဖြေ ■ မောင်ကျော်ဝင်းထွန်းသည် တရုတ်ဂမ္ဘီရဝေဒအင်ပညာရပ်အရ ကြွက်(သစ်သား)နှစ်ဖွားဇာတာရှင်ဖြစ်ပြီး အနောက်တိုင်းဗေဒင်အရ ကရကဋ်ရာသီဖွား(Cancer)ဖြစ်သည်။ ဂဏန်းဗေဒင်ပညာရပ်အရ (၃)ဂဏန်းသမားဖြစ်ခြင်းကြောင့် အစားအသောက်ကောင်းများကို မက်မောသူ၊ အခွင့်အရေးကို အရယူတတ်သူ၊ ဇိမ်ခံ ပစ္စည်းများကို မက်မောသူ၊ ကိုယ့်ဒူးကိုယ်ချွန် ကြိုးစားတတ်သူ၊ ဝီရိယကောင်းသူဖြစ်သည်။

မောင်ကျော်ဝင်းထွန်းအတွက် ဘဝအောင်မြင်ရေးကျင့်စဉ်တစ်ရပ်မှာ ပညာမရှိ၍ ဖြစ်စေ၊ အရင်းအနှီးမရှိသောကြောင့် ဖြစ်စေ၊ စိတ်ဓာတ်ကျနေစရာ မလိုချေ။ ဘဝအောင်မြင်ရေးအတွက် အဓိက အရေးကြီးသော အချက်မှာ တိကျသော ရည်မှန်းချက်ထားရှိရန်ပင် ဖြစ်သည်။ ထိုတိကျသော ရည်မှန်းချက်ကို ပုံဖော်ခဲ့သူများအကြောင်းကို ဖော်ပြအံ့။

### ငွေကြေးချို့တဲ့သော်လည်း ကြွယ်ဝခဲ့သူ အင်ဒရူးကာနက်ဂျီ

ခေတ်ပညာနှင့် ငွေကြေးချို့တဲ့သော အင်ဒရူးကာနက်ဂျီသည် အမေရိကန်နိုင်ငံ၏ သံမဏိခေတ်ကို တည်ထောင်သော အမေရိကန်နိုင်ငံကို စက်မှုနိုင်ငံအဖြစ် ပို့ဆောင်ပေးနိုင်ခဲ့သည်။ ဤသည်မှာ အင်ဒရူးကာနက်ဂျီ၏ ဇွဲ၊ ဝီရိယကို အဆတိုးကာ ကြိုးစားပြီး တိကျသော ရည်မှန်းချက်ကို ရည်မှန်းလိုက်ခြင်းကြောင့်ပင် ဖြစ်သည်။

### သောမတ်အယ်ဒီဆင်

သောမတ်အယ်ဒီဆင်သည် ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာ စသောက်ထရွန်းနစ်နှင့် အခြားသိပ္ပံဘာသာရပ်များကို ကိုယ်တိုင် မတတ်မြောက်သော်လည်း ထိုပညာရပ်များကို အသုံးချလျက် တီထွင်မှုများ ပြုလုပ်နိုင်ခဲ့သည်။ ခေတ်အဆက်ဆက်တွင် သူ့အား တီထွင်သူ ဘိုးအေဘဝသို့ ပို့ဆောင်ပေးခဲ့သည်။ တိကျသော ရည်မှန်းချက်ကြောင့် သောမတ်အယ်ဒီဆင်သာမက ကမ္ဘာသူ့, ကမ္ဘာသားအားလုံးက ခေတ်မီ တိုးတက်မှုကို ရရှိခြင်းပင်ဖြစ်သည်။

### တိကျသော ရည်မှန်းချက်နဲ့ အောင်မြင်မှု တစ်ခုပြီးတစ်ခု ရရှိခဲ့သူ အက်ဒွပ်ဘွတ်ခ်

အက်ဒွပ်ဘွတ်ခ်သည် အမေရိကန်နိုင်ငံသို့ ရောက်ခါစတွင် အင်္ဂလိပ်စကားပင်လျှင် ကောင်းစွာ မပြောတတ်ချေ။ ပိုက်ဆံမရှိသဖြင့် ကျောင်းလွှတ်လျှင် အလုပ်ကို အပြေးအလွှားလုပ်၍ သူ့မိခင်နှင့် ညီမများကို ကူညီထောက်ပံ့ရသည်။

ငယ်ရွယ်စဉ်ကပင် သူလိုချင်သော အရာကို ရယူနိုင်ရန် ဆုံးဖြတ်လိုက်လေသည်။ သူ၏ ပထမ လိုလားချက်သည် ဆိုင်းရပ်စ် အိပ်ချ်ကေ ကားတစ်စင်းဖြစ်သည်။ မကြာခင်မှာပင် သူ၏ ပထမ လိုလားချက် ပြည့်ဝခဲ့သည်။ ဒုတိယ လိုလားချက်ဖြစ်သော "လေဒီဟုမ်းဂျာနယ်"တွင် အယ်ဒီတာ လုပ်လိုသော ဆန္ဒမှာလည်း ထပ်မံ ပြည့်ဝခဲ့သည်။ ထို့နောက် သူ၏ အကြီးမားဆုံး ဆန္ဒတစ်ခုမှာ ထိုဂျာနယ်ကို ကမ္ဘာကျော်ဂျာနယ်တစ်စောင်အဖြစ်သို့ ရောက်စေလိုခြင်းဖြစ်သည်။ ဤဆန္ဒသည်လည်း ပြည့်ဝခဲ့သည်။ ဤသို့ အောင်မြင်ခြင်း၏ အခြေခံ အုတ်မြစ်မှာ တိကျသော ရည်မှန်းချက်ဖြင့် အလုပ်ကို အားတက်သရော လုပ်ဆောင်ခြင်းကြောင့်ပင် ဖြစ်သည်။

ထို့ကြောင့် အောင်မြင် ပျော်ရွှင်လိုသူ မောင်ကျော်ဝင်းထွန်းအနေဖြင့် အောင်မြင်မှုအပေါင်းတို့၏ အခြေခံ သော့ချက်ဖြစ်သော တိကျသော ရည်မှန်းချက်ကို ချမှတ်လိုက်ပါ။

အောင်မြင်သူသည် တိကျသော ရည်မှန်းချက်ဖြင့် အခက်အခဲကို မကြောက်မရွံ့ ရင်ဆိုင်တတ်သည်။

ရှုံးနိမ့်သူသည် မိမိလျှောက်လှမ်းရမည့် လမ်းမှာ အခက်အခဲကိုသာ မြင်ပြီး၊ ထိုအခက်အခဲကို ဖယ်ရှားနိုင်သော စွမ်းရည်သတ္တိများက မိမိကိုယ်တွင်းမှာ ကိန်းအောင်း


www.burmeseclassic.com

www.burmeseclassic.com

နေကြောင်း မသိခြင်းပင်ဖြစ်သည်။

မောင်ကျော်ဝင်းထွန်းအနေဖြင့် အောင်မြင်မှုအတွက် မိမိဖြစ်ချင်သော ရည်မှန်းချက်များကို ချရေးကို သေချာပေါက် အကောင်အထည်ဖော်လိုက်ပါ။

အောင်မြင်မှုအတွက် အကောင်အထည်ဖော်ရာမှာ ဘာသာတရားသည် လွန်စွာအရေးကြီးသည်။ ထို့ကြောင့် နံနက်တိုင်း ဘုရားမှာ ပန်း၊ ရေချမ်း၊ ဆွမ်း ကပ်လှူလျက် မင်္ဂလာသုတ်ကို ရွတ်ဖတ် ပူဇော်ပါ။

ဘာသာတရား၏ ဂုဏ်ကျေးဇူးကြောင့် မောင်ကျော်ဝင်းထွန်းဘဝမှာ အခက်အခဲဟူသမျှ ကင်းပျောက်ပြီး အောင်သင့်. အောင်ထိုက်သော မင်္ဂလာဟူသမျှ ပြည့်စုံကာ ကျန်းမာပါစေဟု ဆရာ ဆုမွန်ကောင်း တောင်းပေးလိုက်ပါသည်။

မဝတ်ရည်ဝင်းကျော်
မော်လမြိုင်

**မေး ။ အချစ်၏ ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်လိုပါသည်။**

**ဖြေ။** ။ မဝတ်ရည်ဝင်းကျော်သည် တရုတ်ဂမ္ဘီရဝေဒ ဗေဒင်ပညာရပ်အရ ဆိတ်(သတ္တု)နှစ်ဖွား ဇာတာရှင်ဖြစ်ပြီး အနောက်တိုင်းဗေဒင်ပညာရပ်အရ မေထုန်ရာသီဖွား (Gemini)ဖြစ်၏။ ဂဏန်းဗေဒင်ပညာရပ်အရ (၈)ဂဏန်းသမားဖြစ်ခြင်းကြောင့် မိတ်ဆွေအပေါင်းအသင်းများသူ၊ အစားအသောက် ဇိမ်ခံကြောင်သူ၊ အစွဲအလမ်းကြီးသူဖြစ်သည်။

မဝတ်ရည်ဝင်းကျော်၏ အချစ်ပုစ္ဆာကို အဖြေထုတ်ရမည်ဆိုလျှင် မချစ်သင့်သူ၊ မချစ်ထိုက်သူမှန်း သိသိကြီးဖြင့် စွဲလမ်းနေသောစိတ်က ထပ်တလဲလဲဖြစ်နေသည်။ ထိုသို့ဖြစ်ရခြင်း၏ အဓိကအချက်မှာ မိမိစိတ်ကို ထိန်းချုပ်နိုင်သော စိတ်တန်ခိုးစွမ်းအား နိမ့်ကျခြင်းကြောင့်ပင် ဖြစ်သည်။

စိတ်သည် တစ်ကြိမ်မှာ တစ်ခုသာ တွေးနိုင်သည်။ ထိုအတွေးသည် မိမိဘဝအတွက် ကုသိုလ်၊ ပညာ၊ ဥစ္စာရစေမည့်အတွေးဖြစ်ဖို့ အရေးကြီး၏။

ဝတ်ရည်ဝင်းကျော်အနေဖြင့် စိတ်ပညာကို အကျိုးရှိစွာ အသုံးချပြီး အချစ်နွံနစ်နေသောစိတ်ကို ဆေးကြောသန့်စင်လိုက်သင့်၏။ မိမိ၏ စိတ်တန်ခိုးစွမ်းအင်ကို မြှင့်တင်ရန် လိုသည်။

ယနေ့ခေတ်တွင် စိတ်တန်ခိုးစွမ်းအင် (Will power)ကို တော်တော်များများ ပြောလာကြသည်။ စိတ်တန်ခိုးစွမ်းအင်ဆိုသည်မှာ ဆောင်ရွက်စရာရှိသော ကိစ္စ... ကို လုပ်ဆောင်မည်ဟု ပိုင်းဖြတ်လိုက်သည့် အသိစိတ်... သည်။ စိတ်တန်ခိုးစွမ်းအင်သည် အလိုအလျောက် ပေါ်ထွ... လာခြင်းမျိုး မဟုတ်ပေ။ ဗဟုသုတ အတွေ့အကြုံဆရာ... ကိုယ်တိုင်ရှာမှီးထားသော ပညာများကို အခြေခံလျ... ဆောင်ရွက်ရန် စိတ်ဖြင့် ဆောင်ရွက်မှသာ စိတ်တ... ပေါ်ထွက်လာမည်။

စိတ်တန်ခိုးစွမ်းအင်ရှိသူသည် မိမိစိတ်ကို မိ... အသုံးချနိုင်ပြီး ဘဝကို တိုးတက်အောင်မြင်အောင် ဆ... ဆောက်နိုင်ပေလိမ့်မည်။

**စိတ်တန်ခိုးစွမ်းအင်** (Will power) **ကောင်းစေ...**
**လေ့ကျင့်နည်း**

တိတ်ဆိတ်၍ အနှောင့်အယှက်ကင်းသော အခ... သို့ ဝင်ပါ။ အလင်းရောင်မရှိလျှင် စိတ်ပိုမိုတည်ငြိမ်မှု ... နိုင်သောကြောင့် အလင်းရောင်မှိန်မှိန်ကို အသုံးပြုလျှ... ကောင်းပါသည်။

ရှေးဦးစွာ သက်သောင့်သက်သာဖြင့် မိမိကြိုက်နှစ်သ... သောပုံစံဖြင့် ထိုင်ပါ။

စိတ်နှင့် ကိုယ်ကို လွတ်လပ်စွာ အနားယူလိုက်ပြ... အာရုံပြုပါ။ ပြီးလျှင် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်... ထဲမှ တစ်ပါးပါးကို အာရုံပြုနေပါ။ သို့မဟုတ် ဝင်သ... ထွက်သက်ကို အာရုံပြုနေပါ။ မိမိပြုနေသော အာရုံမှတ... တခြားသို့ စိတ်မရောက်စေပါနှင့်။ လေ့ကျင့်စဥ် စိတ်သ... မတည်မငြိမ်ဖြင့် ဟိုဟိုဒီဒီ ပြေးလွှားနေသည်။ စိတ်အ... ပျံ့လွင့်မှု များနေလျှင် အားပျက်၊ စိတ်မလျှော့သွားပါ... မိမိပြုနေသော အာရုံဆီသို့ စိတ်ကို ပြန်လည်ဆွဲခေါ်သွ...

ဤသို့ လေ့ကျင့်ရာတွင် သည်းခံစိတ်ထားလျက် ... ရှည်ရှည်ထားရန် အထူးအရေးကြီး၏။ စိတ်ရှည်ပြီး သ... ထားကာ လေ့ကျင့်ပါလျှင် တစ်နေ့ပြီးတစ်နေ့ မိမိစိတ်... နိုင်လာမည်။ မိမိစိတ်ကို နိုင်ခြင်းသည် မိမိကိုယ် မိမိနို... ဖြစ်သည်။ ထိုအခါ မိမိစိတ်ထဲသို့ ကြည်လင်အေးချ... ပီတိတစ်မျိုးဝင်လာမည်။ ပီတိဝင်လာခြင်းသည် တိုးတ... ခြင်း၏ အရိပ်ပြပင်ဖြစ်သည်။ လေ့ကျင့်စတွင် ခက်ခဲသော်လ... နောက်ပိုင်းတွင် လွယ်ကူလာပေလိမ့်မည်။

မဝတ်ရည်ဝင်းကျော်အနေဖြင့် အထက်ပါနည်းအတ... မိမိစိတ်တန်ခိုးကို မြှင့်တင်ပြီး မိမိ၏ အချစ်ဝေဒနာ... ထက်မြက်သော စိတ်တန်ခိုးဖြင့် ကုစားနိုင်ပါစေ■

* * *

တက္ကသိုလ်...



www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၏လက်ဆောင်မွန်

# ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

ဘဝရဲ့အောင်မြင်မှုမှာ အရေးအကြီးဆုံးက ဒဿနနဲ့ မှန်ကန်တဲ့ အသိတရားရှိဖို့လိုပါတယ်။ ...ရေလိုက်လွဲရင် အောင်မြင်မှုနဲ့ ဝေးလိမ့်မယ်။ တစ်ခါတစ်ခါ ယောင်ဝါးဝါးနဲ့လျှောက်နေရင်း ဘဝခရီးထဲမှာ မောပန်း...မ်းပျောက်နေမှုတွေ ရှိတတ်ပါတယ်။

ဒါ့ကြောင့် . . . ဒဿနိကဗေဒ၊စိတ်ပညာပိုင်းဆိုင်ရာ၊နက္ခတ္တဗေဒအမြင်၊ဂဏန်းဗေဒင်ပညာ၊...ိုင်းရင်းဆေးပညာအမြင် ရှုထောင့်စုံမှ သင့်ဘဝအောင်မြင်ရေးအတွက် ဆရာနိုင်သမျှ သင့်ကိုကူညီမှာပါ။

အောက်ဖော်ပြပါ အချက်အလက်များထဲမှ သင်နှစ်သက်ရာတစ်ခုကိုသာ မေးခွင့်ရှိပါသည်။

- **A** = ဒီနှစ်ထဲမှာ ကံကောင်းမလား။
- **B** = ကံကောင်းခြင်းရဲ့လက်ဆောင်၊ ယတြာတစ်ခု လိုချင်ပါသည်။
- **C** = ကျန်းမာရေးဓာတ်စာကို ပေးပါ။(ခံစားနေရမှု ဝေဒနာကို ဖော်ပြရန်လိုသည်။)
- **D** = ကျန်းမာရေးကောင်းစေရန် ယတြာကိုပေးပါ။
- **E** = အချစ်၏ ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်လိုပါသည်။ (ချစ်သူ၏ မွေးနေ့၊ရက်၊လ၊ ခုနှစ်၊ မွေးဒေသနှင့် လူမျိုးတို့ကို ဖော်ပြရန်လိုပါသည်။)
- **F** = ဘဝအောင်မြင်ရေး ကျင့်စဉ်တစ်ရပ်ကို သိလိုပါသည်။(အမည်၊ မွေးနေ့၊ရက်၊လ၊ခုနှစ်၊အချိန်၊ မွေးဒေသ၊ အရပ်အမြင့်၊ ကိုယ်အလေးချိန်၊ ပညာအရည်အချင်းတို့ကို ဖော်ပြရန် လိုပါသည်။
- **G** = အပ်စပ်သော အဓိဋ္ဌာန်တစ်ရပ်ကို သိလိုပါသည်။

## ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

...မည် ။ ။ ____________________

...မွေးခုနှစ်၊လ၊ရက် ။ ။ ____________________

...နေရပ်လိပ်စာ ။ ။ ____________________

____________________

____________________

...မေးလိုသည့် ။ ။ ____________________

...ခွန်းအကြောင်းအရာ ____________________

...သင်သိလိုသောမေးခွန်းတစ်ခု၏အက္ခရာကိုအမှန်(✓)ခြစ်၍ ဖော်ပြပါ။

A ( ) B ( ) C ( ) D ( ) E ( ) F ( ) G ( )

...စံတွင်ဖြည့်စွက်၍ဖြတ်ပြီးလျှင်အောက်ပါလိပ်စာသို့ပို့လိုက်ပါလေ။ (သို့မဟုတ်)

...စံအတိုင်းမိမိလက်ရေးဖြင့်လည်းပေးပို့လို့ရပါတယ်၊

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း

ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

အမှတ်-၁၇၉(မြေညီထပ်)၊၃၁-လမ်း(အထက်)၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့၊ဖုန်း - ၃၇၄၄၈၅



www.burmeseclassic.com

www.burmeseclassic.com

# ကြားသမတေးဂြိုဟ်နှင့် စနေဂြိုဟ်တို့ ဆုံမိကြစဉ် အမေရိကန်သမ္မတများ လုပ်ကြံခံရမှု ဖြစ်စဉ်များ

နန္ဒာဦးကျော်



လူတို့သည် အလွန်ရှေးကျသော ကာလများကတည်းကပင် နေ၊ လနှင့် ဂြိုဟ်၊ နက္ခတ်တို့အကြောင်းကို စိတ်ဝင်စားခဲ့ကြသည်။ စိတ်ဝင်တစား စူးစမ်းလေ့လာရင်း ကောင်းကင်ယံရှိ ဂြိုဟ်၊ နက္ခတ်၊ တာရာတို့၏ သဘောသဘာဝကို အခြေပြု၍ လူတို့၏ ကံကြမ္မာကို ကြိုတင်ဟောပြောသိရှိနိုင်သည်ဟူသော နက္ခတ်ဗေဒင်ဆိုင်ရာ ယုံကြည်မှုသည် ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းလိုလို၏ ယဉ်ကျေးမှုနယ်ပယ်တွင် ရှေးနှစ်ပေါင်းများစွာကပင် ရှိနေနှင့်ခဲ့ပြီးဖြစ်သည်။

"ဗေဒင်"ဟူသော ပညာရပ်သည် မြေပြင်နှင့် အာကာသ ကောင်းကင်တွင် ဖြစ်ပေါ်လာသမျှသော အတိတ်၊ နိမိတ်နှင့်တကွ ဂြိုဟ်၊ နက္ခတ်၊ တာရာတို့၏ အထွန်း၊ အညှိုး၊ အငုပ်၊ အပေါ်၊ ကြယ်ကြွေခြင်း၊ ဥက္ကာပျံခြင်း၊ တိမ်



www.burmeseclassic.com

www.burmeseclassic.com

ောက်ခြင်း၊ ကြယ်တံခွန်ပေါ်ခြင်း၊ နေကြတ်၊ လကြတ်၊ ဟ်ပူးဂြိုဟ်မြင်မှ စ၍ ဖြစ်ပေါ်လာသမျှသော အတိတ်၊ တ်များကို အခြေပြု၍ ဟောဆိုရသော ပညာရပ်ဖြစ်ပါ သည်။

မွေးဖွားသက္ကရာဇ်နှင့် အသက်ကို တည်၍ ၇ခု၊ ၈ခု၊ ၂ခု စား၍ အကြွင်းအရ တီထွင်ဟောပြောသော နည်းများ စ၊ အချိန်၊ နာရီကို မှုတည်၍ ဟောသော ဟူးရားဗေဒင်၊ ာလကြီးဗေဒင်၊ ဂဏန်းဗေဒင်၊ မွေးဖွားချိန်အရ ကောင်း င် ၁၂ရာသီဂြိုဟ်၊ လဂ်၊ စန်းတို့ကို ကြည့်၍ ဟောဆို သော ဗေဒင်ဟူ၍ အမျိုးမျိုးရှိသည့်အနက် မွေးဖွားချိန်တွင် က်ယူရရှိသည့် ကောင်းကင် ၁၂ရာသီဂြိုဟ်ခွင်၏ အလား လာကို စစ်ဆေးဟောပြောသော ဗေဒင်ပညာသည်


အင်္ဂါဂြိုဟ်သည် အစွမ်းသတ္တိ၊ အရည်အချင်း၊ ဇွဲလုံ့လ၊ စွန့်စားမှု၊ ခိုက်ရန်ဒေါသစိတ်၊ ဘေးရန်ပဋိပက္ခ၊ စစ်မက်၊ ကျေးကျွန်၊ လင်ယောက်ျားတို့ကို အစိုးရသည်။

ဗုဒ္ဓဟူးဂြိုဟ်သည် အသိဉာဏ်၊ သားသမီး၊ အတတ် ပညာကို အစိုးရ၏။

ကြာသပတေးဂြိုဟ်သည် ပညာဉာဏ်၊ ငွေကြေး၊ ဥစ္စာဓနေ၊ အကျင့်စာရိတ္တ၊ ဘာသာအယူဝါဒ၊ မိတ်ဆွေ၊ ဆရာ တို့ကို ဖန်တီးပေးနိုင်သည်။

သောကြာဂြိုဟ်သည် အချစ်ရေး၊ ပျော်ရွှင်မြူးတူးခြင်း၊ မိန်းမ၊ မယား၊ ဂုဏ်ပကာသန၊ ထင်ပေါ်ကျော်စောခြင်းတို့ကို ဆောင်ပေးသည်။

စနေဂြိုဟ်ကား ဆင်းရဲဒုက္ခ၊ အနှောင့်အယှက်၊ အချိန်




ဘာဝယုတ္တိရှိသည်။

ဂြိုဟ်၊ နက္ခတ်၊ ကြယ်၊ တာရာတို့သည် သက်ရှိ၊ က်မဲ့ ခပ်သိမ်းအပေါ်တွင် သက်ဆိုင်ရာ သဘာဝအစွမ်း တ္တိ အရှိန်အဝါဖြင့် လွှမ်းမိုးခြယ်လှယ်နိုင်သည်ဟု ရှေး ညာရှင်တို့က ယူဆခဲ့ကြသည်။

ဥပမာ - တနင်္ဂနွေဂြိုဟ်သည် နေကို ကိုယ်စားပြု၍ က်ရှိ သက်မဲ့တို့၏ အမှီပြုရာဖြစ်သည်နှင့်အညီ အသက် ဉာဉ်၊ အဖ၊ မာန၊ အရပ်အတိုင်း၊ ရာထူး၊ ဂုဏ်ထူးတို့ကို ိုးရ၏။

တနင်္လာဂြိုဟ်သည် လကို ကိုယ်စားပြု၍ အအေး တ်၊ အမိစိတ်၊ ငွေ၊ ရတနာတို့ကို အစိုးရ၏။

နှောင့်နှေးကြန့်ကြာခြင်း၊ ဆွေမျိုးသားချင်း၊ တွေဝေမိန်းမော ခြင်းကို ဖြစ်စေတတ်သည်။

ရာဟုဂြိုဟ်နှင့် ကိတ်ဂြိုဟ်တို့သည် အမှောင်ဂြိုဟ်ဖြစ် ၍ ကောင်းကင်၌ ဂြိုဟ်ကိုယ်ဒြပ်အနေနှင့် ထင်ရှားမရှိစေ ကာမူ နေကြတ်၊ လကြတ်ကို ဖန်တီးပေးနိုင်ပြီး အမှောင် လောကနှင့်တကွ ထူးခြားဆန်းကြယ်သော အကျိုးအပြင်၊ ခြေလေးချောင်း တိရစ္ဆာန်တို့ကို အစိုးရလေသည်။

နက္ခတ်ဗေဒင်ပညာ(Astnology)ဟူသော ဝေါဟာရ သည် ကြယ်တာရာ(Asten)နှင့် ဆင်ခြင်စဉ်းစား ကောက် ချက်ဆွဲသော ပညာ(Logic)ဟူသော ဝေါဟာရနှစ်ရပ်ကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် နက္ခတ်ဗေဒင်ပညာ



www.burmeseclassic.com

www.burmeseclassic.com

ဟူသည် နက္ခတ်ပညာဖြင့် ရှာထားသော ဂြိုဟ်နှင့် ကြယ်တာရာတို့၏ သဘောသဘာဝကို အခြေခံ၍ လူတို့၏ ကံကြမ္မာကို ဟောပြောသော ပညာရပ်ဖြစ်လေသည်။

နက္ခတ်ဗေဒင်ပညာအလိုအရ နေ၊ လ၊ ကြယ်၊ ဂြိုဟ်တို့၏ လှုပ်ရှားပြောင်းလဲမှု သဘာဝများသည် လူတို့အပေါ် တန်ခိုးသြဇာသက်ရောက်မှုရှိပြီး ကံကြမ္မာအပြောင်းအလဲကို ပြုပြင်စီမံလျက်ရှိသည်ဟု လက်ခံ ယုံကြည်ထားကြလေသည်။

သာဓကအားဖြင့် ဂြိုဟ်တို့က လူသားတို့အပေါ် ထူးခြားသော ဖြစ်စဉ်မျိုးကို ပြောင်းလဲ ဖြစ်ပေါ်စေခဲ့သော ထင်ရှားသည့် ဖြစ်ရပ်များကို တင်ပြရမည်ဆိုပါက ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်တို့သည် အနှစ် ၂၀ ကြာတိုင်း ရာသီခွင်တစ်ခုအတွင်း၌ ဆုံမိကြချိန်တွင် ရွေးချယ် တင်မြှောက်ခြင်းခံရသော အမေရိကန်သမ္မတများသည် လက်ရှိ သမ္မတသက်တမ်းအတွင်း အကြောင်းတစ်စုံတစ်ရာကြောင့် လုပ်ကြံခံရခြင်း (သို့မဟုတ်) ထူးခြားသော အကြောင်းတစ်ခုခုဖြင့် သေဆုံးရခြင်းတို့ ဖြစ်ပေါ်လေ့ရှိတတ်ကြောင်းကို သုတေသနပြုထားသော အောက်ဖော်ပြပါ အချက်အလက်ဖြစ်စဉ်များ၌ တွေ့ရှိနိုင်လေသည်။

၁။ ၁၈၄၀ ပြည့်နှစ်တွင် ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်တို့ မကာရရာသီတွင် တွေ့ဆုံကြစဉ် ရွေးချယ် တင်မြှောက်ခြင်း ခံရသော အမေရိကန်သမ္မတ ဝီလီယံဟင်နရီ ဟာရစ်ဆင်(W. Harrison) သည် ရာထူးလက်ခံအပြီး ၃၁ရက်အကြာတွင် နမိုးနီးယားရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

၂။ ၁၈၆၀ ပြည့်နှစ်တွင် ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်တို့ ကန်ရာသီတွင် တွေ့ဆုံကြစဉ် ရွေးချယ်တင်မြှောက်ခြင်း ခံရသော အမေရိကန်သမ္မတ လင်ကွန်း(Lincoln)သည် ဒုတိယအကြိမ် သမ္မတသက်တမ်းအတွင်း ၁၈၆၅ ခုနှစ်၌ လုပ်ကြံသတ်ဖြတ်ခြင်း ခံရသည်။

၃။ ၁၈၈၀ ပြည့်နှစ်တွင် ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်တို့ ပြိဿရာသီတွင် တွေ့ဆုံကြစဉ် ရွေးချယ်တင်မြှောက်ခြင်း ခံရသော အမေရိကန်သမ္မတ ဂျိမ်းအေးဂါဖီ(James A. Garfield) သည် ၁၈၈၁ ခုနှစ်၌ လုပ်ကြံသတ်ဖြတ်ခြင်း ခံရသည်။

၄။ ၁၉၀၀ ပြည့်နှစ်တွင် ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်တို့ မကာရရာသီတွင် တွေ့ဆုံကြစဉ် ရွေးကောက်တင်မြှောက်ခြင်းခံရသော အမေရိကန်သမ္မတ ဝီလီယံမက်ကင်လေး(William Makinley) သည် ၁၉၀၁ ခုနှစ်တွင် လုပ်ကြံသတ်ဖြတ်ခြင်း ခံရသည်။

၅။ ၁၉၂၀ ပြည့်နှစ်တွင် ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်တို့ ကန်ရာသီတွင် တွေ့ဆုံကြစဉ် ရွေးကောက် တင်မြှောက်ခြင်း ခံရသော အမေရိကန်သမ္မတ ဝါရင်ဂျီဟာဒင်း (Warren G.Harding) သည် ၁၉၂၃ ခုနှစ်တွင် သမ္မတသက်တမ်းအတွင်း၌ပင် ကွယ်လွန်ခဲ့သည်။

၆။ ၁၉၄၀ ပြည့်နှစ်တွင် ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်တို့ ပြိဿရာသီတွင် တွေ့ဆုံကြစဉ် ရွေးချယ်တင်မြှောက်ခြင်းခံရသော အမေရိကန်သမ္မတ ရုစဗဲ့(Roosevelt)သည် သမ္မတသက်တမ်းအတွင်း၌ပင် ကွယ်လွန်ခဲ့သည်။

၇။ ၁၉၆၀ပြည့်နှစ်တွင် ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်တို့ မကာရရာသီတွင် တွေ့ဆုံကြစဉ် ရွေးကောက် တင်မြှောက်ခြင်း ခံရသော အမေရိကန်သမ္မတ ကနေဒီ (Kennedy)သည် ၁၉၆၃ ခုနှစ်တွင် လုပ်ကြံသတ်ဖြတ်ခြင်း ခံရသည်။

၈။ ၁၉၈၀ ပြည့်နှစ်တွင် ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်တို့ ကန်ရာသီတွင် တွေ့ဆုံကြစဉ် ရွေးကောက် တင်မြှောက်ခြင်း ခံရသော အမေရိကန်သမ္မတ ရီဂင်(Reagan) သည် ၁၉၈၁ ခုနှစ်၊ မတ်လ ၃၀ရက်နေ့တွင် လုပ်ကြံသတ်ဖြတ်ခြင်း ခံရသည်။ ခြင်းချက်မှာ လုပ်ကြံခြင်း ခံရသော်လည်း သမ္မတ ရီဂင်မှာ ယင်းသမ္မတသက်တမ်းအတွင်း မသေပါ ■

* * *

နန္ဒာဦး


ကျမ်းကိုး

- နက္ခတ်ဗေဒင်ပညာနှင့် မြန်မာတို့၏ အတွေးအမြင် အလာ (နန္ဒာသိန်းဇံ-ဒေါ်လှဲ့လှဲ့ဝင်း)။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မြသိန်းတန်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကြီး···။

သည်ပွဲတော်ကြီးက တပေါင်းလရောက်တိုင်း နှစ်စဉ် ကျင်းပနေကျဖြစ်သည်။

တပေါင်းလဆိုသည်က တောရွာများ၌ လယ်တို့ ယာတို့ ရိတ်သိမ်းပြီးချိန်ဖြစ်သဖြင့် အလုပ်ခွင် အားလပ်ရက်လည်း ဖြစ်သည်။ သို့အတွက် ဘုရားလည်း ဖူးရင်း၊ ပွဲလည်း ကြည့်ရင်း ဘုရားပွဲဈေးလည်း လည်ရင်း တောသူတောင်သားတို့ လူကုန်နီးပါးတက်လာကြသဖြင့် ဘုရားပွဲက ကြိတ်ကြိတ်တိုးစည်ကားလေ့ရှိ၏။

ဘုရားပွဲတော်ကြီးက ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ရုပ်ရှင်၊ ဗီဒီယို စသည်ဖြင့်လည်း စုံလှသည်။ နှစ်စဉ် ကျင်းပမြဲ ပွဲတော်ကြီးဖြစ်သဖြင့် ပစ္စည်းမျိုးစုံရောင်းသော ပွဲဈေးတန်းကြီးကလည်း ရောင်စုံ မီးရောင်တို့ ထိန်ထိန်ညီးနေသည့်အောက်၌ ဟည်းတိုက်နေသည်။

ဇော်သက်သည် ပွဲဈေးတန်းတစ်ပတ်လည်ပတ်ပြီး ရဟတ်စင်နှင့် ချားများ လုပ်ထားသော ကွင်းပြင်ဘက်ရှိ အအေးဆိုင်တစ်ဆိုင်တွင် ဝင်ထိုင်လိုက်၏။ ဖာလူဒါတစ်ပွဲမှာပြီး ရဟတ်စင်နှင့် ချားစင်တွေဘက် ကြည့်နေလိုက်၏။ ထိုနေရာ၌လည်း လူငယ်လူရွယ်တို့ ပြည့်နေသည်။ ရဟတ်က နှစ်ယောက်တွဲ ထိုင်ခုံလေးတွေနှင့် ပြုလုပ်ထားသည်။ ချားစင်ကတော့ အရုပ်ကလေးတွေနှင့် ထိုင်ခုံတွေကို လုပ်ထားသည်။ ကားရုပ်၊ ရထားရုပ်၊ လေရုပ်၊ မော်တော်ဆိုင်ကယ်ရုပ်၊ ဆင်ရုပ်၊ မြင်းရုပ် အရုပ်တွေက စုံလှသည်။ ကလေးများ သဘောကျအောင် ပြုလုပ်ထားသည့်အတွက် အနားမှာ ကလေးတစ်အုပ်တစ်မကြီး ဝိုင်းနေသည်။ တစ်သုတ်ပြီး တစ်သုတ် စီးကြသည်။

ဇော်သက်အတွက် သည်မြင်ကွင်းတွေက ရင်းနှီးခဲ့ပြီးသားဖြစ်သည်။ သူ တောမှာ နေစဉ်က မြသိန်းတန်ဘုရားပွဲတော် ကျင်းပတိုင်း လာသည်။ အပေါင်းအသင်းတွေနှင့် ပွဲတော်လျှောက်လည်သည်။ ပွဲဈေးတန်းမှာ လိုချင်သည့် ပစ္စည်းတွေ ဝယ်ကြသည်။ ရဟတ်တွေ စီးကြ၊ ချားတွေ စီးကြနှင့် ပျော်ခဲ့ကြသည်။ သူနှင့် အတွဲဆုံးက ကျောင်းနေဘက် သူငယ်ချင်း ခင်မောင်ဦးဖြစ်သည်။

ခင်မောင်ဦးက ဇော်သက်တို့အိမ်နှင့် သုံးအိမ်ကျော်မှာ နေသည်။ သူတို့ချင်းက သက်တူရွယ်တူတွေ။ ကျောင်းတက်တော့လည်း အတူတူ။ မိဘချင်းတွေကလည်း ခင်မင်ရင်းနှီးကြသူတွေ။ သည်တော့ သူတို့ချင်းလည်း ပိုရင်းနှီးကြသည်။ ဘယ်သွားသွား၊ ဘယ်လာလာ အတွဲညီကြသည်။ ဘုရားပွဲတော်ရက်ဆို ဘယ်သူပါပါ၊ မပါပါ သူတို့နှစ်ယောက်က ရှေ့ဆုံးရောက်ကြမြဲဖြစ်၏။

ခင်မောင်ဦး၌ စာရေးဆရာကြီး အမျိုးသား ဦးလုဗင် ရေးသော သာယာဝတီသမိုင်းစာအုပ်ရှိသည်။ ခင်မောင်ဦးက ထိုစာအုပ်ဖတ်ပြီး ဘုရားပွဲတော်လာရင်း သာယာဝတီသုံးမြို့ရှင် သတိုးနော်ရထာမင်း၏ နမတော် ဝက်လုကတော်ခေါ် မြစိမ်းမင်းသမီး၏ တစ်သိန်းတန် မြသဘက်ကို ဌာပနာ၍ တည်ခဲ့သည့် "မြသိန်းတန်ဘုရား" သမိုင်းအကြောင်း လမ်းလျှောက်ပြောလေ့ရှိသည်။ ဌာပနာတိုက်ပိတ်ရန် အလယ်ရိုးမ၊ ဘော်ဘင်တောင်ခြေမှ ကျောက်ဖျာကြီးကို ဆင်တော် လော်ရိန်းနှင့် မောင်မဲခေါင် ဆွဲလာခဲ့သည့်အကြောင်းက ပိုစိတ်ဝင်စားဖို့ ကောင်းသည်။

ယခုတော့ ခင်မောင်ဦးနှင့် သူ ကွဲခဲ့ကြသည်မှာ နှစ်တွေ အတော်ကြာခဲ့ပြီ။ သူ အစိုးရဌာနတစ်ခုတွင် အလုပ် ဝင်ခဲ့ကတည်းက ဖြစ်၏။ သူ့အလုပ်က နယ်လှည့်နေရသော အလုပ်မျိုးဖြစ်သဖြင့် တော်တော်နှင့် ရွာကို ပြ မရောက်။ နောက်တော့ ခင်မောင်ဦး လည်း အရှေ့ရွာမှ အမျိုးသမီးတ ယောက်နှင့် အိမ်ထောင်ကျသွားသည် ဟု ကြားသည်။ သူ့မိဘတွေရှိရာ ရွာ ကို ပြန်တော့လည်း ခင်မောင်ဦးနှ မဆုံခဲ့ကြရ။ ခင်မောင်ဦးကို တွေ့ချင် သွားတော့ ခင်မောင်ဦး တောတ ထင်းခုတ်တာနှင့် တိုး၍ မတွေ့ခဲ့ ဘုရားပွဲတော် အတူတူသွားခဲ့တာ ကျောင်းအတူတူတက်ခဲ့ကြတာ တွေးပြီး တစ်ခါတစ်ရံ သူငယ်ချ နှစ်ယောက်ဆုံပြီး ဟိုတုန်းကလို သွာ ချင် လာချင်သည်။ ငယ်ငယ်တုန် သူငယ်ချင်းနှစ်ယောက် ပျော်ခဲ့ကြသ ပျော်ချင်သည်။

ထို့ကြောင့် တစ်နှစ်နှစ် ဘုရ တော်ရက်တော့ ရွာကို ပြန်ဖြစ်အော ပြန်ပြီး သူငယ်ချင်းနှစ်ယောက် ဟိုတ ကလို နေဦးမည်ဟု တွေးထားသ သို့သော် တော်တော်နှင့် အခွင့် မကြုံ။ ယခုမှ တာဝန်ဝတ္တရား ကျေ သည့် ဝန်ထမ်းတစ်ဦးအဖြစ် အမှု ကောင်းလက်မှတ်နှင့် ခွင့်တစ်လ ခွင့်ရသည့်အတွက် ဇော်သက် ရွာ ပြန်ခဲ့ခြင်းဖြစ်၏။

တိုက်ဆိုင်ချင်တော့ သူ သည့်ရက်နှင့် မြသိန်းတန်ဘုရား ပူဇနီယပွဲတော် ကျင်းပရက် တို နေသည်။ ပွဲစ,ရက်ဖြစ်သည်။ လူတွေနှင့် ခင်မောင်ဦးကို တွေ့

www.burmeseclassic.com

www.burmeseclassic.com

တွေ့ပြား ဘုရားဝင်ခဲ့သည်။ ဘုရား တစ်ပတ်ပတ်ပြီးသည့်တိုင် မည်သူမျှ တွေ့ရ။ ဈေးတန်းတွေ နှံ့အောင် ရှာသည်။ မတွေ့နိုင်သည့်အဆုံး မောကသည်။ မောနင့် စိတ်ပျက်လက်ပျက်ဖြစ်ကာ အအေးဆိုင် ဝင်ထိုင်နေလိုက်ခြင်း ဖြစ်၏။

◈◈◈

ဖာလူ့ဒါတစ်ခွက်ကုန်တော့ ဇော်သက် ကျသင့်ငွေ ရှင်းပြီး ရှာပြန်ရန် ဆုံးဖြတ်၍ ထိုင်ရာမှ ထလိုက်သည်။

လပြည့်ကျော် ၃ရက် လက ထိန်ထိန်ကျဲ သာနေသည်။ ခုညတော့ ပွဲကြည့်တော့။ နောက်ညမှ ခင်မောင်ဦးနှင့် သူငယ်ချင်းနှစ်ယောက်လာတော့မည်။ ပွဲကြည့်တော့မည်ဟု တွေးရင်း ကွင်းအပြင်သို့ ထွက်လာခဲ့၏။

သူတို့ရွာက ဘုရား၏ အနောက်ဘက်မှာ ရှိသည်။ ဘုရားနှင့် ၂မိုင်ခန့်လောက် ဝေးသည်။ လယ်ကွင်းပြင်ကို ဖြတ်ပြီးမှ လယ်ကျွန်းနံဘေး ကန်သင်းလမ်းလေးအတိုင်း သွားရ၏။ ရိုးကမ်းနံဘေးတစ်လျှောက် ကုက္ကိုပင်ဝိုင်းဝိုင်းလေးတွေက တန်းစီပေါက်နေကြသည်။

လရောင်ဖြင့် ဇော်သက် လယ်ကျွန်းနံဘေး ကန်သင်းလမ်းလေးအတိုင်း တဖြည်းဖြည်းလျှောက်လာခဲ့၏။ လမ်းက မြက်ခြောက်များဖြင့် ရှုပ်ထွေးနေသည်။

တစ်မိုင်ခန့်လောက် ရောက်တော့ ကုက္ကိုပင်ပေါ်မှ အိပ်မောကျနေကြသည့် စာပုတီးငှက်တွေ တပြောပြော လန့်ပျံသွားကြပြီး၊ လေပွေလေးတစ်ချက် မွှေ့လိုက်သည်ကို မြင်လိုက်သည်။ ကုက္ကိုပင်တွေ ယိမ်းခနဲ ယိမ်းခနဲဖြစ်သွားကြသည်။



ထိုအခိုက်မှာပင် သူ့နံဘေးမှ လူတစ်ယောက် ဖြတ်ကျော်သွားသလိုမျိုး သူ့စိတ်ထဲမှာ ခံစားလိုက်ရ၏။ ကြက်သီးလည်း ဖြန်းခနဲ ထ,သွားသည်။ သို့သော် သည်လမ်းက ဟိုတုန်းက သူ အချိန်မရွေး အချိန်ရှိ ခဏခဏသွားနေကျ လမ်းဖြစ်သဖြင့် ဘယ်လိုမှတော့ မနေ။ သို့ကြောင့် လာမြဲတိုင်း ခပ်ဖြည်းဖြည်း ခပ်မှန်မှန်လျှောက်လာခဲ့သည်။

ရှေ့သို့ ခြေလှမ်း ၁၉လှမ်းလောက် လှမ်းလိုက်မိတော့ သူ့ရှေ့ကိုက် ၅၀ လောက်၌ လူရိပ်တစ်ခုကို ခပ်ဝါးဝါး လရောင်ဖြင့် မြင်လိုက်ရ၏။ သေသေချာချာ ကြည့်လိုက်တော့ ခင်မောင်ဦးဖြစ်နေသည်။ သူ့ရှေ့က ဖိနပ်တဖျပ်ဖျပ်နှင့် လျှောက်သွားနေ၏။ ဇော်သက် ခင်မောင်ဦး၏ နောက်ကျောပြင်ကို ကြည့်ရင်း "ဒီကောင်ကြီးလည်း ပွဲက ပြန်တာဖြစ်မယ်။ သူ ငါမှန်းမသိတာ ဖြစ်မယ်။ စောစောက ငါ့ဘေးက ဖြတ်သွားတာ သူကိုး"ဟု တွေးရင်း…

"ဟေ့ကောင်-ခင်မောင်ဦး။ နေပါဦးဟ။ ဘာလဲ၊ မင်းလည်း ပွဲက ပြန်လာတာလား။ တစ်ယောက်တည်းလား"

ဟု လှမ်းခေါ်လိုက်သည်။

ဇော်သက်ခေါ်သံကြားတော့ ရှေ့က လူက ခပ်စောင်းစောင်းပြန်ကြည့်လာသည်။ သို့သော် ဘာစကားမျှ ပြန်မပြော။ ထူးလည်း မထူး။ လမ်းသွားလည်း မပျက်။

"ဟေ့…ခင်မောင်ဦး။ မင်း ဘယ်လိုဖြစ်နေတာလဲ။ ငါကွ၊ ဇော်သက်ရယ်"

သူက ထပ်ပြောလိုက်သည်။

ရုပ်က ခင်မောင်ဦးရုပ်။ ဝတ်ထားသည့် အဝတ်ကလည်း သူအမြဲဝတ်နေကျဖြစ်သည့် ရှိုင်ပုဆိုး မီးခိုးရောင်နှင့် တက်ထရွန်အညိုကွက်။ သည်တော့ ခင်မောင်ဦးမှ ခင်မောင်ဦးအစစ်ဖြစ်သည်ဟုလည်း သူ အတတ်စွပ်စွဲသည်။ သို့သော် ထိုသူကတော့ မကြားသလိုလို၊ မသိသလိုလိုနှင့် တုံဏှိဘာဝေလုပ်နေသည်။

တုံ့ပြန်သံ မကြားရသဖြင့် ဇော်

www.burmeseclassic.com

သက်စိတ်ထဲ-မခံချိ မခံသာဖြစ်လာ၏။ ဒီကောင် ဘာဖြစ်နေတာပါလိမ့်ဟု တွေးရင်း ခင်မောင်ဦးကို မီအောင် အပြေးလေး လိုက်ခဲ့သည်။ မီလုမီခါနီး ဖြင့်ပင် မမီနိုင်ဘဲ ရှိနေသည်။ မီအောင် ထပ်လိုက်ပြန်သည်။ သို့သော် ဘယ် လောက်လိုက်လိုက် မမီ။ မမီနိုင်သည့် အဆုံး ဇော်သက် ဘယ်လိုဖြစ်တာပါ လိမ့်"ဟု တွေးရင်း လက်လျှော့လိုက် ရတော့၏။

◈◈◈

အိမ်ရောက်တော့ လမ်းမှာ ကြုံ ခဲ့ရသည့် အဖြစ်ကို အဖေနှင့် အမေကို ပြောပြသည်။

"ဩော်…လူလေး ခင်မောင်ဦး နဲ့ တွေ့ခဲ့တာကိုး"

ဟု အဖေက ပြောသည်။ အဖေ့ စကားက တစ်မျိုးဖြစ်နေသဖြင့် ဇော် သက်က…

"ဟာ…အဖေကလည်း ခင် မောင်ဦးဆို သားခေါ်တာ ထူးမှာပေါ့။ ခုတော့ ထူးမှမထူးတာ။ မဟုတ်နိုင်ပါ ဘူး"

ဟု ပြောလိုက်သည်။ ထိုအခါ အဖေက…

"အင်း… ထူးတော့ ထူးချင် မှာပေါ့ လူလေးရယ်။ မထူးနိုင်လို့ ဖြစ် မှာပါ"

ဟု စိတ်မကောင်းစွာ ဆိုရင်း ခင်မောင်ဦးအကြောင်းကို ပြောပြလေ ၏။

"မောင်ခင်မောင်ဦး မရှိတော့ဘူး လူလေးရဲ့။ မောင်ခင်မောင်ဦး ဆုံးတာ ၅နှစ်လောက် ရှိသွားပြီကွဲ့။ ခု လူလေး တွေ့ခဲ့တယ်ဆိုတဲ့ နေရာမှာပဲ သူ လူဆိုး တွေနဲ့ တွေ့ပြီး အသတ်ခံခဲ့ရတယ်။ သူသေတော့ မိန်းမနဲ့ ကလေး သုံး ယော[illegible] [illegible]ချန်ခဲ့တယ်။ အဲဒါတွေ စွဲ လမ်းပြီး မကျွတ်မလွတ်ဘဲ ဖြစ်နေ တာ။ သူ့မိဘတွေကရော၊ သူ့မိန်းမက ပါ ဆွမ်းတွေတော့ သွတ်ကြတာပါပဲ ကွယ်။ အင်း… စွဲလမ်းခြင်းတရားက ခက်တယ် လူလေး။ အဲဒီအစွဲကြော[illegible] သူ ခုထိ မကျွတ်လွတ်နိုင်ဘဲ [illegible] ရောက်နေရတာပေါ့။ အစွဲတရား… အစွဲတရား…"

ဇော်သက် ခင်မောင်ဦးအကြော[illegible] ကြားလိုက်ရတော့ လုံးဝ စိတ်မကော[illegible] ဖြစ်သွားသည်။ သူငယ်ချင်းတစ်ယော[illegible] ၏ ဒုက္ခကို မည်သည့်နည်းနှင့် က[illegible] တင်ရမည်ကိုလည်း စဉ်းစားနေမိ[illegible] သူငယ်ချင်းနှင့် သူက ဘဝခြားသွာ[illegible] ပြီဖြစ်သော်လည်း သူငယ်ချင်းကော[illegible] ပီပီ သူငယ်ချင်း ခံစားနေရသည့်[illegible] တွေကို အတတ်နိုင်ဆုံး ကယ်တ[illegible] မည် မဟုတ်ပါလား ■

* * *

[illegible]

(ဤဇာတ်လမ်းအား ပြော[illegible] သည့် ဇီးကုန်းမြို့ ဘိုးဘွားရိပ်သာ [illegible] (ယခင် စာရင်းစစ် အရာရှိ) ဦးညွန့်[illegible] အား ကျေးဇူးတင်ရှိပါကြောင်း ဤ[illegible] ဖြင့် အတူမှတ်တမ်းတင်အပ်ပါ၏။

၁၉၇၉ - ခုနှစ်မှစ၍ ကလေးဆေးများသာ ထုတ်လုပ်ဖြန့်ချိလျက်ရှိသော
ဆရာဘိုန်းဆရာလှ ဆေးတိုက်
ကလေးဆေးဆို မေးမနေနဲ့
ဆရာဘိုန်း-ဆရာလှ ကလေးဆေးကို သတိရပါ
ပင်ရင်း - အမှတ် ၈၁၊ အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၅၃၅၀၄၈၊ ၀၉ ၇၃၀ ၉၉၀၁၉
၇/ ၂၀၁၃ တဆထလ (၂၄၈၇)
www.facebook.com/sayarhain
သူငယ်နာ ချောင်းဆိုး ပျောက်ဆေး
သူငယ်နာ ချွဲ မှုန် ချ ဆေး
သူငယ်နာ လေ မှုန် ထုတ်ဆေး
TMR 011562 (1215)
TMR 011571 (1215)
TMR 011543 (1215)
ကလေးများ၏ ချွဲသလိပ်ရောဂါနှင့် သူငယ်နာရောဂါ အမြစ်ပြတ်ပျောက်ကင်းလိုလျှင်
သင်၏ကလေး လေသန်နာ-ကျုံဖျင်းတဲ့ - တစ်ညလုံး ကွယ်ကြွက်ကြွက်ညံ - ကော့လိမ်လန် ပြန်[illegible]
ဆရာဘိုန်း-ဆရာလှ ကလေးဆေးတိုက်ကို သတိရပ[illegible]


www.burmeseclassic.com

www.burmeseclassic.com



# ဝေတ္တရာသရာကျော်

ကျိုးကြောင်းဆင်ခြင်

တတ်ရိုက်တတ်ဆင်

illustration by Laungkyaw34@09421054457

ဗေဒင်ပညာနှင့် ဆက်နွယ်နေသော ယတြာနှင့် ဓာတ်ကျက် ဓာတ်ဆင်သည် လောကီပညာ၏ အဝန်းအဝိုင်းနယ်ပယ်ထဲတွင် ရှိသည်။

ဗေဒင်ပညာအပါအဝင် လောကီပညာမှန်သမျှသည် ဘာသာရေးမဟုတ်။ သမ္မတိသစ္စာ၊ ပညတ်ဘောင်အတွင်း နှိုင်း နှိဗ္ဗာန်သွားရာ အတတ်အသိမဟုတ်။ လောက လိုအပ်ချက်အရ ပေါ်ပေါက်လာရသော ပညာရပ်သာဖြစ်သည်။

လူနှင့် သတ္တဝါတို့၏ ကောင်းကျိုးအတွက် ဖြည့်စွမ်းသော အတတ်ပညာ၊ အသိပညာအမျိုးမျိုးတွင် လိုအပ်သောအချိန်တွင် လိုအပ်သော လူသားတို့အတွက် ဗေဒင်ပညာနှင့် ဆက်နွယ် ပညာရပ်များသည် တန်ဖိုးရှိကြောင်း လေ့လာသူများမှသာ သိမြင်နိုင်မည်ဖြစ်သည်။

သို့ရာတွင် အလင်းနှင့် အမှောင်၊ ဖိုနှင့် မ၊ အဖြူနှင့် အမည်း၊ အပူနှင့် အအေး၊ အရှေ့နှင့် အနောက် စသော ဆန့်ကျင်ဘက် သဘာဝတို့ ရှိမြဲဖြစ်ရာ ဗေဒင်ပညာအပေါ် ယုံကြည်လက်ခံသူနှင့် မယုံကြည် လက်မခံသူဟူ၍ ရှိနေမည်မှာ မဆန်းပါ။ ဘာသာတရား၌ပင် ကွဲပြားခြားနားစွာ ယုံကြည်လက်ခံနေကြသည်ပင် ဖြစ်သည်။

တကယ်တမ်းတွင် လောကနှင့် မကင်းသူမှန်သမျှ လောကီပညာ၊ လောကီပညာမှ ဖြစ်ထွန်းသော အကျိုးကို ဆက်ဆံနေကြရသူများသာဖြစ်ကြောင်း စေ့စေ့တွေးလျှင် ရေးရေးပေါ်နိုင်ပါသည်။ အကျယ်ရေးပြရလျှင် ကျမ်းတစ်စောင် စာတစ်ဖွဲ့မက ဖြစ်ပေလိမ့်မည်။ ဟန်ရေးမပြဘဲ မာန်ကလေးချကာ တွေးဆ ဆင်ခြင်ကြည့်ကြပါကုန်။

အနှစ်ထုတ်ပြောရလျှင် လောကသစ္စာနှင့် လောကုတ္တရာသစ္စာ (သမ္မတိသစ္စာနှင့် ပရမတ္ထသစ္စာ)ကို ပိုင်းခြားထင်ထင် မြင်တတ်ဖို့ လိုအပ်ပါသည်။ သို့မှသာ အပြစ်ကင်းပေလိမ့်မည်။

◈◈◈

တကယ်တမ်းတွင် လောကအဝန်းရှိ အရာအားလုံးမှ



www.burmeseclassic.com

www.burmeseclassic.com

သည် မမြင်ရသော စွမ်းအားများဖြင့် ကြိုးမျှင်သဖွယ် ဆက်သွယ် နွယ်ယှက်နေကြပါသည်။ ဤယုံကြည် ထင်မြင်ချက်ရှိမှသာလျှင် ဓာတ်ရိုက်ဓာတ်ဆင်ကို ပြုလုပ်အောင်မြင်နိုင်ကြမည်ဖြစ်သည်။

ဓာတ်ရိုက်ဓာတ်ဆင်တွင် အဓိက အခြေခံကြီး နှစ်ရပ်မှာ မပါမပြီးဖြစ်သည်။

(က) အသုံးချ / ပြု ပစ္စည်းများ၊

(ခ) ထင်မြင်ယုံကြည်ချက်နှင့် စိတ်စေတနာတို့ ဖြစ်သည်။

အသုံးချ ပစ္စည်းများ အခင်းအကျင်းတွင် ပစ္စည်းမျိုးစုံပါဝင်နိုင်သည်။ ဥပမာ - သစ်သားစများ၊ အဝတ်စများ၊ အခြားပစ္စည်းများ ပါဝင်သည်။

နားလည်တတ်ကျွမ်းသူသည် အသုံးချ ပစ္စည်းများကို သူ့နည်းသူ့ဟန်အတိုင်း အသုံးအစွဲပြုလေသည်။ မြေကြီးထဲရိုက်သွင်းခြင်း၊ မီးရှို့ခြင်း၊ ရေလောင်းခြင်း၊ အမြင့်တင်ခြင်း၊ လျှို့ဒါန်းခြင်း၊ စွန့်ကြဲခြင်း၊ ရေမျှောခြင်း၊ တန်းလန်းစွဲခြင်းစသော နည်းစနစ်မျိုးစုံကို လိုအပ်သလို အသုံးအစွဲပြုပါသည်။

နည်းစနစ်တွင်လည်း အမျိုးမျိုးရှိကြသည်။ မိမိတို့သန်ရာသန်ရာ နည်းစနစ်ကို သုံးစွဲကြသလို၊ တစ်ကျောင်းတစ်ဂါထ၊ တစ်ရွာတစ်ပုဒ်ဆန်း အသုံးအစွဲများ ရှိသည်။ လောကီပညာဖြစ်ရာ သူ့နရီ၊ သူ့စည်းသူ့ကမ်း၊ သူ့သဘောတရားအတိုင်း မှန်ကြသည်။

လောကီပညာထဲမှ ဓာတ်ရိုက်ဓာတ်ဆင်ပညာသည် နက်နဲသော အဓိပ္ပာယ်များ ရှိသည်။ အသုံးချ ပစ္စည်းတို့၏ စွမ်းအားနှင့် ၎င်းတို့ကို ခေါ်ဝေါ်သော ပညတ်အသံ၏ စွမ်းအားတို့ ယှက်နွှယ်သည်။ ထို့ပြင် အသုံးပြုပုံ နည်းစနစ်အရလည်း အကျိုးပြုပုံစွမ်းအားတို့ ရှိသည်။

ထင်မြင်ယုံကြည်ချက်နှင့် စိတ်စေတနာအပိုင်းကတော့ အတော်ကျယ်ဝန်း လေးနက်သည်။ မိမိလုပ်ရပ်အပေါ်၊ ဆရာသမားအပေါ် အလေးအနက်ရှိဖို့ လိုသည်။

တစ်ဖန် သက်ဆိုင်ရာ ဒေဝတာများ (သို့မဟုတ်) မွန်မြတ်သော အစောင့်အရှောက် ဒေဝတာများ ရှိကြောင်းကိုလည်း တချို့သော ဓာတ်ဆင်မှုအပိုင်းတွင် ယုံကြည်ရတာများ ရှိသည်။

နောက်တစ်ချက်မှာ စွမ်းအားနှင့် စေတနာတို့ အပြန်အလှန် အကျိုးပေး ဆက်သွယ်ပုံဖြစ်၏။

ဆိုလိုသည်မှာ စွမ်းအားတို့သည် မိမိ၏ စေတနာ

အလျောက်သာ ပေါ်ပေါက်သည်။ ထက်သန်သော စေတ
အလျောက်၊ ထက်သန်သော စွမ်းအားမျိုးဖြစ်လာသည်
ဆရာသမားများ ဓာတ်ဆင်ယတြာပြုပေးနိုင်ခြင်းမှာ
အချက်ကို သတိထားတတ်သောကြောင့် ဖြစ်သည်။

တချို့ လုပ်သော်လည်း အကျိုးမရောက်ဟု
သည်။ ကိုယ့်စိတ်စေတနာ ထက်သန်မှု မည်မျှလော
သည်ကို ဆန်းစစ်ရမည်။ အားနည်းသော စိတ်ထက်သ
သည် လိုရင်းမရောက်တတ်ပေ။

နောက်တစ်ပိုင်းမှာ ကိုယ့်ဘက်က မှန်ကန်မှု၊ အ
ဖြစ်မှုအား ဘယ်ရွေ့ဘယ်မျှ ရှိမလဲဟူသော အချက်
သည်။ ကြုံတုန်း ပြောချင်ပါသေးသည်။

ကျွန်ုပ်ထံသို့ အတော်ချမ်းသာသော အမျိုးသမီး
ယောက် ရောက်လာပြီး အကူအညီတောင်းသည်။ သူ့
မှာ အရာရှိတစ်ယောက်ဖြစ်၏။ သူက နောက်လင်ငယ်
နှင့် ဖောက်ပြန်သည်။ ယောကျ်ားကြီး၏ မကောင်းကြ
များကို စီကာပတ်ကုံး ရှုန်းရှုန်းဝေအောင် ပြောသည်။
မည့်သာ ပြောနေသည်၊ သူစီးသော ကားမှာ ယောကျ်
ဝယ်ပေးထားတာဖြစ်သည်။ နေ့စဉ် သုံးဖြုန်းနေသော
ဆံမှာ ယောကျ်ားရှာပေးထားတာ ဖြစ်သည်။

နောက်တစ်ချက်မှာ ဗေဒင်ဆရာတော်တော်များမျ
ရောက်ပြီးပြီ။ ဘာမှလည်း ဖြစ်မလာဘူးဟု သူက ဆို
ထို့ကြောင့် ကျွန်တော့်ကို ထပ်ပြီး အကူအညီတောင်း
ဟုလည်း ပြောလာသည်။

တကယ်တော့ အတော်ရယ်ဖို့ ကောင်းသည်။
ဆရာကို သူ ဘာများထင်နေပါလိမ့်။ သူ ခိုင်းချင်ရာ
လို့ ရမည့်လူဟု ထင်နေပါသလား။ သိကြားမင်းလို
တွေဟုများ ထင်နေပါသလား။ အရေးကြီးဆုံးမှာ ကိုယ်
ရပ်ဟာ မှန်ကန်နေပါသလား။ ထိုအချက်သည် အ
ပါသည်။

ကောင်းသော စေတနာသည် ကောင်းသော စွ
ကို ရစေပြီး၊ မကောင်းသော စေတနာသည် မကောင်
စွမ်းအားမျိုးကိုသာ ဖြစ်စေပါသည်။ ထို့ကြောင့် ကိုယ်
က မမှန်မကန်သော၊ သီလပျက်နေသော လူမျိုးကို
ဆင်ယတြာအစွမ်း မတိုးနိုင်တော့ပေ။ ဘယ်ဆရာနှ
လုပ် ဘာမှဖြစ်မည်မဟုတ်။

ပြောခဲ့သလိုပင်။ ကောင်းသော စွမ်းအ
ကောင်းသော တန်ခိုးကို ဖြစ်စေလိမ့်မည်။ မကေ
စွမ်းအားမှာ မကောင်းသော တန်ခိုးကို ဖြစ်စေလိမ့်



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ကောင်းကျိုး၊ ဆိုးကျိုးသည်လည်း ထားနိုင်သော စိတ်စေတနာအပေါ်၌ တည်မှီနေမည်သာ ဖြစ်သည်။ ဤအချက်သည် လောကထဲမှ သဘာဝစွမ်းအား ဥပဒေသဖြစ်သည်။ အားလုံး ထိုဥပဒေသကို လိုက်နာကြရချည်းသာဖြစ်သည်။

သို့ရာတွင် ထိုဥပဒေသအကျိုးဖြစ်စဉ်ကို မျက်စိဖြင့်မြင်နိုင်တွေ့နိုင်၊ ရာနိုင်ဖွေနိုင်ရန်တော့ မဖြစ်နိုင်။ စေတနာအမျိုးမျိုးအလျောက် ပေါ်ထွက်လာသော စွမ်းအားသဘောသာဖြစ်သည်။

ဤအချက်သည် ဓာတ်ရိုက်ဓာတ်ဆင် လောကီပညာသတြာကို ထဲထဲဝင်ဝင် တကယ်တမ်း တတ်ကျွမ်းလေ့လာနေသော၊ လက်တွေ့ ရှုက်ဆောင်နေသော အစင်းသိ ပုဂ္ဂိုလ်များသာ သိနိုင်သောအရာဖြစ်သည်။ ဂန္ဓာရီလမ်း၊ ဂန္ဓာရီစခန်းလုပ်ငန်းနယ်ပယ်မှ ပုဂ္ဂိုလ်များ၏ လမ်းညွှန်စကားလည်း ဖြစ်သည်။

သို့ဖြစ်လေရာ ဓာတ်ဆင် ဓာတ်ရိုက်ကို လွယ်လွယ်ကူကူ အရမ်းမဲ့ ဆောင်ရွက်ပေးခြင်းမျိုးကို ဆရာများရှောင်ရှားသင့်သလို၊ ကာယကံရှင်များလည်း အရမ်းမဲ့ မပြုသင့်ပေ။

ထိုစကားသည် ဆရာကြီးလုပ်၍၊ လူတတ်ကြီးလုပ်၍ ပြောနေခြင်းမဟုတ်ပါ။ တကယ်တမ်း စေတနာမှာ အမှားမကြုံကြစေရန် အချင်းချင်း ရိုင်းပင်း အသိပေးခြင်း၊ သတိပေးခြင်းသာ ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် မိမိစေတနာ၊ မိမိလုပ်ရပ်မမှန်ကန်ပါက မိမိထံသို့ တစ်ပတ်ပြန်တတ်သောကြောင့်ဖြစ်ပါသည်။ ဓာတ်ရိုက် ဓာတ်ဆင်ပညာကို ကျိုးကြောင်းဆင်ခြင်၍ လုပ်ဆောင်ခြင်း မပြုပါက ခုရော နောင်ပါကြီးစွာသော အန္တရာယ်ဖြစ်စေပါသည်။

တချို့သော လူများ၏ ဖြစ်ရပ်များသည် အစွမ်းကုန်ကုသပေးသော်လည်း ကံအလျောက် သေဆုံးသွားသောလူနာတစ်ဦးအပေါ် ဆေးဆရာလုပ်သူက ကျိုးကြောင်းဆင်ခြင်စိတ်ပိုင်းဖြတ်နိုင်ခြင်းမျိုးရှိရန် လိုအပ်သလိုမျိုး စိတ်ထားနိုင်ဖို့သာ လိုပါလေသည် ■

စေတနာဖြင့်…


* * *


ခေတ္တရာဆရာကျော်



**လှလှနွယ်စာပေမှထုတ်ဝေသော**

**ခေတ္တရာဆရာကျော်** ၏ စာအုပ်များရပြီ




**မေခင်ဝါသနာရှင်များ မိမိဘဝအတွက် အသုံးဝင်နေမည့်၊ ကိုယ်တိုင်ယတြာ အစီအရင် ပြုလုပ်နိုင်မည့် စာအုပ်များဖြစ်သည်။**

**စာအုပ်ဆိုင်တိုင်းတွင်မေးဝယ်ပါ**




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

■

မြင့်ကျော်မှာ ကားမောင်းသင်တန်းတက်၍ ကားမောင်းတတ်ကာ မောင်းလိုင်စင်ပင်ရထားပြီး ဖြစ်သည်။ သူ့အနေနှင့် သူဌေးအိမ်တစ်အိမ်တွင် ဒရိုင်ဘာ ဝင်လုပ်ခဲ့ဖူးသည်။ နောက်တော့ ထိုသူဌေးနှင့် အခဆင်မပြေဖြစ်ကာ အလုပ်မှထွက်၍ ကုမ္ပဏီတစ်ခုတွင် ဒရိုင်ဘာ ဝင်လုပ်ခဲ့ပြန်သည်။ ထိုကုမ္ပဏီတွင် ဒရိုင်ဘာလုပ်ရသည်က နေ့စဉ်ပင် ခရီးထွက်နေရခြင်းကြောင့် ပင်ပန်းရကာ ရသည့်လစာနှင့် အလုပ်က မမျှမတဖြစ်နေသဖြင့် လစာတိုးပေးရန် တောင်းဆိုခဲ့သည်။

"မင်းကို ပေးထားတဲ့ လစာက အမြင့်ဆုံးပဲ။ တခြားဒရိုင်ဘာတွေလည်း ဒီလောက်ပဲ ရကြတာပဲ။ ပေးထားတဲ့ လစာနဲ့ မမောင်းနိုင်ဘူး ဆိုရင်လည်း မင်းသဘောပဲလေ"

ထိုသို့ပြောလာသဖြင့် မြင့်ကျော်လည်း လစာတိုးမရသဖြင့် ကုမ္ပဏီမှ ထွက်ခဲ့လေသည်။

◈◈◈

နောက်နှစ်လခန့်အကြာတွင် စတိုးဆိုင်တစ်ဆိုင်တွင် ဒရိုင်ဘာအဖြစ် ဝင်ရောက် လုပ်ကိုင်ခဲ့ပြန်လေသည်။ ထိုစတိုးဆိုင်တွင် ဒရိုင်ဘာလုပ်ရသည်က အခဆင်ပြေသည်။ နေ့စဉ် စတိုးဆိုင်ဖွင့်ချိန်နှင့် ဆိုင်သိမ်းချိန်တို့တွင် ကြိုပို့လုပ်နေရုံသာဖြစ်၏။ ကျန်သောအချိန်တို့တွင် နားနေ၍ရ၏။ အဝေးခရီးသို့ တစ်ခါတစ်ရံမှသာ မောင်းပေးရလေသည်။ စတိုးဆိုင်ပိုင်ရှင်မှာလည်း သဘောကောင်းလှ၏။ သွားလေရာ အားမသိ ရန်မခရအောင် မောင်းပေးခဲ့၍လည်း သူ့အား ပို၍သဘောကျလေသည်။ ထို့အပြင် သူ့အား ဒရိုင်ဘာတစ်ယောက်ကဲ့သို့ သဘောမထားပဲ သူတို့ရဲ့ မိသားစုဝင်တစ်ယောက်လို ဆက်ဆံကြသည်။ မြင့်ကျော်လည်း ထိုစတိုးဆိုင်ပိုင်ရှင်အိမ်တွင် ဒရိုင်ဘာဘဝဖြင့် မြဲနေလေသည်။

"မောင်မြင့်ကျော်ရေ… မနက်ဖြန် ဝါဆိုလပြည့်နေ့ဖြစ်လို့ ဆိုင်ပိတ်တယ်ကွ။ အဲဒါ ဦးတို့မိသားစု ရွှေတိဂုံဘုရားကို ဘုရားဖူးသွားကြမယ်၊ မောင်မြင့်ကျော်လည်း ဦးတို့နဲ့အတူ ဘုရားလိုက်ဖူးပေါ့ကွာ။ ဘုရားမှာ တစ်နေကုန်နေကြမှာဆိုတော့ အိမ်က ထမင်းပါ တစ်ပါတည်းယူသွားကြမယ်၊ မောင်မြင့်ကျော်လည်း ဦးတို့နဲ့ အတူစားပေါ့ကွယ်"

"ဟုတ်ကဲ့ဦး၊ ကျွန်တော်လည်း ဘုရားကို မရောက်တာ ကြာပြီ ဦးရဲ့။ ကားပေါ်ကပဲ ဘုရားကို မြင်ရင် လှမ်းကန်တော့နေရတော့တာပဲ။ အခုတော့ ဦးတို့နဲ့ အတူသွားပြီး ဘုရားမှာ ဆီမီး၊ ရေချမ်း၊ ပန်းများ ကိုယ်တိုင်ကိုယ်ကျ လှူပေးနိုင်တော့မှာပါပဲ ဦးရယ်"

"ဒါပေါ့ကွာ၊ မင်းက စက်တပ်ထားတဲ့ ကားမောင်းနေရသူဆိုတော့ ကားချို့ယွင်းလို့ပဲ ဖြစ်ဖြစ်၊ သတိမမူလို့ပဲ ဖြစ်ဖြစ်၊ အချိန်မရွေး ယာဉ်အန္တရာယ် ကြုံလာနိုင်တယ် မဟုတ်လား။ ဒီတော့ ဘုရား တရား မမေ့ဘဲ အန္တရာယ်အပေါင်းမှ ကင်းဝေးရအောင် လှူဒါန်းသမှုပြုပေးရတယ်ကွယ့်"

◈◈◈

နောက်တစ်နေ့ နံနက် ၉နာရီ အချိန်ခန့်တွင် စတိုးဆိုင် မိသားစုနှင့် တကွ ရွှေတိဂုံသို့ မောင်းထွက်လာခဲ့ရသည်။ လပြည့်နေ့ဖြစ်သောကြောင့် ဘုရားတွင် ဘုရားဖူးလာကြသူများနှင့် စည်ကားလှသည်။ ရန်ကုန်မြို့တွင် သာမက၊ ကမ္ဘာမှာပါ နာမည်ကျော်လှူသိများသော ဘုရားဖြစ်သောကြောင့် ကမ္ဘာလှည့် နိုင်ငံခြားသားအများကိုလည်း ဘုရားရင်ပြင်တော်ပေါ်၌ တွေ့မြင်ရသည်။ ဘုရားတွင် အလှူဒါနများ ထည့်ဝင်လှူဒါန်းကြသည်။ အမှတ်တရအဖြစ် သူတို့တွင် ပါလာသော ကင်မရာများဖြင့် ဓာတ်ပုံရိုက်ယူနေကြသည်။ ထို့အပြင် ဘုရားစောင်းတန်းများမှ အမှတ်တရပစ္စည်းများ ဝယ်ယူအားပေးနေကြလေသည်။

"ဟာ…ဟိုနိုင်ငံခြားသားကြီးက ဘုန်းကြီးဆောင်းတဲ့ ထီးကြီးဆောင်းသွားနေပါလား"

"အေး၊ ဟုတ်တယ်လေ သားရဲ့၊ အဖေတို့ဆီမှာတော့ လူတွေက ဘုန်းကြီးထီးကို မဆောင်းကြဘူး။ နိုင်ငံခြားသားတွေကတော့ ဘုန်းကြီးထီးကို အထူးအဆန်းအဖြစ် ဆောင်းကြတာပဲကွယ့်"

"ဟော… ဟော…ဟိုနိုင်ငံခြားသားကြီးက သားတို့ဆီ လာနေပြီ"

"ဟုတ်တယ်၊ သူ ဘာမေးချင်နေလဲ မသိဘူး"

အနားရောက်လာသောအခါ ပန်းစည်းကိုင်ထားသော သားလေးအား မတ်တတ်ရပ်ကာ ပန်းစည်းကိုင်ထားစေပြီး၊ နောက်က ရွှေတိဂုံဘုရားကို နောက်ခံထား၍ ကင်မရာနှင့် ချိန်ဆနေလေသည်။

"သား… ပန်းစည်းကလေးကိုင်ပြီး ကင်မရာဘက်ကို ငြိမ်ငြိမ်ကြည့်နေလိုက်။ သားကို ဓာတ်ပုံရိုက်ယူချင်လို့ပဲ သားရဲ့"

နိုင်ငံခြားသားကြီးက ဓာတ်ပုံရိုက်ယူပြီးသောအခါ သူတို့မိသားစုအား "သင်းခ်ယူ"ဟူ၍ ကျေးဇူးတင်ကြောင်း ပြောသွားလေသည်။


www.burmeseclassic.com

"ဖေကြီး… ဒီလောက် လူတွေများတဲ့အထဲမှာ ဘာကြောင့် သားကိုမှ ရွေးပြီး ဓာတ်ပုံရိုက်ယူခဲ့တာလည်း မသိဘူးနော်"

"ဩော်…သားလေးက မြန်မာဆန်ဆန် တိုက်ပုံကလေးနဲ့။ ပြီးတော့ ဘုရားလှူဒါန်းဖို့ ပန်းစည်းကလေးကိုင်ထားတာ တွေ့ကြတော့ သဘောကျပြီး ရိုက်ယူကြတာပေါ့ကွယ်"

"ဟာ… ဒါကို သားကိုယ်တိုင် နိုင်ငံခြား မရောက်ဘူးပေမဲ့ သားရဲ့ ဓာတ်ပုံကတော့ အဲဒီ နိုင်ငံခြားသားရဲ့ နောက် ပါသွားတော့မှာပေါ့နော်"

"ဒါပေါ့ သားရဲ့။ သားက အရွယ်ငယ်ပေမယ့် မြန်မာ့ဓလေ့နဲ့ ကိုက်ညီတဲ့ ဝတ်စားဆင်ယင်ထားတော့ သူတို့ အလေးထား ဂုဏ်ယူကြပြီး ရိုက်ယူသွားခဲ့ကြတာပေါ့ကွယ်"

"တကယ်လို့ အဲဒီ ဓာတ်ပုံရိုက်ယူတဲ့ နိုင်ငံခြားသားဟာ ကမ္ဘာလှည့် သတင်းဓာတ်ပုံ စုဆောင်းသူဆိုရင်တော့ သားရဲ့ ဓာတ်ပုံဟာ ကမ္ဘာအနှံ့ အထိ ပျံ့နှံ့သွားနိုင်တယ် သားရဲ့"

"ဟာ… ဒါဆိုရင် သိပ်ကောင်းမှာပဲပေါ့နော် ဖေကြီး"

"ဒါပေါ့…သားရယ်"

မြင့်ကျော်လည်း စတိုးဆိုင် မိသားစုနှင့်အတူ ဘုရားစောင်းတန်းတစ်ခုတွင် သီလပေးနေသော ဆရာတော်ထံမှ သီလဆောက်တည်ခဲ့ကြသည်။ ပြီးလျှင် ဘုရားတစ်ပတ်လှည့်ပတ်ကာ ဖူးမြော်ကြသည်။ မိမိ၏ မွေးနံထောင့်များတွင် ဆီမီး၊ ပန်း၊ ရေချမ်းတို့ကို လှူဒါန်း ပူဇော်ပေးကြလေသည်။

နံနက် ၁၁ နာရီအချိန်တွင်တော့ တန်ဆောင်းထဲမှာပင် ယူလာသော ထမင်းချိုင့်မှ ထမင်းဟင်းများကို စားသောက်ခဲ့ကြသည်။ ကလေးများကတော့ ဘုရားရင်ပြင်တော်ပေါ် လျှောက်ကြည့်နေကြသည်။ လူကြီးများကတော့ တန်ဆောင်းအတွင်းမှာပင် ပုတီးစိပ်ကာ ယူထားသော သီလကို မကျိုးပေါက်အောင် စောင့်ထိန်းနေကြလေသည်။ ညနေ ၄နာရီအချိန်ခန့်မှ ဘုရားပေါ်မှ ပြန်ဆင်းလာကြကာ နေအိမ်သို့ ပြန်လာခဲ့ကြတော့သည်။

◈◈◈

"မောင်မြင့်ကျော်ရေ… ဒီနေ့ညနေမှာ မန္တလေးက ဦးရဲ့ အဒေါ် အိမ်ကို လာလိမ့်မယ်ကွယ်။ အဲဒါ ဘူတာမှာ ကားနဲ့ သွားကြိုရမယ်"

ရထားဆိုက်လျှင် ထိုအဒေါ်အား တင်၍ ပြန်မောင်းလာခဲ့သည်။

ထိုအဒေါ်က သူ့တူ မိသားစုထံ မရောက်တာ ကြာ၍ မန္တလေးမှ အမြန်ရထားဖြင့် လိုက်ပါလာကာ အလည်ရောက်လာခြင်းဖြစ်သည်။ ရန်ကုန်ရောက်လာတုန်း ရန်ကုန်ရှိ ဘုရားစုံကို လိုက်ပို့ပေးရသည်။ သန်လျင်-ကျောက်တန်းဘုရားကို တစ်ရက်သတ်သတ် သွားကြ၍ အပြန်တွင် ပါဒကြီးဘုရား၊ ကျိုက်ခေါက်ဘုရားသို့ ဝင်ဖူးခဲ့သည်။

"ဟဲ့ - ငါ နင်တို့ဆီမှာ တစ်ပတ်နေပြီးရင် မန္တလေးပြန်မယ်ကွယ့်"

"ဟင်… အဒေါ်ကလည်း တကူးတက ရောက်လာပြီးတော့ ရက်ကြာကြာလေးများ နေသွားပါလား အဒေါ်ရယ်"

"မဖြစ်ပါဘူးကွယ်။ နင်တို့မှာလည်း စတိုးဆိုင်က တစ်ဖက်၊ ငါ့တာဝန်က တစ်ဖက်နဲ့။ ပြီးတော့ ငါ့အိမ်မှာကလည်း ငါ မရှိရင် မဖြစ်ဘူးလေ"

"အဒေါ် ဘာနဲ့ ပြန်မှာလဲ"

"ငါ ရထားနဲ့ပဲ ပြန်မယ်လေ"

"အို…အဒေါ်ကလည်း အိမ်က ကားနဲ့ လိုက်ပို့ပေးမှာပေါ့၊ အခု အ… အဝေးပြေးလမ်းမကြီးက သွားရင် … လည်း တိုတယ်၊ မန္တလေးကို နေ့ခ… တောင် ရောက်တယ်လေ"

"ဩော်… ဟုတ်လား။ ငါ… တစ်ခါမှ အမြန်လမ်းက မသွားဘူး… ဘူးကွယ့်"

"အဲဒါကြောင့် အမြန်လမ်း… သွားဖူးရအောင် ကားနဲ့ လိုက်ပို့ပေး… မယ် အဒေါ်ရယ်"

"ကဲ…မောင်မြင့်ကျော်၊ ဦး… အဒေါ်ကို မင်းပဲ လိုက်မောင်းပို့ပေး… ကွယ်။ ဒီတော့ မင်းအဖော်ရအောင် ဆိုင်က ကောင်လေးတစ်ယောက်… ထည့်ပေးလိုက်မယ်။ အပြန်မှာ အဖော် ရတာပေါ့ကွယ်"

◈◈◈

မန္တလေး အဒေါ့်အိမ်သို့ ရောက်… ခဲ့ကြပြီး ရေမိုးချိုးကြကာ နေ့ခင်း… တစ်ရေးတမော အိပ်နေကြရသည်။ ည… က တစ်ညလုံး မောင်းလာခဲ့ကြ၍ အ… ရေးပျက်လာကြသည် မဟုတ်လား… ညနေပိုင်းတွင်တော့ မန္တလေးမြို့… ထင်ရှားလှသော မဟာမြတ်မုနိဘုရား… သို့ သွားရောက် ဖူးမြော်ကန်တော့… ခဲ့ကြသည်။

"ကဲ… ငါ့တူတို့ ညနေစာစား… ကြကွယ့်။ မင်းတို့က ညဘက်မှာ… ရန်ကုန်ကို ကားပြန်ထွက်မှာ ဆိုတော့ လမ်းမှာ ဆာနေကြရင် ခက်မယ်"

"ဆာရင်လည်း မိုင်တိုင် (၁… မှာ တိုးဂိတ်မှာ ရှိတဲ့ စားသောက်ဆိုင် တွေမှာ ရပ်နားပြီး ဝင်စားလို့ ရပါတယ် အဒေါ်"

"မင်းတို့ တိုးဂိတ်က ရောက်… ဝင်စားလို့ ရမှာလေကွယ်"

မြင့်ကျော်လည်း မန္တလေး… မြင့်မြင့်ခင် ထိုးမုန့်များ လက်ဆောင်…



www.burmeseclassic.com

www.burmeseclassic.com

လာခဲ့သည်။

"ကဲ···အခေါ် ဘာများမှာချင်သလဲခင်ဗျာ"

"တခြားတော့ ထွေထွေထူးထူးရမရှိပါဘူးကွယ်။ မင်းရဲ့ ဆရာကိုခေါ် မန္တလေးကို ချောချောမောမောကတ်တယ်ဆိုတဲ့အကြောင်း ပြောပြပါကွယ်"

◈◈◈

မြင့်ကျော်တို့နှစ်ယောက်လည်း ဖြနာရီအချိန်ခန့်တွင် မန္တလေး ကားစထွက်လာခဲ့ကြတော့သည်။ လမ်းမကြီးတစ်လျှောက် လမ်းယ်ကြီးအတိုင်း မောင်းနေကြ၍ာ တွင်လှသည်။ အသွားတစ်လမ်းန်တစ်လမ်းဖြစ်၍ လမ်းရှင်းလှသည်။

" အစ်ကို··· ဒီလိုမောင်းရင်ကုန်ကို အချိန်စောစောပြန်ဝင်မှာဘဲ"

"အေးလေကွာ၊ ရန်ကုန်နဲ့လေးက နေ့ချင်းရောက်သွားနိုင်တာကွ"

ထိုအမြန်လမ်းမကြီးမှာ တောင် သစ်တောများအတွင်းမှ ဖြတ်ဖောက်ခဲ့ခြင်းဖြစ်သည်။ လမ်းတစ်ျောက် ဝဲယာဘေးနှစ်ဘက်တွင်တောင်ကုန်း၊ သစ်ပင်၊ သစ်တောများမြင်တွေ့ကြလေသည်။

"ဟင်··· ကားနောက်ဘီး ရမ်းလား"

"ဘာများဖြစ်သွားပါလိမ့်"

မြင့်ကျော်လည်း ကားကို လမ်း ကပ်ရပ်ထားကာ၊ ကားပေါ်မှ၍ မီးထိုးကြည့်ခဲ့သည်။

"သွားပြီကွာ"

"ဟင်···အစ်ကို၊ ကား ဘာဖြစ်တာ"

"ကားနောက်ဘက် ရပ်ကျိုးသွားတာကွ"

"ထိန်းမောင်းသွားလို့ မရဘူးလား အစ်ကို"

"ရပ်ကျိုးတာပဲကွ၊ ဘယ်ထိန်းမောင်းလို့ ရတော့မှာလဲကွာ"

"ခက်ပြီကွာ၊ တကယ့်တောထဲမှာမှ ကားပျက်ရတယ်လို့ကွာ"

"ကားရပ်က အသစ်ဝယ်ပြီး ပြန်လဲတပ်ယူရမှာကွ၊ ဝပ်ရှော့ဆရာတစ်ယောက်ကို ကားရပ်ယူလာပြီး ပြင်ယူရမှာပဲ"

"ဟင်···ဒါဆိုရင် ကျွန်တော်တို့ တစ်ညလုံး ကားထဲမှာ ဝင်နေရတော့မှာပေါ့နော် အစ်ကို"

"ဒါပေါ့ကွ၊ ဟို တိုးဂိတ်နဲ့ နီးနီးနားနားဆိုရင်လည်း အကောင်းသားကွ၊ တိုးဂိတ်က စားသောက်ဆိုင်ထဲ ဝင်ပြီး တစ်ခုခုသွားစားနိုင်တာပေါ့။ အခုဟာက လမ်းခုလတ်ကြီးမှာ ပျက်နေတာဆိုတော့ ဟိုမရောက် ဒီမရောက်နဲ့ တစ်ညလုံး ခြင်ကိုက်ခံပြီး စောင့်ကြရတော့မှာပဲဟေ့"

နှစ်ယောက်သား ကားတံခါးဖွင့် ဝင်ထိုင်ကြကာ စိတ်ပျက်နေကြလေသည်။ ကားမောင်းသွားနေစဉ်မှာတော့ ဘာကိုမျှ ကြောက်ရွံ့စရာ မရှိသော်လည်း ယခုကဲ့သို့ ကားရပ်နေရသောအခါ တောတောင်ထဲမှ တောတိရစ္ဆာန်များ၊ လူဆိုးဓားပြများ၏ ရန်ကို တွေးပူကာ စိုးရိမ်နေကြလေသည်။ ကားတံခါးပြန်ပိတ်ပြီး ကားထဲ ဝင်ထိုင်နေကြကာ နောက်မှီကို မှီ၍ မှိန်းနေကြလေသည်။ မှိန်းနေရာမှ နှစ်ယောက်စလုံး အိပ်ပျော်သွားခဲ့ကြသည်။

"ထီ···ထီ···ထီ···ဗေထီ·ဗေထီ"

"ဟာ··· ပတ်မကြီး တီးသံကြားလားဟ၊ ဒီအနီးအနားမှာ ဘာများရှိနေပါလိမ့်ကွာ"

"ဟင်···အစ်ကို၊ ဟိုအနောက်ဘက် ခပ်လှမ်းလှမ်းက အနိမ့်ဘက်တဲမှာ မီးရောင်တွေ မြင်နေရတယ်ဗျ"

"ဘယ်မလဲကွ"

"ဟို··· ခပ်လှမ်းလှမ်းမှာလေ အစ်ကိုရဲ့"

"အေးဟ၊ ဟုတ်တယ်။ ဒီအနောက်ဘက် တောင်ကုန်းတွေပေါ်မှာက ဘုရားစေတီကလေးတွေ ရှိနေတတ်တယ်ကွ။ အဲဒီ စေတီတစ်ဆူဆူအတွက် ဘုရားပွဲတော်များ ကျင်းပနေသလားပေါ့ကွာ"

"ဟာ···အစ်ကို၊ ဒါဆိုရင် အဲဒီမှာ မုန့်ပဲသရေစာတွေ၊ စားသောက်စရာတွေ ရောင်းတဲ့ ဆိုင်တွေလည်း ရှိနိုင်တယ်ဗျ"

"ဟုတ်တယ်၊ ရှိနိုင်တယ်။ ဘုရားပွဲတော်ဆိုတော့ ပွဲပါ ပါမယ်ထင်တယ်"

"ကျွန်တော်တို့ အဲဒီကို သွားပြီး တစ်ခုခုစားရင်း ပွဲကြည့်ကြရင် မကောင်းဘူးလား အစ်ကို"

"အေးကွာ၊ ကားထဲမှာ ခြင်ကိုက်ခံပြီး အမှောင်ထဲ ထိုင်နေကြမယ့်အစား အဲဒီဘုရားပွဲသွားပြီး တစ်ခုခုစားကြရင်းနဲ့ ပွဲခဏကြည့်ကြတာပေါ့"

နှစ်ယောက်သား ကားတံခါးများကို အသေအချာပိတ်ခဲ့ကာ ထိုမီးရောင်တွေရာ အနိမ့်ဘက်ထဲ ဆင်းလာခဲ့ကြသည်။

"ဟာ··· ဟုတ်တယ်ဟေ့။ ပွဲဈေးတန်းတွေနဲ့ ပွဲလည်းထွက်နေပြီကွ။ ပွဲကြည့်နေကြသူတွေလည်း အများကြီးပဲ"

"မင်း ··· ဘာစားမလဲကွ"

"ကျွန်တော်တို့ အကြော်ဆိုင်ထဲ ဝင်ပြီး ကောက်ညှင်းကျည်တောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com

အကြော်စားပြီး ရေနွေးကြမ်းသောက်ကြမယ်လေဗျာ"

"အေး၊ ကောင်းတယ်ကွ"

နှစ်ယောက်သား ဗူးသီးကြော်နှင့် ကောက်ညှင်းကျည်တောက် အဝစားကြပြီး၊ ပွဲခင်းဘက် ထွက်လာကာ နောက်နားမှ ရပ်ကြည့်နေကြသည်။

"ပွဲက နှစ်ပါးသွားက,နေတာပဲကွာ၊ ပျင်းစရာကြီးပါ။ ပြန်ပြီး ကားထဲဝင်အိပ်နေကြတာပဲ ကောင်းပါတယ်ကွာ"

ကားဆီသို့ ပြန်လာကြကာ ကားထဲဝင်၍ တံခါးပိတ်၍ အိပ်ခဲ့ကြလေသည်။

နံနက်မိုးစင်စင်လင်းမှပင် နိုးလာခဲ့ကြသည်။

◈◈◈

"ကဲ . . . ပွဲခင်းဘက်သွားပြီး လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်ကြမယ်။ ပြီးမှ မင်းက ကားစောင့်ကျန်ခဲ့၊ ငါက နီးရာ ဝပ်ရှော့ဆရာသွားခေါ်မယ်"

သူတို့ ညက ပွဲခင်းရှိရာ အနိမ့်ပိုင်းထဲဆင်းလာခဲ့ကြသည်။ အတော်ဝေးဝေး လျှောက်လာခဲ့ကြသည့်တိုင် ပွဲခင်းနေရာကို လုံးဝရှာမတွေ့ခဲ့ကြချေ။

ထိုစဉ် အနောက်ဘက်တောထဲမှ ထင်းစည်းကြီးထမ်းထွက်လာသူ တစ်ဦးကို တွေ့ကြ၍ မေးစမ်းကြည့်ခဲ့ကြသည်။

"ဟာဗျာ...၊ ကျုပ်က ဟိုအရှေ့ဘက်တောင်ခြေရွာမှာ နေတာဗျ။ ဒီနေရာနားမှာ ဘာဘုရားပွဲမှ မရှိခဲ့ပါဘူးဗျာ"

"ဟင်... ညကတော့ ကျွန်တော်တို့ [illegible]သွားကြပြီး အကြော်ဆိုင်ဝင်စား။ ပွဲလည်း ရပ်ကြည့်ခဲ့ကြ... တာပဲဗျ"

"ဟာ... ခင်ဗျားတို့နှစ်ယော... တော့ ညက တောထဲက ပရလော... သားတွေ ကပြတဲ့ ဇာတ်ပွဲကို ကြ... ကြပြီ ထင်တယ်ဗျ"

"ဟုတ်မှာပါဗျာ။ ဒါကြောင့် ... မနက် လက်ဖက်ရည်သောက်ဖို့ ... ရှာကြတော့ ဘာမှ မတွေ့ခဲ့ကြတာ..."

ထိုအခါကျမှပင် မြင့်ကျော်... နှစ်ယောက်လည်း ညက ပရလော... သားများ တီးမှုတ် ကခုန်ခဲ့တဲ့ ... ပွဲကို ကြည့်ခဲ့မိကြကြောင်း သိ... တော့က ပြန်တွေးမိပြီး ကျော... နေခဲ့ကြတော့သည်။

* * *

တင့်ဆွေ(...

အတိတ်ကံဘဝတစ်ခုမှာ
သင်နှင့်ကျွန်ုပ် ဆုံတွေ့ခဲ့ဖူးတယ်ဆိုရင်တော့...
ဒီဘဝမှာလည်း ပြန်ပြီးရေစက်ဆုံကြဦးမှာပါ။

ဆရာမြတ်ထွဋ်ခေါင်
( မြန်မာ့ရိုးရာဗေဒင်ပညာရှင် )
ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း ပင်တိုင်ဆောင်းပါးရှင်

ဟောကြားချိန် - နေ့စဉ် မနက်(၉)နာရီမှ ညနေ(၄)နာရီထိ။
(တနင်္လာနေ့တိုင်း ဟောခန်းပိတ်သည်)
ဟောခန်းလိပ်စာ - ကျိုက္ကစံဘုရားအနောက်ဘက်မုခ်၊ ဘီလူးညီနောင်ဓာတ်ခန်းအနီး
သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀ ၂၅၉၉၄
E-mail - myat htut 2009 @ gmail com.
သင်တန်းသား လက်...



www.burmeseclassic.com

www.burmeseclassic.com

ကျော်တင့်ဆွေ

# တိုင်းရင်းဆေးဝါးပင်များနှင့် ရောဂါကုသနည်း

### မှရားကြီးဆေးပင်၏ စွမ်းရည်သတ္တိ

မှရားကြီးဆေးပင်ကို ရောဂါဘယများ ကုသရာတွင် ဆေးဖက်ဝင် အာနိသင်များအကြောင်း စာဖတ်ပရိသတ်များ သက်တွေ့ အသုံးပြုနိုင်စေရန် တင်ပြထားပါသည်။ မှရားကြီး ဆေးပင်ဖြင့် ရောဂါဝေဒနာများကို ကုသရာတွင် မြန်မာ့ဆေး ကျမ်းအစောင်စောင်များနှင့် ညှိနှိုင်းပြီး လက်တွေ့ ကုသ အောင်မြင်ခဲ့သော ကုသနည်းများပင် ဖြစ်ပါသည်။

### အမျိုးသမီးများ ကျန်းမာရေး

အမျိုးသမီးများဆိုင်ရာ ရောဂါဝေဒနာတို့တွင် အသုံး ဝင်ပါသည်။ လက်တွေ့ကုသ ပျောက်ကင်းစေနိုင်သော ရောဂါဝေဒနာမှာ မီးယပ် သွေးလွန်ရောဂါပင် ဖြစ်ပါသည်။ ကုသရန် ဆေးဝါးအဖြစ် အသုံးပြုနည်းမှာ လတ်ဆတ်သော မှရားကြီးစိမ်းရွက်ကို ထုထောင်း၍ ကြိတ်ညှစ်ပြီး ရရှိလာ သော သတ္တုရည် တစ်ဆယ်သားကို သကြားခဲ တစ်ဆယ် သားဖြင့် ရောစပ်ထားပါ။ ဆေးတစ်ခွက်စာ ပမာဏမှာ ထမင်းစား စတီးဇွန်းတစ်ဇွန်းဖြစ်ပြီး နေ့စဉ် သုံးရက်ခန့် ဆက် တိုက် သောက်ပေးရပါမည်။ ဆေးချိန်အနေနှင့် တစ်နေ့ကို သုံးကြိမ်သောက်ပေးရန် လိုအပ်ပါသည်။ နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညအိပ်ရာဝင်တစ်ကြိမ် သောက်ပေးရ မည်။ အမျိုးသမီးများအတွက် ကျန်းမာရေးဆေးတစ်ခွက် အဖြစ် အိမ်တွင်းကုသနိုင်သော ဆေးနည်းဖြစ်ပါသည်။

### သွေးလွန်ရောဂါ၊ သွေးကျရောဂါ၊ သွေးအန်ရောဂါ ကုသနည်း

ဤဆောင်းပါးအထက်ပိုင်းတွင် ဖော်ပြထားသော မှရား ကြီးဆေးပင် ဆေးနည်း၊ ဆေးညွှန်းအတိုင်း အသုံးပြုပေးခြင်း အားဖြင့် သွေးအန်ရောဂါ၊ သွေးလွန်ရောဂါ၊ သွေးကျရောဂါ တို့ကိုလည်း သက်သာပျောက်ကင်းစေနိုင်ပါသည်။

### ဖုံးမသိန်းပင် ဆေးဝါးအာနိသင်များ

ဖုံးမသိန်းပင် ဆေးပင်သည် ရောဂါဝေဒနာများကို ကုသ ရာတွင် တန်ဖိုးရှိသော ဆေးပင်လည်း ဖြစ်ပေသည်။ မြန်မာ့ တိုင်းရင်းဆေးပညာတွင် ဖုံးမသိန်းဆေးပင်ကို ဆေးဖက်ဝင် အဖြစ် သာမန်ရိုးရိုးကုသရာတွင် သုံးစွဲသည်ထက် ဆေးဝါး အာနိသင် ပိုမိုထိရောက်မှုကို ရရှိစေရန်အတွက် ရက္ခမှုဆား အဖြစ် ချက်လုပ်၍ ရရှိသော ပြာဓာတ်ကို ဆေးဝါးကုသရာ တွင် ပိုမိုအသုံးပြုလေ့ရှိကြပေသည်။

### ရက္ခမှုဆားချက်နည်း

ရက္ခမှုဆားချက်နည်းမှာ ဖုံးမသိန်းပင် ပင္စငါးပါးကို ခုတ် စင်း၍ နေတွင် အခြောက်လှန်းထားပါ။ အစိုဓာတ်ကင်းစင် ၍ ကောင်းစွာ ခြောက်သွေ့လျှင် သံပြားတစ်ချပ်ကို မီးဖိုပေါ် ၌ တင်ထားပါ။ သံပြားပေါ်တွင် ဆေးပင်အခြောက်များကို တင်ထားပါ။ မီးအပူရှိန်ကြောင့် အပင်မှာ ပြာအဖြစ်ရှိပြီးမှ

www.burmeseclassic.com

မည်။ ရရှိလာသော ပြာများကို တစ်ဆ၊ ရေကောင်းရေသန့် ငါးဆတို့ကို ရောစပ်၍ ငါးရက်ခန့် စိမ်ထားပါ။ သတ်မှတ်ရက် စေ့လျှင် စိမ်ရည်များမှ ရေကြည်များရရှိအောင် စစ်ထုတ်ယူပါ။ ထိုစစ်ရည်များကို အိုးတစ်လုံးတွင် ထည့်၍ မီးဖိုပေါ် တင်ပြီး ကျိုချက်ပါ။ အရည်များ ခန်း၍ ဆားကဲ့သို့ ဖြစ်လာချိန်တွင် ဖိုပေါ်မှ ချပြီး ခြောက်သွေ့စေရန် အခြောက်လှန်းပါ။ ကောင်းစွာ ခြောက်သွေ့လျှင် သန့်စင်သော ပုလင်းတစ်လုံးနှင့် ထည့်ထားပါ။ ဆေးဝါးဖော်လိုချိန်တွင် ထုတ်ယူ၍ အသုံးပြုနိုင်ပါသည်။

### ရက္ခမူဆားကို ဆေးဝါးဖော်စပ်နည်း

ဖုံးမသိန်းရက္ခမူဆား တစ်ကျပ်သား၊ သဘာဝပျားရည် စစ်စစ် ငါးဆယ်သားတို့ကို သမအောင် ရောစပ်၍ နေပူတွင် နှစ်ရက်ခန့် ချထားပါ။

### ဆေးတစ်ခွက်စာ ပမာဏ

ရက္ခမူ ပျားရည်ဆေးကို ဆေးတစ်ခွက်စာ ပမာဏ အဖြစ် လက်ဖက်ရည်ဇွန်းတစ်ဇွန်းကို သောက်ဆေးအဖြစ် အသုံးပြုနိုင်ပါသည်။ ဆေးကို တစ်နေ့ နှစ်ကြိမ်သောက်ပေးနိုင်ပါသည်။ နံနက်တစ်ကြိမ်၊ ညအိပ်ရာဝင် တစ်ကြိမ် သောက်ပေးနိုင်ပါသည်။

### ဆေးဖက်ဝင် အာနိသင်များ

ဤရက္ခမူဓာတ်ဆေးပြာသည် အစားအသောက်များ၏ အစာအဆိပ်ဖြစ်ခြင်း ဆေးမှား၍ အဆိပ်ဖြစ်ခြင်းတို့ကို ပျက်ပြယ်စေနိုင်ပါသည်။ ထို့အပြင် သတိလစ်ခြင်း၊ မေးခိုင်သွားခြင်း၊ အတက်ရောဂါများ ဖြစ်ခြင်း အစရှိသည့် ဝေဒနာတို့တွင် ရက္ခမူဆားအနည်းငယ်မျှကို အရည်ဖျော်၍ အစက်ချပြီး ဝမ်းတွင်းသို့ ရောက်ရှိသွားချိန်တွင် တစ်ခဏချင်း သက်သာစေနိုင်ပါသည်။ အကောင်းဆုံးသော အစာဖျက်ဆေးပင် ဖြစ်ပါသည်။

### အဆိပ်အတောက် သတ္တဝါများ

အဆိပ်အတောက်ရှိသော သတ္တဝါများ ကိုက်ခံခြင်းတို့ ခံရလျှင် ဤရက္ခမူဆားအနည်းငယ်မျှကို သောက်ဆေးအဖြစ် သောက်ပေးခြင်း၊ အကိုက်ခံရသော နေရာတစ်ဝိုက်ကို ဆေးပြာဆေးမှုန့်သိပ်ပေးခြင်းဖြင့် အပျောက်မြန်စေပါသည်။

### ပန်းနာရောဂါကုသနည်း

မြန်မာဆေးပညာအရ သွေးပန်းနာရောဂါ၊ သည်း
ပန်းနာရောဂါ၊ လေပန်းနာရောဂါ၊ သလိပ်ပန်းနာရောဂါ၊ အ
ဆန်ပန်းနာရောဂါ အစရှိသည့် မည်သည့်ပန်းနာရောဂါ
မဆို ကုသရာတွင် အသုံးပြုနိုင်ပါသည်။ ဤရက္ခမူဆားအ
ငယ်မျှကို ရှောက်ရည်နှင့် ဖြစ်စေ၊ သံပရာရည်နှင့် ဖြ
ရောစပ်တိုက်ကျွေးပေးခြင်းဖြင့် ရောဂါဝေဒနာကို လျော့
သက်သာစေနိုင်ပါသည်။ ထို့အပြင် လျှာနာများကို ကု
တွင်လည်း လျှာပွတ်ဆေးအဖြစ် အသုံးပြုနိုင်ပါသည်။

### သွေးဝမ်းကိုက်ရောဂါကုသနည်း

အစာအိမ် အူလမ်းကြောင်းရောဂါတွင် ဖြစ်ပွား
တတ်သော သွေးဝမ်းကိုက်ရောဂါကို ကုသရာတွင်
တကျ ကုသပေးရန် လိုအပ်ပါသည်။ ဤသို့ ဆောင်ရွက်
သာလျှင် ပျောက်လွယ်သော ရောဂါမျိုးဖြစ်သော
ဆင်ခြင်ကုသမှုကို ပြုလုပ်သင့်ပေသည်။ ဖုံးမသိန်းပင်
ရည်ကို ဟင်းစား စတီးဇွန်းတွင် အိမ်သုံးဆားအနည်း
ရောစပ်၍ တိုက်ကျွေးပေးနိုင်ပါသည်။

အချို့သော ရောဂါဝေဒနာများသည် ဆေးဝါး
ကျွေးနေသည့်ကြားကပင် နာတာရှည်ဘဝသို့ မြင့်တက်
တတ်ပေသည်။ ဤသို့သော ရောဂါမျိုးတွင် ဖုံးမသိ
သတ္တုရည်ကို အထက်ပါ ဆေးချိန်အတိုင်း တိုက်ကျွေး
ဖြင့် ပျောက်ကင်းစေနိုင်ပါသည်။

### အခြားရောဂါများ

ဤဆောင်းပါးအထက်ပိုင်းတွင် ဖော်ပြထား
ဖုံးမသိန်းသတ္တုရည်ကို လေအောင့်ခြင်း၊ လေထိုးခြင်း အ
သည့် ရောဂါလက္ခဏာများကို ကုသပျောက်ကင်းစေ
သည်။ ဤဆေးနည်းများသည် ကျေးလက်ဒေသခံ ဆ
အစဉ်အဆက် လက်ခံ အသုံးပြုဆဲ ဆေးနည်းကောင်
ဖြစ်ပေသည်■

* * *

ကျော်ထ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

"ဦးဂျာအေး"ဟု ဆိုလိုက်လျှင် အများသိနေကြသည်မှာ အစွမ်းရှိသော ဘိုးတော်တစ်ပါးဟု သိကြသည်။ ဦးဂျာအေးက သူနှင့် တွေ့ကြုံကြသော လူပုဂ္ဂိုလ်များအား ဘုရားရုပ်ပွားတော်များကို သူ၏ အစွမ်းဖြင့် ယူပေးခဲ့သည်ဟု သိရသည်။ ထို့ပြင် ဝေဒနာရှင်များကိုလည်း သက်သာပျောက်ကင်းအောင် ကုသပေးခဲ့သည်။ ထို့ထက် ဦးဂျာအေး၏ အံ့မခန်းအစွမ်းကို တွေ့မြင်ကြရသည့်အတွက်လည်း ဦးဂျာအေးအား ဘိုးတော်တစ်ပါးဟု ယူဆကြခြင်းဖြစ်သည်။

ထိုကဲ့သို့ အစွမ်းများ ရှိသော ဦးဂျာအေးနှင့် ပတ်သက်သော အကြောင်းအရာတို့ကို မဂ္ဂဇင်းအချို့၌ စာရေးဆရာတို့က ရေးသားဖော်ပြခဲ့ကြဖူးသည်။ သို့သော်လည်း ဦးဂျာအေး၏ အကြောင်းကို ပြည့်စုံအောင် ဖော်ပြနိုင်ခြင်း မရှိသေးပေ။ စာရေးသူသည်လည်း ပြီးပြည့်စုံအောင် သိနိုင်သည်တော့ မဟုတ်။ စာရေးသူ ယခု ရေးသားဖော်ပြမည့် အကြောင်းအရာတို့သည် အများ မသိနိုင်သေးသော အကြောင်းအရာတို့ဖြစ်လိမ့်မည်ဟု ယူဆမိသည်။ အဘယ်ကြောင့်ဟု ဆိုလျှင် ဦးဂျာအေး၏ ငယ်ဘဝဖြစ်စဉ်တချို့နှင့် သူ၏ မိသားစုအတွင်းက ထူးဆန်းသော အဖြစ်အပျက်တချို့ကို ဦးဂျာအေး၏ မိခင်ကိုယ်တိုင်စာရေးသူအား ပြောပြခဲ့၍ဖြစ်သည်။ စာရေးသူက ထိုအကြောင်းအရာများကို တစ်ဆင့်ပြန်လည်ရေးသား ပြောပြလိုခြင်းကြောင့်ဖြစ်သည်။

လူတစ်သန်းလျှင် တစ်ယောက်ဆိုရမလောက် လူထူးဆန်း ဦးဂျာအေး၏အကြောင်းကို စာရေးသူသည်လည်း အကြောင်းတိုက်ဆိုင်စွာပင် သိခွင့်ရခဲ့သည်။ လွန်ခဲ့သော ၁၅နှစ်ခန့် တစ်နေ့၌ ဦးဂျာအေး၏ မိခင် "ဒေါ်ဟာဇေတာ" ဆိုသူ အမျိုးသမီးကြီးနှင့် စာရေးသူတို့ သူငယ်ချင်းတစ်ယောက်၏ အိမ်၌ ဆုံခဲ့သည်။ စာရေးသူက ထိုအမျိုးသမီးကြီးအား ဦးဂျာအေး၏ မိခင်မှန်း မသိ။ သူငယ်ချင်း၏ ဇနီးက ထိုအမျိုးသမီးကြီးနှင့် မိတ်ဆက်ပေးလျှင် စာရေးသူသည်လည်း ဦးဂျာအေးအကြောင်း သိလိုသမျှတို့ကို စပ်စုရန် ကြိုးစားမိသည်။

"အတော်ပဲ၊ အဘွားက ဦးဂျာအေးအမေဆိုတော့ ကျွန်တော် သိချင်တာလေး မေးကြည့်ချင်လို့"

"အေး၊ နေဦး။ မင်းက အဂီသားလား"

"ဘာဖြစ်လို့လဲ အဘွားရဲ့"

"ငါ့ အိမ်က ထွက်လာခါနီး ငါ့သား ဂျာအေးက မှာလိုက်လို့"

"ဘာမှာလိုက်လို့လဲ"

"ဒီနေ့တွေ့ အဂီသားတစ်ယောက်ယောက်က မေးရင် အကုန်လုံး သိသမျှ လျှောက်မပြောနဲ့တဲ့"

စာရေးသူ အံ့ဩသွားမိသည်။ မိမိအကြောင်းကို ကြိုသိနေလေသလားဟု တွေးမိသည်။

"မဟုတ်ပါဘူး အဘွားရဲ့။ ကျွန်တော်က ဦးဂျာအေးကို လေးစားလို့ သူ့ရဲ့ ထူးဆန်းတဲ့ အစွမ်းတွေအကြောင်းကို သိချင်တာပါ။ အဘွားက ဦးဂျာအေးရဲ့ မိခင်ဆိုတော့ ပိုသိမှာပေါ့"

"သိပါပကော ငါ့တူရယ်။ ငါ့သား ဂျာအေး ထူးဆန်းတာကတော့ သူ့ကို ကိုယ်ဝန် စ,လွယ်ကတည်းက ထူးဆန်းတာကွဲ့။ ဒီလိုကွဲ့"

♦♦♦

ဂျပန်ခေတ်ပြီးလောက်အချိန် ဖြစ်သည်။ မြို့ရွာများ စစ်ဘေး စစ်ဒဏ် ကြောင့် အပျက်အစီးများစွာဖြစ်ခဲ့ သည်။ မြို့ပျက်၊ ရွာပျက်အဖြစ်နှင့် ကျန်ခဲ့ကြသည်။ အဆောက်အ ကြီးကြီးမားမားမှန်သမျှ ဗုံးဒဏ် ကြောင့် ပျက်စီးခဲ့ကြရသည်။ ဝါးခယ် မြို့သည်လည်း စစ်ဘေး စစ်ဒဏ် ခံခဲ့ရသည်။ ဝါးခယ်မမြို့၏ တစ်ဖ ကမ်း ရွာသစ်ရွာ (ထိုအချိန်က ရွ အဆင့်သာ ရှိသေးသည်)ရဲ့ အစွ "ဟောင်စိန်"ဆန်စက်ကြီးသည်လည်း ဗုံးဒဏ်ကြောင့် ပျက်စီးခဲ့ရသည်။

လူကြီးသူမတို့ ပြောပြခ အရ ထိုဆန်စက်ကြီးအတွင်း၌ တ ထားသော ဂျပန်စစ်သားများ အင် တို့၏ ဗုံးကြဲတိုက်ခိုက်ခြင်းကို ခံ အတုံးအရုံးသေကြရသည်ဟု သိ သည်။ ထို့နောက်ပိုင်း ဟောင်စိန်ဆ စက်ကြီး၌ သရဲခြောက်သည်ဆိုသေ သတင်းက အနီးအပါးသို့တိုင် ကျေ ကြားသွားသည်။ ထိုဆန်စက်ကြီ အနောက်ဘက်၌ ဆန်စက်အလု သမားများ နေထိုင်သော အလုပ်သ တန်းလျားများ ရှိသည်။ ဆန်စ အလုပ်သမားအများစုက ကုလားလူ များ ဖြစ်ကြသည်။ ဆန်စက်ကြီ အနောက်ဘက်ကပ်လျက်၌ ပြတ် ကြီးရှိသည်။ ပျက်စီးနေသော ဆန် ကြီးက နေ့အခါတွင်ပင် တိတ်ဆိ ၍ ခြောက်ချားစရာကောင်းသည်။ အနီးအပါးသို့ လူသွားလူလာ သည်အထိ တိတ်ဆိတ်ခဲ့သည်။

ဆန်စက်အနောက်ဘ အလုပ်သမားတန်းလျားတွင် မောင်နှင့် မဟာဇေတာ လင်မယား



www.burmeseclassic.com

www.burmeseclassic.com

ယောက် နေထိုင်ကြသည်။ ဆွန်စက်ကြီး ပျက်စီးသွားပြီဖြစ်သော်လည်း အလုပ်သမားများကို တန်းလျား၌ နေထိုင်ခွင့်ပြုထားပြီး အလုပ်သမားများမှာ ကြုံရာကျပန်းအလုပ်ကို လုပ်ကိုင်၍ အသက်မွေးကြသည်။ အချို့သည်း အခြားဆန်စက်များသို့ သွားရောက် လုပ်ကိုင်ကြသည်။

ကိုတုင်မောင်က ရွာသစ်ရွာနှင့် ဆက်လျက်ရှိသော သော်ကရွာရှိ ဆန်စက်တစ်လုံးတွင် ပခုံးထမ်း အလုပ်သမားအလုပ်ကို လုပ်သည်။ ကိုတင်မောင်နှင့် မဟာဇတာတို့ လင်မယား၌ အိမ်ထောင်သက် ၅နှစ်ခန့် ရှိလာချိန်ထိ သားသမီးရတနာ မထွန်းကားသေး။ သို့သော်လည်း မဟာဇတာတစ်ယောက် တာရှည်ရောဂါသည်အဖြစ်နှင့် အသက်ရှင်နေရသည်။ ဆရာစုံတို့ဖြင့် ကုသခဲ့သော်လည်း ပျောက်ကင်းသက်သာခြင်း မရှိခဲ့ပေ။ တစ်ညသ၌ မဟာဇတာ အိပ်မက်တစ်ခု မက်ခဲ့သည်။ အိပ်မက်ထဲ၌ မီးတောက်မီးလျှံကြီးတစ်လုံး သူ့ဆီသို့ ရောက်လာ လူကြီးတစ်ယောက်ဖြစ်သွားသည်။ ထိုလူကြီးက···

"ဟဲ့ - ကလေးမ၊ နင်တို့ဆီကို လာချင်တယ်။ ငါ့ကို နေခွင့်ပေးရင် ရောဂါလည်း ပျောက်ကင်းအောင် လုပ်ပေးမယ်"

မဟာဇတာကလည်း ရောဂါဝေဒနာကို နှစ်ရှည်လများ ခံစားခဲ့ရသူ ရောဂါပျောက်လိုဇောဖြင့် နေခွင့်ပေးလိုက်သည်။

ထိုသို့ အိပ်မက်မက်ပြီး သုံးရက်ခန့်ကြာ လပြည့်ည၌ မိုးချုပ်ပြီးစ အချိန် အနောက်ဘက်အရပ်ရှိ သော်ကစေတီကြီးဆီမှ မီးလုံးကြီး တစ်လုံး သူမရှိရာဆီ ဦးတည်လာနေ



သည်ကို တွေ့ရသည်။ သော်ကစေတီနှင့် မဟာဇတာတို့ အလုပ်သမားတန်းလျားက လယ်ကွင်းတစ်ကွင်းသာခြားသည်။ မဟာဇတာ၏ အိမ်နောက်မှ လှမ်းကြည့်လျှင် သော်ကစေတီကြီးကို မြင်ရသည်။ မီးလုံးကြီးက တဖြည်းဖြည်း ပို၍နီးလာပြီး သူတို့နေသော ပတ်ဝန်းကျင်၌ လှည့်လည်နေသည်။ ထိုအကြောင်းကို ခင်ပွန်းဖြစ်သူ ကိုတင်မောင်အား ပြောပြရာ ကိုတင်မောင်က အပြင်သို့ ထွက်ကြည့်ပြီး ဘာမှမတွေ့ကြောင်း ပြောသည်။ မဟာဇတာတစ်ယောက် အလွန်ကြောက်လန့်ခဲ့ရသည်။

ထို့နောက် မဟာဇတာ တဖြည်းဖြည်း ကျန်းမာလာခဲ့သည်။ ထိုအချိန်၌ မဟာဇတာတွင် ပထမဦးဆုံးသော ရင်သွေးကို လွယ်ထားရနေပေပြီ။ မဟာဇတာတို့ လင်မယားနှစ်ယောက်စလုံး မမြင်ရသေးသော သားဦးလေးကို ချစ်ကြသည်။ ထိုကိုယ်ဝန်ကို လွယ်ထားရစဉ်တွင် မဟာဇတာ နေ့စဉ်လုပ်ချင်လိုသော ဆန္ဒတစ်ခုမှာ ရေငုပ်ခြင်းပင်ဖြစ်သည်။ ထို့နောက် ကိုယ်ဝန်ရင့်မာ၍ ဂုလနီးပါးဖြစ်လာသည်။

မဟာဇတာ ပထမ သားဦးလေးကို ဂုလနှင့် လမစေ့ဘဲ မွေးဖွားခဲ့သည်။ အရပ်ထဲက ထိုကလေးကို လူခြောက်ကလေးဟု သမုတ်ကြသည်။ ကလေးက သာမန်ထက် အလွန်သေးသည်ဟု ဆိုသည်။ မဟာဇတာက ထိုကလေးကို "ဂျာအေး"ဟု အမည်ပေးခဲ့သည်။ ဂျာအေးလေး ဇလသားအရွယ်က အဖြစ်အပျက်တစ်ခုကို အများက အံ့သြကြသည်။

◆◆◆

မဟာဇတာတို့ အိမ်ပတ်ဝန်းကျင်၌ မိုးအခါ ကွင်းရေများ ရောက်သည်။ ကွင်းရေက လူ၏ ဒူးခေါင်းနီးပါးခန့်ရှိသည်။ ဂျာအေးလေးသည်လည်း လေးဘက်သွားအရွယ်ရောက်နေပေပြီ။ ထိုနေ့က မဟာဇတာ နံနက်ပိုင်း အလုပ်များ ပင်ပန်း၍ နေ့လယ်စာစားသောက်ပြီး သားဖြစ်သူနှင့်အတူ တစ်ရေးတမောအိပ်ခဲ့သည်။ မဟာဇတာ အိပ်ရာမှ နိုးလာချိန်တွင် အနီး၌ ကလေးကို မတွေ့သဖြင့် အိမ်တွင်းတွင် ရှာဖွေသော်လည်း မတွေ့ပေ။ ထို့ကြောင့် အိမ်အနီးအပါးတွင် ရှာကြည့်ရာ အိမ်ရှေ့ ရေကပြင်အနီး ရေထဲ၌ သားဖြစ်သူ ရေနစ်နေသည်ကို တွေ့လိုက်ရသည်။ အချိန်မည်မျှကြာနေပြီမသိ၊ မဟာဇတာ သားဖြစ်သူကို အဆောတလျင် ဆယ်ယူလိုက်သည်။ အိမ်အနီးအပါးများလည်း ကလေးရေနစ်သော သတင်းကြားသဖြင့် ချက်ချင်းရောက်လာကြသည်။ ရေထဲမှ ဆယ်ယူလိုက်ပြီး ခဏကြာလျှင် ဂျာအေးလေး ပြုံးရယ်ကာ စကားပြောလာသည်။ အားလုံးက သေပြီဟု ထင်ထားသော ကလေးက အသက်ရှင်လာသည်မို့ အံ့သြကြရသည်။





www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်မှ စ၍ ဂျာအေးလေးအား ထူးခြားသော ကလေးတစ်ယောက်ဟု ပြောစမှတ်ပြုကြသည်။ ဂျာအေးက စကားကောင်းကောင်း မပြောတတ်။ ဦးနှောက် ကျပ်မပြည့်သော ပုံစံမျိုး နေထိုင်သည်။ တစ်ယောက်တည်း စကားတွေ ပြောနေတတ်ပြီး ရယ်ချင်လျှင် ဘာရယ်မဟုတ်၊ ရယ်နေတတ်သည်။ ထူးခြားသည်က ဂျာအေးက သူ၏ လက်တစ်ဖက်ကို အမြဲဆုပ်ထားလေ့ရှိခြင်းပင်။ ထို့နောက် ဦးတင်မောင်၊ ဒေါ်ဟာဇတာတို့မိသားစု ဦးတင်မောင်အလုပ်လုပ်ရာ သော်ကရွာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ဂျာအေးကို မွေးဖွားပြီးမှ သားသမီးများ ဆက်၍ ထွန်းကားလာခဲ့သည်။

♦♦♦

ဂျာအေး ဂနှစ်အရွယ်၌ ဖြစ်သည်။ ဂျာအေးကို အမြဲတမ်းလိုလို လမ်းပေါ်၌သာ တွေ့ရသည်။ မြို့ပေါ်အနှံ့၌လည်း ဂျာအေးကို တွေ့ရတတ်သည်။ အများက ဂျာအေးကို ကျပ်မပြည့်သော ကောင်လေးဟုသာ သိကြသည်။ တစ်ခါတစ်ရံ သာမန်လူပင် ရေစီးသန်လှသော ဝါးခယ်မမြစ်ကို ဖြတ်မကူးဝံ့သည်ကို ဂျာအေးက မြစ်ကို ဖြတ်ကူးပြသဖြင့် အံ့သြကြရသည်။

တစ်ခါက ဝါးခယ်မမြို့ ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသော အစိုးရသင်္ဘောတစ်စီးပေါ်မှ အရာရှိတစ်ဦး၏ လက်ပတ်နာရီတစ်လုံး မြစ်ထဲသို့ ပြုတ်ကျသွားသည်။ ထိုအချိန်တွင် ဂျာအေးက သင်္ဘောဆိုက်ကပ်ရာ ဆိပ်ကမ်းအနီးတွင် ရှိနေသည်။ လက်ပတ်နာရီ ရေထဲ ကျသွားသဖြင့် ပိုင်ရှင်က နှမြောတ,သဖြစ်နေသည်မို့ မြို့ခံ လူတစ်ယောက်က ရေကူးကျွမ်းကျင်သော ဂျာအေးကို အကူအညီတောင်းရန် အကြံပေးလိုက်သည်။

ထို့ကြောင့် နာရီပိုင်ရှင် အရာရှိက ဂျာအေးကို ခေါ်ကာ မြစ်ထဲကျသွားသော နာရီကို ယူပေးရန် ပြောလျှင် ဂျာအေးက ရေထဲသို့ ခုန်ချပြီး ရေငုပ်၍ နာရီကို ဆယ်ယူပေးခဲ့သည်။ ပိုင်ရှင်အရာရှိက ဂျာအေးကို ကျေးဇူးတင်သဖြင့် အကြွေစေ့ ငါးမူးစေ့တစ်စေ့ကို ပေးသည်။

ဂျာအေးက သူ့လက်ထဲ အကြွေစေ့ရောက်သည်နှင့် ဘာမပြော ညာမပြော အကြွေစေ့ကို ရေထဲသို့ ပစ်ချလိုက်သည်။ အကြွေစေ့က ရေထဲ မြုပ်သွားသည်။ ထိုအခါမှ ဂျာအေးက ရေထဲ ခုန်ချပြီး ရေငုပ်၍ အကြွေစေ့ကို ပြန်ယူလာသည်။ ထိုအချင်းအရာကို မြင်တွေ့ကြသော သင်္ဘောသားများ အံ့သြသွားကြသည်။

အချို့မယုံကြည်သော သင်္ဘောသားများက အကြွေစေ့တစ်စေ့ကို အမှတ်အသားပြုလုပ်၍ စမ်းသပ်ခဲ့ကြသေးသည်။

♦♦♦

ကိုဂျာအေး အသက် (၂၀) ဝန်းကျင်လောက်တွင် သော်ကစေတီကြီးအနီးအပါးတွင် အနေများလာသည်။ သော်ကစေတီကြီး၏ ဝေယျာဝစ္စများကိုလည်း နေ့တိုင်း ဝတ္တရားမပျက် လုပ်ခဲ့သည်။ ယခင်က သော်ကစေတီကြီးသည် ဥစ္စာစောင့် သိုက်နန်းများ ရှိသည်ဟု ကျော်ကြားခဲ့သည်။ တစ်ခါတစ်ရံ ကိုဂျာအေးက လူအများထံ လက်ဝါးဖြန့် အလှူခံ၍ ဘုရား၊ ပုထိုး၊ ကျောင်း၊ ကန်တို့ကို ပြုပြင်ရန် တတ်အားသရွေ့ ကူညီခဲ့သည်။

ထိုသို့ သာသနာပြုလုပ်ငန်းများ လုပ်ဆောင်နေစဉ်တွင် ပုသိမ်မြို့မှ ဆရာတော်ကြီးတစ်ပါးနှင့် ဆုံခဲ့သည်
ဆရာတော်ကြီးက ကိုဂျာအေး
သူ့ထံ၌ အဓိဋ္ဌာန်ဝင်ခိုင်းသည်။ ဆ
တော်ကြီးထံ၌ တစ်နှစ်ခန့်နေခဲ့
နောက် ကိုဂျာအေးတစ်ယော
ဝါးခယ်မသို့ ပြန်ရောက်လာခဲ့ပေသ

ကိုဂျာအေးတစ်ယော
သာသနာပြုလုပ်ငန်းများကို ယခ
ထက် ပို၍လုပ်သည်။ ဘုရား
ကျောင်း၊ တန်ဆောင်းဆောက်ခြ
ကို အခြားမြို့များသို့တိုင် သွား
ဆောင်ရွက်ခဲ့သည်။ ကိုဂျာအေ
ဆုပ်ထားသော လက်တစ်ဖက်
အမြဲလိုလို ငွေအကြွေများ
တတ်သည်။ ထိုငွေများဖြင့် သာ
ပြုနေခြင်းဖြစ်သည်။ ထိုသို့ သာ
ပြုနေသော ကိုဂျာအေးကို အ
ဝိုင်း၍လှူကြသည်။ ထို့ကြောင့်
အေးတစ်ယောက် သာသနာပြု
ကို ပို၍လုပ်နိုင်ခဲ့ခြင်းဖြစ်သည်။
အချိန်က ဦးတင်မောင် ဆုံးပါး
သည်။

ကိုဂျာအေးက အလှူခံ
သောငွေများကို အခြားမည်သူ
အပ်နှံလေ့ မရှိ။ သူ ပြုလုပ်ထား
သေတ္တာပုံးထဲတွင် ထည့်၍ သော
သိမ်းဆည်းလေ့ရှိသည်။ တစ်ခ
သူ့မိခင် ဒေါ်ဟာဇတာက သူ့
အနည်းအကျဉ်းပေးသုံးဖို့
ကိုဂျာအေးက…

"ဒီငွေနဲ့ စားပြီး အဝီစိ
နိုင်သလား"

ဟု ပြောလေ့ရှိသည်။

တစ်ခါတော့ ညနေ
မှောင်စလောက်တွင် ကိုဂျာ
သူ့မိခင်အား…

"အမေ…ကျုပ်နဲ့
လမ်းမှာ ဘယ်သူ့ကို တွေ့



www.burmeseclassic.com

www.burmeseclassic.com

ဆက်နဲ့။ ဘယ်သူက နှုတ်ဆက်ဆက် ပြန်မပြောနဲ့၊ ပြန်မထူးနဲ့"

ဟု မှာပြီး ခေါ်သွားသည်။

ဒေါ်ဟာဇတာသည်လည်း ဘာ နဲ့ ညာမှန်းမသိ၊ သားဖြစ်သူခေါ်သဖြင့် ဘစ်ဖက်တစ်ထည် ခေါင်းပေါ် တင်၍ နောက်မှ အသာလိုက်လာခဲ့သည်။ ဂျာအေး သွားနေသည်က အစတော့ ဆော်ကစေတီကြီးဘက်ဟု သိလိုက် သည်။ တဖြည်းဖြည်းမှောင်လာပြီမို့ ဘယ်နေရာတွေ ရောက်နေမှန်း မခန့် မှန်းတတ်တော့။ ဒေါ်ဟာဇတာ တစ် ယောက် ကိုဂျာအေးနောက်မှ လိုက် လာခဲ့သည်မှာ အတန်ပင် လျှောက်မိ လာသည်မို့ ခြေးပင် စို့လာသည်။ ဆက်ထဲ ကိုင်လာသည့် ဆေးလိပ်ကို ဖွာချင်စိတ်ဖြစ်လာသဖြင့် မီးညှိဖွာရှိုက် ရန် စိတ်ကူးလိုက်သော်လည်း မီးခြစ် က ပါမလာ။ ထို့ကြောင့် ဆေးလိပ် သောက်ချင်စိတ်ကို မျိုသိပ်၍ ဆက် လျှောက်လာခဲ့သည်။

ထိုစဉ် ရှေ့ မလှမ်းမကမ်းဆီမှ အိမ်တစ်အိမ်တွင် မီးတိုင်ခွက်တစ်လုံး ထွန်းထားသည်ကို တွေ့ရသည်။ ဒေါ်ဟာဇတာ ဝမ်းသာသွားသည်။ ဆေးလိပ်မီးညှိရန် သားဖြစ်သူကို ပြော လိုက်သည်။

"သား…ဂျာအေး၊ အမေ ဆေး လိပ်သောက်ချင်လို့ ရှေ့က အိမ်မှာ မီး ခင်ညှိလိုက်ဦးမယ်"

"ဟာ…အမေ့ကို ကျုပ် ဘာ ပြောထားလဲ။ ရွှေတွေ ငွေတွေ အမေ လိုချင်ဘူးလား။ လိုချင်ရင် ငြိမ်ငြိမ် လိုက်ခဲ့"

ဒေါ်ဟာဇတာလည်း ရွှေတွေ ငွေတွေရမည်ဆိုသဖြင့် ငြိမ်၍ လိုက် လာ့သည်။ ယခင်ကတည်းက ဂျာ အေးကို ဥစ္စာစောင့်သိုက်ကဟု ယူဆ ထားပြီးဖြစ်သည်။ ယခု သူ့အား ရွှေ တွေ ငွေတွေ ပေးမည်ဟု ဆိုသဖြင့် ဒေါ်ဟာဇတာ ဝမ်းသာသွားသည်။

အတန်ငယ်လျှောက်လာမိသည် တွင် မီးရောင်တထိန်ထိန်နှင့် အိမ်ကြီး အိမ်ကောင်းများကို တွေ့ရပြန်သည်။ လူတွေကလည်း အိမ်ထဲတွေမှ ဝင် လိုက် ထွက်လိုက် လုပ်နေကြသည်။ သူတို့တွေကို ကြည့်ရသည်မှာ ဝတ် ကောင်းစားလှတွေနှင့် လူချမ်းသာများ ဖြစ်ပေလိမ့်မည်။ သူသည်လည်း ထိုကဲ့ သို့ဘဝမျိုး နေချင်၊ ဖြစ်ချင်မိသည်။ ဦးတင်မောင် ဆုံးပါးပြီးချိန်က စ၍ သူတို့မိသားစုဘဝကို ကလေး ၆ ယောက်နှင့် ရုန်းကန်၍ ဆင်းဆင်းရဲရဲ နေခဲ့ရသည်မှာ ယခုချိန်ထိဖြစ်သည်။ ထိုစဉ်…

"ဒွေးလေး… ညကြီး အချိန် မတော် ဘယ်သွားမလို့လဲ။ လာ… လာ…ဒွေးလေး၊ အိမ်ထဲ ဝင်နားဦး"

အသံက ချိုသာ၍ ရင်းနှီးနေ သော အသံမျိုးဖြစ်ပြီး အသံရှင်ရုပ်ကို မသဲမကွဲမြင်ရသည်မို့ ဘယ်သူ ဘယ်ဝါဆိုသည်ကို မခွဲခြားတတ်။



သို့သော်လည်း အသိဆွေမျိုးတွေထဲက ဟု စိတ်က မှတ်လိုက်သည်။ နှုတ်ဆက်နေပြီမို့ ပြန်မပြော၍ မဖြစ်တော့။ ထို့ကြောင့်…

"အေး မဝင်တော့ပါဘူး တူမ ရယ်။ သွားစရာလေးရှိလို့၊ နောက်မှ လာလည်မယ်"

ထိုတွင် စောစောက တွေ့နေရ သည့် မိန်းကလေးရော၊ မီးအလင်း ရောင်များပါ ပျောက်ကွယ်သွားသည်။

"အမေကလဲဗျာ၊ ကျုပ်မှာထား ရဲ့သားနဲ့။ ကဲ - အခုတော့ သွားပြီ ဘာမှမရတော့ဘူး။ ပြန်နှင့်၊ ကျုပ်ကို မစောင့်နဲ့တော့"

ထိုညက ဒေါ်ဟာဇတာ တစ် ယောက် အမှောင်ထဲတွင် တစ်ယောက် တည်း လမ်းလျှောက်ပြန်ခဲ့ရာ ညအချိန် မတော်ကျမှ အိမ်ပြန်ရောက်ခဲ့သည်။ ထို့နောက် ကိုဂျာအေးလည်း အိမ်မပြန် ဘဲ သုံးရက်ခန့် ပျောက်နေခဲ့သည်။ တစ်ခါတစ်ရံလည်း ကိုဂျာအေးက ထိုကဲ့သို့ အိမ်သို့ ပြန်မလာဘဲ နေ တတ်သည်။ ထိုအဖြစ်အပျက်ဖြစ်ပြီး နောက်တစ်လခန့်အကြာတွင် ကိုဂျာ အေးက ဒေါ်ဟာဇတာအား အလေးချိန် ငါးရွေးခန့်ရှိ ဓာတ်လုံးလိုလို၊ ရွှေတုံး လိုလိုအရာကို ပေးသည်။

"အမေ… ကျုပ် ခရီးသွားမလို့။ ဒီတစ်ခေါက်ခရီးက ကြာလိမ့်မယ်။ အဲဒီဓာတ်လုံးကို ဘယ်သူ့ကိုမှ မပေး နဲ့"

"ဟဲ့ - ဂျာအေး နင် ခရီးသွား မယ်ဆိုလည်း အမေ့ကို စျေးသုံးလေး ဘာလေး ပေးခဲ့ပါလားကွယ်"

"ကျုပ်ပေးတဲ့ ဓာတ်လုံးကိုသာ သိမ်းထားပါ"

◆◆◆

ကိုဂျာအေးက ထိုဓာတ်လုံးသာ



www.burmeseclassic.com

www.burmeseclassic.com

ပေးခဲ့ပြီး ခရီးထွက်သွားသည်။ ကိုဂျာအေး ခရီးထွက်သွားစဉ် ဒေါ်ဟာဇတော တစ်ယောက် နေ့တိုင်းနီးပါး တစ်နေရာရာမှ ပိုက်ဆံကောက်ရတတ်သည်။ တစ်ခါတစ်ရံလည်း အိပ်ရာအောက် လှန်ကြည့်မိရာမှ ရတတ်သည်။ အိမ်အတွင်းတစ်နေရာရာမှလည်း ငွေစက္ကူအဟောင်းကို တွေ့တတ်သည်။ သို့သော်လည်း များများစားစားတော့ မဟုတ်။ ဈေးသုံးနိုင်လောက်ရုံသာ ရခဲ့ခြင်းဖြစ်သည်။ ဒေါ်ဟာဇတောက အဘယ်ကြောင့် ထိုသို့ဖြစ်သည်ကို မသိနိုင်ခဲ့ပေ။

ကိုဂျာအေးက သူ သိမ်းဆည်းထားသောငွေများကို ထုတ်ယူ ရေတွက်လေ့မရှိ။ ရလာသော ငွေစများကို သူ၏ သေတ္တာထဲသို့သာ ထည့်၍ သိမ်းလေ့ရှိသည်။ ထိုငွေများက ဘုရားတည်ဖို့ဟု ပြောသည်။ ထိုငွေများထဲမှ မိသားစုအတွက် ထုတ်ယူသုံးစွဲခြင်း မပြု။ မိသားစုကိုလည်း သုံးစွဲခြင်း မပြုရန် တားမြစ်လေ့ရှိသည်။

ဒေါ်ဟာဇတော၌ သားသမီး ၆ ယောက်ရှိရာ ကိုဂျာအေးအောက် သားသမီးတချို့ လက်လွတ်ကုန်ကြပြီ။ နို့ညှာသားတစ်ယောက်နှင့် ကိုဂျာအေးသာ အိမ်ထောင်မကျသေးဘဲ ကျန်သည်။ ကိုဂျာအေးက အိမ်ထောင်ပြုမည် မဟုတ်တော့၊ သူ့လိုပုံစံကိုလည်း မည်သူကမှ လက်တွဲမည် မဟုတ်ပေ။ ကိုဂျာအေးကလည်း အိမ်ထောင်ရေးကို တွေးတောင် တွေးဖူးမည်မထင်။

ကျန်တစ်ယောက် နို့ညှာကောင်က ဆိုးဆိုးပေပေယောမား။ လောင်းကစားဝါသနာကြီးသူဖြစ်သည်။ သူ အလုပ်လုပ်၍ ရသမျှက သူဖြုန်းတာနှင့် မကာမိပေ။ ထိုသားအတွက်လည်း ဒေါ်ဟာဇတော ရတက်မအေးရပေ။

တစ်နေ့ ကိုဂျာအေးက သူ့သေတ္တာပုံးထဲမှ ငွေများကို ထုတ်ယူသည်။ သိမ်းဆည်းထားသော ငွေများထဲမှ တချို့လျော့နေသဖြင့်・・・

"အမေ・・ ကျုပ်သိမ်းထားတဲ့ ပိုက်ဆံထဲက ဘယ်သူ ယူသုံးသေးလဲ"

"ဟဲ့ - ငါလည်း မယူဘူး။ နင့်သေတ္တာ နင်ပဲ ကိုင်တာ၊ ဘယ်သူမှ မကိုင်ဘူး"

"မဟုတ်ဘူး။ တစ်ယောက်ယောက်ယူသုံးလို့ လျော့နေတယ်။ အဲဒီပိုက်ဆံကို ပြန်ထည့်နော်။ ဒကွ ရောက်ကုန်မယ်။ နောက်မှ ကျုပ် မပြောလို့ မဖြစ်စေနဲ့"

"ဟဲ့ - ဂျာအေး၊ အိမ်မှာ ငါတစ်ယောက်လုံး ရှိတယ်။ ယူသူရှိရင် ငါသိရမှာပေါ့။ ဘယ်သူမှ ယူတာ မတွေ့လို့ မယူဘူး ပြောတာကို နင်က ဘာဖြစ်နေတာလဲ"

"အမေ့သား ဟိုကောင် ယူသုံးတာ နေမှာပေါ့။ ကျုပ်သိတယ်။ ဒကွ မရောက်ချင်ရင် အဲဒီပိုက်ဆံ ပြန်ထည့်ထားနော်"

ဒေါ်ဟာဇတောလည်း နို့ညှာကောင် ပြန်လာတော့ ထိုငွေကိစ္စမေးရသည်။ နို့ညှာကောင် ယူသုံးတာ မှန်နေသည်။ ထို့ကြောင့် ယူသုံးမိသည့်ငွေများ ပြန်ပေးရန် ပြောသောအခါ သားဖြစ်သူက မပေးနိုင်ကြောင်း ငြင်းဆန်နေသဖြင့် ဒေါ်ဟာဇတော အခက်တွေ့ရသည်။ ထိုသို့ဖြင့် သုံးရက်ခန့်ကြာလျှင် နို့ညှာကောင်တစ်ယောက် ရေဆိပ်၌ ရေဆင်းချိုးရာမှ ရေနစ် သေဆုံးသွားခဲ့ရသည်။

•••

ထိုသို့ဖြင့် ကိုဂျာအေး တစ်ယောက် အသက် (၅၀)ကျော် ဦးဂျာအေးအဖြစ် အရွယ်ရလာခဲ့သည်။ [...] အချိန်၌ ဦးဂျာအေးက ဘုရားတ[...] ကျောင်းဆောက် သာသနာပြုအ[...] များ လုပ်သလို၊ တစ်ဖက်ကလည်[...] လူတွေ ခံစားနေရသော စုန်းတို[...] နတ်တိုက် စသော ပယောဂတို့[...] ကုသပေးသောအလုပ်ကို လုပ်သ[...] ထို့ကြောင့် လူအများက ဦးဂျာအေး[...] ပို၍ယုံကြည်လာကြသည်။

လူတချို့က ဦးဂျာအေးကို [...] လှူလျှင် ဈေးရောင်းကောင်းသ[...] ပန်းလှူလျှင် လာဘ်လာဘရသ[...] စသော အယူအစွဲများကို ယုံကြ[...] ကြသည်။ သို့သော်လည်း ဦးဂျာအေး[...] က လူတိုင်းထံ၌ အလှူခံသည်မဟုတ်[...] မာတ်ကျသည့်သူထံ၌သာ အလှူခံ[...] ရှိသည်။ ထိုအခါ အလှူရှင်မျာ[...] ထိုနေ့တွင် ထူးထူးခြားခြား ရောင်း[...] ဝယ်ပန်းကောင်း၍ လုပ်ငန်းများ အ[...] ပြေကြသည်ဟု ဆိုကြသည်။

တစ်ခါက "ဗန္ဓုလ"လက်[...] ရည်ဆိုင်တွင် ဦးစိန်ထွန်းဆိုသော [...] ကြီးတစ်ယောက် လက်ဖက်[...] သောက်ရင်း ထိုင်နေသည်။ ဦးစိန်[...] ၌ ကျောရိုးထဲမှ ထိုးအောင့်သော[...] ရောဂါရှိသည်။ ထို့ကြောင့် ဆေးခ[...] သွားရန်လည်း စီစဉ်ထားသည်။

ထိုစဉ် ဦးဂျာအေးက သူ[...] အတိုင်း လက်ညှိုးတထောင်ထော[...] တစ်ယောက်တည်း စကားပြော[...] လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာသ[...] ဦးစိန်ထွန်းရှေ့သို့ ရောက်လျှင် [...] အုပ်ချီကာ ရပ်လိုက်ပြီး ဦးစိန်ထွ[...] လည်း ပြုံးပြ နှုတ်ဆက်သည်။ ဦး[...] ထွန်းက အင်္ကျီအိတ်ကပ်ထဲမှ ငါး[...] တန်တစ်ရွက်ကို ထုတ်ယူပြီး [...] အေးထံ လှူရန် လက်ကမ်း[...] သည်။ ထိုအခါ ဦးဂျာအေးက မယူ[...]

www.burmeseclassic.com

ကြောင်း လက်တားပြီး ဦးစိန်ထွန်း၏
အနောက်တက်နားသို့ ရောက်သွားကာ ဘာမပြော ညာမပြောနှင့် ဦးစိန်ထွန်း၏ ကျောပြင်အား သူ၏ လက်ဝါးဖြင့် အားရပါးရ ရိုက်ချလိုက်သည်။

ဦးစိန်ထွန်းလည်း ကျောကော့သွားကာ ဒေါသလည်း ထွက်သွားသည်။ ထိုအချိန်တွင် ဦးဂျာအေးကတော့ သူ ဘာမှမလုပ်သည့်အတိုင်း တစ်ယောက်တည်း စကားတွေပြောပြီး ဆိုင်အပြင်သို့ ထွက်ခွာသွားနေပြီ။

ဦးစိန်ထွန်းကတော့ ဒေါသဖြစ်း ဆိုင်ထဲ၌ ကျန်ခဲ့သည်။ ခဏကြာလျှင် ဦးစိန်ထွန်း၏ ကျောထဲက အောင့်သော ဝေဒနာမှာ တစ်စတစ်စ က်သာလာပေသည်။ ထိုနောက်ပိုင်း းမထိုး။ ဆေးမစားလိုက်ရဘဲ လုံးဝ ကင်း သက်သာသွားပေသည်။ ကဲ့သို့သော အကြောင်းများကြောင့် ဂျာအေးကို ဘိုးတော် ဦးဂျာအေးဟု ကင်ပွန်းတပ်ကြသည်။

◆◆◆

တစ်နေ့ ဒေါ်ဟာဇတာသည် ည်း အသက် ၇၅နှစ်ဝန်းကျင်မို့ စိမှုန်၊ နားထိုင်းသော အဘွားအို ယ်ရောက်နေပေပြီ။ သားဖြစ်သူ အေး နေမကောင်းဖြစ်၍ အိပ်ရာ က် လဲလျောင်းနေသည်ကို ဆေး က်ရန် ပြင်ဆင်နေစဉ် အိမ်ရှေ့သို့မှ လာသော အမျိုးသမီးသုံးယောက် တွေ့လိုက်ရသည်။ မျက်လုံးတွေက မြင်မကောင်း၍ ဘယ်သူဘယ်ဝါဆို ည်ကို မသဲကွဲ။ ဂျာအေး၏ ဧည့်သည် ပဲဟု ယူဆလိုက်သည်။ ယခင်က အေးထံသို့ ဆေးလာကုသော ဧည့် ည့်တွေလည်း ရောက်လာတတ်ကြ ည်။



ထိုအမျိုးသမီး သုံးယောက်စလုံး ဦးဂျာအေးအနီးသို့ ရောက်သွားကြသည်။ ခဏကြာလျှင် အမျိုးသမီး တစ်ဦး ပြန်ထွက်သွားပြီး အသက်ကြီးကြီး အဘိုးကြီးတစ်ဦးကို ခေါ်၍ ပြန်ရောက်လာသည်။

ထို့နောက် ဦးဂျာအေးအနီး၌ ဘာတွေပြော၍ ဘာတွေလုပ်ကြသည် မသိ။ ခဏကြာလျှင်' သူတို့အားလုံး ပြန်ထွက်သွားကြသည်။ ထိုလေးယောက်က ဒေါ်ဟာဇတာအား ဘာမှ မပြော၊ မမေးကြဘဲ ပြန်သွားကြသည်။ ထို့ကြောင့် ဒေါ်ဟာဇတာက…

"ဟဲ့…ဂျာအေး၊ အခုပြန်သွားကြတာ ဘယ်သူတွေလဲ။ ဘာလာလုပ်ကြတာလဲ"

"အမေ့အမျိုးတွေလေ"

"ဟဲ့ - ငါ့အမျိုးက ဘယ်သူတွေလဲ"

"အမေ ညဘက်ကြီး တစ်ယောက်တည်း ပြန်လာခဲ့ရတဲ့ အမျိုးတွေလေ"

ထိုအခါမှ ဒေါ်ဟာဇတာသည် စောစောက ပြန်သွားကြသူများမှာ ဥစ္စာစောင့်တွေမှန်း သိလိုက်ရသည်။ သူ့အား ထိုညက နှုတ်ဆက်ခဲ့သူတွေမှာ နာနာဘာဝလောကမှ ဥစ္စာစောင့်တွေ ဖြစ်ကြောင်း၊ ထိုညက သူမအား သိုက်ထဲသို့ ခေါ်သွားခြင်းဖြစ်ကြောင်း၊ သိုက်နန်းထဲ ဝင်နိုင်လျှင် ရွှေငွေများ ရနိုင်မည်ဖြစ်ကြောင်း၊ သို့သော်လည်း ထိုညက စည်းပေါက်သွားသည်မို့ ဘာမှမရခြင်းဖြစ်ကြောင်း။ ထိုအခွင့်အရေးမျိုး နောက်ထပ် မရနိုင်တော့ကြောင်း စသည်တို့ကို တစ်ခါက သားဖြစ်သူ ဂျာအေးက ရှင်းပြခဲ့ဖူးသည်။

◆◆◆

အထက်ပါ အကြောင်းအရာတို့သည် အဘွား ဒေါ်ဟာဇတာ ပြောပြခဲ့ခြင်းဖြစ်သည်။ ယခုအချိန်၌ အဘွား ဒေါ်ဟာဇတာနှင့် ဦးဂျာအေးတို့ နှစ်ဦးစလုံး လူ့လောကမှ ထွက်ခွာသွားကြပေပြီ။ မည်သူသည် မည်မျှပင် အစွမ်းတို့ ရှိနေစေကာမူ သင်္ခါရတရားကိုကား ရှောင်လွှဲ လွန်ဆန်၍ မရပေသည် တကား။ ■

* * *

တင်မောင်မောင်(ပေါက်ကုန်း)



www.burmeseclassic.com


www.burmeseclassic.com

# ဉာဏ်တော်သုံးပါး စက်စီရင်နည်း

ဇော်ဂျာမြေ ထွန်းထွန်း

ရှေးမြန်မာဘုရင်များလက်ထက်တွင် အသုံးပြုကြသော လောကီပညာရပ်များမှာ ယနေ့အချိန်ထိ ဖြစ်ပါသည်။ အဆောင်လက်ဖွဲ့သည် မည်သို့ပင် အစွမ်းထက်ပါသော်လည်း ကိုယ်ကျင့်တရားကောင်းမွန်ပြီး သီလမြဲသူ၌ပင် အစွမ်းကို ပြ၍ ကောင်းကျိုးကို ပေးတတ်လေ၏။ ရှေးဘုရင်များလက်ထက်တွင် ဓားခုတ်၊ လှံထိုး၊ လေးအတတ်တို့ ရှိသဖြင့် လောကီပညာရပ်များမှာ မိမိတိုင်းပြည်ကို ကာကွယ်မှုအတွက် တတ်ကျွမ်းသော ပညာရှင်များမှ မှန်ကန်သည့်ဘက်မှ စီရင်ဆောင်ရွက်ပေးတတ်ကြပါသည်။ ယခုအချိန်တွင် ခေတ်ကာလတိုးတက်လာသည်နှင့်အမျှ အမျိုးမျိုးပြောင်းလဲ၍လာသဖြင့် ရှေးဟောင်း လောကီပညာရပ်တချို့မှာ ပျောက်ကွယ်ခဲ့ရပါသည်။ စာပေပညာ ဗဟုသုတလိုက်စားသောသူတို့အတွက် အသိပညာရရှိစေရန်နှင့် ရှေးဟောင်း လောကီပညာများ ပ,ပျောက်မသွားစေရန် ရည်ရွယ်၍ ဉာဏ်တော်သုံးပါး စက်စီရင်နည်းကို ရေးသားတင်ပြ[illegible] ဖြစ်ပါသည်။

**ဉာဏ်တော်သုံးပါး စက်စီရင်ပုံ**




ငုပ်စက်ကို ရွှေပြား၊ ငွေပြား၊ မိုးကြိုးပြား၊ ကမ္ [illegible] တစ်ခုခုမှာ လက်ဖွဲ့ထိုး၍ ဘုရားပွဲပြင်ပြီး ရွှေဖယောင်း[illegible] ငွေဖယောင်းတိုင်နှင့် ဘုရားရှေ့တော်မှောက်တွင် ပု[illegible] ညှို့ဦးယံမှာ (ပု)ဟု ရေးပါ။ သန်းခေါင်ယံမှာ (ဒိ)[illegible] ပါ။ အရုဏ်လာလျှင် (အာ)ဟု ရေးပြီးလျှင် ငုပ်[illegible] ပင် (၁၀၀၀)ပြည့်အောင် ရွတ်ရမည်။ ငုပ်[illegible] ဂု[illegible]

www.burmeseclassic.com

ကိုးပါးဖြင့် (၁၀၈)ခါက်ပြည့်အောင် ထပ်မံ၍ စုတ်ရမည်၊ ပြီးလျှင် လက်ယာတစ်လုံးလိပ်၊ လက်ဝဲတစ်လုံးလိပ်ရမည်။ လက်ဖွဲ့ကို လိပ်ရာတွင် လက်ဝဲ-လက်ယာ မှန်ကန်ရမည့် အပြင်၊ ၎င်းစက်ကို စီမံရေးသားပြုလုပ်ရာတွင် ဟိန်းရမည် ကား "ဥုံ··· ပူဇာစ ပူဇ နေယျာန်"ဟု ဆို၍ (ပု)ကို ရေး၊ "ဥုံ··· ဒိဝါစရတ္တော စဟာရန္တိ ဇယဗလီ" ဟု ဆို၍ (ဒိ) ကို ရေး။ "ဥုံ··· အာသောကာံ၊ ဝိရငံ ခေမံ"ဟုဆို၍ (အာ) ကို ရေးရမည်။ ရေးရမည့်စာလုံးအလိုက် ရွတ်ဆိုသော ဂါထာ မှာ ပီသမှန်ကန်ရမည်။ မှား၍ ရွတ်ဆိုမိလျှင် မရပါ။ သေချာ ကျနစွာ စီစဉ်ဆောင်ရွက်ရမည်။

မှန်ကန်စွာ စီရင်ပြီးသော ဉာဏ်တော်သုံးပါးစက်၏ အစွမ်းမှာ ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ ဓနသိဒ္ဓိတို့တွင် အလွန် သိသာထင်ရှား၏။ သီလနှင့် ပြည့်စုံသူ၊ ဘုရားတရားမြဲသူ တွေမှာ ယာဘက် လက်မောင်းတွင် မြှုပ်သော် ကာယတွင် အလွန်ချီးမွမ်းထိုက်၏။ အဟန့် အတားအဆီး အပေါ့အပါးမှာ အထူးပြောဖွယ်ရာ မရှိပါ။ ဗားမဲ့ဆရာတော်ဘုရားကြီးမှာ အနောက်ဘက် သာလွန်မင်းတရားကြီးကို စီရင်ပေးဖူး ကြောင်း စာပေဟောင်းများတွင် ရေးသာသည်ကို တွေ့ မြင်ရ၏။

သို့ပါ၍ မည်သည့်အဆောင်၊ အင်း၊ လက်ဖွဲ့ဟူသမျှ အား ရေးသားရမည့် ရွှေပြား၊ ကြေးပြား၊ ကမ္မဝါတို့တွင် စနစ်တကျ စီရင်ဆောင်ရွက်ရမည့် ဂဏန်းအက္ခရာများ သွတ်သွင်းရေးသားရာတွင်လည်း ဟိန်းဆိုရမည့် မန္တန်အတိုင်း ပီသစွာ ရွတ်ဆိုရမည်ဖြစ်ပြီး၊ ကိုင်ဆောင်ထားသူမှာလည်း အကျင့်သီလ၊ သမာဓိ၊ သစ္စာ မြဲမြံမှသာ အဆောင်လက်ဖွဲ့ ၏ အစွမ်းသတ္တိကို ရရှိပေလိမ့်မည်ဖြစ်၍၊ ဤဉာဏ်တော် သုံးပါးစက်စီရင်နည်းကို အမျိုးသားကောင်း၊ အမျိုးသမီးကောင်း များ၊ ပညာလိုသူ ဗဟုသုတရာမီးသူများအတွက် သိရှိကြ စေရန် ဤဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းကြီးမှ တင်ပြလိုက်ပါ တယ် ■

စာဖတ်သူများ စိတ်ချမ်းသာနိုင်ကြပါစေ···

* * *

ဇော့မြေထွန်းထွန်း


# ဆရာဦးပိုင်ဇအောင် (ဝိဇ္ဇာဘွဲ့)

## (လက္ခဏာဗေဒင်ဟောခန်း)

▶ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းနှင့် ဟိုတယ်လုပ်ငန်းအမျိုးမျိုးမှာ ပြည်တွင်း ပြည်ပတို့မှ ဧည့်သည်များများလာပြီး ငွေဝင်ကောင်း၍ ကြီးပွားတိုးတက်စေဖို့၊ ▶ အနုပညာဆိုင်ရာ လုပ်ငန်းအမျိုးမျိုးမှာ နာမည်ကျော်ကြား ငွေဝင်များစေဖို့၊ ▶ ဆိုင်လုပ်ငန်းအမျိုးမျိုးမှာ လူဝင်များ ရောင်းအားကောင်းလာဖို့၊ ▶ ဆေးကုသမှုလုပ်ငန်းများမှာ ဆေးစွမ်းထက်မြက် နာမည်တက်စေဖို့၊ ▶ မမျှော်လင့်ဘဲ စီးပွားပျက်ခဲ့ရသူများအတွက် စီးပွားအမြန်ဆုံး ပြန်တက်လာစေဖို့၊ ▶ စီးပွားရေး အတွက် အကူအညီတောင်းတာ အဆင်ပြေစွာ အမြန်ဆုံးရရှိဖို့၊ ▶ ငွေကြေးအကျပ်အတည်းမှ အမြန်ဆုံး ရုန်းထွက် လွတ်မြောက်နိုင်စေဖို့၊ ▶ ယခုကြုံတွေ့နေရသော အခက်အခဲများကို အမြန်ဆုံး ကျော်လွှားနိုင်ဖို့၊ ▶ အာမခံနှင့် လျော်ကြေးကိစ္စများ မှန်မှန်နှင့် မြန်မြန် ပြန်လည်ရရှိစေဖို့၊ ▶ ပြည်ပနှင့် ဆက်သွယ်လုပ်ကိုင်ရသော လုပ်ငန်းအမျိုးမျိုး မှာ အနှောင့်အယှက်ကင်းပြီး အဆင်ပြေပြေနှင့် အောင်မြင်ကံကောင်းနေစေဖို့၊ ▶ ဘယ်မှာနေနေ အယှဉ်အပြိုင် နည်းပြီး ဘာပဲလုပ်လုပ် အခက်အခဲမရှိဘဲ အမြန်အောင်မြင်နိုင်စေဖို့။

ဟောခန်းအမှတ် – အခန်း(B-1)၊ မြေညီထပ်၊ တိုက်(၄၀)၊ မဟာမြိုင်အိမ်ရာထိပ်၊ (မဟာရန်ကုန်ဆိုင်သစ်ကြီးအနီး)၊ ဦးဝိစာရလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

☎ - ၀၉ ၇၃၁ ၄၇၀၂၄၊ ၀၉ ၅၀ ၉၃၈၉၁




www.burmeseclassic.com

www.burmeseclassic.com

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ )

# ၁၂-ရာသီခွင်နှင့် သင့်ကံတရား

တက္ကသိုလ် စိုးမိုး

## မိဿရာသီ



ARIES

( မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း )

ရည်ရွယ်ချက်သစ်၊ ဆန္ဒသစ်တို့ကို အောင်မြင်စွာ အကောင်အထည်ဖော်ခွင့်ရရှိမည်။ ဆန်းသစ်တီထွင်မှုနှင့် အထူးပင် အကျိုးပေးကောင်း၏။ ယခုကာလမှာ မိတ်ဆွေသစ်ကို သတိပြုသင့်သည်။ အပေါင်းအသင်းကို ရွေးချယ်ဆက်ဆံသင့်ချိန်ဖြစ်၏။ မိသားစုအတွင်းမှ မွေးနံ့တူတစ်ဦးကြောင့် လာဘ်ရွှင်မည်။ စက်ပစ္စည်းအတွက် စကားပြောဆိုမှုများ အဆင်ပြေမည်။ နိုင်ငံရပ်ခြား ရပ်ဝေးခရီးကိစ္စမှာ အထစ်အငေါ့ အနည်းငယ် ကြုံရတတ်သည်။ ပညာရေး ကောင်းနေချိန်ဖြစ်သည်။ အချစ်ရေးကိစ္စကို လေးနက်စွာ တွေးခေါ်နေမည်။ ကျန်းမာရေးသင့်၏။

**ထီထိုးသင့်သောနေ့** - ဗုဒ္ဓဟူး၊ သောကြာ။
**ရွေးချယ်ရမည့်ဂဏန်း** - (၇)အစ (၁)အဆုံး၊ (၃)အစ (၆)အဆုံး။
**ယတြာ** - မွေးနေ့တွင် အိမ်ရှိဘုရားမှာ သီလခံယူပြီး အန္တရာယ်ကင်းပရိတ်ကြီး (၁၁)သုတ် ရွတ်ဖတ်ပူဇော်ပါ။

## ပြိဿရာသီ



TAURUS

( ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း )

အစိမ်းရင့်ရင့် သစ်တောတစ်ခုပမာ မြစိမ်းရောင်ဝေလျက် တည်ငြိမ်အေးဆေးမှု ရှိနေပါလိမ့်မည်။ အကြားအမြင် ဗဟုသုတများဖြင့် လူမှုရေးကွယ်ဝခြင်း ကြုံရတတ်၏။ မည်သည့်လုပ်ငန်းကိစ္စတွင်မဆို စိတ်ရှည်ရှည်ထားလျက် ရိုးသားစွာ လုပ်ကိုင်နေတတ်ချိန်ဖြစ်ပါသည်။ ဆန္ဒနှင့် ရည်ရွယ်ချက်များတစ်ထပ်တည်းကျချိန်ဖြစ်သောကြောင့် အဓိက ရည်ရွယ်ချက်ကို မေ့နေတတ်သည်။ လူကြီးမိဘတို့၏ အကြံပေးမှုကို လက်ခံညှိနှိုင်းပါ။ ရပ်ဝေးခရီးမထွက်သင့်။ ပြိုင်ဆိုင်သူတို့ကို နားလည်ခွင့်လွှတ်ခြင်း၊ မေတ္တာတရားထားသည်းခံခြင်း ပြုလုပ်ပါ။ ထီပေါက်ကိန်းရှိသည်။ ချစ်သူနှင့် ကံစမ်းကြည့်ပါ။ ကျန်းမာနေမည်။

**ထီထိုးသင့်သောနေ့** - တနင်္ဂနွေ၊ ဗုဒ္ဓဟူး။
**ရွေးချယ်ရမည့်ဂဏန်း** - (၁)အစ (၂)အဆုံး၊ (၃)အစ (၆)အဆုံး။
**ယတြာ** - မွေးနေ့တွင် တစ်နေ့တည်း ဘုရားသုံးဆူဖူးကာ ရွှေထီး (၃)လက်လှူပါ။

## မေထုန်ရာသီ



GEMINI

( မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း )

မိုးရိပ်မိုးငွေ့များ ကုန်ဆုံးလွန်မြောက်ပြီး နှင်းမြူအချို့ကို တွေ့ရှိရချိန်။ မျှော်လင့်ချက်ကြောင့် အစွမ်းအစ တောက်ပြောင်နေပါလိမ့်မည်။ ကံမြူးနေသော ကာလဖြစ်သောကြောင့် ယခုကာလမှာ လုပ်သမျှ ဟုတ်နေမည်။ အကြံအစည်သစ်များကို ရဲရဲသာ လုပ်ဆောင်လိုက်ပါ။ လုပ်ငန်းသစ်ကိစ္စမှာ အကြံတူသူ ရန်သူများ ရှိနေသော်လည်း သင်က ခြေတစ်လှမ်းအသာဖြင့် အနိုင်ယူခွင့်ရပေလိမ့်မည်။ ဒီးကျူးဂုဏ်သတင်း သံများကို ကြားခွင့်ရပေလိမ့်မည်။ ကတိသစ္စာတည်ကြည်သော ချစ်ခရီးဖော်နှင့် ဘဝခရီးကို ပြိုးပျော်ရွှင်စွာ လျှောက်လှမ်းခွင့်ရမည်။ ကျန်းမာရေးအတွက် တရားထိုင်ပါ။

**ထီထိုးသင့်သောနေ့** - အင်္ဂါ၊ ဗုဒ္ဓဟူး။
**ရွေးချယ်ရမည့်ဂဏန်း** - (၃)အစ (၉)အဆုံး၊ (၄)အစ (၁)အဆုံး။
**ယတြာ** - သီလရှင်များကို ဆန်၊ ဆီ၊ ဆေးနှင့် ငွေကြေးလှူဒါန်းကာ ဒါနကောင်းမှု ပြုပါ။



www.burmeseclassic.com

www.burmeseclassic.com

## ကရကဋ်ရာသီ



CANCER

( ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၁) ရက်အတွင်း )

အပူရှိန်ပြင်းသော နေလုံးနီကြီးသည် ပင်လယ်ရေအောက်သို့ ငုပ်လျှိုးဝင်ရောက်သွားပါပြီ။ နေကွယ်လျှင် လထွက်ပါလိမ့်မည်။ အေးမြသော လပြည့်ဝန်းကို မကြာခင်ကာလမှာ သင် ကြုံတွေ့ရပါလိမ့်မည်။ ကြည်နူးဖွယ်၊ သာယာဖွယ်ကောင်းသော မိသားစုဘဝလေးကို တည်ဆောက်ခွင့် ရရှိပါလိမ့်မည်။ သင်သည် နူးညံ့သိမ်မွေ့ စိတ်ရှည်ကာ အကောင်းမြင်၊ အပြုတွေးနေပါလိမ့်မည်။ အင်္ဂါနံပစ္စည်းက သင့်ကို ရေရှည် အကျိုးပြုပါလိမ့်မည်။ ငွေကြေးပူပင်သောက ကင်းဝေးနေမည်။ အချစ်ရေး စိတ်အေးရမည်။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာနေမည်။

ဆီးထိုးသင့်သောနေ့ - ဗုဒ္ဓဟူး၊ ကြာသပတေး။
ရွေးချယ်ရမည့်ဂဏန်း - (၅)အစ (၂)အဆုံး၊ (၁)အစ (၇)အဆုံး။
ယတြာ - ကိုယ်ဝန်ဆောင်တစ်ဦးကို သစ်သီးနှင့် ငွေကြေး ဒါနပြုပါ။

## သိဟ်ရာသီ



LEO

( ဇူလိုင်လ (၂၂) ရက်မှ ဩဂုတ်လ (၂၁) ရက်အတွင်း )

စိတ်ဝင်စားစရာ၊ စိတ်လှုပ်ရှားစရာ စွန့်စွန့်စားစား ပြောင်းလဲမှုတို့နှင့် ကြုံတွေ့ရတတ်သည်။ သင်သည် ကံကြမ္မာကို ပျော်ပျော်ရွှင်ရွှင် ရင်ဆိုင်တတ်သော စရိုက်သဘာဝ ရှိနေပါလိမ့်မည်။ စီးပွားရေးတွင် အပျင်းမဖက် ပညာစွက်၍ လုပ်ကိုင်ဆောင်ရွက်မှုကြောင့် ဘဝအဆင့်အတန်း တိုးတက်ထည်ဝါသွားပါလိမ့်မည်။ တိကျလွန်းသော အသိဉာဏ်ကို အသုံးချတတ်မှုကြောင့် အတိတ်က မအောင်မြင်ခဲ့သော ကိစ္စရပ်တို့ အောင်မြင်ပါလိမ့်မည်။ အိမ်၊ ခြံ၊ မြေ ကိစ္စရပ်တို့ အဆင်ပြေမည်။ နုနယ်လွန်းသော နှလုံးသားကြေးမုံပြင်မှာ အချစ်ပုံရိပ် ထင်ဟပ်လာမည်။ ကျန်းမာရေးအတွက် စိတ်လေးနေရမည်။

ဆီထိုးသင့်သောနေ့ - ကြာသပတေး၊ စနေ။
ရွေးချယ်ရမည့်ဂဏန်း - (၂)အစ (၇)အဆုံး၊ (၉)အစ (၃)အဆုံး။
ယတြာ - ဂုဏ်တော်ကိုးပါးကို သတိရတိုင်း မကြာခဏ ရွတ်ဆိုပါ။ ကူညီသင့်၊ ကူညီထိုက်သူကို တတ်နိုင်သရွေ့ ကူညီပါ။

## ကန်ရာသီ



VIRGO

( ဩဂုတ်လ (၂၂) ရက်မှ စက်တင်ဘာလ (၂၂) ရက်အတွင်း )

လပြည့်ညမှာ လမင်းထွန်းလင်းမှုကို အမှတ်တမဲ့ နေခဲ့ရာမှ လကွယ်ညတွင် လမင်းကို တမ်းတမ်းတတ ရှာဖွေမှုမျိုးကို ကြုံတွေ့ရတတ်ပါသည်။ မည်သည့်အရာ၊ မည်သည့်ကိစ္စမှာမဆို လူကြီးမိဘ၊ အကြီးအကဲ၊ အကြံကောင်း ဉာဏ်ကောင်းရှိသူတို့နှင့် ညှိနှိုင်းတိုင်ပင် ဆောင်ရွက်ရပါလိမ့်မည်။ ဦးတည်ချက်မှန်ပြီး လုပ်ဆောင်မှုကောင်းမှသာ အောင်မြင်မှု တိုးတက်မှု ကြုံရပါလိမ့်မည်။ ငွေကြေးဥစ္စာပစ္စည်းအပေါ် ဝင်ငွေ၊ ထွက်ငွေ မျှတစွာ သုံးစွဲသင့်၏။ အချစ်ရေးမှာ အရွေးရခက်စရာ လမ်းနှစ်သွယ်ပေါ်မည်။ ကျန်းမာရေး ကျဆင်းတတ်သည်။

ဆီထိုးသင့်သောနေ့ - အင်္ဂါ၊ စနေ။
ရွေးချယ်ရမည့်ဂဏန်း - (၇)အစ (၄)အဆုံး၊ (၅)အစ (၈)အဆုံး။
ယတြာ - မွေးနေ့မှာ သီလခံယူပြီး သမ္ဗုဒ္ဓေဂါထာကို သက်စေ့ရွတ်ဆိုပါ။


www.burmeseclassic.com

www.burmeseclassic.com

## တူရာသီ



LIBRA

( စက်တင်ဘာလ (၂၃) ရက်မှ အောက်တိုဘာလ (၂၂) ရက်အတွင်း )

ဘဝအခြေအနေတိုးတက် ကောင်းမွန်ပြီး စီးပွားတိုးတက်မှု ကြုံရပါလိမ့်မည်။ အကောင်းဆုံး ဖြ
စေရန် ကြိုးစားလိုစိတ်က အမြဲတမ်း ရှင်သန်နေတတ်သည်။ မိသားစု သာယာချမ်းမြေ့မှု ကြုံရစေ
နွေးနွေးထွေးထွေး၊ ကြင်ကြင်နာနာ ပြောဆိုဆက်ဆံသင့်၏။ ယခုကာလအတွင်း ကြံသမျှ အဆင်
စေရန် အပြာရောင်၊ အဝါရောင်တို့ကို ဆောင်ပါ။ ရပ်ဝေး၊ ပြည်ပခရီးသင့်၏။ အချစ်ရေးမှာ န
သားနှင့် ဦးနှောက် လွှန်ဆွဲရမည့် အချစ်ရေးအနေအထားနှင့် ကြုံမည်။ ကျန်းမာစေရန် မိမိစိတ်
သင့်တင့်မျှတစွာ နလုံးသွင်းပါ။

**ထီထိုးသင့်သောနေ့** - တနင်္လာ၊ စနေ။
**ရွေးချယ်ရမည့်ဂဏန်း** - (၂)အစ (၈)အဆုံး၊ (၇)အစ (၇)အဆုံး။
**ယတြာ** - လူကြီးမိဘများ၏ ဝေယျာဝစ္စ ပိုမိုပြုလုပ်ခြင်းဖြင့် ကုသိုလ်ယူပါ။

## ဗြိစ္ဆာရာသီ



SCORPIS

( အောက်တိုဘာလ (၂၃) ရက်မှ နိုဝင်ဘာလ (၂၂) ရက်အတွင်း )

စူးရှထက်မြက်ခြင်း၊ ဖျတ်လတ်သွက်လက်ခြင်းကြောင့် အောင်ပွဲရတတ်၏။ စီးပွားဥစ္စာတိုးတက်
ပါ။ မိသားစုနှင့်အတူ ရပ်ဝေးပြည်ပခရီးသွားရတတ်သည်။ စီးပွားရေးအတွက် နောက်ထပ် ခြေ
သစ် လုပ်မည့်ကိစ္စကို သေချာစွာ အမှားအယွင်းအချို့ ကြုံရတတ်သည်။ အမှားတစ်ခုကို နှစ်ခ
သင့်ကြောင်း ဆင်ခြင်သုံးသပ်ပါ။ စာချုပ်ချုပ်ဆိုမှု၊ လက်မှတ်ရေးထိုးမှု ကိစ္စရပ်တို့တွင် ပို၍ဂရု
ပါ။ အချစ်ရေးမှာ အလန်းလွှန် အလွှန်လန်းသောသူလေးနှင့် ဖူးစာဆုံ ရန်ခုန်ရမည်။ ကျန်းမာ
ဒေါင်ဒေါင်မြည်မည်။

**ထီထိုးသင့်သောနေ့** - အင်္ဂါ၊ ကြာသပတေး။
**ရွေးချယ်ရမည့်ဂဏန်း** - (၄)အစ (၁)အဆုံး၊ (၂)အစ (၁)အဆုံး။
**ယတြာ** - မွေးနေ့မှာ အိမ်ရှိဘုရားတွင် သီလခံယူပြီး လက်ဖက်နှင့် ရွက်လှ လှူဒါန်းပါ။

## ဓနုရာသီ



SAGITTARIUS

( နိုဝင်ဘာလ (၂၃) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း )

စွန့်စားမှုမပါသော မည်သည့်ကိစ္စကမှ သင့်ကို မဆွဲဆောင်နိုင်ပါ။ လေ့လာအကဲခတ်မှု စွမ်း
အလွှန်ထက်သန်နေ၏။ ဉာဏ်အလွှန်ကောင်းသူတစ်ဦးဖြစ်၍ ယခုလကဲ့သို့ ကံကောင်းနေ
ပိုမိုကြီးပွားတိုးတက်လိမ့်မည်။ လုပ်ငန်းရည်ရွယ်ချက်တိုင်း အောင်မြင်ဖွံ့ဖြိုးမှာ အသေအချာ
အားလုံး စင်းလုံးချောချည်း ကြုံတွေ့နေရပါလိမ့်မည်။ လတ်တလော ဆောင်ရွက်နေသော ကိ
အတွက် ကိုယ့်ဒူးကိုယ်ချွန် ကြိုးစားရတတ်သည်။ အချစ်ရေး ကောင်းမွန်နေသော်လည်း ဘ
လက်တွဲရန် အချိန်ယူ လေ့လာသင့်၏။ ကျန်းမာရေးအတွက် ရသာခြောက်ပါးကို သင့်တင့်မျှ
စားသုံးသင့်၏။

**ထီထိုးသင့်သောနေ့** - တနင်္ဂနွေ၊ စနေ။
**ရွေးချယ်ရမည့်ဂဏန်း** - (၉)အစ (၆)အဆုံး၊ (၉)အစ (၃)အဆုံး။
**ယတြာ** - မွေးနေ့တွင် တန်ခိုးကြီးဘုရားတစ်ဆူသို့ သွားပြီး တံခွန်၊ ကုက္ကားနှင့် အောင်သ



www.burmeseclassic.com

www.burmeseclassic.com

### မကာရရာသီ



CAPRICORN

( ဒီဇင်ဘာလ (၂၁) ရက်မှ ဇန်နဝါရီလ (၁၉) ရက်အတွင်း )

ရုပ်သေးရုပ်ပမာ ကံတရား၏ ကြိုးဆွဲရာအတိုင်း မကတတ်ပါ။ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးလိုစိတ် ရှိနေမည်။ အခြေအနေအရပ်ရပ်က အပြောင်းအလဲကို ဖန်လာလိမ့်မည်။ ကြံစည်တွေးတောမှု၊ စိတ်ကူးသစ်များနှင့် တီထွင်လုပ်ကိုင်၍ အောင်မြင်မှု ကြုံမည်။ စိတ်ကူးတစ်ခု၊ အကြံကောင်းတစ်ခု ရရှိတတ်သည်။ ရုံးဌာန၊ အိမ်နေရာပြောင်းရွှေ့ခြင်း ကြုံမည်။ အလွန်ခင်မင်ရင်းနှီးထားသူတစ်ဦးနှင့် အဆင်မပြေဖြစ်လျက် လမ်းခွဲရတတ်ပါသည်။ အချစ်ကြောင့် ဘဝအခြေအနေမြင့်မားမှု ကြုံရတတ်ပါသည်။ ကျန်းမာရေးအတွက် ကြေခဲသောအစာကို ရှောင်ပါ။

ထီထိုးသင့်သောနေ့ - ဗုဒ္ဓဟူး၊ စနေ။
ရွေးချယ်ရမည့်ဂဏန်း - (၂)အစ (၄)အဆုံး၊ (၂)အစ (၇)အဆုံး။
ယတြာ - ဘုရားမှာ ပန်း၊ ရေချမ်း၊ ဆွမ်းနှင့် အဝါရောင်ပန်းများ ကပ်လှူပူဇော်ပါ။

### ကုမ်ရာသီ



AQUARIUS

( ဇန်နဝါရီလ (၂၀) ရက်မှ ဖေဖော်ဝါရီလ (၁၈) ရက်အတွင်း )

လသာခိုက် ဗိုင်းငင်ပါ။ ယနေ့လုပ်ရမည့်အလုပ်ကို မနက်ဖြန်သို့ မရွှေ့ပါနှင့်။ လောကတွင် မည်သည့်အရာမှ သူ့အလိုလိုဖြစ်မလာတတ်ကြောင်း သတိရှိရမည့် အချိန်မျိုးပါ။ အချိန်ကို အကျိုးရှိရှိ အသုံးချကြည့်လိုက်ပါ။ လုံ့လ ဝီရိယရှိလေလေ အောင်မြင်လေလေ ကြုံပါလိမ့်မည်။ သင့်အိမ်အနီးမှာ အလှူမင်္ဂလာပွဲလမ်းသဘင်ရှိလျှင် စီးပွားဥစ္စာတိုးတက်မှု ကြုံရပါလိမ့်မည်။ လက်ရှိ အခြေအနေထက် ပိုမိုမြင့်မားတိုးတက်မှု ထူးထူးခြားခြား ကြုံရပါလိမ့်မည်။ ချစ်သူချောနှင့် ခရီးသွားရတတ်သည်။ ခရီးသွားပြီး ကျန်းမာနေမည်။

ထီထိုးသင့်သောနေ့ - သောကြာ၊ စနေ။
ရွေးချယ်ရမည့်ဂဏန်း - (၈)အစ (၂)အဆုံး၊ (၃)အစ (၉)အဆုံး။
ယတြာ - ကျောင်းသားများကို စာအုပ်နှင့် စာရေးကိရိယာများ ပေးလှူကာ ဒါနပြုပါ။

### မိန်ရာသီ



PISCES

( ဖေဖော်ဝါရီလ (၁၉) ရက်မှ မတ်လ (၂၀) ရက်အတွင်း )

အပြေးအလွှန်သန်သော ယုန်ပင်ဖြစ်သော်လည်း တစ်ခါတစ်ရံမှာ အလွန်နှေးသော လိပ်ကိုပင် လက်မြှောက် အရှုံးပေးရတတ်သည်။ ကြိုတင်တွက်ဆမထားသော ဆုံးရှုံးမှု ကြုံရတတ်သည်။ မိမိကိစ္စမဟုတ်သော အလုပ်ပို၊ ကိစ္စပိုများကို လုပ်ဆောင်ရတတ်သည်။ လုပ်ငန်းသစ်ကိစ္စကို အထူးပင် ချင့်ချိန်ရန် လိုအပ်၏။ အချစ်ရေးအနေဖြင့် ရင်မှာ ဖြစ်ထွန်းလာသော အချစ်ပန်းငုံကလေးက လေအဝှေ့မှာ ကြွေလွင့်သွားရတတ်သည်။ ကျန်းမာစေရန် ရာသီဥတုနှင့်အညီ ဝတ်စားနေထိုင်သင့်သည်။

ထီထိုးသင့်သောနေ့ - တနင်္လာ၊ ဗုဒ္ဓဟူး။
ရွေးချယ်ရမည့်ဂဏန်း - (၉)အစ (၃)အဆုံး၊ (၈)အစ (၅)အဆုံး။
ယတြာ - ခင်မင်ရင်းနှီးသူ မိတ်ဆွေများကို ကြာဆံချက်ကျွေးမွေးဒါနပြုပါ။

*****



www.burmeseclassic.com

www.burmeseclassic.com

နတ်မောက် မှတ်ကျောက်

# ဆံပင် နက်မှောင်သန့်စွမ်း ဖောက်ကင်းစေသည့် ခေါင်းလိမ်း အုန်းဆီ ပြုလုပ်နည်း

"မိန်းမတို့ဘုန်း ဆံထုံး၊ ယောကျ်ားတို့ဘုန်း လက်ရုံး"

"ပိတုန်းရောင် ကေသာ"

"ဆံကိုလည်း မယုဉ်နဲ့၊ --------ကိုလည်း မယှဉ်နဲ့"

"ဆံတောက်ဖားဖား"

"ဆံထုံးတော်ကြီး တမာသီး"

စသည် ··စသည်ဖြင့် ဆံပင် ဆံကေသာနှင့် ပတ်သက်သော စကားအသုံး၊ စကားပုံတွေ များစွာ များစွာရှိနေပါသည်။

လူတိုင်း လူတိုင်းပင် မိမိတို့ ဦးခေါင်းထက်မှ ဆံပင်ကို နက်မှောင်သန့်စွမ်း ပျော့ပျောင်းနူးညံ့၍ ဖောက်၊ သန်းကင်းရှင်းချင်ကြပါသည်။ လူတို့၏ ကျက်သရေကို အထူးဆောင်သော ဆံပင်လည်း ဖြစ်ပါသည်။

သို့အတွက် ဆံပင်နက်မှောင်သန့်စွမ်း၍ ဖောက်၊ သန်းကင်းစေသည့် ခေါင်းလိမ်း အုန်းဆီ စီရင်ရန်မှာ···

* အုန်းဆီစစ်စစ်(စားအုန်းဆီမဟုတ်ပါ) တစ်ဆယ်သားတွင် ပဲနံ့သာစေ့ ဟင်းသောက်ဇွန်းတစ်ဇွန်း၊ ဖန်ခါးစေ့ ခုနစ်စေ့မှ ကိုးစေ့ ထည့်စိမ်ထားပြီး ဆံကေသာကို လိမ်းပေးပါ။

* ခေါင်းလျှော်လျှင် မြန်မာ့ရိုးရာ တလျော်ကင်ပွန်း[...]သာ လျှော်ပါ။ ခေတ်ပေါ် ဓာတုခေါင်းလျှော်ရည်များ [...]သင့်ပါ။ ရှောင်ပါ။

* အုန်း၊ ဆီ၊ ဘီးခေါ် နေ့သုံးဖော်၊ ဆီနော် မယ်[...] ဟု ဆိုရသည်။ တနင်္ဂနွေနေ့၊ အင်္ဂါနေ့၊ ကြာသပတေးနေ့[...] တွင် ဦးခေါင်း၌ ဆီမလိမ်းရပါ။ ကျက်သရေယုတ်[...] တတ်သည်ဟု ရှေးလူကြီးသူမတို့ ဆိုရိုးပြုခဲ့ပါသည်။ [...] နေ့များဖြစ်သော စနေ၊ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့[...] တွင် လိမ်းခြင်းဖြင့် ကျက်သရေမင်္ဂလာတိုးစေပါသည်။

ရှေးထုံးလည်း မပယ်နဲ့ဟူသည့်အတိုင်း ရှေးရိုးစဉ်[...] နမူနာကောင်းကို တိမ်မြှုပ်ပျောက်ကွယ်မှု မဖြစ်ရလေအော[...] တင်ပြခြင်း ဖြစ်ပါသည်။

* * *

နတ်မောက်မှတ်ကျော[...]



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၁၇၁၇ ခု ဧပြီလ တစ်ညနေခင်း။

နေရာမှာ ဂလောက်စတာရှိုင်းယားပြည်နယ်၊ အယ်(လ်)မွန်ဆာဘရီမြို့။

ထိုညနေတွင် အသက် ၂၀ အရွယ် လှပသော မိန်းကလေး တစ်ယောက်သည် မြို့ထဲသို့ ရောက်လာခဲ့၏။

မိန်းကလေးမှာ ဆာလောင်မွတ်သိပ်နေပြီး ပိုက်ဆံလည်း တစ်ပြားမျှ မရှိပေ။ သူမ ပြောသော စကားကို မည်သူမှ နားမလည်ပေ။ သူမမှာ ထိုမြို့တွင် အသိရှိပုံ မရပေ။

သနားကြင်နာတတ်သော တရားသူကြီး မစ္စတာ ဝေါရယ်က သူမအား သူ့အိမ်သို့ ခေါ်သွား၏။ သူတို့ ဇနီးမောင်နှံသည် မိန်းကလေးအား သူမ ဘယ်က လာသည်၊ သူမ ဘယ်သူဖြစ်သည်ကို မေးရန် ကြိုးစားကြ၏။ သို့သော် မိန်းကလေးက "ကာရာဘူး"ဆိုသော စကားလုံးကိုသာ ထပ်တလဲလဲ ပြောနေ၏။ ကာရာဘူးသည် သူမ နာမည်လားဟု အမူအရာဖြင့် မေးသော အခါ ခေါင်းညိတ်ပြ၏။

မိန်းကလေးမှာ အရှေ့တိုင်းသူ ရုပ်ရည်ရှိပြီး အစားအစာကို သူမဘာသာ ပြင်ဆင်စားသောက်၏။ ကြမ်းပေါ်မှာ အိပ်၏။

ရက်သတ္တပတ်အကြာတွင် "ဆီညော်မင်နရယ်အင်နက်ဆို"အမည်ရှိ ပေါ်တူဂီလူမျိုးတစ်ယောက် ရောက်လာခဲ့၏။ ထိုလူသည် အရှေ့တိုင်းတွင် အတော်ကြာ နေထိုင်ခဲ့ဖူး၏။ ထိုလူသည် ကာရာဘူးနှင့် လာတွေ့ပြီး အချိန်အတော်ကြာအောင် နှစ်ယောက်တည်း စကားပြောကြ၏။

ထို့နောက် ပေါ်တူဂီလူမျိုးက သူသည် အမျိုးသမီး၏ စကားကို နားလည်ကြောင်း ပြောပြ၏။ ကာရာဘူး အပါအဝင် အားလုံးပင် အံ့သြသွားကြ၏။ ကာရာဘူးသည် သူမ ပြောသည့် စကားကိုပင် သူမ နားမလည်ပေ။

စကားပြန် ပေါ်တူဂီက ဤသို့ ပြောပြ၏။

မစ္စတာ ကာရာဘူးသည် ဆူမာတြာကျွန်းအနီး "ဂျာဗာဆု"အမည်ရှိ ကျွန်းမှ မင်းသမီးဖြစ်ကြောင်း၊ ဘူဂိုး(စ်) ခေါ် လူသားစား လူရိုင်းများနှင့် စစ်ဖြစ်သဖြင့် သူမမိခင် သေဆုံးခဲ့၏။ သူမအား မလေးပင်လယ်ဓားပြများက ဖမ်းဆီး၍ ကျွန်အဖြစ် ရောင်းစားခဲ့၏။ သူမကို ခေါ်ဆောင်သွားသော သင်္ဘောသည် အာဖရိကတောင်ပိုင်း ဆိပ်ကမ်းမြို့တစ်မြို့ကို သွားခဲ့၏။ ထို့နောက် ဥရောပတိုက်သို့ ရှေ့ရှုထွက်လာခဲ့၏။ လေမုန်တိုင်း တိုက်ခိုက်နေချိန်တွင် သင်္ဘောပေါ်မှ ခုန်ချထွက်ပြေးလာခဲ့၏။ ကမ်းသို့ ရေကူးလာပြီးနောက် တောထဲတွင် ရက်သတ္တပတ်ပေါင်းများစွာ လှည့်လည်သွားလာနေပြီးနောက် ရွာထဲသို့ ဝင်လာခြင်းဖြစ်၏။

ပေါ်တူဂီ စကားပြန်၏ စကားကြောင့် အားလုံး အံ့သြသွားကြ၏။ နိုင်ငံတစ်ဝှမ်းလုံးမှ လူအများသည် ထူးဆန်းသော မင်းသမီးကို ကြည့်ကြ၏။ သူမသည် ခြေတစ်ဖက်ကို လေထဲသို့ မြှောက်၍ ထူးဆန်းသော အကကို ကပြ၏။ ထူးဆန်းသော ဘာသာစကားကို ပြော၏။

◈◈◈

သို့သော် ဤအရာအားလုံးမှာ လိမ်ညာမှုသာ ဖြစ်၏။ ဒေဗီမြို့မှ ဖိနပ်ချုပ်သမား၏ သမီးဖြစ်သော သူမမှာ "မေရီဘက်ကာ"ဖြစ်သည်။ သူမသည် ဆင်းရဲသော ဘဝမှ လွတ်မြောက်၍ ကြွယ်ဝချမ်းသာစွာ နေရန် အမြဲ… လင့်ခဲ့၏။ သူမသည် ပေါ်တူဂီလူမျိုး… သူမ၏ လိမ်ညာမှုတွင် ပါဝင်ရန် … ဆောင်ခဲ့၏။

သို့သော် ကာရာဘူး မင်းသမီး… ကျော်ကြားမှုမှာ ကြာရှည်စွာ မခံခဲ့…

ဘရစ္စတိုမြို့မှ "မစ္စက်နီးရာလ်" အမည်ရှိ အမျိုးသမီးသည် ကာရာဘူး မင်းသမီး၏ အကြောင်းကို သတင်း… တွင် ဖတ်ခဲ့ရ၏။

မင်းသမီး၏ ပုံသဏ္ဍာန်သည် သူမနှင့်အတူ အခန်းငှားနေခဲ့သော မိန်းကလေးတစ်ယောက်နှင့် တူ… ကြောင်း သူမက ပြောပြ၏။ မစ္စက်… နီးရာလ်အား ကာရာဘူးမင်းသမီးနှင့် … ပေးခဲ့၏။

မစ္စက်နီးရာလ်သည် မေရီအား… ချက်ချင်းမှတ်မိခဲ့၏။ ထို့ကြောင့် မေ… မှာ အမှန်အတိုင်းဝန်ခံရတော့၏။ သူ… ၏ ဆင်းရဲသော နောက်ကြော… ရာဇဝင်နှင့် မိဘများက စွန့်ပစ်သ… တော်ပြတ်မွဲတေစွာ နေခဲ့ရပုံကို သိသော… အခါ အားလုံးက သနားကြပြန်… အမေရိကားသို့ ပြန်ရန် ခရီးစရိတ်ပေး… ကြ၏။

◈◈◈

အမေရိကန်ပြည်ထောင်စုတွ… ဤကဲ့သို့ လိမ်ညာလှည့်ဖြားမှု လုပ်… အခွင့်မသာပေ။

နောက် ၇နှစ်အကြာတွင် ဘရ… တိုသို့ ပြန်လာခဲ့ပြီး ကာရာဘူးမင်းသ… ကဲ့သို့ ဝတ်ဆင်၍ ပြပွဲလုပ်ခဲ့… တစ်ကြိမ်ကြည့်လျှင် တစ်သျှိလင်… ရ၏။ ထိုလုပ်ငန်း မအောင်မြင်သဖြ… သူမဘဝ နောက်ပိုင်းနေ့များတွင် အ… ပြည့်စုပ်သော မျှော့များကို ရောင်း… ခြင်းဖြင့် အသက်မွေးခဲ့ရလေသည်။

* * *

ဘာနှင်း(မြန်မာ…)

www.burmeseclassic.com

www.burmeseclassic.com

# အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ၏

# ဘဝကံကြမ္မာ

တင်နိုင်တိုး



အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ၏ ဘဝကံကြမ္မာကား ထူးခြားလှပေသည်။ သခင်မြသည် လူချစ်လူခင်များသူဖြစ်သည်။ သူ၏ ဘဝတွင်လည်း ရန်သူဟူ၍ မတွေ့ရသလောက်ဖြစ်သည်။ သခင်မြသည် သူ၏ဘဝတွင် သုံးကြိမ်ထက်မနည်း အသက်ဘေးမှ သီသီကလေး လွတ်မြောက်ခဲ့ရဖူးကြောင်း သိရှိရပါသည်။

သခင်မြသည် ပင်ကိုယ်စိတ်ရင်းကောင်းသူ၊ ရိုးသားသူ တစ်ဦးဖြစ်သည်။ မည်သည့်အခါမျှ ကိုယ်ကျိုးအတွက် မကြည့်ခဲ့ပေ။ သို့ကြောင့်လည်း အသက်ဘေးမှ လ



www.burmeseclassic.com

www.burmeseclassic.com

မြောက်ခဲ့ရခြင်းဖြစ်ဟန် တူပါသည်။ သခင်မြအတွက် ပထမဆုံး အမှတ်ထင်ထင်ဖြစ်ခဲ့ရသည့် အတွေ့အကြုံမှာ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖြစ်ပါသည်။ တို့ဗမာအစည်းအရုံးအား မတရားအသင်းအဖြစ် ကြေညာလိုက်ပြီးနောက် ခေါင်းဆောင်ဖြစ်သည့် သခင်မြလည်း တိမ်းရှောင်ခဲ့ရသည်။ ထိုစဉ်အတွင်း တိုင်းပြည်မှာလည်း ဖရိုဖရဲဖြစ်လျက်ရှိနေ၏။

ဗမာလွတ်လပ်ရေး တပ်မတော်မှာလည်း ဝင်ရောက်လာတော့မည်ဖြစ်ရာ မူလအစီအစဉ်အတိုင်း သခင်မြက မြန်မာပြည် ယာယီအစိုးရအဖွဲ့ကို ဦးဆောင်ရန် တနင်္သာရီဒေသသို့ လျှို့ဝှက် စွန့်စားစွာဖြင့် သွားရောက်ရမည်ဖြစ်၏။ စစ်ကြေညာလိုက်ပြီသဖြင့်လည်း ရန်ကုန်၊ မော်လမြိုင်၊ ထားဝယ်တစ်လျှောက် ဗုံးများ အဆက်မပြတ် ကြဲချနေသည်။ တောကြောင် လူဆိုးများကလည်း ထကြွသောင်းကျန်းနေကြသည်။

ရေး၊ ကန်ဘောက်ဒေသသို့ ရောက်ရှိစဉ် ယင်းဒေသ၏ တော်လှန်ရေးတာဝန်ခံ သခင် သင်းကြူအား လူဆိုးများက လုပ်ကြံပြီးချိန်ဖြစ်သည်။ လူဆိုးများက သခင်မြကို ဖမ်းဆီးလိုက်ပြီး ရှိသမျှ လက်နက်၊ ရိက္ခာ၊ ငွေ[illegible]ကောင်းတို့ဖြင့် လာရွေးရန် တောင်းဆိုခဲ့သည်။ မပေးလျှင် သခင်မြနှင့် သခင် သင်းကြူ၏ ဦးလေးကျားကြီး ဦးဘငြိမ်းတို့အား သတ်ပစ်မည်ဟု ရာဇသံပို့ခဲ့သည်။ တော်လှန်ရေးဆက်လက်လုပ်ကိုင်မည့်သူများ ခေါင်းခဲသွားကြသည်။ ခေါင်းဆောင်ကြီး သခင်မြ အသက်တဲတဲမျှသာ ရှိတော့၏။

ထိုစဉ် ထားဝယ်ကို ဗိုလ်လက်ျာ၏ ဘီအိုင်အေက သိမ်းပိုက်လိုက်ပြီးဖြစ်ရာ ချက်ချင်း ဆက်သား စေလွှတ်သတင်းပို့၏။ သို့ဖြင့် ဘီအိုင်အေများက လူဆိုးများရှိရာ သဲချောင်းရွာကို ဝိုင်းထားကြသည်။ လူဆိုးများကလည်း နေမထူး သေမထူးဖြစ်နေ၍ သခင်မြကို ပစ်သတ်ရန် ပြင်ဆင်ကြသည်။ ကံကောင်းချင်တော့ အားလုံးက လေးစားကြသည့် "ဖိုးသာဘော်"ဆိုသူ အဖိုးအိုက လူဆိုးများနှင့် သွားညှိသည်။ သခင်မြတို့ကို လွှတ်ပေးလျှင် အသက်အန္တရာယ် မထိခိုက်အောင် သူတာဝန်ယူကြောင်း ဖျောင်းဖျပြောဆိုသည်။ နောက်ဆုံး အဆင်ပြေသွားပြီး သခင်မြတို့ကို လွှတ်ပေးလိုက်တော့၏။ အဖြစ်အပျက်များက သည်းထိတ်ဖွယ်ကောင်းလှပေသည်။

နောက်တစ်ကြိမ် အသက်ဘေးမှ သီသီကလေး လွတ်မြောက်ခဲ့ပုံကလည်း အသည်းထိတ်ဖွယ်ပင်ဖြစ်သည်။ ကျိုက်ထိုတွင် ရှိနေစဉ်က ခေတ္တတည်းခိုရာ အိမ်ပေါ်တည့်တည့်သို့ အင်္ဂလိပ် လေတပ်မှ ကြဲချသော ဗုံးတစ်လုံး[illegible] သည်။ အခြားခန်းရှိ အိပ်နေသူတစ်ဦးနှင့် ထိုင်နေသူ[illegible] တို့မှာ မရှုမလှသေဆုံးသွားကြသည်။ သခင်မြတစ်ယော[illegible] သာ ကံကောင်းထောက်မစွာဖြင့် အသက်ရှင်လျက် [illegible] ရစ်ခဲ့၏။

ဘီအိုင်အေတပ်ကြီး၏ အရှိအသေပြုမှုကို မော်လ[illegible] မြို့ မြို့တော်ခန်းမကြီး၌ ခံယူနေစဉ်ကလည်း [illegible] လေယာဉ်ပျံများက စက်သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ သ[illegible] မှာ အသက်ဘေးမှ သီသီကလေး လွတ်မြောက်ခဲ့ရ[illegible] သည်။ ဂျပန်ခေတ် ဂျပန်များ ဆုတ်ခွာကြစဉ် သခ[illegible] ဂျပန်တို့နှင့် အတူလိုက်ပါခဲ့ရသည်။ ထိုစဉ်ကလည်း ကြ[illegible] သော အန္တရာယ်ကို နေ့စဉ်ကျော်ဖြတ်ခဲ့ရ၏။

သို့သော် သခင်မြကား ၁၉၊ ဇူလိုင်၊ ၁၉၄[illegible] ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ ကျဆုံးခဲ့ရသည်။ သ[illegible] ကျဆုံးခဲ့ရပြီးနောက် ဇနီးဖြစ်သူ ဒေါ်ဒေါ်ညွန့်က…

"ကျွန်မတော့ဖြင့် ကျွန်မရဲ့ ခင်ပွန်းသည်[illegible] ဒီတစ်သက်မှာ ရန်သူလက်ချက်နဲ့ ဒီလို မရှုမလှ ကျ[illegible] မယ်ဆိုတာ ဘယ်တုန်းကမှ မယုံခဲ့ဘူး။ ဘာဖြစ်လို့လဲ[illegible] နိုင်ငံရေးခေါင်းဆောင်တစ်ယောက်ဖြစ်နေပေမယ့် အ[illegible] သော ရန်သူကပင် သူ့ကိုဖြင့် မုန်းတီးတယ်ဆိုတာ [illegible] ခဲ့ဖူးဘူး"

ဟု ဆိုခဲ့ဖူးပါသည်။

သခင်မြကား အသက်ဘေးမှ သီသီကလေး [illegible] မြောက်ခဲ့သည်မှာ အကြိမ်ကြိမ်ဖြစ်သော်လည်း ၁၉၊ [illegible] ၁၉၄၇တွင်မူ မလွတ်မြောက်နိုင်တော့ပေ ■

* * *

တင်[illegible]


**ကျမ်းကိုး**

**၁။ အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး သခင်မြ ([illegible] သခင်ချစ်မောင်)။**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ဖေဖေ့နာမည်က ဦးကြီးရွှေ။ မေမေ့နာမည်က ဒေါ်မြရွှေ။ ဖေဖေက ပျော်ပျော်နေတတ်တဲ့ လူ။ သူက သူ့မိတ်ဆွေ ကျေးလက်ကျန်းမာရေးမှူးတို့၊ ဆရာ မန်းထိန်ဝင်းစိန်တို့ကို···

"ကျွန်တော် မမြရွှေကို ယူတာက ရွှေချင်းထပ် မြတ်လို့ ယူတာဗျ"

ဟု ဆိုပြီး ရယ်ရွှန်းဖတ်ရွှန်း ပြောခဲ့ဖူးပါတယ်။

ရုပ်ရှင်မင်းသား အဆိုကျော် ဇော်ဝမ်းကို ဖေဖေက သိပ်သဘောကျတာ။ ဖေဖေတို့ခေတ်တုန်းက ဇော်ဝမ်းက နံပါတ်တစ် မင်းသား။ ဒါကြောင့် သားသုံးယောက်ဖြစ်တဲ့ ကျွန်တော်တို့ ညီအစ်ကိုသုံးယောက်ကို ဖေဖေက ဇော်ဂမ်း၊ ဇော်တူး၊ ဇော်သရီးလို့ နာမည်ပေးထားတာ။ တော်သေးတာပေါ့။ နောက်ထပ် ညီလေးတစ်ယောက် မမွေးလို့၊ မွေးများ မွေးရင် "ဇော်ဖိုး" လို့ ပေးမှာ သေချာတယ်။

ကျွန်တော်တို့ နေတာက မရမ်းရွာ။ စခန်းသာတဲ့ မရမ်းရွာဆိုတာ ကျွန်တော်တို့ရွာ။ ပန်းတနော်မြို့နယ် ထဲက ရွာကြီးတစ်ရွာ။ ဧရာဝတီတိုင်းဒေသကြီးမှာ ရှိတယ်။

◆◆◆

ဇော်ဝမ်းက ဘန်ကောက်မှာ။ သူက ပြည်ပသွားပြီး အရောင်းအဝယ် လုပ်နေတာ။

ဖေဖေက ဆံပင်ညှပ်တယ်။ ဖေဖေ့ဆိုင်နာမည်က "ဇော်ညီနောင် (၁)"။ ကျွန်တော် ဇော်တူးကလည်း ဆံပင်ညှပ်တယ်။ "ဇော်ညီနောင် (၂)" တဲ့။ ဇော်သရီးကလည်း ဆံပင်ညှပ်တာပါပဲ။ သူ့ဆိုင်က "ဇော်ညီနောင် (၃)"ပါ။

ကျွန်တော် မှတ်မိသေးတယ်။

ဆံပင်ညှပ်ရင်း ချောင်းဆိုးတာကို ပြောတာ။ ပထမတော့ တစ်ခါ နှစ်ခါ၊ နောက်တော့ ခဏခဏ။

"မင်း ခဏခဏ ချောင်းဆိုးနေတာ မကောင်းဘူး။ ဆေးမြီးတိုသောက်၊ ပျောက်တယ်။ မင်းသောက်ဖို့ ငါ ဆေးမြီးတိုပေးမယ်"

ဆိုပြီး သူငယ်ချင်း ငက်ရိုးက ကျွန်တော့်ကို ဆေးမြီးတိုတိုက်ခဲ့တယ်။ ငက်ရိုးရဲ့ နာမည်ရင်းက ဇော်လှိုင်ထွေး။ ကျွန်တော်နဲ့ ငက်ရိုးက ငယ်သူငယ်ချင်း။

ငက်ရိုးဆိုတဲ့ ဇော်လှိုင်ထွေး ကျွေးတဲ့ ဆေးမြီးတိုနဲ့ ကျွန်တော် ချောင်းဆိုး မပျောက်ပါဘူး။

"မိတ်ဆွေ··· ချောင်းဆိုးနေသလား၊ မကြောက်ပါနဲ့၊ ဆိုးချင်သလောက် ဆိုးပါစေ၊ ဒီဆေးကို ချက်ချင်းသောက်၊ လက်ငင်းပျောက်" ဆိုတဲ့ ကြော်ငြာကြောင့် ကျွန်တော် အဲဒီ တိုင်းရင်းဆေးကို ဝယ်ပြီး သောက်ခဲ့ဖူးပါတယ်။ ဒါပေမယ့် ချောင်းဆိုး မပျောက်ပြန်ပါဘူး။ ဒီအကြောင်းကို ကျွန်တော်က သူငယ်ချင်း ငပြူးကို ပြောပြမိတော့ ဒီကောင်က ရယ်ပြီး -

"မင်း တော်တော်ရယ်ရတာပဲ ဇော်တူး။ ကြော်ငြာပါဆိုမှ ကျော်အောင် ညာတာပေါ့ကွ"

တဲ့။ အဲဒီအခါ ကျွန်တော်က မြင့်မြတ်ဝေဆီမှာ အကြံဉာဏ်တောင်းတယ်။ "ဘယ်လိုလုပ်ရင် ကောင်းမလဲ" ပေါ့။

ဝေလို့ ကျွန်တော် ချစ်မြတ်နိုးစွာ ခေါ်တဲ့ မြင့်မြတ်ဝေက ကျွန်တော်နဲ့ သမီးရည်းစားဘဝက ဖြစ်လာတဲ့ ဇနီး မယား။ ဆိုတိုင်ပင် ကောင်းတိုင်ပင်ဖြစ်လို့ ဝေက···

"မောင်ရယ်··· ဆေးရုံသွားပြီး ဆေးစစ်ခံတာ အကောင်းဆုံးပဲ မဟု လား"

လို့ အကြံပေးခဲ့တယ်လေ။

တစ်ဦးတည်းသော ရှိသေး သားလေး ဖြိုးခန့်စည်သူကတော့ အဖေနဲ့ အမေ ဘာတွေ ပြောနေ လဲလို့ သိရှာမယ် မထင်ပါဘူး။ သူ တန်းတောင် မနေရသေးတဲ့ က ဆိုတော့ ဘယ်သိပါ့မလဲ။

အဲဒီလိုနဲ့ ကျွန်တော် ပန်းတ မြို့ ပြည်သူ့ဆေးရုံကို သွားပြီး ဆေး ခံယူ ကုသခဲ့ဖူးပါတယ်။

သလိပ်ထဲမှာ ပိုးတွေ့လို့ ဆေး က တီဘီပိုးလို့ ယူဆပြီး တီဘီ တိုက်တယ်။ သက်သာတာတော့ တယ်။ ပျောက်,မပျောက်တော့ ဘူး။ ၆လ ဆက်သောက်ခဲ့ရတာ။

ပျောက်သလောက်ဖြစ် ထင်ပါရဲ့ ၁၀နှစ်လောက် ချောင်း ခဲ့တာ သေချာတယ်။ ဒါပေမယ့် အ လည်း ကျော်လာရော ချောင်း ရောဂါ ပြန်စလာတာပါပဲ။

"အဟွပ်···အဟွပ်···အ အဟွပ်···"

ဆိုပြီး ချောင်းဆိုးတတ်တဲ့ ကျွ တော့်ကို သူငယ်ချင်း ငက်ရိုးက ရင်း···

"အကြပ်ကြီး ဇော်တူး"

လို့ ခပ်တည်တည်ခေါ် တော့ ငပြူးကလည်း မရယ်မပြုံး

"ရှီ"

ဆိုပြီး ထူးပါတယ်။ အဲဒီ ကျွန်တော် ချောင်းဆိုးတာနဲ့ ပတ် လို့ သူငယ်ချင်းတွေက နောက် ကြတာ။

"မောင်··· အရာတော်ဝင် ကောင်းမယ်"

တဲ့။ ဝေ့စကားကြောင့်



www.burmeseclassic.com

www.burmeseclassic.com

က ရန်ကုန်မှာ ရှိတဲ့ အာရှတော်ဝင်
ဂ္ဂလိက ဆေးရုံကို သွားပြီး ဓာတ်မှန်
ရိုက်ခဲ့ဖူးပါတယ်။ ဓာတ်မှန်ထဲမှာ ပေါ်
ာက အဆုပ်မှာ အမာရွတ်။

"မကြောက်ပါနဲ့၊ ဒီအမာရွတ်က
ီဘီဆေးသောက်လို့ ဖြစ်လာတာပါ။
ာအန္တရာယ်မှ မရှိပါဘူး"

ဆိုတဲ့ အားပေးစကားကို ယုံယုံ
ကြည်ကြည် လက်ခံ နာယူပြီး ကျွန်
တော် မရမ်းရွာကို ပြန်လာတာ ကြာ
ပြီ

♦♦♦

ဒီတစ်ခေါက် ကျွန်တော် ရန်ကုန်
ကို သွားခဲ့တာက ဖန်စီပစ္စည်းတွေ ဝယ်
ဖို့ အလှကုန်ပစ္စည်းတွေ ဝယ်ဖို့။
ကျွန်တော်က ဆံပင်ညှပ်သလို၊ ဝေက
ဖန်စီပစ္စည်းလေးတွေ ရောင်းတယ်လေ။
ဆိုင်တစ်ထမ်း မယ်တစ်ရွက် တူတူ
ညီညီ ပျော်ပျော်ရွှင်ရွှင်နဲ့ ကျွန်တော်တို့
ာ ချမ်းမြေ့သာယာတဲ့ သီရိဂေဟာ
လေးကို တည်ဆောက်နေကြတာ။

ရန်ကုန်သွားတာက ည ၉နာရီ
ကျော်မှ။ ကျွန်တော့်မှာ ကျော်သူလို့
ခေါ်တဲ့ သူငယ်ချင်းတစ်ယောက်လည်း
ရှိသေးတယ်။ သူက ကားကြီးကြီးစီးပြီး
ဗိုက်ကြီးကြီးနဲ့ နေတဲ့သူ။ သူ့တိုက်က
သစ်မင်းစတိုး။

သစ်မင်းစတိုးဆိုင်ပိုင်ရှင် ကျော်
သူကတော့ ရန်ကုန်ကို မလိုက်ပါဘူး။
ကားမောင်းသမား ကိုမြင့်စိုးကိုပဲ
ကားနဲ့ ရန်ကုန်ကို လွှတ်တာ။

ကိုမြင့်စိုးနဲ့ ကျွန်တော် ရန်ကုန်
သွားလို့ လှိုင်သာယာ တိုးဂိတ်ကို
ရောက်တော့ အဲဒီဂိတ်မှာပဲ အိပ်တယ်။
အတုန်းက ညလယ်၊ နိုးလာတော့
မနက် ၆နာရီထိုးခါနီးပြီ။

ဒီအချိန်မှာ ကျွန်တော့်ရင်ထဲ
ဆို့နေသလို ဖြစ်ခဲ့တယ်လေ။
အသက်ရှူရတာကလည်း ကျပ်နေ
သလိုပါပဲ။ ထိန်းမရတဲ့ ချောင်းဆိုးလိုက်
မိတော့ သလိပ်တွေ ထွက်ကျလာတာ
ပေါ့။ ပြီးတော့ သလိပ်နဲ့ အတူတူပါလာ
တာက သွေးတွေ။

စိုးရိမ်ပူပန်စိတ်တွေနဲ့ ကျွန်တော်
ကိုမြင့်စိုးကို အကူအညီတောင်းခဲ့ရပါ
တယ်။

"ကိုမြင့်စိုး ... ကျွန်တော့်ကို
ပန်းတနော်ဆေးရုံ ပြန်ပို့ဗျာ။ ကား
တစ်စီးလည်း ငှားပေးပါ။ ကျွန်တော့်
မိန်းမဆီလည်း ဖုန်းဆက်ပေးပါ"

ကိုမြင့်စိုးက တကယ့်မိတ်ဆွေ
ကောင်းပီသတဲ့ လူ။ ကျွန်တော့်အတွက်
အကူအညီ အပြည့်အဝပေးပါတယ်။
သူငှားပေးတဲ့ ကားငှားခက လေး
သောင်း။ အဲဒီကားနဲ့ပဲ ကျွန်တော် ပန်း
တနော်မြို့ မြို့နယ်ဆေးရုံကို ရောက်ခဲ့
ရပြန်တာပါ။

နောက်နေ့နံနက် ၁၀နာရီခွဲမှာ
ပန်းတနော်မြို့နယ် ဆေးရုံကို ကျွန်တော်
ရောက်တယ်။ ဒေါက်တာ ဒေါ်စန်းငွေ
နဲ့ တွေ့တယ်။

သူက မေးတယ်။ ကျွန်တော်က
လိုရမယ်ရ ပြရအောင်ဆိုပြီး ယူခဲ့တဲ့
အာရှတော်ဝင်မှာ ရိုက်ခဲ့တဲ့ ဓာတ်မှန်
ပြားကို ထုတ်ပြရင်း ဒေါက်တာ မေး
သမျှကို ဖြေရပါတယ်။

ဒေါက်တာ ဒေါ်စန်းငွေက
ကျွန်တော့်ကို သေသေချာချာမေးပြီး
ဓာတ်မှန်ပြားကို ဂရုတစိုက်ကြည့်ပြီး
လိုအပ်သလို ပြုစုကုသမှုတွေ ပြုလုပ်
ပေးတာနဲ့ သက်သာလာပါတယ်။
ကျွန်တော့်ခုတင်ဘေးက ခွာခါနီးမှာ
ဒေါက်တာက သူနာပြု ဆရာမ တစ်
ယောက်ကို...

"လူနာကို ဂရုတစိုက် ကြည့်ရှု
ပြုစု စောင့်ရှောက်ပါ။ လိုအပ်ရင် သူ့
ကို လာခေါ်ပါ"

လို့ မှာခဲ့တာကို ဆရာမလေးက
လည်း ရိုရိုသေသေနဲ့...

"ဟုတ်ကဲ့ပါ ဒေါက်တာ"

တဲ့။

♦♦♦

အဲဒီအချိန်က စပြီး ကျွန်တော့်
ကျန်းမာရေးကောင်းနေတာ နှစ်ရက်
တိတိ။ ဘာမှမဖြစ်ခဲ့ပါဘူး။

"နံနက်ကျရင် ဆေးရုံဆင်းနိုင်ပါ
ပြီ"

ဆိုတဲ့ သတင်းကောင်းလည်း
ကြားရော အဲဒီဆေးရုံမဆင်းခင် ညမှာ
ချောင်းပြန်ဆိုးခဲ့ပါတယ်။ သလိပ်ထဲမှာ
သွေးပြန်ပါလာပြန်ပါတယ်။ ရင်ထဲမှာ
မနေနိုင်အောင် ကျပ်လာပြန်တာ
ကြောင့် ဝေ့ကို...

"ဆရာမ မြန်မြန်ခေါ်"

လို့ ကျွန်တော်ပြောလိုက်တယ်။

ကိုမြင့်စိုးကျေးဇူးကြောင့် မရမ်း
ရွာမှာ ကျန်ခဲ့ကြတဲ့ ဇနီးသည် ဝေနဲ့
သူ့အမေတို့ ကျွန်တော့်ခုတင်ဘေးကို
ရောက်နေခဲ့တယ်လေ။

"ဟုတ်ကဲ့"

ဆိုတဲ့ စကားနဲ့အတူ ဝေက
ဆရာမကို ခေါ်ဖို့ ထွက်သွားပါတယ်။

ဝေနဲ့ ဆရာမ ပြန်မရောက်လာ
ခင်မှာပဲ ကျွန်တော် သတိလစ် မေ့မြော
သွားခဲ့တယ်တဲ့။ ခေါ်လို့ အော်လို့ မရ
တော့ဘူးတဲ့။ အဲဒီလို တခြားလူတွေက
ပြောကြတာ။ ဒါကို နောက်မှ ကျွန်
တော့်ကို ပြန်ပြောကြတာ။

တကယ်တော့ ကျွန်တော် သတိ
လစ်တာ မဟုတ်ပါဘူး။ မြောသွားတာ။
ဒီအကြောင်းကို ခဏနေတော့မှ ပြော
ပါရစေ။

ဝေနဲ့ ဆရာမ ပြန်ရောက်လာ
တော့ သတိလစ်နေတယ်ဆိုတဲ့ ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော် ဇော်တူးကို ဆရာမက အောက်ဆီဂျင်ပေးပါတယ်။ သွေးခုန်နှုန်း တိုင်းပါတယ်။ သွေးခုန်နှုန်းက ဇီးရိုး။

ချက်ချင်း အသက်ကယ်ဆေး တစ်လုံးထိုးပေးတယ်။ ဝေ ပြန်ပြောတာ ဆရာမက သိပ်သနားစရာကောင်းတာပဲတဲ့။ သူ့မျက်နှာက တော်တော်စိတ်လှုပ်ရှားနေတဲ့ မျက်နှာ၊ တုန်လှုပ်နေတဲ့ မျက်နှာ။ သူ့ခမျာ ဒေါက်တာမကို ချက်ချင်းပြေးပြီး သတင်းပေးချင်ရှာမှာပါပဲ။ ဒါပေမယ့် လူနာကို ဒီအတိုင်း စိုးရိမ်ရတဲ့ အနေအထားမှာ ထားခဲ့ဖို့ တော်တော့်ကို ခက်လို့ စိတ်သိပ်လှုပ်ရှား ခံစားခဲ့ရရှာမှာပါ။

နောက်ထပ် ၃မိနစ်အကြာမှာ ကျွန်တော့်ကို အသက်ကယ်ဆေး တစ်လုံး ထပ်ထိုးပေးပေမယ့် သွေးခုန်နှုန်းကတော့ တက်မလာပါဘူး။ စောစောကအတိုင်း ဇီးရိုး။

"မရနိုင်တော့ဘူး။ ပြန်ခေါ်သွားရင် ခေါ်သွားတော့"

တဲ့။

အဲဒီလို ဆရာမဆီက စကားသံလည်း ထွက်လာရော ဝေဆိုတာ ငိုလိုက်တာ မျက်ရည်နဲ့ မျက်ခွက်ပါပဲ။ မောင့်ကြောင့် မျက်ရည်ကျရတာ ခွင့်လွှတ်ပါ ဝေရယ်။

အဲဒီအချိန်မှာ ဖြူရော်ရော်ဖြစ်နေတဲ့ ကျွန်တော့်မျက်နှာက သွေးရောင်နည်းနည်းသမ်းလာတယ်လို့ ဆရာမက ထင်လိုက်တယ်။ အထင်မှန်လား၊ မမှန်လား သိချင်လို့ သွေးခုန်နှုန်း ပြန်တိုင်းတော့ နည်းနည်းတက်လာတာ တွေ့ရတယ်တဲ့။

သွေးနည်းနည်းခုန်လာပြီဆိုတဲ့ ဆရာမ စကားကြောင့် ဝေငိုသံတိတ်သွားတယ်။ ဒီ[illegible]

"အင်း..



ဆိုတဲ့အသံ ကျွန်တော့်နှုတ်ဖျားက ထွက်လာတာနဲ့ ဆရာမက...

"သတိပြန်ရလာပြီ၊ ငြိမ်ငြိမ်နေပါ။ လှုပ်လှုပ်ရှားရှား မလုပ်ပါနဲ့"

လို့ ပြောတဲ့ ဆရာမရဲ့ မျက်နှာက [illegible]စောကလို လင်ပုပ်မဖမ်းတော့ဘူး။ ဖိုးရွှေလမင်းကြီး ထိန့်ထိန်သာသာ လင်းလို့၊ ဝင်းလို့။

ဒါနဲ့ပဲ ကျွန်တော် လူကောင်းသူကောင်း ပြန်ဖြစ်လာတာ ဆိုပါတော့။

♦♦♦

စောစောက "ခဏကြာတော့မှ ကျွန်တော် သတိလစ်နေတုန်း ကျွန်တော် ဘာဖြစ်နေတယ်ဆိုတာ ပြောပြပါမယ်" ဆိုတဲ့ စကားကို မှတ်မိမယ် ထင်ပါရဲ့။

အဲဒီအကြောင်း မပြောခင် အရင်ဆုံး ကျွန်တော့်အလုပ်ကလေး တစ်ခုကို ပြောပါရစေ။ ကျွန်တော်က မြတ်စွာဘုရားသခင်ရဲ့ ဂုဏ်တော်တွေကို [illegible] ဘုရား၊ တရား၊ သံဃာ

ဆိုတဲ့ ရတနာသုံးပါးကို နေ့ညမပြတ် ရှိခိုးပါတယ်။ ပြီးတော့ ရတနာမြတ်သုံးပါး၊ အနန္တောအနန္တငါးပါး၊ ရဟန္တာမြတ်များ၊ ပုဂ္ဂိုလ် သူတော်စင်များ၊ သမုဒ် သံဃာတော်မြတ်များ၊ ၃၁ ဘုံသားများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်း[illegible] ချမ်းသာကြပါစေ၊ ကောင်းကျိုးလို[illegible] ဆန္ဒပြည့်ဝကြပါစေ၊ ဆင်းရဲနဲ့ [illegible] ကင်းကြပါစေဆိုတဲ့ သန့်စင် မွန်မြတ်တဲ့ စေတနာနဲ့ မေတ္တာသုတ်ကို တစ်ရ[illegible] မပြတ် နေ့တိုင်း ရွတ်ဖတ်ပွားများခဲ့[illegible] ဒီနေ့ဆို ၉နှစ်တင်းတင်းပြည့်ခဲ့ပြီးပါ[illegible]

ဆေးရုံပေါ်က ကျွန်တော့်[illegible] သတိလစ်နေတယ်လို့ ထင်တဲ့အခ[illegible] မှာ ကျွန်တော်က သတိမလစ်ဘဲ [illegible] သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာ[illegible] သံဃံ သရဏံ ဂစ္ဆာမိလို့ သရဏ[illegible] သုံးပါးကို ယုံယုံကြည်ကြည်နဲ့ ကြည်[illegible] ရှိသေစွာ အထပ်ထပ်အခါခါ ရွတ်ဖ[illegible] ပူဇော်နေပါတယ်။

အဲဒီလို ဂုဏ်တော်တွေ[illegible] ကျွန်တော် ရွတ်ဆို ကြည်ညိုနေတု[illegible] ကျွန်တော့်နားထဲမှာ နားကွဲမတ[illegible] ခံစားရအောင် အော်ဟစ်လိုက်[illegible] အသံနက်ကြီး ကြားခဲ့ရတာပေါ့။

"ဂုဏ်တော်တွေ မရွတ်နဲ့" တ[illegible] ကျွန်တော်က သူ့အမိန့်ကို မနာခံ[illegible] ဘူး။ "ရွတ်မယ်" လို့ ပြောရင်း ရွတ်[illegible] တာပါပဲ။

အသံရှင်က မရွတ်နဲ့လို့ အထ[illegible] ထပ်ပြောနေတဲ့အချိန်မှာ ကျွန်တော်[illegible] ရွတ်မယ်...ရွတ်မယ်လို့ ဆို[illegible] အကြိမ်ကြိမ် စဉ်ဆက်မပြတ် ရွတ်[illegible] ပူဇော်နေခဲ့ပါတယ်။

အဲဒီလို ဂုဏ်တော်တွေကို ရွ[illegible] ဖတ် ပူဇော်နေတုန်း မြန်းခနဲ သံ[illegible] တော်တစ်ပါးကို ကြည်ညိုစွာ [illegible] တယ်။ ဖူးတိုက်လို့ ဦးခိုက်ပူးလိုက်[illegible]



www.burmeseclassic.com

www.burmeseclassic.com

တဲ့ သံဃာတော် ဆရာတော်က ကျွန်တော်တို့ရွာရဲ့ ကျက်သရေဆောင် "သဟပုညကာရီ" ဘုန်းတော်ကြီး ကျောင်းက ပဓာန နာယက ဆရာတော် ဦးကုသလ။ ဟုတ်ပါတယ်။ ကျွန်တော် အင်မတန် ကြည်ညို ရိုသေတဲ့ ဆရာတော် ဦးကုသလပါ။

ရန်ကုန်ကို ဖန်စီပစ္စည်းတွေ ဝယ်ဖို့ မသွားခင် တစ်ရက်က ဆရာတော်ဘုရားကို ကျွန်တော် ဒူးရင်းသီးတစ်လုံး ဆက်ကပ်လှူဒါန်းဖူးပါတယ်။ ရွာထဲက ဝယ်တာပါ။ တစ်ထောင်ပေးခဲ့ရတယ်လေ။

"တပည့်တော် မနက်ဖြန် ရန်ကုန်သွားရင် ဒူးရင်းသီးတွေ ဝယ်ခဲ့ပြီး လှူပါဦးမယ် ဘုရား"

လို့တောင် ကျွန်တော် ကတိစကားကျွံခဲ့တဲ့အထိ။

ကျွန်တော့်အာရုံမှာ မြင်ရတာက ဆရာတော်ဟာ မတ်တတ်ရပ်အနေအထား။ ခြေထောက်တွေက မြေကြီးနဲ့ မထိဘူး။ လေထဲမှာ ဗျာန်နဲ့ ရပ်တော်မူနေတာမျိုး။ မျက်စိနဲ့ မြင်ရတာတော့ ဘယ်ဟုတ်မလဲ။ စိတ်အာရုံနဲ့ မြင်ရတာ။ အသံရှင်ရဲ့ စကားကိုလည်း နားနဲ့ ကြားရတာ မဟုတ်ဘူး။ စိတ်ထဲမှာ ကြားတယ်လို့ပဲ ထင်ရတာ။ ကျွန်တော် သရဏဂုံရွတ်တာကလည်း နှုတ်နဲ့ ရွတ်တာ မဟုတ်ပါဘူး။ ရွတ်တယ်လို့ စိတ်ထဲမှာပဲ ထင်တာ။

တဖြည်းဖြည်းနဲ့ အသံရှင်ရဲ့ မရွတ်နဲ့ဆိုတဲ့ တားတဲ့ စကားသံ ပျောက်သွားတော့ ကျွန်တော် သရဏဂုံရွတ်တာလည်း ရပ်လိုက်ပါတယ်။ အဲဒီအခါ မြင်တယ်လို့ စိတ်ထဲမှာ ထင်ရတဲ့ ဆရာတော်ရဲ့ ပုံတော်လည်း ပျောက်သွားတော့တာပေါ့။ ဒီတော့မှ ကျွန်တော့်နှုတ်က "အင်း..."ဆိုတဲ့ အသံ တကယ်ထွက်လာတာ။ နားထဲမှာလည်း "ဟော...သတိရပြန်ရလာပြီ"လို့ ပြောတဲ့ ဆရာမအသံနဲ့ "မောင်...မောင် သတိရလာပြီနော်၊ ဝမ်းသာလိုက်တာ မောင်ရယ်"ဆိုတဲ့ ဝေ့အသံ ကြားခဲ့ရတော့တာပါပဲ။

•••

အခုဆို ကျွန်တော် လူကောင်း ပြန်ဖြစ်နေပါပြီ။ ကျန်းမာရေး ပြန်ကောင်းနေပါပြီ။

ဒါ ကျွန်တော့်ရဲ့ ကောင်းတဲ့ အတိတ်ကံနဲ့ ကောင်းတဲ့ ပစ္စုပ္ပန်ကံကြောင့် မဟုတ်ပါလား။

ကံဆိုတာ အလုပ်တဲ့။ ကောင်းတဲ့ အလုပ်တွေ လုပ်ပြီး ကောင်းကျိုးသုခတွေ ခံစားရရှိကြပါစေ ■

* * *

ပန်းတာနော်နောင်လတ်



www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကြည့်မြင်တိုင်၊ ထီးတန်းအိမ်ရာ၊ ဈေးကလေးလမ်း၊ ပန်းတဉ်းတန်း၊ ဘော်ဝင်လမ်းနဲ့ ဟုမ်းလမ်း (ခ) ပန်းလှိုင်လမ်းကြီးများမှာ လူအများ ကြိတ်ကြိတ်တိုး စည်ကားနေသည်။

နံနက် ၃နာရီကတည်းက လူတွေ ရတ်ရတ်သဲသဲဖြစ်နေခြင်း ဖြစ်၏။

ထောင်ပေါင်းများစွာသော လူများ ... အထက( )ကျောင်းရှိရာသို့ ...ွားနေကြခြင်းဖြစ်၏။

အရန်မီးသတ်၊ ကြည့်မြင်တိုင် ...နှင့် ထီးတန်း၊ ပန်းလှိုင် ပန်းတဉ်းမှ ...က်ဆိုင်ရာ ရပ်ကွက်လူကြီးများ ...ည်း ထိုအထက( )ကျောင်းသို့ ...ရောက်ရှိနေကြ၏။

စာရေးသူလည်း သတင်းသမား ... ၎င်းနေရာသို့ ရောက်သွားပြီး ...ချင်သမျှ မေးမြန်းကြည့်ရာတွင် ...ကျောင်းဝဲဆောင် ထုတ်တန်းပေါ်တွင် ...လားမ သူ့ရဲ့ကြီးသည် ဒယ်အိုးထဲ ...တွင် သွေးများထည့်ထားပြီး ကျောင်းသူ ...လေးသုံးဦးအား ပက်နေကြောင်း ...ပြောကြ၏။

၎င်းသူရဲမကြီးအား ကျန်သူများ ...မြင်ရဘဲ မနှင်းဆီ၊ မဒေလီယာနှင့် ...စံပယ်တို့ သုံးဦးသာလျှင် မြင်တွေ့ရ ...ကြောင်း ပြောကြရာ စာရေးသူသည် ...သုံ့သဖြင့် တိတ်တိတ်ကလေး ကြိတ် ...ရယ်မိ၏။

စာရေးသူ မယုံကြည်သည်ကို ...သိသူတစ်ဦးက ဆရာကြီး ရုံးခန်းကို ...ကြည့်၊ ယုံလိမ့်မည်ဟု ပြောသဖြင့် ...ကြည့်ရာတွင် အထက်က ဆိုခဲ့ပြီး ...သော ကျောင်းသူကလေးများ၏ အင်္ကျီ ...ထဘီများတွင် သွေးများ ရွှဲရွှဲစိုနေ ...သည်ကို တွေ့မြင်ရလေရာ များစွာ ...အံ့သြမိသည်။

ကျောင်းသူကလေး သုံးဦး၏ ပြောပြချက်မှာ ထိုသူရဲမကြီး၏ အနီးတွင် ဤကျောင်းမှပင် ရေနစ်သေခဲ့သူ မချောချောနှင့် ကားတိုက်၍ မကြာသေးမီက သေသွားခဲ့သော မောင်လူချောတို့လည်း ရှိနေကြောင်းနှင့် မိမိတို့အား အတူလာပြီး ကစားဖို့ ဖိတ်ခေါ်နေကြောင်း ပြောပြ၏။

သကြံန်ကျဖို့ကလည်း သုံးရက်ပဲ လိုတော့သည်။ နွေကျောင်းလည်း ပိတ်တော့မည်။ သို့သော် စာမေးပွဲရှိနေသဖြင့် ကျောင်းပိတ်၍ကလည်း မဖြစ်။ သရဲမှာ ကျန်သော ကျောင်းသူ၊ ကျောင်းသားလေးများကို မခြောက်ဘဲ ဤကျောင်းသူ သုံးယောက်ကိုသာ ရွေး၍ ခြောက်နေခြင်းဖြစ်သည်။

ကျောင်းသူသုံးယောက်ကလည်း လုံးဝ မကြောက်။ ဤသို့ ဖြစ်ရပ်မှာ မဆန်းဟု ပြော၏။ ဗဟန်းကျောင်းမှာ နေစဉ်တုန်းကလည်း သကြံန်ကာလ၌ ဤကျောင်းသူသုံးဦးကို ဤကဲ့သို့ပင် ခြောက်လှန့်ခဲ့ကြောင်း ပြောပြ၏။

ရပ်ကွက်အသီးသီးမှ ဝတ်ရွတ်အဖွဲ့များ၊ သံဃာဆရာတော်ကြီးများကို ပင့်ဖိတ်၍ ဘုရားစာများ ရွတ်ဖတ်ပါသော်လည်း သရဲမှာ ဘာသာခြားဖြစ်နေသဖြင့် ပျောက်မသွားပါ။ သွေးများဖြင့် ပက်မြဲ ပက်နေ၏။

သတင်းမှာ ချက်ချင်းပြန့်သွားသဖြင့် ရပ်ကွက်အသီးသီးမှ လူများ ရောက်ရှိ၍ များပြားလာရာတွင် ရဲကင်းပင် ချထားရတော့၏။

တာဝန်ကျ ကင်းသမား တစ်ယောက်မှာ မယုံကြည်သဖြင့် ထိုကျောင်းဆောင်အတွင်း ဝင်ရောက်ခဲ့ရာ ဝတ်ထားသော ယူနီဖောင်းကြီးတစ်ခုလုံး သွေးများ ပေကျံသွားအောင် သွေးဖြင့် အပက်ခံလိုက်ရလေရာ တစ်ချိုးတည်း ထွက်ပြေးလာရတော့၏။

ကျောင်းတော့ ပိတ်မထား။ ထိုကျောင်းဆောင်ထဲမှ ကျောင်းသား၊ ကျောင်းသူများကို တခြားအခန်းသို့ ပြောင်းပြီး စာသင်ခဲ့ရ၏။

မနှင်းဆီ၊ မဒေလီယာနှင့် မစံပယ်တို့ သုံးယောက်ကိုတော့ ခွင့်ပေးထားပြီး အိမ်မှာပဲ စာကြည့်ခိုင်းထားရသည်။ ဤသို့ဖြင့် မနှင်းဆီတို့ မရှိသောအချိန်တွင် သရဲကိစ္စမှာ ငြိမ်သွားခဲ့သည်။

◈◈◈

တစ်ပတ်မျှ ကြာသော် မနှင်းဆီတို့ သုံးယောက်ကို ကျောင်းတက်ခိုင်း၏။ မနှင်းဆီတို့ ကျောင်းတက်သောအခါ ၎င်းတို့ စာသင်သော အဆောင်သို့ ပြောင်း၍ သွေးသကြံန်ကျပြန်၏။

မနှင်းဆီတို့က ထိုသရဲများနှင့် စကားပြော၏။ လုံးဝ မကြောက်ကြ။ သူတို့က ပျော်၍ပင် နေကြ၏။ သွေးစွန်းနေသော ကျောင်းဝတ်စုံများမှာ ဖွပ်လျှော်၍ မရသဖြင့် အသစ်လဲ၍ ဝတ်လာသော်လည်း၊ ထိုအဝတ်သစ်များ သွေးစွန်းပြန်သဖြင့် ဆရာ၊ ဆရာမတို့မှာ ကြံရာမရဖြစ်နေကြရ၏။ စိတ်ညစ်နေကြ၏။

အလွန်မတန် စွမ်းပါသည်ဆိုသော အထက်လမ်း၊ အောက်လမ်း ဆရာများကို ဖိတ်၍ ၎င်းသရဲသုံးကောင်အား နှင်ရာ ဆရာများသာ လက်လျှော့ထွက်ပြေးကြရ၏။

ကျောင်းသူ၊ ကျောင်းသားများမှာ စာကို စိတ်မဝင်စားတော့ဘဲ ထိုအခန်းမှ သရဲများကိုသာ သွားရောက်ကြည့်နေကြ၏။ ကြာတော့ သရဲများနှင့် ကျောင်းသူ၊ ကျောင်းသားများ ခင်မင်သွားကြပြီး သွေးများဖြင့် ရေပက်ကစားသကဲ့သို့ ကစားနေကြတော့သည်။

စာသင်ကြားခြင်းကိစ္စကို အနှောင့်အယှက်ဖြစ်နေသဖြင့် မလေးရှားနိုင်ငံသို့ စန်းပညာသွားရောက် ယှဉ်ပြိုင်ခဲ့သော ဆရာကြီးရှိန်းကို ပင့်ဖိတ်ရတော့သည်။

ဆရာကြီး ရှိန်းသည် "ဝိဇ္ဇာမဟိဒ္ဓိ မဟာထေရ် သုဝိနောသ၏ အိပ်မက်ရ ဆေးတော်ကြီးဂိုဏ်း" ကို ၁၉၅၂





www.burmeseclassic.com

www.burmeseclassic.com

ခုနှစ်က စတင်တည်ထောင်ထားသူဖြစ်သည်။

မလေးရှားနိုင်ငံသို့ သွား၍ ကမ္ဘာပေါ်မှ ထင်ရှားကျော်စောသော စုန်များ ပညာပြိုင်ပွဲတွင် ပထမရ အောင်မြင်လာသူဖြစ်သည်။

ဆရာရှိန်းသည် မန္တလေးမြို့ စစ်တပ်တွင် အမှုထမ်းဆောင်နေစဉ်က မင်းကွန်းဆရာတော်ဘုရားကြီး အကူအညီတောင်းခံခြင်းကို သွားရောက်ကူညီခဲ့ရဖူး၏။

ဖြစ်စဉ်မှာ မင်းကွန်းဆရာတော်ဘုရားကြီး၏ တူမ မလှလှမြင့် တစ်ယောက် မင်းကွန်းတောင်ရိုးမှ သီလရှင်ကျောင်းတွင် ပရိယတ္တိစာပေများ လေ့လာဆည်းပူးနေစဉ် ကိုယ်နှင့် စိတ်ကင်းကွာလျက် အရူးဘဝသို့ ရောက်ခဲ့ရ၏။

သိပ္ပံခေတ်တွင် ထူးခြားလှသော ရောဂါရှာဖွေရေး စက်ကြီးများဖြင့် မလှလှမြင့်၏ ရောဂါကို ရှာဖွေကြည့်ပါသော်လည်း မည်သို့မှ ရှာမတွေ့ ဖြစ်နေ၏။

ဤသို့ အင်္ကျီ ထဘီချွတ်လျက် ရူးနှမ်းနေသော မလှလှမြင့်အား စွမ်းလှပါပြီဆိုသော အထက်လမ်း၊ အောက်လမ်းဆရာများဖြင့် လည်းကောင်း၊ ဗုဒ္ဓနည်း၊ ဓမ္မနည်းဖြင့် လည်းကောင်း ကုသပါသော်လည်း မည်သို့မျှ မရရှိသဖြင့် ဆရာကြီးရှိန်းကို ပင့်ဖိတ်ပြီး စစ်ဆေးကြည့်ရှုစေခြင်းဖြစ်၏။

ဆရာကြီးရှိန်း စစ်ဆေးကြည့်လိုက်သောအခါတွင် မလှလှမြင့်သည် ကလေးဘဝ ငယ်စဉ်က "မိမိသည် ပရိယတ္တိစာပေကို သင်ကြားမိပါက အရူးအနှမ်းဘဝ ရောက်ရပါလို၏"ဟု ဆုတောင်းခဲ့မိသည်ဟု ဆို၏။

ထို့ကြောင့် မလှလှမြင့် တစ်ယောက် ဆယ်တန်းအောင်ပြီး အားလပ်ရက်အတွင်းတွင် ပရိယတ္တိစာပေများ လာရောက်သင်ကြားနေရာမှ ရေးက တောင်းဆိုခဲ့သော ဆုတောင်းအများကြောင့် ဤသို့ ရူးသွပ်ခဲ့ရခြင်းဖြစ်၏။

ဆရာကြီးရှိန်းသည် မလှလှမြင့်အတွက် အန်ဒုက်ပျော၊ ဆီမီးနှင့် ပန်းတို့ ဘုရားသို့ လှူဒါန်းကာ တစ်ရက်လျှင် မိနစ် ၃၀ခန့် ဂုဏ်တော်ပုဇော်ကို ၁၅ရက်တိုင်တိုင် စိပ်ပေးခဲ့၏။

ထို့နောက် သက်ဆိုင်ရာတို့အား အမျှအတန်းဝေပေးရာမှ မလှလှမြင့်လူကောင်းပကတိပြန်ဖြစ်ခဲ့ပြီး မိမိသင်ယူလိုသော ပရိယတ္တိစာပေကို ဆုံးခန်းတိုင်အောင် သင်ကြားတတ်မြောက်ခဲ့လေ၏။ ဤကား ၁၉၆၂ ခုနှစ်၊ မတ်လ ၃ရက်နေ့က ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ဖြစ်ပါ၏။

ပထမ တိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီးက ဆရာကြီးရှိန်းအား ၎င်း၏ တူမကို ကုသပေးနိုင်သဖြင့်

"ဒကာ မောင်ရှိန်း…၊ ဒကာရဲ့ ပညာတော်ဟာ အံ့မခန်းအောင် ရှိလှပေတယ်။ ဒါဟာ လူသားတွေအတွက် အသက်ကယ်ခြင်းဖြစ်သလို၊ ဗုဒ္ဓသာသနာတော်ကိုလည်း ပြုခြင်းဖြစ်တယ်။ ဒကာဟာ တစ်နေ့မှာ ဒီပညာနဲ့ အထွဋ်အထိပ်ရောက်ရှိလိမ့်မယ်"

လို့ မိန့်မြွက်ခဲ့သည့်အတိုင်း ဆရာကြီး ရှိန်းသည် ယနေ့ 'On the Way into Next Dimension' ရှုထောင့်သစ်သို့ သွားရာလမ်း ဇာတ်ကားကြီးကို ဒါရိုက်တာ စာရေးဆရာ "ကူဖီး"က ရိုက်ကူးပြီး အင်တာနက်တွင် တင်ခဲ့ရာ ကမ္ဘာကျော်သွားပြီး ကမ္ဘာ့စုန်းနတ်တစ္ဆေအဖွဲ့မှ လည်းကောင်း၊ ဆေးပညာအဖွဲ့မှ လည်းကောင်း ဒေါက်တာဘွဲ့ အပ်နှင်းခံရသူဖြစ်၏။

◈◈◈

မနှင်းဆီ၊ မဒေလီယာနှင့် မစံပယ်တို့ သုံးယောက်၏ ပြဿနာအား ဆရာကြီးရှိန်း လာရောက်ကြည့်ရှု စစ်ဆေးပြီး ထိုကျောင်းသူသုံးဦးကို မိမိ၏ ကားပေါ်သို့ တက်စေလျက် …
သုံးကောင်ကိုလည်း မိမိ၏ နော…
လိုက်ခဲ့ကြရန် ခေါ်ပြီး ကားဖြင့် …
ချကာ ဆရာကြီး နေထိုင်ရာ ခြံ…
(၆၅၂)၊ မြဝတ်ရည်လမ်း၊ (ဆ/…
ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်…
(ကျိုက္ကဆံဘုရားနှင့် ရန်ကုန် အား…
ဘုရားကြား)၊ ၄ဂိတ်ဟောင်းသို့ …
နှင်ခဲ့ရာ ကြည့်မြင်တိုင်မှ အိမ်ဝ…
သည့်တိုင် သွေးများဖြင့် ပက်…
ကားတစ်စင်းလုံး သွေးများဖြင့် …
လျက် ရှိချေ၏။

ဆရာကြီး၏ အိမ်ဝိုင်းထဲသို့ …
သွားတော့မှ သွေးများဖြင့် ပက်…
ခြင်း ရပ်သွားလေ၏။

ဆရာကြီးရှိန်းသည် က…
သုံးယောက်အတွက် မိမိ၏ …
ဖြင့် ကန်တော့ပွဲများ ပြင်…
မစံပယ်တို့အား စစ်ဆေးကြည့်…
၎င်းတို့ သုံးယောက်ဆုံတိုင်း ဤ…
များ တခြားကျောင်းများတွင်လည်…
ခဲ့ဖူးကြောင်း သိရ၏။

အမှန်တော့ ဤကလေး…
ဘုရားတရားမေ့ပြီး အပျော်ကြ…
ဤသို့ဖြစ်ရကြောင်း အဖြေရ၍ …
ကလေးများအား စက်ကြီးတ…
သုံးပါးကို ရွတ်ဆိုနည်းများ သ…
ပေးခဲ့ပြီး နေ့စဉ်မပြတ် ရွတ်ဆို…
ရန်နှင့် ကျောင်းတစ်ကျောင်း…
သုံးယောက်မဆုံမိစေရန် သတိ…
အိမ်သို့ ပြန်ပို့ပေးခဲ့သည်။

ဤကလေးသုံးယောက်…
တစ်ကျောင်းစီ ပြောင်းထားပြီး…
ဤကဲ့သို့သော ကိစ္စရပ်များ ယနေ့…
တိုင် မရှိတော့ပါကြောင်း… ■

သဗ္ဗေ အနိစ္စ …

* * *

www.burmeseclassic.com

www.burmeseclassic.com




သဒ္ဒေါဖိုဝေဟောင်းတွေ့ရှိ

# ဖူးစာကံအရေး ဆွေးနွေးမယ်

"တစ်ဦးနှင့် တစ်ဦး မေတ္တာရှိလို့ ချစ်အဖြေပေးပြီးကာမှ ဘယ်လို ဘယ်အကြောင်းနဲ့ ဘာဖြစ်တယ် မသိဘူး၊ တစ်ဦးနဲ့ တစ်ဦး ရင်ဆိုင်တွေ့ကြပြီဆိုရင် မပြောချင်၊ မဆိုချင်သလိုချည်း ဖြစ်ဖြစ်နေတယ်။ မေတ္တာဓာတ်တွေ ပျက်ပြီထင်ပါရဲ့"

သည်သို့ စာရေးသူထံ ရောက်ရှိလာပြီး ညည်းညည်းတွားတွားပြောဆိုသူကား အိမ်နီးနားချင်းဖြစ်ရုံမက၊ ဆွေမျိုးရင်းချာသဖွယ်လည်းဖြစ်သော တူမငယ် ခင်ချိုဆက်ဖြစ်သည်။

ခင်ချိုဆက်မှာ အသက် ၂၀ခန့် ရှိပါပြီ။ သူ့အမျိုးသားကလေးက အသက် ၂၄နှစ်။ ရှေ့သွားနောက်လိုက် ညီသည်ဟုပင် ကောက်ချက်ချရပေလိမ့်မည်။ ချစ်သူနှစ်ဦးစလုံးပင်



www.burmeseclassic.com

www.burmeseclassic.com

ခေတ်ပညာတတ် ဘွဲ့ရ။ အလုပ်အကိုင်ကိုယ်စီနှင့်၊ ခုနေသာ သူတို့ချစ်သူချင်း လက်ထပ်လိုက်ကြမည်ဆိုပါက နှစ်ဖက် မိဘဆွေမျိုးသားချင်းများအနေဖြင့် ကန့်ကွက်ကြလိမ့်မည် မဟုတ်။ ဝမ်းမြောက်ဝမ်းသာစွာဖြင့် "သည်လင် သည်မယား အိုအောင်မင်းအောင် ပေါင်းကြရပါစေ"ဟု ဆုတောင်းပေး လိုက်ကြဦးမည်သာ။

ခု မည်သို့ဖြစ်ရတာတဲ့နည်း။

ခင်ချိုဆက်ကတော့ "မေတ္တာဓာတ်တွေ ပျက်ပြီထင်ပါ ရဲ့"ဟု ကောက်ချက်ချသည်။ လောကမှာ ပြင်နိုင်ရန် ခက်ခဲ တာတွေ ရှိသည်။ အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည် စုတ်ထိုးတာတွေက သာဓကဖြစ်သည်။ အိမ်ထောင်ကျပြီး သွားပါက ဘယ်သူမှ အပျိုစင်၊ လူပျိုစင်တွေ မဖြစ်နိုင်တော့ပါ။

"ဆက်အနေနဲ့ မောင်ဇော်ထိုက်အပေါ် မေတ္တာကုန်ချင်တဲ့ သဘောလား"

"အဲသည်လိုလည်း မဟုတ်ရပါဘူး။ ဆက် ချစ်တာ ပေါ့။ ဆက်အနေနဲ့ အနေအထိုင် ဆင်ခြင်တာ အားလုံး အသိပါပဲ။ ကိုဇော် အထင်လွဲမယ့်၊ အမြင်စောင်းမယ့် ကိစ္စ တွေမှန်သမျှ ဘာတစ်ခုမှ လုပ်ခဲ့တာ မရှိဘူး"

"မောင်ဇော်ထိုက်ကရော ဆက် မကြိုက်တာတွေ လုပ်နေသလား"

"မျက်မြင်ပကတိ အခြေအနေအရ ဘာတစ်ခုမှ မရှိ သလောက်ပါပဲ။ အရက်မသောက်ဘူး။ လောင်းကစား မလုပ် ဘူး။ ဘယ်မိန်းကလေးနဲ့မှလည်း ပရောပရီလုပ်တာမျိုး မရှိ ဘူး။ အဲ···တစ်ခါတလေ ခံတွင်းနံ့ပျောက်အောင် ဆိုပြီး ကွမ်းယာလေး တစ်ယာစ နှစ်ယာစ ဝါးတာမျိုးတော့ ရှိတာ ပေါ့လေ"

သည်လိုမျိုး ဟီရိဩတ္တပ္ပတရားနှင့် ပြည့်စုံ၍ အနေ အထိုင်၊ အပြောအဆို၊ အပြုအမူ ယဉ်ကျေးလိမ္မာကြကုန် သော အရွယ်ကောင်း ချစ်သူနှစ်ဦးကိုဖြင့် အောင်မြင်သော ဘဝတစ်ခုတည်ဆောက်ဖြစ်စေလိုပါသည်။ အဆိုပါ ဆန္ဒကို အတွင်းသိ အစင်းသိတွေအနေနှင့်လည်း ပြည့်ဝစေချင်ကြ ကုန်သည်။

"သည့်အတွက်တော့ စိတ်ညည်းညူမနေပါနဲ့ ဆက် ရယ်။ အင်မတန် ထိရောက်အောင် လုပ်နိုင်တဲ့ လောကီ အစီအရင်ကလေးတစ်ခုရှိပါတယ်။ ပြောတဲ့အတိုင်းသာ ယုံယုံကြည်ကြည်လုပ်မယ်ဆိုရင်ဖြင့် မအောင်မြင်စရာ အကြောင်း ဘာမှမရှိပါဘူး"

"ဘယ်လိုလုပ်ရမှာလဲဟင်။ ပြောပြပါ။ ယုံယုံကြည် ကြည်နဲ့ လုပ်ပါ့မယ်"

"ဒါဖြင့် စွယ်တော်ရွက်တစ်ရွက်သွားခူးလာခဲ့"

"ဟုတ်ကဲ့"

စွယ်တော်ရွက်က စာရေးသူ၏ အိမ်ရှေ့မျက်နှာစာ[...] ရှိသည်။ ခင်ချိုဆက်လည်း သွက်လက်စွာဖြင့် အိမ်[...] ဆင်းကာ စွယ်တော်ရွက်သွားခူး၏။ ပြီးတော့ စာရေးသူလ[...] ထဲသို့ ထည့်၏။

"စွယ်တော်ရဲ့ သဘောက နှစ်လွှာပေါင်းမှ တစ်ရွ[...] ဖြစ်တာ။ အဲဒီဓာတ်ကို ယူပြီး ဆက်နဲ့ မောင်ဇော်ထိုက်[...] လည်း နှစ်ဦးပေါင်းတော့ ဘဝတစ်ခုဖြစ်ရမှာပေါ့ကွယ်"

ထိုသို့ပြောရင်း စွယ်တော်ရွက် ဘယ်ဘက်အခြမ်းတွ[...] ခင်ချိုဆက်ဟု ဘောလ်ပင်ဖြင့် ရေးလိုက်သည်။ နော[...] ညာဘက်အခြမ်းတွင် မောင်ဇော်ထိုက်ဟု ရေးလိုက်သ[...]

"ကိုင်း··· ဟောဒီ စွယ်တော်ရွက်ကို ယူသွ[...] ကိုယ်အိပ်တဲ့ ခေါင်းအုံးအောက်မှာ ထားအိပ်။ ၁၀ ရက်[...] ပြီဆိုရင် ထူးခြားလာလိမ့်မယ်"

စွယ်တော်ရွက်အစီအရင်လေးက တကယ့်ကို ထူး[...] လှပါဘိ။

စာရေးသူ စေညွှန်သည့်အတိုင်း ခင်ချိုဆက်သ[...] တစ်သဝေမတိမ်း လုပ်ခဲ့ပါသည်။ သို့ဖြင့် သတ်မှတ်ကာ[...] ၁၀ရက်ကျော်လွန်ပြီးသည့်သမယ စာရေးသူထံ ခင်ချိုဆ[...] ရောက်လာခဲ့ပါသည်။ တစ်ယောက်တည်းတော့ မဟုတ်[...] သူမနှင့်အတူ မောင်ဇော်ထိုက်လည်း ပါလာသည်။

"ကဲ - အပူကပ်တယ်လို့လည်း မထင်ပါနဲ့။ ဆက်[...] ကိုဇော်တို့ ရုံးတက် လက်မှတ်ထိုးကြတော့မယ်"

"ဟယ်···မြန်လှချည်လား"

"အဲဒါ မင်္ဂလာဆောင်ခံပွဲလေး ကျင်းပဖို့ နေ့ကောင်းရက် မြတ်သာ ရွေးပေးပေတော့"

မငြင်းသာပါ။ ခုလိုမျိုး ပွင့်လင်းရာသီ ဝါလကင်းလွတ်သည့် အခါသမယ၌ အာဝါဟ ဝိဝါဟများနှင့် ပတ်သက်[...] နေ့ကောင်းရက်သာတွေ ခဏခဏရွေးပေးနေကျ မဟုတ်[...] ကလား။

ချစ်သူတိုင်း ညားကြ၍ ညားကြသူတိုင်းလည်း ချစ်[...] ကြပါစေ ■

* * *

ဆရာဇီဝအောင်[...]



www.burmeseclassic.com

www.burmeseclassic.com

KIDSZONE®
Baby Fancy World

(1) Junction Square Level (2), C-228 C-235 C-248, Kamaryoot Tsp. Yngon
(2) Taw Win Center Level (2), 3084-3085, Da Gon Tsp. Yangon.
Ph : 09 524 2121, 09 4922 1290

www.burmeseclassic.com

www.burmeseclassic.com



# မှန်သောသစ္စာ

မြရာပင် မောင်တင်ယုံ

ကျွန်ုပ် မောင်ဖိုးစီသည် ရန်ကုန်မြို့ ဗဟန်းရပ်၊ ကြားတောရလမ်း၊ ရွှေတိဂုံဘုရားအရှေ့မုခ်ခြေရင်းရှိ အဘိုးတော်စပ်သူ ဘုန်းတော်ကြီးကျောင်းတွင် ကျောင်းကပ္ပိယတစ်ပိုင်းလုပ်၊ ကျောင်းအိပ်ကျောင်းစား တစ်ဖက်၊ တက္ကသိုလ်ကျောင်းသားဘဝဖြင့် နေစဉ်က ဖြစ်သည်။

ထိုစဉ်က ဟိုး ရှမ်းပြည်၊ အင်းလေးဘက်မှ လာရောက် သင်္ကန်းစည်း၍ ကိုရင်ဝတ် ပညာသင်ကြားနေသော ကိုရင် "ကုသလ" ဆိုတာ ရှိသည်။ ကျွန်ုပ် မောင်ဖိုးစီတို့က ကိုရင် ကုသလို့ပဲ ခေါ်သည်။ ထိုကိုရင် ကုသသည် ဖင်အလွန်ပေါ့ပါးသည်။ ဘာကလေး ခိုင်းလိုက် ခိုင်းလိုက် ရတ်ခနဲ ထပြေးလုပ်ပေးတတ်သည်။ နောက်ပြီး သိပ်လည်း လိမ္မာရေးခြားရှိပြီး အဘိုး(အဘ) ဘုန်းတော်ကြီး မူလတန်းသင် ကျောင်းမှာပင် ယခုနှစ် စတုတ္ထတန်းပညာကို သင်ကြားနေပေပြီ။ တစ်နှစ် တစ်တန်း မှန်မှန်အောင်မြင်သဖြင့် ယ... အားဖြင့် ၁၀နှစ်ခန့်သာ ... မည်။

မူလတန်းလွန်သည်... တွင် အခြေခံတန်းမှ စ၍ ... ကြီး စာဝါကို ဆက်တက်... သည်။ ထိုမှ အခြေခံ၊ ... ဒုတိယတန်း၊ အကြီးတန်း ... ဆိုသော အတန်းစဉ်တွေ... တော်ကြီး စာဝါဘွဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

နိုင်သည်အထိ ရည်ရွယ်ရင်းရှိကြောင်းလည်း သိရလေသည်။

ဒါပေမယ့် အဲဒီ ကိုရင် ကုသလမှာ ရုပ်ရည်ကလေး ဖြူဖြူချောချော။ ရယ်လိုက်လျှင်၊ ပြုံးလိုက်လျှင် ပါးချိုင့်ကလေးခွက်ဝင်၍ ချစ်စရာကလေးဖြစ်နေပေမယ့် တစ်ခေါင်းလုံးက အကွက်အကွက် ဒက်အနာများက သူ့ရုပ်၊ သူ့အလှကို အလွန်မှ အကျည်းတန်အရုပ်ဆိုးစေပါသည်။

တစ်ခေါင်းလုံး စွဲထင်နေသော ထိုဒက်ရောဂါအနာကို နည်းအမျိုးမျိုးဖြင့် ကုသကြလေသည်။ အင်္ဂလိပ်ဆေး ရာ အရေပြား အထူးကု သမားတော်များ၊ စားဆေး၊ လိမ်းဆေးများဖြင့် ကုသပါသော်လည်း ခဏတာမျှသာ ပျောက်ကင်းသယောင် အရိပ်ပြ၊ နောက်ပြီး အနာရောဂါက အကွက်လိုက် အကွက်လိုက် ပေါ်လာပြန်လေသည်။

မြန်မာဆေးမြီးတိုတွင် လူပြောများ၊ အထူးကောင်းလှသည်ဆိုသော ဟင်းနနွယ်အရိုင်းဆူးပေါက် ပဥ္စငါးပါးလုံးပါ အပင်ကို နေပြလှန်း၊ အဲဒီပင်ခြောက်ကို မီးရှို့ ပြာချ၊ နောက်ပြီး ရေနံချေးစစ်စစ်ဖြင့် သမရောမွှေ၊ ရရှိသော ထိုဆေးကို မီးမှျင်းမှျင်းပြ ညညခေါင်းမှာ လိမ်းအိပ်ပြီး ကုတာလည်း မပျောက်။

ကျွန်ုပ် မောင်ဖိုးစီလည်း ဒီကိုရင်ကုသအတွက် အတော်ပင် စိတ်မာမကောင်း။ သောက အလွန်ရောက်ရလေသည်။ ကောင်းနိုးရာရာ ဆရာ၊ ကောင်းနိုးရာရာ ဆေးဝါးတွေနှင့် ကုကြသည်ဖြစ်သော်လည်း ဘယ်ဆေးဆရာ၊ ဘယ်ဆေးခန်းမှ သက်သာပျောက်ကင်းသည် မရှိလေသဖြင့် အတော်အခက်ကြုံရလေတော့သည်။

ထိုစဉ် နောက်ဆုံး ဆေးနည်းတစ်ခုကို သွားသတိရမိလေသည်။ "ကတိသစ္စာတည်သော်ခါ၊ နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏" ဆိုသော အဆိုစကားကိုပင် ဖြစ်လေသည်။ မှန်သော သစ္စာစကားတိုင်တည် ဆေးကုသခြင်းကိုပင် ဖြစ်သည်။

တစ်နေ့၌ ကျွန်ုပ်သည် ရေစင်သန့်သန့်တစ်ခွက်ကို ယူ၊ ဇန်းတွင်ထည့်၍ ဘုရားစင်ရှေ့တည့်တည့်ချ၊ ဘုရားဝတ်ပြု ရှိခိုးပူဇော်ခြင်းအမှုကို ပြု၏။ မွှန်မွှန်မြတ်မြတ် တန်ဖိုးထား၊ ဆွမ်း၊ သစ်သီး၊ ပန်းမန်ကို ကပ်၏။ မျက်နှာသစ်ရေ၊ သောက်တော်ရေချမ်းတို့ကို ကပ်လှူ၏။ အမွှေးနံ့သာ၊ ဆီမီးထွန်းညှိ ဘုရားရှင်ထံ ဝတ်ပြု ရှိခိုးခြင်းအမှုကို ပြု၏။ သရဏဂုံတည်ဆောက်၊ ငါးပါးသီလခံယူ၊ မေတ္တာပို့၊ အမျှဝေ၊ သာဓုခေါ်၊ နောက်ပြီးမှ ဇန်းမှ ရေစင်ခွက်ကို ကိုင်၍ ဗုဒ္ဓဘုရားရှင်အား အာရုံပြု အဓိဋ္ဌာန်ထား၊ မှန်သော သစ္စာစကားကို ဆိုလေတော့သည်။

စကားဖြတ်ဆိုရသော် လွန်ခဲ့သော သုံးနှစ်ခန့်က ကျွန်ုပ်သည် တက္ကသိုလ်ကျောင်းမှ ကျွန်ုပ်နေထိုင်ရာ အဘိုး ဘုန်းတော်ကြီးကျောင်းသို့ အပြန်ကားလမ်းဖြတ်အကူးတွင် တစ်ဖက်မမြင်ကွယ်ရာမှ မောင်းဝင်လာသော ကားပွတ်တိုက်မိလေသဖြင့် ခေါင်းကိုလည်း အနည်းငယ် ထိမိ၍ ရှော့ခ်ဖြစ်ပြီး သတိလစ် မေ့မြောကာ ဆေးရုံပေါ်ရောက်ခဲ့ရသည်။

သတိမရတစ်ချက်၊ ရတစ်ချက်။ အဲဒီ ရတဲ့ သတိ၊ အသိကလေး တစ်ချက်အဝင်မှာပင် ကျွန်ုပ်သည် အခါမလပ် ကျင့်ကြံပွားများနေကျ ဘုရား၊ တရား၊ သံဃာ၊ မိဘနှင့် ကျေးဇူးရှင် ဆရာသမားများ၏ ဂုဏ်ကျေးဇူးတော်ကို မှန်းဆရည်မျှော်

အနန္တော အနန္တငါးပါးနှင့် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံ[...] သရဏံ ဂစ္ဆာမိ ဆိုပြီး သရဏဂုံတည်[...] ဆောက်ပြီး အမြဲမပြတ် အာဂုဏ်[...] စွဲမြဲအမှတ်ထားလေ့ ရှိပါသည်။

ထို့ကြောင့် ယခုလည်း ...

"ကျွန်ုပ်သည် ဤရတနာသုံး[...] အနန္တော အနန္တငါးပါးနှင့် သရဏ[...] တည်ဆောက်ခြင်းကို နေ့စဉ်မပြ[...] အစဉ်ထာဝရ ရွတ်ဖတ် သရဇ္ဈာ[...] ကျင့်ကြံပွားများ တည်ဆောက်ခြ[...] အမှုကို ပြုအပ်ခဲ့ပါသည်။

ဤမှန်သော သစ္စာစကားကြော[...] ဤရေစင်သည် ဆေးအဖြစ် အ[...] ထက်ရပါလို၏ ဘုရား။ ကိုရင် ကုသ[...] တွင် ကျရောက်စွဲကပ်နေသော အ[...] အနာရောဂါဝေဒနာတို့သည်လ[...] ပိန်းကြာရွက်ပေါ် ရေမတင်သကဲ့[...] လျှောကျ ပျောက်ဆုံးကုန်ရပါလို[...] ဘုရား"

ဟူ၍ သစ္စာဆိုပြီး ကို[...] ကုသလခေါင်းအား ထိုရေစင်လော[...] လေသော် ဘယ်ဆေးဝါးမှ ကုသ[...] ပျောက်ကင်းချမ်းသာခွင့် မရရှာ[...] သော ဒက်ဝေဒနာရောဂါတို့သ[...] နောက်ရက် ... နောက်ရက်[...] အလွှာလိုက် အလွှာလိုက် ခေါင်း[...] မှ ကွာကျ ပျောက်ဆုံးခြင်းသို့ [...] လေတော့သည်။

ဒါသည် ကျွန်ုပ်၏ ဤမှန်[...] သစ္စာစကားတော်ကြောင့်ဟု ကျွ[...] မောင်ဖိုးစီ အံ့ဩယုံကြည် [...] ချက်ချမိလေတော့သည်။

◈◈◈

ကျွန်ုပ် မောင်ဖိုးစီသည် [...] အပြီး၌ ကိုယ့်ရပ်ကိုယ့်ရွာ မွေး[...] နယ်မြို့ကလေးသို့ ပြန်လည်[...] ရောက်ရှိသောအခါ ကျွ[...]



www.burmeseclassic.com

www.burmeseclassic.com

ကြီးတော်စပ်သူသည် ဈေးသွား၊ အလုပ်သွား၊ အိမ်မှုကိစ္စများ ဆောင်ရွက်လျက် ကျန်းမာရွှင်လန်းစွာ ရှိနေပါသော်လည်း ကောက်ကာငင်ကာ အောက်ပိုင်းချည့်နဲ့သလိုဖြစ်ပြီး လမ်းလျှောက်မရ ဖင်ထိုင်ကျလေတော့သည်။

အစ်မကြီး မိသားစုသည် ရန်ကုန်မြို့ကြီးသို့ တက်၍ အကောင်းဆုံးဆိုသော ဆေးရုံ၊ ဆေးခန်းများတွင် လှည့်လည်ကုသကြလေသည်။ သို့သော် ရောဂါက အပြေပင် ရှာမရဆိုသော စစ်ချက်ဖြင့်သာ ဂုဏ်ပေါ် ပွဲ... ဘင် ချိမ၍ အိမ်ပြန်ခဲ့ရသည်ချည်းသာ ဖြစ်လေသည်။

ထိုရောဂါသည် နာကျင်ကိုက်ခဲ၍ မခံမရပ်နိုင်အောင် အော်နေရခြင်းလည်း မရှိ။ ထုံကျင်ရောင်ကိုင်း အထိခံနိုင်သည့် ဝေဒနာကိုလည်း မခံစားရ ပုံမှန်သွေးလေ ဖြတ်လျှောက်နေသော်လည်း မတ်တတ်ရပ်၍ မရ၊ လမ်းလျှောက်ဖို့ဆိုသည်မှာ စဉ်းတောင် စဉ်းစားနိုင်သည့် အဖြစ်ပင်။

ကျွန်ုပ်သည် အစ်မဖြစ်အင်ကို ကြည့်ပြီး စိတ်မသက်မသာဖြစ်ရသဖြင့် နောက်ဆုံးအဆင့် အထက်ပါ သစ္စာတရားကိုသာ တိုင်တည်ဆေးအဖြစ် ... ကျွေးပြီး သူ့ကိုယ်ခန္ဓာအနှံ့အား ... ထိုရေစင်ဖြင့် ပက်ဖျန်း၍ နေ့နေ့ ... ပြုအပ်လေသော် ရက်သတ္တ ... ပတ်ခန့်အတွင်း အစ်မသည် နဂို ... အကောင်းပကတိအတိုင်း လမ်း ... လျှောက်ခြင်းအမှုကို ပြုနိုင်လေတော့သည်။

ဒါသည်လည်း ဤမှန်သော ... စကားရဲ့ တန်ခိုးအာနုဘော် ... ပဲဟု ကျွန်ုပ်စိတ်မှာ စွဲထင် ... နက်ပြုမိလေတော့သည်။

◈◈◈

တစ်ချိန်တစ်ခါသော ကျွန်ုပ်သည် မွန်ပြည်နယ်၊ မြို့နယ်ကလေး တစ်ခုသို့ စီမံကိန်းချ လုပ်ကွက်တစ်ခုတွင် တာဝန်ကျ၍ ရောက်ရှိနေလေသည်။

ကျွန်ုပ် တာဝန်ကျရာ အလုပ်ဌာနအရပ်နှင့် ကျွန်ုပ် နေထိုင်ရာ ဝန်ထမ်းအိမ်ရာသည် မိုင်ဝက်ခရီးမျှ ကွာဝေး၍ နေ့စဉ်ပုံမှန် လမ်းလျှောက်သွားပြန်လေ့ရှိသည်။

တစ်နေ့သော် အရေးကြီးလုပ်ငန်းတစ်ရပ်ကို အပြီးအပြတ်လုပ်ရမည်ဖြစ်သဖြင့် တစ်နေကုန် လုပ်ပါသော်လည်း မပြီးမပြတ်လေသဖြင့် ညကြီးမိုးချုပ်တိုင် ဆက်ထိုင်လုပ်လေရာ ည ၉နာရီခွဲ ၁၀နာရီခန့်တွင် ထိုလုပ်ငန်းတို့ ပြီးပြတ်ခြင်းတိုင်လေတော့သည်။

ကျွန်ုပ်သည် အလုပ်ယူနီဖောင်းတို့ကိုပင် မချွတ်မလဲနိုင်အားတော့ဘဲ အိမ်ရှိရာသို့ သုတ်ခြေတင်၍ ည အမှောင်အတွင်း ဝင်ရောက်ပြန်လာခဲ့လေတော့သည်။

ပြည်နယ်မြို့ကလေး ဖြစ်သည်က တစ်ကြောင်း၊ နယ့်အစပ် မထင်မရှား မြို့ငယ်ကလေး၏ တစ်ဖက်အစွန်းကျ အရပ်လည်း ဖြစ်နေသည်က တစ်ကြောင်းကြောင့် ထိုအချိန်တွင် ယာဉ်စက်ဘီး၊ ဆိုက်ကားတို့လည်း မရှိတော့လေသဖြင့် ကျွန်ုပ်၏ အိမ်အပြန်ခရီးသည် ကိုယ့်ခြေထောက်ကိုယ်သုံးဆိုသလို တစ်ကိုယ်တည်း လမ်းလျှောက်ပြန်ဖြစ်လေတော့သည်။

ထိုစဉ်က ထိုမြို့ကလေးရှိ "အေးမေတ္တာ"ဆိုသော ဘုတာရုံကလေးနံဘေး မြေလမ်းကလေး အတိုင်း ဖြတ်လျှောက်ပြန်လာခြင်းဖြစ်သည်။ ထို အေးမေတ္တာဘုတာရုံကလေးနှင့် မနီးမဝေး လူတစ်ခေါ်သာ ခန်းခရီးတွင် ပင်စည်တုတ်တုတ် ထွားထွား အရွက်အခက် အုပ်အုပ်ဆိုင်းဆိုင်း စိမ်းစိမ်းစိုစို ကုက္ကိုပင်ကြီး တစ်ပင်လည်း ထီးထီးပေါက်လျက် ရှိလေသည်။

ထို ကုက္ကိုပင်ကြီးသည် နေ့ဘက် အရိပ်အာဝါသကောင်း၍ လူအများ တစ်ထောက်နားခိုနိုင်သော်လည်း ညဘက်အခါတွင် လူတစ်ဦးတစ်ယောက်မျှ ထိုအနား မသီမကပ်။ သရဲတစ္ဆေ အလွန်ခြောက်တတ်သည် ဟူသောအသိ စွဲကပ်လေသောကြောင့်ပင်ဖြစ်သည်။

ကျွန်ုပ်သည် ထိုသရဲတစ္ဆေ ဆိုတာကို အယုံအကြည်မရှိ။ ကြောက်ခြင်း၊ ထိတ်လန့်ခြင်း၊ ရွံ့ ခြင်းလည်း အလျဉ်းမရှိတတ်ပေ။ လရေးရေး အောက် ထိုကုက္ကိုပင်အောက်မှပင် ဖြတ်ပြန်ခဲ့ရလေသည်။ ထိုစဉ် ကုက္ကိုပင် ဟိုတစ်ဖက်ဘေး လမ်းတစ်ဖက်ချုံအကွယ်ကို မျက်နှာမူပြီး ကျွန်ုပ်အား ကျောပေးထိုင်၍ အပေါ့အပါးသွားနေသော လူတစ်ယောက်ကို မှောင်မှောင်မည်းမည်းအရိပ်အောက်တွင် တွေ့မြင်လိုက်ရလေသည်။

ကျွန်ုပ်သည် အတော်ပင် ဝမ်းမြောက်ဝမ်းသာဖြစ်သွားမိလေသည်။ ထိုလူသည်လည်း ကျွန်ုပ်လိုပင် တစ်ဖက်ရွာများဆီသို့ လမ်းလျှောက်ဖြတ်ပြန်မည့်သူ ဖြစ်နိုင်ကြောင်း၊ ခုချိန်တွင် ရွာတွင်းမှ လူများသည် ကုက္ကိုပင်အောက်တွင် မလွတ်မကင်း အပေါ့အခင်းကို ဘယ်သူတစ်ဦးတစ်ယောက်မှ လာစွန့်ပစ်မည် မဟုတ်နိုင်သောကြောင့်ဖြစ်သည်။ ခုတော့ အဖော်ရပြီဟူသော အသိကြောင့် ကျွန်ုပ်ဝမ်းသာမိခြင်းဖြစ်သည်။ ကျွန်ုပ်သည် ထိုလူ အပေါ့အပါးသွားခြင်းကို အနေဖြင့်



www.burmeseclassic.com

www.burmeseclassic.com

အယုက်တစ်စုံတစ်ရာဖြစ်မည်စိုးသောကြောင့် ရှေ့မှဆက်သွားရင်း စောင့်နေမိသည်။

ထိုစဉ် ကျွန်ုပ် အထင်ရှိသည့်အတိုင်း ကျွန်ုပ်နောက်မှ ခြေသံတရှပ်ရှပ်ဖြင့် အသံပြု အမီလိုက်လာကြောင်း သိရလေတော့သည်။ သို့သော် ကျွန်ုပ်နှင့် မီနိုင်သောအရပ်ရောက်သော်လည်း ကျွန်ုပ်နှင့် ယှဉ်မသွားဘဲ နောက်နားဆီမှသာ တရှပ်ရှပ်အသံပေး လိုက်လာသဖြင့် ကျွန်ုပ် ဖျတ်ခနဲ လှည့်ကြည့်လေသော် လူတော့ လူသဏ္ဌာန်ပင်။ ပီပီပြင်ပြင်မရှိသော လူတစ်ဦးဖြစ်နေလေသည်။ ထိုအခါ ကျွန်ုပ်သည် ဘောင်းဘီတွင် ပတ်ဆင်ထားသော လီဗိုက်ခေါ် ခါးပတ်အား ချွတ်၍ ထိုသူအား တဖြန်းဖြန်းဖြင့် လှည့်ရိုက်လေသော် ဘယ်လိုမှ မဖြစ်။ ကျွန်ုပ်တစ်ဦးတည်းသာ လေတွင် ဝှေ့ရမ်းရိုက်နေရသလိုမျိုး ဖြစ်နေတော့သည်။

ကျွန်ုပ်က "မင်း ငါ့ကို မနှောင့်ယှက်နဲ့။ ငါ့ခရီး ငါ ဖြောင့်ဖြောင့်တန်းတန်းသွားပါရစေ။ မင်း နေခဲ့တော့" ဟု ဆိုပြောပြောပြီး ရှေ့ဆက်သွားလေသော်၊ ကျွန်ုပ်စကားအား မကြားလေဟန်ပြု၍ တရှပ်ရှပ်အသံပြုလျက် နောက်မှသာ ထက်ကြပ်မကွာ လိုက်မြဲလိုက်နေလေသည်။

ကျွန်ုပ်သည် အလွန်တရာ ဒေါသပေါက်ကွဲပြီး လက်တွင် ဆွဲကိုင်ထားသော ခါးပတ်နှင့် လွှဲရိုက်မိပြန်လေသည်။ အားကုန်လွှဲရိုက်သော်လည်း ကျွန်ုပ်သည်သာ တစ်ဦးတည်း၊ တစ်ယောက်တည်း ပတ်ချာလည်၍ အရူးကြီးတစ်ပိုင်းသဖွယ်ဖြစ်နေလေသည်။ နောက်ဆုံး အမောသာ အဖတ်တင် ကျန်ရစ်လေတော့သည်။

ထိုကဲ့သို့ သူက နောက်မှ လိုက်လာ၊ ကျွန်ုပ်က လွှဲရိုက်လိုက်ဖြင့် အတောမသတ်နိုင်ဖြစ်နေစဉ် ကျွန်ုပ်၏ ခေါင်းထဲတွင် လက်ခနဲ အကြံတစ်ခု စီးဝင်သည်နှင့် နောက်ဆုံး ဖြစ်နိုင်သည်ကို ပြုကျင့်မိလေတော့သည်။

ထိုနေရာတွင် စာရှုသူအား စကားဖြတ်ပြောရသော် ကျွန်ုပ်သည် ဂုဏ်တော်ပဌာန်း (သို့မဟုတ်) ဂါထာတော်တစ်ပုဒ်ရွတ်ဖတ်လေတော့မည်ဟု ထင်ကောင်း ထင်မြင်မိကြပေလိမ့်မည်။ မဟုတ်ရပါ။ ကျွန်ုပ် ရွတ်ဖတ်မည်ဆိုလျှင် ဩကာသ ကန်တော့ခန်းမှစ ဘုရားရှိခိုးအမျိုးမျိုး၊ တောင်ကျွန်း၊ မြောက်ကျွန်း၊ အရှေ့ကျွန်း သမ္ဗုဒ္ဓေ ဂါထာတော်၊ ပရိတ်ကြီး (၁၁)သုတ်၊ ဂုဏ်တော်ကွန်ချာ၊ အာဋာနာဋိယသုတ် အစရှိသည်တို့ကို နှုတ်တိုက်ရွတ်ဆိုရရှိသော်လည်း ကျွန်ုပ် မရွတ်မဆိုခဲ့ပေ။ ကျွန်ုပ်ရွတ်ဆို တိုင်တည်သည်မှာ သစ္စာစကားပင် ဖြစ်လေတော့၏။ ကျွန်ုပ်ရွတ်ဆို တိုင်တည်သော သစ္စာစကားမှာ···

"ဘုရားတပည့်တော်တို့ ယုံယုံကြည်ကြည် လေးလေးစားစား ရိုသေဝပ်တွားဆည်းကပ် ကိုးကွယ်အားထားယုံကြည်ရာ ရှင်တော် ဂေါတမ မြတ်စွာဘုရားရှင်သည် အရဟံ အစရှိသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူပါပေသည်။ အရဟံ အစရှိသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူပါပေသည်"

ဟူ၍ သုံးကြိမ်သုံးခါတိုင် ရွတ်ပွားလိုက်မိလေသည်။

ဤမှန်သော သစ္စာစကားကြောင့် ကျွန်ုပ်နောက်တွင် တကောက်ကောက်လိုက်နေသော ထိုအနှောင့် နာနာဘာဝ ပုဂ္ဂိုလ်သည် ခြေလှမ်း ၁၀လှမ်းပြည့်သည်နှင့် အချိန်အခါမဟုတ်၊ မကြံ့

စဖူး ထက်ကောင်းကင်မှ မိုးကြိုး
၍ လဲပြိုကျ ကျန်ရစ်ခဲ့ပါစေသော

ဟူ၍ သစ္စာတိုင်ဆိုလိုက်
သည်။

ထိုသစ္စာစကားဆိုပြီးသည်
ကျွန်ုပ်သည် ရှေ့သို့ တစ်လှမ်း
လှမ်း၊ သုံးလှမ်း အစရှိသဖြင့်
သွားလေသော်၊ ထိုပုဂ္ဂိုလ်လည်း
နောက်ကျောဘေးမှ ဆက်လို
လိုက်လာလေသည်။

သို့သော် ကျွန်ုပ်နှုတ်ဖျား
မှ "ကိုးလှမ်း" ဟူ၍ ရွတ်ဆိုအ
တွင်တော့ ကျွန်ုပ်နောက်မှ က
ပါလာသော အနီ နာနာဘာဝ
၏ ခြေသံကိုလည်း မကြား
သလို၊ အရိပ်အယောင်လည်း
ပျောက်ကွယ်သွားလေသည်။
သည်လည်း ထိုစဉ်မှစ တစ်ကိုယ
ဘေးကင်းရန်ကွာ အိမ်ရှိရာအ
အေးအေးသက်သာ ပြန်ခဲ့နိုင်လေ
သတည်း ■

(ကြည်လင် အေးမြ

* * *

မြရာပင့်မောင်





www.burmeseclassic.com

www.burmeseclassic.com




## ၂၀၁၃ – ဒီဇင်ဘာလ၊ ကောင်းကင်ဂြိုဟ်ရပ်တည်မှု

၂၀၁၃၊ ဒီဇင်ဘာလ၏ ကောင်းကင်ထက်၌ ဗြိစ္ဆာရာသီရောက် တနင်္ဂနွေဂြိုဟ် နိုဝင်ဘာ ၁၆ရက်နေ့တွင် ဓနုရာသီသို့ ပြောင်းရွှေ့ဝင်ရောက်မည်ဖြစ်ပြီး အင်္ဂါဂြိုဟ် ကန်ရာသီ၌ ရပ်တည်နေပါမည်။ တူရာသီမှ ဗုဒ္ဓဟူးဂြိုဟ် ဒီဇင်ဘာ ၂ရက်နေ့၌ ဗြိစ္ဆာရာသီ၊ ဒီဇင်ဘာ ၂၁ရက်နေ့တွင် ဓနုရာသီသို့ ပြောင်းရွှေ့ ရပ်တည်ပါမည်။ မေထုန်ရာသီတွင် တည်ရှိနေသော ကြာသပတေးဂြိုဟ် ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ဆက်လက်၍ဖောက်ပြန်သွားလာပါမည်။ ဒီဇင်ဘာ ၆ရက်နေ့ တွင် ဓနုရာသီမှ သောကြာဂြိုဟ် မကာရရာသီသို့ ပြောင်းရွှေ့ရပ်တည်ပြီး ဒီဇင်ဘာ ၂၂ရက်နေ့၌ ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ဖောက်ပြန်၍သွားလာပါမည်။ စနေဂြိုဟ် တူရာသီတွင် ရပ်တည်နေပြီး ရာဟုနှင့် ကိတ်ဂြိုဟ်များ တူနှင့် မိဿရာသီများအတွင်း တည်ရှိနေ၍ ယူရေးနပ်စ်ဂြိုဟ် မိန်ရာသီ၌ ဒီဇင်ဘာ ၁၅ရက်နေ့တွင် အတည့်ပြန်သွားပြီး နက်ပကျွန်းဂြိုဟ် ကုမ်ရာသီ၊ ပလူတိုဂြိုဟ် ဓနုရာသီအတွင်း တည်ရှိနေပါလိမ့်မည်။ ဒီဇင်ဘာ ၁ရက်နေ့၊ မြန်မာစံတော်ချိန် ညနေ ၄နာရီ ၂၄မိနစ်တွင် လမင်းအား ၄ရာခိုင်နှုန်းခန့်ရှိသော လမင်းနှင့် စနေဂြိုဟ်ယှိုင်ထောင့် (၂.၂)ဒီဂရီအကွာအဝေးဖြင့် အရှေ့လောင်ဂျီတွဒ် ၆ ဒီဂရီ ၂၅မိနစ်နှင့် တောင်လတ္တီတွဒ် ၁၄ ဒီဂရီ ၅၅မိနစ်၊ အင်ဂိုလာနိုင်ငံအနောက်ပိုင်း တောင်အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ဆုံယှဉ်ပါမည်။ ဒီဇင်ဘာ ၂၇ရက်နေ့ နံနက် ၇နာရီ ၂၉မိနစ်တွင် ကန်ရာသီအတွင်းရှိ စိတြနက္ခတ်ကြယ် (Star Spica) မှ လမင်းအား ထွင်းဖောက်သောဖြစ်စဉ် ဖြစ်ပေါ်ပါမည်။ အရှေ့လောင်ဂျီတွဒ် ၉၁ဒီဂရီ ၁၄မိနစ်နှင့် တောင်လတ္တီတွဒ် ၀၉ ဒီဂရီ ၅၆မိနစ်၊ အင်ဒိုနီးရှားနိုင်ငံအနောက်တောင်ပိုင်း၊ အိန္ဒိယသမုဒ္ဒရာအတွင်း ဖြစ်စဉ်ဖြစ်ပေါ်ပြီး မြန်မာနိုင်ငံ၏ မွန်းတည့် ကောင်းကင်တွင် ဖြစ်သည်။ ဖြစ်စဉ်မဖြစ်မီ နံနက် ၁နာရီခွဲခန့်မှ အရုဏ်တက်ချိန်အတွင်း အရှေ့ဘက် မိုးကောင်းကင်၌




www.burmeseclassic.com


www.burmeseclassic.com

လေ့လာနိုင်သည်။ အလင်းအား ၄၀ရာခိုင်နှုန်းခန့်ရှိသော လခြမ်းသဏ္ဍာန် လမင်းအနီးနား၌ စိတြနက္ခတ်ကြယ်အား တွေ့ မြင်နိုင်ပါမည်။ ယင်းတို့၏ မလှမ်းမကမ်း၌ အင်္ဂါဂြိုဟ်ကို ကြယ်ပွင့်အနီသဏ္ဍာန်ဖြင့် တွေ့မြင်ရပါလိမ့်မည်။

ဒီဇင်ဘာ ၂၉ရက်နေ့ မြန်မာစံတော်ချိန် နံနက် ၉နာရီတွင် ဗုဒ္ဓဟူးဂြိုဟ် နေ၏ အနောက်ဘက် ဂြိုဟ်ပတ်လမ်းကြောင်း ထဲ ရောက်ရှိပြီး ကမ္ဘာဖြင့် တစ်တန်းတည်းကျရောက်ပါမည်။ ဗုဒ္ဓဟူးဂြိုဟ် နေ၏ လောင်မြိုက်မှုခံရသော ဖြစ်စဉ် အဖွဲ့ဟုမိသောဖြစ်စဉ်အဖြစ် ခေါ်ဆိုနိုင်ပြီး ဖြစ်စဉ်အား မမြင်တွေ့နိုင်ပါ။ ဒီဇင်ဘာ ၃၀ရက်နေ့ မြန်မာစံတော်ချိန် နံနက် ၅နာရီ ၀၁မိနစ်တွင် အလင်းအား ၉ရာခိုင်နှုန်းခန့်ရှိသော လမင်းကို ဗြိစ္ဆာရာသီကြယ်စုမှ Star Graffias ကြယ်မှ နီးကပ်စွာ ထွင်းဖောက်သောဖြစ်စဉ် ဖြစ်ပေါ်လာပါမည်။ ယင်းဖြစ်စဉ်အား အရှေ့ဘက် မြန်မာ့မိုးကောင်းကင်တွင် နံနက် ၄နာရီခွဲမှ အရုဏ်တက်ချိန်အတွင်း လေ့လာကြည့်ရှုနိုင်သည်။ လခြမ်းသဏ္ဍာန် လမင်းအား Star Graffias ကြယ်၏ အထက်နားတွင် တွေ့မြင်နိုင်မည်။




Star Graffias ကြယ်ဖြင့် လမင်းပူးယှဉ်နေပုံ




Star Spica (စိတြနက္ခတ်)ကြယ်ဖြင့် လမင်းပူးယှဉ်နေပုံ

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃၊ ဒီဇင်ဘာလ (၁၂)ရာသီ လက်ပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မာ

## ARIES



**မိဿလက်**

စိတ်ရှုပ်ထွေးမှု များပြားသော်လည်း လုပ်ငန်းတွင် ထူးခြားစွာ အကျိုးရှိ ကံကောင်းမည်။ ထီငံ့ပါက် သကဲ့သို့ ငွေကြေးအများအပြားရရှိတတ်သည်။ စပ်တူစပ်ဖက် ထီကံစမ်းပေးပါ။ လုပ်ငန်းသစ်များ ဆောင်ရွက်ရန် အခွင့်အလမ်းကောင်းများ ပေါ်ပေါက်လာတတ်သည်။ ဩဇာအရှိန်အဝါမြင့်မားသော ကာလ။ အတိုက်အခံများကြောင့် အမှုပြဿနာများ တွေ့ကြုံရင်ဆိုင်ဖြေရှင်းရတတ်သည်။ စိတ်လိုက်မာန်ပါ ဆောင်ရွက်လုပ်ကိုင်မှုများ သတိပြု ဆင်ခြင်ပါ။ ဦးခေါင်းနာကျင်ကိုက်ခဲမှုဝေဒနာများ ခံစားရတတ်သည်။ လုပ်ငန်းရှင်များ တရားမဝင်လုပ်ငန်းကိစ္စများ သတိပြု ရှောင်ကြဉ်သင့်ချိန်။ ပညာသင်ကြားနေသူများ လူမှုရေး၊ အပျော်အပါးကိစ္စများကြောင့် ရည်မှန်းချက်များ လွဲချော်ချိန်။ အိမ်ထောင်ရှင်များ အိမ်တွင်းရေး ကတောက်ကဆ ပြဿနာအသေးအဖွဲများ တွေ့ကြုံရင်ဆိုင်ဖြေရှင်းရမည်။ ချစ်သူများ တစ်ဦးနှင့်တစ်ဦး နားလည်မှု လွဲချော်နေမည့်အချိန်ကာလ။

---

## TAURUS



**ပြိဿလက်**

အခွင့်အရေးကောင်းများ ပေါ်ပေါက်လာသော်လည်း ဝီရိယအားနည်းမှုကြောင့် လွဲချော်နေမည်။ လူမှုရေး အားနာမှုများကြောင့် ငွေကြေးဆုံးရှုံးမှုများ ရင်ဆိုင်ရတတ်သည်။ ကံအကောင်း-အဆိုး ဒွန်တွဲနေချိန်။ အထက်အကြီးအကဲများနှင့် ပတ်သက်၍ အတိုက်အခံ၊ ပဋိပက္ခများ တွေ့ကြုံရင်ဆိုင်ရတတ်သည်။ အတိုက်အခံပြဿနာ သောကမီးများ ဝန်းရံနေသည့်အချိန်ကာလ။ လူမှုရေးထိုးနှက်ချက်များအောက် အလင်းရောင် ကွယ်ပျောက်သောအချိန်။ အရာရာ၌ စိတ်အလိုမကျမှုများ ပြည့်နှက်နေတတ်သည်။ အေးချမ်းတည်ငြိမ်သည့် စိတ်ခွန်အားဖြင့် အတားအဆီးများ ကျော်ဖြတ်သင့်ချိန်။ လုပ်ငန်းရှင်များ ငွေကြေးပိုင်း ဆုံးရှုံးနစ်နာမှုများ တွေ့ကြုံရမည့် အချိန်ကာလ။ ပညာရေးတွင် ကျန်းမာရေးအညံ့ကြောင့် အဆင်မပြေမှုများ တွေ့ကြုံမည်။ အိမ်ထောင်ရှင်များ အိမ်တွင်းရေးပဋိပက္ခများ ပြင်းထန်ပေါက်ကွဲချိန်။ ချစ်သူများ အချစ်ရေးကံခေမှု များပြား၍ စိတ်ဖိစီးမှု မကြာခဏ တွေ့ကြုံတတ်သည်။

---

## GEMINI



**မေထုန်လက်**

တောက်ပသော ရွှေရောင်နေ့ရက်များအောက် အေးချမ်းစွာဖြင့် ခရီးနှင် ရွက်လွှင့်နိုင်ချိန်။ ငွေကြေးကံ အထူးကောင်းမွန်၍ ထီကံစမ်းပေးသင့်ချိန်။ အဖက်ဖက်မှ တိုးတက်ပြည့်စုံ ကြွယ်ဝမှုများ စိတ်တိုင်းကျ ပုံဖော်ခွင့်ရရှိမည်။ တည့်မတ် မှန်ကန်သော ဆုံးဖြတ်ချက်များဖြင့် အောင်မြင်မှုများ တည်ဆောက်နိုင်မည်။ ကံကောင်း စန်းထ၍ ရည်ရွယ်ချက်၊ ရည်မှန်းချက်များ ထူးခြားစွာ ပြည့်စုံအောင်မြင်လာချိန်။ ဘာသာရေးနှင့် အလှူမင်္ဂလာကိစ္စများ မိသားစု၌ ဆောင်ရွက်ခွင့်ရရှိမည်။ ထမ်းရွက်သော ရာထူးတာဝန်များ၊ လုပ်ငန်းတာဝန်များအတွက် စိတ်သောက များပြားတတ်သည့် အချိန်ကာလ။ လုပ်ငန်းရှင်များ ငွေကြေး၊ စီးပွားဖြစ်ထွန်းမှုကံ အထူးကောင်းမွန်လာမည်။ ပညာသင်ကြားသူများ ပညာရေးတွင် အတိုက်အခံများကြားမှ အောင်မြင်မှုများ ရရှိချိန်။ အိမ်ထောင်ရှင်များ အိမ်ထောင်ဖက်နှင့် ပတ်သက်၍ ငွေကြေးအကျိုးပေးကံ ကောင်းမွန်ချိန်။ ချစ်သူများ ရည်ရွယ်၊ ရည်မှန်းချက်တို့ အောင်မြင်ပြည့်ဝ ကံကောင်းချိန်။

---

## CANCER



**ကရကဋ်လက်**

အမည်နှင့် ဂုဏ်သတင်း ထင်ရှားကျော်ကြားမည့် အချိန်ကာလ။ ဆောင်ရွက်ကြိုးပမ်းမှုများ၌ အလွယ်တကူ ပြည့်ဝ အောင်မြင်မည့်အချိန်။ ငွေကြေးကြွေးမြီဟောင်းများ ပြန်လည်ရရှိမည့်အချိန်ကာလ။ ထီကံစမ်းပေးသင့်ပြီး လုံ့လ ဝီရိယအကျိုး ခံစားရမည်။ အောင်မြင်တိုးတက်မှုများ ရယူပိုင်ဆိုင်ခွင့်ရှိမည်။ ဘုန်းကံဩဇာအရှိန်အဝါ တောက်ပ လင်းလက်ပြီး အောင်မြင်မှု ကြယ်ပွင့်များ လက်ဝယ်သို့ ရောက်ရှိလာချိန်။ ဘာသာရေးနှင့် အလှူအတန်းကိစ္စများ ထူးခြားစွာ ဆောင်ရွက်ခွင့်ရရှိချိန်။ မိသားစုနှင့် ပတ်သက်၍ ကံကောင်းသော အခွင့်အရေးသစ်များ ပေါ်ပေါက်တွေ့ကြုံလာမည်။ လုပ်ငန်းရှင်များ ငွေကြေးအကျိုးအမြတ်များ ထူးခြားစွာရရှိမည့် အချိန်ကာလ။ ပညာသင်ကြားနေသူများ လုံ့လ၊ ဝီရိယအကျိုး ခံစားရမည်၊ အိမ်ထောင်ရှင်များ ငွေကြေး၊ စီးပွားဥစ္စာတိုးတက်ဖြစ်ထွန်းပြီး အေးချမ်းမှုဖြင့် ပြည့်စုံချိန်။ ချစ်သူအတွက် ပင်ပန်းမှုများ ပြင်းထန်နေမည့် အချိန်ကာလ။



www.burmeseclassic.com

www.burmeseclassic.com

## LEO



## သိဟ်လဂ်

အတိုက်အခံပြဿနာမကင်းသည့် ငွေကြေးပိုင်း အကျိုးရှိ ကံကောင်းမှုများ တွေ့ကြုံလာမည် လုပ်ငန်း၌ ကြီးမားသော အပြောင်းအလဲများ တွေ့ကြုံ ရင်ဆိုင်ရမည့်အချိန်ကာလ။ ဝေခွဲဆုံးဖြတ်ရန် ခက်ခဲသောအကြောင်းကိစ္စများ ပေါ်ပေါက်လာတတ်သည်။ ဦးခေါင်းနာကျင်ကိုက်ခဲမှု ကျန်းမာရေးအညံ့ကိစ္စများ တွေ့ကြုံရတတ်သည်။ လုပ်ငန်း၌ ကံကြမ္မာ၏ မျက်နှာသာပေး… တွေ့ကြုံသော်လည်း စိတ်ပင်ပန်းဖိစီးမှုများပြားပြီး လုပ်ငန်း၌ အကျိုးခံစားခွင့်များ နည်းပါး… အတိုက်အခံများ ဖြေရှင်းရာ၌ အကူအညီများ ရရှိမည်။ ဘာသာရေးကိစ္စများ အလေးအနက်ထား ဆောင်ရွက်ပါ။ လုပ်ငန်းရှင်များ ကံဇာတာအကောင်း-အဆိုး ဒွန်တွဲနေမည့်အချိန်ကာလ။ ပညာသင် ကြားနေသူများ အခက်အခဲများကြားမှ ပညာရေးအောင်မြင်မှုများ ဖန်တီးပုံဖော်နိုင်မည်။ အိမ်ထောင် ရှင်များ မိမိအိမ်ထောင်ဖက်၏ ကံဇာတာမြင့်မားတိုးတက်သော အချိန်ကာလ။ အခက်အခဲများ ကျော်ဖြတ်ရန် ချစ်သူထံမှ အကူအညီကောင်းများ ရရှိမည်။

## VIRGO



## ကန်လဂ်

ပြဿနာတစ်ခုပြီးတစ်ခု ရင်ဆိုင်ရမည်။ ပင်ပန်းပြီး အရာမထင်သည့် ကာလဖြစ်သည်။ မိမိဆုံးဖြတ်… များယွင်းတတ်ပြီး ငွေကြေးဆုံးရှုံးနစ်နာမည်။ အကြီးအကဲ၊ မိသားစုအသိုင်းအဝန်းဖြင့် နားလည်မှု လွဲချော်နေမည်။ ခိုက်ရန်ဒေါသ ထိန်းချုပ်ပါ။ လုပ်ငန်းတွင် အခက်အခဲများ စိန်ခေါ်နေသော်လည်း မှန်ကန်သော ဆုံးဖြတ် ယူဆချက်ဖြင့် အောင်မြင်စွာ ကျော်ဖြတ်နိုင်မည်။ ဘာသာရေးကိစ္စများ ထူးခြားစွာ ဆောင်ရွက်ရချိန်။ ခက်ခဲပင်ပန်းမှု၏ နောက်ကွယ်မှ အောင်မြင်မှုပန်းတိုင်ဆီသို့ လှမ်း… လှမ်းနိုင်မည်။ လုပ်ငန်းရှင်များ အောက်လက်ကြောင့် ဆုံးရှုံးနစ်နာမှုများ တွေ့ကြုံတတ်သည်။ ပညာသင်ကြားနေသူ… …သည့် ပြင်းထန်စွာ တွေ့ကြုံတတ်သည့် အချိန်ကာလ။ အိမ်ထောင်ရှင် များ ဆွေမျိုးသားချင်းအရေးကိစ္စများအတွက် အတိုက်အခံ၊ ပဋိပက္ခများ တွေ့ကြုံရင်ဆိုင်ရတတ် သည်။ ချစ်သူဖြင့် အမုန်းစစ်ပွဲများ ရင်ဆိုင်ဖြေရှင်းရမည့် အချိန်ကာလ။

## LIBRA



## တူလဂ်

ကံကောင်းကြီးပွားမှုများ တွေ့ကြုံ၍ မိမိကြိုးပမ်း ဆောင်ရွက်မှုများ လွယ်ကူစွာ ပြည့်ဝအောင်မြင်… ဘုန်းကံသြဇာအရှိန်အဝါ မြင့်မားတိုးတက်၍ အခွင့်အရေးကောင်းများ လက်ဝယ်ရောက်ရှိလာမည် လူမှုရေးနယ်ပယ်၌ စန်းထသော အချိန်ကာလ။ လူမှုရေးအဆင်မပြေမှုနှင့် အတိုက်အခံ အ… အဆီးများ ရင်ဆိုင်ကျော်ဖြတ်ရမည်။ ခရီးဝေးသွားလာမှု များပြားတတ်ပြီး နိုင်ငံရပ်ခြားခရီးစဉ်များ တွေ့ကြုံပေါ်ပေါက်တတ်သည်။ စိတ်ဆိုးဒေါသဖြစ်ရမှုနှင့် စိတ်အလိုမကျ ပေါက်ကွဲလိုမှုများ လွှမ်း… ထားချိန်။ ကျန်းမာရေးအညံ့နှင့် မတော်တဆ ထိခိုက်ဒဏ်ရာရရှိမှုများ သတိပြုပါ။ လုပ်ငန်း… ငွေကြေးပိုင်း အကျိုးရှိသော်လည်း လက်ထဲ၌ ငွေမမြဲသောကာလ။ လုပ်ငန်းရှင်များ အခွင့်အရေး… ပေါ်ပေါက်လာပြီး ပြန်လည်ပျောက်ကွယ်သွားတတ်သည်။ ပညာရေးတွင် ပင်ပန်းပြီး အကျိုးမ… တတ်သည်။ အိမ်ထောင်ရှင်များ မိသားစုအရေးကိစ္စများအတွက် ပင်ပန်းမှု ပြင်းထန်… ပြဿနာရှာသည့် ချစ်သူအပေါ် အလျှော့ပေး အနစ်နာခံရချိန်။

## SCORPIO



## ဗြိစ္ဆာလဂ်

ကျန်းမာရေးအညံ့ဖြစ်စဉ်များ ရင်ဆိုင်တွေ့ကြုံတတ်သည်။ အပူများခြင်း အဖျားကြီးခြင်း ရော… ဝေဒနာများ ခံစားရချိန်။ စိတ်ဆိုးဒေါသဖြစ်ရသော အကြောင်းကိစ္စရပ်များ သတိပြုပါ။ အတို… အခံများကြောင့် သောကကြုံမည်။ မတော်တဆ ထိခိုက်မှုများ တွေ့ကြုံတတ်သည်။ အတိုက်အ… များပြားသောကာလဖြစ်ပြီး ဆုံးရှုံးမှုကြီးမားတတ်သည်။ ဆန့်ကျင်ဘက် ဆောင်ရွက်လိုမှုနှင့် ဒေါ… တရားကို ထိန်းချုပ်ပါ။ တန်ဖိုးကြီး ပစ္စည်းများ ပျောက်ရှ ပျက်စီးတတ်သည်။ ဆုံးဖြတ်ယူဆချက်… လွဲချော်၍ အရာရာ၌ ကံခေနေမည်။ လုပ်ငန်းရှင်များ လူမှုရေးပြဿနာ အနှောင့်အယှက်… ရင်ဆိုင်ရတတ်သည်။ ပညာသင်ကြားနေသူများ စိတ်လေလွင့်မှု များပြားနေသည့်အချိန်ကာ… အိမ်ထောင်ရှင်များ အိမ်ထောင်ဖက်၏ သံသယပြဿနာများကြား ဗျာများနေတတ်သည်။ ချ… အဝေးဆုံးတွင် ရောက်ရှိနေတတ်သည့် အချိန်ကာလ။



www.burmeseclassic.com

www.burmeseclassic.com

SAGITTARIUS



**ဓနုလဂ်**

ကံဇာတာကောင်းမွန်သော အခြေအနေတွင် ရပ်တည်နေပြီး လုပ်ငန်းကိစ္စများအတွက် ခရီးဝေးများ သွားလာရပြီး အကျိုးရှိမည်။ လုပ်ငန်းကိစ္စများတွင် အထူးအခွင့်အရေးများ ရရှိပြီး အောင်မြင်သော လမ်းကြောင်းထက် ဆက်လက်ရပ်တည်နိုင်မည်။ မိမိနှင့် မိသားစုအတွင်း ကြီးပွားအောင်မြင် တိုးတက်မည်။ အိမ်ခြံမြေယာဉ်တို့နှင့် ပတ်သက်၍ အကျိုးရှိမည်။ ငွေကြေးရှာဖွေရလွယ်ကူပြီး နိုင်ငံခြားငွေကြေးရရှိမှုကံ ကောင်းမွန်မည်။ ဘာပဲလုပ်လုပ် အဆင်ပြေနေသည့် ကာလဖြစ်သည်။ လူမှုရေးအနှောင့်အယှက်ကိစ္စများအတွက် ခေါင်းစားနေမည်။ နိုင်ငံခြားနှင့် ပတ်သက်သည့် ငွေကြေးအကျိုးခံစားခွင့်များ ရရှိမည်။ အဆက်အသွယ်သစ်များ ရရှိနိုင်သည့် ကာလဖြစ်သည်။ ငွေကုန်ကျမှု များပြားနေမည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေး အတိုက်အခံ ပဋိပက္ခများပြားသော ကာလဖြစ်သည်။ ချစ်သူများ အစစအရာရာ သဘောထား ယူဆချက်များ ဆန့်ကျင်ဖက်ဖြစ်နေတတ်သည်။

CAPRICORN



**မကာရလဂ်**

လုပ်ငန်းကိစ္စများတွင် အတိုက်အခံယှဉ်တွဲ၍ ငွေကြေးရရှိမှုကံ အထူးကောင်းမွန်မည်။ လုပ်ငန်းသစ်များ ဆောင်ရွက်ရန် အခွင့်အရေးကောင်းများ ပေါ်ပေါက်တွေ့ကြုံ၍ အောင်မြင်သည့် လမ်းကြောင်းထက် ရောက်ရှိ ကြီးပွားမည်။ အဖက်အဖက်မှ တိုးတက်သော အခြေအသစ်များ ရယူဖန်တီးခွင့် ရရှိ၍ ဘဝကံအကျိုးပေးချိန်ဖြစ်သည်။ လူမှုရေးပိုင်းဆိုင်ရာ အခက်အခဲများနှင့် အနှောင့်အယှက်ပြဿနာများ ပေါ်ပေါက်ရင်ဆိုင် ဖြေရှင်းရမည်။ အကြီးအကဲမိဘများအတွက် စိတ်အနှောင့်အယှက် ပဋိပက္ခဖြစ်စဉ်များ ပေါ်ပေါက်တွေ့ကြုံလာနိုင်သည်။ ကံကောင်းသော အခွင့်အရေးများ ပေါ်ပေါက်တွေ့ကြုံလာသော်လည်း အခက်အခဲများ ယှဉ်တွဲနေတတ်သည်။ ခရီးဝေးသွားလာမှုများ သတိပြု ရှောင်ကြဉ်သင့်သောကာလဖြစ်ပြီး ယာဉ်အန္တရာယ်ဖြစ်စဉ်များ သတိပြုပါ။ အိမ်ထောင်ရှင်များ အိမ်တွင်းရေး အဆင်ပြေမည်။ ချစ်သူများ အရာရာတွင် စိတ်ကတောက်ကဆ ပြဿနာများ ယှဉ်တွဲနေမည်။

AQUARIUS



**ကုမ်လဂ်**

ပါးနပ်လိမ္မာသောအကျိုးကြောင့် မိမိကြိုးပမ်း ကြံစည်မှုများ ပြည့်ဝ အောင်မြင်မည်။ လူမှုရေးကိစ္စ ပြဿနာများအား မိမိမောင်နှမသားချင်းများကြောင့် ရင်ဆိုင်တွေ့ကြုံ ဖြေရှင်းရမည်။ ရုတ်တရက် မထင်မှတ်သည့် အခွင့်အရေးကောင်း၊ အခြေအနေကောင်းများ တွေ့ကြုံပေါ်ပေါက်လာပြီး မိမိ၏ ဂုဏ်သတင်းထင်ပေါ် ကျော်စောမည်။ ထီပေါက်တတ်သည့်ကာလဖြစ်ပြီး ငွေကြေး အမြောက်အများ အကျိုးရှိနိုင်သော ကာလဖြစ်သည်။ လျှပ်တစ်ပြက် ပေါ်ပေါက်လာတတ်သည့် အကြံဉာဏ်ကောင်းများကြောင့် ငွေကြေးကံ အထူးကောင်းမည့် အခွင့်အရေးများ ပေါ်ပေါက်တွေ့ကြုံလာမည်။ လုပ်ငန်းရှင်များ လုပ်ငန်းတွင် ကောင်းသော အထောက်အပံ့ အကူအညီများ ရရှိ၍ တိုးတက်အောင်မြင်မည်။ ပညာသင်ကြားနေသူများ ကံဇာတာ အထူးတိုးတက်မြင့်မားသော ကာလဖြစ်သည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးအည့ံကြုံတတ်၍ ချစ်သူများ လှပသော အချစ်နေ့ရက်များ ဖန်တီးတည်ဆောက်နိုင်မည်။

PISCES



**မိန်လဂ်**

ကျန်းမာရေးအည့ံနှင့် မတော်တဆ ဘေးအန္တရာယ်ဖြစ်စဉ်များ အထူးသတိပြုပါ။ ဦးခေါင်းပိုင်းဆိုင်ရာနှင့် ဆီးကျောက်ကပ်နှင့် ဆိုင်သော ရောဂါများကို သတိပြုပါ။ စိတ်ဖိစီးမှု၊ လေလွင့်မှုများကြား မိမိဘဝတည်ငြိမ်မှုအတွက် ပြန်လည်တည်ဆောက်ရန် ခက်ခဲနေတတ်သည်။ မိမိယုံကြည်အားထားလေးစားသူများ၏ သစ္စာဖောက်ခြင်း ခံရလိမ့်မည်။ ဘာသာရေးကိစ္စများ အထူးအလေးအနက်ထား ဆောင်ရွက်ပါ။ အတိုက်အခံ ဆန့်ကျင်ဖက် ဆောင်ရွက်လိုသော စိတ်ဓာတ် ပေါ်ပေါက်လာတတ်သည်။ အခြားသူတို့နှင့် အသွင်မတူသော၊ ရှုထောင့်အမြင်မှ အရာရာကို ပုံဖော်ဆောင်ရွက်မှုများကြောင့် လွဲချော်မှုအမှားအယွင်းများ ပေါ်ပေါက်တွေ့ကြုံလာမည်။ စီးပွားရေးလုပ်ငန်းများတွင် အောက်လက်ကြောင့် ဆုံးရှုံးနစ်နာမှုများ တွေ့ရမည်။ လူမှုရေးအကြောင်းကိစ္စများကြောင့် ငွေကုန်ကြေးကျ များပြားမည်။ လုပ်ငန်းပိုင်း၊ ရာထူးပိုင်း အတိုက်အခံများကြောင့် နစ်နာမှုများ အထူးသတိပြုပါ။ အိမ်ထောင်ရှင်များ သံသယအတွေးများဖြင့် ပြဿနာရှာလိုသော ကာလ။ ချစ်သူများ မေတ္တာတရားများ လျော့ပါး၍ သံသယများ စိုးမိုးနေမည်။




www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃၊ ဒီဇင်ဘာလ၊ မွန်းတည့်နက္ခတ်ဝင်ထွက်ချိန်များ

ကမ္ဘာကြီးပေါ် ၌ လဂ် ၁၂လဂ်ဖြင့် လူတန်းစား ၁၂ပိုင်းခွဲခြားပြီး မိမိတို့မွေးဖွားချိန် ကောင်းကင်မွန်းတည့်အ အလင်းအား ထွန်းတောက်သော နက္ခတ် ၁၂လုံးဖြင့် မိမိတို့၏ အရေးကြီးကိစ္စများ စီရင်ဆောင်ရွက်လျှင် ထူးခြ အကျိုးဖြစ်လာလိမ့်မည်ဟု အကြွင်းမဲ့ ယုံကြည်ချက်ကြောင့် နက္ခတ်သိပ္ပံအဖွဲ့မှ လက်တွေ့သုတေသနပြုလုပ်ပြီး အကျ အသုံးပြုနိုင်ရန် ရည်ရွယ်၍ ဖော်ပြအပ်ပါသည်။ မနေသိဒ္ဓိနက္ခတ်တစ်လုံးတည်းအား လူသားအားလုံးမှ အသုံးပြု ဆောင် နေခြင်းသည် အခြားသော နက္ခတ်များကို လျစ်လျူရှုထားသည်နှင့် တူနေပါသည်။ အဘိဇိနက္ခတ်အပါအဝင် နက္ခ အသီးသီးတို့သည် ကောင်းကျိုးများ ဖန်တီးပေးနိုင်ပြီး မိမိတို့မွေးဖွားချိန်အတိအကျဖြင့် စစ်ဆေးတွက်ချက်ပါက လူအသီး အတွက် နက္ခတ် (၂၈)လုံးအား တန်ဖိုးရှိရှိ အသုံးချနိုင်ပါလိမ့်မည်။ ယခုဖော်ပြချက်တွင် မွေးဖွားချိန် ၂နာရီကို လဂ်တစ် အဖြစ် သတ်မှတ်၍ လဂ် ၁၂လဂ်အတွက် နက္ခတ် ၁၂လုံးဖြင့် တွက်ကိန်းဆင်ထားပါသည်။ နက္ခတ် ၁၂လုံးသ လဂ်တစ်ခုချင်းအလိုက် စွမ်းအားအမြင့်မားဆုံး မွန်းတည့်နက္ခတ်များသာဖြစ်ပြီး သိပ္ပံနည်းကျ (Modern Astrolog နက္ခတ်ပညာရပ်စနစ်တွင် ဖော်ပြထားသော နက္ခတ္တသိပ္ပံပညာရှင်များ၏ စံနှုန်းပြုထားသည့် အလင်းအားကို စံပြုထားပါသည် နက္ခတ်တစ်လုံးပိုင်ဆိုင်မှုကို ၁၃ ဒီဂရီ ၂၀မိနစ် သတ်မှတ်ထားသော်လည်း ခြွင်းချက်အနေဖြင့် အဆိုပါ နက္ခတ်၏ နောက် ၄ ဒီဂရီအတွင်း ကျရောက်မည့်အချိန်များကို မွန်းတည့် နက္ခတ်၏ ဝင်ချိန်၊ ထွက်ချိန်များအဖြစ် သတ်မှတ်ထားပါသည်




မိမိတို့မွေးဖွားချိန်လဂ် အလွယ်တကူရှာဖွေနိုင်ရန်အတွက် လဂ် ဖွေနည်းဇယားအား ထည့်သွင်းဖော်ပြပေးထားပြီး လအလိုက်အလို ပျမ်းမျှ နေထွက်ချိန်များအပေါ် မူတည်၍ နှစ်နာရီလျှင် လဂ်တစ် နှုန်းဖြင့် လဂ် ၁၂လဂ်အတွက် အလွယ်တကူ ကောက်ယူနိုင်ပါသည် ဥပမာ - ဧပြီ ၁၃ မှ မေ ၁၃ အတွင်း နံနက် ၅း၄၅ မှ ၇း၄၅နာ အတွင်း မွေးဖွားသူတစ်ဦးသည် မိဿလဂ်ပိုင်ရှင်ဖြစ်ပြီး ယင်းနေ့နံန ၉း၄၅ မှ ၁၁း၄၅ နာရီအတွင်း မွေးဖွားပါက မေထုန်လဂ်ပိုင်ရှင်ဖြစ်သွာ ပါလိမ့်မည်။ လဂ်သတ်မှတ်ရာတွင် ၁၂ရာသီစက်ဝန်းအတွင်း မိဿ မိန်အထိ အစဉ်အတိုင်း သတ်မှတ်ထားပါသည်။

မိမိတို့၏ မွေးဖွားချိန်လဂ်များအား လဂ်ကောက်ယူမှု ဇယားတွင် ဦးစွာရှာဖွေ၍ မွန်းတည့် နက္ခတ်တို့၏ နေ့စ မွန်းတည့်မတ်ချိန်များတွင် လောကီ၊ လောကုတ္တရာအရေးကိစ္စများ ကြံစည်ဆောင်ရွက် လုပ်ကိုင်ခြင်းဖြင့် အကျိုးထူးမျာ ရရှိလာပါလိမ့်မည်။ လစဉ် မွန်းတည့်နက္ခတ်များအပေါ် စန်း(တနင်္လာ) ဖြတ်သန်းသည့်နေ့များအား မျဉ်းသားပေးထားပြီ အဆိုပါ နေ့ရက်တို့သည် လတစ်လအတွင်း အနည်းဆုံး တစ်ရက်မှ အများဆုံး နှစ်ရက်ထိ ကြုံတွေ့နိုင်ပါသည်။လဂ်အသီးသီ အတွက် မွန်းတည့်နက္ခတ်များ မွန်းတည့်ချိန်နှင့် စန်း(တနင်္လာ) မွန်းတည့်ချိန်များ ထပ်တူဖြစ်သည့်ရက်များသည် လတစ်လအတွက် အကောင်းဆုံး နေ့ရက်အချိန်အခါများဖြစ်ကြသည်။ အဆိုပါ နေ့ရက်အချိန်အခါများ၌ ထီကံစမ်းခြင်း လုပ်ငန်းသစ်များ စတင်ခြင်း၊ အရေးကြီးကိစ္စ စီမံဆောင်ရွက်ခြင်း၊ အိမ်ခြံမြေယာဉ်ကား ဝယ်ယူရန် စာချုပ်များ ချုပ်ဆို ခြင်းတို့အား ဉာဏ်ရှိသလို အကျိုးရှိရှိ အသုံးပြုနိုင်ပါသည်။

*ဦးဇေယျာကို (B.Sc)(D.Sc)*

နက္ခတ်သိပ္ပံအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

ဧပြီ၁၃ရက်မှ မေ၁၃ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၄၅မှ ၇:၄၅ | မိဿ |
| ၇:၄၅မှ ၉:၄၅ | ပြိဿ |
| ၉:၄၅မှ ၁၁:၄၅ | မေထုန် |
| ၁၁:၄၅မှ ၁၃:၄၅ | ကရကကဋ် |
| ၁၃:၄၅မှ ၁၅:၄၅ | သိဟ် |
| ၁၅:၄၅မှ ၁၇:၄၅ | ကန် |
| ၁၇:၄၅မှ ၁၉:၄၅ | တူ |
| ၁၉:၄၅မှ ၂၁:၄၅ | ဗြိစ္ဆာ |
| ၂၁:၄၅မှ ၂၃:၄၅ | ဓနု |
| ၂၃:၄၅မှ ၁:၄၅ | မကာရ |
| ၁:၄၅မှ ၃:၄၅ | ကုမ် |
| ၃:၄၅မှ ၅:၄၅ | မိန် |

မေ၁၄ရက်မှဇွန်၁၄ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၂၅မှ ၇:၂၅ | ပြိဿ |
| ၇:၂၅မှ ၉:၂၅ | မေထုန် |
| ၉:၂၅မှ ၁၁:၂၅ | ကရကဋ် |
| ၁၁:၂၅မှ ၁၃:၂၅ | သိဟ် |
| ၁၃:၂၅မှ ၁၅:၂၅ | ကန် |
| ၁၅:၂၅မှ ၁၇:၂၅ | တူ |
| ၁၇:၂၅မှ ၁၉:၂၅ | ဗြိစ္ဆာ |
| ၁၉:၂၅မှ ၂၁:၂၅ | ဓနု |
| ၂၁:၂၅မှ ၂၃:၂၅ | မကာရ |
| ၂၃:၂၅မှ ၁:၂၅ | ကုမ် |
| ၁:၂၅မှ ၃:၂၅ | မိန် |
| ၃:၂၅မှ ၅:၂၅ | မိဿ |

ဇွန်၁၅ရက်မှဇူလိုင်၁၅ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၂၀မှ ၇:၂၀ | မေထုန် |
| ၇:၂၀မှ ၉:၂၀ | ကရကဋ် |
| ၉:၂၀မှ ၁၁:၂၀ | သိဟ် |
| ၁၁:၂၀မှ ၁၃:၂၀ | ကန် |
| ၁၃:၂၀မှ ၁၅:၂၀ | တူ |
| ၁၅:၂၀မှ ၁၇:၂၀ | ဗြိစ္ဆာ |
| ၁၇:၂၀မှ ၁၉:၂၀ | ဓနု |
| ၁၉:၂၀မှ ၂၁:၂၀ | မကာရ |
| ၂၁:၂၀မှ ၂၃:၂၀ | ကုမ် |
| ၂၃:၂၀မှ ၁:၂၀ | မိန် |
| ၁:၂၀မှ ၃:၂၀ | မိဿ |
| ၃:၂၀မှ ၅:၂၀ | ပြိဿ |

ဇူလိုင်၁၆ရက်မှဩဂုတ်၁၆ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၃၀မှ ၇:၃၀ | ကရကဋ် |
| ၇:၃၀မှ ၉:၃၀ | သိဟ် |
| ၉:၃၀မှ ၁၁:၃၀ | ကန် |
| ၁၁:၃၀မှ ၁၃:၃၀ | တူ |
| ၁၃:၃၀မှ ၁၅:၃၀ | ဗြိစ္ဆာ |
| ၁၅:၃၀မှ ၁၇:၃၀ | ဓနု |
| ၁၇:၃၀မှ ၁၉:၃၀ | မကာရ |
| ၁၉:၃၀မှ ၂၁:၃၀ | ကုမ် |
| ၂၁:၃၀မှ ၂၃:၃၀ | မိန် |
| ၂၃:၃၀မှ ၁:၃၀ | မိဿ |
| ၁:၃၀မှ ၃:၃၀ | ပြိဿ |
| ၃:၃၀မှ ၅:၃၀ | မေထုန် |

ဩဂုတ်၁၇ရက်မှစက်၁၆ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၄၀မှ ၇:၄၀ | သိဟ် |
| ၇:၄၀မှ ၉:၄၀ | ကန် |
| ၉:၄၀မှ ၁၁:၄၀ | တူ |
| ၁၁:၄၀မှ ၁၃:၄၀ | ဗြိစ္ဆာ |
| ၁၃:၄၀မှ ၁၅:၄၀ | ဓနု |
| ၁၅:၄၀မှ ၁၇:၄၀ | မကာရ |
| ၁၇:၄၀မှ ၁၉:၄၀ | ကုမ် |
| ၁၉:၄၀မှ ၂၁:၄၀ | မိန် |
| ၂၁:၄၀မှ ၂၃:၄၀ | မိဿ |
| ၂၃:၄၀မှ ၁:၄၀ | ပြိဿ |
| ၁:၄၀မှ ၃:၄၀ | မေထုန် |
| ၃:၄၀မှ ၅:၄၀ | ကရကဋ် |

စက်၁၇ရက်မအောက်၁၆ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၅၀မှ ၇:၅၀ | ကန် |
| ၇:၅၀မှ ၉:၅၀ | တူ |
| ၉:၅၀မှ ၁၁:၅၀ | ဗြိစ္ဆာ |
| ၁၁:၅၀မှ ၁၃:၅၀ | ဓနု |
| ၁၃:၅၀မှ ၁၅:၅၀ | မကာရ |
| ၁၅:၅၀မှ ၁၇:၅၀ | ကုမ် |
| ၁၇:၅၀မှ ၁၉:၅၀ | မိန် |
| ၁၉:၅၀မှ ၂၁:၅၀ | မိဿ |
| ၂၁:၅၀မှ ၂၃:၅၀ | ပြိဿ |
| ၂၃:၅၀မှ ၁:၅၀ | မေထုန် |
| ၁:၅၀မှ ၃:၅၀ | ကရကဋ် |
| ၃:၅၀မှ ၅:၅၀ | သိဟ် |

အောက်၁၇မှနို၁၅အတွင်း၊

| မွေးချိန် | လဂ် |
|---|---|
| ၅:၅၅မှ ၇:၅၅ | တူ |
| ၇:၅၅မှ ၉:၅၅ | ဗြိစ္ဆာ |
| ၉:၅၅မှ ၁၁:၅၅ | ဓနု |
| ၁၁:၅၅မှ ၁၃:၅၅ | မကာရ |
| ၁၃:၅၅မှ ၁၅:၅၅ | ကုမ် |
| ၁၅:၅၅မှ ၁၇:၅၅ | မိန် |
| ၁၇:၅၅မှ ၁၉:၅၅ | မိဿ |
| ၁၉:၅၅မှ ၂၁:၅၅ | ပြိဿ |
| ၂၁:၅၅မှ ၂၃:၅၅ | မေထုန် |
| ၂၃:၅၅မှ ၁:၅၅ | ကရကဋ် |
| ၁:၅၅မှ ၃:၅၅ | သိဟ် |
| ၃:၅၅မှ ၅:၅၅ | ကန် |

နို၁၆ရက်မှဒီ၁၅ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၁၀မှ ၈:၁၀ | ဗြိစ္ဆာ |
| ၈:၁၀မှ ၁၀:၁၀ | ဓနု |
| ၁၀:၁၀မှ ၁၂:၁၀ | မကာရ |
| ၁၂:၁၀မှ ၁၄:၁၀ | ကုမ် |
| ၁၄:၁၀မှ ၁၆:၁၀ | မိန် |
| ၁၆:၁၀မှ ၁၈:၁၀ | မိဿ |
| ၁၈:၁၀မှ ၂၀:၁၀ | ပြိဿ |
| ၂၀:၁၀မှ ၂၂:၁၀ | မေထုန် |
| ၂၂:၁၀မှ ၂၄:၁၀ | ကရကဋ် |
| ၂၄:၁၀မှ ၂:၁၀ | သိဟ် |
| ၂:၁၀မှ ၄:၁၀ | ကန် |
| ၄:၁၀မှ ၆:၁၀ | တူ |

ဒီ၁၆မှဇန်၁၃အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၃၀မှ ၈:၃၀ | ဓနု |
| ၈:၃၀မှ ၁၀:၃ | မကာရ |
| ၁၀:၃၀မှ ၁၂:၃၀ | ကုမ် |
| ၁၂:၃၀မှ ၁၄:၃၀ | မိန် |
| ၁၄:၃၀မှ ၁၆:၃၀ | မိဿ |
| ၁၆:၃၀မှ ၁၈:၃၀ | ပြိဿ |
| ၁၈:၃၀မှ ၂၀:၃၀ | မေထုန် |
| ၂၀:၃၀မှ ၂၂:၃၀ | ကရကဋ် |
| ၂၂:၃၀မှ ၂၄:၃၀ | သိဟ် |
| ၂၄:၃၀မှ ၂:၃၀ | ကန် |
| ၂:၃၀မှ ၄:၃၀ | တူ |
| ၄:၃၀မှ ၆:၃၀ | ဗြိစ္ဆာ |

ဇန်၁၄ရက်မှ ဖေ၁၂ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၄၀မှ ၈:၄၀ | မကာရ |
| ၈:၄၀မှ ၁၀:၄၀ | ကုမ် |
| ၁၀:၄၀မှ ၁၂:၄၀ | မိန် |
| ၁၂:၄၀မှ ၁၄:၄၀ | မိဿ |
| ၁၄:၄၀မှ ၁၆:၄၀ | ပြိဿ |
| ၁၆:၄၀မှ ၁၈:၄၀ | မေထုန် |
| ၁၈:၄၀မှ ၂၀:၄၀ | ကရကဋ် |
| ၂၀:၄၀မှ ၂၂:၄၀ | သိဟ် |
| ၂၂:၄၀မှ ၂၄:၄၀ | ကန် |
| ၂၄:၄၀မှ ၂:၄၀ | တူ |
| ၂:၄၀မှ ၄:၄၀ | ဗြိစ္ဆာ |
| ၄:၄၀မှ ၆:၄၀ | ဓနု |

ဖေ၁၃မှ မတ်၁၃ရက်အတွင်း၊

| မွေးချိန် | လဂ် |
|---|---|
| ၆:၃၀မှ ၈:၃၀ | ကုမ် |
| ၈:၃၀မှ ၁၀:၃၀ | မိန် |
| ၁၀:၃၀မှ ၁၂:၃၀ | မိဿ |
| ၁၂:၃၀မှ ၁၄:၃၀ | ပြိဿ |
| ၁၄:၃၀မှ ၁၆:၃၀ | မေထုန် |
| ၁၆:၃၀မှ ၁၈:၃၀ | ကရကဋ် |
| ၁၈:၃၀မှ ၂၀:၃၀ | သိဟ် |
| ၂၀:၃၀မှ ၂၂:၃၀ | ကန် |
| ၂၂:၃၀မှ ၂၄:၃၀ | တူ |
| ၂၄:၃၀မှ ၂:၃၀ | ဗြိစ္ဆာ |
| ၂:၃၀မှ ၄:၃၀ | ဓနု |
| ၄:၃၀မှ ၆:၃၀ | မကာရ |

မတ်၁၄ရက်မှဧပြီ၁၂ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၁၀မှ ၈:၁၀ | မိန် |
| ၈:၁၀မှ ၁၀:၁၀ | မိဿ |
| ၁၀:၁၀မှ ၁၂:၁၀ | ပြိဿ |
| ၁၂:၁၀မှ ၁၄:၁၀ | မေထုန် |
| ၁၄:၁၀မှ ၁၆:၁၀ | ကရကဋ် |
| ၁၆:၁၀မှ ၁၈:၁၀ | သိဟ် |
| ၁၈:၁၀မှ ၁၀:၁၀ | ကန် |
| ၂၀:၁၀မှ ၂၂:၁၀ | တူ |
| ၂၂:၁၀မှ ၂၄:၁၀ | ဗြိစ္ဆာ |
| ၂၄:၁၀မှ ၂:၁၀ | ဓနု |
| ၂:၁၀မှ ၄:၁၀ | မကာရ |
| ၄:၁၀မှ ၆:၁၀ | ကုမ် |

www.burmeseclassic.com

| | မိဿလဂ် | | ပြိဿလဂ် | | မေထုန်လဂ် | | ကရကဋ်လဂ် | | သိဟ်လဂ် | | ကန်လဂ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရက် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၁၆ : ၂၃ | ၁၆ : ၅၅ | ၁၈ : ၀၁ | ၁၈ : ၃၀ | ၂၀ : ၂၂ | ၂၀ : ၅၁ | ၂၂ : ၁၀ | ၂၂ : ၄၂ | ၂၂ : ၅၇ | ၂၃ : ၃၁ | ၀၂ : ၄၉ | ၀၃ : [illegible] |
| ၂ | ၁၆ : ၁၉ | ၁၆ : ၅၁ | ၁၇ : ၅၇ | ၁၈ : ၂၆ | ၂၀ : ၁၈ | ၂၀ : ၄၇ | ၂၂ : ၀၆ | ၂၂ : ၃၈ | ၂၂ : ၅၃ | ၂၃ : ၂၇ | ၀၂ : ၄၅ | ၀၃ : [illegible] |
| ၃ | ၁၆ : ၁၅ | ၁၆ : ၄၇ | ၁၇ : ၅၃ | ၁၈ : ၂၂ | ၂၀ : ၁၄ | ၂၀ : ၄၄ | ၂၂ : ၀၂ | ၂၂ : ၃၄ | ၂၂ : ၅၀ | ၂၃ : ၂၃ | ၀၂ : ၄၁ | ၀၃ : [illegible] |
| ၄ | ၁၆ : ၁၁ | ၁၆ : ၄၃ | ၁၇ : ၄၉ | ၁၈ : ၁၈ | ၂၀ : ၁၀ | ၂၀ : ၄၀ | ၂၁ : ၅၈ | ၂၂ : ၃၀ | ၂၂ : ၄၆ | ၂၃ : ၁၉ | ၀၂ : ၃၇ | ၀၃ : [illegible] |
| ၅ | ၁၆ : ၀၇ | ၁၆ : ၃၉ | ၁၇ : ၄၅ | ၁၈ : ၁၅ | ၂၀ : ၀၆ | ၂၀ : ၃၆ | ၂၁ : ၅၄ | ၂၂ : ၂၆ | ၂၂ : ၄၂ | ၂၃ : ၁၅ | ၀၂ : ၃၄ | ၀၃ : [illegible] |
| ၆ | ၁၆ : ၀၃ | ၁၆ : ၃၅ | ၁၇ : ၄၁ | ၁၈ : ၁၁ | ၂၀ : ၀၂ | ၂၀ : ၃၂ | ၂၁ : ၅၀ | ၂၂ : ၂၂ | ၂၂ : ၃၈ | ၂၃ : ၁၁ | ၀၂ : ၃၀ | ၀၃ : [illegible] |
| ၇ | ၁၅ : ၅၉ | ၁၆ : ၃၁ | ၁၇ : ၃၇ | ၁၈ : ၀၇ | ၁၉ : ၅၈ | ၂၀ : ၂၈ | ၂၁ : ၄၆ | ၂၂ : ၁၈ | ၂၂ : ၃၄ | ၂၃ : ၀၇ | ၀၂ : ၂၆ | ၀၂ : [illegible] |
| ၈ | ၁၅ : ၅၅ | ၁၆ : ၂၇ | ၁၇ : ၃၃ | ၁၈ : ၀၃ | ၁၉ : ၅၄ | ၂၀ : ၂၄ | ၂၁ : ၄၂ | ၂၂ : ၁၄ | ၂၂ : ၃၀ | ၂၃ : ၀၃ | ၀၂ : ၂၂ | ၀၂ : [illegible] |
| ၉ | ၁၅ : ၅၁ | ၁၆ : ၂၃ | ၁၇ : ၂၉ | ၁၇ : ၅၉ | ၁၉ : ၅၀ | ၂၀ : ၂၀ | ၂၁ : ၃၈ | ၂၂ : ၁၀ | ၂၂ : ၂၆ | ၂၂ : ၅၉ | ၀၂ : ၁၈ | ၀၂ : [illegible] |
| ၁၀ | ၁၅ : ၄၈ | ၁၆ : ၁၉ | ၁၇ : ၂၅ | ၁၇ : ၅၅ | ၁၉ : ၄၆ | ၂၀ : ၁၆ | ၂၁ : ၃၄ | ၂၂ : ၀၆ | ၂၂ : ၂၂ | ၂၂ : ၅၅ | ၀၂ : ၁၄ | ၀၂ : [illegible] |
| ၁၁ | ၁၅ : ၄၄ | ၁၆ : ၁၅ | ၁၇ : ၂၁ | ၁၇ : ၅၁ | ၁၉ : ၄၂ | ၂၀ : ၁၂ | ၂၁ : ၃၀ | ၂၂ : ၀၃ | ၂၂ : ၁၈ | ၂၂ : ၅၁ | ၀၂ : ၁၀ | ၀၂ : [illegible] |
| ၁၂ | ၁၅ : ၄၀ | ၁၆ : ၁၁ | ၁၇ : ၁၇ | ၁၇ : ၄၇ | ၁၉ : ၃၈ | ၂၀ : ၀၈ | ၂၁ : ၂၆ | ၂၁ : ၅၉ | ၂၂ : ၁၄ | ၂၂ : ၄၇ | ၀၂ : ၀၆ | ၀၂ : [illegible] |
| ၁၃ | ၁၅ : ၃၆ | ၁၆ : ၀၇ | ၁၇ : ၁၃ | ၁၇ : ၄၃ | ၁၉ : ၃၄ | ၂၀ : ၀၄ | ၂၁ : ၂၃ | ၂၁ : ၅၅ | ၂၂ : ၁၀ | ၂၂ : ၄၃ | ၀၂ : ၀၂ | ၀၂ : [illegible] |
| ၁၄ | ၁၅ : ၃၂ | ၁၆ : ၀၄ | ၁၇ : ၀၉ | ၁၇ : ၃၉ | ၁၉ : ၃၀ | ၂၀ : ၀၀ | ၂၁ : ၁၉ | ၂၁ : ၅၁ | ၂၂ : ၀၆ | ၂၂ : ၄၀ | ၀၁ : ၅၈ | ၀၂ : [illegible] |
| ၁၅ | ၁၅ : ၂၈ | ၁၆ : ၀၀ | ၁၇ : ၀၅ | ၁၇ : ၃၅ | ၁၉ : ၂၇ | ၁၉ : ၅၆ | ၂၁ : ၁၅ | ၂၁ : ၄၇ | ၂၂ : ၀၂ | ၂၂ : ၃၆ | ၀၁ : ၅၄ | ၀၂ : [illegible] |
| ၁၆ | ၁၅ : ၂၄ | ၁၅ : ၅၆ | ၁၇ : ၀၂ | ၁၇ : ၃၁ | ၁၉ : ၂၃ | ၁၉ : ၅၂ | ၂၁ : ၁၁ | ၂၁ : ၄၃ | ၂၁ : ၅၈ | ၂၂ : ၃၂ | ၀၁ : ၅၀ | ၀၂ : [illegible] |
| ၁၇ | ၁၅ : ၂၀ | ၁၅ : ၅၂ | ၁၆ : ၅၈ | ၁၇ : ၂၇ | ၁၉ : ၁၉ | ၁၉ : ၄၈ | ၂၁ : ၀၇ | ၂၁ : ၃၉ | ၂၁ : ၅၄ | ၂၂ : ၂၈ | ၀၁ : ၄၆ | ၀၂ : [illegible] |
| ၁၈ | ၁၅ : ၁၆ | ၁၅ : ၄၈ | ၁၆ : ၅၄ | ၁၇ : ၂၃ | ၁၉ : ၁၅ | ၁၉ : ၄၅ | ၂၁ : ၀၃ | ၂၁ : ၃၅ | ၂၁ : ၅၀ | ၂၂ : ၂၄ | ၀၁ : ၄၂ | ၀၂ : [illegible] |
| ၁၉ | ၁၅ : ၁၂ | ၁၅ : ၄၄ | ၁၆ : ၅၀ | ၁၇ : ၁၉ | ၁၉ : ၁၁ | ၁၉ : ၄၀ | ၂၀ : ၅၉ | ၂၁ : ၃၁ | ၂၁ : ၄၇ | ၂၂ : ၂၀ | ၀၁ : ၃၈ | ၀၂ : [illegible] |
| ၂၀ | ၁၅ : ၀၈ | ၁၅ : ၄၀ | ၁၆ : ၄၆ | ၁၇ : ၁၆ | ၁၉ : ၀၇ | ၁၉ : ၃၇ | ၂၀ : ၅၅ | ၂၁ : ၂၇ | ၂၁ : ၄၃ | ၂၂ : ၁၆ | ၀၁ : ၃၅ | ၀၂ : [illegible] |
| ၂၁ | ၁၅ : ၀၄ | ၁၅ : ၃၆ | ၁၆ : ၄၂ | ၁၇ : ၁၂ | ၁၉ : ၀၃ | ၁၉ : ၃၃ | ၂၀ : ၅၁ | ၂၁ : ၂၃ | ၂၁ : ၃၉ | ၂၂ : ၁၂ | ၀၁ : ၃၁ | ၀၂ : [illegible] |
| ၂၂ | ၁၅ : ၀၀ | ၁၅ : ၃၂ | ၁၆ : ၃၈ | ၁၇ : ၀၈ | ၁၈ : ၅၉ | ၁၉ : ၂၉ | ၂၀ : ၄၇ | ၂၁ : ၁၉ | ၂၁ : ၃၅ | ၂၂ : ၀၈ | ၀၁ : ၂၇ | ၀၂ : [illegible] |
| ၂၃ | ၁၄ : ၅၇ | ၁၅ : ၂၈ | ၁၆ : ၃၄ | ၁၇ : ၀၄ | ၁၈ : ၅၅ | ၁၉ : ၂၅ | ၂၀ : ၄၃ | ၂၁ : ၁၅ | ၂၁ : ၃၁ | ၂၂ : ၀၄ | ၀၁ : ၂၃ | ၀၁ : [illegible] |
| ၂၄ | ၁၄ : ၅၃ | ၁၅ : ၂၄ | ၁၆ : ၃၀ | ၁၇ : ၀၀ | ၁၈ : ၅၁ | ၁၉ : ၂၀ | ၂၀ : ၃၉ | ၂၁ : ၁၁ | ၂၁ : ၂၇ | ၂၂ : ၀၀ | ၀၁ : ၁၉ | ၀၁ : [illegible] |
| ၂၅ | ၁၄ : ၄၉ | ၁၅ : ၂၀ | ၁၆ : ၂၆ | ၁၆ : ၅၆ | ၁၈ : ၄၇ | ၁၉ : ၁၇ | ၂၀ : ၃၅ | ၂၁ : ၀၇ | ၂၁ : ၂၃ | ၂၁ : ၅၆ | ၀၁ : ၁၅ | ၀၁ : [illegible] |
| ၂၆ | ၁၄ : ၄၅ | ၁၅ : ၁၆ | ၁၆ : ၂၂ | ၁၆ : ၅၂ | ၁၈ : ၄၃ | ၁၉ : ၁၃ | ၂၀ : ၃၁ | ၂၁ : ၀၄ | ၂၁ : ၁၉ | ၂၁ : ၅၂ | ၀၁ : ၁၁ | ၀၁ : [illegible] |
| ၂၇ | ၁၄ : ၄၁ | ၁၅ : ၁၂ | ၁၆ : ၁၈ | ၁၆ : ၄၈ | ၁၈ : ၃၉ | ၁၉ : ၀၉ | ၂၀ : ၂၈ | ၂၁ : ၀၀ | ၂၁ : ၁၅ | ၂၁ : ၄၈ | ၀၁ : ၀၇ | ၀၁ : [illegible] |
| ၂၈ | ၁၄ : ၃၇ | ၁၅ : ၀၉ | ၁၆ : ၁၄ | ၁၆ : ၄၄ | ၁၈ : ၃၅ | ၁၉ : ၀၅ | ၂၀ : ၂၄ | ၂၀ : ၅၆ | ၂၁ : ၁၁ | ၂၁ : ၄၄ | ၀၁ : ၀၃ | ၀၁ : [illegible] |
| ၂၉ | ၁၄ : ၃၃ | ၁၅ : ၀၅ | ၁၆ : ၁၀ | ၁၆ : ၄၀ | ၁၈ : ၃၁ | ၁၉ : ၀၁ | ၂၀ : ၂၀ | ၂၀ : ၅၂ | ၂၁ : ၀၇ | ၂၁ : ၄၀ | ၀၀ : ၅၉ | ၀၁ : [illegible] |
| ၃၀ | ၁၄ : ၂၉ | ၁၅ : ၀၁ | ၁၆ : ၀၇ | ၁၆ : ၃၆ | ၁၈ : ၂၈ | ၁၈ : ၅၇ | ၂၀ : ၁၆ | ၂၀ : ၄၈ | ၂၁ : ၀၃ | ၂၁ : ၃၇ | ၀၀ : ၅၅ | ၀၁ : [illegible] |
| ၃၁ | ၁၄ : ၂၅ | ၁၄ : ၅၇ | ၁၆ : ၀၃ | ၁၆ : ၃၂ | ၁၈ : ၂၄ | ၁၈ : ၅၃ | ၂၀ : ၁၂ | ၂၀ : ၄၄ | ၂၀ : ၅၉ | ၂၁ : ၃၃ | ၀၀ : ၅၁ | ၀၁ : [illegible] |



www.burmeseclassic.com

www.burmeseclassic.com

# အစွမ်းထက်သော ရတနာ

## ကျော်မိုးလွင်
## (ဝါးခယ်မ)

"ခရေဆီ"လက်ဖက်ရည်ဆိုင်၌ ထိုင်နေစဉ်ဖြစ်သည်။ ပျောက်နေသည်မှာ ကြာပြီဖြစ်သော ကျေးတော စောလှိုင် ရောက်လာခဲ့သည်။

ညက ဗီဒီယိုကားတစ်ကားကြည့်သည်။ ခင်မောင်လွင် (ဝါးခယ်မ)ရိုက်သော "ဝက်မိစ္ဆာ"ကား၌ ကျေးတော စောလှိုင်ကို တွေ့လိုက်ရ၏။

ကျေးတော စောလှိုင်က ခင်မောင်လွင်၏ ကြေးမုံ ဓာတ်ပုံဗီဒီယိုလုပ်ငန်းတွင် ဝင်လုပ်ဖူးသူဖြစ်သည်။ ခင်မောင်လွင် ရန်ကုန်သို့ ပြောင်း၍ ဗီဒီယိုလုပ်ငန်း လုပ်သောအခါ ဆရာက နိုင်း၍ အခန်းတစ်ခန်းတွင် ဝင်ပါရခြင်းဖြစ်တော့သည်။

"ဟော့ကောင်··· မင်း အရက်ဆိုင် မဖွင့်ဘူးပေါ့"

ဝက်မိစ္ဆာကား၌ ကျေးတော စောလှိုင်က အရက်ဆိုင်ပိုင်ရှင်အဖြစ် ပါဝင်ထားသောကြောင့် ကျွန်ုပ်က နောက်လိုက်ခြင်းဖြစ်ပါသည်။

"ဟာ···ဆရာမိုးကတော့ နောက်ပြီ"

ကျေးတောက ရယ်မောရင်း ကျွန်ုပ်ဘေးခုံ၌ ဝင်ထိုင်လိုက်သည်။

"အခု မင်း ဘာတွေလုပ်နေလဲ"

ပခုံးမှာ ကင်မရာအိတ်လွယ်ထားသည်ကို တွေ့၍ ကျွန်ုပ်က မေးလိုက်သည်။

"ကိုကျော်နိုင်နဲ့ တွဲပြီး ဓာတ်ပုံ ဗီဒီယိုလိုက်ရိုက်နေတယ်။ ဆရာ ကိုခင်မောင်လွင်ကတော့ ခေါ်ပါတယ်။ ကျွန်တော့်မှာက မိသားစုနဲ့ ခွဲသွားလို့ မရဘူးလေ"

နွေပေါက်နေပြီဖြစ်၍ ရှင်ပြုမင်္ဂလာဆောင်များ လိုက်ရိုက်နေပုံပေါက်နေပါသည်။

ကြည့်ရသည်မှာ ပြေလည်နေပုံရသည်။

ကျေးတော စောလှိုင်က စားပွဲထိုးလေးကို လက်ဖက်ရည်လှမ်းမှာလိုက်သည်။

"ဆရာမိုးကို မေးစရာရှိလို့ဗျ"

ကျွန်ုပ် ကြိုတင်သိနေပါသည်။

ကျေးတော လာတိုင်း မေးခွန်းက ပါလာတတ်သောကြောင့်ဖြစ်၏။

"ငါသိတယ် ကျေးတော။ ကျားထိုးသလိုပေါ့ကွာ။ တစ်ကောင်ကျွေးပြီး နှစ်ကောင်၊ သုံးကောင်စားသလိုမျိုးပေါ့။ ကဲ - ပြော၊ ဘာလုပ်ပေးရမလဲ"

ကျွန်ုပ်က ပြောရင်း ရယ်တော့ ကျေးတောကပါ လိုက်ရယ်သည်။

"ဒီလို သဘောမထားပါနဲ့ အာစရိရာ။ ဘာပဲပြောပြော အာစရိက အာစရိပါ။ ပညာဖြန့်ဝေတယ်လို့ သဘောထား

www.burmeseclassic.com

www.burmeseclassic.com

ပေါ့။ ဟဲဟဲဟဲ…"

"ကဲ - ကြော်ငြာတွေ များနေပြီ။ လိုရင်း ပြောပေတော့"

"ဒီလို ဆရာမိုးရေ။ မိန်းမတွေရဲ့ ဓာတ်စာဖြစ်တဲ့ ရတနာဆင်ချင်လို့။ အဲဒါ ဘာဆင်ပေးရင် ဗေဒင်သဘောအရ ကောင်းမလဲဆိုတာ"

ကျွန်ုပ်ထင်သည့်အတိုင်း ကျေးတော အလုပ်အဆင် ပြေနေကြောင်း သိလိုက်ရသည်။

"ဒီလို စာဆိုရှိတယ် ကျေးတောရေ။

ပတ္တမြား ဘုန်းတောက်၊

မြကျောက်အေးချမ်း

စိန်စွမ်းဂုဏ်ရောင်

ကြောင်ကားသိဒ္ဓိ

မဏိနီလာ

မေတ္တာလွန်စိတ်

ဂေါမိတ်ခွန်အား

ဥဿဖရား ကျန်းမာ

သန္တာကြီးကဲ

ပုလဲကျက်သရေ

ဆိပ်ပြေ မဟူရာ မင်္ဂလာကျောက်စိမ်း

မှုးမိုက်တိမ်းက၊ ပယင်းကိုသာ ရှုရှိုက်ရာ၏ - တဲ့။

**ခုနစ်ရက်သားသမီးများအတွက် ရတနာအဆောင်**

| နေ့နံ | မဟာဘုတ်သုံး ပထမ အမျိုးအစား | ရှေးရိုးရာသုံး ဒုတိယ အမျိုးအစား | ဆန်းကျမ်းသုံး တတိယ အမျိုးအစား |
|---|---|---|---|
| တနင်္ဂနွေ | ရွှေ စိန် | သန္တာ-ပတ္တမြား | ဥဿဖရား |
| တနင်္လာ | ပုလဲ-ငွေ | ပုလဲ | ကြောင်-ဂေါမုတ် |
| အင်္ဂါ | ပတ္တမြား-ကျောက်နီ | သန္တာ | စိန်-ကျောက်စိမ်း |
| ဗုဒ္ဓဟူး | မြ | မြ | မဟူရာ |
| ကြာသပတေး | နီလာ | ဥဿဖရား | ပတ္တမြား-မြ |
| သောကြာ | ပုလဲဖြူ | စိန် | သန္တာ |
| စနေ | မဟူရာ | နီလာ | နီလာ |

ရတနာတွေမှာ အစွမ်းသတ္တိရှိတယ်ကွ။ မင်းမိန်းမသာမကဘူး၊ တခြားအမျိုးသမီးတွေပါ ဓာတ်စာရတနာ ဆောင်နိုင်အောင် အခု ငါရေးပေးတဲ့ ဇယားသာ ကူးယူသွားပေတော့"

ကျွန်ုပ်က အသင့်ပါလာသော ဇယားကို ထုတ်ပေးလိုက်သည်။

မူလ မဟာဘုတ်ခွင်အရ…

(၁) အထွန်း - ရတနာဆောင်လျှင် ထက်မြက်မည်၊ ဘေးကင်းမည်။ ထင်ပေါ်ကျော်စောမည်။ သတ္တိကောင်း ကတိတည်သူဖြစ်မည်။

(၂) သိုက် - ရတနာဆောင်လျှင် ပရိယာယ်ကြွယ်မည်။ စိတ်ကောင်း၊ နှလုံးကောင်းရှိမည်။ ခေါင်းဆောင် ပေးနိုင်မည်။ သူတစ်ပါး ကြည်ညိုခံရမည်။ ငွေနှင့် အလုပ် မည်။

(၃) ရာဇ - ရတနာဆောင်လျှင် မိတ်ဆွေပေါမည်၊ မင်း ကျွမ်းဝင်မည်။ ရာထူးတိုးမည်။ ကတိတည်မည်။

(၄) အဓိပတိ - ရတနာဆောင်လျှင် အနုပညာလ င်နှင့် ကျော်ကြားမည်။ စကားပြောကောင်းမည်။ ပျော်ရွှ ပါးပါးနေတတ်မည်။ ရာထူးတိုးမည်။ ခေါင်းဆောင်ကောင်း ဖြစ်မည်။

◈◈◈

ကျွန်ုပ် ဤဆောင်းပါးရေးနေစဉ် အနီးမှာ ရှိနေသေ တူမ(ဆရာမ)က သူဆောင်ရမည့် ရတနာကို မေးလာ သည်။

တူမ၏ မဟာဘုတ်သုံး ပထမ အမျိုးအစား သောကြာသမီးဖြစ်၍ ပုလဲဖြူဖြစ်သည်။

တူမ၏ မူလ မဟာဘုတ်မှာ အောက်ပါအတိုင်းဖြ ၏။

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၀ | ၁ |

အထွန်းမှာ မွေးနံ-သောကြာရှိ၍ ပုလဲဖြူပင် ဆော နိုင်းလိုက်ပါတော့သည်။

◈◈◈

နှစ်ပတ်မျှအကြာတွင် ဖြစ်၏။

ကျေးတော စောလှိုင်ကို ဆိုင်ကယ်နောက်မှာ ထိုင် လျက် တွေ့လိုက်ရ၏။

"ဆရာမိုး ပြောတဲ့အတိုင်း မိန်းမကို ရတနာဓာတ်စ ကျွေးလိုက်တာ အိုကေမှာ စိုပြည်သွားပြီ ဆရာရေ" တဲ့။

* * *

ကျော်မိုးလွင်(ဓါမဏိ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

"ဒုတ်…ဒုတ်…ဒုတ်…"

သာအေးတစ်ယောက် နောက်ဖေး နွားတင်းကုပ်ထဲတွင် မြက်များကို စဉ်းနေသည်။ ဂုတ်ကြီးနဲ့ မြို့ငည်ညို့ ဖွားဖက်တော် နွားကြီးနှစ်ကောင်ကတော့ မကြာခင်ကပင် ထည့်ကျွေးလိုက်သော ကောက်ရိုးခြောက်များနဲ့ ဖွဲနုဆမ်းထားသော နတ်သုဒ္ဓါအစားအစာများကို စားကျက်ကျင်းထဲတွင် ခေါင်းမဖော်အောင် လွေးနေကြသည်။

"ခင်မေရေ…ခင်မေ၊ ဟဲ့ - ခင်မေ၊ ဘယ်သူမှ မရှိကြဘူးလားဟဲ့"

အိမ်ရှေ့က ခေါ်သံကြားလိုက်သည်။ စဉ်းတုံးပေါ်တွင် တင်၍ စင်းနေသော မြက်များကို ထားရင်း သာအေး အိမ်ရှေ့ထွက်လာ၏။ တစ်ရွာတည်းမှ အပျိုကြီး မမြခင်ဖြစ်သည်။

"ဟဲ့ - သာအေး၊ ငါဟယ် ခေါ်လိုက်ရတာ။ ခေါ်မကြား၊ အော်မကြားနဲ့။ ဒါနဲ့ ခင်မေ မရှိဘူးလား"

"မရှိဘူး ဒေါ်မြခင်။ ဈေးသွားလေရဲ့ဗျာ။ ဘာကိစ္စရှိလို့လဲ"

"ကိစ္စရှိတာလေ၊ ဒေါ်လေး လှည်းငှားချင်လို့"

"ဘယ်ကို သွားမှာမို့လဲ ဒေါ်လေး"

"အေး၊ သွားမယ့်ရွာကတော့ ထန်းလေးပင်ရွာကို အမေ့သွားခေါ်ချင်လို့လေ။ အမေက သူ့သား ထွန်းရှိတဲ့ ထန်းလေးပင် လှူကြံနဲ့ လိုက်သွားတာ တစ်ပတ်လောက်ရှိပြီ။ ခု ပြန်လာချင်လို့တဲ့ဟေ့၊ လှူကြံနဲ့ မှာလိုက်တယ်။ အဲဒါ အစတုန်းကတော့ ဒေါ်လေးပါ လိုက်ပြီး သွားခေါ်မလို့ပါပဲ။ ခုတော့ ကိစ္စတစ်ခုက ပေါ်လာလို့ မောင်သာအေးပဲ အမေ့ကို သွားပြီး ခေါ်ခဲ့ပေးပါလား။ ဒေါ်လေး မလိုက်တော့ဘူးကွယ်"

"ဟုတ်ကဲ့၊ ရပါတယ်။ ဩော်… ဒေါ်လေး ခဏတော့ စောင့်နော်။ ခု အိမ်မှာ ဘယ်သူမှ မရှိကြဘူး။ ကလေးတွေလည်း ကျောင်းသွားနေတယ်။ ခင်မေ ဈေးက ပြန်မလာသေးလို့"

"အေးပါကွယ်၊ ရပါတယ်။ ညနေစောင်းမှ သွားပေါ့၊ ဩော်‥ငါ သေသေချာချာမှာလိုက်ဦးမယ်။ အမေ့ကိုတော့ သေသေချာချာသွားခေါ်ခဲ့ပါဟယ်‥နော်"

"ဩော်…စိတ်ချပါ ဒေါ်လေးရယ်။ ကျွန်တော် အရီးလေးကို သေသေချာချာ ဂရုစိုက်ပြီး ခေါ်ခဲ့ပါ့မယ်"

စကားဆုံးတော့ အပျိုကြီး မမြခင် အိမ်ဝိုင်းလေးမှ ထွက်၍သွားသည်။ စဉ်းလက်စ နွားစာများကို ဆက်၍ စဉ်းနေမိသည်။ သာအေးသည် ပင် ငါးဘတ်အင်းရွာသူ ခင်မေနဲ့ အိမ်ထောင်ကျခဲ့သည်မှာ ၁၀နှစ်ခန့်ရှိပြီး သားသမီးနှစ်ယောက်ပင် ပွားစည်းခဲ့မိ၏။ ဤလို လယ်နားချိန်ရက်များ၌ အပိုဝင်ငွေလေးရရန် ဟိုနားသည်နား ရွာနီးချုပ်စပ်မှ ရံဖန်ရံခါ လာရောက်ခေါ်ငင်တတ်ကြသည့် ကြံတိုက်၊ ဝါးတိုက်၊ စပါးချ စသော အတိုအထွာ အလုပ်လေးများကို လှည်းငှားလိုက်ရင်း အပိုဝင်ငွေရှာရသည်။

ယခုလည်း တစ်ရွာတည်းနေ အပျိုကြီး ဒေါ်မြခင်မှ ထန်းလေးပင်ရွာ မောင်ဖြစ်သူ ထွန်း၏ အိမ်တွင် ရောက်နေသော အမေဖြစ်သူအား သွားရောက်ခေါ်ငင်ပေးရန် လှည်းငှားလာလေ၏။

"ကိုသာအေး…ကိုသာအေး"

အတွေးမဆုံးခင် ဇနီးဖြစ်သူ ခင်မေ့အသံကြားရသည်။

"ဟဲ့ - ခင်မေ၊ ပြန်လာပြီလား။ ငါ ဒီမှာ ရှိပါတယ်ကွာ။ နွားစာစဉ်းနေ… တယ်"

"ဩော်…အိမ်ရှေ့မှာ ဘယ်သူ… မှ မရှိလို့ ခေါ်ကြည့်တာပါ။ ခြံတံခါး… ကလည်း ပွင့်နေတယ်"

သာအေး အိမ်ရှေ့သို့ ထွက်လာ… သည်။

"ဟုတ်တယ်ကွာ။ ခုန အပျိုကြီး… ဒေါ်မြခင် လာရင်း အပြန်မှာ တံခါး… ပိတ်မသွားတာ"

"ဒေါ်မြခင်…ဘာလာလုပ်တာ… လဲ ကိုသာအေး"

"ဩော်…လှည်းလာငှားတာ… လေ၊ ထန်းလေးပင်ရွာမှာ ရောက်နေတဲ့… သူ့အမေကို သွားခေါ်ပေးပါတဲ့"

"ဟုတ်လား"

"အေး၊ ငါလည်း မင်း ပြန်မလာ… သေးလို့ စောင့်နေတာ၊ မင်းပြန်လာ… တော့ သွားဖို့ ပြင်ရမယ်"

စကားဆုံးတော့ သာအေး တစ်… ယောက် အိမ်ပေါ်တက်သွားရင်း အိမ်… တိုင်တွင် ချိတ်ရင်း ဆွဲထားသည့် နွား… အသုံးအဆောင် လည်ကွန်ပေါက်၊ … တံဆာများကို ယူရင်း နွားနှစ်ကောင်… တွင် တပ်ဆင်လိုက်သည်။ ပြီးလျှင်… ခင်မေထည့်ပေးလိုက်သော ရေဘူး… လှည်းကပ်အိမ် ယိုင်တိုင်တွင် ချိတ်… ဆွဲလိုက်ရင်း နွားနှစ်ကောင်ကို ထမ်း… တွင် တပ်၏။

"ကဲ - သွားမယ်၊ ခင်မေရေ…"

"ဖြည်းဖြည်းလည်း မောင်းသွား… ကိုသာအေးရယ်။ နေပူတာမို့ နွားတွေ… လည်း မောနေပါဦးမယ်"

◈◈◈

ရွာစပ် သစ်ပင်သစ်ရိပ်များ… အကာအကွယ်ပြုလို့ ကျနေခို… သာအေး မောင်းလာခဲ့သည်။ … ၄နာရီသာသာရှိတော့ ထန်းလေးပင်ရွာ…





www.burmeseclassic.com

www.burmeseclassic.com

ကို ရောက်တော့၏။

"ငထွန်းရေ···ငထွန်းရေ···ဟော့ - ငထွန်း"

ခေါ်သံကြောင့် ငထွန်း နောက်ဖေး တလင်းထဲမှ ထွက်လာ၏။

"ဩော်···ကိုသာအေးကြီးပဲ"

"အေးကွ၊ အရီးလေးကို မင်းအစ်မ ဒေါ်မြခင်က ခေါ်ခိုင်းလိုက်လို့ ဒါ လှည်းနဲ့ လာခေါ်တာ"

"မမြခင်ရော ပါမလာဘူးလား"

"အေး၊ သူလည်း အစတုန်းကတော့ လိုက်လာမလို့ဘဲ။ ဒါပေမယ့် ခုတော့ ကိစ္စရှိလို့ဆိုလား၊ သူ မလိုက်လာတော့ဘူး။ ငါ့ကိုသာ အရီးလေးကို သေသေချာချာခေါ်ခဲ့ဖို့ မှာလိုက်တယ်"

သာအေး ငထွန်းတို့ ခြံဝိုင်းလေးထဲတွင် နွားများကို ဖြုတ်၍ ချည်နှောင်ပြီး ...င်း အိမ်ပေါ် တက်ခဲ့တော့သည်။ အရီးလေး ငြိမ်းမေကို တွေ့ရသည်။

"ဟဲ့ - သာအေး၊ မြခင်က နင့်ကို ခေါ်ခိုင်းလိုက်တယ်၊ ဟုတ်လား"

"ဟုတ်တယ် အရီးလေး။ ကျုပ်ကို ခေါ်ခိုင်းလိုက်တာ"

"အေးကွယ်၊ ငါလည်း ဒီမှာ ...င်းနေပြီ။ အိမ်ပြန်ချင်လှပြီ။ ဒါပေမယ့် ...တစ်ညတော့ အိပ်ပါဦးလို့ သူတို့ ...င်မယားနှစ်ယောက်လုံးက တားနေ ...ကြတယ်"

ဒေါ်ငြိမ်းမေ စကားအဆုံး···

"ဟုတ်တယ် သာအေးရ။ သူ့ ...မကလည်း ဘာကိစ္စရှိတယ် မသိ ...ဘူးကွာ၊ မနက်ကျမှပဲ သူကိုယ်တိုင် ...က်ပို့မယ်၊ ဒီတစ်ညတော့ အိပ်ပါဦး ...့ ပြောနေတယ်"

"ဒါဆို···"

"ဒီလိုလုပ်ဗျာ ကိုသာအေး။ လာ ...အတူတူတော့ မထူးတော့ဘူး။ ...က်ဖြန် အမေပြန်ရင် ပေးဖို့ လုပ်



ထားတဲ့ လဲအိတ် ၃အိတ်နဲ့ ကောက်ညှင်းဆန် ၅တင်းကို ခင်ဗျားလှည်းနဲ့ တင်သွားဗျာ။ အမေ့ကိုတော့ မနက်ကျမှ သူ့ချွေးမကိုယ်တိုင် လိုက်ပို့လိမ့်မယ်။ မမြခင်ကိုလည်း ပြောပြလိုက်"

"ဖြစ်ပါတယ် ငထွန်းရယ်။ ဒေါ်လေးအတွက် အဆင်ပြေရင် ပြီးတာပဲ"

"ကဲ - ဒါဆိုလည်း ဖြည်းဖြည်းမှသာ ပြန်ပါ သာအေးရယ်၊ ရေနွေးကြမ်းသောက်ဦးဟဲ့"

ထိုမှ ငထွန်း၏ ဇနီး တည်ခင်းချလာပေးသော မြေပဲကြော်နဲ့ ရေနွေးကြမ်းများကို သောက်ရင်း စကားစမြည် တောင်တောင်အီအီ ပြောဆိုနေမိသည်။

နေသည် တအိအိပြိုဆင်းလာသည်။ မကြာမီ ရွာနောက်ဖျားဆီသို့ မေးတင်နေတော့၏။ နာရီကြည့်၏။ ၅ နာရီခွန်းစ ပြုပြီ။

"ကဲ - အရီးလေးနဲ့ ငထွန်း၊ ငါ သွားတော့မယ်။ နေလည်း ကျိုးသွားပြီ။ ဘယ်မှာလဲ မင်းပေးလိုက်မယ့် ပစ္စည်းတွေ"

"ဟိုတလင်းထဲမှာပါ ကိုသာအေး"

ထိုမှ ငထွန်းနဲ့ နှစ်ယောက်သား ရွာသို့ ပေးလိုက်မည့် ပစ္စည်းများကို တင်၍ နေညိုချမ်း လေပျိုဖျန်းတွေ သွေးစမှာ သာအေး ရွာသို့ ပြန်လာခဲ့တော့သည်။

◈◈◈

နေလုံးသည် သစ်ပင်သစ်ရိပ်များကို ကွယ်လျှိုးရင်း တစ်ခါတစ်ခါ ငွားငွားစွင့်စွင့်ပေါ်လာ၏။ ထိုမှ တဖြည်းဖြည်း ငုပ်လျှိုးကာ ကွယ်ပျောက်သွားတော့သည်။ နေလုံး လုံးဝ ကွယ်ပသွားသည်မို့ အမှောင်ရိပ်တွေက မြူခိုးမြူစတွေလို ဟိုမှသည်မှ လွင့်လာသည်။

သာအေးသည် လှည်းကို တရွေ့ရွေ့မောင်းရင်း ကညွတ်ကွင်းရွာလေးကို လွန်လာ၏။ ကွင်းနှစ်ကွင်းကျော်ကျော်ကို ဖြတ်မိတော့ ရှေ့ တစ်ပြသာသာတွင် ဖလန်တောင်ဇေးကုန်းဟူသော ရွာကို ရောက်လာ၏။ အမှောင်သည် ဆောင်းကာလလေလားမို့ မသိ၊ ရုတ်ခြည်း ဆိုက်ရောက်လာသည်။ လယ်ဝိုင်းတစ်ခုကို ဖြတ်ကျော်ရင်း ဖျိုက်ကွင်းစပ်တစ်ခုနားသို့ အရောက်၊ ရွာစပ်ကပ်ရက်ဖောက်ထားသည့် လမ်းလေးအတိုင်း လှည်းကို မောင်းရင်း ထွက်လာသည်။

သာအေး လှည်းမောင်းနေရင်းမှ ရှေ့သို့ တစ်ချက်ကြည့်လိုက်၏။ ကုက္ကိုပင်ရိပ်အောက်တွင် လူတစ်ယောက် ရပ်နေကြောင်း တွေ့ရ၏။ လှည်းက တစ်စတစ်စ နီး၍လာသည်။ ထိုမှ ကုက္ကိုပင်ရိပ်အောက်တွင် ရပ်နေသူမှာ အဘိုးအိုတစ်ဦးဖြစ်ကြောင်း တွေ့ရတော့သည်။ သာအေး၏ လှည်းန...



www.burmeseclassic.com

www.burmeseclassic.com

ရောက်လေတော့ အဘိုးအိုမှ လှည်းကို တားလာ၏။

"ဗျို့…လှည်းဆရာ၊ ဘယ်ရွာသွားမှာတုန်းကွဲ့"

"ကျွန်တော် ငါးဘတ်အင်းရွာထဲကို ပြန်မှာပါ"

"ဒါဆို အဘ လှည်းကြုံလိုက်ခဲ့ပါရစေကွယ်"

"ရပါတယ်ခင်ဗျာ၊ လိုက်ခဲ့ပါ"

လှည်းပေါ်သို့ အဘိုးအို တက်ပြီးလေသောအခါ သာအေး လှည်းကို မောင်းရင်း ထွက်လာခဲ့တော့သည်။ အဘိုးအိုသည် ထင်းချောင်းစည်းလေးကို သူ့နံဘေးတွင် ချ၍ထားသည်။ သာအေးနောက်မှ ထိုင်ရင်း လိုက်ပါလာ၏။ ခရီးသွားလာရင်းမှလည်း ဟိုဟိုဒီဒီ စကားများ ပြောဆိုလာ၏။ အဘိုးအိုမှ မေးလာလေသည်။

"ဒါနဲ့ ငါ့တူက ဘယ်က ပြန်လာတာလဲကွဲ့"

"ဩော်…ကျွန်တော်က ထန်းလေးပင်ဆိုတဲ့ ရွာကို လူတစ်ယောက်သွားခေါ်ရင်း မလိုက်ဖြစ်လို့ ပြန်လာတာပါ"

"ဒါနဲ့ အဘကရော ဘယ်က ပြန်လာတာလဲခင်ဗျာ"

"အင်း…အဘကတော့ ဒီအနီးအနားတစ်ဝိုက်က တောလေးမှာ ထင်းလည်ခုတ်ရင်း၊ ခုလည်း ထင်းခုတ်ရာကပဲ ပြန်လာတာ"

"ဩော်…အဘရယ်၊ အိမ်မှာ လုပ်မယ့်ကိုင်မယ့်သူ ငယ်ငယ်ရွယ်ရွယ် မရှိကြဘူးလား"

"အင်း…မရှိကြပါဘူးကွယ်။ အဘနဲ့ အဘဇနီး ဒါပဲ ရှိတယ်။ အဘဇနီးကလည်း မျက်မမြင် ဒုက္ခိတမို့ အဘကပဲ လုပ်ကိုင်ကျွေးမွေးနေရတာပါ"

"ဒါနဲ့ နေတာကရော ဘယ်မှာလဲ အဘ"

"ဟိုးရှေ့နားက ရွာလေးနားမှာပါ။ အဘရောက်ရင် ပြပါ့မယ်ကွယ်။ ဩော်…ဒါနဲ့ စကားမစပ်၊ ငါ့တူ ခုလို နေဝင်ရီတရော အချိန်အခါမျိုးတွေမှာ ဝေးဝေးလံလံ ခရီးတွေကို သွားလာဖူးသလားကွဲ့"

"ဩော်…ဟုတ်ကဲ့၊ သွားလာဖူးပါတယ်။ ကျွန်တော်က လှည်းငှားလိုက်တဲ့သူဆိုတော့ တစ်ခါတလေ ညအချိန်မတော်တွေမှာတောင် ပိုးထိတာတို့၊ စားခုတ်မှုဆိုတဲ့ ကိစ္စမျိုးတွေ ရှိလို့ မြို့သွားချင်ရင် လှည်းလာငှားကြတယ်။ ကျွန်တော် လိုက်ပို့ဖူးပါတယ်"

"ငါ့တူ အဲဒီကို သွားလာတဲ့အခါ တွေ့[illegible]အတွေများ ထူးထူးခြားခြား [illegible]လဲကွဲ့"

"အဘ ဘာကို ပြောတာလဲ ခင်ဗျာ။ ကျွန်တော် သဘောမပေါက်ဘူး"

"ဩော်…ဒီလိုပါကွယ်။ အဲဒီလို အချိန်မရွေး အခါမရွေး သွားလာတဲ့ ညတွေမှာ နာနာဘာဝလို့ ခေါ်ကြတဲ့ ပရလောက,က အနှောင့်အယှက် တစ်စုံတစ်ရာဆိုတာမျိုး တွေ့ဖူး၊ ကြုံဖူးလားလို့။ ဥပမာ - လှည်းကို ရှေ့ကနေ ရပ်ပြီး တားတာတို့၊ လှည်းသွားမရအောင် ဆွဲထားတာမျိုးတို့၊ နွားတွေကို ကြောက်လန့်အောင် ခြောက်လှန့်တာမျိုးတို့ကို ပြောတာ"

"အင်း…အဲဒီလိုမျိုးတွေ နှောင့်ယှက်တာတော့ တစ်ခါမှ မကြုံခဲ့ဘူးပါဘူး အဘ။ ဘာဖြစ်လို့ မေးတာလဲ အဘ"

"ဩော်…ဒီလိုအနှောင့်အယှက်တွေ ပေးတဲ့အကြောင်း အဘ ကြားဖူးလို့ မေးကြည့်တာပါကွယ်။ အင်း…တကယ်လို့များ အဲဒီလို ကြုံလာရင် မောင်ရင် ဘယ်လိုဖြစ်မလဲ"

"ဘယ်လိုဖြစ်ရမလဲ အဘ[illegible] ကျွန်တော်က ငယ်ငယ်ကတည်း[illegible] မကြောက်တတ်ဘူး။ ဒါကြောင့် [illegible] လာလည်း ကြောက်မှာ မဟုတ်[illegible] ခင်ဗျာ"

"အင်း…မောင်ရင့်လိုပဲ အ[illegible] ကြီးတဲ့သူတွေ အတော်များများ အ[illegible] ကြုံဖူးတယ်။ မကြုံခင်တော့ ဆ[illegible] မယ်၊ ကျားမယ်ဖမ်း ဘာညာဘာညာ[illegible] ဟော…နဖူးတွေ့ ဒူးတွေ့လည်း [illegible] လာရော ကယ်ပါယူပါ တစာ[illegible] သွေးပျက်မတတ် ကြောက်လန့်ကြ[illegible] အဘကြုံဖူးတယ်"

"ကျွန်တော်ကတော့ အဘ[illegible] တဲ့ လူစားမျိုးတွေမှာ မပါဘူးခင်[illegible]"

"သိပ်လည်း အပြောမကြီး[illegible] ကွယ် ငါ့တူရယ်။ ငါ့တူ ကြား[illegible] မသိဘူး။ ကြောက်အောက် [illegible] ကြောက်ပါသကော ဆိုတဲ့ ပုံပြင်[illegible] တစ်ခုရှိခဲ့ဖူးတယ်။ အဲဒီ ပုံပြင်[illegible] တော့ လူတစ်ယောက်ဟာ ခ[illegible] သာညတစ်ညမှာပေါ့ကွယ်။ [illegible] ကွမ်းသွားရောင်းပြီး ရွာကို [illegible] တယ်။ အဲဒီအခါမှာ အဘိုးအို [illegible] ယောက်က လမ်းတစ်နေရာ[illegible] လှည်းကြုံတား စီးလာတယ်။ [illegible] သူဟာ လူမဟုတ်ဘဲ နာနာ[illegible] တော့ လှည်းသမားနဲ့ စကား[illegible] ရင်း စကားထဲက ဇာတိပြ[illegible] မှုလရုပ်သဏ္ဍာန်က ပေါ်လာတ[illegible]

နာနာဘာဝ မိစ္ဆာက [illegible] ခြောက်ခြောက် လှည်းသ[illegible] မကြောက်မလန့်ဘူး။ နောက်[illegible] နားရွက်ကြီးကို စောင်[illegible] လောက် ကြီးအောင်လုပ်ပြီး [illegible] တော့ လှည်းသမားခမျာ [illegible]



www.burmeseclassic.com

www.burmeseclassic.com

အောင် ခြောက်၊ ကြောက်ပါသကောဗျ လို့ အော်ပြီး လှည်းပေါ်က ဆင်းပြေးပါလေရော"

"အဲဒါက ပုံပြင်ထဲမှာ အဘာရယ်။ ပြီးတော့ လှည်းသမားချင်း တူပေမယ့် သတ္တိချင်းကတော့ မတူနိုင်ပါဘူး"

"အင်း…ဟုတ်ပါပြီကွယ်။ ထားပါတော့…ထားပါတော့"

စကားတပြောပြောနဲ့ သာအေးလှည်းကို မောင်းရင်း ညောင်ကုန်းဟူသော ရွာလေးနားက သချိုင်းကုန်းစပ်သို့ ရောက်လာသည်။ ထိုစဉ် မိမိနံဘေးမှ ရှုးရှူးရှရှ တိုးဝင်လာသော လူ့သေကောင်ပုပ်နံ့ကြီးက နှာခေါင်းထဲသို့ တိုးဝင်လာ၏။

"ဟာ…နံလိုက်တာဗျာ၊ ဘယ်က အပုပ်နံ့ကြီးလည်း မသိဘူး။ ထွီ…ဝေါ့…ဝေါ့…"

"ဘယ်လိုဖြစ်ရတာလဲ မောင်ရင်ရဲ့"

"ဘာဖြစ်ရမလဲဗျ။ လူ့သေကောင်ပုပ်နံ့ကြီး၊ အဘ မနံဘူးလား"

"သြော်…အပုပ်နံ့လား။ အဲဒါ အဘဆီကပဲလေ"

"ဗျာ…"

အာမေဋိတ်သံတစ်ခုနဲ့အတူ သာအေး မိမိနောက်နားဆီတွင် ထိုင်၍ လိုက်လာသော အဘိုးအိုကို လှည့်ကြည့်လိုက်သည်။ အဘိုးအိုမှာ လှည်းပေါ် လိုက်ပါလာစက ရုပ်ခန္ဓာမျိုး မဟုတ်တော့။ ပုပ်ပွ နံစော်နေသော သေတီစရာ ရုပ်ခန္ဓာကိုယ်ကြီးနဲ့အတူ ထိုင်နေသည်ကို တွေ့ရတော့သည်။

"ဟာ…ခင်…ခင်ဗျား ဘယ်သူလဲ၊ သွား…သွား။ ကျုပ်လှည်းပေါ်က ဆင်းသွား"

"ဒေါသမကြီးပါနဲ့ ငါ့တူရယ်။ ဆင်းမှာပါ။ အဘနေတဲ့ သချိုင်းကုန်းလည်း ရောက်လာပြီမို့ မင်းခေါ်လည်း အဘ မလိုက်ပါဘူး။ ခုလို အဘကို လှည်းကြုံနဲ့ ခေါ်လာတာ မင်းကို ကျေးဇူးတင်ပါတယ်ကွယ်"

"ဟာဗျာ…သွား…သွား။ မြန်မြန်ဆင်း…ဆင်း…"

သာအေး လှည်းကို ရပ်လိုက်သည်။ အဘိုးကြီးက လှည်းပေါ်မှ ဆင်းသည်။ မိမိလှည်းကို တားစဉ်က ယူလာသော ထင်းခြောက်စည်းမှာလည်း ထင်းစည်းမဟုတ်တော့ဘဲ လူ့သေအလောင်းများထည့်သည့် ခေါင်းတလားကြီးတစ်လုံးဖြစ်နေကြောင်း တွေ့လိုက်ရတော့သည်။

"အမလေး…ဒီခေါင်းကြီးက ဘာကြီးလဲဗျ"

"သြော်…ဒီပစ္စည်းက အဘရဲ့ ပစ္စည်းပါကွယ်။ မကြာခင် ရက်ပိုင်းမှာ ဒီရွာထဲက ရောက်လာမယ့် လူတစ်ယောက်အတွက် အဘ ကြိုပြီးပြင်ဆင်ထားရတာ။ အဘ မနိုင်လို့ ကူပြီး မ,ပေးပါဦးကွယ်"

"ဟောဗျာ…၊ သွား…သွား၊ မြန်မြန်ယူပြီး ဆင်းသွားပါဗျာ"

အဘိုးကြီး လှည်းပေါ်မှ ဆင်းတော့ ခေါင်းတလားကြီးကို ကူမ,၍ ပခုံးပေါ် တင်ပေးလိုက်ရ၏။

"အမလေးလေ…လုပ်…လုပ်ကြပါဦးဗျ"

သာအေး အော်လည်း အော်ရင်း လှည်းကို အပြင်းမောင်းကာ ရွာဆီ ထွက်လာခဲ့တော့သည်။

အဘိုးကြီးမှာတော့ ခေါင်းတလားကြီးကို မနိုင့်တနိုင်ထမ်းရင်း ညောင်ကုန်းရွာ သုသာန်လေးထဲသို့ လသာညတစ်ညအောက်တွင် ဝင်ရောက်သွားပါလေတော့သည်■

* * *

ဆုမွန်ဦး(ဟင်္သာတ)

အယ်ဒီတာအဖွဲ့ ဖုံးခန်းနှင့် မြန်မိုရေး
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ) (၃၁)လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၄၃၀၅၀၄၇၁၊



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃၊ ဒီဇင်ဘာလအတွက်

# နာမက္ခရာဆန်း အထူးဟောစာတမ်း

ဂမ္ဘီရ ဆရာလှမျိုး (B.Sc)

## တနင်္ဂနွေနံအက္ခရာ

**(အ၊ အာ၊ ဣ၊ ဒီ၊ ဒီ၊ ဥ၊ ဦ။ ဧ၊ ဩ) စသည့် "အ" အသံထွက်နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် မိမိလုပ်နေကျအလုပ်ကို ပုံမှန်ဆက်လုပ်နေခြင်းသာ ဝိုကောင်းသည်။ ငွေရင်းနှီးမြှုပ်နှံရသောအလုပ် မပြု လုပ်သင့်သေးပါ။ ပညာရေးဆိုင်သော အလုပ်၊ စီးပွား၊ သင်တန်း အောင်မြင်မည်။ ဘာသာရေးလုပ်ငန်း၊ ပရဟိတလုပ်ငန်း ပါဝင်ဆောင်ရွက်ရမည်။ ခရီးဝေးသွားလာခြင်း မကောင်းသေးပါ။ ဝင်ငွေထက် ထွက်ငွေများနေမည်။ ချစ်သူ၊ ဇနီးမယားနှင့် ခွဲခွာနေထိုင်ရမည်။ လူမျိုးခြား၊ နိုင်ငံခြားသားနှင့် ပူးတွဲပေါင်းစပ် လုပ်ကိုင်ရမည်။ ဓါးသွား၊ လောဘ ထိန်းပါ။ သူတစ်ပါးကို ကြားဝင်ဖြေရှင်းခြင်း ရှောင်ပါ။ တနင်္လာ+သောကြာနံ အစီက ရှောင်ပါ။ **ထို ၂+၆အတွဲ လူအမည်၊ နေ့နံ၊** အစားအစာတို့ကို တစ်လတာ ရှောင်ထားပါ။ သွားနာ၊ သွားကိုက်ဝေဒနာ **ခံစားရတတ်သည်။**

**ကောင်းကျိုးပြုယတြာ** - မွေးနံထောင့်တွင် ဗိတောက် (၁၂)ညွှန့် **ဖယောင်းတိုင် (၅)တိုင် ပူဇော်လှူဒါန်း၍** ဆုတောင်းပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## တနင်္လာနံအက္ခရာ

**(က၊ ခ၊ ဂ၊ ဃ၊ င)နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလပိုင်းတွင် အကြံအစည်များ လွဲချော်နေတတ်သည်။ ရတာ **မလို၊** လိုတာ **မရဖြစ်နေမည်။** သူတစ်ပါးကို အာမခံခြင်း၊ သက်သေလိုက်ခြင်း ရှောင်ပါ။ အကြွေးငွေကိစ္စ ပြဿနာ**ဖြေရှင်းရတတ်သည်။** ဘာသာရေးအမိဘွာန် မပျက် မကွက်ပြုလုပ်ပါ။ ကြာသပတေး၊ စနေသားသမီးနှင့် ပူးတွဲပေါင်းစပ် လုပ်ကိုင်ပါ။ တနင်္လာ+သောကြာအမည်တွဲ လူ၊ နေ့နံ ရှောင်ပါ။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း ပျက်-ထွက်ကိန်းရှိသည်။ **အိမ်၊ မြေ၊ ကားအရောင်းအဝယ်ပြုလုပ်ရမည်။** အရောင်းအဝယ်မှ အကျိုးအမြတ်ခံစားရမည်။ ချစ်သူနှင့် သဘောထားကွဲလွဲနေမည်။ **ဇနီး** ကျန်းမာရေး(သို့မဟုတ်)မိဘ ကျန်းမာရေးအတွက် ငွေကုန်ကျမည်။ လူငယ်များ ပညာရေးကိစ္စ **ဦးစားပေး ဆောင်ရွက်ပါ။** သင်တန်းတက်ခြင်းများ ပြိုင်ပွဲကိစ္စများ အောင်မြင်မှုရမည်။

**ကောင်းကျိုးပြုယတြာ** - မွေးနံထောင့်တွင် ထီးဖြူ (၇)လက်၊ **ဖယောင်းတိုင်အဖြူ** (၅)တိုင် လှူဒါန်းပူဇော်ပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## အင်္ဂါနံအက္ခရာ

**(စ၊ ဆ၊ ဇ၊ ဈ၊ ည) နှင့် စသော အမည်ပိုင်ရှင်များ . . .**

အကြံအစည်၊ ရည်ရွယ်ချက်တွေ အောင်မြင်တော့မည်။ **အပြိုင်အဆိုင်၊ အတိုက်အခံကြားမှ** အောင်မြင်မှု ရမည်။ မိတ်ဆွေ၊ ဆရာသမားထံမှ အကူအညီရမည်။ **လူမျိုးခြား၊ နိုင်ငံခြားသားနှင့် စပ်တူရှယ်ယာလုပ်ကိုင်ခြင်း၊** ပြည်ပအလုပ်အကိုင် ခရီးထွက်ရခြင်း ကြုံတွေ့ရမည်။ တစ်ယူသန် **အစွဲအလမ်းကြီးမှု သဘောထားကို မထားဘဲ စီးပွားရေး** ဦးစားပေးလုပ်ပါ။ ထီ၊ ထီ၊ နာရီ၊ ဖိနပ်၊ အထည်၊ နို့နှင့် နို့ထွက်ပစ္စည်း၊ **ဓာတုပစ္စည်း(ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး)လုပ်ငန်းများ** တိုးချဲ့ဆောင်ရွက် ရမည်။ ဥပဒေနှင့် မကင်းသောအလုပ် **အထူးရှောင်ပါ။ ဆွေမျိုးသားချင်းတစ်ဦးဦး ကျန်းမာရေး** စိုးရိမ်ရမည်။ ထိဝါသနာ ပါက ၅အစ ၇အဆုံး၊ ၇အစ ၅အဆုံး အောင်ဘာလေထီထိုးပါ။

**ကောင်းကျိုးပြုယတြာ** - နေအိမ်ဘုရားတွင် ဆီမီး၊ စံပယ်ပန်း၊ **ဆီထမင်းကပ်လှူပါ။ ဘုန်းကြီးကျောင်းတွင်** လျှပ်စစ်မီး (ရောင်စုံမီး) ဒါန်ပြုပေးပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးနံအကျွရာ

**(ယ၊ ရ၊ လ၊ ဝ၊ ဠ) နှင့် စသော အမည်ပိုင်ရှင်များ•••**

ဤလတွင် ပညာနှင့် ပတ်သက်၍ ငွေဝင်နိုင်သည်။ အမွေရကိန်း၊ ထီပေါက်ကိန်း၊ ခြံမြေအရောင်းအဝယ်မှ အကျိုးအမြတ်ရကိန်းရှိသည်။ အလှူမင်္ဂလာကိစ္စ ဆောင်ရွက်ရမည်။ ဆွေမျိုးသားချင်းနှင့် စကားများ၊ သဘောထားကွဲလွဲတတ်သည်။ တနင်္လာ၊ အင်္ဂါ အမည်ပါသူများကို သတိထားရှောင်ပါ။ ကွဲကွာနေသော ချစ်သူ၊ အိမ်ထောင်ဖက်နှင့် ပြန်လည်ဆုံတွေ့ရမည်။ အိမ်ထောင်ဖက်အပေါ် သံသယဝင်စရာတွေ ကြုံတွေ့ရမည်။ စိတ်ရှည် သည်းခံစိတ်ဖြင့် နေထိုင်ပါ။ ကြာသပတေး၊ စနေသားသမီးများနှင့် ပူးတွဲပေါင်းစပ်ဆောင်ရွက်ပါ။ ပဌာန်းရွတ်ဆို၍ မေတ္တာများများပို့ပေးပါ။ ထီဝါသနာပါက (၅၇၀)ပါသော ဂဏာန်းရွေးထိုးပါ။ မိမိပတ်ဝန်းကျင်တွင် ပဌာန်းရွတ်သံကြားပါက ထီထိုးဖြစ်အောင် ထိုးလိုက်ပါ။

**ကောင်းကျိုးပြု ယတြာ** - ပျဉ်းမညွန့် (သို့မဟုတ်) မေမြို့ပန်း (၁၉)ညွန့်၊ (၁၉)ပင် ဘုရားလှူပါ။ ပဲမုန့်၊ ပေါက်ပေါက်၊ ပေါင်မုန့် ဒါနပြုပါ။ ပဌာန်း ၂၄ပစ္စည်း နေ့စဉ်ရွတ်ဆိုပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## ကြာသပတေးနံအကျွရာ

**(ပ၊ ဖ၊ ဗ၊ ဘ၊ မ) နှင့် စသော အမည်ပိုင်ရှင်များ•••**

ဤလတွင် မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်ကိန်းရှိသည်။ အမွေရခြင်း၊ မြေဝင်ခြင်း၊ ပညာရေးကိစ္စ အောင်မြင်ခြင်းတို့ ကြုံမည်။ မိတ်ဆွေ၊ ဆရာသမားထံမှ အကူအညီရမည်။ ပြည်တွင်းပြည်ပခရီးဝေးသွားလာရမည်။ ရွှေ၊ ဝါ၊ ရေလုပ်ငန်း၊ လျှပ်စစ်ပစ္စည်း၊ ယွန်းထည်ပစ္စည်း စသည့် ဗုဒ္ဓဟူးနံများဝင်၍ အရောင်းအဝယ် အဆင်ပြေမည်။ စာချုပ်စာတမ်း၊ စာရင်းဇယားကိစ္စ သတိထား ဆောင်ရွက်ပါ။ ဆိုင်ခန်း၊ စက်ပစ္စည်း၊ စာအုပ်၊ ဆန် ထွက်မည်။ လက်အောက်ငယ်သားကြောင့် စိတ်ညစ်ရမည်။ အိမ်ထောင်ဖက်နှင့် စကားများရမည်။ ချစ်သူထံမှ လက်ဆောင်ရမည်။ အလှူမင်္ဂလာကိစ္စ ဆောင်ရွက်ရမည်။ ထီဝါသနာပါလျှင် ၅အစ ၇အဆုံး၊ ၇အစ ၅အဆုံး၊ (၅၀၇)ပါသော ထီလက်မှတ်များ ရွေးထိုးပါ။

**ကောင်းကျိုးပြုယတြာ** - မိဘဘိုးဘွား ဆရာသမားအား မျက်နှာသုတ်ပဝါ၊ မုန့်ဘူး၊ ထီး၊ နာရီဖြင့် ကန်တော့ပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## သောကြာနံအကျွရာ

**(သ၊ ဟ) နှင့် စသော အမည်ပိုင်ရှင်များ•••**

အကြံအစည်လွဲချော်နေတတ်သည်။ အပြိုင်အဆိုင်၊ အတိုက်အခံ ကြုံတွေ့ရမည်။ ပညာရေးနှင့်ဆိုင်သောလုပ်ငန်း၊ ဘာသာရေး အဆင်ပြေ အောင်မြင်မည်။ မိတ်ဆွေ၊ ဆရာသမား၊ အထက်ပုဂ္ဂိုလ်တို့ထံမှ အကူအညီရမည်။ ပရဟိတလုပ်ငန်းများ ပါဝင် ဆောင်ရွက်ရမည်။ မည်သည့်ကိစ္စမဆို တနင်္လာ၊ သောကြာနေ့နံများကို ရှောင်ပါ။ ငွေကြေးကိစ္စ စိတ်သောကကြုံရမည်။ အာမခံ က်သေလိုက်ခြင်း၊ စာချုပ်စာတမ်းလက်မှတ်ထိုးခြင်း စသည့်ကိစ္စများ သတိထား ဆောင်ရွက်ပါ။ တစ်ယူသန်၊ တစ်ဇွတ်ထိုး လုပ်ခြင်း ရှောင်ပါ။ အလုပ်နေရာဌာနအပြောင်းအရွှေ့ မကောင်းသေးပါ။ အိမ်ထောင်ဖက်၏ ကျန်းမာရေး ဂရုစိုက်နေရမည်။ ကိုယ်တိုင်လည်း ကျန်းမာရေး ဂရုစိုက်ပါ။ အစာမှား၊ ဆေးမှားဖြစ်တတ်သည်။ ချစ်သူနှင့် ခွဲခွာနေရမည်။ ဘာသာရေးအဓိဋ္ဌာန်တစ်ခု ျက်မကွက်ပြုလုပ်ပါ။

**ာင်းကျိုးပြုယတြာ** - ကြာသပတေးနှင့် စနေနေ့တိုင်း ပေါင်မုန့်ထောပတ်သုတ်၊ ပဲနို့၊ မုန့်ဖက်ထုပ်၊ ပလာတာ တစ်မျိုးမျိုး ဒါနပြုပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## စနေနံအကျွရာ

**(တ၊ ထ၊ ဒ၊ ဓ၊ န၊ ဍ) နှင့် စသော အမည်ပိုင်ရှင်များ•••**

ဤလတွင် သတင်းထူးကြားရခြင်း၊ ဝမ်းသာရမည့်စကား၊ မင်္ဂလာရှိသောစကား ကြားရမည်။ လုပ်ငန်းသစ် စတင်ပြုလုပ်ရခြင်း၊ င်န်းတိုးချဲ့ ပြောင်းရွှေ့ရမည်။ လူမျိုးခြား၊ နိုင်ငံခြား၊ မင်းစိုးရာဇာနှင့် ဆက်နွယ်ပူးတွဲ ပေါင်းစပ်ဆောင်ရွက်ရမည်။ သားသမီးပညာရေး ွဲ သင်တန်းအောင်မြင်မှုရရှိမည်။ စကားအပြောအဆို ဆင်ခြင်ပါ။ စေတနာသည် ဝေဒနာဖြစ်တတ်သည်။ တနင်္လာ၊ သောကြာနေ့ ေးသွားခြင်း၊ အကြံအစည်ပြုလုပ်ခြင်း မကောင်းပါ။ ချစ်သူနှင့် သဘောထားကွဲလွဲနေမည်။ မိဘကျန်းမာရေး ဂရုစိုက်ပါ။ ာမ်းများ ရာထူးတိုး၊ ပြောင်းရွှေ့ရကိန်းရှိသည်။ ထီဝါသနာပါက ၄၇၊ ၇၄အတွဲပါသော ထီထိုးပါ။ မဟာမြတ်မုနိပုံတော်ကို ွယ်ပူဇော်ပါ။

**ာင်းကျိုးပြုယတြာ** - မိတ်ဆွေများအား ဘုရားပုံတော်၊ ပုတီး၊ ပဌာန်းစာအုပ် ဒါနပြုပေးပါ။ ဖယောင်းတိုင်အဖြူတစ်တင် လှူ၍ရသည်။

*****



www.burmeseclassic.com

www.burmeseclassic.com

# ဆေးစွမ်းထက်သော
# တောသဖျက်

ရောမြေ ကျော်ဝေ

စာရေးသူ၏ နေအိမ်နှင့် မျက်နှာချင်းဆိုင်တွင် ဦးတင်ဦး (မြန်မာ့မီးရထားလက်မှတ်စစ်-အငြိမ်းစား)နှင့် ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ဦးတို့ နေထိုင်ကြပါသည်။ ၂၇-၈-၂၀၁၃ရက်နေ့၏ နံနက် ၉နာရီအချိန်တွင် မောင်ထွန်းထွန်းဝင်းတစ်ယောက်သည် ထိုသူတို့၏ နေအိမ်ခြံထဲမှ တောသဖျက်သီး ငါးလုံးကို အညှာမှ ကိုင်တွယ်လျက် ထွက်လာသည်ကို တွေ့ရှိရသောအခါ စာရေးသူကလည်း အိမ်ရှေ့ခြံအပြင်ဝတွင် မြက်ပင်များကို နုတ်လျက် သန့်ရှင်းရေးပြုလုပ်နေရင်းမှ မောင်ထွန်းထွန်းဝင်း လက်ထဲမှ ဒူးရင်းသီးနှင့် ပုံသဏ္ဌာန်တူ တောသဖျက်သီးများကို တွေ့လျှင်တွေ့ချင်းပင် ဤကဲ့သို့ မေးမိပါသည်။

"မောင်ထွန်းထွန်းဝင်း···၊ မင်းလက်ထဲက တောသဖျက်သီးတွေက များလှချည့်လား၊ ဘာဆေးအသုံးပြုဖို့လဲ"

ဟု မေးသောအခါ မောင်ထွန်းထွန်းဝင်းကလည်း···

"ဒီတောသဖျက်သီးတွေက မိုးတွင်းမှာပဲ အသီးသီးတယ်လေ။ ကျွန်တော့်ကို ဆရာတော် ဦးသုစိတ္တက ခူးခိုင်းလို့ပါ ဆရာကျော်။ ဆေးအသုံးဝင်ပုံကို ကျွန်တော် နောက်မှပဲ အေးအေးဆေးဆေး ပြောပြပါမယ်"

ဟု ဆိုသောခါ စာရေးသူကလည်း···

"မင်းကလဲကွာ၊ ဆေးနည်း အသုံးပြုဖို့ သိချင်... မင်းကို မေးမိပါမှ နေ့ရွှေ့ညရွှေ့နဲ့ ဈေးကိုင်နေသေးတ... ဘာလဲ၊ ငါက ဆေးနည်းသိရင် မင်းတို့ ဖတ်နေကျ ... ဆန်းကြယ်မဂ္ဂဇင်းထဲကို ထည့်မှာစိုးလို့လား"

ဟု ပြောသောအခါ မောင်ထွန်းထွန်းဝင်းက···

"မဟုတ်ရပါဘူး ဆရာရယ်၊ ဒီဆေးနည်းက ... တော်တစ်ပါးတည်း သိလို့ပါ။ ကျွန်တော်က ခူးပေးရတဲ့... ဆရာသိချင်ရင် ကျွန်တော်နဲ့ ကျောင်းကို လိုက်... ဆရာတော်ကို မေးကြည့်လေ"

ဟု ဆိုသောအခါ၊ စာရေးသူကလည်း···

"အေး၊ ငါလိုက်ပြီး ဆရာတော်ကို မေးကြည့်... အခု မင်း ကျောင်းကို မသွားနဲ့ဦး၊ မင်း ခူးထားတဲ့ ... သဖျက်သီး ငါးလုံးနဲ့အတူ ငါ မင်းကို ဓာတ်ပုံရိုက်ချင်တ...

ဟု စာရေးသူက ပြောပြောဆိုဆိုဖြင့် နေအိမ်... လက်စွဲတော် ကင်မရာလေးကို ယူဆောင်လာသော... မောင်ထွန်းထွန်းဝင်းက···

"ကျွန်တော်က အင်္ကျီကျွတ်ကြီးနဲ့ ဆရာ။ ... လည်း ရွှံ့တွေပေနေတယ်။ သဖျက်သီး ခူးတုန်းက ... ကျတဲ့ အသီးတွေကို လိုက်ကောက်နေရတာ... ပြီးမှ ...

www.burmeseclassic.com

မယ်ဆိုပြီး ထွက်လာခဲ့တာပါ။ ကျွန်တော် ဓာတ်ပုံမရိုက်ချင်ဘူး၊ ပေါ့ဟိုက လာနေတဲ့ ကျွန်တော့်အဒေါ် ဒေါ်ခင်လှိုင်နဲ့ ရိုက်ပါ ဆရာ"

ဟု ဆိုသောအခါ ဒေါ်ခင်လှိုင်ကလည်း ရှောရှောရှူရှူပင် ဓာတ်ပုံအရိုက်ခံသဖြင့် အဆင်ပြေခဲ့ပါသည်။

စာရေးသူလည်း တောသဖျက်သီး ငါးလုံးနှင့် ဒေါ်ခင်လှိုင်၏ ဓာတ်ပုံတို့ကို မှတ်တမ်းတင်ရိုက်ပြီး ဦးဇင်းကြီးကို ဆေးအသုံးပြုပုံပြုနည်း မေးကြည့်မိပါသည်။ ဦးဇင်းကြီး ဦးသုစိတ္တကလည်း ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းတွင် စာရေးသူ ဖော်ပြပေးမည်ဟု ပြောသောအခါ ဝမ်းမြောက်ဝမ်းသာစွာဖြင့် ဤကဲ့သို့ ပြောပါသည်။

"စာရေးဆရာ ဒကာကြီး··· ဦးဇင်းကိုတော့ ဓာတ်ပုံ မရိုက်ပါနဲ့။ ဒကာမကြီး ဒေါ်ခင်လှိုင်နဲ့ ရိုက်ထားတဲ့ သဖျက်သီးပုံ ပါတယ်ဆိုရင်ပဲ လုံလောက်ပါတယ်။ ကဲ - ဦးဇင်း ဆေးနည်းပြောမယ်၊ ဒကာကြီး လိုက်ပြီးရေးမှတ်ပေါ့။

"ဦးဇင်းရဲ့ အစ်ကိုတော်တစ်ဦး လက်တွေ့ပျောက်တဲ့ (ကင်ဆာ) ရောဂါပျောက်ဆေးနည်းကို နံပါတ် (၁) ပြောပြပါ့မယ်။ တောသဖျက်သီးအမှည့်၊ ရဲရဲနီနေတဲ့ အမှည့်အတွင်းထဲက အစေ့ပါမကျန်ကို ထန်းလျက်ခဲ ဆတူရောပြီး ကျိုရောဂါဖြစ်နေသူ အဖုအကြိတ်အမြစ်ပင် တွယ်ပါစေ၊ ကျိုပြီးသားကို အအေးခံ၍ လေလုံတဲ့ ပုလင်းထဲမှာ ထည့်ပြီး ဟင်းစားဇွန်းနဲ့ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ်၊ တစ်လတိတိ စားပေးခြင်းဖြင့် ကင်ဆာခေါ် အမြစ်တွယ် အဖုအကျိတ်ရောဂါ ပျောက်ကင်းပါတယ်။ ဦးဇင်းရဲ့ အစ်ကိုတော်သူက ဆေးရုံက လက်လွှတ်လိုက်ပေမယ့် အမည်မသိ အဘိုးကြီးတစ်ယောက်က အိမ်ရှေ့မှာ ရေတောင်းသောက်ရင်း ပေးသွားတဲ့ ဆေးနည်းတစ်လက်ပါပဲ။ ဦးဇင်းရဲ့ အစ်ကိုကြီးက လေးလေးစားစားနဲ့ လိုက်နာပြီး ဆေးကို မှန်မှန်သောက်ခြင်းကြောင့် ယခုတော့ သေမင်းလက်က လွတ်ပြီး သေရွာပြန်တစ်ယောက်လို့တောင် ပြောရမလားပဲ၊ အသားအရည် စိုစိုပြေပြေနဲ့ ရောဂါစင်ပြီး ဖြူဖြူဝဝနဲ့ လူလုတစ်ယောက် ဖြစ်နေတာပေါ့။ ဦးဇင်းလည်း ဒီဆေးနည်းကို ဖော်ပြီး ရောဂါဖြစ်သူတွေအတွက် ဇီဝိတ ဒါနအဖြစ် ပေးလှူတယ်၊ လှူသိမျှားတော့ ဆေးက ရှားတယ်လေ။ ဒီတောသဖျက်က နွယ်ပင်တစ်မျိုးဖြစ်သလို၊ အသီးစိမ်းကလည်း အသုံးဝင်တယ်။

နံပါတ်(၂)အနေနဲ့ ဆေးနည်းကတော့ တောသဖျက်သီး အစိမ်းတစ်လုံးကို ရေစင်အောင် ဆေး၊ လေးစိတ် စိတ်ပြီး အမဲသားနဲ့ ချက်စား၊ အပူနာ အဖုအကျိတ်မှန်သမျှ အားလုံး ပျောက်တယ်။

နံပါတ်(၃) ဆေးနည်းကတော့ ကင်ဆာလို့ အထင်ရှိတဲ့ စဖြစ်ခါစ အဖုအကျိတ် အလုံးတွေ ရှိခဲ့ရင် သဖျက်သီး အစိမ်း (သို့မဟုတ်) ဝင်းရောင်သန်းနေတဲ့ မမှည့်တမှည့် အလုံးတွေထဲက အစေ့ကို ထုတ်ယူပြီး ရေစင်အောင် ဆေးထောင်းပြီး အရည်ညှစ်၍ လက်ဖက်ရည်ပန်းကန်လုံးထဲ ထည့်ပြီး သောက်လျှင်လည်း ထွက်ခါစ အဖုအကျိတ်တွေ ပျောက်ပါတယ်။ မောင်ထွန်းထွန်းဝင်းက တောသဖျက်သီးတွေ ခူးလာပြီး ဦးဇင်းကို လာလှူတော့လည်း ဦးဇင်း ကုသိုလ်ရသလို၊ သူလည်း ကုသိုလ်ရတာပေါ့။ ဆေးနည်းက မခက်ပါဘူး။ မိုးရာသီမှာ အသီးတွေက ပေါတယ်လေ။ ဦးဇင်း ဆေးနည်းကို လူတိုင်း မပေးပါဘူး။ စားရေးဆရာ ဒကာကြီးက ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းထဲမှာ ရေးပြီး တိုင်းသိပြည်သိအောင် ကြေညာမယ်ဆိုလို့သာ ဘုန်းကြီး ခွင့်ပြုလိုက်တာပါ။ ဒီကင်ဆာရောဂါပျောက်တဲ့ နွယ်ပင်တွယ်တတ် တောသဖျက်သီးဆေးနည်းတစ်လက်က လူပေါင်းရာထောင်မက အသက်ကယ်နိုင်ခဲ့ရင် စာရေးဆရာက ရေးရကျိုးနပ်သလို၊ ဦးဇင်းကလည်း ဆေးနည်းပေးရကျိုးနပ်ပြီပေါ့။ အဆင်ပြေအောင်သာ ရေးပါ ဒကာ၊ ဘုန်းကြီး ခွင့်ပြုပါတယ်"

ဦးဇင်းကြီး ဦးသုစိတ္တသည် ကျေနပ်လောက်အောင် စာရေးသူကို ဆေးနည်းများ ပြောကြားပြီး သူ၏ ဓာတ်လုံးထိုးသည့် ဖိုရုံထဲသို့ ကြွသွားလေတော့သည်။ စာရေးသူကို ဦးဇင်းလိုတစ်မျိုး၊ ဘုန်းကြီးလိုတစ်ဖုံ၊ အယောင်အမှားမှားဖြင့် ပြောကြားခြင်းကိုလည်း တွေးပြီး ရယ်မိပါသည်။ ဘယ်လိုပဲဖြစ်ဖြစ် ဤဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းကြီးတွင် လစ်လပ်နေသော ဆေးဆောင်းပါးတစ်ပုဒ်ကို ကွက်လပ်ဖြည့်ပေးရခြင်းဖြင့် မဂ္ဂဇင်းကြီး၏ စာဖတ်ပရိသတ်များအတွက် အဖိုးတန်ဆေးနည်းတစ်လက်ကို စေတနာမေတ္တာအရင်းခံဖြင့် ဖြန့်ဝေပေးလိုက်ရခြင်းသည် စာရေးသူ၏ မြတ်သော ဆေးဒါနပင်ဖြစ်ပါတော့သည်■

အာရောဂျံ ပရမံ လာဘံ

* * *

ဒေ့ာခြေတော့်ခေ



www.burmeseclassic.com

www.burmeseclassic.com

၁ နွေ ၂ လာ ၃ ဂါ ၄ ဟူး ၈ ဟု

၅ တေး ၆ ကြာ ၇ နေ

ဂမ္ဘီရ ဆန်းကြယ်

# ခုနစ်ရက်သားသမီး ကံကြမ္မာဟောစာတမ်း

အောင်အတိတ် အောင်နိမိတ်ဆရာ

## ➢တနင်္ဂနွေသားသမီးများ

ဤလအတွင်း သင်၏ လုပ်ငန်းအတွင်း စာရင်းဇယားကွာဟမှုများ၊ ငွေကြေးလေလွင့်မှုများ ဖြစ်ပေါ်တတ်၏။ သင် ၏ အထက်လူကြီးမှ သင့်အား အကြောင်းမဲ့ ငြိုငြင်မှုများ ခံစားရတတ်၏။ စပ်တူရှယ်ယာလုပ်ငန်း၊ အကျိုးဆောင်လုပ်ငန်း လုပ်သူများ၊ စီးပွားရေးသမားများ ဤလအတွင်း ထူးခြားစွာ ဝင်ငွေများ ရနေတတ်၏။ သင်၏ မွေးနေ့၌ ရဟန်းတစ်ပါးအား သစ်သီးဆွမ်း ဆက်ကပ်လိုက်ပါ။ ခက်ခဲနေသော ပြဿနာများသည် ကူညီဖြေရှင်းပေးမှုများကြောင့် ပြေလည်သွားပါမည်။ ဆွေမျိုးညီအစ်ကိုမောင်နှမများနှင့်လည်း စိတ်သဘောထားကွဲလွဲမှု ဖြစ်ပေါ်နေတတ်သည်။

ငယ်ရွယ်သူများ သင်ရည်ရွယ်ထားသော အချစ်ရေးနှင့် ပညာရေးသည် တစ်ပြိုင်နက်တည်း လွယ်လင့်တကူ အောင်မြင်မှု ရရှိလာပါလိမ့်မည်။ မတော်တဆ ထိခိုက်ဒဏ်ရာအနည်းငယ် ရရှိတတ်၏။ သတိပြုပါ။

သင့်အား အထူးမှာကြားလိုသည့်အချက်မှာ သင် ဘာကိုပင်လုပ်လုပ်၊ သင်ဖြစ်ချင်တာတွေအားလုံး ဖြစ်လာနိုင်ရန် သင့်ဘက်မှ ကံတရားက ရပ်တည်နေပေလိမ့်မည်။ ကံကောင်းနေတဲ့ အချိန်ပါပဲ။ အိမ်တွင်းရေး မကျေလည်တာလောက် တော့ ဖြစ်မည်။

**ယတြာ။** ။ မိမိနေအိမ်ရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား အလင်းတိုင် ၉တိုင် ကပ်လှူ ပူဇော်ပါလေ။ အညံ့များ ပြေပျောက်၍ လိုအင်ဆန္ဒများ ပြည့်စုံလာပါလိမ့်မည်။

**ကံစမ်းရန်။** ။ ၉-ဂဏန်းများများဖြင့် ထီထိုးပါ။ ကိုးနဝင်းအမြဲဆောင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## ➤ တနင်္လာသားသမီးများ

ဤလအတွင်း သင် ကြံစည် စိတ်ကူးထားသည့် လုပ်ငန်းများကို စတင်ပြုလုပ်ရတတ်၏။ ခရီးတစ်ခုသွားမည်ဟု ကြံစည်ထားပြီးမှ ပျက်သွားတတ်၏။ အလုပ်နေရာ၊ အိမ်နေရာအတွက် စိတ်ညစ်စရာ အနည်းငယ် တွေ့ကြုံနေရတတ်၏။ စပ်တူရှယ်ယာလုပ်ငန်း၊ အကျိုးဆောင်လုပ်ငန်း လုပ်နေသူများအတွက် စိတ်ညစ်စရာအနည်းငယ် တွေ့ကြုံနေရတတ်၏။ နိုင်ငံရပ်ခြား(သို့မဟုတ်) ပညာတော် သင်(ပြည်တွင်းသင်တန်း)ခရီးတစ်ခု သွားရောက်သင်ကြား လုပ်ကိုင်ရတတ်၏။ ဆွေမျိုးသားချင်းများနှင့် စိတ်ဝမ်းကွဲစရာ ပြဿနာများ ဖြစ်ပေါ်နေတတ်၏။ အမှုအခင်းနှင့် ရင်ဆိုင်နေရသူဖြစ်ပါမူ အမှု မပြီးပြတ်ဘဲ တိုးလိုးတန်းလန်းဖြစ်ပေါ်နေလိမ့်မည်။

ငယ်ရွယ်သူများ သင်၏ အချစ်ဆုံးသူငယ်ချင်းတစ်ဦးထံမှ လက်ဆောင်ပစ္စည်းတစ်ခုရရှိလိမ့်မည်။ ထိုလက်ဆောင်သည် ပညာရေးနှင့် ပတ်သက်သော လက်ဆောင်ဖြစ်ပါမူ သင် စိုးရိမ်ပူပန်နေသော ပညာရေးသည် မလွဲမသွေ အောင်မြင်မှု ရရှိစေလိမ့်မည်။

သင့်အား အထူးမှာကြားလိုသည့်အချက်မှာ သင်၏စိတ်ကို လျှော့၍ အနားယူပါ။ သင့်အတွက် ကံဇာတာအနည်းငယ် ညံ့နေတတ်ပါသည်။ စွပ်စွဲပုတ်ခတ် ပြောဆိုခံရတတ်၏။ ဘာပြဿနာမှ မဖြစ်အောင် နေပါ။ ငွေသုံးတာ၊ ချေးငှားတာ၊ အာမခံတာ၊ ထားတာသိုတာ ဂရုစိုက်ပါ။ ဆင်ခြင်ပါ။

ယတြာ။ ။ မိမိမွေးနေ့တစ်ရက်တွင် သီလရှင်ကျောင်းသို့သွား၍ ဆန်နို့ဆီဘူး ဖုလုံးလှူဒါန်းလိုက်ပါလေ။ (သို့မဟုတ်) ဘုရားတစ်ဆူဆူသို့သွားပြီး တံမြက်စည်းလှည်းပါ။ သုံးကြိမ်တိတိလုပ်ပါ။ အညံ့များ ပြေပျောက်၍ လိုအင်ဆန္ဒများ ပြည့်စုံလာပါလိမ့်မည်။

ဘဝမ်းရန်။ ။ ကြံတဲ့ ဂဏန်းကို(ရွေးချယ်မနေဘဲ)ထိုးပါ။ အရဟံဂုဏ်တော်ကို စွဲမြဲစွာစိပ်ပါ။ ကုသိုလ်ကံ ဖွင့်ပေးပါ။ နေ့စဉ် ပုတီး (၇)ပတ်စိပ်ပါ။ ထူးပါလိမ့်မည်။

---

## ➤ အင်္ဂါသားသမီးများ

ဤလတွင် ထီပေါက်သကဲ့သို့ ငွေများ အလုံးအရင်းနှင့် ဝင်လိမ့်မည်။ အလှူဒါနတွေ များစွာပြုဖြစ်မည်။ ကံဇာတာ အလွန်ကောင်းနေသည့်လပါပဲ။ မျက်နှာပွင့်လန်းနေမည်။ ပြောဆိုသမျှ အထူးအောင်မြင်နေမည်။ အိမ်ထောင်ရှင်များ လင်မယား ...တောက်ကဆ ဖြစ်တတ်သော်လည်း ပြဿနာမဖြစ်ပါ။ သို့သော် အိမ်တွင်းရေး အဆင်ပြေအောင်နေလျှင် ပိုပြီး ...ာတ်ရွှင်နေမည်။ ငွေလည်း ပိုဝင်လာမည်။ အိမ်ထောင်ရေး သစ္စာရှိရမည့်အချိန်ပါ။ နလုံးသားရေး မြစ်လက်တက် ...ါတတ်ချိန်ပါ။ ငယ်ရွယ်သူများအတွက် အချစ်ရေးကိစ္စ ပြေလည်တတ်ပါသည်။ သို့သော် မျက်နှာအလွန်ပွင့်နေတတ်ချိန် ...ဖြစ်သဖြင့် ချစ်သူအပေါ် သစ္စာရှိဖို့ လိုသည်။ စက်၊ စိန်၊ စသည်တို့ကို အကြောင်းပြု၍ စိတ်ညစ်ရတတ်သည်။ ထီပေါက်ကိန်း ...ည်းရှိ၍ ထီထိုးပါ။ စနေနေ့၌ ထီထိုးပါ။ တခါခါတစ်ရံတွင် အလုပ်၌ မပျော်ပိုက်သလိုလည်း ဖြစ်မည်။ ရွှေထွက်တတ်ပါ ...ည်။ ဝမ်းဗိုက် ဥပဒ်ပေးတတ်ပါသည်။ မိတ်ဆွေများ၊ သားသမီးများအတွက် စိတ်ညစ်နေရတတ်ပါသည်။ မြေကိစ္စ ...ားပြောရတတ်ပါသည်။ အိမ်ရှိ ဝါယာကြိုး ရှော့ခ်ဖြစ်တတ်ပါသည်။ နားရသည်ဟု မရှိဘဲ အလုပ်များခြင်း၊ ခရီးတိုများ ...စ်ခုပြီးတစ်ခု ထွက်နေရပါလိမ့်မည်။ နိုင်ငံခြားခရီး စီစဉ်ထားသူများ ယခုလ မချထွက်ရအုံး၊ ကောင်း၏။ ပျော်ပျော်နေပါ။ ...ာသာရေး ဖိလုပ်ပါ။ တစ်ချက်တည်းနှင့် တစ်သက်စာအတွက် ကောင်းစားခွင့် ကြုံနေသည့်ကာလပါ။

...ယတြာ။ ။ တနင်္လာနေ့တွင် တစ်ကြိမ်၊ စနေနေ့တွင် တစ်ကြိမ် နန်းကြီးသုပ်ကို ဆွမ်းတော်ကပ်ပါ။ ထို့နောက် သင့်အိမ်မှ လွယ်အိတ်တစ်လုံးကို ပုံသကူပစ်သကဲ့သို့ အကျအနထုပ်၍ လမ်းပေါ်၌ ပစ်ပါ။ ကောင်းကျိုးချမ်းသာများ သင့်ထံသို့ ရောက်လာပါလိမ့်မည်။ ယခုလမှစပြီး ကိုးနဝင်း မိုးလင်းမှ သိမယ်ဆိုသည့် အစိတ္တနက်ကို စွဲစွဲမြဲမြဲ ပွားထုံသွားစမ်းပါ။ ကောင်းကျိုးချမ်းသာတွေ မချခံစားရပါအုံး။

...ဝမ်းရန်။ ။ (၇၊ ၁၊ ၂) ဂဏန်းများဖြင့် ထီကံစမ်းပါ။ ပြီးလျှင် ထီလက်မှတ်တွေကို ဘုရားကျောင်းဆောင်ပေါ်မှာ တရို တသေတင်ထားပါ။

---



www.burmeseclassic.com

www.burmeseclassic.com

## ➤ဗုဒ္ဓဟူးနှင့် ရာဟုသားသမီးများ

ဤလအတွင်း နိုင်ငံရပ်ခြားတွင် သွားရောက်အလုပ်လုပ်ရန် ရည်ရွယ်ထားသူများ စတင် အကောင်အထည် ဆောင်ရွက်သင့်ပါသည်။ အလုပ်အကိုင် အကြံအစည်သစ်များကိုလည်း စတင်လုပ်ကိုင်ရန် အချိန်ကောင်းဖြစ်၏။ သင် ခက်ခဲနေသော ငွေကြေးများ၊ အကြံအစည်များကို ကူညီပံ့ပိုးပေးမည့် မိတ်ဆွေတစ်ဦး မမျှော်လင့်ဘဲ ရောက်ရှိလာတတ် လုပ်ငန်းတွင်း၌ နေရာကောင်းသို့ ပြောင်းရွှေ့လုပ်ကိုင်ရခြင်း၊ ရာထူးတိုးခြင်း၊ ခရီးဝေးသွားရောက်ရခြင်းများ ကြုံတွေ့ရ အကျိုးဆောင်လုပ်ငန်း လုပ်သူများအဖို့ မျှော်မှန်းထားသည့်အတိုင်း ဖြစ်ပေါ်မလာဘဲ ထစ်ငေါ့နေတတ်၏။ အမှု တွေ့ကြုံနေရသူဖြစ်ပါက မမျှော်လင့်သောသူတစ်ဦးထံမှ အကူအညီများ ရရှိလာတတ်သည်။

ငယ်ရွယ်သူများ အချစ်ရေးနှင့် ပညာရေး ရောထွေးဆက်နွယ်မှုများ ကြုံတွေ့နေရတတ်၏။ အသိဉာဏ်ကို ဦးစား ၍ ဖြေရှင်းပေးပါက သင့်ရည်မှန်းချက်များ ပြည့်စုံလာပေလိမ့်မည်။

သင့်အား အထူးမှာကြားလိုသည့်အချက်မှာ မည်သည့်လုပ်ငန်းပြဿနာကိုလုပ်လုပ်၊ အချိန်ယူ စဉ်းစားပြီး လုပ်ကိုင်သင့်ပါသည်။ ကံဇာတာ မည့်ပါ။ ငွေဝင်မည်။ ငွေကံကောင်းသော လပါ။ မျက်နှာပွင့်လန်းနေသည်။

**ယတြာ။** ။ မိမိမွေးနေ့ညနေပိုင်းတွင် စာကလေးများအား ဆန်စေ့လေးများကြဲပက်ပြီး နေ့စဉ်ကျွေးလိုက်ပါလေ။ အညံ့ ပြေပျောက်၍ လိုအင်ဆန္ဒများ ပြည့်စုံလာပါလိမ့်မည်။

**ကံစမ်းရန်။** ။ (၂ ၈) ဂဏန်းများဖြင့် ထီထိုးပါ။ ပဌာန်း ၂၄ပစ္စည်းကို တစ်နေ့လျှင် ၄၂ခေါက်နှုန်းဖြင့် ဖရက် အစိတ္တာန်ဝင်ကာ ကုသိုလ်ကံဖွင့်ပေးပါ။ ထူးခြားစွာ ငွေဝင်ပါလိမ့်မည်။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## ➤ကြာသပတေးသားသမီးများ

ဤလအတွင်း သင် ကြံစည် စိတ်ကူးထားသည့် လုပ်ငန်းများကို စတင်ပြုလုပ်ရတတ်၏။ ခရီးတစ်ခုသွားမည် ကြံစည်ထားပြီးမှ ပျက်သွားတတ်၏။ အလုပ်နေရာ၊ အိမ်နေရာအတွက် စိတ်ညစ်စရာ အနည်းငယ် တွေ့ကြုံနေရတ စပ်တူရှယ်ယာလုပ်ငန်း၊ အကျိုးဆောင်လုပ်ငန်း လုပ်သူများအဖို့ စိတ်ညစ်စရာ အနည်းငယ် တွေ့ကြုံနေရတ နိုင်ငံရပ်ခြားခရီး (သို့မဟုတ်) ပညာတော်သင်(ပြည်တွင်းသင်တန်း)ခရီးတစ်ခုသွားရောက်သင်ကြား လုပ်ကိုင်ရတ ဆွေမျိုးသားချင်းများနှင့် စိတ်ဝမ်းကွဲစရာ ပြဿနာများ ဖြစ်ပေါ်နေတတ်၏။ ကျန်းမာရေးတွင် တစ်ခါတစ်ရံ၌ နလုံးသွေး နည်းသော ဝေဒနာများ ဖြစ်ပေါ်နေလိမ့်မည်။

ငယ်ရွယ်သူများ သင်၏ အချစ်ဆုံးသူငယ်ချင်းတစ်ဦးထံမှ လက်ဆောင်ပစ္စည်းတစ်ခုရရှိလိမ့်မည်။ ထိုလက်ဆောင် ပညာရေးနှင့် ပတ်သက်သော လက်ဆောင်ဖြစ်ပါမူ သင် စိုးရိမ်ပူပန်နေသော ပညာရေးသည် မလွဲမသွေ အောင်မြင် စေလိမ့်မည်။

သင့်အား အထူးမှာကြားလိုသည့်အချက်မှာ သင်၏ စိတ်ကို လျှော့၍ အနားယူပါ။ သင့်အတွက် ကံ အနည်းငယ် ညံ့နေတတ်ပါသည်။ စွပ်စွဲပုတ်ခတ် ပြောဆိုခံရတတ်၏။ ဘာပြဿနာမှ မဖြစ်အောင် နေပါ။ ငွေသုံး ချေးငှားတာ၊ အာမခံတာ၊ ထားတာသိုတာ ဂရုစိုက်ပါ။ ဆင်ခြင်ပါ။

**ယတြာ။** ။ မိမိမွေးနေ့တစ်ရက်တွင် သီလရှင်ကျောင်းသို့သွား၍ ဆန်နို့ဆီဘူး ၉လုံးလှူဒါန်းလိုက်ပါလေ။ (သို့မ ဘုရားတစ်ဆူဆူသို့ သွားပြီး တံမြက်စည်းလှည်းပါ။ သုံးကြိမ်တိတိလုပ်ပါ။ အညံ့များ ပြေပျောက်၍ လိုအင် ပြည့်စုံလာပါလိမ့်မည်။

**ကံစမ်းရန်။** ။ ကြုံတဲ့ဂဏန်းကို(ရွေးချယ်မနေဘဲ) ထိုးပါ။ အရဟံဂုဏ်တော်ကို စွဲမြဲစွာစိပ်၍ ကုသိုလ်ကံဖွင့်ပေးပါ။ ပုတီး (၇)ပတ်စိတ်ပါ။ ထူးပါလိမ့်မည်။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •



www.burmeseclassic.com

www.burmeseclassic.com

## ➤သောကြာသားသမီးများ

ကံဇာတာကောင်းနေပါသည်။ ရတနာသုံးပါးကို အထူးပူဇော်အားထုတ်မှု ပြုသင့်ချိန်ပါ။ မိဘဆရာတွေကိုလည်း အထူးကန်တော့ပေးပါ။ ကောင်းကျိုးထူးပါအံ့။ ထို့အပြင် ရိုးရာနတ်တွေကိုလည်း ပ,သပေးတာ၊ ဂါဝရပြုပေးတာ၊ အထူးအမှုဝေပေးတာမျိုးတွေ ပြုသင့်ချိန်ပါ။ ဤလအတွင်း ငွေရေးကြေးရေးခက်ခဲမည့်ပုံ ကြုံရသော်လည်း ဝါကယ်တွင် အလိုလို အဆင်ပြေရပါလိမ့်မည်။ ငွေအတွက်နှင့် သောက မဖြစ်ပါနှင့်။ အလုပ်ကို စိတ်မဝင်စားဘဲ အလုပ်မရွှေ့ပြောင်း၍ လုပ်ငန်းသစ်များလုပ်ကိုင်ရန် စိတ်ကူးမိနေပေလိမ့်မည်။ လောလောဆယ်၌ ရွှေ့ပြောင်းရန် မသင့်သေးပါ။ အင်္ဂါနံပစ္စည်းများဖြစ်သည့် စက်၊ စိန်ဝင်တတ်ပါသည်။ နတ်အုန်းသီးတင်သည့် အလေ့ရှိသူများ နတ်အုန်းသီး အစိုပေါက်တတ်ပါသည်။ ပေါက်လျှင် အဖိုးတန်ပစ္စည်းတစ်ခုဝင်လာပါလိမ့်မည်။ အမှုဖြစ်တတ်၏။ အစားမှားခြင်း၊ အစာအဆိပ်သင့်ခြင်းများ ဖြစ်တတ်ပါသည်။ နိုင်ငံခြားခရီးသွားရန် စာရင်းပါပြီးမှ အပယ်ခံရခြင်းမျိုး ဖြစ်တတ်ပါသည်။ စကားများရတတ်ခြင်း၊ တပည့်တပန်း၊ သားသမီးနှင့်ပတ်သက်၍ စိတ်ညစ်ရတတ်ပါသည်။ မြေဝင်တတ်ပါသည်။ ပညာထူးတစ်ခုရတတ်ပါသည်။ ငယ်ရွယ်သူများ ရတ်တရက်အိမ်ထောင်ပြုရတတ်သည်။ အနေအထိုင် အသွားအလာ ဆင်ခြင်ပါ။ စုတ်ရော လာဘ်ပါ ပွင့်လန်းနေ၏။ ကျန်းမာရေးကောင်းမည်။

**ယတြာ။** ။ ဘုရားစင်ပေါ်မှာ စပယ်ပန်း ရစ်ကုံးကို ပန်းမွှေ့ယာခင်းလိုက်ပါ။ ပြီးလျှင် မေတ္တသုတ် ပရိတ်တော်ကို ကျကျနန ရွတ်ပွားပူဇော်ပါ။ သတ္တဝါတွေကို လေးလေးနက်နက် အမျှဝေပေးပါ။ နံနက်စောတိုင်း ထိုသို့ ဆောင်ရွက်ပါ။ ထို့ပြင် ထန်းလျက်ခဲ (၁၁)လုံးကို လမ်း၌ တွေ့သောခွေးအား ပစ်၍ကျွေးလိုက်ပါ။ ကောင်းကျိုးချမ်းသာများ ရရှိလာပါလိမ့်မည်။

**ကံစမ်းရန်။** ။ (၃၊ ၄၊ ၅)ဂဏန်းတွေနှင့် ထီထိုးပါ။ ထီပေါက်လျှင် ဆယ်ပုံ တစ်ပုံလှူဖို့ အဓိဋ္ဌာန်ပြုပါ။ ထီလက်မှတ်တွေကို အဝတ်ဗီရိုထဲမှာ ထည့်ထားပါ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## ➤စနေသားသမီးများ

အနစ်နာခံရမည့်လပါ။ မမျှော်လင့်သော စိတ်ထိခိုက်စရာတချို့ ကြုံမည်။ သစ္စာမဲ့ခံရမည်။ မာယာတွေ၊ လှည့်ဖြားမှုတွေကို သိသိနှင့် ခံရမည်။ စိတ်မကောင်းဖြစ်ရမည်။ အံ့အားသင့်စရာတွေ ကြုံမည်။ ငွေကြေးဥစ္စာတွေ ဝင်မည်။ အလုပ်အကိုင်ကောင်းမည်။ စည်းစိမ်တိုးမည်။ သို့သော် စိတ်အိုက်ရမည်။ လိမ်လည်လှည့်ဖြားမှုတွေ ကြုံရမည်။ သည်လမျိုးမှာ မိတ်ဆွေတု၊ မိတ်ဆွေစစ်တွေကို ခွဲခြားနားလည်သွားမည်။ အလုပ်တွေကို ပုံမှန်ပဲ လုပ်ပါ။ ဘာမှအင်တိုက်အားတိုက် မလုပ်နှင့်။ ငွေတွေဝင်လာလျှင်လည်း လျှပစ်၊ သုံးပစ်ပါ။ သိပ်အစွဲအလမ်းမထားပါနှင့်။ ယခုလ အနစ်နာခံသမျှ အနာဂတ်တွင် ကောင်းမည်။

အိမ်ထောင်ရှင်များ သဘောထားကြီးပါ။ နားလည်ခွင့်လွှတ်ခြင်းကို လက်နက်သဖွယ် သဘောထားပါ။ အနွံတာခံလိုက်ပါ။ ငယ်ရွယ်သူများ အချစ်ရေးရှုပ်ထွေးနေမည်။ မာယာတွေကြား ရောက်နေမည်။ ဆုံးဖြတ်ရခက်နေမည်။ အလွန်စိတ်ရှုပ်ရမည့်ကာလပါ။ ကိုယ့်ကို အမွေချဉ်းကပ်တာမျိုးကိုလည်း ကြုံရမည်။ ရှောင်ပါ။ ချစ်သူအပေါ် သစ္စာရှိပါ။

ကျန်းမာရေးကတော့ သင့်အပေါ်မှာပဲ တည်ပါသည်။ သိပ်အပင်ပန်းခံရင် ကျန်းမာရေးညံ့မည်။ စိတ်သိပ်ပင်ပန်းက ကျန်းမာရေးညံ့မည်။ ဘာသိဘာသာနေပါ။ သွက်လက်ပျော်ပါးစွာနေပါ။ ကျန်းမာရေးကောင်းပါလိမ့်မည်။

**ယတြာ။** ။ ယခုလတွင် ပွဲလမ်းသဘင်တွေကို သွားပါ။ လျှောက်လည်ပါ။ ရုပ်ရှင်နှင့် ဗီဒီယိုကားတွေ ကြည့်ပါ။ လွတ်လပ်ပျော်ပါးစွာ နေလိုက်ပါ။

**ကံစမ်းရန်။** ။ ထီဂဏန်း မရွေးပါနှင့်။ နေ့မရွေးပါနှင့်။ ကြိုက်တဲ့နေ့ ထိုးပါ။ ကျတဲ့ ဂဏန်းယူပါ။ ပြီးလျှင် အိပ်ရာဘေးမှာ ပစ်ချထားလိုက်ပါ။ ထီပေါက်ခွင့်ရှိပါသည်။

**အဓိဋ္ဌာန်ကျင့်စဉ်။** ။ ဂုဏ်တော်ကိုးပါးကို နေ့စဉ် ပုတီး(၉)ပတ် မပျက်တမ်း ပွားထုံခြင်းဖြင့် ကောင်းကျိုးထူးအံ့။

**အားလုံးသတ္တဝါ ချမ်းသာပါစေ**
*ဗေဒင်ဆရာ ဗောဓိမိတ်ဆရာ*
*(၀၉-၇၃၀-၂၅၀၇၁ / ၀၁-၅၅၉-၁၅၇)*



www.burmeseclassic.com

www.burmeseclassic.com

ကျော်စွာဟိန်း(ရွှေလှော်ကား)

# လူကိုအကျိုးပြုသော

# ခရမ်းချဉ်သီး

မြန်မာအမည်မှာ ခရမ်းချဉ်ပင်ဖြစ်သည်။ ရုက္ခဗေဒ အမည်မှာ LYCOPERSICUM ESCULEN TUM. MILLER ဟု ခေါ်ပါသည်။

ခရမ်းချဉ်ပင်အရွက်သည် တောက်တဲ့လက်ဝါးရွက်နှင့် သဏ္ဍာန်တူပြီး တစ်ပင်လုံး၌ အမွေးနုများ ရှိသည်။ ပင်စည်မှာ အထက်သို့ ကိုင်းများ ဖြာထွက်နေပြီး အမြင့်မှာ လေးပေခန့်မြင့်သည်။

မြန်မာနိုင်ငံအနှံ့အပြားတွင် စိုက်ပျိုးပင်အဖြစ် တွေ့ရသည်။

ခရမ်းချဉ်သီး၏ အရသာမှာ ချိုချဉ်ဖြစ်၏။ အေးသော သတ္တိရှိသည်။ (မြန်မာ့ဆေးကျမ်းများ အလိုအရ)

ဝမ်းမီးတောက်စေ၏။ ခန္ဓာကိုယ်ကို ဝဖြိုးစေ၏။ နှုတ်မြိန်စေ၏။ ခန္ဓာကိုယ်၌ ဓာတ်သတ္တိတို့ကို တိုးပွားစေ၏။ ခန္ဓာကိုယ်လျော့ပါးခြင်း၊ အတိသာရ ဝမ်းရောဂါ၊ ဝမ်းဗိုက်ရောဂါတို့ကို နိုင်၏ဟု ရှင်နာဂသိန် အခြေပြု ဆေးအဘိဓာန်၌ ဖွင့်ဆိုထား၏။

## ဆေးအသုံးပြုပုံ

၁။ အရေပြားရောဂါကြောင့် အနာကွက်များ ပေါ်လာပြီး မန်းဝင်၍ ပါးစပ်နှင့် မေးရိုးများ နာကျင်လျက် သွားဖုံးမှ သွေးများ ယိုစီးသောအခါ ခရမ်းချဉ်သီးအမှည့်နီနီကို အရည်ညှစ်ယူ၍၊ ၎င်းအရည်ကို သကြားချိုချိုခတ်ပြီး တစ်နေ့လျှင် လေးကြိမ်သောက်ပေးပါက အရေပြားရောဂါများ ပျောက်ကင်းစေပါသည်။

၂။ သွေးအားနည်းခြင်းနှင့် အင်အားနည်းသော ရောဂါကို ခရမ်းချဉ်သီးမှည့်နီနီကို အရည်ညှစ်၍ ဖျော်ရည်ပြုလုပ်ကာ နံနက်/ည ရေနွေးပန်းကန်တစ်လုံးခန့် သောက်ပေးပါ[...] အားအင်နည်းပါးခြင်းရောဂါမှ ကင်းဝေးကာ ဝမ်းမီးတောက်[...] စားကောင်း အိပ်ပျော်စေပါသည်။ မျက်စိအမြင်အားနည်းခြ[...] ကြက်မျက်သင့်ခြင်း စသော ရောဂါတို့လည်း ပျောက်ကင[...] နိုင်ပါသည်။

၃။ ခရမ်းချဉ်သီးမှည့်ဖျော်ရည်ကို သိန္ဓောအနည်း[...] ထည့်၍ အကြမ်းပန်းကန်တစ်လုံးခန့် သောက်ပေးပါက လျှ[...] ပေါ်တွင် အဖြူရောင် အရှိအခွံများရှိ၍ ခံတွင်းပျက်နေသူမျ[...] ခံတွင်းလိုက်၍ စားကောင်းပါလိမ့်မည်။

၄။ ခရမ်းချဉ်သီးအစိမ်းသည် တဘော သည်း[...] ကြိုက်ဖြစ်သည်။ အမှည့်သည် အာပေါ်သည်းခြေကြိုက်[...] သည်။ သားငါးအညှီအဟောက် အနံ့မခံနိုင်သူများ၊ ခံတွ[...] ပျက်နေသူများ၊ ခရမ်းချဉ်သီးကို အမျိုးမျိုးပြုလုပ်စားသော[...] ခြင်းဖြင့် "အရသာ လျှာက သိ" ဆိုသလို လျှာအရ[...] ကောင်းမွန်လာပါလိမ့်မည်။

၅။ ခရမ်းချဉ်သီးမှည့်နီနီကို ထက်ခြမ်းခွဲ၍ အစေ့[...] အောင် ဆန်ကာနှင့် တိုက်ချပါ။ ထိုခရမ်းချဉ်သီးအနှစ်[...] မိမိကြိုက်နှစ်သက်သလို ငါးပိချက် ချက်၍ စားသောက်လျှ[...] လွန်စွာထမင်းမြိန်သော၊ အစာလည်း ဆေး၊ ဆေးလည်း အစာဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

**ကိုယ်တွင်းရောဂါ၊ စွဲကပ်လာ၊**
**အနာမရင့်ပါစေနှင့်၊**
**အနာရင့်က သက်ရင်းရှည်■**

* * *

ကျော်စွာဟိန်း(ရွှေလှော်ကား[...]

www.burmeseclassic.com

www.burmeseclassic.com




မောင်မောင်မိုးအောင်

ရန်ကင်းဘက်ရှိ သူငယ်ချင်းဦးထံသို့ သွားရန် ဆူးလေဘုရားရှိ ကားမှတ်တိုင်တွင် ဘတ်စ်ကားစောင့်နေချိန်ဖြစ်သည်။ ကားမှတ်တိုင်ရှိ ခုံတန်းတွင် ကျွန်တော်ထိုင်နေစဉ် ကျွန်တော့်နံဘေး လွတ်နေသော ထိုင်ခုံ၌ လူကြီးတစ်ဦး ဝင်၍ထိုင်သည်။ ... ချင်း ကပ်နေ၍ ထိုလူကြီးမျက်နှာ အမှတ်မထင် ကြည့်လိုက်မိသည်။

ထိုလူကြီးကလည်း ကျွန်တော့်ကို ပြန်ကြည့်သည်။ အကြည့်ချင်း ဆုံသွား၍ ပြုံးမိလျက်သား ဖြစ်သွားသည်။ နှစ်ဦးစလုံး ပြုံး၍ နှုတ်ဆက်မိသည်။ တစ်ဖက်သို့ မျက်နှာလွှဲသွားပြီးမှ ထိုလူကြီး ကျွန်တော့်မျက်နှာကို သေသေချာချာ စူးစူးစိုက်စိုက် ပြန်၍ကြည့်သည်။

ကျွန်တော် မနေတတ်တော့၍ ထိုလူကြီးမျက်နှာကို ကြည့်လိုက်မိသည်။ ထိုလူကြီးက· · ·

"မင်း· · ·မင်း ရက္ခစိုးမဟုတ်လား။ မော်လမြိုင်က အပါရဲ့ သား ရက္ခစိုးမဟုတ်လား"

ရက္ခစိုးဟူသော အမည်မှာ ကျွန်တော့်နာမည်ပြောင်ဖြစ်သည်။ ဤနာမည်ကို ရန်ကုန်တွင် ခေါ်သူမရှိပါ။ ကျွန်တော် အံ့ဩလွန်း၍ ထိုလူကြီးမျက်နှာကို အသေအချာကြည့်လိုက်သည်။ အသက် ၈၀ နီးပါးရှိမည်ဟု ခန့်မှန်းမိသည်။ အဖော်မပါ။ တစ်ဦးတည်း ခရီးသွားလာနိုင်အောင် ကျန်းမာ



www.burmeseclassic.com

www.burmeseclassic.com

ရေး ကောင်းနေသည်ကို တွေ့လိုက်ရသည်။

"ဟုတ်ပါတယ်။ ကျွန်တော့်နာမည် ရက္ခစိုးလို့ ခေါ်ပါတယ်။ ဒါနဲ့ ဘကြီးက ဘကြီးပန်းတင် ထင်တယ်"

"အေး၊ သိပ်ဟုတ်တာပေါ့။ မင်းက မှတ်မိသားပဲ။ မင်း ငယ်ငယ်တုန်းက ဘကြီး မင်းကို ချီပိုး ထိန်းကျောင်းခဲ့ရတာ။ မင်းက ငယ်ရုပ်မပြောင်းသေးဘူး။ မင်းရဲ့ မျက်ခုံးတွေက က,ကြီးပုံ မျက်ခုံးမို့ ဘကြီးက မှတ်မိတာ။ မင်းကရော ဘကြီးကို ပန်းတင်ရယ်လို့ ဘယ်လိုကြောင့် မှတ်မိတာလဲ"

"ကျွန်တော့်ကို ရက္ခစိုးလို့ ခေါ်တာရယ်။ ပြီးတော့ ဘကြီး နှာခေါင်းက မှဲ့ကြီးကို တွေ့ပြီး မှတ်မိခဲ့တာပါ"

"ဒါနဲ့ မင်းအဖေ အပါရော နေကောင်းရဲ့လား"

"အမေဆုံးပြီး ငါးနှစ်လောက်မှာ အဖေဆုံးသွားခဲ့တာ။ မော်လမြိုင်မှာပဲ ဆုံးခဲ့တာ။ ခုဆို အဖေဆုံးတာ လေးနှစ်လောက် ရှိသွားပြီ"

"ဟာ...ငါ့သူငယ်ချင်း ဆုံးရှာပြီကိုး။ လာကွာ၊ တို့တူဝရီတွေ အမှတ်မထင် ဆုံကြတုန်း အေးအေးဆေးဆေး စကားပြောရအောင်။ ဒီကားမှတ်တိုင်မှာ လူရှုပ်တယ်။ အသံတွေလည်း ဆူညံနေတာပဲ။ လက်ဖက်ရည်ဆိုင်ကို သွားကြရအောင်"

ကျွန်တော်တို့နှစ်ဦး နီးစပ်ရာ လက်ဖက်ရည်ဆိုင်ထဲ ဝင်ခဲ့ကြသည်။

"ရက္ခစိုး... အခု မင်း ဘယ်မှာ နေလဲ။ ဘယ်သွားမလို့လဲ"

"သာကေတဘက်မှာ နေတာ။ ရန်ကင်းသွားမလို့ ကားစောင့်နေတာ။ ဘကြီးရော ဘယ်မှာနေလဲ၊ ဘယ်သွားမလို့လဲ"

"ဘကြီးက မြောက်ဥက္ကလာပမှာ နေတာ။ သမီးနဲ့ လိုက်နေတာ။ သမက်အိမ်မှာပေါ့။ ခု မြောက်ဥက္ကလာ ပြန်ဖို့ ကားစောင့်နေတုန်း မင်းနဲ့ ဆုံခဲ့တာ။ တို့တွေ ကွဲသွားတာ အနှစ် ၂၀ ကျော်လောက်ရှိပြီထင်တယ်"

"ဖြစ်နိုင်ပါတယ်။ ကျွန်တော် အလုပ်စဝင်ကတည်းက ရန်ကုန် ရောက်နေခဲ့တာ"

"မင်းကို ဘာကြောင့် ရက္ခစိုးလို့ ခေါ်တာ သိရဲ့လား"

"ဟာ...ဘကြီးကလဲ၊ သိတာပေါ့။ ကျွန်တော့်အဖေနဲ့ အမေ ကလေး မရသေးလို့၊ ကလေးလိုချင်လွန်းလို့ လက်ပံပင်ကြီးမှာ သားဆုပန်ကြတယ်။ အဲဒီ လက်ပံပင်ကြီးကို စောင့်နေတဲ့ ရက္ခစိုးက ကျွန်တော့်အမေဆီ ဝင်စားမယ်လို့ ပြောကြတာပဲ"

"အေး၊ ဟုတ်တယ်။ မင်းမိဘတွေ အိမ်ထောင်ကျပြီး ၅နှစ်လောက် အထိ သားသမီးမရလို့ ရွာက လက်ပံပင်ကြီးမှာ သားဆုသွားပန်ကြတယ်။ နောက်တော့ လက်ပံပင်စောင့် ရက္ခစိုးက သူလာခဲ့မယ်လို့ မင်းအမေ မအုန်းကြူကို အိပ်မက်ပေးခဲ့တယ်။ ယောက်ျားလေးဆို ဘယ်သူပဲဖြစ်ဖြစ် လာခဲ့လို့ အိပ်မက်ထဲမှာ မင်းအမေက ပြန်ပြောလိုက်တယ်။ နောက် မကြာခင် မင်းကို ကိုယ်ဝန်ရတယ်လို့ ပြောတယ်"

"ဒါကြောင့် ကျွန်တော့်ကို ရက္ခစိုးလို့ နောက်ပြောင်ခေါ်ကြတာပေါ့။ ကျွန်တော်ကတော့ တိုက်ဆိုင်မှုလို့ပဲ ထင်တယ် ဘကြီးရယ်"

"တိုက်ဆိုင်မှု ဆိုပေမယ့် တော်တော်ဆန်းတယ်။ ဒီ့ထက် ဆန်းတာတွေ မင်းမိဘတွေ ကြုံခဲ့သေးတယ်။ အေးလေ၊ မင်းမိဘတွေလည်း မရှိကြတော့ဘူးဆိုတော့ အဲဒီအဖြစ်ဆန်းတွေ မင်းကို ကြုံတုန်း ပြောပြ မယ်"

"ဘယ်လို အဆန်းတွေ ကြုံခဲ့ တာလဲ။ အဖေ၊ အမေတို့နဲ့ ပတ်သက် နေလား"

"မင်းရဲ့ မိဘတွေ ကြုံခဲ့ကြတာ အဲဒီ အကြောင်းတွေက ထူးဆန်းပြီး အံ့ဩဖို့ ကောင်းတဲ့၊ ကြောက်ဖို့ ကောင်းတဲ့ မယုံနိုင်စရာအဖြစ်တွေပေါ့ ကွယ်။ ဘကြီးကိုယ်တိုင်ကြုံပြီး သိခဲ့ ရတာ။ အဲဒီအကြောင်းတွေ ဘယ်သူ့ မပြောဖို့ မင်းမိဘတွေ မှာထားခဲ့တာ အဲဒီအချိန်တုန်းက မင်းကိုတောင် မမွေးသေးဘူး။ ခု မင်းမိဘတွေလည်း မရှိကြတော့ဘူး။ မင်းက သားကြီး တော့ မင်းသိထားသင့်တယ် ထင် တယ်"

"ထူးဆန်းပြီး ကြောက်ဖို့ ကောင်း တဲ့ အဖြစ်ဆိုတော့ စိတ်ဝင်စားပါတယ် ဘကြီးပြောမှာသာ ပြောပါ"

"အဲဒီအဖြစ်တွေက ကြာခဲ့ပါပြီ တို့နိုင်ငံလွတ်လပ်ရေးရပြီး လေးနှစ် ငါးနှစ်လောက်က ထင်တယ်။ တိုင်း ပြည် မငြိမ်မသက်နဲ့ သောင်းကျန်းသူ တွေ ဆူပူနေတဲ့ ကာလပေါ့။ သံ ရေပ်မြို့နယ်ထဲက ဝဲကလိကျေးရွာ လေးမှာ ဖြစ်ခဲ့တဲ့ အဖြစ်ပါ။ မင်း မွေးခဲ့တဲ့ ရွာလေးပေါ့။ မင်းအဖေ ဘကြီးရဲ့ သူငယ်ချင်း။ ဘကြီးနဲ့ သ ချင်းကြတာ။ မင်းအဖေက ဘကြီးထက် အသက်ငယ်တယ်။ ဒါပေမယ့် သူ ခြောက်တန်းအထိ ပညာသင်ခဲ့ သူက စာအတတ်ဆုံးပေါ့။

တစ်နေ့ တပ်မတော်သား ဝဲကလိရွာကို ရောက်လာကြတယ် သောင်းကျန်းသူတွေကို နှိမ်နင်း ရောက်လာတာ။ ရွာလမ်းမကြီး အထွက်လမ်းတွေ ပိတ်ဆို့

www.burmeseclassic.com

www.burmeseclassic.com

ရွာသားတွေကို ရွာပြင်ထွက်ခွင့် မပြုတော့ဘူး။ ရွာသားတွေ ထိခိုက်မှာစိုးလို့ ထင်ပါတယ်။ တို့လယ်ယာတွေက ရွာပြင်မှာ ရှိတာ။ စပါးရိတ်ပြီးစ ကာလဆိုတော့ စပါးတွေ လယ်ထဲ ကျန်ရစ်ခဲ့တယ်။ ရွာပြင် မထွက်ရဆိုတော့ စပါးတွေ ရွာထဲ သယ်ဖို့ အခက်တွေ့တော့တာပေါ့။ ဝမ်းစာအတွက် စပါးက လိုလာပြီလေ။ အဲဒီမှာ မင်းအဖေက ဦးဆောင်ပြီး လှည်း ၁၅စီးလောက်နဲ့ စပါးအသယ်သွားခဲ့ကြတယ်။ သွားနေကျ ရွာလမ်းမကြီးက ပိတ်ထားတော့ ဖြတ်လမ်းဖြစ်တဲ့ သချိုင်းဟောင်းကုန်းကို ဖြတ်ပြီးသွားကြတယ်။ ညနေဘက် မှောင်စပြုတဲ့ အချိန်မှာ သွားကြတာ။ အဲဒီ သချိုင်းဟောင်းက အပြန်မှာ ကြောက်လန့်ဖွယ်အဖြစ်နဲ့ ကြုံခဲ့ရတာ မယုံနိုင်စရာပဲ"

"ဆက်ပြောပါ ဘကြီး။ ကျွန်တော် စိတ်ဝင်စားလာပြီ"

ဘကြီး ပန်းတင်က လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်က အဖြစ်အပျက်ကို စီကာပတ်ကုံး စိတ်ဝင်စားဖွယ် ပြောပြသည်။

◈◈◈

လှည်း ၁၀ စီးကျော် ရှေ့နောက်တန်း၍ ဝဲကလိရွာမှ ထွက်ခဲ့ကြသည်။ တောလမ်းအတိုင်း တအိအိမောင်းနှင်လာသည်။ နေမွန်းတိမ်းစ အချိန်သာ ဖြစ်သော်လည်း တောရိပ်တောင်ရိပ်ကြောင့် မှောင်စပြုလာသည်။

"ရဲဘော်တွေက ရွာပြင် မထွက်ရလို့ ပြောထားတယ်။ ခု တို့က ဆန့်ကျင်ပြီး ထွက်လာတယ်၊ တွေ့သွားရင် ဘယ်လိုလုပ်ကြမလဲ"

"မပူပါနဲ့ အစ်ကို ပန်းတင်။ ရဲဘော်တွေကို ကျွန်တော်ကြည့်ပြောပါ့မယ်။ ကျွန်တော်တို့က သူပုန်သူကန်



တွေမှ မဟုတ်တာ"

"အပါရေ...မင်းပြောတာတော့ ဟုတ်နေတာပဲ။ ဒါပေမယ့် ကြောက်နေသလိုပဲ"

"အစ်ကိုက လူကြီးဖြစ်ပြီး ဘာကို ကြောက်နေတာလဲ"

"တို့ကို သောင်းကျန်းသူတွေ ထင်ပြီး ပစ်လားခတ်လားလုပ်မှာ စိုးတာရယ်၊ ပြီးတော့ သချိုင်းဟောင်းကို ဖြတ်သွားရမှာ။ ဒီသချိုင်းဟောင်းက သရဲခြောက်တဲ့ သချိုင်းဆိုတာ မင်းတို့အသိပဲ။ ညနေစောင်းတာနဲ့ ဘယ်သူမှ ဖြတ်သွားဖြတ်လာ မလုပ်ဝံ့ကြတော့ဘူး"

"ကျွန်တော်တို့က လူစုနဲ့ သွားကြတာပါ။ အစ်ကိုလိုလူက ကြောက်တယ်ပြောနေတော့ ကျန်တဲ့သူတွေကို ဘယ်လိုပြောရမလဲ။ အပြန်ကျတော့ ကျွန်တော်လှည်း နောက်ဆုံးက လိုက်ခဲ့မယ်။ ကျွန်တော် ဒါတွေ မယုံပါဘူး"

"မင်းမှ အခြောက်မခံရဘူးသေးတာ။ အေးပါ။ ကဲ...ကဲ...သွားကြယော...ပြောရင်းဆိုရင်း သချိုင်းဟောင်းတက်မယ့် ကုန်းထိပ်တောင် ရောက်လာပြီ"

သချိုင်းဟောင်းကုန်းကို တအိအိ တက်ခဲ့ကြသည်။ မကြာမီ သချိုင်းဟောင်းထဲ ရောက်လာသည်။ အားလုံး ရင်တထိတ်ထိတ်ဖြစ်နေကြသည်။ မည်သည့်ခြောက်လှန့်မှုမှ မတွေ့ရဘဲ လယ်ကွင်းများရှိရာ ရောက်ခဲ့ကြသည်။

စပါးများကို လှည်းပေါ် အမြန်တင်ကြသည်။ ပတ်ဝန်းကျင်မှာ မှောင်မည်းတိတ်ဆိတ်နေသည်။ ကျွန်တော်တို့အုပ်စု စကားပြောသည့်အသံသာ ခပ်တိုးတိုးကြားနေရသည်။ အမှောင်ထုက ရောက်ရှိလာပြီဖြစ်သည်။ လှည်းများ စုစည်းပြီး ပြန်ထွက်မည့်အချိန်တွင် လက်နှိပ်ဓာတ်မီးရောင်များ ဟိုမှသည်မှ ပေါ်လာပြီး ရဲဘော်များ ရောက်လာသည်။

"ခင်ဗျားတို့ ဘာလာလုပ်ကြတာလဲ။ ရွာပြင် မထွက်ရဘူးဆိုတာ မသိကြဘူးလား။ ဒီက အစ်ကိုကြီးနာမည် ဘယ်လိုခေါ်လဲ၊ ခေါင်းဆောင် ဘယ်သူလဲ"

ရောက်ရှိလာသော ရဲဘော်များက အနီးဆုံး တွေ့ရသည့် အစ်ကို ပန်းတင်ကို မေးလိုက်သည်။ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကာ မေးမြန်းလာသူကို ကြည့်လိုက်သည်။ သူ့လက်မောင်းတွင် အရစ်သုံးရစ်တွေ့ရသည်။

"ကျွန်တော့်နာမည် ပန်းတင်ပါ။ ဝဲကလိရွာသားတွေပါ။ စပါးပြတ်ပြီး စားစရာမရှိတော့လို့ အရဲစွန့်ပြီး လာသယ်တာပါ။ အပါ ပြောပြလိုက်လေ"

ကိုပန်းတင်က အပါ့ဘက်သို့ လှည့်ပြီး ပြောလိုက်သည်။

"ကျွန်တော် ဦးဆောင်ပြီး ခေါ်

www.burmeseclassic.com

လာတာပါ။ ကျွန်တော့်နာမည် အပါလို့ ခေါ်ပါတယ်။ ဝဲကလီရွာသားစစ်စစ်တွေပါ။ လူစိမ်းမပါပါဘူး။ စပါးလာသယ်ရုံသက်သက်ပါ။ ဆန်ပြတ်နေလို့ပါ။ ရဲဘော်တို့ကို အကြောင်းမကြားမိတာ တောင်းပန်ပါတယ်"

"ခက်တယ်ဗျာ။ သောင်းကျန်းသူတွေလို့ ထင်ပြီး ပစ်ခတ်မိရင် မခက်ဘူးလား။ အခု စပါးတွေ တင်ပြီးပြီလား"

"ပြီးသလောက်ဖြစ်နေပါပြီ။ သောင်းကျန်းသူတွေ မီးရှို့လိုက်မှာစိုးလို့ အခုလို အသက်စွန့်ပြီး စပါးလာသယ်ကြတာပါ"

"ကျွန်တော်တို့ ရဲဘော်တွေ ရှိနေသရွေ့ ဒီကောင်တွေ မလာရဲပါဘူး။ နောက်ဆို ကြိုတင် အသိပေးပြီးမှ ညဘက် ရွာပြင်ထွက်ကြပါ။ ကဲ...ကဲ မှောင်နေပြီ၊ သွားကြတော့"

◈◈◈

အပြန်ခရီးတွင် အပါ့လှည်းက နောက်ဆုံးမှ ထွက်ရသည်။ အခြားလှည်းများ သရဲကြောက်၍ နောက်နားမှ မလိုက်ဝံ့ကြပါ။ အပါ့လှည်းရှေ့တွင် အစ်ကိုပန်းတင်လှည်းရှိသည်။ ညမှောင်မှောင်တွင် သွားနေကျလမ်းမဟုတ်သဖြင့် ခရီးမတွင်လှပါ။ ဝန်ပါသဖြင့် သချိုင်းဟောင်းကုန်းအတက်တွင် နွားများ ရုန်းနေရသည်။ မကြာမီ သချိုင်းဟောင်းသို့ ရောက်လာကြသည်။ နွားလှည်းမောင်းသံမှအပ အားလုံးနှုတ်ဆိတ်နေကြသည်။ ရှေ့မှ လှည်းများပင် သချိုင်းဟောင်းကို ကျော်လွန်စ ပြုနေပြီဖြစ်သည်။ နောက်ဆုံးမှ အပါ့လှည်းနှင့် အစ်ကိုပန်းတင်တို့လှည်းပင် သချိုင်းဟောင်းကို ကျော်လွန်စ ပြုလာသည်။

"အစ်ကို ပန်းတင်ကသာ ကြောက်နေတာ။ အသွားအပြန် ဘာမှ ခြောက်လှန့်တာ မခံခဲ့ရဘူးလေ"

"အင်း...မင်းပြောတာလည်း ဟုတ်နေတာပဲ။ ဒါပေမယ့် ဒီသချိုင်းဟောင်းက ဖြတ်သွားဖူးသူတိုင်း အခြောက်ခံရတာ များတယ်ကွ။ ခု ဘာမှ ခြောက်တာ မကြုံရဘူးလေ"

◈◈◈

အပါနှင့် ကိုပန်းတင်တို့ လှည်း သချိုင်းဟောင်းအလွန်တွင် လှည်းလမ်းဘေးမှ ကလေးငိုသံသဲ့သဲ့ကို ကြားလိုက်ရသည်။ ကလေးငိုသံကြားရာသို့ အပါက သေသေချာချာကြည့်လိုက်သည်။

လမ်းဘေးတွင် အနီးဖြင့် ထုပ်ထားသော လသားအရွယ် ကလေးတစ်ဦး ငိုနေသည်ကို လှည်းပေါ်မှ လှမ်းတွေ့လိုက်ရသည်။ ကလေးက တအားငိုနေဆဲဖြစ်သည်။

ကိုပန်းတင်က ရှေ့မှ လှည်းများ ခေတ္တရပ်ရန် အဆင့်ဆင့် အချက်ပေးလိုက်သည်။

"ရှေ့က လှည်းတွေ ခဏရပ်ကြပါဦး။ ဒီမှာ ကလေးငိုသံကြားနေရလို့"

ကိုပန်းတင်အသံကြောင့် ရှေ့မှ လှည်းများ ရပ်တန့်သွားသည်။ ကိုပန်းတင်က သူ့နောက် လှည်းပေါ်မှ အပါကို လှမ်းပြောလိုက်သည်။

"အပါရေ..သချိုင်းလွန်ရုံရှိသေးတယ်၊ ခု ငိုသံကြားတဲ့ ကလေးကို နင် ဘယ်လိုသဘောရသလဲ၊ ငါတော့ သိပ်ပြီး မသင်္ကာဘူး"

"ဒါတွေ ကျွန်တော် မယုံဘူး။ ကျွန်တော် ဆင်းကြည့်လိုက်ဦးမယ်"

ပြောပြောဆိုဆို အပါက လှည်းပေါ်မှ ခုန်ဆင်းလိုက်သည်။ ငိုနေသော ကလေးအား အနီးပါမကျန် ကောက်ယူ ထွေးပွေ့လိုက်သည်။ ကလေးမှာ အပါ့လက်ပေါ်တွင် ချက်ချင်း အငိုတိတ်သွားသည်။

"တစ်ယောက်ယောက်က အကြောင်းတစ်ခုခုကြောင့် မမွေးချင်လို့ လာစွန့်ပစ်သွားတာ ဖြစ်မယ်"

"ငါကတော့ မထင်ဘူး။ မင်းက ဒီသချိုင်း သရဲခြောက်တာ မယုံတော့ အခက်သားပဲ။ ကဲ - ဒီကလေး မင်း ဘယ်လိုလုပ်မှာလဲ"

"နောက်မှ ကြည့်ရှင်းမယ်။ လောလောဆယ် ဒီကလေး ကျွန်တော် ခေါ်သွားမယ်။ ပိုင်ရှင်တွေတော့ ပြ ပေးလိုက်မှာပေါ့။ ပိုင်ရှင်မပေါ်တော့ ကျွန်တော်တို့လင်မယား မွေးစားမယ်"

"မင်းတို့လင်မယားက ကလေး မရသေးတာ။ မင်းမိန်းမ မအုန်းကြ ကလေးရူး ရူးနေတာနဲ့ အတော်ပဲပေါ့ ဒါပေမယ့် အပါ..."

"ကဲပါ... အစ်ကိုပန်းတင်ရယ် ဒါပေမယ့်တွေ ဘာတွေ လုပ်မနေပါနဲ့တော့၊ အစ်ကို ဘာပြောမယ်ဆိုတာ ကျွန်တော် သိနေတယ်။ ကျွန်တော် ဒါတွေ မယုံဘူး။ သရဲခြောက်ရင် ဒီ ဘယ်ဟုတ်ပါ့မလဲ။ ကြောက်စ အကောင်ဗလောင်တွေ တွေ့ရမှာပေါ့ သွားကြစို့ အစ်ကို"

မည်သို့မျှ ပြောမရသည့်အဆုံး အစ်ကို ပန်းတင်က လှည်းများ ဆက်လက် ထွက်ခွာရန် အော်ပြောလိုက်သည်။ အပါက ကလေးကို ထွေးပွေ့ရင်း လှည်းမောင်းလာသည်။

အပါတို့ လှည်းတန်းကြီး ရွာပြ ရောက်ချိန်သည် သန်းခေါင်ချိန်နီးနေ ဖြစ်သည်။ စပါးများ ချသူချ၊ သယ်သူ သယ်နှင့် အလုပ်ရှုပ်နေကြသည် အားလုံး ကိစ္စပြီးစီး၍ အပါ့အိမ် ရောက်ရှိလာကြသည်။ ကလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com

ပတ်သက်၍ တစ်ယောက် တစ်ပေါက် ထင်ရာမြင်ရာ ပြောဆိုနေကြသည်။ သင်္ချိုင်းဟောင်းအနီးမှ အချိန်မတော် ကောက်ယူခဲ့သော ကလေးမို့ အချို့က မွေးသင့်၊ မမွေးသင့် ဝေဖန်ပြောဆိုနေကြသည်။

"ကဲ...ကဲ၊ တော်ကြပါတော့။ မနက်ဖြန် ပိုင်ရှင်မပေါ်ရင် ကျွန်တော်တို့လင်မယား တရားဝင် မွေးစားမယ်။ ကလေးက ချစ်စရာ ဖြူဖြူဖွေးဖွေး ယောက်ျားလေးပါ"

ထိုညက အပါတို့လင်မယား အလုပ်ရှုပ်နေတော့သည်။ အိမ်ထောင်သည် ကလေးငယ်ရှိသော မိန်းမများ နို့လာတိုက်ကြသည်။ အပါတို့အိမ်မှာ ကလေးကြောင့် လူစည်နေတော့သည်။

"အပါတို့အိမ်က ခုမှ အိမ်နဲ့ တူသွားတော့တယ်"

"သူတို့လင်မယားက ခုမှ မွေးစားဖို့ ကလေးရတာ"

"ငါးနှစ်လောက်တောင် ရှိပြီ၊ ကလေးမရတော့ဘူး ထင်ပါရဲ့"

"ဘယ်သူမြှုပ်နေတာလဲမှ မသိတာ"

"မအုန်းကြူ မြှုပ်နေတာလားမှ မသိတာ"

မိန်းမများ အမျိုးမျိုးပြောနေကြပြီး ကလေးကို နို့တိုက်နေကြသည်။ ကလေးမှာ နို့စို့နေစဉ်အချိန်သာ အငိုတိတ်သည်။ ကျန်သည့်အချိန်တွင် တစ်ချိန်လုံး ငိုနေတော့သည်။ တစ်ဦးစီ ချော့သိပ်သော်လည်း အငိုမတိတ်ပါ။ ပခက်ဆင်၍ သိပ်လည်း မအိပ်ဘဲ ရုန်းကန်နေသည်။ လင်မယားနှစ်ဦးကြားတွင် ထား၍ သိပ်သော်လည်း မအိပ်ဘဲ ငိုနေပြန်သည်။ နောက်ဆုံး အိမ်နောက်ဖေးဘက် အခန်းတွင် တစ်ဦးတည်း သိပ်ထားလိုက်တော့မှ အငိုတိတ်သွားတော့သည်။

အပါတို့ လင်မယားလည်း အပျော်ကြီး ပျော်နေကြသည်။ မနက်ဖြန်မှ ပိုင်ရှင်မပေါ်လျှင် သူတို့လင်မယား တရားဝင် မွေးစားမည်ဟု တွေးကာ ပျော်နေကြသည်။ သို့သော် သူတို့ လင်မယားအပျော်များက နောက်တစ်နေ့ မကူးခဲ့ပါ။

သန်းခေါင်ကျော်တွင် ပြဿနာ စ,လာပါတော့သည်။ နို့ဝအောင် စို့ထားပြီး နောက်ဖေးခန်းတွင် အိပ်ပျော်နေပြီဖြစ်သည်။

◈◈◈

အပါတို့ လင်မယားလည်း ပင်ပန်းထားသဖြင့် အိပ်ခန်းထဲတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြသည်။ သန်းခေါင်ကျော်အချိန်ခန့်တွင် အပါတို့ မွေးထားသော အိမ်အောက်မှ ခွေးသုံးကောင်၏ စူးစူးဝါးဝါးဟောင်သံကြောင့် အပါတို့လင်မယား အိပ်ရာမှ နိုးခဲ့ရသည်။ ခွေးများ ဆက်လက်ဟောင်နေဆဲဖြစ်သည်။

"အစ်ကို...ထပါဦး၊ ခွေးတွေ ဘာတွေ့လို့ ဒီလောက် ဟောင်နေတာလဲ မသိဘူး"

"အေး၊ ဟုတ်တယ်။ ခွေးတွေ ဟောင်ပုံက တော်တော်ထူးနေတယ်။ တို့အိမ်က ခွေးတွေပဲ ဟောင်နေတာ။ ငါ ဆင်းကြည့်လိုက်ဦးမယ်။ လက်နှိပ်ဓာတ်မီးပေးပါဦး"

ကိုပါက လက်နှိပ်ဓာတ်မီးကိုင်ပြီး အိမ်အောက် ဆင်းလိုက်သည်။ ခွေးများက အိမ်နောက်ဖေးအခန်းကို ကြည့်ပြီး ထိုး,ထိုးဟောင်နေသည်။ အသေအချာကြည့်လိုက်မှ ကလေးသိပ်ထားရာ နောက်ဖေးခန်းကို ဦးတည်ကာ ဟောင်နေသည်ကို တွေ့ရသည်။ ထိုစဉ် ခေါင်းရင်းခြံမှ အစ်ကိုပန်းတင်လည်း ဓားရှည်တစ်ချောင်းကိုင်ကာ အိမ်ပေါ်မှ ဆင်းလာသည်။

"မင်းရဲ့ ခွေးတွေက ဘာတွေ့လို့ ဒီလောက်တောင် ဟောင်နေတာလဲ။ ငါ့ခြံက ခွေးတွေတော့ ငြိမ်နေတယ်။ ထူးဆန်းတယ်ထင်ပြီး ငါဆင်းလာခဲ့တာ"

"ဟုတ်တယ် အစ်ကို ပန်းတင်၊ ခွေးတွေက ကျွန်တော့်အိမ်နောက်ဖေး အခန်းဘက် မော့,မော့ပြီး ထိုးဟောင်နေကြတာ"

ထိုအခိုက်မှာပင် အနီးအနား အိမ်များမှ လူများလည်း အပါတို့အိမ်ခြံတွင်းသို့ ရောက်လာကြသည်။

"ဘာတွေတွေ့လို့ အပါ့အိမ်က ခွေးတွေ မရပ်မနား ဒီလောက်ဟောင်နေတာလဲ"

အစ်ကို ပန်းတင်ကို မေးလိုက်ခြင်းဖြစ်သည်။ အစ်ကို ပန်းတင်က -

"အေး၊ ငါလည်း သိချင်လို့ ဆင်းလာတာပဲ။ အပါ့အိမ်ပေါ် ကြည့်ပြီး ဟောင်နေတာ တော်တော်ထူးနေတယ်"

"ဟုတ်တယ်။ ဒီခြံက ခွေးတွေပဲ ဟောင်နေတာ။ ကျွန်တော်တို့အိမ်က ခွေးတွေတော့ ငြိမ်နေတာပဲ။ ခါတိုင်း တစ်ခုခုတွေ့ရင် အုပ်စုလိုက် ဟောင်ကြတာ။ ခုတော့ အပါ့အိမ်က ခွေးတွေပဲ ယောက်ယက်ခတ်ပြီး ဟောင်နေတာ တော်တော်ထူးနေတယ်"

ထိုစဉ် အစ်ကို ပန်းတင်က တစ်ခုခု သတိရဟန်ဖြင့် အပါ့ကို မေးလိုက်သည်။

"ဒါနဲ့ အပါ၊ ညက မင်းကောက်ရခဲ့တဲ့ ကလေးရော ဘယ်မှာလဲ"

"ရှိပါတယ် အစ်ကို၊ အိပ်နေပြီ။ ဘာဖြစ်လို့ ကလေးကို မေးရတာလဲ"

"ငါ့စိတ်ထဲ တစ်မျိုးဖြစ်နေလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com

ကလေးကို ဘယ်မှာ သိပ်ထားလဲ။ မင်းတို့အိပ်ခန်းထဲမှာပဲလား"

"ရှေ့ခန်းမှာ သိပ်လို့ မရလို့ နောက်ဖေးခန်းမှာ တစ်ယောက်တည်း သိပ်ထားတာ။ ကလေးအိပ်ပျော်သွားမှ ကျွန်တော်တို့ အိပ်ခဲ့တာ။ အိပ်ပျော်နေတုန်း ခွေးတွေဟောင်လို့ နိုးလာရတာ"

"မင်းက အယုံအကြည်မရှိတော့ ငါ မပြောချင်ဘူး။ ခု ခွေးတွေ ဟောင်နေတာ မင်း ကလေးသိပ်ထားတဲ့ နောက်ဖေးခန်းကို မဟုတ်လား"

"ဟာ···ဟုတ်တယ် အစ်ကိုပန်းတင်"

"ဒါဆို ကလေး၊ ခု အခြေအနေ ဘယ်လိုရှိနေလဲ။ မင်းမိန်းမ မအုန်းကြူကို မေးလိုက်စမ်း။ ကလေးကို သွားကြည့်ပါဦးလို့"

အစ်ကို ပန်းတင် စကားအဆုံးတွင် အပါက အိမ်ပေါ်ရှိ သူ့မိန်းမ မအုန်းကြူကို လှမ်းအော်ပြောလိုက်သည်။

"အုန်းကြူရေ··· ခွေးတွေ ဒီလောက် ယောက်ယက်ခတ်ပြီး ဟိုပြေးဒီပြေးနဲ့ ဒီလောက်ဟောင်နေတာ ကလေး မနိုးဘူးလား။ ငိုသံလည်း မကြားဘူး။ ကြည့်လိုက်ပါဦး"

"ဟုတ်ကဲ့ အစ်ကို။ ကျွန်မ သွားကြည့်လိုက်မယ်"

ထိုသို့ပြောပြီး မအုန်းကြူက ကလေးသိပ်ထားရာ နောက်ဖေးခန်းသို့ ဝင်သွားသည်။ ခဏအကြာ မအုန်းကြူ အလန့်တကြားအော်သံ ကြားလိုက်ရပြီး အိမ်ပေါ်မှ ထိတ်လန့်စွာ ပြေးဆင်းလာသည်ကို တွေ့လိုက်ရသည်။

"လာကြပါဦး၊ ကလေးမရှိတော့ဘူး။ ပျောက်သွားပြီ၊ ကလေးဟာ··"

မအုန်းကြူ စကားမဆက်နိုင်တော့ပါ။



"ဘာတွေခဲ့လို့လဲ ပြောပါဦး"

အတန်ကြာမှ မအုန်းကြူ စကားပြောနိုင်တော့သည်။

"ကျွန်မရောက်သွားတော့ ဖျာပေါ်မှာ သိပ်ထားတဲ့ ကလေး မရှိတော့ဘူး။ နောက်ဖေးဘက် လှမ်းကြည့်လိုက်တော့ ဝိညာဉ်လိုလို၊ လူရိပ်လိုလို ဖြူဖြူအရိပ်ကြီးတစ်ခု တံခါးဘက် ရွေ့လျားသွားတာ ရိပ်ခနဲ တွေ့လိုက်ရတယ်"

"ဒါဆို ကလေးက ဘယ်ရောက်သွားတာလဲ"

"ကျွန်မ တွေ့လိုက်ရတဲ့ ဖြူဖြူအရိပ်ကြီးဟာ ကလေးသိပ်ထားတဲ့ ဖျာပေါ်က ထ,သွားတာများလား။ အို··· မပြောတတ်တော့ပါဘူး"

"ဟာ··· ကလေးက ဘာလို့ မရှိရတော့တာလဲ။ ကဲ - အိမ်ပေါ် သွားကြည့်ကြမယ်"

အစ်ကို ပန်းတင် ဦးဆောင်ပြီး ကျွန်တော်တို့ လေးငါးဦး အိမ်ပေါ် တက်ခဲ့ကြသည်။

"ကျန်တဲ့သူတွေ နောက်ဖေး ခြံစပ်ဘက် သွားကြည့်စမ်းပါ။ ခွေးတွေ ထိုး,ထိုးဟောင်နေတာ တော်တော်ထူးနေတယ်။ သင်္ချိုင်းဟောင်းက အယောင်ဆောင်ပြီး လိုက်လာတဲ့ အကောင်ဖြစ်မယ်ထင်တယ်"

ကျွန်တော်တို့ အိမ်ပေါ် တက်လာစဉ် နောက်ဖေး ခြံစပ်ဘက် သွားသူများ သွားနေကြသည်။ မီးဖိုချောင်အခန်းအရောက်တွင် ကလေးသိပ်ထားသည့် ဖျာပေါ်သို့-လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။ ကလေးကို မတွေ့ရတော့ပါ။ ကလေး မတွေ့ရတော့သလို၊ မည်သည့်အရာမှလည်း မတွေ့ရပါ။ ထိုအခိုက် အိမ်ပေါ်သို့ ထိုး,ထိုးဟောင်နေသည့် ခွေးများ အိမ်နောက်ဖေး ခြံစပ်ဘက်သို့ ပြေးလွှားထွက်သွားကြသည်ကို တွေ့လိုက်ရသည်။ ထို့နောက် ခြံစည်းရိုးအစပ်ကို ထိုးပြီးဟောင်နေကြသည်။ ထိုစဉ်မှာပင် အနီးအနားအိမ်များမှ ခွေးများပါ ရောက်လာပြီး နောက်ဖေး ခြံစည်းရိုးကို ထိုး,ထိုးဟောင်နေတော့သည်။ ခွေးများ ပြုမူပုံက ထူးဆန်းနေသည်။ ဟောင်သည့် ခွေးက ဟောင်၊ အူသည့်ခွေးက အူပြီး ဆူညံနေတော့သည်။ အရက်မတက်သော အချိန်က ခွေးအူသံများဖြင့် ချောက်ချားဖွယ်ရာဖြစ်နေတော့သည်။ သင်္ချိုင်းဟောင်းမှအပြန် အပါတို့ ကောက်ယူခဲ့သော ကလေးကို မတွေ့ရတော့သည့်နည်းတူ၊ မအုန်းကြူ တွေ့လိုက်ရသည်ဆိုသော ဖြူဖြူအရိပ်ကြီးကိုလည်း မတွေ့ရတော့ပေ။

ထူးဆန်းလွန်းသော အဖြစ်ကြောင့် အားလုံး မှင်တက်မိနေကြသည်။ ရုတ်တရက် မည်သူမျှ စကားမပြောနိုင်ကြဘဲ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိလျက်သား ဖြစ်

www.burmeseclassic.com

နေကြသည်။

◈◈◈

"ဘကြီးပြောပြခဲ့တာတွေက အဖြစ်မှန်တွေနော်၊ ကြောက်စရာကြီးနော်"

"ဘကြီးကိုယ်တိုင် ကြုံခဲ့တဲ့ အဖြစ်ပါကွယ်။ ဒီနေ့အထိ မမေ့သေးပါဘူး။ ဒီအကြောင်းတွေ ပြန်မပြောပါနဲ့လို့ ကတိတောင်းထားတဲ့ မင်းရဲ့ မိဘနှစ်ပါး လောကကြီးမှာ မရှိတော့လို့ ပြောပြရတာပါ။ အဲဒီတုန်းက မင်းရဲ့ အဖေက မယုံကြည်ဘူးဆိုတော့ သူ့ကိုမှ ရွေးပြီး ခြောက်ပြခဲ့တာ ထင်ပါရဲ့။ ပြီးတော့ မင်းနဲ့ ပတ်သက်တာတွေ ရှိသေးတယ်"

"ကျွန်တော်နဲ့ ပတ်သက်တာ၊ ဟုတ်လား ဘကြီး။ ဘယ်လိုပတ်သက်တဲ့ အကြောင်းလဲ"

"အေး၊ မင်းနဲ့ ပတ်သက်တာ ပြောလိုက်ဦးမယ်။ ကလေးအယောင်ဆောင်ပြီး လိုက်လာတဲ့ သရဲအခြောက်ခံခဲ့ရပေမယ့် မင်းအမေ မအုန်းကြူက ကြောက်တဲ့အပြင် ဖြူဖြူဖွေးဖွေး ကလေးကိုပဲ အမှတ်တရဖြစ်နေခဲ့တယ်။ အချိန်ပိုင်းလေးပဲ ထွေးပွေ့ပိုးခဲ့တဲ့ ကလေးကို သတိရနေခဲ့တယ်။ ကလေးလိုချင်တဲ့ ဆန္ဒတွေ ပြင်းပြင်းပြလာခဲ့တယ်။ နောက်ဆုံး မျှော်လင့်ချက်အနေနဲ့ လူကြီးသူမတွေ ပြောတဲ့အတိုင်း လုပ်တော့တာပဲ"

"ကျွန်တော့်အဖေနဲ့ အမေတို့ ကလေးရဖို့ ဘာတွေ လုပ်ခဲ့ကြတာလဲ"

"သစ်ပင်ကြီးမှာ သားဆုသွားပန်တယ်လေ။ လူခြေတိတ်ချိန်မှာ ရွာထိပ်က လက်ပံပင်ကြီးဆီ သွားပြီး သားဆု သွားပန်ကြတယ်လေ"

"သားဆု ဘယ်လိုသွားပန်တာလဲ"

"လက်ပံပင်ကြီးအရင်းမှာ ဖယောင်းတိုင် ငါးတိုင်ထွန်းပြီး လင်မယားနှစ်ယောက်စလုံး ဆုတောင်းကြတာ။ ဖယောင်းတိုင် မီးငြိမ်းတဲ့အထိ ထိုင်နေကြရတာ။ မင်းပြောခဲ့သလို တိုက်ဆိုင်မှုပဲ ထားပါတော့။ သားဆုသွားပန်ပြီး လေးငါးလအကြာမှာ မင်းအမေ မင်းကို ကိုယ်ဝန်ရခဲ့တာ။ လက်ပံပင်စောင့် ရက္ခစိုးက မင်းအမေ ဗိုက်ထဲ ဝင်စားမယ်လို့ မင်းအမေကို အိပ်မက်ပေးခဲ့တာ။ မင်းအမေကလည်း ယောကျ်ားလေး လိုချင်နေတော့ လာခဲ့လို့ ပြန်ပြောလိုက်တယ်တဲ့။ ဒါကြောင့် မင်းကို မွေးတော့ ရက္ခစိုးလို့ ခေါ်ကြတာပေါ့"

"လူတွေက ကျွန်တော့်ကို ရက္ခစိုးဝင်စားတယ်လို့ ဘယ်လိုသိသွားကြတာလဲ"

"ကလေးရူး ရူးနေတဲ့ မင်းအမေက မင်းကို ကိုယ်ဝန်ရတော့ ရက္ခစိုးဝင်စားတဲ့ ကိုယ်ဝန်။ ကျွန်မ အမြုံမ မဟုတ်ဘူးဆိုပြီး တစ်ရွာလုံးကို လိုက်ပြီး ကြေညာတော့တာပဲ။ ဒါကြောင့် မင်းကို မွေးတော့ ရက္ခစိုးလို့ နောက်ပြောင်ခေါ်ကြရင်း ရက္ခစိုးနာမည်တွင်ခဲ့တာပေါ့။ မင်းရဲ့ မျက်ခုံးကလည်း ထူထဲမည်းနက်နေပြီး ကကြီးပုံ မျက်ခုံးဖြစ်နေတယ်လေ"

"အဖြစ်တွေက ကြာခဲ့ပြီဖြစ်ပေမယ့် ဘကြီးက အားလုံးကို မှတ်မိနေတာပဲနော်"

"ဘကြီးကိုယ်တိုင် ကြုံခဲ့ရတဲ့ အဖြစ်တွေမို့ပါ။ မင်းကို မွေးပြီးတော့ ဘကြီးတို့ကပဲ ချိုး စောင့်ရှောက်ခဲ့ကြတာ"

"ဘကြီးပြောပြလို့ ခုမှ သိခဲ့ရတယ်။ အဖြစ်တွေက တော်တော်ကြောက်စရာကောင်းတယ်။ အဖေတို့ အမေတို့ တစ်ခါမှ မပြောပြခဲ့ဘူး။ ဘကြီးလို ရှေးမီနောက်မီ လူကြီးတွေနဲ့ ကြုံလို့ ဒီအကြောင်းတွေ သိရတာ။ ဘကြီးကို ကျေးဇူးတင်ပါတယ်။ ဘကြီးကို ရုတ်တရက် မမှတ်မိတာကိုလည်း တောင်းပန်ပါတယ်"

"မင်းနဲ့ မမျှော်လင့်ဘဲ ပြန်ဆုံရတာ ဘကြီးလည်း ဝမ်းသာပါတယ်။ မင်းကို တွေ့တော့ မင်းအဖေနဲ့ အမေကို ပြန်ပြီး သတိရမိတယ်။ မင်းက လူငယ်ပဲ၊ ဘကြီးဆီ လာလည်ပေါ့။ ဘကြီး လိပ်စာရေးပေးခဲ့မယ်။ အချိန်ရရင် လာခဲ့ပါ။ ရက္ခစိုးရယ်...မင်းနဲ့ စကားတွေ ပြောချင်သေးတယ်"

ကျွန်တော်ပေးသော စာရွက်ပေါ်တွင် ဘကြီးက သူနေသည့် လိပ်စာ ရေးပေးသည်။

"ကျွန်တော်လည်း ဘကြီးနဲ့ တွေ့ချင်ပါသေးတယ်။ ကျွန်တော် ဘကြီးဆီ လာခဲ့ပါ့မယ်"

ထိုစဉ် မြောက်ဥက္ကလာဘက်သို့ သွားသည့် ဘတ်စ်ကားတစ်စီး မှတ်တိုင်သို့ ဝင်လာသည်။

"ဟိုမှာ ဘကြီး စီးမယ့် ဘတ်စ်ကား လာပြီ သွားကြစို့"

ဘကြီး ပန်းတင် ဘတ်စ်ကားပေါ် တက်ပြီးသည်နှင့် ဘတ်စ်ကား ထွက်သွားသည်။ ဘကြီး ပေးခဲ့သော လိပ်စာပါ စာရွက်လေးကို ကိုင်ရင်း အတွေးများဖြင့် ကျန်ရစ်ခဲ့ပါသည်။ အဖေတို့၊ အမေတို့ သားဆုပန်ခဲ့ကြသည်။ လက်ပံပင်ကြီးရှိရာ မွေးရပ်မြေသို့ တစ်ခေါက်ပြန်သွားလိုစိတ်များ ဖြစ်လာခဲ့မိသည်။ ■

* * *

မောင်မောင်မိုးအောင်



www.burmeseclassic.com

www.burmeseclassic.com

# နေဝန်းသစ်

## အကာကြီးတန်ပြန်စမ




ဂမ္ဘာရီ ဆရာလေး ရဲဇော်၏ ဖိတ်ခေါ်မှုကြောင့် တိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ္တလင်းမြို့အရှေ့ နတ္တလင်းမြို့နှင့် ၁၄/၁၅ မိုင်လောက်ဝေးသော ရွှေတိ တောင်သို့ ရောက်ခဲ့သည်။ ရွှေတိန်ညင်တောင် သမဏီတွင်းကျယ်ရှာ၏ အရှေ့ဘက် တစ်မိုင်ကျော် လောက်တွင်ရှိပြီး များစွာမမြင့်လှဘဲ သစ်ရိပ်ဝါးရိပ်

www.burmeseclassic.com

www.burmeseclassic.com

၍ စမ်းချောင်းငယ်များ၊ ထုံးအိုင်ကြီးများ ပေါ်များသော ဆိတ်ငြိမ်ပြီး ကျေးငှက်တို့ ကျက်စားရာတောင်ဖြစ်၏။

ဆရာလေး ရဲဇော်၏ ပြောပြချက်အရ ထိုတောင်၌ ချွေဖြင့်ပြီးသည့် ကြက်တိန်ညင်(ကြက်ဖ)ရုပ်နှစ်ကောင်ရှိကြောင်း။ လွန်ခဲ့သောကာလက ထိုတောင်၌ ဂန္ဓာရီကျင့်စဉ်များ လာရောက်ကျင့်ရင်း အင်္ဂရိတ်ကစားခဲ့သော ရသေ့ကြီးတစ်ပါးမှ စီရင်၍ထားခဲ့ကြောင်း၊ အကြောင်းမှာ ထိုရသေ့ကြီးသည် ကိစ္စရပ်များအားလုံး ပြီးမြောက်သည်နှင့် ၎င်းဝေယျာဝစ္စ အသုံးအဆောင်ပစ္စည်းများနှင့် ၎င်းပြုလုပ်အားထုတ်ခဲ့သော ရွှေငွေများစွာတို့ကို နောင်ပွင့်မည့် အရိမေတ္တေယျဘုရားရှင်အား အမိဋ္ဌာန်ဖြင့် လှူဒါန်းပူဇော်ကာ မြေမြှုပ်ထားခဲ့ပြီး ရွှေတိန်ညင်ရုပ်နှစ်ရုပ်ကို အစောင့်အနေလုပ်ထားခဲ့ကြောင်း၊ အကြောင်းရှိပါက ကြက်တိန်ညင် အော်မြည်တွန်ကြွေးသံများ နားမခံသာအောင် ကြားရကြောင်း။

တစ်ခါသော် အထက်ဘက်မှ သိုက်ဆရာတစ်စု ရောက်လာပြီး၊ ထိုရသေ့သူမြုပ် ထားခဲ့သည့် ပစ္စည်းများကို ဖော်ရာ ကြက်တိန်ညင်များ နားကွဲလုမတတ် တွန်ကြွေးသံများ ကြားကြရသဖြင့် နားနှစ်ဖက်ကို ပိတ်လျက် ရွှေတိန်ညင်တောင်ကို ပတ်၍ အလဲလဲအကွဲကွဲနှင့် ပြေးလွှားနေကြသည်ကို ထင်းခုတ်လာကြသူအချို့က တွေ့ရကြောင်း၊ ရွာသားအချို့က "ခင်ဗျားတို့ ဘာလုပ်နေကြတာလဲ"ဟု မေးမှ သတိပြန်ရလာပြီး ၎င်းတို့အမှားကို ဖွင့်ဟ ဝန်ချ တောင်းပန်၍၊ ထိုတောင်၌ မနေရဲတော့ဘဲ ချက်ချင်းပြန်ပြေးကြကြောင်း၊ ထိုတောင်သည် နတ်ကြီးကြောင်း၊ သိုက်တွေ၊ နတ်တွေ၊ ပရလောကသားတွေလည်း ပေါ်ကြောင်း ပြောပြပါ၏။

ကျွန်တော်တို့လည်း ထိုရွှေတိန်ညင်တောင်သို့ ရောက်သည်နှင့် ခေတ္တမျှ အမောအပန်းဖြေ အနားယူပြီး၊ ထိုတောင်၌ တွေ့ရှိရသည်ဟုဆိုသော လုံတွဲများ၊ ချောခဲများကို ရှာဖွေကြပါသည်။ အဓိက ကျွန်တော်လိုက်လာခြင်းအကြောင်းမှာလည်း အင်္ဂရိတ် ဝါသနာပါလှသည့် ကျွန်တော့်အတွက် "တတ်,ဓာတ်ချင်း ကူး၊ ဖြစ်ပူးများစွာ"ဟူသော အင်္ဂရိတ်အဆိုအမိန့်အရ ရှေးက ပေါက်မြောက်၍ ထွက်ရပ်စခန်းသို့ မြန်းသွားပြီဖြစ်သော ရသေ့ဆရာကြီးများ၏ လုံခွဲများ၊ ချော်များ ရှာရန် အဓိကဖြစ်ပါသည်။

ဆရာ ရဲဇော်၊ ဦးဟန်ရှင်းနှင့် ဦးတင်မြတို့ကတော့ ထိုတောင်၌ ကိုးရက် အဓိဋ္ဌာန်ဝင်ပြီး ကိုးနဝင်းစေတီလေး တည်ထားတည်ရန်ဖြစ်သည်။ သို့သော် အဓိဋ္ဌာန်မဝင်မီ ကျွန်တော် အလိုရှိရာများကို ကူညီရှာဖွေပေးကြသည်။ ထုံကောင်းကောင်း၏ အခွဲများကို မရရှိသော်လည်း အလွန်ကြီးမားသော ခေတ်သုံး လုံနံပါတ် ၁၄ဆိုက်၊ ၁၅ဆိုက်အတွဲအချို့ကို တွေ့ရသဖြင့် ချော်ဟု ထင်ရသော အဆိုင်အခဲအချို့နှင့် အတူ ကောက်ယူခဲ့ပါ၏။

ညရောက်သောအခါ ဆရာ ရဲဇော်နှင့် ဦးဟန်ရှင်းတို့ အဖွဲ့လည်း ဘုရားရှိခိုး၊ ကိုးပါးသီလဆောက်တည်ကြကာ တောပိုင်တောင်ပိုင် ရွှေတိန်ညင်တောင်ကို ပိုင်သသော ပုဂ္ဂိုလ်များနှင့် ရွှေတိန်ညင်တောင်၏ တွင်းပြင်နှစ်ဝ နှစ်ဌာနတို့၌ မှီတင်းနေထိုင်လျက်ရှိကြသည့် မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်သတ္တဝါအပေါင်းတို့ကို မေတ္တာပို့သကြပြီး ကိုးရက် အဓိဋ္ဌာန် စ,ဝင်ကြပါသည်။ ကျွန်တော်လည်း ရိုးသားစွာ ဝန်ခံရပါလျှင် ထိုကဲ့သို့ တောတောင်အတွင်း၌ အဓိဋ္ဌာန်မဝင်ခဲ့ဘူးသော်လည်း ဆရာ ရဲဇော်တို့အဖွဲ့ကို အားကျသည့်အတွက် အတူတကွ အဓိဋ္ဌာန်ဝင်ဖြစ်ခဲ့ပါသည်။

ကျွန်တော်တို့ အဓိဋ္ဌာန်ဝင်သည့်ညတွင် တစ်ညလုံး လေကြီးမိုးကြီးတိုက်၍ သစ်ပင်များ၊ သစ်ကိုင်းများ တဝုန်းဝုန်း တဒိုင်းဒိုင်း ကျိုးကျလဲပြိုသံများကို ကြားကြရပါ၏။ ထို့အတူ မျောက်အော်သံများကလည်း ဆူညံနေကြ၏။ အိပ်တန်းတက်ငှက်တို့၏ လန့်ဖျပ် ပျံသန်းသံတို့ကလည်း ညံနေကြပါသည်။ သို့သော် နံနက်လင်းသောအခါ၌ မည်သည့် သစ်ပင်ဝါးပင်မျှ လဲခြင်း၊ ကျိုးပဲ့ခြင်းတို့ မတွေ့ရသဖြင့် အံ့သြရပါသည်။

နောက်တစ်နေ့၌တော့ နံနက်ခင်းကတည်းက ရွှေတိန်ညင်တောင်ရှိ ကျွန်တော်တို့ အဓိဋ္ဌာန် ဥပုသ်ဝင်ရာ အနီးတစ်ဝိုက်၌ ထူးခြားနေပါသည်။ ကျွန်တော်တို့ လာခဲ့ကြသည်မှာ နွေရာသီပေမယ့် မိုးဦးကာလများကဲ့သို့ တစ်မိုးလုံး မှောင်ပိန်းအုံ့ဆိုင်းကာ မိုးရွာတော့မည်ကဲ့သို့ လျှပ်စစ်လျှပ်ရောင်များ တဝင်းဝင်း တလက်လက်နှင့် မိုးထစ်ချုန်းနေပါသည်။

နေ့လယ်မွန်းတည့် ဆွမ်းစားချိန်၌ (ကျွန်တော်တို့ အားလုံး ဆွမ်းစားနေကြချိန်) အကောင် ၂၀ခန့်မျှလောက်ရှိ သမင်အုပ်ကြီးတစ်အုပ် ကျွန်တော်တို့ စခန်းချရာ ဖျဉ်းမပင်ကြီးများရှေ့မှ ဖြတ်ပြေးသွားသည်ကို မြင်လိုက်ရပြီး မကြာခင် ၎င်းသမင်အုပ်နောက်မှ တအင့်အင့်နှင့် ပြေးလိုက်သွားသော ဝက်အုပ်ကြီးကိုလည်း တွေ့လိုက်ကြရပါ၏။ ထိုဝက်အုပ်ကြီးကို ကြည့်နေတုန်းမှာပဲ နောက်မှ နွားရိုင်းအုပ်ကြီးတစ်အုပ်က တရှူးရှူး တရှားရှားဖြင့် ဟိုင်ဇေ့ ဒီခတ်နှင့် တက်လာသည်ကို တွေ့လိုက်ရပြန်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာတို့··· ဘာမှမကြောက်ကြနဲ့။ စိတ်ခိုင်အောင်ထား။ မေတ္တာသာ ပွားများနေကြ"

ဆရာ ရဲဇော်က သတိပေးသဖြင့် မျက်စိစုံမှိတ်၍ မေတ္တာသုတ်ကို ရွတ်နေမိပါသည်။ မှန်ရာကို ဝန်ခံရပါလျှင် ကျွန်တော် ဘာ၊ ဘယ်လိုဖြစ်မှာလဲဟု တွေးရင်း စိုးရိမ်ကြောက်ရွံ့နေမိသည်မှာ အမှန်ပင်ဖြစ်ပါသည်။

"အဲဒါ တောခြောက်နေတာဗျ"

ဟု ဆရာ ရဲဇော် ဆက်ပြောမှ စိတ်သက်သာရာရသွားပါသည်။

သို့သော် နေ့လယ်နေ့ခင်းနှင့် ညနေပိုင်းရောက်သောအခါ၌ ကျွန်တော်တို့အဖွဲ့၌ ထူးခြားဖြစ်စဉ်တစ်ခုနှင့် တိုးပါလေတော့သည်။ အကြောင်းမှာ ဦးတင်မြဆိုသူ တရားထိုင်နေရင်း ခေါ်မရ အော်မရနှင့် သတိလစ် မေ့မြောနေသောကြောင့်ဖြစ်ပါ၏။

အားလုံး ဘာလုပ်ရမှန်းမသိ ဖြစ်နေချိန်၊ ဆရာ ရဲဇော်သည် လိုလိုမယ်မယ် အသင့်ယူဆောင်လာသည့် ကွမ်းရွက်ကို ညာဘက်လက်ညှိုးဖြင့် တစ်စုံတစ်ရာရေး၍ ပါးစပ်ကလည်း တတွတ်တွတ်ရွတ်ဆိုပြီး အရည်ညှစ်ကာ ဦးတင်မြ၏ မျက်စိကို အတင်းဖြဲ၍ မျက်စဉ်းခတ်လိုက်ပါသည်။ သည်တော့မှ ဦးတင်မြလည်း သတိပြန်ရလာပြီး သူ့အဖြစ်ကို အောက်ပါအတိုင်း ပြောပြပါ၏။

◈◈◈

နေ့လယ် ဆွမ်းစားပြီးကြသည်နှင့် ကျွန်တော်တို့ အားလုံး တရားပြန်ထိုင်ကြပါသည်။ (ကျွန်တော်တို့ တရားထိုင်ကြသည်မှာ စုပေါင်း၍ ထိုင်ကြခြင်းမဟုတ်ဘဲ၊ သစ်ပင်တစ်ပင်လျှင် တစ်ယောက်ကျ လူခွဲ၍ ထိုင်ခြင်းဖြစ်ပါသည်။) ထိုအခါ ဦးတင်မြလည်း သူ တရားထိုင်ရာ သစ်ရာပင်ကြီးဆီ ပြန်သွားပါသည်။

သို့သော် သူ တရားထိုင်ရာ သစ်ရာပင်ကြီးအောက်၌ သူ့ထက်အရင် ထိုင်သူတစ်ယောက်က ရောက်နေပါ၏။ အသက် ၁၉/၂၀ ဝန်းကျင်ခန့် အမျိုးသမီးလေးတစ်ဦး ဖြစ်ပါသည်။ စတွေ့တွေ့ချင်းတော့ ဦးတင်မြက အမျိုးသမီးလေးကို တအံ့တဩ ငေးကြည့်နေမိသည်။ အမျိုးသမီးက သူ့ကို နောက်ခိုင်းထိုင်နေသည်။ သူရောက်လာတာကိုလည်း သတိထားမိပုံမရ။

သို့အတွက် ဦးတင်မြက ချောင်းတစ်ချက်ဟန့်၍ သူ ရောက်ကြောင်း အသိပေးလိုက်၏။ အမျိုးသမီးက လှည့်မကြည့်။ မလှုပ်။ ဦးတင်မြက အမျိုးသမီးငယ်ကို ကြည့်ရင်း အတွေးတစ်မျိုးပေါက်သွားသည်။

"ဪ··· ဒီအနီးအနားရွာတွေက ဒီလိုပဲ တရားလာ ထိုင်ကြတာ ဖြစ်မှာပါပဲလေ"

ထိုသို့တွေးပြီးသည်နှင့် တရားထိုင်နေသူအတွက် အနှောင့်အယှက်ဖြစ်မှာစိုးသဖြင့် အနီးရှိ ပိတောက်ပင် အောက် ဝင်ထိုင်လိုက်သည်။ သူထိုင်လိုက်မိသည်နှင့် အမျိုး သမီးငယ်က တရားထိုင်ရာမှ ထပြီး သူ့ဘက် လှည့်ကြည့် လိုက်၏။

ဦးတင်မြ အမျိုးသမီးကို မြင်လိုက်တော့ ကြက်သေ သေသွားသည်။ နှလုံးသွေးတွေပင် ရပ်ခမန်းဖြစ်သွား နောက်တော့ အသက်ရှူတွေ ကျပ်ပြီး သူ ဘာမှမသိတော့ ချေ။ သတိလစ်သွားလေတော့၏။

"ဘယ်လိုဖြစ်လို့လဲဗျ၊ ကိုတင်မြ"

ဦးဟန်ရှင်းက မေးလိုက်သည်။

ထိုအခါ ဦးတင်မြက···

"ဟာ···ကိုဟန်ရှင်းရာ၊ ဘယ်လိုဖြစ်လဲဆို ပြော တောင် ခပ်လန့်လန့်ပဲ။ နောက်က ကြည့်တော့ ကောင်မ ချောချောပဲ။ မတ်တတ်ရပ်ပြီး ကျွန်တော့်ဘက်လည်း လှ လိုက်ရော လက်ဖက်ရည်ပန်းကန်လုံးလောက်ရှိတဲ့ မျက် ရဲရဲကြီးနှစ်လုံးနဲ့ အစွယ်တွေ ငေါထွက်နေတဲ့ သရဲမကြီး"

ဟု ကြောက်ကြောက်လန့်လန့်နှင့် ပြောလိုက်လေ

ထိုအခါ ဆရာ ရဲဇော်က ရယ်၍···

"အေးဗျ၊ ဒီရွှေတိန်ညင်တစ်ဝိုက်က ကြမ်းမှန်း သားနဲ့ ကျွန်တော်ကလည်း အတားအဆီး မလုပ်မိ ရပါတယ်ဗျာ။ နောက် သူတို့ ကျွန်တော်တို့စည်းထဲ မဝင် ပါဘူး"

ဟု ဆိုကာ သဲမန်း၊ ဆန်မန်းများလုပ်ကာ အေ အပိုင်းအခြားဖြင့် ပက်လေ၏။

ထိုသို့ သဲမန်း၊ ဆန်မန်းပက်ပြီးသည့်အချိန်က ကျွန်တော်တို့ ပြန်လာကြသည့်တိုင်၊ နောက်ထပ် ဘာအ အခဲ၊ ဘာအနှောင့်အယှက်မှ မတွေ့ကြရတော့ဘဲ အေး စွာ အဓိဋ္ဌာန်ဝင်နိုင်ခဲ့ကြပါတော့၏။

သို့ကြောင့် ကျွန်တော်က ဆရာလေး ရဲဇော် ဘေးရန်အန္တရာယ်အပေါင်းမှ လွတ်ကင်းပြီး မိစ္ဆာများ မ ယှက်နိုင်အောင် မည်သည့်အစီအရင်များ လုပ်ဆောင် သနည်းဟု မေးကြည့်ရာ ဆရာ ရဲဇော်က သူ၏ အစီ ကို မချွင်းမချန် အောက်ပါအတိုင်း ပြောပြပါသည်။

◈◈◈

www.burmeseclassic.com


www.burmeseclassic.com

မိမိတို့၏ နယ်မြေ အိမ်၊ ခြံ ကျောင်း၊ ယာက အစ အမှောင့်ပယောဂ၊ ရုပ်ထား၊ နာမ်ထား၊ အင်း၊ တိုက်၊ ရုပ်တိုက်၊ နတ်တိုက်၊ ဓာတ်တိုက်၊ အစိမ်းတိုက်၊ အောက်လမ်းတိုက် စသည့် အတိုက်အမျိုးမျိုးနှင့် သရဲ၊ တစ္ဆေ၊ ကဝေ၊ မြေဘုတ်၊ နတ်ယုတ်နတ်မာတို့ ဝင်ရောက် မနှောင့်ယှက်နိုင်ရန် "အကာကြီး တန်ပြန် စမ"ကို သဲ၊ ဆန်တို့၌ အောက်ပါအတိုင်းရေးပြီး ပက်ပါက မည်သည့်မိစ္ဆာ၊ မည်သည့် အတိုက်အခိုက်မျှ မရောက်မကပ်နိုင်ဘဲ ဘေးရန်အန္တရာယ်အပေါင်းမှ လုံးဝ ကင်းဝေးနိုင်ပြီး လိုရာဆန္ဒတို့နှင့် ပြည့်ဝစေနိုင်ကြောင်း ပြောပြခဲ့ပါသည်။

ယခု ဤဆောင်းပါးမှာ ဆရာ ရဲဇော် ပြောပြခဲ့သည်များကို ပြန်လည်ဖောက်သည်ချ၊ ပညာဒါနပြုလိုက်ခြင်း ဖြစ်ပါ၏။

## ပြုလုပ်ပုံ

လင်ဗန်းတစ်ချပ်တွင် ဖြစ်စေ၊ ဇလုံကြီးကြီးထဲတွင် ဖြစ်စေ သဲ၊ ဆန် တစ်ခုခုထည့်ပြီး မျက်နှာပြင် ညီညာအောင် ပြု၍ ပုံပါအတိုင်း "အကာကြီး တန်ပြန် စမ"ကို လက်ညှိုးဖြင့် ရေးပါ။




ထိုသို့ရေးပြီးပါက "ဦ - လုပ္ပတှာ၊ ဥတ္တရတှာ၊ မံဘန္တေ သံယော"ဆို၍ "ဠ"လိပ် စမကို တစ်ချက်ဆွဲ(တစ်ကြောင်း)ပြီးရေး၍ ၂၄-၄၅-၆၇-၁၃ အင်းဆံသွင်းရမည်။ ထိုသို့ အင်းဆန်သွင်းစဉ်တွင်...

"ဦ - ဘုရားဟူက မောဣလူ ၂၄၊

ဦ - တရားဟူက ဗာလီကွေး၄၅၊

ဦ - သံဃာဟူက သံချပ်ဝတ် ၆၇၊

ဦ - ဓုတင် တေရသ ၁၃ပါးကို ကျင့်ဆောင်တော်မူသော ရှင်မဟာကဿပ ကိုဦးဆောင်တော်မူသောအခါ ဂူ အမှုမှိုပြုကာသော တိဗ္ဗာဟိ၊ ဝေဝေတ် တရုသျှိ ဘောဉတ္တိ၊ ဦ - အရှေ့ဘုရား ဦ - အနောက်တရား ဦ - တောင်က ပစ္စေကဗုဒ္ဓါ ဦ - မြောက်က ရဟန္တာ၊ ကာဆရာကာ၊ ကွယ်ဆရာကွယ်၊ ပြေးဆရာပြေး၊ လွှင့်ဆရာလွှင့်"ဆို၍ ရွတ်ဆိုရမည်။

ထို့နောက် မိမိတို့ အလိုရှိရာအရပ်၌ ၎င်းသဲမန်း၊ ဆန်မန်းတို့ကို ပက်ရမည်။ ဤသို့ ပြုလုပ်ပါက ဆိုခဲ့ပြီးသော ဘေးရန်အန္တရာယ်အပေါင်းမှ သေချာပေါက် လွတ်ကင်းမည် ဖြစ်ပါသည်။ (ကိုယ်တွေ့)

ထို့ပြင် ရေ၊ ဆီ၊ ဆား၊ ပျားရည်၊ ကွမ်းရွက်၊ မြွေအာချုပ်၊ လိပ်ပြာချုပ်တို့ကိုလည်း ၎င်းဂါထာမန္တန်စုတ်၍ မေးနိုင်ပါသည်။

ဆရာ ရဲဇော်က ၎င်းအကာကြီးတန် ပြန်စမမှာ မိမိအား မလိုမုန်းထားသူများရှိလျှင် သူ့ဒဏ် သူခံရကြောင်းလည်း ပြောပြပါ၏။ ၎င်း စမရေး၍ အဆောက်အဦးများ၌လည်း ဆွဲထားနိုင်ပါသည်။

ထို့နောက် ၎င်းစမနှင့် ပတ်သက်၍ ဘုရားဟူက မောဣလူ ၂၄ ဟု ဆိုရာ၌ ၎င်းဝေါဟာရသန့်ကို မော်ပညာကျမ်းတို့၌ လည်းကောင်း၊ သုတေသန သရုပ်ပြ အဘိဓာန်ကျမ်း၌ လည်းကောင်း၊ ဘုရင့်နောင် စသော စစ်ဘုရင်များ၊ စစ်သူကြီးများ ဆောင်းသည့် ဦးထုပ်ကို မောဣလူ ၂၄ဟု ခေါ်ကြောင်း၊ ၄၅ဝါ ကာလပတ်လုံး ဟောတော်မူသော တရားတော်များနှင့် ဗာလီကွေးသဖွယ် ကိုယ်၌ ဆင်မြန်းကာရံသည်ကို ဗာလီကွေး ၄၅ဟု ခေါ်ကြောင်း၊ ထိုအတူ ဗောဓိပက္ခိယ တရား ၃၇ပါးနှင့် ပါရမီ ၁၀၊ အပြား ၃၀တို့သည် သံချပ်ဝတ်သဖွယ် ကိုယ်၌ လုံခြုံစေမှုကို သံချပ်ဝတ် ၆၇ဟု ခေါ်ကြောင်း၊ ၁၃ဟု ဆိုရာ၌ ရှင်မဟာကဿပ ရဟန္တာမြတ်ကြီးသည် ဓုတင် ၁၃ပါးဆောင်သည်ကို အစွဲပြု၍ ဓုတင်တေရသဟု ခေါ်ကြောင်းလည်း ဆက်လက် ရှင်းပြပါ၏။

နလုံးစိမ်ဝမ်း ငြိမ်းချမ်းကြပါစေ ■

* * *

ခေဝန်းသစ်



www.burmeseclassic.com

www.burmeseclassic.com

# မျက်နှာလက္ခဏာ နှင့် လက်ဟန်စရိုက်သဘာဝ ဟောကိန်း

ညွန့်လွင်(စက်မှုတက္ကသိုလ်)



**အခြေခံမျက်နှာ လက္ခဏာပညာ**

* နားရွက်ရှည်ပါက တစ်ဖက်သားကို ရန်လိုတတ်ခြင်းနှင့် ခိုက်ရန်ဒေါသဖြစ်တတ်သည့် အကျင့်ရှိခြင်းဟု ကောက်ချက်ချနိုင်သည်။
* နားရွက်ကြီးပါက မြင့်မြတ်သော စိတ်ထား၊ မြင့်မြတ်သော အကျင့်အကြံရှိသည်။
* နားရွက်ငယ်ပါက တစ်ကိုယ်ကောင်းစိတ်ရှိတတ်၏။
* နားရွက်တွန့်လိမ်လျှင် ဉာဏ်ပညာနည်းခြင်း၊ လူ့ကျင့်ဝတ် နားမလည်ခြင်း၊ မိုက်မဲခြင်းများ ရှိမည်။
* နဖူးကျယ်၍ မြင့်မားလျှင် ပညာအမျိုးမျိုးသင်ကြားရာတွင် လုံ့လ ဝီရိယရှိခြင်း၊ သဘောပေါက်လွယ်ခြင်းများ ရှိမည်။ အကင်းပါးမည်။
* နဖူးပြင်ကျဉ်းလျှင် သိမှတ်ဉာဏ် အားနည်း ထိုင်းမှိုင်းခြင်းရှိမည်။
* နဖူးပြင်ကို တွန့်သောအခါ မျဉ်းကြောင်းများ မပါလျှင် ပို၍ဆိုးမည်။
* နှာခေါင်းသည် ကြက်တူရွေး နှာခေါင်းပုံစံမျိုး ကောက်နေလျှင် အလုပ်အကိုင် ပြဿနာအခက်အခဲများကို ဇွဲကောင်းကောင်းနှင့် ဖြေရှင်းတတ်သည်။ စိတ်ဓာတ်ခိုင်မာသည်။
* နှာခေါင်းသည် ရှည်ပြီး အဖျားကော့နေလျှင် သိလိုတတ်လိုစိတ်ရှိသည်။ စဉ်းစားဆင်ခြင်တတ်သည်။
* နှာသီးဖျား အောက်သို့ စိုက်ပါက ဇဝနဉာဏ်ရှင်သည်။ ဖြတ်ထိုးဉာဏ်ကောင်းသည်။
* နှာခေါင်းပြား၍ တိုပါက မိမိကိုယ်မိမိ ယုံကြည်စိတ်ကြီးမားသည်။
* အပေါ်နှုတ်ခမ်းထူလျှင် အနေအထိုင်ပက်စက်ခြင်း ရိုင်းစိုင်းသည့် အခြေခံရှိခြင်းတို့ ရှိမည်။
* အပေါ်နှုတ်ခမ်းပါးလျှင် ဇိမ်ခံတတ်ခြင်း၊ ပျင်းရိခြင်းတို့ ရှိမည်။
* အောက်နှုတ်ခမ်းထူလျှင် ကိုယ်ကျိုးရှာတတ်ခြင်း၊ အတ္တစိတ်ကြီးခြင်းများ ရှိမည်။
* အပေါ်နှုတ်ခမ်းသည် လေးကိုင်းပုံရှိလျှင် သနားကြင်နာစိတ်ရှိခြင်း၊ စိတ်ထားဖြူစင်ခြင်းများ ရှိမည်။
* နှုတ်ခမ်းစေ့နေသည့် သဘာဝရှိလျှင် စဉ်းစားတွေးခေါ်နေတတ်ခြင်း၊ စကားဆင်ခြင်၍ ပြောတတ်ခြင်းများ ရှိမည်။
* နှုတ်ခမ်းဟနေသည့် သဘာဝရှိလျှင် သိလိုတတ်လိုသည့် စိတ်ဆန္ဒသဘောရှိမည်။



www.burmeseclassic.com

www.burmeseclassic.com

* မျက်လုံးနှစ်လုံး နီးကပ်နေလျှင် ကောက်ကျစ်သော၊ ကပ်စေးနှဲသောသူဖြစ်၏။
* မျက်လုံးနှစ်လုံး အလွန်ဝေးကွာလျှင် ထုံသော၊ ထိုင်းသော၊ ဉာဏ်မကောင်းသော၊ မိုက်မဲသောသူဖြစ်သည်။
* မျက်လုံးတစ်လုံးနှင့် တစ်လုံး သင့်တင့်ရုံသာ ဝေးကွာပါက မှန်ရာကို မဆုတ်မနစ် လုပ်တတ်သော သစ္စာရှိသူဖြစ်မည်။
* မျက်ခုံးမွေးရှည်လျှင် ကဗျာဆန်ဆန် တွေးတော လုပ်ကိုင်တတ်မည်။
* မျက်ခုံးမွေး သေးသွယ်လျှင် ဉာဏ်ပညာထက်မြက်၍ အမြော်အမြင်ရှိမည်။
* မျက်ခုံးမွေးထူ၍ နှစ်ဖက်ဆက်နေလျှင် စီးပွားဖြစ်မည်။ စိတ်ထားဖြူစင်မည်။
* မျက်ခုံးမွေးနှစ်ဖက် ဝေးပါက သနားတတ်ခြင်း၊ ရိုးသားခြင်း၊ လုပ်ရည်ကိုင်ရည်ကောင်းခြင်း၊ အလုပ်နှင့် လက် မပြတ်ခြင်း ရှိမည်။
* မျက်ခုံးမွေးနှင့် မျက်လုံး နီးကပ်လျှင် သုံးသပ်ရွေးချယ်မှုဉာဏ် ကောင်းမည်။

## လက်ဟန်အမူအရာနှင့် စရိုက်သဘာဝ လက္ခဏာ

လူတစ်ဦးတစ်ယောက်၏ သဘာဝ စရိုက်လက္ခဏာကို ဟန်အမူအရာက ဖော်ထုတ်ပြသနေတတ်ပေသည်။ လက်များ ထားနေကျအနေအထားဟန်ကို လေ့လာခြင်းဖြင့် ထိုသူ၏ စရိုက်သဘာဝ လက္ခဏာကို စူးစမ်းသိရှိနိုင်သည်။

* ထိုသူသည် လက်များကို ဝှက်၍ ထားတတ်သော သဘောရှိသည်ဆိုပါက တစ်စုံတစ်ရာ လျှို့ဝှက်လိုသူဖြစ်သည်။ မရိုးမဖြောင့်သော၊ မယုံကြည်ထိုက်သော၊ လိမ်လည်တတ်သော သဘောရှိသည်။
* ထိုသူသည် လက်နှစ်ဖက်ကို ရှေ့တွင် ပိုက်ထားသည်ဆိုပါက ဣန္ဒြေရသော၊ စိတ်တည်ငြိမ်သော သဘောရှိတတ်သည်။
* ထိုသူသည် လက်နှစ်ဖက်ကို ကျောဘက်တွင် နောက်ပြန်ပိုက်၍ ထားတတ်ပါက သတိကောင်းသည်။ သင်္ကာမကင်းရှိတတ်သည်။ ကြောက်တတ်သည်။ သို့သော် သတိ ဝီရိယ ထူးကဲပြီး နိုးနိုးကြားကြားရှိတတ်သည်။
* ထိုသူသည် လက်နှစ်ဖက်ကို ရှေ့တွင် ထုတ်ထားသည်ဆိုပါက စိုးရိမ်တတ်သော သဘောရှိသည်။
* ထိုသူသည် သူ၏ လက်ကို မဟားတရား ဆုပ်ထားသည်ဆိုပါက...
* ထိုသူသည် နံဘေးနှစ်ဖက်တွင် လေ့ရှုရဲ့ရဲ့ချကာ သွားလာတတ်သည်ဆိုပါက လွတ်လွတ်လပ်လပ် နေတတ်သူဖြစ်သည်။ သတိရှိသော အားထားလောက်သည့် လူမျိုးဖြစ်သည်။
* ထိုသူသည် လက်နှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်ဆိုပါက ပြတ်သားသော သဘောရှိသည်။ မယုံသင်္ကာစိတ်ရှိတတ်သည်။ သတိ ဝီရိယ ရှိသည်။ နိုးနိုးကြားကြားရှိသည်။
* ထိုသူသည် လက်နှစ်ဖက်ကို နံဘေးတွင် အသားတကျ ချထားကာ လက်သီးကို ကြိတ်မနိုင် ခဲမရ ဆုပ်ထားပါက နိုင်ထက်ကလူ ပြုမူတတ်သည်။
* ထိုသူသည် လက်ဖဝါးဖြန့်ကာ လက်နှစ်ဖက်ကို နံဘေးတွင် မလှုပ်မယှက်ချထားသည်ဆိုပါက မပြတ်သားသော သဘော၊ ရည်ရွယ်ချက်ကင်းမဲ့သော သဘောရှိသည်။
* ထိုသူသည် လက်ချောင်းများဖြင့် ကြယ်သီး၊ လက်ကိုင်ပဝါ စသည့် တစ်စုံတစ်ခုကို အမှတ်တမဲ့ ကိုင်တွယ် ကစားနေတတ်သည်ဆိုပါက ခဏမန်းမှု စိတ်မငြိမ်မသက်ဖြစ်တတ်သည်။ တုန်လှုပ်ချောက်ချားတတ်သည်။
* ထိုသူသည် တတ်တခိုးအမူအရာဖြင့် လက်တစ်ဖက်နှင့် လက်တစ်ဖက်ကို ပွတ်လျက်ရှိသည်ဆိုပါက မတည်ကြည်သော ကြောင်သူတော် လူညာဖြစ်၍ မယုံကြည်ရသည့် သဘာဝရှိသည်။
* ထိုသူသည် ဘယ်ဘက်လက်ကို နံဘေးတွင် ကပ်၍၊ ညာဘက်လက်က လက်ဖဝါးဖြန့်ကာ လုန်လျက် ဗိုက်မှာ ကပ်ထားလျှင် အတ္တစွဲအားကြီးသူဖြစ်၍၊ သူ့ကိုယ်သူ လွန်စွာ အထင်ကြီးသူဖြစ်သည်။
* ထိုသူ၏ လက်သည် တုတ်ဖြိုးပြီး ပျော့တီးပျော့ဖတ်နိုင်ပါက စရိုက်ကြမ်းတမ်းသည်။ စိတ်ကူးဉာဏ်မရှိဟု ဆိုနိုင်သည်■

* * *

ညွန့်လွင်(စက်မှုတက္ကသိုလ်)

ကျမ်းကိုး:

- ဗိုလ်ညွန့်မောင်၏ သိပ္ပံလက္ခဏာ စွယ်စုံကျမ်း။



www.burmeseclassic.com

www.burmeseclassic.com

# မိတ်ကိုး ရန်ပယ် အစီအမံ

ဦးကိုကိုအေး
(ကြို့ပင်ကောက်)

ဆရာ ကျွန်မ ဘာလုပ်လုပ် မအောင်မြင်ဘူး။ အတိုက်တွေ များတယ်။ အမှုအရာနဲ့ ရန်လုပ်၊ အပြောနဲ့ ရန်လုပ်၊ ဘယ်နေရာနေနေ ရန်လုပ်မှုတွေ ခံနေရတယ်။ ဆိုင်ရောက်တော့လည်း နေရာအလုခံရတယ်။ အဆင်မပြေမှုတွေ စုထနေတာပဲ။ အဲသည်လို အခိုက်အတိုက်တွေ ခံနေရတယ် ဆရာ။

ရန်လည်း ငြိမ်းချင်တယ်။ ဘဝလည်း အေးချင်တယ်။ ငွေလည်း ရချင်တယ်။ ဆရာ့မှာ နည်းကောင်းလေးရှိရင် ပေးပါ ဆရာ"

ကျွန်တော့်ပရိသတ်ထဲမှ တပည့်တစ်ဦးဖြစ်သူ ဝင်းနွယ်စိုးမှ ယတြာလာတောင်းခြင်း ဖြစ်ပါသည်။

ကျွန်တော်က အဲသည်လို ဖြစ်ရတဲ့ အကြောင်းကတော့ အညွန့်မိတ်ပျက်နေလို့ ဖြစ်တာပေါ့။

"ဘာလဲ၊ အညွန့်မိတ်ဆိုတာ"

ကျွန်တော့်ကို ပြန်မေးပါသည်။

လူတစ်ဦးရဲ့ ကြီးပွားတိုးတက်ခြင်းဆိုတာ သစ်ပင်တစ်ပင်လိုပဲ။ တက်မယ့်အညွန့် အချိုးခံရရင်၊ တက်မယ့်အညွန့် ပိုးစားခံရရင်၊ ရောဂါပိုးဝင်ရင် ဒီအပင်ရဲ့ အရွက်အသီး ကြီးထွားမှု လာပါဦးမလား။ အဲသည်လိုပဲ မင်းကို မေတ္တာမရှိသူ၊ ရန်လုပ်သူ ပေါ်များလာရင် မင်းလုပ်တဲ့ ကိစ္စမှာ ထိထိရောက်ရောက် မအောင်မြင်တော့ဘူးပေါ့။

အဲသည်လို ခုနစ်ရက်သားသမီးတွေဟာ ဘဝမှာ ကြုံဖန်ပြီး အပြစ်အမျိုးမျိုးအပြောခံရခြင်း၊ ရန်ထောင်ခံရခြင်း၊ အရောင်းအဝယ်ကိစ္စတွေမှာ ဝယ်သူက ရန်လုပ်ခြင်း၊ စီးပွားရေးအတူတူလုပ်သူက တိုက်ခိုက်ခြင်းတွေ ဖြစ်လာရင် အညွန့်ကို မိတ်ဓာတ်ယတြာပြုလုပ်ပေးရင် မိတ်ကိုးပြီး ရန်ပယ်သွားတယ်လို့ အင်္ဂဝိဇ္ဇာပရိယာယ် ဥပဒေသက ဆိုတယ်။

ဒါကြောင့် သမီး ဝင်းနွယ်စိုးက ဗုဒ္ဓဟူးသမီး မဟုတ်လား။ ဒါဆိုရင် ပျဉ်းမ (သို့မဟုတ်) မေမြို့ပန်း ၆ပွင့်ကို အုန်း ၆ညွန့်နဲ့အတူ ဘုရားမှာ လှူရမယ်။ လှူရမယ့်နေ့က မွေးနေ့။ အချိန်က ၁၀နာရီခွဲမှ ၁၂နာရီပေါ့"

ဟု ကျွန်တော်က ပြောပြ၍ ခိုင်းလိုက်သည်။

◈◈◈

ထိုကလေးမလေးသည် ကျွန်တော်ခိုင်းသည့်အတိုင်း ပြုလုပ်လိုက်သည့်နောက်ပိုင်း ရန်လုပ်ခြင်း ကင်းဝေးကာ တစ်စတစ်စ စီးပွားဖွံ့ဖြိုးလာတော့သည်။

စာရှုသူများလည်း သိသာသော ပညာရေး စီးပွားရေး အောင်မြင်မှုကို ရယူလိုသော် အောက်ပါ ယတြာကို ပြုလုပ်လျှင် အောင်အောင်မြင်မြင်ဖြစ်လာပါလိမ့်မည်။ မွေးနေ့ ၁၀နာရီခွဲမှ ၁၂နာရီအတွင်း ပြုလုပ်ပါ။ နေအိမ် ဘုရားမှာ ပူဇော်လှူဒါန်းပါ။

| | |
|---|---|
| **တနင်္ဂနွေသားသမီးများ** | - ရွက်လှ (၆)၊ ကြံ (၆)။ |
| **တနင်္လာသားသမီးများ** | - စိန်ပန်း (၆)၊ သပြေ (၆)။ |
| **အင်္ဂါသားသမီးများ** | - ကံ့ကော် (၆)၊ ဝါး (၆)။ |
| **ဗုဒ္ဓဟူးသားသမီးများ** | - မေမြို့ (၆)၊ အုန်း (၆)။ |
| **ကြာသပတေးသားသမီးများ** | - သီး/ သီဟိုဠ်သရက်(၆)၊ ဆီး (၆)။ |
| **သောကြာသားသမီးများ** | - နှင်းဆီနီ(၆)၊ ရွက်လှ(၆)။ |
| **စနေသားသမီးများ** | - အုန်း(၆)၊ ပျဉ်းမ/မေမြို့(၆)■ |

* * *

ဦးကိုကိုအေး(ကြို့ပင်ကောက်)



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအတွက်

# လိုအင်ဆန္ဒပြည့်ဝ အောင်မြင်စေမည့်

## (ကာ၊ ကု၊ ဖွင့်) နဝင်းယတြာအစီအရင်များ

**ဆရာ မြတ်ထွင့်ခေါင်** (မြန်မာ့ရိုးရာဗေဒင်ပညာရှင်)

## တနင်္ဂနွေသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ပျဉ်းမ (၅)ညွန့်ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆု တောင်းပါ။

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - ဗုဒ္ဓဟူးနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွန့်နှင့် ထီးဖြူ (၁၅)လက်တို့ကို သွားရောက်လှူဒါန်းကာ မိမိလိုရာဆုကို တောင်းပါ။

**ငွေကြေးအခက်အခဲအတွက်** - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ပျဉ်းမ (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်းကာ မိမိလိုရာဆုကို တောင်းပါ။

**အလုပ်အကိုင်အခက်အခဲအတွက်**- အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ကိတ်မုန့် (၉)ခုကို သွားရောက်လှူဒါန်းပြီး ဒိဗ္ဗတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

**ကျန်းမာရေးအတွက်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် မေမြို့ (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်းပြီး လိုရာဆုတောင်းပါ။

BURMESE CLASSIC .com

**နိုင်ငံခြားခရီးအတွက်** - ကြာသပတေးနေ့ နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက်(၉)ညွန့်နှင့် တံခွန်ကုက္ကား(၉)စုံကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

**စီးပွားရေးလုပ်ငန်းများအတွက်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၉)လုံးလှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

**အိမ်/ ကားရောင်းလိုလျှင်** - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၂၁)ညွန့်ဖြင့် မိမိရောင်းချလိုသော ကုန်ပစ္စည်းများကို ရိုက်ပါ။

**ဆီကံကြမ္မာ** - (၄)ထိပ်စီး၊ (၄)နောက်ပိတ်နှင့် (ဆ)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ထီးဖြူ (၁၀)လက်နှင့် နှင်းဆီ (၁၀)ပွင့်တို့ကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင်ရှိသော ဘုရားရှင်၏ ရင်ဘတ်တော်ကို ရွှေချ၍ မိမိလိုရာဆုကို တောင်းပါ။

ငွေကြေးအခက်အခဲအတွက် - ကြာသပတေးနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် အင်ကြင်း (၃)ညွန့် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုကို တောင်းပါ။

အလုပ်အကိုင်အခက်အခဲအတွက်- တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သီဟိုဠ် (၆)ညွန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

ကျန်းမာရေးအတွက် - အင်္ဂါနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် သြဇာ (၁၄)ညွန့် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် နာနတ်ယို (၉)ကျပ်သားခန့်ကို သွားရောက်လှူဒါန်းကာ လိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဆီးယို (၉)ကျပ်သားခန့်ကို လှူဒါန်း၍ ဂုဏ်တော်ကိုးပါး (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၂၁)ညွန့်ကို ဖလားတစ်ခုအတွင်း ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၅)ထိပ်စီး (၈)နောက်ပိတ်နှင့် (တ)အက္ခရာပါသောထီကို ရွေးထိုးပါ။

BURMESE CLASSIC .com

## အင်္ဂါသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ထန်း (၁၀)ညွန့်၊ ဒူးရင်းယို (၉)ကျပ်သားတို့ကို သွားရောက်လှူဒါန်းပြီး လိုရာဆုတောင်းပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - သောကြာနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ရေသောက်ခွက်နှင့် ဆီမီး (၉)တိုင်ကို သွားရောက်လှူဒါန်းပါ။

ငွေကြေးအခက်အခဲအတွက် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် အုန်းယို (၉)ခုနှင့် ရေသန့်ဘူး(၉)ဘူးကို သွားရောက်လှူဒါန်းပါ။

အလုပ်အကိုင်အခက်အခဲအတွက်- ကြာသပတေးနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း ဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သရက် (၉)ညွန့်၊ ဆီမီး (၉)တိုင်နှင့် ရေသောက်ခွက်တို့ကို လှူဒါန်းပြီး လိုရာဆုတောင်းပါ။

ကျန်းမာရေးအတွက် - တနင်္လာနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ခရေ (၉)ညွန့်နှင့် ရေသောက်ခွက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို ပုတီး(၉)ပတ်စိပ်ပါ။

နိုင်ငံခြားခရီးအတွက် - သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ သောကြာထောင့်တွင် သရက်သားနှင့် ပြုလုပ်ထားသော ပုတီးတစ်ကုံးကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္လာနေ့နံနက် ၆နာရီမှ ၇နာရီအတွင်း မိမိအိမ်ရှေ့တွင် ဖြတ်လာသော အလှူခံပုဂ္ဂိုလ်တစ်ဦးကို ငွေ (၉၀၀)ကျပ်လှူပါ။

အိမ်/ကားရောင်းလိုလျှင် - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း နေအိမ်ရှိ ဘုရားတွင် နွားနို့တစ်ခွက်နှင့် နှင်းဆီပန်း(၉)ပွင့်လှူဒါန်းပါ။

ထီကံကြမ္မာ - (၆)ထိပ်စီး၊ (၉)နောက်ပိတ်နှင့် (န)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် အုန်း(၉)ညွှန့်လှူဒါန်းပြီး ဒိဗ္ဗတပတိဂုဏ်တော် (၉)ခေါက် ရွတ်ဆိုပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ရေသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွန့်လှူဒါန်းပြီး အရဟံဂုဏ်တော်ကို ပုတီး(၁၈)ပတ်စိပ်ပါ။

အလုပ်အကိုင်အခက်အခဲအတွက် - အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ကိတ်မုန့် (၉)ခုလှူဒါန်းပြီး ဒိဗ္ဗတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် မေမြို့ပန်း (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - သောကြာနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက် (၂၉)ညွန့်နှင့် တံခွန်ကုက္ကား(၃)စုံတို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၆)ညွန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၆)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (လ)အက္ခရာပါသောထီကို ရွေးထိုးပါ။

## ကြာသပတေးသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ကံ့ကော် (၉)ညွန့်ကို သွားရောက်လှူဒါန်းပြီး ဒိဗ္ဗတပတိဂုဏ်တော်ကို (၉)ခေါက် ရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် သီဟိုဠ် (၉)ညွန့်ကို သွားရောက်လှူဒါန်း၍ ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဇော်စိမ်း (၉)ညွန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

အလုပ်အကိုင်အခက်အခဲအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဆီးယိုနှင့် ကိတ်မုန့်ဆွမ်း လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ငလောက်သေ (၉)ညွန့်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ လိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - တနင်္ဂနွေနေ့ညနေ ၄နာရီခွဲမှ ၇နာရီခွဲအတွင်း အင်ကြင်း (၉)ညွန့်ကို တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၉)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဆီး (၉)ညွန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၇)ထိပ်စီး၊ (၄)နောက်ပိတ်နှင့် (ထ)အက္ခရာပါသောထီကို ရွေးထိုးပါ။

www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး ထောင့်တွင် ထန်း (၉)ညွန့်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော် (၉)ခေါက်ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - တနင်္လာနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး ထောင့်တွင် ရေသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။

**ငွေကြေးအခက်အခဲအတွက်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ဆီး(၈)ညွန့် သွားရောက်လှူဒါန်းပြီး အရဟံဂုဏ်တော်ဖြင့် ပုတီး (၉)ပတ်စိပ်ပါ။

**အလုပ်အကိုင်အခက်အခဲအတွက်** - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ အင်္ဂါထောင့် တွင် ရေသက်စေ့ သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

**ကျန်းမာရေးအတွက်** - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ထန်းလျက် (၉)ကျပ်သား၊ နှင်းဆီ (၉)ပွင့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

**နိုင်ငံခြားခရီး** - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး ထောင့်တွင် ဇီဇဝါ (၉)ညွန့်နှင့် တံခွန်ကုက္ကား (၉)စုံကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

**စီးပွားရေးလုပ်ငန်းများအတွက်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့် တွင် ဇော်စိမ်း (၈)ညွန့်ကို သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

**အိမ် / ကား ရောင်းလိုသော်** - တနင်္ဂနွေနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ရွက်လှ (၉)ညွန့်ကို တရော်ကင်ပွန်းနှင့် ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

**ထီကံကြမ္မာ** - (၈)ထိပ်စီး၊ (၉)နောက်ပိတ်နှင့် (လ)အက္ခရာပါသောထီကို ရွေးထိုးပါ။

## စနေသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့် တွင် မေမြို့ (၉)ညွန့်ကို သွားရောက်လှူဒါန်း၍ ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ် ဆိုပါ။

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့် တွင် မီးသက်စေ့သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။

**ငွေကြေးအခက်အခဲအတွက်** - စနေနေ့နံနက် ၉နာရီမှ ၁၁နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွန့် လှူဒါန်း၍ အရဟံဂုဏ်တော်ကို ပုတီး (၉)ပတ်စိပ်ပါ။

**အလုပ်အကိုင်အခက်အခဲအတွက်** - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ပေါင်မုန့် (၉)ခုကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

**ကျန်းမာရေးအတွက်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ပုလဲပန်း (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

**နိုင်ငံခြားခရီး** - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး ထောင့်တွင် ပိတောက် (၂၉)ညွန့်နှင့် တံခွန်ကုက္ကားတစ်စုံလှူဒါန်း၍ လိုရာဆုတောင်းပါ။

**စီးပွားရေးလုပ်ငန်းများအတွက်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့် တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

**အိမ်/ ကားရောင်းလိုလျှင်** - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၂၁)ညွန့်ကို ဖလားတစ်ခုအတွင်း ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

**ထီကံကြမ္မာ** - (၁)ထိပ်စီး၊ (၂)နောက်ပိတ်နှင့် (က)အက္ခရာပါသောထီကို ရွေးထိုးပါ။

*****



www.burmeseclassic.com